# အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ
# မှတ်တမ်းများ

## အတွဲ (၃)

၁၉၉၃ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့

မှ

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့အထိ

# အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာမှတ်တမ်းများ၏ နောက်ဆက်တွဲများ

## မာတိကာ


| နောက်ဆက်တွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃-က | အမျိုးသားညီလာခံစုံညီအစည်းအဝေးသဘာပတိအဖွဲ့စာရင်း .... .... | ၂၀ |
| ၃-ခ | အမျိုးသားညီလာခံ ကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း .... | ၂၃ |
| ၃-ခ (၁) | အမျိုးသားညီလာခံကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း .... | ၂၄ |
| ၃-ဂ | ဦးကျော်မြင့်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... .... | ၂၅ |
| ၃-ဃ | ဦးထွန်းရီ ကွယ်လွန်အနိစ္စရောက်သဖြင့် အ မျိုး သား ညီ လာခံ ကိုယ် စား လှယ် အ ဖြစ် မှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... | ၂၆ |
| ၃-င | ဦးတီခွန်ကျင့် (ခေါ်) ဦးတီဂျုံးလွမ်းအား အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း .... .... .... .... | ၂၇ |
| ၃-စ | အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာခြင်း .... | ၂၈ |
| ၃-ဆ | ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၂၉ |
| ၃-ဇ | သ ဘာ ပ တိ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒု တိ ယ ဗို လ် ချုပ် ကြီး မျိုးညွန့်၏ မိန့်ခွန်း .... .... .... .... | ၃၂ |
| ၃-ဈ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဘွက် အခန်းအလိုက်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏မိန့်ခွန်း .... .... .... .... | ၃၈ |
| ၃-ည | ဦးဆေထင်အား အ မျိုး သား ညီ လာ ခံ ကိုယ် စား လှယ် စာ ရင်းမှ ပယ် ဖျက် ကြောင်း ကြေညာခြင်း .... .... .... .... | ၆၀ |
| ၃-ဋ | ဦးသာကျော်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... .... | ၆၁ |
| ၃-ဌ | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၆၂ |
| ၃-ဍ | အလှည့်ကျသဘာပတိ ဒေါက်တာ သန်းညွန့် ၏မိန့်ခွန်း .... .... | ၆၆ |
| ၃-ဎ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ဖတ်ကြားတင်ပြသော အကြံပြုချက်စာတမ်းများ .... .... .... .... | ၆၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| — | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများပြုစုခြင်း .... .... | ၆ |
| — | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများပြုစုခြင်း .... .... | ၇ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း | ၇ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း | ၉ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း | ၁၀ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း | ၁၁ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း | ၁၂ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၃ |
| — | ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၄ |
| — | ၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၅ |
| — | ၁၉၉၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၆ |
| — | ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၆ |
| — | ၁၉၉၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၇ |
| — | ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း .... | ၁၈ |
| — | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါရှိမည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခြင်း .... .... .... | ၁၈ |
| — | အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် မိန့်ခွန်း ပြောကြားခြင်း .... .... .... .... | ၁၉ |

## အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာမှတ်တမ်းများ၏ နောက်ဆက်တွဲများ

# မာတိကာ


| နောက်ဆက်တွဲ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃-က | အမျိုးသားညီလာခံစုံညီအစည်းအဝေးသဘာပတိအဖွဲ့စာရင်း .... .... | ၂၁ |
| ၃-ခ | အမျိုးသားညီလာခံ ကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း .... | ၂၃ |
| ၃-ခ (၁) | အမျိုးသားညီလာခံကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း .... | ၂၄ |
| ၃-ဂ | ဦးကျော်မြင့်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... .... | ၂၅ |
| ၃-ဃ | ဦးထွန်းရီ ကွယ်လွန်အနိစ္စရောက်သဖြင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... | ၂၆ |
| ၃-င | ဦးတီခွန်ကျင့် (ခေါ်) ဦးတီဂျုံးလွမ်းအား အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း .... .... .... .... | ၂၇ |
| ၃-စ | အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာခြင်း .... | ၂၈ |
| ၃-ဆ | ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၂၉ |
| ၃-ဇ | သဘာပတိ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၏ မိန့်ခွန်း .... .... .... .... | ၃၂ |
| ၃-ဈ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခန်းအလိုက်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏မိန့်ခွန်း .... .... .... .... | ၃၈ |
| ၃-ည | ဦးဆေထင်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... .... | ၆၀ |
| ၃-ဋ | ဦးသာကျော်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာခြင်း .... .... .... .... | ၆၁ |
| ၃-ဌ | ၁၉၉၃ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၆၂ |
| ၃-ဍ | အလှည့်ကျသဘာပတိ ဒေါက်တာ သန်းညွန့် ၏မိန့်ခွန်း .... .... | ၆၆ |
| ၃-ဎ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ဖတ်ကြားတင်ပြသော အကြံပြုချက်စာတမ်းများ .... .... .... .... | ၆၈ |

# မာတိကာ

| နောက်ဆက်တွဲ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃-ဃ | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၂၀၁ |
| ၃-င | တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့က ဖတ်ကြားတင်ပြသော အကြံပြုချက်စာတမ်းများ .... | ၂၀၆ |
| ၃-ဆ | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၃၀၀ |
| ၃-ဒ | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ဖတ်ကြားတင်ပြသော အကြံပြုချက်စာတမ်းများ .... .... .... .... | ၃၁၂ |
| ၃-ဓ | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... .... | ၄၀၆ |
| ၃-န | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တို့က ဖတ်ကြားတင်ပြသော အကြံပြုချက်စာတမ်းများ .... | ၄၁၂ |
| ၃-ပ | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က ဖတ်ကြားတင်ပြသောအကြံပြုချက်စာတမ်းများ .... .... .... .... | ၄၄၉ |
| ၃-ဖ | ၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ခွင့်ပန်သူများစာရင်း .... .... .... .... | ၅၀၉ |
| ၃-ဗ | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တို့က ဖတ်ကြားတင်ပြသော အကြံပြုချက်စာတမ်းများ .... .... .... .... | ၅၁၆ |

# နိဒါန်း

၁၉၉၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ကာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသား ညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးဆိုင်ရာ ဆောင်ရွက်ချက်များကို "အမျိုးသား ညီလာခံ ကျင်းပရေးဆိုင်ရာ မှတ်တမ်းများ အတွဲ (၁) နှင့် အတွဲ (၂)" အဖြစ် စုစည်း ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယင်းနောက် အမျိုးသားညီလာခံကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သော အမျိုးသား ညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က ဆောင်ရွက်ခဲ့ပြီး ညီလာခံအဖွင့် မိန့်ခွန်းကို မြွက်ကြား ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက ရှင်းလင်း ပြောကြားခဲ့ပါသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်၊ ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်၊ ၃၁ ရက် နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံ စုံညီ အစည်းအဝေးများတွင် ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံ ကိုယ်စားလှယ် အချို့တို့က နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက် စာတမ်း များကို ဖတ်ကြား တင်ပြခဲ့ကြပါသည်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက် နေ့များတွင် ကျင်းပ ပြုလုပ် ခဲ့သော အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတို့တွင် အလှည့်ကျသဘာပတိ အဖွဲ့က ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များနှင့် ညီလာခံ ကိုယ်စားလှယ် အချို့တို့၏ အကြံပြု တင်ပြချက်များနှင့် စပ်လျဉ်း၍ လေ့လာ တွေ့ရှိချက်များကို တင်ပြခဲ့ကြပါသည်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က ဆောင်ရွက်ခဲ့ပါသည်။ ယင်းညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံက ချမှတ်သည့် အခြေခံရမည့် မူများကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ ထို့နောက် သဘာပတိ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က နိဂုံးချုပ် မိန့်ခွန်း မြွက်ကြားခဲ့ပါသည်။

အထက်ဖော်ပြပါ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးများတွင် အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် မြွက်ကြားသည့် မိန့်ခွန်းများ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များ၊ အလုပ်ညှိကျ သဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်များနှင့် ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များနှင့် ညီလာခံ ကိုယ်စားလှယ် အချို့တို့၏ အကြံပြု တင်ပြချက်များကို စုစည်း၍ "အမျိုးသားညီလာခံကျင်းပရေး ဆိုင်ရာ မှတ်တမ်းများ အတွဲ (၃) (ပထမပိုင်း) နှင့် အတွဲ (၃) (ဒုတိယပိုင်း)" အဖြစ် ထုတ်ဝေအပ်ပါသည်။

# အပိုင်း (၆)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများ အတွက် အခြေခံရမည့်မူများ ချမှတ်ခြင်း

၂၂၃။ **အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသဘာပတိအဖွဲ့ကို ဖွဲ့စည်းခြင်း။** ။အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ အရ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသည် သဘာပတိအဖွဲ့ဝင်(၄၅)ဦး အနက် အောက်ပါ ပုဂ္ဂိုလ် (၉)ဦးကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အခန်းအလိုက်ခေါင်းစဉ်များအတွက် အခြေခံရမည့် မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကို ကြီးကြပ်ရန် ဖွဲ့စည်းခဲ့ပါသည်။ (နောက်ဆက်တွဲ "၁-က")

(က) ဒေါက်တာ သန်းညွန့်၊
အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ

(ခ) ဒေါ်မေသန်းလွင်၊
နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

(ဂ) ဦးစံသာအောင်၊
ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့

(ဃ) ဦးမန်းအုံးမောင်၊
တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့

(င) ဦးကံညွန့်၊
တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

(စ) ဦးစိုးမောင်၊
အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

(ဆ) ဦးတင်မောင်၊
အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

(ဇ) ဦးခင်မောင်ထူး၊
နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

(ဈ) ဦးစိုင်းအောင်ထွန်း၊
အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့

၂၂၄။ **၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း။** အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ၁၀၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က ဆောင်ရွက်၍

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်အောင်သိန်းက ဆောင်ရွက်ခဲ့ပါသည်။ ညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၂) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၉၉) ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ (၂၁၃) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၁) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၈) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၈၇) ဦးနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ (၅၁) ဦးတို့ တက်ရောက် ခဲ့ကြပါသည်။

၂၂၅။ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ် (၆၉၈) ဦးရှိခဲ့ပါသည်။ ယင်းနောက်ပိုင်း အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့အတွက် ဦးစံထွန်း (ရှမ်းပြည်တောင်ပိုင်း၊ အထူးဒေသ-၆)၊ ဦးဟဲ (ခေါ်) ဦးခွန်မောင်သာ (ရှမ်းပြည်တောင်ပိုင်း၊ အထူးဒေသ-၆)၊ ဦးစိုင်းနောင် (ရှမ်းပြည်မြောက်ပိုင်း၊ အထူးဒေသ-၃) တို့အား ကိုယ်စားလှယ်အဖြစ်ထပ်မံရွေးချယ်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အကြောင်း ကြားလာသဖြင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တွင် ကိုယ်စားလှယ်သုံးဦး ထပ်မံတိုးခဲ့ပါသည်။ [နောက်ဆက်တွဲ "၃-ခ" ၃-ခ-(၁) ]။

၂၂၆။ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ်ဦးကျော်မြင့် (မကွေး-၁) အား ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကြောင်းကြားခဲ့သဖြင့် ကိုယ်စားလှယ်အမည်စာရင်းမှ ပယ်ဖျက်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ကြေညာခဲ့ပါသည်။ သို့ပါ၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ဦးရေ တစ်ဦးလျော့နည်းခဲ့ပါသည်။ (နောက်ဆက်တွဲ "၃-ဂ")

၂၂၇။ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်အဖြစ်တက်ရောက်နေသည့် ဦးထွန်းရီ ကွယ်လွန်အနိစ္စရောက်ခဲ့သဖြင့် ကိုယ်စားလှယ်အမည်စာရင်းမှ ပယ်ဖျက်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ကြေညာခဲ့ပါသည်။ သို့ပါ၍ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်တစ်ဦး လျော့နည်းသွားခဲ့ပါသည်။ (နောက်ဆက်တွဲ "၃-ဃ")

၂၂၈။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ် ဦးတီခွန်ကျင့် (ခေါ်) ဦးတီဂျုံးလွမ်းအား အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းကြောင်း အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က အကြောင်းကြားလာသဖြင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ကိုယ်စားလှယ်တစ်ဦး လျော့နည်းသွားခဲ့ပါသည်။ (နောက်ဆက်တွဲ "၃-င")

၂၂၉။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်အဖြစ်တက်ရောက်နေသည့် ဦးခွန်ဝိဇ္ဇာ (ရှမ်းပြည်တောင်ပိုင်း အထူးဒေသ-၆) နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် (ဧရာဝတီတိုင်း) မှ ဦးဝင်းကြည်တို့သည် ကျန်းမာရေးမကောင်းသဖြင့် အမျိုးသားညီလာခံသို့ တက်ရောက်နိုင်သည့် အခြေအနေမရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများက တင်ပြလာပါသည်။ ထိုကိုယ်စားလှယ်နှစ်ဦးအား အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ကြေညာခဲ့ပါသည်။ သို့ပါ၍ အခြားဖိတ်ကြား

သင့်သည့် ပုဂ္ဂိုလ်တစ်ဦးနှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦး ထပ်မံ လျှော့နည်းသွားခဲ့ပါသည်။(နောက်ဆက်တွဲ“၃–စ”)

၂၃၀။ သို့ပါ၍ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ဦးရေမှာ (၆၉၉) ဦးဖြစ်ပါသည်။ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ကိုယ်စားလှယ် စုစုပေါင်း(၆၆၇) ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅·၉၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ညီလာခံတွင် ခွင့်ပန်သူစာရင်းကို နောက်ဆက်တွဲ “၃–ဆ” အဖြစ် ဖော်ပြထားပါသည်)

၂၃၁။ **သဘာပတိ၊အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်မိန့်ခွန်းပြောကြားခြင်း။** သဘာပတိ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က မိန့်ခွန်း ပြောကြားရာမှာ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ ရေးဆွဲရာမှာ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူတွေ ရရှိအောင် ကိုယ်စားလှယ်ကြီးများက ဆွေးနွေးအကြံပြုခဲ့ပြီးဖြစ်ကြောင်း၊ အဲဒီအခြေခံမူများကို ပီပီ ပြင်ပြင် ပြည့်ပြည့် ဝဝ ဖော်ဆောင်လို့ရအောင် အခြေခံမူတွေနဲ့ ဆက်စပ်ပြီး အခန်းအလိုက်အသေးစိတ်လိုအပ်ချက်တွေကို ဆက်လက် ဆွေးနွေးညှိနှိုင်း ဖော်ထုတ်ကြရဦးမှာ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲဆိုတဲ့အခန်းအလိုက် ခေါင်းစဉ်တွေကိုဆွေးနွေးကြရမှာဖြစ်ကြောင်း၊ အဲဒီလို ဆွေးနွေးကြတဲ့အခါရရှိတဲ့ အခြေခံရမယ့်မူတွေကို မျက်ခြည်ပြတ်မခံဘဲ အဲဒီအခြေခံမူတွေနဲ့လိုက်လျောညီထွေဖြစ်တဲ့အသေးစိတ်လိုအပ်ချက်တွေကို အခန်းအလိုက် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကိုကျင်းပရာမှာ ကျွန်တော်တို့အားလုံး မမိုတ်မသုန်ရှေးရှုရမည့် အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ကို ကိုယ်စားလှယ်ကြီးများ ထာဝစဉ်သတိမူပြီး၊ အဲဒီဦးတည်ချက်(၆)ရပ်နဲ့ ပြည့်စုံမှုရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက်ဦးတည်ကြိုးပမ်းဖို့၊ အထူးသဖြင့် ကျွန်တော်တို့ညှိနှိုင်းရရှိထားတဲ့ နိုင်ငံတော်အခြေခံမူများသတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ (၁၀၄) ချက်ရဲ့အနှစ်သာရတွေကို ဆက်လက်ရှင်သန် တိုးပွားရေးအတွက်ကိုယ်စားလှယ်ကြီးများကကြံစည်တွေးတောပြီး နိုင်ငံတော်အတွက်ကောင်းမွန်တဲ့ အကြံကောင်းဉာဏ်ကောင်းတွေကို ဆွေးနွေး ညှိနှိုင်းသွားကြပါရန် အလေးအနက် တိုက်တွန်းကြောင်းများကိုပြောကြားသွားခဲ့ပါသည်။ (နောက်ဆက်တွဲ“၃–ဇ”)

၂၃၂။ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့်နိုင်ငံတော်အခန်း၊နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရှင်းလင်းပြောကြားခြင်း။** နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်အခန်း၊နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်း ပြောကြားရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမည့်မူများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အသက်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သွေးချက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အနှစ်သာရတွေပဲ ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်အစီအစဉ်တကျရှိစေရန် အခန်းလိုက် ခေါင်းစဉ်များလည်းရရှိပြီးဖြစ်ပါကြောင်း၊ ထိုအခန်း ခေါင်းစဉ်များနဲ့စပ်လျဉ်းတဲ့ အခြေခံမူများကိုလည်း ရရှိပြီးဖြစ်ကြောင်း၊ ဒါကြောင့်အခုချမှတ်ထားတဲ့အခြေခံရမယ့်မူတွေအပေါ် အခြေခံပြီးတင်ပြခဲ့တဲ့အစီအစဉ်များအတိုင်း အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်(၆)ရပ်အတွင်းက သက်ဆိုင်ရာ အခန်းအလိုက်

ခေါင်းစဉ်များအတွက် အခြေခံရမယ့် မူများကို အသေးစိတ် ဆက်လက် ဆွေးနွေးသွားကြတော့မှာ ဖြစ်ကြောင်း၊ အခန်းအလိုက် ခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ် ဆွေးနွေးအကြံပြုတဲ့အခါ မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ တောတောင် ရေမြေသဘာဝ၊ မိမိတို့နိုင်ငံရဲ့သမိုင်းကြောင်း၊ မိမိတို့ နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ အခြေအနေ အရပ်ရပ်နဲ့ လိုက်လျောညီထွေရှိဖို့နဲ့ ဘက်ပေါင်းစုံမှ စဉ်းစား အကြံပြုနိုင်အောင် လေ့လာထားရှိတဲ့ မြန်မာနိုင်ငံ တော်နဲ့ အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ များပါ အချက်အလက်တွေ အနက်သင့်လျော်တဲ့ အချက်အလက်အချို့ကို ရှင်းလင်းပြောကြားသွားခဲ့ ပါသည်။ (နောက်ဆက်တွဲ"ဥ-ဈ")

၂၂၃။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမယ့်မူများ ချမှတ်ရေး နှင့် စပ်လျဉ်း၍ အကြံပြုချက် စာတမ်းများ ပြုစု ခြင်း။ နိုင်ငံတော်၊နိုင်ငံတော်ဖွဲ့စည်းတည်ဆောက် ပုံနှင့်နိုင်ငံတော်အကြီးအကဲ အခန်းခေါင်းစဉ်များ နှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့်အခြေခံမူများချမှတ် ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စား လှယ်များအစုအဖွဲ့အစည်းအဝေးများကို ၂၁-၁-၉၄၊ ၃၁-၁-၉၄၊ ၈-၂-၉၄၊ ၁၅-၂-၉၄၊ ၂၃-၂-၉၄၊ ၂၄-၂-၉၄၊ ၂၅-၂-၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ကျိုက္ကဆံကွင်း အတွင်းရှိ ဆွေးနွေးပွဲခန်းမ(၅)၌ ပြုလုပ်ခဲ့ကြပါ သည်။ အစည်းအဝေးကို သဘာပတိ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးသာဇံလှ၊ဦးတွန်းရင်လော၊ဒေါ်မေ သန်းလွင်၊ ဦးဖိုးလစ်ဆမ်းနှင့် ဦးလီကွယ်ချင်း တို့က အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင် များအဖြစ် အလှည့်ကျ ကြီးကြပ် ဆောင်ရွက် ခဲ့ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြား ရေးမှူး ဦးဇေယျက ဆောင်ရွက်ကာ၊ တွဲဖက်အခမ်း အနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်စန်းက ဆောင်ရွက်ခဲ့ပါသည်။ ယင်း အစည်းအဝေးများတွင်နိုင်ငံတော်အခန်း၊နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော် အကြီး အကဲအခန်းများအတွက် အခြေခံရမယ့်မူများချမှတ် ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အမျိုးသား ညီလာခံစုံညီအစည်းအဝေးသို့တင်ပြရန်အကြံပြုချက် စာတမ်းများပြုစုခြင်း၊ ဖတ်ကြား အတည်ပြုခြင်း များကို ဆောင်ရွက်ခဲ့ကြပြီး ထိုအကြံပြုချက်စာတမ်း များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၂၄။ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့်နိုင်ငံတော် အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက် စာတမ်းများ ပြုစုခြင်း။ နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများချမှတ်ရေး နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထား ရသောကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး များကို ၂၁-၁-၉၄၊ ၂၈-၁-၉၄၊ ၂၂-၂-၉၄၊ ၂၃-၂-၉၄၊ ၂၄-၂-၉၄၊ ၁၀-၃-၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအတွင်းရှိ ဆွေးနွေးပွဲ ခန်းမ(၄)တွင် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများကို သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ဦးမန်းတင်အောင်သန်း၊ ဦးစံသာအောင်၊ဦးဂျိမ်းစ်ဘွန်း၊ဦးဒယ်နီရယ်အောင်၊ ဦးမောင်ကြီး တို့က အလှည့်ကျသဘာပတိနှင့် သဘာ ပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျကြီးကြပ်ဆောင် ရွက်ခဲ့ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန် ကြားရေးမှူး ဦးစန်းလွင်က ဆောင်ရွက်ခဲ့ပါသည်။ ယင်း အစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံ တော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်

မှုများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြရန် အကြံပြုချက် စာတမ်းများ ပြုစုခြင်း၊ ဖတ်ကြား အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ထိုအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၃၅။ **တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက် စာတမ်းများ ပြုစုခြင်း။** နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးများကို ၂၀-၁-၉၄၊ ၂၈-၁-၉၄၊ ၁-၂-၉၄၊ ၂-၂-၉၄၊ ၇-၂-၉၄၊ ၈-၂-၉၄၊ ၉-၂-၉၄၊ ၁၅-၂-၉၄၊ ၁၆-၂-၉၄၊ ၃-၃-၉၄၊ ၄-၃-၉၄၊ ၈-၃-၉၄၊ ၉-၃-၉၄၊ ၁၀-၃-၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း အတွင်းရှိ ဆွေးနွေးပွဲခန်းမ (၁)တွင် ပြုလုပ်ခဲ့ပါသည်။ ယင်းအစည်းအဝေးများကို သဘာပတိအဖွဲ့ဝင်များဖြစ်သော ဦးကြည်ညွန့်၊ ဦးခင်မောင်စိ၊ ဦးနိုင်စံရှိန်၊ ဦးမန်းအုံးမောင်နှင့် ဦးမြစိန်တို့က အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျ ကြီးကြပ်ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းထွန်းက ဆောင်ရွက်ခဲ့ပါသည်။ ယင်း အစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြရန် အကြံပြုချက်စာတမ်းများ ပြုစုခြင်း၊ ဖတ်ကြားအတည်ပြုခြင်းများကိုဆောင်ရွက်ခဲ့ကြပြီး ထိုအကြံပြုချက် စာတမ်းကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၃၆။ **တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက် စာတမ်းများ ပြုစုခြင်း။** နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမည့် မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို ၂၁-၁-၉၄၊ ၃-၂-၉၄၊ ၄-၂-၉၄၊ ၉-၂-၉၄၊ ၂၂-၂-၉၄၊ ၁၀-၃-၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအတွင်းရှိ ဆွေးနွေးပွဲခန်းမ(၇)တွင် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများကို သဘာပတိအဖွဲ့ဝင်များဖြစ်ကြသောဦးစိုင်းတင့်အောင်၊ ဦးမောင်မောင်သိန်း၊ ဦးကံညွန့်၊ ဦးတင်မောင်ကျော်၊ ဦးသိန်းလွင်တို့က အလှည့်ကျ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျ ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းအောင်က ဆောင်ရွက်ခဲ့ပါသည်။ ယင်းအစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် တင်ပြရန် အကြံပြုချက်စာတမ်း ပြုစုခြင်း၊ ဖတ်ကြား အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး၊ ထိုစာတမ်းကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၃၇။ **အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက် စာတမ်း ပြုစု**

ခြင်း။ နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို ၂၁–၁–၉၄၊ ၂၆–၁–၉၄၊ ၂၁–၂–၉၄၊ ၂၃–၂–၉၄၊ ၂၄–၂–၉၄၊ ၂၅–၂–၉၄၊ ၁၈–၃–၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအတွင်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများကို သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးရွှေသန်း၊ ဦးစံတင်၊ ဦးဘိုမြင့်၊ ဦးစိုးမောင်၊ ဦးတင်ဦး တို့က အလှည့်ကျ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျ ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်လွင်က ဆောင်ရွက်ခဲ့ပါသည်။ ယင်းအစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမည့် မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် တင်ပြရန်အကြံပြုချက်စာတမ်းပြုစုခြင်း၊ ဖတ်ကြားအတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ထိုစာတမ်းများကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီသို့ပေးပို့ခဲ့ပါသည်။

၂၃၈။ အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့် မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက် စာတမ်းပြုစုခြင်း။ နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးများကို ၂၁–၁–၉၄၊ ၂၈–၁–၉၄၊ ၄–၂–၉၄၊ ၁၁–၂–၉၄၊ ၁၈–၂–၉၄၊ ၂၅–၂–၉၄၊ ၄–၃–၉၄၊ ၂–၃–၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအတွင်းရှိ ဆွေးနွေးပွဲခန်းမ(၃)၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများကို သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်သန်း၊ ဦးတင်မောင်၊ ဦးခင်ဇော်၊ ဦးဘဟန်၊ ဦးလှမြင့်တို့က အလှည့်ကျ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျ ဆောင်ရွက်ခဲ့ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ထူးက ဆောင်ရွက်ကာ၊တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ထွန်းက ဆောင်ရွက်ခဲ့ပါသည်။ ယင်းအစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့် မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တင်ပြရန် စာတမ်းပြုစုခြင်း၊ ဖတ်ကြားအတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ထိုစာတမ်းကို အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၃၉။ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက် စာတမ်း ပြုစုခြင်း။ နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို ၂၁-၁-၉၄၊ ၃၁–၁–၉၄၊ ၄–၂–၉၄၊ ၁၁–၂–၉၄၊ ၁၈–၂–၉၄၊ ၂၅–၂–၉၄၊ ၄–၃–၉၄၊ ၁၆–၃–၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း အတွင်းရှိ ဆွေးနွေးပွဲခန်းမ(၈)တွင် ပြုလုပ်ခဲ့ကြပါသည်။ အစည်းအဝေးများကို သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ဦးအုံ့မောင်၊ ဗိုလ်မှူးကြီး သိုက်ထွန်း၊ ဦးကြည်အေး၊

ဦးခင်မောင်ထူး၊ ဦးထွန်းရွှေတို့က အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျဆောင်ရွက်ခဲ့ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နှင်းမြင့်က ဆောင်ရွက်ခဲ့ပါသည်။ ယင်းအစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တင်ပြရန် အကြံပြုစာတန်းပြုစုခြင်း၊ ဖတ်ကြားအတည်ပြုခြင်းများကို ပြုလုပ်ခဲ့ကြပြီး၊ ထိုအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၄၀။ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ပြုစုခြင်း။ နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးများကို ၂၁-၁-၉၄၊ ၁-၂-၉၄၊ ၄-၂-၉၄၊ ၁၄-၂-၉၄၊ ၁၇-၂-၉၄၊ ၂၅-၂-၉၄၊ ၃-၃-၉၄၊ ၁၀-၃-၉၄၊ ၁၁-၃-၉၄၊ ၁၇-၃-၉၄၊ ၂၁-၃-၉၄၊ ၂၄-၃-၉၄ ရက်နေ့များတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအတွင်းရှိ ဆွေးနွေးပွဲခန်းမ (၂) ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများကို သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးဝမ်းတင်၊ ဒေါက်တာမောင်မောင်စိန်၊ ဦးကို၊ ဦးစခုံ-တိန့်ယိန်းနှင့် ဦးစိုင်းအောင်ထွန်းတို့က အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် အလှည့်ကျဆောင်ရွက်ခဲ့ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးစိုးလွင်က ဆောင်ရွက်ကာတွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မမလေးက ဆောင်ရွက်ခဲ့ပါသည်။ ယင်း အစည်းအဝေးများတွင် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်ပြရန် အကြံပြုချက်စာတမ်းပြုစုခြင်း၊ ဖတ်ကြားအတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ထိုအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၂၄၁။ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာသန်းညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါ်မေသန်းလွင်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးတင်မောင်၊ ဦးခင်မောင်ထူးနှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) က ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ ညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၅) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၁၀၁) ဦး၊ တိုင်းရင်းသားလူမျိုး

ကိုယ်စားလှယ်များ (၂၀၆) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၂) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၈) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ (၃၈) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၉၀) ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၄၅) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၂၄၂။ အမျိုးသားညီလာခံကိုယ်စားလှယ်(၆၉၆) ဦးရှိရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးသာကျော်သည် ကျန်းမာရေး မကောင်း၍ အမျိုးသားညီလာခံသို့ တက်ရောက်နိုင်သည့် အခြေအနေမရှိပါသဖြင့် ဦးသာကျော်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ရပ်နားခွင့်ပြုပါရန် သက်ဆိုင်ရာအဖွဲ့အစည်းမှ တင်ပြလာသဖြင့် ဦးသာကျော်အား အမျိုးသားညီလာခံ ကိုယ်စားလှယ် အမည်စာရင်းမှ ပယ်ဖျက်ရန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အကြောင်းကြားလာသဖြင့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်တစ်ဦး လျော့နည်းခဲ့ပါသည်။ (နောက်ဆက်တွဲ "၃-ည")

၂၄၃။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်အဖြစ် တက်ရောက်နေသည့် ဦးဆေထင် (ရှမ်းပြည် မြောက်ပိုင်း၊ အထူးဒေသ-၃) သည် အဖွဲ့အစည်း၏ ဗဟိုဦးစီးကော်မတီမှ နုတ်ထွက်သွားခြင်းကြောင့် ဦးဆေထင်အား အမျိုးသားညီလာခံ ကိုယ်စားလှယ် အဖြစ်မှ ရုပ်သိမ်းပါကြောင်း သက်ဆိုင်ရာ အဖွဲ့အစည်းက တင်ပြလာခဲ့သဖြင့် ဦးဆေထင်အား အမျိုးသားညီလာခံကိုယ်စားလှယ် အမည်စာရင်းမှ ပယ်ဖျက်ကြောင်း အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်က အကြောင်းကြားလာသဖြင့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်တစ်ဦး လျော့နည်းခဲ့ပါသည်။ (နောက်ဆက်တွဲ "၃-ဋ")

၂၄၄။ သို့ပါ၍ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၃ ရက် နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေမှာ (၆၉၄) ဦး ဖြစ်ပါသည်။ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ကိုယ်စားလှယ်စုစုပေါင်း (၆၈၆) ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၈.၈၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ [ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃-ဌ"] အဖြစ် ဖော်ပြထားပါသည်။)

၂၄၅။ ထို့နောက် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိ ဒေါက်တာ သန်းညွန့်က မိန့်ခွန်း ပြောကြားခဲ့ပါသည်။ (နောက်ဆက်တွဲ "၃-ဍ")

၂၄၆။ ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့စာတမ်းကို ချင်းပြည်နယ်မှ ဦးဟရန်လွင်း၊ ရခိုင်ပြည်နယ်မှ ဦးကျော်ပန်းသာ၊ မကွေးတိုင်းမှ ဦးသန်းရွှေ တို့ကလည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ဦးခေါ်လာဒေါနှင့် ဦးလှဖေ (ခေါ်) ဦးကမ်းယမ် တို့၏ စာတမ်းကို ဦးခေါ်လာဒေါကလည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးကျော်ဇောနှင့် ဦးမြသန်းတို့၏ စာတမ်းကို ဦးကျော်ဇော ကလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း ဦးခွန်ကျော်သူ၊ ဦးခွန်သိန်းမြင့်၊ ဦးခွန်ကိုမောင်နှင့် ကရင်ပြည်နယ်မှ ဦးခွန်ဝင်းနောင်တို့၏ စာတမ်းကို ဦးခွန်ကျော်သူက လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းအုန်းမြင့်က ယင်း၏ စာတမ်းကို လည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း ဦးရွှေမောင်၊ ဦးညွန့်မောင်နှင့် ဦးအောင်သာတို့၏ စာတမ်းကို ဦးရွှေမောင်က လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း ဦးကျော်လှမိုးက ယင်း၏စာတမ်းကို လည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှ ဦးချစ်ဆွေနှင့် ဦးကျော်စိန်တို့၏ စာတမ်းကို ဦးချစ်ဆွေက

လည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှ ဦးစိုင်းဘဘုံ၊ ဦးခွန်လှူ၊ ဦးစိန်ညွန့်၊ ဦးစိုင်းခမ်းမှတ်၊ ရှမ်းပြည်နယ်မှ ဦးသန်း၊ ဦးစိုင်းအုန်းမြင့်၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဦးဆိုင်ကျောက်(ခေါ်) ဦးဆိုင်ကျောက်ဇင်းနှင့် ဦးစိုင်းနွန့်တို့၏ စာတမ်းကို ဦးစိုင်းဘဘုံ ကလည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှ ဦးဆိုဲပေါ်င်းနပ်က ယင်း၏စာတမ်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှ ဦးဇုတ်ဒေါင်က ယင်း၏ စာတမ်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ဦးပီတာသောင်းစိန်နှင့် ဦးအစီးတို့၏ စာတမ်းကို ဦးပီတာသောင်းစိန်က လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးဘသန်းနှင့် ဦးစံထွန်းမောင်တို့၏စာတမ်းကို ဦးဘသန်းကလည်းကောင်း၊ ချင်းပြည်နယ်မှ ဦးထပ်လိုင်း၏စာတမ်းကို ဦးကျော်စိန်က လည်းကောင်း၊ ကချင်ပြည်နယ်မှ ဦးကျော်စိုးလေး၊ ဦးစောနွဲ့ထွန်း၊ ဦးဝါရဲဂျာနှင့် ဦးမန်ဂူဟာထန်တို့၏ စာတမ်းကို ဦးကျော်စိုးလေးက လည်းကောင်း အသီးသီး ဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-ဃ")

၂၄၇။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၆၃၅ နာရီအချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၄၈။ **၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း။** အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဒေါ်မေသန်းလွင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာသန်းညွန့်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင် ဦးတင်မောင်၊ ဦးခင်မောင်ထူးနှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး)က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း ဒုတိယ ညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ ညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ(၄၅)ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၁၀၀)ဦး၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ(၂၀၅)ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ(၉၂)ဦး၊ အလုပ်သမား ကိုယ်စားလှယ်များ (၄၈)ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ(၃၈)ဦး၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ (၉၁)ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ(၄၄)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားညီလာခံကိုယ်စားလှယ် ၆၉၄ ဦး ရှိသည့်အနက် စုံညီအစည်းအဝေးသို့ ၆၆၃ ဦးတက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅.၅၃ ရာခိုင်နှုန်းဖြစ်ပါသည်။ (ခွင့်ပန်သူ ဦးရေစာရင်းကို နောက်ဆက်တွဲ "၃-ဏ" ဖြင့် ဖော်ပြထားပါသည်။)

၂၄၉။ ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲအခန်းများနှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ရခိုင်ပြည်နယ်မှ ဦးရွှေလှ၊ ကရင်ပြည်နယ်မှ ဦးကျော်အေး တို့ကလည်းကောင်း၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ ပဲခူးတိုင်းမှဦးကြည်မြင့်နှင့် မကွေးတိုင်းမှ ဦးအောင်စန်း

တို့ က လည်း ကောင်း၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ ကချင်ပြည်နယ်မှ ဦးဆွမ်လွတ်နော်က ယင်း၏စာတမ်းကိုလည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဦးမင်းနိုင်နှင့် ဦးမြင့်ငွေတို့ကလည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဦးမောင်မောင်၊ ဦးရန်အောင်၊ ဒေါက်တာကျော်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီးတင်ခတို့ကလည်းကောင်း အသီးသီး ဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-တ")

၂၅၀။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၆၀၅ နာရီအချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၅၁။ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် **အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း။** အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ၀၉၀၀ နာရီအချိန်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဦးစံသာအောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာသန်းညွန့်၊ ဒေါ်မေသန်းလွင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးတင်မောင်၊ ဦး ခင် မောင် ထူး နှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင် ရွက် ခဲ့ ကြ ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့် ညွန်ကြားရေးမှူးချုပ် (အစည်းအဝေး) က ဆောင် ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ ညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၅)ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၁၀၁)ဦး၊ တိုင်း ရင်း သား လူ မျိုး ကိုယ်စားလှယ်များ (၂၀၅) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၁)ဦး၊ အလုပ်သမားကိုယ်စားလှယ်များ(၄၈)ဦး၊အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များ (၃၈)ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၉၁)ဦးနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ (၄၄) ဦးတို့တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၆၉၄ ဦးရှိသည့်အနက် ညီလာခံစုံညီအစည်းအဝေးသို့ ညီလာခံ ကိုယ်စားလှယ် ၆၆၃ ဦးတက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅.၅၃ ရာခိုင်နှုန်းဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃-ထ"ဖြင့် ဖော်ပြထားပါသည်။)

၂၅၂။ ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲအခန်းခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အခြေခံမူများ ချမှတ်နိုင်ရေးအတွက် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဦးစောလှထွန်းနှင့် ဒေါက်တာ ဟန်စောတို့ကလည်းကောင်း၊ ကချင်ပြည်နယ် အထူးဒေသ(၁)မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက်စာတမ်းကို ဦးမန်ကျိဇောင်းခေါင်က လည်းကောင်း၊ ကယန်းအမျိုးသား ညီညွတ်ရေးအဖွဲ့မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ စာတမ်းကို ဦးဂေဗရယ်ပျန်က လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက် စာတမ်းကို ဦးရန်ကြာကျေ့ (ခေါ်) ဦးခင်မောင်စန်း က လည်း ကောင်း၊ ရှမ်းပြည်

မြောက်ပိုင်း အထူးဒေသ (၂) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက်စာတမ်းကို ဦးအောင်မြင့်ကလည်းကောင်း၊ ရှမ်းပြည် မြောက်ပိုင်း အထူးဒေသ (၃) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက်စာတမ်းကို ဦးစိုင်းနော်ကလည်းကောင်း၊ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၄) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏အကြံပြုချက်စာတမ်းကိုဦး မင်းအိမ်ကလည်းကောင်း၊ ရှမ်းပြည်မြောက်ပိုင်း အထူး ဒေသ (၅) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက်စာတမ်းကို ဦးမဆုနော်က လည်းကောင်း အသီးသီးဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-ဒ")

၂၅၃။ ထို့နောက်အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းကြေညာ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၅၅၅ နာရီအချိန်တွင် ခေတ္တရပ်နားလိုက်ပါသည်။

၂၅၄။ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပခြင်း။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဦးမန်းအုံးမောင်ကဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ သန်းညွန့်၊ ဒေါ်မေသန်းလွင်၊ ဦးစံသာအောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးတင်မောင်၊ ဦးခင်မောင်ထူးနှင့် ဦးစိုင်းအောင်ထွန်းတို့ကဆောင်ရွက်ခဲ့ကြပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး)က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူး အဖြစ် ဦးဆန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၅) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၁၀၁) ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ (၂၀၄) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၁) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၈) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၇) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (ဂ၉) ဦးနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ (၄၄) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အမျိုးသား ညီလာခံကိုယ်စားလှယ် ၆၉၄ ဦးရှိသည့်အနက် ညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၆၅၉ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၄.၉၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူ ဦးရေကို နောက်ဆက်တွဲ "၃-ဓ" ဖြင့်ဖော်ပြထားပါသည်။)

၂၅၅။ ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရှမ်းပြည်တောင်ပိုင်း အထူးဒေသ (၆) မှအခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက်စာတမ်းကို ဦးအောင်ခမ်းထိကလည်းကောင်း၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၇) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၏ အကြံပြုချက် စာတမ်းကို ဦးအိုက်မုန်းက လည်းကောင်း၊ နမ့်ခမ်းမြို့နယ်မှ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ် ဦးကျော်မြင့် (ခေါ်) ဦးဝင်းမောင်က ယင်း၏ အကြံပြုချက်စာတမ်းကို လည်းကောင်း၊ ကွတ်ခိုင်မြို့နယ်မှ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ် ဦးမြင့်လွင် (ခေါ်) ဦးမယ်ကွယ်တာက ယင်း၏ အကြံပြုချက်စာတမ်းကို လည်းကောင်း၊ တိုင်းရင်းသား

စည်းလုံးညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ဦးထွန်းရီနှင့် ဦးခင်မောင်ကြီးတို့က လည်းကောင်း၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ဦးအောင်ခင်က လည်းကောင်း၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ အကြံပြုချက်စာတမ်းကို ဦးတီဒေါင်ဝေက လည်းကောင်း၊ မြို (ခေါ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဦးသာဘန်းအောင်က လည်းကောင်း အသီးသီး ဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-န")

၂၅၆။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ၀၉၀၀ နာရီ အချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၅၄၀ နာရီအချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၅၇။ **၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း။** အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဦးကံညွန့်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာ သန်းညွန့်၊ ဒေါ်မေသန်းလွင်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးစိုးမောင်၊ ဦးတင်မောင်၊ ဦးခင်မောင်ထူးနှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) ကဆောင်ရွက်၍ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးသို့ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ (၄၅) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ (၉၈) ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ (၂၀၄) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၁) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇) ဦး၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ (၃၇) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၈၈) ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၄၀) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အမျိုးသား ညီလာခံ ကိုယ်စားလှယ် (၆၉၄) ဦးရှိသည့်အနက် ညီလာခံ ကိုယ်စားလှယ် ၆၅၀ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၃.၆၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃-ပ" ဖြင့် ဖော်ပြထားပါသည်။)

၂၅၈။ ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံ ရမည့်မူများ ချမှတ်နိုင်ရေးအတွက် လားဟူ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးပါတီ၏ အကြံပြုချက် စာတမ်းကို ဦးကျာဟားရှဲက လည်းကောင်း၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အကြံပြုချက် စာတမ်းကို ဦးစောသန်းအောင်က လည်းကောင်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီ၏ အကြံပြုချက်စာတမ်းကို ဦးဖုးကွယ်ဆီးက လည်းကောင်း၊ "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ၏ အကြံပြုချက် စာတမ်းကို ဦးမားကို့စ် (ခေါ) ဦးစိုင်းလုံက လည်းကောင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ အကြံပြုချက် စာတမ်းကို ဦးခင်မောင်၊ ဦးညွန့်ဝေ၊ ဦးလွင်နှင့် ဦးအောင်ရွှေ တို့ကလည်းကောင်း အသီးသီး ဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-ဖ")

၂၅၉။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ၀၉၀၀ နာရီ အချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို ၁၅၄၀ နာရီ အချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၆၀။ ၁၉၉၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် **အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း။** ၁၉၉၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၊ ၀၉၀၀ နာရီ အချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဦးစိုးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာသန်းညွန့်၊ ဒေါ်မေသန်းလွင်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးတင်မောင်၊ ဦးခင်မောင်ထူးနှင့် ဦးစိုင်းအောင်ထွန်း တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး)က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူး အဖြစ် ဦးဆန်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၅) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၉၉) ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ (၂၀၄) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၁)ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၇) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၉၀) ဦးနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ (၄၂) ဦး တက်ရောက်ခဲ့ကြပါသည်။ အမျိုးသား ညီလာခံ ကိုယ်စားလှယ် ၆၉၄ ဦးရှိသည့်အနက် ညီလာခံ စုံညီ အစည်းအဝေးသို့ ၆၅၅ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၃.၃၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃-ဗ" ဖြင့် ဖော်ပြထားပါသည်။)

၂၆၁။ ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ အခန်းခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ဦးစိုင်းစိုးညွန့်က လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းကို ဦးသိန်းထွန်းက လည်းကောင်း၊ ပြည်ထောင်စု ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းကို ဦးစံလှက လည်းကောင်း၊ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ် ဦးရန်ကျင်းမော်နှင့် တစ်သီးပုဂ္ဂလိကကိုယ်စားလှယ်နှစ်ဦး ဒေါက်တာ မှုထန်နှင့် ဦးထောင်ခိုထန်း တို့တင်ပြသည့် အကြံ ပြုချက်စာတမ်းကို ဦးထောင်ခိုထန်းနှင့် ဒေါက်တာ မှုထန် တို့ကလည်းကောင်း အသီးသီး ဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-ဘ")

၂၆၂။ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို့ (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရန်ဖြစ်သော်လည်း ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို့ (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ဦးစံသာအောင်သည် ယခု ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ စုံညီ အစည်း အဝေးတွင် သဘာပတိ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသဖြင့် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ကကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီ

အစည်းအဝေး၌ မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က တင်ပြခဲ့သည့် အကြံပြုချက် စာတမ်းနှင့် ယခုရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို့ (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ဦးစံသာအောင်တို့၏အကြံပြုချက် စာတမ်းသည် အနှစ်သာရအားဖြင့်တူညီသောကြောင့် ယင်းစာတမ်းကို အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌ ဖတ်ကြားခြင်းမပြုတော့ဘဲ အခမ်း အနားမှူးမှတစ်ဆင့် မှတ်တမ်းတင်ပေးရန် မေတ္တာရပ်ခံခဲ့ရာ ဦးစံသာအောင်၏ အကြံပြုချက်စာတမ်းကို သဘာပတိ၏ခွင့်ပြုချက်အရ ဖတ်ကြားခြင်း မပြုတော့ဘဲ မှတ်တမ်းတင် ထားရှိကြောင်း အခမ်းအနားမှူးက ကြေညာခဲ့ပါသည်။

၂၆၃။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင်ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အမျိုးသား လာညီလာခံ စုံညီ အစည်းအဝေးကို ၁၄၁၅ နာရီ အချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၆၄။ ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပခြင်း။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ၀၉၀၀ နာရီ အချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဦးတင်မောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာ သန်းညွန့်၊ ဒေါ်မေသန်းလွင်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးခင်မောင်ထူးနှင့် ဦးစိုင်းအောင်ထွန်း တို့က ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားမှူး အဖြစ် ဦးခင်မောင်မြင့် ညွန်ကြားရေးမှူးချုပ် (အစည်းအဝေး)က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း ဒုတိယ ညွန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ (၄၅) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ (၁၀၀) ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ (၂၀၆) ဦး၊ တောင်သူ လယ်သမားကိုယ်စားလှယ်များ (၉၂) ဦး၊ အလုပ်သမား ကိုယ်စားလှယ်များ (၄၈) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ (၃၇) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၉၀) ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၃၆) ဦး တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၆၉၄ ဦးရှိသည့်အနက် ၆၅၄ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၄.၂၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေစာရင်းကို နောက်ဆက်တွဲ "၃-မ" ဖြင့် ဖော်ပြထားပါသည်။)

၂၆၅။ ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ အခန်းများနှင့်စပ်လျဉ်း၍ အခြေခံမူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းကို ဒေါက်တာ သိန်းလွင်၊ ဦးထွန်းမောင် (ခေါ်) ဦးထွန်းထွန်းဟိန်၊ ဦးစောဦးရယ်နှင့် ဦးလှမင်းတို့ကလည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းကို ဦးစိုင်းဆောင်ဆီခေါ် ဦးနယ်လ်ဆင်နှင့် ဦးစိုင်းဖ (ခေါ်) ဦးလှဖေတို့ကလည်းကောင်း၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်အမှတ် (၁) မှ တစ်သီးပုဂ္ဂလကိုယ်

စားလှယ် ဦးလှမောင်က ယင်း၏အကြံပြုချက်စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း၊ ဗဟန်းမဲဆန္ဒနယ်အမှတ် (၁) မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းလှိုင်က ယင်း၏ အကြံပြုချက်စာတမ်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းက ယင်း၏ စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃–ယ")

၂၆၆။ ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၆း၅၀ နာရီ အချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၆၇။ **၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း။** အမျိုးသား ညီလာခံ စုံညီ အ၏ည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ၀၉း၀၀ နာရီတွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ဦးခင်မောင်ထူးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာ သန့်ညွန့်၊ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးတင်မောင်နှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ ညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၃) ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၉၅) ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ (၂၀၀) ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ (၉၀) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ (၃၈) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၉၀) ဦးနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ (၄၂)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၂၆၈။ အမျိုးသား ညီလာခံ ကိုယ်စားလှယ် ၆၉၄ ဦး ရှိသည့်အနက် အမျိုးသားညီလာခံသို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည့် ဦးခင်စိုးသည် ၄–၄–၉၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သဖြင့် ၎င်းအားထိုနေ့မှစ၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်မှ အကြောင်းကြားလာသဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်တစ်ဦး လျော့နည်းသွားခဲ့ပါသည်။ (နောက်ဆက်တွဲ "၃–ရ")

၂၆၉။ သို့ပါ၍ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ဦးရေမှာ ၆၉၃ ဦး ဖြစ်ပါသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၆၄၅ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၃·၀၇ ရာခိုင်နှုန်းဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃–လ" ဖြင့် ဖော်ပြထားပါသည်။)

၂၇၀။ အစည်းအဝေးတွင် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းတို့နှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်သွင်းထားကြသည့် အကြံပြုချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသဘာပတိအဖွဲ့က သုံးသပ်တင်ပြခဲ့ကြပါသည်။

၂၇၁။ နိုင်ငံတော်အခန်းနှင့်စပ်လျဉ်းသည့် သုံးသပ်တင်ပြချက်ကို အလှည့်ကျ သဘာပတိ

ဦးခင်မောင်ထူး၊ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာ သန်းညွန့်၊ ဦးစိုင်းအောင်ထွန်း၊ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ဦးမန်းအုံးမောင်၊ ဦးစံသာအောင်တို့ကလည်းကောင်း အသီးသီး တင်ပြခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-ဝ")

၂၇၂။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ ၀၉း၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အစည်းအဝေးကို ၁၅း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားခဲ့ပါသည်။

၂၇၃။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပခြင်း။ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ ၀၉း၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာ သန်းညွန့်၊ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးတင်မောင်နှင့် ဦးခင်မောင်ထူးတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) ကဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ ညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေး ပါတီ များမှ ကိုယ်စားလှယ် များ (၄၃)ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၉၇) ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ (၂၀၁) ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ (၉၀) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၈) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ(၉၀)ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၄၂) ဦး တို့ တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၆၉၃ ဦး ရှိသည့်အနက် ၆၄၈ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၃.၅၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃-သ" ဖြင့် ဖော်ပြထားပါသည်)

၂၇၄။ အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် စပ်လျဉ်းသည့် သုံးသပ်တင်ပြချက်ကို အလှည့်ကျသဘာပတိ ဦးစိုင်းအောင်ထွန်းက လည်းကောင်း၊ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာ သန်းညွန့်၊ ဦးစိုးမောင်၊ဦးစံသာအောင်၊ဦးစောဖီးလစ် (ခေါ်) ဦး ဖီး လစ် ဆမ်၊ ဦး ကံ ညွန့်၊ ဦးမန်းအုံးမောင်၊ ဦးတင်မောင်နှင့်ဦးခင်မောင်ထူးတို့ကလည်းကောင်း အသီးသီး တင်ပြခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃-ဟ")

၂၇၅။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

၂၇၆။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပခြင်း။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာ သန်းညွန့်က ဆောင်ရွက်၍

သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦး ကံ ညွန့် ၊ ဦး စိုး မောင် ၊ ဦး တင် မောင် ၊ ဦး ခင် မောင် ထူး နှင့် ဦး စိုင်း အောင် ထွန်း တို့က ဆောင် ရွက် ခဲ့ ကြ ပြီး အ ခမ်း အ နား မှူး အ ဖြစ် ဦးခင်မောင်မြင့် ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) က ဆောင်ရွက်ကာ၊ တွဲဖက်အခမ်းအနားမှူး အဖြစ် ဦးဆန်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော် မ ရှင် ဥ က္က ဋ္ဌ နှင့် အ ဖွဲ့ ဝ င် များ၊ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ ဝင် များ၊ အမျိုး သား ညီ လာ ခံ ကျင်း ပ ရေး စီ မံ ခန့် ခွဲ မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၃)ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၉၄) ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ် စား လှယ် များ (၂၀၀) ဦး၊ တောင် သူ လယ်သမား ကိုယ်စားလှယ်များ (၉၁) ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၇) ဦး၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ (၉၀) ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၃၉) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၆၉၃ ဦး ရှိ သည့် အ နက် ၆၄၁ ဦး တက် ရောက် ခဲ့ သ ဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၂.၅၀ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃–ဌ" ဖြင့် ဖော်ပြထားပါသည်)

၂၇၇။ အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ အခန်းနှင့် စပ်လျဉ်းသည့် သုံးသပ် တင်ပြချက်ကို အလှည့်ကျ သဘာပတိ ဒေါက်တာ သန်းညွှန့်နှင့် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးစောဖီးလစ် (ခေါ်) ဦး ဖီး လစ် ဆမ်၊ ဦး စံ သာ အောင်၊ ဦး မန်း အုံး မောင်၊ ဦး ကံ ညွန့်၊ ဦး စိုး မောင်၊ ဦးတင်မောင်၊ဦးခင်မောင်ထူးနှင့်ဦးစိုင်းအောင်ထွန်း တို့က လည်းကောင်း အသီးသီး တင်ပြခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃–အ")

၂၇၈။ ယင်း နောက် အ ခမ်း အ နား မှူး က အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ၀၉၀၀ နာရီ အချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

၂၇၉။ ၁၉၉၄ ခု နှစ်၊ ဧပြီ လ ၇ ရက် နေ့ တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပခြင်း။ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ၀၉၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ အဖြစ် ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာ သန်းညွှန့်၊ ဦးစံသာအောင်၊ ဦးမန်းအုံးမောင်၊ ဦးကံညွန့်၊ ဦးစိုးမောင်၊ ဦးတင်မောင်၊ဦးခင်မောင်ထူးနှင့်ဦးစိုင်းအောင်ထွန်း တို့က ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) က ဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူး အဖြစ် ဦးဆန်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေး ပါတီ များ မှ ကိုယ် စား လှယ် များ (၄၃) ဦး၊ ရွေး ကောက် ပွဲ တွင် ရွေး ချယ် ခံ ထား ရ သော ကိုယ်စားလှယ်များ (၉၆) ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ် စား လှယ် များ (၂၀၂) ဦး၊ တောင် သူ လယ်သမား ကိုယ်စားလှယ်များ (၉၁) ဦး၊အလုပ်သမားကိုယ်စားလှယ်များ (၄၆) ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၇) ဦး၊

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ (၇၉) ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၃၉) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့အမျိုးသားညီလာခံကိုယ်စားလှယ် စုစုပေါင်း ၆၉၃ ဦးရှိသည့်အနက် ၆၄၃ ဦး တက်ရောက်ခဲ့သည့်အတွက် တက်ရောက်မှုရာခိုင်နှုန်း ၉၂.၇၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေ စာရင်းကို နောက်ဆက်တွဲ "၃–ကက" ဖြင့် ဖော်ပြထားပါသည်)

၂၈၀။ အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ အခန်းနှင့် စပ်လျဉ်းသည့် သုံးသပ်တင်ပြချက်ကို အလှည့်ကျ သဘာပတိ ဦးစောဖိုးလစ် (ခေါ်) ဦးဖိုးလစ်ဆမ်နှင့် သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးစံသာအောင်၊ ဦးစိုင်းအောင်ထွန်း၊ ဦးကံညွန့်၊ ဦးမန်းအုံးမောင်၊ ဦးစိုးမောင်၊ ဦးတင်မောင်၊ ဦးခင်မောင်ထူးနှင့် ဒေါက်တာ သန်းညွန့်တို့က အသီးသီး တင်ပြခဲ့ကြပါသည်။ (နောက်ဆက်တွဲ "၃–ခခ")

၂၈၁။ ယင်းနောက် အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ၀၉၀၀ နာရီ အချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ အစည်းအဝေးကို ၁၄၄၅ နာရီ အချိန်တွင် ခေတ္တ ရပ်နားခဲ့ပါသည်။

၂၈၂။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး ကျင်းပခြင်း။ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ၀၉၀၀ နာရီ အချိန်တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ် အောင်သိန်းက ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးသို့အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၄၃)ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၉၇) ဦး၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ(၂၀၁) ဦး၊တောင်သူလယ်သမား ကိုယ်စားလှယ်များ(၉၁)ဦး၊ အလုပ်သမားကိုယ်စားလှယ်များ (၄၇)ဦး၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ (၃၇) ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ(၇၉)ဦးနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ (၃၈) ဦးတို့ တက်ရောက် ခဲ့ကြပါသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၆၉၃ ဦး ရှိသည့်အနက် ၆၄၃ ဦး တက်ရောက်ခဲ့သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၂.၇၈ ရာခိုင်နှုန်းဖြစ်ပါသည်။ (ခွင့်ပန်သူဦးရေကို နောက်ဆက်တွဲ "၃-ဂဂ" ဖြင့် ဖော်ပြထားပါသည်။)

၂၈၃။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါရှိမည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော်အကြီး အကဲအခန်းများအတွက် အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်း အဝေး၌ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌက ရှင်းလင်း ပြောကြားခြင်း။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက ရှင်းလင်း ပြောကြားရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ နိုင်ငံတော် အခြေခံမူအဖြစ် သတ်မှတ်ရေးအတွက် အခြေခံ ရမယ့် မူများကို ချမှတ်ပြီးဖြစ်ကြောင်း၊ ချမှတ် ထားပြီးဖြစ်တဲ့ အခြေခံရမယ့် မူများအနက် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ နိုင်ငံတော်အကြီးအကဲအခန်းတို့မှာ ပါရှိ

သင့်တဲ့ အခြေခံရမယ့်မူတွေကိုလဲ သက်ဆိုင်ရာအခန်းတွေမှာ ပြောင်းရွှေဖော်ပြရန် ကိုယ်စားလှယ် အစုအဖွဲ့များက ထောက်ခံဆွေးနွေး သွားကြကြောင်း၊ သက်ဆိုင်ရာ အခန်းတွေမှာ အသေးစိတ် ထည့်သင့်ထည့်ထိုက်တဲ့ အခြေခံရမယ့် မူတွေကိုလဲ ကိုယ်စားလှယ် အစုအဖွဲ့များအနေနဲ့ ရှုတောင့်အသီးသီးက မိမိတို့ရဲ့ဆန္ဒသဘောထားများကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြသွားတာကို တွေ့ရကြောင်း၊တင်ပြသွားတဲ့ အကြံပြုချက်တွေအနက် သက်ဆိုင်တဲ့အကြံပြုချက်တွေကိုစုစည်းပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေး သဘာပတိအဖွဲ့ကလည်း ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်သွားတာကို တွေ့ရကြောင်း၊ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်နဲ့ ချမှတ်ပြီးတဲ့ အခြေခံရမယ့် မူများရဲ့ ဘောင်အတွင်းက အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံရမယ့်မူတွေနဲ့စပ်လျဉ်းလို့ အမျိုးသားညီလာခံကိုယ်စားလှယ်များရဲ့ ဆွေးနွေးအကြံပြုချက်များနဲ့ သဘာပတိအဖွဲ့ရဲ့ သုံးသပ်ချက်များကို အခြေခံထားပြီး ချမှတ်သင့်တဲ့ အခြေခံရမယ့် မူများကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ တင်ပြခဲ့ကြောင်း၊ တင်ပြခဲ့တဲ့ အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အတည်ပြုခဲ့တဲ့အတွက် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းတို့အတွက် ချမှတ်ရမယ့် အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး ရှင်းလင်းပြောကြား သွားခဲ့ပါသည်။ (နောက်ဆက်တွဲ “ဉ-ဿဿ”)

၂၄။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် မိန့်ခွန်း ပြောကြားခြင်း။ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က မိန့်ခွန်းပြောကြားရာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အစုအဖွဲ့ တစ်ဖွဲ့ချင်းနဲ့ ကိုယ်စားလှယ်တစ်ဦးချင်းရဲ့ အကြံပြုချက် တွေကို ကိုယ်စားလှယ်အားလုံးက ကြား သိခွင့် ရရှိခဲ့ကြပြီး ဖြစ်ကြောင်း၊ အခြေခံရမယ့်မူနဲ့စပ်လျဉ်း၍ သဘာပတိအဖွဲ့၏သုံးသပ်ချက်နဲ့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ချမှတ်ချက် များကိုလည်း စုံစုံလင်လင်၊ ရှင်းရှင်း လင်းလင်း ကြား သိရပြီး ဖြစ် ကြောင်း၊ အခန်း အလိုက် ခေါင်းစဉ်များရရန် လေးလေးနက်နက် ညှိနှိုင်းဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်သလို နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရာတွင် အခြေခံရမယ့်မူ များကိုလည်း ညှိနှိုင်းဖော်ထုတ်၍ အများကလိုလားသောအခြေခံရမယ့်မူများကို ရရှိခဲ့ပြီးလည်း ဖြစ်ကြောင်း၊ ထိုခေါင်းစဉ်များ၊ အခြေခံရမယ့်မူများကို ရအောင် အချိန်များ၊လုပ်အားများ၊ တိုင်းပြည်ဘဏ္ဍာများစွာ စိုက်ထုတ်ရင်းနှီးခဲ့ပြီး အလေးအနက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အချိန်ကိုလေးစားသောအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် မှန်မှန်တိုးတက်မှုရှိစေရန် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ မရောက်သေးသော ခေါင်းစဉ်နှင့်စပ်ဆိုင်သော အကြောင်းကိစ္စများကို တင်ကူးဆန္ဒစော၍ ဆွေးနွေး ဝေဖန်နေကြမည် ဆိုလျှင် အမျိုးသားညီလာခံကြီး၏ ရည်မှန်းချက်များ တိုးတက်ပြီးစီးစေရန် ဆောင်ရွက်ရာတွင် နှေးကွေးနေမည်ဖြစ်ကြောင်း၊ ယခုကျင်းပနေသောအမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ကိုယ်စားလှယ်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ပေးရေးနှင့် စပ်လျဉ်း၍ စိတ်ပါဝင်စားစွာ အကြံပြုဆွေးနွေးတင်ပြသွားသည်ကို တွေ့ရကြောင်း၊ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသတ်မှတ်ပေးရေးနှင့်စပ်လျဉ်း၍

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားသည့်အတိုင်း ဤကိစ္စကို နောက်တစ်ကြိမ်ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံရပ်နားစဉ်ကာလ အတွင်းတွင် ရနိုင်သမျှအခြေအနေကိုအသုံးပြုပြီး၊ အမျိုးသားညီလာခံ ပြန်စသောအခါ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးကိစ္စနှင့် အတူ ဆက်လက် ဆွေးနွေးကြမည့် အခန်းအလိုက် ခေါင်းစဉ်များဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ခေါင်းစဉ်အသီးသီးနှင့် စပ်လျဉ်းသောအကြံကောင်း၊ ဉာဏ်ကောင်းများကို ပေးနိုင်အောင် အချိန်ရခိုက် လေ့လာစုဆောင်း၊ မှတ်သားမှုပြုခဲ့ပါရန် တိုက်တွန်းမှာကြားကြောင်းနှင့်အမျိုးသားညီလာခံကို ၁၉၉၄ ခုနှစ်၊ ဧပြီလ(၁၀) ရက်နေ့မှစ၍ ရပ်နားမည်ဖြစ်ပြီး၊ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းများမိန့်ကြားသွားခဲ့ပါသည်။ (နောက်ဆက်တွဲ"ဥ-ငင")

၂၇၅။ ယင်းနောက် အမျိုးသားညီလာခံ အခမ်းအနားမှူး ဗိုလ်မှူးချုပ် အောင်သိန်းက ၁၁၀၀ နာရီ အချိန်တွင် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကိုရပ်နားကြောင်း ကြေညာခဲ့ပါသည်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ
ကျိုက္ကဆံကွင်း၊ ရန်ကုန်မြို့

စာအမှတ် ၁/ လုပ်ငန်းကော်မတီ / ၁။
ရက်စွဲ၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အခန်းအလိုက် ခေါင်းစဉ်များအတွက် အခြေခံရမည့်မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး များကို ကြီးကြပ်ရန် သဘာပတိအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း**

၁။ အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ အရ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသည် သဘာပတိအဖွဲ့ဝင် ၄၅ ဦးအနက် အောက်ပါပုဂ္ဂိုလ်များကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အခန်းအလိုက်ခေါင်းစဉ်များအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကို ကြီးကြပ်ပေးရန် သဘာပတိအဖွဲ့ဝင်များအဖြစ်သတ်မှတ်လိုက်ပါသည်—

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ သန်းညွန့် | .... | အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ |
| (ခ) | ဒေါ်မေသန်းလွင် | .... | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ |
| (ဂ) | ဦးစံသာအောင် | .... | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့ |
| (ဃ) | ဦးမန်းအုံးမောင် | .... | တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ |
| (င) | ဦးကံညွန့် | .... | တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ |
| (စ) | ဦးစိုးမောင် | .... | အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ |
| (ဆ) | ဦးတင်မောင် | .... | အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ |
| (ဇ) | ဦးခင်မောင်ထူး | .... | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ |
| (ဈ) | ဦးစိုင်းအောင်ယွန်း | .... | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ |

၂။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပမည့်ရက်နှင့် ယင်းအစည်းအဝေးများကို ကြီးကြပ်ပေးမည့်အထက်အပိုဒ်(၁)ပါ သဘာပတိအဖွဲ့ဝင် ၉ ဦးအနက် အလှည့်ကျသဘာပတိ အမည်စာရင်းကို ဆက်လက်ထုတ်ပြန်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(အေးမောင်၊ အတွင်းရေးမှူး)

ဖြန့်ဝေခြင်း

သဘာပတိအဖွဲ့ဝင်များအားလုံး

မိတ္တူ။

- အမျိုးသားညီလာခံကျင်းပရေးကော်မရှင်
- အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ရန်ကုန်မြို့

၁၃၅၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

ကြေညာချက် အမှတ်(၆/၉၄)

## အမျိုးသားညီလာခံကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန် ကြေညာခြင်း

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ အမျိုးသားညီလာခံသို့ တက်ရောက်မည့် ညီလာခံကိုယ်စားလှယ်၏ အမည်စာရင်းကို ဖြည့်စွက်ထုတ်ပြန်ကြေညာပါသည်—

၁။ ဦးစိုင်းနောင့် .... ရှမ်းပြည်နယ်မြောက်ပိုင်း
အထူးဒေသ (၃)

ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

အမိန့်အရ

(ပုံ) အောင်သိန်း
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်
ရန်ကုန်မြို့
၁၃၅၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
(၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ကြေညာချက်အမှတ် ၁/၉၄

အမျိုးသားညီလာခံကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ အမျိုးသားညီလာခံသို့တက်ရောက်မည့် ညီလာခံကိုယ်စားလှယ်၏ အမည်စာရင်းကို ဖြည့်စွက်ထုတ်ပြန်ကြေညာပါသည်—

၁။ ဦးစံထွန်း .... ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆)

၂။ ဦးဟဲ(ခေါ်) ဦးခွန်အောင်သာ .... ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆)

ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

အမိန့်အရ

(ပုံ) အောင်သိန်း
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်**
ရန်ကုန်မြို့
**ကြေညာချက်အမှတ် ၂/၉၄**
၁၃၅၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
(၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

**ဦးကျော်မြင့် အား အမျိုးသားညီလာခံကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်းကြေညာခြင်း**

၁။ အမျိုးသားညီလာခံတက်ရောက်ရန် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအမည်စာရင်းပေးပို့ချက်အရအမျိုးသား ညီလာခံသို့တက်ရောက်ခွင့်ပြုထားသူ ဦးကျော်မြင့်(မကွေး-၁)အား၊ ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပါကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်ပြခဲ့ပါသည်။

၂။ သို့ပါ၍ ဦးကျော်မြင့်(မကွေး–၁)အား၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် အမည်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) အောင်သိန်း
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်**

**ရန်ကုန်မြို့**

**ကြေညာချက်အမှတ် ၃/၉၄**

၁၃၅၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
(၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

## ဦးထွန်းရီကွယ်လွန်အနိစ္စရောက်သဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာခြင်း

အမျိုးသားညီလာခံသို့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အထူးဒေသ (၆) မှ အခြားဖိတ်ကြားသည့် ပုဂ္ဂိုလ်အဖြစ်တက်ရောက်ခဲ့သည့် ဦးထွန်းရီသည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သဖြင့် ၎င်းအား ထိုနေ့မှစ၍ အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာပါသည်။

အမိန့်အရ

(ပုံ) **အောင်သိန်း**
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်**

ရန်ကုန်မြို့

**ကြေညာချက်အမှတ် ၄/၉၄**

၁၃၅၅ ခုနှစ်၊ **နတ်တော်လပြည့်ကျော် ၁၄ ရက်**

(၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

**ဦးတီခွန်ကျင့် (ခေါ်) ဦးတီဂျုံးလွှမ်းအား အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း**

၁။ အမျိုးသားညီလာခံသို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည့် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးတီခွန်ကျင့် (ခေါ်) ဦးတီဂျုံးလွှမ်းသည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၅၊ အပိုဒ်ခွဲ (က) နှင့် **အပိုဒ်** ဂ၊ အပိုဒ်ခွဲ (ဂ) ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ ဦးတီခွန်ကျင့် (ခေါ်) ဦးတီဂျုံးလွှမ်းအား အမျိုး**သားညီလာခံ** ကိုယ်**စား**လှယ်အဖြစ်မှ ရုပ်သိမ်းကြောင်းကြေညာပါသည်။

အမိန့်အရ

(ပုံ) အောင်သိန်း

အတွင်းရေးမှူး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်
ရန်ကုန်မြို့

ကြေညာချက်အမှတ် ၅/၉၄

၁၃၅၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

## အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာခြင်း

၁။ အမျိုးသားညီလာခံတက်ရောက်ရန် ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆) မှ အခြားဖိတ်ကြားသည့်ပုဂ္ဂိုလ် ဦးခွန်ဝိဇ္ဇာနှင့် ရေဝတီတိုင်းမှ တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ် ဦးဝင်းကြည်တို့သည် ကျန်းမာရေးမကောင်းသဖြင့် အမျိုးသားညီလာခံသို့တက်ရောက်နိုင်သည့် အခြေအနေမရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများက တင်ပြလာပါသည်။

၂။ သို့ပါ၍ ဦးခွန်ဝိဇ္ဇာနှင့် ဦးဝင်းကြည်တို့အား အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာပါသည်။

ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

အမိန့်အရ

(ပုံ) အောင်သိန်း
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

## အမျိုးသားညီလာခံသို့တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ

၁၈-၁-၉၄

| အမှတ်စဉ် | ကိုယ်စားလှယ်အမျိုးအစား | ဖိတ်ကြား | တက်ရောက် | ပျက်ကွက် |
|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ | ၄၇ | ၄၂ | ၅ |
| ၂။ | ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ | ၁၀၃ | ၉၉ | ၄ |
| ၃။ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ၂၁၃ | ၂၁၃ | .... |
| ၄။ | တောင်သူလယ်သမားကိုယ်စားလှယ်များ | ၉၃ | ၉၁ | ၂ |
| ၅။ | အလုပ်သမားကိုယ်စားလှယ်များ | ၄၈ | ၄၇ | ၁ |
| ၆။ | အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ | ၄၁ | ၃၈ | ၃ |
| ၇။ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ၉၂ | ၈၇ | ၅ |
| ၈။ | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ | ၅၉ | ၅၁ | ၈ |
| | စုစုပေါင်း .... | ၆၉၆ | ၆၆၈ | ၂၈ |

တက်ရောက်သည့် ရာခိုင်နှုန်း (၉၅.၉၈)

## (၁၈-၁-၉၄) ရက်နေ့တွင်ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးသာကျော်<br>တိုင်းရင်းသား စည်းလုံးညီညွတ်ရေး<br>ပါတီ | နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၂။ | ဦးအန်တိုနီစူး(ခ)ဦးလရောင်<br>ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ။ | ကိုယ်ရေးကိုယ်တာ |
| ၃။ | ဦးခေါင်ဖိုင်<br>ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ။ | ။ |
| ၄။ | ဦးဝင်းမော<br>မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေး<br>အဖွဲ့ | ။ | ကျန်းမာရေး |
| ၅။ | ဦးမန်းသာဆင်<br>ပြည်ထောင်စု ကရင်အမျိုးသားများ<br>အဖွဲ့ချုပ် | ။ | ။ |

## (၁၈-၁-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | |
|---|---|---|
| ၁။ ဦးဝင်းမြင့်အောင်<br>ဒီပဲယင်း (၂) | ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော<br>ကိုယ်စားလှယ်များ | ကိုယ်ရေးကိုယ်တာ |
| ၂။ ဒေါ်မေနှင်းကြည်<br>မိုးကုတ် (၁) | ။ | ကျန်းမာရေး |
| ၃။ ဒေါက်တာ စိန်မြင့်<br>ဘိုကလေး (၂) | ။ | ။ |
| ၄။ ဦးဖေတင်<br>ညောင်ဦး (၂) | ။ | ။ |
| ၁။ ဦးထွန်းဦး<br>ရန်ကုန် | တောင်သူလယ်သမားကိုယ်စားလှယ်များ<br>။ | ကျန်းမာရေး |
| ၂။ ဦးမန်းအဘီး<br>ကရင် | ။ | ကိုယ်ရေးကိုယ်တာ |
| ၁။ ဦးအောင်တင်<br>တနင်္သာရီ | အလုပ်သမားကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၁။ ဒေါက်တာ မေဝင်းအောင်ခင်<br>ပါမောက္ခ၊ဆေးဝါးဗေဒဌာန၊<br>ဆေးတက္ကသိုလ် (၂)၊ ရန်ကုန် | အသိပညာရှင်၊ အတတ်ပညာရှင်၊<br>ကိုယ်စားလှယ်များ | ဌာနတာဝန်<br>(ပြည်ပ) |
| ၂။ ဦးသိန်းဇံ<br>ကျောင်းအုပ်ကြီး၊<br>စက်မှုလက်မှုသိပ္ပံ၊ အင်းစိန် | ။ | ဌာနတာဝန်<br>(ပြည်ပ) |
| ၁။ ဦးမောင်မောင်သွင်<br>ညွှန်ကြားရေးမှူး၊<br>ဆည်မြောင်းဦးစီးဌာန | ။ | ကျန်းမာရေး |
| ၁။ ဒုတိယဗိုလ်မှူးကြီး ထွေးမောင် | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ဌာနတာဝန် |
| ၂။ ဦးညီပု | ။ | ။ |
| ၃။ ဦးဝင်းမောင် | ။ | ။ |
| ၄။ ဦးတင်အုံး | ။ | ကျန်းမာရေး |
| ၅။ ဦးကြည်အေး | ။ | ဌာနတာဝန် |

## (၁၈-၁-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | |
|---|---|---|
| ၁။ ဦးစိုင်းဟန်စစ်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၃) | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ | ကျန်းမာရေး |
| ၂။ ဦးဂေဗရယ်ပျန်<br>ကယန်းအဖွဲ့ | ॥ | ကိုယ်ရေးကိုယ်တာ |
| ၃။ ဦးဌေးကို<br>ကယန်းအဖွဲ့ | ॥ | ॥ |
| ၄။ ဦးဆေထင်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၃) | ॥ | ကျန်းမာရေး |
| ၅။ ဦးလီဝင်းမြင့်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | ॥ | ॥ |
| ၆။ ဦးအိုက်ကျော်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | ॥ | ॥ |
| ၇။ ဦးကျော်ကညီလိုင်း<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၂) | ॥ | ကိုယ်ရေးကိုယ်တာ |
| ၈။ ဦးစံလူ<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၂) | ॥ | ॥ |

ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း၊ ဇဟို အစည်းအဝေးခန်းမတွင် အမျိုးသားညီလာခံကို နံနက် ၁၀၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အလှည့်ကျ သဘာပတိ အဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် (ဥက္ကဋ္ဌ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်)က ဆောင်ရွက်၍၊ အခမ်း အနား မှူး အ ဖြစ် ဗိုလ်မှူးချုပ် အောင်သိန်း (အတွင်းရေးမှူး၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်)က ဆောင်ရွက်ပါသည်]။

အခမ်းအနားမှူး။ အ မျိုး သား ညီ လာ ခံ ကိုယ် စား လှယ် ကြီးများခင်ဗျား။ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို စတင်ပါတော့မယ်။

## အမျိုးသားညီလာခံသဘာပတိနေရာယူခြင်း

အခမ်းအနားမှူး။ ဒီနေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ သဘာပတိအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ကတော့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် ဖြစ်ပါတယ်။ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ကျွန်တော်ဗိုလ်မှူးချုပ်အောင်သိန်းကဆောင်ရွက်မှာဖြစ်ပါတယ်။

သဘာပတိကြီး နေရာယူပါတော့မယ်ခင်ဗျား။

[အမျိုးသား ညီ လာ ခံ သ ဘာ ပတိ သည် သီးသန့် သတ်မှတ် ထားသည့် စင်မြင့် ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

## အမျိုးသားညီလာခံ ၂၃ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အမျိုးသားညီလာခံ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အ မျိုး သား ညီ လာ ခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ပေါင်းဟာ ၆၉၆ ဦးရှိပါတယ်။ တာဝန်အရ ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်းဟာ ၁၄ ဦးနဲ့ ကျန်းမာရေးကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်းဟာ ၁၄ ဦးရှိပါတယ်။ ဒီနေ့ အစည်း အဝေး ကို တက်ရောက် လာကြတဲ့ ကိုယ်စားလှယ်ပေါင်းဟာ ၆၆၈ ဦးဖြစ်တဲ့အတွက် ၉၅.၉၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါကြောင့် အစည်းအဝေး အထမြောက်ပါတယ်။

သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကြီး စတင် ကျင်းပကြောင်းကြေညာအပ်ပါတင်ခင်ဗျား။

(သြဘာသံများ)

## အမျိုးသားညီလာခံသဘာပတိ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်း ပြောကြားခြင်း

အခမ်းအနားမှူး။ အ မျိုး သား ညီ လာ ခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားပါမယ်။ ဒီအစီအစဉ်အရ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ သဘာပတိ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က မိန့်ခွန်းပြောကြားပါတော့မယ် ခင်ဗျား။

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(အမျိုးသားညီလာခံသဘာပတိ၊ အမျိုးသားညီလာခံ ကျင်းပရေး **ကော်မရှင်ဥက္ကဋ္ဌ**)။ ချစ်ကြည်လေးစားအပ်သော အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ကိုယ်စားလှယ်ကြီးများ စုံစုံညီညီ တက်ရောက်လာတာ မြင်တွေ့ရတဲ့အတွက် များစွာ နှစ်ထောင်းအားရဖြစ်မိကြောင်းနဲ့ ကိုယ်စားလှယ်ကြီးများကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ဦးစွာ ပထမ ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်ကြီးများဟာ အမျိုးသားညီလာခံကြီးမှာ လိုအပ်တဲ့ အခန်းအလိုက် ခေါင်းစဉ်များ ရဖို့ ဆွေးနွေးညှိနှိုင်းသတ်မှတ် နိုင်ခဲ့သလို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာမှာ နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူများရရှိဖို့ကိုလည်း အချိန်ယူပြီး စုံစုံလင်လင် ဆွေးနွေးအကြံပြုတင်ပြနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများသတ်မှတ်ရေးအတွက် အခြေခံရမယ့်မူများကို ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အမျိုးသား ညီလာခံကြီးကို ခေါ်ယူကျင်းပပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအပါအဝင် တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များနဲ့ လက်ရည်တစ်ပြင်တည်းပူးပေါင်းကာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာမှာ အခန်းအလိုက် အခြေခံရမယ့်မူတွေနဲ့ ဆက်စပ်တဲ့ အသေးစိတ် အကြံပြုချက်တွေ ရရှိရေးအတွက်အကြံကောင်း ဉာဏ်ကောင်းတွေကို ဆွေးနွေးရယူလျက်ရှိပါသည်။ ဒီလိုအကြံကောင်းဉာဏ်ကောင်းတွေရနိုင်ဖို့ မျှော်လင့်ပြီးအမျိုးသားညီလာခံကြီးကို ကျင်းပနေတာကိုလည်း ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိပဲဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ မှန်မြတ်မှန်ကန်တဲ့ စိတ်ရင်းစေတနာနဲ့ ကြိုးပမ်း ဆောင်ရွက်ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တာဝန် ပေးခြင်း ခံရတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတိုင်း၊ တစ် မျိုး သား လုံး စည်း လုံး ညီ ညွတ် ရေးကို ရှေးရှုပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြရမယ့် တိုင်ပင်သင့်၊ တိုင်ပင်ထိုက်သူတွေဖြစ်ကြတဲ့ ဒီကိုယ်စားလှယ်တော်ကြီးများနဲ့ ယခုလို လေးလေးစားစား တိုင်ပင်ဆွေးနွေးညှိနှိုင်း ဆောင် ရွက် နေခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ရဲ့ ဖိတ်ကြားချက်အရ အမျိုးသား ညီလာခံမှာ တက်ရောက်ပြီး ညီလာခံကြီးရဲ့ တာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးဟာ ဘယ်အစုအဖွဲ့က အရေးပါတယ်၊ မပါဘူးလို့ခွဲခြားခြင်းမရှိဘဲ အားလုံး ဂုဏ်သိက္ခာရှိရှိ အပြန်အလှန်လေးလေးစားစားနဲ့ လက်တွဲဆောင်ရွက်နေကြတာဖြစ်ပါတယ်။

အမျိုးသား ညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယနေ့မျက်မှောက်ကာလ အခြေအနေကို သုံးသပ်ပြောကြားရမယ်ဆိုရင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟာ တစ်မျိုးသားလုံး စည်းလုံး ညီညွတ်ရေး ရရှိဖို့ ဦးတည် ကြိုးပမ်းဆောင်ရွက်နေတဲ့ အင်မတန်သိမ်မွေ့တဲ့ အချိန်အခါဖြစ်ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူခဲ့တဲ့ကာလမှာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနဲ့ တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးတို့ကို ထူးထူးခြားခြား အောင်မြင်မှုရအောင် ဆောင်ရွက် နိုင်ခဲ့ကြတာ

အားလုံး မျက်မြင်ကိုယ်တွေ့ ဖြစ်နေကြတဲ့အတွက် အကျယ်ချဲ့ပြောစရာ လိုမယ်မထင်ပါဘူး။

နိုင်ငံရေးမျက်နှာစာဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး အခြေအနေ ဆိုရင်လည်း အထူးပဲ အောင်မြင်မှု ရရှိနေပြီဖြစ်ပါတယ်။ လွတ်လပ်ရေးသက်တမ်း (၄၅) နှစ်ကျော်ကာလ တစ်လျှောက်လုံး သက်ဆိုးရှည်လာခဲ့တဲ့ သောင်းကျန်းမှု နယ်မြေဒေသတွေ၊ မငြိမ်းချမ်း မလုံခြုံမှုတွေဟာ ယခုအခါမှာချုပ်ငြိမ်းပြီး၊ နိုင်ငံတော်ရဲ့ နယ်မြေဒေသအများစုကြီးဟာ အေးချမ်းသာယာလာခဲ့ပြီ ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ နယ်မြေ ဒေသတွေမှာလည်း အနေးနဲ့အမြန်ဆိုသလို အေးချမ်း သာယာမှုရှိသွားအောင် ကျွန်တော်တို့ ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ နိုင်ငံတော်ကြီးတစ်ခုလုံး အေးချမ်းသာယာမှု အပြည့်အဝရရှိပြီး၊ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်တဲ့ ခေတ်မီ နိုင်ငံဖြစ်အောင် တိုင်းရင်းသား ညီအစ်ကိုအားလုံး လက်တွဲ ကြိုးပမ်းထူထောင်ကြရမယ့်အချိန်ကို ရောက်လာပြီ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အတွက် နိုင်ငံရေးအရ စည်းလုံးညီညွတ်မှု အမြင့်မားဆုံး ဖြစ်အောင် စည်းရုံးမှုကို ဦးစားပေးပြီး ပြုလုပ်နေချိန်ဖြစ်တဲ့ ယခုအချိန်မှာ ညီလာခံကိုယ်စားလှယ်တော်ကြီးများ အပါအဝင် တိုင်းရင်းသား လူမျိုးအားလုံး၊ အဖွဲ့အစည်း အားလုံးဟာ လည်း စိတ်ရင်း စေတနာကောင်းထားရှိပြီး မိမိတစ်ကိုယ်ချင်း အကျိုး၊ မိမိ အစုအဖွဲ့ရဲ့အကျိုးကို ရှေ့တန်းမတင်ဘဲ နိုင်ငံတော်ရဲ့အကျိုးကိုသာ ထိပ်တန်း ဦးစားပေးကြဖို့ တိုက်တွန်းပါတယ်။

အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်ဖွဲ့စည်းပုံရေးဆွဲရာမှာ နိုင်ငံတော် အခြေခံမူများသတ်မှတ်ရေး အတွက် အခြေခံရမယ့်မူတွေရအောင် ကိုယ်စားလှယ်ကြီးများက ဆွေးနွေး အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ အခြေခံမူတွေကို ပီပီပြင်ပြင် ပြည့်ပြည့်ဝဝ ဖော်ဆောင်လို့ရအောင် အခြေခံမူတွေနဲ့ဆက်စပ်ပြီး အခန်းအလိုက် အသေးစိတ် လိုအပ်ချက်တွေကို ဆက်လက် ဆွေးနွေးညှိနှိုင်း ဖော်ထုတ် ကြရဦးမှာ ဖြစ်ပါတယ်။

ဒီလို ဆွေးနွေး ညှိနှိုင်းမှုတွေ ပြုကြရာမှာ အယူအဆ တူညီတာတွေ ရှိသလို မတူညီ တာတွေလည်း ရှိနိုင်ပါတယ်။ ဒီအခါမှာ မိမိအယူအဆနဲ့ မတူညီရကောင်းလားဆိုပြီး မကျေမနပ် မဖြစ်ဖို့ အရေးကြီးပါတယ်။ အယူအဆတစ်ရပ်၊ အမြင်တစ်ရပ်ဟာ မိမိရဲ့ အယူအဆပဲဖြစ်ဖြစ်၊ တစ်ပါးသူရဲ့ အယူအဆပဲဖြစ်ဖြစ် အဲဒီ အယူအဆဟာ မိမိနိုင်ငံတော်ရဲ့အကျိုးကို ဆောင်ကြဉ်းနိုင်ရဲ့လား၊ လက်တွေ့ လုပ်ဆောင်နိုင်တဲ့ အခြေအနေရှိရဲ့လား ဆိုတာက အရေးကြီးပါတယ်။ တိုင်းရင်းသား ပြည်သူများရဲ့ အခြေခံအကျိုးစီးပွားကို အမြင့်မားဆုံး၊ လက်တွေ့ အကျဆုံး ဆောင်ကြဉ်းပေးနိုင်မယ့် အယူအဆတွေ၊ နည်းလမ်းတွေကိုသာ အလိုရှိအပ်ပါတယ်။

ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းများစွာဟာ အတူတကွ ပူးပေါင်းနေထိုင်လျက် ရှိကြပါတယ်။ တိုင်းရင်းသားလူမျိုးများဟာ နိုးကြားတိုးတက်မှု ရှိလာတာနဲ့အမျှ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲလိုတဲ့ဆန္ဒတွေ တိုးတက်ဖြစ်ပေါ်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့အားလုံးက သဘောထားကြီးကြီးနဲ့ ဝိုင်းဝန်း ကူညီကြရမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံမှာ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲဆိုတဲ့ အခန်းအလိုက် ခေါင်းစဉ်တွေကို ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆွေးနွေးကြတဲ့အခါမှာရရှိထားတဲ့ အခြေခံရမယ့်မူတွေကို မျက်ခြည်ပြတ်မခံဘဲ အဲဒီ

အခြေခံမူတွေနဲ့လိုက်လျောညီထွေဖြစ်တဲ့အသေးစိတ် လိုအပ်ချက်တွေကို အခန်းအလိုက် ဆွေးနွေးအကြံပြုပေးကြဖို့ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်တဲ့ ပုံသဏ္ဌာန်မှာ ဒိုတာဝန်အရေးသုံးပါးကို အတွင်းသရုပ်၊ အနှစ်သာရအဖြစ် ထားရှိဖို့ အရေးကြီးပါတယ်။ ပြည်ထောင်စုကြီးကို ပိုမိုခိုင်မာ အင်အားတောင့်တင်းအောင် ကြံဆောင်ကြိုးပမ်းကြဖို့လည်း အထူးပဲ အရေးကြီးပါတယ်။ ပြည်ထောင်စုကြီးရဲ့အစိတ်အပိုင်းဖြစ်တဲ့ တိုင်း ဒေသကြီးနဲ့ပြည်နယ်တွေဟာ ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲရေး၊ ကမ္ဘာ့နိုင်ငံများစွာရဲ့ အလယ်မှာ တင့်တယ်ထည်ဝါခံ့ညားပြီး ခေတ်မီတိုးတက် အင်အားတောင့်တင်းတဲ့ နိုင်ငံဖြစ်ရေးကို ဝိုင်းဝန်းရှေးရှုကြဖို့ လိုပါတယ်။ အစိတ်အပိုင်း အသီးသီးဟာ ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို နည်းနည်းမျှ ထိခိုက်မှုမဖြစ်စေဘဲ ပြည်ထောင်စုကြီးကို ဝိုင်းဝန်း အကျိုးဆောင်ကြတဲ့ အစိတ်အပိုင်းများဖြစ်ကြဖို့ အထူးပဲလိုအပ်ပါတယ်။

အမျိုးသားညီလာခံကြီးမှာ ဆက်လက်ဆွေးနွေးသွားကြမယ့် နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်နဲ့စပ်လျဉ်း ပြီး၊ နိုင်ငံတော်သမ္မတကို နိုင်ငံတော်အကြီးအကဲအဖြစ် သတ်မှတ်ကြဖို့ နိုင်ငံတော်သမ္မတဦးဆောင် အုပ်ချုပ်တဲ့ စနစ်ထားရှိဖို့ အစရှိတဲ့ အခြေခံမူတွေလည်း ရပြီးဖြစ်တာကြောင့် ဆက်လက်ပြီးတော့ စဉ်းစားဖို့လိုတာက နိုင်ငံတော်သမ္မတမှာ ဘယ်လို အရည်အချင်းတွေနဲ့ ပြည့်စုံဖို့လိုသလဲ၊ နိုင်ငံတော်သမ္မတကို ဘယ်သူတွေက ရွေးကောက်တင်မြှောက်မလဲ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်တွေ၊ တာဝန်တွေက ဘာတွေ ဖြစ်သင့်သလဲ အစရှိတဲ့ လိုအပ်ချက်အသေးစိတ်တွေကို ဆွေးနွေးညှိနှိုင်းကြရတော့မှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးစနစ်နဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့သတိပြုဖို့ လိုအပ်တဲ့ ထူးခြားချက်အချို့ကို ဖော်ပြရမယ်ဆိုရင် ကမ္ဘာပေါ်မှာ ယခုအခါမှာ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး အခြေအနေတွေဟာ ရှေးကနဲ့မတူ အလွန်တရာလျင်လျင်မြန်မြန် ဖြစ်ပျက်နေတယ်ဆိုတဲ့အချက်ကို သတိပြုရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအစရှိတဲ့ ထူးခြားဖြစ်စဉ်တွေဟာ မိနစ်၊ နာရီမဆိုင်း အလျင်အမြန် ဖြစ်ပျက် ပြောင်း လဲနေပါတယ်။ မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရာမှာလည်း နိုင်ငံတကာရဲ့ အပြောင်းအလဲတွေနဲ့ ယှဉ်ပြီး မိမိနိုင်ငံ အကျိုးအတွက် သွက်လက်ထက်မြက်တဲ့ အုပ်ချုပ်ရေး ယန္တရားဟာ အမှန်ပဲ လိုအပ်နေပြီ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်မြေ၊ ပိုင်နက်ရေ၊ ပိုင်နက်လေကို ကာကွယ်စောင့်ရှောက်ရေး၊ မိမိနိုင်ငံတော်ရဲ့ အကျိုးစီးပွားတွေနဲ့ ဂုဏ်သိက္ခာကို ထိပါးမှုအလျင်းမခံရရေးအတွက် အနာဂတ်ကာလ အုပ်ချုပ်ရေးစနစ်ဟာ ခေတ်မီပြီး သွက်လက်ထက်မြက်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးစီးဦးဆောင်မှုပြုတဲ့ အုပ်ချုပ်ရေးယန္တရား သွက်လက်ဖို့နဲ့ ထက်မြက်ဖို့၊ အလျင်အမြန် ပြောင်းလဲနေတဲ့ နိုင်ငံတကာ အခြေအနေနဲ့ ထင်ဟပ်ပြီး နိုင်ငံတော်ကို ကာကွယ်နိုင်ဖို့ အထူးပဲ လိုအပ်တာကြောင့် ကျွန်တော်တို့ တပ်မတော်သားကိုယ်စားလှယ်များဟာလည်း နိုင်ငံတော်သမ္မတ ရွေးချယ်ရေးမှာ ကျွန်တော်တို့နဲ့ ထိုက်သင့်တဲ့ တာဝန်တွေကို ခံယူပြီး စွမ်းစွမ်းတမံ ကူညီထမ်းဆောင် သွားမှာ ဖြစ်ပါတယ်။

ဒီလို ကူညီမှုပေးသွားဖို့ လိုအပ်တဲ့ အကြောင်းဟာလည်း စောစောက ပြောသွားခဲ့တဲ့အတိုင်း၊ ကနေ့နိုင်ငံတကာ ရေးရာတွေဟာ အလွန်မြန်ဆန်ပြီး၊ မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကို အနည်းနဲ့အများ ရိုက်ခတ် စေတတ်တာကြောင့် မိမိတို့နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို အချိန်နဲ့တစ်ပြေးညီ ဖော်ဆောင်ကာကွယ်နိုင်စေလိုတဲ့ ရည်ရွယ်ချက်ကြောင့် ဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်နေလို့ ဒိုတာဝန်အရေးသုံးပါးရဲ့ တတိယအချက်ဖြစ်တဲ့ အချုပ်အခြာ

အာဏာ တည်တံ့ခိုင်မြဲရေးနဲ့ ပတ်သက်ပြီး အနည်းငယ် ပြောလိုပါတယ်။ နိုင်ငံတော်မှာ အရေးကြီးဆုံး အချက်တစ်ချက်ကတော့ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာကို ယုတ်လျော့အောင်၊ ယိုယွင်းပျက်စီးအောင် မည်သူမျှမပြုသင့်ပါ။ အချုပ်အခြာ အာဏာကို ဘယ်နည်းနဲ့မျှ ထိပါးတာကို ကျွန်တော်တို့ လက်မခံနိုင်ကြပါ။ ပြည်ပက တစ်စုံတစ်ခုသော အင်အားစုက ထိပါးတာကို မခံနိုင်သလို၊ ပြည်တွင်းက ပုဆိန်ရိုးတွေက ထိပါးအောင် လုပ်ဆောင်လာရင်လည်း ကျွန်တော်တို့ လက်မခံနိုင်ပါ။ ပြည်သူအားလုံးကပိုင်ဆိုင်တဲ့ အချုပ်အခြာအာဏာဟာ အမြင့်မားဆုံးဖြစ်တဲ့ အတွက် ဗဟိုအဖွဲ့အစည်းကသာ အခြေခံဥပဒေနဲ့အညီ ကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါကြောင့် အခြားအဖွဲ့အစည်းများအနေနဲ့ ဗဟိုရဲ့လုပ်ပိုင်ခွင့်တွေကိုမထိပါးအောင်လိုက်နာကျင့်သုံးသွားကြဖို့ လိုအပ်ပါတယ်။

အမှန်စင်စစ်တော့ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပိုင်ဆိုင်ကြပြီး အလေးအမြတ်ပြုထားတဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့မှုကို ကျွန်တော်တို့တိုင်းရင်းသား လူမျိုးများ အားလုံးက ရိုသေလေးစားစွာ ဦးထိပ်မှာထားပြီး အသက်ပေးကာကွယ်စောင့်ရှောက် သွားကြဖို့ တာဝန်ရှိကြပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ မျက်မှောက်ပြုနေရတဲ့ ပတ်ဝန်းကျင်အခြေအနေဟာ ကျွန်တော်တို့ရှေ့ခရီး အတွက် အလွန်တန်ဖိုးရှိတဲ့ သင်ခန်းစာတွေကို ပြသလို့နေပါတယ်။ ကျွန်တော်တို့အဖို့ သတိရှိဖို့ လိုအပ်နေတာကို အခြေအနေတွေက တပ်လှန့်ပေးသလို ဖြစ်နေပါတယ်။ ယခုအခါမှာ အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်နေသူအချို့ဟာ အာဏာကို ဖြတ်လမ်းက ရနိုင်ဖို့ ကြိုးစားနေကြဆဲဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံတော်ရဲ့ ပကတိ တိုးတက်မှုအခြေအနေတွေကို မျက်ကွယ်ပြုပြီး အဆိုးမြင်ဝါဒ သက်သက်နဲ့ နိုင်ငံတော်အပေါ် မဟုတ်မမှန်စွပ်စွဲ ပုတ်ခတ်နေကြချိန်ဖြစ်ပါတယ်။

နိုင်ငံတကာ အစိုးရအဖွဲ့အစည်းတွေ အနေနဲ့ကတော့ နိုင်ငံတကာ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေနဲ့အညီ၊ ကျွန်တော်တို့ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုကြပေမယ့် အချို့သော နယ်ချဲ့လက်ကိုင်တုတ် အဖွဲ့အစည်းတွေကတော့ သူတစ်ပါးပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက် ခြေရှုပ်နေကြတာကို လည်းကျွန်တော်တို့ နေ့စဉ်နဲ့အမျှ ကြားသိနေရပါတယ်။ အဲဒီနယ်ချဲ့လက်သစ်အုပ်စုနဲ့ အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်နေသူတွေရဲ့ အမျိုးမျိုးအဖုံဖုံနှောင့်ယှက်လာမယ့် အန္တရာယ်ကို မသိကျိုးကျွံပြုပြုနေရင်၊ အဲဒီလိုမသိကျိုးကျွံပြုနေသူရဲ့တာဝန်မဲ့မှုပဲဖြစ်ပါလိမ့်မယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီး များခင်ဗျား။ အမျိုးသားညီလာခံကြီးကို ကျင်းပရာမှာ ကျွန်တော်တို့အားလုံး မမိုတ်မသုန် ရှေးရှုရမယ့် အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ဖြစ်တဲ့—

— ပြည်ထောင်စု မပြိုကွဲရေး၊
— တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
— အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး၊
— စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
— နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊
— အနာဂတ်နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင် ထမ်းဆောင်နိုင်ရေး၊

တို့ကို ညီလာခံကိုယ်စားလှယ်ကြီးများ ထောက်ခံ သတိမူပြီး အဲဒီဦးတည်ချက် (၆) ရပ်နဲ့ ပြည့်စုံမှုရှိတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေး အတွက် ဦးတည် ကြိုးပမ်းကြဖို့ အထူးသဖြင့် ကျွန်တော်တို့ ညှိနှိုင်းရရှိထားတဲ့ နိုင်ငံတော်အခြေခံ မူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ (၁၀၄)ချက်ရဲ့အနှစ်သာရတွေကို ဆက်လက်ရှင်သန် တိုးပွားရေး အတွက် ကိုယ်စားလှယ်ကြီးများက ကြံစည် တွေးတောပြီးနိုင်ငံတော်အတွက် ကောင်း မွန်တဲ့အကြံကောင်း ဉာဏ်ကောင်းတွေကို ဆွေး နွေး ညှိနှိုင်းသွားကြပါရန် အလေးအနက် တိုက် တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခန်းအလိုက် အခြေခံရမည့် မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ရှင်းလင်းပြောကြားခြင်း

**အခမ်းအနားမှူး။** ယခု ဆက်လက်ပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရေးအတွက် အခန်းအလိုက် အခြေခံ ရမည့် မူများ ချမှတ်နိုင်ရေးနဲ့ စပ်လျဉ်းပြီး ရှင်း လင်းပြောကြားပါတော့မယ်ခင်ဗျား။

**ဦးအောင်တိုး(ဥက္ကဋ္ဌ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ)။** သဘာပတိ ကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက် ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သိရှိ ကြတဲ့အတိုင်း နိုင်ငံတော် အခြေခံမူ သတ်မှတ် ရေးနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူတွေကို ချမှတ် ပြီးဖြစ်ကြပါတယ်။ အဲဒီလိုချမှတ်ပြီးဖြစ်တဲ့ အခြေခံ ရမယ့် မူတွေနဲ့ စပ်လျဉ်းပြီး ဆက်လက် ဆောင် ရွက်ရမယ့် အစီအစဉ်တွေကိုလည်း ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုး သားညီလာခံ စုံညီအစည်းအဝေးမှာ ကျွန်တော် ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေက တော့—

- ချမှတ်ထားရှိပြီးဖြစ်တဲ့ အခြေခံ မူတွေကို သက်ဆိုင်ရာ အခန်းအတွက် အခြေခံရမယ့်မူ များ ဆွေးနွေးတဲ့အခါ ချမှတ်ထားတဲ့ မူများအနက်မှ သက်ဆိုင်ရာမူတွေကို အခြေ ခံများအဖြစ် ထားရှိဆောင်ရွက်ဖို့၊
- အခြေခံရမယ့် မူတွေအနက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းမှာ ဖော်ပြ သင့်တဲ့မူတွေကို အဲဒီနိဒါန်းမှာလည်း ဖော် ပြဖို့၊
- နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ မူတွေကို နိုင်ငံ တော်ဆိုတဲ့ အခန်းခေါင်းစဉ်နဲ့ သီးခြား ဖော်ပြဖို့၊
- ထို့နည်းတူပဲ သက်ဆိုင်ရာအခန်းနဲ့စပ်လျဉ်း တဲ့မူတွေကို သက်ဆိုင်ရာ အခန်းအတွက် ဆွေးနွေးတဲ့အခါ အဲဒီအခန်းသို့ ပြောင်း ရွှေ့ဖော်ပြဖို့နဲ့
- နိုင်ငံတော်အခြေခံမူများအခန်းနဲ့ စပ်လျဉ်း တဲ့မူတွေကို နိုင်ငံတော် အခြေခံမူများ အခန်းမှာပဲ ဆက်လက်ဖော်ပြဖို့

ဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမယ့်မူများဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အသက်၊ နိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့သဘောချက်၊နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရတွေပဲ ဖြစ်ပါ တယ်။ အခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အစီအစဉ်တကျရှိစေဖို့ အခန်းအလိုက် ခေါင်းစဉ်များလည်း ရရှိပြီးဖြစ်ပါတယ်။အဲဒီအခန်း အလိုက်ခေါင်းစဉ်များနဲ့ စပ်လျဉ်းတဲ့အခြေခံရမယ့်မူ တွေကိုလည်း ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် အခုလို ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေအပေါ် အခြေ ခံပြီး ကျွန်တော်စောစောကတင်ပြခဲ့တဲ့ အစီအစဉ် များအတိုင်း အမျိုးသားညီလာခံရဲ့ ဦးတည်ချက်

(၆)ရပ်အတွင်းက သက်ဆိုင်ရာ အခန်းအလိုက် ခေါင်းစဉ်များအတွက် အခြေခံရမယ့် မူတွေကို အသေးစိတ် ဆက်လက်ဆွေးနွေးသွား ကြတော့မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေးအတွက် နိုင်ငံတော် အခြေခံမူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ရှင်းလင်း ပြောကြားရာမှာ အခြေခံရမယ့်မူတွေကို ဆွေးနွေး အကြံပြုကြတဲ့အခါ အဓိကအချက်တွေကိုသာ ဆွေး နွေးအကြံပြုကြပြီး အသေးစိတ်တွေကိုတော့ သက် ဆိုင်ရာအခန်းအလိုက်ခေါင်းစဉ် ဆွေးနွေးအကြံပြု တဲ့အခါမှ ဆွေးနွေးအကြံပြုကြစေလိုကြောင်းပြော ကြားခဲ့ပါတယ်။

အခန်းအလိုက် ခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ် ဆွေးနွေး အကြံပြုတဲ့အခါမှာ ပြည် ထောင်စု မြန်မာနိုင်ငံတော်ရဲ့ တောတောင်ရေမြေ သဘာဝ၊ မိမိတို့နိုင်ငံရဲ့သမိုင်းကြောင်း၊ မိမိတို့နိုင်ငံ မှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့အခြေအနေ အရပ်ရပ်နဲ့ လိုက် လျောညီထွေရှိဖို့နဲ့ ဘက်ပေါင်းစုံမှ စဉ်းစားအကြံပြု နိုင်အောင်ကျွန်တော်တို့ လေ့လာထားရှိတဲ့ မြန်မာ နိုင်ငံတော်နဲ့ အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများပါအချက်အလက်တွေအနက် သင့်လျော် တဲ့ အချက်အလက်အချို့ကို အလျဉ်းသင့်သလို ထည့်သွင်းရှင်းလင်းတင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အခန်းအလိုက် ဆွေးနွေးတဲ့အခါ တစ်ဆက် တစ်စပ်တည်းရှိနေတဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်း များနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံတော်အခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေဟာဆိုရင်—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာ ပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊
(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဟု ခေါ်တွင်မည်၊
(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်၊
(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်

တို့ဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်အခန်းနဲ့ စပ်လျဉ်းပြီး သတ်မှတ်ထားတဲ့ အခြေခံရမယ့်မူများကို နိုင်ငံတော် အခန်းမှာ ထည့်သွင်း ဖော်ပြသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အသေးစိတ် ထည့်သင့် ထည့်ထိုက်တဲ့ အခြေခံရမယ့်မူတွေရှိရင်လည်း ကိုယ်စားလှယ်များ အနေနဲ့ ထပ်မံဖြည့်စွက် ဆွေးနွေးအကြံပြုကြဖို့ ဖြစ် ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေ ခံရမယ့်မူတွေဟာဆိုရင်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊
(၂) ရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State) (၇) ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့် အတန်း တူညီကြသည်၊

(၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့၏ အမည်များကိုရှိရင်းစွဲ အတိုင်း ခေါ်ဆိုသုံးနှုန်းသည်၊

(၄) တိုင်းဒေသကြီးတစ်ခုခု၏ အမည်ကို ဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏ အမည်ကို ဖြစ်စေ ပြောင်းလဲ သတ်မှတ် လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်မည်၊

(၅) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas)သတ်မှတ်ပေးရန် ဖြစ်သည်၊

(၆) ထိုသို့ သတ်မှတ်ရာတွင် လူဦး ရေနှင့် နယ်မြေအကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ် မှတ် ပေး ရန် ဖြစ် သည်။ ထို သို့ သတ်မှတ်ပေးရေးအတွက် နိုင်ငံတော်က ကော်မ ရှင် ဖွဲ့ ၍ ဆောင် ရွက် ပေး ရန် ဖြစ်သည်၊

(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြားဟူသမျှ သည် နိုင်ငံတော်မှ မည်သည့် အခါမှခွဲမထွက်ရ

တို့ဖြစ်ပါတယ်။

အဲဒီ အခြေခံရမယ့်မူ တွေဟာဆိုရင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းလို့ အဓိကကျတဲ့ အနှစ်သာရတွေကို ဖော်ဆောင်ထားခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို ဆွေးနွေးကြတဲ့အခါမှာ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများအတွင်းက အသေးစိတ် ထည့်သင့်ထည့်ထိုက်တဲ့ အခြေခံရမယ့်မူတွေရှိရင်လည်း ကိုယ်စားလှယ်များအနေနဲ့ ထပ်မံဖြည့်စွက် ဆွေးနွေး အကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက် ဖော်ပြပါ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေမှာ—

— ရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်ပြီး ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်၊

— ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည် နယ် တို့ ၏ အမည် များကို ရှိရင်းစွဲ အ တို င်း ခေါ် ဆို သုံး နှု န်း သ ည်

လို့ချမှတ်ထားပါတယ်။

အဲဒီ အခြေခံရမယ့်မူတွေနဲ့အညီ တိုင်းဒေသကြီးများ နဲ့ ပြည် နယ် များ ကို အောက် ပါ အ တိုင်း ခေါ်ဝေါ် ပိုင်းခြားသတ်မှတ်ဖို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်—

(၁) နိုင်ငံတော်ကို အောက်ပါတိုင်းဒေသကြီး (Region) (၇) ခုနှင့် ပြည်နယ် (State) (၇) ပြည်နယ်ဖြင့် ပိုင်းခြားသတ်မှတ်သည်—

— ကချင်ပြည်နယ်၊
— ကယားပြည်နယ်၊
— ကရင်ပြည်နယ်၊

— ချင်းပြည်နယ်၊
— စစ်ကိုင်းတိုင်း ဒေသကြီး၊
— တနင်္သာရီတိုင်း ဒေသကြီး၊
— ပဲခူးတိုင်း ဒေသကြီး၊
— မကွေးတိုင်းဒေသကြီး၊
— မန္တလေးတိုင်းဒေသကြီး၊
— မွန်ပြည်နယ်၊
— ရခိုင်ပြည်နယ်၊
— ရန်ကုန်တိုင်းဒေသကြီး၊
— ရှမ်းပြည်နယ်၊
— ဧရာဝတီတိုင်း ဒေသကြီး။

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်၊

**သဘာပတိကြီး ခင်ဗျား ။** စောစောက ကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူတွေအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအတွက် အောက်ပါအခြေခံရမယ့်မူများကို ချမှတ်ထားရှိပါတယ် —

— တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးဖြစ်သည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်။

— ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone)အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်၊

— ၎င်းသတ်မှတ်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်း၍ဆောင်ရွက်ပေးရန်ဖြစ်သည်။

**သဘာပတိကြီး ခင်ဗျား။** အခုလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သက်ဆိုင်ရာ တိုင်းရင်းသားလူဦးရေနဲ့ နယ်မြေ တစ်ဆက်တစ်စပ်တည်းရှိမှုအပေါ် အခြေပြု၍ လိုအပ်သလို သတ်မှတ်ပေးရန် ဖြစ်ကြောင်း အခြေခံရမယ့်မူများ ချမှတ်ထားတာနဲ့အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖွဲ့စည်းပေးဖို့ အခြေအနေများရှိနေပါတယ်။

တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများအပြင် အခြားတိုင်းရင်းသား လူမျိုးများလည်း ရှိကြပါတယ်။ အချို့ တိုင်းရင်းသားလူမျိုးများဟာဆိုရင် လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင်လျက်ရှိကြတာကို တွေ့ရပါတယ်။ အဲဒီ တိုင်းရင်းသားများရဲ့ လူဦးရေနဲ့ နယ်မြေအကျယ်အဝန်းကို အခြေပြုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သင့်လျော်သလို သတ်မှတ်ပေးရေးအတွက် အခြေခံရမယ့်မူကို အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို ဘယ်လိုခွဲခြားသတ်မှတ်သင့်တယ်ဆိုတာကို ညီလာခံကိုယ်စားလှယ် များက အကြံပြု ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဟာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေးအာဏာများကို ဖွဲ့စည်းပုံ အခြေခံ

ဥပဒေက သတ်မှတ်ပေးထားတဲ့ အတိုင်း ရရှိမှာဖြစ်တဲ့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းမှာ ခရိုင်များနဲ့ မြို့နယ်များလည်း ရှိသင့်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လောက် အဆင့်မမြင့်သော်လည်း အဲဒီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်အဆင့်တွေထက် အဆင့် မြင့်မှာ ဖြစ်ပါတယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများဟာဆိုရင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း အဆင့်လောက် မမြင့်သော်လည်းခရိုင်အဆင့်ထက်နိမ့်မည်မဟုတ်ပါ။ အဲဒီဒေသမှာ တစ်စုတစ်စည်းတည်း နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ် ပေးသင့်ကြောင်း တွေ့ရပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ထားရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးဖို့ရှိပါက နိုင်ငံတော်က ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးပြီး လိုအပ်သလို ဆောင်ရွက်ပေးဖို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသတ်မှတ် ပေးရေးအတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းဟာ လုပ်ထုံးလုပ်နည်းပိုင်းနဲ့သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ မိမိတို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံကိုယ်စားလှယ်များ အားလုံးထံမှာ တညီတညွတ်တည်း ရှိနေကြမှာဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ရသင့် ရထိုက်တဲ့ တိုင်းရင်းသားများနဲ့ ပတ်သက်ပြီး ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ရသင့်တယ်။ ဘယ် တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်တယ်ဆိုတာနဲ့ အဲဒီရသင့်တဲ့ တိုင်းရင်းသားတွေ အတွက် ဘယ်နေရာဘယ်ဒေသတွေမှာ သတ်မှတ်ပေးသင့်တယ်ဆိုတာကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမယ့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမို ကျစ်လျစ် ခိုင်မာစေမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများမှအပ အခြားတိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးအတွက် ဘယ်တိုင်းဒေသကြီး သို့မဟုတ် ဘယ်ပြည်နယ်အတွင်း ဘယ်နေရာများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တစ်ပါတည်းသတ်မှတ်ပေးဖို့ သင့်မသင့် ကိုယ်စားလှယ်များရဲ့ ဆန္ဒ သဘောထားများကို ဆွေးနွေးအကြံပြုကြစေလိုပါတယ်။

**သဘာပတိကြီးခင်ဗျား**။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းများ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ အပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဘယ်လိုစုစည်းမယ်ဆိုတာကို နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း အတွက် အခြေခံရမယ့်မူများ ချမှတ်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကိုဖွဲ့စည်းရာမှာကျေးရွာများကိုကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ရပ်ကွက်များကိုမြို့အဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်များအဖြစ်လည်းကောင်း၊ ပြည်

နယ်နဲ့တိုင်းများကို နိုင်ငံတော်အဖြစ်လည်းကောင်း စုစည်းခဲ့ပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က နိုင်ငံတော်အာဏာကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့် အချိန်မှစ၍ နိုင်ငံတော်အဖွဲ့အစည်းများအနေနဲ့ ဆက်သွယ်မှုလမ်းကြောင်း လွယ်ကူလျင်မြန်စေဖို့နဲ့ နိုင်ငံတော်၏ လုပ်ငန်းအဆင့်ဆင့်ကို အနီးကပ်ကြီးကြပ်နိုင်စေဖို့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ် သို့မဟုတ် တိုင်းအဆင့်တို့ကို သတ်မှတ် ထားရှိဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်ကို—

— ကျေးရွာများကို ကျေးရွာ အုပ်စုအဖြစ် လည်းကောင်း၊
— ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် လည်းကောင်း၊
— ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊
— မြို့နယ်များကို ခရိုင်အဖြစ် လည်းကောင်း၊
— ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိမြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊
— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
— တိုင်း ဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း

စုစည်းရန် အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါတယ်။

နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရာမှာ အခြေခံရမယ့်မူအဖြစ် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" လို့ ချမှတ်ထားပါတယ်။ အဲဒီအခြေခံရမယ့်မူအတိုင်းပဲ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှာ ထည့်သွင်းဖော်ပြကြရမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ အခြေခံရမယ့်မူများအဖြစ်—

(၁) နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရန် လိုအပ်ပါက ဘယ်လို ဆောင်ရွက်ကြမယ်၊
(၂) တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်းပေါ်ပေါက်လာပါက ဘယ်လို ဆောင်ရွက်ကြမယ်၊
(၃) တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နဲ့ မြို့နယ် နယ်နိမိတ်များကိုပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည် ပြောင်းလဲခြင်းများ ပေါ်ပေါက်ပါက ဘယ်လို ဆောင်ရွက်ကြမယ်၊

ဆိုတာတွေကိုလည်း အသေးစိတ်ဆွေးနွေး အကြံပြုကြဖို့ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတော်အကျိုးကို ရှေးရှုပြီး ဖော်ပြပါနယ်နိမိတ်ကိစ္စများကို ဆောင်ရွက်ဖို့လိုအပ်လာပါက ဘယ်လိုဆောင်ရွက်သင့်တယ် ဆိုတာကို ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအနေနဲ့လည်း အဘက်ဘက်က လေ့လာထားချက်အပေါ် မူတည်ပြီး အကြံပြုတင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတော် အကျိုးကို ရှေးရှုပြီး နယ်နိမိတ်များ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာလျှင် ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို အကြံပြုရာမှာ ဥပဒေပြုရေးအတွက် ချမှတ်ထားတဲ့ အခြေခံရမယ့်မူအချို့ကိုလည်း ဖော်ပြသွားဖို့ လိုအပ်တာကြောင့် အဲဒီမူတွေကိုပါ ထည့်သွင်း ဖော်ပြသွားပါမယ်။ ဥပဒေပြုရေးနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူအပြင် ချမှတ်ထားရာမှာ တိုင်း ဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော် တစ်ရပ်နဲ့ လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်တစ်ရပ် ပေါင်းလွှတ်တော်နှစ်ရပ်ပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်ရှိမှာ ဖြစ်ပါတယ်။ အဲဒီလွှတ်တော်ကို ဦးဆောင်ဖို့ အကြီးအကဲများလည်း ရှိမှာဖြစ်ပါတယ်။

သဘာပတိကြီး ခင်ဗျား။ နိုင်ငံတော် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်ပါက နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူပေးပါရန် ပထမဦးစွာ အကြောင်းကြား သင့်ပါတယ်။

အဲဒီနောက် နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်ဟာ အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကိုရယူသင့်ပါတယ်—

(၁) တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့လွှတ်တော်မှာပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၂) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၃) အဲဒီ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ

ရယူဖို့ ဖြစ်ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ထောက်ခံဆန္ဒမဲ အသီးသီးရရှိလျှင် နိုင်ငံတော်ရဲ့နယ်နိမိတ်ကို နိုင်ငံတော်သမ္မတက ပြင်ဆင် သတ်မှတ်ပေးရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့်ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

အထက်ပါ သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့ အညီ လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ အဲဒီလွှတ်တော် နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ် ပြင်ဆင်ရေးနဲ့စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူ ဆောင်ရွက်ဖို့နဲ့ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံ သုံးပုံနဲ့ အထက်က ထောက်ခံလျှင် နိုင်ငံတော် သမ္မတက နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးရေးအတွက် အခြေခံရမယ့်မူ ချမှတ်

ပေးသင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ နည်းလမ်းကို တင်ပြခြင်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်း ပေါ်ပေါက်လာပါက ဘယ်လို ဆောင်ရွက်သင့်တယ် ဆိုတာကို ဆက်လက်တင်ပြပါမယ်။

တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ဖို့ အကြောင်း ပေါ်ပေါက်လာပါက အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ နယ်မြေအတွင်းနေထိုင်ကြတဲ့ မဲဆန္ဒရှင်များရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူသင့်ပါတယ်။ အဲဒီလိုရယူတဲ့အခါမှာ အဲဒီနယ်မြေအတွင်း နေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ မရလျှင် အဲဒီနယ်နိမိတ် ပြင်ဆင် သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်းလုံးဝမပြုဖို့ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီနယ်မြေအတွင်းနေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံ ဆန္ဒမဲပေးလျှင် အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒရယူဖို့ဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ လေးပုံ သုံးပုံနှင့်အထက် ထောက်ခံဆန္ဒမဲရရှိလျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူပြီး နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကိုပြင်ဆင်သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

တကယ်လို့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ဖို့ သဘော မတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဖို့ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေရဲ့ လေးပုံ သုံးပုံနှင့် အထက်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်ပေးရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာ ရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ ခရိုင် နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်နိုင်စရာအကြောင်းရှိပါတယ်။ အဲဒီလို ပေါ်ပေါက်လာပါက ဘယ်လို ဆောင်ရွက်ရမယ်ဆိုတဲ့ နည်းလမ်းများကိုလည်း အကြံပြုကြဖို့ဖြစ်ပါတယ်။ အဲဒီလိုနယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည် ပြောင်းလဲခြင်းများဟာ ဒေသဆိုင်ရာကိစ္စသက်သက်သာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုနယ်နိမိတ်ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည် ပြောင်းလဲခြင်းများ ပြုလုပ်ဖို့ အကြောင်း ပေါ်ပေါက်လာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်နိုင်ရေး အတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ အမည်ကို ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းနေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်ဖို့ အခြေခံရမယ့်မူကို ချမှတ်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ အခြေခံရမယ့်မူ

အတိုင်းပဲနိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှာ ထည့်သွင်းဖော်ပြကြရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ အမည်ကို ပြောင်းလဲသတ်မှတ်ဖို့ရှိလျှင်လည်း အထက်ပါ နည်းလမ်းအတိုင်း ဆောင်ရွက် ရေး အတွက် အခြေခံရမယ့်မူကို ချမှတ်သင့် မသင့်ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တွေ အနေနဲ့ နိုင်ငံတော် အခြေခံမူများသတ်မှတ်ရာမှာ အခြေခံရမယ့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးစဉ် အခါက ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့မှာ နိုင်ငံတော်ရဲ့မြို့တော်ကိုမည်သည့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အုပ်ချုပ်မှုအောက်တွင်မှ မပါဝင်စေဘဲ သီးခြား အုပ်ချုပ်သည့်နယ်မြေဒေသအဖြစ်ထားရှိရန်အခြေခံမူချမှတ်သင့်ကြောင်း ဆွေးနွေး အကြံပြုသွားတာ ရှိခဲ့ပါတယ်။ အခုနိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို ဆွေးနွေးရာမှာ အဲဒီအကြံပြုချက်ကိုလည်း အထူးအလေးထားစဉ်းစားသင့်ပါတယ်။ နိုင်ငံတော်ကို တိုင်းဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ပြည်နယ် ဖြင့် ဖွဲ့စည်းတည်ဆောက်ဖို့ အခြေခံရမယ့်မူ ချမှတ်ပြီး ဖြစ်တာကြောင့် နိုင်ငံတော်ရဲ့ မြို့တော်ကို သီးခြား အုပ်ချုပ်တဲ့ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်မယ် ဆိုရင်နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် အခြေခံရမယ့်မူများမှာ ပါရှိဖို့လိုအပ်ပါမယ်။

နိုင်ငံတော်ရဲ့မြို့တော်ကို နိုင်ငံတော်အလံ၊အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့ မြို့တော် အခန်းရောက်မှ ဆွေးနွေးဖို့ ဖြစ်သော်လည်း အဲဒီ အကြောင်းတွေကြောင့် နိုင်ငံတော်ရဲ့ မြို့တော်သတ်မှတ်ခြင်းကို အခု ဆွေးနွေးမယ့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာပဲ ဆွေးနွေးဖို့လိုအပ်လာပါတယ်။

နိုင်ငံတကာ အစဉ်အလာအရ ဗဟို အစိုးရ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက် အုပ်ချုပ်လေ့ ရှိကြပါတယ်။

မြန်မာနိုင်ငံတော်မှာလည်း ဗဟိုအစိုးရရုံးစိုက်တဲ့ ရန်ကုန်မြို့ကိုပဲ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ကြမယ်ဆိုရင် ရန်ကုန်မြို့တော်ကို ရန်ကုန်တိုင်း ဒေသကြီးရဲ့ ကြီးကြပ် ကွပ်ကဲမှုအောက်မှာ မထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ ထားရှိတဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူချမှတ်သင့် မသင့်ကို ဆွေးနွေး အကြံပြုကြဖို့ဖြစ်ပါတယ်။

ရန်ကုန်မြို့တော်ကိုနိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမယ်ဆိုပါက ရန်ကုန်မြို့တော်နဲ့စပ်လျဉ်းတဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာများအတွက်လည်း သက်ဆိုင်ရာအခန်းများကို ဆွေးနွေးတဲ့အခါ မည်သို့မည်ပုံ ဆောင်ရွက်သင့်တယ်ဆိုတာ ဆွေးနွေးပြီး အခြေခံရမယ့်မူများကို ချမှတ်ပေးဖို့ ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ထူးခြားတဲ့ အခြေအနေရှိတဲ့ ကိုကိုးကျွန်း မြို့နယ်ကဲ့သို့သော ဒေသတွေကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိရေးအတွက် အခြေခံရမယ့်မူချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။ နောင်တွင်လည်း နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေရှိတဲ့ ဒေသများကို လိုအပ်ရင် ဥပဒေပြဋ္ဌာန်းပြီး သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာရှိတဲ့ ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူချမှတ်သင့် မသင့်ကိုလည်း ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းများနဲ့ စပ်လျဉ်းပြီး အသေးစိတ်ဆွေးနွေး အကြံပြုသင့်တဲ့ အချက်တွေကိုတင်ပြပြီးဖြစ်ပါတယ်။ အခုဆက်လက်

ပြီး နိုင်ငံတော် အကြီးအကဲအခန်းအတွက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများကို တင်ပြလိုပါတယ်။ အဲဒီမူတွေဟာဆိုရင်—

(၁) နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ် တင်မြှောက်သည်

တို့ဖြစ်ပါတယ်

နိုင်ငံတော် အကြီးအကဲဟာ နိုင်ငံတော် သမ္မတဖြစ်ကြောင်း ချမှတ်ထားတဲ့အခြေခံရမယ့်မူအပေါ် ရပ်တည်ပြီး နိုင်ငံတော် သမ္မတရဲ့ အနေအထား၊ နိုင်ငံတော်သမ္မတမှာ ရှိသင့်တဲ့ အရည်အချင်း၊ နိုင်ငံတော် သမ္မတရဲ့ တာဝန်ဝတ္တရားများ၊ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ ရွေးချယ်တင်မြှောက်ရေး၊ နိုင်ငံတော်သမ္မတရဲ့ သက်တမ်း၊ နိုင်ငံတော်သမ္မတအားစွပ်စွဲပြစ်တင်ခြင်း စတဲ့ အခြေခံရမယ့် မူများကိုလည်း အသေးစိတ် ဆွေးနွေးချမှတ်သင့်ကြောင်း တွေ့ရှိရပါတယ်။

နိုင်ငံတော် သမ္မတကို သမ္မတ ရွေးချယ် တင်မြှောက်ရေးအဖွဲ့နဲ့ ရွေးချယ် တင်မြှောက်မယ်လို့ အခြေခံရမယ့်မူချမှတ်ထားရာ အဲဒီမူနဲ့အညီ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဘယ်လိုဖွဲ့စည်းသင့်သလဲ၊ အဲဒီအဖွဲ့ထဲမှာ ဘယ်သူတွေ ပါသင့်သလဲ၊ နိုင်ငံတော်သမ္မတကို ဘယ်လို ရွေးချယ်တင်မြှောက်သင့်သလဲ စတဲ့ နည်းလမ်းတွေကိုပါ ဆွေးနွေးပြီး ဖော်ပြပါ အခြေခံရမယ့်မူနှစ်ရပ်နဲ့ အကျုံးဝင်တဲ့ အသေးစိတ် အခြေခံရမယ့်မူတွေကိုလည်း ချမှတ်ပေးဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော် သမ္မတနဲ့ပတ်သက်ပြီး အခြေခံစဉ်းစားသင့်တဲ့အချက်အချို့ကို ကျွန်တော် ဆက်လက်တင်ပြပါမယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတဟာ အချို့နိုင်ငံတွေမှာ နိုင်ငံတော်ရဲ့ ကျက်သရေဆောင် ပုဂ္ဂိုလ်သာဖြစ်ပြီး အချို့နိုင်ငံတွေမှာတော့ နိုင်ငံတော်သမ္မတများဟာ အုပ်ချုပ်ရေး အကြီးအကဲပါဖြစ်တာကို တွေ့ရပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့ ပတ်သက်ပြီး ချမှတ်ထားတဲ့ အခြေခံရမယ့်မူများအရ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေးအာဏာအပြည့်အဝ ကျင့်သုံးနိုင်မယ့် သမ္မတဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ တံခွန်သဖွယ်ဖြစ်ပြီး နိုင်ငံတော်သူ နိုင်ငံတော်သားများရဲ့ အားကိုးအားထားရာ အမျိုးသားခေါင်းဆောင်ကြီးလဲ ဖြစ်ရပါမယ်။

ဒီလို နိုင်ငံတော်မှာ အလွန်အရေးကြီးတဲ့ ရာထူးတာဝန်ကို ထမ်းဆောင်မယ့်ပုဂ္ဂိုလ်ကို သေသေချာချာ စိစစ်ရွေးချယ် နိုင်ရေးအတွက် လိုအပ်တဲ့ အရည်အချင်းများကိုလဲ ပြည့်ပြည့်စုံစုံ တိတိကျကျ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်ကြောင်း အခြေခံရမယ့်မူအဖြစ် သတ်မှတ်ထားခြင်းအပြင်—

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုကြောင်း၊
— နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံးရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်ကြောင်း၊
— နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်နေရာ ရရှိကြောင်းကိုလဲ

အခြေခံရမယ့်မူအဖြစ်သတ်မှတ်ရေးအတွက်ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတမှာ ရှိသင့်ရှိအပ်တဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး ဆက်လက်အကြံပြု

တင်ပြလိုပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတော် တိုးတက်ကြီးပွားရေး တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ့်ပုဂ္ဂိုလ် ဖြစ်သင့်ပါတယ်။ ဒီလို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စတဲ့ နိုင်ငံတော် အရေးအရာများ နဲ့ စပ်လျဉ်း ပြီး ကျွမ်း ကျင် ထိ ရောက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဖော်ပြပါအရည်အချင်းကိုလဲ နိုင်ငံတော်သမ္မတတစ်ဦးမှာ ရှိသင့်တဲ့အရည်အချင်း အဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ဦးဆောင်မှုပေးမယ့် ပုဂ္ဂိုလ်ဖြစ်တဲ့ အားလျော်စွာ အထူးသဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်ဆိုတဲ့ အရည်အချင်း တစ်ရပ်ကိုလဲ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ အဖြစ် ချမှတ်သင့်ပါတယ်။

သာဓကပြကိုးကားချက်များ။ နိုင် ငံ တော် သမ္မတ အဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ နိုင်ငံတော်အတွင်း နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်ဖြစ်ကြောင်းကို နိုင်ငံအတော် များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အတိအလင်း ဖော်ပြ ပြဋ္ဌာန်းထားတာကို လေ့လာ တွေ့ရှိရပါတယ်။

အ မေ ရိ ကန် ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အမေရိကန်ပြည်ထောင်စု သမ္မတအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်ဟာ အမေရိကန်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသည့် အသက် ၃၅ နှစ်ပြည့်ပြီး သူနှင့် အမေရိကန်ပြည်ထောင်စုတွင် အနည်းဆုံး ၁၄ နှစ် အခြေချနေထိုင်သူ ဖြစ်ရမယ်လို့ ပြဋ္ဌာန်း ထားတာကို တွေ့ရှိရပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဖိလစ်ပိုင်နိုင်ငံသမ္မတဟာ ဖြစ် ရွေးကောက်တင်မြှောက်ခံ လို သူ ဟာ ဖိ လစ် ပိုင် နိုင် ငံသား မိဘနှစ်ပါးမှ မွေးဖွားသော ဖိလစ်ပိုင်နိုင်ငံသားဖြစ်ဖို့ လိုအပ်တယ်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

အင်ဒိုနီးရှား နိုင်ငံရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အင်ဒိုနီးရှားနိုင်ငံသမ္မတဟာ အင်ဒိုနီးရှားတိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသော အင်ဒိုနီးရှား နိုင်ငံသားဖြစ်ဖို့ လိုအပ်တယ်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

သာဓကပြကိုးကားချက်များ။ အချို့နိုင် ငံ များ ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ နိုင်ငံတော်သမ္မတနဲ့ ပတ်သက်ပြီး မွေးဖွားရာဒေသကိုပင် သက်ဆိုင်ရာ နိုင်ငံအတွင်းမှာပင် မွေးဖွားရမည် ဖြစ်ကြောင်း အတိအကျဖော်ပြ ပြဋ္ဌာန်းထားတာကိုလေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော်သမ္မတရဲ့ နိုင်ငံသားဖြစ်မှုနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူချမှတ်ရာမှာ "နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်" လို့ ချမှတ်သင့်ကြောင်းတွေ့ရှိရပါတယ်။

နိုင်ငံတော်သမ္မတရဲ့အသက်ကန့်သတ်ချက်များနဲ့ စပ်လျဉ်းပြီး တင်ပြရလျှင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော် သမ္မတရဲ့ အသက်ကို အနည်းဆုံး ၃၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည် ဟူ၍လည်းကောင်း၊ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော် သမ္မတသည် အနည်းဆုံး အသက် ၄၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည် ဟူ၍လည်းကောင်း၊ ဆီဂျစ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ နိုင်ငံတော်သမ္မတသည် အနည်းဆုံးအသက် ၄၀ နှစ် ပြည့်ပြီးသူဖြစ်ရမည် ဟူ၍လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော် သမ္မတသည် အနည်းဆုံးအသက် ၃၅ နှစ်ပြည့်ပြီးသူ

ဖြစ်ရမည်ဟူ၍လည်းကောင်း၊ ပါကစ္စတန် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော်သမ္မတသည် အနည်းဆုံး အသက် ၄၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်သမ္မတဟာ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊စီးပွားရေးနဲ့စစ်ရေးအတွေ့အကြုံများ ကြွယ်ဝသူ ဖြစ်သင့်သည့်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူဟာ အနည်းဆုံး အသက် ၄၅ နှစ်ရှိသင့်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံမှာ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူရဲ့ အသက်ကို အနည်းဆုံး ၄၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်လို့ အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ လွှတ်တော်ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လည်း ပြည့်စုံသူ ဖြစ်သင့်ပါတယ်။

အလားတူ သတ်မှတ်ချက်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)တွင် "အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံသူလည်းဖြစ်သော ပုဂ္ဂိုလ်မျိုး မဟုတ်လျှင် မည်သူမျှ နိုင်ငံတော်သမ္မတရာထူးအတွက် ရွေးကောက်ခြင်းခံပိုင်ခွင့်မရှိစေရ"လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ လွှတ်တော်ရွေးကောက်ပွဲမှာ "ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသော အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်"လို့ နိုင်ငံတော်သမ္မတရဲ့ အရည်အချင်း တစ်ရပ် အဖြစ် သတ်မှတ်ရေးအတွက် ဆွေးနွေးအကြံပြုကြစေလို ပါတယ်။

ဆက်လက်ပြီး တင်ပြရရင် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဟာ မိမိတိုင်းပြည်တွင် တစ်ဆက်တည်းအချိန်ကာလ မည်မျှအထိ နေထိုင်ရမည်ကို အချို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

မိမိတို့ နိုင်ငံတော် သမ္မတ ဟာ နိုင်ငံတော် ရဲ့ အမျိုးသားခေါင်းဆောင်နဲ့ နိုင်ငံတော်ရဲ့ အကြီးအကဲဖြစ်တဲ့ အားလျော်စွာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများအရေးစသည့် အရေး အရာ များ ကို အဆက်မပြတ် သိရှိ နေ ဖို့ လို အပ် ပါ တယ်။ ဒါမှ သာ နိုင်ငံတော်ကို ဦးဆောင်မှုပေးရာမှာ ထိရောက်မှုရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခြင်း ခံ ရ သည့် အချိန် နှင့် တစ်ဆက်တည်း အနည်းဆုံးအနှစ် ၂၀ နိုင်ငံတော်တွင် အခြေချ နေထိုင်ခဲ့သူ ဖြစ်ရမည်လို့ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** မြန်မာနိုင်ငံတော်ဟာ သစ္စာဖောက်တွေကြောင့် ဗြိတိသျှနယ်ချဲ့တို့ရဲ့ လက်အောက်မှာ အနှစ် ၁၀၀ ကျော် ကျွန်ဘဝအဖြစ် ကျရောက်ခဲ့ပြီး ပြည်သူတွေအနေနဲ့လည်း ခါးသီးတဲ့ အတွေ့အကြုံများကို ကြုံတွေ့ခံစားခဲ့ကြရပြီးဖြစ်ပါတယ်။ ဒါ့အပြင်လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ အဲဒီလိုသစ္စာဖောက်တွေကြောင့် မိမိတို့ တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ မိမိတို့ပိုင်ဆိုင်တဲ့ အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးရမယ့် အခြေအနေမျိုး ဆိုက်ရောက်ခဲ့တဲ့အတွက် တပ်မတော်က အချိန်မီ

ကာကွယ်ပေးခဲ့ရတဲ့ သာဓကတွေကိုလဲ အထင်အရှား တွေ့မြင် သိရှိကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အကြီးအကဲအဖြစ် လည်းကောင်း၊ အမျိုးသားခေါင်းဆောင်အဖြစ် လည်းကောင်း ဆောင်ရွက်မယ့် နိုင်ငံတော်သမ္မတဟာ အထူးသဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေသူဖြစ်ရပါမယ်။ ဒါ့အပြင်နိုင်ငံတော်သမ္မတကို ပြည်သူများက လုံးဝဥဿုံ ယုံကြည်အားထားနိုင်ဖို့နဲ့ သံသယမပွားစေနိုင်ဖို့ နိုင်ငံတော်သမ္မတသာမက သမ္မတရဲ့ မိသားစုများကပါ နိုင်ငံတော်နဲ့ နိုင်ငံသား များအပေါ် သစ္စာစောင့်သိ ရိုသေသူများဖြစ်ဖို့ အထူးလိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော် လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော် လည်းကောင်း၊ မိမိ၏ တရားဝင် သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင်သားသမီး တစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်း ကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ ၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေဖို့နဲ့ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်း ကောင်း၊ ထိုအစိုးရ၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနဲ့ ကျေးဇူး ခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေဖို့ အထူးပဲ လိုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ မိမိတို့ ပြည်တွင်းရေးမှာ နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ရေးအတွက် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁) အပိုဒ်ခွဲငယ် (က) မှာ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ သို့တည်းမဟုတ် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ သို့တည်းမဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူ သို့တည်းမဟုတ် ထိုအစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့် များကို ခံစားနိုင်ခွင့်ရှိသူအား လွှတ်တော်တစ်ရပ် ရပ်၏အမတ်အဖြစ် ရွေးချယ်ခြင်းခံရန်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်အဖြစ် တည်မြဲစေရန် သော်လည်းကောင်း ခွင့်မပြုရလို့ ပြဋ္ဌာန်းထားခဲ့ ပါတယ်။

၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) တွင်လည်း အလားတူ ပြဋ္ဌာန်းချက်ကို ထည့်သွင်း ပြဋ္ဌာန်း ထားတာ တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်း အဖြစ် ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့အတိုင်း သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် ပါတယ်။ အခြားဖြည့်စွက်သင့်တဲ့ အရည်အချင်းများ ရှိရင်လည်း ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးမှအပ ကျန်လုပ်ငန်းများဟာဆိုရင် အုပ်ချုပ်ရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင်၊ နိုင်ငံတော်ရဲ့အကြီးအကဲ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအကြီးအကဲအဖြစ် ကြီးလေးတဲ့တာဝန်တွေ ထမ်းဆောင်ရမယ့် နိုင်ငံတော်သမ္မတကိုသမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့နဲ့ ရွေးချယ်တင်မြှောက်ရမယ်လို့ အခြေခံရမယ့် မူတစ်ရပ် ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဘယ်လို ဖွဲ့စည်းမလဲ၊ အဲဒီအဖွဲ့က နိုင်ငံတော်သမ္မတကို ဘယ်လို ရွေးချယ်တင်မြှောက်ကြမလဲ ဆိုတာတွေကို ဆွေးနွေးအကြံပြုကြဖို့ ရှိနေပါတယ်။

နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေး အတွက် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်း ရာမှာ မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးနဲ့ အခြားအခြေအနေတို့နဲ့ လိုက်လျောညီ ထွေရှိမယ့် အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ကြတာကို လေ့လာတွေ့ရှိရပါတယ်။

သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့နဲ့ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်တဲ့ စနစ် ကျင့်သုံးတဲ့ နိုင်ငံများအနက်မှ အမေရိကန် ပြည်ထောင်စု၊ အင်ဒိုနီးရှား နိုင်ငံ၊ အိန္ဒိယ နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတို့ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွေ အရဆိုရင် မိမိတို့နိုင်ငံအခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်စေမယ့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး နိုင်ငံတော် သမ္မတများကို ရွေးချယ်တင်မြှောက်နေကြပါတယ်။

**သဘာဝပတိကြီးခင်များ။** ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး အခြေအနေများနဲ့ အခြားအခြေအနေများ အရ လည်းကောင်း၊ အမျိုးသားညီလာခံရဲ့ ဦးတည်ချက် ၆ ရပ်နဲ့ လည်း ကောင်း ကိုက်ညီမယ့် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပေးဖို့ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို သီးခြား ရွေးချယ်တင်မြှောက်ခြင်း မပြုဘဲ ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော် ကိုယ်စားလှယ် အားလုံးကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ် သတ်မှတ်ပြီး အစုအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းသင့်ကြောင်း တွေ့ရှိရပါတယ်။

အစုအဖွဲ့(၁) ကို တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ လည်းကောင်း၊ အစုအဖွဲ့(၂)ကို လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက် တင်မြှောက်ခြင်း ခံရတဲ့ လွှတ်တော် ကိုယ် စား လှယ် များ နဲ့ လည်း ကောင်း၊ အစုအဖွဲ့ (၃)ကို ဖော်ပြပါ လွှတ်တော် နှစ်ရပ် အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း ဖွဲ့စည်းသင့်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်သမ္မတဟာ အမျိုးသား ခေါင်းဆောင် ဖြစ်ပြီး နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲလဲ ဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတရဲ့ တာဝန်ဟာ အလွန်ပဲ ကြီးမားပါတယ်။ ဘယ်စနစ်နဲ့ပဲဖြစ်ဖြစ် နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲ အဖြစ် ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်တွေကို ကူညီပံ့ပိုးဖို့ နိုင်ငံအတော် များများမှာ ဒုတိယ အုပ်ချုပ်ရေး အကြီးအကဲတွေကိုလဲ ရွေးချယ်တင်မြှောက် ထားရှိကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကို ကူညီပံ့ပိုးဖို့ ဒုတိယသမ္မတ များကိုလည်း ရွေးချယ်တင်မြှောက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့က ပထမ ဦးစွာ ဒုတိယသမ္မတ တစ်ဦးစီကို လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ရွေးချယ်တင်မြှောက်ကြရန် ဖြစ်ပါတယ်။ ဒုတိယ သမ္မတများဟာဆိုလျှင် နိုင်ငံတော် သမ္မတလောင်းများလည်း ဖြစ်ကြပါမယ်။ အဲဒီ ဒုတိယသမ္မတများဟာ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံခြင်း ရှိ မရှိကို ပြည်ထောင်စု လွှတ်တော်နဲ့ လွှတ်တော် နှစ်ရပ်ရဲ့ အကြီးအကဲနဲ့ ဒုတိယအကြီးအကဲများပါဝင်တဲ့ အဖွဲ့က စိစစ်စေသင့်ပါတယ်။ သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင် အားလုံး ပါဝင်တဲ့ တစ်နည်းအားဖြင့် ပြောရရင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံးက နိုင်ငံတော် သမ္မတလောင်းများဖြစ်တဲ့ ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ဒုတိယ သမ္မတတစ်ဦးကို နိုင်ငံတော် သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ကြရန် ဖြစ်ပါတယ်။ ဆန္ဒမဲအများဆုံး ရရှိတဲ့ ဒုတိယ သမ္မတကို နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်တဲ့ စနစ်ကျင့်သုံးဖို့ သင့် မသင့် အကြံပြုကြဖို့ ဖြစ်ပါ

တယ်။ ဒီစနစ်ကို ကျင့်သုံးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ သမ္မတတစ်ဦးနဲ့ ဒုတိယသမ္မတနှစ်ဦးတို့ ရှိမှာဖြစ်ပြီး လုပ်ငန်းတာဝန်များကိုလည်း နိုင်နင်းစွာထမ်းဆောင်နိုင်ကြမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေကိုလည်း ပြဋ္ဌာန်းပေးရေးအတွက် အခြေခံရမယ့်မူတစ်ရပ် ချမှတ်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ပြီးတဲ့နောက် ယင်းပုဂ္ဂိုလ်များနဲ့စပ်လျဉ်းတဲ့ ရာထူးသက်တမ်း၊ ကတိသစ္စာပြုခြင်း၊ လစာစရိတ်နဲ့ အဆောင်အယောင်များ၊ တာဝန်ဝတ္တရားများ၊ ပြည်ထောင်စု လွှတ်တော်နှင့် ဆက်သွယ်ခြင်း၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်း စသည်တို့အတွက်လည်း အခြေခံရမယ့်မူများကို စဉ်းစား ဆွေးနွေးချမှတ်ပေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** မိမိတို့နိုင်ငံမှာ လုပ်ပိုင်ခွင့် အပြည့်အဝရှိတဲ့ နိုင်ငံတော်သမ္မတ ဦးဆောင်အုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးဖို့ရှိတဲ့အတွက် နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ရဲ့တာဝန်ဝတ္တရားများကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ သင့်တင့်လျောက်ပတ်တဲ့ ရာထူးသက်တမ်းကို သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတအဖြစ် ရာထူးသက်တမ်း ဘယ်နှစ်ကြိမ်ထက်ပို၍ မထမ်းရွက်ရလို့ ကန့်သတ်ဖို့ သင့် မသင့် ကိုလည်း စဉ်းစားသင့်ကြပါတယ်။

သမ္မတရာထူး သက်တမ်းနဲ့ ရာထူး သက်တမ်းအကြိမ် မည်မျှသာ ထမ်းဆောင်ရမည် ဟူသောကန့်သတ်ချက်နဲ့ စပ်လျဉ်းပြီး ကမ္ဘာ့ နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေများပါ ပြဋ္ဌာန်းချက်အချို့ကို တင်ပြလိုပါတယ်။

ကရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သမ္မတရဲ့ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး သမ္မတအဖြစ် တစ်ဆက်တည်း နှစ်ကြိမ်ထက်ပိုပြီး ထမ်းဆောင်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။

အီဂျစ်နိုင်ငံရဲ့ သမ္မတသက်တမ်းမှာ ခြောက်နှစ်ဖြစ်ပါတယ်။ ပြန်လည်အရွေးခံပိုင်ခွင့်ကို ကန့်သတ်ထားခြင်းမရှိကြောင်း တွေ့ရပါတယ်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတရဲ့သက်တမ်းဟာ ငါးနှစ်ဖြစ်ပြီး ပြန်လည်အရွေးခံပိုင်ခွင့်ကို ကန့်သတ်ထားခြင်း မရှိပါ။

အိန္ဒိယ နိုင်ငံ သမ္မတရဲ့ သက်တမ်းကို ငါးနှစ်သတ်မှတ်ထားပြီး ပြန်လည်အရွေးခံပိုင်ခွင့်နဲ့စပ်လျဉ်းပြီး ကန့်သတ်ချက်မရှိပါ။

ပါကစ္စတန်နိုင်ငံသမ္မတရဲ့ သက်တမ်းကို ငါးနှစ်သတ်မှတ်ထားရှိပြီး တစ်ဆက်တည်းသော ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရန် ကန့်သတ်ထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံ သမ္မတရဲ့ ရာထူးသက်တမ်းကို ခြောက်နှစ်သတ်မှတ်ပြီး နောက်တစ်ကြိမ် ပြန်လည်အရွေးခံပိုင်ခွင့် မရှိစေရလို့ ကန့်သတ်ထားပါတယ်။

သီရိလင်္ကာ နိုင်ငံ သမ္မတရဲ့ သက်တမ်းကို ခြောက်နှစ် သတ်မှတ်ထားပြီး နှစ်ကြိမ်ထက် ပို၍ အရွေးခံပိုင်ခွင့် မရှိစေရလို့ ကန့်သတ်ထားပါတယ်။

အမေရိကန်ပြည်ထောင်စုသမ္မတရဲ့ သက်တမ်းကို လေးနှစ်သတ်မှတ်ထားပြီး သမ္မတအဖြစ် နှစ်ကြိမ်ထက်ပို၍ အရွေးခံပိုင်ခွင့် မရှိစေရလို့ ကန့်သတ်ထားတာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီမယ့် နိုင်ငံတော်သမ္မတရဲ့ ရာထူးသက်တမ်းကို ဘယ်လိုသတ်မှတ်သင့်တယ်ဆိုတာကို စဉ်းစားကြဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစတာတွေကို အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ အစွမ်းကုန် ကြိုးစားကြရမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးရှိစေမယ့် လုပ်ငန်းများကို အချိန်ယူ အကောင်အထည်ဖော်ပေးနိုင်ဖို့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့ သက်တမ်းကိုငါးနှစ်သတ်မှတ်ပြီး အဲဒီသက်တမ်း ကုန်ဆုံးတဲ့အခါ နိုင်ငံတော်သမ္မတ အသစ် ရွေးချယ်တင်မြှောက်ပြီးတဲ့ အချိန်အထိ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ဖို့လည်းကောင်း၊ သမ္မတအဖြစ် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေဖို့ လည်းကောင်း၊ ကန့်သတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီသက်တမ်းအတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတနေရာ လစ်လပ်တဲ့အတွက် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် အစားထိုး ရွေးချယ်တင်မြှောက်ပါက အဲဒီ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအသစ်ရဲ့သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည့် အထိသာ ဖြစ်ကြောင်း အခြေခံရမယ့်မူ ချမှတ်သင့် မသင့်ကိုလည်း ဆွေးနွေး အကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံသူကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ရေးနဲ့ စပ်လျဉ်းပြီး ကျွန်တော် တင်ပြပြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအဖြစ် ဖြစ်စေ၊ ဒုတိယ သမ္မတအဖြစ်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကို ရွေးချယ်တင်မြှောက်မယ်ဆိုပါက စဉ်းစားဖို့အချက်တစ်ခု ပေါ်ပေါက်လာတာတွေ့ရပါတယ်။ အဲဒါက ဘာလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမယ့်မူအဖြစ် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးဖို့ ညီလာခံကြီးက မူချမှတ်ထားပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့က ရွေးချယ် တင်မြှောက်လိုက်ပါက အဲဒီ ပုဂ္ဂိုလ်ဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ်လဲ တစ်ချိန်တည်းမှာ ပူးတွဲဆောင်ရွက်မယ်ဆိုရင် အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးတဲ့မူနဲ့ ကိုက်ညီမှုရှိမယ်မဟုတ်ကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များ ဖြစ်တဲ့အတွက် မိမိတို့ရာထူးသက်တမ်းအတွင်း ပါတီနိုင်ငံရေးအစား အမျိုးသားနိုင်ငံရေးကိုသာ ဦးတည် ဆောင်ရွက်သင့်တဲ့အတွက် နိုင်ငံရေးပါတီဝင်ဖြစ်ရင်လည်း သက်ဆိုင်ရာပါတီရဲ့လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုဖို့ လိုအပ်ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၄၇ ပုဒ်မခွဲ (၁) မှာ နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာမည်သည့် လွှတ်တော်အမတ်မှ မဖြစ်စေရဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (၂) မှာ ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သော် ထိုအမတ်သည်သက်ဆိုင်ရာလွှတ်တော်၌ မိမိ၏ အမတ်နေရာကို စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါကြောင့်—

- နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊
- နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် လွှတ်တော် ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်းကောင်း နိုင်ငံတော်

သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း မပြုရ

ဟူ၍ အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြစေလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ မိမိတို့ရဲ့ ရာထူးတာဝန်များကို မထမ်းဆောင်မီ ကတိသစ္စာ ပြုကြရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများဟာလည်း ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီးမှ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင် သင့်ပါတယ်။ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတများဟာ မည်သို့မည်ပုံ ကတိသစ္စာပြုရမယ်ဆိုတာကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေများမှာ ဖော်ပြ ပြဋ္ဌာန်းလေ့ ရှိကြပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများ ကတိသစ္စာပြုရေးအတွက် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ နိုင်ငံတော်ရဲ့ ကြီးမားတဲ့ တာဝန်များကိုထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အားလျော်စွာ သြဇာ တိက္ကမရှိသူများဖြစ်ကြပါတယ်။ အခြား အဖွဲ့အစည်းများက လစာ စရိတ်ကြေးငွေ ရာထူးများ ပေးအပ်ပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများရဲ့ အရှိန်အဝါကို ရယူခြင်းမပြုနိုင်စေဖို့ ကာကွယ် ထားသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ လစာ စရိတ်ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမှ လက်ခံခြင်း မပြုရေးအတွက် အခြေခံရမယ့်မူချမှတ်သင့်မသင့် ဆွေးနွေး အကြံပြုစေလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတဟာ လုပ်ပိုင်ခွင့် အပြည့်အဝရရှိမယ့် နိုင်ငံတော်အကြီးအကဲဖြစ်သလို ဒုတိယသမ္မတဟာလည်း နိုင်ငံတော်မှာ ကြီးမားတဲ့တာဝန်များကို ထမ်းဆောင်ကြရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့ အားလျော်စွာ ပြည်သူများရဲ့ယုံကြည်ကိုးစားမှုကို အလေးအနက်ခံယူထားကြဖို့ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေး လုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန် ပစ္စည်းများကို တန်ဖိုးနဲ့ တကွ စာရင်းပြုစုပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ ပေးပို့ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြစေလိုပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတ များဟာ ဥပဒေနဲ့သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နဲ့ အဆောင်အယောင်များကို ရရှိသင့်ပါတယ်။ ဒါ့အပြင် သင့်တင့်လျောက်ပတ်တဲ့ အိမ်တော် တစ်ဆောင်စီကိုလဲ ရရှိသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများဟာ ဥပဒေနဲ့ သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နဲ့ အဆောင်အယောင်များကိုလည်းကောင်း၊ သင့်တင့် လျောက်ပတ်တဲ့ အိမ်တော်တစ်ဆောင်စီကို လည်းကောင်း ရရှိစေဖို့ အခြေခံရမယ့်မူ ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြစေလိုပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာအခန်းများနဲ့ အခြားဥပဒေတို့မှာ သင့်လျော်သလို ပါရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့

အခြား ဥပဒေတို့က အပ်နှင်းထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အခုအထိ ဆိုရင် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းနဲ့ နိုင်ငံတော်သမ္မတရဲ့ ဆောင်ရွက်ရမယ့် တာဝန်အချို့ကို အခြေခံမူများ သတ်မှတ်ရေးအတွက် ကိုယ်စားလှယ်များ ဆွေးနွေးအကြံပြုနိုင်ဖို့ တင်ပြပြီးဖြစ်ပါတယ်။

ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြား ကျင့်သုံးရေးမူအရ ပိုင်းခြားကျင့်သုံးကြရန် ဖြစ်သော်လည်း တစ်ခုနဲ့တစ်ခု ထိန်းကျောင်းမှုရှိကြရမှာဖြစ်ပါတယ်။ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲ ဖြစ်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ်ဒုတိယ သမ္မတများဟာ မိမိတို့ ရာထူးတာဝန်နဲ့လိုက်လျောညီထွေ ကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။တကယ်လို့ ဖောက်ဖျက်ခဲ့လျှင် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကို ဖြစ်စေ၊စွပ်စွဲပြစ်တင် အရေးယူနိုင်ဖို့ အခြေခံရမယ့် မူများကိုလဲ စဉ်းစားဆွေးနွေးချမှတ်သင့်ပါတယ်။

အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတတို့ဟာ နိုင်ငံတော်အပေါ် သစ္စာဖောက်မှု၊ အဂတိ လိုက်စားမှု၊ ကြီးလေးသော အခြားပြစ်မှုကျူးလွန်လျှင် သော် လည်း ကောင်း၊ မိမိ ရာထူး သိက္ခာ နဲ့ အညီ ကျင့်ကြံနေထိုင်ခြင်း မပြုလျှင် သော်လည်းကောင်း ယင်းတို့ကို စွပ်စွဲ ပြစ်တင် ရှုတ်ချ အရေးယူပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်သမ္မတဟာ အခြေခံ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် လွန်ကဲသော အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့အတွက် စွပ်စွဲပြစ်တင် ရှုတ်ချလိုလျှင် ပါလီမန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုရပါင်း၏ သုံးပုံနှစ်ပုံထက်မနည်းသော လွှတ်တော် ကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပါလီမန်ဥက္ကဋ္ဌထံသို့ ပေးပို့ရမည်ဟု ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာလည်း နိုင်ငံတော် သစ္စာဖောက်ဖျက်မှု ကျူးလွန်လျှင် သော်လည်းကောင်း၊ ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် သော်လည်းကောင်း ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ အနည်းဆုံး သုံးပုံတစ်ပုံက စွပ်စွဲပြစ်တင်ရှုတ်ချရန်အဆိုကို အဆိုပြုတင်ပြရန်နှင့် ယင်းအဆိုပြုချက်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ သုံးပုံနှစ်ပုံက အတည်မပြုလျှင် စွပ်စွဲပြစ်တင်ခြင်းမပြုလုပ်ရန် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

မိမိတို့နိုင်ငံမှာလဲအောက်ပါအကြောင်း တစ်ခုခုကြောင့် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကိုဖြစ်စေ စွပ်စွဲပြစ်တင်နိုင်ဖို့ အခြေခံမူချမှတ်သင့်မသင့် အကြံပြု ဆွေးနွေးကြစေလိုပါတယ်။ အဲဒီအကြောင်းတွေကတော့—

၁။ နိုင်ငံတော်ရဲ့ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

၂။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

၃။ အကျင့်သိက္ခာ ပျက်ပြားခြင်း

တို့ဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးကိုစွပ်စွဲပြစ်တင်ဖို့ လိုအပ်လာရင် ဘယ်ပုံဘယ်နည်းဆောင်ရွက်သင့်တယ် ဆိုတာကိုလဲ တစ်ပါတည်း စဉ်းစားဖို့သင့်ပါတယ်။ ဒါကြောင့် ကျွန်တော်စောစောကတင်ပြခဲ့တဲ့ အချက်သုံးချက်အနက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ်ဒုတိယ သမ္မတတစ်ဦးဦးကို စွပ်စွဲပြစ်တင်ဖို့ရှိလာလျှင် အဲဒီလို စွပ်စွဲပြစ်တင်ဖို့ ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်နှစ်ရပ်မှ လွှတ်တော် တစ်ရပ်ရပ်ရဲ့

လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော် အကြီးအကဲထံတင်ပြကြဖို့ဖြစ်ပါတယ်။

အဲဒီစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက်အနည်းဆုံး သုံးပုံနှစ်ပုံကထောက်ခံမှသာ ဆက်လက် အရေးယူဆောင်ရွက်ဖို့ဖြစ်ပါတယ်။ လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ဖို့ ထောက်ခံလျှင် အခြားလွှတ်တော်တစ်ရပ်က အဲဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးရန် ဖြစ်ပါတယ်။

အဲဒီလို စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးတဲ့အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့် ပေးသင့်ပါတယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးတဲ့အခါစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်ဟာမှန်ကန်ပြီး စွပ်စွဲခံရတဲ့ပြစ်မှုဟာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးတွင်ဆက်လက်ထမ်းဆောင်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခံရတဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးမှရပ်စဲရန် အဲဒီလွှတ်တော်က ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲက တင်ပြချက်ရရှိလျှင် ရရှိခြင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲကြောင်း ကြေညာရေးအတွက် အခြေခံရမယ့်မူ ချမှတ် သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတော်ရဲ့ အကြီးအကဲများလဲ ဖြစ်ကြပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ တာဝန် ထမ်းဆောင်ချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ စွပ်စွဲ ပြစ်တင်ခြင်းမှအပ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ သက်တမ်းကာလအတွင်း တရားစွဲဆိုခွင့်မပြုနိုင်ရေးအတွက် အကာအကွယ် ပေးသင့်ပါတယ်။ အဲဒီလို အကာအကွယ်ပေးထားမှသာလျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ တာဝန်တွေရားများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်စွမ်းရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ယင်းတို့၏ သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့် မရှိရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ တာဝန်များကို မိမိတို့ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိတို့ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့် ပြုသင့်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတ တစ်ဦးဟာ မိမိရဲ့ ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖြစ်စေ သမ္မတရာထူးနေရာ လစ်လပ်လျှင် ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာကိုလဲ အခြေခံရမယ့်မူ ချမှတ်ထားသင့်ပါတယ်။ဒါကြောင့် အဲဒီလို နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်ခဲ့ရင် ဒုတိယသမ္မတနှစ်ဦးအနက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်စဉ်အခါက ဒုတိယမဲ အများဆုံးရရှိတဲ့ ဒုတိယ သမ္မတက နိုင်ငံတော်သမ္မတရဲ့လုပ်ငန်းများ ရပ်ဆိုင်း မသွားစေရေးအတွက် ယာယီသမ္မတအဖြစ် ထမ်းဆောင်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတရာထူး လစ်လပ်သွားတဲ့ နိုင်ငံတော်သမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ဖို့ ရှိလာပါမယ်။ နိုင်ငံတော် သမ္မတရာထူး လစ်လပ်သွားတဲ့အချိန်ဟာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားတဲ့ နိုင်ငံတော်သမ္မတရာထူးကို ခုနစ်ရက်အတွင်းဖြည့်စွက်နိုင်ရေးအတွက် ယာယီ သမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ဆောလျင်စွာ အကြောင်းကြားသင့်ပါတယ်။

အဲဒီလို ယာယီသမ္မတရဲ့ အကြောင်းကြားစာကို ရရှိတဲ့အခါ လစ်လပ်သွားတဲ့ သမ္မတကို ဒုတိယသမ္မတအဖြစ် ဦးစွာ ရွေးချယ် တင်မြှောက်ပေးခဲ့တဲ့ သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် ပြည်ထောင်စု လွှတ်တော် အကြီးအကဲက ဆောင်ရွက်ပေးသင့်ပါတယ်။

သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပြီးပါက ကျွန်တော်စောစောက တင်ပြတဲ့အတိုင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်ကို နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော် အကြီးအကဲဟာ ယာယီသမ္မတရဲ့ အကြောင်းကြားစာ ရရှိတဲ့နေ့မှစ၍ ၂၁ ရက်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး လစ်လပ်သော နိုင်ငံတော်သမ္မတရာထူး ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဖော်ပြပါ နည်းလမ်းများအတိုင်း ဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် လစ်လပ်သွားတဲ့ နိုင်ငံတော်သမ္မတရာထူးကို ရွေးချယ်တင်မြှောက်ရေးနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူ ချမှတ်ရေးအတွက် လိုအပ်သလို ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး ဒုတိယသမ္မတ ရာထူး နေရာ လစ်လပ်လျှင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို အခြေခံစဉ်းစားနိုင်ဖို့ တင်ပြလိုပါတယ်။ ဒုတိယသမ္မတ တစ်ဦးဦးဟာ ရာထူးသက်တမ်းမကုန်ဆုံးမီ ရာထူးမှ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့် ဖြစ်စေ၊ ရာထူးမှရပ်စဲခြင်းခံရသောကြောင့်ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံ တစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ဒုတိယ သမ္မတရာထူးနေရာ လစ်လပ်လျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်ပါက အဲဒီ ဒုတိယသမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့တဲ့ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ခုနစ်ရက်အတွင်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပေးရေးအတွက် နိုင်ငံတော် သမ္မတက ပြည်ထောင်စု လွှတ်တော်အကြီးအကဲထံသို့ ဆောလျင်စွာ အကြောင်းကြားသင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲဟာ နိုင်ငံတော်သမ္မတရဲ့ အကြောင်းကြားစာ ရရှိတဲ့နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကိုခေါ်ယူပြီး သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက် ပေးရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား။** အခု ကျွန်တော်တင်ပြခဲ့တာတွေဟာဆိုရင် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း၊ နိုင်ငံတော် အကြီးအကဲအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အခြေခံရမယ့်မူအချို့ကို ကိုယ်စားလှယ်များ စဉ်းစား ဆွေးနွေးအကြံပြုနိုင်ဖို့ တင်ပြခဲ့ခြင်းသာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်ရဲ့ မိန့်ခွန်းနဲ့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်း ပြောကြားချက်များပါ အချက်များဟာ ဆိုရင် ကိုယ်စားလှယ်ကြီးများ ဆွေးနွေးအကြံပြုရာမှာ အထူးပဲအရေးကြီးတဲ့အခြေခံအကြောင်းအချက်များပဲဖြစ်ပါတယ်။ ဒါကြောင့် ညီလာခံကိုယ်စားလှယ်ကြီးများဟာ အဲဒီ မိန့်ခွန်းနဲ့ ရှင်းလင်း ချက်တွေကို သေသေ ချာချာ တစ်ပိုဒ်ချင်း လေ့လာနိုင်ဖို့ အနည်းဆုံး ၃ ရက်ခန့် အချိန်လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီလို လေ့လာနိုင်ဖို့ ကော်မရှင်ဥက္ကဋ္ဌရဲ့ မိန့်ခွန်းနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်တွေကို သဘာပတိအဖွဲ့ဝင်များထံ ဒီနေ့ ဖြန့်ဝေပေးပါမယ်။ ညီလာခံ ကိုယ်စားလှယ်ကြီးများ အတွက်ကိုတော့ ပုံနှိပ် မိန့်ခွန်း နဲ့ ရှင်းလင်း ပြောကြားချက်များကို မနက်ဖြန်မှာ ဖြန့်ဝေပေးပါမယ်။ အဲဒီမိန့်ခွန်းနဲ့ ရှင်းလင်းပြောကြားချက်တွေကို စာအုပ်ပုံစံနဲ့လည်း ထပ်မံ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။

ကော်မရှင်ဥက္ကဋ္ဌရဲ့ မိန့်ခွန်းနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို ညီလာခံကိုယ်စားလှယ်ကြီးများ လေ့လာပြီးတဲ့အခါ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဆွေးနွေးနိုင်ဖို့ သက်ဆိုင်ရာ ကိုယ်စားလှယ် အစုအဖွဲ့ အစည်းအဝေးခန်းမများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ မနက်ပိုင်းက စတင်ပြီး အသင့်ပြင်ဆင်ထားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ် အစုအဖွဲ့များဟာ မိမိတို့အစုအဖွဲ့အလိုက် ကြိုက်နှစ်သက်သလို ဆွေးနွေး ညှိနှိုင်းနိုင်ကြပါတယ်။

ကိုယ်စားလှယ်များ အနေနဲ့ ဆွေးနွေး အကြံပြုတဲ့အခါမှာ ကျွန်တော်အခု ရှင်းလင်း သွားသလိုပဲ အခြေခံရမယ့်မှုတွေကို သူ့အခန်းနဲ့ သူ သီးသီးသန့်သန့် ခွဲခြားဆွေးနွေး အကြံပြုကြဖို့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်များ စဉ်းစားအကြံပြုတဲ့အခါ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားအကြံပြုနိုင်ဖို့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ အခန်းသုံးခုနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များအနက်က အချို့ကို အကျဉ်းချုံး ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။ ညီလာခံ ကိုယ်စားလှယ်များအနေနဲ့ အခြားသင့်တော်တဲ့ ဖြည့်စွက်အကြံပြုချက်များရှိလျှင်လည်း အမျိုးသားညီလာခံကြီးရဲ့ ဦးတည်ချက် (၆) ရပ်နဲ့အညီ လည်းကောင်း၊ ချမှတ်ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အညီ လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံး လုပ်နည်း များ နဲ့အညီ လည်း ကောင်း ဆွေးနွေးအကြံပြု တင်ပြကြဖို့ဖြစ်ပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့များအနေနဲ့ အခုကျွန်တော်ရဲ့ရှင်းလင်းတင်ပြချက်များကို လေ့လာကြပြီး မိမိတို့အစုအဖွဲ့အလိုက် လာမယ့် ၂၁ ရက်မှစ၍ ဆွေးနွေးကြဖို့နဲ့ နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနဲ့ နိုင်ငံတော် အကြီး အကဲ အခန်းအတွက် အခန်းအလိုက် သီးခြားဖော်ပြထားတဲ့ အကြံပြုချက်စာတမ်းတစ်စောင်ကို အမျိုးသား ညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံး လုပ်နည်း များနဲ့အညီ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီသို့ ပေးပို့ကြဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။

(သြဘာသံများ)

# အမျိုးသားညီလာခံ ၂၃ ရက်မြောက်နေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခု အစည်းအဝေး အပြီးမှာ အိမ်တော်ဝင်း အတွင်းရှိ စားသောက်ဆိုင်များသို့ ကြွရောက်ပြီး နေ့လယ်စာ သုံးဆောင်ကြဖို့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ ဒီနေ့ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

(သြဘာသံများ)

သဘာပတိကြီး ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

[အမျိုးသားညီလာခံ ၂၃ ရက်မြောက်နေ့ အစည်းအဝေး ၁၁ း ၃၅ နာရီအချိန်တွင် ကျင်းပ ပြီးစီးပါသည်။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်
ရန်ကုန်မြို့

ကြေညာချက်အမှတ် ၇/၉၄

၁၃၅၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

ဦးဆောတင်အား အမျိုးသားညီလာခံကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာခြင်း

၁။ အမျိုးသားညီလာခံ တက်ရောက်ရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)မှ အရွေးခံထားသည့် ကိုယ်စားလှယ် ဦးဆောတင်သည် အဖွဲ့အစည်း၏ ဗဟိုဦးစီးကော်မတီမှ နုတ်ထွက်သွားခြင်းကြောင့် ဦးဆောတင်အား ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပါကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းက တင်ပြခဲ့ပါသည်။

၂။ သို့ပါ၍ ဦးဆောတင်အား အမျိုးသားညီလာခံကိုယ်စားလှယ် အမည်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

အမိန့်အရ

(ပုံ) အောင်သိန်း
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

ရန်ကုန်မြို့

ကြေညာချက်အမှတ် ၈/၉၄

၁၃၅၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ဦးသာကျော်အား အမျိုးသားညီလာခံကိုယ်စားလှယ်စာရင်းမှ ပယ်ဖျက်ကြောင်းကြေညာခြင်း

၁။ အမျိုးသားညီလာခံတက်ရောက်ရန် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အမည်စာရင်းပေးပို့ထားသူ ဦးသာကျော်သည် ကျန်းမာရေးမကောင်း၍ အမျိုးသားညီလာခံသို့ တက်ရောက်နိုင်သည့်အခြေအနေမရှိပါသဖြင့် ဦးသာကျော်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ရပ်နားခွင့်ပြုပါရန် သက်ဆိုင်ရာအဖွဲ့အစည်းကတင်ပြလာပါသည်။

၂။ သို့ပါ၍ ဦးသာကျော်အား အမျိုးသားညီလာခံ ကိုယ်စားလှယ်အမည်စာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာပါသည်။

ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

အမိန့်အရ

(ပုံ) အောင်သိန်း
အတွင်းရေးမှူး
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

## အမျိုးသားညီလာခံသို့တက်ရောက်သည့်ကိုယ်စားလှယ်ဦးရေ

၂၃-၃-၉၄

| အမှတ်စဉ် | ကိုယ်စားလှယ်အမျိုးအစား | ဖိတ်ကြား | တက်ရောက် | ပျက်ကွက် |
|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ | ၄၆ | ၄၅ | ၁ |
| ၂။ | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ | ၁၀၃ | ၁၀၁ | ၂ |
| ၃။ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ၂၁၃ | ၂၀၆ | ၇ |
| ၄။ | တောင်သူလယ်သမားကိုယ်စားလှယ်များ | ၉၃ | ၉၂ | ၁ |
| ၅။ | အလုပ်သမားကိုယ်စားလှယ်များ | ၄၈ | ၄၈ | — |
| ၆။ | အသိပညာရှင်/အတတ်ပညာရှင်ကိုယ်စားလှယ်များ | ၄၁ | ၃၈ | ၃ |
| ၇။ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ၉၂ | ၉၁ | ၁ |
| ၈။ | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ | ၅၈ | ၄၅ | ၁၃ |
| | စုစုပေါင်း | .... ၆၉၄ | ၆၆၆ | ၂၈ |

တက်ရောက်သည့်ရာခိုင်နှုန်း (၉၅.၉၇)

## (၂၃-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

၁။ ဦးမန်းသာဆင်    နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ    ကျန်းမာရေး
ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်    (ဆေးရုံတက်)

၁။ ဦးဖေတင်၊ ညောင်ဦး (၂)    ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော    ကျန်းမာရေး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်    ကိုယ်စားလှယ်များ

၂။ ဦးမြလေး (ခ) သခင်မြလေး ကဝ (၂)    ကျန်းမာရေး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်    (ဆေးရုံတက်)

## (၂၃-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းအောင်<br>စစ်ကိုင်း | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၂။ | ဦးခင်မောင်ဆွေ<br>တနင်္သာရီ | ။ | ကိုယ်ရေးကိုယ်တာ |
| ၃။ | ဦးညဏ်လင်း<br>မကွေး | ။ | ကျန်းမာရေး |
| ၄။ | ဦးဘသိ<br>မကွေး | ။ | ကျန်းမာရေး |
| ၅။ | ဦးနိုင်စံရှိန်<br>မွန် | ။ | ကျန်းမာရေး |
| ၆။ | ဦးခွန်သိန်းမြင့်<br>ရှမ်း | ။ | ကိုယ်ရေးကိုယ်တာ |
| ၇။ | ဦးညွန့်မောင်<br>ရှမ်းပြည်မြောက်ပိုင်း | ။ | ကိုယ်ရေးကိုယ်တာ |
| ၁။ | ဦးယောဟန်<br>ရှမ်းပြည်မြောက်ပိုင်း | တောင်သူလယ်သမားကိုယ်စားလှယ်များ | ပြည်နယ်တွင် ဆေးရုံတက် |
| ၁။ | ဦးခင်နု<br>ဥပဒေပညာရှင် | အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ | ကျန်းမာရေး ဆေးရုံတက် |
| ၂။ | ဦးစိန်ဗိုလ်တင့်<br>သဘင်ပညာရှင် | ။ | ကျန်းမာရေး ဆေးရုံတက် |
| ၃။ | ဒေါက်တာ သိန်းညွန့်<br>ခွဲစိတ်ကုဆရာဝန်ကြီး | ။ | ဌာနတာဝန် ပြည်တွင်း |
| ၁။ | ဒုတိယဗိုလ်မှူးကြီး ထွေးမောင် | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ဌာနတာဝန်(ပြည်ပ) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်သည်။ |

## (၂၃-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ | |
|---|---|---|
| ၁။ ဦးလီဝင်းမြင့် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | | ကျန်းမာရေး |
| ၂။ ဦးအိုက်ကျော် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ॥ | ॥ |
| ၃။ ဦးခင်မောင်(ခ) ဦးလောက်ကျူး ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ॥ | ကိုယ်ရေးကိုယ်တာ |
| ၄။ ဦးရန်မိုးအန်း ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ॥ | ॥ |
| ၅။ ဦးပေါက်ယိုရိ(ခ) ဦးငိုရမ်း ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ॥ | ॥ |
| ၆။ ဦးစိုင်းဟန်စစ် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ॥ | ကျန်းမာရေး |
| ၇။ ဦးအိုက်လူ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၇) | ॥ | ကိုယ်ရေးကိုယ်တာ |
| ၈။ ဦးပေါလော်ဟောင်းခေါင် ကချင်ပြည်နယ်အထူးဒေသ (၁) | ॥ | ॥ |
| ၉။ ဦးစခုံတိန့်ယိန်း ကချင်ပြည်နယ်အထူးဒေသ (၁) | ॥ | ॥ |
| ၁၀။ ဦးစံလူ၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | | ॥ |
| ၁၁။ ဦးချမ်းလန်း၊ ကချင်ပြည်နယ် အထူးဒေသ (၁) | ॥ | ॥ |
| ၁၂။ ဦးကိုင်မ၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ॥ | ॥ |
| ၁၃။ ဦးကောင်တိုင်း၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ॥ | ॥ |

ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော် သမ္မတအိမ်တော်ဝင်း၊ဗဟိုအစည်းအဝေးခန်းမတွင် အမျိုးသားညီလာခံကို နံနက် ၀၉၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အလှည့်ကျ သဘာပတိအဖြစ် ဒေါက်တာသန်းညွန့် (အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဝင်) က ဆောင်ရွက်၍၊ အခမ်းအနားမှူး အဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး)၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းကလည်းကောင်း ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသား ညီလာခံ စုံညီအစည်းအဝေး စတင်ပါတော့မယ်။

**အမျိုးသား ညီလာခံ အစည်းအဝေး သဘာပတိ အဖွဲ့ဝင်များ နေရာယူခြင်း**

**အခမ်းအနားမှူး။** ဒီ နေ့ ကျင်း ပ တဲ့ အ မျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မယ့်ပုဂ္ဂိုလ်များကတော့—

— ဒေါက်တာ သန်းညွန့်
အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ

— ဒေါ်မေသန်းလွင်
ရှမ်းတိုင်းရင်းသားမျိုးဒီမိုကရေစီအဖွဲ့ချုပ်

— ဦးစံသာအောင်
မြို့ (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့

— ဦးမန်းအုံးမောင်
တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးကံညွန့်
တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးစိုးမောင်
အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

— ဦးတင်မောင်
အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးခင်မောင်ထူး
နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နဲ့

— ဦးစိုင်းအောင်ထွန်း
အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

တို့ ဖြစ်ပါတယ်။

ကနေ့အစည်းအဝေးမှာ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ကတော့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒေါက်တာ သန်းညွန့် ဖြစ်ပါတယ်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီရုံး၊ ညွှန်ကြားရေးမှူးချုပ်(အစည်းအဝေး)ကျွန်တော် ဦးခင်မောင်မြင့်က ဆောင်ရွက်မှာဖြစ်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းထွန်းက ဆောင်ရွက်မှာ ဖြစ်ပါတယ်။

သဘာပတိအဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

# အမျိုးသားညီလာခံ ၂၄ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားညီလာခံအစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အမျိုးသား ညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ပေါင်းဟာ(၆၉၄) ဦး ရှိပါတယ်။ တာဝန်အရ ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်း (၂) ဦး၊ ကျန်းမာရေးကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်း (၁၃)ဦးနဲ့ ကိုယ်ရေးကိုယ်တာကြောင့် ခွင့်ပန်တဲ့ကိုယ်စားလှယ်ပေါင်းဟာ (၁၃) ဦး ရှိပါတယ်။ ဒီနေ့အစည်းအဝေးကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၆၆၆) ဦး ဖြစ်တဲ့အတွက် အစည်းအဝေး အထမြောက်ပါတယ်။

သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

## အလှည့်ကျသဘာပတိ မိန့်ခွန်း ပြောကြားခြင်း

အခမ်းအနားမှူး။ ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးကို ဒီကနေ့ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားပါမယ်။ အစီအစဉ်အရ အလှည့်ကျ သဘာပတိကြီးက မိန့်ခွန်းပြောကြားပါတော့မယ်ခင်ဗျား။

အလှည့်ကျသဘာပတိ။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီ အစည်း အဝေးကို တက်ရောက် လာကြတဲ့ ကော်မရှင်နဲ့ လုပ်ငန်းကော်မတီက ပုဂ္ဂိုလ်များနဲ့ ညီလာခံ ကိုယ် စား လှယ် များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ခိုင်မာတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့် မူတွေကို ချမှတ်နိုင်ဖို့ အမျိုးသားညီလာခံကို ကျင်းပလာခဲ့ရာမှာ ညီလာခံ ကိုယ်စားလှယ်များရဲ့ စိတ်ရောကိုယ်ပါ ကြိုးပမ်းအားထုတ်မှု၊ အချင်းချင်း နားလည်သဘောပေါက်မှု၊ စိတ်ရှည်သည်းခံမှုများကို အရင်းတည်ပြီး၊ အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ၇-၄-၉၃ ရက်နေ့မှာ အခန်းအလိုက် ခေါင်းစဉ်များကို သတ်မှတ်နိုင်ခဲ့ပြီး ၁၆-၉-၉၃ ရက်နေ့မှာတော့ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရာမှာ အခြေခံရမယ့် မူများကို ချမှတ်နိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။

ယနေ့စတင်ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမယ့် အခန်း (၃) ခန်းဖြစ်တဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများအတွက် အခြေခံရမယ့်မူများ ချမှတ်နိုင်ဖို့ ရရှိပြီးဖြစ်တဲ့ အချက်တွေကို နိုင်ငံတော်အခြေခံမူတွေနဲ့ ဆက်စပ်ပြီးသက်ဆိုင်ရာ အခန်းလိုက် အသေးစိတ် အချက်တွေကို ကိုယ်စားလှယ်အစုအဖွဲ့များက မိမိတို့ရဲ့ဆန္ဒသဘောထားများနဲ့အညီ ရေးသားပြုစုထားကြတဲ့ အကြံပြုချက်စာတမ်းများကို တင်ပြကြတော့မှာ ဖြစ်ပါတယ်။

အခုဆွေးနွေးတင်ပြကြမယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများအတွက် အခြေခံရမယ့် မူတွေဟာဆိုရင် နိုင်ငံတော်ဟာ ဘယ်လိုနိုင်ငံတော်မျိုး ဖြစ်တယ်။ နိုင်ငံတော်ကို ဘယ်နည်းဘယ်ပုံနဲ့ ဖွဲ့စည်းတည်

ဆောက်မယ်၊ ဒီလို ဖွဲ့စည်းတည်ဆောက်ထားတဲ့ နိုင်ငံတော်မှာ နိုင်ငံတော်အကြီးအကဲရဲ့အခန်းကဏ္ဍဟာ ဘယ်လိုရှိမယ်ဆိုတာတွေကို ဖော်ညွှန်းတင်ပြကြမှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာဒီအခန်း (၃) ခန်းရဲ့ အရေးကြီးမှုကို ညီလာခံကိုယ်စားလှယ်များအားလုံး သိရှိနားလည် သဘောပေါက်ထားကြပြီးဖြစ်ပါတယ်။

ဒါကြောင့် အခုကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးက တင်ပြကြမယ့် အကြံပြုဆွေးနွေးချက်များကို ညီလာခံကိုယ်စားလှယ်များအနေနဲ့ စိတ်ပါဝင်စားစွာ အရေးတယူ မှတ်သားပြီး မိမိရဲ့ဆန္ဒသဘောထားနဲ့ မတူညီတဲ့အချက်များ၊ ကွဲလွဲနေတဲ့အချက်များရှိတယ်ဆိုရင်လဲ အမျိုးသားညီလာခံရဲ့ ဦးတည်ချက် ၆ ရပ်နဲ့ ချမှတ်ပြီးဖြစ်တဲ့ အခြေခံသင့်တဲ့မူများအတွင်းက တူညီတဲ့အခြေခံမူများ ရရှိသည်အထိ ညှိနှိုင်း ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

(သြဘာသံများ)

(နောက်ဆက်တွဲ "၃-စ")

# နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် များ အစုအဖွဲ့]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများနှင့်စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြမှာ ဖြစ်ပါတယ်။

အခုဦးစွာ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဒီစာတမ်းကို အပိုင်း (၃) ပိုင်းခွဲပြီး ဦးဟရန်လွင်း၊ ဦးကျော်ပန်းသာနဲ့ ဦးသန်းရွှေတို့က ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

စာတမ်းကို စတင်ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဟရန်လွင်း (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့)။** လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ဦးဟရန်လွင်း ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါဝင်တဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ အခန်း ခေါင်းစဉ်များမှာ ပါဝင်ရမယ့် အခြေခံမူများ နဲ့ စပ်လျဉ်းပြီး တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြု တင်ပြချက်စာတမ်းကို ကျွန်တော်နဲ့အတူ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်မှ ဦးကျော်ပန်းသာနဲ့ မကွေးတိုင်း၊ ရေနံချောင်းမြို့နယ်မှ ဦးသန်းရွှေတို့က အသီးသီး တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော် အခန်းခေါင်းစဉ်နဲ့ စပ်လျဉ်းတဲ့ စာတမ်းရဲ့ ပထမပိုင်းကို ကျွန်တော်က တင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အမျိုးသားညီလာခံကြီးက ဆုံးဖြတ်အတည်ပြုခဲ့တဲ့ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ (၁၀၄) ချက်မှာပါရှိပြီး နိုင်ငံတော်ရဲ့ ဦးတည်ချက်များဖြစ်တဲ့—

နိုင်ငံတော်သည်

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(၄) စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး၊

(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမို ထွန်းကားလာရေး၊

(၆) နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဟူသော အခြေခံမူနှဲ့—

ပါတီစုံဒီမိုကရေစီနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟူသော အခြေခံမူများကို အလေးအနက် ခံယူထားပြီး ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိတဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းတဲ့ အခြေခံမူတွေ ရရှိအောင် ပြည်နယ်/တိုင်း အသီးသီးက တိုင်းရင်းသား ကိုယ်စားလှယ် (၂၆) ဦးက မိမိတို့ တိုင်း/ပြည်နယ် ကိုယ်စားပြုစာတမ်းပေါင်း (၂၄) စောင်နဲ့ တစ်ဦးချင်း သီးခြားကိုယ်စားလှယ် (၁၄) ဦးက စာတမ်းပေါင်း (၁၄) စောင်ကို ၁၉၉၄ ခု၊ ဇန်နဝါရီလ (၂၁) ရက်နေ့ကစပြီး မတ်လ(၁၇)ရက်နေ့ထိ အစုအဖွဲ့ ဆွေးနွေးပွဲ (၁၃) ကြိမ်တိုင် ပြုလုပ်ခဲ့ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ရေမြေတောတောင် သဘာဝ၊ မိမိတို့ နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိတို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့ အခြေအနေ အရပ်ရပ်တွေကို အခြေခံပြီး၊ နောင်အနာဂတ်မှာ လိုက်လျောညီထွေဖြစ်စေမယ့် အခြေခံမူများ ရရှိရေး အတွက် ဘက်ပေါင်းစုံမှ စဉ်းစားဝေဖန် ဆွေးနွေးအကြံပြုခဲ့ကြပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အခန်းမှာပါဝင်တဲ့ အခြေခံမူများနှင့် စပ်လျဉ်းပြီး ဆက်လက် တင်ပြ ဆွေးနွေးသွားပါမယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်ကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ ရှေးပဝေသဏီကတည်းက ကမ္ဘာ့အလယ်မှာ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည်ခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ကြတာရယ်၊ အမေကျော် ဒွေးတော် လွှမ်းသူတွေကြောင့်ရယ်၊ နယ်ချဲ့အားကိုး ပုဆိန်ရိုးသစ္စာဖောက်တွေကြောင့်ရယ်၊ နယ်ချဲ့ဗြိတိသျှတို့က ကျွန်တော်တို့ နိုင်ငံကို ခေတ်မီလက်နက်များနဲ့ အနိုင်ကျင့် ဗိုလ်ကျပြီး ၁၈၂၄ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်မှာ တစ်ကြိမ် သုံးကြိမ်တိုင်တိုင် ကျူးကျော်တိုက်ခိုက်ပြီး တစ်စ တစ်စနဲ့ တစ်နိုင်ငံလုံးထီးကျိုးစည်ပေါက်ပြီး သူ့ကျွန်ဘဝမှာ နှစ်ပေါင်း တစ်ရာကျော် နေခဲ့ရပါတယ်။ တစ်ပါးကျွန်ဘဝမှာ နှိပ်စက်ညှဉ်းပန်းခံရပြီး ခါးသီးတဲ့ အတွေ့အကြုံတွေကိုရရှိခဲ့တဲ့ အမျိုးကို ချစ်သော၊ နိုင်ငံကိုချစ်သော၊ သူ့ကျွန်မခံလိုသော မျိုးချစ်ဘာဇာနည်၊ တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့ရဲ့ စည်းလုံးညီညွတ်သောစိတ်ဓာတ်ဖြင့် အသက် သွေး၊ ချွေးမြောက်မြားစွာကို အရင်းတည်ပြီး လွတ်လပ်ရေးကို အရယူကြိုးပမ်းခဲ့တာကြောင့် ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံလို့ ထင်ရှားပေါ်ထွန်းခဲ့ရ ပြန်ပါတယ်။ အဲဒီလိုရယူခဲ့တဲ့ လွတ်လပ်ရေး ကြီး အဓွန့်ရှည်စွာ ကမ္ဘာတည်သရွေ့ တည်ရှိစေနိုင်ဖို့အတွက် နိုင်ငံသား တိုင်းရဲ့ အမျိုးသားရေး တာဝန်ပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ အချုပ်အခြာအာဏာ အစဉ်တည်တံ့ခိုင်မြဲနေဖို့ဆိုရင် အကြောင်းတရားပေါင်းများစွာ ပါဝင်ပတ်သက်နေတာကို တွေ့ကြရပါမယ်။ အချုပ်အခြာအာဏာ ဆုံးရှုံးတယ်ဆိုရာမှာလည်း လွတ်လပ်ရေး ဆုံးရှုံးသွားမှုသာ မဟုတ်ဘဲ ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ပြည်တွင်းရေး၊ နိုင်ငံခြားရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစရှိတဲ့ကဏ္ဍတွေမှာ အခြားနိုင်ငံတစ်နိုင်ငံရဲ့အစိုးရ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အချို့တို့ရဲ့ တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ၊ စွက်ဖက်ခြယ်လှယ်ခြင်း ခံနေရမယ်ဆိုရင်လည်း လွတ်လပ်တဲ့ နိုင်ငံ တစ်နိုင်ငံရယ်လို့ မသတ်မှတ်နိုင်ပါဘူး။

ကျွန်တော်တို့နိုင်ငံဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံကြီး နှစ်နိုင်ငံ အကြား နယ်နိမိတ် ပိုင်း ခြား ပေးရုံဖြစ်တဲ့ နိုင်ငံ (BUFFER STATE) မဟုတ် သလို၊ နိုင်ငံကြီးတစ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု၊ အထူး တလည်ခံရတဲ့နိုင်ငံ၊ (VASSAL STATE) မဟုတ် ကြောင်း ထင်ဟပ် ပေါ်လွင် ဖို့လည်း လိုအပ် ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဝိသေသထူးခြားပြီး အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို ဖော်ဆောင်နိုင်ရေးအတွက် အခြေခံမူ ချမှတ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ယုတ်လျော့အောင်၊ ယိုယွင်း ပျက်စီး အောင် နဲ့ ထိပါးစော်ကားမှု မခံရစေဖို့၊ ပြဋ္ဌာန်း သတ်မှတ် နိုင်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ အလယ်မှာ လွတ်လပ်သော အချုပ်အခြာအာဏာ ပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြားသော ကမ္ဘာ့ နိုင်ငံများနဲ့ တန်းတူရည်တူ ရပ်တည်နေကြောင်း ဖော်ပြတဲ့အနေနဲ့—

"မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်" လို့ ချမှတ်ထားတဲ့ အခြေခံမူဟာ သင့်မြတ်လျော်ကန်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အနာဂတ် နိုင်ငံ တော်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကို အဆင့် အတန်းတူညီတဲ့ တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ် (၇) ပြည်နယ်တို့ကို အခြေခံစုစည်းပြီး ညီနောင် တိုင်းရင်းသားများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ များရဲ့ ပြည်ထောင်စုကြီးကို ဖွဲ့စည်းတည်ဆောက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ပကတိ အခြေအနေနဲ့ လိုက်လျောညီထွေရှိစေမယ့် သမ္မတ ဦးဆောင်တဲ့ အုပ်ချုပ်ရေးစနစ်ကိုလည်း ကျင့်သုံး သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဖွဲ့စည်း တည်ဆောက်မှုပုံသဏ္ဌာန်မှာ တိုင်းရင်းသားလူမျိုး ပေါင်းစုံများ နေထိုင်ကြတဲ့ ပြည်နယ်တိုင်းများကို စုပေါင်းထားသော ပြည်ထောင်စု အသွင်သဏ္ဌာန်နဲ့ သမ္မတဦးဆောင်တဲ့စနစ်နဲ့ အုပ်ချုပ်သွားမယ်ဆိုတာ ပေါ်လွင်ထင်ရှားစေဖို့အတွက်—

"နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်ဟုခေါ်တွင်မည်" ဟူသော အခြေခံမူဟာ သင့်မြတ်လျော်ကန်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင် မှုဟာ တိုင်းဒေသကြီး တစ်ခုခုတွင် သော် လည်ကောင်း၊ ပြည်နယ်တစ်ခုခုတွင် သော် လည်းကောင်း၊ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခုခု တွင်သော် လည်းကောင်း တည်မြဲနေခြင်းမဟုတ်ဘဲ၊ နိုင်ငံတော်တစ်ဝန်းလုံးမှာ လွှမ်းခြုံနေတယ်ဆိုတာ ပေါ်လွင်ထင်ရှားစေဖို့ရယ် အချုပ်အခြာအာဏာ ဟာ မည်သည့်တိုင်းရင်းသားလူမျိုး တစ်မျိုးတည်း ကမျှမပိုင်ဆိုင်ဘဲ၊တိုင်းရင်းသားလူမျိုးများအားလုံး ကသာ စုပေါင်း၍ ပိုင်ဆိုင်ကြောင်းကို ရှင်းလင်း ပေါ်လွင်စေရန် လည်းကောင်း၊ အချုပ်အခြာ အာဏာကို ခွဲခြမ်းစိတ်ဖြာ၍ မရနိုင်ကြောင်းကို ဖော်ပြနိုင်စေရန် လည်းကောင်း

"နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံ သားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး မှာတည်သည်" ဆိုတဲ့အချက်ဟာ အခြေခံမူတစ်ရပ် အဖြစ် သင့်မြတ်လျော်ကန်ပါကြောင်း တင်ပြ အပ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ နယ်နိမိတ် အနေအထားဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည် ပြုတဲ့နေ့မှာ တည်ရှိနေတဲ့ မြေထု၊ ရေထု၊ လေထုမှာ ပါဝင်တဲ့ နယ်နိမိတ်အတိုင်း ဖြစ်ကြောင်းကိုလည်း ပေါ်လွင်ထင်ရှားစေဖို့ အခြေခံမူ ပါဝင်သင့် ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြ သော တိုင်းရင်းသားလူမျိုးများ၏ အမည်နာမ များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့် နေ့တွင် တည်ရှိသည့်အတိုင်း မှတ်တမ်းပြုထား သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဟာ တိုင်းရင်းသား လူမျိုး ပေါင်းစုံတို့ မှီတင်းနေထိုင်လျက်ရှိတဲ့ နိုင်ငံတစ်ခု ဖြစ်ပြီး၊ ရှေးနှစ်ပေါင်းများစွာကပင် လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ချစ်ကြည်ရင်းနှီးစွာအေးအတူပူအမျှ၊ ဥမကွဲ သိုက်မပျက် အတူတကွ နေထိုင်လာခဲ့ကြတာ ဖြစ်ပါတယ်။ နောင်ကိုလဲ၊ ကမ္ဘာတည်သရွေ့ အတူတကွ နေထိုင်ကြမယ်လို့ သန္နိဋ္ဌာန် ချမှတ်ထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ သမိုင်း တစ်လျှောက်မှာလဲ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေး၊ အမျိုးသား လွတ်လပ်ရေး ကြိုးပမ်းမှုများမှာသာမက၊ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများမှာလဲ တစ်ဦးနဲ့တစ်ဦး လက်တွဲ ဆောင်ရွက်ခဲ့တဲ့ အစဉ်အလာကောင်းများလဲ ရှိခဲ့ပါတယ်။

ဒါကြောင့် တိုင်းရင်းသား လူမျိုးများအရေးဟာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ရဲ့ အရေးကိစ္စ ဖြစ်တယ်ဆိုတဲ့ အချက်ကို ရည်ညွှန်း ဖော်ပြ လိုတဲ့ အတွက်ကြောင့် လည်း ကောင်း၊ ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားတဲ့ ဝိသေသ ဂုဏ်ရုပ် ဖြစ်ပြီး၊ တိုင်းရင်းသားလူမျိုးများဟာ၊ မခွဲမခွာဘဲ တပေါင်းတစည်းတည်း ကျစ်လျစ်ခိုင်မာစွာ ရပ်တည်နေတယ်ဆိုတဲ့သဘော သက်ရောက်ဖို့ အမျိုးသားရေး အနှစ်သာရရှိတဲ့ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးများ စုပေါင်း နေထိုင်ကြသည့် နိုင်ငံတစ်ခု ဖြစ်သည်ဆိုတဲ့ အချက်ကိုလည်း အခြေခံမူအဖြစ် ဖြည့်စွက်ချမှတ် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်က တင်ပြခဲ့တဲ့ အချက်များအရ နိုင်ငံတော်အခန်းတွင် အခြေခံမူများအဖြစ်—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာ တည်သည်၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်၊

(၅) ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်း နေထိုင်ကြသော နိုင်ငံဖြစ်သည်။

ဆိုတဲ့ အခြေခံမူ (၅)ချက်ကို ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ စာတမ်း ပထမပိုင်း ဖြစ်တဲ့ နိုင်ငံတော်အခန်း ခေါင်းစဉ်နဲ့ စပ်လျဉ်းတဲ့ အပိုင်းကို ကျွန်တော့်အနေနဲ့ တင်ပြ ဆွေးနွေးသွားပြီးတဲ့နောက် ဒုတိယပိုင်းဖြစ်တဲ့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ်နဲ့ စပ်လျဉ်းတဲ့ အပိုင်းကို ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်မှ ဦးကျော်ပန်းသာက ဆက်လက်တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အခမ်းအနားမှူး။** ဆက်လက်ပြီး ဦးကျော်ပန်းသာအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ပန်းသာ (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)။** သဘာပတိကြီး နှင့်တကွ ညီလာခံ ကိုယ်စားလှယ် ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးကျော်ပန်းသာ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနဲ့ စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက် စာတမ်းကို ဆက်လက် ဖတ်ကြား တင်ပြမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ နိုင်ငံတော် အခြေခံမူများ အဖြစ် သတ်မှတ်ရေး အတွက် အခြေခံရမယ့် မူများကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံအစည်းအဝေးမှာ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် မူများကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါတယ်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်း တည်ဆောက်သည်။

(၂) ရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခု အဖြစ် လည်းကောင်း၊ ရှိရင်းစွဲ (၇) ပြည်နယ်ကို ပြည်နယ် (State) (၇) ပြည်နယ် အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ် သည်။ ထို တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်။

(၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်။

(၄) တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ် တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ၊ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်း ဖြင့် ပြောင်းလဲသတ်မှတ်မည်။

(၅) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများ အနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့်တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ(Self Administered Areas) သတ်မှတ်ပေးရန် ဖြစ်သည်။

(၆) ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့်နယ်မြေ အကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။ ထိုသို့ သတ်မှတ် ပေးရေး အတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက် ပေးရန် ဖြစ်သည်။

(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း ချမှတ်ထားတဲ့ အခြေခံရမည့်မူတွေဟာ အဓိကကျတဲ့ အနှစ်သာရတွေကို ဖော်ဆောင်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်က တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ကိုယ်စား နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမည့် မူများ အတွင်းက ထပ်မံဖြည့်စွက် ဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးများအစုအဖွဲ့ဟာ နိုင်ငံတော်အတွက်ရေရှည်ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမည့် "နိုင်ငံတော် အခြေခံမူများ" ကို အညီအညွတ်ချမှတ်နိုင်ဖို့အတွက် တစ်ခြမ်းတည်းနေ၊ တစ်ရေတည်းသောက် တစ်ခါးတည်းသွားနေကြတဲ့ တိုင်းရင်းသား လူမျိုး ပေါင်းစုံတို့မှ ကိုယ်စားလှယ်ကြီးပေါင်း (၆၉၉) ဦး တက်ရောက်တဲ့ အမျိုးသား ညီလာခံကြီးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမည့်မူတွေကာ—

- ရှိရင်းစွဲ တိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခု အဖြစ် လည်းကောင်း၊ ရှိရင်းစွဲ(၇)ပြည်နယ်ကို ပြည်နယ် ( State) (၇) ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်ပြီး ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ်(၇)ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။
- ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ် တို့၏ အမည်များ ကို ရှိရင်းစွဲအတိုင်း ခေါ်ဆို သုံးနှုန်းသည်လို့ ချမှတ်ထားပါတယ်။

ဒါကြောင့် ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေနဲ့ အညီ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များကို အောက်ပါအတိုင်း ခေါ်ဝေါ် ပိုင်းခြား သတ်မှတ်ဖို့ အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြပါတယ်—

(၁) နိုင်ငံတော်ကို အောက်ပါအတိုင်း တိုင်းဒေသကြီး ( Region ) (၇) ခုနှင့် ပြည်နယ် (State )(၇) ပြည်နယ် ပြန်၍ ပိုင်းခြား သတ်မှတ်သည်—

- ကချင်ပြည်နယ်၊
- ကယားပြည်နယ်၊
- ကရင်ပြည်နယ်၊
- ချင်းပြည်နယ်၊
- စစ်ကိုင်းတိုင်း ဒေသကြီး၊
- တနင်္သာရီတိုင်း ဒေသကြီး၊
- ပဲခူးတိုင်း ဒေသကြီး၊
- မကွေးတိုင်း ဒေသကြီး၊
- မန္တလေးတိုင်း ဒေသကြီး၊
- မွန်ပြည်နယ်၊
- ရခိုင်ပြည်နယ်၊
- ရန်ကုန်တိုင်း ဒေသကြီး၊
- ရှမ်းပြည်နယ်၊
- ဧရာဝတီတိုင်း ဒေသကြီး။

(၂) တိုင်း ဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်။

**သဘာဝပတ်ဝန်းကျင်များ။** ကျွန်တော်တို့ တင်ပြဆွေးနွေးခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူတွေအနက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများအတွက် အောက်ပါ အတိုင်း အခြေခံရမယ့်မူတွေကို ချမှတ်ထားရှိပါတယ်—

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရှိပြီးဖြစ်သည့်တိုင်းရင်းသား လူမျိုးများမှအပ ကျန် တိုင်းရင်းသား လူမျိုးများ အနက် လျော်ကန်သင့်မြတ်သည့် လူဦးရေ ရှိပြီး နယ်မြေ ဆက်စပ် တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ( Self Administered Areas ) သတ်မှတ်ပေးရန် ဖြစ်သည်၊
- ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ( Self Administered Division )သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်

ခွင့်ရဒေသ ( Self Administered Zone ) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။

— ဤသတ်မှတ်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်း၍ ဆောင်ရွက် ပေးရန် ဖြစ်သည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့် စပ်လျဉ်းပြီး ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံစုံညီ အစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် နိုင်ငံတော်အခြေခံ မူများ ချမှတ်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက "တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး" နှင့် စပ်လျဉ်းပြီးတော့ ရှင်းလင်း ပြောကြား ရာမှာ "ယခုတင်ပြတဲ့ အခြေခံမူတွေကို ချမှတ် ကျင့်သုံးမယ်ဆိုရင် တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင် စီမံခန့်ခွဲလိုတဲ့ လိုအင်ဆန္ဒတွေကိုလည်း ဖြည့်ဆည်း ပေးနိုင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုထိရောက်စွာ အကောင်အထည် ဖော်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွဲ့စည်း တည်ဆောက် ရာမှာ စည်းလုံးညီညွတ်မှုကို ဦးတည်နိုင်ဖို့အတွက် နိုင်ငံတော်ကို ပိုင်းခြားဖွဲ့စည်းထားတဲ့ ဒေသအသီး သီးရဲ့ ဖွံ့ဖြိုးတိုးတက်မှု အနေအထား ကွာဟချက်ကို တတ်နိုင်သမျှ နည်းပါးအောင် ကြိုးပမ်း ဆောင် ရွက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဖွံ့ဖြိုးမှု နည်းပါးတဲ့ တိုင်းရင်းသားတွေ ဖွံ့ဖြိုး တိုးတက်လာစေဖို့ အလေးထားပြီး ဆောင်ရွက် ပေးရမှာ ဖြစ်ပါတယ်" လို့ ရှင်းလင်း ပြောကြားခဲ့ ချက်ကိုလည်း ကျွန်တော်တို့ အလေးထား စဉ်းစားခဲ့ ကြပါတယ်။

ဒါကြောင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သက် ဆိုင်ရာ တိုင်းရင်းသား လူဦးရေနဲ့ နယ်မြေတစ်ဆက် တစ်စပ်တည်း ရှိမှုအပေါ် အခြေပြု၍ လိုအပ်သလို သတ်မှတ်ပေးရန်ဖြစ်ကြောင်း အခြေခံရမယ့် မူများ ချမှတ်ထားတာနှင့်အညီ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖွဲ့စည်းပေးဖို့ အခြေအနေများ ရှိလာပါတယ်။

တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများအပြင် အခြား တိုင်းရင်း သားလူမျိုးများလည်း ရှိကြပါတယ်။ အချို့ တိုင်း ရင်းသားလူမျိုးများဟာ လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး၊ နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင်လျက်ရှိကြတာကို တွေ့ရပါ တယ်။ အဲဒီ တိုင်းရင်းသားများရဲ့လူဦးရေနဲ့ နယ်မြေ အကျယ်အဝန်းကို အခြေပြုပြီး ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရေး အတွက် အခြေခံရမည့်မူကို အမျိုးသား ညီလာခံကချမှတ်ပြီး ဖြစ်ပါတယ်။

ယခု ဆက်လက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို ဘယ်လိုခွဲခြား သတ်မှတ်သင့်တယ် ဆိုတာကို ဆက်လက် အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဟာ ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ က သတ်မှတ် ပေးထားတဲ့အတိုင်း ရရှိမှာ ဖြစ်တဲ့ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းမှာ ခရိုင်များနဲ့ မြို့နယ်လည်းရှိသင့်ကြောင်း အကြံပြု ဆွေးနွေးလို ပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဟာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လောက် အဆင့်မမြင့် သော်လည်း တိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာရှိတဲ့ ခရိုင် အဆင့်တွေထက် အဆင့်မြင့် သင့်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဟာ ဆိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဆင့်လောက် မမြင့်သော်လည်း ခရိုင် အဆင့်ထက်မနိမ့် သင့်ပါ။ ထိုဒေသမှာ တစ်စု တစ်စည်းတည်း နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ် ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေ သတ်မှတ်ရေး နဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် မူများ ချမှတ်ထားရမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးဖို့ရှိပါက နိုင်ငံတော်က ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးပြီး၊ လိုအပ်သလို ဆောင်ရွက် ပေးဖို့ အခြေခံ ရမယ့် မူကို ချမှတ်ထားပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးရေးအတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့ စည်း ဆောင်ရွက် ခြင်း ဟာ လုပ် ထုံး လုပ်နည်းပိုင်းနဲ့ သက်ဆိုင်တဲ့ကိစ္စ ဖြစ်ကြောင်း မိမိတို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေး တွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက် ဟာ ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံမှာ တညီ တညွတ်တည်း ရှိနေကြမှာ ဖြစ်ပါတယ် လို့ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးမှာ ရှင်းလင်း ပြောကြားသွားပါတယ်။

ကော်မရှင် (Commission) ဆိုတာ အလုပ်ဝတ္တရားဆောင်ရွက်ရန် တာဝန်လွှဲအပ်ခန့်ထားသည့် အဖွဲ့ဖြစ်ပါတယ်။ ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တဲ့ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကျွန်တော်တို့ အတွေ့အကြုံများ အရ တင်ပြရလျှင် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းသည် အချိန်ကြန့်ကြာတတ်ပြီး ကော်မရှင် အပေါ်လည်း အမျိုးမျိုးစွပ်စွဲ ပြစ်တင်ခြင်းများဖြစ်ပေါ်တတ်ပါတယ်။

ဒါကြောင့် သွေးချင်း သားချင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံးမှာ တာဝန်ရှိတဲ့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့် ရထိုက်တဲ့ တိုင်းရင်းသားများနဲ့ ပတ်သက်ပြီး ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရသင့်တယ်၊ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်တယ် ဆိုတာနဲ့၊ အဲဒီ ရသင့်တဲ့ တိုင်းရင်းသားတွေအတွက် ဘယ်နေရာ၊ ဘယ်ဒေသတွေမှာ သတ်မှတ် ပေးသင့်တယ် ဆိုတာကို နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမယ့် အစား ကျွန်တော်တို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများက ဆွေးနွေး ညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ် ပေးသင့်ပါကြောင်း အကြံပြုတင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား။** အဲဒီလို တိုင်း ရင်းသားလူမျိုးပေါင်းစုံပါဝင်တဲ့ ကျွန်တော်တို့ အမျိုးသားညီလာခံကြီးက တစ်ပါတည်းသတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားများ ဟာ ကြည်နူး ဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများမှ အပ အခြားတိုင်းရင်းသား လူမျိုးများ အနက် ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးများအတွက် ဘယ် တိုင်း ဒေသကြီး၊ သို့မဟုတ် ဘယ်ပြည်နယ်အတွင်း ဘယ်နေရာများမှာ

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများကို အမျိုးသား ညီလာခံကြီးက တစ်ပါတည်း သတ်မှတ်ပေးဖို့ နိုင်ငံတော် အခြေခံမူ အနေဖြင့် သတ်မှတ် သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဒီ ကိစ္စ ဟာ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများကသာ၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ ချမှတ်ထားတဲ့ အခြေခံရမယ့် မူများနဲ့ ညီညွတ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တင်ပြတောင်းဆိုသင့်ကြပါတယ်။တိုင်းရင်းသားလူမျိုးများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမှာလည်း ဖြစ်ပါတယ်။

သို့သော်လည်းမြန်မာ့ဆိုရိုးစကားမှာ "အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ဆိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင် ခက်ခဲတဲ့ အမျိုး" ဆိုတဲ့စကား ရှိပါတယ်။ "အစကောင်းမှ အနှောင်းသေချာ" ဆိုတဲ့စကားလည်း ရှိပါတယ်။

အမျိုးသားညီလာခံကြီးက သတ်မှတ် ပေးလိုက်ခြင်းများ ဟာ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ ကိုက်ညီပြီး တိကျမှန်ကန်စေလိုတဲ့ စိတ်ရင်းစေတနာ ကျွန်တော်တို့ အားလုံးမှာ ရှိနေကြပါတယ်။ ဒါဟာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံကြီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ၊ နိုင်ငံတော် သမ္မတတိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေ သတ်မှတ်နိုင်ရေးတို့ အတွက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များက ဖြည့်စွက် အကြံပြု ဆွေးနွေးကြသည်များကို ကောက်နုတ်တင်ပြလိုပါတယ်—

— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများသတ်မှတ်ပေးသည့်အခါ လက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ မြို့တော်များကို ချန်လှပ်ထားသင့်ကြောင်း၊

— ကိုယ်ပိုင် အုပ်ချုပ် ခွင့် ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို မည်သည့်နေရာ၊ မည်သည့်ဒေသ တွေမှာ ပိုင်းခြား သတ်မှတ်ပေးသင့်ကြောင်း၊ အမျိုးသား ညီလာခံကြီးက အဆုံးအဖြတ် ပေးနိုင်ရန် အတွက် အမျိုးသားညီလာခံ ကျင်းပနေစဉ် အတွင်းမှာပင် နိုင်ငံတော်က ကော်မရှင် တစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်သင့်ကြောင်း၊

— ကိုယ် ပိုင် အုပ် ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေသ သတ် မှတ်ပေးမည်ဆိုပါက နယ်မြေအကျယ်အဝန်းနှင့် ပတ်သက်၍ အမျိုး သား ညီ လာ ခံ ကြီးက ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားညီလာခံ ကျင်းပနေစဉ်အတွင်း ကော်မရှင်တစ်ရပ် ဖွဲ့ စည်း ပြီး အသေးစိတ် အဘက်ဘက်က လေ့လာ သုံးသပ်ပြီး ဆောင်ရွက်သွားသင့်ကြောင်း၊

— တိုင်း ဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်ရန်ကိစ္စတွင် တိုင်းရင်းသားစစ်စစ်များ ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်သင့်ကြောင်း။

သဘာပတိကြီး ခင်ဗျား။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် နိုင်ငံတော် သမ္မတအုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်ပေးရန် သီးခြားစီ တင်ပြကြတဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ရှိပါတယ်။ အဲဒီ ကိုယ်စားလှယ်များ ဟာ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးများအစုအဖွဲ့က တင်ပြသည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲအခန်းများနှင့် ပတ်သက်တဲ့ သတ်မှတ်သင့်သော နိုင်ငံတော်

အခြေခံမူများကို သဘောတူညီကြပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မရရှိသေးသည့် တိုင်းရင်းသားလူမျိုးများ အနေဖြင့် သီးခြားအကြံပြုချက်များကို တင်ပြကြခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများအစုအဖွဲ့ အနေနဲ့လည်း သွေးချင်းသားချင်း ညီနောင်တိုင်းရင်းသားများ၏ တင်ပြချက်များသည် သတ်မှတ်ထားတဲ့ အခြေခံရမယ့် မူများနှင့် ညီညွတ်ပါက အပြည့်အဝ ထောက်ခံ လို သည့် ဆန္ဒများ ရှိကြပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသား လူမျိုးများ၏ အောက်ပါ တင်ပြချက်များကို အမျိုးသားညီလာခံကျင်းပရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၂)နှင့် အညီ တိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ် အစုအဖွဲ့၊ သဘာပတိအဖွဲ့ မှတစ်ဆင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြခွင့် ပြုသင့်ပါတယ်—

(၁) နာဂ တောင်တန်း ဒေသကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ် ပေးရန်၊

(၂) ပအိုဝ်း တိုင်းရင်းသားများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ်ပေးရန်၊

(၃) ဓနုတိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ်ပေးရန်၊

(၄) တအာင်း (ပလောင်) တိုင်းရင်းသားများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ် ပေးရန်၊

(၅) ကိုးကန့် တိုင်းရင်းသားများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ်ပေးရန်၊

(၆) အခါ တိုင်း ရင်း သား များ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ်ပေးရန်၊

(၇) ကယန်း တိုင်းရင်းသားများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ် ပေးရန်၊

(၈) ပင်လုံ မြို့ကို ပင်လုံမြို့နယ်အဆင့် တိုးမြှင့်ပြီး နိုင်ငံတော် သမ္မတ အုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်ပေးရန်၊

(၉) အင်းလေးဒေသကို အင်းသားလူမျိုးများရဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ အထူးဒေသအဖြစ် သို့မဟုတ် နိုင်ငံတော်မှ တိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ပေးရန်၊

(၁၀) "ဝ" တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ်ပေးရန်၊

(၁၁) "ပလက်ဝ" နယ်အား ပလက်ဝ တောင်တန်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ်ပေးရန်၊

(၁၂) ကချင်ပြည်နယ် တိုင်းရင်းသား ကိုယ်စားလှယ် (၄) ဦးတို့၏ တင်ပြချက်—
— အခြားသီးခြား စာတမ်းများ တင်ပြကြခြင်းများ၊

(၁၃) ရှမ်း ပြည် နယ် ရှမ်း တိုင်း ရင်း သား ကိုယ်စားလှယ် (၈) ဦး၏ သီးခြားအကြံပြုချက် စာတမ်း၊

(၁၄) ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်မှ ကချင်တိုင်းရင်းသား ကိုယ်စားလှယ် ဦးဇုတ်ဒေါင် တို့ ဖြစ်ကြပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းများ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ အပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဘယ်လိုစုစည်းမယ်ဆိုတာကို နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအတွက် အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် အကြံပြုဆွေးနွေးပါမယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်ကို ဖွဲ့စည်းရာမှာ ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊ ရပ်ကွက်များကို မြို့အဖြစ် လည်းကောင်း၊ ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်များ အဖြစ် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းများကို နိုင်ငံတော် အဖြစ် လည်းကောင်း စုစည်းခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော် ပြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်အာဏာကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့် အချိန်မှစ၍၊ နိုင်ငံတော် အဖွဲ့အစည်းများအနေနဲ့ ဆက်သွယ်မှု လမ်းကြောင်း လွယ်ကူလျင်မြန်စေဖို့နဲ့ နိုင်ငံတော်၏ လုပ်ငန်းအဆင့်ဆင့်ကို အနီးကပ်ကြီးကြပ်နိုင်စေဖို့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ် သို့မဟုတ် တိုင်း အဆင့် တို့ကို သတ်မှတ်ထားရှိ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။

ယခု ကျွန်တော်တို့ ဆွေးနွေးတဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ နိုင်ငံတော်ကို ဘယ်လိုစုစည်းမလဲ၊ စုစည်းရာတွင် အခြေခံရမယ့် မူများကို ဘယ်လိုချမှတ်သင့်သလဲ ဆိုတာကို အကြံပြု တင်ပြပါမယ်။

နိုင်ငံတော်ကို စုစည်းရာတွင်—

- ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ် လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် လည်းကောင်း၊
- ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊
- မြို့နယ်များကို ခရိုင်အဖြစ် လည်းကောင်း၊
- ခရိုင်များကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် လည်းကောင်း၊
- တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အဖြစ် လည်းကောင်း၊
- တိုင်း ဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း၊

နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာတွင် စုစည်းရန် အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့မှ ချင်းအမျိုးသား ကိုယ်စားလှယ် ဦးဟရန်လွင်းက ခရိုင်အဆင့်များကို သင့်တော်တဲ့ ဒေသများတွင် တိုးချဲ့ဖွဲ့စည်း ပေးသင့်ကြောင်း ဖြည့်စွက် အကြံပြုထားပါတယ်။

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရာမှာ အခြေခံရမည့်မူအဖြစ် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" လို့ ချမှတ်ထားခဲ့ ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုး တွေဟာ သမိုင်းဦးကာလကစပြီး အေးအတူပူအမျှ၊ မရှိအတူ ရှိအတူ စည်းလုံးညီညွတ်စွာနဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း နေထိုင်လာခဲ့ကြတဲ့အတွက် ဒီကနေ့

ကျွန်တော်တို့ တိုင်းရင်းသားများအားလုံး မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲလာတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နောင်ကိုလည်း နှစ်ပေါင်းများစွာကမ္ဘာတည်သရွေ့ ဆက်လက် တည်တံ့ ခိုင်မြဲစေရန်အတွက် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော် နယ်မြေ အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" လို့ ချမှတ်ထားတဲ့ အခြေခံရမည့်မူကို ထပ်မံထည့်သွင်း ဖော်ပြသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာဝပထဝီကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ အခြေခံရမည့်မူများ ဆွေးနွေးအကြံပြုရာမှာ ကျွန်တော်တို့ဟာ မိမိတို့နိုင်ငံရဲ့ တော၊ တောင်၊ ရေ၊ မြေ၊ သဘာဝ၊ မိမိနိုင်ငံ ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်း၊ မိမိနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေ ရှိနိုင်သမျှရှိအောင် အကြံပြုတင်ပြမှာ ဖြစ်ပါတယ်။ အခြေအနေ အရပ်ရပ်နဲ့ လိုက်လျောညီထွေရှိအောင်—

(၁) နိုင်ငံတော် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ် လာနိုင်ပါတယ်၊

(၂) တိုင်း ဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်း ပေါ်ပေါက် လာနိုင်ပါတယ်၊

(၃) တိုင်း ဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာ ရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နဲ့မြို့နယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက် လာနိုင်ပါတယ်။

အဲဒီ ပေါ်ပေါက်လာနိုင်တဲ့ နယ်နိမိတ်များ ပြုပြင်ပြောင်းလဲဖို့ အခြေအနေတွေ ပေါ်ပေါက်လာရင် ဘယ်လိုဆောင်ရွက်သင့်တယ် ဆိုတာတွေကို ဆက်လက်ပြီး ဆွေးနွေး အကြံပြု တင်ပြပါမယ်။ နယ်နိမိတ်များ ပြုပြင်ပြောင်းလဲရေး ကိစ္စများ ပေါ်ပေါက်လာပါက၊ နိုင်ငံတော် အကျိုးကိုသာ ရှေးရှုပြီး စဉ်းစားဆောင်ရွက် သင့်ပါတယ်။ နိုင်ငံတော်အကျိုးကို ထိခိုက်မည့် ကိစ္စဆိုလျှင် လုံးဝ မစဉ်းစားသင့်ကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။

**သဘာဝပထဝီကြီးခင်ဗျား။** နိုင်ငံတော် အကျိုးကို ရှေးရှုပြီး နယ်နိမိတ်များ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာပါက ဘယ်လိုဆောင်ရွက် သင့်ကြောင်းကိုအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေနဲ့ အဘက်ဘက်က လေ့လာထားချက်များ အပေါ်မူတည်ပြီးအကြံပြု တင်ပြချက်များကိုလည်း ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က အလေးထားပြီး စဉ်းစားဆွေးနွေးခဲ့ ကြပါတယ်။

နယ်နိမိတ်များ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာလျှင် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးအကြံပြုရာမှာဥပဒေပြုရေး ခေါင်းစဉ်မှာချမှတ်ထားခဲ့ပြီးဖြစ်တဲ့ အခြေခံရမည့်မူ အချို့ကိုလည်း ထည့်သွင်းစဉ်းစားရန် ရှိလာပါတယ်။ ပြည်ထောင်စုလွှတ်တော်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်တွင် လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ တိုင်း ဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ ပေါင်းလွှတ်တော် နှစ်ရပ်ပါရှိသည်ဟု အခြေခံရမည့်မူကို သတ်မှတ်ထားခဲ့ ပါတယ်။ ပြည်ထောင်စု

လွှတ်တော်က လွှတ်တော်တွေမှာ လွှတ်တော်များ၏ ထုံးတမ်း စဉ်လာများနှင့် အညီ ဦးဆောင်မည့် အကြီးအကဲများရှိမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်ပါက နိုင်ငံတော် သမ္မတက၊ ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်၏ သဘောထားကို ရယူပေးပါရန် ပထမဦးစွာ အကြောင်းကြားသင့်ပါတယ်။

အဲဒီနောက် နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်က အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို ရယူသင့်ပါတယ်—

(၁) တိုင်း ဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ၊

(၂) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ် များရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ၊

(၃) အထက်တွင် ဖော်ပြခဲ့သည့် လွှတ်တော် နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံး‌ဝင်သည့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ် များရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ၊

အထက်ပါအတိုင်း သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ထောက်ခံ ဆန္ဒမဲ အသီးသီးရရှိပြီးမှသာ နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို နိုင်ငံတော် သမ္မတက ပြင်ဆင် သတ်မှတ်ပေးရေးအတွက် အခြေခံရမည့်မူ ချမှတ် သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

အထက်ပါအတိုင်း သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ အဲဒီ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ် ပြင်ဆင်ရေးနဲ့ စပ်လျဉ်းပြီး၊ သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောထားကို ရယူဆောင်ရွက်ဖို့နဲ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံသုံးပုံနဲ့ အထက်က ထောက်ခံလျှင် နိုင်ငံတော်သမ္မတက နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးရေးအတွက် အခြေခံရမည့်မူ ချမှတ် သင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား ။** တိုင်း ဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်း ပေါ်ပေါက်လာပါက မည်ကဲ့သို့ ဆောင်ရွက်သင့်ကြောင်းကို ဆက်လက်ဆွေးနွေး တင်ပြပါမယ်။

တိုင်း ဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့အကြောင်း ပေါ်ပေါက်လာပါက အဲဒီ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူသင့်ပါတယ်။ အဲဒီလို ရယူတဲ့အခါမှာ အဲဒီ နယ်မြေအတွင်း နေထိုင်ကြတဲ့ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ မရလျှင် အဲဒီ နယ်နိမိတ် ပြင်ဆင် သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်း လုံးဝ မပြုဖို့ အကြံပြုတင်ပြအပ်ပါတယ်။

အကယ်၍ အဲဒီ နယ်မြေအတွင်း နေထိုင်ကြတဲ့ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း၊ ထောက်ခံ ဆန္ဒမဲ ပေးလျှင် အဲဒီ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် များ၏ ဆန္ဒ ရယူသင့် ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံး ပုံနှင့် အထက် ထောက်ခံဆန္ဒမဲရရှိလျှင် ပြည်ထောင် စုလွှတ်တော်၏ သဘောတူညီချက်ကို ရယူပြီး နိုင်ငံ တော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်နယ်၏ နယ်နိမိတ်ကို ပြင် ဆင် သတ် မှတ် ရေး အတွက် အခြေခံရမည့်မူ ချ မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အကယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ဖို့ သဘောမတူကြောင်းဆုံးဖြတ်လျှင် ပြည် ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဖို့ ဖြစ် ပါတယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ လေးပုံသုံးပုံနှင့် အထက်က နယ် နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲ ပေး လျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မ ဟုတ်ပြည်နယ်၏နယ်နိမိတ်ကို လိုအပ်သလိုပြင်ဆင်ပေး ရေးအတွက် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** သက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းမှာ ရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ ခရိုင်နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်း ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ် ပေါက်လာနိုင်စရာအကြောင်း ရှိပါတယ်။ အဲဒီလို ပေါ်ပေါက်လာပါက ဘယ်လိုဆောင်ရွက်ရမယ်ဆို တဲ့ နည်းလမ်းများနဲ့ စပ်လျဉ်းပြီး အကြံပြုတင်ပြ လိုပါတယ်။ အဲဒီလို နယ်နိမိတ်များကို ပြင်ဆင် ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည် ပြောင်း လဲ ခြင်းများဟာ ဒေသဆိုင်ရာကိစ္စ သက်သက်သာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလို နယ်နိမိတ်ပြင်ဆင် ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည် ပြောင်း လဲ ခြင်းများ ပြုလုပ်ဖို့ အကြောင်းပေါ်ပေါက်လာပါ က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည် နယ်အုပ်ချုပ်ရေး အာဏာပိုင်ကနိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြပြီး နိုင်ငံတော် သမ္မတက လိုအပ် သလို ဆောင်ရွက်နိုင်ရေးအတွက် အခြေခံရမည့်မူကို ချမှတ် သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါ တယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်၏ အမည်ကို ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းနေထိုင်ကြတဲ့ နိုင်ငံသား များ၏ ဆန္ဒရယူပြီး ဥပဒေပြဌာန်း ခြင်း ဖြင့် ပြောင်းလဲ သတ်မှတ်နိုင်ကြောင်း အခြေခံရမည့် မူ ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ အခြေခံရမည့် မူ အတိုင်းပဲ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း မှာ ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့ မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ အမည် ကို ပြောင်းလဲသတ်မှတ်ဖို့ ရှိလာလျှင် အထက်ပါ နည်း လမ်း အတိုင်း ဆောင် ရွက် နိုင်ရေးအတွက် အခြေခံရမည့်မူကို ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းမှာပဲ နိုင်ငံတော်၏ မြို့တော် နဲ့ ပတ်သက်ပြီး ဆွေးနွေး အကြံပြု တင်ပြလိုပါ တယ်။ နိုင်ငံတော်၏ မြို့တော် ဟာ ပြည်ထောင်စု နိုင်ငံတော် တစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ အတွက် မည် သည့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ် ချုပ်မှု အောက်တွင်မှ မပါဝင်စေဘဲ သီးခြား အုပ် ချုပ်သည့်နယ်မြေဒေသအဖြစ် ထားရှိသင့်ကြောင်း အကြံပြု တင်ပြလိုပါတယ်။ နိုင်ငံတော်ကို တိုင်း

ဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ပြည်နယ် တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် အခြေခံရမည့်မူကို ချမှတ်ပြီးဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ရဲ့ မြို့တော်ကို မည်သည့်တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်မှုအောက်တွင်မှ မပါဝင်စေဘဲ သီးခြားအုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သင့်ကြောင်းကို အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

နိုင်ငံတော်ရဲ့မြို့တော်ကို နိုင်ငံတော်အလံအထိမ်းအမှတ် တံဆိပ်၊ သီချင်းနဲ့ မြို့တော်အခန်းရောက်မှ ဆွေးနွေးရန် ဖြစ်သော်လည်းအထက်မှာ တင်ပြခဲ့တဲ့ အကြောင်းတွေကြောင့် နိုင်ငံတော်ရဲ့ မြို့တော်သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အခန်းမှာပဲ ဆက်လက်ဆွေးနွေး အကြံပြု တင်ပြပါမယ်။

နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့ နိုင်ငံများမှာ ယင်း မြို့တော်များကို သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက် အုပ်ချုပ်လေ့ရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာလည်း ဗဟိုအစိုးရ ရုံးစိုက်တဲ့ ရန်ကုန်မြို့ကိုပဲ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ကြမည် ဆိုရင် ရန်ကုန်မြို့တော်ကို ရန်ကုန်တိုင်း ဒေသကြီးရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ မထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်ရေး အတွက် အခြေခံရမည့် မူ ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား**။ ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမည် ဆိုပါက ရန်ကုန်မြို့တော်နဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများ အတွက်လည်း သက်ဆိုင်ရာ အခန်းများကို ဆွေးနွေးတဲ့အခါ မည်သို့မည်ပုံ ဆောင်ရွက်သင့်တယ် ဆိုတာ ဆွေးနွေးပြီးအခြေခံရမည့်မူများကို ချမှတ်ပေးဖို့ရှိလာမည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးအကြံပြုလိုပါတယ်။

ဒါ့အပြင် ထူးခြားတဲ့ အခြေအနေရှိတဲ့ ကိုကိုးကျွန်း မြို့နယ် ကဲ့ သို့ သော ဒေသ တွေ ကို လည်း ပြည်ထောင်စု နယ်မြေအဖြစ်သတ်မှတ်ပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာထားရှိရေး အတွက် အခြေခံရမည့် မူ ချမှတ် သင့်ပါကြောင်းကိုလည်း အကြံပြု တင်ပြအပ်ပါတယ်။

နောင်မှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေရှိတဲ့ ဒေသများကို လိုအပ်ရင် ဥပဒေပြဋ္ဌာန်းပြီး သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ရှိတဲ့ ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမည့် မူ ချမှတ်သင့်ပါကြောင်းကိုလည်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား**။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ တင်ပြလိုပြီးပါပြီ။ ယခုဆက်လက်ပြီး နိုင်ငံတော် အကြီးအကဲ အခန်းအတွက် မကွေးတိုင်း ရေနံချောင်းမြို့နယ်မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဦးသန်းရွှေက ဆက်လက် တင်ပြပါလိမ့်မယ် ခင်ဗျား။

(သြဘာသံများ)

**ဦးသန်းရွှေ(တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)**။ သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ရေနံချောင်း မြို့နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးသန်းရွှေ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းတို့နှင့် စပ်လျဉ်းပြီး အသေးစိတ်ဆွေးနွေးအကြံပြု တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အခုဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ အခန်းနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြု တင်ပြမှာဖြစ်ပါတယ်။ အခန်းအလိုက် ခေါင်းစဉ်တွေနဲ့ စပ်လျဉ်းလို့ နိုင်ငံတော်အခြေခံမူများကို သတ်မှတ်ရာမှာ နိုင်ငံတော်အကြီးအကဲနှင့် ပတ်သက်ပြီး ချမှတ်တဲ့ အခြေခံမူများ ဟာ——

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော် သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ် တင်မြှောက်သည်

လို့ ချမှတ်ဖော်ပြခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၅) ပုဒ်မ ၄၅ တွင် နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် နေရာကို ရရှိရမည်။ ထို့ပြင် ဤအခြေခံ ဥပဒေနှင့် တရားဥပဒေတို့က အပ်နှင်းသော အာဏာနှင့် အလုပ်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်ဟု ဖော်ပြ ထားပါတယ်။ အလားတူ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော်ဒုတိယသမ္မတဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်ဟု ပြဋ္ဌာန်း ဖော်ပြပါရှိပါတယ်။ နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌဖြစ်တဲ့ အားလျော်စွာ နိုင်ငံတော်ကောင်စီရဲ့ စုပေါင်းဆုံးဖြတ်ချက်အရသာ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်ရှိပေသည်ဟု ပြဋ္ဌာန်း ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတဟာ အချို့နိုင်ငံတွေမှာ နိုင်ငံတော်ရဲ့ကျက်သရေဆောင်ပုဂ္ဂိုလ်သာ ဖြစ်ကြပါတယ်။ အချို့နိုင်ငံတွေမှာတော့နိုင်ငံတော်သမ္မတများဟာ အုပ်ချုပ်ရေး အကြီးအကဲတွေဖြစ်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ နိုင်ငံတော်အကြီးအကဲနဲ့ ပတ်သက်လို့ချမှတ်ထားတဲ့ အခြေခံမူအရဆိုရင် နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေးအာဏာ အပြည့်အဝကျင့်သုံးနိုင်မယ့်သမ္မတဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့တံခွန်သဖွယ်ဖြစ်ပြီး နိုင်ငံတော်သူ နိုင်ငံတော်သား များရဲ့ အားကိုးအားထားရာ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်ရပါမယ်။ တစ်နည်း အားဖြင့်ဆိုရင် နိုင်ငံတော်ကြီးပွားတိုးတက်ဖို့အရှိန်အဟုန်မြှင့်တင်ပြီး ပိုင်ပိုင်နိုင်နိုင် အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်မယ့်စနစ်ဟာ သမ္မတအုပ်ချုပ်တဲ့စနစ်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတဟာ နိုင်ငံနဲ့ နိုင်ငံသားများရဲ့ အကျိုးကိုပဲဇောက်ချပြီး ရဲရဲပြတ်သားစွာ ဆောင်ရွက်နိုင်မယ့် အခြေအနေ အပြည့်အဝရှိတဲ့ နိုင်ငံတော်သူ နိုင်ငံတော်သားများရဲ့အားကိုးအားထားရမယ့်အမျိုးသားခေါင်းဆောင်ကြီးပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ၁၉၈၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က "ယနေ့စီးပွားရေးအရရော၊ နိုင်ငံရေးအရပါ တိုးတက်မှု အရှိန်အဟုန်ရနေတဲ့ နိုင်ငံကြီးတွေက နိုင်ငံခေါင်းဆောင်များရဲ့ လုပ်ပိုင်ခွင့်နဲ့ အာဏာအပြည့်အဝရှိတာမျိုးကို လိုလားသင့်တယ်လို့ ယူဆပါတယ်" လို့ ထည့်သွင်း မိန့်ကြားခဲ့ပါတယ်။ တစ်ဖန် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံကြီးမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက "နိုင်ငံတကာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအစရှိတဲ့ ထူးခြားတဲ့ဖြစ်စဉ်တွေဟာ မိနစ်၊ နာရီမဆိုင်း အလျင်အမြန် ဖြစ်ပျက် ပြောင်းလဲနေပါတယ်။ မိမိတို့ နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရာမှာလဲ နိုင်ငံ တကာရဲ့

အပြောင်းအလဲတွေနဲ့ ယှဉ်ပြီး မိမိနိုင်ငံ အကျိုး အတွက် သွက်လက် ထက်မြက်တဲ့ အုပ်ချုပ်ရေး ယန္တရားဟာ အမှန်ပဲ လိုအပ်နေပြီ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ၊ ပိုင်နက်မြေ၊ ပိုင်နက်ရေ၊ ပိုင်နက် လေကို ကာကွယ်စောင့်ရှောက်ရေး၊ မိမိနိုင်ငံတော်ရဲ့ အကျိုးစီးပွားတွေနဲ့ ဂုဏ်သိက္ခာကိုထိပါးမှုအလျှင်း မခံရရေးအတွက် အနာဂတ်ကာလအုပ်ချုပ်ရေးစနစ် ဟာ ခေတ်မီပြီး သွက်လက်ထက်မြက်ဖို့ လိုအပ်ပါ တယ်။ နိုင်ငံတော်သမ္မတဦးစီးဦးဆောင်ပြုတဲ့ နိုင်ငံ တကာ အခြေအနေနဲ့ ထင်ဟပ်ပြီး နိုင်ငံတော်ကို ကာကွယ်နိုင်ဖို့အထူးပဲလိုအပ်တာကြောင့်ကျွန်တော် တို့ တပ်မတော်သား ကိုယ်စားလှယ် များဟာလဲ နိုင်ငံတော်သမ္မတ ရွေးချယ်ရေးမှာ ကျွန်တော်တို့နဲ့ ထိုက်သင့်တဲ့ တာဝန်တွေကို ခံယူပြီး စွမ်းစွမ်းတမံ ကူညီ ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်'' လို့ မိန့်ကြားခဲ့ပါတယ်။

ဒီအယူအဆဟာ မှန်ကန်သင့်မြတ်တဲ့ အယူအဆ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်အုပ်ချုပ်တဲ့ စနစ်ကြောင့် နိုင်ငံ့ရေးမတည်မငြိမ်ဖြစ်ပြီး စီးပွားရေး၊ လူမှုရေး တွေပါ ထိခိုက်ရတဲ့ အိမ်နီးချင်း၊ အိမ်ဝေးချင်း နိုင်ငံတွေအကြောင်း မသင့်လျော်လို့ ထည့်သွင်း ရည်ညွှန်းသုံးသပ် ပြောကြားခြင်း မပြုတာဘဲဖြစ် မယ်လို့ ယူဆပါတယ်။

**သဘာပတိကြီး ခင်ဗျား။** မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးကို တာဝန်ခံ ဦးဆောင်မှု ပြုရမယ့် နိုင်ငံ့အကြီးအကဲလည်းဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ ပတ်သက်လို့ ဘယ်လိုအရည်အချင်း ရှိစေချင်တယ်၊ အဲဒီသမ္မတကြီးရရှိဖို့ ဘယ်လိုရွေးချယ် တင်မြှောက် ရမှာကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ နိုင်ငံ တော်မှာ အလွန်အရေးကြီးတဲ့ ရာထူးတာဝန်တွေ ကို ထမ်းဆောင်မယ့်ပုဂ္ဂိုလ်ကို သေသေချာချာ စိစစ်ရွေးချယ်နိုင်ရေးအတွက် လိုအပ်တဲ့ အရည် အချင်းများကို ပြည့်ပြည့်စုံစုံ တိတိကျကျသတ်မှတ် ပေးဖို့ လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အကြီးအကဲဟာ နိုင်ငံ တော်သမ္မတဖြစ်ကြောင်း အခြေခံရမယ့် မူအဖြစ် သတ်မှတ်ထားခြင်းအပြင်—

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ် စားပြုကြောင်း၊
— နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံးရဲ့ အမျိုးသားခေါင်းဆောင် ဖြစ်ကြောင်း၊
— နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံ သားအားလုံးရဲ့ အထွတ်အထိပ်နေရာ ရရှိ ကြောင်း

ကိုလည်း အခြေခံရမယ့်မူအဖြစ် သတ်မှတ်သင့်ပါ ကြောင်း အကြံပြုအပ်ပါတယ်။

နိုင်ငံတော် သမ္မတမှာ ရှိသင့်ရှိအပ်တဲ့ အရည် အချင်းများနဲ့ စပ်လျဉ်းပြီး ဆက်လက် အကြံပြု တင်ပြလိုပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော် ရဲ့ အမျိုးသားခေါင်းဆောင် ဖြစ်တဲ့အားလျော်စွာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတော် တိုးတက်ကြီးပွား ရေးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ့် ပုဂ္ဂိုလ် ဖြစ်သင့်ပါတယ်။ ဒီလိုစွမ်းစွမ်းတမံ ဆောင်ရွက်ဖို့ အတွက် နိုင်ငံတော်သမ္မတဟာ နိုင်ငံရေး၊ အုပ်ချုပ် ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်အရေး အရာများနဲ့ စပ်လျဉ်းပြီး ကျွမ်းကျင် ထိရောက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်ဖို့ လိုအပ် ပါတယ်။ ဒါကြောင့် အဲဒီ အရည်အချင်းကိုလဲ နိုင်ငံတော် သမ္မတတစ်ဦးမှာရှိသင့်တဲ့ အရည်အချင်း အဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြ အပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ဦးဆောင်မှုပေးမယ့် ပုဂ္ဂိုလ်ဖြစ်တဲ့ အားလျော်စွာ အထူးသဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်

သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများ အပေါ် သစ္စာရှိသူ ဖြစ်ရမယ်ဆိုတဲ့ အရည်အချင်းတစ်ရပ်ကိုလည်း သတ်မှတ်ရေး အတွက် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် သမ္မတအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ နိုင်ငံတော်အတွင်း နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမယ်ဖြစ်ကြောင်းကို နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အတိအလင်း ဖော်ပြပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၅)၊ ပုဒ်မ ၄၉(က)မှာ "နိုင်ငံတော် သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘနှစ်ပါးသော် လည်းကောင်း ပြည်ထောင်စု နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားခဲ့၍ ပြည်ထောင်စု နိုင်ငံသားလည်း ဖြစ်သည်" ဟူ၍ ဖော်ပြထားပါတယ်။ နောက်ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းရင်းသားမိဘနှစ်ပါးစလုံးမှ မွေးဖွားသူ အားလုံးသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားတိုင်း၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ် တင်မြှောက်ခံပိုင်ခွင့် တူညီစွာရှိသည်။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော် ကောင်စီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ရွေးချယ် တင်မြှောက် ဖွဲ့စည်းရမည်။ နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော် သမ္မတ ဖြစ်သည်။ နိုင်ငံတော် ကောင်စီ ဒုတိယ ဥက္ကဋ္ဌသည် နိုင်ငံတော် ဒုတိယ သမ္မတဖြစ်သည်ဟူ၍ ပြဋ္ဌာန်းဖော်ပြ ထားပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ နိုင်ငံတော်အတွင်း နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည် ဖြစ်ကြောင်းကို နိုင်ငံအတော် များများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ အတိအလင်း ဖော်ပြထားတာ တွေ့ရတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလဲ နိုင်ငံတော် သမ္မတရဲ့ နိုင်ငံသား ဖြစ်မှုနှင့် စပ်လျဉ်းလို့ "နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏အာဏာ ပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်"လို့ အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတရဲ့ အသက်ကန့်သတ်ချက်နဲ့ စပ်လျဉ်းလို့ ဆက်လက်တင်ပြ ဆွေးနွေးအကြံပြုပါမယ်။ နိုင်ငံတော်သမ္မတဟာ မိမိနိုင်ငံရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ စစ်ရေး အတွေ့အကြုံများ ကြွယ်ဝသူ ဖြစ်သင့်လို့ နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက်ခြင်း ခံရသူဟာ အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်သင့်တယ်လို့ ယူဆပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ နိုင်ငံတော်သမ္မတဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ စစ်ရေးအတွေ့အကြုံများ ကြွယ်ဝသူသာ ဖြစ်သင့်လို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူဟာ အနည်းဆုံး အသက် ၄၅ နှစ် ရှိသင့်တာကြောင့် ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူရဲ့ အသက်ကို အနည်းဆုံး ၄၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်လို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြ ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော် သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အရည် အချင်း များ အပြင် နိုင်ငံတော်သမ္မတအတွက် သီးခြား သတ်မှတ်ထားတဲ့ အရည်အချင်း များနဲ့ လည်း ပြည့်စုံသူ ဖြစ်သင့်ကြောင်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၅)ပုဒ်မ ၄၉(ခ)မှာ "ပါလီမန် အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံနိုင်သည့် အရည်

အချင်းနှင့် ပြည့်စုံသည်သည်းဖြစ်သော ပုဂ္ဂိုလ်မျိုး မဟုတ်လျှင် မည်သူမျှ နိုင်ငံတော်သမ္မတ ရာထူး အတွက် ရွေးကောက်ခြင်း ခံနိုင်ခွင့်မရှိစေရ'' ဟု ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ ''ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ် ထားသော အရည်အချင်းများအပြင် နိုင်ငံတော် သမ္မတအတွက် သီးခြား သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်'' လို့ နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းတစ်ရပ်အဖြစ် သတ်မှတ်ရေး အတွက် အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက် ပြီး တင်ပြရရင် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသူဟာ မိမိတိုင်းပြည်တွင် တစ်ဆက်တည်း အချိန်ကာလ မည်မျှအထိ နေထိုင်ရမည်ကို အချို့နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင်နဲ့ နိုင်ငံတော်ရဲ့ အကြီးအကဲဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများအရေးစတဲ့ အရေးအရာတွေကို အဆက်မပြတ် သိရှိနေဖို့ လိုအပ်ပါတယ်။ သို့မှသာ နိုင်ငံတော်ကို ဦးဆောင်မှုပေးရာမှာ ထိရောက်မှုရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရတဲ့အချိန်နဲ့ တစ်ဆက်တည်း အနည်းဆုံး အနှစ် (၂၀) နိုင်ငံတော်တွင် အခြေချ နေထိုင်ခဲ့သူ ဖြစ်ရမယ်လို့ သတ်မှတ်ရေး အတွက် အခြေခံရမယ့်မူ ချမှတ်သင့် ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော် တို့ မြန်မာနိုင်ငံတော်ဟာ သစ္စာဖောက်တွေကြောင့် ဗြိတိသျှ နယ်ချဲ့တွေရဲ့ လက်အောက်မှာ အနှစ် ၁၀၀ ကျော် သူ့ကျွန်ဘဝအဖြစ် ကျရောက်ခဲ့ပြီး ပြည်သူတွေအနေနဲ့လဲ ခါးသီးတဲ့အတွေ့အကြုံတွေကို တွေ့ကြုံ ခံစားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် လွတ်လပ်ရေး ရပြီးတဲ့နောက်ပိုင်းမှာ အဲဒီလို သစ္စာဖောက်တွေကြောင့် ကျွန်တော်တို့ တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ မိမိတို့ပိုင်ဆိုင်တဲ့ အချုပ်အခြာ အာဏာကို လက်လွှတ်ဆုံးရှုံးရမယ့်အခြေအနေမျိုး ဆိုက်ရောက်ခဲ့တဲ့အတွက် တပ်မတော်က အချိန်မီ ကာကွယ်ပေးခဲ့ရတဲ့သာဓကတွေလည်း အထင်အရှားတွေ့မြင်သိရှိကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲ အဖြစ်လည်းကောင်း၊ အမျိုးသား ခေါင်းဆောင်အဖြစ် လည်းကောင်း ဆောင်ရွက် မယ့် နိုင်ငံတော်သမ္မတဟာ အထူးသဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေသူဖြစ်ရပါမယ်။ ဒါ့အပြင် နိုင်ငံတော် သမ္မတကို ပြည်သူများကလုံးဝဥဿုံ ယုံကြည်အားထားနိုင်ဖို့နဲ့ သံသယ မပွားစေနိုင်ဖို့ နိုင်ငံတော် သမ္မတသာမက သမ္မတရဲ့ မိသားစုများကပါ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေသူများ ဖြစ်ဖို့ အထူးလိုအပ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်သမ္မတဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင် သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများမဖြစ်စေဖို့နဲ့ ထိုသူများသည် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနဲ့ ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေဖို့ အထူးပဲလိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံတော်မှာလည်း ပြည်တွင်းရေးရာတွေမှာ နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ဖို့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ်ခွဲငယ် (က) မှာ နိုင်ငံခြား အစိုးရရဲ့ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့တည်းမဟုတ် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ သို့တည်းမဟုတ်ထိုအစိုးရ၏နိုင်ငံသားဖြစ်သူသို့တည်းမဟုတ် ထိုအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်း ကောင်း၊ နိုင်ငံသား သော် လည်း ကောင်း ခံစားရသော အခွင့်အရေးများနှင့်ကျေးဇူးခံစားခွင့်များ ကို ခံ စား နိုင် ခွင့် ရှိ သူများအား လွှတ်တော်တစ် ရပ် ရပ် ၏ အ မတ် အ ဖြစ် ရွေးချယ်ခြင်းခံရန် လည်းကောင်း၊ လွှတ်တော် တစ် ရပ် ရပ် ၏ အ မတ် အဖြစ် တည်မြဲ စေရန်သော်လည်းကောင်း၊ ခွင့်မပြုရလို့ ပြဋ္ဌာန်း ထား ခဲ့ ပါ တယ်။ ၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င)မှာလည်း အလားတူ ပြဋ္ဌာန်းချက်ကို ထည့်သွင်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင် ငံ တော် သမ္မတ အ တွက် သတ်မှတ်ထားတဲ့ အရည်အချင်း အဖြစ် အထက်မှာ တင်ပြခဲ့တဲ့အတိုင်း သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူချမှတ်သင့်ပါကြောင်းအကြံပြုတင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ရေရှည် အကျိုးစီးပွားကို ရှေးရှုပြီး နိုင်ငံတော်သမ္မတရဲ့ နိုင်ငံသား ဖြစ်မှုနှင့် စပ်လျဉ်းလို့ ဆွေးနွေးအကြံပြုလိုတာကတော့ "နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားစစ်စစ်မှဖြစ်သည့်မြန်မာနိုင်ငံသားဖြစ်ရမည်" လို့ ဆွေးနွေးအကြံပြုလိုပါတယ်။ သမ္မတရဲ့အရည်အချင်း သာမက သမ္မတရဲ့ ဇနီး သို့မဟုတ် ခင်ပွန်းဟာလဲ တိုင်းရင်းသားမှဖြစ်သော နိုင်ငံသားဖြစ်ရမယ်လို့ သတ် မှတ် သင့် ကြောင်း အ ကြံ ပြု လို ပါ တယ်။ ဘာကြောင့်လည်းဆိုတော့ သမ္မတရဲ့ဇနီး သို့မဟုတ် ခင်ပွန်းဟာ တိုင်းရင်းသားမှသက်ဆင်းသော နိုင်ငံသားဖြစ်သူဟု မသတ်မှတ်ခဲ့ပါလျှင် နိုင်ငံခြားသားမှ ဆင်းသက်သော နိုင်ငံသားဖြစ်သူက နိုင်ငံအကြီးအကဲ ဖြစ်ရန် အလားအလာရှိတဲ့ အိမ်ထောင်စုများကို ရှာဖွေမွေးမြူပြီး အိမ်ထောင်ဖက်ပြုရန် အလားအလာရှိလာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံကြီးအချို့ဟာ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး အဲဒီလိုသူတွေကိုတမင်သက်သက် ရှာဖွေမွေးမြူပြီး အစီအစဉ်ချမှတ်လုပ်ဆောင်လေ့ရှိကြောင်း သာဓကများရှိနေပြီးဖြစ်ပါတယ်။ ဒါကြောင့် သမ္မတ၏ဇနီး သို့မဟုတ် ခင်ပွန်းဟာ တိုင်းရင်းသားများဖြစ်တဲ့ နိုင်ငံသားဖြစ်ရမယ်လို့ အခြေခံမူချမှတ်သင့်ပါတယ်။ အဲဒီအချက်တွေနဲ့ ပြည့်စုံမှုမရှိရင် နိုင်ငံတော်သမ္မတအဖြစ်မှ ရွေးချယ်ပိုင်ခွင့်မရှိစေရန် အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်း ဖြည့်စွက်ဆွေးနွေး အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်မှာ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ် ချုပ် ရေး လုပ်ငန်းများရှိ တဲ့အနက် နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေးအကြီးအကဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင်၊ နိုင်ငံတော်ရဲ့ အကြီးအကဲဖြစ်ပြီး နိုင်ငံတော်ရဲ့ အုပ် ချုပ် ရေး အ ကြီးအကဲအဖြစ် ကြီးလေးတဲ့ တာဝန်ထမ်းဆောင်ရမယ့် နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့နဲ့ ရွေးချယ်တင်မြှောက်ရမယ်လို့ အခြေခံမူတစ်ရပ်ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကို ရွေးချယ်ဖို့ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဘယ်လိုဖွဲ့စည်းမလဲ၊ အဲဒီအဖွဲ့က နိုင်ငံတော်သမ္မတကို ဘယ်လိုရွေးချယ်တင်မြှောက်ကြမလဲ ဆိုတာ ဆွေးနွေးအကြံပြုမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ရွေး ချယ် တင် မြှောက် ရေး အတွက် သ မ္မ တ ရွေး ချယ် တင် မြှောက်ရေးအဖွဲ့နဲ့ ဖွဲ့စည်းတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးနဲ့ အခြားအခြေအနေတို့နဲ့ လိုက်လျောညီထွေ ဖြစ်စေမယ့်

အဖွဲ့ကိုဖွဲ့စည်းဆောင်ရွက်ကြတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီလို ဖွဲ့စည်း ဆောင်ရွက်ကြရာမှာလဲ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများနဲ့ အခြားအခြေအနေများအရလည်းကောင်း၊ အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆)ရပ်နဲ့လည်းကောင်း၊ ကိုက်ညီမယ့် နိုင်ငံတော်သမ္မတကို ရွေးချယ် တင်မြှောက် ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပေးဖို့ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို သီးခြားရွေးချယ်တင်မြှောက်ခြင်း မပြုဘဲ ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ်သတ်မှတ်ပြီးအစု အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းသင့်ကြောင်း အကြံပြု တင်ပြလိုပါတယ်။ အစုအဖွဲ့ ဖွဲ့စည်းတဲ့နေရာမှာ —

အစုအဖွဲ့ (၁) ကို တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့လွှတ်တော်ရှိရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းသင့်ပါတယ်။

အစုအဖွဲ့ (၂) ကို လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းသင့်ပြီး အစုအဖွဲ့ (၃) ကိုတော့ ဖော်ပြတဲ့ လွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းသင့်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ နိုင်ငံတော်သမ္မတဟာ အမျိုးသားခေါင်းဆောင် ဖြစ်တဲ့အပြင် နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် အားလျော်စွာ နိုင်ငံတော် သမ္မတရဲ့ တာဝန်ဟာ အလွန်ပဲ ကြီးမားလှပါတယ်။ နိုင်ငံအတော်များများမှာ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲ အဖြစ် ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်ကို ကူညီပံ့ပိုးဖို့ ဒုတိယ အုပ်ချုပ်ရေး အကြီးအကဲတွေ ရွေးချယ် တင်မြှောက် ထားရှိသလို ကျွန်တော်တို့ နိုင်ငံမှာလဲ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကို ကူညီပံ့ပိုးဖို့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ဖို့ အမှန်လိုအပ်တာကြောင့် သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့ သုံးဖွဲ့က ပထမဦးစွာ ဒုတိယ သမ္မတတစ်ဦးစီကို လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ဖြစ်စေ ရွေးချယ်တင်မြှောက်ကြရန် လိုအပ်ပါတယ်။ အဲဒီ ဒုတိယ သမ္မတများဟာဆိုရင် နိုင်ငံတော် သမ္မတလောင်းများဖြစ်ကြပါတယ်။ ဒုတိယသမ္မတများဟာ နိုင်ငံတော် သမ္မတအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ပြည့်စုံခြင်း ရှိမရှိကိုတော့ပြည်ထောင်စု လွှတ်တော်နဲ့ လွှတ်တော်နှစ်ရပ်ရဲ့အကြီးအကဲနဲ့ဒုတိယ အကြီးအကဲများပါဝင်တဲ့ အဖွဲ့ကို စိစစ်စေသင့်ပါတယ်။ သမ္မတရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင်အားလုံး ပါဝင်တဲ့ တစ်နည်းအားဖြင့် ပြောရရင် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံးက နိုင်ငံတော် သမ္မတလောင်းဖြစ်တဲ့ ဒုတိယသမ္မတ သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ဒုတိယသမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ကြဖို့ပဲ ဖြစ်ပါတယ်။ ဆန္ဒမဲ အများဆုံးရတဲ့ ဒုတိယသမ္မတကို နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်တဲ့ စနစ်ကို ကျင့်သုံးဖို့ သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြပါတယ်။

ဒီနေရာမှာ သမ္မတရွေးချယ်ရေးနှင့် စပ်လျဉ်းလို့ သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့ သုံးဖွဲ့က ပထမဦးစွာ ဒုတိယသမ္မတ တစ်ဦးစီကို လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ရွေးချယ်တင်မြှောက်တဲ့အခါမှာ တကယ်လို့ ယင်းတို့နှစ်ဦးဟာ အရည်အချင်း တူညီနေမည်ဆိုပါက လွှတ်တော် ကိုယ်စားလှယ်ကိုသာ နိုင်ငံတော် သမ္မတ အဖြစ် ဦးစားပေး ရွေးချယ် တင်မြှောက်သင့်ပါကြောင်း ဖြည့်စွက်ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးနဲ့ စပ်လျဉ်းလို့ လိုအပ်တဲ့ ဥပဒေကိုလဲ ပြဋ္ဌာန်းပေးရေး အတွက် အခြေခံရမယ့်မူ တစ်ရပ် ချမှတ်ဖို့ လိုအပ်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများကို ရွေးချယ်တင်မြှောက်ပြီးတဲ့နောက်မှာ အဲဒီပုဂ္ဂိုလ်တွေနှင့် ပတ်သက်လို့ ရာထူးသက်တမ်း၊ ကတိသစ္စာပြုခြင်း၊ လစာစရိတ်နဲ့ အဆောင်အယောင် များ၊ တာဝန်ဝတ္တရားများ၊ ပြည်ထောင်စု လွှတ်တော်နဲ့ ဆက်သွယ်ခြင်း၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတကို စွပ်စွဲပြစ်တင်ခြင်း စသည်တို့အတွက်လဲ အခြေခံရမယ့် မူများကို ချမှတ်ပေးသင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြပါဘယ်။

**သဘောပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံတော်မှာ လုပ်ပိုင်ခွင့် အပြည့်အဝရှိတဲ့ နိုင်ငံတော်သမ္မတ ဦးဆောင်အုပ်ချုပ်တဲ့ စနစ်ကို ကျင့်သုံးဖို့ ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတတို့ဟာ တာဝန်ဝတ္တရားများကို အရှိန်အဟုန် မပျက် အကောင်အထည်ဖော် ဆောင် ရွက် နိုင် ဖို့ အတွက် သင့်တင့်လျောက်ပတ်တဲ့ ရာထူးသက်တမ်း သတ်မှတ်ပေးဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံတော်သမ္မတအဖြစ် ရာထူးသက်တမ်း ဘယ် နှစ်ကြိမ်ထက် ပိုပြီးမထမ်းရွက်ရလို့ ကန့်သတ်သင့် မသင့် ကိုလည်း ကျွန်တော်တို့ စဉ်းစားကြပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံနဲ့ ကိုက်ညီမယ့် နိုင်ငံတော်သမ္မတရဲ့ရာထူးသက်တမ်းကို မည်သို့မည်ပုံ သတ်မှတ်သင့်တဲ့အချက်နဲ့ ပတ်သက်လို့ နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစတဲ့ အရေးအရာတွေမှာ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ အစွမ်းကုန် ကြိုးစားရမှာမို့ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးရှိစေမယ့် လုပ်ငန်းတွေကို အချိန်ယူ အကောင်ထည် ဖော်ပေး နိုင် ဖို့ နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတတို့ရဲ့ သက်တမ်းကို ငါးနှစ် သတ်မှတ်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီ ငါးနှစ် သက်တမ်း ကုန်ဆုံးတဲ့ အခါမှာ နိုင်ငံတော် သမ္မတအသစ် ရွေးချယ် တင်မြှောက် ပြီးတဲ့ အချိန်ထိ နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများ ဟာ မိမိတို့ရဲ့ လုပ်ငန်းတာဝန်များ ထမ်းဆောင်ဖို့ လည်းကောင်း၊ သမ္မတအဖြစ် ရာ ထူး သက် တမ်း နှစ်ကြိမ်ထက် ပိုပြီး ထမ်း ဆောင် ခွင့် မ ရှိ စေ ဖို့ လည်းကောင်း ကန့်သတ်ရေးအတွက် အခြေခံရမယ့် မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြပါတယ်။

ဆက်လက် ဆွေးနွေး တင်ပြ လိုတာကတော့ အဲဒီသက်တမ်းအတွင်းမှာ အကြောင်း တစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် ဒုတိယ သမ္မတနေရာ လစ်လပ်တဲ့အခါမှာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအဖြစ် အစားထိုး ရွေးချယ် တင်မြှောက်ပါက အဲဒီ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အသစ်ရဲ့ သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည် အထိသာ ဖြစ်ကြောင်း ကိုလဲ အ ခြေ ခံ ရ မယ့် မူ ချ မှတ် သင့် ကြောင်း ဆွေးနွေးအကြံပြု တင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်သက် တင်ပြ ဆွေးနွေးလိုတာကတော့ နိုင်ငံတော်သမ္မတ အဖြစ် ဖြစ်စေ၊ ဒုတိယသမ္မတ အဖြစ် ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကို ရွေးချယ်တင်မြှောက် မယ်ဆိုရင် တစ်ချိန်တည်းမှာ တာဝန် နှစ်ရပ်ကို ပူးတွဲဆောင်ရွက်ရမှာ ဖြစ်ပါလိမ့်မယ်။ တစ်ချိန်တည်းမှာ ပူးတွဲထမ်းဆောင်ခြင်းအားဖြင့် အာဏာ သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြား ကျင့်သုံးတဲ့မူနဲ့ ကိုက်ညီနိုင်ပါ့မလားဟု သံသယဖြစ် ဖွယ် ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမယ့်မူအဖြစ် အဲဒီ ဥပဒေပြုအာဏာ၊

အုပ်ချုပ်ရေးအာဏာနဲ့တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးဖို့ ဒီညီလာခံကြီးက မူချမှတ်ထား ပြီးလို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် လွှတ်တော် ကိုယ်စား လှယ် တစ်ဦးဦးကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့က ရွေးချယ်တင်မြှောက်လိုက်ပါက အဲဒီပုဂ္ဂိုလ် ဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက် ပြီး တစ်ဖက်က နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အဖြစ်လဲ တစ်ချိန်တည်း ပူးတွဲထမ်းဆောင် မယ်ဆိုရင် အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးတဲ့ မူနဲ့ ကိုက်ညီမှာ မဟုတ်ကြောင်း တွေ့ရပါတယ်။ ဒါ့ပြင် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသား ခေါင်းဆောင်များ ဖြစ်တဲ့အတွက် ရာထူးသက်တမ်းအတွင်း ပါတီ နိုင်ငံရေး အစား အမျိုးသားနိုင်ငံရေးကိုသာ ဦးတည် ဆောင်ရွက်သင့် တဲ့အတွက် နိုင်ငံရေးပါတီဝင်ဖြစ်ရင်လဲ သက်ဆိုင် ရာပါတီရဲ့ လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်း မပြုဖို့လိုအပ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြလိုတာက ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၄၇ (၁) မှာ နိုင်ငံတော် သမ္မတသည် ပါလီမန် ဆိုင်ရာ မည်သည့်လွှတ်တော် အမတ်မှ မဖြစ်စေရ ဟူ၍ လည်းကောင်း၊ ပုဒ်မခွဲ (၂) မှာ ပါလီမန် ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်တစ်ဦးကို နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက် တင်မြှောက် ခဲ့သော် ထိုအမတ်သည် သက်ဆိုင်ရာ လွှတ်တော်၌ မိမိ၏ အမတ်နေရာကို စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည် ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒါကြောင့်—

— နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များသည် မည်သည့် လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ။

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များသည် လွှတ်တော် ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်း ကောင်း၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများ အဖြစ် ရွေးချယ် တင်မြှောက် ခြင်း ခံရသည့်နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစား ယူပြီး ဖြစ်သည်ဟု မှတ်ယူ ရမည်။

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များသည်၊ နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ ရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့ အစည်းများ၏ပါတီလုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်ခြင်းမပြုရ ဟူ၍ အခြေခံရမယ့်

မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေး အကြံပြု တင်ပြပါတယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ ကတိသစ္စာပြုရေး နှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြု တင်ပြလိုပါ တယ်။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များဟာ မိမိတို့ရဲ့ ရာထူးတာဝန်များကို မထမ်း ဆောင်မီ ကတိသစ္စာ ပြုကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများဟာလဲ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး မှ မိမိရဲ့ တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင် သင့်ပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတ များဟာ မည်သို့မည်ပုံ ကတိသစ္စာ ပြုရမယ်ဆိုတာ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ ဖော်ပြ ပြဋ္ဌာန်းလေ့

ရှိကြပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများ ကတိသစ္စာပြုရေး အတွက် အောက်ပါအတိုင်းအကြံပြုတင်ပြပါတယ်—

"ကျွန်ုပ်.............................. သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို တည်မြဲအောင် ထိန်းသိမ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တရားဥပဒေများကို လိုက်နာ စောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် နိုင်ငံတော် အကြီးအကဲအဖြစ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသော တာဝန် ဝတ္တရားများကို ယုံကြည်လေးမြတ် ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ၏ ဘေးရန် အန္တရာယ်အပေါင်းတို့ကိုတွန်းလှန် ဖယ်ရှားရန် ကြီးစွာသော သတိဝီရိယဖြင့် အားထုတ်ပါမည်။ ကျွန်ုပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အကျိုးငှာ ပြည်ထောင်စုမြန်မာ နိုင်ငံအား ကျွန်ုပ်၏အသက်နှင့်ကိုယ်ကိုအပ်နှင်း သည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာ ပြုသည်" ဟု ကတိသစ္စာပြုရေးကို အကြံပြု တင်ပြပါတယ်။

နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများဟာ နိုင်ငံတော်ရဲ့ ကြီးမားတဲ့တာဝန်တွေကို ထမ်းဆောင် ရတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြသည်နှင့်အညီ သြဇာတိက္ကမ ရှိကြသူများ ဖြစ်ပါတယ်။ အခြားအဖွဲ့အစည်းများ ကလဲ လစာစရိတ် ကြေးငွေရာထူးများ ပေးအပ်ပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများရဲ့ အရှိန်အဝါ ကို ရယူခြင်း မပြုနိုင်စေဖို့ ကာကွယ်သင့် ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများ ဟာ လစာစရိတ် ကြေးငွေရတဲ့ အခြား မည်သည့် ရာထူးကိုမှ လက်ခံခြင်း မပြုရေးအတွက် အခြေခံရ မယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ် ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ ဟာ လုပ်ပိုင်ခွင့်ရှိတဲ့ နိုင်ငံတော်အကြီးအကဲ ဖြစ်ပါ တယ်။ ဒုတိယ သမ္မတများဟာလဲ နိုင်ငံတော်မှာ ကြီးလေးတဲ့ တာဝန်များ ထမ်းဆောင်ကြရမယ့် ပုဂ္ဂိုလ်များဖြစ်လို့ ပြည်သူများရဲ့ ယုံကြည်ကိုးစားမှု ကို တစ်ဦးချင်းအနေနဲ့ အလေးအနက် ခံယူထား ရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများ အပေါ် သံသယမပွားစေဖို့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ မိမိတို့ဦးစီးတဲ့ တစ်စီးပွား တည်းဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက် အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန် ပစ္စည်း တွေကို တန်ဖိုးနဲ့တကွ စာရင်းပြုစုပြီး ပြည်သူ့ လွှတ်တော် အကြီးအကဲထံ ပေးပို့ရေး အတွက် အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း ဆွေးနွေး အကြံပြု တင်ပြပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတ များရဲ့ လစာ၊ စရိတ်နဲ့ အဆောင် အယောင်များ ကိစ္စကို ဆွေးနွေး တင်ပြပါမယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ ဥပဒေနှင့် သတ်မှတ်ထားတဲ့ လစာ စရိတ်နဲ့ အဆောင်အယောင်များ ရရှိသင့်ပါ တယ်။ ဒါ့အပြင် သင့်တင့်လျောက်ပတ်တဲ့ အိမ်တော် တစ်ဆောင်စီကိုလဲ ရရှိသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများဟာ ဥပဒေ နှင့် အညီ သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နဲ့အဆောင် အယောင်များကို လည်းကောင်း၊ သင့်တင့်လျောက် ပတ်တဲ့ အိမ်တော် တစ်ဆောင်စီကို လည်းကောင်း ရရှိစေဖို့ အခြေခံရမယ့်မူ ချမှတ်သင့် ပါကြောင်း ဆွေးနွေး အကြံပြု တင်ပြပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများရဲ့ အပ်နှင်းထားတဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက် လက် ဆွေးနွေး တင်ပြပါမယ်။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများရဲ့ တာဝန်နှင့် လုပ်ပိုင် ခွင့်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင် ရာ အခန်းများနဲ့ အခြားဥပဒေတို့မှာ သင့်လျော် သလို ပါရှိမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ ဖွဲ့စည်းပုံ

အခြေခံဥပဒေနဲ့ အခြားဥပဒေတို့က အပ်နှင်းထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ထမ်းဆောင်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေး အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအပေါ် စွပ်စွဲပြစ်တင် အရေးယူနိုင်ရေးနဲ့စပ်လျဉ်းလို့ ရှင်းလင်းတင်ပြလိုပါတယ်။ ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြားကျင့်သုံးရေးမူအရ ပိုင်းခြားကျင့်သုံးရန် ဖြစ်သော်ငြားလည်း တစ်ခုနဲ့တစ်ခုထိန်းကျောင်းမှု ရှိကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရာထူးတာဝန်နဲ့ လိုက်လျောညီထွေ ကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။ တကယ်လို့ ဖောက်ဖျက်ခဲ့ပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတစ်ဦးဦးကို စွပ်စွဲပြစ်တင် အရေးယူနိုင်ဖို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလဲ အောက်ပါအကြောင်းတစ်ခုခုကြောင့် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတကိုဖြစ်စေ စွပ်စွဲပြစ်တင်နိုင်ဖို့ အခြေခံမူ ချမှတ် သင့်ပါတယ်—

၁။ နိုင်ငံတော်ရဲ့ ကျေးဇူး သစ္စာတော် ကို ဖောက်ဖျက်ခြင်း၊

၂။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

၃။ အကျင့်သိက္ခာ ပျက်ပြားခြင်း။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတတစ်ဦးဦးကို စွပ်စွဲပြစ်တင်ဖို့ လိုအပ်လာတဲ့အခါ ဘယ်ပုံဘယ်နည်း ဆောင်ရွက်သင့်တယ် ဆိုတာ ဆက်လက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတစ်ဦးဦးကို ကျွန်တော်စောစောက တင်ပြခဲ့တဲ့ အချက်သုံးချက်အနက် အားလုံးကို ဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပေါ်ပေါက်လာပါက စွပ်စွဲပြစ်တင်ဖို့ ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်နှစ်ရပ်မှ လွှတ်တော်တစ်ရပ်ရပ်ရဲ့ လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက်၊ အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံ တင်ပြကြဖို့ ဖြစ်ပါတယ်။

အဲဒီလို စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက် အရေးယူဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူ ဆောင်ရွက်ဖို့ ထောက်ခံလျှင် အခြားလွှတ်တော် တစ်ရပ်က အဲဒီ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးရန် ဖြစ်ပါတယ်။

အဲဒီလို စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့် ပေးသင့်ပါတယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးတဲ့အခါမှာလဲ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်း စစ်ဆေးစေတဲ့ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးသုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်ဟာ မှန်ကန်ပြီး စွပ်စွဲခံရတဲ့ ပြစ်မှုဟာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခံရတဲ့ သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲဖို့ အဲဒီလွှတ်တော်ကပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ တင်ပြသင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော် အကြီးအကဲက ၎င်းတင်ပြချက်ရရှိလျှင် ရရှိချင်းစွပ်စွဲခံရတဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲကြောင်း ကြေညာရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ တစ်ဦးဦးရဲ့ သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့်မရှိရေးအတွက် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသား ခေါင်းဆောင်များဖြစ်ကြသည့်အားလျော်စွာ နိုင်ငံတော်ရဲ့ အကြီးအကဲများလဲ ဖြစ်ကြပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ တာဝန်ထမ်းဆောင်ချိန်မှာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ သက်တမ်းကာလအတွင်း တရားစွဲဆိုခွင့် မပြုနိုင်ရေးအတွက် အကာအကွယ် ပေးသင့်ပါတယ်။ အဲဒီလို အကာအကွယ် ပေးထားမှသာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ မိမိတို့ရဲ့ တာဝန် ဝတ္တရားများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်စွမ်းရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ၊ ယင်းတို့၏ သက်တမ်း ကာလအတွင်း တရားစွဲဆိုခွင့် မရှိရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်းဆွေးနွေးအကြံပြုတင်ပြပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ မိမိတို့ဆန္ဒအလျောက် နုတ်ထွက် လိုပါက နုတ်ထွက်ခွင့်ပြုရေးကိစ္စကို ဆွေးနွေး တင်ပြပါမယ်။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ တာဝန်များကို မိမိရာထူး သက်တမ်းမကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့် ပြုသင့်ပါတယ်။ အဲဒီလို နိုင်ငံတော်သမ္မတတစ်ဦးဟာ မိမိရဲ့ ရာထူးသက်တမ်း မကုန်ဆုံးမီနုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ် မ စွမ်း ဆောင် နိုင် သော ကြောင့် ဖြစ် စေ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့်ဖြစ်စေ သမ္မတရာထူး လစ်လပ်လျှင် ဘယ်လိုဆောင်ရွက်ရမယ် ဆိုတာကိုလဲ အခြေခံရမယ့် မူချမှတ်သင့်ပါတယ်။ ဒါကြောင့် အဲဒီလို နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်ခဲ့ရင်၊ ဒုတိယ သမ္မတ နှစ်ဦး အနက် နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက်စဉ်အခါက ဒုတိယ မဲအများဆုံးရရှိတဲ့ ဒုတိယသမ္မတက နိုင်ငံတော် သမ္မတရဲ့ လုပ်ငန်းရပ်များ ရပ်ဆိုင်း မသွား စေရေး အတွက် ယာယီသမ္မတအဖြစ် ထမ်းဆောင်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတရာထူး လစ်လပ်သွားတဲ့ အခါ နိုင် ငံ တော် သမ္မတ တစ် ဦး ကို ရွေးချယ် တင်မြှောက်ဖို့ ရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်သ မ္မ တ ရာ ထူး လစ် လပ် သွား တဲ့ အ ချိန် ဟာ ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားတဲ့ နိုင်ငံတော်သမ္မတရာထူးကို ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ဆောလျင်စွာ အ ကြောင်း ကြား သင့်ပါတယ်။

ယာယီသမ္မတရဲ့ အကြောင်းကြားစာကို ရရှိတဲ့အခါ လစ်လပ်သွားတဲ့သမ္မတကို ဒု တိ ယ သမ္မတအဖြစ် ဦး စွာ ရွေး ချယ် တင် မြှောက် ပေး ခဲ့ တဲ့ သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော် အကြီးအကဲက ဆောင်ရွက်ပေးသင့်ပါတယ်။ သက်ဆိုင်ရာသမ္မတရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ် တင် မြှောက် ပြီး ပါက စောစောက တင် ပြ ခဲ့ တဲ့ အ တိုင်း ပြည် ထောင် စု လွှတ်တော်ကိုယ်စားလှယ်များက ဒု တိ ယ သ မ္မ တ သုံးဦးအနက် မိမိတို့ ကြိုက် နှစ် သက် တဲ့ ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲဟာ ယာယီသမ္မတရဲ့ အ ကြောင်း ကြား စာ

ရရှိတဲ့နေ့မှစပြီး (၂၁) ရက်အတွင်း ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကို ခေါ်ယူသင့်ပါတယ်။ အဲဒီလိုခေါ်ယူပြီး လစ်လပ်တဲ့ နိုင်ငံတော်သမ္မတ ရာထူး ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အဲဒီ နည်းလမ်းများအတိုင်း ဆောင်ရွက်သင့်ပါကြောင်း တင်ပြပါတယ်။

ဒါကြောင့် လစ်လပ်သွားတဲ့ နိုင်ငံတော်သမ္မတ ရာထူးကို ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်းလို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေး အကြံပြုအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ဆက်လက်ပြီး ဒုတိယ သမ္မတ ရာထူး နေရာ လစ်လပ်လျှင် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေး တင်ပြလိုပါ တယ်။ အကယ်၍ ဒုတိယ သမ္မတ တစ်ဦး ဦး ဟာ ရာထူးသက်တမ်း မကုန်ဆုံးမီ ရာထူး မှ နုတ်ထွက် သော ကြောင့် ဖြစ်စေ၊ ကွယ်လွန် သော ကြောင့် ဖြစ်စေ၊ ရာထူးမှ ရပ်စဲခြင်းခံရသောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သော ကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ဒုတိယ သမ္မတ ရာထူးနေရာ လစ်လပ်လျှင် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်ပါက အဲဒီ ဒုတိယသမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့တဲ့ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ခုနစ်ရက် အတွင်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက် ပေးရေးအတွက် နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံသို့ ဆောလျင်စွာ အကြောင်းကြားသင့်ပါတယ်။

အကယ်၍ ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော် အကြီးအကဲဟာ နိုင်ငံတော်သမ္မတရဲ့ အကြောင်းကြားစာ ရရှိတဲ့ နေ့မှ စပြီး (၂၁) ရက် အတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ခေါ်ယူပြီး သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေးအဖွဲ့က ဒုတိယ သမ္မတ တစ်ဦး ကို ရွေးချယ် တင်မြှောက် ပေးရေး အတွက် အခြေခံ ရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော့် အနေနဲ့ နိုင်ငံတော် အကြီး အကဲ အခန်း နှင့် စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အခြေခံမူများကို ဆွေးနွေးအကြံပြု တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုလို ကျွန်တော် ဆွေးနွေးအကြံပြုတင်ပြရာမှာ အမျိုးသားညီလာခံ ကြီးရဲ့ ဦးတည်ချက် (၆) ရပ်နှင့်အညီ သော်လည်း ကောင်း၊ ချမှတ်ပြီးဖြစ်တဲ့ အခြေခံ ရမယ့် မူများနဲ့ အညီလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ လည်းကောင်း ဆွေးနွေးအကြံပြု တင်ပြခြင်းဖြစ်ပါတယ်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက် နေ့က အမျိုးသားညီလာခံ စုံညီ အစည်း အဝေး ကြီး မှာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က "အမျိုးသားညီလာခံကြီးရဲ့ အဓိက အကျဆုံး ရည်ရွယ်ချက်ကတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွား ကို အစွမ်းဆောင်နိုင်ဆုံးနည်းနဲ့ ဖော်ဆောင်ပေးဖို့ဖြစ်တယ်လို့ ကျွန်တော်တို့ ညီလာခံကျင်းပရေးကော်မရှင်က အလေးအနက် ခံယူထားပါတယ်။ ညီလာခံကိုယ်စားလှယ်အသီးသီး မှာလဲ ဒီခံယူချက်အတိုင်းပဲရှိကြမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" လို့ ပြောကြားခဲ့တဲ့ အတိုင်း ကျွန်တော်တို့ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် များဟာ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ တိုင်တိုင် ပင်ပင်နဲ့ ကော်မရှင်ဥက္ကဋ္ဌကြီးရဲ့ အလေးအနက် ခံယူ ထားတဲ့အတိုင်း အမျိုးသားညီလာခံကြီးရဲ့ ရည်ရွယ် ချက် များ ထမြောက် အောင်မြင်စေရန်အတွက် ဆက်လက်ဆောင်ရွက်ကြမည်ဟု ခိုင်မာစွာ သန္နိဋ္ဌာန် ချမှတ်ထားပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။

[ဩသာသံများ]

# နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြား တင်ပြခြင်း

**[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော စစ်ကိုင်းတိုင်းမှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ၂ ဦး]**

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ စစ်ကိုင်းတိုင်းမှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် (၂) ဦးရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးခေါ်လာစော အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးခေါ်လာစော (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့) လေးစားအပ်တဲ့ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ ကိုယ် စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း၊ နာဂတောင်တန်းဒေသ၊ ခန္တီးခရိုင် လေရှီးမြို့နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးခေါ်လာစော ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်း၊ ခန္တီးမြို့နယ်မှ ဦးလှဖေ(ခ) ဦးကမ်းယမ်နဲ့ လေရှီးမြို့နယ်မှ ဦးခေါ်လာစောတို့ ပူးတွဲပြုစုထားတဲ့ စာတမ်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါရှိသင့်တဲ့ နိုင်ငံတော် အခြေခံမူများကို ကိုယ်စားလှယ် အစုအဖွဲ့ အသီးသီးက တညီ တညွတ်တည်း ဆွေးနွေး ညှိနှိုင်း ခဲ့ကြပြီး အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်မှလည်း သဘောတူ လက်ခံခဲ့လို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပါရှိသင့်တဲ့ နိုင်ငံတော် အခြေခံမူများကို အချက်ပေါင်း (၁၀၄)ချက်အပေါ် အတည်ပြုပြီး မူများ အဖြစ် ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အခု ဆက်လက် ပြီးတော့ ကိုယ်စားလှယ် အစုအဖွဲ့ အသီးသီးဟာ အခြေခံဥပဒေမှာ ပါရှိသင့်တဲ့ နိုင်ငံတော် အခြေခံမူ ခေါင်းစဉ်ပါ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ စတဲ့ ခေါင်းစဉ်ကြီး(၃) ခုတို့ အခန်းအလိုက် ဆွေးနွေးကြရတော့မှာ ဖြစ်ပါတယ်။ အဲဒီ အခန်းအလိုက် ခေါင်းစဉ်ကြီး (၃) ခု အနက် ဖြည့်စွက်သင့်တဲ့ အချက်အချို့ကို နာဂတောင်တန်း ဒေသ၊ ခန္တီးခရိုင်မှ နာဂ တိုင်းရင်းသားများ ကိုယ်စား ဖြည့်စွက်အကြံပြု သွားမှာဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အခြေခံ ဥပဒေ ရေးဆွဲရာမှာ အခြေခံရမယ့် နိုင်ငံတော် အခြေခံမူများ အပိုဒ်(ဃ)အပိုဒ်ခွဲ (၅)မှာ "တိုင်း ဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိပြီးသည့် တိုင်းရင်းသားများမှ အပ ကျန် တိုင်းရင်းသားများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိ နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ အတွက် ကိုယ်ပိုင် အုပ် ချုပ် ခွင့် ရ ဇီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်" ဟူ၍ လည်းကောင်း၊ အပိုဒ်ခွဲ (၆) တွင် "ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ

အကျယ်အဝန်းကို အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ( Self Administered Zone ) အဖြစ် သတ်မှတ်ပေးရန်" ဟူ၍ လည်းကောင်း ဖော်ပြထားတာ တွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေရေးဆွဲစဉ်ကနာဂတောင်တန်းဒေသမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ခြင်း မရှိလို့ အခြေခံဥပဒေမှာ နာဂတောင်တန်းနဲ့ ပတ်သက်တဲ့ အကြံပြုချက်များ တင်ပြနိုင်ခဲ့ခြင်း မရှိသော်လည်း ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ရေးဆွဲစဉ်က နာဂတောင်တန်းဒေသ ခန္တီးခရိုင်အား(နာဂ)ပြည်နယ်အဖြစ် ရေးဆွဲထည့်သွင်းပေးရန် အကြံပြု တင်ပြခဲ့ဖူးပါတယ်။

ဒါပေမဲ့ နာဂတောင်တန်းနဲ့ ပတ်သက်ပြီး (လုံးဝ)ထည့်သွင်းရေးဆွဲခဲ့ခြင်း မရှိကြောင်းတွေ့ရပြီး ဒီဒေသတွေဟာ နိမ့်ကျမြဲ နိမ့်ကျနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ။ကျွန်တော့် အနေနဲ့ ဒီနေရာမှာကြုံကြိုက်လို့ နာဂတောင်တန်းခရိုင် ဖြစ်ပေါ်လာပုံကို တင်ပြပါရစေ၊ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ အထက်ချင်းတွင်းခရိုင်ဖြစ်တဲ့ မော်လိုက်မှ ခွဲထုတ်ပြီး နာဂတောင်တန်းခရိုင်အဖြစ် မြို့နယ် ၅ မြို့နယ်နှင့် ဖွဲ့စည်းခဲ့ပါတယ်။

အဲ့ဒီမြို့နယ်တွေကတော့—
ဟုမ္မလင်းမြို့နယ်
လေရှီးမြို့နယ်
လဟယ်မြို့နယ်
ခန္တီးမြို့နယ်
နန်းယွန်းမြို့နယ်
တို့ပါဝင်ခဲ့ပါတယ်။

ခန္တီးမြို့မှာ ခရိုင်ဝန်ရုံးစိုက်ပြီး ပထမဆုံးခရိုင်ဝန်အဖြစ် (အေဒဗလျူဝေါတား)က ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၄ဝ ခုနှစ်မှာ ခရိုင်ဝန်အဖြစ် (အိပ်ချ်ဂျေဗစ်ချယ်)ဆောင်ရွက်ခဲ့ပြီး၊ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ်အတွင်းမှာ နာဂ တောင် တန်း ခရိုင် အုပ်ချုပ်ရေး ပျက်ပြားခဲ့ကြောင်း သိရပါတယ်။

အဲဒီနောက် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ပြန်လည်သိမ်းပိုက်ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးသည့် တော်လှန်ရေး ကောင်စီ အစိုးရ တက်လာသည့်အထိ ခရိုင်ဝန်(၁၀)ဦးကအဆက်ဆက် အုပ်ချုပ်ခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ခရိုင်ဝန်(၁၀)ဦးရဲ့ အမည်တွေကို အစဉ်အလိုက် တင်ပြရမယ်ဆိုရင်—

၁။ အိပ်ချ်ဂျေဗစ်ချယ်
၂။ မစ္စတာကဲရော့
၃။ မစ္စတာ အာရ်ဒဗလျူမြန်း
၄။ ဦးတင်မောင် (မြန်မာ)
၅။ ဦးဘသန်း
၆။ ဦးဗိုလ်မောင်
၇။ ဦးတင်မောင် (ကုလား)
၈။ ဦးသာဇံအောင်
၉။ ဦးတင်ဦး
၁၀။ ဦးသိန်းကြည်

တို့ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်၊ မေလမှ စပြီး အောက်ချင်းတွင်းခရိုင်ကို မုံရွာ ခရိုင် ဟူ၍ လည်းကောင်း၊ အထက်ချင်းတွင်း ခရိုင်ကို မော်လိုက် ခရိုင် အဖြစ် လည်းကောင်း၊ နာဂတောင်တန်း ခရိုင်ကို ခန္တီးခရိုင်ဟူ၍ လည်းကောင်း ခရိုင်အမည်များကို ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အထက်က တင်ပြချက်ကို ကြည့်မယ် ဆိုရင် အမည်သညာ အားဖြင့် အမျိုးမျိုး ပြောင်းလဲ ခေါ်ဝေါ် သုံးနှုန်း ခဲ့သော်လည်း ဒီ ဒေသ တွေ့ရဲ့ အကျိုးကို ခေတ် အဆက်ဆက်မှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် အခုရေးဆွဲမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေမှာ နာဂတောင်တန်းဒေသ ခန္တီးခရိုင်ကို (နာဂပြည်နယ်) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Areas) အဖြစ် ရေးဆွဲပြဌာန်းပေးရန် အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ် အစုအဖွဲ့ ညှိနှိုင်း အစည်းအဝေးမှာ အကြိမ်ကြိမ် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် အထက်က တင်ပြချက်များနဲ့ အောက်ပါ အခြေခံရမယ့် အချက်များ အပေါ် အခြေခံပြီး သုံးသပ်နိုင်မှာဖြစ်ပါတယ်—

(က) ပထဝီအနေအထား အရ နယ်နိမိတ်အထင်အရှားရှိခြင်း၊
(ခ) မြန်မာစကားနဲ့မတူသော ဘာသာစကား ရှိခြင်း၊
(ဂ) ယဉ်ကျေးမှု တစ်မျိုးတည်းရှိခြင်း၊
(ဃ) သမိုင်း အစဉ်အလာ တစ်မျိုးတည်းရှိခြင်း၊
(င) စီးပွားရေး ဆိုင်ရာ အကျိုး ကျေးဇူး နဲ့ စီးပွားရေး လုံလောက်မှု ရှိနိုင်ခြင်း၊
(စ) ပြည်နယ်ရရှိမှု မရှိသေးခြင်း၊
(ဆ) လူဦးရေ အတော်အတန် ရှိခြင်း၊

စတဲ့ အချက်များနဲ့ ကိုက်ညီသော ဒေသဖြစ်ခြင်း စသည် တို့ကို ထောက်ရှု၍ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အောက်ပါအတိုင်း ရေးဆွဲ ပြဌာန်းပေးသင့်ကြောင်း တင်ပြလိုပါတယ်—

နာဂတောင်တန်းဒေသ ခန္တီးခရိုင်အား "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း" (Naga Self Administered Division) သို့မဟုတ် "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ" (Naga Self Administered Zone) အဖြစ် အတည်ပြုသည် ဟု ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နာဂ လူမျိုးများ ဆင်းသက်လာပုံနဲ့ ပတ်သက်လို့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ အခြား တိုင်းရင်းသားများ နည်းတူပဲ နာဂလူမျိုးများဟာ (မွန်ဂို)အနွယ်မှ ဆင်းသက် ပေါက်ဖွားလာခဲ့ပြီး မူလဇစ်မြစ်ဖြစ်တဲ့ (မွန်ဂို)ကုန်းပြင်မြင့် မြန်မာနိုင်ငံအတွင်းသို့ အုပ်စုကြီး(၃)ခု ဆင်းသက်ရောက်ရှိလာရာမှာ တိဘက် မြန်မာ အစု အဖြစ် ရောက်ရှိလာပါတယ်။

အဲဒီ အစုမှာ—

နာဂအစု
မြန်မာအစု
သက်အစု
ကချင်အစု
ချင်း
လိုလို မူဆိုအစု

ဆိုပြီး ပေါက်ပေါက်ခဲ့ရာ နာဂလူမျိုးများ ဟာ အိန္ဒိယ နိုင်ငံရဲ့ အရှေ့ပိုင်း - မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဖျားမှာ စုစည်းနေထိုင်လျက်ရှိပါတယ်။

**သဘာပတိကြီး ခင်ဗျား။** တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်းနဲ့ပတ်သက်ပြီး နာဂတောင်တန်းဒေသ ဟာ မြန်မာနိုင်ငံရဲ့ အနောက်မြောက်နဲ့ အရှေ့မြောက်ဘက်မှာ ကချင်ပြည်နယ်၊ အနောက်ဘက်မှာ အိန္ဒိယနိုင်ငံ နာဂပြည်နယ်၊ အာသံပြည်နယ်နဲ့ အရှေ့တောင်ဘက်မှာ ကသာခရိုင်၊ တောင်ဘက်တွင် ကလေး ခရိုင်တို့ ဝန်းရံတည်ရှိပါတယ်။

ခရိုင်ရဲ့ နယ်မြေဧရိယာ အကျယ်အဝန်းမှာ (၁၇၇၉) စတုရန်းမိုင် ရှိပါတယ်။ အခြားမှတ်တမ်းဖြစ်တဲ့ မြန်မာ့စွယ်စုံကျမ်းအတွဲ(၅) စာမျက်နှာ ၄၅၅ မှာတော့ (၇၄၇၉) စတုရန်းမိုင်ရှိကြောင်း ဖော်ပြထားပါတယ်။

(ခန္တီးခရိုင် မြေပုံ ပူးတွဲတင်ပြပါသည်။)

လူဦးရေနဲ့ ပတ်သက်လို့ တင်ပြရမယ် ဆိုရင် ဒီဒေသမှာနေထိုင်လျက်ရှိတဲ့ လူဦးရေဟာ (၃)သိန်း ကျော်ခန့် ရှိပြီး နာဂ လူမျိုးများမှာ (၂)သိန်းခန့် ရှိပါတယ်။ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ထုတ်

စည်သူအောင်နဲ့ မောင်မှတ် တို့ပြုစုတဲ့ "ရွှေပြည်တော် မျှော်မဝေးပြီမို့" စာအုပ်၊ စာမျက်နှာ(၃၅၇) ဇယား(၂၃)မှာ နာဂလူဦးရေနဲ့ပတ်သက်လို့ ၁၉၈၂ ခုနှစ် သန်းခေါင်စာရင်း ခန့်မှန်းချက်အရ မြန်မာနိုင်ငံလူဦးရေနှင့် လူမျိုးတစ်မျိုးစီရဲ့ အချိုးအစား ရာခိုင်နှုန်းကို ဖော်ပြထားပါတယ်။

ယင်း ဇယား (၂၃) အရ နာဂလူမျိုးများ ဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး လူဦးရေရဲ့ (၀.၁၀)ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါတယ်။ အဲဒီ ဇယားမှာပဲ ကယားလူမျိုး ဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး လူဦးရေရဲ့ (၀.၁၆)ရာခိုင်နှုန်းရှိကြောင်း၊ ကိုးကန့်လူဦးရေ ဟာ တစ်နိုင်ငံလုံးရဲ့ (၀.၁၉)ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ၁၉၈၂ ခုနှစ် သန်းခေါင်စာရင်း ခန့်မှန်းချက်မှာ ပါတဲ့ နာဂလူဦးရေ ဟာ များစွာ နည်းပါးနေပြီး ကိန်းဂဏန်းများအရ ဖော်ပြရပါက (၀.၁၀)ရာခိုင်နှုန်း ဟာ (၁) သိန်းပင် ပြည့်မှာ မဟုတ်ပါဘူး။ လွန်ခဲ့သော နှစ်များက ဆိုရင် နာဂတောင်တန်းဒေသရှိ လူဦးရေ ထူထပ်တဲ့ ကျေးရွာများ၊ အုပ်စုများမှာ မြို့နဲ့ဝေးလံတဲ့ ဒေသမှာ ရှိခြင်း၊ နယ်မြေ လုံခြုံမှု မရှိခြင်း စတဲ့ အခြေအနေများကြောင့် သန်းခေါင်စာရင်း ကောက်ယူသူများ ထိုးဖောက် ဝင်ရောက်ရန် ခက်ခဲတဲ့ အခြေအနေတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီ သန်းခေါင်စာရင်းခန့်မှန်းချက်ဟာ မှန်ကန်မှုမရှိကြောင်းနဲ့ အထက်ကတင်ပြခဲ့တဲ့ စာရင်းဇယားသာ အနီးစပ်ဆုံး ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ပတ်သက်လို့ တင်ပြရပါက နာဂတောင်တန်းရှိ တိုင်းရင်းသားများ ဟာ တောင်ကုန်း တောင်တန်း ထူထပ်တဲ့ ဒေသမှာ နေထိုင်ရခြင်း၊ ရေမြေတောတောင် သဘာဝအနေအထားအရ ဘာသာစကား အနည်းငယ်ကွဲပြားမှုရှိသော်လည်းအခြေခံဝေါဟာရများမှာ တူညီကြကြောင်း တွေ့ရှိရပါတယ်။ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မှာလည်း အလွန်နီးစပ် တူညီနေတာကို တွေ့ရပါတယ်။ အခု အခါမှာတော့ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ ထုံးတမ်းများကို ဒေသ တစ်ခုလုံးမှာ တူညီသော ယဉ်ကျေးမှုနဲ့ ဓလေ့များ၊ စီရင်ထုံးများဖြစ်လာအောင် ကြိုးပမ်းလျက်ရှိပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်လို့ တင်ပြရမယ် ဆိုရင် သမိုင်းအစဉ်အလာအရ နတ်ကိုးကွယ်ပသမှု ဟာ ယုံကြည်ကိုးကွယ်ရာ ဖြစ်ခဲ့ပေမယ့် ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာများကို အများဆုံးကိုးကွယ်ရာ ဘာသာအဖြစ် ယုံကြည်ကိုးကွယ်နေကြပြီ ဖြစ်ပါတယ်။

ရှေးနာဂလူမျိုးများ တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများအဖြစ်—

(က) ဝေတော့စေတီ
(ခ) မန်နူးစေတီ
(ဂ) နန်မှန်တောင်းစေတီ
(ဃ) မန်စိန်းစေတီ
(င) ကင်းစေတီ
(စ) နာငုံး ကျောက်စွယ်ကိုယ်တော်
(ဆ) မလင်းဘုရား
(ဇ) ရွှေလောင်းဘုရား

တို့ ဖြစ်ပါတယ်။

အထက်အပိုဒ် (က) မှ (ဆ) အထိ ဘုရားစေတီများမှာ ခန္တီးမြို့နယ်မှာတည်ရှိပြီး ရွှေလောင်းဘုရားမှာ ဟုမ္မလင်းမြို့နယ် နောင်ပင်ကျေးရွာ အနီးမှာ တည်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရလက်ထက်မှာ ခန္တီးမြို့ရှိ ရှေးစေတီဟောင်း (၆) ဆူကို တူးဖော်ခဲ့ရာ ရှေးဟောင်း နာဂရိုးရာ ပစ္စည်းများဖြင့် ဌာပနာထားတာကို တွေ့ရှိရပါတယ်။ အဲဒီ ဌာပနာပစ္စည်းများကို ခန္တီးမြို့ ဇီးဖြူကုန်းအရပ်မှာ ဓာတ်ပေါင်းစုစေတီအဖြစ် တည်ထားကိုးကွယ်လျက်

ရှိပါတယ်။ ဒီစေတီ (၆) ဆူမှာ ခန္တီးမြို့နယ်တွင် ရှေးအကျဆုံး စေတီဘုရားများဖြစ်ကြောင်း သိရှိရပါတယ်။

ဒါကြောင့် နာဂလူမျိုးများဟာ ရှေးကပင် သီးခြား ရိုးရာယဉ်ကျေးမှုနဲ့အတူ ဘာသာ သာသနာယဉ်ကျေးမှုလဲရှိခဲ့ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** စီးပွားရေး၊ သယံဇာတတို့နဲ့ ပတ်သက်ပြီး တောင်တန်း ဒေသတွေမှာ သီးခြား စီးပွားရေးဟူ၍ မရှိဘဲ မိရိုးဖလာအရ လုပ်ကိုင်တဲ့ တောင်စောင်း လှေခါးထစ် လယ်ယာစိုက်ပျိုးခြင်း၊ ရွှေ့ပြောင်း တောင်ယာတို့နဲ့ ဆန်စပါး စိုက်ပျိုးခြင်းဟာ အစဉ်အလာအရ အသက်မွေးဝမ်းကြောင်းပြုတဲ့ လုပ်ငန်းဖြစ်ပါတယ်။ မကြာသေးမီ ကာလကမှစပြီး နှစ်ရှည်သီးနှံပင်များဖြစ်တဲ့ လိမ္မော်၊ သစ်တော်သီးစတဲ့ သစ်သီးဝလံ များကို စိုက်ပျိုး လုပ်ကိုင်လျက် ရှိပါတယ်။ မြေပြန့်ဒေသ မြစ်ကမ်းနားဒေသဖြစ်တဲ့ ဟုမ္မလင်းမြို့နယ်နဲ့ ခန္တီးမြို့နယ်တို့မှာ ဆန်စပါးနဲ့ ဆီထွက်သီးနှံ များကို ရာသီအလိုက်စိုက်ပျိုးပြီး ထုတ်လုပ်နိုင်မှုမှာ အတော်အသင့်အားဖြင့် ဒေသအတွင်း စားသုံးရန် ဖူလုံမှုရှိကြောင်း တွေ့ရပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** သယံဇာတနဲ့ ပတ်သက်လို့ ခန္တီး မြို့နယ်မှာ ကမ္ဘာကျော် မြန်မာ့ကျောက်စိမ်း ရတနာများ ထွက်ရှိပြီး ရွှေများလဲ အနည်းငယ် ထွက်ရှိ ပါတယ်။ ကျောက်စိမ်းကို နိုင်ငံတော်ရဲ့ ပုဂ္ဂလိကများမှ ဖက်စပ်လုပ်ငန်းများ တည်ဆောက်ပြီး တူးဖော်ထုတ်လုပ်လျက်ရှိပါတယ်။ ဟုမ္မလင်း မြို့နယ်မှာတော့ ရွှေများအများအပြားနဲ့ (ပယင်း) ခေါ် ဆေးပယင်းများ ထွက်ရှိပါတယ်။

လေရှီး မြို့နယ်မှာတော့ (ကျောက်ဂွမ်း) ခေါ် အပူခံသတ္တုတစ်မျိုး ထွက်ရှိပြီး နိုင်ငံတော်မှ စီမံကိန်းနဲ့ ဆောင်ရွက်နိုင်မယ့် အလားအလာများကို စူးစမ်းရှာဖွေလျက်ရှိကြောင်း သိရပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** အထက်က တင်ပြချက်များဟာ နိုင်ငံသားတိုင်း ထားရှိရမယ့် တို့တာဝန်အရေး (၃) ပါးနဲ့ အမျိုးသား ညီလာခံကြီးရဲ့ ဦးတည်ချက် (၆) ရပ်တို့ကို ဦးထိပ်ထားပြီး အကျဉ်းမျှသာ တင်ပြထားခြင်း ဖြစ်ပါတယ်။

၁၉၉၄ ခု၊ ဇန်နဝါရီလ (၁၈) ရက်နေ့ နိုင်ငံတော် သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမမှာ ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေရေးဆွဲရာမှာ စဉ်းစားသင့်တဲ့ မူများအဖြစ်—

"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Self Administered zone) သတ်မှတ်ရေး နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးအတွက် နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်း ဆောင်ရွက်ခြင်းဟာ လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ မိမိတို့ညီအစ်ကို တိုင်းရင်းသားများရဲ့ ရသင့်ရထိုက်သော အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့" ဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံမှာ တညီတညွတ်တည်း ရှိနေကြမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်ရထိုက်သော တိုင်းရင်းသားများနဲ့ပတ်သက်ပြီး ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း ရသင့်တယ်။ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရသင့်တယ်ဆိုတာနဲ့ အဲဒီတိုင်းရင်းသားတွေအတွက် ဘယ်နေရာ ဘယ်ဒေသတွေမှာ သတ်မှတ်သင့်တယ် ဆိုဟာကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်မယ့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါ

တည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားတွေဟာ ကြည်နူး ဝမ်းမြောက် ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများမှအပ အခြားတိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားများအတွက် ဘယ်တိုင်းဒေသကြီး၊ ဘယ်ပြည်နယ်အတွင်း ဘယ်နေရာများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တစ်ပါတည်း သတ်မှတ်ပေးဖို့ သင့် မသင့် ကိုယ်စားလှယ်များရဲ့ ဆန္ဒ သဘောထားများကို ဆွေးနွေးအကြံပြုကြစေလိုပါတယ် လို့ ရှင်း လင်း ပြောကြားသွားပါတယ်။

သဘာပတိကြီးခင်ဗျား။ လုပ်ငန်း ကော်မတီဥက္ကဋ္ဌရဲ့ ဆွေး နွေး လမ်း ညွှန် ချက် များ ဟာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည် သွေးစည်း ညီညွတ်မှုကို တိုးတက်ဖြစ်ပေါ်စေနိုင်ပြီး တိုင်းရင်းသား လူမျိုးများရဲ့ ရသင့်ရထိုက်သော အခွင့်အရေး များကို ပေးသင့် ပေးထိုက်သူ များအား ရရှိခံစားစေနိုင်အောင် မူချမှတ်သင့်တဲ့ လမ်းညွှန်ချက်များလဲ ဖြစ်ပြီး (ပွင့်သောပန်းတိုင်းလန်းပါစေ) ဆိုတဲ့ စိတ်စေတနာနဲ့ မြေတောင်မြှောက် ပြုစုတဲ့ ဥယျာဉ်မှူးကောင်း တစ်ယောက်နှင့် အလားတူတဲ့ နိုင်ငံတော်ရဲ့ ရိုးသားပွင့်လင်းပြီး ဖြူစင်တဲ့စိတ်စေတနာများကို ဖော်ထုတ်ပြသခြင်းလဲ ဖြစ်ပါတယ်။

နိုင်ငံတော် အကျိုး အတွက် တိုင်း ရင်း သားအားလုံးက ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ရင်း ရရှိလာတဲ့ အသီးအပွင့်များကို တိုင်းရင်းသားများအားလုံးက ညီတူညီမျှ ခွဲဝေခံစားစေခြင်းဟာ မလွဲမသွေ ကြိုးပမ်းအားထုတ် ဆောင်ရွက်ရမည့် ပဓာနကျပြီး စစ်မှန်တဲ့အမျိုးသားရေးလည်း ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ နာဂ တောင်တန်းဒေသအရေးနဲ့ ပတ်သက်တဲ့ ယခုတင်ပြတဲ့ စာတမ်းကို စစ်ကိုင်းတိုင်းမှ တိုင်းရင်းသား လူမျိုးများကိုယ်စားလှယ်များနှင့် ဦးစွာ ဆွေးနွေး ညှိနှိုင်းတင်ပြခဲ့ပါတယ်။ ကိုယ်စားလှယ်များ အားလုံးက အခြေအနေ အရပ်ရပ်ကို ဆွေးနွေး သုံးသပ်ပြီး ချွင်းချက်မရှိသဘောတူညီကြပြီးလည်း ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ နာဂ တောင်တန်းဒေသ၊ ခန္တီးခရိုင်ဟာ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသအဖြစ်တည်ရှိနေဆဲ ဖြစ်ပါတယ်။ ရေမြေ တောတောင်ထူထပ်တဲ့ ဒေသဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက်ဖျားမှာ တစ်ဘက်နိုင်ငံနှင့် ထိစပ်ပြီး တည်ရှိပါတယ်။ ဒီလိုအခြေအနေ မျိုးတွေကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့ ကဏ္ဍအသီးသီးမှာ အ ထူး အာ ရုံ စိုက် အလေးထား ဆောင်ရွက်ပေးသင့်တဲ့ အချိန်အခါသို့ ဆိုက်ရောက်နေပြီလို့ တင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျား။ ဖွံ့ ဖြိုး တိုး တက် မှု နိမ့်ကျနေတဲ့ ဒေသတစ်ခုရဲ့ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာမှာ နိုင် ငံ တော်မှ ငွေ ကြေး နှင့် နည်းပညာများကို ထောက်ပံ့မှုပေးပြီး ဆောင်ရွက်နေသလို ဒေသခံပြည်သူများရဲ့ တက်ကြွစွာပူးပေါင်းပါဝင်မှုနှင့် စီမံခန့်ခွဲခွင့်များ ရှိမှသာလျှင် နိုင်ငံတော်နှင့် ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်သလို တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု ခိုင်မာပြီး သွေးစည်းညီညွတ်မှုဟာ မြဲမြံစွာ တည်ရှိနေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နာဂ တောင်တန်းဒေသ၊ ခန္တီးခရိုင်မှာ ပါဝင်တဲ့ မြို့နယ်များဖြစ်သော ခန္တီးမြို့နယ်၊ ဟုမ္မလင်း မြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်ယွန်းမြို့နယ်များကို စုပေါင်းပြီး (နာဂ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်း) (Naga Self Administered Division) သို့မဟုတ် (နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ)၊ (Naga Self Administered Zone) အဖြစ် ယခုရေးဆွဲမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအလိုက် ခေါင်းစဉ်အောက်မှာ အတည်ပြု ပြဋ္ဌာန်းပေးပါရန် အလေးအနက် တင်ပြရင်း နိဂုံး ချုပ်အပ်ပါတယ် ခင်ဗျား။

(ဩဘာသံများ)

အခမ်းအနားမှူး။ အမျိုးသား ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု အစည်းအဝေးကို နေ့လယ်စာ စားသုံးဖို့ (၁) နာရီခန့် ရပ်နားပါမယ်။ အစည်းအဝေးကို ၁၂ နာရီ ၁၀ မိနစ်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာပါတော့မယ်ခင်ဗျား။

နေ့လယ်စာ စားသုံးရန်အတွက် အမျိုးသား ညီလာခံ အစည်းအဝေးကို ၁၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။ ၁၂း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်တဲ့အတွက် သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ်ခင်ဗျား။

သဘာပတိအဖွဲ့ဝင်များသည် သဘာပတိ အဖွဲ့ဝင်များအတွက် သီးသန့် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူကြပါသည်။

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြား တင်ပြခြင်း

[တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်း ပြည် နယ် မှ တိုင်း ရင်း သား လူမျိုး ကိုယ်စားလှယ် ၂ ဦး]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ်အရနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက် ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်း များကို ဆက်လက် ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။

အခု တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ်မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် (၂) ဦးရဲ့ အကြံပြုချက် စာတမ်းကို ဖတ် ကြား တင် ပြ ဖို့ ဖြစ် ပါ တယ်။ ဦးကျော်ဇောအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးကျော်ဇော (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)။ လေးစားအပ်သော သဘာပတိကြီးနှင့်တကွ သဘာပတိ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ် စား လှယ် တော် ကြီး များ ကျန်းမာ ချမ်းသာ ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်မှ ဓနု တိုင်းရင်းသား ကိုယ် စား လှယ် ဦးကျော်ဇော ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဓနုတိုင်းရင်းသား ကိုယ်စားလှယ်များ ဖြစ်တဲ့ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်မှ ဦးမြသန်းနဲ့ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်မှ ဦးကျော်ဇော တို့ရဲ့ ကိုယ်စား တင်ပြမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ စသောအခန်းများနှင့် ပတ်သက်သည့် အခြေခံ မူများကို ကျွန်တော်တို့ ရှမ်းပြည်နယ် တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများ တင်သွင်းအကြံပြုချက်မှာ ပြည့်စုံနိုင်သမျှ ပြည့် စုံ နိုင် အောင် တင်သွင်းခဲ့ပေမယ့် ကျွန်တော်တို့ ဓနုတိုင်းရင်းသားများနဲ့ သက်ဆိုင်တဲ့ကိစ္စကို ထပ်လောင်း ဖြည့်စွက်တင်ပြခွင့် ပြုစေချင်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ "ဓနု တိုင်းရင်းသားလူမျိုး" ကို ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုတော်များ သိသူရှိသလို မသိမကြားဖူးသေးတဲ့ ညီအစ်ကိုတော်များလည်း ကျန်ရှိနေဦးမှာ ဖြစ်တာကြောင့် အခုလို ဖြည့်စွက်တင်ပြရခြင်း ဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော် တင်ပြ ဆွေးနွေးလိုတာကတော့ ၁၆-၉-၉၃ ရက်နေ့မှာ အမျိုးသားညီလာခံကြီးက ချမှတ်အတည်ပြုခဲ့တဲ့ နိုင်ငံတော် အခြေခံမူများ အခန်းမှ (ဃ) "နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ" နဲ့ စပ်လျဉ်းပြီး—

(၁) နိုင်ငံတော်ကို ပြည် ထောင် စု စ နစ် ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(၂) ရှိရင်းစွဲ တိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခုအဖြစ် လည်း

ကောင်း၊ ရှိရင်းစွဲပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State) (၇) ပြည်နယ် အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်း ဒေသကြီး (၇) ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်၊

(၃) ထိုတိုင်း ဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့၏ အမည်ကို ရှိရင်းစွဲအတိုင်း ခေါ်ဆို သုံးနှုန်းသည်၊

(၄) တိုင်း ဒေသကြီး တစ်ခုခု၏ အမည်ကို ဖြစ်စေ၊ ပြည်နယ် တစ်နယ်နယ်၏ အမည်ကို ဖြစ်စေ ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်သော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်မည်၊

(၅) တိုင်း ဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်း ရင်း သား လူမျိုးများ အနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန် ဖြစ်သည်၊

(၆) ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အကျယ်အဝန်းပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။

(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်း ဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့် အခါမျှ ခွဲမထွက်ရ။

ဆိုတဲ့ အချက်တွေဟာ အဓိကကျတဲ့ အနှစ်သာရတွေ ဖြစ်ပါတယ်။ ဒီအထဲမှာ အပိုဒ်ခွဲ (၅) နှင့် (၆) ဖြစ်တဲ့ တိုင်း ဒေသကြီးများ သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်း ရင်း သား လူမျိုး များ အနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone) များ သတ်မှတ်ပေးဖို့ဆိုတာ အလွန်ကောင်းတဲ့ အခြေခံမူဖြစ်လို့ အထူးနှစ်သက်ပါတယ်။ ဒီကိစ္စကို မူလက နိုင်ငံတော်က ကော်မရှင်ဖွဲ့ ဆောင်ရွက်ပေးရန်လို့ အခြေခံမူချမှတ်ခဲ့ပေမယ့် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့မှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်းမိန့်ကြားရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေး ကိစ္စဟာ လုပ်ထုံးလုပ်နည်းအရ ကော်မရှင်ဖွဲ့ ဆောင်ရွက်ပေးရန် ဖြစ်သော်လည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာတိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေမှာဖြစ်ကြောင်း ထပ်လောင်းရှင်းလင်းခဲ့ပါတယ်။ ဒါဟာ ပိုပြီးမြန်ဆန်တဲ့ လုပ်ရပ်ဖြစ်ပြီး သင့်လျော်ကောင်းမွန်မယ်လို့ ခံယူပါတယ်။ ဒါပေမဲ့ အစကောင်းမှ အနှောင်းသေချာ ဆိုတဲ့

စကားလို မြန်မြန်ဆန်ဆန်လည်းဖြစ် တိတိကျကျနဲ့ မှန်မှန်ကန်ကန်လည်းဖြစ်ဖို့ လိုပါလိမ့်မယ် ခင်ဗျား။ ဘာကြောင့်လဲဆိုရင် တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိစ္စဟာ တိုင်းရင်းသားများအတွက်အလွန်အရေးကြီးပြီးရသင့်ရထိုက်သော တိုင်းရင်းသားများ ရရှိနိုင်ရန် အထူးအလေးထားစဉ်းစားကြဖို့ လိုအပ်ပါတယ် ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်ဟာ ပအို့ဝ်တိုင်းရင်းသားလူမျိုး ဖြစ်တာကြောင့် ပအို့ဝ် တိုင်းရင်းသားကိစ္စ တင်ပြရန် တာဝန်ရှိလာပါတယ်၊ ဒီနေရာမှာ အမျိုးသား ညီလာခံကြီး၏ ဦးတည်ချက် (၆) ရပ်၊ အမျိုးသား ညီလာခံမှ ချမှတ်အတည်ပြုခဲ့သော အခြေခံမူများနဲ့အညီ ဆွေးနွေးတင်ပြသွားပါ့မယ်။

ကျွန်တော်တို့ ပအို့ဝ် တိုင်းရင်းသားများဟာ "တိဘက် မြန်မာအနွယ်များ ဖြစ်ပြီး၊ ပအို့ဝ်တိုင်းရင်းသားတို့သည် ရှမ်းပြည်နယ်နှင့် မြန်မာပြည်မကြီးအကြား ဒေသများတွင် နေထိုင်ကြသည်။ အထက်ပိုင်းတွင် မန္တလေးခရိုင်၊ မေမြို့ခရိုင်ခွဲ၊ ကျောက်ဆည်တွင်းဒေသ၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊ ရပ်စောက်၊ အနောက်ပိုင်းမြေလပ်ဒေသတွင် ပင်းတယ၊ ပွေးလှ၊ ရွာငံ၊ မောတို့တွင် အများဆုံး နေထိုင်ကြသည်။ မြို့ကြီးများ ဖြစ်သော အောင်ပန်း၊ ကလော၊ တောင်ကြီး မြို့များတွင်လည်း ပအို့ဝ် အမျိုးသားများကို တွေ့ရှိရသည်" ဟု ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့ ထုံးစံများ (ရှမ်း) စာအုပ်၊ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ စာပေဗိမာန် ပုံနှိပ်တိုက်မှ ထုတ်ဝေသော စာအုပ် စာမျက်နှာ (၆၅) တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။ အထက်ဖော်ပြပါ ဒေသ၏ ယခုအချိန် ခေါ်တွင်သော မြို့နယ်အမည်များမှာ ရွာငံ မြို့နယ်၊ ပင်းတယ မြို့နယ်၊ ကလော မြို့နယ်၊ ရပ်စောက် မြို့နယ်၊ တောင်ကြီး မြို့နယ်၊ နောင်ချို မြို့နယ်၊ သီပေါ မြို့နယ်၊ ကျောက်မဲ မြို့နယ်နှင့် မန္တလေးတိုင်း မေမြို့ မြို့နယ်တို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပအို့ဝ် တိုင်းရင်းသားများဟာ အထက်ပါဒေသများတွင် ဘိုးစဉ်ဘောင်ဆက် နေခဲ့ကြပါတယ်။ ကျွန်တော် လက်လှမ်းမီသမျှ တင်ပြရမယ်ဆိုရင် ၁၉၀၁ ခုနှစ် ထုတ်၊ ရန်ကုန်အစိုးရ ပုံနှိပ်တိုက်မှ ထုတ်ဝေသော အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်များ ဂေဇက်တီးယား စာအုပ်အတွဲ (၁) မှ (၅) စာအုပ်များတွင် ၁၈၉၂ ခုနှစ်၊ ကောက်ယူသော သန်းခေါင်စာရင်းများအရ ယခုအချိန် အမည်ခေါ်တွင်သော ရွာငံ မြို့နယ်၊ ပင်းတယ မြို့နယ်၊ ကလော မြို့နယ်၊ ရပ်စောက် မြို့နယ်၊ နောင်ချို မြို့နယ်၊ တောင်ကြီး မြို့နယ် အတွင်းရှိ ဒေသများတွင် နေထိုင်ကြသော စုစုပေါင်း လူဦးရေ၏ ၅၀ %ခန့်သည် ပအို့ဝ် တိုင်းရင်းသားများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ။၁၁.၁.၉၃ ရက်နေ့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်းချက်တွင် ၁၉၈၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ပြုစုတဲ့ စာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်း လူဦးရေ ၃၅ သန်း၊ ၃ သိန်းကျော်ရှိပြီး၊ ရှမ်းပြည်နယ်တွင် လူဦးရေ ၄၂ သိန်း၊ ၅ သောင်းကျော် ရှိသည့်အနက် ပအို့ဝ်တိုင်းရင်းသား လူဦးရေဟာ ၂ သိန်း၊ ၂ သောင်း ရှိကြောင်း ရှင်းလင်း ပြောကြားမဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပအို့ဝ်တိုင်းရင်းသား လူဦးရေဟာ ရှမ်းပြည်နယ်အတွင်းရှိ ပဥ္စမမြောက် လူဦးရေအများဆုံး လူမျိုးဖြစ်ပါတယ်။

ယခုနောက်ဆုံး လေ့လာတွေ့ရှိရသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန စာရင်းအရ ကျွန်တော်တို့ ပအို့ဝ်တိုင်းရင်းသားများ အများဆုံး နေထိုင်ကြတဲ့ မြို့နယ်အလိုက် အသေးစိတ်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်—

(၁) ရွာငံမြို့နယ်

| | |
|---|---|
| စုစုပေါင်းလူဦးရေ | ၅၃၅၆၀ ဦး |
| ပအို့ဝ်လူဦးရေ | ၄၇၃၅၃ ဦး (တစ် မြို့နယ်လုံး လူဦးရေ၏ ၈၈.၄၄%) |

| | | |
|---|---|---|
| ပအိုဝ်းလူဦးရေ | ၄၀၀၇ | ဦး |
| ပလောင်လူဦးရေ | ၈၆၇ | ဦး |
| အခြားလူဦးရေ | ၁၃၃၃ | ဦး |
| ကျေးရွာပေါင်း | ၁၂၅ | ရွာ |
| မနုနေထိုင်သောရွာ | ၁၀၆ | ရွာ |
| ပအိုဝ်းနေထိုင်သောရွာ | ၁၅ | ရွာ |
| ပလောင်နေထိုင်သောရွာ | ၄ | ရွာ |

ရွှာငံမြို့မရပ်ကွက် ၄ ရပ်ကွက်တွင် အားလုံးနီးပါး မနုများ နေသည်။

(၂) ပင်းတယမြို့နယ်

| | | |
|---|---|---|
| အကျယ်အဝန်း | ၃၅၂ | စတုရန်းမိုင် |
| စုစုပေါင်းလူဦးရေ | ၅၆၅၉၈ | ဦး |
| မနုလူဦးရေ | ၄၈၃၈၆ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၈၅း၄၈%) |
| ပအိုဝ်းလူဦးရေ | ၄၇၁၉ | ဦး |
| ပလောင်လူဦးရေ | ၃၈၅ | ဦး |
| အခြားလူဦးရေ | ၃၁၀၈ | ဦး |
| ကျေးရွာပေါင်း | ၁၃၆ | ရွာ |
| မနုနေထိုင်သောရွာ | ၁၂၂ | ရွာ |
| ပအိုဝ်းနေထိုင်သောရွာ | ၁၂ | ရွာ |
| ပလောင်နေထိုင်သောရွာ | ၂ | ရွာ |

ပင်း တ ယ မြို့ မ ရပ်ကွက်များ ၁၄ ရပ်ကွက်တွင် အားလုံးနီးပါး မနုလူမျိုးများ နေထိုင်သည်။

(၃) ကလောမြို့နယ်

| | | |
|---|---|---|
| အကျယ်အဝန်း | ၈၅၂.၁၃ | စတုရန်း မိုင် |
| စုစုပေါင်း လူဦးရေ | ၁၀၈၈၉၅ | ဦး |
| မနုလူဦးရေ | ၃၇၅၆၄ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၃၄.၅၂%) |
| ပအိုဝ်းလူဦးရေ | ၂၂၇၅၂ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၂၀.၈၉%) |
| တောင်ရိုး လူဦးရေ | ၁၇၄၀၁ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၁၅.၉၇%) |
| ပလောင်လူဦးရေ | ၄၄၈၁ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၄.၁၁%) |
| ဗမာ | ၂၁၄၄၀ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၁၉.၆၈%) |
| အခြား | ၅၂၂၇ | ဦး (တစ်မြို့နယ်လုံးလူဦးရေ၏ ၄.၇၉%) |
| ကျေးရွာပေါင်း | ၂၅၆ | ရွာ |
| မနုနေထိုင်သောရွာ | ၁၁၃ | ရွာ |
| တောင်ရိုးနေထိုင်သောရွာ | ၃၆ | ရွာ |
| ပအိုဝ်းနေထိုင်သောရွာ | ၈၄ | ရွာ |
| ပလောင်နေထိုင်သောရွာ | ၁၆ | ရွာ |
| ဗမာနေထိုင်သောရွာ | ၇ | ရွာ |

ကလောမြို့မ အောင်ဘန်း ဟဲဟိုးမြို့မ ရပ်ကွက်ပေါင်း (၃၃)ရပ်ကွက်၊ မနုအများဆုံး နေထိုင်သောရပ်ကွက် ၁၉ ရပ်ကွက်၊ ပအိုဝ်း အများဆုံး နေထိုင်သောရပ်ကွက် (၃)ရပ်၊ ဗမာနှင့် အခြား လူမျိုးပေါင်းစုံရောနှော နေထိုင်သော ရပ်ကွက် (၁၁) ရပ်ကွက်။

(၄) ရပ်စောက်မြို့နယ်

| | |
|---|---|
| အကျယ်အဝန်း | ၂၀၃၃.၁၃ စတုရန်း မိုင် |
| လူဦးရေစုစုပေါင်း | ၉၅၄၇၇ ဦး |
| ဓနုလူဦးရေ | ၃၂၅၇၉ ဦး (တစ်မြို့နယ်လုံး လူဦးရေ၏ ၃၄.၁၂ %) |
| ပအို့ဝ်းလူဦးရေ | ၁၃၉၆၁ ဦး (တစ်မြို့နယ်လုံး လူဦးရေ၏ ၁၄.၆၂ %) |
| ရှမ်းလူဦးရေ | ၁၃၆၀၈ ဦး (တစ်မြို့နယ်လုံး လူဦးရေ၏ ၁၄.၂၅ %) |
| ပလောင်လူဦးရေ | ၅၁၁၃ ဦး (တစ်မြို့နယ်လုံး လူဦးရေ၏ ၅.၃၅ %) |
| ဗမာ | ၁၀၆၁၅ ဦး (တစ်မြို့နယ်လုံး လူဦးရေ၏ ၁၉.၄၉ %) |
| အခြား | ၁၁၆၀၄ ဦး (တစ်မြို့နယ်လုံး လူဦးရေ၏ ၁၂.၁၅ %) |
| ကျေးရွာပေါင်း | ၂၂၇ ရွာ |
| ဓနုနေထိုင်သောရွာ | ၁၄၉ ရွာ |
| ပအို့ဝ်းနေထိုင်သောရွာ | ၁၉ ရွာ |
| ရှမ်းနေထိုင်သောရွာ | ၃၇ ရွာ |
| ပလောင်နေထိုင်သောရွာ | ၁၉ ရွာ |
| ဗမာနေထိုင်သောရွာ | ၃ ရွာ |

ရပ်စောက် မြို့မရပ်ကွက် (ဗထူးအပါအဝင်) (၆) ရပ်ကွက်တွင် ဓနုနေထိုင်သော ရပ်ကွက် (၃) ရပ်ကွက် ဗမာနှင့် အခြားလူမျိုးများ ရောနှောနေထိုင်သော ရပ်ကွက် (၃) ရပ်ကွက်။

(၅) နောင်ချိုမြို့နယ်

| | |
|---|---|
| စုစုပေါင်းလူဦးရေ | ၉ သောင်းကျော် |
| ဓနုလူဦးရေသည် | တစ်မြို့နယ်လုံး လူဦးရေ၏ ၃၄ % |
| ရှမ်းလူဦးရေသည် | တစ်မြို့နယ် လုံးလူဦးရေ၏ ၃၁ % |
| ဗမာလူဦးရေသည် | တစ်မြို့နယ်လုံး လူဦးရေ၏ ၂၃ % |

(၆) တောင်ကြီး မြို့နယ်အတွင်း (ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်) တို့နှင့် ဆက်စပ်နေသော နယ်မြေ ဒေသများ ဖြစ်သည့် ကျေးရွာအုပ်စု (၃) အုပ်စု အတွင်း ရွာပေါင်း (၁၅) ရွာတွင် ဓနုတိုင်းရင်းသား များ နေထိုင်သည်။

(၇) မန္တလေးတိုင်း သာစည် မြို့နယ်အတွင်း (ရွာငံ၊ ကလောမြို့နယ်) တို့နှင့် ဆက်စပ် လျက်ရှိသော ကျေးရွာအုပ်စု (၂) အုပ်စုရှိ ကျေးရွာ (၁၀) ရွာတွင် ဓနု တိုင်းရင်း သား လူဦးရေ ၄၀၀၀ ကျော် နေထိုင် လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

အထက်ပါ အသေးစိတ် ဖော်ပြ ထားသည့် တစ်ဆက်တစ်စပ်တည်းဖြစ်သော မြို့နယ် ဒေသများ တွင် ကျွန်တော်တို့ ဓနုတိုင်းရင်းသား လူဦးရေ နှစ်သိန်းနှစ်သောင်းခန့် စုစုစည်းစည်း နေထိုင်လျက် ရှိပြီး၊ မြို့နယ်အသီးသီးတွင် စုစုပေါင်း လူဦးရေ၏

ရခိုင်နှန်း အများဆုံးမှာ မနု တိုင်းရင်းသားများ နေထိုင်ကြကြောင်း တွေ့ရှိရပါတယ်။ ၎င်းအသေးစိတ် ဖော်ပြထားသော မြို့နယ်များအပြင် နယ်မြေအားဖြင့် ဆက်စပ်လျက်ရှိသော သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် မန္တလေးတိုင်းရှိ မေမြို့(ခေါ်) ပြင်ဦးလွင်မြို့နယ်များတွင် လူဦးရေတစ်သောင်းခန့် နေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော်တို့ မနုတိုင်းရင်းသားများနဲ့ သက်ဆိုင်သော ကိစ္စရပ်များကို ဆက်လက်တင်ပြသွားပါ့မယ်။

သဘာပတိကြီး ခင်ဗျား။ ကျွန်တော်တို့ မနုတိုင်းရင်းသားတွေမှာ သီးခြားယဉ်ကျေးမှုသီးခြားဓလေ့ထုံးစံများနဲ့ ဗုဒ္ဓဘာသာကို အခြေခံသော ကိုးကွယ်မှုများလည်း ရှိကြပါသယ်။ ကျွန်တော်တို့ မနုများရဲ့ တကယ့်မူရင်း စကားအစစ်က ရှေးစကားပေါရာဏသံဖြင့် ပြောကြောင်း သိရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော်နည်းနည်းလေး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး လိုပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား တွေဟာ အသံကွဲ မြန်မာစကားပြောလို့ ဗမာလူမျိုးဖြစ်တယ်လို့ သတ်မှတ်လို့ မရပါဘူး။ ဥပမာ၊ ကမ္ဘာပေါ်မှာရှိကြတဲ့ အမေရိကန်ကနေဒါ၊ သြစတြေးလျစတဲ့ နိုင်ငံတွေမှာ ရှိကြတဲ့ လူမျိုးများဟာ အင်္ဂလိပ်စကားကို အမျိုးသားစကားအနေဖြင့် ပြောသော်လည်း ၎င်းနိုင်ငံက လူမျိုးများကို အင်္ဂလိပ်လူမျိုးဖြစ်တယ်လို့ မသတ်မှတ်ကြပါဘူး။ အလားတူပဲ တောင်အမေရိကတိုက်နဲ့ လက်တင်အမေရိက နိုင်ငံများ ဖြစ်ကြတဲ့ အာဂျင်တီးနား၊ ချီလီ၊ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ ကျူးဘားစတဲ့ နိုင်ငံအသီးသီးကလူမျိုးတွေဟာလည်း စပိန်စကားကိုပြောတာနဲ့ အဲဒီနိုင်ငံက လူမျိုးတွေကို စပိန်လူမျိုး ဖြစ်တယ်လို့ မသတ်မှတ် ကြပါဘူး။ ထိုနည်းတူ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မြန်မာအစုဝင်၊ အသံကွဲ မြန်မာစကားကို ပြောဆိုကြတဲ့ တိုင်းရင်းသားများမှာ မနု၊ ဟောင်ရိုး၊ အင်းသား၊ ဇမိန်း၊ ယော၊ ရခိုင်၊ ရမ်းဗြဲ၊ ထားဝယ်၊ မြိတ်တို့ဖြစ်ကြောင်း "မြန်မာ့မျိုးချစ်စိတ်ပုံရိပ်များ" စာအုပ်စာမျက်နှာ (၃၃) တွင် ဖော်ပြထားတာကို တွေ့ရှိရပါတယ်ခင်ဗျား။

အဓိက ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့ မနုတိုင်းရင်းသားဟာ အသံကွဲမြန်မာစကားပြောတဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုး ဖြစ်တယ်ဆိုတာပါပဲ။

သဘာပတိကြီးခင်ဗျား။ အမျိုးသားညီလာခံကြီးက လောကပါလတရားနဲ့အညီ တိုင်းရင်းသားလူမျိုးများအပေါ် အေးအတူ၊ ပူအမျှ ကောင်းတူဆိုးဖက်၊ စေတနာရှိရှိ၊ အခွင့်အလမ်းတွေ ပေးနေပါလျက်နဲ့ ကျွန်တော်တို့ မနု တိုင်းရင်းသားကိုယ်စားလှယ်များက မနု တိုင်းရင်းသား ကိစ္စကို မတင်ပြဘဲ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်သွားခဲ့ရင် မနုလူမျိုးအတွက် တာဝန်မကျေတဲ့သူ ဖြစ်သွားပါလိမ့်မယ်ခင်ဗျား။

ကျွန်တော်တို့ဒေသမှာရှိကြတဲ့ မနုတိုင်းရင်းသားများကလည်း အမျိုးသားညီလာခံကြီးကကျွန်တော်တို့အပြန်မှာ "သားရွှေအိုးထမ်းလာတာကိုမြင်လိုကြမှာ"ဖြစ်ပါတယ်။ ဒါဟာလည်း အင်္ဂလိပ်စကားပုံတစ်ခုလိုပြောရရင် (A Little Bird Wants A Little Nest) ဆိုတဲ့စကားအတိုင်း ငှက်ကလေးဟာ သူနေဖို့အတွက် အသိုက်အိုငယ်လေး တစ်ခုတော့ လိုချင်ရှာမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့် ကျွန်တော်တို့ မနုတိုင်းရင်းသားများဟာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်မရရှိသေးသည့် တိုင်းရင်းသား လူမျိုးတစ်မျိုး ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း—

၁။ ရွာငံမြို့နယ်

၂။ ပင်းတယမြို့နယ်

၃။ ကလောမြို့နယ်

၄။ ရပ်စောက်မြို့နယ်

၅။ နောင်ချိုမြို့နယ်

၆။ တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်စောက်မြို့နယ်၊ ကလောမြို့နယ်များနှင့် ဆက်စပ်လျက်ရှိသော—

(က) တောင်လေးလုံးကျေးရွာအုပ်စု

(ခ) ကျောက်နီကျေးရွာအုပ်စု

(ဂ) ဘန်းကန်ကျေးရွာအုပ်စုများ

၇။ ကျောက်မဲမြို့နယ်အတွင်းရှိ မိုင်းလုံဒေသ

၈။ မန္တလေးတိုင်း သာစည်မြို့နယ် အတွင်းရှိ ရွာငံမြို့နယ်၊ ကလောမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသော—

(က) ကျောင်းဆိုးကုန်း ကျေးရွာအုပ်စုမှ ရွာပေါင်း (၆) ရွာ

(ခ) လယ်ခေါင်း ကျေးရွာအုပ်စုမှ ရွာပေါင်း (၄) ရွာ

အစရှိသော နယ်မြေ ဒေသများသည် တစ်ဆက်တစ်စပ်တည်း တည်ရှိသောနယ်မြေဒေသများဖြစ်ပြီး အထက်ဖော်ပြပါ မြို့နယ် (၈) မြို့နယ် အတွင်း ရပ်ကွက်ပေါင်း (၅၇) ရပ်ကွက်၊ ကျေးရွာပေါင်း (၇၆၉) ရွာတို့တွင် ဓနု တိုင်းရင်းသား လူဦးရေ စုစုပေါင်း နှစ်သိန်းနှစ်သောင်း ကျော်တို့သည် စုစုစည်းစည်း ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့ကြသဖြင့် အထက်ဖော်ပြပါ ရပ်ကွက်များ၊ ကျေးရွာများကို ကျေးရွာအုပ်စုများ၊ မြို့နယ်များ၊ ခရိုင်များအဖြစ် လိုအပ်သင့်လျော်သလို ပြင်ဆင် ဖွဲ့စည်းပြီး ဓနု တိုင်းရင်းသားများ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) အဖြစ် သတ်မှတ် ပေးသင့်ကြောင်း လေးစားစွာ တင်ပြအကြံပြု အပ်ပါတယ်ခင်ဗျား။ ဓနု တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မြေပုံအကြမ်းကို ပူးတွဲတင်ပြ အပ်ပါတယ်ခင်ဗျား။

သဘာပတိကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြချက်အပေါ်မှာ အယူအဆ တူညီတာတွေ ရှိသလို မတူညီတာတွေလဲ ရှိမှာပါပဲ။ အခုတင်ပြချက်တွေဟာ ကျွန်တော် အပါအဝင် အမျိုးသားညီလာခံသို့ တက်နေသော ဓနု တိုင်းရင်းသား ကိုယ်စားလှယ်များ၏ အယူအဆ သက်သက်မျှသာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံသို့ တက်နေသော ကျွန်တော်တို့ ဓနုတိုင်းရင်းသား ကိုယ်စားလှယ်များနည်းတူ ကျွန်တော်တို့ ဒေသမှ ဓနုတိုင်းရင်းသားများကလဲ ဓနုတိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ရလို ကြ လိမ့် မယ် ဆို တာ ယုံကြည်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဓနု တိုင်းရင်းသားများနည်းတူ အခြားသော ညီအစ်ကိုတော် တိုင်းရင်းသားများကလဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ရလိုကြလိမ့်မယ်ဆိုတာ ကိုယ်ချင်းစာ နားလည်သဘောပေါက်မိပါတယ်။ ကျွန်တော်အပါအဝင် ညီအစ်ကိုတော်များ လိုလားသော အခြေခံမူနှင့် ကိုက်ညီသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

တပ်လောင်းဖြည့်စွက် တင်ပြရမယ်ဆိုရင် ပထမ နယ်မြေ ဒေသတစ်ခုတည်းကို တိုင်းရင်းသားလူမျိုး နှစ်မျိုးလုံးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးရန် တင်ပြအကြံပြုခဲ့သည်များ ရှိခဲ့သော် အမျိုးသား ညီလာခံကြီးမှ စဉ်းစားဆုံးဖြတ် သတ်မှတ်ရာတွင်—

(က) ထိုနယ်မြေဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူဦးရေ ရာခိုင်နှုန်း ပိုများသော တိုင်းရင်းသား၊

(ခ) ထိုနယ်မြေဒေသတွင် မူလ ကတည်းက ဓားမဦးချ အခြေချနေထိုင်ခြင်း၊ ဘိုးစဉ်ဘောင်ဆက် နေထိုင်ခြင်း

အစရှိသော တိုင်းရင်းသားလူမျိုးတို့၏ သမိုင်းအစဉ်အလာ စသော အချက်များကို အလေးထား ထည့်သွင်း စဉ်းစားသင့်ပြီး ၎င်း အချက်များ တိုက်ဆိုင်တူညီနေပါက အမျိုးသား ညီလာခံကြီးက ဆုံးဖြတ်နိုင်ရန်အတွက် နိုင်ငံတော်က အမျိုးသား ညီလာခံ ကျင်းပနေစဉ် ကာလအတွင်း ကော်မရှင် ဖွဲ့ပြီး ၎င်းနယ်မြေဒေသရှိ ပြည်သူလူထု၏ ဆန္ဒကို အလေးထား ရယူသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၏ ၇-၁-၉၃ ရက်နေ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများကို ကြိုဆို နှုတ်ခွန်းဆက် အခမ်းအနားတွင် မိန့်ကြားခဲ့သည့် ရှင်မဟာရဋ္ဌသာရ၏ လူမှုကျင့်ဝတ် ဆုံးမစာမှာ "သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းပင်၊ အခင်းကြီးငယ် ရှိခါဝယ်လည်း၊ မဖယ်မသွေ ညီညာကုန်း၍ ရှုန်းကြလေ" ဆိုတဲ့ စကားအတိုင်း ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကို တော်များ တစ်ဦးကိုတစ်ဦး သဘောထားကြီးစွာဖြင့် ကျွန်တော်တို့ ဓနုတိုင်းရင်းသားများ၏ အကျိုးဖြစ်သော "ဓနု တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးနိုင်ရေးကို ဆောင်ကြဉ်း ကူညီပေးနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ကြောင်းနဲ့ ကျွန်တော်တို့ ဓနု တိုင်းရင်းသား ကိုယ်စားလှယ်များက ဓနု တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးပါရန် တင်ပြ အကြံပြု ထားသော်လဲ အမျိုးသား ညီလာခံကြီးက အခြေခံမူအားဖြင့် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းအရ လည်းကောင်း ဓနု တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအနေဖြင့်သာ သင့်တော်မည်ဟု အမျိုးသား ညီလာခံမှ ဆုံးဖြတ်ခဲ့လျှင်လဲ ခံယူသဘောတူမည် ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အကြံပြုချက် စာတမ်းများ ဆက်လက်ဖတ်ကြား တင်ပြခြင်း

[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၄ ဦး]

အခမ်းအနားမှူး။ အခု ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် (၄) ဦး တို့ရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။ ဦးခွန်ကျော်သူအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးခွန်ကျော်သူ (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇီရင်စုများအတွက် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ပအိုဝ်း တိုင်းရင်းသား ကိုယ်စားလှယ်များ၏ ဖြည့်စွက်ဆွေးနွေး တင်သွင်းသည့်စာတမ်း။

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ။ ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ်မှ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ပအိုဝ်းတိုင်းရင်းသား ဦးခွန်ကျော်သူဖြစ်ပါတယ်။ ကျွန်တော်တို့ ပအိုဝ်း တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်မှ ဦးခွန်သိန်းမြင့်၊ ကလောမြို့နယ်မှ ဦးခွန်ကျော်သူ၊ ဟိုပုံးမြို့နယ်မှ ဦးခွန်ကိုမောင်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဦးခွန်ဝင်းနောင်တို့ စုစည်း ပြုစုထားတဲ့ စာတမ်းကို ဖတ်ကြားခြင်းမပြုမီ ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

သဘာပတိကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာမှု ဆိုရိုးစကားမှာ "သတ္တဖဝါး၊ အတူသွားကာ၊ မည်ငြားမိတ်စစ်၊ ခင်ပွန်းဖြစ်၏" လို့ အဆိုရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တင်သွင်းမည့် စာတမ်း အပေါ်မှာ စည်းလုံး ညီညွတ်တဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် အားနည်းချက်များရှိက ခွင့်လွှတ်ကာ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမည့် မူများဘောင်အတွင်းမှ တင်ပြချက်များကို ဆန်းစစ်ဝေဖန်ပြီး ထောက်ခံပေးကြပါရန် ကြိုတင်မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ရှမ်းပြည်နယ်တိုင်းရင်းသားညီလာခံကိုယ်စားလှယ်များအနေနဲ့ စုပေါင်းပြီး တစ်ခုတည်းသော စာတမ်းကို တင်သွင်းကြသော်လည်း ထူးခြားသော ဝိသေသလက္ခဏာအနေနဲ့ တစ်ဦးချင်းသို့မဟုတ် တစ်စုချင်း တင်သွင်းလိုသော စာတမ်းရှိပါက တင်သွင်းနိုင်ကြောင်း ကော်မရှင် လုပ်ထုံးလုပ်နည်း ခွင့်ပြုချက် ဘောင်အတွင်းမှ တင်သွင်းရန် ညှိနှိုင်း သဘောတူခဲ့ကြတဲ့အတိုင်း ဤစာတမ်းကို တင်သွင်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ တင်သွင်းမည့် စာတမ်းကတော့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက် နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရေး

အတွက် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးသည့်အထဲမှ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ ခေါင်းစဉ်အောက်မှာ ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့် ပတ်သက်တဲ့ အသေးစိတ်အခြေခံမူပဲ ဖြစ်ပါတယ်။

အထက်ပါ အသေးစိတ် အခြေခံ မူနှင့် ပတ်သက်လို့ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် မိန့်ကြားသော မိန့်ခွန်းကို ကောက်နုတ် တင်ပြလိုပါတယ်။

"ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်း များစွာဟာ အတူတကွ ပူးပေါင်း နေထိုင်လျက် ရှိကြ ပါတယ်။ တိုင်းရင်းသား လူမျိုးများဟာ နိုးကြားတိုးတက်မှု ရှိလာတာနဲ့အမျှ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲလိုတဲ့ ဆန္ဒတွေ တိုးတက်ဖြစ်ပေါ်နေတာကိုလဲ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သတ်မှတ်ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့ အားလုံးက သဘောထား ကြီးကြီးနဲ့ ဝိုင်းဝန်းကူညီရမှာ ဖြစ်ပါတယ်" လို့ မိန့်ကြားခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်မှာ ပါရှိတဲ့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမည့်မူများ၊ အပိုဒ် (၅) တွင် ပါရှိသည့် "တိုင်း ဒေသကြီးများ (သို့မဟုတ်) ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှ အပ ကျန် တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေ ရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေးရန် ဖြစ်သည်"

အပိုဒ် (၆) မှာ ဖော်ပြတာကတော့ ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်း အပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။ ထိုသို့သတ်မှတ်ပေးရေးအတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက်ပေးရန်ဖြစ်သည်။

အပိုဒ် (၇)မှာ နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ ဟူ၍ ပါရှိပါသည်။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(Self Administered Zone) တွေ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး အခြေခံရမည့်မူများ ချမှတ်ထားရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးဖို့ ရှိပါက နိုင်ငံတော်က ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးပြီး လိုအပ်သလို ဆောင်ရွက်ပေးဖို့ အခြေခံရမည့်မူ ချမှတ်ထားပါတယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးရေးအတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ခြင်းဟာ လုပ်ထုံးလုပ်နည်းပိုင်းနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ မိမိတို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်

ချက်ဟာ ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံမှာ တညီတညွတ်တည်း ရှိနေကြမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားများနဲ့ ပတ်သက်ပြီး ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရသင့်တယ်။ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့်တယ်ဆိုတာနဲ့ အဲဒီရသင့်တဲ့ တိုင်းရင်းသားတွေ အတွက် ဘယ်နေရာမှာ ဘယ်ဒေသတွေမှာ သတ်မှတ်ပေးသင့်တယ်ဆိုတာကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမည့် အစား ညီလာခံ ကိုယ်စားလှယ် များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်း ဒေသကြီး (သို့မဟုတ်) ပြည်နယ်များမှာ တိုင်း ဒေသကြီး၊ (သို့မဟုတ်) ပြည်နယ်ရရှိပြီး တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီး ဖြစ်သော အခြေခံမူနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးအတွက် ဘယ်တိုင်း ဒေသကြီး (သို့မဟုတ်) ဘယ်ပြည်နယ်အတွင်း ဘယ်နေရာမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တစ်ပါတည်း သတ်မှတ်ပေးဖို့သင့် မသင့် ကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားများကို ဆွေးနွေးအကြံပြု စေလိုပါတယ်'' လို့ မိန့်ကြားသွားပါတယ်။

အထက်ပါ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် မိန့်ခွန်း ကောက်နုတ်ချက်နဲ့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး ၏ ရှင်းလင်း ပြောကြားသော ကောက်နုတ်ချက်များကို လေးလေးနက်နက် ဆန်းစစ်ကြည့်မယ်ဆိုရင် တကယ့် ကြံ့ခိုင်ကျစ်လျစ်တဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ဖော်ဆောင် သင့်ပြီလို့ မီးမောင်း ထိုးပြနေကြောင်း အလေးအနက် ခံယူရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရှေးပဝေသဏီက ရှမ်းပြည်နယ်တွင် အခြား တိုင်းရင်းသားများနှင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး တစ်အူတုံဆင်းပမာ နေထိုင်ခဲ့ကြတဲ့ ကျွန်တော်တို့ ပအိုဝ်း တိုင်းရင်းသား များဟာ လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးရန် သင့်ကြောင်း အစီရင်ခံ တင်သွင်းအပ်ပါတယ်။

အထက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကိုသတ်မှတ်ပေးနိုင်ရန်အတွက် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာ၌ ဖော်ပြခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် (Autonomous State) ကို အခြေပြုပြီး တင်ပြသွားမှာဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် (Autonomous State) အင်္ဂါရပ်များထဲမှာ ကောက်နုတ်တင်ပြလိုသော အချက်များကတော့ —

၁။ ဗမာစကားနဲ့မတူသော ဘာသာစကား တစ်မျိုးတည်းရှိခြင်း၊

၂။ ယဉ်ကျေးမှု တစ်မျိုးတည်းရှိခြင်း၊

၃။ ရာဇဝင်အစဉ်အလာ တစ်မျိုးတည်းရှိသော လူစုရှိခြင်း၊

၄။ လူဦးရေအတော်အတန်ရှိခြင်း၊

၅။ ပြည်ထောင်စုအဖွဲ့ဝင် သီးခြားဒေသတစ်ခုအဖြစ်ဖြင့် မိမိကိုယ်ပိုင် ထင်ရှားချက် အတိုင်း နေလိုသောဆန္ဒရှိခြင်း စသည်တို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားများအနေနဲ့ ကျွန်ုပ်တို့အစ်ကို တိုင်းရင်းသားများနဲ့အတူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ ဥမကွဲသိုက်မပျက် ရာသက်ပန်ပူးပေါင်း နေထိုင်သွားပြီး "နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဟူသော နိုင်ငံတော်၏ အခြေခံမူကို အစဉ်နှလုံးသွင်း၍ကျင့်ကြံအားထုတ်နေထိုင်သွားမှာ ဖြစ်ပါတယ်။

**သဘာဝ ပထဝီ ကြီး ခင်း များ။** ကျွန်တော်တို့ ပအိုဝ်း တိုင်းရင်းသားတို့ရဲ့ သမိုင်းကို သိရှိနိုင်ရန်အတွက် အကျဉ်းချုံးပြီး တင်ပြလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးရဲ့ မူလဒေသရင်းကတော့ တရုတ်ပြည်အနောက်ပိုင်း မွန်ဂိုကုန်းမြင့်ဒေသဖြစ်တယ်လို့ ခံယူထားကြောင်း သမိုင်းအထောက်အထားများအရ တွေ့ရှိရပါတယ်။ မွန်ဂိုကုန်းမြင့်ဒေသမှ သံလွင်မြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်း၊ ဗြဟ္မပုတ္တရမြစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ (၁) မွန်ခမာအုပ်စု၊ (၂) တိဘက်မြန်မာအုပ်စု၊ (၃) ထိုင်းတရုတ်အုပ်စုရယ်လို့ အုပ်စု (၃)စုကွဲပြီး ဝင်ရောက်လာကြပါတယ်။ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းစာမျက်နှာ (၃၀) မှာ တောင်သူအမည်ခံ ပအိုဝ်းလူမျိုးသည် တိဘက်မြန်မာအုပ်စုတွင်လည်းကောင်း၊ ဦးဖေမောင်တင်ပြုစုရေးသားသော ဘာသာလောက ကျမ်းတွင်လည်းကောင်း၊ စာရေးဆရာမောင်သော်ရေးသားသည့် ပြည်သူ့ဂျာနယ်စာမျက်နှာ (၂၆) "မြန်မာနိုင်ငံတိုင်းရင်းသားများ" ဆောင်းပါး၌ ပအိုဝ်းသည် တိဘက်မြန်မာအစုတွင် ပါဝင်သူများဖြစ်ကြောင်း၊ ဗန်းမော်တင်အောင်၏ "ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း" စာမျက်နှာ (၂၀) တွင် ပအိုဝ်း တောင်သူ လူမျိုးများသည် ထိုင်းတရုတ်အနွယ်ဝင်များ ဖြစ်ကြောင်း၊ ဆာဂျေဂျော့ကော့မှတ်တမ်းအရ ပအိုဝ်း တိုင်းရင်းသားများသည် မြန်မာနိုင်ငံတွင်သာမက ယိုးဒယား၊ကမ္ဘောဒီးယား မဲခေါင်မြစ်ဝှမ်းတောင်ပိုင်းဒေသအထိ နေထိုင်လျက်ရှိကြောင်း၊ မေဂျာ့အင်ရိုဝ်ဇ်ပြုစုသည့် မြန်မာနိုင်ငံလူမျိုးများ အကြောင်း စာအုပ်တွင် ထိုင်းတရုတ်အနွယ်ဝင်မှ ဆင်းသက်လာကြောင်း၊ ကရင်ဘာဝ ဓလေ့စာအုပ်တွင် ပအိုဝ်းသည် ထိုင်းတရုတ်အုပ်စုမှ ဆင်းသက်လာကြောင်း အသီးသီးရေးသားဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားများဟာမြန်မာပြည်ဖွားတိုင်းရင်းသားများ အားလုံးနဲ့အတူ မွန်ဂိုအနွယ်ဝင်များသာဖြစ်ပြီး တိဘက်ကုန်းမြေမြင့်မှ ပေါက်ဖွားဆင်းသက်လာတဲ့ မူလလူမျိုးတစ်မျိုးတည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံထဲသို့ အခြေချနေထိုင်လာတဲ့ သွေးချင်းတိုင်းရင်းသားများနဲ့အတူ ရေကြည်ရာ မြက်နုရာဆိုသလို အခြေချနေထိုင် လုပ်ကိုင်စားသောက်ခဲ့ကြပါတယ်။ သမိုင်းအတက်အကျပေါ်မှာမူတည်ပြီး ခေတ်စနစ်၏ ကောင်းမွေ၊ ဆိုးမွေကို အခြားတိုင်းရင်းသားများနဲ့အတူ အေးအတူပူအမျှ ခံစား တွေ့ကြုံလာပြီး လွန်မြောက်လာခဲ့တဲ့ လူမျိုးတစ်မျိုးလဲ ဖြစ်ပါတယ်။

**သဘာဝ ပထဝီ ကြီး ခင်း များ။** ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားများ၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ စာပေဘာသာစကားသီးခြားရှိနေခြင်းနဲ့ပတ်သက်၍ ဝီလီယံဒန်းဟတ်ဂတ်၏ ရေးသားဖော်ပြချက်တွင်လည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသားစာဆိုတော် ပင်စုံဆရာတော်က ပအိုဝ်းဘာသာဖြင့် ရေးသားထားသော သုဝဏ္ဏပကာသဏီကျမ်းတွင်လည်းကောင်း၊ ပုဂံမြို့ မင်းနန်းသူရွာရှိလေးမျက်နှာဘုရား တံတိုင်း အတွင်းရှိ ကျောက်စာဂူတောင်ဘက်၊ ကျောက်တိုင်ကြီးအရှေ့ဘက် မျက်နှာ၌ မင်းအနန္တသူကျောက်စာ (ခေါ်) လေးမျက်နှာဘုရားကျောက်စာ၊ ကြောင်းရေ (၄၃) တွင် ပအိုင်းစာဖြင့် ကျွန်များ၏စာရင်းကို ရေးသားဖော်ပြထားခြင်းတို့ကို သမိုင်းကျောက်စာ အထောက်အထားများအရတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား။** ပအိုဝ်းတိုင်းရင်းသားများသည် သွေးရင်းသားရင်းညီအစ်ကိုတိုင်းရင်းသားများနဲ့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြတာကိုလဲ မျက်မှောက်ကာလအထိ ထင်ရှားစွာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားများဟာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းအတွင်းမှာ အခြား ကျွန်တိုင်းရင်းသားများနဲ့ ချစ်ခင်ရင်းနှီးစွာ အေးအတူပူအမျှ လုပ်ကိုင်စားသောက်ပြီး ဘာသာတရားကိုင်းရှိုင်းစွာဖြင့်နေထိုင်ကြတာကို အားလုံးအသိပဲဖြစ်ပါတယ်။

ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားများရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအထောက်အထားအရ တင်ပြရရင် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးသာမက လွယ်လပ်ရေးရရှိရန်အတွက် အခြားတိုင်းရင်းသားများနဲ့အတူ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်မှ (၁၃) ရက်အထိ ကျင်းပခဲ့သောပင်လုံညီလာခံတွင် ပအိုဝ်းတိုင်းရင်းသားများကိုယ်စား ဦးလှဖေတက်ရောက်ခြင်း၊ လွတ်လပ်ရေးတိုက်ပွဲအင်အားတွင် ဦးဟိန်တီထွန်း (တောင်ကြီး)၊ ဦးထွက်အောင် (စဝေါ)၊ ဦးအောင်သာ၊ ဦးဟိန်မောင်၊ ဦးရွှေ (တောင်ကြီး)၊ ဆရာမင်း (တောင်ကြီး) တို့က ဦးဆောင်ပြီး ပအိုဝ်းတိုင်းရင်းသားများလဲ ပါဝင်ခဲ့ကြပါတယ်။ ထို့အတူ ပအိုဝ်းတိုင်းရင်းသား လူငယ်ခေါင်းဆောင် ကိုထွန်းရင်လောလဲ ပါဝင်ခဲ့ပါတယ်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် ပအိုဝ်းတိုင်းရင်းသား ဦးဖြူသည် ဆီဆိုင်စော်ဘွားရဲ့ကိုယ်စား ပါဝင်လက်မှတ်ရေးထိုးခဲ့တာကို တွေ့ရှိရပါတယ်။ ဖော်ပြပါ အထောက်အထားများအရ ကျွန်တော်တို့အနေနဲ့ ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်မှာ ပအိုဝ်းတိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အားကြိုးမာန်တက်စွာနဲ့ အခြားသွေးချင်း သားချင်းများနဲ့ အတူ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ခွင့်ရရှိအောင် ရသင့်ရထိုက်တဲ့ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရရှိဖို့ လိုအပ်ပါတယ်။

သို့ပါ၍ ညီအစ်ကိုတော် ညီလာခံကိုယ်စားလှယ်တော်ကြီးများက ကျွန်တော်တို့ပအိုဝ်းတိုင်းရင်းသားများအဖို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဆင့် ရရှိနိုင်ရန် သဘောထားကြီးကြီးနဲ့ မေတ္တာကရုဏာရှေ့ထားပြီး ဝိုင်းဝန်းကူညီ ပေးကြပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားများ၊ ရှမ်းပြည်နယ်အတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ရရှိရေးအတွက် အလေးအနက်ထား စဉ်းစား ဆုံးဖြတ်နိုင်ရေးအတွက် ကျွန်တော်တို့ လူမျိုးအများစု နေထိုင်လျက်ရှိတဲ့ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဒေသများနှင့် လူဦးရေကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။

ပအိုဝ်းတိုင်းရင်းသား အများစုနေထိုင်တဲ့ ခရိုင်များနှင့် မြို့နယ်များကတော့—

၁။ တောင်ကြီးခရိုင်အတွင်းမှာ—

(က) တောင်ကြီးမြို့နယ်
(ခ) ဟိုပုံးမြို့နယ်
(ဂ) ဆီဆိုင်မြို့နယ်
(ဃ) ညောင်ရွှေမြို့နယ်
(င) ကလောမြို့နယ်
(စ) ပင်လောင်းမြို့နယ်
(ဆ) ရပ်စောက် မြို့နယ်များ ဖြစ်ကြပြီး

၂။ လွိုင်လင်ခရိုင် အတွင်းမှာတော့—

(က) လွိုင်လင်မြို့နယ်
(ခ) နမ့်ဆန်မြို့နယ်
(ဂ) မိုးနဲမြို့နယ်
(ဃ) မောက်မယ်မြို့နယ်
(င) လင်းခေးမြို့နယ်

(စ) မိုင်းပန်မြို့နယ်
(ဆ) လဲချားမြို့နယ်
(ဇ) မိုင်းကိုင်မြို့နယ် စသည်တို့ပဲဖြစ်ပါတယ်။

လူဦးရေ စုစုပေါင်းကတော့ (၆) သိန်းကျော်ဖြစ်ပါတယ်၊ ကျန်တဲ့ မြို့နယ်များ မှာလည်း ကျွန်တော်တို့ ပအိုဝ်း တိုင်းရင်းသားများ နေထိုင်လျက် ရှိကြပေမယ့် လူဦးရေ နည်းတဲ့အတွက် ထည့်သွင်း တင်ပြခြင်း မပြုတော့ပါ။

ကျွန်တော်တို့စာတမ်းကို အနှစ်ချုပ်လိုက်ရင်—

၁။ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌရဲ့မိန့်ခွန်းနဲ့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်း ပြောကြားချက်များမှ ကောက်နုတ်ချက် များရဲ့ အနှစ်သာရ များကို လည်းကောင်း၊

၂။ ပအိုဝ်း တိုင်းရင်းသား လူမျိုးရဲ့ သမိုင်းကြောင်း ဓလေ့ထုံးစံ စာပေ ယဉ်ကျေးမှု ဘဝတို့ကိုလည်းကောင်း၊

၃။ ပအိုဝ်း တိုင်းရင်းသား များရဲ့ ကိုလိုနီဆန့်ကျင်ရေး၊ ဖက်ဆစ် ဆန့်ကျင်ရေး၊ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ချက်များကို လည်းကောင်း၊

၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်သတ်မှတ်ပေးနိုင်ရန် စံပြုရမည့် အင်္ဂါရပ်များပါ အချက်များကိုလည်းကောင်း၊

၅။ ပအိုဝ်း တိုင်းရင်းသားများသည် အခြားတိုင်းရင်းသား များနဲ့အတူ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိပြီး မွန်ဂို အနွယ်ဝင်မှဆင်းသက်လာသည်ကို လည်းကောင်း၊

၆။ နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ ဟူသော အခြေခံမူကို လည်းကောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကြီးရဲ့ ဦးတည်ချက် (၆) ရပ်ဖြစ်တဲ့—

— ပြည်ထောင်စုမပြိုကွဲရေး၊
— တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
— အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
— စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေး၊
— နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး၊
— အနာဂတ်နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

တို့နှင့် ပြည့်စုံမှု ရှိတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းရေးကို ဦးတည်ကြိုးပမ်းရင်း ကျွန်တော်တို့ ပအိုဝ်း တိုင်းရင်းသားများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ရရှိအောင် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများက ကြိုးပမ်းဆောင်ရွက် ပေးကြပါရန်နှင့် အမျိုးသားညီလာခံကြီး၏ အဆုံးအဖြတ်အတိုင်း လိုက်နာမည်ဖြစ်ပါကြောင်း ပအိုဝ်းအမျိုးသားထု တစ်ရပ်လုံးရဲ့ ကိုယ်စား လေးစားစွာ ပန်ကြားရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။

(ဩဘာသံများ)

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦး]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီးရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဦးစိုင်းအုန်းမြင့်ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးစိုင်းအုန်းမြင့်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုင်းအုန်းမြင့်** (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များ အ စု အ ဖွဲ့)။ နိုင် ငံ တော် ဖွဲ့ စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းခေါင်းစဉ်များနဲ့ စပ်လျဉ်း၍ တိုင်းရင်းသား လူမျိုးများ ကိုယ်စားလှယ်များ အစုအဖွဲ့ (ရှမ်းပြည်နယ်) လွိုင်လင်မြို့နယ်တိုင်းရင်းသားကိုယ်စားလှယ် ဦးစိုင်းအုန်းမြင့်၏ အကြံပြုတင်ပြချက် စာတမ်း)။

**သဘာပတိကြီး ခင်ဗျား။** သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများနဲ့ အမျိုးသားညီလာခံ စုညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြတဲ့ အထူးကိုယ်စားလှယ်ကြီးများ အားလုံးတို့ကို လေးစားပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်းအပ်ပါတယ်။

သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ် စား လှယ် များ ခင် ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲများအတွက် အခြေခံရမယ့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဖွဲ့စည်း တည် ဆောက် ပုံ နှင့် ပတ် သက် ၍ ကျွန်တော် လွိုင်လင်မြို့နယ်၊တိုင်းရင်းသားကိုယ်စားလှယ် ဦးစိုင်းအုန်းမြင့်မှ ဆွေးနွေးအကြံပြု သွားပါမယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက (၁၈-၁-၉၄) ရက်နေ့ ရှင်းလင်း ပြောကြားသွားသည်မှာ "နိုင်ငံတော်ရဲ့ မြို့တော်ကို နိုင်ငံတကာအစဉ်အလာအရ ဗဟိုရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြောင်း၊ သည့်အတွက် မြန်မာနိုင်ငံတော်တွင်လဲ ရန်ကုန်ကိုပဲ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ကြမယ်ဆိုရင် ရန်ကုန်မြို့တော်ကို ရန်ကုန်တိုင်း ဒေသကြီးရဲ့ ကြီးကြပ် ကွပ်ကဲမှု အောက်မှာ ထားရှိတဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့်၊ ဆွေးနွေးအကြံပြုဖို့ ဖြစ်ကြောင်းနှင့် ထူးခြားတဲ့ အခြေအနေရှိတဲ့ ကိုကိုးကျွန်း မြို့နယ်ကဲ့သို့သော ဒေသတွေကိုလဲ ပြည်ထောင်စု နယ်မြေ

အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်ရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုဖို့ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားတာကို တွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား။** နောက်ပြီး တော့ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏(၁၁-၁-၉၃)ရက်နေ့ ရှင်းလင်းပြောပြချက်တွင် ရှမ်း ပြည် နယ် မှာ လူ ဦး ရေ ၄၂ သိန်း ၅ သောင်းကျော်ရှိပြီး ပြည်နယ်တွင် လူဦးရေ ၅ သောင်းအထက် နေထိုင်ကြသော တိုင်းရင်းသားများမှာ—

၁။ ကယန်း
၂။ ကိုးကန့်
၃။ ဓနု
၄။ အင်း
၅။ အခါ
၆။ လားဟူ
၇။ ပလောင်
၈။ ဝ
၉။ ပအိုဝ်း

၁၀။ လီဆူ တိုင်းရင်းသား လူမျိုးများ၊ အခြားလူမျိုးများ ၄ သိန်း၊ ၁ သောင်းကျော်နှင့်ပြည်နယ်တိုင်း ဒေသကြီးရှိ

၁။ ကချင်
၂။ ကရင်
၃။ ဗမာ

၄။ ရှမ်းလူမျိုးများ တို့ နေ ထိုင် ကြ သ ဖြင့် တိုင်းရင်းသား လူမျိုးပေါင်း ၁၄ မျိုးခန့် နေထိုင်ကြောင်း တွေ့ရပါတယ်။

ယင်းတိုင်းရင်းသားလူမျိုးများတို့သည်ကယား၊ မွန်၊ ချင်း၊ ရခိုင်စသည့် တိုင်းရင်းသား လူမျိုးများတို့နှင့် ပူးပေါင်းပြီး အမိမြန်မာနိုင်ငံတော်လွတ်လပ်ရေး ရရှိရန်အတွက် ပင် လုံ တွင် ပူး ပေါင်း ရေး စာချုပ်ကို တညီတညွတ်တည်း ရေးထိုးခဲ့ကြပါသည်။

**သဘာပတိကြီးခင်ဗျား။** သည့်အတွက်ကြောင့် ပင်လုံမြို့ကို ပင်လုံမြို့နယ်အဆင့် တိုးမြှင့်ပြီး နိုင်ငံတော် သမ္မတ အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေ သတ်မှတ်ပေးခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နေရောင်လရောင် ပိုမိုတောက်ပြောင်လာမည်ဖြစ်ပြီး အမျိုးသား ညီလာခံ ဦးတည်ချက် ၆ ချက်နှင့် ညီညွတ်မည်ဖြစ်၍ ကျွန်တော်၏ တင်ပြချက်ကို အလေးအနက်ထား စဉ်းစားဆောင်ရွက်ပေးပါရန် သဘာပတိကြီးထံ ပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၃ ဦး ]

အခမ်းအနားမှူး။ အခုဆက်လက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တိုင်း ရင်း သား လူ မျိုး ကိုယ်စားလှယ်(၃)ဦးတို့ရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးရွှေမောင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးရွှေမောင်(တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစု အဖွဲ့)။ လေးစားအပ်တဲ့ အ လှည့်ကျ သဘာပတိကြီးနဲ့သဘာပတိအဖွဲ့ဝင်များ၊အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခနဲ့ ပြည့်ဝကြပါစေလို့ ဦး စွာ ဂါရ ဝ ပြု ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့နယ်မှ တအာင်း (ပလောင်) တိုင်းရင်းသားများရဲ့ ကိုယ်စားပြု၊ အမျိုးသားညီလာခံ ကိုယ် စား လှယ် ဦး ရွှေ မောင် ဖြစ် ပါ တယ်။ ကျွန်တော့်အနေနဲ့ တအာင်း (ပလောင်) တိုင်းရင်းသား ကိုယ်စားလှယ်များဖြစ်တဲ့ ရှမ်း ပြည် နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ ဦးညွန့်မောင်၊ ကွတ်ခိုင်မြို့နယ်မှ ဦးအောင်ဆာ၊ နမ့်ခမ်းမြို့နယ်မှ ဦးရွှေမောင်တို့ရဲ့ ကိုယ်စား ဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ညီလာခံ ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေး အကြံပြုရမယ့် တစ်ဆက်တစ်စပ်တည်း ခေါင်းစဉ်များဖြစ်တဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲတို့ ဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်များဖြစ်တဲ့ နိုင်ငံတော်၊ နိုင်ငံတော် အကြီးအကဲနှင့် စပ်လျဉ်းပြီး အကြံပြုဆွေးနွေးခြင်း မပြုတော့ဘဲ ရှမ်းပြည်နယ်တစ်ခုလုံးရဲ့ စာတမ်းပါအတိုင်း အလေးအနက် ထောက်ခံပါကြောင်း၊ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ပြည့်စွက် ဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီး ခင်ဗျား။ ၁၆-၉-၉၃ ရက်နေ့မှာ ပြုလုပ်ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ညီလာခံကိုယ်စားလှယ် အားလုံးက အခြေခံမူ (၁၀၄) ချက်ကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ အခြေခံမူ အပိုဒ် (ဃ) အပိုဒ်ခွဲ (၅) နှင့် (၆) မှာ တိုင်း ဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများ အ နက် လျော် ကန် သင့် မြတ် သည့် လူ ဦး ရေ ရှိ ပြီး နယ် မြေ တစ် ဆက် တစ် စပ် တည်း တွင် စုစုစည်းစည်းနဲ့ နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဧရိယာများ (Self Administered Areas) သတ်မှတ်ပေးရန် ဖြစ်သည်လို့ ပါရှိပါတယ်။ ဆက်လက်ပြီး အဲဒီ အခြေခံမူ အပိုဒ် (ဃ) ရဲ့ အပိုဒ်ခွဲ (၆) မှာ "ထိုသို့သတ်မှတ်ရာတွင် လူဦးရေနဲ့ နယ်မြေ အကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်

ဖြစ်သည်''လို့ ဖော်ပြ ပါရှိပါတယ်။ အဲဒီ အခြေခံမူတွေဟာ ခေတ်စနစ်တွေရဲ့ တိုးတက်ပြောင်းလဲလာမှုနဲ့ရော ကျွန်တော်တို့ မြန်မာနိုင်ငံ သမိုင်းကြောင်း တိုးတက်ဖြစ်ထွန်းမှုနဲ့ပါ ထင်ဟပ်နေတာကို တွေ့ရှိရပါတယ်။ သမိုင်း၏ ခေတ်ကာလအရ ရသင့်ရထိုက်သော တိုင်းရင်းသား ညီအစ်ကို လူမျိုးစုများရဲ့ အခွင့်အရေးကို ဖော်ထုတ်ပေးတဲ့ အခြေခံမူလို့ပဲ မှတ်တမ်းပြုရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ၇-၆-၉၃ ရက်နေ့ ပြန်လည်ကျင်းပ ပြုလုပ်တဲ့ ညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌက မိန့်ခွန်းမြွက်ကြားရာမှာ "အချို့သော တိုင်းရင်းသား လူမျိုးများရဲ့ ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ သဘာဝကျကျ ရအောင်လဲ စဉ်းစားခွင့်ပြုပေးဖို့ လိုမှာ ဖြစ်ပါတယ်'' လို့ ထည့်သွင်းမြွက်ကြားခဲ့ပါတယ်။ အလားတူပဲ အဲဒီနေ့ရဲ့ စုံညီအစည်းအဝေးမှာ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားတဲ့ ရှင်းလင်းချက်များမှ ကောက်နုတ် တင်ပြရမယ်ဆိုရင် "မြန်မာနိုင်ငံရဲ့ ဒေသပိုင်းခြားမှုနဲ့ စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်နယ် (၄) ပြည်နယ်နှင့် ချင်းဝိသေသ တိုင်း အပါအဝင် တိုင်း (၉) တိုင်း တို့နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အဆင့်အတန်းတူ ပြည်နယ် (၇) ပြည်နယ်နှင့် တိုင်း (၇) တိုင်း တို့နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ယခုအခါ တိုင်းရင်းသားလူမျိုးစု ဆိုင်ရာ အတွေးအခေါ်များ တိုးတက်ပြောင်းလဲလာတာနဲ့အညီ ယခုရေးဆွဲမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတွက် ချမှတ်မယ့် အခြေခံမူတွေဟာ အဲဒီ အတွေးအခေါ်များနဲ့ လိုက်လျော ညီထွေရှိဖို့ လိုအပ်လာပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ ဒေသပိုင်းခြား ဖွဲ့စည်းမှုနဲ့ စပ်လျဉ်းလို့ ရှိရင်းစွဲ ပြည်နယ်နှင့် တိုင်း (၁၄) ခုကို အဆင့်အတန်း တူညီတဲ့ ဒေသကြီးတွေ အဖြစ် လည်းကောင်း၊ အဲဒီဒေသကြီး တွေ အတွင်း မှာပဲ လို အပ်ရင် သင့်လျော်တဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဇုန်စုများ (Self Administered Areas) အဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်ဖွဲ့စည်းရေး အတွက် အလေးအနက်ထား စဉ်းစားရမယ့် အခြေအနေရောက်ရှိ နေပါတယ်'' လို့ ပါရှိခဲ့ပါတယ်။ အဲဒီ မိန့်ကြားရှင်းလင်းချက်ဟာ ကနေ့ ကျွန်တော်တို့ ရောက်ရှိနေတဲ့ သမိုင်းလမ်းကြောင်း မတိမ်းမစောင်းအောင် မီး မောင်း ထိုးပြ နေ ခြင်း ဖြစ် တယ် လို့ ခံယူ ယုံကြည်မိပါတယ်။ ကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းဟာ တိုးတက်မှုကို ရှေးရှုပြီး လည်ပတ်လျက် ရှိပါတယ်။ နိုင်ငံရဲ့ လက်ရှိအခြေအနေသည် ကောင်းမွန် တိုးတက်မှု မှန်သမျှကို စုစည်းတည်ဆောက်နေပြီး၊ ဟောင်းနွမ်း ဆွေး မြေ့ ပြီး မဆီလျော်တော့သည့် စရိုက်လက္ခဏာ မှန်သမျှကို ခွာချဖယ်ရှား နေတယ်ဆိုတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကနေ့ခေတ်ရဲ့ သမိုင်းပြောင်းလဲတိုးတက်မှုဟာ အမှန်ပင် မြင့်မားနေပြီ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ပြည်နယ်များနဲ့တောင်တန်းဒေသတွေမှာမယုံမှတ်နိုင်လောက်အောင် ပြောင်းလဲတိုးတက်နေတာကို တွေ့မြင်ခံစားနေရပြီး ဖြစ်ပါတယ်။ တစ်ချိန်တုန်းကဆိုရင် နေဝင်တာနဲ့ အိမ်တံခါးပိတ်ခဲ့ရတဲ့ ကျွန်တော်တို့ တောင်တန်းဒေသတွေရဲ့ အခြေအနေ၊ မိမိကံကြမ္မာကို ရေရာအောင် မမျှော်မှန်းနိုင်တဲ့ အဖြစ်တွေ၊ နေ့ညမဟူ တကြောင့်ကြောင့် တကျကျ လုပ်ကိုင်စားသောက်ခဲ့ရတဲ့ ဘဝတွေနဲ့ ကျင်လည်နေခဲ့ရပါတယ်။ ယခုဆိုရင် အဲဒီအခြေအနေ၊ အဲဒီအဖြစ်၊ အဲဒီ ဘ ဝ တွေ က နေ ပြီး ချမ်း မြေ့ သာ ယာ တဲ့ လောကသစ်၊ ဘဝသစ်ကို ရောက်ရှိနေကြပြီး ဖြစ်ပါတယ်။ ခေတ်ရဲ့ တိုးတက်မှုသမိုင်းရဲ့ ပြောင်းလဲမှုဟာ မယုံနိုင်လောက်အောင် တိုးတက်ဖြစ်ပေါ်လာခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ တိုးတက်ပြောင်းလဲမှုများနဲ့ အတူ ကျွန်တော်တို့ ရေးဆွဲကြမည့် ပြည်ထောင်စု မြန်မာ

နိုင်ငံတော်သစ်ကြီးရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အတွေးသစ်အမြင်သစ်တွေနဲ့ ရှုမြင်သုံးသပ် စဉ်းစားရတော့မှာ ဖြစ်ပါတယ်။ ပြောင်းလဲ တိုးတက်တဲ့ သမိုင်းကြောင်းနဲ့ လက်တွေ့ရောက်ရှိနေတဲ့ ခေတ်စနစ်နဲ့ အညီ တိုင်းရင်းသား လူမျိုးများက "ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်" ဆိုတဲ့ ဆန္ဒများလဲ ဖော်ထုတ် တင်ပြလိုကြမှာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ စပ်လျဉ်းပြီး ၁၈-၁-၉၄ ရက်နေ့မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက မိန့်ခွန်း မြွက်ကြားရာမှာ "ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်းများစွာဟာ နိုးကြားတိုးတက်မှုရှိလာတာနဲ့အမျှ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲလိုတဲ့ဆန္ဒတွေ တိုးတက် ဖြစ်ပေါ်နေတာကိုလဲ ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သတ်မှတ်ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့ အားလုံးက သဘောထားကြီးကြီးနဲ့ ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်" လို့ ထည့်သွင်း မြွက်ကြား ခဲ့ပါတယ်။ ဒီမိန့်ကြားချက်ဟာ ကျွန်တော်တို့ရဲ့ အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီးမှာ မရှိမဖြစ် လိုအပ်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားတိုးတက်ရေး တို့အတွက် အလေးအနက် ဖော်ဆောင် ပေးနေခြင်း ဖြစ်တယ်လို့ ခံယူပါတယ်။

**သဘာပတိကြီးခင်ဗျား။** အခြေခံမူ (၁၀၄) ချက်နဲ့အညီ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ ရသင့် ရထိုက်တဲ့ တိုင်းရင်းသား လူမျိုးများကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရအောင် ဒီအမျိုးသားညီလာခံကြီးက ကူညီ စီမံဆောင်ရွက် ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်ပြီး လေ့လာ သုံးသပ်တဲ့အခါ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားများအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division)ရသင့် ရထိုက်တယ်လို့ အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားလူမျိုးများဟာ မြန်မာနိုင်ငံကို အစောဆုံးဆင်းသက်အခြေစိုက်လာတဲ့ မွန်ဂိုလွိုက်ခေါ် လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ စစ်ရေးစစ်ရာကို နာကြည်းငြီးငွေ့ပြီး အေးအေးလူလူနဲ့ နေလိုတဲ့ လူမျိုးဖြစ်တာကြောင့် တောတောင်ထူထပ်ပြီး မြင့်မားတဲ့ ကုန်းပြင်မြင့်တွေမှာ အခြေစိုက်နေထိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ထူထောင်တဲ့ မင်းအဆက်ဆက်မှာ ညီအစ်ကို တိုင်းရင်းသားများနဲ့အတူ အေးအတူပူအမျှ အတူတကွ လာတဲ့နေထိုင်ခဲ့ကြပါတယ်။ လက်ရှိကာလကို ပြန်ကြည့်မယ်ဆိုရင် တအာင်း (ပလောင်) တိုင်းရင်းသားများဟာ ရှမ်းပြည်နယ် မြောက်ပိုင်းမှာဆိုရင် နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူ၊ လားရှိုး၊ သီပေါ၊ နမ့်ဆန်၊ ကျောက်မဲ၊ မိုးမိတ်၊ တန့်ယန်း၊ မိုင်းရယ်၊ သီပေါမြို့နယ် အနောက်ခြမ်းနှင့် မြောက်ခြမ်း၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် မိုင်းရှူး၊ ကျေးသီး-မံစံ၊ ရွာငံ၊ ပင်းတယ၊ မိုင်းကိုင်၊ လဲချား၊ ရပ်စောက်၊ ကလော စသည့် မြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့နယ်များအပြင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် ကျေးရွာအုပ်စုများတွင်လည်းကောင်း ပျံ့နှံ့စွာနေထိုင်လျက် ရှိပါတယ်။ အဲဒီလို ပျံ့နှံ့စွာနေထိုင်ခဲ့ပေမယ့် အဓိကအများဆုံးနဲ့ နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာရှိတဲ့ မြို့နယ်များကတော့—

၁။ နမ့်ဆန်မြို့နယ်တွင် လူဦးရေ၏ ၉၅ %
၂။ နမ္မတူမြို့နယ်တွင် လူဦးရေ၏ ၇၀ %
၃။ နမ့်ခမ်းမြို့နယ်တွင် လူဦးရေ၏ ၇၀ %
၄။ ကွတ်ခိုင်မြို့နယ်တွင် လူဦးရေ၏ ၅၅ %
၅။ ကျောက်မဲမြို့နယ်တွင်လူဦးရေ၏ ၆၀ %
၆။ မိုးမိတ်မြို့နယ်တွင် လူဦးရေ၏ ၆၀ % တို့

ဟာ တအာင်း (ပလောင်) တိုင်းရင်းသားများစွာ အခြေစိုက်နေထိုင်ကြတာကို တွေ့ရှိရပါတယ်။ စီမံချက်ဖြင့် **သန်းခေါင်စာရင်းကောက်ယူစဉ်** အခါက

နယ်မြေ ခပ်များများမှာ အေးချမ်းမှု မရှိသေးတာကတစ်ကြောင်း၊ နယ်မြေအေးချမ်းမှု မရှိတဲ့အတွက် အချိန်ယူပြီး စနစ်တကျ မကောက်ယူနိုင်တာက တစ်ကြောင်း၊ စာရင်း ကောက်ရာတွင် ဝန်ထမ်းအင်အား မလုံလောက်တာက တစ်ကြောင်း အဲဒီအကြောင်းတွေကြောင့် တိကျပြည့်စုံတဲ့ လူဦးရေ စာရင်း မရရှိနိုင်ခဲ့ဘူးလို့ ယူဆရပါတယ်။ ဒါ့အပြင် စာရင်းကောက်ယူတဲ့ အချိန်မှာ စာရင်းပေးသူ ကာယကံရှင်အချို့က မိမိရဲ့လူမျိုး အရင်းအမြစ် အစစ်အမှန်ကို ပြောရမည့်အစား လူသိများတဲ့ လူမျိုးတစ်မျိုးရဲ့ အမည်ကိုသာ လွယ်လင့်တကူ စာရင်းပေးလိုက်တာလည်း ရှိခဲ့ပါတယ်။ အဲဒါတွေကြောင့် ကနေ့ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားရဲ့ လူဦးရေစာရင်းဟာ အနီးဆုံးကိန်းဂဏန်း အဖြစ် ရောက်ရှိဦးမှာ မဟုတ်သေးဘူးလို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသား များဟာ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေ သီးခြားရှိတဲ့ လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ အဓိကစီးပွားရေး လုပ်ငန်းများအဖြစ် လက်ဖက်လုပ်ငန်းနှင့် အခြားဥယျာဉ်ခြံမြေ လုပ်ငန်းတွေ လုပ်ကိုင်ပြီး အတော်အသင့် လုံလောက်တဲ့ စီးပွားရေးလုပ်ငန်းရှိကြတဲ့သူတွေဖြစ်ပါတယ်။ တအာင်း(ပလောင်)တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး အေးချမ်းစွာနေထိုင်လိုတဲ့ လူမျိုးများ ဖြစ်ပါတယ်။ လူဦးရေအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှာ (၆) သိန်းခန့် ရှိပြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း၊ မန္တလေးတိုင်းနဲ့ အခြား ဒေသများတွင် (၄) သိန်းခန့်နဲ့ တစ်နိုင်ငံလုံးရှိ တအာင်း (ပလောင်) တိုင်းရင်းသားများမှာ (၁၀) သိန်းခန့် ရှိမယ်လို့ ယူဆရပါတယ်။ တအာင်း (ပလောင်) တိုင်းရင်းသား များဟာ တည်ကဲသို့ပင် ပျံ့နှံ့စွာ နေထိုင်ကြပေမယ့် အဓိကအားဖြင့် နယ်မြေတစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်းနဲ့ နေထိုင်တဲ့ နယ်မြေ ဒေသကိုသာ တအာင်း (ပလောင်) တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးရေးကို အဆိုပြုတင်ပြမှာ ဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့နေရာမှာ ပိုမိုပြည့်စုံစွာဖြင့် စဉ်းစားနိုင်ဖို့အတွက် ယခင်အနှစ် (၂၀) ကျော်ကာလက မြို့အဖြစ် တည်ရှိခဲ့ဖူးတဲ့ ကျေးရွာအုပ်စုကြီး (၂) ခုကိုပါ မြို့နယ်သစ်အဖြစ် ပြန်လည် ဖွဲ့စည်းပေးရန် ထည့်သွင်း တင်ပြလိုပါတယ်။ အဲဒီမြို့ကတော့ နမ္မတူမြို့နယ်နဲ့ နမ့်ဆန်မြို့နယ်တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မန်တုံကျေးရွာ အုပ်စုကြီးနဲ့ နမ့်ဆန်မြို့နယ်နဲ့ ကျောက်မဲ မြို့နယ်တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မိုင်းငေါ့ ကျေးရွာအုပ်စုကြီးတို့ ဖြစ်ပါတယ်။ အဲဒီအုပ်စုကြီး (၂) ခုဟာ လွတ်လပ်ရေးရသည်မှ ၁၉၇၂ ခုနှစ်၊ စနစ်သစ်အုပ်ချုပ်ရေး စတင် ဖွဲ့စည်းတဲ့နှစ်အထိ မြို့အဖြစ် တည်ရှိခဲ့ပြီး အုပ်ချုပ်ရေးအရ လက်ထောက်မြို့ပိုင်ရုံး၊ ပြည်သူ့ရဲစခန်းနှင့် အခြား ဌာနဆိုင်ရာရုံးတွေ ရှိခဲ့ဖူးပါတယ်။ လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အဲဒီအုပ်စုကြီး (၂) ခုကို မြို့နယ်အဖြစ်သို့ တိုးမြှင့် ဖွဲ့စည်းရေးကို ကြိုတင် လျာထားနိုင်ရန် အကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်မှာ ကျွန်တော် တင်ပြခဲ့တဲ့ တင်ပြချက်ကို အခြေပြုပြီး အောက်ပါရည်ညွှန်း မြို့နယ်များကို သင့်တော်သလို ခရိုင်များ ဖွဲ့စည်းပြီး တအာင်း(ပလောင်)တိုင်းရင်းသား လူမျိုးများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) အဖြစ် သတ်မှတ်ပေးနိုင်ရင် အဆိုပြု တင်ပြအပ်ပါတယ်။
ရည်ညွှန်းပါ မြို့နယ်များကတော့—

၁။ နမ့်ခမ်းမြို့နယ်
၂။ ကွတ်ခိုင်မြို့နယ်
၃။ နမ္မတူမြို့နယ်
၄။ နမ့်ဆန်မြို့နယ်
၅။ ကျောက်မဲမြို့နယ်

၆။ သီပေါမြို့နယ် အနောက်ခြမ်းနှင့် မြောက်ခြမ်း၊

၇။ မန်တုံ (မြို့သစ်)

၈။ မိုင်းငေါ့ (မြို့သစ်)

၉။ မိုးမိတ် မြို့နယ်

၁၀။ မိုးကုတ် မြို့နယ်မှ တအာင်း (ပလောင်) ကျေးရွာအုပ်စုများတို့ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံမူများပါ အင်္ဂါရပ်များနဲ့ လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မိန့်ခွန်းပါ အချက်အလက်များနဲ့ လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းချက်ပါ အင်္ဂါရပ်များနဲ့ လည်းကောင်း ညှိနှိုင်း တိုင်းဆတဲ့အခါမှာ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားများ အနေနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) ရသင့် ရထိုက်တဲ့ အကြောင်း သမိုင်းကြောင်းနဲ့ နိုင်ငံရေး ပထဝီအနေအထား အရ ထင်ရှားပေါ်လွင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုဖွား ညီနောင်များ ဖြစ်ကြတဲ့ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) သတ်မှတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ စီမံပေးကြပါရန် သဘာပတိကြီးမှ တစ်ဆင့် ဤအမျိုးသား ညီလာခံကြီးသို့ အလေးအနက် အဆိုပြုတင်ပြ အပ်ပါတယ် ခင်ဗျား။

(ဩဘာသံများ)

ာ်မြေ ာ်များများမှာ အေးချမ်းမှု မရှိသေး ာကာတစ်ကြောင်း၊ နယ်မြေအေးချမ်းမှု မရှိတဲ့ ာတွက် ချိန်ယူပြီး စနစ်တကျ မကောက်ယူနိုင် ာက တစ်ကြောင်း၊ စာရင်း ကောက်ရာတွင် ျလမ်းအအား မလုံလောက်တာက တစ်ကြောင်း ဒီအကြောင်းတွေကြောင့် တိကျပြည့်စုံတဲ့ လူဦး ရေ စာရင် မရရှိနိုင်ခဲ့ဘူးလို့ ယူဆရပါတယ်။ ါအပြင် ရေင်းကောက်ယူတဲ့ အချိန်မှာ စာရင်း ယူသူ ကာယကံရှင်အချို့က မိမိရဲ့လူမျိုး အရင်း ဖြစ် အစအမှန်ကို ပြောရမည့်အစား လူသိများ ဲ့ လူမျိုးစုမျိုးရဲ့ အမည်ကိုသာ လွယ်လင့်တကူ ရင်းပေးခဲ့တာလည်း ရှိခဲ့ပါတယ်။ အဲဒါတွေ ကြောင့် ကနေ့ ကျွန်တော်တို့ တအာင်း (ပလောင်) ိုင်းရင်းသးရဲ့ လူဦးရေစာရင်းဟာ အနီးဆုံးကိန်း ဂဏန်း အချိ ရောက်ရှိဦးမှာ မဟုတ်သေးဘူးလို့ ပောက်ချကျရမှာ ဖြစ်ပါတယ်။

သဘာ၀တိကြီး ခင်များ။ ကျွန် တော် တို့ ာအာင်း ပလောင်) တိုင်းရင်းသား များဟာ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေနှင့် ရိုးရာ ဓလ့ကျေးမှု ဓလေ့အလေ့တွေ ဘိုးခြားရှိတဲ့ လူမျိုး ာစ်မျိုး ဖြစ်ပါတယ်။ အဓိကစီးပွားရေး လုပ်ငန်း ျားအဖြစ် လက်ဖက်လုပ်ငန်းနှင့် အခြားဥယျာဉ်ခြံ မြေ လုပ်ငန်းတွ လုပ်ကိုင်ပြီး အတော်အသင့် လုံ လောက်တဲ့ စီးပွားရေးလုပ်ငန်းရှိကြတဲ့သူတွေဖြစ်ပါ တယ်။တအာင်း(ပလောင်)တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး အေးချမ်းစွာနေထိုင် ိုတဲ့ လူမျိုးများ ဖြစ်ပါတယ်။ လူဦးရေအားဖြင့် ျမ်းပြည်နယ် မြောက်ပိုင်းမှာ (၆) သိန်းခန့် ရှိပြီး၊ ျမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း၊ မန္တလေး ိုင်းနဲ့ အခြား ဒေသများတွင် (၄) သိန်းခန့်နဲ့ ာစ်နိုင်ငံလုံးမှာ တအာင်း (ပလောင်) တိုင်းရင်းသား ျားမှာ (၁၀ သိန်းခန့် ရှိမယ်လို့ ယူဆရပါတယ်။ ာအာင်း (လောင်) တိုင်းရင်းသား များဟာ မည်ကဲ့သို့ပင် ျန့်ခွဲစွာ နေထိုင်ကြပေမယ့် အဓိက ာအားဖြင့် နယ်မြေတစ်ဆက် တစ်စပ်တည်းတွင် စုစု စည်းစည်းနဲ့ နေထိုင်တဲ့ နယ်မြေ ဒေသကိုသာ တအာင်း (ပလောင်) တိုင်းရင်းသား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးရေးကို အဆိုပြု တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့နေရာမှာ ပိုမိုပြည့်စုံစွာဖြင့် စဉ်းစားနိုင်ဖို့အတွက် ယခင်အနှစ် (၂၀) ကျော်ကာလက မြို့အဖြစ် တည်ရှိခဲ့ဖူးတဲ့ ကျေးရွာအုပ်စုကြီး (၂) ခုကိုပါ မြို့နယ်သစ်အဖြစ် ပြန်လည် ဖွဲ့စည်းပေးရန် ထည့်သွင်း တင်ပြလိုပါ တယ်။ အဲဒီမြို့ကတော့ နမ္မတူမြို့နယ်နဲ့ နမ့်ဆန်မြို့နယ် တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မန်တုံကျေးရွာ အုပ်စု ကြီးနဲ့ နမ့်ဆန်မြို့နယ်နဲ့ ကျောက်မဲ မြို့နယ်တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မိုင်းငေါ့ ကျေးရွာအုပ်စု ကြီးတို့ ဖြစ်ပါတယ်။ အဲဒီအုပ်စုကြီး (၂) ခုဟာ လွတ်လပ်ရေးရသည့် ၁၉၄၂ ခုနှစ်၊ စနစ်သစ် အုပ်ချုပ်ရေး စတင် ဖွဲ့စည်းတဲ့နှစ်အထိ မြို့အဖြစ် တည်ရှိခဲ့ပြီး အုပ်ချုပ်ရေးအရ လက်ထောက်မြို့ပိုင် ရုံး၊ ပြည်သူ့ရဲစခန်းနှင့် အခြား ဌာနဆိုင်ရာရုံးတွေ ရှိခဲ့ဖူးပါတယ်။ လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မှာ အဲဒီအုပ်စုကြီး (၂) ခုကို မြို့နယ်အဖြစ်သို့ တိုးမြှင့် ဖွဲ့စည်းရေးကို ကြိုတင် လျာထားနိုင်ရန် အကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်မှာ ကျွန် တော် တင်ပြခဲ့တဲ့ တင်ပြချက်ကို အခြေပြုပြီး အောက်ပါရည်ညွှန်း မြို့နယ်များကို သင့်တော်သလို ခရိုင်များ ဖွဲ့စည်းပြီး တအာင်း(ပလောင်)တိုင်းရင်း သား လူမျိုးများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) အဖြစ် သတ်မှတ် ပေးနိုင်ရင် အဆိုပြု တင်ပြအပ်ပါတယ်။
ရည်ညွှန်းပါ မြို့နယ်များကတော့—

၁။ နမ့်ခမ်းမြို့နယ်
၂။ ကွတ်ခိုင်မြို့နယ်
၃။ နမ္မတူမြို့နယ်
၄။ နမ့်ဆန်မြို့နယ်
၅။ ကျောက်မဲမြို့နယ်



17

နိုင်ငံတော်သစ်ကြီးရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အတွေးသစ်အမြင်သစ်တွေနဲ့ ရှုမြင်သုံးသပ် စဉ်းစား ရတော့မှာ ဖြစ်ပါတယ်။ ပြောင်းလဲ တိုးတက်တဲ့ သမိုင်းကြောင်းနဲ့ လက်တွေ့ရောက်ရှိနေတဲ့ ခေတ်စနစ်နဲ့ အညီ တိုင်းရင်းသား လူမျိုးများက "ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်" ဆိုတဲ့ ဆန္ဒများလဲ ဖော်ထုတ် တင်ပြလိုကြမှာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ စပ်လျဉ်းပြီး ၁၈-၁-၉၄ ရက်နေ့မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးကြီးမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက မိန့်ခွန်း မြွက်ကြားရာမှာ "ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်းများစွာဟာ နိုးကြားတိုးတက်မှုရှိလာတာနဲ့အမျှ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲလိုတဲ့ဆန္ဒတွေ တိုးတက် ဖြစ်ပေါ်နေတာကိုလဲ ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သတ်မှတ်ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့ အားလုံးက သဘောထားကြီးကြီးနဲ့ ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်" လို့ ထည့်သွင်း မြွက်ကြား ခဲ့ပါတယ်။ ဒီမိန့်ကြားချက်ဟာ ကျွန်တော်တို့ရဲ့ အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီးမှာ မရှိမဖြစ် လိုအပ်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားတိုးတက်ရေး တို့အတွက် အလေးအနက် ဖော်ဆောင် ပေးနေခြင်း ဖြစ်တယ်လို့ ခံယူပါတယ်။

**သဘောပတိကြီးခင်ဗျား။** အခြေခံမူ (၁၀၄) ချက်နဲ့အညီ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ ရသင့် ရထိုက်တဲ့ တိုင်းရင်းသား လူမျိုးများကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရအောင် ဒီအမျိုးသားညီလာခံကြီးက ကူညီ စီမံဆောင်ရွက် ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်ပြီး လေ့လာ သုံးသပ်တဲ့အခါ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားများအနေနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division)ရသင့် ရထိုက်တယ်လို့ အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသား လူမျိုးများဟာ မြန်မာနိုင်ငံကို အစောဆုံးဆင်းသက် အခြေစိုက်လာတဲ့ မွန်ဂိုလွိုက်ခေါ် လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ စစ်ရေးစစ်ရာကို နှာကြည်းငြီးငွေ့ပြီး အေးအေးလူလူနဲ့ နေလိုတဲ့ လူမျိုးဖြစ်တာကြောင့် တောတောင်ထူထပ်ပြီး မြင့်မားတဲ့ ကုန်းပြင်မြင့်တွေမှာ အခြေစိုက်နေထိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ထူထောင်တဲ့ မင်းအဆက်ဆက်မှာ ညီအစ်ကို တိုင်းရင်းသားများနဲ့အတူ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ လက်ရှိကာလကို ပြန်ကြည့်မယ်ဆိုရင် တအာင်း (ပလောင်) တိုင်းရင်းသားများဟာ ရှမ်းပြည်နယ် မြောက်ပိုင်းမှာဆိုရင် နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူ၊ လားရှိုး၊ သိန္နီ၊ နမ့်ဆန်၊ ကျောက်မဲ၊ မိုးမိတ်၊ တန့်ယန်း၊ မိုင်းရယ်၊ သီပေါမြို့နယ် အနောက်ခြမ်းနှင့် မြောက်ခြမ်း၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် မိုင်းရှူး၊ ကျေးသီး-မံစံ၊ ရွာငံ၊ ပင်းတယ၊ မိုင်းကိုင်၊ လဲချား၊ ရပ်စောက်၊ ကလော စသည့် မြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့နယ်များအပြင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် ကျေးရွာအုပ်စုများ တွင်လည်းကောင်း ပျံ့နှံ့စွာနေထိုင်လျက် ရှိပါတယ်။ အဲဒီလို ပျံ့နှံ့စွာနေထိုင်ခဲ့ပေမယ့် အဓိကအများဆုံးနဲ့ နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာရှိတဲ့ မြို့နယ်များကတော့—

၁။ နမ့်ဆန်မြို့နယ်တွင် လူဦးရေ၏ ၉၅%
၂။ နမ္မတူမြို့နယ်တွင် လူဦးရေ၏ ၈၀%
၃။ နမ့်ခမ်းမြို့နယ်တွင် လူဦးရေ၏ ၇၀%
၄။ ကွတ်ခိုင်မြို့နယ်တွင် လူဦးရေ၏ ၅၅%
၅။ ကျောက်မဲမြို့နယ်တွင်လူဦးရေ၏ ၆၀%
၆။ မိုးမိတ်မြို့နယ်တွင် လူဦးရေ၏ ၆၀% တို့

ဟာ တအာင်း (ပလောင်) တိုင်းရင်းသားများစွာ အခြေစိုက်နေထိုင်ကြတာကို တွေ့ရှိရပါတယ်။ စီမံချက်ဖြင့် **သန်းခေါင်စာရင်းကောက်ယူစဉ်** အခါက

နယ်မြေ ခပ်များများမှာ အေးချမ်းမှု မရှိသေး တာကတစ်ကြောင်း၊ နယ်မြေအေးချမ်းမှု မရှိတဲ့ အတွက် အချိန်ယူပြီး စနစ်တကျ မကောက်ယူနိုင် တာက တစ်ကြောင်း၊ စာရင်း ကောက်ရာတွင် ဝန်ထမ်းအင်အား မလုံလောက်တာက တစ်ကြောင်း အဲဒီအကြောင်းတွေကြောင့် တိကျပြည့်စုံတဲ့ လူဦး ရေ စာရင်း မရရှိနိုင်ခဲ့ဘူးလို့ ယူဆရပါတယ်။ ဒါ့အပြင် စာရင်းကောက်ယူတဲ့ အချိန်မှာ စာရင်း ပေးသူ ကာယကံရှင်အချို့က မိမိရဲ့လူမျိုး အရင်း အမြစ် အစစ်အမှန်ကို ပြောရမည့်အစား လူသိများ တဲ့ လူမျိုးတစ်မျိုးရဲ့ အမည်ကိုသာ လွယ်လင့်တကူ စာရင်းပေးလိုက်တာလည်း ရှိခဲ့ပါတယ်။ အဲဒါတွေ ကြောင့် ကနေ့ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားရဲ့ လူဦးရေစာရင်းဟာ အနီးဆုံးကိန်း ဂဏန်း အဖြစ် ရောက်ရှိဦးမှာ မဟုတ်သေးဘူးလို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသား များဟာ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေနှင့် ရိုးရာ ယဉ်ကျေးမှု အစဉ်အလာတွေ သီးခြားရှိတဲ့ လူမျိုး တစ်မျိုး ဖြစ်ပါတယ်။ အဓိကစီးပွားရေး လုပ်ငန်း များအဖြစ် လက်ဖက်လုပ်ငန်းနှင့် အခြားဥယျာဉ်ခြံ မြေ လုပ်ငန်းတွေ လုပ်ကိုင်ပြီး အတော်အသင့် လုံ လောက်တဲ့ စီးပွားရေးလုပ်ငန်းရှိကြတဲ့သူတွေဖြစ်ပါ တယ်။တအာင်း(ပလောင်)တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး အေးချမ်းစွာနေထိုင် လိုတဲ့ လူမျိုးများ ဖြစ်ပါတယ်။ လူဦးရေအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှာ (၆) သိန်းခန့် ရှိပြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း၊ မန္တလေး တိုင်းနဲ့ အခြား ဒေသများတွင် (၄) သိန်းခန့်နဲ့ တစ်နိုင်ငံလုံးရှိ တအာင်း (ပလောင်) တိုင်းရင်းသား များမှာ (၁၀) သိန်းခန့် ရှိမယ်လို့ ယူဆရပါတယ်။ တအာင်း (ပလောင်) တိုင်းရင်းသား များဟာ ညီကဲ့သို့ပင် ပျံ့နှံ့စွာ နေထိုင်ကြပေမယ့် အဓိက အားဖြင့် နယ်မြေတစ်ဆက် တစ်စပ်တည်းတွင် စုစု စည်းစည်းနဲ့ နေထိုင်တဲ့ နယ်မြေ ဒေသကိုသာ တအာင်း (ပလောင်) တိုင်းရင်းသား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးရေးကို အဆိုပြု တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့နေရာမှာ ပိုမိုပြည့်စုံစွာဖြင့် စဉ်းစားနိုင်ဖို့အတွက် ယခင်အနှစ် (၂၀) ကျော်ကာလက မြို့အဖြစ် တည်ရှိခဲ့ဖူးတဲ့ ကျေးရွာအုပ်စုကြီး (၂) ခုကိုပါ မြို့နယ်သစ်အဖြစ် ပြန်လည် ဖွဲ့စည်းပေးရန် ထည့်သွင်း တင်ပြလိုပါ တယ်။ အဲဒီမြို့ကတော့ နမ္မတူမြို့နယ်နဲ့ နမ့်ဆန်မြို့နယ် တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မန်တုံကျေးရွာ အုပ်စု ကြီးနဲ့ နမ့်ဆန်မြို့နယ်နဲ့ ကျောက်မဲ မြို့နယ်တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မိုင်းငေါ့ ကျေးရွာအုပ်စု ကြီးတို့ ဖြစ်ပါတယ်။ အဲဒီအုပ်စုကြီး (၂) ခုဟာ လွတ်လပ်ရေးရသည့် ၁၉၄၂ ခုနှစ်၊ စနစ်သစ် အုပ်ချုပ်ရေး စတင် ဖွဲ့စည်းတဲ့နှစ်အထိ မြို့အဖြစ် တည်ရှိခဲ့ပြီး အုပ်ချုပ်ရေးအရ လက်ထောက်မြို့ပိုင် ရုံး၊ ပြည်သူ့ရဲစခန်းနှင့် အခြား ဌာနဆိုင်ရာရုံးတွေ ရှိခဲ့ဖူးပါတယ်။ လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မှာ အဲဒီအုပ်စုကြီး (၂) ခုကို မြို့နယ်အဖြစ်သို့ တိုးမြှင့် ဖွဲ့စည်းရေးကို ကြိုတင် လျာထားနိုင်ရန် အကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်မှာ ကျွန် တော် တင်ပြခဲ့တဲ့ တင်ပြချက်ကို အခြေပြုပြီး အောက်ပါရည်ညွှန်း မြို့နယ်များကို သင့်တော်သလို ခရိုင်များ ဖွဲ့စည်းပြီး တအာင်း(ပလောင်)တိုင်းရင်း သား လူမျိုးများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) အဖြစ် သတ်မှတ် ပေးနိုင်ရင် အဆိုပြု တင်ပြအပ်ပါတယ်။

ရည်ညွှန်းပါ မြို့နယ်များကတော့—

၁။ နမ့်ခမ်းမြို့နယ်

၂။ ကွတ်ခိုင်မြို့နယ်

၃။ နမ္မတူမြို့နယ်

၄။ နမ့်ဆန်မြို့နယ်

၅။ ကျောက်မဲမြို့နယ်

နိုင်ငံတော်သစ်ကြီးရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အတွေးသစ်အမြင်သစ်တွေနဲ့ ရှုမြင်သုံးသပ် စဉ်းစားရတော့မှာ ဖြစ်ပါတယ်။ ပြောင်းလဲ တိုးတက်တဲ့ သမိုင်းကြောင်းနဲ့ လက်တွေ့ရောက်ရှိနေတဲ့ ခေတ်စနစ်နဲ့ အညီ တိုင်းရင်းသား လူမျိုးများက "ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်" ဆိုတဲ့ ဆန္ဒများလဲ ဖော်ထုတ် တင်ပြလိုကြမှာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ စပ်လျဉ်းပြီး ၁၈-၁-၉၄ ရက်နေ့မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက မိန့်ခွန်း မြွက်ကြားရာမှာ "ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်းများစွာဟာ နိုးကြားတိုးတက်မှုရှိလာတာနဲ့အမျှ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲလိုတဲ့ဆန္ဒတွေ တိုးတက် ဖြစ်ပေါ်နေတာကိုလဲ ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သတ်မှတ်ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့ အားလုံးက သဒ္ဓါဘာထားကြီးကြီးနဲ့ ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်" လို့ ထည့်သွင်း မြွက်ကြား ခဲ့ပါတယ်။ ဒီမိန့်ကြားချက်ဟာ ကျွန်တော်တို့ရဲ့ အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီးမှာ မရှိမဖြစ် လိုအပ်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားတိုးတက်ရေး တို့အတွက် အလေးအနက် ဖော်ဆောင် ပေးနေခြင်း ဖြစ်တယ်လို့ ခံယူပါတယ်။

**သဘာပတိကြီးခင်ဗျား။** အခြေခံမူ (၁၀၄) ချက်နဲ့အညီ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ ရသင့် ရထိုက်တဲ့ တိုင်းရင်းသား လူမျိုးများကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရအောင် ဒီအမျိုးသားညီလာခံကြီးက ကူညီ စီမံဆောင်ရွက် ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်ပြီး လေ့လာ သုံးသပ်တဲ့အခါ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားများအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division)ရသင့် ရထိုက်တယ်လို့ အဆိုပြုတင်ပြလိုပါတယ်။ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားလူမျိုးများဟာ မြန်မာနိုင်ငံကို အစောဆုံးဆင်းသက်အခြေစိုက်လာတဲ့ မွန်ခမာလို့ခေါ် လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ စစ်ရေးစစ်ရာကို နာကြည်းငြီးငွေ့ပြီး အေးအေးလူလူနဲ့ နေလိုတဲ့ လူမျိုးဖြစ်တာကြောင့် တောတောင်ထူထပ်ပြီး မြင့်မားတဲ့ ကုန်းပြင်မြင့်တွေမှာ အခြေစိုက်နေထိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ထူထောင်တဲ့ မင်းအဆက်ဆက်မှာ ညီအစ်ကိုတိုင်းရင်းသားများနဲ့အတူ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ လက်ရှိကာလကို ပြန်ကြည့်မယ်ဆိုရင် တအာင်း (ပလောင်) တိုင်းရင်းသားများဟာ ရှမ်းပြည်နယ် မြောက်ပိုင်းမှာဆိုရင် နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူ၊ လားရှိုး၊ သီန္နီ၊ နမ့်ဆန်၊ ကျောက်မဲ၊ မိုးမိတ်၊ တန့်ယန်း၊ မိုင်းရယ်၊ သီပေါမြို့နယ် အနောက်ခြမ်းနှင့် မြောက်ခြမ်း၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် မိုင်းရှူး၊ ကျေးသီး-မံစံ၊ ရွာငံ၊ ပင်းတယ၊ မိုင်းကိုင်၊ လဲချား၊ ရပ်စောက်၊ ကလော စသည့် မြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့နယ်များအပြင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် ကျေးရွာအုပ်စုများတွင်လည်းကောင်း ပျံ့နှံ့စွာနေထိုင်လျက် ရှိပါတယ်။ အဲဒီလို ပျံ့နှံ့စွာနေထိုင်ခဲ့ပေမယ့် အဓိကအများဆုံးနဲ့ နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာရှိတဲ့ မြို့နယ်များကတော့—

၁။ နမ့်ဆန်မြို့နယ်တွင် လူဦးရေ၏ ၉၅%
၂။ နမ္မတူမြို့နယ်တွင် လူဦးရေ၏ ၇၀%
၃။ နမ့်ခမ်းမြို့နယ်တွင် လူဦးရေ၏ ၇၀%
၄။ ကွတ်ခိုင်မြို့နယ်တွင် လူဦးရေ၏ ၅၅%
၅။ ကျောက်မဲမြို့နယ်တွင်လူဦးရေ၏ ၆၀%
၆။ မိုးမိတ်မြို့နယ်တွင် လူဦးရေ၏ ၆၀% တို့

ဟာ တအာင်း (ပလောင်) တိုင်းရင်းသားများစွာ အခြေစိုက်နေထိုင်ကြတာကို တွေ့ရှိရပါတယ်။ စီမံချက်ဖြင့် **သန်းခေါင်စာရင်းကောက်ယူစဉ်** အခါက

နယ်မြေ ခပ်များများမှာ အေးချမ်းမှု မရှိသေးတာကတစ်ကြောင်း၊ နယ်မြေအေးချမ်းမှု မရှိတဲ့အတွက် အချိန်ယူပြီး စနစ်တကျ မကောက်ယူနိုင်တာက တစ်ကြောင်း၊ စာရင်း ကောက်ရာတွင် ဝန်ထမ်းအင်အား မလုံလောက်တာက တစ်ကြောင်း အဲဒီအကြောင်းတွေကြောင့် တိကျပြည့်စုံတဲ့ လူဦးရေ စာရင်း မရရှိနိုင်ခဲ့ဘူးလို့ ယူဆရပါတယ်။ ဒါ့အပြင် စာရင်းကောက်ယူတဲ့ အချိန်မှာ စာရင်းပေးသူ ကာယကံရှင်အချို့က မိမိရဲ့လူမျိုး အရင်းအမြစ် အစစ်အမှန်ကို ပြောရမည့်အစား လူသိများတဲ့ လူမျိုးတစ်မျိုးရဲ့ အမည်ကိုသာ လွယ်လင့်တကူ စာရင်းပေးလိုက်တာလည်း ရှိခဲ့ပါတယ်။ အဲဒါတွေကြောင့် ကနေ့ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားရဲ့ လူဦးရေစာရင်းဟာ အနီးဆုံးကိန်းဂဏန်း အဖြစ် ရောက်ရှိဦးမှာ မဟုတ်သေးဘူးလို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသား များဟာ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေ သီးခြားရှိတဲ့ လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ အဓိကစီးပွားရေး လုပ်ငန်းများအဖြစ် လက်ဖက်လုပ်ငန်းနှင့် အခြားဥယျာဉ်ခြံမြေ လုပ်ငန်းတွေ လုပ်ကိုင်ပြီး အတော်အသင့် လုံလောက်တဲ့ စီးပွားရေးလုပ်ငန်းရှိကြတဲ့သူတွေဖြစ်ပါတယ်။ တအာင်း(ပလောင်)တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး အေးချမ်းစွာနေထိုင်လိုတဲ့ လူမျိုးများ ဖြစ်ပါတယ်။ လူဦးရေအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှာ (၆) သိန်းခန့် ရှိပြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း၊ မန္တလေးတိုင်းနဲ့ အခြား ဒေသများတွင် (၄) သိန်းခန့်နဲ့ တစ်နိုင်ငံလုံးရှိ တအာင်း (ပလောင်) တိုင်းရင်းသားများမှာ (၁၀) သိန်းခန့် ရှိမယ်လို့ ယူဆရပါတယ်။ တအာင်း (ပလောင်) တိုင်းရင်းသား များဟာ သည်ကဲ့သို့ပင် ပျံ့နှံ့စွာ နေထိုင်ကြပေမယ့် အဓိကအားဖြင့် နယ်မြေတစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်းနဲ့ နေထိုင်တဲ့ နယ်မြေ ဒေသကိုသာ တအာင်း (ပလောင်) တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးရေးကို အဆိုပြုတင်ပြမှာ ဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့နေရာမှာ ပိုမိုပြည့်စုံစွာဖြင့် စဉ်းစားနိုင်ဖို့အတွက် ယခင်အနှစ် (၂၀) ကျော်ကာလက မြို့အဖြစ် တည်ရှိခဲ့ဖူးတဲ့ ကျေးရွာအုပ်စုကြီး (၂) ခုကိုပါ မြို့နယ်သစ်အဖြစ် ပြန်လည် ဖွဲ့စည်းပေးရန် ထည့်သွင်း တင်ပြလိုပါတယ်။ အဲဒီမြို့ကတော့ နမ္မတူမြို့နယ်နဲ့ နမ့်ဆန်မြို့နယ်တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မန်တုံကျေးရွာ အုပ်စုကြီးနဲ့ နမ့်ဆန်မြို့နယ်နဲ့ ကျောက်မဲ မြို့နယ်တို့ရဲ့ ဆက်စပ်နယ်မြေမှာရှိတဲ့ မိုင်းငေါ့ ကျေးရွာအုပ်စုကြီးတို့ ဖြစ်ပါတယ်။ အဲဒီအုပ်စုကြီး (၂) ခုဟာ လွတ်လပ်ရေးရသည်မှ ၁၉၇၂ ခုနှစ်၊ စနစ်သစ် အုပ်ချုပ်ရေး စတင် ဖွဲ့စည်းတဲ့နှစ်အထိ မြို့အဖြစ် တည်ရှိခဲ့ပြီး အုပ်ချုပ်ရေးအရ လက်ထောက်မြို့ပိုင်ရုံး၊ ပြည်သူ့ရဲစခန်းနှင့် အခြား ဌာနဆိုင်ရာရုံးတွေ ရှိခဲ့ဖူးပါတယ်။ လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အဲဒီအုပ်စုကြီး (၂) ခုကို မြို့နယ်အဖြစ်သို့ တိုးမြှင့် ဖွဲ့စည်းရေးကို ကြိုတင် လျာထားနိုင်ရန် အကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်မှာ ကျွန်တော် တင်ပြခဲ့တဲ့ တင်ပြချက်ကို အခြေပြုပြီး အောက်ပါရည်ညွှန်း မြို့နယ်များကို သင့်တော်သလို ခရိုင်များ ဖွဲ့စည်းပြီး တအာင်း(ပလောင်)တိုင်းရင်းသား လူမျိုးများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) အဖြစ် သတ်မှတ်ပေးနိုင်ရင် အဆိုပြု တင်ပြအပ်ပါတယ်။ ရည်ညွှန်းပါ မြို့နယ်များကတော့—

၁။ နမ့်ခမ်းမြို့နယ်
၂။ ကွတ်ခိုင်မြို့နယ်
၃။ နမ္မတူမြို့နယ်
၄။ နမ့်ဆန်မြို့နယ်
၅။ ကျောက်မဲမြို့နယ်

၆။ သီပေါမြို့နယ် အနောက်ခြမ်းနှင့် မြောက်ခြမ်း၊

၇။ မန်တုံ (မြို့သစ်)

၈။ မိုင်းရေ (မြို့သစ်)

၉။ မိုးမိတ် မြို့နယ်

၁၀။ မိုးကုတ် မြို့နယ်မှ တအာင်း (ပလောင်) ကျေးရွာအုပ်စုများတို့ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံမူများပါ အင်္ဂါရပ်များနဲ့ လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မိန့်ခွန်းပါ အချက်အလက်များနဲ့ လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းချက်ပါ အင်္ဂါရပ်များနဲ့ လည်းကောင်း ညှိနှိုင်း တိုင်းဆတဲ့အခါမှာ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားများ အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) ရသင့် ရထိုက်တဲ့ အကြောင်း သမိုင်းကြောင်းနဲ့ နိုင်ငံရေး ပထဝီအနေအထား အရ ထင်ရှားပေါ်လွင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုဖွား ညီနောင်များ ဖြစ်ကြတဲ့ ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) သတ်မှတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ စီမံပေးကြပါရန် သဘာပတိကြီးမှ တစ်ဆင့် ဤအမျိုးသား ညီလာခံကြီးသို့ အလေးအနက် အဆိုပြုတင်ပြ အပ်ပါတယ် ခင်ဗျား။

(ဩဘာသံများ)

## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြား တင်ပြခြင်း

[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၁ ဦး]

**အခမ်းအနားမှူး။** အခု ဆက်လက်ပြီး ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးဂျေလှမိုးရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။ ဦးဂျေလှမိုးအား ဖတ်ကြား တင်ပြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

**ဦးဂျေလှမိုး. (တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့)။** သဘာပတိကြီး နှင့်တကွ သဘာပတိ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ် တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကိုကျွန်တော်အတူးလေးစားပါတယ်။

ကျွန် တော် က တော့ ရှမ်း ပြည် တောင် ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲ ကျေးရွာအုပ်စု၊ ဝါရှီဆူးပလိုင်ရွာမှ ကယန်းအမျိုးသား ဦးဂျေလှမိုး ဖြစ်ပြီး အမျိုးသားညီလာခံသို့ တိုင်းရင်းသား လူမျိုးများ ကိုယ်စားလှယ်အဖြစ် တက်ရောက်လာခြင်း ဖြစ်ပါတယ်။ အခုလို ကြုံတောင့်ကြုံခဲ အမျိုးသားညီလာခံကြီး မျိုးမှာ တက်ရောက် ဆွေးနွေးခွင့်ရတဲ့ အတွက် အထူး ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ကိုလဲ တစ်ဆက်တည်း ပြောကြားလိုပါတယ်။

**သဘာပတိကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** အခြား အခြားသော အကြောင်းရပ်များ မဆွေးနွေးမီ ကျွန်တော် ဉာဏ်မီသလောက် လူသိနည်းလှတဲ့ ကယန်း တိုင်းရင်း မိသားစုလေးကို ညီအစ်ကိုတော် ကိုယ်စားလှယ်တော်တို့နဲ့ ဦးစွာ မိတ်ဆက်ပေး ပါရစေ။

ရှေးရှေးတုန်းက ကယန်းတိုင်းရင်း မိသားစုလေးကို နတ်သိကြားမှ ရွှေပေစာ ပေးတာကို မယူရဲ၊ ငွေပေစာ ပေးတာကို မယူတတ်၊ သားရေပေစာပေးတာကျတော့လဲ မြန်မြန်မယူမိလို့ ခွေးစားပစ်လိုက်သောဟူ၏။ ဒါကြောင့်ပဲ ကယန်းစာပေ မရှိခဲ့လို့ ကယန်းတိုင်းရင်း မိသားစုလေးဟာ ဘယ်ကနေ ဆင်းသက်လာတယ်ဆိုတာ ရေးသားထားနိုင်စွမ်း မရှိခဲ့တာပဲ ဖြစ်ရမှာပါ။

ဒါပေတဲ့ ''လူကြီးစကား လူငယ်ကြား'' ''တစ်ဆင့်စကား တစ်ဆင့်မှတ်သား'' ဆိုရိုးစကားအတိုင်း ရှေးလူကြီးတွေရဲ့ နှုတ်ကဗျာ နှုတ်လင်္ကာတွေအရ (ကညော်ဘူး ခေါ် ကရင်ဖြူ)ကရင်လူမျိုး (ကယန်း အုပ်စုပါ-ကယားလီ ခေါ်-ကရင်နီ) ကယားလူမျိုးနဲ့ (ပရာအူ ခေါ်) ပအိုဝ်းလူမျိုး ညီရင်းအစ်ကိုတွေဟာ အောက်ပြည်အောက်ရွာမှာ အေးအတူ ပူအမျှ အတူတကွ နေထိုင်ကြပါသတဲ့။

အကြောင်း အမျိုးမျိုးကြောင့် အောက်ပြည်အောက်ရွာမှာ မနေလိုတော့တဲ့ (တစ်နည်း)မနေနိုင်တော့တဲ့၊ ကယန်း မိ သား စု လေး ပါ၊ ကရင်နီ (ကယား) နဲ့၊ ပရာအူ (ပအိုဝ်း) အချို တို့ ဟာ အောက်ပြည် အောက်ရွာမှာ အထက် ဒေသ သို့ ဆင့်ကဲ ဆင့်ကဲ ဆန်တက်ပြောင်းရွှေ့ နေထိုင်သွားကြပါသတဲ့၊ ကရင်ဖြူခေါ် ကရင်အုပ်စုနဲ့ ကျန်ပအိုဝ်း အချို့တို့ဟာ ယခုလက်ရှိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရောဝတီ တိုင်းတွေမှာ ဆက်ပြီး ငြိမ်းချမ်းသာယာစွာ စုဝေးပျံ့နှံ့ နေထိုင်ကြပါတယ်။

အထက်ဒေသသို့ ဆင့်ကဲ ဆင့်ကဲ ပြောင်းရွှေ့သွားတဲ့ ကယန်းမိသားစုပါ၊ ကယားနဲ့-ပအိုဝ်း ညီရင်းအစ်ကိုတွေဟာ "ဆင် နဲ့ ဖြူ" ပြဿနာမှ ကွဲသွားခဲ့ ပြန်ကြောင်းကို ပအိုဝ်းရော၊ ကယား၊ ကယန်းပါ လက်ခံယုံကြည်ကြပါတယ်။

အဲသလို ကွဲသွားကြပြီးတဲ့နောက်ပအိုဝ်းတိုင်းရင်းသားတွေဟာ ရှမ်းပြည်တောင်ပိုင်းမှာ အေးချမ်းသာယာစွာ နေထိုင်ခွင့် ရကြပါတယ်။ ကရင်နီခေါ် ကယား တိုင်းရင်းသားတို့ဟာလဲ ကယားပြည်နယ်ထဲမှာ တစ်စုတစ်စည်းတည်း ငြိမ်းချမ်းသာယာစွာ နေထိုင်ခွင့် ရကြပါတယ်။ ကယန်း မိသားစုလေးတွေကြတော့ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ သွေးခွဲတဲ့တိုင်းကြီးကြောင့် ယနေ့အထိ အတူတကွ ငြိမ်းချမ်းသာယာစွာ နေထိုင်ခွင့် မရကြသေးပါဘူး။

လေးစားအပ်ပါသော သဘာပတိကြီး ခင်ဗျား။ "ကယန်း တိုင်းရင်းမိသားစုငယ်လေး ဆိုတာ ဘာလဲ ဘယ်သူတွေလဲ" လို့ မေးဖို့ ရှိပါလိမ့်မည်။

ကယန်းမိသားစု လေး တွေ ကတော့ ကယားတိုင်းရင်းသားလူမျိုး (၉)မျိုးထဲမှာမှ—

(၁) ပုဒေါင်ခေါ် ကယန်းကေးခေါင်း၊
( တောင်ပေါ် ကယန်း )
(၂) ယင်းဘော်ခေါ် ကယန်းကေးငန်၊
( မြေပြန့် ကယန်း )
(၃) ကေခိုခေါ် ကယန်းကေးဒေါ့၊
( အောက်ဒေသ ကယန်း )
(၄) ဇယိမ်ခေါ် ကယန်းလောထ
( အထက်ဒေသ ကယန်း )

တို့ပါဝင်တဲ့ မိသားစုလေး တို့ပင် ဖြစ်ပါတယ်။ ထို့ပြင် ဗရဲခေါ် ကယောနဲ့—ဂေဘားတို့ ဟာလဲ အပြောအဆို အနည်းအငယ် ကွာခြားသည်မှ အပ ကယန်းနှင့် တစ်သားတည်းဖြစ်ပြီး ကယန်း နွယ်စုများပင် ဖြစ်ကြပါတယ်။

ယင်း ကယန်းတိုင်းရင်း မိသားစုလေးတို့ ဟာ နယ်မြေတစ်ဆက်တစ်စပ်တည်း နေထိုင်ကြပါလျက် အေး အတူ ပူအမျှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ငြိမ်းချမ်းသာယာစွာ နေထိုင်ခွင့် မရခဲ့ကြပါဘူး။

ခေါင်းအေးရင် ခြေပူမယ်၊ ဘယ်လက်နွေးရင် ညာလက်လောင် တော့တာ ပါပဲ၊ ကိုယ်ထည်ကတော့ တစ်ခါမျှ ရောဂါမကင်း တော့ ဘူးပေါ့။ အဲ့သလို ဖြစ်ရခြင်းရဲ့ အကြောင်းရင်း တရားခံကို ရှာမယ်ဆိုရင်၊ နယ်ချဲ့အင်္ဂလိပ်တို့ဟာ ပြေးမလွတ်တဲ့မဟာတရားခံကြီး ဖြစ်ခဲ့ရပါတယ်။ အကြောင်းကတော့—

ကိုယ့်မင်း ကိုယ့်ချင်းဘဝတုန်းက ဆိုရင် ကယန်းတိုင်းရင်း မိသားစုလေး ဟာ စည်းလုံးညီညွတ်စွာဖြင့် တောင်ပိုင် တောင်စားစော်ကဲ၊ စော်ဘွားစသည့် အရိုက်အရာ တို့ဖြင့် မြန်မာကေရာဇ်မင်းထံ လက်ဆောင်ပဏ္ဏာ ဆက်သခြင်း၊ ဧကရာဇ်မင်းထံမှ ဘွဲ့ထူးရာထူးများရယူခဲ့ခြင်း စတဲ့ သမိုင်းအထောက်အထားများ ရှိခဲ့ပါတယ်။

သို့ရာတွင်နယ်ချဲ့အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံတစ်ခုလုံး သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ကယန်းတိုင်းရင်း မိသားစုတို့ရဲ့ ရိုးသားမှု၊ ခေတ်ပညာမတတ်မြောက်မှု၊ ဗဟုသုတ နည်းပါးမှု၊ အဆင်ခြင်တရား ခေါင်းပါးမှု တို့ကို အခွင့်ကောင်း ယူကာ ကယန်း တိုင်းရင်း မိသားစုတို့ကို ယင်းတို့ရဲ့ အလိုတော်ကျ ခိုင်းစေနိုင်ဖို့အတွက် (၄)ပိုင်းအညီအမျှ ဖြစ်လုနီးပါး ပိုင်းထားခဲ့ခြင်းဖြစ်ပါတယ်။ လူရော နယ်မြေပါ ပေါ့။

သဘာပတိကြီးနဲ့ **ကိုယ်စားလှယ်တော်အပေါင်း**တို့ ခင်ဗျား။ ခေါင်းလိုက်ကျွန်တော်သရုပ်ဆောင်တာ ကတော့ ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းဒေသဖြစ်ပါတယ် (ရှမ်းပြည်နယ်ပါ)။ မြေရေိယာ စတုရန်းမိုင် (၄၀၀) ခန့်ပေါ်မှာ ကယန်းတိုင်းရင်းဦးရေ (၁၀၀၀၀) တစ်သောင်းကျော် နေထိုင်ပါ

တယ်။ တစ်ဆက်တစ်စပ်တည်းပါ။ တိုင်းရင်းခြား ဆိုလို့ တောင်ပေါ် ဗမာတိုင်းရင်းသား အချို့သာ ရှိပါတယ်။

ခြေလို့ ကျွန်တော်သဏ္ဌာန်ပြုထားတာ ကတော့ သံတောင်မြောက်ပိုင်း ဒေသ ဖြစ်ပါတယ်။ (ကရင်ပြည်နယ် ပေါ့)။ မြေရေိယာစတုရန်းမိုင် (၆၀၀) ခန့်မှာ ကယန်းတိုင်းရင်း (၄၀၀၀၀)လေးသောင်း နီးပါး နေထိုင်ပါတယ်။ တစ်ဆက်တစ်စပ်တည်း ပါပဲ(တိုင်းရင်းခြားဆိုလို့ သိပ်မတွေ့ရပါဘူး)။

ဘယ်လက်လို့ ကျွန်တော်တင်စားထားတာ ကတော့ ကယားပြည်နယ် အနောက်နဲ့ အနောက်မြောက်ပိုင်းပါ(ကယားပြည်နယ်လေး) ဖရူဆိုမြို့နယ် အနောက်ပိုင်း၊ ဒီမောဆိုမြို့နယ် အနောက်နဲ့ အနောက်မြောက်ပိုင်း၊ လွိုင်ကော်မြို့နယ် အနောက်မြောက်ပိုင်း ဒေသမှာ မြေဧရိယာစတုရန်းမိုင် (၁၀၀၀)ကျော် အတွင်းမှာကယန်းတိုင်းရင်းဦးရေ (၅၀၀၀၀)ငါးသောင်းခန့်၊ ကယားနဲ့ အခြားအခြားသော တိုင်းရင်းသားအချို့တို့နဲ့ ရောနှောနေထိုင်ပါတယ်။

ညာလက်လို့ ကျွန်တော်ပမာပြုထားတာ ကတော့ ပျဉ်းမနားအရှေ့တောင်ကျောတစ်လျှောက် ဖြစ်ပါတယ်။ (မန္တလေးတိုင်း ပေါ့)၊ မြေရေိယာစတုရန်းမိုင် (၅၀၀)ခန့်မှာ၊ ကယန်းတိုင်းရင်းဦးရေ (၁၅၀၀၀) တစ်သောင်းငါးထောင်ကျော် နေထိုင်ပါတယ်။ ဒါဟာလဲ နယ်မြေတစ်ဆက်တစ်စပ်တည်းပါပဲ(တိုင်းရင်းခြားဆိုလို့ ၅% ထက်မပိုပါ)။

ကိုယ်ထည်ကတော့—မိုးဗြဲနယ်ခေါ် ဖယ်ခုံမြို့နယ် ဖြစ်ပါတယ်။ မြေရေိယာ စတုရန်းမိုင် (၁၀၀၀) ကျော်ပေါ်မှာ ကယန်းတိုင်းရင်းဦးရေ (၅၀၀၀၀) ငါးသောင်းကျော် နေထိုင်ပါတယ်။ ဒါကတော့ ယခုလက်ရှိကယန်းမြို့နယ် ဖြစ်ပါတယ်။

(၁) ပင်လောင်းမြို့နယ်၊ ပေါင်းလောင်း ဒေသရှိ ကယန်း၊ (၂) သံတောင်မြောက်ပိုင်းရှိ ကယန်း၊ (၃) ပျဉ်းမနား အရှေ့တောင်ရိုး တစ်လျှောက်ရှိ ကယန်း၊ (၄) ကယားပြည်နယ် အနောက်နှင့်အနောက်မြောက်ပိုင်းရှိ ကယန်းနဲ့ (၅) မိုးဗြဲနယ်ခေါ် ဖယ်ခုံမြို့နယ်ရှိ ကယန်းတို့ အားလုံးပေါင်း ဟာ (၁၆၀၀၀၀) တစ်သိန်းခြောက်သောင်းကျော်၊ (၁၇၀၀၀၀) တစ်သိန်းခုနစ်သောင်းနီးပါး ရှိပါတယ်။ နယ်မြေအရ တစ်ဆက် တစ်စပ်တည်းပါ။ ဘာတိုင်းမှ ခြားမထားပါဘူး။ မိမိတို့ဟာ တစ်ဆက်တစ်စပ်တည်းပါ။ ဘယ် တိုင်းရင်းခြားမှ ခြားမနေခဲ့ပါဘူး။ တစ်ဆက်တစ်စပ်တည်းမို့ သူတို့ အချင်းချင်း သိကြတဲ့ပြင် ကယန်းဓလေ့အရ သာရေးနာရေး တွေမှာ အချင်းချင်း ယိုင်းပင်းကူညီ တတ်ကြပါတယ်။

သို့ပြောလည်း ကြီးမားရှည်လျား မြင့်မောက်လှတဲ့ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ မဟာ သွေးခွဲတံတိုင်းကြီးဟာ ကယန်းတိုင်းရင်း မိသားစုလေးကို ရှမ်းပြည်နယ်တွင် တစ်ဝက်၊ ကရင်ပြည်နယ်တွင် တစ်ခြမ်း၊ ကယားပြည်နယ်တွင် တစ်ပိုင်း မန္တလေးတိုင်းတွင် တစ်စိတ် တစ်လုံးတည်းသော သံပရာသီးကို (၄) စိတ်ထားသည့်အလား (၄)စိတ်(၄)မြွှာစိတ်ဖြာပိုင်း ခြားထားမှုကြောင့် ကယန်းသွေးစစ် ကယန်းတိုင်းရင်းမိသားစုချည်း ဖြစ်ပါလျက် ရှိအတူ မရှိအတူ၊ အေးအတူ ပူအမျှ၊ စည်းစည်း လုံးလုံး၊ ငြိမ်းချမ်း သာယာစွာ အတူတကွ နေထိုင်ခွင့်မရခဲ့သော(ဝါ) မရသေးသော ကယန်းသွေးစစ် ကယန်းတိုင်းရင်း မိသားစုတို့ပင် ဖြစ်ပါတော့တယ် ခင်ဗျား။

ယင်း ပြဿနာကို ရှေး ကယန်း ခေါင်းဆောင်ကြီးတွေ၊ ငြိမ်းချမ်းရေးကို လိုလားတဲ့ ကယန်းလူငယ် လူလတ်တွေ အခွင့်ကြုံတိုင်းအလီလီ ကြိုးစားဖြေရှင်းခဲ့ပေတဲ့ စိတ်ကုန်လူပန်းတာက လွဲလို့ မည်သည့် အကျိုးသက်ရောက်မှုမျှ မဖြစ်ထွန်းခဲ့ပါ။

ထို့ကြောင့်—

## လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား။

နံပါတ် (၁) အနေနှင့်—

နယ်မြေတစ်ဆက်တစ်စပ်တည်း ရှိနေပြီးကယန်းတိုင်းရင်းမိသားစုတို့ တစ်စုတစ်စည်းတည်း နေထိုင်ကုန်ပါလျက် နယ်ချဲ့ အင်္ဂလိပ်တို့ရဲ့ မဟာသွေးခွဲ တံတိုင်းကြောင့် ပြည်နယ် (၃) ပြည်နယ်နှင့် တိုင်း (၁) တိုင်းတို့တွင် ပျံ့နှံ့နေထိုင်ဟန်တူသော ကယန်းတိုင်းရင်းမိသားစုတို့အတွက် ဒေသ (၁) ခု အဖြစ် အသိအမှတ်ပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ကယန်းဒေသအဖြစ် သတ်မှတ်ပေးနိုင်မည့် အခြေခံဥပဒေ (၁)ခု ရေးဆွဲပေးပါရန် အဆိုတင်သွင်း တောင်းဆိုအပ်ပါတယ်။

ဘာကြောင့် အဲသလို အဆိုသွင်း တောင်းဆိုရပါသလဲဆိုတော့—

(က) အထက်တွင် ပြဆိုခဲ့ပြီးတဲ့အတိုင်း (၁) ရှမ်းပြည်နယ် ပင် လောင်းမြို့ နယ် ရှိ ပေါင်းလောင်းဒေသ၊ (၂) မန္တလေးတိုင်း ပျဉ်းမနားနယ် အရှေ့တောင်တန်းဒေသ၊ (၃) က ရင် ပြည် နယ်၊ သံတောင်မြောက်ပိုင်းဒေသ၊ (၄)ကယားပြည်နယ်၊ အနောက်၊ အနောက်မြောက်ပိုင်းဒေသနှင့် (၅)မိုးဗြဲနယ်ခေါ် ဖယ်ခုံမြို့နယ်တို့ဟာ နယ်မြေ တစ်ဆက်တစ်စပ်တည်း ရှိပြီး က ယန်း တိုင်းရင်းမိ သားစုတို့ တစ်စုတစ်စည်းတည်း နေထိုင်ကြပါတယ်။ ဘာတံတိုင်းကြီးမျှ ပိုင်းခြားတည်ဆောက်ထားခြင်း မရှိသလို ဘယ်တိုင်းရင်းသားကမျှ ခြားမနေခဲ့ပါဘူး။

(ခ) ဤမျှသေးငယ်လှတဲ့ မိသားစုလေးကို နယ် ချဲ့ အ င်္ဂလိပ်တို့ရဲ့ အ လို တော် ကျ ပြည်နယ် (၃) ပြည်နယ်နှင့် တိုင်း (၁) တိုင်းတို့တွင် ဆက် လက် နေ ထိုင် ခွင့်ပြုမည်ဆိုပါက ကယန်းတိုင်းရင်းမိသားစုလေးဟာ အခြားတိုင်းရင်းသားလူမျိုးကြီးများကြားဝယ် နစ် မြုပ် ပျောက်ကွယ် သွား မှာ ကို က ယန်း မိသားစုတစ်ယောက်အနေနဲ့ အထူးစိုးရိမ်ရပါတယ်။

(ဂ) အထက်အပိုဒ် (ခ) ကြောင့်(၁)ကယန်းဒေသဟာ နယ် မြေ အား ဖြင့် ကျဉ်းမြောင်းချင်လဲကျဉ်းမည်၊ (၂) လူဦးရေအားဖြင့် နည်းပါးချင်လည်းနည်းမည်ဖြစ်ပါသော်လည်း ကွဲပြားပျံ့နှံ့ဟန်တူသော ကယန်းဒေသကို တစ်ချောင်းတည်းသော မျဉ်းကောက်ဖြင့် ဝိုင်းရံရစ်ပတ်ကာ ဝိသေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကယန်းဒေသအဖြစ် သတ်မှတ်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

(ဃ) ကယန်း တိုင်းရင်းသား မိသားစုလေးကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ၊ ကယန်းဒေသအဖြစ် စုစည်း လိုက်ခြင်း အားဖြင့် ပတ်ဝန်းကျင် ပြည်နယ်/တိုင်း များအဖို့ လူဦးရေ လျော့နည်းသွားမယ်၊ နယ်မြေအနည်းအကျဉ်း ပဲ့ထွက်သွားမှာကို ဒီမိုကရေစီစိတ် ပြည့်ဝသူတိုင်း စိုးရိမ်ရမည့်အချိန် မဟုတ်တော့ဘဲ သဘောကြည်ဖြူစွာဖြင့် ခွင့်လွှတ်ရမည့်အခါ ကျရောက်လာပြီလို့ ယူဆပါတယ်။

(င) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ကယန်းဒေသ၏ နယ်နိမိတ်ကို မျဉ်းကောက်ဖြင့် ဝိုင်းပတ်သတ်မှတ်ခြင်းသည် နိုင်ငံတော်မှ ခွဲထွက်ခြင်း မဟုတ်မူဘဲ ကယန်း မိသားစု၏ စည်းလုံးညီညွတ်မှုကို ရှေးရှုသောအားဖြင့် နိုင်ငံတော် အတွင်း အိမ်ခန်းငယ်လေး (၁) ခန်း ဖွဲ့ခြင်းမျှသာ ဖြစ်ကြောင်း အားလုံးသဘောပေါက် လက်ခံကြမည်ဟု မျှော်လင့် ယုံကြည်ပါတယ်။

အထက်ပါ အကြောင်း အချက်များကြောင့် ကယန်း မိသားစုလေးကို စုစည်းထားပြီး ဒေသ (၁) ခုအဖြစ် အသိအမှတ်ပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ကယန်းဒေသအဖြစ် သတ်မှတ်ပေးရန် လိုအပ်နေခြင်း ဖြစ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** နံပါတ်(၂)အနေနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ကယန်းဒေသကို ကယားပြည်နယ်ထဲ အလိုအလျောက် ရောက်ရှိစေနိုင်မည့် အခြေခံဥပဒေ (၁) ခု ရေးဆွဲ ချမှတ် ပေးပါရန် ထပ်မံအဆိုသွင်း တင်လျှောက်အပ်ပါသည်။

အကြောင်းကတော့—

(က) ကယန်း တိုင်းရင်းသား မိသားစုတို့ နေထိုင်သည့်
(၁) သံတောင်မြောက်ပိုင်း ဒေသသည် ကယားပြည်နယ် ဖရူဆိုမြို့နယ် အနောက်ပိုင်းနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေခြင်း၊ (၂) ပျဉ်းမနားနယ် အရှေ့တောင်တန်းဒေသနှင့် ဖယ်ခုံမြို့နယ် အလယ်ပိုင်းသည် ဒီမောဆိုမြို့နယ် အနောက်၊ အနောက်မြောက်ပိုင်းနဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေခြင်း၊ (၃) ပင်လောင်း နယ် ပေါင်းလောင်း ဒေသနှင့် ဖယ်ခုံမြို့နယ် မြောက်ပိုင်းသည် လွိုင်ကော်မြို့နယ်၊ အနောက်မြောက်နှင့် နယ် နိမိတ် ချင်း ဆက်စပ်မှုကြောင့် ကယားပြည်နယ် အနောက်နှင့် အနောက်မြောက်အရပ်တို့တွင် ကယန်း တိုင်းရင်း မိသားစုတို့ဖြင့် ဝန်းရံလျက်ရှိနေပါတယ်။

(ခ) အထက် တစ်နေရာတွင် ပြဆိုခဲ့ ပြီးသည့် အတိုင်း ကယားပြည်နယ်အတွင်း ဖရူဆိုမြို့နယ် အနောက်ပိုင်း၊ ဒီမောဆိုမြို့နယ် အနောက်နဲ့ အနောက် မြောက်ပိုင်း၊ လွိုင်ကော်မြို့နယ် အနောက်မြောက် တိုင်း တ ဒန်းတွင် ကယန်းတိုင်းရင်း မိသားစုဦးရေ အတော်အသင့် ရှိနှင့်ပြီး ဖြစ်နေပါတယ်။

(ဂ) ကယားနှင့် ကယန်းတို့ဟာ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ထုံးဓလေ့တို့မှာ ခွဲခြား မရလောက်အောင်ဘဲ ဆင်တူကြပါတယ်။ အခြား တိုင်းရင်းသား လူမျိုးတွေနဲ့ကြတော့ အနည်းနဲ့ အများ ခြားနားမှုတွေ ရှိနေပါတယ်။

(ဃ) မြို့တော်အနေနဲ့ လွိုင်ကော်ဟာ နယ်မြေဆက်စပ်မှုအရလည်းကောင်း၊ လမ်းပန်း ဆက် သွယ် ရေး အ ရ လည်း ကောင်း ကယန်းဒေသ အတွက် အ ထူး ပ ဓာ ကျလှပါတယ်။ အခြား တိုင်း/ပြည်နယ် မြို့တော်တွေ ကျတော့ ခပ် လှမ်းလှမ်း ဆိုတော့ကာ လုပ်ငန်းဆောင်တာ အဝဝ မြန်ဆန် မှန်ကန်ပြီးမြောက်မှု အတွက် ကယန်းတိုင်းရင်းမိသားစုတို့ရဲ့ မြို့တော်ဟာ ကယားတိုင်းရင်းသားတို့နဲ့ အတူ လွိုင်ကော်သာ ဖြစ်သင့်ပါတယ်။

(င) ယခင်နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတွေမှာ ကယားလူကြီးတွေနဲ့ ကယန်း ခေါင်းဆောင်တွေ၊ ကယား ကယန်း လူငယ်လူလတ်တွေ တစ်စိတ် တစ်ဝမ်းတည်း ဘယ်လိုလက်တွဲ ဆောင်ရွက်ခဲ့တယ်ဆိုတာ သမိုင်းစာမျက်နှာမှာ တွေ့ရှိနိုင်သလို အသက်ထင်ရှား နိုင်ငံရေးသမားတိုင်းရဲ့ မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။

ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေ ပုဒ်မ (၁၈၂)ကဲ့သို့သောခွင့်ပြုချက် ဥပဒေမျိုး မဟုတ်မှုဘဲ ကယားပြည်နယ်ထဲအလိုအလျောက် ရောက်ရှိစေနိုင်မည့် အခြေခံဥပဒေမျိုး ပြဋ္ဌာန်းပေးမည်ဆိုပါက ကယန်းတိုင်းရင်းမိသားစုတိုင်း ဝမ်းမြောက်ကြည်နူးကြမည်သာဖြစ်ပါတယ်။

လေးဝားအပ်ပါသော . သဘာပတိကြီးခင်ဗျား။

နံပါတ် (၃) အနေနှင့်—

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျန်ခဲ့သော ကယန်း ဒေသအတွက် အထူးဝိသေသစီမံကိန်းများဆောင် ရွက်ပေးနိုင်မည့် အခြေခံဥပဒေ (၁) ခုချမှတ်ပေး ပါရန် ထပ်လောင်းအဆိုပြု တင်သွင်းအပ်ပါတယ်

အဘယ်ကြောင့်ဟူမူ—

(က) ကယန်းတိုင်းရင်းမိသားစုတို့ နေထိုင်တဲ့ နယ်မြေဒေသအားလုံးလောက် နီးပါး ဟာ တောင်ရိုးတောင်တန်းများဖြစ် နေတဲ့အတွက် စိုက်ပျိုးရန်မြေ အနေအ ထားမတ်စောက်လွန်းခြင်း၊ မြေဆီလွှာ ခေါင်းပါးလွန်းခြင်းတို့ကြောင့် စီးပွား ဖြစ်ပင် စိုက်ပျိုးအောင်မြင်ခြင်း မရှိခဲ့ ပါ။

(ခ) ကယန်း တိုင်း ရင်း မိ သား စုတို့သည် ခေတ်ပညာ တတ်  နည်း ပါး ခြင်း၊ ဗဟုသုတ မ ကြွယ် ဝ ခြင်း တို့ ကြောင့် ခေတ်မီ စိုက် ပျိုးမွေး မြူရေးစနစ်များ မစွမ်းဆောင်နိုင်ခဲ့ပါ။

(ဂ) ကယန်း ဒေသအတွင်း ကားလမ်းကို မဆိုထားဘိလူသွားလမ်းပင်တစ်ရွာနှင့် တစ်ရွာခက်ခဲစွာ ကူးလူးသွားလာရတဲ့ အခြေအနေမှာ ရှိနေပါတယ်။

(ဃ) ပညာရေး၊ ကျန်းမာရေးနဲ့ လူ နေ မှု အဆင့် အတန်း တို့ က တော့ မပြောပ လောက်အောင်ဘဲ အောက်ကျနောက် ကျ ဖြစ်နေပါတယ်။

(င) ယင်းဒေသတွင် တောတောင်ထူထပ် သည့်အားလျော်စွာ သယံဇာတပစ္စည်း အနည်းနဲ့အများ ရှိနိုင်မည်ဖြစ်ပါသော် လည်း ခရီးလမ်း၏ခက်ခဲမှု၊ အုပ်ချုပ်မှုနဲ့ လက် ဝေး ခြင်း တို့ ကြောင့် ပြောပ လောက်သည့် သယံဇာတပစ္စည်းများ တွက်ရှိခြင်း မရှိသေးပါချေ။

ထို့ကြောင့် ကယန်းတိုင်းရင်းသားမိသားစုတို့ အဘက်ဘက် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထူး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် လိုအပ်နေ ခြင်းဖြစ်ပါတယ် ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** ကယန်း မိ သား စု အားလုံးကိုယ်စား ကျွန်တော်ရဲ့ အဆိုသွင်းတင်ပြ ချက်များနှင့်ပတ်သက်၍ ညီအစ်ကိုတော်ကိုယ်စား လှယ်ကြီးတို့ရဲ့ ထောက်ခံအားပေးမှု၊ သဘာပတိ အဖွဲ့တို့ရဲ့ ပံ့ပိုးကူညီမှု၊ လုပ် ငန်း ကော် မ တီ တို့ ရဲ့ လမ်းညွှန်ကွပ်ကဲမှု၊ ကော်မရှင်ကြီးရဲ့ စီမံဆုံးဖြတ်မှု တို့အပေါ်အကြွင်းမဲ့ ကြိုဆိုလက်ခံမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်သော **သဘာပတိကြီးခင်ဗျား။** နောက်ဆုံးအနေနဲ့ ကျွန်တော်ဆွေးနွေးလိုတာက တော့—

၁။ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ ရမည်။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဆတက် ထမ်းပိုး ဖွံ့ဖြိုးတိုးတက်ရမည်။

၃။ အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရမည်။

၄။ အ မျိုး သား ညီ လာ ခံ ကြီး မနေးအမြန် ချောမောပြေပြစ်စွာ ပြီးမြောက်အောင် မြင်ရမည်ဟု က ယန်း တိုင်း ရင်း မိ သား စု အားလုံးကိုယ်စား ကျွန်တော် ဦးဂျေလှမိုး မှ ဆန္ဒပြုရင်း နိ ဂုံး ချုပ် အပ် ပါ တယ် ခင်ဗျား ။

(သြဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ၂ ဦး ]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီးရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် (၂) ဦးရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးချစ်ဆွေအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးချစ်ဆွေ (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့)။** လေးစားအပ်တဲ့သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များ ကျန်းမာပါစေလို့ ဦးစွာ ဂါရဝပြု၍ မေတ္တာပို့လိုက်ပါသည်။

ဤစာတမ်းဟာ ရှမ်း ပြည် နယ် မြောက် ပိုင်း၊ ကိုး ကန့် လူ မျိုး တိုင်း ရင်း သား ကိုယ် စား လှယ် ဦးချစ်ဆွေနှင့် ဦးကျော်စိန်တို့မှ တင်သွင်းသော စာတမ်းဖြစ်ပါသည်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်မှ ကိုးကန့် လူမျိုး တိုင်းရင်းသား ကိုယ်စားလှယ် ဦးချစ်ဆွေ ဖြစ်ပါသည်။

၁၈-၁-၉၄ ရက်တွင် ကျင်းပပြုလုပ်သော စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းချက်အပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော် အခန်း၊ နိုင်ငံတော် ဖွဲ့ စည်း တည် ဆောက် ပုံ အခန်း နှင့် နိုင်ငံတော် အကြီးအကဲအခန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် အခန်းနှင့် နိုင်ငံတော် အကြီး အကဲ အခန်းနှင့် ပတ်သက်၍ နောင်တော်ကိုယ်စားလှယ်များ ပြည့်စုံစွာဖြင့် ဆွေးနွေးအကြံပြုပြီး ဖြစ်သည့်အတွက် ကိုးကန့်တိုင်းရင်းသား ကိုယ်စားလှယ်များ အနေဖြင့် ဒီမိုကရေစီစနစ်အရ သော်လည်းကောင်း၊ အမျိုးသားညီလာခံ ဦးတည်ချက် (၆) ရပ် အရ သော်လည်းကောင်း အများဆန္ဒ သဘောထား အတိုင်း ကန့်ကွက်ရန်မရှိကြောင်း တင်ပြပါသည် ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း အ နည်း ငယ် ဆွေး နွေး လို ပါသည်။ "ဆွေးနွေးရာတွင် အမှားရှိရင် ခွင့်လွှတ်ပါရန် ကြိုတင်တောင်းပန်ပါတယ်" ထိုသို့ဆွေးနွေးရာတွင် အား နည်း ချက် မ ပြည့် စုံ မှု များ ရှိ မည် ဖြစ်သောကြောင့် ရိုးသားစွာဖြင့် ဝန်ခံပါသည် ခင်ဗျား။ ကိုးကန့်တိုင်းရင်းသား လူမျိုးများသည် ၁၉၆၇ ခုနှစ်တွင် နယ်မြေအခြေအနေ အမျိုးမျိုးကြောင့် မြန်မာနိုင်ငံ အနှံ့အပြားသို့ ပျံ့နှံ့ ပြောင်းရွှေ့ နေထိုင်သွားပါသည်။ လုံးဝမပြောင်းရွှေ့နိုင်သော ဆင်းရဲသား ၃၀ ရာခိုင်နှုန်း ခန့်သာ ကိုးကန့်နယ်တွင် ကျန်ခဲ့ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ စာရင်းအရ ကိုးကန့် တိုင်းရင်းသားဟာ (၇၀၀၀၀) ကျော်ပဲ ရှိသည့်ကိစ္စနှင့် ပတ်သက်၍ ကိုးကန့် အမျိုးသား လူဦးရေအတွက် (သုည) တစ်လုံးနီးပါး ကွာဟမှု ရှိပါသည်လို့ ရိုးသားစွာတင်ပြ လိုပါသည်။

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ **အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ၈ ဦး**]

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေး အတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြကြဖို့ဖြစ်ပါတယ်။

အခု တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် (၈) ဦးတို့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါ တယ်။ ဦးစိုင်းဘဉာဏ်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုင်းဘဉာဏ်** (တိုင်းရင်းသားလူမျိုး ကိုယ်စား **လှယ်များအစုအဖွဲ့**)။ လေးစားအပ်ပါသောသဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ပါး ချမ်းသာရွှင်လန်းစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း နှုတ်ခွန်းဆက်သပါ တယ်။

ကျွန်တော်ကတော့ ရှမ်းပြည် မြောက်ပိုင်း၊ သီပေါမြို့နယ်မှ ဦးစိုင်းဘဉာဏ်ဖြစ်ပြီး၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်များအနက် ရှမ်းပြည်နယ် (မြောက်ပိုင်း)တန့်ယန်းမြို့နယ်မှ ဦးစိန်ညွန့်၊ သီပေါမြို့နယ်မှ ကျွန်တော်ဦးစိုင်းဘဉာဏ်၊ လားရှိုးမြို့နယ်မှ ဦးစိုင်းခမ်းမှတ်၊ ကျောက်မဲမြို့နယ်မှ ဦးခွန်လူး၊ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်မှ ဦးသန်း၊ လိှုင်လင်မြို့နယ်မှ ဦးစိုင်းအုန်းမြင့်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်မှ ဦးဆိုင်ကျောက်(ခ) ဦးဆိုင်ကျောက်ဇင်နဲ့ ဦးစိုင်းနွံန်းတို့ ကိုယ်စားလှယ် (၈) ဦးရဲ့ကိုယ်စား ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းကဏ္ဍမှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာမှ ခရိုင်အထိ နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲခြင်းများနဲ့ စပ်လျဉ်း ပြီး ဖြည့်စွက်အကြံပြု တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်ရဲ့ဆွေးနွေး ဖြည့်စွက် အကြံပြုခြင်း မတင်ပြမီ ကျွန်တော်တို့ တစ်တွေ ပြည်ထောင်စုကြီးအတွင်းမှာ ဥမကွဲ သိုက်မပျက်၊ ဆင်းရဲအတူ ချမ်းသာအမျှ၊ အတူတကွ နေထိုင်ခဲ့ကြပြီး အဖျက်ရန်စွယ် အန္တရာယ်ဟူသမျှကို လည်း လက်တွဲတွန်းလှန်ခဲ့ကြတာကိုလည်း မေ့လို့မရ ပါ။ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းတစ်လျှောက်မှာလည်း ကျွန်တော်တို့တစ်တွေ ရှင်ကြီးဝမ်းရော ရှင်ငယ်ဝမ်း ရောဝင်ခဲ့ဖူးပြီးဖြစ်လို့ သင်ခန်းစာအမျိုးမျိုးကိုလည်း ရရှိပြီးဖြစ်ပါတယ်။ ဆိုးမွေများကိုပယ်၊ ကောင်း မွေများကို ဆက်လက် ထိန်းသိမ်းဖော်ဆောင်ရင်း၊

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ အုတ်မြစ်ဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုရေးဆွဲရာမှာ အခြေခံရမယ့်မူများဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အသက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ သဘောချက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အနှစ်သာရတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယခု ကျွန်တော်တို့တစ်တွေ ဆက်လက်ရေးဆွဲသွားကြမယ့် အခြေခံဥပဒေရဲ့ ဦးတည်ချက်ဖြစ်တဲ့—

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး

ဟုဆိုတဲ့ အရေးသုံးပါးကို ဦးထိပ်ထားပန်ဆင်ပြီး တိုင်းရင်းသားလူမျိုးများ၏ တရားမျှတမှု ရှိရေးကို ဖော်ဆောင်ပေးနိုင်တဲ့ အခြေခံဥပဒေ ဖြစ်ကြောင်း လေးလေးနက်နက် သက်ဝင်ယုံကြည်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏(၁၈-၁-၉၄) ရှင်းလင်းချက် စာမျက်နှာ ၁၈၊ အကြံပြုချက်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက် မြို့၊ မြို့နယ်နဲ့ ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ဒေသ သက်သက်သာဖြစ်တာကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရန် ဆိုသည့် ဥက္ကဋ္ဌကြီး၏တင်ပြချက်ကို ကျွန်တော်များက အောက်ပါအတိုင်း အကြံပြု ဖြည့်စွက်တင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်း ဒေ သ ကြီး ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ခရိုင်နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမရယူပြီး အဲဒီလိုရယူတဲ့ အခါမှာ အဲဒီနယ်မြေအတွင်း အနှစ် နှစ်ဆယ် အနည်းဆုံးနေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲမရလျှင် အဲဒီနယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်းလုံးဝမပြုဖို့ဖြစ်ပါတယ်။ တကယ်လို့ အဲဒီနယ်မြေအတွင်းနေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲရမှသာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရန်ဖြစ်ကြောင်း အခြေခံမူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာ စုစုစည်းစည်းနေထိုင်လျက်ရှိကြတဲ့ညီအစ်ကိုတိုင်းရင်းသားများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ နယ်မြေဒေသပိုင်းခြားပေးရန်ကိစ္စ ဆွေးနွေးတင်ပြသွားပါမယ်။

ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟာ ရေမြေ တောတောင် သဘာဝတည်နေပုံက အခြားလူဦးရေ များပြားသည့် နိုင်ငံကြီးအချို့ ဝိုင်းရံလျက်ရှိသလို နယ်နိမိတ်ချင်းမှာလဲဆက်စပ်ပြီး အကြောင်းအမျိုးမျိုးပြုပြီးဝင်ထွက်သွားလာဆက်ဆံကြရလို့ လူမျိုးရေးမှာ ဖောင်းပွပြီး ရှုပ်ထွေးလာမယ့်အရေးကို ကာကွယ်ရန် လိုအပ်ပါတယ်။ (မြေမျို့လို့လူမျိုးမပျောက် -လူမျိုးမှ လူမျိုးပျောက်) မဖြစ်ရလေအောင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ အရှည်တည်တံ့ခိုင်မြဲမှ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးလည်း တည်တံ့ ခိုင်မြဲမှာဖြစ်ပါတယ်။ ဒါကြောင့် ညီအစ်ကို တိုင်းရင်းသား

များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့်ရထိုက်တာနဲ့စပ်လျဉ်းပြီး အဲဒီ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားညီအစ်ကိုတွေအတွက် ဘယ်နေရာ ဘယ်ဒေသတွေမှာ ပိုင်းခြားသတ်မှတ်ပေးဖို့သင့်တယ်ဆိုတာကို အမျိုးသားညီလာခံကြီးက အဆုံးအဖြတ် ပေးနိုင်ရန်အတွက် နိုင်ငံတော်ကကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့နယ်မြေအတွင်း နေထိုင်ကြတဲ့မဲဆန္ဒရှင်များရဲ့ ဆန္ဒသဘောထားကို ဦးစွာရယူပြီး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ခြင်းဖြစ်တယ်ဆိုတာပေါ်လွင်စေမှာဖြစ်ပြီး၊ ရှဉ့်လဲ လျှောက်သာ ပျားလဲ စွဲသာအောင် ဆောင်ရွက်ပေးခြင်းဖြင့် အသင့်မြတ်ဆုံးနည်းလမ်းဖြစ်ကြောင်း အကြံပြုတင်ပြရင်း ကျွန်တော်၏ တင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်

(ဩဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက်ဖတ်ကြား တင်ပြခြင်း

[တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၁ ဦး]

**အခမ်းအနားမှူး။** အခု ဆက်လက် ပြီး ရှမ်းပြည်နယ် မြောက်ပိုင်းမှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်ရဲ့ အကြံပြုချက်စာတမ်း ကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးဆိုင်ပေါင်းနပ်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးဆိုင်ပေါင်းနပ် (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့)။** ၁၉၉၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ စုံညီအစည်းအဝေးသို့ 'ဝ' တိုင်းရင်းသား ကိုယ်စားလှယ် တင်သွင်းလွှာစာတမ်း။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** ကျွန်တော်ဟာရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့မှာ နေထိုင်တဲ့ အမျိုးသား ညီလာခံ 'ဝ' တိုင်းရင်းသား ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။

ယခုလို ပြည်ထောင်စု မြန်မာနိုင်ငံအတွက် အသက်တမျှ အရေးကြီးတဲ့နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးမှာ အခန်း အလိုက် တစ်ဆက်တစ်စပ်တည်း ရှိနေတဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများတို့နဲ့ စပ်လျဉ်းတဲ့ အခန်းလိုက် အခြေခံရမယ့်မူများအဖြစ် ရေးဆွဲအကြံပြု သတ်မှတ်သည့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေး အကြံပြုခွင့် ရရှိတဲ့အတွက် အားလုံးသည့်ကျ သဘာပတိကြီးနဲ့ တကွ အဖွဲ့ဝင် သဘာပတိကြီးများအားလုံးကို လေးစား ဂါရဝပြုပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်။ ဒါ့အပြင် ဤဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ ညီလာခံကိုယ်စားလှယ်ကြီးများအားလုံးကိုလည်း လေးစားသမှုပြုပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဤနေရာမှ ကျွန်တော်မေတ္တာပို့သန္နိဋ္ဌာန်ပြုအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ အမျိုးသားညီလာခံ အစည်းအဝေးကြီးဟာ လွန်ခဲ့တဲ့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် နေ့ကစပြီး ပြုလုပ်ကျင်းပခဲ့တာဟာ ယနေ့ထိဆိုလျှင် တစ်နှစ်ကျော်ရှိပြီဖြစ်ပါတယ်။ ဒီတစ်နှစ်တာကာလအတွင်း ကျွန်တော်တို့အမျိုးသား ညီလာခံ အစည်းအဝေးကြီးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့စပ်လျဉ်းတဲ့ အခန်းလိုက် ခေါင်းစဉ်များနဲ့ နိုင်ငံတော်အခြေခံမူ (၁၀၄) ချက်ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါတယ်။ ဒီအခြေခံမူ (၁၀၄) ချက်ဟာလဲ ကျွန်တော်တို့နိုင်ငံရဲ့ တောတောင်၊ ရေမြေ သဘာဝ၊ နိုင်ငံသမိုင်းကြောင်းနဲ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိပြီး အလွန်တစ်ရာမှ လျော်ကန်သင့်မြတ်တာမို့ ကျွန်တော်တို့နိုင်ငံရှိ ပြည်သူများတွေက တစ်ခဲနက်ကြိုဆို ထောက်ခံအတည်ပြုသွားခဲ့တယ်ဆိုတာ ကျွန်တော်တို့ အမျိုးသားညီလာခံ ကိုယ်စားလှယ် တော်ကြီးများ မြင်တွေ့သိရှိကြပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့

ကျွန်တော်တို့ ညီလာခံ ကိုယ်စားလှယ် ကြီးများ အနေနဲ့ ဂုဏ်ယူဝမ်းမြောက် ကြရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ယခုအချိန်မှာလည်း ၁၈-၁-၉၄ ရက်နေ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် လမ်းညွှန် မိန့်ကြားခဲ့သည့်အတိုင်း ကျွန်တော်တို့တစ်တွေဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့စပ်လျဉ်းတဲ့ အခန်းအလိုက် တစ်ဆက်တစ်စပ်တည်းရှိ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်းနဲ့ နိုင်ငံတော်အကြီးအကဲ စသည့်အခန်းအလိုက် အခြေခံမယ့်မူများ ရေးဆွဲရေးအတွက် ဆွေးနွေးထောက်ခံ အကြံပြုသတ်မှတ်သွားကြရမှာ ဖြစ်ပါတယ်။ ဒီအပိုင်းတွေနဲ့ စပ်လျဉ်းပြီး တိုင်းနယ်၊ ပြည်နယ် အသီးသီးက တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများ ထောက်ခံအကြံပြု ဆွေးနွေးခဲ့ကြပြီးဖြစ်သလို ကျွန်တော်တို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ ထောက်ခံအကြံပြု စာတမ်းကိုလည်း ဖတ်ကြားတင်သွင်းပြီး ဖြစ်ပါတယ်။ အဲဒီ ထောက်ခံအကြံပြု စာတမ်းဟာ ကျွန်တော်များရှမ်းပြည်နယ် တစ်ခုလုံးရှိ ညီလာခံ တိုင်းရင်းသား ကိုယ်စားလှယ်များ အားလုံးက အပြန်ပြန် အလှန်လှန် အလေးအနက်ထားပြီး စဉ်းစားဆွေးနွေးရာမှာ တညီတညွတ်တည်း ထောက်ခံအကြံပြုတဲ့ စာတမ်းဖြစ်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့စပ်လျဉ်းတဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်းမှ အချက်အလက်အချို့နဲ့ နိုင်ငံတော်အကြီးအကဲ အခန်းလိုက်ခေါင်းစဉ်များကို ကျွန်တော့်အနေနဲ့ ထပ်မံထောက်ခံ အကြံပြုစရာ မရှိတော့ဘဲ အဖွဲ့လိုက်စာတမ်းမှာ မပါဝင်သေးတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) နဲ့စပ်လျဉ်းသည့် တင်ပြရန်လိုအပ်မယ်လို့ ထင်မြင်ယူဆတဲ့ အချက်အလက်များကိုသာ ဆက်လက်အကြံပြုဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ဒီနေရာမှာ ကျွန်တော်အနည်းငယ် တင်ပြလိုတာက ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟာ အသက်တမျှ အရေးကြီးတဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တာမို့ ကျွန်တော် ဆွေးနွေးသည့်နေရာမှာလည်း ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲနဲ့ လူမျိုးရေး အမြင်ကျဉ်းမှု လုံးဝမပါဘဲ နိုင်ငံတော်ကြီးရဲ့အကျိုးစီးပွားဖြစ်ထွန်းစေမယ့် ရည်မှန်းချက်နဲ့ ဆွေးနွေးခြင်းသာဖြစ်တဲ့အတွက် အမျိုးသားညီလာခံဦးတည်ချက် (၆) ရပ်နဲ့ အမျိုးသားညီလာခံက အတည်ပြုသတ်မှတ်ခဲ့တဲ့ နိုင်ငံတော်အခြေခံမူ (၁၀၄) ချက်ကို စဉ်းစားဆွေးနွေးမှု အကြံပြုမှုအစဉ်ရဲ့ ရှေ့ဆောင်မီးရှူးရောင်အဖြစ် ပန်ဆင်ကာ ဆွေးနွေး အကြံပြု သွား မည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်၊

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးစုများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ စပ်လျဉ်းလို့ လွန်ခဲ့တဲ့ ၇-၆-၉၃ ရက်နေ့က ပြုလုပ်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က "အချို့သော တိုင်းရင်းသားလူမျိုးများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ၊ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ သဘာဝကျ ရအောင်လဲစဉ်းစားခွင့်ပြုပေးဖို့လိုမှာဖြစ်ပါတယ်" လို့ မိန့်ကြား သွားခဲ့ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌကြီး မိန့်ကြားချက်နဲ့အညီ ၁၈-၁-၉၄ ရက်နေ့က ပြုလုပ်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးမှာလည်း အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှ "တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas)သတ်မှတ်ပေးရန်ဖြစ်ပါသည်။

ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနဲ့ နယ်မြေ အကျယ်အဝန်းပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ တိုင်း "(Self Administered Division) သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ ဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်"ဟူ၍ လမ်းညွှန်ရှင်းလင်း ပြောကြားခဲ့ပါတယ်။

သို့ဖြစ်တဲ့အတွက် "ဝ"ဒေသတွင် "ဝ"တိုင်းရင်း သားလူမျိုးစုတို့ဟာ လျော်ကန်သင့်မြတ်တဲ့လူဦးရေ ရှိပြီးနယ်မြေ တစ်ဆက် တစ်စပ် တည်းတွင် စုစုစည်း စည်း နေထိုင်လျက် ရှိကြောင်းအပြင် ၎င်းတို့မှာ သီးခြား ပြောဆိုသုံးစွဲတဲ့ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ချစ်ခင်မြတ်နိုးတဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးစံနဲ့ ရာဇဝင်သမိုင်း ကြောင်း စဉ် လာ များ အကြောင်းကို ကျွန်တော်အနည်းငယ် အကျဉ်းချုံး ပြီး တင်ပြလိုပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** အထက်က ကျွန်တော်တင်ပြသွားတဲ့ အချက် များ အနက် ပထမဦးဆုံး"ဝ"ဒေသရှိ လူဦးရေ ကိစ္စကို ရှင်း လင်း ဖော် ပြ လို ပါ တယ်။ ကျွန် တော် တို့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှာ"ဝ"တိုင်းရင်း သား လူမျိုးစုရဲ့ လူဦးရေ စုစု ပေါင်း ခုနစ်သိန်း ငါးသောင်းခန့် ရှိပါတယ်။ ၁၁-၁-၉၃ ရက်နေ့က ပြုလုပ်ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်း အဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးမှ ပြည်နယ်နဲ့တိုင်း အသီးသီးတွင် နေထိုင်ကြတဲ့ လူမျိုးစုနဲ့ လူမျိုးစုဝင် များရဲ့ လူဦးရေစာရင်း ဖော်ပြရာမှာ"ဝ"တိုင်းရင်း သားလူမျိုးစုံ၊ စုစုပေါင်းဦးရေ(၉) သောင်းကျော် သာ ရှိ ကြောင်း ရှင်း လင်း ဖော် ပြ ခဲ့ ပါ တယ်။ ၎င်းရှင်းလင်း ဖော်ပြချက်မှာ လမ်းပန်းဆက်သွယ် ရေး အခက်အခဲကြောင့် စာရင်းမကောက်ရသေးတဲ့ နယ်မြေဒေသများရှိ လူဦးရေးစာရင်းမပါဝင်သေး ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အဲဒီကိစ္စနဲ့ စပ်လျဉ်းလို့လည်း စည်သူအောင်နဲ့ မောင်မှတ်တို့ ပူးတွဲစား တင်ပြ ထားသည့် "ရွှေပြည်တော် မျှော်မ ဝေး ပြီမို့"စာ အုပ် ထဲ တွင် "ဝ"လွယ် လ စုစုပေါင်းဦးရေ (၉) သောင်း ကျော် ရှိ ကြောင်း ဖော်ပြပြီး "စာရင်းမကောက်ရသေးသော နယ်မြေ များမပါ" ဟူ၍ ဖော်ပြထားတာကိုလဲ တွေ့ရှိရပါ တယ်။ အမှန်အားဖြင့် "ဝ"နှင့်လွယ်လဟာ လူ မျိုး တစ်မျိုးတည်းသာ ဖြစ်ပါကြောင်း ရှင်းလင်းတ င်ပြ အပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** ဒုတိယအချက်အနေနဲ့ "ဝ"တိုင်းရင်းသား လူမျိုးစု များဟာ တစ်ဆက်တစ်စပ်တည်းရှိ နယ်မြေများ ဖြစ်တဲ့—

မိုင်းမောခရိုင်
ပန်ယန်းခရိုင်
ကျိုင်းတုံခရိုင်
မိုင်းဖြတ်ခရိုင် နဲ့

မိုင်းပြင်းခရိုင်များတွင် ပါဝင်တဲ့ မိုင်းမော၊ ပန်ဝိုင်၊ ဟိုပန်၊ နားပန်၊ ပန်ယန်း၊ တန့်ယန်း၊ မိုင်းယန်း၊ မိုင်းရှူး၊ မိုင်းပြင်း၊ မိုင်းခတ်၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မန်ဖန်မြို့နယ်များနဲ့ လားရှိုးမြို့နယ်ရဲ့ အစိတ် အပိုင်းဖြစ်တဲ့ မိုင်းကြက်၊ မိုင်းယော် ကျေးရွာအုပ်စု အတွင်းများတွင် စုစု စည်းစည်း အခြေချနေထိုင် လျက်ရှိကြပါတယ်။ ကျိုင်းတုံခရိုင် မြောက်ဘက် ဒေသ ဖြစ် တဲ့ မိုင်း မော ခရိုင် နဲ့ ပန်းယန်းခရိုင် အတွင်းမှာ "ဝ" တိုင်းရင်းသား လူမျိုးစုချည်း များသာ အခြေချနေထိုင်လျက်ရှိပြီး ကျိုင်းတုံ ခရိုင်၊ မိုင်းဖြတ်ခရိုင်နဲ့ မိုင်းပြင်းခရိုင်ရှိ မြို့နယ် များတွင် ရှမ်း၊ လားဟူ၊ အခါနဲ့ အခြားလူမျိုးစု များနှင့် ရောနှောနေထိုင်ကြလျက် ရှိပါတယ်။ အဲဒီ ဒေသအတွင်းမှာ အခြေချ နေထိုင်လျက်ရှိတဲ့ ပလန်း(PLUNG) (ခ) (LA) ၊ ရှံန်ကျင်း( SIAM CUIM) ၊ ပါတ (PATHA) ၊ ခမူ (HK AMU)

ဆမ်တောက် (SAM DAO) ၊ တိုင်လွယ် (TAI-LOI) ၊ အဲင်း (န်) (EN) စသည့် အမျိုးသားများဟာ "ဝ" တိုင်းရင်းသားတို့နဲ့ ရိုးရာယဉ်ကျေးမှုခြင်းတူ၊ ဓလေ့ထုံးတမ်းစဉ်လာနဲ့ ရာဇဝင်သမိုင်းကြောင်းချင်း တူညီကြတဲ့ "ဝ" လူမျိုးစုပင်ဖြစ်ပါတယ်။ သို့သော် နေထိုင်ရာဒေသ၊ တောတောင်၊ ရေမြေသဘာဝပေါ် မူတည်ပြီး ပြောဆိုသည့်စကား "လေသံ" အနိမ့်အမြင့်အနည်းငယ်သာ ကွာခြားလျက် ရှိပါတယ်။ ၎င်းတို့ကိုခွဲ၍ "ဝ"ကွတ် (VA KUT) ဟု ခေါ်ကြောင်း သိရှိရပါတယ်။ ကျိုင်းတုံခရိုင် မြောက်ပိုင်းဒေသဖြစ်တဲ့ မိုင်းမောခရိုင်နဲ့ ပန်းယန်း ခရိုင်အတွင်း နေထိုင်ကြတဲ့ "ဝ" လူမျိုးများကိုမူ "ဝ" လွန်း သို့မဟုတ် "ဝ" ပွန်း (VA LUAM (a) VA POM) ဟု ခေါ်ကြောင်း သိရှိရပါတယ်။ ၎င်း "ဝ" လွန်း သို့မဟုတ် "ဝ"ပွန်းနဲ့ "ဝ"ကွတ်ဘို့ဟာ "ဝ"လူမျိုးစု တစ်မျိုးထဲသာ ဖြစ်ကြောင်းနဲ့ တစ်ဆက်တစ်စပ်တည်းရှိ နယ်မြေအတွင်းတွင် စုစုစည်းစည်း နေထိုင်လျက် ရှိကြကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာ ပတိ ကြီး ခင်ဗျား။**

"ဝ"ဒေသတွင် နေထိုင်ကြတဲ့ "ဝ" တိုင်းရင်းသား ၉၀%လောက် ယဇ်နတ်ကိုးကွယ်ကြသူများ ဖြစ်ပါတယ်။ ထို့ကြောင့် ရာသီအလိုက် ယဇ်နတ်ပူဇော်ပသပွဲများ ပြုလုပ်ကျင်းပတတ်လေ့ရှိပါတယ်။ အထူးသဖြင့် သီးနှံမျိုးစေ့ကြဲသည့်လများနဲ့ စပါးပင် စိမ်းလန်း၍ စပါးသီးခါနီး အချိန်ကာလတွင်၊ ယဇ်နတ် ပူဇော်ပသပွဲများ ပြုလုပ်ကြပါတယ်။ ရပ်ရွာနယ်မြေ အေးချမ်းသာယာအောင်နဲ့ ကပ်ဆိုးကြီးများ မကျရောက်ရန် ရည်ရွယ်ချက်နဲ့လဲ ရပ်ရွာနယ်မြေ စုပေါင်းအလှူပွဲကြီးကိုလဲ ရံဖန်ရံခါ ပြုလုပ်တတ်လေ့ ရှိပါတယ်။ ၎င်းအပြင် အိမ်သစ်မင်္ဂလာတက်ပွဲနဲ့ နှစ်သစ်ကူးပွဲတို့ဟာ "ဝ" ဒေသရှိ "ဝ" တိုင်းရင်းသားတို့ရဲ့ ရိုးရာစဉ်လာပွဲများ ဖြစ်ပါတယ်။ ကျန်လူဦးရေ ၁၀%ဟာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနဲ့ အခြားဘာသာများ ကိုးကွယ်ကြသူများ ဖြစ်ပါတယ်။

ထုံးတမ်းစဉ်လာအနေနဲ့ ရပ်ရွာ၊ နယ်မြေ၊ ဒေသအတွင်း ပေါ်ပေါက်လျက်ရှိတဲ့ လူမှုရေး၊ စီးပွားရေး၊ ရာဇဝတ်မှု၊ ထိခိုက်နစ်နာစေမှု၊ အမွေခွဲဝေခြင်းဆိုင်ရာ ကိစ္စများနဲ့ အိမ်ထောင်ပြုခြင်း/ခွဲခြင်း၊ လုပ်ပိုင်ခွင့်ရှိခြင်း စသည့် ရေးရာပြဿနာများ ပေါ်ပေါက်လာတဲ့အခါ ဖြေရှင်းဆုံးဖြတ်တဲ့နေရာမှာ ဥပဒေကဲ့သို့ အာဏာတည်တဲ့ လိုက်နာကျင့်သုံးရသည့် ဓလေ့ထုံးစံများလဲ ရှိပါတယ်။

ပြောဆိုသုံးစွဲတဲ့ ဘာသာစကားအပိုင်းကို လေ့လာကြည့်မယ်ဆိုလျှင် "ဝ" တိုင်းရင်းသားလူဦးရေ ၉၀%လောက်က "ဝ" ဘာသာစကားမှလွဲပြီး မြန်မာစကားနဲ့ အခြားဘာသာစကားကို လုံးဝတတ်ကျွမ်းမှုမရှိပါ။ ၎င်းတို့ရဲ့ ကိုယ်ပိုင်စကားဖြစ်တဲ့ "ဝ" ဘာသာစကားကိုသာ နေ့စဉ်လှုပ်ရှားသွားလာလုပ်ကိုင်တဲ့ လုပ်ငန်းနယ်ပယ်မှာ သုံးစွဲလျက်ရှိတာကို တွေ့ရှိရပါတယ်။

စာပေအပိုင်းမှာ "ဝ" ဒေသရှိ တိုင်းရင်းသားများဟာ ရှေးအခါကတည်းက အဘက်ဘက်မှ နောက်ကျသူ လူမျိုးစုဖြစ်ပါတယ်။ အရေးထဲမှာ အရာဆိုသလို ဗကပ လောင်းရိပ်အောက်၌ ခေါင်းမိုးအုပ်ချုပ်ခြင်းခံရတဲ့ နှစ်ပေါင်း (၂၀) အတွင်း စာပေဗဟုသုတဆိုလို့ ဘာမှ သင်ကြားလေ့လာဆည်းပူးရခြင်းမရှိခဲ့ပါ။ ထို့အတွက်ကြောင့် စာပေတတ်ကျွမ်းသူများ အလွန်နည်းပါးလျက်ရှိပါတယ်။ ယခု "ဝ" ဒေသအတွင်းမှာ အသုံးပြုနေတဲ့ စာပေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀) ခန့်က လက်တင် (LATIN) ဘာသာအက္ခရာဖြင့် တီထွင်ရေးသားခဲ့တဲ့ စာပေကို အသုံးပြုလျက် ရှိပါတယ်။ ၎င်းစာကို ယနေ့ "ဝ" တိုင်းရင်းသား ၃၀%လောက်က တတ်မြောက် သုံးစွဲနေကြောင်း သိရှိရပါတယ်။ ယခုအခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ ရပ်ရွာတောတောင် အနှံ့အပြား၊ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသဖြင့် "ဝ" နယ်ဒေသရှိ လူငယ်လူရွယ်များ မြန်မာစာပေစကား တတ်ကျွမ်းစရှိနေပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။ စီးပွားရေးအနေနဲ့ "ဝ" ဒေသဟာ စပါး၊ ပြောင်းဖူး၊ လူး၊ ဆတ် စသည့် သီးနှံတို့ကို ဝမ်းစာအဖြစ် စိုက်ပျိုးလျက် ရှိကြပါတယ်။ တောင်ပေါ်အရပ် ဖြစ်တဲ့အားလျော်စွာ လှေကားထစ် စိုက်ပျိုးရေး စနစ်ကို အသုံးပြုလျက် စိုက်ပျိုးလုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ကျဉ်းမြောင်းတဲ့ ချိုင့်ဝှမ်းလွင်ပြင် တွေမှာလဲ လယ်လုပ်ငန်း လုပ်ကိုင်စိုက်ပျိုးကြပါတယ်။ အများစုဟာ တောင်ယာလုပ်ငန်းများ ကိုသာ အားကိုးလုပ်ကိုင်ကြရပါတယ်။ စီးပွားဖြစ် လုပ်ကိုင်နိုင်တဲ့ အဆင့်မရှိဘဲ မိသားစုဝမ်းစာအတွက် လောက်သာ စိုက်ပျိုးလုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ အမှန်အားဖြင့် "ဝ" ဒေသတွင် မြေအောက်သယံဇာတပစ္စည်းများဖြစ်သည့် ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ သံ ခဲမဖြူ၊ ဝူဖရန်၊ ကျောက်မီးသွေး၊ ကျောက်ဂွမ်း စသည်များ ထွက်ပေါ်လျက်ရှိသည်ဟု ကြားသိရပါတယ်။ ယခုအခါ ဒေသခံများတွေက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တူးဖော်နေကြောင်းလဲ ကြားသိရပါတယ်။ ၎င်းသယံဇာတ ပစ္စည်းများကို နိုင်ငံတော် အနေနဲ့ ခေတ်မီနည်းစနစ်နဲ့ ကျွမ်းကျင်ပညာရှင် များဖြင့် တူးဖော် လုပ်ကိုင်မယ်ဆိုလျှင် ဒေသရဲ့ နောက်ခံ စီးပွားဖြစ်ထွန်းစေမှာ ဖြစ်တဲ့အပြင် နိုင်ငံတော်အတွက်လဲ များစွာအကျိုးရှိလာမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် "ဝ" ဒေသရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ဒေသရဲ့ ရေ၊ မြေ၊ သဘာဝနဲ့ ကိုက်ညီသင့်လျော်မယ့် သီးနှံများကို နိုင်ငံတော်မှ ခေတ်မီ သိပ္ပံစိုက်ပျိုးရေးစနစ်နဲ့ ဇောက်ချပညာပေး ဆောင်ရွက်ပြီး မြေအောက်သယံဇာတကို နိုင်ငံတော် စီမံကိန်းစနစ်နဲ့ တူးဖော်လုပ်ကိုင်လာမည်ဆိုပါက "ဝ" ဒေသအတွက် စီးပွားဖြစ်ထွန်းပြီး နိုင်ငံတော် အတွက် အကျိုးများစွာ ရှိလာမည်ဟု သုံးသပ်မိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။ မည်သည့်အကြောင်းအရာ ကိစ္စကိုမဆို အတိတ်က ဖြစ်ရပ် အကြောင်းစဉ်လာများ ဂဃနဏ သိရှိမှသာလျှင် လက်ငင်းဖြစ်ပေါ်လာတဲ့ အကျိုးတရားပေါ် မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ် သုံးသပ်ဆုံးဖြတ်လို့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ "ဝ" ဒေသရေးရာ ကိစ္စနဲ့စပ်လျဉ်းပြီး ညီလာခံ ကိုယ်စားလှယ်ကြီးများအနေနဲ့ စဉ်းစားသုံးသပ်နိုင်ရေးအတွက် "ဝ" တိုင်းရင်းသား လူမျိုးစုတို့ရဲ့ အတိတ်က သမိုင်းကြောင်းစဉ်လာကို အနည်းငယ် ဖော်ပြလိုပါတယ်။ အဲဒီလို ဖော်ပြတဲ့နေရာမှာ ၎င်းတို့ရဲ့ ရှေးဟောင်းခေတ်သမိုင်း၊ နယ်ချဲ့ခေတ်၊ လွတ်လပ်ရေး ရရှိပြီးနောက် ပါလီမန်အစိုးရ လက်ထက်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်နဲ့ ယနေ့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးလက်ထက် အခြေအနေများဆိုပြီး အပိုင်းလိုက် အကျဉ်းချုံး၍ တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။ "ဝ" လူမျိုးနွယ်စုတို့ဟာ မွန်၊ ပလောင်တို့နဲ့အတူ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀၀) ကျော်ကတည်းက မြန်မာနိုင်ငံ အောက်အရပ်ဒေသမှာ မြို့ရွာများ တည်ထောင်ပြီး အခြေချနေထိုင်ခဲ့ ကြပါတယ်။ သို့သော်လည်း ပူပြင်းတဲ့ ရာသီဥတုဒဏ်၊ လေဘေးဒဏ်၊ ရေဘေးဒဏ်များကို မခံနိုင်တဲ့အတွက် မြောက်ပိုင်း အရပ်ဒေသဘက်သို့ ဆန်တက်ပြီး မြန်မာပြည် အရှေ့ဘက်ဒေသသို့ ပြောင်းရွှေ့ အခြေချ နေထိုင်လာခဲ့ရခြင်း ဖြစ်ဟန်တူကြောင်း တင်ပြလိုပါတယ်။

ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသရှိ ကျိုင်းတုံမြို့ကို တတွန်း (TA TUNG) နဲ့ တတန် (TA TANG) ဆိုသည့် ညီအစ်ကို ခေါင်းဆောင် စော်ဘွားကြီး နှစ်ဦးက စတင်တည်ဆောက်ကြောင်း သက်ကြီးရွယ်အို လူကြီးသူမတို့ရဲ့ ပါးစပ်ရာဇဝင် ပြောပြချက်အရ သိရှိရပါတယ်။ (၁၃) ရာစုနှစ်တွင်လည်း မာန်ကျိန်နဲ့ ဟန်မ်ဆိုသည့် စော်ဘွားများ အုပ်ချုပ်လျက်ရှိကြောင်းလဲ သိရှိရပါတယ်။

စေ၁်ဘွားအဆက်ဆက်မှာ တည်ထားကိုးကွယ်တော်မူတဲ့ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများယနေ့တိုင် ကျိုင်းတုံ ခရိုင်အတွင်းမှာ တွေ့မြင်နိုင်သလို မြို့လုံခြုံရေးအတွက် တည်ဆောက်ခဲ့တဲ့ ကျိုင်းတုံမြို့ အုတ်တံတိုင်းနဲ့ ကျုံးများလည်း ယနေ့ထက်တိုင် ရှိနေဆဲပင်ဖြစ်ကြောင်း သိရှိရပါတယ်။ တတွန်း (TA TUNG) ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အမည်ကို အစွဲပြုပြီး မြို့အမည်ကို ကျိုင်းတုံ(KENG TUNG) လို့ ခေါ်လာရခြင်းဖြစ်ကြောင်းလဲ သိရှိရပါတယ်။ ထို့ကြောင့် "ဝ" တိုင်းရင်းသား လူမျိုးစုများဟာ ယခု "ဝ" ဒေသခေါ် မြောက်ပိုင်း အရပ်ဒေသ အပြင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသအတွင်းပါ ပျံ့နှံ့နေထိုင်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ၎င်းဒေသများကို ရှေးမြန်မာမင်းလက်ထက်က "ခေမရဋ္ဌတိုင်း" ဟူ၍ ထင်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။**

"ဝ" ဒေသဟာ သဘာဝအားဖြင့် တောတောင်များ မြင့်မား နက်ရှိုင်းတဲ့ အတွက် သွားရေး၊ လာရေး၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲလျက် ရှိပါတယ်။ မြန်မာမင်း လက်ထက်က တည်းက အရောက် အပေါက် နည်းခဲ့ပါတယ်။ ထို့ကြောင့် ပြင်ပက အုပ်ချုပ်ရေးရာများ တိုက်ရိုက် မဝင်ရောက်နိုင်ဘဲ ဒေသခံ စော်ဘွားကြီး များက သာ ခေတ်အဆက်ဆက် အုပ်ချုပ်လျက် ရှိပါတယ်။ သို့သော်လည်း —

— ပထမ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ အနော်ရထာမင်း လက်ထက်ကလည်းကောင်း၊

— ဒုတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ ဘုရင့်နောင် လက်ထက်က လည်းကောင်း

— တတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ အလောင်းဘုရား လက်ထက်က လည်းကောင်း

ရင်းနှီးဆက်ဆံမှုရှိပြီး အရေးကြီးလျှင် သွေးနီးဆိုသကဲ့သို့ စစ်ရေးအရလည်းကောင်း၊ အခြားလူမှုရေးကိစ္စအရလည်းကောင်း တစ်အူတုံဆင်းညီအစ်ကို ဖြစ်သည့် အား လျော်စွာ လက်တွဲ ဆောင်ရွက်ခဲ့ကြောင်းလဲ သိရှိရပါတယ်။ ဥပမာ— အနော်ရထာမင်းလက်ထက်က ယူနန်နယ်ကို ချီတက်တိုက်ခိုက်စဉ်က၊ "ဝ" ဒေသကို ဖြတ်သန်းလာသည့် အခါ စစ်သည်အတွက် လိုအပ်သည့် စားနပ်ရိက္ခာများနှင့် အခြားအသုံးအဆောင်များကို "ဝ" ဒေသ နယ်မြေလူထုများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်းလဲသိရှိရပါတယ်။ ထို့အပြင် (၁၈) ရာစု အကုန်ပိုင်းတွင် မြန်မာမင်းသား တစ်ဦးက "ဝ" ဒေသရှိ ပန်ဝိုင်မြို့နယ်မှ နယ်မြေလူထုများကို စစ်ရေးစစ်ရာနဲ့ စပ်ဆိုင်တဲ့ သိုင်းပညာများ လာရောက် သင်ကြား ပေးခဲ့ကြောင်းလည်း သိရှိရပါတယ်။ ထို့ကြောင့် "ဝ" တိုင်းရင်းသား လူမျိုးစုများဟာ ရှေးပဝေသဏီကတည်းက မြန်မာမင်းနှင့် ရင်းနှီးစွာ လက်တွဲနေထိုင်လာခဲ့တယ်ဆိုတဲ့ အကြောင်း တင်ပြလိုပါတယ်။

၁၈၈၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံတစ်ခုလုံးကို အပြီးသတ်သိမ်းပိုက်ရန် ဝင်ရောက်ခဲ့စဉ်က "ဝ" နယ်သို့ ရောက်ရှိလာတဲ့ အခါ "ဝ" အမျိုးသားခေါင်းဆောင် ဦးစပ်မဟာနဲ့ ဦးနော်ခမ်းဦးတို့က အင်အား ၁၃၀၀ ကျော်နဲ့ တွန်းလှန်တိုက်ခိုက် အောင်မြင်ခဲ့တဲ့ အတွက် ဝင်းနယ် (သစ်တော) သမိုင်း၏ မျိုးချစ်များနှင့် အခြားကဗျာများ စာအုပ်တွင် "ဝ" အမျိုးသား ခေါင်းဆောင် နော်ခမ်းဦးကို ဦးညွှတ်သောအားဖြင့်—

— မျိုးသားရေးပြင်းထန်
တော်လှန်တဲ့သတ္တိဖွဲ့၊
"ဝ" ခေါင်းဆောင်နော်ခမ်းဦး
ထူးလှသည်ပဲ။

— ရန်သူကို ဗိုလ်မထား
စိတ်အားဖြင့် မလျော့ပါ။
လှေခွက်ဆန်၊ အလံမလှဲ
တိုက်ပွဲဝင်ရာ။
"ဝ" လူမျိုး ရှာငါးရှာ
စည်းလုံးဖြာ ဓားလှံသွေး။

အင်္ဂလိပ်ကိုလ
နင်းကြိတ်ကာ ဗျူဟာကွန့်ပြန်တော့
နောက်တစ်ခါ မလာဝံ့အောင်ပ
ရဲညွန့်တွေ ရင်ဆိုင်နွဲခဲ့တယ်

အောင်ပွဲနှင့်လေး....ဆိုပြီး၊ချီးကျူးဂုဏ်ပြုထား တာကို တွေ့ရှိရပါတယ်။ နယ်ချဲ့ခေတ်တစ်လျှောက် လုံးတွင် နယ်ချဲ့ အင်္ဂလိပ်တို့ အနေနဲ့ "ဝ" နယ်ကို ဝင်ရောက် ထိုးဖောက်ဖို့ ခက်ခဲခဲ့တဲ့ အတွက်လည်း ကောင်း "ဝ" နယ်ကိုပင်တိုက်ရိုက် အုပ်ချုပ်ခြင်းမပြု နိုင်ခဲ့ပါ။ "ဝ" နယ်ရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာ ပေါ်မူတည်ပြီး "ဝ" တိုင်း ရင်း သား မျာ်း ပျံ့နှံ့နေ ထိုင် ရာ ဒေ သကို "ဝ" ပြည်နယ် (Wa State) ဟူ၍ အသိအမှတ်ပြု သတ်မှတ်ခေါ်ဝေါ်ခဲ့တာ တွေ့ရှိရ ပါတယ်။

သို့သော်လည်း စတုတ္ထ မြန်မာ နိုင်ငံ တော် ကို ဦး ဆောင် တည် ဆောက်ခဲ့ တဲ့ အမျိုး သား ခေါင်း ဆောင် ဗိုလ် ချုပ် အောင် ဆန်း ရဲ့ ခေါင်းဆောင်မှုနဲ့ မြန်မာ့လွတ်လပ်ရေး အ ရ ယူ ကြိုးပမ်းရာမှာနယ်ချဲ့အင်္ဂလိပ်တို့အနေနဲ့မြန်မာအား လွတ်လပ်ရေး မပေး လျှင် မရတော့တဲ့ အ ခြေ အနေမျိုး ရောက်ရှိလာတဲ့အခါမှာ ၁၉၄၇ ခုနှစ် နိုင် ငံ တော် ဖွဲ့စည်း တည် ဆောက်ပုံ ရေး ဆွဲ ရန် တောင်တန်း ဒေသ စုံစမ်းရေး အဖွဲ့ကို ဖွဲ့စည်းကာ တောင်တန်းဒေသသားများရဲ့ အုပ်ချုပ်ရေးဆိုင်ရာ သဘောထားကို လေ့လာ စုံစမ်း စေခဲ့ ပါတယ်။ ၁၉၄၇ ခု၊ ဧပြီလ ၁၂ ရက်နေ့၌ အဆိုပါ တောင်တန်း ဒေသ စုံစမ်းစစ်ဆေးရေး အဖွဲ့နဲ့ "ဝ" ဒေသရှိ စုံလို နယ်မှ ကိုယ်စားလှယ် စော်ဘွားကြီး ဦးစဝ်နော် ဆန်းနဲ့ တွေ့ဆုံတဲ့ အခါ စဝ်နော်ဆန်းမှ—

"အစိုးရ စီစဉ် ပေး တဲ့ အတိုင်း လိုက်နာဆောင် ရွက်မည် ဖြစ်ကြောင်း "ဝ" နှင့် ရှမ်းလူမျိုးချင်း မတူသဖြင့် "ဝ" နယ်သည် ပဒေသရာဇ် ရှမ်းပြည် နယ်တွင် မပါဝင်လိုကြောင်း"

ရှင်းရှင်းလင်းလင်း ထွက်ဆိုခဲ့ပါတယ်။

သို့သော်နယ်ချဲ့တို့က "ဝ" အမျိုးသားရဲ့ သဘော ထားတင်ပြချက်ကို စိုးစဉ်းမျှ အလေးမထားဘဲ ပစ် ပယ်ခဲ့တဲ့အတွက် ၁၉၄၇ ခုနှစ်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ (၅) အရ "ဝ" နယ် (Wa State) အား ပဒေသရာဇ် ရှမ်းပြည်နယ်ထဲသို့ ပူးပေါင်းပေး ခဲ့ပါတယ်။ ယင်း ဥပဒေရဲ့ မြန် မာ လို- အင်္ဂလိပ်လို မူရင်းရေးသား ပြဋ္ဌာန်းချက် အတိုင်းကို ကျွန်တော် ဖတ်ကြားတင်ပြပါရစေ။

၅။ "ပဒေသရာဇ် ရှမ်းပြည်နယ်စုဟူ၍ ယခင်က ခေါ်တွင်ခဲ့သော နယ်မြေများနှင့် "ဝ" နယ်မြေ များသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည် ထောင် စု အ ဖွဲ့ ဝင် တစ်ခု အ ဖြစ် ပါဝင်ရ မည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်ကို ဤမှနောင် အဖို့တွင် ရှမ်းပြည်နယ်ဟု ခေါ်တွင်ရမည်"

5. "The territories that were heretofore Know as the Federated Shan States and Wa States shall form a constituent Unit of the Union of Burma and be hereafter Known as the Shan State."

ထို့အတွက်ကြောင့် အဲဒီအချိန်ကစပြီး "ဝ" ဒေသဟာ ရှမ်းပြည်နယ်ထဲတွင် ပူး ပေါင်း ပါ ဝင် လာခဲ့ရပါကြောင်း ညီလာ ခံ ကိုယ် စား လှယ် ကြီး များအား တင်ပြအပ်ပါတယ်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ် ရေး ရ ပြီး နောက် နိုင်ငံမှာ အာဏာရ ဖ ဆ ပ လ အစိုးရက နိုင်ငံတော်ကြီး ဖွံ့ဖြိုးသာယာလာဖို့ဆိုပြီး၊ "ပြည် တော် သာ စီမံ ကိန်း" ကြီးကို ဟစ်ကြွေးခဲ့ပေမယ့် ၎င်းတို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် ဖ ဆ ပ လ အစိုးရတွင်း အာဏာလုပွဲ၊ အားပြိုင်ပွဲများ ဆင်နွှဲရုပ်ထွေးတာနဲ့ ဖဆပလ အစိုးရရော၊ ပဒေသရာဇ် ရှမ်းပြည် စော်ဘွားနဲ့ ပြည်နယ်အစိုးရကပါ "ဝ" နယ်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကို လုံးဝမေ့ခဲ့ဟန်တူတယ်လို့ တင်ပြ လိုပါတယ်။ သို့အတွက်ကြောင့် ဖဆပလ အစိုးရ

လက်ထက် ၁၄ နှစ်တာကာလလုံးလုံး "ဝ" နယ်တွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် ခဲ့ ခြင်း အလျင်းမရှိတဲ့အတွက် တိုးတက်ဖွံ့ဖြိုးမှု လုံးဝမရှိခဲ့ ပါကြောင်း တင်ပြအပ်ပါတယ်။

၁၉၆၂ ခုနှစ်သို့ ရောက်တဲ့အခါ တော်လှန်ရေး ကောင်စီအစိုးရ လက်ထက်တွင် တော်လှန်ရေး ကောင်စီ ရဲ့ တိုင်းရင်းသား လူမျိုး များ အပေါ် အမြင်နဲ့ ခံယူချက်နဲ့အညီ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးတဲ့အခါကျမှ၊ ၁၉၆၅ ခုနှစ်၌ ဟိုပန်နဲ့ မိုင်းမောအကြား မိုင် ၁၀၀ ခန့် ရှည်လျားတဲ့ "ဝ" နယ်အတွင်းပိုင်းသွားကားလမ်းကို ဖောက်လုပ်ပေးခဲ့ပါတယ်။ အဲဒီအခါကျမှ "ဝ" နယ်တွင်ကားလမ်း ရှိလာတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ၎င်းအပြင် "ဝ" ဒေသရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ဖောက်ချ လုပ်ကိုင် ဆောင်ရွက်ရန် တစ်ချိန်တည်း စတင်ခဲ့ကြပါတယ်။

သို့သော်လည်း ၁၉၆၇ ခုနှစ် အတွင်းက ပဲခူး ရိုးမဒေသတွင် တပ်မတော်ရဲ့ထိုးစစ်ဒဏ်ကို မခံမရပ် နိုင်တဲ့ ဗကပ တို့ဟာ ပြေးစရာမြေမရှိတော့တာမို့ အသိပညာ ဗလာနတ္ထိဖြစ်နေတဲ့ နယ် စပ် ဒေ သ မှ တိုင်းရင်းသားများကို စည်း ရုံး သိမ်း သွင်း ပြီး အဆိုပါဒေသမှာ ခြေကုပ်နေရာအဖြစ် ရယူခဲ့ ပါတယ်။ အဲဒီအတွက် လွန်ခဲ့တဲ့ ၁၉၆၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်၊ နှစ်ဦးပိုင်းအထိ နှစ်ပေါင်း ၂၀ လုံးလုံး သောင်းကျန်းသူ ဗကပများအနေနဲ့ "ဝ" နယ်တွင် ခားမိုး အုပ် ချုပ် လာ ခဲ့ ရ ပါ တယ်။ သောင်းကျန်းသူ ဗကပ လောင်းရိပ်အောက်ရှိ "ဝ" နယ်သူနယ်သားများဟာ လူ့အခွင့်အရေးအားလုံး ဆုံးရှုံးခဲ့ရပြီး ဘဝနိမ့်ကျလာခဲ့ရပါတယ်။ ၎င်းတို့ လက်အောက်မှာ မကျရောက်ခဲ့ရတဲ့ နယ်မြေဒေသ အတွင်းရှိလူနည်းစုများမှာမူ အစိုးရမှ ဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သည့် အားလျော်စွာ နယ်မြေဒေသအတွင်းရှိ လူငယ် လူရွယ်များလည်း ဆက်လက် ပညာများလေ့လာ ဆည်းပူးသင်ကြားခွင့် ရရှိခဲ့ပါကြောင်း တင်ပြ အပ်ပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား။** ၁၉၇၃-၇၄ ခုနှစ်တွင် လမ်းစဉ်ပါတီခေတ်သို့ ကူးပြောင်းလာတဲ့အခါ တော်လှန်ရေးကောင်စီ လက်ထက်က အစပျိုးခဲ့တဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို လမ်းစဉ်ပါတီခေတ်၌ လက်လှမ်းမီတဲ့အရပ်ဒေသများတွင် ပြုစုပျိုးထောင် မှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့ပါတယ်။

ထို့ကြောင့် ဒေသခံလူငယ်များက ပညာရေး ဘက်တွင် စိတ်အားထက်သန်လာပြီး အထက်တန်း ကျောင်းများ၊ စစ်ကိုင်းတိုင်း ဖွံ့ဖြိုး ရေး သိပ္ပံ ကျောင်း၊ စိုက်ပျိုးရေး သင်တန်းကျောင်းများ၊ သူ နာ ပြု သင် တန်း များနဲ့ အခြား သက်မွေး ဝမ်းကျောင်းပညာများကိုပါ လေ့လာသင်ကြား ဆည်းပူးခဲ့ကြရပါတယ်။ အတန်းပညာပြည့်စုံပြီးသူ လူငယ်များသော်လည်းကောင်း၊ အခြေအနေအရ ကျောင်းတစ်ဝက်တစ်ပျက်ပြီးခဲ့သူ လူငယ်များသော် လည်းကောင်း၊ နိုင်ငံရေးဘက်တွင်လည်းကောင်း၊ ဌာနဆိုင်ရာ လုပ် ငန်း ဘက် ၌ လည်း ကောင်း ဝင်ရောက် အမှုထမ်းဆောင် ခဲ့ကြပါတယ်။ ၎င်း အပြင် မြန်မာ့တပ်မတော်၊ ပြည်သူ့ရဲကဲ့သို့သော လက်နက်ကိုင် အဖွဲ့အစည်းဘက်တွင်လည်းကောင်း၊ အုပ်ချုပ်ရေးအဆင့်ဆင့်ဘက်တွင် လည်းကောင်း "ဝ" တိုင်းရင်းသားလူမျိုးစုများ စ တင် ပါ ဝင် ထမ်းဆောင် နိုင်ခဲ့ကြပါတယ်။ သို့သော် ဗကပ လောင်းရိပ်အောက်မှာရှိနေတဲ့ နယ် သူ နယ် သား များကမူ ပခုံးလက်နှစ်သစ် လူဖြစ်ရလေအောင် တောင်မှ နွားသို့အလား ရုန်းကန်နေခဲ့ရပြီး ဆင်းရဲ တွင်းနက်တာထက် နက်ကာ ဒုက္ခ ပင်လယ်ဝေခဲ့ ရပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** ပြောင်းလဲဖြစ်ပေါ်လာတဲ့ မြန်မာနိုင်ငံရေး အခြေ

အနေအရ မလိုလားအပ်တဲ့ မင်းမဲ့ စရိုက်များ ပေါ်ပေါက်ခဲ့လို့ လွန်ခဲ့တဲ့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်) က နိုင်ငံတော်အာဏာကို ရယူကာ မြန်မာနိုင်ငံရေးအခြေအနေ တည်ငြိမ်လာအောင် ဆောင်ရွက် ပေးခဲ့ပါတယ်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်) က ဒို့အရေး သုံးပါး ကို ဦးထိပ်ပန်ဆင်ပြီး ကာကွယ်မှုပြုရင်း တရားဥပဒေစိုးမိုးရေးနဲ့ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးနဲ့ ပြည်သူလူထုတို့ရဲ့ စားဝတ်နေမှု ဖူလုံရေးတို့ကို မေတ္တာစေတနာမွန်နဲ့ ဇောက်ချလုပ်ကိုင်ဆောင်ရွက်တာနဲ့အမျှ တောတွင်း လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ယုံကြည်အားကိုး မှီခိုလိုစိတ် ဆန္ဒရှိလာပြီး ဥပဒေဘောင်အတွင်းသို့ တဖွဲ့ဖွဲ့ဝင်ရောက်လာကြကာ မိမိရပ်ရွာဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအဝဝကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်)နဲ့ လက်တွဲဆောင်ရွက်လာကြပါတယ်။ အလားတူ "ဝ" တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြတဲ့ ဦးကျော်ညီလိုင်း (ခ) တညီလိုင်း (TA NYI LAI) နဲ့ ဦးပေါက်ယိုချန်း (ခ) တလုပ်ပန်း (TA LOK PANG) တို့ကလည်း "ဝ" ဒေသနဲ့ "ဝ" လူနေမှု အဆင့်အတန်း အလျင်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်မှန်းတာနဲ့အမျှ ၎င်းဒေသဖွံ့ဖြိုးရေးကိစ္စအဝဝကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်) အပေါ် ယုံကြည် မှီခိုအားကိုးပြီး ဥပဒေဘောင်အတွင်း ကိုယ်တိုင် ကိုယ်ကျ ဇောက်ချကာ လက်တွဲလုပ်ကိုင်နိုင်ရန် အတွက် ၎င်းတို့ရဲ့လက်အောက်ရှိ လက်နက်ကိုင် အဖွဲ့ အစည်းများနဲ့ နယ်သူနယ်သားများကို ဦးဆောင်ပြီး ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၌ ပန်ဆန်းဒေသရှိ ဗကပများနဲ့ ဗကပ ဗဟို ဗျူရို ခေါင်းဆောင်များကို တွန်းလှန် တိုက်ထုတ်ပြီး ဗကပ တို့ရဲ့ လက်နက်ကိုင် အကြမ်းဖက် လမ်းစဉ်ကို ချုပ်ငြိမ်း စေခဲ့ပါတယ်။ အဲဒီနောက် ချက်ချင်းဆိုသလို "ဝ" တိုင်းရင်းသား ခေါင်းဆောင်များ ဖြစ်ကြတဲ့ ဦးကျော်ညီလိုင်း (ခ) တညီလိုင်း (TA NYI LAI) နဲ့ "ဦးပေါက်ယိုချန်း (ခ) တလုပ်ပန်း( TA LOK PANG) တို့က ၎င်းတို့ လက်အောက်ရှိ လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ပန်ဆန်း ဌာနချုပ်သို့ ခေါ်လာပြီး အစည်းအဝေး ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးမှာ ဦးကျော်ညီလိုင်း (ခ) တညီလိုင်းနဲ့ ဦးပေါက်ယိုချန်း (ခ) ဦးတလုပ်ပန်းတို့ အသီးသီး ပြောကြားခဲ့တဲ့ မိန့်ခွန်းကို ကျွန်တော် အနည်းငယ် ကောက်နုတ်တင်ပြလိုပါတယ်။

ပထမဦးဆုံး ဦးကျော်ညီလိုင်းမှ ပြောကြားရာမှာ "ညီအစ်ကိုရဲဘော်တို့....ကျွန်တော်တို့တစ်တွေဟာ (၁) ဒီမိုကရေစီလူနေမှုဘဝ ထွန်းကားရေး၊ (၂) တန်းတူညီမျှ အခွင့်အရေးရရှိရေး၊ (၃) ဒေသတိုးတက်ဖွံ့ဖြိုးရေး၊ (၄) မတရား ခေါင်းပုံဖြတ် အမြတ်ကြီးစားချုပ်ငြိမ်းရေးနဲ့ (၅) ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုကျင့်သုံးနိုင်စေရေး....ရည်မှန်းချက်တို့နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ လောင်းရိပ်အောက်ကနေ အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်ကို ကျင့် သုံး ခဲ့ကြပါတယ်။ ဒီလမ်းစဉ်ဟာ ကျွန်တော်တို့ရဲ့ရည်မှန်းချက်အတွက် ဘာမှအကျိုးမရှိစေတဲ့အပြင်၊ သွေးရင်းသားရင်း တိုင်းရင်းသားညီအစ်ကိုများအကြား မ လို လား အပ် တဲ့ သွေး ချောင်း စီး မှု သာ လျှင် ဖြစ် ပေါ် စေခဲ့တယ်။ အနှစ် ၂၀ လုံးလုံး စစ် တိုက် နေ ခဲ့ ရတာဟာ ဘယ်သူ့အတွက်မှာမှ အကျိုးမရှိပါဘူး။ မကောင်းတဲ့အနိဋ္ဌာရုံသာ ပေါ်ပေါက်စေခဲ့တယ်။ ဒါကြောင့်ကိုယ့်ကြမ္မာ ကိုယ် ဖန် တီးခွင့် ရ ရှိ ရေး နဲ့ ကိုယ့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့ (တပ်မတော်) အစိုးရနဲ့ အစဉ်ထာဝရလက်တွဲလုပ်မှ အောင်မြင်မယ်လို့" ပြောကြားခဲ့ပါတယ်။

အလားတူ ဦးပေါက်ယိုချန်း (ခ) တလုပ်ပန်း ကလည်း "ကျွန်တော်တို့ "ဝ" တိုင်းရင်းသားနဲ့ မြန်မာများဟာ ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက တစ်အူထုံ့ဆင်း ညီအစ်ကိုတွေဖြစ်တယ်လို့ လူကြီးသူကြီးက ပြောတာ ကြားသိရပါတယ်။ ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဘဲ နေထိုင်လာခဲ့တာ ယနေ့အထိပါပဲ၊ ဒါကြောင့် ကျွန်တော်တို့ဒေသ တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် ခေါင်းဆောင်အစ်ကိုကြီး ဦးကျောက်ညီလိုင်း ပြောကြားသည့်အတိုင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ ရာသက်ပန်မခွဲတမ်းလက်တွဲပြီး ဥပဒေဘောင်အတွင်းကနေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်သွားကြပါစို့လို့ ထပ်မံတိုက်တွန်းလိုပါကြောင်း" ဟူ၍ အသီးသီးမိန့်ခွန်းပြောကြားသွားခဲ့ကြပါတယ်။

အဲဒီနောက်ပိုင်းမှာ ခေါင်းဆောင်နှစ်ဦးရဲ့ ခေါင်းဆောင်မှုနဲ့ "ဝ" နယ်သူနယ်သားအားလုံးက ဥပဒေဘောင်အတွင်းဝင်ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်) နဲ့ လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်လာခဲ့ပါတယ်။ ယခု ၄-၅ နှစ်အတွင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်)ရဲ့ မေတ္တာစေတနာမွန်နဲ့ ဆောင်ရွက်ပေးတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဟာ "ဝ" နယ်သူနယ်သားများကလက်တွေ့ခံစားနေကြရပြီ ဖြစ်ပါတယ်။ တစ်ချိန်က ပညာနဲ့ ရည်တော်ပြတ်ခဲ့တဲ့ နယ်သူနယ်သားများဟာ ယနေ့ဆိုလျှင် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်အတွင်းရှိ စာသင်ကျောင်းမှာ စာပေသင်ကြားနေကြရပြီး ဖြစ်သလို ကျန်းမာရေးအတွက်လည်း မြို့နယ်တိုင်းမှာ ဆေးရုံ၊ ဆေးပေးခန်းများဖွင့်လှစ်ပေးလျက် ရှိပါတယ်။ "ဝ" တိုင်းရင်းသားတို့ စီးပွားရေး၊ လူမှုရေးဘဝ မြှင့်တင်ရေး၊ ပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်ချက်နဲ့ ရုပ်မြင်သံကြား ထပ်ဆင့်အသံလွှင့်ရုံ တစ်ရုံကိုလည်း ပန်ဆန်းဒေသမှာ တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၎င်းအပြင် မိုင်းမော်မြို့နယ်အတွင်း ရေအားလျှပ်စစ်ဓာတ် တည်ဆောက်ပေးလျက် ရှိပါကြောင်းနဲ့ လိုအပ်သည့် နေရာများတွင် လမ်း၊ တံတားများလည်း တည်ဆောက်ပေးလျက် ရှိပါကြောင်း တင်ပြလိုပါတယ်။ ဒေသအတွင်း ဒေသခံ တိုင်းရင်းသားများ ကိုယ်တိုင်က အချိန်တိုအတွင်း ဒေသအကျိုးပြု လုပ်ငန်းဆောင်ရွက်နိုင်ရန် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သင်တန်းများကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး တက်ရောက်စေခဲ့ပါတယ်။ ဤမျှ တိုတောင်းနေသေးတဲ့ ကာလအတွင်းမှာ "ဝ" နယ် ဤကဲ့သို့ ဖွံ့ဖြိုးလာတာမို့ နယ်သူနယ်သားများက ဝမ်းမြောက်နေကြလျက် ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ စေတနာမေတ္တာမွန်နဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကော်မတီမှ ကြီးကြပ်ဦးဆောင်ကာ "ဝ" နယ်သူနယ်သားတို့ရဲ့ ကိုယ်တိုင်ကိုယ်ကျ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မှုနဲ့ဆိုလျှင် "ဝ" ဒေသဟာ မဝေးတော့တဲ့ အချိန်တိုတစ်ခုအတွင်း ယခုတိုးတက်ဖွံ့ဖြိုးပြီးတဲ့ မြန်မာပြည်ရဲ့ အချို့အရပ်ဒေသနဲ့ တစ်ပြေးညီ ဖွံ့ဖြိုးလာမှုဟာ မျှော်မဝေးတော့ပါဘူးလို့ တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** အထက်က ကျွန်တော် အစီရင်ခံတင်ပြသွားတဲ့ အကြောင်းအရာအားလုံးဟာ လူမျိုးရေး၊ ဒေသရေးကို ရှေ့တန်းတင်ပြီး ခေတ်ကာလအလိုက် အမွန်းတင် ဂုဏ်ပြုချီးကျူးတာမဟုတ်သလို အပုပ်ချတဲ့သဘောမျိုးနဲ့လည်း မဟုတ်ပါ။ အမှန်တကယ် ကြားသိ၊ တွေ့ကြုံ၊ ခံစားနေရတဲ့ အခြေအနေမှန်ပေါ် အခြေပြုပြီး အရှိကို အရှိအတိုင်း ဖွင့်ဟ အစီရင်ခံတင်ပြခြင်းသာ ဖြစ်ပါကြောင်း ရိုးသားပွင့်လင်းစွာအစီရင်ခံတင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုတင်ပြအစီရင်ခံရတဲ့ အကြောင်းရင်း

ဟာလည်း ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်မှာ ပြောင်းလဲဖြစ်ပေါ်လာတဲ့ နိုင်ငံရေး အခြေအနေပေါ် မူတည်ပြီး နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု တစ်ရပ်အဖြစ် ဒီမိုကရေစီသစ်၊ နိုင်ငံတော်ထူထောင်ရေးအတွက် မရှိမဖြစ် အရေးကြီး လိုအပ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူရမည် ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ တိုင်းရင်းသား လူမျိုးစုများတို့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအပိုင်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် မူများအဖြစ် ညီလာခံ ကိုယ်စားလှယ် နေ့ခင်တော်ကြီးများ ရေးဆွဲသတ်မှတ်ရာမှာ၊ ကျွန်တော် တင်ပြအစီရင်ခံသွားတဲ့ အချက်အလက်များပေါ် မူတည်ပြီး သဘာဝဖြစ်တည်မှုအစဉ်မှာ သမိုင်းရေး အမြင်မှန် (HISTORICAL PERSPECTIVE)နဲ့ သဘာဝကျကျ စဉ်းစားကာ ဓမ္မဓိဋ္ဌာန်ကျကျ ရေးဆွဲ သတ်မှတ်တဲ့ အခြေခံရမယ့် အခြေခံမူများဖြစ်လာစေရန် ရည်ရွယ်ပြီး တင်ပြအစီရင်ခံခြင်းသာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။
ညီလာခံကိုယ်စားလှယ် နေ့ခင်တော်ကြီးများကို အထက်က ကျွန်တော်တင်ပြ အစီရင်ခံသွားတဲ့ အကြောင်းအရာများနဲ့ စပ်လျဉ်းပြီး အချုပ်အားဖြင့် တင်ပြအစီရင်ခံရမယ်ဆိုလျှင် "ဝ" ဒေသရှိ "ဝ" တိုင်းရင်းသား လူမျိုးစုများမှာ—

၁။ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိခြင်း၊
၂။ နယ်မြေတစ်ဆက်တစ်စပ်တည်းရှိ နယ်မြေတွင် စုစုစည်းစည်း နေထိုင်ခြင်း၊
၃။ မြန်မာစကားအပြင် ကိုယ်ပိုင်ပြောဆိုတဲ့ "ဝ" ဘာသာစကား၊ စာပေ၊ လိုက်နာကျင့်သုံးတဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနဲ့ ရာဇဝင် သမိုင်းကြောင်း စဉ်လာများ ရှိခြင်း၊
၄။ စီးပွားရေးအဖြစ် ဒေသအတွင်း တူးဖော်သုံးစွဲနိုင်တဲ့ မြေအောက် သယံဇာတများ ရှိခြင်း၊
၅။ အုပ်ချုပ်ရေးဘက်တွင် အုပ်ချုပ်ရေး အတွေ့အကြုံ အထိုက်အလျောက်ရှိတဲ့ ဒေသခံ တိုင်းရင်းသားများ အထိုက်အလျောက် ရှိခြင်း၊
၆။ ဌာနဆိုင်ရာယန္တရား လည်ပတ်နိုင်ရေး အတွက် ဌာနဆိုင်ရာလုပ်ငန်း အတွေ့အကြုံ အထိုက်အလျောက်ရှိ စာရေး၊ စာချီ ဝန်ထမ်းများ အထိုက်အလျောက်ရှိခြင်း၊
၇။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည်ဌာနများတွင် တာဝန်ထမ်းဆောင်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး ဝန်ထမ်းများ အထိုက်အလျောက် ရှိခြင်း၊
၈။ မြန်မာ့တပ်မတော် (ကြည်း)၊ ပြည်သူ့ရဲ ပြည်သူ့စစ် စသည့် လက်နက်ကိုင် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းရေးအတွက် လုံခြုံရေးကင်းစသည့် ကာကွယ်ရေး၊ လုံခြုံရေး တပ်ဖွဲ့များရှိခြင်း၊
၉။ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အရှိန်အဟုန်နဲ့ အောင်မြင်စေရန် ဆောင်ရွက်မယ့် ဒေသခံသားများ အဆင်သင့်ရှိခြင်း

တို့ဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။
"ဝ" တိုင်းရင်းသားလူမျိုးစုများဟာ ယခင်အခါက ပညာမျက်စိ အလင်းမရှိခဲ့တဲ့အတွက် ယခင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ အရေးကိစ္စများတွင် မြန်မာ့နိုင်ငံရေး တိုးတက် ပြောင်းလဲဖြစ်ပေါ်မှုအစဉ်မှာ အကြိမ်ကြိမ်လက်လွှတ်ဆုံးရှုံး

ခဲ့ရပါတယ်။ ဒီအတွက်ကြောင့် "ဝ" တိုင်းရင်းသားတို့ရဲ့ စီးပွားရေး၊ လူမှုရေးဘဝများ၊ အခြားတိုးတက်ဖွံ့ဖြိုးပြီး တိုင်းရင်းသား ညီအစ်ကိုများတို့ထက် နှစ်ပေါင်း ၁၀၀ ခန့် နောက်ကျနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီတော့ ယနေ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ မေတ္တာ စေတနာမှန်နဲ့ မဖွံ့ဖြိုးသေးတဲ့ တောင်ပေါ်ဒေသ နယ်စပ်တိုင်းရင်းသားတို့ရဲ့ စီးပွားရေး၊ လူမှုရေးဘဝများ တိုးတက်ဖွံ့ဖြိုးစေရန် အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့အခါ ၎င်း "ဝ" ဒေသလည်း ယခုအတိုင်း အရှိန်အဟုန်နဲ့ အစဉ်ချောမောစွာ ဆောင်ရွက်နိုင်ရန်အတွက် —

၁။ "ဝ"တိုင်းရင်းသားများဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်စွမ်းရှိနိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိမှုကို အခိုင်အမာ ကျင့်သုံးရန် လိုအပ်လျက်ရှိပါတယ်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုသည့် လုပ်ပိုင်ခွင့် ဘောင်အတွင်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး နီးကြားတက်ကြွတဲ့ နိုင်ငံရေးအသိနဲ့ ယဉ်ကာ ကိုယ်တိုင်ကိုယ်ကျ ဇောက်ချလုပ်ကိုင်မှုလည်း လိုအပ်လျက်ရှိပါတယ်။

၃။ ၎င်းပြင် အတွေ့အကြုံ၊ အသိအမြင်၊ ပညာဗဟုသုတ အလွန်နည်းပါးသေးတဲ့အတွက် တစ်အူတုံဆင်း၊ မြန်မာတိုင်းရင်းသား အားလုံးတို့ရဲ့ ဉာဏ်ပညာဗဟုသုတ၊ နည်းပညာ ကျွမ်းကျင်မှုအား၊ ကာယဗလအားတို့နဲ့ မိသားစု ရင်းပင်း ကူညီမှုများ အပါအဝင် နိုင်ငံတော်အစိုးရမှ အထူးစီမံကိန်းစနစ် ပုံစံအရ တိုက်ရိုက်ဆက်သွယ်ရေး စနစ်မျိုးအတိုင်း ဆောင်ရွက်မယ်ဆိုလျှင် မလွဲမသွေ အောင်မြင်လာလိမ့်မယ်လို့ သုံးသပ်မိကြောင်း တင်ပြလိုပါတယ်။

**သေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။**
အထက်က ကျွန်တော်တင်ပြ အစီရင်ခံသွားတဲ့ အချက်အလက်အားလုံးကို ခြုံငုံပြီး သုံးသပ်တင်ပြရမယ်ဆိုလျှင် —

"ဝ" ဒေသမှာ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး၊ နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြကာ နိုင်ငံအကျိုးအတွက် ဒေသတိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ကြမယ့် အင်အားတွေကလည်း အဆင်သင့်ရှိပြီးဖြစ်တာမို့ ပူးတွဲတင်ပြထားသည့် ခရိုင်နယ်နိမိတ်ပြ မြေပုံကြမ်း (က)တွင် ပါရှိတဲ့ —

၁။ မိုင်းမောခရိုင်
၂။ ပန်ယန်းခရိုင်
၃။ ကျိုင်းတုံခရိုင်
၄။ မိုင်းပျဉ်းခရိုင်
၅။ မိုင်းဖြတ်ခရိုင်များတွင် ပါဝင်တဲ့ ပူးတွဲမြို့နယ် နယ်နိမိတ်ပြ မြေပုံကြမ်း (ခ) မှာပါရှိတဲ့ မိုင်းမော၊ ပန်ဝိုင်၊ ဟိုပန်၊ ပန်ယန်း၊ နားဖန်း၊ မန်ဖန်၊ တန့်ယန်း၊ မိုင်းယန်း၊ မိုင်းရှူး၊ မိုင်းပျဉ်း၊ မိုင်းခတ်၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းတုံ၊ မိုင်းဆတ်နဲ့လားရှိုးမြို့နယ် အစိတ်အပိုင်းဖြစ်တဲ့ မိုင်းကျက်၊ မိုင်းယော် ကျေးရွာအုပ်စုများကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဖြစ် ယခုရေးဆွဲနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ စပ်လျဉ်းတဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်း အခြေခံမူတွင် သတ်မှတ်ပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။ ညီလာခံကိုယ်စားလှယ်တော်ကြီးများ အနေနဲ့ "ဝ" တိုင်းရင်းသားတို့ရဲ့ အဆိုပြုချက်အတိုင်း "ဝ" ဒေသကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဖြစ် ယခုကျွန်တော်တို့ ရေးဆွဲနေတဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ အခြေခံမူအဖြစ် ထည့်သွင်းသတ်မှတ်ပေးမယ်ဆိုရင် ဒီအချက်ဟာ "ဝ" တိုင်းရင်းသားတို့ရဲ့ ဘဝမျှော်မှန်းတမ်းတချက်နဲ့ အကျိုးစီးပွားကို တကယ်ထင်ဟပ်စေမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့သော် ကျွန်တော်ရဲ့ အဆိုပြုတင်ပြချက်နဲ့ ပတ်သက်ပြီး လက်တွေ့ကျမှုနဲ့ ဖြစ်နိုင်စွမ်းရှိမှုအပေါ် ညီလာခံ ကိုယ်စားလှယ် နောင်တော်ကြီးများ အနေနဲ့ ယထာဘူတကျစွာ အခြေခံစဉ်းစား သုံးသပ်ပြီးနောက် လျော်ကန်သင့်မြတ်မှု မရှိသေးဘူး လို့ အဆုံးအဖြတ်ပေးလာမယ် ဆိုလျှင်၊ အထက်က ကျွန်တော် တင်ပြအစီရင်ခံထားတဲ့ အတိုင်း ပူးတွဲမြေပုံကြမ်း (က)နဲ့(ခ)ပါခရိုင်များ၊ မြို့နယ်များ၊ နယ်နိမိတ်အတွင်းရှိ ခရိုင် ၅ ခု ပါဝင်တဲ့ မြို့နယ်ပေါင်း (၁၇) မြို့နယ်ကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း'(Self Administered Division) အဆင့်အဖြစ် ယခုရေး'ဆွဲ'နေတဲ့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခြေခံမူတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ပေး နိုင်ပါရန် သဘာပတိကြီးမှတစ်ဆင့် အမျိုးသား ညီလာခံကိုယ်စားလှယ် နောင်တော်ကြီးများသို့ လေးစားစွာဖြင့် အဆိုပြုတင်ပြအစီရင်ခံရင်း နိဂုံး ချုပ်ပါတယ်။

(ဩဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ် မြောက်ပိုင်း မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၁ ဦး]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ် ဦးဇုတ်ဒေါင်ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးဇုတ်ဒေါင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးဇုတ်ဒေါင် (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့)။** အမျိုးသားညီလာခံသို့ ရှမ်းပြည် မြောက်ပိုင်း၊ ကချင်တိုင်းရင်းသား ကိုယ်စားလှယ် လားရှိုးမြို့မှ ဦးဇုတ်ဒေါင်မှ တင်သွင်းသည့်စာတမ်း။

လေးစားအပ်တဲ့ သဘာပတိကြီး၊ သဘာပတိအဖွဲ့ဝင်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌများအဖွဲ့၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများအဖွဲ့၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများကို လေးစားသမှုပြု၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဇုတ်ဒေါင် ဖြစ်ပါတယ်။

ယခုပြန်လည် ပြုလုပ်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် မိန့်ကြားခဲ့တဲ့ မိန့်ခွန်းနဲ့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်နဲ့ စပ်လျဉ်းပြီး အခြေခံမူ အချက်အလက်များဟာ ပြည့်စုံနေပြီးဖြစ်တဲ့အတွက် ထပ်မံဆွေးနွေးတင်ပြရန် မရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်ဆွေးနွေးတင်ပြလိုတဲ့ အချက်ကတော့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့အခြေခံရမယ့်မူတွေထဲမှ အပိုဒ် (၅)နဲ့ (၆)မှာ ပါရှိတဲ့ တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ(Self Administered Areas) သတ်မှတ်ပေးရန်ပါရှိ၍ တိုင်းရင်းသားလူမျိုးစုများသည် များစွာဝမ်းသာ ကျေနပ်ကြမည်မှာမလွဲပေ။ ကျွန်တော်တို့ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းနှင့်ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးပေါင်းများစွာ အတူတကွရောနှောနေထိုင်လျက် ရှိကြပါတယ်။ မိမိတို့ဒေသကို မိမိတို့ဘာသာစီမံခန့်ခွဲလိုတဲ့ဆန္ဒတွေ လူမျိုးတိုင်းမှာ ရှိကြပါတယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို အခြားသူတစ်ပါးသည် အမြတ်အစွန်းမရှိဘဲ စေတနာထားကြမည် မဟုတ်ပါ၊ ဒါ့ကြောင့် တိုင်းရင်းသားလူမျိုးစု အားလုံးအတွက် မှန်မြတ်မှန်ကန်တဲ့ အခြေခံမူ တစ်ရပ်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်နှင့် စပ်လျဉ်း၍ ကျွန်တော်များ ရှမ်းပြည်မြောက်ပိုင်း၌ နေထိုင်သော ကချင်တိုင်းရင်းသားများအတွက် ကချင်

လူမျိုး၊ ကချင်ပြည်နယ်ရရှိပြီး ဖြစ်သော်လည်း၊ ကချင်ပြည်နယ်အတွင်း၌ နေထိုင်သော ကချင်လူမျိုးမဟုတ်ဘဲ ရှမ်းပြည်နယ် အတွင်း ဘိုးဘေး စဉ်ဆက် နေထိုင်လာကြသော ကချင်လူမျိုးများ ဖြစ်နေကြပါ၍ ၎င်းအခြေခံမူ(၅)နဲ့ ပတ်သက်ပြီး မေ်းသာရမလို ဝမ်းနည်းရမလို ဖြစ်နေပါတယ်။ ကျွန်တော်များ ရှမ်းပြည်မြောက်ပိုင်း၌ မှီတင်းနေထိုင်သော ကချင်တိုင်းရင်းသားများလည်း အောက်ပါသမိုင်းကြောင်း အချက်အလက်များ အရ တိုင်းပြည်အကျိုး၊ ပြည်နယ်အကျိုးနဲ့ ကိုယ့်လူမျိုးအကျိုးများကို စဉ်ဆက်မပြတ် လုပ်ဆောင်လာခဲ့ကြတဲ့ အစဉ်အလာသမိုင်းကြောင်းများ ရှိခဲ့ပါတယ်။ သင့်လျော်တဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေးပါက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နယ်မြေပိုမိုဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်သည့်ပြင်၊ ရှမ်းပြည်မြောက်ပိုင်းနေ ကချင်လူမျိုးများဟာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အဖွဲ့၊ လုပ်ငန်းကော်မတီအဖွဲ့နဲ့ ညီလာခံကိုယ်စားလှယ်များအားများစွာကျေးဇူးတင် ကြည်နူးဝမ်းမြောက်ကြမည် ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် ဤကဲ့သို့ အလေးအနက်တင်ပြရခြင်း ဖြစ်ပါတယ်။

၁။ ရှမ်းပြည် မြောက်ပိုင်းအတွင်းရှိ ကချင်တိုင်းရင်းသားများသည်ဘိုးဘေးစဉ်ဆက်မှစ၍၎င်းဒေသ၌ မှီတင်း နေထိုင်လာခဲ့ရာ၊ ကိုလိုနီ ခေတ်မတိုင်မီ သိန္နီစော်ဘွား လက်အောက်တွင် တိုက်နယ်ပေါင်း (၉၉) ခန့်အား ကချင်အကြီးအကဲ (ဒူဝါး) များမှ စီမံအုပ်ချုပ်ခဲ့ကြပါတယ်။ ယနေ့ ၎င်းနယ်မြေများ အတွင်း ကချင်လူမျိုး တစ်သိန်းကျော် နေထိုင်နေကြပါတယ်။ ၎င်းနယ်မြေများ ကတော့ လားရှိုး အနောက်ဘက် မီးရထားလမ်းအတိုင်း နမ္မတူအထိ ၎င်းမှ မန်တုံ ကားလမ်းအတိုင်း ကောင်ကတ်၊ လွယ်မော်၊ မိန်းတောင်၊ ဆင်ခေါင်းတောင် (မဟိုဂျန်) ကဂွန် နမ့်ပေါင်၊ နမ့်လတ်၊ နမ့်ယော၊ ယူနီး၊ နမ့်ခိုင်၊ မိုင်းယုအထိ ၎င်းမှ လွန်လိုင်ဗျူဟာ လမ်းတစ်လျှောက် ပန်ငူး၊ ဆင်းကြိုင်၊ကောင်းငိုင်၊ ကော်ရို၊ (ကချင်) ငွေလဲမြစ်နား မန်ဟောင် (ရှမ်းရွာ) အထက် အားလုံး၊ နမ့်ခမ်း အနောက် မြောက်ဘက် ရွှေလီမြစ် အနောက်ခြမ်း နမ့်ဆာပတ္တမြားဒေသ၊ ကချင်ပြည်နယ်စပ်ကြားရှိ လပ်ဆင် မော်တောင်း၊ ရန်ဗူး၊ ကျမ်းလေး၊ ကကျစ်၊ ကင်ဆော်၊ တုံယုံ၊ လွယ်ဆိုင်၊ လွယ်ဆောင့်၊ ဂျယ်အူအထိ လားရှိုး အရှေ့ဘက် ပန်းယုန်းတောင်၊ လွယ်လန်းတောင်၊ နမ့်ဆွယ်ချောင်းအတိုင်း သံလွင်မြစ်ဆိုင်းလျံကူးတို့အထိ၊ ၎င်းမှ မြောက်ဘက် သံလွင်မြစ်တစ်လျှောက် သံလွင်မြစ်အနောက်ခြမ်း နယ်မြေအားလုံးသည် ကချင်လူမျိုးများ တစ်စုတစ်စည်းတည်း နေထိုင်ကြသော ဒေသများ ဖြစ်ပါတယ်။ (၁၉၄၇ ခုနှစ်၊ ကချင်တိုက်သူကြီးများ အုပ်ချုပ်တဲ့ နယ်မြေပြ မြေပုံကို ပူးတွဲတင်ပြအပ်ပါသည်။)

၂။ လွတ်လပ်ရေးရရှိရန် ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်တိုင်းရင်းသားခေါင်းဆောင် (ဒူးဝါး)များနှင့် ကချင်ပြည်နယ်ရှိ ကချင်ခေါင်းဆောင်များ ဆွေးနွေး ညှိနှိုင်း၍၊ ရှမ်းပြည်နယ်စော်ဘွားများနဲ့ လွတ်လပ်ရေးတောင်းဆိုရန် ပင်လုံအောင်ဆန်းနှင့်အတူ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ (၉-၁၂-၄၇) ရက်နေ့ တွင် ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်တိုင်းရင်းသားအကြီးအကဲများ စီမံအုပ်ချုပ်သော နယ်မြေများကို ကချင်ဆပ်စတိတ် (Kachin Sub State ) အဖြစ် အသိအမှတ်ပြု လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၄။ လွတ်လပ်ရေး ရရှိပြီးသည့်နေ့မှ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရတက်လာသည့် အချိန်ထိ ကချင်ဆပ်စတိတ် တည်ရှိခဲ့ပြီး ကချင်ဆပ်စတိတ်၏ ကောင်စီမှ စီမံအုပ်ချုပ်ခဲ့ပါတယ်။ ဆပ်စတိတ်ကောင်စီရုံး အဆောက်အအုံမှာ ယခုကွတ်ခိုင်မြို့၊ ရပ်ကွက်(၅)တွင် တည်ရှိပြီး မြို့နယ်စည်ပင်သာယာရေးရုံး အဖြစ် ဆက်လက်အသုံးပြုနေပါသည်။

၅။ မြန်မာပြည်သို့ ကေ-အမ်-တီ(တရုပ်ဖြူ)များ ကျူးကျော် ဝင်ရောက်လာသည့် အချိန် ကချင်ဆပ်စတိတ် အတွင်းရှိ ကချင်တိုင်းရင်းသားများ၊ ကေ-အမ်-တီ(တရုပ်ဖြူ)များနှင့် မပူးပေါင်းရန် ဆပ်စတိတ်ကောင်စီမှ ငွမ်းစွမ်းတမံ တားမြစ်၍ ရှမ်းပြည် မြောက်ပိုင်းရှိ ကချင်တိုင်းရင်းသား(ဒူးဝါး)များ ဦးဆောင်ကာ တိုက်ထုတ်ခဲ့ကြပါသည်။ တစ်ဖက်နိုင်ငံမှ ဝင်လာသော နိုင်ငံခြားသားများကိုလည်း နေရာမပေးဘဲ နှင်ထုတ်ခဲ့ကြပါသည်။

၆။ ၁၉၅၀ ခုနှစ်၊ တစ်ဖက်နိုင်ငံတွင် ကွန်မြူနစ်များ ကြီးစိုးလာခဲ့၍ ကွန်မြူနစ် မလိုလားသော ပြည်သူများသည် ရှမ်းပြည် မြောက်ပိုင်း နယ်စပ်ဒေသသို့ အစုလိုက် အပြုံလိုက် လှိမ့်ဝင်လာကြရာ ဆပ်စတိတ်၏ အတွင်းမှ တိုက်သူကြီးများ နယ်မြေခံလူထုများသည် မိမိနယ်မြေထဲ အဝင်မခံနေရာမပေး တားမြစ်ပိတ်ပင်ခဲ့၍ နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခြင်းကို ကာကွယ်ခဲ့ကြပါတယ်။

၇။ ပြည်ထောင်စု မြန်မာနိုင်ငံကို မည်သည့် အစိုးရပဲ အုပ်ချုပ်သည် ဖြစ်စေ၊ နိုင်ငံတော်မပြိုကွဲအောင် တိုင်းရင်းသားချင်း စည်းလုံးညီညွတ်မှု မပျက်ပြားစေရန်၊ ကောင်းတူဆိုးဖက် ညှိနှိုင်းတိုင်ပင် အတူတကွ လက်တွဲမဖြုတ် ပူးပေါင်းနေထိုင်သွားဖို့ လိုအပ်သည်ဟု ခံယူကြ၍ ရှမ်းပြည်မြောက်ပိုင်း နယ်စပ်ဒေသ မုံးကိုး - ဖေါင်းဆိုင်-မုံးပေါ် ဒေသမှ တိုက်သူကြီး (ဒူဝါး)များ ဦးစီးဦးဆောင်ကာ ရောင်စုံသောင်းကျန်းသူများနှဲ့ ဗကပများကို ပြည်သူ့စစ် အသွင်ဖြင့် နှစ်ပေါင်းများစွာ တပ်မတော်နဲ့ လက်တွဲတိုက်ခိုက်လာခဲ့ကြပါတယ်။ ယနေ့ထက်တိုင် ကူကုတ် (ပန်ဆိုင်း) မုံးပေါ်၊ ကွတ်ခိုင်မြို့နယ် မိန်ငြိန်း ဒေသများ၌ တပ်မတော်နဲ့ လက်တွဲပြီး လှုပ်ရှားနေကြဆဲဖြစ်ပါတယ်။

၈။ ယခင် ဖဆပလအစိုးရနှင့် သဘောထားကွဲလွဲ၍ ရှမ်းပြည် မြောက်ပိုင်းတွင် နှစ်ပေါင်းများစွာ တောတွင်း၌ ဆူပူခဲ့ကြသော (ကေအိုင်အေ)များ ယခု လက်ရှိ အစိုးရ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ၏ တိုင်းရင်းသားလူမျိုးများ အပေါ် သဘောထားကြီးမှု ကြောင့် ငြိမ်းချမ်းရေးရယူကာ ၎င်းဆပ်စတိတ်နယ်မြေများအား အထူးဒေသ အမှတ် (၅) နယ်မြေ အဖြစ် သတ်မှတ်ပေးပြီး၊ ကချင်တိုင်းရင်းသားများ တိုးတက်ရေးနှင့် လုံခြုံရေး တပ်မတော် ( KDA ) အသွင် ကူးပြောင်းကာ နယ်မြေလုံခြုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် လုပ်ဆောင်နေကြပါသည်။

၉။ ၁၉၆၀ ခု၊ ဗမာပြည် ကွန်မြူနစ်များ သည် မုံးကိုး-ဖောင်းဆိုင်ဒေသသို့ ဝင်ရောက်စိုးမိုးသောင်းကျန်းခဲ့သည့် အချိန်မှစ၍ နယ်မြေခံတိုင်းရင်းသားများသည် မိမိဒေသ မိမိ မပိုင်နိုင်၊ ဆပ်စတိတ်ကောင်စီလည်းမရှိတော့ပြီဖြစ်၍၎င်းတို့၏ခြယ်လှယ်ဖိနှိပ်မှုအောက်၌ ငုံ့ခံနေကြရပါသည်။ တစ်ဖက်အင်အားကြီး နိုင်ငံမှ နိုင်ငံခြားသားများလည်း အတားအဆီးမရှိ အစုလိုက် အပြုံလိုက် ဝင်ထွက်သွားလာနေထိုင်နေကြပြီး၊ အချို့သည် အတွင်းပိုင်းအထိ စိမ့်ဝင်သွားတာကိုလည်း တွေ့ရပါသည်။ ဤကဲ့သို့ အတားအဆီးမရှိ ဝင်ထွက် နေထိုင်လာကြသော နိုင်ငံခြားသားများကို ကာကွယ်နိုင်ရန် ဒေသခံ တိုင်းရင်းသားများသာ မည်သူတစ်မိမ်း၊ အိမ်ရှင် သိနေကြပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခဲ့ပါက ၎င်းအန္တရာယ် ပိုမိုထိရောက်စွာ ကာကွယ်နိုင်မည် ဖြစ်ပါတယ်။ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိနယ်မြေကို မိမိသာ ချစ်ခင် မြတ်နိုးကြပါ၍ မိမိနယ်မြေကိုမည်သူလာရောက်ကျူးကျော်နေထိုင်ခြင်းကိုမှ လိုလားလက်ခံကြမည် မဟုတ်ပါ။

**သဘာပတိုကြီးခင်ဗျား။** အထက် ဖော်ပြပါ အချက်အလက်များအရ၊ ကချင် ဆပ်စတိတ်ဟာ သမိုင်းကြောင်းအရ ပေါ်ပေါက်ခဲ့ပြီး၊

ပြည်ထောင်စုရဲ့ အရေးအရာများမှာ အုဒင်ကရ ပါဝင်ခဲ့တာကို အငြင်းပွားဖွယ်မရှိကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်များ ကချင်လူမျိုးများဟာ မိမိတို့ ဓလေ့ထုံးစံအတိုင်း မိမိတို့ဘာသာ စီမံခန့်ခွဲ နေထိုင်လာကြတဲ့ အစဉ်အလာသည်း ရှိပါတယ်။

ဒါကြောင့် သမိုင်းစဉ်ဆက် ကချင်လူမျိုးများ နေထိုင်လာခဲ့သော ရှမ်းပြည်မြောက်ပိုင်းမှ ကချင်နယ်မြေကို ရှမ်းပြည်နယ်အောက်တွင် ထားရှိ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖြစ် သတ်မှတ်ပေးပါက နယ်မြေလုံခြုံရေး၊စီးပွားဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်ရေး ပိုမိုရရှိမည်ဖြစ်သည့်ပြင် နယ်စပ်ဒေသဖြစ်၍ နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်လာခြင်းကိုပိုမိုထိရောက်စွာ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ရှမ်းပြည်နယ်ကချင်လူမျိုးများ နေထိုင်သော နယ်မြေများကို အကယ်၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများအဖြစ် မည်သည့်နည်းနဲ့မျှ မသတ်မှတ်ပေးနိုင်ပါက အခြားလူမျိုးတစ်ဦးက ၎င်းတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးရန် တင်ပြလာပါက မသင့်တော်သည့်အပြင် ပဋိပက္ခဖြစ်လာနိုင်ပါသည်။ အကယ်၍ ရှမ်းပြည်နယ် ကချင်လူမျိုးများနေထိုင်သော ဒေသကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ မသတ်မှတ်ပေးပါက မည်သည့်လူမျိုး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း တွင်မှ ထည့်သွင်းခြင်း မပြုဘဲ၊ ရှမ်းပြည်နယ် အုပ်ချုပ်မှုအောက်တွင်သာ ထားရှိသင့်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(**သြဘာသံများ**)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည့်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် (၂)ဦး]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် (၂) ဦးရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်၊ ဦးပီတာ သောင်းစိန်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ် ပါတယ်။

**ဦးပီတာသောင်းစိန် (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)။** လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်အပ် ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်က အခါ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးပီတာသောင်းစိန် ဖြစ်ပါတယ်။

အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (A Kha Administered Zone) သတ်မှတ်ပေးနိုင်ရန် အတွက် အကြံပြုစာတမ်းကို အခါတိုင်းရင်းသား ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျွန်တော် ဦးပီတာ သောင်းစိန်နဲ့ တာချီလိတ်မြို့နယ်မှ ကိုယ်စားလှယ် ဦးအဇီးတို့က လေးစားစွာ တင်ပြအကြံပြုအပ် ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနေအထားမှာ မြေမျက်နှာသွင်ပြင် အမျိုးမျိုးရှိသလို၊ ကွဲပြားတဲ့ လူမျိုးစုတွေကလည်း ပျံ့နှံ့နေထိုင်လျက် ရှိကြပါ တယ်။ တိုင်းရင်းသား လူမျိုးစုများဟာ နိုင်ငံ တော်ရဲ့ မြေမျက်နှာသွင်ပြင် အမျိုးမျိုးမှာ အတူ တကွ ရောနှောနေထိုင်လျက်ရှိကြသလို အချို့နေရာ ဒေသများမှာ တိုင်းရင်းသားလူမျိုးစုတစ်စုက အများစုအဖြစ် နေထိုင်လျက်ရှိတဲ့ နေရာတွေလည်း ရှိကြပါတယ်။

မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းမှာ တိုင်းရင်းသား လူမျိုးစုများရဲ့ နိုင်ငံရေးအသိ နိုးကြားမှု၊ အချိန် အခါရဲ့ တောင်းဆိုမှုများအပေါ် မူတည်ပြီး၊ နိုင်ငံ တော်အတွင်း နယ်မြေဒေသများကို သင့်တော်တဲ့ အခြေအနေအရ ပြည်နယ်များ ဖွဲ့စည်းပေးခြင်း၊ တိုင်းများ ဖွဲ့စည်းပေးခြင်းများကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေအနေအထားမှာ အင်အားအတော်အတန်ရှိတဲ့ လူမျိုးစုများ အတော် အတန် ရှိနေကြပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများမှ အပ၊ ကျန်တိုင်းရင်းသား လူမျိုးများ အနက် အင်အားအတော်အတန်ရှိတဲ့ လူမျိုးစုများအနက် အင်အားအတော်အတန်ရှိတဲ့ လူမျိုးစုများအနေနဲ့ မိမိတို့ရဲ့ အမျိုးသားလက္ခဏာ(National Identity) ကို ထိန်းလိုကြပါတယ်။ ဒါကြောင့် လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အင်အားအသင့်အတင့် ရှိပြီးတော့ ပြည်နယ်မရသေးတဲ့ လူမျိုးစုများရဲ့ ဒေသအလိုက် ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်၊ လိုအင်ဆန္ဒကို

ဖြည့်ဆည်းနိုင်အောင် "နိုင်ငံတော်အခြေခံမူများ" ခေါင်းစဉ်အောက်က "နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ" အခန်းမှာ အခြေခံရမယ့် မူများအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု (Self Administered Areas) များ သတ်မှတ်ပေးရန် အောက်ပါအတိုင်း အခြေခံရမယ့်မူများကို ချမှတ်ခဲ့ပါသည်—

— တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ တွင် တိုင်း ဒေ သ ကြီး သို့ မ ဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိ ပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas ) သတ်မှတ်ပေးရန် ဖြစ်သည်။

— ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ် သည်။ ထို သို့ သတ် မှတ် ရေး အ တွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက်ပေးရန် ဖြစ်သည်

တို့ ဖြစ်ပါသည်။

ယင်းသို့ ချ မှတ် ထား ပြီး တဲ့ "မူ" များ နဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအနေနဲ့ ကျယ် ကျယ် ပြန့် ပြန့်၊ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ (A Kha Administered Zone) သတ်မှတ်ပေးရေးနဲ့ ပတ်သက်ပြီး ကိုယ်စားလှယ်များအားလုံးက သဘောတူကြပါတယ်။ နယ်မြေဒေသ အကျယ်အဝန်း သတ်မှတ်ရေး နဲ့ ပတ် သက် ပြီး အမျိုးသားညီလာခံကြီးက ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က အမျိုးသားညီလာခံ ကျင်းပနေစဉ် ကာလအတွင်း ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် သဘောတူကြပါတယ်။

သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများအနေနဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးစေလိုတဲ့ ရည်ညွှန်းဒေသများကို ဖော်ပြပြီး သီးခြားစာတမ်း တင်သွင်းကြရန် ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ ယခုစာတမ်းကို တင်သွင်းခြင်း ဖြစ်ပါတယ်။

လေး စား အပ် တဲ့ သဘာပတိကြီးခင်ဗျား။

ကျွန်တော်တို့ အခါ တိုင်းရင်းသား လူမျိုးစုဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မြို့နယ်(၁၀) မြို့နယ်ဖြစ်တဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းပြင်းမြို့နယ်နဲ့ မက်မန်းမြို့နယ်တို့မှာ ၁၉၉၂ ခုနှစ်၊ သန်း ခေါင် စာ ရင်း ခန့်မှန်းချက်အရ လူဦးရေ တစ်သိန်းကျော် ပျံ့နှံ့နေထိုင်လျက် ရှိကြပါတယ်။ တခြားတိုင်း ဒေသကြီးနဲ့ ပြည်နယ်များမှာ ပျံ့နှံ့နေထိုင်ခြင်း မရှိသလောက် ဖြစ်ပါတယ်။

မြို့နယ် (၁၀) မြို့နယ်အတွင်း ပျံ့နှံ့နေထိုင်ကြတဲ့ အ ခါ တိုင်းရင်းသား လူမျိုးများဟာ မြို့ပေါ် နေ ထိုင် မှု နည်း ပါး ကြ ပြီး၊ မြို့ နယ် အ တွင်း ရှိ ကျေးရွာအုပ်စုများမှာ နေထိုင်မှု များကြပါတယ်။ မြို့နယ်အတွင်း နေထိုင်လျက်ရှိကြတဲ့ အခါတိုင်းရင်းသား လူမျိုးများဟာ မြို့နယ်တိုင်းမှာ လူဦးရေ အထိုက်အလျောက်ရှိကြပေမယ့် နယ်မြေဘာဆက် တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင်ကြခြင်း မရှိကြောင်း တွေ့ရပါတယ်။ ဒါကြောင့် အထက်က

ဖော်ပြတဲ့ မြို့ ၁၀ မြို့ကို အခြေပြုပြီး "အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" အဖြစ် သတ်မှတ်ပေး နိုင်တဲ့ အခြေအနေမရှိကြောင်း တွေ့ရပါတယ်။

ဒါပေမယ့် ထူးခြားတဲ့ အခြေအနေများရှိတဲ့ ကျိုင်းတုံမြို့နယ်ရဲ့ အရှေ့ဘက် အရပ်မှာရှိတဲ့ ယခင် ဗကပ (ဗမာပြည် ကွန်မြူနစ်ပါတီ) က နှစ်ပေါင်း ၂၀ ခန့် ကြီးစိုးလွှမ်းမိုးထားတဲ့ နယ်မြေ၊ ယခု အထူး ဒေသ (၄) နယ်မြေ ဖြစ်တဲ့ မိုင်းမ၊ မိုင်းလား ဒေသမှာ အခါ တိုင်းရင်းသား လူမျိုးများက လျော်ကန် သင့်မြတ်တဲ့ လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင် လျက် ရှိကြ ပါတယ်။

ဒါကြောင့် အခါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (A Kha Administered Zone) အဖြစ်—

ကျိုင်းတုံမြို့နယ်ရဲ့ အရှေ့ဘက်အရပ်မှာ တည်ရှိ တဲ့ မိုင်းမ၊ မိုင်းလား ဒေသကို ဗဟိုပြုပြီး အထူး ဒေသ (၄) နယ်မြေအတွင်းရှိ ကျေးရွာများ၊ ကျေးရွာအုပ်စုများကို စုစည်းကာ အခါကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (A Kha Administered Zone) သတ်မှတ်ပေးသင့်ကြောင်း အကြံပြု တင်ပြ အပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၂ ဦး ]

အခမ်းအနားမှူး။ အခု ဆက်လက်ပြီး ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် (၂) ဦးတို့ရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။ ဦးဘသန်းအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးဘသန်း (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)။ လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် ညီနောင်သွေးချင်း တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး အေးချမ်း သာယာပြီး ဝမ်းပန်းတသာနှင့် ဆက်လက် ပျော်ရွှင်နိုင် ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် တောင်ကြီး မြို့နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် အင်းသား လူမျိုး ဦးဘသန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသမှ ဦးစံထွန်းမောင်နဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်မှ ဦးဘသန်းတို့ ပြုစုထားသော စာတမ်းကို တင်ပြဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သက်ဆိုင်ရာတိုင်းရင်းသား လူဦးရေနှင့် နယ်မြေ တစ်ဆက်တစ်စပ်တည်း ရှိမှုအပေါ် အခြေပြု၍ လိုအပ်သလို သတ်မှတ်ပေးရန်ဖြစ်ကြောင်း အခြေခံရမယ့်မူများ ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သဘာပတိကြီးခင်ဗျား။ ကျွန်တော်တို့ အင်းသားလူမျိုးများဟာ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် အများစုနေထိုင်ကြပြီး ကျန်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းတွင် အချို့ပြန့်ကျဲနေထိုင်လျက် ရှိတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီလိုနေထိုင်ကြရာတွင် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသမှာ လူဦးရေ တစ်သိန်းနှစ်သောင်း နှစ်ထောင်ရှိရာတွင် ဒေသခံ အင်းသားလူမျိုး ၈၀ % ကျော်နေထိုင်ပြီး ကျန် တောင်တန်းကုန်းမြေတွင် ရှမ်း၊ ဓနု၊ တောင်ရိုး၊ ပအိုဝ်းနှင့် အခြားလူမျိုးတို့ နေထိုင်ကြသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ကျွန်တော်တို့ အင်းသားလူမျိုးများဟာ လွန်ခဲ့သည့် နှစ်ပေါင်း ထောင်နှင့်ချီပြီး ညီနောင်သွေးချင်း တိုင်းရင်းသား လူမျိုးများနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အင်းလေးဒေသတွင် တစ်စုတစ်ဝေးတည်း နေထိုင်ခဲ့ကြသည်မှာ သမိုင်းအထောက်အထားနှင့် ရှိပြီးဖြစ်ပါတယ်။

အင်းသားလူမျိုးတို့မှာ ရေထဲတွင် အိမ်ဆောက် နေကြပြီး ရေပေါ်တွင်လဲ စိုက်ပျိုးလုပ်ကိုင် စား သောက် နေထိုင်ကြသည့် ထူးခြားသည့် လူမျိုး တစ်ခု ဖြစ်သည်မှာ အားလုံးအသိပင် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေ မြို့နယ် အင်းလေးကန်အတွင်းမှာ နေထိုင်ကြသည့် အင်းသားလူမျိုး တစ်သိန်းကျော်တို့ တစ်စုတစ်ဝေး တည်း စုစုစည်းစည်း နေထိုင်ကြသည့် အင်းလေး ဒေသကို အင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ အထူးဒေသ အဖြစ်လည်းကောင်း၊ သို့မဟုတ် အင်းလေးဒေသကို နိုင်ငံတော်မှ တိုက်ရိုက်အုပ်ချုပ် သည့် ပြည်ထောင်စုနယ်မြေအဖြစ် လည်းကောင်း အမျိုးသား ညီလာခံကြီးမှ မူချမှတ်ပေးပါရန် သဘာပတိကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြ အပ်ပါသည်ခင်ဗျား။

(သြဘာသံများ)

## နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်း များ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော ချင်းပြည်နယ်မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ် ၁ ဦး]

**အခမ်းအနားမှူး။** အခု ဆက်လက်ပြီး ချင်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးထပ်လိုင်းရဲ့ အကြံပြုချက်စာတမ်းကို ဦးထပ်လိုင်း ကိုယ်စား ဦးကျော်စိန်က ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ဦးကျော်စိန်အား ဖတ်ကြား တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်စိန်(တိုင်းရင်းလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့)။** သဘာပတိနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ဦးကျော်စိန် ဖြစ်ပါတယ်။ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာ ရွှင်လန်းကြပါစေလို့ ဆုတောင်းပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အခုအခါ နိုင်ငံတော်တွင် အရေးတကြီးနဲ့ အမြန်ဆုံး အကောင်အထည် ဖော်ရန်လိုအပ်နေတဲ့ ပါတီစုံဒီမိုကရေစီ၊ နိုင်ငံတော်အတွက် မရှိမဖြစ်တဲ့ "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ" ရေးဆွဲရေးအတွက် အခြေခံမူများကို အများဆန္ဒနဲ့အညီ ရေးဆွဲသတ်မှတ်ပြီး ဖြစ်ပါတယ်။ ယင်းအခြေခံမူများနှင့်အညီ ရေးဆွဲမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်သင့်သည့် လမ်းညွှန်ချက်များကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) နေ့က ပြန်လည်စတင်ကျင်းပတဲ့ ညီလာခံအဖွင့်နေ့တွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် တရားသူကြီးချုပ် ဦးအောင်တိုးက တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

ယင်း တင်ပြဆွေးနွေး လမ်းညွှန်ချက်များကို ထောက်ခံ ဆွေးနွေးပါတယ်။ အဲဒီအပြင် ယင်း လမ်းညွှန်ချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာ၌ ထည့်သွင်းပြဋ္ဌာန်းသင့်တဲ့ နိုင်ငံတော် တည်ဆောက်ပုံ အနေအထားတွင် ကျွန်တော်တို့ ပလက်ဝမြို့နယ်၏ ပါဝင်သင့်တဲ့ အနေအထားကိုပါ ဆက်လက်တင်ပြ ဆွေးနွေးလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ဦးစွာဆွေးနွေး ထောက်ခံ လိုတာက တော့ ကျွန်တော် တို့ ကိုယ်စားလှယ်များ အား ဖြန့်ဝေပေးထားတဲ့ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌရဲ့ လမ်းညွှန် ချက်များ စာတမ်းအပိုဒ် (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ပါ နိုင်ငံတော်နှင့် စပ်လျဉ်းသည့် အချက်များကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ယင်း အချက်များမှ အပိုဒ် (ဃ) တွင် အောက်ပါအတိုင်း တင်ပြထားတာကို တွေ့ရပါတယ်—

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

(၂) ရှိရင်းစွဲတိုင်း (၇)တိုင်းကို တိုင်းဒေသကြီး ( Region ) ၇ ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို

ပြည်နယ် ( State ) (၇) ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထို တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ် တို့သည် အဆင့် အတန်း တူညီကြသည်။

(၃) ထို တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲ အတိုင်း ခေါ်ဆိုသုံးနှုန်းသည်။

(၄) တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကို ဖြစ်စေ၊ ပြည်နယ်တစ်နယ်၏ အမည်ကို ဖြစ်စေ ပြောင်းလဲ သတ်မှတ် လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အတွင်း နေထိုင် ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး၊ ဥပဒေ ပြဋ္ဌာန်းပြီး ပြောင်းလဲသတ်မှတ်မည်။

(၅) တိုင်းဒေသကြီးများ(သို့မဟုတ်)ပြည်နယ်များတွင်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ၇ ခုရှိပြီးသည့် တိုင်းရင်းသား လူမျိုး များမှအပ၊ ကျန်တိုင်းရင်းသား လူမျိုးများ အနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး၊ နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်။

(၆) ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အကျယ်အဝန်း အပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်။

ယင်းသို့အပိုဒ် (ဃ)၊ အပိုဒ်ခွဲ (၆) ပါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းပြဋ္ဌာန်းရန် လမ်းညွှန်မှုပြုထားခြင်းမှာ နိုင်ငံတော်၏ပထဝီ၊ လူမျိုးဖွဲ့စည်းမှုနှင့် လူမျိုးတစ်စုစီ၏ သီးခြားယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများအရ၊ အလွန်လိုအပ်သော ပြဋ္ဌာန်းပေးရမည့် အချက်ဖြစ်သည်ဟု ယုံကြည်ပါသဖြင့် အပိုဒ် (ဃ) အပိုဒ်ခွဲ (၆) ကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြလိုပါတယ်။ ထိုကဲ့သို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည့်အခါမှာလဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ဗဟိုမှ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ဒေသများဆိုင်ရာ ဝန်ကြီးဌာန၊ ဝန်ကြီး၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင်ထားရှိသင့်ပါကြောင်း အကြံပြုတင်ပြပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး တင်ပြလိုတာကတော့ ကျွန်တော်တို့ပလက်ဝနယ်ဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းဝိသေသတိုင်း၊ (Chin Special Division)တွင်ပါဝင်ခဲ့ပါတယ်။ အုပ်ချုပ်ရေးကိစ္စရပ်များကို ချင်းရေးရာကောင်စီနှင့် ချင်းရေးရာဝန်ကြီးဌာနက တိုက်ရိုက် စီမံခန့်ခွဲခဲ့ပါတယ်။ ချင်းဝိသေသတိုင်း၏ ဧရိယာ အကျယ်အဝန်းမှာ (၁၃၉၂၀) စတုရန်းမိုင်ရှိပြီး၊ ပလက်ဝမြို့နယ်၏ အကျယ်အဝန်းမှာ (၃၅၄၃) စတုရန်းမိုင်ရှိပါတယ်၊ တည်နေရာမှာ မြောက်လတ္တီတွဒ် ၂၀°·၄၄′ နှင့် ၂၀°·၃၀′ ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂° ၃၅′ နှင့် ၉၃° ၄၅′ ကြားတွင် တည်ရှိပါတယ်။ ချင်းဝိသေသတိုင်းတစ်ခုလုံးအကျယ်အဝန်းရဲ့ ၂၅.၄၅% ရှိပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်လာသောအခါမှာ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်ဟု သတ်မှတ်ခဲ့ပါတယ်။

### ပလက်ဝမြို့နယ်၏ နောက်ခံသမိုင်းအကျဉ်း

၁။ ရှေးမြန်မာမင်းများ အဆက်ဆက်တွင်လည်း ယခုပလက်ဝမြို့နယ်(ပလက်ဝဒေသ)ရှိတိုင်းရင်းသားလူမျိုးများသည် မိမိတို့မျိုးနွယ်စု၊ မိသားစုအလိုက်

အုပ်ချုပ်ရေးစနစ်ဖြင့် တသီး တခြား အုပ်ချုပ်လျက်ရှိတဲ့ ဒေသဖြစ်ပါတယ်။

၂။ ယခုပလက်ဝမြို့နယ် (ပလက်ဝဒေသ) သည် ရခိုင်ပြည်နယ်၏ မြောက်ပိုင်းတွင် တည်ရှိသောကြောင့် ဗြိတိသျှကိုလိုနီလက်ထက် ၁၉၃၅ ခုနှစ်၊ မြန်မာပြည်အုပ်ချုပ်ရေး အက်ဥပဒေကို ရေးဆွဲသည့်အခါ၊ ယင်းဥပဒေပုဒ်မ ၇၊ ၈၊ ၂၉၊ ၄၀၊ ၅၉ နှင့် ၁၅၅ တို့အရ ရခိုင်တောင်တန်းခရိုင်(Northern Arakan District or Northern Arakan Hill Tracts)ဟုမှည့်ခေါ်ခြင်းဖြစ်ပြီး၊ မည်သည့်တိုင်း(ဝါ)ပြည်နယ်တွင်မှမပါဘဲ၊ ဗဟိုမှ တိုက်ရိုက်သီးခြား အုပ်ချုပ်တဲ့ နယ်မြေဖြစ်ပါတယ်။

၃။ ဗြိတိသျှနယ်ချဲ့သမားတို့၏ ကျွန်လုပ်အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရေးအတွက် နိုင်ငံရေးနှင့် စစ်ရေးနည်းလမ်းများဖြင့် ကြိုးစားလှုပ်ရှားခဲ့သော သမိုင်းစဉ်တစ်လျှောက်တွင်လည်း ပလက်ဝမြို့နယ်မှ တိုင်းရင်းသားလူမျိုးများသည် သွေး၊ ချွေးများကို စတေး၍ ပါဝင်ခဲ့ကြသော အစဉ်အလာရှိတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ယင်းအချက်များမှာ ပလက်ဝမြို့နယ်မှ လွတ်လပ်ရေးမော်ကွန်းဝင်ဘွဲ့များနှင့်နိုင်ငံ့ဂုဏ်ရည်ဘွဲ့များရရှိသည့် ပုဂ္ဂိုလ်များ ရှိနေခြင်းမှာ သမိုင်းကို ပြောနေခြင်းပင်ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွင်လည်း တိုင်းရင်းသားလူမျိုးများ၏ ခေါင်းဆောင်များဟာ ပူးပေါင်းလျက်၊ မိမိတို့၏ဆန္ဒသဘောထားများကို တင်ပြခဲ့ကြပါတယ်။ ထင်ရှားသော အထောက်အထားတစ်ခုမှာ ၁၉၄၇ ခုနှစ်၊ အောင်ဆန်းအက်တလီစာချုပ်အရ (Lt.Col.D.R. Rees William) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နယ်ခြားဒေသ စုံစမ်း စစ်ဆေးရေး ကော်မတီ၊ (Frontier Areas Committee of Enquiry, 1947)၏ရှေ့မှောက်တွင် အစစ်အဆေးခံရန် ပလက်ဝမြို့နယ်မှ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်(၁၀)ဦးတို့ကို ရန်ကုန်မြို့သို့ စေလွှတ်ခဲ့ပါတယ်။ ၎င်းတို့မှာ ခူမီးလူမျိုးကိုယ်စားလှယ်များ၊ (ဦးထပ်လိုင်း၊ ဦးထွန်းအောင်၊ ဦးထင်းကုန်၊ ဦးပက်ဝဲ)၊ လာခါရ်(ခေါ်)မရာလူမျိုးကိုယ်စားလှယ်(ဦးထိုက်ထု)၊ မြို့လူမျိုးကိုယ်စားလှယ် (ဦးလွန်ပု)၊ လေးမြို့ချင်းလူမျိုးကိုယ်စားလှယ်(ဦးမောင်ညှာ)၊ ကနောင်တိုက်နယ် ဥက္ကဋ္ဌ ဦးလောင်းယုံးနှင့် ရခိုင်လူမျိုး (ဖဆပလအဖွဲ့) ကိုယ်စားလှယ် (ဦးထွန်းမြ၊ ဦးစောလှ) တို့ ဖြစ်ကြပါတယ်။ ၁၉၄၇ ခု၊ ဇန်နဝါရီလ (၁၃/၁၄) ရက်တို့တွင် ပလက်ဝမြို့ ခရိုင်ဝန်(အရေးပိုင်)ရုံးမှာ ညှိနှိုင်းကြသည့်အတိုင်း၊ (၁) မြန်မာပြည်အား အင်္ဂလိပ်အစိုးရမှ လွတ်လပ်ရေးပေးသောအခါ၊ မြန်မာပြည်မနှင့်အတူတကွ လွတ်လပ်ရေးရယူရန်၊ (၂) လွတ်လပ်ရေး ရသောအခါ ကန်ပက်လက်(သို့မဟုတ်)ဟားခါးနှင့်ပူးပေါင်းရန်၊ (၃) ဤဒေသကို (ခရိုင်အဆင့်) ဆက်လက်၍ ထားပေးရန်တို့ကို တင်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ကျင်းပခဲ့သော တိုင်းပြု ပြည်ပြုလွှတ်တော်မှ ရေးဆွဲခဲ့တဲ့ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချင်းတောင်တန်းခရိုင် (Chin Hills District)၊ နှင့် ပခုက္ကူတောင်တန်းစီရင်စု (Pakkokhu Hills Tracts)၊ ရခိုင်တောင်တန်းခရိုင်(Arakan Hill Tracts)တို့ကို စုပေါင်းလျက် ချင်းဝိသေသတိုင်းဟု ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းအသစ်ဖြစ်တဲ့ ချင်းဝိသေသတိုင်းတွင် (တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ) ဟူသောမြို့နယ် (၆)ခု ဖွဲ့စည်းပြီး၊ ခရိုင် (၂)ခုဖြစ်တဲ့ ဖလမ်းခရိုင် (မြောက်ပိုင်းချင်းတောင်ခရိုင်) တွင် ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့နယ် (၃) ခုတို့ကို ထည့်သွင်းပြီး၊ ကန်ပက်လက်ခရိုင် (တောင်ပိုင်းချင်းတောင်ခရိုင်)တွင်ကန်ပက်လက်၊ မတူပီ၊ ပလက်ဝမြို့နယ် (၃) ခုတို့ကို ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။ လွတ်လပ်ရေးမရမီက၊ ခရိုင်အဆင့်ဖြစ်ခဲ့သော်လည်း လွတ်လပ်ရေးရ၍ ချင်းဝိသေသတိုင်း ဖြစ်လာ

သောအခါကျမှ(ခရိုင်အဆင့်မှ မြို့နယ်အဆင့်) သို့ နိမ့်ကျသွားခဲ့ရပါတယ်။

တော်လှန်ရေး ကောင်စီ မတိုင်မီ၌ ချင်းရေးရာဝန်ကြီးဌာနဖြင့် အုပ်ချုပ်ခဲ့ပါတယ်။ ထိုစဉ်ကာလ ၁၉၆၂ ခုနှစ်တွင် ပလက်ဝမြို့နယ် ကို"ပလက်ဝ (သီးခြား) ခရိုင်ခွဲ"ဟု သတ်မှတ်ပြီး၊ ပလက်ဝမြို့နယ်နှင့် ဆမီးမြို့နယ်၊ သံတောင်မြို့နယ်၊ ဒလက်မေမြို့နယ်၊ ရှင်းလက်ဝမြို့နယ်ဟု မြို့နယ်(၅)ခု ပိုင်းခြား အုပ်ချုပ်ခွင့်ရခဲ့ပါတယ်။ (၃)နှစ်လောက်သာ ယင်းဖွဲ့စည်းပုံ အုပ်ချုပ်ရေးကို ထားပြီး နောက် ၁၉၆၄ ခုနှစ် ရောက်သောအခါ ဆမီးမြို့နယ် ဖွဲ့စည်းပုံနှင့် အတူ တာဝန်ထမ်းနေသူ မြို့ပိုင်ကြီး(ဦးလှမ်တလိန်း) ကိုပါ ချင်းဦးစီးအဖွဲ့က ပြုပြင်ထားသည့် ဟားခါးမြို့နယ်ကို တိုးချဲ့ထားသော ထန်တလန် မြို့နယ်သို့ ရွှေ့ပြောင်းလိုက်ခြင်းဖြင့် ဆမီးမြို့နယ်နှင့် အပေါင်း ပါ ၄ မြို့နယ် ဖွဲ့စည်းပုံပျောက်သွားပါတော့တယ်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သစ် ထပ် မံ ပေါ်ပေါက်လာသောအခါ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်စု ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ကန်ပက်လက်မြို့နယ်၏ ရှုံးစိုက်ရာမြို့ကိုမင်းတပ်မြို့သို့ တော်လှန်ရေး ကောင်စီ ခေတ် မှာ ပြောင်း ရွှေ့ ထား ခဲ့ ရာ (ကန်ပက်လက်မြို့နယ်)အစား(မင်းတပ်မြို့နယ်) ဟု ခေါ်လာခဲ့တယ်။ ယခု ဥပဒေသစ်အရ မြို့နယ်တစ်ခု ရရှိလာပြန်ရာ ယခင် ကန်ပက်လက်မြို့နေရာမှာ (ကန်ပက်လက်မြို့နယ်)ဟုထပ်မံဖွဲ့စည်းခွင့် ရခဲ့ပြန်ပါတယ်။ ထိုနည်းတူစွာ တီးတိန်မြို့နယ်ကို တိုးချဲ့၍ (တွန်းဇံမြို့နယ်) အသစ် ထပ်မံ ရရှိ ပြန်ပါ တ ယ်။ အထက်ပါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် (၁၉၇၄) အရ (တွန်းဇံ၊ တီး တိန်၊ ဖလမ်း၊ ဟား ခါး၊ ထန် တ လန်၊ မင်း တပ်၊ ကန် ပက် လက်၊ မတူပီ၊ ပလက်ဝ)ဟူ၍ (၉) မြို့နယ် ပေါ်ပေါက်ခဲ့ပါတယ်။ (ပလက်ဝနယ်)သည် ဗြိတိသျှအစိုးရ လက်ထက်တွင် (ခရိုင်အဆင့်)ဖြစ်ခဲ့သော်လည်း ၊ ချင်းဝိသေသတိုင်း ခေတ်တွင် (မြို့နယ်အဆင့်) ချင်းပြည်နယ်ခေတ်တွင်လည်း (မြို့နယ်အဆင့်) ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့သော်လည်း အုပ်ချုပ်ရေး အဆင့် တိုးမြှင့်လာမည့် အစား နောက်ပြန်ဆုတ်ပြီး လျှင် လွတ်လပ်ရေး ရပြီး နောက် ယခုတိုင် မြို့နယ် အဆင့်သတ်မှတ်ခံရပါတယ်။ ဒါကြောင့် စီးပွားရေး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်တို့တွင် တိုးတက် ဖွံ့ဖြိုးခြင်း မရှိဘဲ နိမ့်ကျနေရ ခြင်းဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။

## ပညာရေး

ကျွန်တော်တို့ ပလက်ဝနယ်မှာ လမ်းပန်းဆက်သွယ်ရေးမှာ လွတ်လပ်ရေး ရသည့် နေ့မှစ၍ လမ်းဖောက်လုပ်ခြင်း မရှိဘဲ လွန်ခဲ့သော ၁၉၉၂ ခုနှစ်မှစ၍ ပလက်ဝမြို့နယ်မှ ကျောက်တော်မြို့နယ် ဆက်သွယ်သော မြေနီလမ်း ၁၃ မိုင် ၁၉ ဖာလုံသာရှိပြီး ပလက်ဝမြို့နယ်တွင်းမှာ ကတ္တရာလမ်း ၂၇၂၂ ပေသာ ရှိပါသဖြင့် ပလက်ဝမြို့နယ် အတွင်းရှိ မူလတန်းကျောင်းများဖွင့်ပေးထားပါသော်လည်း ကျောင်းဆရာများ ကုန်းလမ်းသွားလာရသည့်မှာ ၁၀ ရက်ထိ မြို့နယ်သို့ လစာ ထုတ် သွားရ၍ အ သွား အပြန် ရက်များကြောင့် တစ်လမှာ ၁၀ ရက်ခန့်သာ ပြန်နိုင်ခွင့်ရှိပါသည်။ ၎င်းပြင် အချို့သော ဆရာ ဆရာမ များ၏ ရေသာခိုမှု ကြောင့် ဝေးလံသော ဒေသရှိ ကျောင်းများမှာ ဆရာ ဆရာမများက တစ်နှစ်မှာ စာပေနှစ်လခန့်သာ စာပြကြ၍ ကျောင်းသူကျောင်းသားများ အ ရွယ် ကြီး ပြီး မိ မိ တို့ ထုံးဓလေ့ အိမ်ထောင်ပြု၍ ရိုး ရာ တောင် ယာ များ လုပ်စားကြရ သဖြင့် ပညာရေးမှာ အ လွန် နောက် ကျ ခြင်း ဖြစ်ပါတယ်။

## ကျန်းမာရေး

ကျန်းမာရေး မြို့နယ်ဆေးရုံ(၁)ရုံ၊ ကျန်းမာရေး တိုက်နယ် ဌာန(၁)ခုနှင့် ကျန်းမာရေးဌာန (၇)ဌာနခွဲ(၂၆)ခု ရှိသဖြင့် အသင့်အတင့် ရှိပါသော်လည်း လုံလောက်မှုမရှိပါ။

လူဦးရေ

ကျွန်တော်တို့ ပလက်ဝမြို့နယ် အတွင်းမှာ လူဦးရေမှာ လွတ်လပ်ရေး မရမီ ၁၉၄၇ ခုနှစ်မှစ၍ ကျွန်တော်တို့ ခူမီးလူမျိုး နှစ်သောင်းကျော် ချောင်းသာခေါ် ရခိုင်လူမျိုးဦးရေ သုံးထောင်ကျော်၊ လယ်မြို့ချင်းလူမျိုး ငါးထောင် ကျော်နှင့် တခြားလူမျိုးစုစုပေါင်း လူဦးရေ သုံးသောင်း သုံးထောင်ကျော် ရှိခဲ့ပါတယ်။

ယခု လွတ်လပ်ရေးရပြီးမှ ယနေ့ ၄င်းနှစ်ကျော်အတွင်းမှာ ပလက်ဝမြို့နယ်၏ လူဦးရေမှာ ခြောက်သောင်းကျော်သာရှိရခြင်းမှာ မှတ်ပုံတင်စာရင်းအရ သိရပါသည်။

အမျိုးသား မှတ်ပုံတင် စာရင်း ပြုစု သည့် အခါ ဓာတ် ပုံ ရိုက် ကူးသူ များ က ဓာတ် ပုံ ရိုက် ရာ မှာ အပျက်ပြပြီး မတရား လုပ်ခြင်းပါဝင်သည်ဟု လည်း သိရပါတယ်။

အထက်ပါ ဓာတ်ပုံကတ်ပြားများ မရဘဲ ကျန်ရှိသူမှာ ယခု စာရင်းပြသော ကိန်းဂဏန်းထက် နှစ်ဆပိုမည်ဟု ခန့်မှန်းရပါသည်။

ကျွန်တော်တို့ ပလက်ဝမြို့နယ် အတွင်းရှိ လူမျိုးများမှာ လမ်းပန်းခက်ခဲမှုကြောင့်တစ်ကြောင်း၊ မိမိတို့ဘာသာ တောင်ယာပဲခင်း အေးချမ်းစွာ လုပ်ကိုင်၍ အေးဆေးစွာ နေ တတ် သော လူမျိုး များ ဖြစ်သဖြင့် တခြားဝေးလံသော ဒေသသို့ သွားလာခြင်း မရှိသောကြောင့် မှတ်ပုံတင် ကတ်ပြားရရေးကို ဂရုမပြုကြခြင်းနှင့် မှတ်ပုံတင်ကတ်ပြားတောင်းယူသည့်အခါ ခရီးဝေးလံ၍ ရက်ကြာ အလုပ် ပျက် ရ ခြင်း၊ မှတ်ပုံတင်ကတ်ပြားတောင်းခံရာတွင် သွားလာစားသောက်ရသော စ ရိတ် ကုန် ကျ မခံ နိုင် ခြင်း များကြောင့် မှတ်ပုံတင်ရရေးကို အများဂရုပြုခြင်း မရှိသည်လည်း တစ်ကြောင်း ပါပါတယ်။

ယခု မှတ်ပုံတင် ရှိသူများမှာ ခရီးသွားလာလေ့ရှိသူများ မှတ်ပုံတင် မရှိက ခရီးသွားလာ ခြင်း မှာ မ လွယ် ကူသော အ ချက် များ ကြောင့် သွား လာ ရောင်း ဝယ် ဖောက် ကား သူ များ နှင့် မြို့ နယ် နှင့် နီးကပ်သူများ ဂရုတစိုက် မှတ်ပုံတင်ရယူရန် ကြိုးစားသူများသာ ဖြစ်နေကြောင်း သိရပါတယ်။

အထောက် အ ထား တစ် ခုပြရမည် ဆိုပါလျှင် ပလက်ဝ မြို့ နယ် အ တွင်း စံဘောင်ပြင်ရွာ အိမ်ခြေ (၃၀) ရှိ ရွာမှာ လူဦးရေ (၁ဂဂ) ဦးရှိရာမှာ မှတ်ပုံတင်မရှိသူ (၁၄၅) ဦးနှင့် ထုတ်ကြေးဝ ကျေးရွာမှာ အိမ်ခြေ (၁၅) အိမ်မှာ လူဦးရေ (၅၉) ဦးရှိရာမှာ မှတ်ပုံတင်မရှိသော ဦးရေ (၄၄) ဦးရှိကြောင်း သိရပါတယ်။

အထက်ပါ နှစ်ရွာမှ ရွာသားများမှာ သာသနာပြု ဆရာတော် ဦး ပညာ သာရ ဆရာ တော် အား ပင့်ဖိတ်ပြီး ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာ ဝင်လိုသူများကို ဆရာတော် ဦးပညာသာရထံ ဗုဒ္ဓဘာသာ စာရင်း တင်သွင်းသော အခါ ဆရာတော်က မှတ်ပုံတင် ပါ စစ်ဆေးပြီး စာရင်းပြု၍ သာသနာရေးဌာနသို့ တင် ပြ အစီ ရင်ခံ တင် ပြ သည့် စာရင်းမှာ ကျေးရွာရပ်ကွက် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌက မှန်ကန်ကြောင်း တံဆိပ်ရိုက်ပြီး ဥက္ကဋ္ဌလက်မှတ်ထိုးထားသည် အရ ဝေဖန်ပါက လူဦးရေ သုံးပုံတစ်ပုံသာ မှတ်ပုံတင်ရှိသဖြင့် လူဦးရေခြောက်သောင်းကျော်ပြခြင်းသာဖြစ်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ပလက်ဝ နယ် အ တွင်း လူဦး ရေ မှာ တစ်သိန်းကျော်မှာရှိမည်ဟု ခန့်မှန်းပါကြောင်းတင်ပြပါသည်။

အထက်ဖော်ပြပါအချက်များကို သုံးသပ်တင်ပြရလျှင် ပလက်ဝမြို့နယ်၏ နယ်မြေရိယာကျယ်ပြန့်မှု၊ တောင်တန်းဒေသဖြစ်၍ သွားလာရေး ခက်ခဲမှုတို့ကြောင့် တိုးတက်ဖွံ့ဖြိုးရေး မရှိခြင်းဖြစ်ပါတယ်။ အချိန်တိုတိုအတွင်း နယ်မြေတိုးတက် ဖွံ့ဖြိုးနိုင်ရန် လက်ရှိ(ပလက်ဝမြို့နယ်)ကို ရှင်းလက်ဝ၊ တရွန်အိုင်၊ ပလက်ဝ၊ ဆမီး၊ သံတောင်ဟူ၍ (၅)မြို့နယ်ဖွဲ့စည်းကာ၊ ၄င်း (၅) မြို့နယ်ကို စုပေါင်းပြီး ပလက်ဝတောင်တန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Paletwa Hills Self Administered Division) ဟု အမည်

သတ်မှတ်ပြီးလျှင်၊ ရှင်းလက်ဝမြို့နယ်၊ တရွန်အိုင်မြို့နယ်၊ ပလက်ဝမြို့နယ်(၃)ခုကို ပလက်ဝခရိုင်တွင်ထည့်သွင်းပြီး၊ ဆမီး၊ သံတောင်မြို့နယ် (၂) ခုကို ထမီးခရိုင်တွင် ထည့်သွင်းဖွဲ့စည်းသင့်ပါတယ်။ လက်ရှိချင်း ပြည် နယ် ၏ အ ကျယ် အ ဝန်း ဧ ရိ ယာ မှာ (၁၃၉၂၀) စတုရန်းမိုင် ရှိကာ (ပလက်ဝနယ်) ၏ ဧရိယာမှာ (၁၅၄၃) စတုရန်းမိုင် ရှိတဲ့အတွက်နယ်မြေ အကျယ် အဝန်းလည်း လုံလောက်မှု ရှိပါတယ်။ (ပလက်ဝနယ်) တွင် စုစုပေါင်း လူဦးရေ တစ်သိန်းကျော် နေထိုင်လျက်ရှိရာ ခူမီးလူမျိုး၏ လူဦးရေမှာ(၆)သောင်းကျော် ရှိတဲ့အတွက် အခြေပြုသင့်တဲ့ တိုင်းရင်းသားလူမျိုးစု၏ လူဦးရေကလည်း ပြည့်စုံလျက်ရှိပါတယ်။ ဘာသာစကားကို လေ့လာသုံးသပ် ကြည့်မယ်ဆိုရင်လည်း ခူမီးစကားကို အားလုံးသော တိုင်းရင်းသား လူမျိုးများ (အများစု)က ပြောဆိုတတ်ကြပါတယ်။ တီထွင်ထားပြီးတဲ့ စာပေလဲရှိပြီးဖြစ်ပါတယ်။ ကျန်သော တိုင်းရင်းသားလူမျိုးများဖြစ်ကြတဲ့ လာခဲရ်(ခေါ်) မရာလူရှိုင်း၊ ချော်(ခေါ်)ပေါင်နောက်၊ မြို့(ခေါ်) အဝခမီလေးမြို့ချင်း၊ အနူး၊ ခေါင်စိုး၊ လင်းကြ၊ တောင်မြို့၊ လောင်းဟူလူမျိုးများတို့ကလည်း ရိုးရာ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုတို့မှာ များစွာနီးစပ်မှု ရှိကြပါတယ်။ ရခိုင်လူမျိုး (ချောင်း သား ခေါ် ရခိုင်) တစ်မျိုး သာ လျှင် ကွဲ ပြား ခြား နား ခြင်း အ နည်း ငယ် ခဲ့ ခြား ခြင်း ရှိ ပါ တယ်။ ဒါပေမယ့် ယင်းတို့မှာ နယ်မြေဒေသ၌ လူဦးရေတစ်သောင်းကျော်ရှိပြီး စည်းစည်းလုံးလုံး နေထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါတယ်။ ဒါကြောင့် လာမည့် မြန်မာ နိုင် ငံ တော် ဖွဲ့ စည်း ပုံ အ ခြေ ခံ ဥပဒေ သစ် တွင် (ပလက်ဝနယ်)ကို ပလက်ဝတောင်တန်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Paletwa Hills Administered Division)အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးပါရန် တင်ပြအပ်ပါတယ်။

## နောက်ဆက်တွဲ

လက်ရှိပလက်ဝမြို့နယ် (ပလက်ဝဒေသ) သည် ခူမီးလူမျိုးများ အများစုနေထိုင်ရာ ဒေသတစ်ခုဖြစ်ပါတယ်။

ပလက်ဝမြို့နယ်တွင် ခူမီးလူမျိုးများ (မျိုးကွဲ) ၁၂ မျိုးနှင့် ရခိုင်လူမျိုး (ချောင်းသားရခိုင်) တို့ စုပေါင်းနေထိုင်လျက် ရှိကြပါတယ်။

ခူမီးလူမျိုးများ(မျိုးကွဲ)၁၂မျိုးတို့မှာ

(၁) ခူမီးလူမျိုး(Knumi)
(၂) လာခဲရ်(ခေါ်) မရာလူမျိုး (Lakher or Mara)
(၃) ချော်(ခေါ်) ပနမ်းလူမျိုး (Chaws or Pawn nau)
(၄) မြို့ (ခေါ်) အဝခမီးလူမျိုး (Mros or Awa Khami)
(၅) ခေါင်စိုလူမျိုး(Khaungrso)
(၆) အနူးလူမျိုး(Ahnoo)
(၇) လေးမြို့ချင်းလူမျိုး(Lemros)
(၈) လူရှေလူမျိုး(Lushai)
(၉) လင်းမြဲ(ခေါ်)လိုက်ယိုးလူမျိုး (Lenkri or Laizo)
(၁၀) တောင်မြို့လူမျိုး(Taung-Mro)
(၁၁) မတူချင်းလူမျိုး(Maru)
(၁၂) လောင်းဟူလူမျိုး ( Lesunehu )

တို့ဖြစ် ကြပါတယ်။

ပလက်ဝမြို့နယ်တွင် ခူမီးလူမျိုးများ (မျိုးကွဲ) ၁၂ မျိုးနှင့်၊ ရခိုင် (ချောင်းသားရခိုင်လူမျိုး) တို့ စုပေါင်းနေထိုင်ကြရာ၊ လူမျိုးပေါင်း (၁၃) မျိုး နေထိုင်တယ်လို့ ပြောနိုင်ပါတယ်။ အဲဒီလူမျိုးပေါင်း (၁၃)မျိုးတို့၏ လူဦးရေမှာ တစ်သိန်းကျော် ဖြစ်ပါတယ်။ အဲဒီတစ်သိန်းကျော်အနက် ခူမီးလူမျိုးဟာ

လူဦးရေ (၆) သောင်းကျော်ရှိပါတယ်။ ကျန်သည့် လူမျိုး (၁၂) မျိုးရဲ့ ထက်ဝက်ကျော် ဖြစ်ပါတယ်။ (ပလက်ဝနယ်)၏ဘုံစကား (သို့မဟုတ်) ဆက်သွယ်ရေးစကားကို ပြောဆိုအသုံးပြုကြပါတယ်။

အဲဒီ တော့ လူဦး ရေ အ များ ဆုံး ဖြစ် တဲ့ ခူမီး အကြောင်းကို (စံ) ပြု၍ အနည်းငယ် တင်ပြလိုပါတယ်။ ပထမ (ခူမီး)၏ အဓိပ္ပာယ်ကို ရှင်းပြပါမယ်။ (ခူ)၏ အဓိပ္ပာယ်မှာ နယ်နိမိတ်အတွင်းရှိ နေရာဒေသကိုဆိုလိုပြီး (မီး)၏ အဓိပ္ပာယ်မှာ (လူ) ဟူသောအဓိပ္ပာယ်ရပါတယ်။အဲဒီတော့(ခူမီး)၏ ပေါင်းချုပ်အနက်မှာ "(နယ်နိမိတ် အတွင်းရှိ နေရာဒေသ၌ နေထိုင်ကြတဲ့လူ(ဝါ)လူများ)"ဟု ဆိုလိုပါတယ်။

ခူ မီး လူ မျိုးများမှာ အ စိုင် (ဝါ) ဆွေမျိုး စု (Clan)များခွဲထားပါသေးတယ်၊ အစိုင်များ(Clans) ၃၅ မျိုးထက်မက ရှိမယ်လို့ခန့်မှန်းရပါတယ်။ ဥပမာ အစိုင်များ (Clans) အချို့ကိုဖော်ပြမယ်—

(၁) ကက်စို (Kechy)
(၂) နဲမ်လော်က် (Nemlau)
(၃) ဆတူ (Satu)
(၄) ရိတ်ခါ (Rakha)
(၅) နီဒုံ (Nidyhm)
(၆) တောင်ရုံ (Temreng)
(၇) အိမ်ကင်း (Yhmkang)
(၈) ရိုက်ထီစိုး (Raikichy)
(၉) လင်ဝိုးဝိုး (Langvochy)
(၁၀) ဆင်းလား (Sangla)
(၁၁) ဟုံလိုက် (Heunglai)
(၁၂) တုံကြိုင် (Tymtieang)
(၁၃) ဘလိုင် (Paleang)
(၁၄) ကင်းလွဲ (Kanglawi)
(၁၅) လွဲလု (Lawilu)
(၁၆) လိန်လွေ့ (Lenglawi)
(၁၇) တမ်ဟု (Temtu)
(၁၈) ဘောက်လိုက် (Beule)
(၁၉) အွီစိုး (Uichy)
(၂၀) လိုက်မိုး (Laimi)
(၂၁) အမ်လိုက် (Amlai)
(၂၂) ပုံကန် (Peungkeang)
(၂၃) ရဆွဲ (Ry Sawi)
(၂၄) ခါးမန် (Khaman)
(၂၅) အမ်ဆမ်း (Awm Sang)
(၂၆) ပခိုင်ရောင် (Pakhen reaung)

မှတ်ချက်။ အခြားသော (မျိုးကွဲ) ခူမီးလူမျိုးများမှာလည်း အစိုင်များ(Clan) ခွဲထားပါတယ်။ သူ့လူမျိုးနှင့် သူတို့အစိုင်များခွဲခြားပါတယ်။

အစိုင်(သို့မဟုတ်)ဆွေမျိုးစု(Clan)ခွဲခြားထားရခြင်း၏ရည်ရွယ်ချက်မှာထိမ်းမြားမင်္ဂလာပြုရေးနှင့် အဓိကသက်ဆိုင်ပါတယ်။ အစိုင် (Clan) တစ်မျိုးတည်းဖြစ်ပါက၊ ထိမ်းမြားမင်္ဂလာဆောင်ခြင်း မပြုရဟု ပညတ်ထားပါတယ်။ မည်သည့်အစိုင်ကမျှ မကျူးလွန်ရ။မိန်းမပေးရသောယောက်ျားမျိုးအစိုင်မှ လူပျိုသည် ထိုသမက်မျိုး အစိုင်မှ မိန်းကလေးကို လက်ထပ်ခွင့် မရှိပါ။ အခြားသောလူမျိုး (ကွဲ)၊ အစိုင်တစ်ခုခုနှင့်လည်း နွား၊ ဝက်၊ ကြက် စသည့် သွေး သ စ္စာ ပြု၍ ညီ/အစ်ကို ဟု မိတ် ဆွေ အ စိုင် (Friend Clan)ဖွဲ့နိုင်သည်။ ဤကဲ့သို့ဆောင်ရန်နှင့် ရှောင်ရန်အတွက် ကျင့်ဝတ်များ ပညတ်ချက်များ ရှိခြင်းကြောင့်၊ ခူမီးလူမျိုး(Chin Tribe)တိုင်းမှာ အစိုင်များ(Clans)ကို သတ်မှတ် ခွဲခြား ထားခြင်း ဖြစ်ပါတယ်။

# သက်ရှိ ပလက်ဝမြို့နယ် (ပလက်ဝဒေသ) ဗြိတိသျှ လက်အောက်သို့ ကျရောက်ခြင်း သမိုင်းစဉ်

၁၇၂၆ ခုနှစ်မှ ဗြိတိသျှနယ်ချဲ့အစိုးရက ရခိုင်ပြည်နယ်ကိုသိမ်းပြီးနောက် ယခုကျောက်တော်မြို့နယ်ပိုင် ကျောက်တော်မြို့၏အထက် ကျောက်တော်မြို့မှ ၁၀ မိုင် ဝေးသော မျောက်တောင်ကျေးရွာအုပ်စုမှာ တပ်စခန်းချ၍ ၁၈၇၆၊ ခုနှစ် ခန့်မှာ မျောက်တောင်စခန်းမှ ပလက်ဝမြို့နယ်အတွင်းသို့ ချီတက်ဝင်ရောက်လာသည့်အခါ ယုထက်မရွာစခန်းမှ ဝစ်ကြိမ်၊ မီးဝကျေးရွာ၊ တုံးမားစမ္မန်ထောင်ရွာ၊ ခွန်းဆိပ်ရွာ၊ ကျီလေရွာ၊ ဒလက်မေရွာတို့မှပလက်ဝနယ်ရှိ လူမျိုးစုများစုပေါင်းကာကွယ်၍ အကြိမ်ကြိမ်တိုက်ကြသော်လည်း အားမတန်မာန်လျော့သည့်အတိုင်း ၁၈၈၆ ခုနှစ်မှာ ပလက်ဝမြို့ကို ရခိုင်မြောက်ပိုင်းစီရင်စုမြို့ တည်ထောင်ပြီး အုပ်ချုပ်ခဲ့ပါသည်။ ကျွန်တော်တို့ မူလတန်းပညာသင်ကျောင်းမှာ ရခိုင်မြောက်ပိုင်း စီရင်စုမြို့တော် ပလက်ဝမြို့ဟု ပြဋ္ဌာန်းသင်ကြားခဲ့ပါကြောင်း တင်ပြအပ်ပါသည်။ ပလက်ဝနယ်အတွင်း နေထိုင်လျက်ရှိကြတဲ့ ခူမီးလူမျိုးစုမှာ အစိုင်အလိုက် (By Each Clan) အောက်ပါလူကြီးများ (ဝါ) အစိုင်ခေါင်းဆောင်များ (Leader Clan of Khumi Race) တို့ကို တွေ့ရပါတယ်။ ၎င်းတို့မှာ—

(က) ဆတူအစိုင်မှဦးလိုင်လှိုး (U Lenglo of Satu Clan)

(ခ) ဟောင်ရုံအစိုင်မှ ဦးတုတ်ကင်း(U Took Htang of Temreng Clan)

(ဂ) ဆင်လားအစိုင်မှ ဦးအခါ (U Ak-ha of Sangla Clan)

(ဃ) ကက်စိုအစိုင်မှ ဦးဘန်လောက်(U Banglau of Kechy Clan)

(င) ရိတ်ခါအစိုင်မှ ဦးပင်ဘဲ(U Pangoi of Rakha Clan)

(စ) နဲ့မ်လောက်အစိုင်မှ ဦးဆွင်ရံ(U Suang-reng of Nemiau Clan)

တို့ဖြစ်ကြပါတယ်။

မျောက်တောင်တပ်စခန်းမှ ဗြိတိသျှနယ်ချဲ့အစိုးရ၏ ဖိတ်ကြားခြင်းကို အထက်ပါအစိုင်ခေါင်းဆောင်များ (ဝါ) လူမျိုးစု ခေါင်းဆောင်များဟာ လက်ခံပြီး တွေ့ဆုံဆွေးနွေးရန် မျောက်တောင်စခန်းသို့ လာခဲ့ကြပါတယ်။ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် ဗြိတိသျှအစိုးရ၏ တာဝန်ရှိအရာရှိကြီးက "ယခုအခါ လူကြီးမင်းတို့ မည်သို့မည်ပုံ အုပ်ချုပ်ကြပါသလဲ" ဟု မေးပါတယ်။ လူကြီးမင်းများက "ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အစိုင်အလိုက်(ဝါ) ဆွေမျိုးစုအလိုက်ဖြင့် အသီးသီး လူကြီးတင်မြှောက်၍ လူကြီးလုပ်သူက ကောင်းရာကောင်းကြောင်းကို လမ်းညွှန်ပြီး အုပ်ချုပ်ပါတယ်။ မကောင်းသူကို ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ပေးပါတယ်။ အလွန်ဆိုးဝါးပြီးဆိုဆုံးမ၍မရသူကို ကွပ်မျက်ပါတယ်။ တောင်ယာ လုပ်ကိုင်တဲ့အခါမှာလည်း လူကြီး၏ လမ်းညွှန်ချက်အရ လုပ်ကိုင်ကြပါတယ်။ ၎င်းပြင် တစ်နှစ်အတွင်း ရရှိသောစပါးများမှ တစ်အိမ်ထောင်သည် စပါး ဘဝန်၊ မုဆိုးဖိုသည် (အလတ်)၊ မုဆိုးမသည် (တစ်ပွာ) ပေးရပါတယ်။ နောက်မုဆိုးလိုက်သောအခါ သားကောင်ရရှိပါက ချေ၊ ဆတ်၊ ဝက် စသည့်အမဲကောင်၏ ပေါင်တစ်ဖက် (သို့မဟုတ်) လက်တစ်ဖက်ကိုလူကြီးအားပေးရသော ထုံးတမ်းဓလေ့ဖြင့် အုပ်ချုပ်ကြပါတယ်" ဟု ပြောကြားပါတယ်။

ထိုအခါ ဗြိတိသျှအစိုးရ၏ကိုယ်စားလှယ် အရာရှိကြီးက "လူကြီးမင်းတို့အား ကျွန်ုပ်တို့က လစာငွေပေးပါမယ်။ မိမိတို့အစိုင်လူထုထံမှ အခွန်အကောက်တို့ကိုမကောက်ခံကြနှင့်တော့။ ကျွန်ုပ်တို့ပေးသောလစာငွေဖြင့် နေထိုင်ကြပြီး ကျွန်ုပ်တို့ ဗြိတိသျှအစိုးရ (အင်္ဂလိပ်အစိုးရ) ၏ အုပ်ချုပ်ရေးကို လက်ခံကြပါ" ဟု ပြောပါတယ်။ အထက်ပါခေါင်းဆောင် ၅ ဦးတို့က လက်ခံကြောင်း ပြောပါတယ်။ ထိုနှစ် ၁၈၇၆ ခုနှစ် အတွင်းမှာပဲ မျောက်တောင်တပ်စခန်းမှရွှေ့ပြီး ကျောက်တော်မြို့နယ်မှ ၄၀ မိုင်ဝေးသည့် (ပလက်ဝ) နေရာမှာ အင်္ဂလိပ်တို့ တပ်စခန်းချခဲ့ပါတယ်။ အဲဒီနည်းလမ်းဖြင့် (ပလက်ဝဒေသ)သည် ဗြိတိသျှနယ်ချဲ့အစိုးရလက်အောက်သို့ ရောက်ရှိခဲ့ပါတယ်။

**ဗြိတိသျှခေတ် မကျရောက်မီနှင့် ယနေ့တိုင်ကျင့်သုံးလျက်ရှိသည့် (ပလက်ဝဒေသ) ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်မှုဓလေ့ထုံးစံ**

၁။ အုပ်ချုပ်ရေးစနစ်

အုပ်ချုပ်ရေးကဏ္ဍမှာ မိမိတို့မိသားစုများအချင်းချင်းအုပ်ချုပ်နေထိုင်ကြပြီး၊ ဥပမာ-အထက်ဖော်ပြပါ မျိုးနွယ်စု တစ်ခုခုမှ တစ်ဦးတစ်ယောက်ဖြစ်စေ၊ မိသားစု တစ်ခုခုမှ တစ်ဦးတစ်ယောက် ဖြစ်စေ အကျင့်စာရိတ္တပျက်ပြားပြီး ဆုံးမ၍မရနိုင်တော့သောအခါ မိမိတို့မျိုးနွယ်စု၊ မိသားစုက ဆုံးမကွပ်မျက်ခြင်းပြု၍ နေထိုင်ကြသည်။

၂။ တရားစီရင်မှု ဓလေ့ထုံးစံ

(က) ကြေးမြီပေးဆပ် ချေးယူခြင်းကဏ္ဍ။ မိမိတို့မိသားစုဖြစ်စေ၊ တစ်ခြားလူမျိုးစုယ်နှင့် ဖြစ်စေ အလိုရှိ၍ ငွေကြေးဖြစ်စေ၊ အခြား လူ့အသုံးအဆောင်ဆန်၊ စပါး၊ အခြား ပစ္စည်းများဖြစ်စေချေးယူ၍မပေးဆပ်နိုင်ဘဲကွယ်လွန်ခဲ့ပါသော်လည်း ထိုလူမျိုးစု၊ မိသားစုမပျောက်ကွယ်သမျှ ကာလပတ်လုံး သားစဉ်မြေးဆက်ထိ အစဉ်အဆက်ပေးဆပ်ရသော ဓလေ့ထုံးတမ်း ရှိပါတယ်။

(ခ) **လူသတ်မှု၊လူသေမှုကဏ္ဍ။** အကြောင်းတစ်ခုခုကြောင့် လူသတ်မှု ဖြစ်ခဲ့ပါမူ (ခေါင်းဖိုး) ဟုခေါ်သော သေဆုံးသူ၏ ဖခင်၊ ညီအစ်ကို၊ သား၊မြေးများအား ကျွန်တော်တို့၏ ထုံးစံအရပေးလျော်ရပါတယ်။ ကျူးလွန်ဖောက်ဖျက်သော ကာယကံရှင်မှ တစ်စုံတစ်ရာ ပေးလျော်ရန် ငွေကြေးမရှိသော်လည်း ၎င်း၏မျိုးနွယ်စု၊ မိသားစုများက စုပေါင်း၍ ပြေလည်သည်အထိ ပေးလျော်ရပါတယ်။

ဥပမာ– မျိုးနွယ်စု တစ်စုစုမှ ဖြစ်စေ၊ မိသားစု တစ်စုစုမှဖြစ်စေ တစ်ဦး တစ်ယောက်ကကျူးလွန်မိ၍ ၎င်းမိသားစုကသော်လည်းကောင်း၊ မျိုးနွယ်စုကသော်လည်းကောင်း (ခေါင်းဖိုး) ပေးလျော်ရန် လုံးဝမတတ်နိုင်သည့် အခြေအနေရှိသော်လည်း ၎င်းမျိုးနွယ်စု ပပျောက်သွားမှသာ လျော်ကြေးပေးရန်လွတ်ပါတယ်။

၎င်းမျိုးနွယ်စု၊ မိသားစုမှ တစ်ဦးတစ်ယောက်ကျန်ရှိသော်လည်း ထိုကျန်ရှိသော ပုဂ္ဂိုလ် က ပေး လျော်ရ သော ထုံးတမ်းရှိပါတယ်။

(ဂ) ၎င်းကျန်ရှိသော ပုဂ္ဂိုလ် တစ် ဦး တစ်ယောက်က ကျေ အောင် ပေး လျော်ရသည်ဆိုရာ၌ ထို တစ်ဦးတစ်ယောက်သောသူသည် လျော်ကြေးပေးလိုသောဆန္ဒရှိလျှင် ငွေ ကြေး မ ပြည့် စုံ ပါက ပလက်ဝမြို့နယ်ရှိ မိ သား စု အား လုံး

စုပေါင်းကူညီငွေ ထည့်ဝင်ကြပြီး လျော်ကြေးငွေ ကျေလည်အောင်ကူညီဖြေရှင်းပေးကြသော ဓလေ့ထုံးစံအရ ပြေလည်သည်အထိ ဖြေရှင်းပေးကြပါတယ်။

(ဃ) **လူသတ်မှု၏အပြစ်မှာ။** ယခု တည်ဆဲဥပဒေကဲ့သို့ရည်စူး၍ သတ်မှု အပြစ်၊ ရုတ်တရက် သဘောဖြစ်၍ သေဆုံးမှု၊ မတော်တဆသေဆုံးမှုအပြစ်ဟူ၍ အနိမ့်/အမြင့်ရှိပါတယ်။ ချေးငှားသော ငွေ/ကြေးပစ္စည်း၊ ကျွဲ၊ နွားအစရှိသည်တို့ကိုလည်း ထိုနည်းတူစွာ မျိုးနွယ်စု၊မိသားစုအနွယ် မပျောက်သမျှ ကာလပတ်လုံး နောက် ကျန်ရှိသောမျိုးနွယ်၊ မိသားစုအတွက်တစ်ဦး နောက်တစ်ဦးက ကျေလည်အောင် ပေးဆပ်ရပါတယ်။

(င) ယခု တည်ဆဲဥပဒေမှာ ၃ နှစ်မတောင်းဘဲ ကျန်ရှိသောကြွေးမြီကို သက်ဆိုင်ရာသို့ လျှောက် တင် ခြင်း မ ပြု ရ ဟု သတ်မှတ်သော်လည်း မိမိတို့ထုံးစံအရ ပေးလျော်ရသည်ဟု ထုံးစံရှိပါတယ်။

(စ) ထုံးစံအရပေးလျော်ရမည့် ထုံးတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်—

(၁) လူသတ်မှု ယောကျ်ား ဖြစ်က ခေါင်းဖိုးငွေ (၇၀ိ/–)

(၂) မိန်းမဖြစ်ပါက ခေါင်း ဖိုး ငွေ (၆၀ိ/–)

(၃) နွားနောက်တစ် ကောင်၏ တန်ဖိုး (၆ိ/–)

(၄) ကျွဲတစ်ကောင်၏တန်ဖိုး (၄ိ/–)

နွားတစ်ကောင်၏တန်ဖိုး(၁၅ိ/–)

မောင်းတစ်လုံး၏တန်ဖိုး (၃၀ိ/–)မှ (၁၀၀ိ/–)

ဖလားတစ်လုံး၏တန်ဖိုး ( ၁၀ိ/–)မှ (၂၀ိ/–)

စသည်ဖြင့် သတ်မှတ်၍ လျော်ကြေး ကိစ္စ များ ဆွေးနွေးသည့်အခါ၊ တန်ဖိုးမှ ငွေကြေးနှင့် မသတ်မှတ်ဘဲ နွားနောက်ကောင်ရေ မည်မျှရှိသင့်တယ်၊ ကျွဲကောင်ရေမည်မျှသင့်တော်တယ်၊ နွားကောင်ရေ မည်မျှ သင့်တော်တယ်လို့ သတ်မှတ်ကာ တရားခံ လူကြီးများကဆုံးဖြတ်သည်ကို လိုက်နာကြပါတယ်။

(ဆ) ကျေးရွာတရားသူကြီး ဆိုတာဟာ ယခုအခါကဲ့သို့ ကျေးရွာအုပ်စု၊ ကျေးရွာလူကြီး ကဲ့သို့ မိမိတို့ မျိုး နွယ်စု၊ မိမိတို့ မိသားစုအနက် မှ တစ် ဦးဦးကိုတင်၍ မိမိ တို့မျိုးနွယ်စု၊ မိမိတို့မိသားစုများကို အုပ်ချုပ်၍ အမှုငယ်များကို ဖြေရှင်းကြပါတယ်။ အကယ်၍ အမှုကြီးဖြစ်ခဲ့ပါမူ ပလက်ဝ မြို့နယ်အတွင်း ရှိ မျိုးနွယ်စု၊ မိသားစုထဲမှ ခေါင်းဆောင်များ ၃ ဦး ဖြစ် စေ၊ ၅ ဦး ဖြစ် စေ တရားလို/တရား ခံ များ က ဖိတ် ခေါ် ပြီး ခေါင်း ဆောင် များ ဆုံးဖြတ်သည်ကို နာခံကြရပါတယ်။

(ဇ) အထက်ပါ လူကြီးများ၏ ဆုံးဖြတ်သည်ကို တရားလိုကဖြစ်စေ၊ တရားခံက ဖြစ်စေ မကျေနပ်၍ဖြေရှင်းပြီးပြတ်ခြင်း မရှိပါက တစ်ဦးနှင့်တစ်ဦး၊ မီးမစား၊ ရေမသောက် ရှောင်ကြပြီး နောက် တစ်နေ့နေ့တွင် ဖြေရှင်းသော အဖြစ်သို့ ရောက်မြဲရှိပါတယ်။

(ဈ) ထုံးတမ်းအရ ဆုံးဖြတ်ချက်များ—

ယခုအခါ နိုင်ငံတော်၏ ရာဇဝတ်မှုအရ အပြစ်ပေးခံရသော အမှုများသည် ဥပဒေအရ အပြစ်ပေးရာတွင် ထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်

ဖြစ်စေ အပြစ်ပေး ခံရစေကာမူ ကျွန်တော်တို့ ခူမီး လူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ လျော်ကြေးငွေကို ဆွေမျိုးမိသားစုကဖြစ်စေ၊ မိသားစု/မျိုးနွယ်စုကဖြစ်စေ အပေါ်က ပြစ်ဒဏ်များကို လျော်ကြေးပေးရလေ့ရှိပါတယ်။

(ည) ထို့ကြောင့် ကျွန်တော်တို့၏ ထုံးစံအရ နိုင်ငံတော်က ပြစ်ဒဏ်ချမှတ်သည်ကို ခံရသည့်အပြင် မိမိတို့ ထုံးစံဓလေ့အရလည်း ပေးလျော်ရသော ထုံးစံဓလေ့ရှိခြင်းကြောင့် တမင်ရွယ်စူး၍ လူသတ်မှု ဖြစ်ပွားခြင်း မရှိသလောက် ဖြစ်ပြီး ရုတ်တရက်သေမှု၊ မတော်တဆသေမှုများသာ အနည်းအကျဉ်း ဖြစ်ပွားခြင်း ရှိပါတယ်။

သို့ပါ၍ ကျွန်တော်တို့ ခူမီးမျိုးနွယ်စုများ လူသတ်မှု ဖြစ်ပွားသည့်အခါ တရားလို/တရားခံ ၂ ဦးသဘောတူ ပြေငြိမ်းခွင့် တောင်းလေ့ ရှိပါတယ်။ ယခုအချိန်ထိ လူသတ်မှုတွင် တရားလို/တရားခံ ၂ ဦးသဘောတူ ပြေငြိမ်းခွင့် တောင်း၍ ပြည်နယ်မှသဘောတူခွင့်ပြုချက်ရယူပြီး၊ နိုင်ငံတော်၏ဥပဒေအရ အရေးမယူဘဲ မိမိတို့ထုံးစံဓလေ့ဖြင့် ပြေငြိမ်းကာ (ခေါင်းဖိုး) ဟူသော လျော်ကြေးပေး၍ ကျေအေးသော အမှုလည်းရှိကြောင်းတင်ပြအပ်ပါတယ်။

(ဋ) အထက်ပါ ခေါင်းဖိုးလျော်ကြေး သတ်မှတ်သော အပိုဒ် (ည) ကို အပိုဒ် (စ) တွင် ဖော်ပြထားသည့် တန်ဖိုးဖြတ်နည်းအရ နွားနောက်၊ ကျွဲ၊ နွား၊ မောင်း၊ ဖလားအစရှိသော တန်ဖိုးငွေ သတ်မှတ်ရာ၌ တရားသေမဟုတ်ဘဲ ခေတ်အလိုက် အနိမ့်/အမြင့်ဈေးနှုန်း သတ်မှတ်၍ ပေးလျော်ရပါတယ်။

သို့ပါ၍ ကျွန်တော်တို့ (ပလက်ဝနယ်) အား "ပလက်ဝတောင်တန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" (Paletwa Hills Self Administered Division) သတ်မှတ်ပေးတဲ့အခါ နိုင်ငံတော်၏ ဥပဒေနှင့် မဆန့်ကျင်သော မိမိတို့ ထုံးတမ်းစဉ်လာ ဥပဒေရေးဆွဲခွင့်၊ လွှတ်တော် (သို့မဟုတ်) ဥပဒေရေးဆွဲခွင့်ရအဖွဲ့ကို ဖွဲ့စည်းခွင့်ပြုရန် လိုအပ်ပါကြောင်း တင်ပြတောင်းခံအပ်ပါတယ်။

ယခု အစည်းအဝေး တက်ရောက်လာကြတဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင် လူကြီးများ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများလည်း ကျွန်တော်တို့ ပလက်ဝနယ် (ပလက်ဝဒေသ) ၏ အထက်ဖော်ပြပါ အကြောင်းများကို ထောက်ရှုပြီး ထောက်ခံကြပါမယ်ဟု ယုံကြည်စွာဖြင့် ဆန္ဒပြုရင်း နိဂုံးချုပ် တင်ပြအပ်ပါတယ်။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သောကချင်ပြည်နယ်မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် (၄) ဦး]

**အခမ်းအနားမှူး။** ။အခုဆက်လက်ပြီး ကချင်ပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၄ ဦး ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။ ဦးကျော်စိုးလေးအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်စိုးလေး ( တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့)။** လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီး များ ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်က တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဦးကျော်စိုးလေး ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ကပြုစုတင်ပြထားတဲ့နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့ စည်း တည် ဆောက် ပုံနဲ့ နိုင်ငံတော် အကြီးအကဲအခန်းများနဲ့ စပ်လျဉ်းတဲ့ စာတမ်းပါ အ ခြေ ခံ မူများကို ကျွန်တော်တို့ ကချင်ပြည်နယ် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် အားလုံးက သဘောတူညီပြီး ဖြစ်ကြောင်း ဦးစွာ တင်ပြလိုပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** ကျွန်တော် အနေနဲ့ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးမှာ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းထဲက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနဲ့ ပတ်သက်ပြီး ကချင်ပြည်နယ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၇ဦး ရှိတဲ့ အ နက် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှ ဦးကျော်စိုးလေး၊ မိုးကောင်းမြို့နယ်မှ ဦးစောခွန်ထွန်း၊ ပူတာအိုမြို့နယ်မှ ဦးဝါရဲဂျာနဲ့ ဦးမန်ဂူထတန်တို့ ၄ ဦးရဲ့ ကိုယ်စား သီးခြားအကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးက တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ရရှိပြီးဖြစ်တဲ့တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့်လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ပေးရန် ဆိုတဲ့ အခြေခံမူတစ်ရပ် ချမှတ်ထားတာကို တွေ့ ရ လို့ ကျွန်တော်တို့ ဒေသခံ တိုင်းရင်းသားလူမျိုးများက ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။

အခုလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်စေပြီး တိုင်း ရင်းသား လူမျိုးစုများ အား လုံး က သဘောတူ ကြည်ဖြူစေနိုင်တဲ့ အခွင့်အလမ်းတွေကို စီမံဖန်တီးပေးခြင်းဟာ ညီညွတ်မှုတပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုကို ဖော်ဆောင် ရာ ရောက် လို့ သင့်မြတ်လျော်ကန်လှပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။**

ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ မြန်မာပြည် မြောက်ဘက် တောင်ကုန်းဒေသမှာ တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပါတယ်။ ကချင်ပြည်နယ်ကိုလည်း မြစ်ကြီးနားခရိုင်၊ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်(၃)ခရိုင်၊ မြို့နယ်(၁၈)မြို့နယ်တို့နဲ့ဖွဲ့စည်းထားပါတယ်။လူမျိုးတွေကတော့ ဂျိန်းဖော၊ရဝမ်၊လီဆူ၊ အဇီး၊ မရူ ခေါ် လော်ဝေါ်လရှီ (ခ) လာချိတ်၊ တိုင်းလုံ၊ တိုင်းလျှန်၊ တိုင်းလိ၊ တိုင်းခန္တီး၊ ဗမာနဲ့ အခြား တိုင်းရင်းသားများ ဖြစ်ကြပါတယ်။ လူဦးရေကတော့ စုစုပေါင်း(၁၀)သိန်းကျော်ရှိပြီး ပြည်နယ်ရဲ့ အကျယ်အဝန်းဟာ ၃၃၉၀၂ ရီယာစတုရန်းမိုင်ရှိပါတယ်။ ဒါပေမယ့် နေထိုင်မှုလူဦးရေကျဲပြီး စတုရန်း တစ်မိုင်အတွင်း လူနေသိပ်သည်းမှုဟာ (၁၉) ယောက်နှုန်းမျှသာ ရှိပါတယ်။

ယခုအချိန်ဟာ တိုင်းရင်းသား လူမျိုးအချင်းချင်း ပြန်လည် စည်းလုံးညီညွတ်ပြီး သင့်မြတ်ချိန်တန်ပြီလို့ ခံယူထားတဲ့အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကြရန် ဖိတ်ခေါ်လျက် ရှိပါတယ်။

အဲဒီ ဖိတ်ခေါ်ချက်အရ ကချင်ပြည်နယ်ကကေအိုင်အို အဖွဲ့အစည်းဟာ အပြန်အလှန်နားလည်မှုရှိရှိနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ကြတဲ့အတွက် ယခုဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ ငြိမ်းချမ်းသာယာနေပါပြီ။ အလားတူ နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ မှန်ကန်သော ဆောင်ရွက်ချက်များကို လက်ခံခဲ့ကြတဲ့တောတွင်းလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ခုဟာ လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ဆောင်ရွက်နေကြပါပြီ။

အဲဒီလိုပဲ ကရင်၊ ကရင်နီနဲ့ မွန်တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေ အားလုံး ငြိမ်းချမ်းရေး ရယူကြမယ်ဆိုရင် ကျွန်တော်တို့ပြည်တောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီးအဖြစ် အချိန်တိုတိုအတွင်းမှာ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။**

ယခုဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ် ကြီး ငြိမ်းချမ်းသာယာလာတဲ့အတွက် ကချင်ပြည်နယ် တိုင်းရင်းသား ပြည်သူအားလုံးက မကြုံစဖူးထူးကဲစွာ ဝမ်းပန်းတသာ ဖြစ်နေကြပါတယ်။ ထို့ထက်ပိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတာကတော့ အမျိုးသားညီလာခံက ပြည်နယ်ရရှိပြီး တိုင်းရင်းသားလူမျိုးများမှ အပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုး များ ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေးရန်ဆိုတဲ့ အခြေခံမူတစ်ရပ် ချမှတ်ထားခြင်းပဲဖြစ်ပါတယ်။

ဒီနေရာမှာ ကချင်ပြည်နယ်အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ရေးကိစ္စနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ကချင်ပြည်နယ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၇ ဦးရှိရာ ၇ ဦး စလုံးရဲ့ ဆန္ဒသဘောထားနဲ့ လိုအင်ဆန္ဒတွေကို ဦးစွာညှိနှိုင်းရယူခဲ့ကြပါတယ်။ အဲဒီလို ညှိနှိုင်းကြတဲ့အခါ ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ သမိုင်းကြောင်းနောက်ခံပထဝီအနေအထား လူမျိုးစုအခြေအနေများကို ယထာဘူတကျကျ ရှုမြင်သုံးသပ်ပြီး ဆန္ဒနဲ့ဘဝပေါင်းစပ်ကာ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ ညီညွတ် ပြည့်စုံတဲ့ တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ သတ်မှတ်ပေးဖို့ တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။

ဒါကြောင့် ကျွန်တော်တို့က ကချင်ပြည်နယ်အတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအဖြစ် သတ်မှတ် ပေးစေလိုတဲ့ နယ်မြေများကတော့ မြစ်ကြီးနားခရိုင်နဲ့ ဗန်းမော်ခရိုင်အတွင်းက မြေပြန့်ဒေသနဲ့ ပူတာအိုဒေသတို့ပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။ မြစ်ကြီးနားခရိုင်နဲ့ ဗန်းမော်ခရိုင် မြေပြန့်ဒေသမှာ အများစုနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးတွေကတော့ တိုင်းလုံ၊ တိုင်းလျှန်၊ တိုင်းလေနဲ့ တိုင်းခန္တီးတို့ဖြစ်ကြပါတယ်။ အဲဒီလူမျိုးတွေဟာ ကချင်ပြည်နယ် မြေပြန့်ရှမ်းလူမျိုးနွယ်စုဝင်တွေ ဖြစ်ကြပါတယ်။ ကချင်တိုင်းရင်းသား လူမျိုးများနဲ့လည်း သမိုင်းစဉ်ဆက် ချစ်ကြည်ပေါင်းဖက်လျက် အတူတကွ နေထိုင်လာခဲ့ကြသူများဖြစ်ပါတယ်။

အဲဒီ မြေပြန့်ရှမ်းမျိုးနွယ်စုဝင်တွေဟာ နယ်မြေတစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မံစီမြို့နယ်တွေမှာ တစ်စုတစ်စည်းတည်း နေထိုင်လျက်ရှိပြီး ၁၉၉၂ ခုနှစ် စာရင်းအရ လူဦးရေ(၂၀၃၃၁၅)ဦးရှိပါတယ်။

ဒါကြောင့် ကချင်ပြည်နယ် မြေပြန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မံစီမြို့နယ်တို့ကိုစုစည်းပြီး သတ်မှတ်ပေးစေလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။ ကချင်ပြည်နယ် ပူတာအိုဒေသကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ်ပေးစေလိုပါတယ်။ ပူတာအိုဒေသဟာ မြန်မာ့ မြောက်ဖျားစွန်းမှာ တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှန်းလှပါတယ်။ ထို့ပြင်စီးပွားရေးအရ တိုးတက်မှုနှောင့်နှေးနေပြီး ဒေသဖွံ့ဖြိုးရေးမှာလည်း နောက်ကျကျန်ရစ်နေပါသေးတယ်။ ပူတာအိုဒေသမှာ အများစုနေထိုင်ကြတဲ့ လူမျိုးတွေကတော့ လီဆူ၊ ရဝမ်နဲ့ တိုင်းခန္တီးတို့ပဲဖြစ်ပါတယ်။ အဲဒီ လူမျိုးတွေဟာ နယ်မြေ တစ်ဆက် တစ်စပ်တည်းဖြစ်တဲ့ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူနဲ့ ဆွမ်ပရာဘွမ် မြို့နယ်တွေမှာ တစ်စုတစ်စည်းတည်း နေထိုင်လျက်ရှိပြီး ၁၉၉၂ ခုနှစ် စာရင်းအရ လူဦးရေ (၁၀၄၁၄၅) ဦးရှိပါတယ်။

ဒါကြောင့် ကချင်ပြည်နယ်၊ ပူတာအို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူနဲ့ ဆွမ်ပရာဘွမ် မြို့နယ်တွေကို စုစည်းပြီး သတ်မှတ်ပေးစေလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။ ယခင်က ပူတာအိုခရိုင်မှာ ခန္တီးလုံဒေသ ဆိုတာရှိခဲ့ပြီး ခန္တီးလုံ အုပ်ချုပ်ရေးအမိန့်နဲ့ သီးခြားစီမံအုပ်ချုပ်ခဲ့တဲ့သာဓကများ ရှိခဲ့ပါတယ်။ မြစ်ကြီးနားခရိုင်နဲ့ ဗန်းမော်ခရိုင်မှာတော့ အထူးအုပ်ချုပ်ရေးအမိန့်တွေမရှိခဲ့ဘဲ ကျန်ဥပဒေများနဲ့သာ စီမံအုပ်ချုပ်ခဲ့ပါတယ်။

ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုကို ဦးတည်ဖော်ဆောင် ညည်းရုံးယူနေတဲ့ ကာလဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးကလည်း ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာရေးအတွက် အစွမ်းကုန်အားထုတ်ကြိုးပမ်းနေကြပါတယ်။ ဒီနေရာမှာကျွန်တော်တို့ ဒေသခံတိုင်းရင်းသားလူမျိုးတစ်မျိုးနဲ့ တစ်မျိုး အပြန်အလှန် နားလည်လေးစားမှု၊ သံသယကင်းပြီး သဘောထားကြီးမှုတို့နဲ့အတူ ကိုယ့်ဒေသနဲ့ကိုယ့်လူမျိုး ကိုယ့်စီမံခန့်ခွဲခွင့် ရရှိနိုင်တဲ့ နည်းလမ်းတွေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က စေတနာမေတ္တာ မှန်ကန်စွာနဲ့ ချမှတ်ပေးနေတဲ့ အချိန်မှာ တိုင်းရင်းသား လူမျိုးနွယ်စုအားလုံးဟာ လူမျိုးစုံ အုပ်စုစုံ ကင်းဝေးပြီး စည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာသိပ်သည်းနေဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ဒေသများသတ်မှတ်ပေးရခြင်းရဲ့ အနှစ်သာရပြည့်ဝမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။ ကျွန်တော်တို့ကချင်ပြည်နယ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအနေနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသများသတ်မှတ်ပေးရေးကိစ္စနဲ့ စပ်လျဉ်းပြီး အလေးအနက်ထားကာ အကြံပြု ဆွေးနွေးတင်ပြလိုပါတယ်။

အဲဒါကတော့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရဒေသ အမည်များကို လူမျိုးအမည်နဲ့မှည့်ခေါ် သုံးနှုန်းခြင်းမပြုဖို့ဘဲဖြစ်ပါ တယ်။ ယခုအခါ မည်သည့်ဒေသ၊ မည်သည့်နယ် မြေတွေမဆို လူမျိုးတစ်မျိုးတည်း သီးခြားနေထိုင် ကြ ခြင်း မျိုး မ ရှိ တာ ကို တွေ့ ရမှာဖြစ်ပါတယ်။ အလားတူ ယခုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ဒေသများအဖြစ် တင်ပြတောင်းဆိုကြမည့် နယ် မြေဒေသများမှာလည်း လူမျိုးတစ်မျိုးတည်းသာ ရှိမည်မဟုတ်ပါ။ ဥပမာ ကျွန်တော်တို့ ကချင်ပြည် နယ်၊ ပူတာအိုဒေသဟာ ယခင်ခန္တီးရှမ်းများရဲ့ ခန္တီးလုံအုပ်ချုပ်ရေး ဒေသ ဖြစ်ခဲ့သော်လည်း ယခု အခါ ပူတာအိုဒေသမှာ အများစုနေထိုင်တဲ့လူမျိုးက လီဆူဖြစ်လို့ လီဆူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုပြီး သတ်မှတ်ပြဋ္ဌာန်းလိုက်ရင် အဲဒီ ဒေသ အတွင်းမှာ စုပေါင်းနေထိုင်ခဲ့ကြတဲ့ ရဝမ်နဲ့ ခန္တီးရှမ်းလူမျိုးများ က ငြင်းဆိုဖွယ်ရာဖြစ်လာကြပါလိမ့်မယ်။

ဒါကြောင့် ကျွန် တော် တို့ ကချင်ပြည်နယ် ကိုယ်စားလှယ်များအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမည် များကို တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမို ပေါ်လွင်လာစေရေးအတွက် ဒေသ တစ်ခုခု၏ အမည်သို့မဟုတ် နံပါတ်စဉ်တပ်၍ ခေါ်ဝေါ်သုံး နှုန်းခြင်းက အထူးသင့်မြတ် လျော်ကန်မယ်လို့ တင်မြင်ယူဆမိပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများကို အမျိုးသားညီလာခံ တစ်ပါတည်း သတ်မှတ်ပေးဖို့ သင့်မသင့် ကိစ္စနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ ကချင်ပြည်နယ်ကိုယ်စား လှယ်များရဲ့ ဆန္ဒသဘောထားကို အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့အခြေခံမှုကို လေ့လာကြည့်မယ်ဆိုရင်နိုင်ငံတော်ကိုပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဆိုတဲ့ အခြေခံမှုနဲ့ တိုင်းဒေသကြီး (၇) ခုနဲ့၊ ပြည်နယ် (၇) ပြည်နယ် တို့သည် အဆင့်အတန်းတူညီကြသည်ဆိုတဲ့အခြေခံမှု တို့ကို တွေ့ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ လူမျိုးစဉ်ဆက် ဆင်းသက်လာမှုကို ချဉ်းကပ်လေ့လာကြည့်ပါက ကျွန် တော် တို့ တိုင်း ရင်း သား လူမျိုး တွေ ဟာ မျိုးရင်းစုကြီးတစ်ခုတည်းက ဆင်းသက်ပေါက်ဖွား လာကြသူများဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ နိုင်ငံဟာ အခြားနိုင်ငံတွေလို သီးခြားနိုင်ငံငယ် လေးများနဲ့ စုစည်းဖွဲ့စည်းထားတဲ့ နိုင်ငံမဟုတ်ဘဲ သမိုင်းစဉ် တစ်လျှောက် အတူတကွ တိုးတက် ဖြစ်ထွန်းလာတဲ့ လူမျိုးနွယ်ဖွားတွေရဲ့ ဒေသတွေကို စုစည်း ဖွဲ့စည်း တည်ဆောက် ထားတဲ့ နိုင်ငံ ဖြစ် ပါတယ်။ တစ်နည်းအားဖြင့် ကိုယ့် လူမျိုး ကိုယ့်သားချင်း ကိုယ့်ဆွေရင်း မျိုးချာတွေနဲ့ ပေါင်းစည်းထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန် တော် တို့ နိုင် ငံ ကို ပြည် ထောင် စု နည်း၊ ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းတည်ဆောက်ခြင်းဟာ အထူးကောင်းမြတ် လျော်ကန်လှပါတယ်။

ဒါနဲ့ဆက်စပ်ပြီး တင်ပြရရင် တိုင်းဒေသကြီး (၇)ခုနဲ့ ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့် အတန်း တူညီကြသည်ဆိုတဲ့ အခြေခံမှုနဲ့အညီ ပြည်ထောင်စုအဖွဲ့ဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေရဲ့ နယ်မြေဒေသအကျယ်အဝန်း၊ လူဦးရေ ပမာဏနဲ့ စီးပွားရေးနေအင်အားတွေဟာ သင့်တင့် မျှတ လိုက်လျောညီထွေစွာ တူညီမျှတနေဖို့ လိုအပ် မှာ ဖြစ်ပါတယ်။ ဒါမှလည်း အဆင့်အတန်း တူညီ ကြသည်ဆိုတဲ့ အခြေခံမှုနဲ့ ကိုက်ညီမှာဖြစ်ပါတယ်၊

ဆွေးနွေးအပ်တဲ့ ဘာသာပတိကြီးခင်ဗျား။ ယခုအမျိုးသား ညီလာခံကြီးက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့အညီ ဆန္ဒပြုတင်ပြတောင်းခံလာတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို အမျိုးသားညီလာခံကြီးက ဆုံးဖြတ်နိုင်ရန်အတွက် အမျိုးသားညီလာခံ ကျင်းပနေစဉ်ကာလအတွင်း နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက်ပေးပါက အများကင်းအမြင်ရှင်းပြီး တိကျခိုင်မာမှုရှိမယ်လို့ ယူဆမိပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်က ဆန္ဒပြုထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနဲ့ စပ်လျဉ်းပြီးတော့လဲ မဖြစ်မနေသတ်မှတ်ပြဋ္ဌာန်းပေးရန် မဟုတ်ဘဲ အမျိုးသားညီလာခံကြီးက သင့်လျော်သလို စီစဉ်ချမှတ်ပေးရန် ဖြစ်ပါတယ်။

ဒါမှလည်း ကျွန်တော်တို့ မျှော်မှန်းနေကြတဲ့ ခေတ်မီနိုင်ငံတော်ကြီးကို စနစ်တကျတောင့်တင်းခိုင်မာဖွံ့ဖြိုးတိုးတက်အောင် ဖွဲ့စည်းတည်ဆောက်နိုင်မှာဖြစ်ပြီး တိုင်းရင်းသားပြည်သူများရဲ့ အခြေခံအကျိုးစီးပွားကို လက်တွေ့အကျဆုံးနဲ့အမြင့်မားဆုံးဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါကြောင်း အလေးအနက် အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတက်ခင်ဗျား။

(သြဘာသံများ)

မှတ်ချက်။ [ချင်းဝိသေသတိုင်း၊ မြို့နယ်များ ပိုင်းခြားသတ်မှတ်ကြောင်းထုတ်ပြန်သည့် ချင်းဝိသေသတိုင်း၊ တိုင်းမင်းကြီးရုံး၏၁၆-၄-၆၈ ရက်စွဲပါ အမှာစာကို နောက်ဆက်တွဲ(စ)ဖြင့်လည်းကောင်း

- HISTORICAL EVENTS IN "NORTHERN ARAKAN HILL TRACTS" OF ARAKAN UNDER BRITISH ADMINISTRATION FROM 1868 TO 1876 ကိုနောက်ဆက်တွဲ (ဆ) ဖြင့်လည်းကောင်း၊
- ပရပိတ သာသနာပြု လုပ်ငန်းကို ပါဝင်ဆောင်ရွက် စည်းရုံးပေးသော ပုဂ္ဂိုလ်များစာရင်းကို နောက်ဆက်တွဲ (ဇ) ဖြင့်လည်းကောင်း၊
- ကျေးရွာများမှ သာသနာဝင်များ မှတ်တမ်းကို နောက်ဆက်တွဲ (ဈ) ဖြင့်လည်းကောင်း၊
- ပလက်ဝမြို့နယ်မြေပုံကို နောက်ဆက်တွဲ(ည) ဖြင့်လည်းကောင်း၊ ဖော်ပြထားပါသည်။]

အုခမ်းအနားမှူး။ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ ဒီနေ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေး ပြီးဆုံးပါပြီ။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မနက်ဖြန် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်၊ ကြာသပတေးနေ့၊ နံနက် ၉ နာရီအချိန်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းကြေညာပါတယ်။

(သြဘာသံများ)

သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ ပါတော့မယ်ခင်ဗျား။

[အမျိုးသားညီလာခံ ၂၄ ရက်မြောက်နေ့ အစည်းအဝေး ၁၆၃၅ နာရီအချိန်တွင် ကျင်းပပြီးစီးပါသည်။]

မြေပုံကြမ်းများပါသည်

နောက်ဆက်တွဲ ၇-လ ၏ နောက်ဆက်တွဲ (ဝ)။

ဝဒအမှတ် ၁၇၇/၂၈-၂။

ချင်းဝိဒေသသတိုင်း၊ တိုင်းမင်းကြီးရုံး

ဖလမ်းမြို့

နေ့စွဲ ၁၉၆၈ ခု ဧပြီလ ၁၆ ရက်

အမှာ၁၀၁

အကြောင်းအရာ။ ချင်းဝိဒေသတိုင်း၊ မြို့နယ်များ ပိုင်းခြားသတ်မှတ်ခြင်းနှင့် မြို့ပိုင်/ လက်ထောက်မြို့ပိုင်များအတွက် ရုံးစိုက်ရန် နေရာများ ရွေးချယ်သတ်မှတ်ခြင်း။

ရည်ညွှန်းချက်။ ချင်း ရေး ရာ ဦး စီး အ ဖွဲ့ ရုံး ၏ (၂၂-၁၂-၆၂) နေ့ စွဲ ပါ အ မှာ စာ အ မှတ်၊ ၇၁၁၀၅၆/၁။ ၂၂-၁၁-၆၂ နေ့ စွဲ ပါ အ မှာ စာ အ မှတ်၊ ၇၁၁၀၅၆/၂ နှင့် ၂၂-၁၂-၆၂ နေ့စွဲပါ အမှာစာ အမှတ်၊ ၇၁၁၀၅၆/၃။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ၁၉၆၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပသော ချင်းဝိဒေသတိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီက အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်နှင့် အုပ်ချုပ်မှုလွယ်ကူရန်အလို့ငှာ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်များ အတွက် ရုံးစိုက်ရန် ရွေးချယ်ထားသည့် နေရာများကို အခြေပြု၍ ဤတိုင်းရှိ နယ်ပိုင် နယ်အသီးသီးမှ အောက်ပါအတိုင်း မြို့နယ်များကို ယာယီအစီအစဉ်ဖြင့် ဖွဲ့စည်းသတ်မှတ်လိုက်သည်။

| နယ်ပိုင်နယ် (၁) | မြို့နယ်အမည် (၂) | မြို့နယ်တွင် ပါဝင်သည့် တိုက်နယ် (၃) | မြို့ပိုင်/လက်ထောက်မြို့ပိုင်များ ရုံးစိုက်ရာဌာန (၄) |
|---|---|---|---|
| | **ဖလမ်းခရိုင်** | | |
| | × | × | × |
| | × | × | × |
| | **မင်းတပ်ခရိုင်** | | |
| | × | × | × |
| | × | × | × |
| ၃။ ပလက်ဝနယ် .... | ၁။ ပလက်ဝမြို့နယ် (မြို့ပိုင်) | ၆ | ပလက်ဝမြို့ |
| | | ၇ | |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |
| | ၂။ ဒလက်ပေမြို့နယ် (လထမပ) | ၁ | ဒလက်ပေရွာ |
| | | ၂ | |
| | | ၃ | |
| | | ၄ | |
| | | ၅ | |
| | ၃။ သမိန်မြို့နယ် (မြို့ပိုင်) | ၁၁ | သမိန်ရွာ |
| | | ၁၂ | |
| | | ၁၃ | |
| | | ၁၄ | |
| | ၄။ အထက်သံတောင် (လထမပ) | ၁၅ | အထက်သံတောင်ရွာ |
| | | ၁၆ | |

၂။ မြို့ပိုင်နှင့် လက်ထောက် မြို့ပိုင်များသည် မိမိတို့၏ အထွေထွေအုပ်ချုပ်ရေးနှင့် တရားရေးတာဝန်များသာ မဟုတ်ဘဲ အဓိကအားဖြင့် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးကိစ္စ အဝဝကို မိမိမြို့နယ်အတွင်း ကျယ်ပြန့်တင်းပြည့် အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင် ရာ ဒေသ ကျေးရွာလူထု လုပ်သားပြည်သူများနှင့် လက်တွဲဆောင်ရွက်ရန်တစ်ကြောင်း သတိချပ်စေအပ်ပါသည်။

၃။ ဖလမ်းမြို့ပိုင်သည် နောက်ထပ် အကြောင်းတစ်စုံတစ်ရာမရှိမည့် အတွင်း တီးဘွယ်မြို့နယ်အတွက် သတ်မှတ်ထားသော နယ်ပယ်ကိုပါ ယာယီအစီအစဉ်အားဖြင့် တာဝန်ယူ ပူးတွဲဆောင်ရွက်ရပါမည်။ ထိုနည်းတူစွာ မင်းတပ်မြို့ပိုင်သည်လည်း မင်းတပ်တွင် အခြေစိုက်၍ မြို့နယ်အတွက် သတ်မှတ်ထားသော နယ်ပယ်ဒေသအတွက် တာဝန်ယူရပါမည်။

၄။ ဖလမ်း၊ မင်းတပ်ခရိုင်ဝန်များနှင့် ပလက်ဝ နယ်ပိုင်ဝန်ထောက်သည် အထက်ပါ အစီအစဉ်အတိုင်း မည်သည့်ဝန်ထမ်းကို မည်သည့်နေရာသို့ စေလွှတ်ခြင်း အစရှိသည်များကို ပြည့်စုံစွာ အစီရင်ခံရန်နှင့် မရှင်းလင်းသော အချက်အလက်များရှိပါက အခါအားလျော်စွာ တိုင်းမင်းကြီးရုံးနှင့် ဆက်သွယ်စေရန် ဖြစ်ပါသည်။

(ပုံ)
(ထောင်ကျင်းထန်)
ချင်းဝိသေသတိုင်း၊ ဖလမ်းမြို့

ခရိုင်ဝန်၊ ဖလမ်းမြို့
ခရိုင်ဝန်၊ မင်းတပ်မြို့
နယ်ပိုင်ဝန်ထောက်၊ ပလက်ဝမြို့

နောက်ဆက်တွဲ ၃-ဃ ၏ နောက်ဆက်တွဲ (ဆ)

# HISTORICAL EVENTS IN "NORTHERN ARAKAN HILL TRACKS," OF ARAKAN UNDER BRITISH ADMINISTRATION

## FROM 1868 TO 1876

## HISTORICAL EVENTS IN "NORTHERN ARAKAN HILL TRACTS".

(Extracts from "Administration Reports of British Burma)."

. Arakan, originally a powerful kingdom conquered by the Burmese, and taken from them by the British after the first Burmese war in 1825, and having an area of 18529 square miles, lies between the Naf estuary and Cape Negrais, and is bounded on the South and West by the Sea, and on the North and East, by the high chain of mountains which, forming the Eastern boundary of Bengal trends from the South eastern extremity of Sylhet and Cachar in a south westerly direction as far as the Fenny River, and from about the 23rd parallel of North latitude turns southeast for 360 geographical miles, when turning again to the westward of south it gradually diminishes both in breadth and elevation till it ends 15 or 16 miles southeast of the rocky promontory of Cape Negrais at Pagoda Point, called by the Burmese "Hmau-deng". This chain, though of considerable height to the north (the blue Mountain is supposed to be 8000 feet above the sea level), diminishes in altitude as it reaches Arakan, and none of the passes across it in that portion of its length are more than 4000 feet above the sea and the Aeng pass into the valley of the Irrawaddy much less. From Combermere Bay, 25 miles south of Akyab, the coast is rugged and rocky offering few harbours for ships: Kyouk Phyoo harbour inside the island of Ramree is safe and easy of approach, and at the mouth of the Gwa river further south there is a fairly sheltered roadstead and an inner harbour easy of accoss through a channel with two fathoms of water at low tide; the rose and fall of the tide is 7 feet only. The coast is studded with fertile islands the largest of which are Cheduba and Ramree. Owing to the nearness of the range which bounds Arakan there are no large rivers: the principal ones are the Naf estuary on the extreme west, the Mroo river, an arm of the sea about 40 miles to the eastward and from 3 to 4 miles broad at its mouth and extending more than 50 miles inland; and the Koladan or Arakan River rising some where near the Blue Mountain in 23° N. about and which is navigable for 50 odd miles by vessels of 300 or 400 tons burden, and on the right bank of which, close to its mouth, is situated Akyab the Headquarter Town of the Akyab District and of the Arakan Division, the approach to which is, however, is dangerous and difficult. Beyond this the rivers are of but little importance; they are the Talak and the Aeng navigable by boats only, and the Sandoway, the Toung-goop and Gwa streams, the latter of which alone has any importance owing to its mouth forming a good port of call or haven for steamers or vessels of from 9 to 10 feet draught. The whole of the rivers in the Akyab and Ramree Districts anastomosmose by channels which, though dry in some instances during ebb tides, are all navigable for boats during the flood; the whole coast line is, a labyrinth of creeks and tidal nullahs which rise at the foot of the hills and receive the contribution of numerous small streams. The entrance to the Koladan or Arakan River is dangerous for ships of heavy draft: the channel is narrow not more than 2 miles in breadth, and there are only $3\frac{7}{8}$ fathoms of water over the bar at low water springs. There are no lakes properly

so called, but there are some small sheets of water the principal of which are near the old Town of Arakan, the capital of the ancient Kingdom, formed by bunds placed across different valleys by the former Kings, which are now all out of repair and have become marshes rendering that portion, of the country very unhealthy. The soil is mainly alluvial, in many places mixed with sand, and the rocks are composed of a dark brown sandstone, black gneiss, and brown or grey clay slate, and toward the southern portion basalt is plentiful. Except a small quantity of iron and of limestone there are no mineral productions of any value.

(Para. 3 of Administration Report for 1868-69,)

2. Arakan is divided into 3 districts, Akyab, Ramree and Sandoway, and lately the northern portion of Akyab has been placed under a separate officer designated the "**Superintendent of Hill tribes** Northern Arakan".

(Para. 34 of Administration Report for 1868-69.)

3. During the year under review the state of the affairs amongst **the Hill Tribes of Arakan,** and the country on the upper Salween has attracted much attention from the Chief Commissioner; and it may not be out of place in the present report to submit the information which has been recently collected by the local authorities.

"The division of Arakan in British Burma is separated from the Chittagong division in the Bengal Presidency by a line which commences at the river Naf, and then takes a bend to the eastward, and finally runs in a straight direction toward the north as far as the Blue Mountain, where Arakan is supposed to terminate. Beyond the Blue Mountain there extends an unsurveyed and underfined country, which is bounded on the west by Chittagong and Cachar, and on the north by the little territory of Munnipore. This latter region has not hereto been regarded as British territory, in as much as no authority or influence is exercised within that area either by British Burma or Bengal.

Accordingly two different and distinct regions are indicated on the modern map, namely :—

1st. The division of Arakan, which is British territory, and which extends on its north western side from the river Naf to the Blue Mountain.

2nd. A debatable region, which extends from the Blue Mountain to the borders of Munnipore, and is occupied by tribes who are only known to the local administration of Arakan and Chittagong by their occasional raids into British territory.

It must however be explained that whilst the division of Arakan extends geographically as far to the northward as the Blue Mountain, yet politically it does not extend much beyond the Police Station of Koladan; for the authority, if any, which has been exercised by the local administration of Arakan to the northward of Koladan station has been hitherto little more than nominal. Some of the Hill Chiefs to the northward of Koladan, and as far as the mouth of the Sallah river about ten miles to the northward of Talumee, pay a small yearly tribute as a token of fealty; but from the mouth of the Sallah river northward to the Blue Mountain they pay nothing, and the Tribes are under little less restraint than the remote and little known people between the Blue Mountain and Munnipore; Whilst the latter are in a position to commit raids upon Chittagong and Northern Arakan which the local Police under existing circumstances are wholly unable to punish or prevent.

**Khyoungtha and Toungtha**

The whole of the Hill Tribes in Chittagong and Arakan are divided by Captain Lewin, in his Report on the Hill Tracts of Chittagong, into two principal groups of classes, namely:—

Ist. The Khyoungtha, or children of the River, who are of **the Arakanese origin** and speak the old Arakan dialect, and comform to Buddhist customs.

2nd. The Toungtha, or children of the Hills, who are of **mixed origin, if indeed they are not the aborigins of the country.** They speak numerous dialects, and worship the deities of the elements and spirits of the hills and streams.

This mixed character of the Hill Tribes may be ascribed to the frequent migrations of Arakan tribes towards British territory, which commenced at an early period in the History of British Administration, and eventually resulted in the first Burmese war. Thus the Khyoungtha possess a written language, and have preserved a History of the old King of Arakan.

The Toungtha on the other hand possess no written character, and have preserved no historical traditions; whilst their premitive dialects merely express the common wants and sensations of uncivilised life. It should however be added that the tide of emigration has run both ways. After the Burmese conquest of Arakan in 1784, by the old Kings of Pegu and Ava, the tide ran from Arakan into British Territory; but after the annexation of Arakan in 1826 by the British Government the tide began to turn; and in 1838, the present Sir Arther Phayre, who was then Assistant Commissioner in Arakan, reported that the desendants of the early emigrants from Arakan were gradually returning to the land of their fathers.

There is another classification of these Tribes, which is more of a political character; underwhich the tribes are distributed into three groups as follows:—

1. Those Tribes who live near the plains, and are therefore under the more immediate control of the Arakan authorities. They are assessed at the rate of two-rupees per annum for each married cultivator with a pair of bullocks; but widows only pay one rupee per annum, whilst bachelors pay nothing at all. The returns are very insignificant, as the people chiefly cultivate the land by the simple process of clearing the Jungle by fire, which is known as the joom cultivation, and in which bullocks are not required.

2. Those Tribes who reside at a greater distance from the plains in a country which is incessible for ordinary purposes. Amongst these people no attempt is made to assertain the number of cultivators for the purposes of taxation, but the chiefs of clans pay a fixed yearly sum in token of fealty.

3. Those Tribes who reside altogether beyond the reach of British influence, and are known as the Lhoosais or Kookies, and the Shendoos of lakheyr. Those people are practically independent, and are utterly ignorant of the power and resources of the British Government, and appear to hole it in comtempt.

(Para. 25, 26, 27, 28, 29 30, 31 of British Burma Administration Report 1869 – 70),

4. The boundaries of the Arakan Division are the same as when it was first taken fortyfive years ago. It is divided into the three districts of Akyab, Ramree and Sandoway. The Northern part of Akyab may also be **termed a forth District** as it is under an officer who is termed "Superintendent of Hill Tribes," and who is immediately **surbodinate to the Commissioner of the Arakan Division,** and not to the Deputy Commissioner of the Akyab District.

(Para. 54 of the Report 1869-70.)

5. During the year under review the unsatisfactory state of affairs in the **Arakan Hill Tracts** has been the subject of the march correspondence with Government of India. A full description of the tribes occupying these hills will be found in the Administration Report for 1869-70; nand it will be seen that the difficulty i the way of suppressing the intermittent raids, which were being made into British Territory from those inacessible and mountainous tracts, were of no ordinary character, At the close of 1870-71, the question still remained undecided; but it may be added that since then the officiating Chief Commissioner has paid a visit to Arakan, and after a consultation with the local authorities and other experienced Officials, arrived at the conclusion that the adoption of the policy which and been pursued in the Chittagong hills, and in other hill districts of Bengal, was the course best adopted to meet the state of things existing in the Arakan frontier. This view has been accepted by the Government of India, but a detail of the measures which have been carried out, and the degree of success which has attended them, naturally belongs to the Report on the administration of the current year.

(Para. 51 of British Burma-Administration Report 1870-71.)

6. The Arakan division with its head-quarters at Akyab consisted of three districts, Akyab, Ramree and Sandoway, but since the close of the year under review a portion of the Akyab district has been definitely formed into a fourth district and placed under an officer who is termed the Superintendent of the Hill Tracts. The area of the Arakan division is 18530 square miles; it was erroneously given in last year's report as 23529, the area of the Hill Tracts having been once included in that of the Akyab district and also seperately accounted for. It may however be remarked that the north-eastern boundary of the Arakan division is but indefinitely defined and surveyed, so that these figures must be accepted only as approximately correct. The population of the Arakan division during the year 1870-71, was 452925 souls, or 24.4 persons to a square miles; the land tax yielded £ 72,269, and the gross revenue was £ 21; 3220.

(Para. 55 of British Burma-Administration Report 1870-71.)

7. The unsatisfactory state of affairs in the Arakan Hill Tracts has been long under the consideration of Government; but during the past year a new system of Administration had been introduced, based on the policy which had been previously adopted in the Chittagong Hills, and other remote districts of Bengal. A line has been drawn, between territory which is still under our direct administration, and that which we did not at present desire to bring under our immediate control, and which is therefore left in the hands of the Chiefs. The Hill District under our control has been placed under the administration of the Superintendent of the Hill Tracts, with an Assistant Superintendent of Police, and a native official. The Police within these limits, have been greatly strengthened, and

formed into a separate force. A code of simple rules has also been framed for the special administration of justice in these tracts, as it is undesirable that the Regulations and Acts of the Government of india. should be applied to such an ignorant, a uncivilised race, as the people of the Hill, The Superintendent has been instructed that it is time to cultivate and maintain friendly relations with the Chiefs beyond the line of demarcation; influencing them so far as he can, but not endeavouring to coerce them or interfere with them, on the other hand doing anything which will have the effect of making us responsible for their protection from other and still more inacessible tribes. The work of enlisting, equipping and training a suitable body of police, has now been nearly completed. Stockaded posts have been established at Palukwa ( ), Delekmay and Lemroo, and communications have been established between them. Steps have been taken for opening up a communication between the frontier of the Hill Tracts and that of Chittagong.

The results of the past year have shown that the new system of administration has been highly successful. The raids into the Arakan Hills, chiefly by men of the Shandoo tribe, constituted one of the great difficulties of the past years; and it was found impossible to protect cur villages, or to exercise any control over the marauding tribes, by when they were perpetually, laid waste. During 1871 - 72 however, there has been *only* one raid on a village within the boundary of **the new district**. The Police received early notice of the outrage, and overtook the marauders, and after inflicting severe loss, compelled them to abandon their plunder and captives. Two other raids were attempted, but in both cases the activity of the Police force the war-party to retreat across the frontier. they could perpetrate any mischief. Meantime the old system of debt feud slavery is, dying out, and good order, and security to property, are gradaully being introduced into the Hill Tracts, and will naturally be followed by a development of the agricultural industry of the people, and it is hoped, will engage largely in the cultivation of Cotton and Tobacco.

(Para. 60-61 of British Burma-Administration Report 1871 - 72.)

8. The Arakan division with its headquarters at Akyab, consist of four districts. viz; Akyab, Northern Arakan *Hill* Tracts Ramree and Sandoway, and the first named, district has for Revenue and judicial purposes the four sub-divisions of *Akyab*, Rathaidoung, Myohoung, Naf. The area of this division is estimated to be *18350* square miles, but its northern boundaries are but indefinitely defined and surveyed, The population of the division during the year 1871 - 72, was 461136 souls, or 24.9 persons to a square mile; the land tax yielded £74490, and the gross revenue was £ 199756.

(Para. 64 of British Burma-Administration Report 1871-72.)

9. The year under review passed without any change in our relations with the several Governments and minor states bordering on British Burma. The improved condition of the frontier of the Hill Tracts of Northern Arakan, which was noticed in the review of the year previous, was fully maintained. The repulse of shandoo raiders therein mentioned produced a most excellent effect and the watchfull care of officers in charge of the police frustrated two mediated attacks on our villages. The chief of the Koon tribe had a friendly interview with the Assistant Superintendent of Police, and promised to cease harbouring outlaws from British territory, and to abstain from any raiding expeditions.

Captain Hughes, the Superintendent of the Hill Tracts, marched from his district into the Hill Tracts of Chittagong, where Captain Lewin was establishing a cordon of Police stations. It was suggested that from the Arakan side two police stations should be established, in prolongation of those now occupied to the northward; but an exploration by Mr. Hannay, the Assistant Superintendent, showed the line to be one of very great difficulty, and the Chief Commissioner considered that the communication could better be established by striking a route due west from the present police stations, leaving it to the Chittagong authorities to continue their cordon within their administrative frontier, rather than that the Arakan police stations should be advanced beyond the Administrative frontier, which had been very lately fixed on after careful inquiry and considerartion. An the Lemroo river, with contributory Khyins made a raid an a Khyin village and carried off seven captives. The raiders were, however, quickly followed up by Mr. Porter, the Inspector of Police, and with the assistance of same friendly chiefs, he succeeded with much tact and judgement in recovering all the captives without the necessity of recourse and violent measure.

(Para. 3,4 of British Burma-Administration Report 1872-73.)

10. The Hill Tracts of Northern Arakan were undisturbed by any raids from transfronties tribes during the year of review. The condition of the tribes within our territories has continued to improve, in consequence of the comparative quiet which now obtains, and cultivation is steadily increasing. Our relations with the tribes beyond our administrative frontier improve year by year. The Koons, formerly the most troublesome tribe in our neighbourhood, are now engaged in friendly intercourse and trade with our people. Messangers arrived during June from the Shindoos, who inhabit a tract of country considerably to the north of the Arakan Tracts, and they expressed the desire to enter into friendly relations with the Superintendent. There is, in fact, every reason to think that the principles laid down three years ago for the administration of these Hill Tracts are proving very successful in their practical results. Our own subjects are devoting themselves to agriculture, and they obtain a ready market for their tobacco, cotton, and garden produce; while we told out every inducement to the tribes beyond our boundary to abandon their present restless life and turn to trade and barter.

(Para. 11 of British Burma-Administration report 1873-74.)

11. A history of two years' continuous administration of the Hill Tracts of Northern Arakan, undisturbed by raids, in itself characterizes the management of that district as energetic and successful. During a year of absolute peace, every symptom of contentment was apparent within our administrative limits. Personal intercourse between the Superintendent and the chiefs or representatives of the raiding and non-tributary clans beyond the frontier was held on an extended scale. The Shindoo tribe long infamous for their marauding propensities, deputed no less than six missions, representing four clans, to interview the district officers, and exertion will be made to induce their **settlement within our frontier** a consummation which their excellence in workmanship and superior physique render extremely desirable. **The New Regulation** defining the nature of the revenue to be demanded, and the mode of assessing it came into operation during the year, and all the evidence is in favour of its satisfactory working. The Physical features and climate of the district, which are unfavourable to the remunerative production of the ordinary necessaries of life, are

such as tc secure it a possible future eminance in the cultivation of tobacco and cotton. The trade in teak and lac also promises to become valuable. The patrolling of the frontier was efficient, but to secure more uninterrupted succession of posts, a proposal to transfer the Upper Lemroo guard to the junction of Lemroo and Peng rivers was sanctioned. The transfer was not to be effected till the closs of the rains of 1875.

(Para. 2 of British Burma-Administration Report, 1874-75.)

In May 1876, Langayoke, a village not far from Delekme, the most northern policepost, was attacked by 20 or 30 of the Yaklain clan of Shandoos, whose home is some days march to the north of the border. One man was killed, two were wounded, and eight were carried off captives. The futility of trying to obtain redress by negotiation unsupported by force had been demonstrated in 1875 by the ill-success of **the Inspector General. of Police on his visit to the Mro tribe,** who had been guilty of a similar outrage A punitive expedition was accordingly determined upon, and towards the close of the ensuing November a hundred men, of the Hills Police, armed with snider rifles under Mr. Buckle, the Superintendent started for Khamoon, the Yaklain chief's village. The captives not being delivered up, hostages were seized, and the village burnt and abandoned. The expedition returned without mishap; and within a few months all but one of the captives were brought in and delivered up by the chiefs of the tribe, who promised to abstain from future aggressions. A subsequent expedition against the Mros was equally successful, but a narrative of it must be left to form part of the History of 1877-78. The Experience of the past two years has clearly shown that these lawless tribes are far more, amenable to superior strength than to diplomatic advances, and that, in the end, a prompt and vigorous show of force is the wisest and most effective method of securing reparation for past, and immunity from future, aggressions.

Notwithstanding erruptions and alarms from without, the improvement of the people and the development of the resources of the country under our immediate control have received considerable attention during the past year. **The operation of the two regulations passed in 1874** continues to efford satisfactory results, and seems to shew that the law now provided is well suited to the district. The Court of the Superintendent and his Assistant decided 119 civil cases during the years under review against 103 in 1875; while criminal cases increase from 27 to 50th is parhaps premature to draw any conclusions from these figures, but the courts appears at all events to be freely resorted to. In matters affecting hill usages and customs the decision of the disputes is rightly referred to the arbitration of chiefs, subject to the Superintendent as approval. Taxation is light, and the assessment of four shilling, per house is the simple method of collecting the revenue. The amount realized was £588, or £52 more than in the previous year. It has not been found expedient to prepare accurate census returns, owing to the timid and suspicious disposition of the people. The population of the District for the year under review is, however, estimated at 12816, while In 1875-76 is 12442. The increase is attributed mainly to the fact that one whole village of 200 souls immigrated from beyond our frontier. No revenue has hitherto been derived from exise, nor is the introduction of spirituous liquors desirable among a people who would probably yield very soon to an intemperateuse of alcoholic liquor. To check any such tendency, a portion of the Excise Act has recently been extended to the hill tracts

with a view of regulating the manufacture and sale of a stronger preparation used chiefly by the Goorkha Police.

The District possesses great natural advantages of soil and climate, and there is good water communication. Tea, coffee, cotton, and tobacco, could no doubt all be very profitably cultivated if once the initial difficulty of obtaining labour were overcome. At present tobacco of good quality is extensively grown for export by the hill people, and a Government farm has been established at **Myouktoung** for the improvement of its cultivation. Teak plantations have been made, and very profitable results are anticipated. Various other products have been, and are, under experimental cultivation and when once the capabilities of the country are known, there can be little doubt it **will become one of the richest and most flourishing regions of Arakan.** Arrangements had been made for a communication by steam launch between **Akyab and Palukwa,** but the boat intended for the purpose was most unfortunately lost in a severe storm in the Bay at the end of last November. Measures are under consideration which it is hoped will soon see such communication permanently established.

The police force consists of 256 men whom 109 are Goorkhas and Tipperahs, 63 Hill-men, 48 Mughs or Munnipoories, and the rest of various races. The Goorkhas are contented, and do admirable service and the whole force is thoroughly efficient and adapted to the work it has to perform. The substitution of 120 snider and 100 Enfield rifles for the old muskets has proved advantageous. The men are proud of the weapon, kept them with great care, and have been taught to use them skilfully.

**The dispensary at Palukwa, the Headquarters station,** has proved of very great value throughout the year. No less than 397 in-patietns and 1668 out-patients were trated with a very large measure of success, and two-thirds of these were hill-men.

(Para. 8, 9, 10, 11, 12. . . . . .1876 – 77.)

## NORTHERN ARAKAN DISTRICT

*The following Officers are in charge of this District since 1887*

| Serial No. (1) | Name of Officers (2) | From date (3) | To date (4) |
|---|---|---|---|
| 1 | J. D. Mercer ... | 5th March 1886 ... | 19th March 1888 |
| 2 | E. H. Molloy ... | 20th March 1888 ... | 9th Aug 1888 |
| 3 | R. A. L. Fanshaw ... | 10th Aug 1888 ... | 19th April 1890 |
| 4 | B. H. Davidson ... | 20th April 1890 ... | 1891 |
| 5 | R. H. Greenstreet... | 13th March 1891 ... | 11th May 1893 |
| 6 | H. Deichton ... | 12th May 1893 ... | 25th Aug 1893 |
| 7 | R. H. Greenstreet... | 26th Aug 1895 ... | 29th Aug 1895 |
| 8 | A. E. Stehelen ... | 30th Aug 1895 ... | 13th Nov. 1895 |
| 9 | R. H. Greenstreet | 14th Nov. 1895 ... | 11th April 1897 |
| 10 | A. E. Stehelen ... | 16th April 1897 ... | 2nd May 1897 |
| 11 | St. L. B. Aldworth | 3rd May 1897 ... | 30th June 1898 |
| 12 | A. E. Stehelen ... | 1st July 1898 ... | 14th Sept. 1898 |
| 13 | St. L. B. Aldworth... | 15th April 1898 ... | 10th April 1900 |
| 14 | E. G. Mumford ... | 19th April 1900 ... | 30th Sept. 1901 |
| 15 | H. Thompson ... | 1st Oct. 1901 ... | 19th Nov. 1901 |
| 16 | E. G. Mumford ... | 20th Nov. 1901 ... | 21st April 1902 |
| 17 | A. Downes ... | 22nd April 1902 ... | 21st May 1902 |
| 18 | C. M. Prendergast | 22nd May 1902 ... | 15th Sept. 1906 |
| 19 | W. S. T. Psone ... | 13th Sept. 1906 ... | ... |

W. S. THOM.

*Deputy Commissionter Northern Arakan*

ပရဟိတ သာသနာပြုလုပ်ငန်းကို ပါဝင်ဆောင်ရွက် စည်းရုံးပေးသော ပုဂ္ဂိုလ်များ—

(၁) ဦးပညာသာရ၊ ခေတ္တ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းတိုက်၊ ဟီးလက်ဝကျေးရွာ၊ ပလက်ဝမြို့နယ်။

(၂) ဦးပညာစာရ၊ အာကျိတ်တော်ကုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
ပထမဘုရားကားချပ်နှင့် ဝတ်ပြုစာအုပ်၊ ဦးကျော်ငြိမ်း မိသားစု။
ဒုတိယအကြိမ်လှူဒါန်းသော အလှူရှင်မှာ ဦးသိန်းအောင်၊ ဒေါ်သန်းမိသားစုကောင်းမှု။
ဆေးပစ္စည်းများကို မြို့နယ်ဆရာဝန်ကြီးနှင့် ဆေးရုံလက်ထောက်ဆရာဝန်များက အထောက်အကူ လှူဒါန်းပေးကြပါသည်။

(ပုံ)

ဦးပညာသာရ၊
ခေတ္တ ဥက္ကဋ္ဌကျောင်းတိုက်၊
ဟီးလက်ဝ၊ ပလက်ဝမြို့နယ်။

# တုတ်ကြီးဝအုပ်စု တုတ်ကြီးဝရွာမှ သာသနာဝင်များ မှတ်တမ်း

နောက်ဆက်တွဲ ၃ ၁ ၏ နောက်ဆက်တွဲ (ဈ)

## တုတ်ကြေးဝအုပ်စု တုတ်ကြေးဝရွာမှ သာသနာဝင်များ မှတ်တမ်း

နေ့စွဲ ၅-၃-၉၄

| အိမ်ထောင်စု အမှတ် | နံပါတ်စဉ် | အမည် | ကျား/မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဘအမည် | ရပ်ကွက်ကျေးရွာ အုပ်စု အမည် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ဦးအောင်တင် | က | ၄၂ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၀၉၄၂၁ | ဦးနင်းတလီ | တုတ်ကြေးဝကျေးရွာ |
| | ၂ | ဒေါ်ရွှေကြ | မ | ၄၀ | ။ | ။ | PWA ၀၀၄၆၇၉ | ဦးတုတ်တမီး | |
| | ၃ | မောင်တေတွန်း | က | ၁၄ | ။ | ။ | မရှိ | ဦးအောင်တင် | တုတ်ကြေးဝအုပ်စု။ |
| ၂ | ၁ | ဦးတင်ဦး | က | ၅၆ | ခူမီး | ခရစ်ယာန် | PWA ၀၀၉၂၀၄ | ဦးနင်းတလင် | ၅-၃-၁၉၉၃ |
| | ၂ | ဒေါ်ခူတင် | မ | ၅၄ | ။ | ဗုဒ္ဓ | PWA ၀၀၉၂၀၅ | ဦးမင်းဆွေ | ခရစ်မှဗုဒ္ဓဘာသာ |
| | ၃ | ဒေါ်ကင်းဟန် | မ | ၄၀ | ။ | ။ | မရှိ | ဦးကီဇွေ | သို့ဝင်ရှိသည် |
| | ၄ | မောင်နင်းဘဲ | က | ၁၄ | ။ | ။ | ။ | ဦးတင်ဦး | ။ |
| ၃ | ၁ | ဦးဇွေဆွဲ | က | ၅၆ | ခူမီး | ဗုဒ္ဓ | PWA ၀၀၉၂၀၂ | ဦးနင်းတလင် | ခရစ်မှဗုဒ္ဓဘာသာ |
| | ၂ | ဒေါ်မွေအုံး | မ | ၅၄ | ။ | ။ | PWA ၀၀၉၂၀၃ | ဦးအာခေါင် | သို့ဝင်ရှိသည် |
| | ၃ | ဒေါ်အောင်ကပ် | မ | ၄၀ | ။ | ။ | မရှိ | ဦးဘဟော့ | ။ |
| | ၄ | ဒေါ်ကျောက်ခင် | မ | ၇၀ | ။ | ။ | ။ | ဦးအပ်ကြေ | ။ |
| ၄ | ၁ | ဦးလပြည့် | က | ၄၀ | ခူမီး | ဗုဒ္ဓ | မရှိ | ဦးခိန်းစ | ခရစ်မှဗုဒ္ဓဘာသာ |
| | ၂ | ဒေါ်ကန့်ကင်း | မ | ၃၉ | ။ | ။ | ။ | ဦးတန်းတပ် | သို့ဝင်ရှိသည် |
| | ၃ | ဒေါ်အောင်ရွှေ | မ | ၆၀ | ။ | ။ | ။ | ဦးအောင်တင် | ။ |
| | ၄ | မောင်အောင်ဆန်း | က | ၃၀ | ။ | ။ | ။ | ဦးခိန်းစ | ။ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅ | ၁ | ဦးပတ်လုံး | က | ၅၆ | ခူမီး | နတ်၊ဗုဒ္ဓ | မရှိ | ဦးတိန်းကောင် | ၅-၃-၁၉၉၃ |
| | ၂ | ဦးပွဲတင် | မ | ၅၅ | ။ | ။ | ။ | ဦးပါးလွဲ | ။ |
| ၆ | ၁ | ဦးဟီးဘွဲ | က | ၆၀ | ခူမီး | နတ်၊ဗုဒ္ဓ | မရှိ | ဦးတင်ယို | ။ |
| | ၂ | ဒေါ်လိမ့်တိမ့် | မ | ၅၀ | ။ | ။ | ။ | ဦးပတ်ဝေး | ။ |
| | ၃ | မတင်ဟော | မ | ၁၃ | ။ | ။ | ။ | ဦးဟီးဘွေး | ။ |
| ၇ | ၁ | ဦးဌေးဆပ် | က | ၂၉ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၅၀၀၀၃ | ဦးရဲအောင် | ခရစ်ယန်မှဗုဒ္ဓဘာသာသို့ဝင်ရန်ရှိသည် |
| | ၂ | ဒေါ်ထွန်းတောက် | မ | ၂၉ | ။ | ။ | မရှိ | ဦးဟီးဘွဲ | |
| | ၃ | မထွန်းပ | မ | ၁၃ | ။ | ။ | ။ | ဦးဌေးဆပ် | ။ |
| | ၄ | မကိုးယိန်း | မ | ၆ | ။ | ။ | ။ | ။ | ။ |
| | ၅ | မောင်ကိုးလုံး | က | ၄ | ။ | ။ | ။ | ။ | ။ |
| ၈ | ၁ | ဦးကြီးစိန် | က | ၅၆ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၀၃၁၃၁၁ | ဦးကိန်းတိုး | တုတ်ကြေးဝရှာ |
| | ၂ | ဒေါ်ထင်းဆွဲ | မ | ၅၃ | ။ | ။ | PWA ၀၀၉၄၀၇ | ဦးလင်းဘတ် | တုတ်ကြေးဝအုပ်စု |
| ၉ | ၁ | ဦးဘမြင့် | က | ၅၂ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၀၉၇၁၀ | ဦးပတ်စဲ | တုတ်ကြေးဝအုပ်စု |
| | ၂ | ဒေါ်ပက်ယွန်း | မ | ၅၂ | ။ | ။ | PWA ၀၀၉၄၁၆ | ဦးကိုးဟွဲ | ။ |
| ၁၀ | ၁ | ဦးလှစိန် | က | ၅၂ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၀၉၂၀၀ | ဦးဒိုးတပ် | တုတ်ကြေးဝအုပ်စု |
| | ၂ | ဒေါ်ခုန်ဝဲ | မ | ၄၉ | ။ | ။ | PWA ၀၀၆၀၅၅ | ဦးအောင်ဆွဲ | ။ |
| | ၃ | မောင်ဒိုးတပ် | က | ၂၃ | ။ | ။ | PWA ၀၅၀၀၇၅ | ဦးလှစိန် | ။ |
| | ၄ | မောင်ကိုးနီ | က | ၂၀ | ။ | ။ | မရှိ | ။ | ။ |
| | ၅ | မကိုးဝဲ | မ | ၁၄ | ။ | ။ | ။ | ။ | ။ |
| | ၆ | မကိုးဆွဲ | မ | ၁၂ | ။ | ။ | ။ | ။ | ။ |
| | ၇ | မကိုးခင်း | မ | ၁၀ | ။ | ။ | ။ | ။ | ။ |
| | ၈ | မဌေးယပ် | မ | ၂၀ | ။ | ။ | ။ | ဦးပြည်လိုက် | ။ |
| | ၉ | မလှအောင် | မ | ၁ | ။ | ။ | ။ | ဦးဒိုးတပ် | ။ |

## တုတ်ကြေးဝအုပ်စု တုတ်ကြေးဝရွာမှ သာသနာဝင်များမှတ်တမ်း

နေ့စွဲ ၅-၃-၉၄

| အိမ်ထောင်စု အမှတ် | နံပါတ်စဉ် | အမည် | ကျား/မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဖအမည် | ရပ်ကွက်၊ ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|---|---|---|---|---|
| ၁၁ | ၁ | ဦးပြည်ကျော် | က | ၄၀ | ခူမီး | နတ်၊ ဗုဒ္ဓ | PWA- ၀၀၉၄၁၇ | ဦးပတ်စဲ | တုတ်ကြေးဝရွာ |
| | ၂ | ဒေါ်အေးသာ | မ | ၄၅ | ‌ | ‌ | PWA- ၀၀၄၄၁၇ | ဦးခရေး | တုတ်ကြေးဝအုပ်စု |
| | ၃ | မောင်စိန်ထွန်း | က | ၂၃ | | | မရှိ | ဦးပြည်ကျော် | |
| | ၄ | မကိုးဘဲ | မ | ၂၀ | | | PWA- ၀၅၀၇၀၂ | | |
| | ၅ | မောင်အောင်ဝဲ | က | ၁၇ | | | မရှိ | | |
| | ၆ | မောင်အောင်ဖေ | က | ၁၂ | | | | | |
| | ၇ | မကိုးစန်း | မ | ၉ | | | | | |
| | ၈ | မစိန်မူ | မ | ၆ | | | | | |
| ၁၂ | ၁ | ဦးထွန်းယိုး | က | ၃၀ | ခူမီး | နတ်၊ ဗုဒ္ဓ | PWA- ၀၆၀၇၆၀ | ဦးရိုင်းဝန်း | တုတ်ကြေးဝအုပ်စု |
| | ၂ | ဒေါ်မဖြူ | မ | ၂၃ | | | မရှိ | ဦးအောင်ယိုင်း | |
| | ၃ | မဇွေတင် | မ | ၂ | | | | ဦးထွန်းယိုး | |
| ၁၃ | ၁ | ဦးပတ်ကိုး | က | ၄၂ | ခူမီး | နတ်၊ ဗုဒ္ဓ | PWA- ၀၆၁၃၅၀ | ဦးသတ်အွေး | တုတ်ကြေးဝအုပ်စု |
| | ၂ | ဒေါ်ဆီတင် | မ | ၄၂ | | | PWA- ၀၆၁၃၅၃ | ဦးမောင်ညို | |
| | ၃ | ဒေါ်ရိုင်းပ | မ | ၃၀ | | | PWA- ၀၆၁၃၅၅ | ဦးပတ်လုံး | |
| | ၄ | မရိုင်းအောင် | မ | ၂၂ | | | PWA- ၀၆၁၃၅၆ | ဦးပတ်ကိုး | |
| | ၅ | မနန်းဘဲ | မ | ၂၀ | | | မရှိ | | |
| | ၆ | မတုတ်ဟိုး | မ | ၁၃ | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁၄ | ၁ | ဦးလှဖေ | က | ၄၂ | ဓနုမီး | နတ်၊ ဗုဒ္ဓ | PWA- ဝ၆၁၃၆ဝ မရှိ | ဦးဆိုးရှိး | တုတ်ကြေးဝရွာ |
| | ၂ | ဒေါ်ပေတင်း | မ | ၄၁ | ။ | ။ | | ဦးတင်းတန့် | တုတ်ကြေးဝ အုပ်စု |
| | ၃ | မောင်ရိုးဇတ် | က | ၂၂ | ။ | ။ | ။ | ဦးလှဖေ | ။ |
| | ၄ | မောင်ရိုးငွေ | က | ၂၀ | ။ | ။ | ။ | ။ | ။ |
| | ၅ | မသောကြာ | မ | ၂၅ | ။ | ။ | ။ | ဦးထပ်အောင် | ။ |
| | ၆ | မကိုင်းစိုး | မ | ၇ | ။ | ။ | ။ | ဦးအောင်ဆွဲ | ။ |
| ၁၅ | ၁ | ဦးအောင်စု | က | ၄၅ | ဓနုမီး | နတ်၊ ဗုဒ္ဓ | PWA- ဝ၁၂၇၂၇ မရှိ | ဦးဆိုရှိး | တုတ်ကြေးဝအုပ်စု |
| | ၉ ၂ | ဒေါ်ဟိန်အင် | မ | ၄၂ | ။ | ။ | | ဦးငွေကောင်း | ။ |
| | ၁၀ ၃ | မနှုကင်း | မ | ၂၈ | ။ | ။ | ။ | ဦးဆိုရှိး | ။ |
| | ၁၁ ၄ | မငွေဖ | မ | ၁၄ | ။ | ။ | ။ | ဦးအောင်စု | ။ |
| | ၁၂ ၅ | မောင်ဆိုရှယ်လစ် | က | ၈ | ။ | ။ | ။ | ။ | ။ |
| | ၁၃ ၆ | မောင်ဇော်နိုင် | က | ၁၁ | ။ | ။ | ။ | ဦးရွှေအောင် | ။ |
| ၂ | ၁၄ ၇ | ဦးဖော်င်အောင်ဆွဲ | က | ၆၀ | ။ | ။ | ။ | ဦးအောင်စု | ။ |
| | ၅ | ဧဂသင့်ဘခိုးဧသေး | ယ | | | | | | |
| | ၂ | ဧဒ၂ကြွက်ဇတော | ဂ | | | | | | |
| ၁ | ၁ | ၃ဦးထိုးဧဖယူ | ယ | ၆ပ | | | | | |

တုတ်ကြေးဝကျေးရွာ ဆဂဘုံ ဂ — အဘယူ ဟ်ဂျိုး သသဘာ

မှတ်ပုံတင်မရှိပါ၊ မှတ်ပုံတင်ရှိသူဦးရေမှာ

၂၄ ဦးသာ မှတ်ပုံတင်ရှိပါသည်။

(ပုံ) X X X

(အောင်တင်)၊
ရဝတအဖွဲ့ဝင် (၁)၊
တုတ်ကြေးဝကျေးရွာ၊
တုတ်ကြေးဝအုပ်စု။

ဓင်္ဂသောင်းကြင့်ဆ်ဂုစ်၊ ဓင်္ဂသောင်းကြင့်ယေါ်းမ်ဘဲ ဓါဒီသဘာ ဘာ

ဇဦဘောင်းပြင်အုပ်စု၊ ဇဦဘောင်းပြင်ကျေးရွာမှ ဗုဒ္ဓဘာသာ သာသနာဝင်များမှတ်တမ်း

နေ့စွဲ၊ ၃၀-၁၂-၉၂

| အိမ်ထောင်စု အမှတ် | နံပါတ်စဉ် | အမည် | ကျား/မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဘအမည် | ရပ်ကွက်၊ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ဦးထွန်းရောက် | က | ၄၈ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၂၆၇၃၉ | ဦးလုံယိုး | ဇဦဘောင်းပြင် |
| | ၂ | ဒေါ်ပြည်လော | မ | ၄၇ | ” | ” | PWA ၀၀၉၇၇၈ | ဦးလိုင်းလို | ဇဦဘောင်းပြင် |
| | ၃ | မောင်သန်းထေး | က | ၅ | ” | ” | မရှိ | ဦးဓွေလု | အုပ်စု |
| ၂ | ၁ | ဦးဓွေလု | က | ၃၀ | ခူမီး | နတ်၊ဗုဒ္ဓ | PWA ၀၂၆၄၄၂ | ဦးလုံယိုး | ဇဦဘောင်းပြင် |
| | ၂ | ဒေါ်လိုးလုံး | မ | ၂၉ | ” | ” | PWA ၀၄၇၆၈၈ | ဦးလွန်းပ | အုပ်စု |
| | ၃ | မမြသိန်း | မ | ၉ | ” | ” | မရှိ | ဦးဓွေလု | ” |
| | ၄ | မောင်သိန်းထေး | က | ၃ | ” | ” | ” | ” | ” |
| | ၅ | မောင်ထွန်းဝင်း | က | ၁ | ” | ” | ” | ” | ” |
| | ၆ | ဒေါ်တင်ကြအဲ့ | မ | ၇၀ | ” | ” | PWA ၀၀၉၈၀၉ | ဦးဟော့အောင် | ” |
| ၃ | ၁ | ဦးသာစိန် | က | ၃၄ | ခူမီး | နတ်၊ဗုဒ္ဓ | မရှိ | ဦးဓွေကလိန်း | ဇဦဘောင်းပြင် |
| | ၂ | ဒေါ်လှဆိုး | မ | ၃၀ | ” | ” | ” | ဦးမောင်စိန် | အုပ်စု |
| | ၃ | မသိန်းတန် | မ | ၇ | ” | ” | ” | ဦးသာစိန် | ” |
| | ၄ | မသန်းရီ | မ | ၂ | ” | ” | ” | ” | ” |
| | ၅ | မောင်ဆိုးသန်း | က | ၁ | ” | ” | ” | ” | ” |
| ၄ | ၁ | ဦးအောင်ပြေ | က | ၆၅ | ခူမီး | နတ်၊ဗုဒ္ဓ | မရှိ | ဦးအာကေ | ဇဦဘောင်းပြင် |
| | ၂ | ဒေါ်မွန်တော် | မ | ၅၅ | ” | ” | ” | ဦးတင် | အုပ်စု |
| | ၃ | မလိုးဝေး | မ | ၁၈ | ” | ” | ” | ဦးအောင်လိုး | ” |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅ | ၁ | ဦးအောင်စိုး | က | ၃၆ | ခူမီး | ဗုဒ္ဓနတ် | PWA ၀၂၆၄၈၆ | ဦးကံဝှေ | ဇဉ်ဘောင်းပြင်ရွာ |
| | ၂ | ဒေါ်ရှိုးအောင် | မ | ၃၅ | ။ | ။ | မရှိ | ဦးကြာလိုင်း | ဇဉ်ဘောင်းပြင် |
| | ၃ | မောင်ဘိုအေး | က | ၁၂ | ။ | ။ | ။ | ဦးအောင်စိုး | အုပ်စု |
| | ၄ | ဦးကံဝှေ | က | ၅၆ | ။ | ။ | ။ | ဦးပုလင်း | ။ |
| | ၅ | ဒေါ်ဝှေခင်း | မ | ၅၅ | ။ | ။ | ။ | ဦးအောင်ဘဲ | ။ |
| ၆ | ၁ | ဦးထွန်းစိန် | က | ၈၄ | ။ | ။ | ။ | ဦးဝှေကလိန်း | ။ |
| | ၂ | ဦးဝှေကလိန်း | က | ၅၆ | ။ | ။ | ။ | ဦးမင်းဘဲ | ။ |
| | ၃ | ဒေါ်နီလာဦး | မ | ၄၃ | ။ | ။ | ။ | ။ | ။ |
| ၇ | ၁ | ဦးကံဝှေ(၂) | က | ၃၀ | ။ | ။ | PWA ၀၂၀၁၈၈ | ဦးလွန်းပ | ။ |
| | ၂ | ဒေါ်တွာပက် | မ | ၃၂ | ။ | ။ | မရှိ | ဦးလွန်းပ | ။ |
| | ၃ | မဝင်းလုံး | မ | ၁၂ | ။ | ။ | ။ | ဦးကံဝှေ | ။ |
| | ၄ | မကြာနှောင်း | မ | ၉ | ။ | ။ | ။ | ။ | ။ |
| | ၅ | မဝင်း | မ | ၇ | ။ | ။ | ။ | ။ | ။ |
| | ၆ | မသိန်းရွှေ | မ | ၅ | ။ | ။ | ။ | ။ | ။ |
| | ၇ | မောင်ဝင်းဦး | က | ၂ | ။ | ။ | ။ | ။ | ။ |
| ၈ | ၁ | ဦးထွန်းအောင် | က | ၄၅ | ။ | ။ | ။ | ဦးခတ်ယိုး | ။ |
| | ၂ | ဒေါ်ဝှေယတ် | မ | ၄၆ | ။ | ။ | ။ | ဦးကံထက် | ။ |
| | ၃ | မောင်ထွန်းပ | က | ၁၅ | ။ | ။ | ။ | ဦးထွန်းအောင် | ။ |
| | ၄ | မောင်စိန်းထွန်း | က | ၁၃ | ။ | ။ | ။ | ။ | ။ |
| ၉ | ၁ | ဦးလိုန်းလော | က | ၆၂ | ။ | ။ | ။ | ဦးဝှေဘဲ | ။ |
| ၁၀ | ၁ | ဦးထုတ်ဘဲ | က | ၄၀ | ။ | ။ | ။ | ဦးအောင်ဖား | ။ |
| | ၂ | ဒေါ်တင်းစိုင်း | မ | ၂၄ | ။ | ။ | ။ | ဦးကာပွန် | ။ |
| | ၃ | မလွန်းယောက် | မ | ၁၃ | ။ | ။ | ။ | ဦးတုတ်ဘဲ | ။ |
| | ၄ | မလှစိန် | မ | ၁၀ | ။ | ။ | ။ | ။ | ။ |
| | ၅ | မောင်ရွှေစိန် | က | ၃ | ။ | ။ | ။ | ။ | ။ |

ဇဦဘောင်းပြင်ကျေးရွာအုပ်စု၊ ဇဦဘောင်းပြင်ကျေးရွာမှ ဗုဒ္ဓဘာသာ သာသနာ၀င်များမှတ်တမ်း

နေ့စွဲ၊ ၃၀-၁-၂၉၅

| အိမ်ထောင်စု အမှတ် | နံပါတ်စဉ် | အမည် | ကျား / မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဖအမည် | ရပ်ကွက်ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|---|---|---|---|---|
| ၁၁ | ၁ | ဦးစိန်အောင် | က | | ခူမီး | ဗုဒ္ဓနတ် | PWA ၀၀၉၇၇၆ | ဦးလိုင်းကိုး | ဇဦဘောင်းပြင်ရွာ |
| | ၂ | ဒေါ်ဝိုင်းပတ် | မ | | ” | ” | PWA ၀၂၆၄၉၅ | ဦးအောင်ဖား | ဇဦဘောင်းပြင် |
| | ၃ | မောင်လိန်းအောင် | က | | ” | ” | မရှိ | ဦးစိန်အောင် | အုပ်စု |
| | ၄ | မောင်ဇာထွန်း | က | | ” | ” | ” | ” | ” |
| | ၅ | မောင်ကိုးထွန်း | က | | ” | ” | ” | ” | ” |
| | ၆ | မောင်လိုးယောက် | က | ၁၃ | ” | ” | ” | ” | ” |
| | ၇ | မငွေထင်း | မ | ၆ | ” | ” | ” | ” | ” |
| | ၈ | မောင်ကျော်ဝင်း | က | ၇ | ” | ” | ” | ဦးလိန်းအောင် | ” |
| | ၉ | ကျော်နီအောင် | က | ၄ | ” | ” | ” | ” | ” |
| ၁၂ | ၁ | ဦးအောင်ဇလှ | က | ၄၅ | ” | ” | PWA ၀၀၈၈၁၁ | ဦးထင်းအေး | ” |
| | ၂ | ဒေါ်အေးဖြူ | မ | ၄၅ | ” | ” | PWA ၀၀၀၇၀၂ | ဦးငိုက်လွန်း | ” |
| | ၃ | ဒေါ်ကိုးတင်း | မ | ၄၀ | ” | ” | PWA ၀၁၀၃၈၁ | ဦးအောင်ဒိုင် | ” |
| | ၄ | မောင်ကံဘဲ | က | ၁၇ | ” | ” | မရှိ | ဦးအောင်ဇလှ | ” |
| | ၅ | မောင်ရိုင်တလွေ | က | ၁၇ | ” | ” | ” | ” | ” |
| | ၆ | မလှပြည့် | မ | ၁၅ | ” | ” | ” | ” | ” |
| | ၇ | မောင်ကင်းပိုက် | က | ၁၂ | ” | ” | ” | ” | ” |
| | ၈ | မောင်ပိုလုက် | က | ၁၂ | ” | ” | ” | ” | ” |
| | ၉ | မောင်အောင် ထွန်းလှ | က | ၁၀ | ” | ” | ” | ” | ” |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၁၀ | မကေထိုက် | မ | ၁၁ | ခူမီး | ဗုဒ္ဓနတ် | မရှိ | ။ | ဇဉ်ဘောင်းပြင်ရွာ |
| | ၁၁ | မောင်အောင် | က | ၁၁ | ။ | ။ | ။ | ။ | ဇဉ်ဘောင်းပြင် |
| | | ထွန်းကျော် | | | | ။ | ။ | ။ | အုပ်စု |
| | ၁၂ | မောင် ကျော် | က | ၆ | ။ | ။ | ။ | ။ | ။ |
| | | အောင် | | | | ။ | ။ | ။ | ။ |
| | ၁၃ | မောင်ကျော်ကိုင် | က | ၄ | ။ | ။ | ။ | ။ | ။ |
| | ၁၄ | မောင်အောင် | က | ၄ | ။ | ။ | ။ | ။ | ။ |
| | | ထွန်းဝင်း | | | | | | | ။ |
| ၁၃ | ၁ | ဦးကြည်အောင် | က | ၄၀ | ။ | ။ | ။ | ဦးတလီ | ။ |
| | ၂ | ဒေါ်တင်လုံး | မ | ၄၃ | ။ | ။ | ။ | ဦးလင်မတတ် | ။ |
| | ၃ | ဒေါ်ပြည်လင်း | မ | ၃၂ | ။ | ။ | ။ | ဦးဆိုထင်း | ။ |
| | ၄ | ဒေါ်ရဲကောင်း | မ | ၆၃ | ။ | ။ | ။ | ဦးထင်းအေး | ။ |
| | ၅ | မလင်းအောင် | မ | ၁၀ | ။ | ။ | ။ | ဦးကြည်အောင် | ။ |
| | ၆ | မအောင်တလင်း | မ | ၆ | ။ | ။ | ။ | ။ | ။ |
| | ၇ | မကံအင်း | မ | ၅ | ။ | ။ | ။ | ။ | ။ |
| | ၈ | မောင်ကံဟိန်း | က | ၁ | ။ | ။ | ။ | ။ | ။ |
| ၁၄ | ၁ | ဦးအောင်လိုက် | က | ၄၃ | ။ | ။ | PWA ၀၂၆၃၉၉ | ဦးအောင်စိန် | ။ |
| | ၂ | ဒေါ်ငွေဝတ် | မ | ၃၀ | ။ | ။ | မရှိ | ဦးအောင်တင် | ။ |
| | ၃ | မကိုးဝင်း | မ | ၂၄ | ။ | ။ | ။ | ဦးအောင်လိုက် | ။ |
| | ၄ | မောင်ကံလုံး | က | ၂၆ | ။ | ။ | ။ | ဦးအောင်စိန် | ။ |
| | ၅ | မအောင်မ | မ | ၂၆ | ။ | ။ | ။ | ဦးလုံးယိုး | |
| | ၆ | မနုပေါ် | မ | ၆ | ။ | ။ | ။ | ဦးအောင်စိန် | ။ |
| | ၇ | မောင်ထွန်းမြ | က | ၃ | ။ | ။ | ။ | ဦးကံလုံး | ။ |
| | ၈ | မငွေရစ် | မ | ၃ | ။ | ။ | ။ | ။ | ။ |
| | ၉ | မငွေလှ | မ | ၁ | ။ | | ။ | ။ | ။ |

ဇဥ်ဘောင်းပြင်အုပ်စု၊ ဇဥ်ဘောင်းပြင်ကျေးရွာမှ ဗုဒ္ဓဘာသာ သာသနာဝင်များမှတ်တမ်း

နေ့စွဲ၊ ၁၀-၁၂-၉၂

| အိမ်ထောင်စု အမှတ် | နံပါတ်စဉ် | အမည် | ကျား/မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဖအမည် | ရပ်ကွက်ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|---|---|---|---|---|
| ၁၅ | ၁ | ဦးဆင်ပတ် | က | ၃၀ | ခူမီး | ဗုဒ္ဓနတ် | မရှိ | ဦးကာပုန်း | ဇဥ်ဘောင်းပြင်ရွာ ဇဥ်ဘောင်းပြင် အုပ်စု |
| | ၂ | ဒေါ်ပေါင်းမို | မ | ၂၃ | ။ | ။ | .... | ဦးလင်းနတ် | ။ |
| | ၃ | မောင်ထွေလစ် | က | ၂၃ | ။ | ။ | PWA ၀၆၅၀၆၀ | ဦးကာပုန်း | ။ |
| | ၄ | မလာဆတ် | မ | ၂၁ | ။ | ။ | PWA ၀၉၅၀၆၉ | ဦးထောင်လုံး | ။ |
| | ၅ | မဟုန်းအောင် | မ | ၆၁ | ။ | ။ | မရှိ | ဦးကိန်းတာ | ။ |
| | ၆ | မောင်ပြည်ကျော် | က | ၉ | ။ | ။ | ။ | ဦးဆင်ပတ် | ။ |
| | ၇ | မောင်နှင်းလုံး | က | ၆ | ။ | ။ | ။ | ။ | ။ |
| | ၈ | မထွေ | မ | ၃ | ။ | ။ | ။ | ။ | ။ |
| ၁၆ | ၁ | ဦးတင်လင်း | က | ၅၂ | ။ | ။ | ။ | ဦးစားယို | ။ |
| | ၂ | ဒေါ်နုစို | မ | ၄၆ | ။ | ။ | ။ | ဦးခင်ထွေး | ။ |
| | ၃ | မောင်ဆင်လုံး | က | ၁၉ | ။ | ။ | ။ | ဦးတင်း | ။ |
| | ၄ | မောင်ကျော်ဝင်း | က | ၂၆ | ။ | ။ | ။ | ဦးဟင်လင်း | ။ |
| ၁၇ | ၁ | ဦးအောင်လို | က | ၄၀ | ။ | ။ | ။ | ဦးအောင် | ။ |
| | ၂ | ဒေါ်ယက်လတ် | မ | ၃၃ | ။ | ။ | ။ | ဦးမိုးအောင် | ။ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | ဇဥ်ဘောင်းမြင် အုပ်စု |
| | ၄ | မအောင်ဓဲ | မ | ၁၁ | ။ | ။ | .... | ။ | ။ |
| | ၅ | မထန်းဘဲ | မ | ၂ | ။ | ။ | .... | ။ | ။ |
| ၁၈ | ၁ | ဦးအောင်ပ | က | ၃၄ | ။ | ။ | ။ | ဦးပတ်လုံး | ။ |
| | ၂ | ဒေါ်မင်းယတ် | မ | ၃၃ | ။ | ။ | ။ | ဦးလိုက်ဖိုး | ။ |
| | ၃ | မောင်ငွေ့ဝင်း | က | ၈ | ။ | ။ | ။ | ဦးအောင်ပ | ။ |
| | ၄ | မမဟွေ့ | မ | ၇ | ။ | ။ | ။ | ။ | ။ |
| | ၅ | မထောင်ငွေ | မ | ၅ | ။ | ။ | ။ | ။ | ။ |
| ၁၉ | ၁ | ဦးယတ်ထောင်း | က | ၆၁ | ။ | ။ | ။ | ဦးလိုင်းလိုး | ။ |
| | ၂ | ဒေါ်ဝိုင်းပ | မ | ၅၅ | ။ | ။ | ။ | ဦးစိုဝင်း | ။ |
| | ၃ | ဦးထွန်းသာ | က | ၂၃ | ။ | ။ | ။ | ဦးယတ်ထောင်း | ။ |
| | ၄ | ဒေါ်တင်းယိုး | မ | ၂၂ | ။ | ။ | ။ | ဦးကာယွန်း | ။ |
| | ၅ | မဝင်းငွေ | မ | ၁ | ။ | ။ | ။ | ဦးထွန်းသာ | ။ |
| ၂၀ | ၁ | ဦးငွေပုန်း | က | ၄၆ | ။ | ။ | ။ | ဦးငွေအင်း | ။ |
| | ၂ | ဒေါ်ယိုးခင် | မ | ၃၅ | ။ | ။ | ။ | ဦးအာလိုက် | ။ |
| | ၃ | မောင်ဆင်ဝေး | က | ၁၉ | ။ | ။ | ။ | ဦးငွေပုန်း | ။ |
| | ၄ | မောင်အောင်ဝဲ | က | ၁၀ | ။ | ။ | ။ | ။ | ။ |
| | ၅ | မောင်အောင်လွန်း | က | ၈ | ။ | ။ | ။ | ။ | ။ |
| | ၆ | မအောင်လုံး | မ | ၆ | ။ | ။ | ။ | ။ | ။ |
| | ၇ | မောင်ကိုးပ | က | ၃ | ။ | ။ | ။ | ။ | ။ |

ဇဉ်ဘောင်းပြင်အုပ်စု၊ ဇဉ်ဘောင်းပြင်ကျေးရွာမှ ဗုဒ္ဓဘာသာ သာသနာ့ဝင်များမှတ်တမ်း

နေ့စွဲ၊ ၃၀-၁၂-၉၂

| အိမ်ထောင်စုအမှတ် | နံပါတ်စဉ် | အမည် | ကျား/မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဖအမည် | ရပ်ကွက်ကျေးရွာအုပ်စုအမည် |
|---|---|---|---|---|---|---|---|---|---|
| ၂၁ | ၁ | ဦးလွန်းပ | က | ၆၀ | ခူမီး | ဗုဒ္ဓနတ် | မရှိ | ဦးလိုင်းလိုး | ဇဉ်ဘောင်းပြင်ရွာ ဇဉ်ဘောင်းပြင်အုပ်စု |
| | ၂ | ဒေါ်အောင်ရွှေ | မ | ၅၉ | ॥ | ॥ | ॥ | ဦးအနင်း | ॥ |
| | ၃ | မောင်အောင်ထွန်း | က | ၂၅ | ॥ | ॥ | ॥ | ဦးလွန်းပ | ॥ |
| | ၄ | ဒေါ်ကံလုံး | မ | ၂၄ | ॥ | ॥ | ॥ | ဦးနောက်ခို | ॥ |
| | ၅ | မောင်ပြည်ထွန်း | က | ၂၃ | ॥ | ॥ | । | ဦးလွန်းပ | ॥ |
| | ၆ | မကိုးခင်း | မ | ၁၉ | ॥ | ॥ | ॥ | ॥ | ॥ |
| | ၇ | မကိုးယိုး | မ | ၁၆ | ॥ | ॥ | ॥ | ॥ | ॥ |
| | ၈ | မောင်လင်းဖုံး | က | ၁၇ | ॥ | ॥ | ॥ | ဦးအောင်ထွန်း | ॥ |
| | ၉ | ဒေါ်ကုန်တန်း | မ | ၉၀ | ॥ | ॥ | ॥ | ॥ | ॥ |
| | ၁၀ | ဒေါ်အောင်မြင် | မ | ၆၀ | ॥ | ॥ | ॥ | ဦးကိုင်းကို | ॥ |
| ၂၂ | ၁ | ဒေါ်ရွှေပတ် | မ | ၄၀ | ॥ | ॥ | ॥ | ဦးထွန်းပ | ॥ |
| | ၂ | မအန်တင် | မ | ၁၀ | ॥ | ॥ | ॥ | ဦးထင်လုံး | ॥ |
| | ၃ | မောင်လွန်းဆက် | က | ၁၄ | ॥ | ॥ | ॥ | ॥ | ॥ |
| | ၄ | မောင်အောင်ဆက် | က | ၁၁ | ॥ | ॥ | ॥ | ॥ | ॥ |
| | ၅ | မောင်ရွှေတင် | က | ၇ | ॥ | ॥ | ॥ | ॥ | ॥ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၂၁ | [illegible] | [illegible] အောင်။ | [illegible] | ၂၀ | မြိုမး | ဗုဒ္ဓနိတ | မရှိ | ဦးဝေ့တောက် | ဇဉ်တောင်းပြင်ရွာ ဇဉ်တောင်းပြင် အုပ်စု |
| | ၂ | ဒေါ်ဝေ့လော့ | မ | ၅၂ | ။ | ။ | ။ | ဦးတုတ်တလင်း | ။ |
| | ၃ | မဝေ့လစ် | မ | ၂၃ | ။ | ။ | ။ | ဦးဝေ့တောက် | ။ |
| ၂၄ | ၁ | ဦးစွန်းတန်း | ကျ | ၇၇ | ။ | ။ | ။ | ဦးလိန်းလို | ။ |
| | ၂ | ဒေါ်ထွန်းပ | မ | ၂၇ | ။ | ။ | ။ | ဦးဆတ်လိန်း | ။ |
| | ၃ | ခင်မအောင် | မ | ၇ | ။ | ။ | ။ | ။ | ။ |
| | ၄ | မခင်တလီ | မ | ၅ | ။ | ။ | ။ | ဦးစွန်းတန်း | ။ |
| | ၅ | အောင်ကျော်ဇံ | ကျ | ၃ | ။ | ။ | ။ | ။ | ။ |
| ၂၅ | ၁ | ဦးသာလှ | ကျ | ၂၂ | ။ | ။ | PWA ၀၅၀၁၁၉ | ဦးတလိုင်းပိန့် | ။ |
| | ၂ | မောင်အောင် လင်းထွန်း | ကျ | ၅ | ။ | ။ | မရှိ | ဦးသာလှ | ။ |
| | ၃ | ဒေါ်ဝေ့ယတ် | မ | ၆၀ | ။ | ။ | ။ | ဦးဖေ့လင်း | ။ |
| ၂၆ | ၁ | ဦးပြည်လွေ့ | ကျ | ၄၄ | ။ | ။ | ။ | ဦးခတ်ယို | ။ |
| | ၂ | ဒေါ်လွန်းဆတ် | မ | ၂၂ | ။ | ။ | ။ | ဦးလိန်းလင်း | ။ |
| | ၃ | မောင်သန်းလွဲ | ကျ | ၁၅ | ။ | ။ | ။ | ဦးပြည်လွေး | ။ |
| | ၄ | မကံပ | မ | ၄ | ။ | ။ | ။ | ။ | ။ |
| ၂၇ | ၁ | ဦးနွယ်လင်း | ကျ | ၇၀ | ။ | ။ | ။ | ဦးရိုင်းခင်း | ။ |
| | ၂ | ဒေါ်နုကိန်း | မ | ၇၂ | ။ | ။ | ။ | ဦးအောင်ယတ် | ။ |
| | ၃ | ဒေါ်လိုးတန်း | မ | ၄၇ | ။ | ။ | ။ | ဦးဆိုတင်း | ။ |
| | ၄ | ဦးရွှေဇာအောင် | ကျ | ၂၀ | ။ | ။ | ။ | ဦးပြည့်တင်း | ။ |
| | ၅ | မရိုင်းတန်း | မ | ၈ | ။ | ။ | ။ | ဦးအိန္ဒယ | ။ |
| | ၆ | မောင်ထွန်းတန်း | ကျ | ၁၀ | ။ | ။ | ။ | ဦးပြည်တင်း | ။ |
| | ၇ | မလိုးယတ် | မ | ၁၅ | ။ | ။ | ။ | ။ | ။ |

ဇဉ်ဘောင်းပြင်အုပ်စု၊ ဇဉ်ဘောင်းပြင်ကျေးရွာမှ ဗုဒ္ဓဘာသာ သာသနာ့ဝင်များ မှတ်တမ်း

နေ့စွဲ၊ ၁၀-၁၂-၉၂

| အိမ်ထောင်စု အမှတ် | နံပါတ်စဉ် | အမည် | ကျား / မ | အသက် | လူမျိုး | ဘာသာ | မှတ်ပုံတင်အမှတ် | အဖအမည် | ရပ်ကွက်ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|---|---|---|---|---|
| ၂၇ | ၁ | မောင်အောင်ထွန်းကျော် | ကျား | ၁၀ | ခူမီး | ဗုဒ္ဓနတ် | မရှိ | ဦးပြည်တင်း | ။ |
| ၂၀ | ၁ | ဦးအောင်ဆွဲ | ကျား | ၄၄ | ။ | ။ | ။ | ဦးမင်းငေါ် | ။ |
| | ၂ | ဒေါ်ငွေဆက် | မ | ၄၃ | ။ | ။ | ။ | ဦးလုံးလ | ။ |
| | ၃ | မနုဒိမ်း | မ | ၁၉ | ။ | ။ | ။ | ဦးအောင်ဆွဲ | ။ |
| | ၄ | မောင်ကျော်လှမောင် | ကျား | ၁၆ | ။ | ။ | ။ | ။ | ။ |
| | ၅ | မောင်ပြည်တင်း | ကျား | ၁ | ။ | ။ | ။ | ။ | ။ |
| | ၆ | မောင်အောင်ငွေ | ကျား | ၅ | ။ | ။ | ။ | ။ | ။ |
| ၂၉ | ၁ | ဦးကေဟန် | ကျား | ၆၀ | ။ | ။ | ။ | ဦးပြည်ထပ် | ။ |
| | ၂ | ဒေါ်ငွေအောင် | မ | ၅၃ | ။ | ။ | ။ | ဦးကင်းလိန်း | ။ |
| | ၃ | ဦးမင်းဆွဲ | ကျား | ၃၀ | ။ | ။ | ။ | ဦးသာဟန် | ။ |
| ၃၀ | ၁ | ဦးဆင်လုံး | ကျား | ၂၀ | ။ | ။ | ။ | ဦးကံငွေ | ။ |

(ပုံ) × × ×

ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ဇဉ်ဘောင်းပြင်ကျေးရွာအုပ်စု၊ ပလက်ဝမြို့

ဇဉ်ဘောင်းပြင်ရွာ အိမ်(၃၀)မှာ လူဦးရေ ၁၈၈ ဦးမှာ မှတ်ပုံတင်မရှိသူ ၁၄၅ ဦး ရှိပါသည်။
မှတ်ပုံတင်ရှိသူ ၄၃ ဦးသာရှိပါသည်။

(ပုံ) × × ×

မြေပုံကြမ်းပါသည်။

ထပ်လိုင်း ၉-၂-၄၉

## အမျိုးသားညီလာခံသို့ တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ

ရက်စွဲ၊ ၂၄-၃-၉၄

| စဉ် | ကိုယ်စားလှယ်အမျိုးအစား | ဖိတ်ကြား | တက်ရောက် | ပျက်ကွက် |
|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ | ၄၆ | ၄၅ | ၁ |
| ၂။ | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ | ၁၀၃ | ၁၀၀ | ၃ |
| ၃။ | တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ | ၂၁၃ | ၂၀၅ | ၈ |
| ၄။ | တောင်သူလယ်သမား ကိုယ်စားလှယ်များ | ၉၃ | ၉၂ | ၁ |
| ၅။ | အလုပ်သမား ကိုယ်စားလှယ်များ | ၄၈ | ၄၈ | .... |
| ၆။ | အသိပညာရှင်/အတတ်ပညာရှင် ကိုယ်စားလှယ်များ | ၄၁ | ၃၈ | ၃ |
| ၇။ | နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ | ၉၂ | ၉၁ | ၁ |
| ၈။ | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ၅၈ | ၄၄ | ၁၄ |
| | စုစုပေါင်း .... | ၆၉၄ | ၆၆၃ | ၃၁ |

တက်ရောက်သည့်ရာခိုင်နှုန်း (၉၅.၅၃%)

## ၂၄-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးမန်းသာဆင်<br>ပြည်ထောင်စု ကရင်အမျိုးသားများ<br>အဖွဲ့ချုပ် | နိုင်ငံရေးပါတီကိုယ်စားလှယ်များ | ကျန်းမာရေး<br>ဆေးရုံတက် |
| ၁။ | ဦးမြလေး(ခ)<br>သခင်မြလေး၊ က၀(၂)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော<br>ကိုယ်စားလှယ်များ | ကျန်းမာရေး<br>ဆေးရုံတက် |
| ၂။ | ဦးဖေတင်၊ ညောင်ဦး(၂)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ။ | ကျန်းမာရေး |
| ၃။ | ဦးမောင်အေး၊ သာယာဝတီ(၂)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ။ | ကျန်းမာရေး |

# ၂၄-၃-၆၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | |
|---|---|---|
| ၁။ ဦးထွန်းအောင်<br>စစ်ကိုင်း | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၂။ ဦးခင်မောင်ဆွေ<br>တနင်္သာရီ | ။ | ကိုယ်ရေးကိုယ်တာ |
| ၃။ ဦးညာဏ်လင်း<br>မကွေး | ။ | ကျန်းမာရေး |
| ၄။ ဦးဘသီ<br>မကွေး | ။ | ။ |
| ၅။ ဦးနိုင်စံရှိန်<br>မွန် | ။ | ။ |
| ၆။ ဦးမောင်မောင်<br>ရန်ကုန် | ။ | ကိုယ်ရေးကိုယ်တာ |
| ၇။ ဦးခွန်သိန်းမြင့်<br>ရှမ်း | ။ | ။ |
| ၈။ ဦးညွန့်မောင်<br>ရှမ်းပြည်မြောက်ပိုင်း | ။ | ။ |

| | | |
|---|---|---|
| ၁။ ဦးယောဟန်<br>ရှမ်းပြည်မြောက်ပိုင်း | တောင်သူလယ်သမားကိုယ်စားလှယ်များ | ပြည်နယ်တွင်<br>ဆေးရုံတက် |

| | | |
|---|---|---|
| ။ ဦးခင်စိုး<br>ဥပဒေပညာရှင် | အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ | ကျန်းမာရေး<br>ဆေးရုံတက် |
| ၂။ ဦးစိန့်ဗိုလ်တင့်<br>သဘင်ပညာရှင် | ။ | ကျန်းမာရေး<br>ဆေးရုံတက် |
| ၃။ ဦးလှထွန်းအောင်<br>ပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ် | ။ | ကိုယ်ရေးကိုယ်တာ |

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်မှူးကြီး ထွေးမောင် | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ဌာနတာဝန်(ပြည်ပ)<br>တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွား |

# ၂၄-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးလီဝင်းမြင့်<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ကျန်းမာရေး |
| ၂။ | ဦးအိုက်ကျော်<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ,, | ,, |
| ၃။ | ဦးခင်မောင်(ခ)ဦးလောက်ကျူး<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ,, | ကိုယ်ရေးကိုယ်တာ |
| ၄။ | ဦးရန်မိုးအန်း<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ,, | ,, |
| ၅။ | ဦးပေါက်ယိုရီ<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ,, | ,, |
| ၆။ | ဦးစံလူ<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ,, | ,, |
| ၇။ | ဦးစိုင်းဟန်စစ်<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ,, | ကျန်းမာရေး |
| ၈။ | ဦးကောင်တိုင်း<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၃) | ,, | ကိုယ်ရေးကိုယ်တာ |
| ၉။ | ဦးကိုင်ဖ<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ,, | ,, |
| ၁၀။ | ဦးအိုက်လူ<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၇) | ,, | ,, |
| ၁၁။ | ဦးလွယ်ဆိုင်<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၇) | ,, | ,, |
| ၁၁။ | ဦးဝေါ့လော်ဟောင်းခေါင်<br>ကချင်ပြည်နယ် အထူးဒေသ (၁) | ,, | ,, |
| ၁၂။ | ဦးစခုံတိန့်ယန်း<br>ကချင်ပြည်နယ် အထူးဒေသ (၁) | ,, | ,, |
| ၁၃။ | ဦးချန်းလန်း<br>ကချင်ပြည်နယ် အထူးဒေသ (၁) | ,, | ,, |

ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း၊ ဗဟိုအစည်းအဝေးခန်းမတွင်အမျိုးသား ညီလာခံကို နံနက် ၀၉း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အလှည့်ကျသဘာပတိအဖြစ်ဒေါ်မေသန်းလွင် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်) ကဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးကလည်းကောင်း၊တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းထွန်းက လည်းကောင်း ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး။** အ မျိုး သ ား ညီ လ ာ ခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ။အ မျိုး သား ညီလာခံ စုံညီအစည်းအဝေးစတင်ပါတော့မယ်။

**အမျိုးသားညီလာခံ အစည်းအဝေးသဘာပတိအဖွဲ့ဝင်များနေရာယူခြင်း**

**အခမ်းအနားမှူး။** ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးမှာ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင် ရွက် မယ့် ပု ဂ္ဂို လ် များ က တော့—

—ဒေါက်တာသန်းညွန့် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ။
—ဒေါ်မေသန်းလွင် ရှမ်း တိုင်း ရင်း သား များ ဒီမိုကရေစီအဖွဲ့ချုပ်။
—ဦးစံသာအောင် မြို့ (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့။
—ဦးမန်းအုံးမောင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့။
—ဦးကံညွန့် တောင် သူ လယ် သမား ကိုယ်စားလှယ်များ အစုအဖွဲ့။
—ဦးစိုးမောင် အ လုပ် သ မား ကိုယ်စားလှယ်များ အစုအဖွဲ့။
—ဦးတင်မောင် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကိုယ်စားလှယ်များ အစုအဖွဲ့။
—ဦးခင်မောင်ထူး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နဲ့
—ဦးစိုင်းအောင်ထွန်း အခြားဖိတ်ကြား သင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့

တို့ဖြစ်ပါတယ်။

ကနေ့အစည်းအဝေးမှာ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကဒေါ်မေသန်းလွင်ဖြစ်ပါတယ်။

အခမ်းအနားမှူးအဖြစ် အ မျိုး သား ညီ လာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး၊ ညွှန်ကြားရေးမှူးချုပ်(အစည်းအဝေး) ကျွန်တော်ဦးခင်မောင်မြင့်က ဆောင်ရွက်မှာဖြစ်ပြီး၊ တွဲဖက် အ ခမ်း အ နားမှူး အဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းက ဆောင်ရွက်မှာဖြစ်ပါတယ်။

သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

[သဘာပတိအဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များ အတွက် သီးသန့် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူကြပါသည်။]

# အမျိုးသားညီလာခံ ၂၅ ရက်မြောက်နေ့အစည်းအဝေးအထမြောက်ကြောင်းနှင့် အမျိုးသားညီလာခံ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၆၉၄) ဦးရှိပါတယ်။ တာဝန်အရ ခွင့်ပန်တဲ့ကိုယ်စားလှယ်ပေါင်း (၁)ဦး၊ ကျန်းမာရေးကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်း(၁၄)ဦးနဲ့ ကိုယ်ရေးကိုယ်တာကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၁၆) ဦးရှိပါတယ်။ ဒီနေ့အစည်းအဝေးကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၆၆၃) ဦးဖြစ်တဲ့အတွက် အစည်းအဝေးအထမြောက်ပါတယ်။

သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

(နောက်ဆက်တွဲ ၃-က)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

**တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့**

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးကို ဒီကနေ့ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားပါမယ်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။

အခုတောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ဒီစာတမ်းကို အပိုင်း (၂) ပိုင်းခွဲပြီး ဦးရွှေလှနဲ့ ဦးကျော်အေးတို့က ဖတ်ကြားတင်ပြကြမှာ ဖြစ်ပါတယ်။ ဦးရွှေလှအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးရွှေလှ (တောင်သူ လယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့)။** လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနဲ့ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း မေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်က အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ် ဦးရွှေလှ ဖြစ်ပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ အမျိုးသားညီလာခံ တောင်သူ လယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ စုပေါင်းညှိနှိုင်း ပြုစုထားတဲ့ "နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်း"များ အတွက် အခြေခံရမယ့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းသည့် အကြံပြုစာတမ်းကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ သိရှိကြတဲ့အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အစီအစဉ်တကျရှိစေဖို့ လိုအပ်တဲ့ "အခန်းအလိုက် ခေါင်းစဉ်"များလဲ ရရှိပြီးဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်မူများဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အသက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ သော့ချက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အနှစ်သာရတွေပဲ ဖြစ်ပါတယ်။ အဲဒီလိုအပ်တဲ့ နိုင်ငံတော်အခြေခံမူ(၁၀၄) ချက်ကိုလဲ အကျေအလည် ဆွေးနွေးညှိနှိုင်းချမှတ်ပြီး ဖြစ်ပါတယ်။

ဒါကြောင့်အခုလိုချမှတ်ထားပြီးဖြစ်တဲ့အခြေခံရမယ့်မူတွေအပေါ် အခြေခံပြီး အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆) ရပ် အတွင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ တောင်တောင်ရေမြေ သဘာဝ၊ မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိစေရမယ့် ဆိုင်ရာ အခန်းအလိုက် ခေါင်းစဉ်များအတွက် အခြေခံရမယ့် မူများကို အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်းများတွင် တစ်ဆက်တစ်စပ်တည်းရှိနေတဲ့နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး ဆက်လက် ဆွေးနွေးတင်ပြရာမှာ ပထမဦးစွာ ကျွန်တော့်အနေနဲ့ "နိုင်ငံတော်အခန်းနဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း" များကို ဆွေးနွေးတင်ပြပြီး "နိုင်ငံတော်အကြီးအကဲအခန်း" ကိုတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မှ ဦးကျော်အေးက ဆက်လက်ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အခန်းနဲ့ စပ်လျဉ်းပြီး အကြံပြုဆွေးနွေး တင်ပြရမယ်ဆိုရင် နိုင်ငံတော်ဆိုတာဟာ ကမ္ဘာပေါ်ရှိနယ်မြေတစ်ခုခုမှာစုစည်း နေထိုင်ကြတဲ့ လူသားတို့ရဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ အကြမ်းအားဖြင့် ဆိုနိုင်ပါတယ်။ နိုင်ငံရေး သိပ္ပံပညာရှင်များရဲ့ သတ်မှတ်ချက်အရလဲ နိုင်ငံတိုင်းမှာ ပြည့်စုံရမယ့် အင်္ဂါရပ် (၄) ခု ရှိပါတယ်လို့ပါရှိပါတယ်။ ဒါတွေကတော့—

(၁) နိုင်ငံသားလူဦးရေ (Population)

(၂) ပိုက်နက်နယ်မြေနယ်နိမိတ် (Territory)

(၃) အစိုးရ (Government)

(၄) အချုပ်အခြာအာဏာ (Sovereignty)

တို့ပဲဖြစ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ အဲဒီလို နိုင်ငံတစ်နိုင်ငံမှာ ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အထူးတလည်အကျယ်ချဲ့ပြီး တင်ပြနေဖို့လိုမယ်မဟုတ်ပါ။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ ဘယ်လိုနိုင်ငံမျိုးလဲ၊ ဘယ်လိုစနစ်မျိုးနဲ့ အုပ်ချုပ်သွားမှာလဲ၊ အဲဒီလိုအုပ်ချုပ်သွားမယ့်နေရာမှာလဲ ဒီမိုကရေစီရဲ့ အနှစ်သာရကို ဘယ်လို ဖော်ဆောင်သွားမှာလဲ ဆိုတာတွေကို နိုင်ငံတော်အခန်း ကဏ္ဍရဲ့အခြေခံမူတွေကိုကြည့်လိုက်ရုံနဲ့ နိုင်ငံတစ်နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည်တို့ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသကဲ့သို့ ပေါ်ပေါ်လွင်လွင် ရှိနေဖို့လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အထူးတင်ပြနေစရာ လိုအပ်မယ်မထင်ပါ။ ကျွန်တော်တို့နိုင်ငံတော်ဟာနိုင်ငံကြီး နှစ်နိုင်ငံအကြားမှာ နယ်နိမိတ် ပိုင်းခြားပေးရုံလောက်ဖြစ်တဲ့ နယ်ခြားနိုင်ငံကလေး (BUFFER STATE) မျိုး မဟုတ်သလို နိုင်ငံကြီး တစ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုတွေ အထူးတလည်ခံနေရတဲ့ (VASSAL STATE) မျိုးလဲမဟုတ်ပါ။ အဲဒီလို နိုင်ငံမျိုးမဟုတ်ဘဲဝိသေသထူးခြားတဲ့၊ လွတ်လပ်ပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်ရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း ပေါ်လွင်စေဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှာ အရေးအကြီးဆုံး အချက်ကတော့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အချုပ်အခြာအာဏာကို ယုတ်လျော့အောင်၊ ယိုယွင်းပျက်စီးအောင် မပြုလုပ်ဖို့၊ တိုင်းတစ်ပါးရဲ့ ထိပါးစော်ကားတာကိုလဲ မခံရဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး အလေးအမြတ်ပြုထားတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကျွန်တော်တို့တစ်တွေက ဦးထိပ်ထား အသက်

ပေး ကာကွယ်စောင့်ရှောက်သွားရမယ်ဆိုတဲ့ နိုင်ငံရေးသတိအစဉ်ရှိနေဖို့လဲလိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပင် တိုင်းရင်းသား လူမျိုးပေါင်းစုံ အတူတကွ ပူးပေါင်း နေထိုင်လျက် ရှိကြပါတယ်။ သူ့ကျွန်ဘဝရောက်ခဲ့စဉ်ကလဲ မြန်မာ တစ်နိုင်ငံလုံးမည်သည့်ဒေသမှ ကြွင်းကျန်မနေရစ်ဘဲ အတူတကွ ကျွန်ဖြစ်ခဲ့ကြရပါတယ်။ ကချင်၊ ချင်း၊ ရှမ်း၊ ကရင်ရယ်လို့ ကွက်ပြီးတော့မကျန်ခဲ့ပါ။ ဆိုလိုတာကတော့ အဲဒီအချိန်ကတည်းက မြန်မာနိုင်ငံရယ်လို့တစ်စုတစ်စည်းတည်းရှိခဲ့တာမို့ ကျွန်ဖြစ်တော့လဲ ဒီတစ်နိုင်ငံလုံး တစ်စုတစ်စည်းတည်းကျွန်ဖြစ်ခဲ့ကြရတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ လွတ် လပ် ရေး ရအောင်ကြိုးပမ်းခဲ့စဉ်ကလဲ ဘယ်လူမျိုးမှကွက်ကျန်မနေခဲ့ဘဲ အားလုံးတစ်စုတစ်စည်းတည်း စုပေါင်း တွန်းလှန်တိုက်ခိုက်ခဲ့ကြလို့လဲ သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး လွတ်လပ်ရေး ရခဲ့ကြခြင်းပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ အရေးကြီးရင် သွေးနီးဆိုသလို စုစုစည်းစည်းနဲ့ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ နေထိုင်ခဲ့ကြတယ်ဆိုတာ သမိုင်းကြောင်းအရ ပေါ်လွင်ထင်ရှားစွာရှိနေပြီး ဖြစ်ပါတယ်။ အဲဒီလိုပြည်ထောင်စုဖွား တိုင်းရင်းသားတို့ စုစည်း နေထိုင်လျက် ရှိကြတဲ့ နိုင်ငံဖြစ်ကြောင်း အစဉ်ထာဝရ ထင်ရှားသက်ဝင်နေစေဖို့ အထူးပဲ လိုအပ်လှပါတယ်။

ဒါ့အပြင် အနာဂတ်နိုင်ငံတော်ရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုနဲ့ ပတ်သက်လို့လဲ ဥပဒေပြုအဖွဲ့နဲ့ ဆက်စပ်နေတဲ့ အုပ်ချုပ်ရေးစနစ်၊ တစ်နည်းအားဖြင့် ပါလီမန် အုပ်ချုပ်ရေးစနစ်၊ သို့တည်းမဟုတ် ဥပဒေပြုအဖွဲ့နဲ့ ပိုင်းခြားထားတဲ့ အုပ်ချုပ်ရေးစနစ်၊ တစ်နည်းအားဖြင့် သမ္မတအုပ်ချုပ်ရေး စနစ်လို့ဆိုရာမှာ ဘယ်လိုစနစ်မျိုးကို ကျင့်သုံး ဖော်ဆောင်နေတယ် ဆိုတာ ပေါ်လွင်စေဖို့လဲလိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ပကတိအခြေအနေနဲ့ လိုက်လျောညီတွေရှိစေမယ့် သမ္မတအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးတဲ့ အကြောင်း နိုင်ငံတော်အခန်းကဏ္ဍမှာ ဖော်ပြရန်လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ။အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆) ရပ်မှာပါဝင်တဲ့ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းရေးဆိုတဲ့ ဦးတည်ချက်အရ၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာလဲ နိုင်ငံသားများထံမှ ဆင်းသက်ပြီးတော့ နိုင်ငံတစ်နိုင်ငံလုံးမှာအစဉ်တည်ရှိနေဖို့လိုအပ်ပါတယ်။ဒါမှလဲ ပြည်သူနှင့်အုပ်ချုပ်သူများ အပြန်အလှန်အကျိုးပြု အကောင်အထည်ဖော်ရေးကို မျက်ခြည်မပြတ်စေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ဆိုတဲ့ အခန်းကဏ္ဍမှာ ဖော်ပြသင့်တဲ့ အခြေခံရမယ့်မူများ အနေနဲ့တင်ပြရမယ်ဆိုရင်—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟုခေါ်တွင်မည်၊

(၃) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်း နေထိုင်ကြသော နိုင်ငံဖြစ်သည်၊

(၄) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်၊

(၅) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့် အတိုင်းဖြစ်သည် ဟု နိုင်ငံတော်အခန်းနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေး အကြံပြုအပ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် စပ်လျဉ်းတဲ့ အခြေခံမူများကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ဖို့အတွက် မြန်မာနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးကျေနပ်လက်ခံနိုင်တဲ့နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံမျိုးဖြစ်ဖို့လိုအပ်ပါတယ်။ အဲဒီအချက်တွေကို စဉ်းစားရာမှာလဲ မြန်မာနိုင်ငံရဲ့ ပထဝီ အနေအထားနဲ့ သမိုင်းကြောင်း အချက်အလက်များကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပထဝီအနေအထားမှာ မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိသလို ပထဝီ အနေအထားအရ တိုင်းရင်းသား လူမျိုးစုတွေဟာလဲ နေရာအနှံ့ပျံ့နှံ့နေထိုင်လျက်ရှိကြတာကို တွေ့ရမှာဖြစ်ပါတယ်။အဲဒီတိုင်းရင်းသားလူမျိုးစုတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အတူတကွ နေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသား လူမျိုးများ ဖြစ်ကြပါတယ်။ ရှည်ကြာလှတဲ့သမိုင်းကြောင်း တစ်လျှောက်မှာလဲ နိုင်ငံတကာနဲ့ ဆက်ဆံရာမှာ စုစည်းညီညွတ်သော ပြည်ထောင်စုနိုင်ငံကြီးတစ်ခုအနေနဲ့သာ သတ်မှတ်ဆက်ဆံခြင်းခံခဲ့ရတာတွေကိုလဲ တွေ့ရှိခဲ့ရပါတယ်။ ခြားနားတဲ့သမိုင်းကြောင်း၊ ခြားနားတဲ့ ယဉ်ကျေးမှုရှိနေတဲ့ သီးခြားနိုင်ငံတွေကို စုစည်းထားတာမျိုး မဟုတ်တာကိုလဲ တွေ့ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသား လူမျိုးစုတွေ ပေါင်းစည်းထားတဲ့ နိုင်ငံရယ်လို့ပြောရမှာဖြစ်ပါတယ်။

လူမျိုးတစ်မျိုးတည်း သီးခြားနယ်မြေသတ်မှတ်ပြီး တည်ထောင်နေထိုင်ကြတာရယ်လို့ မတွေ့ရပါ။ ဒေသအနှံ့ လူမျိုးအစုံပျံ့နှံ့ ရောပြွမ်း နေထိုင်ခဲ့ကြတာတွေ့ရပါတယ်။ ယနေ့နိုင်ငံတော်မှာလဲ လူဦးရေအနည်းအများသာခြားနားပါတယ်။ လူမျိုးပျံ့နှံ့မှုကတော့ နေရာအနှံ့ရှိနေဆဲပါ။ ကျွန်တော်တို့တိုင်းရင်းသားလူမျိုးများဟာ သမိုင်းစဉ်အဆက်ဆက်ကစပြီး ယနေ့ကာလထိ တိုင်းရင်းသား အချင်းချင်းစည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်လို့ ချမှတ် ထားတာဟာ ကျွန်တော်တို့နိုင်ငံရဲ့ရေမြေတောတောင်သဘာဝအရရော၊ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးတွေရဲ့စုစည်းညီညွတ်မှု အရပါ လျော်ကန်သင့်မြတ်တဲ့ မူတစ်ရပ်ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** အဲဒီလို နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်လို့ အခြေခံမူချမှတ်ထားတာနဲ့အညီ နိုင်ငံတော်ရဲ့ နယ်မြေအပိုင်းအခြား သတ်မှတ်ထားတာနဲ့ ပတ်သက်လို့လဲ တိုင်းရင်းသား လူမျိုးပေါင်းစုံစုပေါင်း နေထိုင်ကြတဲ့ တိုင်း (၇)တိုင်းနဲ့ ပြည်နယ် (၇) ပြည်နယ်ကိုရှိရင်းစွဲတိုင်း ဒေသကြီး (REGION) (၇)ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲပြည်နယ် (၇)ပြည်နယ်ကို(STATE)(၇)ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။

တိုင်း ဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။ ထို "တိုင်း ဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဝေါ်သုံးနှုန်းသည်" လို့ သတ်မှတ်ထားတဲ့ အခြေခံမူဟာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေသဘာဝနဲ့ လိုက်လျောညီထွေရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်း ဒေသကြီး(REGION)(၇)ခုနှင့် ပြည်နယ်(STATE) (၇) ပြည်နယ်တို့ကို ပိုမိုတိကျပေါ်လွင်စေရန်အတွက် အောက်ပါအတိုင်း ခေါ်ဝေါ်ပိုင်းခြား သတ်မှတ်ရန် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်—

(၁) နိုင်ငံတော်ကို အောက်ပါအတိုင်း တိုင်းဒေသကြီး(REGION)(၇)ခုနှင့်ပြည်နယ် (STATE) (၇)ပြည်နယ်ဖြင့် ပိုင်းခြားသတ်မှတ်သည်—

- ကချင်ပြည်နယ်
- ကယားပြည်နယ်
- ကရင်ပြည်နယ်
- ချင်းပြည်နယ်
- စစ်ကိုင်းတိုင်းဒေသကြီး
- တနင်္သာရီတိုင်းဒေသကြီး
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်း ဒေသကြီး
- မန္တလေးတိုင်း ဒေသကြီး
- မွန်ပြည်နယ်
- ရခိုင်ပြည်နယ်
- ရန်ကုန်တိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီး

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီးများသို့မဟုတ် ပြည်နယ်များတွင်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ရရှိပြီးဖြစ်သည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (SELF ADMINISTERED AREAS) သတ်မှတ်ပေးရန်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက် ပြီးတော့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (SELF ADMINISTERED DIVISION) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (SELF ADMINISTERED ZONE) များနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေး သွားမှာဖြစ်ပါတယ်။

အနာဂတ်နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနဲ့ပတ်သက်လို့ အခြေခံမူများလဲ ချမှတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေကို သက်ဆိုင်ရာ တိုင်းရင်းသားလူဦးရေနဲ့ နယ်မြေ တစ်ဆက်တစ်စပ်တည်း ရှိမှုအပေါ် အခြေပြုပြီး လိုအပ်သလို သတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။

အဲဒီလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်ရသင့်ရထိုက်တဲ့ တိုင်းရင်းသားတွေဟာ ဘယ်တိုင်းရင်းသားတွေ ဖြစ်တယ်၊ ဘယ်ဒေသတွေကို သတ်မှတ်ပေးသင့်တယ် ဆိုတာ နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမယ့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေး ညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသား တွေဟာ ကြည်နူးဝမ်းမြောက်ကြမှာဖြစ်တဲ့အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမို ကျစ်လျစ်ခိုင်မာစေမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ ကျွန်တော်တို့ရဲ့ညီအစ်ကိုတော် တိုင်းရင်းသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေး တွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့ ဖြစ်တဲ့အတွက် လဲ ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်။

ဒါပေမဲ့ ဒီလို သတ်မှတ်ပေးရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ တချို့ တိုင်းရင်းသားများဟာဆိုရင် လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိမှု၊ နယ်မြေ တစ်ဆက် တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင်လျက်ရှိမှု၊ အဲဒီ တိုင်းရင်းသားများရဲ့ လူဦးရေနဲ့ နယ်မြေ အကျယ်အဝန်း တို့ကို စိစစ်လေ့လာသုံးသပ်ပြီးမှ သတ်မှတ် ပေးရင် ပိုမိုသင့်လျော်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ်ပေးမယ်ဆိုရင် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေး အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ် ပေးထားတဲ့အတိုင်း ရရှိမှာ

ဖြစ်တဲ့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ ခရိုင် မြို့နယ်များလဲရှိမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းဟာ တိုင်းဒေသကြီး ဒါမှမဟုတ်ပြည်နယ် လောက် အဆင့်မမြင့်ပေမယ့် အဲဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းမှာ ရှိတဲ့ ခရိုင် အဆင့်တွေထက် အဆင့်မြင့်မှာဖြစ်ပါတယ်။အဲဒီလိုပဲကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတွေမှာလဲ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဆင့်လောက် မမြင့်သော်လည်း ခရိုင်အဆင့် ထက် မနိမ့်ကျစေရပါ။ အဲဒီလိုဒေသတွေမှာ တစ်စု တစ်စည်းတည်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအဖြစ် သတ်မှတ် ပေးရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ရရှိထားပြီး ဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများမှအပ အခြား တိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီး ဖြစ်တဲ့ အခြေခံမူများနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးများ အတွက် ဘယ်တိုင်းဒေသကြီး ဘယ် ပြည်နယ် အတွင်း ဘယ်နေရာတွေမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသအဖြစ် သတ်မှတ်ပေးဖို့ ကိစ္စနဲ့ပတ်သက် ပြီး သက်ဆိုင်ရာ တိုင်းရင်းသားများက ကောင်းခံ တင်ပြလာရင်လဲ သတ်မှတ်ချက် များနဲ့ ညီညွတ်မှု ရှိပါက ခွင့်ပြုဆောင်ရွက်ပေးသင့်ကြောင်း အကြံ ပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဘယ်လို စုစည်းမယ် ဆိုတာကို နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းမှာ ဆွေးနွေး အကြံပြု သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံတော်ကို ဘယ်လို ဖွဲ့စည်းခဲ့တယ်။၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဘယ်လို ဖွဲ့စည်းခဲ့တယ် ဆိုတာကို ကိုယ်စားလှယ်ကြီးများအားလုံး လေ့လာ သိရှိကြပြီးဖြစ်ပါတယ်။ နောင်အနာဂတ် နိုင်ငံတော်ကို ဖွဲ့စည်းရာမှာလဲ နိုင်ငံတော် အဖွဲ့အစည်းများ အနေနဲ့နယ်မြေဒေသအလိုက် ဆက်လက်ဆောင်ရွက် ရာမှာ လွယ်ကူလျင်မြန်သွက်လက်စေဖို့ နိုင်ငံတော် ရဲ့ လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရာမှာ လိုအပ် သလို အနီးကပ် ကြီးကြပ်နိုင်စေဖို့လဲ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာမှာ—

- ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ် အဖြစ် လည်းကောင်း၊
- ကျေးရွာ အုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ် အဖြစ် လည်းကောင်း၊
- မြို့နယ်များကို ခရိုင် အဖြစ် လည်းကောင်း၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသ အတွင်းရှိမြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသအဖြစ်လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်း အတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါ က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊

— တိုင်း ဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း စုစည်းရန်၊

— နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ၊

ဟူ၍ အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို နောင်အခါပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာရင် ဘယ်လိုဆောင်ရွက်ရမယ်၊ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်လာခဲ့ရင်လဲ ဘယ်လိုဆောင်ရွက်ရမယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့၊ ခရိုင်နယ်နိမိတ်တွေကို ပြင်ဆင်ဖွဲ့စည်းဖို့နဲ့ အမည်ပြောင်းလဲရန် ပေါ်ပေါက်လာရင် ဘယ်လိုဆောင်ရွက်ကြမယ်၊ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ အမည်ကို ပြောင်းလဲရန်ပေါ်ပေါက်လာရင် ဘယ်လိုဆောင်ရွက်ကြမယ် ဆိုတာကိုလဲ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာပါက နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူပေးပါရန် ပထမဦးစွာ အကြောင်းကြားပြီးနောက် နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကိုရယူသင့်ပါတယ်—

(၁) တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၂) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၃) အဲဒီလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

ရယူဖို့ဖြစ်ပါတယ်။ အဲဒီလိုသတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ထောက်ခံဆန္ဒမဲ အသီးသီးရပြီးလျှင် နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အထက်ပါသတ်မှတ်ထားတဲ့ နည်းလမ်းနဲ့အညီ လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ အဲဒီလွှတ်တော်နှစ်ရပ်ရှိသက်ဆိုင်ရာနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကဖြစ်စေ၊နယ်နိမိတ်ပြင်ဆင်ရေးနဲ့စပ်လျဉ်းပြီးသဘောမတူကြောင်းဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူဆောင်ရွက်ဖို့နဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းရဲ့ လေးပုံသုံးပုံနဲ့ အထက်ကထောက်ခံလျှင် နိုင်ငံတော်သမ္မတက နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာပါက အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့

မဲဆန္ဒရှင်များရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူသင့်ပါတယ်။ ဒီလိုရယူတဲ့အခါမှာ အဲဒီနယ်မြေအတွင်း နေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ မရလျှင် အဲဒီနယ်နိမိတ် ပြင်ဆင် သတ်မှတ်ရေးကို ဆောင်ရွက်ခြင်း လုံးဝမပြုဖို့ အကြံပြု တင်ပြအပ်ပါတယ်။ တကယ်လို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံသုံးပုံနဲ့အထက် ထောက်ခံဆန္ဒမဲ ရရှိလျှင် ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူပြီး နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရေးအတွက် အခြေခံရမယ့် မူချမှတ်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

တကယ်လို့ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်ကနယ်နိမိတ် ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူဖို့ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏လေးပုံသုံးပုံနဲ့ အထက်ကနယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်ပေးရေး အတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြု ဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာ ရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင် နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာနိုင်စရာ အကြောင်းရှိပါတယ်။ အဲဒီလို နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ သို့မဟုတ် အမည်ပြောင်းလဲခြင်းများဟာ ဒေသဆိုင်ရာကိစ္စဖြစ်တဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်၏ အမည်ကို ပြောင်းလဲ သတ်မှတ်လိုလျှင် အဲဒီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ ဆန္ဒကိုရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်ရန် အခြေခံမူကို ချမှတ်ပြီးဖြစ်တဲ့အတွက် ၎င်းမူအတိုင်း နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ ထည့်သွင်းဖော်ပြသင့်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရဲ့ အမည်ကို ပြောင်းလဲ သတ်မှတ်ရန် လိုအပ်ရင်လဲ အထက်နည်းလမ်းအတိုင်း ဆောင်ရွက်ဖို့ အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ရဲ့ မြို့တော် သတ်မှတ်ရေးနဲ့ နိုင်ငံတော်ရဲ့ မြို့တော်ကို မည်သည့် တိုင်းဒေသကြီး သို့မဟုတ် မည်သည့်ပြည်နယ်ရဲ့ အုပ်ချုပ်မှုအောက်တွင် မပါဝင်စေဘဲ၊ သီးခြားအုပ်ချုပ်သည့် နယ်မြေဒေသအဖြစ် ထားရှိရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ အခြေအနေအရ ရန်ကုန်မြို့ဟာ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ မြို့တော် ဖြစ်ပြီး ထူးခြားတဲ့ ဂုဏ်ထူးဝိသေသများနဲ့ ထူးခြားတဲ့ အခြေအနေများ ရှိသည့်အပြင် နိုင်ငံတကာ ဆက်သွယ်ရေး လုပ်ငန်းများကြောင့် အရေးပါလှပါတယ်။ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ သမ္မတနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဗဟိုအစိုးရအဖွဲ့ ရုံးစိုက်ရာမြို့လဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တော်မှာ ကမ္ဘာ့ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများ၊ ဟိုတယ်

ကြီးများ၊ ကုန်တိုက်ကြီးများ၊ ကုန်ထုတ်စက်ရုံကြီးများ၊ စက်မှုလက်မှု လုပ်ငန်းကြီးများ တည်ရှိနေကြပါတယ်။ နိုင်ငံတကာသံရုံးများ၊ သံတမန်ဆက်ဆံရေးကိစ္စများ၊ နိုင်ငံတကာ အကျိုးတူ ဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများစတဲ့ ကမ္ဘာ့နိုင်ငံအများအပြားနဲ့ ဆက်သွယ် ဆောင်ရွက်နေရတဲ့ကိစ္စများလဲ ရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင်နိုင်ငံတော်အကြီးအကဲသည်နိုင်ငံတော်သမ္မတ ဖြစ်ကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်မူအဖြစ် ချမှတ်ပြီးဖြစ်တာနဲ့အညီ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့သမ္မတဟာ အုပ်ချုပ်ရေးအာဏာကို အပြည့်အဝ ရရှိပြီး နိုင်ငံတော်ရဲ့အကျိုးကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်တော့မှာ ဖြစ်တဲ့အတွက် သမ္မတဟာ နိုင်ငံတော်မှာ ထူးခြားတဲ့ကိစ္စများကို ကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိလာမှာ ဖြစ်ပါတယ်။ သမ္မတအနေနဲ့ ၎င်းရဲ့ပင်ကိုယ်စွမ်းဆောင်မှုအပေါ် မူတည်ပြီး လုပ်ပိုင်ခွင့်အာဏာကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ တစ်စိတ်တစ်ဒေသသို့မဟုတ် နိုင်ငံတော်တစ်ဝန်းလုံး သို့မဟုတ် နိုင်ငံတော်ရဲ့ မြို့တော်မှာ အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာတဲ့အခါ သမ္မတရဲ့ လုပ်ပိုင်ခွင့်အာဏာ သုံးစွဲမှုဟာ ပိုမိုအရေးပါလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဟာစီမံအုပ်ချုပ်တဲ့ အခွင့်အာဏာကို အမြင့်ဆုံးရရှိထားတာနဲ့အညီ မြို့တော်ရန်ကုန်မှာ ဖွင့်လှစ်ထားရှိတဲ့ ဝန်ကြီးဌာနအားလုံး စီမံခန့်ခွဲရေးဆိုင်ရာ အဆင့်အမြင့်ဆုံးရုံး ဌာနအားလုံးနဲ့ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ရုံးဌာနများကို အနီးကပ် ကြီးကြပ် ကွပ်ကဲရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ်သတ်မှတ်သင့်ကြောင်း အခြေခံရမယ့်မူချမှတ်ရန်နဲ့ ရန်ကုန်မြို့တော်ဟာ တိုင်း ဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုရဲ့ စီမံအုပ်ချုပ်မှု အခွင့်အာဏာထက် ကျော်လွန်ပြီး နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်အာဏာဖြင့် စီမံခန့်ခွဲအုပ်ချုပ်ရန် လိုအပ်သောအချက်ရှိနေခြင်း၊ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံတကာ ဆက်သွယ်ရေးစတဲ့ ထူးခြားတဲ့ အခြေအနေများရှိတဲ့ ဒေသဖြစ်လို့ မည်သည့်တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ အုပ်ချုပ်မှုအောက်တွင်မှ မပါဝင်စေဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ထားရှိတဲ့ ပြည်ထောင်စု နယ်မြေ တစ်ခု အဖြစ် သတ်မှတ်ပေးသင့်ကြောင်း အကြံပြု တင်ပြ အပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက် ဖော်ပြပါ တင်ပြခဲ့တဲ့အတိုင်း ထူးခြားသည့် အခြေအနေရှိတဲ့ ကိုကိုးကျွန်းကဲ့သို့သော မြို့နယ်ကိုလဲ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး နိုင်ငံတော် သမ္မတ ရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ထားရှိပါရန်နဲ့ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေရှိတဲ့ ဒေသများကိုလဲ လိုအပ်ရင် ဥပဒေပြဋ္ဌာန်းပြီး သမ္မတရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်နိုင်ကြောင်းကိုလဲ အခြေခံရမယ့်မူတစ်ရပ်ချမှတ်သင့်ကြောင်းအကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

အထက်ပါ တင်ပြချက်များထဲက အကြံပြုလိုတဲ့ အဓိက အချက်များကိုချုပ်ပြီး တင်ပြရမယ်ဆိုရင်—

(၁) ရန်ကုန်မြို့ကို နိုင်ငံတော်၏မြို့တော်အဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏တိုက်ရိုက် အုပ် ချုပ် မှု အောက် တွင် ထား ရှိ သော ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်၊

(၂) ထူးခြားသော အခြေအနေတွင်ရှိသည့် ကိုကိုးကျွန်းမြို့နယ် ကဲ့သို့သော ဒေသများကိုလဲ နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်ရန်၊

(၃) နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး အုပ်ချုပ်ရေး၊ စီးပွားရေး၊ စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေ ရှိသည့် ဒေသများကိုလဲ လိုအပ်ပါက ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိတဲ့ ပြည်ထောင်စု နယ်မြေများအဖြစ် သတ်မှတ်ထားရှိရန်

ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော့် အနေနဲ့ အမျိုးသားညီလာခံတောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ တင်သွင်းတဲ့ စာတမ်းပါ နိုင်ငံတော်အခန်းနဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် မူများကို အကြံပြု တင်ပြဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ကျန်အပိုင်းဖြစ်တဲ့ နိုင်ငံတော်အကြီးအကဲအခန်းကို တော့ ကရင်ပြည်နယ်၊ ကော့ကရိတ် မြို့နယ်မှ ဦးကျော်အေးက ဆက်လက်ဆွေးနွေး တင်ပြသွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (**သြဘာသံများ**)

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ဦးကျော်အေးအား ဖိတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်အေး (တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့)။** ။လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်က အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ် ဦးကျော်အေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စာတမ်း ဒုတိယပိုင်းကို ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ။အခုဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဆွေးနွေးအကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။

၁၉၉၃၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးက နိုင်ငံတော်အကြီးအကဲခေါင်းစဉ်နဲ့ ပတ်သက်ပြီး—

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့် ရွေးချယ်တင်မြှောက်သည်

လို့ အခြေခံမူ ချမှတ်ထားပြီးဖြစ်ပါတယ်။

အဲဒီလို အပြေအလည် ညှိနှိုင်းချမှတ်ထားပြီး ဖြစ်တဲ့ အခြေခံရမည့်မူအပေါ် ရပ်တည်ပြီး နိုင်ငံတော်သမ္မတရဲ့ အနေအထား၊ နိုင်ငံတော်သမ္မတမှာ ရှိသင့်တဲ့အရည်အချင်း၊ နိုင်ငံတော်သမ္မတရဲ့ တာဝန်ဝတ္တရားများ၊ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတရဲ့ သက်တမ်း၊ နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ခြင်း စတဲ့ အခြေခံရမယ့် မူများကို အသေးစိတ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတဟာ အချို့နိုင်ငံတွေမှာ နိုင်ငံတော်ရဲ့ ကျက်သရေဆောင် ပုဂ္ဂိုလ်သာဖြစ်ပြီး အချို့နိုင်ငံတွေမှာတော့ အုပ်ချုပ်ရေး အကြီးအကဲပါဖြစ်တာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ ပတ်သက်ပြီးချမှတ်ထားတဲ့ အခြေခံမူများအရကျွန်တော်တို့နိုင်ငံတော်ရဲ့ သမ္မတဟာ အုပ်ချုပ်ရေးအာဏာ အပြည့်အဝ ကျင့်သုံးနိုင်မယ့် သမ္မတဖြစ်ရုံသာမက နိုင်ငံတော် သမ္မတဟာ နိုင်ငံတော်ရဲ့ အထွတ်အထိပ်နေရာမှာရှိပြီး၊ နိုင်ငံတော်သူ နိုင်ငံတော်သားများရဲ့ အားကိုး၊ အားထားရာ အမျိုးသား ခေါင်းဆောင်ကြီးလဲ ဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်လို့ ချမှတ်ထားတဲ့အခြေခံမူအပြင်—

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်၊

- နိုင်ငံတော် သမ္မတသည် နိုင်ငံသားအားလုံးရဲ့အမျိုးသားခေါင်းဆောင်ဖြစ်သည်၊
- နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသား အားလုံးရဲ့ အထွတ်အထိပ် နေရာတွင်ရှိသည်

ဟု အခြေခံရမယ့်မူများချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးမယ့် နိုင်ငံတော်သစ်ကို ထူထောင်ကြရာမှာ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့သမ္မတဟာ အရေးပါလှပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ ဆောင်ရွက်သင့်တဲ့ကိစ္စများပြီးစီးအောင်ဆောင်ရွက်ရန် ဦးဆောင်မှုနဲ့လမ်းညွှန်မှုလိုပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ကိုယ်စားပြုသူဖြစ်သလို နိုင်ငံသား အားလုံးရဲ့အမျိုးသားခေါင်းဆောင်လဲ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အထွတ်အထိပ် နေရာမှာရှိလာမှာဖြစ်တဲ့အတွက်နိုင်ငံတစ်ခုလုံးကို ဦးဆောင်သွားရမှာဖြစ်ပါတယ်။ သမ္မတဟာ ဦးဆောင်နိုင်တဲ့အရည်အချင်းတွေနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေနဲ့ အခြေခံလိုအပ်ချက်တွေကို ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေတွေနဲ့ ပေါင်းစပ်ပြီး ရိုးသားမှန်ကန်စွာ သုံးသပ်ဆုံးဖြတ်၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ မှန်ကန်တဲ့ မူဝါဒ လုပ်ငန်းစဉ်တွေ ချမှတ်ပေးဖို့ လိုအပ်သလို အကောင်အထည်ဖော်ရာမှာလဲ အမှားကင်းစင်ပြီး အမှားကို အမှားမှန်း အမြန်သိရှိကာ အမှန်ကို ရောက်**အောင်** ချက်ချင်းပြုပြင်နိုင်စွမ်းရှိဖို့လိုအပ်ပါတယ်။ ခေတ်သစ်ကာလပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ဟာ အလွန်ကြီးမားမြန်ဆန်လှပါတယ်။ အဲဒီအရှိန်အဟုန်ကို အမီလိုက်နိုင်မှ နိုင်ငံတော်ရဲ့ ကောင်းကျိုးကို ထိရောက်အောင်မြင်စွာထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံဟာလွတ်လပ်ရေးရပြီးနှစ်ပေါင်း ၄၀ ကျော်နိုင်ငံရေးမတည်ငြိမ်မှုနဲ့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု ဒဏ်တွေကြောင့် သဘာဝသယံဇာတ အရင်းအမြစ်တွေ ပြည့်စုံ ကြွယ်ဝနေပါလျက် တိုးတက်သင့်သလောက် မတိုးတက်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ နိုင်ငံရေး မှန်တိုင်းကြောင့် နိုင်ငံတော်ဖရိုဖရဲ ပြိုကွဲမယ့် အန္တရာယ်တွေကို ရင်ဆိုင်ရသည်အထိ ဖြစ်ခဲ့ရတာလဲ အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ အခြားနိုင်ငံတွေထက် ပိုပြီးကြိုးပမ်း အားထုတ် အလုပ်လုပ်ဖို့လိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ဦးဆောင်မှုပြုမယ့် **သမ္မတ**ဟာ ကျွန်တော်တို့နိုင်ငံရဲ့ဖြစ်ပေါ်ပြောင်းလဲမှုသမိုင်းကြောင်းမှာ ထပ်ချပ်မကွာ ပါဝင်ခဲ့ပြီး၊ အနာဂတ် နိုင်ငံတော်ကြီးရဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတော် ကြီးပွားတိုးတက်ရေးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်သင့်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ စစ်ရေးတို့မှာ အသိဉာဏ်ဗဟုသုတ ကြွယ်ဝပြီးအတွေ့အကြုံရှိဖို့ လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတရဲ့ အဓိကလိုအပ်တဲ့ အရည်အချင်းကတော့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးအတွက် မည်သည့်အချိန်အခါမဆို သစ္စာရှိနေဖို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ လုပ်မယ့်သူဟာ နိုင်ငံသားစစ်စစ်ဖြစ်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင် အမျိုးစစ်မှအမျိုးချစ်မည်၊ အမျိုးချစ်မှ သစ္စာရှိမည်၊ သစ္စာရှိမှ ပြည်သူနဲ့နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်မှာ ဖြစ်တာကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်အပေါ် သစ္စာရှိတဲ့ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသား တစ်ဦးဖြစ်ဖို့ လိုအပ်သလို အစစအရာရာကို ပိုင်းခြား ဆင်ခြင်နိုင်မယ့် အမြော်အမြင်ရှိဖို့လည်း လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု ကျွန်တော်တို့ တောင်သူလယ်သမား ကိုယ်စားလှယ် အစုအဖွဲ့က တင်ပြသွားခဲ့တဲ့ ဆွေးနွေးတင်ပြချက်တွေကိုအချုပ် အားဖြင့် ပြန်လည်တင်ပြရမယ်ဆိုရင်—

(၁) နိုင်ငံတော်သမ္မတသည် ဒိုတာဝန် အရေး သုံးပါးဖြစ်သောပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲ ရေးနှင့်၊ အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ရှေးရှုပြီး၊ နိုင်ငံတော် တိုးတက် ကြီးပွားရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ် ဖြစ်ရမည်၊

(၂) နိုင်ငံတော် သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိသူ ဖြစ်ရမည်၊

(၃) နိုင်ငံတော်သမ္မတသည်နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသော အရေး အရာများတွင် အတွေ့အကြုံ ရင့်ကျက် များပြားသူဖြစ်၍၊ ထိုအရေး အရာများ တွင် ထက်ထက်မြက်မြက် ဆောင်ရွက်နိုင် စွမ်းရှိသူဖြစ်ရမည်။ စစ်ရေးအတွေ့အကြုံ ရှိသူဆိုသည့်နေရာတွင် စစ်ဘက်၌ကိုယ်တိုင် ကိုယ်ကြပ် ဦးစီးဦးဆောင်မှုမရှိလင့်ကစား နိုင်ငံတော်ရဲ့ ကာကွယ်ရေးအမြင်၊ စစ်ရေး သတိ၊ လုံခြုံရေးသတိ ရှိသူ မျိုးတော့ ဖြစ်ရပါမည်၊

(၄) နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏ မိဘ နှစ်ပါးလုံး နိုင်ငံတော်၏အာဏာပိုင်နက် အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်၊

(၅) နိုင်ငံတော် သမ္မတသည် အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်၊

(၆) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတ အဖြစ်ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် ၂၀ နိုင်ငံတော်တွင် အခြေချနေထိုင် ခဲ့သူဖြစ်ရမည်၊

(၇) နိုင်ငံတော် သမ္မတသည် လွှတ်တော် ရွေး ကောက်ပွဲတွင် ရွေးကောက် တင်မြှောက် ပိုင် ခွင့် အ တွက် သတ်မှတ်ထားသော အရည်အချင်းများအပြင် နိုင် ငံ တော် သမ္မတအတွက် သီးခြား သတ်မှတ်ထား သောအရည်အချင်းများနှင့် ပြည့်စုံရမည်၊

(၈) နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင် ပွန်း သော် လည်း ကောင်း၊ မိမိ၏ တရားဝင် သား သမီး တစ်ဦးဦးသော် လည်းကောင်း၊ ထိုတရားဝင် သား သမီး တစ်ဦးဦး၏ဇနီး သို့မဟုတ် ခင်ပွန်းသော် လည်းကောင်း၊ နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာတော်ကိုခံယူ စောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရ ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထို အစိုးရ၏ နိုင်ငံသား ဖြစ်သူများ မဖြစ် စေရန်နှင့် ထိုသူများသည် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံ ဖြစ်သူသော် လည်းကောင်း ၊ ထိုအစိုးရ၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့် အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေရန်

ဆိုတဲ့ အချက်များကို နိုင်ငံတော်သမ္မတရဲ့ အနေ အထားနဲ့ အရည်အချင်းဆိုင်ရာ အခြေခံရမယ့် မူများအဖြစ် အခြေခံမူများ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု ဆက်လက်ပြီး နိုင်ငံတော် သမ္မတကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့ နဲ့ ရွေးချယ်တင်မြှောက်ခြင်းအပိုင်းနဲ့ ပတ်သက်ပြီး ဆွေးနွေး တင်ပြသွားပါမယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်ဟာ နိုင်ငံတစ်နိုင်ငံရဲ့ အဓိက စွမ်းအားတစ်ရပ် ဖြစ်လာတဲ့အတွက် စနစ်တကျရွေးချယ်ဖို့လိုလာပါတယ်။ ခေါင်းဆောင်ရဲ့ အရည်အချင်းများကို သတ်မှတ်ပေးခြင်းဖြင့် ပြည်သူရဲ့ ယုံကြည်ကိုးစားမှုကို ပိုမို ရရှိလာမှာဖြစ်ပြီး ရွေးချယ်ပိုင်ခွင့်ရှိတဲ့ ရွေးချယ်ရေးအဖွဲ့က တိကျမှန်ကန်လေလေ ပြည်သူအတွက်ခေါင်းဆောင်ကောင်းကို ရွေးချယ်ပေးနိုင်လေလေ ဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ ရွေးချယ်တင်မြှောက်တာကပိုပြီး သဘာဝကျမှာ ဖြစ်ပါတယ်။ ရွေးချယ် တင်မြှောက်ရေးအဖွဲ့ကိုတော့ ပြည်ထောင်စု လွှတ်တော်မှာပါဝင်တဲ့ လွှတ်တော် ကိုယ်စားလှယ် အားလုံးကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင်များ အဖြစ် သတ်မှတ်ပြီး အစုအဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းရန်ဖြစ်ပါတယ်။

အစုအဖွဲ့(၁)ကို တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ အစုအဖွဲ့ (၂)ကို လူဦးရေကို အခြေခံပြီး ရွေးကောက် တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက် တင်မြှောက်ခြင်း ခံရသော လွှတ်တော် ကိုယ်စားလှယ်များ ဖြင့်လည်းကောင်း၊ အစုအဖွဲ့ (၃)ကို အထက်ဖော်ပြပါ လွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့်လည်းကောင်း ဖွဲ့စည်းရန်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ဖို့ နည်းလမ်းများ က တော့ ဖွဲ့စည်းထားပြီးဖြစ်တဲ့ သမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့ (၃) ဖွဲ့အနေဖြင့် လွှတ်တော် ကိုယ်စားလှယ်များ ထဲက ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ပထမဦးစွာ ဒုတိယသမ္မတ တစ်ဦးစီကို ရွေးချယ် တင်မြှောက်ပေးရမှာ ဖြစ်ပြီးတော့ အစုအဖွဲ့ (၃) ဖွဲ့က ရွေးချယ်တင်မြှောက်လိုက်တဲ့ အမည်စာရင်း တင်သွင်းထားတဲ့ ဒုတိယ သမ္မတများဟာ နိုင်ငံတော် သမ္မတဖြစ်နိုင်တဲ့ အရည်အချင်းများနဲ့ ကိုက်ညီမှုရှိ မရှိကို ပြည်ထောင်စု လွှတ်တော်နဲ့ လွှတ်တော်နှစ်ရပ်၏ အကြီးအကဲများ၊ ဒုတိယ အကြီးအကဲများ ပါဝင်တဲ့အဖွဲ့က စိစစ်ရမှာ ဖြစ်ပါတယ်။ ဒီလို စိစစ်ရေးအဖွဲ့က စိစစ်လိုက်ခြင်းအားဖြင့် နိုင်ငံတော် သမ္မတဖြစ်နိုင်တဲ့ အရည်အချင်း သတ်မှတ် ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီပြည့်စုံမှု မရှိသည့် ဒုတိယ သမ္မတ ပါရှိလာပါက ထို ဒုတိယသမ္မတကို ရွေးချယ် တင်မြှောက်လိုက်သည့်အစုအဖွဲ့မှ နောက်ထပ် ဒုတိယ သမ္မတတစ်ဦး ထပ်မံအစားထိုး ရွေးချယ် တင်မြှောက်ပေးရမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံးဟာ ဒုတိယ သမ္မတ (၃) ဦး အနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ဒုတိယသမ္မတ တစ်ဦးကို ဆန္ဒမဲ ပေးခြင်းအားဖြင့် ဆန္ဒမဲ အများဆုံး ရရှိတဲ့ ဒုတိယ သမ္မတဟာ နိုင်ငံတော်သမ္မတ ဖြစ်လာတဲ့ သမ္မတ ရွေးချယ်ပုံနည်းစနစ်ကို ကျင့်သုံးသင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု တင်ပြခဲ့တဲ့ အပိုင်းကို ချုပ်ပြီး တင်ပြရရင်—

(၁) နိုင်ငံတော်တွင် နိုင်ငံတော်သမ္မတ တစ်ဦးနှင့် ဒုတိယသမ္မတနှစ်ဦး ထားရှိသည့်စနစ်ကို ကျင့်သုံးရန်၊

(၂) နိုင်ငံတော် သမ္မတ၊ ဒုတိယ သမ္မတများ ရွေးချယ် တင်မြှောက်ရေးနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရန်ဆိုတဲ့ အခြေခံရမယ့်မူများကို ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ လုပ်ပိုင်ခွင့် အပြည့်အဝရှိတဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ စနစ်ကို ကျင့်သုံးရမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတ နဲ့ ဒုတိယသမ္မတ တို့ဟာ မိမိတို့ရဲ့ တာဝန် ဝတ္တရား များကို အရှိန်အဟုန် မပျက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ သင့်တင့်တဲ့ ရာထူး သက်တမ်းကို သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ လူမှုရေး စတာတွေကို အခြား နိုင်ငံ တွေနဲ့ ရင်ဘောင်တန်း လိုက်နိုင်ဖို့၊ နိုင်ငံတော် နဲ့ နိုင်ငံသား တွေအတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို အချိန်ယူ အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့ သက်တမ်းကို ငါးနှစ် သတ်မှတ်ပြီး အဲဒီ သက်တမ်း ကုန်ဆုံးတဲ့ အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ် တင်မြှောက်ပြီးသည့်အချိန်ထိ နိုင်ငံတော်သမ္မတ နဲ့ ဒုတိယ သမ္မတများဟာ မိမိတို့ တာဝန်များကို ထမ်းဆောင်ဖို့နဲ့ သမ္မတအဖြစ် ရာထူးသက်တမ်း (၂)ကြိမ်ထက် ပိုပြီး ထမ်းဆောင်ခွင့် မရှိစေဖို့ ကန့်သတ်ရေး အတွက် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။ ဒါ့အပြင် အာဏာ (၃) ရပ်ကို ပိုင်းခြား ကျင့်သုံးတဲ့ မူနဲ့ ကိုက်ညီမှု ရှိစေရေး အတွက် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများဟာ မည်သည့် လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရဘဲ ပါတီနိုင်ငံရေးအစား အမျိုးသား နိုင်ငံရေး ကိုပဲ ဦးတည်ဆောင်ရွက် သင့်ကြောင်း တင်ပြ ဆွေးနွေး လိုပါတယ်။

သဘာပတိကြီးခင်ဗျား။ ယခု ကျွန်တော် တင်ပြသွားခဲ့တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတ တို့ရဲ့ ရာထူးသက်တမ်းနှင့် ပတ်သက်ပြီး ပြန်လည် တင်ပြရမယ်ဆိုရင်—

(၁) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ တို့၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်၊

(၂) နိုင်ငံတော် သမ္မတ နှင့် ဒုတိယ သမ္မတ တို့သည်မိမိတို့သက်တမ်းကုန်ဆုံးပြီးနောက် နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတ အသစ် တို့ကို ရွေးချယ် တင်မြှောက် ပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်၊

(၃) သမ္မတရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရ၊

(၄) တာဝန် ထမ်းဆောင်နေစဉ် သက်တမ်း ကာလအတွင်း အကြောင်း တစ်ရပ်ရပ် ကြောင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ အဖြစ် အစားထိုး ရွေးချယ်တင်မြှောက် ပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အသစ်၏ သက်တမ်းကို မူလ သက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်စေ ရမည်။

— နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊

— နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် လွှတ်တော်ကိုယ် စားလှယ် ဖြစ်လျှင် လွှတ်တော်ကိုယ် စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ် မှ လည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့ မှ စ၍ နုတ်ထွက်သို့မဟုတ် အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် နိုင်ငံရေးပါတီ တစ်ခုခု၏ ပါတီဝင်ဖြစ်လျှင်နိုင်ငံ တော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ မိမိရာထူး သက် တမ်းကာလအတွင်း ယင်းပါတီ အဖွဲ့

အစည်း၏ ပါတီလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ

ဆိုတဲ့ အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ ရာထူးတာဝန်များကို မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ အောက် ပါ အ တိုင်း ကတိသစ္စာပြုပြီးမှ တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင်သင့်ပါတယ်—

**"ကတိသစ္စာ"**

— ကျွန်ုပ်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလိုက်နာ၍ ဥပဒေကို တည်မြဲအောင် ထိန်းသိမ်းပြီး နိုင်ငံတော်၏ တရားဥပဒေကို စောင့်ရှောက်ပါမည်၊

— ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို အလေးအနက်ထား ဆောင်ရွက်ပါမည်၊

— အမိနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်အပေါင်းတို့ကို တွန်းလှန်ဖယ်ရှားရန် ကြီး စွာ သော သတိ၊ ဝီရိယဖြင့် မိ မိ ၏ တာ ဝန် ဝတ္တရားများကို ဖြောင့် မတ် မှန် ကန် စွာ ဆောင်ရွက်ပါမည်၊

— ပြည် ထောင် စု မြန် မာ နိုင် ငံ တော်၏ အကျိုးငှာ ပြည် ထောင် စု သမ္မတ မြန် မာ နိုင် ငံ တော် အား ကျွန်ုပ်၏ အသက်ကို အပ် နှင်း ပါ သည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။

နိုင်ငံတော်ရဲ့ ကြီးမားတဲ့ တာဝန်များကို ထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ သတ်မှတ်ထားတဲ့လစာစရိတ်နဲ့ အဆောင်အယောင်များရရှိစေသင့်ပါတယ်။ ဂုဏ်သိက္ခာနဲ့ လိုက်လျောညီထွေရှိစေမယ့် အိမ်တော်၊ ယာဉ်များကိုလည်း သီးခြားသုံးစွဲခွင့် ရှိသင့်ပါတယ်။ တာဝန်ကို အပြစ်မရှိ ထမ်းဆောင်နိုင်ခဲ့ပြီး အနားယူပါကလည်း ထိုက်သင့်သော ပင်စင်လစာခံစားခွင့်နှင့် ချီးမြှင့်ငွေများ ရရှိစေသင့်ပါတယ်။ ဥပဒေနဲ့အညီ ရရှိပြီးဖြစ်တဲ့ လစာစရိတ်၊ အဆောင်အယောင်များအပြင် နိုင်ငံတော်သမ္မတနဲ့ ဒု တိ ယ သ မ္မ တ ဆို တဲ့ ရာထူးအရှိန်အဝါကို မျှော်ကိုးပြီး အခြားအဖွဲ့အစည်းများကပေးလာတဲ့ လစာ စရိတ်၊ ကြေးငွေ၊ ရာထူးများကို လက်ခံခြင်း မပြုစေသင့်ပါ။ ဒါ့အပြင် ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုများကို ရှေးရှုပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ မိမိတို့ ဦးစီးတဲ့ တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင် မြေ၊ အိမ်၊ အ ဆောက် အ အုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနဲ့ အခြားအဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့် တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံပေးပို့ရန်ဆိုတဲ့ အခြေခံရမယ့် မူများကိုလဲ ချမှတ်သင့်ကြောင်း တင်ပြ ဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သက်ဆိုင်ရာအခန်းများနှင့် အခြားဥပဒေတို့မှာ သင့်လျော်သလို ပါရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အ ခြား ဥ ပ ဒေ တို့က အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ထမ်းဆောင်ရမည်ဟူ၍ အခြေခံရမယ့်မူ အဖြစ် ချမှတ်သင့်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေကို ပိုင်းခြားကျင့်သုံးရေးမူအရ ပိုင်းခြားကျင့်သုံးရန် ဖြစ်သော်လည်း တစ်ခုနှင့်တစ်ခု ထိန်းကျောင်းမှုရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ မိမိတို့ရာထူးတာဝန်နဲ့ လိုက်လျောညီထွေ ကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။ တကယ်လို့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ—

(၁) နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်းနဲ့၊

(၄) ကြီးလေးသော ပြစ်မှုတို့ကို ကျူးလွန်ခြင်းတို့အနက် အချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ ကျူးလွန်ဖောက်ဖျက်လျှင် ၎င်းအတွက် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအပေါ် စွပ်စွဲပြစ်တင်ရန် အောက်ဖော်ပြပါ နည်းလမ်းကို ကျင့်သုံးသင့်ပါတယ်—

(က) ပြည်ထောင်စု လွှတ်တော်တွင်ပါရှိသော လွှတ်တော် နှစ်ရပ်မှ လွှတ်တော် တစ်ရပ်ရပ်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုး၍ မိမိတို့၏ စွပ်စွဲပြစ်တင်ချက်ကို သက်ဆိုင်ရာ လွှတ်တော် အကြီးအကဲထံ တင်ပြရန်၊

(ခ) ၎င်းစွပ်စွဲပြစ်တင်ချက်ကိုသက်ဆိုင်ရာ လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူ ဆောင်ရွက်မှု ပြုလုပ်ရန်၊

(ဂ) လွှတ်တော် တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူ ဆောင်ရွက်ရန် ထောက်ခံလျှင် အခြားလွှတ်တော် တစ်ရပ်ရပ်က ၎င်းစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးစေရန်၊

(ဃ) နိုင်ငံတော်သမ္မတသို့မဟုတ်ဒုတိယသမ္မတအနေဖြင့် မိမိတို့အပေါ် ပြစ်တင်လာသော စွပ်စွဲချက်အား မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ရှိစေရန်၊

(င) စုံစမ်းစစ်ဆေးပြီးသောအခါ ၎င်းစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသော သို့မဟုတ် စုံစမ်းစစ်ဆေးစေသော လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသည့် ပြစ်မှုသည် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတရာထူးတွင် ဆက်လက်ထမ်းဆောင်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲရန် ၎င်းလွှတ်တော်က ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ တင်ပြပြီး ပြည်ထောင်စု လွှတ်တော်

အကြီးအကဲက တင်ပြချက်ရလျှင် ရချင်း စွပ်စွဲခံရသော နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ အား ရာထူးမှ ရပ်စဲကြောင်း ကြေညာရန်–

ဟူသော အချက်များပါဝင်တဲ့ အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို ရဲရဲဝံ့ဝံ့၊ တည်တည် ကြည်ကြည် ထမ်းဆောင် နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ သို့မဟုတ်ဒုတိယသမ္မတတစ်ဦးဦးကိုဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ၎င်းတို့၏ သက်တမ်းကာလ အတွင်း တရားစွဲဆိုပိုင်ခွင့် မရှိစေရဆိုတဲ့ အခြေခံရမယ့်မူကို ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် တာဝန်များကို မိမိရာထူးသက်တမ်း မကုန်ဆုံးမီ မိမိဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ရှိစေရန် ဟူသော အခြေခံရမယ့် မူကိုလည်း ချမှတ် သင့် ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု ဆက်လက်ပြီး နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတနေရာများ အတွက် အစားထိုး ရွေးချယ် တင်မြှောက်ခြင်းကို တင်ပြဆွေးနွေးသွားပါမယ်။

(၁) နိုင်ငံတော်သမ္မတသည် မိမိရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့် ဖြစ်စေ၊ ကွယ်လွန်သောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင် နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်း ကြောင့်ဖြစ်စေ နိုင်ငံတော်သမ္မတ ရာထူး လစ်လပ်ခဲ့လျှင် နိုင်ငံတော်သမ္မတရွေးချယ် တင်မြှောက်စဉ်အခါက ဒုတိယမဲအများဆုံး ရရှိခဲ့သောဒုတိယသမ္မတကနိုင်ငံတော်သမ္မတအဖြစ် ယာယီထမ်းဆောင်ရန်၊

(၂) နိုင်ငံတော်သမ္မတ လစ်လပ်သွားချိန်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်ပါက လစ်လပ်နေသော နိုင်ငံတော်သမ္မတရာထူးကို (၇) ရက်အတွင်း ဖြည့်စွက်နိုင်ရေး အတွက် ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ဆောလျင်စွာ အကြောင်းကြားရန်၊ ၎င်း အကြောင်းကြား စာကို ရရှိသော အခါ လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတကို ဒုတိယသမ္မတအဖြစ် ဦးစွာ ရွေးချယ် တင်မြှောက်ပေးခဲ့သော သက်ဆိုင်ရာသမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ထပ်မံရွေးချယ် ပေးနိုင်ရေးအတွက်၊ ပြည်ထောင်စု လွှတ်တော် အကြီး အကဲအား ဆောင်ရွက်စေရန်၊

(၃) သက်ဆိုင်ရာ သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့ကဒုတိယသမ္မတတစ်ဦးအား ရွေးချယ်တင်မြှောက်ပြီးလျှင်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကဒုတိယသမ္မတ (၃) ဦးအနက် မိမိတို့ကြိုက်နှစ်သက်ရာတစ်ဦးကို ဆန္ဒမဲပေး၍ နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ရန်၊

(၄) နိုင်ငံတော်သမ္မတလစ်လပ်သွား ချိန်သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပနေချိန်မဟုတ်ပါက ယာယီသမ္မတ၏ အကြောင်းကြား စာရသည့် နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စု လွှတ်တော်အကြီးအကဲက ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခေါ်ယူပြီး လစ်လပ်

သွားသော နိုင်ငံတော် သမ္မတရာထူးကို အထက်ဖော်ပြပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရန်၊

(ဂ) ဒုတိယသမ္မတတစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ ရာထူးမှ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန် သောကြောင့်ဖြစ်စေ၊ ရာထူးမှရပ်စဲခြင်းခံရသောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့် ဖြစ် စေ၊ တစ် စုံတ စ်ခု သော အကြောင်းကြောင့်ဖြစ်စေ၊ ဒုတိယသမ္မတရာထူးနေရာလစ်လပ်ခဲ့လျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်ပါက ၎င်း ဒုတိယသမ္မတကို ရွေးချယ်တင်မြှောက် ပေးခဲ့သည့် ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က (၇) ရက်အတွင်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပေးနိုင်ရေးအတွက် နိုင်ငံတော် သမ္မတက ပြည်ထောင်စု လွှတ်တော် အကြီး အကဲထံ ဆောလျှင်စွာ အကြောင်း ကြားရန်၊

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေချိန်မဟုတ်ပါက ပြည်ထောင်စုလွှတ်တော်အကြီးအကဲသည် နိုင်ငံတော်သမ္မတ၏အကြောင်းကြားစာရှိသည့်အချိန်မှစ၍(၂၁) ရက်အတွင်း ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခေါ်ယူပြီး သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရန် စတဲ့ အချက်များကို အခြေခံရမယ့် မူများအဖြစ် ထည့်သွင်း သင့်ပါကြောင်းအကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

သဘာပတိ ကြီး ခင်ဗျား။ ကျွန် တော် တို့ အမျိုး သား ညီလာခံ တောင် သူ လယ် သမား ကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းလိုက် ခေါင်းစဉ်များ အတွက် အခြေခံရမယ့်မူများကို အသေးစိတ် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတင်ပြခဲ့တဲ့နေရာမှာ အကျေအလည်ညှိနှိုင်း ချမှတ်ခဲ့ပြီး ဖြစ်တဲ့အခြေခံမူ (၁၀၄) ချက်ကို အခြေခံ၍လည်းကောင်း၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာပြောကြားခဲ့တဲ့ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌတို့ရဲ့ ရှင်းလင်းပြောကြားချက်များ အပေါ်အခြေခံပြီး နိုင်ငံတော်နဲ့နိုင်ငံသားအားလုံးတို့ရဲ့အကျိုးစီးပွားကို ရှေးရှုပြီးတင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ ဒီမိုကရေစီကျင့်စဉ်များအရ အများရဲ့ ဆန္ဒသဘောထား များကိုလဲ လေးနက်စွာလေ့လာမှတ်သား လိုက်နာမည်ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

### အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အခမ်းအနားမှူး။ အခု ဆက်လက်ပြီး အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဒီစာတမ်းကို အပိုင်း (၃) ပိုင်းခွဲပြီး ဦးကျော်ဝင်းထွန်း၊ ဦးကြည်မြင့်နဲ့ ဦးအောင်စန်းတို့က ဖတ်ကြားတင်ပြကြမှာ ဖြစ်ပါတယ်။ ဦးကျော်ဝင်းထွန်း အားဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးကျော်ဝင်းထွန်း(အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့)။ အမျိုးသား ညီလာခံစုံညီအစည်းအဝေးတွင်အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က တင်သွင်းသည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ အခန်းခေါင်းစဉ်များနှင့် စပ်လျဉ်းသည့် အကြံပြုတင်ပြချက်စာတမ်း။

**လေးစားအပ်ပါ**တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ လေးစား အပ်ပါတဲ့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လေးစားအပ်ပါတဲ့ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ချစ်ကြည်လေးစားအပ်ပါတဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားညီလာခံ အစည်းအဝေးကြီးသို့ ရွှင်လန်းတက်ကြွစွာ တက်ရောက်လာကြတဲ့အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ စိတ္တသုခဟု ဆိုအပ်သောစိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ကာယသုခဟု ဆိုအပ်သောကိုယ်၏ကျန်းမာရွှင်လန်းခြင်းနှင့်လည်း ပြည့်စုံ ကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ သဘာပတိကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်က အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ် ဦးကျော်ဝင်းထွန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသား ညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ ယခုတင်ပြမယ့် စာတမ်းကို ကျွန်တော်နဲ့အတူ ပဲခူးတိုင်း သာယာဝတီမြို့နယ်က ဦးကြည်မြင့်နှင့် မကွေးတိုင်း ပခုက္ကူမြို့နယ်က ဦးအောင်စန်းတို့က အခန်းလိုက် တင်ပြဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။ ပထမ ဦးစွာ ကျွန်တော်က တင်ပြပါတယ်။

သဘာပတိကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသား ညီလာခံ အလုပ်သမား ကိုယ်စားလှယ်များရဲ့ အကြံပြုဆွေးနွေး ချက်တွေဟာ ရိုးသားဖြူစင်မှုနဲ့ ပွင့်လင်းမှုကို အခြေခံပြီး အမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်ကို ခိုင်ခိုင်မာမာ ရပ်တည်ချက်ထားတဲ့ အပြင် အပြန်အလှန်နားလည်မှု၊ လေးစားမှုတို့ကိုအခြေခံလျက် ဆွေးနွေးအကြံပြုတင်ပြသွားမှာပဲ ဖြစ်ပါတယ်။

ဒီနေ့ နိုင်ငံတော်မှာ အဓိကအကျဆုံးနဲ့ အရေးကြီးဆုံး လုပ်ငန်းဟာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ဆိုတဲ့ လုပ်ငန်းကြီးပဲ ဖြစ်တယ်လို့ ကျွန်တော်တို့ အမျိုးသား ညီလာခံ အလုပ်သမား ကိုယ်စားလှယ်များက တညီတညွတ်တည်း ခံယူထားကြပါတယ်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းကြီးအတွက် အခြေခံ

ရမယ့် အချက်တွေကတော့ ရိုးသားမှု၊ ပွင့်လင်းမှုနဲ့ လေးစားမှုတို့ကို အခြေခံရမယ်လို့ ကျွန်တော်တို့ ယုံကြည်ကြပါတယ်။

အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က ၁၈-၁-၉၄ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ မိန့်ကြားသွားတဲ့ သဘာပတိ မိန့်ခွန်းထဲမှ အရေးကြီးတဲ့ အချက်တစ်ချက်ကို ကောက်နုတ် တင်ပြရရင် "ယနေ့ မျက်မှောက်ကာလ အခြေအနေကို သုံးသပ် ပြောကြားရမယ်ဆိုရင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးရရှိဖို့ ဦးတည်ကြိုးပမ်း ဆောင်ရွက်နေတဲ့ အင်မတန်သိမ်မွေ့တဲ့ အချိန်အခါ ဖြစ်ပါတယ်" လို့ သုံးသပ်ပြောကြားခဲ့ပါတယ်။ ဒီသုံးသပ်ပြောကြားချက်ဟာ ကျွန်တော်တို့ နိုင်ငံသားများအတွက် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ မင်္ဂလာစကားပဲ ဖြစ်ပါတယ်။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းကို တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ အမျိုးသားရေး တာဝန်တစ်ရပ်လို့လည်း ကျွန်တော်တို့ ခံယူထားကြပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးအားလုံး တက်ညီလက်ညီ စိတ်တူသဘောတူနဲ့ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်နိုင်ကြမှသာ အမျိုးသား ဂုဏ်သိက္ခာမြင့်မားတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ ခိုင်ခိုင်မာမာ တောင့်တောင့် တင်း တင်း ထည်ဝါ ခံ့ညားစွာ ရပ် တည် သွား နိုင် မှာ ဖြစ်ပါတယ်။ အနာဂတ်ကာလမှာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင် ငံ တော် သစ်ကြီး ကို တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့အားဟာ ကျွန်တော်တို့ နိုင်ငံအတွင်းမှာပဲ ရှိပါတယ်။ ဒါက အစဉ်အမြဲ မှန်ကန်နေတဲ့ အမှန်တရားဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အားနဲ့တူတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရရှိဖို့ ဆောင်ရွက်ကြတဲ့အခါမှာ လူမျိုးတစ်မျိုးနဲ့သာဆိုင်တဲ့ ကိစ္စမျိုးမဟုတ်မူဘဲ တိုင်းရင်းသားလူမျိုးအားလုံးနဲ့ဆိုင်တဲ့ တိုင်းရင်းသား အားလုံးက မဖြစ်မနေ ဆောင်ရွက်ကြရမယ့် အမျိုးသားရေး တာဝန်ဖြစ်ပါတယ်။ အဲဒါကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အခိုင်အမာ တည်ဆောက်နိုင်ဖို့အတွက် အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးလုပ်ငန်းဟာ ကျွန်တော်တို့ အမျိုးသား ညီလာခံ ကိုယ် စား လှယ် များ မှာ တာဝန် ရှိနေ တယ် လို့ ယုံကြည် ထားပါတယ်။

အဲဒါကြောင့် ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးကြမယ့် အခန်းခေါင်းစဉ်များမှာ အဲဒီအရေးကြီးတဲ့ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်မှုကို ခိုင်မာစွာ တည်ဆောက်နိုင်မယ့် အခြေခံမူများနဲ့ အသေးစိတ်မူများကို ကျွန်တော်တို့ အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အနေနဲ့ ပုဂ္ဂိုလ်စွဲဆန္ဒစွဲကင်းရှင်းစွာနဲ့ ကြည်ကြည်လင်လင် ရှုမြင်သုံးသပ် ဆွေးနွေး အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ သဘာပတိကြီးခင်ဗျား။**

ကျွန်တော်တို့ အမျိုးသား ညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ နိုင်ငံတော် အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများကို ဆွေးနွေး အကြံပြု တင်ပြရာမှာ ၁၈-၁-၉၄ ရက်နေ့ကအမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသား ညီလာခံ ကျင်း ပ ရေး လုပ် ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်း ပြော ကြား ချက် တွေ ကို လည်း ကျွန်တော်တို့ အလေးအနက်ထား လေ့လာ မှတ်သားထားကြပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်းမှာကြားချက်များအနက်မှ ကောက်နုတ်ဖော်ပြလိုတဲ့ အချက် တစ်ချက်ကတော့ "အခန်းအလိုက် ခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ် ဆွေးနွေး အကြံပြုတဲ့အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံ

တော်ရဲ့ တောတောင်ရေမြေသဘာဝ၊ မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိတို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ အခြေအနေ အရပ်ရပ်နဲ့ လိုက်လျောညီထွေရှိဖို့နဲ့ ဘက်ပေါင်းစုံမှ စဉ်းစားအကြံပြုနိုင်အောင် ကျွန်တော်တို့ လေ့လာထားရှိတဲ့ မြန်မာနိုင်ငံတော်နဲ့ အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ အချက်အလက်တွေအနက် သင့်လျော်တဲ့ အချက်အလက်အချို့ကို အလျဉ်းသင့်သလို ထည့်သွင်းရှင်းလင်း တင်ပြလိုပါတယ်'' လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်တွေဟာ ''နှင်းနှင်းချိန်ချိန်သုခမိန်'' ဆိုတဲ့ စကားအတိုင်း တန်ဖိုးရှိတာမို့ ကျွန်တော်တို့အခန်းခေါင်းစဉ်များ ဆွေးနွေး အကြံပြုကြတဲ့ အခါမှာ လေးနက် တည်ကြည်စွာ မှတ်သား လေ့လာသွားရမယ့် ရှင်းလင်းပြောကြားချက်တွေပဲ ဖြစ်ပါတယ်။ အမှန်စင်စစ်မှာတော့ ကျွန်တော်တို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ယနေ့ဆွေးနွေးအကြံပြုနေကြတဲ့ အသေးစိတ် အကြံပြုဆွေးနွေးချက်မှုတွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ရေရှည်မှာ အမှန်တကယ်အကျိုးစီးပွားကိုဖော်ဆောင်ပေးနိုင်စွမ်းရှိရမယ့် အသေးစိတ်မှုများအဖြစ် အခိုင်အမာ ပါဝင်နေကြရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များသည် တစ်ဦးနဲ့တစ်ဦး ချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ရိုးသားပွင့်လင်းမှု၊ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် အမှန်တကယ်အကျိုးစီးပွား ဖော်ဆောင်နိုင်မှုဆိုတဲ့ အခြေခံကောင်းများအပေါ် ရပ်တည်ပြီး ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူ (၁၀၄) ချက် မူဘောင်အတွင်းမှ အခန်းလိုက်အသေးစိတ် အခြေခံရမယ့်မူများကို ဆွေးနွေး အကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ကျွန်တော်တို့အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့အနေနဲ့နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ ''နိုင်ငံတော်'' အခန်းနဲ့ပတ်သက်ပြီး စတင်ဆွေးနွေး အကြံပြုတင်ပြသွားပါမယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ သမိုင်းစဉ်တစ်လျှောက် ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အတူတကွ အခြေစိုက်နေထိုင်ရာ နိုင်ငံတော်ဖြစ်ပါတယ်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာခိုင်မာပြီး အဆင့်မြင့်မားတဲ့နိုင်ငံတော်လည်းဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံတို့ဟာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်စိုးရေးတို့ကို အသက်နဲ့အမျှ တန်ဖိုးထားမြတ်နိုးပြီး သူ့ကျွန်မခံလိုတဲ့စိတ်နဲ့ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ဖို့ သွေးစည်းညီညွတ်စွာတွန်းလှန် ကာကွယ်ခဲ့တဲ့နိုင်ငံတော်လည်းဖြစ်ပါတယ်။ နိုင်ငံတော်အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးကို ရှေးရှုပြီး တိုင်းရင်းသားအားလုံးဟာ ရာသက်ပန်အတူတကွ ပူးပေါင်းနေထိုင်ကြမယ်လို့ သန္နိဋ္ဌာန် ချမှတ်ထားတဲ့နိုင်ငံတော်လည်းဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း အပြန်အလှန်ချစ်ကြည်လေးစားကာ တူညီမျှတတဲ့ အခွင့်အရေး အခွင့်အလမ်းများ ရရှိကြတဲ့အပြင် နိုင်ငံတော်ရဲ့ အာဏာအရပ်ရပ်ကို နိုင်ငံသားများကိုယ်တိုင် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲအုပ်ချုပ်ခွင့်ရရှိတဲ့ နိုင်ငံတော်ဖြစ်တဲ့ အားလျော်စွာ ''နိုင်ငံတော်'' အခန်းနဲ့ ပတ်သက်တဲ့ မူတွေကို အောက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြပါတယ်။

**လေးစားအပ်တဲ့သဘာဝပတိကြီးခင်ဗျား။** ကျွန်တော်တို့နိုင်ငံတော်ရဲ့ သမိုင်းစဉ်ကို ပြန်ကြည့်မယ်ဆိုရင် ကိုယ့်မင်းကိုယ်ချင်း၊ ကိုယ့်ယဉ်ကျေးမှုအစဉ်အလာကောင်းတွေနဲ့ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့တဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ အုပ်ချုပ်တဲ့ နိုင်ငံအကြီး

အကဲတွေ အရည်အချင်းပြည့်ဝ ထက်မြက်တဲ့ အခါ နိုင်ငံတော်ဟာ အင်အားတောင့်တင်းပြီး နယ်နိမိတ် ကျယ်ပြန့်ခဲ့သလို၊ နိုင်ငံရဲ့ အကြီးအကဲ လုပ်သူတွေ အရည်အချင်းမပြည့်ဝ ပျော့ညံ့တဲ့အခါ နိုင်ငံတော်ရဲ့ အင်အားဟာ ချိနဲ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း ကုန်းဘောင်ခေတ်နောက်ဆုံး မင်းဆက် ဖြစ်တဲ့ သီပေါမင်းလက်ထက်မှာ နိုင်ငံတော်တစ်ခုလုံး နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရလို့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ကြရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံတော်မှာ ရှိနေခဲ့ကြတဲ့ နိုင်ငံသား တိုင်းရင်းသား လူမျိုးပေါင်းစုံဟာ ယူ့ ကျွန်ဘဝက လွတ်မြောက်ရေးအတွက် မဆုတ်နစ်သော ဇွဲလုံ့လတွေကို အခြေတည်ပြီး နှစ်ပေါင်း တစ်ရာကျော်ကာလမှာ အသက်၊ သွေး၊ ချွေးများဟာကို စတေးကာ တော်လှန် တိုက်ပွဲဝင်ခဲ့ကြတာမို့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ နေ့မှာ အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ပြန်လည်ရပ်တည် နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးအားလုံးဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး ကိုယ့်နိုင်ငံ အရေးအရာ ကိစ္စတွေကို ကိုယ်တိုင် ကိုယ်ကျ စီမံနိုင်ကြဖို့ အတွက် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ကို ဘယ်တော့မှ လက်လွှတ်ခံမှာ မဟုတ်တဲ့အပြင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၊ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးကိုထိပါးလာလျှင်လည်း အသက်ကိုစွန့်ကာတွန်းလှန်ကာကွယ်ဖို့ အလိုအလျောက်ကျင့်သားရပြီး စိတ်ဝမ်းညီညီ သိမြင်ခံစား နားလည်ထားကြသူများ ဖြစ်ပါတယ်။ ဒါကြောင့် "နိုင်ငံတော်" အခန်းရေးဆွဲရာမှာ မူတစ်ရပ်အဖြစ်နဲ့—

၁။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်

ဆိုတဲ့မူကို ထည့်သွင်းရေးဆွဲသင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့နိုင်ငံတော်ဟာ လွတ်လပ်ရေးရပြီးနောက် ဖြတ်သန်းလာခဲ့ရတဲ့ အတွေ့အကြုံတွေအရ ရှေ့ဆက်ရမယ့် ခရီးမှာ နိုင်ငံရေးတည်ငြိမ်ပြီး ဦးဆောင်သူက အရည်အချင်း ပြည့်ဝစွာ ဦးဆောင်အုပ်ချုပ်နိုင်တဲ့ နိုင်ငံတော်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် စွမ်းရည်ထက်မြက်ပြီး နိုင်ငံရေးအတွေ့အကြုံရင့်ကျက်ကာတစ်မျိုးသားလုံးရဲ့ယုံကြည် ကိုးစားမှုရရှိနိုင်တဲ့ပုဂ္ဂိုလ်က နိုင်ငံတော်ကို ဦးဆောင်ကာ နိုင်ငံတော်သမ္မတအဖြစ် နိုင်ငံတော်ရဲ့ အရေးအရာများကို စီမံအုပ်ချုပ်သွားရမှာ ဖြစ်ပါတယ်။ သမ္မတဦးဆောင်တဲ့ နိုင်ငံတော်ဖြစ်တာမို့ နိုင်ငံတော်ရဲ့ အမည်ကို သတ်မှတ်ရာမှာ မူတစ်ရပ်အဖြစ်—

၂။ နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်ဟု ခေါ်တွင်မည်ဆိုတဲ့ အချက်ကို ထည့်သွင်းရေးဆွဲသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံတော်ဟာ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေး လွတ်လပ်မှု၊ စစ်ရေးလွတ်လပ်မှု အခိုင်အမာရှိတဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာလူမျိုးတစ်မျိုးဒေသတစ်ခုတည်း၌သာ အာဏာ သက်ရောက်ခြင်း မဟုတ်ဘဲ နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်စေတဲ့ အချုပ်အခြာ အာဏာဖြစ်ရပါမယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး အာဏာ သုံးရပ်စလုံးဟာ တိုင်းရင်းသား ပြည်သူများ လက်ဝယ် အပြည့်အဝ ရှိနေရပါမယ်။ အဲဒီအာဏာသုံးရပ်ကို ပြည်သူတို့ ကိုယ်စား ကျင့်သုံးခွင့်ရမယ့်ပုဂ္ဂိုလ်များကို ပြည်သူများရဲ့ ဆန္ဒသဘောထားနဲ့အညီ အပ်နှင်းရမှာ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်များဟာ အပ်နှင်းထားတဲ့ အာဏာများကိုဥပဒေနဲ့အညီ ပြည်သူ့အကျိုးစီးပွားကို မဆောင်ရွက်ခဲ့သော် ဖောက်လွဲဖောက်ပြန်ပြုခဲ့သော် ပြည်သူပြည်သားများက ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ပြန်လည်ရုပ်သိမ်းနိုင်တဲ့ အခွင့်အလမ်း

များထားရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေကိုနိုင်ငံသားများကိုယ်စား ပြည်ထောင်စုလွှတ်တော်နဲ့အတူ နိုင်ငံတော် အကြီးအကဲက ဆောင်ရွက်ရမှာ လုပ်ပိုင်ခွင့် အာဏာများဟာ နိုင်ငံတော် တစ်ဝန်း လုံး မှာ အပြည့်အဝ သက်ရောက်မှုရှိရမှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံတော်ဟာ အရှိန်အဟုန်ဖြင့် တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် "နိုင်ငံတော်" အခန်းမှာပါဝင်ရေးဆွဲသင့်တဲ့ မူတစ်ရပ်ကို ဆက်လက် တင်ပြရမယ်ဆိုရင်—

၃။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီးနိုင်ငံတော် တစ်ဝန်းလုံးမှာ တည်သည်

ဆိုတဲ့မူကို ထည့်သွင်းရေးဆွဲသင့်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** အချုပ် အခြာအာဏာပိုင်လွှတ်လပ်တဲ့ ကျွန်တော်တို့နိုင်ငံတော်မှာ နိုင်ငံတော်ပိုင်နက် နယ်နိမိတ်အဖြစ် မြေထု၊ ရေထု၊ လေထုများရှိပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ဟာ နှစ်ပေါင်း ထောင်နှင့်ချီပြီး ပိုင်နက် နယ်နိမိတ် အထင်အရှား ရှိခဲ့တဲ့ နိုင်ငံတော်လည်း ဖြစ်ပါတယ်။ နိုင်ငံသား အားလုံးဟာ ကိုယ့်မြေ ကိုယ့်ရေကို နည်းနည်းလေးမှ အထိပါး မခံလိုဘဲ ဦးဆောင်ဦးရွက်ပြုသူ အရည်အချင်းထက်မြက်တဲ့အခါတွေမှာ ဆိုရင် လက်ရှိ နိုင်ငံတော်ထက် ပိုမိုကျယ်ဝန်းတဲ့ နိုင်ငံတော်ကြီးအဖြစ် သမိုင်းစဉ် တစ်လျှောက်မှာ သုံးကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့တာလည်းအထင်အရှား ဖြစ်ပါတယ်။ ဒီလို အင်အားကြီး နိုင်ငံတော်အဖြစ် တည်ရှိ နေနိုင်ခဲ့တာဟာ အဲဒီခေတ် အခါက ဦးဆောင်သူ နိုင်ငံ့ အကြီးအကဲ များရဲ့ စွမ်းရည်ထက်မြက်မှု၊ သတ္တိဗျတ္တိ ပြည့်ဝမှုကြောင့်သာမက တိုင်းရင်းသားပေါင်းစုံရဲ့နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ခိုင်မာ ထက်မြက်မှုကြောင့် ဖြစ်တယ်ဆိုတာလည်း သိသာထင်ရှားလှပါတယ်။ နိုင်ငံသားအားလုံးဟာ ကိုယ့်မြေကိုယ့်ရေကို ဘယ်သူ့အထိအပါးမှ မခံဘဲ ကာကွယ်စောင့်ရှောက်ဖို့အတွက် နိုင်ငံတော်ရဲ့ နယ်နိမိတ်သတ်မှတ်ချက်များ ထင်ထင်ရှားရှား ခိုင်ခိုင်မာမာ ရှိရမှာ ဖြစ်ပါတယ်။ ဒါမှသာ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်သွယ်ဆောင်ရွက်မှုများမှာလည်းအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အခု အခါမှာ ကျွန်တော်တို့နိုင်ငံတော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဦးဆောင်ပြီးနိုင်ငံတော်ရဲ့ နယ်မြေအပိုင်းအခြားကို တစ်လက်မမျှ မဆုံးရှုံးရလေအောင် အသက်၊ သွေး၊ ချွေး မြောက်မြားစွာဖြင့်ကာကွယ်စောင့်ရှောက်နေပါတယ်။ ဒါ့အပြင် နိုင်ငံတကာနဲ့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဝတ်မပျက် ဆက်ဆံရင်း နိုင်ငံတော်ရဲ့ နယ်နိမိတ်အပိုင်းအခြား ကိစ္စများကို တိကျမှန်ကန်မှုရှိအောင် သတ်မှတ် ရေးကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ နယ်နိမိတ်များ အမြဲနှံ့ရှည်တည်တံ့အောင် ထင်ထင်ရှားရှား တိတိကျကျ ရှိအောင် "နိုင်ငံတော်အခန်း" နဲ့ ပတ်သက်တဲ့မူများ ရေးဆွဲရာမှာ—

၄။ နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်

လို့ ထည့်သွင်းရေးဆွဲသင့်ပါကြောင်း အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စား တင်ပြလိုပါတယ်ခင်ဗျား။

**လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ မှီတင်းနေထိုင်ရာ နိုင်ငံတော်အဖြစ် ရှေးနှစ်ပေါင်းများစွာကပင် အထင်အရှားတည်ရှိခဲ့ပါတယ်။ နေထိုင်ကြတဲ့ကာလတစ်လျှောက်မှာ လူမျိုး တစ်မျိုးနဲ့တစ်မျိုး ချစ်ကြည် လေးစားစွာနဲ့ ဥမကွဲ သိုက်မပျက် မိသားစုရင်းချာများ အဖြစ် နေထိုင်ခဲ့ကြပါတယ်။ နောင်ကိုလည်း ကမ္ဘာ တည်သရွေ့ အတူတကွ နေထိုင်ကြမယ်လို့ သန္နိဋ္ဌာန် ချမှတ်ထားပြီး ဖြစ်ပါ

ယ်။ သမိုင်းစဉ်တစ်လျှောက်မှာ တွေ့ကြုံရသမျှ ိုင်ငံတော်ရဲ့ အနှောင့်အရှက် အန္တရာယ်များကို ည်း လက်တွဲမဖြုတ်ပူးပေါင်းကာကွယ် တွန်းလှန် ကြပါတယ်။ နယ်ချဲ့ ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေး၊ အမျိုးသားလွတ်လပ်မှု ကြိုးပမ်း ရေးတို့မှာ လက်တွဲညီညီ သွေးစည်းညီညွတ်ခဲ့ကြရုံ ာမက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ာလည်းတစ်စိတ်တစ်ဝမ်းတည်း လက်တွဲဆောင်ရွက် တဲ့ အစဉ်အလာများ ရှိခဲ့ပါတယ်။ ဒါကြောင့် ိုင်းရင်းသား လူမျိုးပေါင်းစုံနဲ့ နိုင်ငံတော်ဟာ ခွဲမြဲတမ်း တစ်သားတည်း ဆက်စပ်မှု ရှိနေတဲ့ ချက်ကို ပေါ်လွင်စေဖို့ အတွက်လည်းကောင်း၊ ိုင်ငံတော် အနှံ့အပြားမှာ နိုင်ငံသားများအဖြစ် ိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင် ာ နိုင်ငံ ဖြစ်ကြောင်းကို အလေးပေးရန် အတွက် ည်းကောင်း၊ တိုင်းရင်းသား လူမျိုး များ၏ ရေးကိစ္စသည် နိုင်ငံတော်၏ အရေးကိစ္စဖြစ်သည် ိုတဲ့အချက်ကို ရည်ညွှန်းရန်အတွက်လည်းကောင်း နိုင်ငံတော်” အခန်းအတွက် မူများရေးဆွဲရာတွင်—

၅။ နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုး ပေါင်းစုံတို့ စုပေါင်း နေထိုင်ကြသော နိုင်ငံတော်ဖြစ်သည်

ိုတဲ့အချက် ပါဝင်သင့်ပါကြောင်း အလုပ်သမား ိုယ်စားလှယ်များ အစုအဖွဲ့ ကိုယ်စား အလေး ခနက် တင်ပြ ပါကြောင်း၊ ပြောကြားရင်း နိုင်ငံတော်” အခန်းနှင့်ပတ်သက်သော အခြေခံ မယ့်မူ(၅)ချက်ကို အကြံပြုတင်ပြပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော့်အနေဖြင့် ိုင်ငံတော်အခန်းခေါင်းစဉ်နှင့် စပ်လျဉ်းပြီး တင်ပြ ိုး ဖြစ်ပါတယ်။ ကျွန်တော့် နိုင်ငံတော်ဖွဲ့စည်း ည်ဆောက်ပုံ အခန်းခေါင်းစဉ်နှင့် စပ်လျဉ်းပြီး ခူးတိုင်း၊ သာယာဝတီမြို့နယ်က အမျိုးသား ညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးကြည်မြင့် ာ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**အခမ်းအနားမှူး။** အခု ဆက် လက် ပြီး ဦးကြည်မြင့်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

**ဦးကြည်မြင့် (အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့)။** လေးစားအပ်ပါတဲ့ သဘာပတိကြီး နှင့် သဘာပတိအဖွဲ့ဝင်များ လေးစားအပ်ပါတဲ့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ လေးစားအပ်ပါတဲ့ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ချစ်ခင်လေးစားရပါသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်က အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော်က အလုပ် သမား ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြု တင်ပြချက်စာတမ်းမှာ ပါဝင်တဲ့ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန် တော် တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ ရှေးပဝေ သဏီကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ မှီတင်းနေထိုင်ခဲ့ကြပြီး ကိုယ်ပိုင် အုပ် ချုပ် ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရခဲ့ကြကာ လောက ပါလ တရားများနဲ့အညီ အေး ချမ်း သာ ယာ စွာ ရပ်တည်နေထိုင်ခဲ့တဲ့ နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ ရှေလာမယ့် အနာဂတ်ကာလတွေမှာ လည်း ကျွန်တော်တို့ နိုင်ငံဟာ လက်ရှိဖြစ်ပေါ်တိုးတက် နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစဉ်အလာ ကောင်းတွေ သမိုင်းတွင်ရစ်မယ့် ဂုဏ်သိက္ခာတွေကို ဆက်လက်သယ်ဆောင်သွားပြီး ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်သွားနိုင်ဖို့ အင်မတန်အရေးကြီး ပါတယ်။ ဒီလို နိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ ခိုင်မြဲပြီး အချုပ်အခြာအာဏာကို ဆက်လက် ထိန်းသိမ်းထားနိုင်ဖို့ဆိုရင် နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံဟာ ကျစ်လျစ်ခိုင်မာဖို့

တိုင်းရင်းသား ပြည်သူများ အားလုံး၏ ဆန္ဒနဲ့ တစ်ထပ်တည်းကျဖို့၊ အနာဂတ် နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုရှင်သန်ဖွံ့ဖြိုးရေး၊ သာယာဝပြော ရေးတွေကို ဖော်ဆောင်ပေးနိုင်ဖို့ လိုပါတယ်။

ဒါကြောင့် ချမှတ်ထားတဲ့ အခြေခံမူများ အပေါ်မူတည်ပြီး အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆) ရပ် အတွင်းက နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ ပတ်သက်တဲ့ မူတွေကို အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အတွင်း အကျေအလည် ဆွေးနွေးရရှိလာတဲ့ အချက်အလက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်—

၁။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ် ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

၂။ နိုင်ငံတော်ကို အောက်ပါ တိုင်းဒေသကြီး (Region) (၇) ခုနှင့် ပြည်နယ် (State) (၇) ပြည်နယ်ဖြင့် ခေါ်ဝေါ်ပိုင်းခြား သတ်မှတ်သည်—

- — ကချင်ပြည်နယ်
- — ကယားပြည်နယ်
- — ကရင်ပြည်နယ်
- — ချင်းပြည်နယ်
- — စစ်ကိုင်းတိုင်းဒေသကြီး
- — တနင်္သာရီတိုင်းဒေသကြီး
- — ပဲခူးတိုင်းဒေသကြီး
- — မကွေးတိုင်းဒေသကြီး
- — မန္တလေးတိုင်းဒေသကြီး
- — မွန်ပြည်နယ်
- — ရခိုင်ပြည်နယ်
- — ရန်ကုန်တိုင်းဒေသကြီး
- — ရှမ်းပြည်နယ်
- — ဧရာဝတီတိုင်း ဒေသကြီး၊

၃။ တိုင်း ဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့သည် အဆင့်အတန်းတူညီကြသည်။

၄။ တိုင်းဒေသကြီး တစ်ခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်ပြည်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒကို ရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ပြောင်းလဲ သတ်မှတ်မည်၊

၅။ တိုင်း ဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှ အပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး၊ နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို ဘယ်လို ခွဲခြားသတ်မှတ် သင့်တယ် ဆိုတာကို ကျွန်တော်တို့ အလုပ်သမား ကိုယ်စားလှယ် အစုအဖွဲ့က အကြံပြုဆွေးနွေး တင်ပြသွားပါမယ်။

အဲဒီလိုသတ်မှတ်ပေးနိုင်ရန် ပထမဦးစွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့ကို ခွဲခြားဖော်ပြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများသည်—

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ပေးသော ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေး အာဏာရေးများကို ရရှိစေရမည်၊

(ခ) ခရိုင်များ၊ မြို့နယ်များဖြင့် ဖွဲ့စည်းထားကြရမည်၊

(ဂ) သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ထက် အဆင့်မမြင့်စေရ၊ သို့သော် ၎င်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ခရိုင်များထက်အဆင့် မြင့်ရမည်၊

(ဃ) တိုင်းရင်းသား လူမျိုးများက ဖွဲ့စည်း နေထိုင်လိုသည့် ဆန္ဒရှိရမည်

…တွဲ့အချက်များဖြစ်ပါတယ်။

… ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် …ပ်ချုပ်ခွင့်ရဒေသ သတ်မှတ် ပေးရေး အတွက် …ိုင်ငံတော်က ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ခြင်းဟာ …ပ်ထုံးလုပ်နည်းပိုင်းနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ …မျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ် …ားအားလုံးထံမှာ မိမိတို့ရဲ့ညီအစ်ကိုတော် တိုင်းရင်း …ားများရသင့်ရထိုက်တဲ့ အခွင့်ရေးတွေကို အမြန် …်အောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဟာ …မှန်ရှိနေပါတယ်။

… ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် …ပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးရန် အမျိုး …ားညီလာခံက ဆောင်ရွက်ပေးနိုင်လျှင် တိုင်းရင်း …ားလူမျိုးအသီးသီးအတွက် သဘာဝကျပြီးတိကျ …ကန်တဲ့ နယ်မြေအပိုင်းအခြားများ ရရှိကြမည့် …ပြင် တိုင်းရင်းသားများအရေးကို ညီညွတ်မျှတတဲ့ …ဆောင်ရွက်ခြင်းမျိုးဖြစ်မယ်လို့ ကျွန်တော်တို့ယုံကြည် …က်ခံထားပါတယ်။

… အဲဒီလို ဆောင်ရွက်ပေးနိုင်ရန် အောက်ပါမူ …ားကို ချမှတ်သင့်ပါတယ်—

၆။ လူဦးရေနှင့် နယ်မြေ အကျယ် အဝန်းကို အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) သို့ မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ(Self Administered Zone) အဖြစ်သတ်မှတ် ရာတွင် အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများက အမျိုးသား ညီလာခံသို့ တင်ပြတောင်းခံခဲ့ ကြပါလျှင် ရသင့်ရထိုက်သည့်ဒေသ၊ ရသင့် ရထိုက်သည့် တိုင်းများကို အမျိုးသား ညီလာခံက စဉ်းစားဆုံးဖြတ် ပေးသင့်ပါ သည်။

၇။ နိုင်ငံတော်တွင် ပါဝင်သည့် တိုင်း၊ ဒေသ ကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်း အခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။

**သဘာဝပတိကြီးခင်များ။** နိုင်ငံတော် အဖွဲ့ အစည်းများအနေနဲ့ ဆက်သွယ်မှု လမ်းကြောင်း လွယ်ကူလျင်မြန်စေဖို့နဲ့ နိုင်ငံတော်ရဲ့ လုပ်ငန်းအဆင့် ဆင့်ကို အနီးကပ် ကြီးကြပ်နိုင်စေဖို့ နိုင်ငံတော်ကို အောက်ပါအတိုင်း စုစည်းရန် မူ ချမှတ် သင့်ပါ တယ်—

၈။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး—

— ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊
— ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ် အဖြစ်လည်းကောင်း၊
— ကျေးရွာ အုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊
— မြို့နယ်များကို ခရိုင်အဖြစ် လည်း ကောင်း၊
— ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသ အတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် လည်းကောင်း၊

— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်း ရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် လည်းကောင်း၊

— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊

— တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း စုစည်းရမည်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်အကျိုးကို ရှေးရှုပြီး နယ်နိမိတ်များ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာလျှင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သတ်မှတ်နိုင်ရန် အောက်ပါမူများကို ချမှတ်သင့်ပါတယ်—

၉။ နိုင်ငံတော် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာပါက နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်၏ သဘောထားကို ရယူပေးရန် ပထမဦးစွာ အကြောင်းကြားရမည်။ ထို့နောက် နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်သည် အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူရမည်—

(က) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်မှ ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(ခ) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်မှ ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(ဂ) ထိုလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ။

ထိုသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထောက်ခံဆန္ဒမဲ အသီးသီးရရှိလျှင် နိုင်ငံတော်၏ နယ်နိမိတ်ကို နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ်ပေးရမည်။

အထက်ပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်က ဖြစ်စေ၊ ထိုလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ်ပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူဆောင်ရွက်ရန်နှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက်က ထောက်ခံလျှင် နိုင်ငံတော်သမ္မတက နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရမည်။

၁၀။ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရန် အကြောင်း ပေါ်ပေါက် လာလျှင် ၎င်းနယ်နိမိတ်နှင့် အကျုံးဝင်သော နယ်မြေအတွင်း နေထိုင်ကြသည့် မဲဆန္ဒရှင်များ၏ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူရမည်။ ထိုသို့ ရယူပြီးသောအခါ ၎င်းနယ်မြေအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲမရလျှင် ထိုနယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်း လုံးဝမပြုရပါ။ အကယ်၍ ထိုနယ်မြေအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် ထိုနယ်နိမိတ်နှင့် အကျုံးဝင်သော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ဆန္ဒကို အောက်ပါအတိုင်း ရယူပြီး ဆက်လက်ဆောင်ရွက်ပေးရမည်—

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံ သုံးပုံနှင့်အထက် ထောက်ခံဆန္ဒမဲရရှိလျှင် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ကို ရယူပြီး နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ပေးရမည်။

(ခ) အကယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရမည်။ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ လေးပုံသုံးပုံနှင့် အထက်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်ပေးရမည်။

**သဘာပတိကြီး ခင်ဗျား။** တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ ခရိုင် နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာပါက မည်သို့ ဆောင်ရွက်ရမည်ကို သတ်မှတ်နိုင်ဖို့ အောက်ပါမူများကိုလည်း နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းတွင် ထည့်သွင်းဖော်ပြထားဖို့ လိုအပ်ပါတယ်—

၁၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော် သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော် သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရဲ့ အမည်ကို ပြောင်းလဲသတ်မှတ်ဖို့ရှိလျှင်လည်း အောက်ပါမူကို ချမှတ်သင့်ပါတယ်—

၁၂။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ၏ အမည်ကို ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ဆန္ဒကိုရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်ရမည်။

နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကိုနိုင်ငံတော်ရဲ့မြို့တော်အဖြစ်သတ်မှတ်ပြီး၊ အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ မြို့တော်ရန်ကုန်မြို့ဟာ ဗဟိုအစိုးရရုံးစိုက်ရာ မြို့ဖြစ်ခြင်း၊ သံရုံးများ အခြေစိုက်ရာနေရာဖြစ်ခြင်း၊ နိုင်ငံတော်ရဲ့ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပ စီးပွားရေး လုပ်ငန်းများအတွက်အချက်အချာနေရာဖြစ်ခြင်း၊ နိုင်ငံရေး၊ စစ်ရေးအရ အရေးပါသော နေရာဖြစ်ခြင်း စတဲ့ အချက်တွေကြောင့် အခြားသောတိုင်း ဒေသကြီးများပြည်နယ်များရဲ့ မြို့တော်များထက် ဝိသေသ ထူးခြားလျက်ရှိပါတယ်။ ဒါကြောင့် အောက်ပါမူကို ချမှတ်သင့်ပါတယ်—

၁၃။ ဗဟိုအစိုးရရုံးစိုက်သည့် ရန်ကုန်မြို့ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်ပါက ရန်ကုန်မြို့တော်ကို ရန်ကုန်တိုင်းဒေသကြီး၏ ကြီးကြပ် ကွပ်ကဲမှုအောက်မှာ မထားရှိဘဲ နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်မှုအောက်မှာ ထားရှိသော ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်အတွင်း ထူးခြားသော အခြေအနေရှိတဲ့ ကိုကိုးကျွန်းမြို့နယ်ကဲ့သို့သော ဒေသတွေကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ထားရှိရေးအတွက် အောက်ပါမူများကို ချမှတ်သင့်ပါတယ်—

၁၄။ ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

၁၅။ နောင်တွင်လည်း နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် ဒေသများကိုလိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာရှိသော ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်မည်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော့် အနေနဲ့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ်နှင့်စပ်လျဉ်း၍ တင်ပြပြီး ဖြစ်ပါတယ်။ ကျန်တဲ့ နိုင်ငံတော် အကြီးအကဲ အခန်းခေါင်းစဉ်နှင့် စပ်လျဉ်းပြီး မကွေးတိုင်း ပခုက္ကူမြို့နယ်က အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးအောင်စန်းက ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ဦးအောင်စန်းအား ဖိတ်ကြားတင်ပြဖို့ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအောင်စန်း(အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့)။** လေးစားအပ်ပါတဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လေးစားအပ်ပါတဲ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်

အဖွဲ့ဝင်များ၊ အ မျိုး သား ညီ လာ ခံ ကျင်း ပ ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လေးစား အပ်တဲ့အမျိုးသားညီလာခံ ကိုယ် စား လှယ် များ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း၊ ပခုက္ကူ မြို့နယ်က အမျိုးသားညီလာခံ အ လုပ် သ မား ကိုယ် စား လှယ် ဦး အောင် စန်း ဖြစ် ပါ တယ်။ ကျွန်တော့် အနေနဲ့အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့အကြံပြုတင်ပြချက် စာတမ်းပါနိုင်ငံတော် အကြီးအကဲ အခန်းခေါင်းစဉ်နှင့် စပ် လျဉ်း ၍ ဆက်လက်ဆွေးနွေး အကြံပြု တင်ပြသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား။** နိုင်ငံ တော်အကြီးအကဲ အခန်းခေါင်းစဉ်အတွက် ချမှတ် သင့်တဲ့မူများနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြတဲ့ အခါမှာ ၁၈-၁-၉၄ နေ့ကစုံညီအစည်းအဝေးကြီး မှာ မိန့်ကြားသွားခဲ့တဲ့ အမျိုးသားညီလာခံ ကျင်းပ ရေးကော်မရှင် ဥက္ကဋ္ဌကြီးနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တို့ရဲ့ တင်ပြ ဆွေးနွေးချက်များကို အလေးအနက် ထားလေ့လာသုံးသပ်ပြီး ဆွေးနွေးသွားပါမယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ ရေမြေသဘာဝ အတိတ် သမိုင်းကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေးစတဲ့ အခြေအနေများအရဆိုရင် နိုင် ငံ တော် အကြီးအကဲဟာ နိုင်ငံတော်သမ္မတသာ ဖြစ်သင့်ပါ တယ်။အဲဒီသမ္မတဟာလည်းတကယ်တန်းနိုင်ငံတော် ကို ထိရောက်စွာဦးဆောင်သွားနိုင်မယ့် လုပ်ပိုင်ခွင့် အပြည့်အဝရှိတဲ့ အမျိုးသား ခေါင်း ဆောင် ကြီး တ စ် ဦး ဖြ စ် သ င့် ပါ တ ယ်။ ဒါကြောင့်လည်း ၁၆-၉-၉၃ နေ့က စုံညီအစည်းအဝေးမှာ နိုင်ငံတော် အခြေခံမူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး နိုင်ငံတော် အကြီးအကဲနှင့်ပတ်သက်၍—

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော် သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင် မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက် မည်

ဟူသော အခြေခံမူ (၂) ချက်ပါဝင်ချမှတ်ခဲ့ပြီးဖြစ် တာကို ယနေ့တက်ရောက်လာကြတဲ့ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံး သိ ရှိပြီးဖြစ်ပါတယ်။

ဒါကြောင့် နိုင် ငံ တော် အ ကြီး အ ကဲ ဖြစ် တဲ့ နိုင်ငံတော်သမ္မတနှင့် စပ်လျဉ်းတဲ့ အသေးစိတ်မူ များနဲ့ နိုင်ငံတော်သမ္မတကို တိကျမှန်ကန်တဲ့ ရွေး ချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းတဲ့ အသေးစိတ် မူများကို တင်ပြဆွေးနွေးသွားပါမယ်။

**သဘာပတိကြီးခင်ဗျား။** အ ထက် မှာ တင် ပြ ထားသလို နိုင်ငံခေါင်းဆောင် သမ္မတကြီးဟာ တစ်ဖက်က လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိသလို ကျွန်တော်တို့ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူ အားလုံးက နှစ်ခြိုက်ကြည်ညို လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်ကြီးလည်းဖြစ်သင့်ပါတယ်။ ဒါကြောင့်—

၁။ နိုင် ငံ တော် သ မ္မ တ သ ည် အုပ်ချုပ်ရေး အာဏာအပြည့်အဝကျင့်သုံးနိုင်မည့်သမ္မတ ဖြစ်သည်၊

၂။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ် စားပြုသည်၊

၃။ နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံး ၏ အမျိုးသားခေါင်းဆောင်ဖြစ်သည်၊

၄။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအား လုံး၏ အထွတ်အထိပ်နေရာကို ရရှိသည်

ဆိုတဲ့မူများကို ချမှတ်သင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြို ကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော် တိုးတက် ဖွံ့ဖြိုးရေးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သင့်ပါတယ်။

ဒါကြောင့် အဲဒီလိုစွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ဖို့အတွက်—

၅။ နိုင်ငံတော်သမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်ရေးရာများနှင့် စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက်ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိရမည်

ဆိုတဲ့ မူကိုချမှတ်သင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ဦးဆောင်မှုပေးရမယ့်ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အမှန်တကယ်သစ္စာစောင့်သိ ရှိသေသူဖြစ်ရမည့်အပြင် ပြည်သူများကလုံးဝဥဿုံ ယုံကြည်အားထားနိုင်ဖို့နဲ့ သံသယမပွားနိုင်စေရန်နိုင်ငံတော်သမ္မတသာမကသမ္မတရဲ့မိသားစုကပါ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေသူများဖြစ်ဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်—

၆။ နိုင်ငံတော်သမ္မတသည် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

၇။ နိုင်ငံတော်သမ္မတသာမက သမ္မတ၏မိသားစုများကပါ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေသူများဖြစ်ရမည်၊

၈။ နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘ တစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီး တစ်ဦးဦး၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်) ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရန်နှင့် ထိုသူများသည်နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ ထိုအစိုးရ၏နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေရ၊

၉။ နိုင်ငံတော်သမ္မတသည် မိမိနှင့်မိမိ၏မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသောတိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်

ဆိုတဲ့ မူများချမှတ်သင့်ပါကြောင်း ကျွန်တော်တို့ အလုပ်သမားကိုယ်စားလှယ်များက တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်သမ္မတရဲ့ အသက်ကန့်သတ်ချက်နဲ့ စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူဟာ မိမိတိုင်းပြည်တွင် တစ်ဆက်တည်း အချိန်ကာလမည်မျှအထိ နေထိုင်ရမည်တို့နှင့်စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးပါမယ်။ ကျွန်တော်တို့ မြန်မာမှုနယ်ပယ်မှာ အသက် (၄၀) အရွယ်ဟာ အင်အားအကောင်းဆုံးအရွယ်နဲ့ အသက် (၅၀) အရွယ်ဟာ ပညာဉာဏ်ထက်သန်ပွင့်လင်းဆုံးအရွယ်လို့ အယူရှိတာနဲ့အညီ ကျွန်တော်တို့ နိုင်ငံကို ဦးဆောင်မည့် သမ္မတကြီးဟာ အင်အားနဲ့ ဉာဏ်ပညာ အရည်အချင်းနှစ်ပါးလုံးမှာ ထက်မြက်ပြည့်ဝနေတဲ့(၄၅)နှစ်အရွယ်ကစပြီး စတင်ဦးဆောင်သင့်ပါတယ်။ တစ်ဖန်နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင်နဲ့ နိုင်ငံတော်ရဲ့ အကြီးအကဲ ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုင်းရင်းသားများရဲ့ အရေးစတဲ့ အရေးအရာများကို အဆက်မပြတ်သိရှိထားဖို့ လိုအပ်လှပါတယ်။ ဒါမှသာ နိုင်ငံတော်ကို ဦးဆောင်မှုပေးရာမှာ ထိရောက်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ လွှတ်တော်ရွေးကောက်ပွဲများမှာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထား

ဘဲ့ အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတ အ ကွက် တိတိကျကျသီးခြားဖော်ညွှန်းကာ အဓိပ္ပာယ် ှင့်ဆိုသတ်မှတ်ထားတဲ့ အရည်အချင်းအမျိုးစုနှင့် ုလည်း ပြည့်စုံသူဖြစ်သင့်ပါတယ်။ ဒါကြောင့်—

၁၀။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူသည်အနည်းဆုံးအသက် (၄၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊

၁၁။ နိုင်ငံတော်သမ္မတသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး နိုင်ငံတော်တွင် အနှစ် (၂၀) အခြေချနေထိုင်သူဖြစ်ရမည်၊

၁၂။ နိုင်ငံတော်သမ္မတသည် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသော အရည်ချင်းများအပြင် နိုင်ငံတော်သမ္မတအတွက်သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်

ဟု ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများ ချမှတ်ခဲ့ရာမှာ ဥပဒေပြုရေးနဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံမူများမှ အောက်ဖော်ပြပါ အချက်နှစ်ချက်ကို သိရှိမှတ်သားမိပါတယ်—

(၁) ပြည်ထောင်စုလွှတ်တော်တွင် လူဦးရေကို အခြေခံ ရွေးကောက် တင်မြှောက်သည့် လွှတ်တော် တစ်ရပ်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော် တစ်ရပ် ပေါင်း နှစ်ရပ်ပါရှိသည်၊

(၂) ပြည်ထောင်စုလွှတ်တော် တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်သည့်ဦးရေအတိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများပါဝင်သည်

ဆိုတဲ့အချက်တွေဖြစ်ပါတယ်။

အထက်ပါအခြေခံမူနှစ်ရပ်ကို ကျွန်တော်တို့ယခု ဆွေးနွေးမယ့် နိုင်ငံတော်သမ္မတအား သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ်ရန် ဆိုတဲ့ အခြေခံမူနဲ့ ဆက်စပ်စဉ်းစားပါက သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့အား မည်ကဲ့သို့ ဖွဲ့စည်းသင့်သည် ဆိုတဲ့အချက်ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင် နိုင်ငံတော်ရဲ့အကြီးအကဲ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအကြီးအကဲအဖြစ် ကြီးလေးတဲ့တာဝန်တွေ ထမ်းဆောင်ရမယ့် နိုင်ငံတော်သမ္မတကို သီးခြားရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်မှာပါဝင်မယ့် လွှတ်တော်ကိုယ်စားလှယ် အားလုံးကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ်သတ်မှတ်ပြီး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့အစုအဖွဲ့၊ လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ အစုအဖွဲ့နဲ့ ဖော်ပြပါလွှတ်တော်နှစ်ရပ် အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ အစုအဖွဲ့ စုစုပေါင်း အစုအဖွဲ့ သုံးဖွဲ့ဖြင့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အား ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးနဲ့ ပတ်သက်လို့ အောက်ပါမူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်—

၁၃။ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပေးရန် သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့

ကို သီးခြားရွေးချယ်တင်မြှောက်ခြင်း မပြုဘဲ ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုသမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များ အဖြစ် သတ်မှတ်ပြီး အစုအဖွဲ့ (၃) ဖွဲ့ကို ဖွဲ့စည်းရမည်၊

၁၄။ အစုအဖွဲ့ (၁) ကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော် ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းရန်၊ အစုအဖွဲ့ (၂) ကို လူဦးရေကို အခြေခံ ရွေးကောက် တင် မြှောက် သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်း ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်၊ အစုအဖွဲ့ (၃) ကို ဖော်ပြပါ လွှတ် တော် နှစ် ရပ် အ တွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်၊

၁၅။ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးနဲ့စပ်လျဉ်းပြီး လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရမည်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့နိုင်ငံတော် သမ္မတဟာ အမျိုးသား ခေါင်းဆောင်ကြီးဖြစ်ပြီး နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲလည်း ဖြစ်တဲ့ အတွက် နိုင်ငံတော်သမ္မတ၏တာဝန်ဟာ အလွန်ကြီးမားပါတယ်။ နိုင်ငံတော်သမ္မတအား ကူညီပံ့ပိုးရန် အတွက် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ထားရှိရန်လိုအပ်ပါတယ်။ ဒုတိယသမ္မတများကို မည်ကဲ့သို့ ရွေးချယ်မယ်ဆိုတာကျွန်တော်တို့ဆက်လက်စဉ်းစားရပါမယ်၊ စောစောကတင်ပြခဲ့တဲ့ နိုင်ငံတော်သမ္မတ ရွေးချယ်ရန်အတွက် အစုအဖွဲ့သုံးဖွဲ့တို့မှ တစ်ဦးစီ အဆိုပြုတင်ပြလာသည့် နိုင်ငံတော်သမ္မတလောင်း သုံးဦးမှ တစ်ဦးအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ပြီး ကျန်နှစ်ဦးအား ဒုတိယသမ္မတများအဖြစ် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်စေပါက လျော်ကန်သင့်မြတ်မည်ဟု ထင်မြင်ယူဆပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းနှင့်စပ်လျဉ်းပြီး အောက်ပါအချက်များအားဆွေးနွေးတင်ပြအပ်ပါတယ်—

၁၆။ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့်နိုင်ငံတော်သမ္မတအား ကူညီပံ့ပိုးရန် ဒုတိယသမ္မတများကိုရွေးချယ်တင်မြှောက်ပေးရမည်၊

၁၇။ နိုင်ငံတော် သမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့ သုံးဖွဲ့က ပထမ ဦးစွာ ဒုတိယသမ္မတတစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှ ဖြစ်စေ ရွေးချယ် တင်မြှောက်ရန် ဖြစ်သည်၊ ဒုတိယသမ္မတ များသည် နိုင်ငံတော် သမ္မတလောင်းများဖြစ်ရမည်၊

၁၈။ ၎င်း ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိမရှိကို ပြည်ထောင်စုလွှတ်တော်နှင့် လွှတ်တော်နှစ်ရပ်၏အကြီးအကဲနှင့်ဒုတိယအကြီးအကဲများ ပါဝင်သောအဖွဲ့က စိစစ်ရမည်၊

၁၉။ သမ္မတရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင်အားလုံးပါဝင်သော တစ်နည်းအားဖြင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံးကစိစစ်အတည်ပြုပြီးသော နိုင်ငံတော် သမ္မတလောင်းများ ဖြစ်သည့် ဒုတိယ သမ္မတများအနက် မိမိတို့ ကြိုက်နှစ်သက်သော ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ရန်ဖြစ်သည်။

ဆက်လက်ပြီး နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတတို့ရဲ့ရာထူး သက်တမ်းနှင့် သမ္မတသက်တမ်း ဘယ်နှစ်ကြိမ်ထမ်းဆောင်သင့်သည်ဆိုတဲ့ အချက်နဲ့ သက်တမ်း တစ်ခုအတွင်း အကြောင်း တစ်ရပ်ရပ် ကြောင့် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတနေရာလစ်လပ်တဲ့အခါ မည်ကဲ့သို့ ဆောင်ရွက်ရမယ်ဆိုတဲ့ ကိစ္စတွေကို ဆွေးနွေး တင်ပြပါမယ်။ ကမ္ဘာ့နိုင်ငံ အသီးသီးရဲ့ သမ္မတရာထူး သက်တမ်း သတ်မှတ်ရာမှာ တစ်ကြိမ်လျှင် အနည်းဆုံး (၄)နှစ် တာဝန်ထမ်းဆောင်ရန် ကန့်သတ်ထားသည်ကို တွေ့ရှိနိုင်ပြီး တစ်ဆက်တည်းအနေဖြင့် သက်တမ်း (၂) ကြိမ်ထမ်းဆောင်ရန် သတ်မှတ်ထားတဲ့ နိုင်ငံများနဲ့ ကန့်သတ်ချက်မရှိ ပြန်လည် အရွေးခံနိုင်တဲ့ နိုင်ငံများ ရှိသကဲ့သို့ နောက်တစ်ကြိမ် ပြန်လည်အရွေးခံနိုင်ခွင့်မရှိတဲ့ နိုင်ငံများလည်း တွေ့ ရှိ နိုင် မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လုပ်ပိုင်ခွင့်အပြည့်အဝရှိတဲ့ နိုင်ငံတော်သမ္မတ ဦးဆောင်အုပ်ချုပ်တဲ့ စနစ်ကို ကျင့်သုံးမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို အရှိန်အဟုန်မပျက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစတာတွေကို အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်ရန် အစွမ်းကုန်ကြိုးစား ထမ်းဆောင်နိုင်ရေးအတွက်သင့်တင့်လျောက်ပတ်တဲ့အချိန်ရရှိဖို့၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိစေတယ့် လုပ်ငန်းများကို စနစ်တကျ အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးနိုင်ဖို့ အောက်ပါမူများကို ချမှတ်သင့်ပါတယ်—

၂၀။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ သက်တမ်းကို (၅) နှစ်သတ်မှတ်သည်၊

၂၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ သက်တမ်း ကုန်ဆုံးသောအခါ နိုင်ငံတော်သမ္မတအသစ်ရွေးချယ် တင်မြှောက်ပြီးသည့်အချိန်အထိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်၊

၂၂။ နိုင်ငံတော် သမ္မတသည် ထိုရာထူးသက်တမ်းတွင်တစ်ဆက်တည်းရာထူးသက်တမ်း (၂)ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေရ၊

၂၃။ သက်တမ်း ကာလ တစ်ခု အတွင်း အကြောင်း တစ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ နေရာ လစ်လပ်တဲ့အတွက် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအဖြစ် အစားထိုး ရွေးချယ် တင်မြှောက်ရန် ကိစ္စ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအသစ်ရဲ့ သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည်အထိသာသတ်မှတ်ရမည်၊

၂၄။ နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတများသည် တာဝန်များကို မိမိတို့ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက်လိုလျှင်နုတ်ထွက်နိုင်ခွင့်ရှိရမည်၊

၂၅။ နိုင်ငံတော်သမ္မတတစ်ဦးသည် မိမိ၏ရာထူးသက်တမ်း မကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေနိုင်ငံတော်သမ္မတရာထူး နေရာလပ်ခဲ့လျှင် ဒုတိယသမ္မတ (၂) ဦးအနက်နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်စဉ်အခါက ဒုတိယမဲအများဆုံးရရှိသော ဒုတိယသမ္မတက နိုင်ငံတော်သမ္မတ၏ လုပ်ငန်းများ ရပ်ဆိုင်း မသွားစေရေးအတွက် ယာယီသမ္မတအဖြစ်ထမ်းဆောင်စေရမည်၊

၂၆။ နိုင်ငံတော် သမ္မတ ရာထူး လစ်လပ်သွားသော အချိန်သည် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ကျင်းပနေချိန် ဖြစ်ပါက လစ်လပ်သွားသောနိုင်ငံတော် သမ္မတ ရာထူးကို (၇) ရက် အတွင်း အစားထိုးဖြည့်စွက်နိုင်ရေးအတွက် ယာယီ သမ္မတက ပြည်ထောင်စု လွှတ်တော် အကြီး အကဲ ထံသို့ ဆောလျင်စွာ အကြောင်းကြားရမည်၊

၂၇။ ပြည်ထောင်စု လွှတ်တော် အကြီးအကဲသည်ယာယီသမ္မတ၏အကြောင်းကြားစာကို ရရှိလျှင် လစ်လပ်သွားသော သမ္မတအား ဒုတိယသမ္မတအဖြစ် ဦးစွာရွေးချယ်တင်မြှောက် ပေးခဲ့သော သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို အစားထိုးရွေးချယ် တင်မြှောက်နိုင်ရေးအတွက် ဆောင်ရွက်ရမည်၊

၂၈။ နိုင်ငံတော် သမ္မတ ရာထူး လစ်လပ်သွားသော အချိန်သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပချိန် မဟုတ်ပါက ပြည်ထောင်စု လွှတ်တော် အကြီး အကဲသည် ယာယီ သမ္မတ၏ အကြောင်းကြားစာ ရရှိသော နေ့မှစ၍ (၂၁)ရက်အတွင်းပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ခေါ်ယူပြီး အပိုဒ်(၂၇) ပါ အစီအစဉ် အတိုင်း လစ်လပ်သော နိုင်ငံတော် သမ္မတ ရာထူး ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် ဆောင်ရွက်ရမည်၊

၂၉။ သက်ဆိုင်ရာသမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ပြီးပါက ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် များက ဒုတိယ သမ္မတ (၃) ဦး အနက် မိမိတို့ ကြိုက်နှစ်သက်သော ပုဂ္ဂိုလ်အား နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ရမည်၊

၃၀။ ဒုတိယသမ္မတ ရာထူးနေရာ လစ်လပ်လျှင် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပနေချိန် ဖြစ်ပါက လစ်လပ်သွားသော ဒုတိယ သမ္မတကို ရွေးချယ်တင်မြှောက် ပေးခဲ့သော ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က (၇) ရက် အတွင်း ဒုတိယ သမ္မတ တစ်ဦး ရွေးချယ်တင်မြှောက် ပေးရေးအတွက် နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံသို့ ဆောလျင်စွာ အကြောင်းကြားရမည်၊

၃၁။ ပြည်ထောင်စု လွှတ်တော် အကြီးအကဲသည် ယာယီသမ္မတ၏ အကြောင်းကြားစာကို ရရှိလျှင် လစ်လပ် သွားသည့် ဒုတိယသမ္မတအား ရွေးချယ်တင်မြှောက် ပေးခဲ့သော သက်ဆိုင်ရာ သမ္မတရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို အစားထိုးရွေးချယ်တင်မြှောက် နိုင်ရေးအတွက် ဆောင်ရွက်ရမည်၊

၃၂။ ဒုတိယသမ္မတရာထူးနေရာ လစ်လပ်သော အချိန်သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပချိန် မဟုတ်ပါက ပြည်ထောင်စု လွှတ်တော် အကြီးအကဲ သည် နိုင်ငံတော် သမ္မတ၏ အကြောင်း ကြားစာ ရရှိသော နေ့မှစ၍ (၂၁) ရက် အတွင်း ပြည်ထောင်စုလွှတ်တော် အစည်း အဝေးကို ခေါ်ယူပြီးသက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ပေးရေးအတွက် အပိုဒ် (၃၁) ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်၊

၃၃။ ဒုတိယ သမ္မတ ရာထူးတစ်နေရာ လစ်လပ်သွားခဲ့သော်ကျန်ရှိနေသောဒုတိယသမ္မတက လစ်လပ်သွားသော ဒုတိယ သမ္မတ၏ လုပ်ငန်းများ ရပ်ဆိုင်းမသွားစေရေးအတွက် ၎င်းတာဝန် ဝတ္တရား များကိုနောက်ထပ် ဒုတိယသမ္မတတစ်ဦးရွေးချယ်တင်မြှောက်ပြီးသည်အထိ ယာယီအားဖြင့်ပူးတွဲထမ်းဆောင်စေရမည်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေခြင်းနှင့် စပ်လျဉ်းပြီး နိုင်ငံတော် အခြေခံမူအဖြစ် အောက်ပါအတိုင်း ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီမူကတော့—

“နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ ဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်”

ဟူ၍ပင်ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတွေဟာ တစ်မျိုးသားလုံး၏အရေးကို ဆောင်ရွက်ရမည့်သူများဖြစ်တဲ့အတွက် မိမိတို့ရာထူးသက်တမ်းအတွင်း ပါတီနိုင်ငံရေးအစား အမျိုးသားနိုင်ငံရေးကိုသာ ဦးတည်ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံရေးပါတီဝင်တစ်ဦးဖြစ်ပါက သက်ဆိုင်ရာ ပါတီ၏ လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်း မပြုရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လျှင် (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နှုတ်ထွက် သို့မဟုတ် အငြိမ်းစားယူသင့်ပါတယ်။ ဒါ့ကြောင့် အောက်ပါအချက်များ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်—

၃၄။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့် လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ၊

၃၅။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ နှုတ်ထွက် (သို့မဟုတ်) အငြိမ်းစားယူပြီးဖြစ်ရမည်၊

၃၆။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်ခံရပြီးနောက် မိမိတို့ရဲ့ ရာထူးတာဝန်များကို စတင်ထမ်းဆောင်ခြင်း မပြုမီ ကတိသစ္စာ ပြုခြင်းနှင့် ပတ်သက်၍ တင်ပြသွားပါမယ်။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ တာဝန်ဝတ္တရားများကို စတင်မဆောင်ရွက်မီ ကတိသစ္စာပြုသင့်ပါတယ်။

၃၇။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မိမိတို့တာဝန်များကို မထမ်းဆောင်မီ နိုင်ငံတော်က သတ်မှတ်ထားသော ပုံစံအတိုင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ရှေ့တွင် ကတိသစ္စာပြုကြရမည်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ရဲ့နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ နိုင်ငံတော်ရဲ့ ကြီးမားတဲ့တာဝန်ဝတ္တရားများကို ထမ်းဆောင်ရသူများဖြစ်လို့ သြဇာအရှိန်အဝါကြီးမားသူများ ဖြစ်ကြပါတယ်။ အခြားအဖွဲ့အစည်းများက လစာ စရိတ်၊ ကြေးငွေ၊ ရာထူးများပေးပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရဲ့ အရှိန်အဝါကို ရယူခြင်း မပြုနိုင်စေရေးအတွက် အောက်ပါမူကို ချမှတ်သင့်ပါတယ်—

၃၈။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုရ။

တစ်ဖန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအပေါ် ပြည်သူများက ယုံကြည်ကိုးစားမှု ပိုမိုခိုင်မြဲစေရန်နှင့် သမ္မတနှင့် ဒုတိယ သမ္မတများ စတင်ထမ်းဆောင်စဉ်ကပင် ပြည်သူများ သံသယ မပွားစေရန် အောက်ပါမူကို ချမှတ်ထားသင့်ပါတယ်—

၃၉။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်း ဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေး လုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်း ပြုစုပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ ပေးပို့ရမည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများဟာ မိမိတို့ရဲ့ တာဝန်ဝတ္တရားများ ထမ်းဆောင်နေစဉ် ကာလအတွင်း နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်များနှင့် ထိုက်တန်စွာ လစာစရိတ်နှင့် အဆောင်အယောင်များအပြင် နေထိုင်စရာ အိမ်တော်များ ရရှိရေးအတွက် မူကိုလဲ အောက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်—

၄၀။ နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများသည် ဥပဒေနှင့်အညီ သတ်မှတ်ထားသော လစာ၊ စရိတ်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ သင့်တင့်လျောက်ပတ်သော အိမ်တော် တစ်ဆောင်စီကို လည်းကောင်း ရရှိခံစားခွင့်ရှိသည်။

ဒါ့အပြင် နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတတို့ဟာ မိမိတို့အား အပ်နှင်းထားတဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသာ ကျင့်သုံး ထမ်းဆောင်နိုင်ရေးအတွက်—

၄၁။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြား ဥပဒေများက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသာ ကျင့်သုံး ထမ်းဆောင်ရမည်ဟူသော မူချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများဟာ နိုင်ငံ့အကြီးအကဲများလဲ ဖြစ်ကြတဲ့အတွက် မိမိတို့ တာဝန် ထမ်းဆောင်နေစဉ် ကာလအတွင်း တာဝန်ဝတ္တရားများကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ထမ်းဆောင်နိုင်ဖို့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ယင်းတို့ သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့် မရှိစေရန် မူတစ်ရပ်ချမှတ်သင့်ပါတယ်၊ အဲဒါကတော့—

၄၂။ နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများ၏ တာဝန် ထမ်းဆောင်ချိန် အတွင်း နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတတို့အား တရားစွဲဆိုပိုင်ခွင့် မရှိစေရဆိုတဲ့ မူပဲဖြစ်ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော် အကြီးအကဲ နှင့် ပတ်သက်တဲ့ မူများကို တင်ပြဆွေးနွေး သွားပါ မယ်။ ယခု တင်ပြ ဆွေး နွေး ခဲ့သည် များ မှာ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများကို ရွေးချယ် တင်မြှောက်ခြင်း ဆောင်ရွက်ရမည့် တာဝန်ဝတ္တရား များကို သတ်မှတ်ခြင်း၊ ခံစားရရှိမည့် အခွင့် အရေးများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းတဲ့ မူများ ဖြစ်ပါတယ်။ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲ ဖြစ်တဲ့ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များဟာ မိမိတို့ ရာထူးတာဝန်နဲ့ လိုက်လျောညီထွေ ကျင့်ကြံ နေထိုင်ခြင်းမရှိဘဲ ဖောက် ဖျက် ခဲ့ပါက နိုင်ငံတော် သမ္မတကိုဖြစ်စေ၊ ဒုတိယ သမ္မတတစ်ဦး ဦးကို ဖြစ်စေ၊ စွပ်စွဲပြစ်တင် အ ရေး ယူ နိုင် ရန် လိုအပ်ပါမယ်၊ မည်သည့် အကြောင်း ကိစ္စများကို ဖောက်ဖျက် ကျူးလွန်လျှင် မည်ကဲ့သို့ စွပ်စွဲပြစ်တင် သင့်သည်ဆိုတဲ့ အချက်ကိုလဲ ထည့်သွင်းစဉ်းစားရန် ဖြစ်ပါတယ်။

တစ်ဖန် မည်ကဲ့သို့ ဆက်လက် အရေးယူဆောင် ရွက်သင့်သည်ဆိုတဲ့ အချက်များကိုလဲ ယခုရေး ဆွဲမယ့် အခြေခံဥပဒေမှာ မူအဖြစ် ထည့်သွင်းရေး ဆွဲရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မူများကိုချမှတ်နိုင်ရန် ကျွန်တော်တို့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်—

၄၃။ အောက်ပါအကြောင်းတစ်ခုခုကို ဖောက် ဖျက် ကျူးလွန်ပါက နိုင်ငံတော် သမ္မတ ကိုဖြစ်စေ၊ ဒုတိယ သမ္မတ တစ်ဦးဦးကို ဖြစ်စေ စွပ်စွဲပြစ်တင်နိုင်သည်—

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

၄၄။ အထက်အပိုဒ် (၄၃) ပါ အချက်သုံးချက် အနက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ် စေ ဖောက်ဖျက်ကျူးလွန်သည့် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦး ကို စွပ်စွဲ ပြစ်တင်ရန် ရှိလာလျှင် မိမိတို့၏ စွပ်စွဲပြစ်တင်ချက်ကို ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သော လွှတ်တော် နှစ်ရပ်မှလွှတ်တော်တစ်ရပ်ရပ်၏လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေး ထိုးပြီး သက်ဆိုင်ရာ လွှတ်တော် အကြီး အကဲထံ တင်ပြရမည်၊

၄၅။ အထက်အပိုဒ် (၄၄) ပါ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။

၄၆။ လွှတ်တော် တစ်ရပ်ရပ်က အထက်အပိုဒ် (၄၄) ပါ စွပ်စွဲချက်ကို အရေးယူဆောင် ရွက်ရန် ထောက်ခံလျှင် အခြားလွှတ်တော် တစ်ရပ်ကယင်းစွပ်စွဲချက်ကို စုံစမ်းစစ်ဆေး ရန် သို့မဟုတ် အဖွဲ့ ဖွဲ့၍ စုံစမ်းစစ်ဆေးစေ ရမည်၊

၄၇။ စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးသောအခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ရှိ စေရမည်၊

၄၈။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးသောအခါ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်၏ကိုယ်စား လှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထိုစွပ်စွဲချက်သည် မှန်ကန် ပြီး စွပ်စွဲခံရသည့် ပြစ်မှုသည် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား

ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်းဆုံးဖြတ်လျှင် စွပ်စွဲခံရသည့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှ ရပ်စဲရန် ထိုလွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ တင်ပြရမည်၊

၄၉။ ပြည်ထောင်စု လွှတ်တော် အကြီးအကဲက အထက်အပိုဒ် (၄၈) ပါတင်ပြချက်ကို ရရှိလျှင် ရရှိခြင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးမှ ရပ်စဲကြောင်း ကြေညာရမည်။

**သဘာပတိကြီးခင်ဗျား။** အဲဒီလို ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံပြီး နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်မယ့် နိုင်ငံတော် သမ္မတကြီးကို ရွေးချယ်မယ့် ရွေးချယ်ရေးအဖွဲ့ဟာလဲတိုင်းရင်းသားလူမျိုးအသီးသီးမှ ကိုယ်စားလှယ်များသာမက လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကြီးမှ ရွေးချယ်ပေးရမှာမို့အထက်မြက်ဆုံးသော နိုင်ငံခေါင်းဆောင်မျိုးပေါ်ထွက်လာရေးအတွက် ကျွန်တော်တို့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များက အလေးအနက် အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲအခန်းခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး ပါဝင်သင့်သည့်မူများကို ကျွန်တော်တို့ အလုပ်သမားကိုယ်စားလှယ်အစုအဖွဲ့အနေအဖြင့် နှိုင်းနှိုင်း ချိန်ချိန် အကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီအကြံပြုတင်ပြချက်များဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အရေးသုံးပါးနဲ့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက် ၆ ရပ်အတွင်းကအနာဂတ် မြန်မာနိုင်ငံတော်ကြီးကို သမ္မတဦးဆောင်ပြီး အုပ်ချုပ်စီမံဆောင်ရွက်သွားတဲ့ နေရာမှာ အရေးကြီးတဲ့ အချက်များ ဖြစ်ပါတယ်။ ဒီတင်ပြချက်များအပေါ် ညီလာခံ ကိုယ်စားလှယ်များက လိုအပ်သလိုညှိနှိုင်း ဆွေးနွေးပြီး နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲတို့နဲ့ စပ်လျဉ်းတဲ့ မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

## အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကချင်ပြည်နယ်မှ အလုပ်သမား ကိုယ်စားလှယ် (၁) ဦး

**အခမ်းအနားမှူး။** အခုဆက်လက်ပြီးအလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကချင်ပြည်နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးဆွမ်လွတ်နော်ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။ ဦးဆွမ်လွတ်နော်အား ဖတ်ကြားတင်ပြဖို့ဖိတ်ခေါ်အပ်ပါတယ်။

**ဦးဆွမ်လွတ်နော် (အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့)။** သဘာပတိကြီး ခင်ဗျား။ ကျွန်တော်ဟာ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်က အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ် ဦးဆွမ်လွတ်နော်ဖြစ်ပါတယ်။ညီလာခံကိုယ်စားလှယ်တော်ကြီးများ အားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံဆိုတဲ့ အခန်းခေါင်းစဉ်နဲ့ နိုင်ငံတော်အကြီးအကဲဆိုတဲ့အခန်းခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီးအမှန်တကယ်သုံးသပ်ဖို့ လိုအပ်တယ်လို့ ယုံကြည်တဲ့ အချက်အလက်များကိုပဲ ကောက်နုတ်ဆွေးနွေး အကြံပြုတင်ပြသွားပါမယ်။

**နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ**

**သဘာပတိကြီး ခင်ဗျား။** ၁၈-၁-၉၄ နေ့ရက် ညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနဲ့ပတ်သက်ပြီး “ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားများနဲ့ ပတ်သက်ပြီးဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရသင့်တယ်၊ ဘယ်တိုင်းရင်းသားတွေဟာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့်တယ်ဆိုတာနဲ့ အဲဒီတိုင်းရင်းသားတွေ အတွက်ဘယ်နေရာ ဘယ်ဒေသတွေမှာ သတ်မှတ်ပေးသင့်တယ်ဆိုတာကို နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမယ့်အစားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီ တစ်ပါတည်း သတ်မှတ်ပေးမယ် ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက်တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေမှာ ဖြစ်ပါတယ်။ဒါကြောင့်တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ် ရရှိပြီးတဲ့ တိုင်းရင်းသားလူမျိုးများမှ အပ အခြား တိုင်းရင်းသား လူမျိုးများအနက် ချမှတ်ပေးထားပြီးဖြစ်သောအခြေခံမူများနှင့် ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးအတွက် ဘယ် တိုင်းဒေသကြီး သို့မဟုတ်ဘယ်ပြည်နယ်အတွင်း ဘယ်နေရာများမှာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို တစ်ပါတည်းသတ်မှတ်ပေးဖို့ သင့်မသင့်ကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားများကို ဆွေးနွေး အကြံပြု စေလိုပါတယ်လို့ အမိန့်ရှိသွားပါတယ်”

**သဘာပတိကြီးခင်ဗျား။** ဒီကိစ္စနဲ့ပတ်သက်လို့ အကြံပြု ရမယ်ဆိုရင် မသင့် ဟုယူဆပါသည်။

အကြောင်းမှာ ညီလာခံကိုယ်စားလှယ်များ တညီတညွတ်တည်း ချမှတ်ထားတဲ့ မူမှာ လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်သည့်တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေးရန်ဖြစ်တယ်။ ဒီလိုသတ်မှတ်ရာတွင်လူဦးရေနဲ့နယ်မြေအကျယ်အဝန်းအပေါ်အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သင့်လျော်သလိုပေးရန်ဖြစ်သည်ဟူ၍ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ညီလာခံ ကိုယ်စားလှယ်တော်များ တညီတညွတ်တည်း ချမှတ်ထားတဲ့အထက်ပါမူတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသသတ်မှတ် ပေးနိုင်ရန် အရေးကြီးတဲ့အချက်နှစ်ချက် ပါဝင်ပါတယ်။ တစ်ကလျော်ကန်သင့်မြတ်တဲ့ လူဦးရေ ရှိရန်လိုအပ်ချက်၊ နှစ်က နယ်မြေတစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ခြင်းဆိုတဲ့ လိုအပ်ချက်ပဲဖြစ်တယ်။

**သဘာပတိကြီးခင်ဗျား။** လျော်ကန်သင့်မြတ်တဲ့ လူဦးရေနဲ့ ပတ်သက်လို့ ညီလာခံကိုယ်စားလှယ်များ အနေနဲ့ မည်မျှသော လူဦးရေကို လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်တယ်ဆိုတာကိုမသိပါ။ ဆုံးဖြတ်ချက်ချလို့လဲမရပါ။ ဒါအပြင်မည်သည့် တိုင်းရင်းသားများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသရရှိရန်တင်ပြတောင်းခံထားသည် ကိုလဲ ညီလာခံ ကိုယ်စားလှယ်များက မသိပါ။ တိုင်းရင်းသားလူမျိုး ၁၃၅ ပါးရှိသည့်အနက်၊ဘယ်တိုင်းရင်းသားများကကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသအလိုရှိနေသည်ကိုလဲမသိပါ။

နယ်မြေတစ်ဆက်တစ်စပ်တည်းတွင်စုစုစည်းစည်းနေထိုင်ခြင်း ဆိုတဲ့လိုအပ်ချက်နဲ့ ပတ်သက်လို့လည်း ညီလာခံကိုယ်စားလှယ်များ အနေနဲ့မသိပါ။ ပထဝီအနေအထားနဲ့ အကျယ်အဝန်း ကိုလည်းမသိပါ။ ဒါကြောင့် ဖော်ပြပါ မသိသော အချက်နှစ်ရပ်ကို သိအောင်အလျင်လုပ်ဆောင်ပြီးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ သတ်မှတ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ သို့ဖြစ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနဲ့ ပတ်သက်ပြီး ညီလာခံကိုယ်စားလှယ်များက ချမှတ်ခဲ့တဲ့မူအတိုင်း နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်း၍ ဆောင်ရွက်ပေးရန်သာ သင့်ပါကြောင်း ဆွေးနွေးအကြံပြုပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အမှန်ဆိုရသော် အခုရေးဆွဲနေတဲ့အခြေခံဥပဒေမှာ ဘယ် တိုင်းရင်းသား လူမျိုးများကို ဘယ်နယ်မြေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသ သတ်မှတ်ပေးသည်ဟု ထည့်သွင်းရန် အရေးတကြီးလိုအပ်နေပါတယ်။ ဒီကိစ္စဟာ အမြန်အဆန်လုပ်ရမယ့် ကိစ္စဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်ညီလာခံက ချမှတ် ထားပြီးသော အခြေခံ မူများ နဲ့ အညီ နိုင်ငံတော်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုသတ်မှတ်ရေးဆိုင်ရာ ကော်မရှင် အဖွဲ့ကို အခြေခံဥပဒေရေးဆွဲနေတဲ့ ကာလ အတွင်းမှာ အလျင်အမြန်ဖွဲ့စည်းပြီး စုံစမ်း လေ့လာစေကာ ညီလာခံသို့ ထောက်ခံ အကြံပြု တင်ပြစေသည့် နည်းလမ်းကို ကျင့်သုံးသင့်သည်ဟု အကြံပြု လိုပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် ညီလာခံက တိကျမှန်ကန်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသများကို တညီတညွတ်တည်း သတ်မှတ်ပေးနိုင်မှာ ဖြစ်တယ်။ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများကလည်း ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တစ်ဖန် အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ မိန့်ခွန်းမှာ "အမျိုးသား ညီလာခံ အစုအဖွဲ့တွေ အနေနဲ့ နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရာမှာ အခြေခံရမယ့် မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး ဆွေးနွေးစဉ်အခါက ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့မှာ နိုင်ငံတော်ရဲ့မြို့တော်ကို မည်သည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်မှုအောက်တွင်မှ မပါဝင်စေဘဲ သီးခြားအုပ်ချုပ်သည့် နယ်မြေဒေသအဖြစ်ထားရှိရန် အခြေခံမူချမှတ်သင့်ကြောင်း ဆွေးနွေး

အကြံပြု သွားတာ ရှိပါတယ်'' အစ ရှိသဖြင့် ပြောကြားသွားပါတယ်။ "အဲဒီ အကြံပြုချက်ကို လည်းအထူး အလေးထား စဉ်းစားသင့်ပါတယ်'' ဟူ၍ဆက်လက်ပြောကြားသွားပါတယ်။ အကယ်လို့ ဗဟိုအစိုးရ ရုံးစိုက်ရာ ရန်ကုန်မြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ကြမယ် ဆိုရင်၊ ရန်ကုန်မြို့ တော်ကို ရန်ကုန် တိုင်းဒေသကြီးရဲ့ ကြီးကြပ်မှု အောက်မှာ မထားရှိဘဲနိုင်ငံတော်သမ္မတရဲ့အုပ်ချုပ် မှုအောက်မှာ ထားရှိတဲ့ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရေး အတွက် အခြေခံရမယ့်မူ ချမှတ်သင့် သင့်ကို အမျိုးသားညီလာခံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ဆက်လက်ရှင်းလင်း တင်ပြသွားပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တော်ကို နိုင်ငံတော် သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ထားရှိမယ် ဆိုပါက ရန်ကုန်မြို့တော်နဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေး အာဏာများ သီးခြား လိုအပ်မည် ဖြစ်ကြောင်းကိုလည်း ညွှန်ပြသွားပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက် ဖော်ပြပါ ကိစ္စနဲ့ ပတ်သက်လို့ အကြံပြု တင်ပြ လိုပါတယ်။ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရာမှာ အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး အစုအဖွဲ့အလိုက် တင်ပြ အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို တင်ပြခဲ့ကြရာမှာ အစုအဖွဲ့ တစ်ဖွဲ့က အကြံပြုတင်ပြသည်ဖြစ်စေ၊ အစုအဖွဲ့ အနည်းစုက အကြံပြုတင်ပြသည် ဖြစ်စေ၊ အများစုက တင်ပြသည် ဖြစ်စေ နိုင်ငံတော် အခြေခံမူချမှတ်ရာတွင် ထိုအကြံပြုချက်များကို အထူးအလေးထား စဉ်းစားပြီး ဒို့အရေး သုံးပါးနဲ့ ညီလာခံရဲ့ ဦးတည်ချက် ခြောက်ရပ်နဲ့ ညီညွတ်တဲ့ နိုင်ငံတော်ကို အကျိုးပြုမယ့် အချက်အလက်များကို နိုင်ငံတော်အခြေခံမူမှာ ထည့်သွင်းမှုမှာ ဖြစ်ပါတယ်။ ထည့်လည်းထည့်သွင်း ခဲ့ပြီး ဖြစ်ပါတယ်။

အခုအခါမှာ အမျိုးသားညီလာခံက အခြေခံမူ ၁၀၄ ချက်ကို ၁၆-၉-၉၃ နေ့ရက်တွင် တညီတညွတ်တည်း သဘောတူ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီအခြေခံမူ ၁၀၄ ချက်ဟာ နိုင်ငံတော်ရဲ့ အခြေခံ ဥပဒေ မူအဖြစ် တည်ရှိပြီး ဖြစ်တယ်။ နိုင်ငံတော်ရဲ့ မြို့တော်ကို နိုင်ငံတော် သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိတဲ့ သီးခြား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေး အာဏာရှိတဲ့ မြို့တော် သတ်မှတ်ရေးကို အခုအခါ နိုင်ငံတော် အခြေခံမူတွင် ထည့်သွင်း စဉ်းစားမယ် ဆိုရင် အခြေခံမူ တစ်ခု ထပ်တိုးတဲ့ အဓိပ္ပာယ်ရောက်မှာဖြစ်ပါတယ်၊ အခြေခံမူ အရေအတွက်မှာ ၁၀၄ချက်ကနေ ၁၀၅ချက် ဖြစ်သွားမှာ ဖြစ်တယ်။

**သဘာပတိကြီးခင်ဗျား။** ဒီအခြေခံမူ ၁၀၄ ချက်ကို အမျိုးသားညီလာခံက တညီတညွတ်တည်းလက်ခံအတည်ပြုခဲ့ပြီပဲ၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူထု အစည်းအဝေးကြီးများကလည်း သောင်းသောင်းဖြဖြကြိုဆိုထောက်ခံအတည်ပြုခဲ့ပြီပဲ၊ တိုင်းသိပြည်သိ ကမ္ဘာသိ ဖြစ်နေပြီပဲ၊ လောလောဆယ် ဒီအခြေခံမူ ၁၀၄ ချက်ကို သိက္ခာရှိရှိနဲ့ ထိန်းသိမ်းဖို့ လိုအပ်တယ်။ ထိန်းသိမ်းဖို့ရန်လဲ ညီလာခံကတာဝန်ရှိပါတယ်။ ဒါကြောင့်ဒီအခြေခံမူ ၁၀၄ ချက်ကို အမျိုးသား ညီလာခံကရေးဆွဲနေတဲ့ အခြေခံဥပဒေရဲ့ အခြေခံမူများအဖြစ် ဆက်လက် သတ်မှတ်သွားသင့်ပါတယ်။

## နိုင်ငံတော်အကြီးအကဲ

**သဘာပတိကြီးခင်ဗျား။** ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ရွေးချယ် တင်မြှောက်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေး တင်ပြလိုပါတယ်။ နိုင်ငံတော်အကြီးအကဲရွေးချယ် တင်မြှောက်ရေးအစုအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်သွားရန် ညီလာခံလုပ်ငန်း ကော်မတီဥက္ကဋ္ဌက အကြံပြုတင်ပြထားပါတယ်။ အဲဒီအစုအဖွဲ့သုံးဖွဲ့က ဒုတိယသမ္မတတစ်ဦးစီကျ ပေါင်းသုံးဦးကိုရွေးချယ်ပေးရန်ဖြစ်ကြောင်း၊ ဒုတိယ သမ္မတသုံးဦးထဲက တစ်ဦးကို နိုင်ငံတော်

သမ္မတအဖြစ် ထပ်မံ ရွေးချယ်ယူရန် ဖြစ်ကြောင်း၊ ကျန်နှစ်ဦးသည် ဒုတိယသမ္မတအနေနဲ့ ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ညီလာခံလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြ သွားပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကမ္ဘာ့နိုင်ငံကြီးများ ပင်လျှင် သမ္မတတစ်ဦးနဲ့ ဒုတိယ သမ္မတတစ်ဦး၊ ပေါင်း နှစ် ဦး သာ ထား ရှိ တတ် ကြ ပါ တယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟာ လူဦးရေအား ဖြင့်သော်လည်းကောင်း၊ အကျယ်အဝန်းအားဖြင့် သော်လည်းကောင်း မကြီး လှ ပါ။ ဒါ ကြောင့် ဒုတိယ သမ္မတနှစ်ဦး မထားရှိဘဲ နိုင်ငံတော်သမ္မတ တစ်ဦးနဲ့ ဒုတိယသမ္မတတစ်ဦး၊ ပေါင်း နှစ်ဦးသာ ထားရှိဖို့ သင့်ပါတယ်။ နိုင်ငံတော် အကြီးအကဲ ရွေးချယ်တင်မြှောက်ရေး အဖွဲ့လည်း နှစ်ဖွဲ့ပဲရှိသင့် ပါတယ်။ လွှတ်တော် နှစ်ရပ်အတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်း တဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ဖြင့်ဖွဲ့စည်းမယ့် နိုင်ငံတော်အကြီးအကဲရွေးချယ်ရေး အဖွဲ့ကို မထားရှိတော့ဘဲ လွှတ် တော် တစ် ရပ် စီ နဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတော်အကြီးအကဲရွေးချယ်တင် မြှောက်ရေး အစုအဖွဲ့နှစ်ဖွဲ့နဲ့ ဒုတိယသမ္မတနှစ်ဦးကို ရွေးချယ်သင့်ပါတယ်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့တပ်မတော် သား လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော် နှစ်ရပ်လုံးထဲမှာပါဝင်ပြီးသားဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတရှိရ မယ့် အရည်အချင်းများတွင် နိုင်ငံရေး၊ အုပ်ချုပ် ရေး၊ စီးပွား ရေး၊ စစ် ရေး စ တဲ့ နိုင်ငံတော်ရဲ့ အရေးအရာများနဲ့စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိရန်ဆိုတဲ့ အရည် အချင်းများပါဝင်သင့်ပါတယ်။ ဒါပေမယ့်ဖော်ပြ ပါ အရည်အချင်းများရဲ့ အကျယ်အဝန်း၊ အတိမ် အနက်ကို တိတိကျကျဖော်ညွှန်းဖို့လိုအပ်မယ်လို့ယူဆ မိပါတယ်။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးအစရှိတဲ့ အရေးအရာများရဲ့ နယ်ပယ်ဟာ အလွန် ကျယ်ဝန်းလှပါတယ်။ မဟုတ်မမှန်သော အဓိပ္ပာယ်ကိုကောက်ယူသွားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတတစ်ဦးအနေနဲ့ ဖော်ပြပါအရေး အရာများတွင် အနည်းဆုံး ရှိသင့်ရှိထိုက်တဲ့ အရည် အချင်းအတိုင်းအတာ၊ အကျယ်အဝန်းကို တိုင်းသူ ပြည်သားအများက ကွင်းကွင်းကွက်ကွက် မြင်သာ အောင်၊ သိရှိသွားအောင် အဓိပ္ပာယ်ဖွင့်ပြသင့်တယ် လို့အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန် တော်ရဲ့အကြံ ပြုချက်ဟာ ဒါပါပဲ။ ညီလာခံလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြသွားတဲ့ ကျန်ကိစ္စအားလုံး ကို ကြိုဆိုထောက်ခံရင်း နိဂုံးချုပ်ပါတယ်။
ကျေးဇူးတင်ပါတယ်။ **(သြဘာသံများ)**

**အခမ်းအနားမှူး။** အမျိုး သား ညီလာခံ ကိုယ်စား လှယ် ကြီးများ ခင်ဗျား။ အခုအစည်း အဝေးကို နေ့လယ်စာ စားသုံးဖို့(၁)နာရီခန့် ရပ်နား ပါမယ်။ အစည်းအဝေးကို ၁၂ နာရီ မိနစ် ၃၀ မှာ ပြန်လည် ကျင်းပပါမယ်။ သဘာပတိ အဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ် ခင်ဗျား။

[နေ့လယ်စာ စားသုံးရန်အတွက် အမျိုးသား ညီလာခံ အစည်းအဝေးကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါ မည်။ ၁၂း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါ သည်။]

**အခမ်းအနားမှူး။** အမျိုး သား ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်တဲ့အတွက် သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

[သဘာပတိအဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များ အတွက် သီးသန့် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူကြပါသည်။]

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့်စပ်လျဉ်း၍အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

## အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံကိုယ်စား လှယ် ကြီး များ ခင် ဗျား။ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့ စည်း တည် ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် မူများချမှတ်နိုင်ရေး အတွက် ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြဖို့ဖြစ်ပါတယ်။

အခု အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြမှာ ဖြစ်ပါတယ်။ ဒီစာတမ်းကို အပိုင်း(၂)ပိုင်း ခွဲပြီး ဦးမင်းနိုင်နဲ့ ဦးမြင့်ဋ္ဌေးတို့က ဖတ် ကြား တင် ပြမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဦးမင်းနိုင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးမင်းနိုင် (အသိပညာရှင်၊ အတတ် ပညာ ရှင် ကိုယ် စား လှယ် များ အစုအဖွဲ့)။ ညီလာခံကျင်းပရေး ကော် မရှင် ဥက္ကဋ္ဌကြီး နဲ့ ကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးနဲ့အဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသား ညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်၊ ပန်းချီပညာရှင် ဦးမင်းနိုင် ဖြစ်ပါတယ်။ ယခု တင်ပြမယ့် စာတမ်းကို ကျွန်တော်နဲ့အတူ ဂီတစာဆို ဟံသာတ ဦးမြင့်ဋ္ဌေး တို့က တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမ ဦးစွာ ကျွန်တော်ဖတ်ကြား တင်ပြဆွေးနွေးပါ့မယ်။

ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ဟာ နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်း တည် ဆောက် ပုံ အခန်း နဲ့ နိုင်ငံတော် အကြီးအကဲအခန်းတို့အတွက် ချမှတ်သင့်တဲ့ အခြေခံမူတွေ အကြံပြု တင်ပြနိုင်ဖို့ အတွက် ၂၁-၁-၉၄ ရက်နေ့မှစ၍ အစည်းအဝေး အကြိမ်ပေါင်း(၇)ကြိမ် ကျင်းပပြီး ယခုအကြံပြုစာတမ်းကို ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

ဒီလိုတင်ပြတဲ့ နေရာမှာ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် ရည်ရွယ်ရေးရှုပြီး အမှန်တကယ် လက်တွေ့ဖြစ်နိုင်တဲ့ မူတွေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ဓလေ့စရိုက်၊ အတွေးအခေါ်နဲ့ ကိုက်ညီဆီလျော်တဲ့ မူတွေကိုပဲ တင်ပြနိုင်ဖို့ အလေး ပေး စဉ်း စား ဆောင်ရွက်ခဲ့ကြပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအကျဆုံး ဥပဒေ(Basic Law) ဖြစ်ပါတယ်။ တချို့ ပညာ ရှင် များ က တော့ "ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုတာဟာ နိုင်ငံတစ်နိုင်ငံမှာ အာဏာကို ဘယ်လိုခွဲဝေ ကျင့်သုံးမလဲ၊ အစိုးရကို ဘယ်ပုံစံနဲ့ ဖွဲ့စည်းမလဲဆိုတဲ့ အခြေခံ ပြဋ္ဌာန်းချက်များ ဖြစ်တယ်"လို့ ဖွင့်ဆိုကြသလို တချို့ကလဲ "နိုင်ငံ တစ်နိုင်ငံမှာရှိတဲ့ နိုင်ငံသားများရဲ့ တစ်ဦးနဲ့တစ်ဦး ဆက်ဆံရေးကို စနစ်တကျ

ဖြစ်အောင် စီမံဆောင်ရွက်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ” လို့ဖွင့်ဆို ကြပြန်ပါတယ်။ “နိုင်ငံသားများရဲ့ လွတ်လပ်မှု၊ အချုပ်အခြာ အာဏာပိုင်ဆိုင်မှု၊ အစိုးရ ဖွဲ့စည်းမှုတို့ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းများဖြစ်တယ်” လို့လဲ အဓိပ္ပာယ်ဖွင့်ကြတာ တွေ့ရှိပါတယ်။ ခေတ်ကာလ အခြေအနေများပေါ်မှုတည်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးကို လေ့လာသိရှိမှတ်သားရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ခြုံငုံ သုံးသပ်လိုက်ရင်တော့ မိမိနိုင်ငံတော်ရဲ့ အရေးအရာကိစ္စများကို မိမိနိုင်ငံတော်ရဲ့အခြေအနေနဲ့ ပြည်တွင်း အင်အားအပေါ်အခြေပြုပြီး ဘယ်ပုံဘယ်နည်း ဖြေရှင်း ဆောင်ရွက်သွားမယ်ဆိုတဲ့ အဓိကမူများကို စနစ်တကျနဲ့ ယေဘုယျကျကျ စုစည်းပုံဖော်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အတိုချုပ်အားဖြင့် ပြည်တွင်းအင်အားစုများကိုပြည့်အင်အားအဖြစ် သဟဇာတကျကျ စုစည်း ဖော်ဆောင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းဟာ အခြေခံဥပဒေရဲ့ အနှစ်သာရဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံရဲ့အတွေ့အကြုံအရဖြစ်စေ၊ အခြားနိုင်ငံများရဲ့ အတွေ့ အကြုံများအရဖြစ်စေအကြောင်းကြောင်းပေါ်မူတည်ပြီး ပြည်တွင်းပြဿနာများကို နိုင်ငံတကာ ပြဿနာများအဖြစ်ဖော်ဆောင်တတ်တဲ့ အနေအထားတွေ၊ နိုင်ငံတကာပြဿနာများကို သယ်ဆောင်ပြီး ပြည်တွင်းရေးပြဿနာများနဲ့ ရှုပ်ထွေးအောင် လုပ်ဆောင်တတ်တဲ့ အနေအထားတွေ၊ နိုင်ငံအချင်းချင်း ဆက်ဆံရာမှာဖြစ်ပေါ်တတ်တဲ့ ပြဿနာတွေကို သတိထားကြရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲ ပြဋ္ဌာန်းတာဟာ မိမိနိုင်ငံ၊ မိမိလူမျိုး အခြေ အနေအရ ပြည်တွင်းအင်အားကို စုစည်းထားနိုင်ဖို့၊ နိုင်ငံရေး အရ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ရုပ်လုံးဖော်တာ ဖြစ်ပေမယ့် နိုင်ငံတကာနယ်ပယ်မှာ အခြားအခြားသော နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွေမှာ ဖော်ပြလေ့ရှိတဲ့ ပြဋ္ဌာန်းချက်တွေ၊ အဆင်အယင်တွေကိုလေ့လာ စိစစ်ပြီး ဆက်စပ်နိုင်ဖို့လဲ လိုအပ်ပါတယ်။ ဒါမှလဲ ကျွန်တော်တို့နိုင်ငံနဲ့နိုင်ငံတကာဆက်ဆံရာမှာဖြစ်စေ၊ နိုင်ငံအချင်းချင်း ပြဿနာများဖြေရှင်းဆောင်ရွက်ရာမှာဖြစ်စေ၊ အဆင့်မီ၊ ခေတ်မီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုအပ်သလိုဆက်စပ်ဖြေရှင်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ဆိုလိုတာကတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ဓလေ့စရိုက်၊ အတွေးအခေါ်၊ အစဉ်အလာသမိုင်းကြောင်းနဲ့ ဆီလျော်ကိုက်ညီပြီး နိုင်ငံတော်ကြီးရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးကို ဖော်ဆောင်ပေးနိုင်မယ့် လက်တွေ့ကျတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာဖို့ အနှစ်သာရအားဖြင့် အရေးကြီးသလိုနိုင်ငံတကာနဲ့ ယှဉ်လိုက်ရင်လဲ စံချိန်စံညွှန်းမီတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါ့အပြင်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းဆောင်ရွက် သွားနိုင်တဲ့အသေးစိတ် အချက်အလက်များကို မူများအဖြစ်အခြေခံဥပဒေမှာ မပြဋ္ဌာန်းမိရန် လိုအပ်သကဲ့သို့အခြေခံဥပဒေမှာဖော်ပြ ပြဋ္ဌာန်းမယ့်အချက်အလက်တွေဟာ တတ်နိုင်သမျှ ရှင်းလင်းပြတ်သားနေဖို့လဲ သတိထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီအခြေခံ သဘောထား များကို ကိုင်စွဲပြီး လိုအပ်တဲ့ အခြေခံမူတွေကို အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုတင်ပြသွားမှာ ဖြစ်ကြောင်း ရှေးဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။

## နိုင်ငံတော်

နိုင်ငံတော်အခန်းနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကြီးက ချမှတ်ပေးပြီးဖြစ်တဲ့မူ (၄) ချက်ဟာ နိုင်ငံရေးသိပ္ပံ ပညာရှင်များက နိုင်ငံတော်တစ်ရပ်အတွက်လိုအပ်တယ်လို့ လက်ခံထားတဲ့ အင်္ဂါ(၄)ရပ်ကို ဖော်ညွှန်းထားနိုင်တဲ့မူများ ဖြစ်ကြောင်းသုံးသပ်တွေ့ရှိရပါတယ်။ နိုင်ငံတော် တစ်ရပ်အတွက် အဓိက

လိုအပ်တဲ့အင်္ဂါရပ်တွေကတော့အားလုံးသိပြီးဖြစ်တဲ့ အတိုင်း အချုပ်အခြာ အာဏာ (Sovereignty)၊ အစိုးရ (Government)၊ နိုင်ငံတော် နယ်နိမိတ် (Territory) နှင့် နိုင်ငံသားဦးရေ (Population) တို့ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရှေးပဝေသဏီ နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းရောနှော နေထိုင်ခဲ့ကြတဲ့ သမိုင်းအစဉ်အလာရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျူးကျော်လာတဲ့ နယ်ချဲ့တွေကို တွန်းလှန်ခုခံတဲ့ ခုခံရေးစစ်ပွဲတွေမှာရော လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲတွေမှာပါ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တိုင်းရင်းသား ပြည်သူအားလုံးဟာ တိုက်ပွဲဝင် ဆင်နွှဲခဲ့ကြပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့သမိုင်း၊ ကျွန်တော်တို့တိုင်းရင်းသား နိုင်ငံသားများရဲ့ သမိုင်းဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသား နိုင်ငံသားများရဲ့ အစဉ်အလာ ညီ ညွတ် စည်း လုံး မှု၊ အစဉ်အလာ လက်တွဲနေထိုင်ခဲ့မှုတို့ကို ပြဆိုနိုင်ရန်အတွက် နိုင်ငံတော်အခန်းမှာ အောက်ပါမူတစ်ချက်ကို ထပ်မံ ဖြည့်စွက်ပါက ပိုမိုပြည့်စုံမည်ဖြစ်ကြောင်း အကြံပြု အပ်ပါတယ်——

" နိုင်ငံတော်သည် သွေးချင်းသားချင်းများ ဖြစ်သော တိုင်းရင်းသားလူမျိုးများ အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် စုပေါင်းနေထိုင် ကြသည့် နိုင်ငံတော်ဖြစ်သည်။ မြန်မာဟူသည့် စကားရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား လူမျိုးအားလုံးကို ကိုယ်စားပြုခေါ်ဝေါ်ခြင်း ဖြစ်သည်"

ယင်းအကြံပြု တင်ပြသည့်အချက်ကို နိုင်ငံတော် အခန်းမှာ မူလက လက်ခံအတည်ပြုပြီး ဖြစ်တဲ့ မူ (၄) ချက်နဲ့ ရှေ့နောက်ညီညွတ်အောင် အောက်ပါ အတိုင်း ဖြည့်စွက်ရေးသား သင့် မသင့် စဉ်းစား နိုင်ရန် တင်ပြအပ်ပါတယ်——

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ ပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်သည် သွေးချင်း၊ သားချင်း များဖြစ်သော တိုင်းရင်းသားလူမျိုးများ အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် စု ပေါင်း နေ ထိုင် သည့် နိုင် ငံ တော် ဖြစ်သည်။ မြန်မာဟူသည့် စကားရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား လူမျိုးအားလုံးကို ကိုယ်စားပြုခေါ်ဝေါ် ခြင်း ဖြစ်သည်၊

(၃) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဟု ခေါ်တွင်မည်၊

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံ တော်တစ်ဝန်းလုံးမှာ တည်သည်၊

(၅) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။

**နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ**

ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ နဲ့ စပ်လျဉ်းပြီး အကြံပြု ဆွေး နွေး လိုပါတယ်။ အမျိုးသားညီလာခံကြီးက နိုင် ငံ တော် ဖွဲ့ စည်း တည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး မူ(၇)ချက် ချမှတ် ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီမူတွေကို အခြေခံပြီး——

(၁) နိုင်ငံတော်ကို စုစည်းဖွဲ့စည်းခြင်း၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇီ ရင် စု များ ဖွဲ့စည်းခြင်း၊

(၃) နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း၊ ဖွဲ့စည်း ခြင်း၊ အမည်ပြောင်းလဲခြင်း၊

(၄) ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်း၊ ဆိုပြီး အပိုင်း ၄ ပိုင်း ခွဲခြားပြီး အကြံပြုဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ နိုင်ငံတော်ကို စုစည်းဖွဲ့စည်းခြင်း အပိုင်းမှာ အောက်ပါမူများကို ချမှတ်သင့်ကြောင်း တင်ပြအကြံပြုလိုပါတယ်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒေသအလိုက် အောက်ပါအတိုင်း စုစည်းသည်—

(က) ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် စုစည်းသည်၊

(ခ) ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် စုစည်းသည်၊

(ဂ) ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် စုစည်းသည်၊

(ဃ) မြို့နယ်များကို ခရိုင်အဖြစ် စုစည်းသည်၊

(င) ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဖြစ် စုစည်းသည်၊

(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် စုစည်းသည်၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် စုစည်းသည်၊

(ဇ) တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အဖြစ် စုစည်းသည်၊

(ဈ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် စုစည်းသည်။

(၃) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အောက်ပါ တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇) ပြည်နယ်ဖြင့် ပိုင်းခြား သတ်မှတ်သည်—

(က) ကချင်ပြည်နယ်
(ခ) ကယားပြည်နယ်
(ဂ) ကရင်ပြည်နယ်
(ဃ) ချင်းပြည်နယ်
(င) စစ်ကိုင်းတိုင်း ဒေသကြီး
(စ) တနင်္သာရီ တိုင်းဒေသကြီး
(ဆ) ပဲခူးတိုင်းဒေသကြီး
(ဇ) မကွေးတိုင်းဒေသကြီး
(ဈ) မန္တလေးတိုင်း
(ည) မွန်ပြည်နယ်
(ဋ) ရခိုင်ပြည်နယ်
(ဌ) ရန်ကုန်တိုင်း ဒေသကြီး
(ဍ) ရှမ်းပြည်နယ်
(ဎ) ဧရာဝတီတိုင်းဒေသကြီး

(၄) တိုင်းဒေသကြီးများနှင့် ပြည်နယ် အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်၊

(၅) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။

ဒုတိယပိုင်းအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

အမျိုးသား ညီလာခံကြီးကတော့ "တိုင်းဒေသကြီးများ (သို့မဟုတ်) ပြည်နယ်များမှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများအပြင် အခြား တိုင်း ရင်း သားလူမျိုးများလဲရှိကြောင်း၊ အချို့ တိုင်းရင်းသားလူမျိုးများဟာဆိုရင် လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နယ်မြေတစ်ဆက် တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင်လျက်ရှိကြောင်း၊ အဲဒီတိုင်းရင်းသားများရဲ့ လူဦးရေနဲ့ နယ်မြေ အကျယ်အဝန်းကို အခြေပြုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်ကြောင်း" အခြေခံမူချမှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒီချမှတ်ထားတဲ့ အခြေခံမူများနှင့်အညီ ရသင့်ရထိုက်သော တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို သတ်မှတ် ဖွဲ့စည်းပေးရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** ဒီနေရာမှာ လူမျိုးရေး စိတ်ဓာတ်ပြင်းထန်မှုတွေ၊ ဒေသစွဲစိတ်တွေကို တတ်နိုင်သမျှ ဖယ်ရှားပြီး တစ်စုတစ်စည်းသော နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ဖို့ ဆိုတဲ့ ပြည်ထောင်စု တစ်ရပ်လုံးရဲ့ ဘုံအကျိုးစီးပွားနဲ့ တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းရဲ့ အကျိုးစီးပွား၊ ဒေသတစ်ခုချင်းရဲ့ အကျိုးစီးပွားတွေကို မျှတအောင် ဆက် စပ် စဉ်း စား အကောင်အထည် ဖော်ကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုတဲ့ ရည်မှန်းချက်နဲ့ ကင်းလွတ်ပြီး စဉ်းစားဆောင်ရွက်မှုများ မပြုလုပ်မိကြရန် အထူးသတိ ထားကြရမှာ ဖြစ်ပါတယ်။

လက်ရှိနိုင်ငံတကာ အဖြစ်အပျက်တွေမှာ လူမျိုးရေးအစွဲအလမ်း၊ ဘာသာရေး အစွဲ အလမ်း တွေအပေါ် အခြေပြုပြီး ပြည်ပ ပယောဂများနဲ့ ရောယှက်ကာ ပဋိပက္ခတွေ ပြင်း ထန် လာ တာ ကြောင့် နိုင်ငံအချို့ဟာ ပြိုကွဲ ပျက်စီး လျက် ရှိပါတယ်။ ကြေကွဲဖွယ်ရာ သွေးချောင်းစီးမှုတွေ၊ လူမှုရေးနဲ့ စီးပွားရေး အနိဋ္ဌာရုံခံစား နေကြရတာတွေကို ဝမ်းနည်းစွာ တွေ့မြင်နေရပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ဟာ နိုင်ငံတော်သစ် အဖြစ် အသွင် ကူး ပြောင်း နိုင်ဖို့ ကြိုး စား တည်ဆောက်နေတဲ့ ကာလဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ပြန်လည်စည်းလုံး ညီညွတ်ရေးကို အခြေခံပြီး နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမှာ ဖြစ်တဲ့အတွက် သွေးကွဲလို့လဲ မဖြစ်ပါ၊ ယင်နားခံလို့လဲ မဖြစ်ပါ။ အမျိုးသား အင် အားစု တွေ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဘေးပယောဂတွေ အဝင်မခံဘဲ ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွား မိမိဒေသနဲ့ လူမျိုးများရဲ့ အကျိုးစီးပွားကို အပေးပန်းခံ၊ အနစ်နာခံပြီး ဖော်ဆောင်ကြရမယ့် အချိန်ဖြစ်ပါတယ်။ တိုင်း ရင်း သားလူမျိုး အသီးသီးဟာ မိမိတို့ရဲ့ ပင် ကိုယ် ရိုး သား ပွင့်လင်းမှုတွေကို မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပေါင်းစပ်ပြီး အချင်းချင်း လက်တွဲ အလုပ်လုပ်ကြရမယ့် အချိန်အခါ ဖြစ်ပါတယ်။

အမျိုးသား ညီလာခံကြီးက ချမှတ်ထားတဲ့မူများအရ တိုင်းရင်းသား လူမျိုးများကို စိစစ်လိုက်ရင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီးတဲ့ တိုင်းရင်းသား လူမျိုးနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ ရရှိကြမယ့် တိုင်းရင်းသား လူမျိုးများ

ရှိသလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ မရရှိမယ့် တိုင်းရင်းသား လူမျိုး များ ရယ် လို့ ရှိလာမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ် စားလှယ် များ ခင်ဗျား။** တိုင်းရင်းသား လူမျိုး တစ် မျိုး ဟာ ကိုယ် ပိုင် အုပ် ချုပ်ခွင့် ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ပြည်ထောင်စုဖွား တိုင်း ရင်း သား များ အဖြစ် မိမိဒေသအရေးအရာ ကိစ္စများမှာ ပါဝင် ဆောင်ရွက်ခွင့် ရှိဖို့လိုသလို မိမိတို့ ချစ်ခင်မြတ်နိုး သည့် စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံး တမ်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်း ဆောင်ရွက်ခွင့် ရှိရမှာဖြစ်ပါတယ်။ လူမျိုးတစ် မျိုးက လူမျိုးတစ်မျိုးအပေါ် မတရားဖိနှိပ်မှု၊ မတရားအခွင့်အလမ်း ပိတ်ပင်မှုများ မဖြစ်ပေါ် ရအောင် ကာကွယ်တားဆီးရမှာ ဖြစ်ပါတယ်။ လူမျိုးရေး တန်းတူမှုနှင့် ချစ် ကြည် စည်း လုံး မှုကို ဖော်ဆောင် ပျိုးထောင်ကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းတွေ၊ ကိုယ် ပိုင် အုပ် ချုပ် ခွင့်ရ ဒေသတွေ၊ ခရိုင်တွေ၊ မြို့နယ်တွေ၊ ရပ်ကွက် နဲ့ ကျေးရွာအုပ်စုတွေဟာ ပြည်ထောင်စုဆိုတဲ့ မိသားစု အိမ်ကြီးထဲမှာ မိသားစုဝင်တွေအတွက် စနစ်တကျ အခန်းများ ဖွဲ့စည်းပေးပြီး နေရာချထားပေးခြင်း ဖြစ်တယ်လို့ တင်စားပြောဆိုရမှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသား လူမျိုးအချင်းချင်း တန်းတူမှု၊ ချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု သဘော ပိုမိုဆောင်လာအောင် ဖြစ်နိုင်မယ်ဆိုရင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများကို လူမျိုး တစ် မျိုးရဲ့ အမည်နာမကို အစွဲပြုပြီး မသုံးစွဲဘဲ အခြားသင့် လျော်တဲ့ နာမည်ခေါ်ဝေါ်သင့်ပါတယ်။ ဒီသဘော ထားကလဲ အသစ်အဆန်းမဟုတ်ဘဲ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် အစုအဖွဲ့အနေဖြင့် နိုင်ငံတော် အခြေခံမူများနဲ့ စပ်လျဉ်းပြီး အကြံပြု စာတမ်း တင်ကတည်းက ကိုယ်ပိုင် အုပ် ချုပ် ခွင့်ရ စီရင်စုများကို မူလကတည်းက လူမျိုးတစ်မျိုးရဲ့ အမည်နာမကို အစွဲပြုပြီး မသုံးစွဲမိအောင် သတိ ထားသင့်ကြောင်း သုံးသပ်တင်ပြခဲ့ပြီးတဲ့ သဘော ထားအယူအဆ ဖြစ်ပါတယ်။ ဒီလို လူမျိုးနာမည် စွဲဖြင့် မခေါ်ဝေါ်ပေမယ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ နေထိုင်ကြတဲ့ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုး အများ စုရဲ့ အခန်းကဏ္ဍဟာ မေးမှိန်ယုတ်လျော့စရာ အခြေ အနေမရှိဘဲ ဒေသအတွင်းမှာ နေထိုင်ကြတဲ့ တိုင်း ရင်းသား လူမျိုးအသီးသီးဟာ လူဦးရေ အချိုး အစားအရ မိမိဒေသ ဖွံ့ဖြိုးရေးနဲ့ မိမိဒေသရဲ့ အရေး အရာကိစ္စများကို ထိရောက်စွာ ကိုယ်စားပြု ပါဝင် ဖြေရှင်း သွားနိုင်ခွင့် ရရှိကြမှာဖြစ်ပါတယ်။ ဒီလို ပါဝင် ဆောင် ရွက် ခွင့် ရအောင်လဲ မူများ ချမှတ် သင့်ပါတယ်။

**သဘာပတိကြီး နဲ့ ညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။** ဒီမိုကရေစီ နိုင်ငံတော်သစ်မှာ လိုအပ် ချက်များအပေါ် မှီပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်းခွင့်ပြုရန်စီစဉ်ခြင်းဟာ သက်ဆိုင် ရာဒေသရဲ့ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ ယင်းဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများရဲ့ အရေး အရာ ကိစ္စများကို ထိုဒေသ အတွင်းမှာ ထိထိ ရောက်ရောက် ဖြေရှင်း ဆောင်ရွက်နိုင်ဖို့ အထူး စီရင်စုများ အဖြစ် ဦးတည် ဆောင်ရွက်နေခြင်း ဖြစ်တယ်ဆိုတာ ရှင်းနေပါတယ်။

ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖြစ်လာနိုင်တဲ့ အထူးစီရင်စုများ (Special Areas) ဟာ များသောအားဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နယ်စပ်ဒေသနှင့်တိုင်းရင်း သား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေတဲ့ ဒေသ များပါဖြစ်လာဖို့ များတယ်လို့ မျှော်မှန်း ရရှိ ပါတယ်။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဟာ အကြောင်း ကြောင်းကြောင့် ဖွံ့ဖြိုး တိုးတက်မှုနောက်ကျနေရတဲ့ တိုင်းရင်းသားလူမျိုး များရဲ့ ဒေသများနဲ့ နယ်စပ် ဒေသများကို ယခု

ကာတည်းက ဖွံ့ဖြိုးတိုးတက်လာအောင် သက်ဆိုင်ရာ တိုင်းရင်းသားများနှင့် ပူးပေါင်းပါဝင်မှုကို အခြေခံပြီး တပ်မတော်သားများ နှင့် ဝန်ထမ်း များရဲ့ အင်အားဖြင့် အရှိန်အဟုန် မြှင့်တင် အကောင်အထည် ဖော်နေခြင်းဖြစ်ပါတယ်။ရေရှည်မှာလည်း ဒီလိုအရှိန်အဟုန်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ လိုအပ်သောမူများချမှတ်ပေးရန် လိုမယ်လို့လည်း ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က ဆက်စပ်သုံးသပ်မိပါတယ်။

ဒီနေရာမှာ မည်သည့် တိုင်းရင်းသားများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပေးသင့်တယ် ဆိုတဲ့ အကြံပြုချက်တွေကိုနေရာဒေသနှင့်တကွ သတ်မှတ်လျာထားဖို့ကိစ္စဟာ ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အတွက် လက်ငင်းလွယ်ကူတဲ့ကိစ္စ မဟုတ်ကြောင်း တင်ပြလိုပါတယ်။ အကြံပြုချက်များဟာ လက်တွေ့ ပကတိ အခြေအနေများနဲ့ကိုက်ညီဖို့ လိုသလို သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများရဲ့ ဆန္ဒ သဘောထားနဲ့လည်း နီးစပ်ဖို့အရေးကြီးပါတယ်။ဖြစ်သင့်ဖြစ်ထိုက်သည်များကို အရွေးအချယ်မှန်ဖို့ လိုအပ်ပါတယ်။

ဝိုင်းဝန်း အကြံဉာဏ် ပြုတဲ့ ပုဂ္ဂိုလ်တွေရော၊ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများပါ အခြေအနေ အရပ်ရပ်ကို အမှန်အတိုင်း ရှုမြင် ကြရမှာ ဖြစ်ပါတယ်။ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ စိတ်တွေဖြင့် သုံးသပ် ဆောင်ရွက်မိကြရင် မျှော်မှန်းတဲ့ အကျိုးရလဒ်များ ပေါ်ထွက်လာဖို့ အခွင့်အလမ်း အလွန်နည်းပြီး မလိုလားအပ်တဲ့ အကျိုးဆက်များ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး နှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား။** တိုင်းရင်းသားများကို ရသင့်ရထိုက်တဲ့ အုပ်ချုပ်မှုအဆင့်အတန်း သတ်မှတ်ပေးတဲ့အခါမှာ နယ်မြေအခြေအနေ၊ လူမျိုးအခြေအနေ၊ သက်ဆိုင်ရာ တိုင်း၊ ဒေသနဲ့ ပြည်နယ်များရဲ့ အခြေအနေ၊ နယ်နိမိတ် ဆက်စပ်နေတဲ့ အိမ်နီးချင်း နိုင်ငံများရဲ့ လူမျိုးရေး အခြေအနေတွေကို ဘက်စုံ ထောင့်စုံ ထည့်သွင်း စဉ်းစားပြီးမှ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု အရေအတွက်များတိုင်း၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးစည်ပင် လာနိုင်မှာမဟုတ်သလို သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးအတွက်လည်း အကျိုးမဖြစ်ထွန်းနိုင်တာကို သတိချပ်နိုင်ဖို့ ရိုးသားစွာ တင်ပြလိုပါတယ်။

အလားတူပဲ နိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ စီးပွားရေးအင်အား၊ လုံခြုံရေးအင်အား၊ စည်းရုံးရေးအင်အား တို့ဖြင့် ပြည့်စုံလာအောင် ကြိုးပမ်းဆောင်ရွက်ရမယ့် အခြေအနေ အချိန်အခါမျိုးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနဲ့စပ်လျဉ်းတဲ့ အပြန်အလှန် ငြင်းခုံမှုတွေ အတော မသတ်တင်ပြ ပြောဆိုမှုတွေဟာ အမျိုးသားညီလာခံ အတော အတွင်း မှာရော တွေးမျှော် လို့ရတဲ့ နိုင်ငံတော်သစ်ရဲ့ အနာဂတ်ကာလ အတွင်းမှာပါ မလိုလား အပ်သော ပြဿနာများ၊ မလိုလား အပ်သော ပဋိပက္ခများအဖြစ် ပေါ်ပေါက် မလာရအောင် ကျွန်တော်တို့အားလုံး အခြေခံအုတ်မြစ်ကောင်းများ ချထားနိုင်ရန် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးများဟာ လူဦးရေ အခြေအနေပေါ်မှုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများရဲ့ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေးတို့မှာ ထိုက်သင့်သလို ကိုယ်စားပြုပါဝင် ဆောင်ရွက်ခွင့်ပြုဖို့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများ တန်းတူမှု၊ ချစ်ကြည်မှု၊ စည်းလုံးမှုတွေကို အစွမ်းကုန် ရှပ်လုံးဖော်ကြရမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသများဟာ ပြည်ထောင်စုကြီး ရဲ့ အစိတ်အပိုင်း ဖြစ်သလို သက်ဆိုင်ရာ တိုင်း ဒေသနဲ့ ပြည်နယ်များရဲ့ အစိတ်အပိုင်းများလဲ ဖြစ်ပါတယ်။ အဆင့်ဆင့် အုပ်ချုပ်

ကပ်ကဲရမှာဖြစ်စေ၊ ဆက်သွယ် ဆောင်ရွက်ရမှာ ဖြစ်စေ ဆက်သွယ်မှု လမ်းကြောင်းများဟာ မှန်ကန် ချောမွေ့နေဖို့ အထူးအရေးကြီးတာကိုလည်း သတိ ထားကြရမှာဖြစ်ပါတယ်။ အပြန်အလှန် လေးစား လိုက်နာမှု၊ အပြန်အလှန်အစီရင်ခံမှု၊ အထက်အဖွဲ့အ စည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက် များကို အောက် အဖွဲ့အစည်းက လိုက်နာ ဆောင်ရွက်မှု၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက် အဖွဲ့အစည်းက အလေးရှုပြုမှု တို့ဟာ ကျင့်ကြံ ဆောင်ရွက်ကြရမယ့် ကျင့်ဝတ်များအဖြစ် ခံယူကြဖို့ လိုအပ်လှပါတယ်။

ဒီသဘောထား အယူအဆများကို အခြေခံပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသများကို အမျိုးသား ညီလာခံကြီးက တစ်ပါတည်း သတ်မှတ်ပေးနိုင်ဖို့အတွက်အောက်ပါ နည်းလမ်းကို ကျင့်သုံးဆောင်ရွက်သင့် မသင့်အကြံ ပြုတင်ပြလိုပါတယ်—

နိုင်ငံတော်၏ ပကတိ အခြေအနေ၊ တိုင်းရင်း သားလူမျိုးများရဲ့ တိုးတက်ပြောင်းလဲဖြစ်ပေါ် မှု အခြေအနေနှင့် အမျိုးသား ညီလာခံ ကိုယ် စားလှယ်အစုအဖွဲ့များရဲ့အကြံပြုတင်ပြချက်များ ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိ အဖွဲ့ဝင်များက ညှိနှိုင်းတိုင်ပင်စိစစ်လေ့လာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသများကို ကြောင်းကျိုး ဖော်ပြပြီး ပိုင်းခြား သတ်မှတ်ပေးရန်။ ယင်းသတ်မှတ်ပေး ချက်ကို အမျိုးသားညီလာခံကြီးက အတည်ပြု လက်ခံရန်။

အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော် မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင် များက စုပေါင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေကို ပိုင်းခြားသတ်မှတ်ပေးသည့်နည်းလမ်း ကို လက်ခံသည်ဖြစ်စေ၊ အခြားသင့်တော်ရာ နည်း လမ်းကို ကျင့်သုံး ဆောင်ရွက်သည်ဖြစ်စေ အောက် ပါ အခြေခံမှုများ အပေါ်အခြေခံ၍ ဆောင်ရွက် သင့်ကြောင်းအကြံပြုတင်ပြလိုပါတယ်—

(၁) အောက်ပါ အချက်များနှင့် ပြည့်စုံ သော တိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု များ သတ်မှတ်ပေးရန်—

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မရှိသေးသည့် တိုင်းရင်းသားလူမျိုးဖြစ်ခြင်း၊

(ခ) လျော်ကန်သင့်မြတ်သည့်လူဦး ရေရှိခြင်း၊

(ဂ) နယ်မြေ တစ်ဆက် တစ်စပ် တည်း၌ စုစုစည်းစည်းစွဲမြဲစွာ နှစ်ပရိစ္ဆေဒရှည်ကြာစွာအခြေ ချ နေထိုင်ခြင်း၊

(ဃ) သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများကလည်း လိုအင် ဆန္ဒရှိပြီး တာဝန်ယူနိုင်သည့် အခြေအနေရှိခြင်း။

(၂) ပြည်ထောင်စု တစ်ရပ်လုံး၏ အခြေ အနေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်များ၏ အခြေအနေ၊ နယ်နိမိတ် ဆက်စပ်နေသော အိမ်နီး ချင်း နိုင်ငံများ၏ အခြေအနေအရပ် ရပ်တို့ကို ဘက်ပေါင်းစုံမှ ထည့်သွင်း စဉ်းစားရန်၊

(၃) နိုင်ငံတော် အစိုးရက အကောင် အထည်ဖော်ဆောင်ရွက်နေသောနယ် စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ဆက်စပ်စဉ်းစားရန်၊

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ မြို့တော်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ရပ်လုံး၏ မြို့တော်များဖြစ်သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုသောအားဖြင့် ယင်းမြို့တော်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ ထည့်သွင်းခြင်းမပြုရန်၊

(၅) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများကို အမည်သတ်မှတ်ရာ၌ ယင်းဒေသနယ်မြေအတွင်းရှိ တိုင်းရင်းသား လူမျိုးများအားလုံး စည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ဖြစ်နိုင်ပါက တိုင်းရင်းသား လူမျိုးတစ်မျိုး၏ အမည်ကိုအစွဲပြု၍ ခေါ်ဝေါ်သတ်မှတ်ခြင်းမပြုဘဲ အခြား သင့်လျော်သော အမည်ပေးရန်၊

(၆) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းကို သင့်တော်သလို ခရိုင်များနှင့် မြို့နယ်များဖြင့် စုဖွဲ့ရန်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အစိတ်အပိုင်းအဖြစ်လည်း စုစည်းထားရန်၊

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို သင့်တော်သလို မြို့နယ်များဖြင့် စုဖွဲ့ရန်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အစိတ်အပိုင်းအဖြစ်လည်း စုစည်းထားရန်။

အဲဒီအခြေခံမူများအပေါ်မှာ ဆက်စပ်စဉ်းစားပြီး ဖွဲ့စည်းဖြစ်ပေါ်လာမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေရဲ့ အရေးအရာကိစ္စတွေကို ဖြေရှင်းဆောင်ရွက်တဲ့ နေရာမှာ လူဦးရေများသော သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးသာမက သင့်မြတ်သည့် လူဦးရေရှိသည့် ကျန်တိုင်းရင်းသား လူမျိုးတွေရော၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ ကိုယ်စားလှယ် တပ်မတော်သားများရော ပါဝင်ဆောင်ရွက်နိုင်ဖို့ ကိစ္စကတော့ သက်ဆိုင်ရာ ခေါင်းစဉ်ရောက်ရှိတဲ့ အခါမှာ အသေးစိတ် အကြံပြု တင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** ဆက်လက်ပြီး နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း၊ အမည်ပြောင်းလဲ သတ်မှတ်ခြင်းဆိုတဲ့ တတိယပိုင်းကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင် သတ်မှတ်ရေးကိစ္စကို တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာလို့ရှိရင် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော် ဥပဒေပြုရေးအဖွဲ့အစည်းရဲ့သဘောထားများကိုရယူပြီးမှ ဆောင်ရွက်ဖို့ အချက်ဟာ သင့်မြတ်တဲ့ အချက် ဖြစ်တာမို့ အောက်ပါ နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ကြောင်း မူများ ချမှတ်နိုင်ရန် အကြံပြုအပ်ပါတယ်—

(၁) နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန်လို မလို နိုင်ငံတော်သမ္မတ သည် ရှေးဦးစွာလေ့လာစိစစ်ပြီး လိုအပ်သည်ဟု ယူဆပါက နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေး အတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောထား ရယူပေးရန်၊ ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ အကြောင်းကြားရန်၊

(၂) ပြည်ထောင်စု လွှတ်တော်သည် ယင်းကိစ္စနှင့် စပ်လျဉ်း၍—

(က) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေတူညီစွာရွေးကောက်တင်မြှောက်

ထားသည့် လွှတ်တော်မှာ ပါရှိသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲ၊

(ခ) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားသည့်လွှတ်တော်မှာပါရှိသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲ၊

(ဂ) ယင်းလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲတို့ကို အသီးသီးရယူရန်။

(၃) လွှတ်တော်နှစ်ရပ်စလုံးမှ ရော၊ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့အကျုံးဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များကပါ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အသီးသီး ထောက်ခံဆန္ဒပြုပါက နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏နယ်နိမိတ်ကိုသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်သတ်မှတ်ရန်။

(၄) လွှတ်တော်နှစ်ရပ်အနက် လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်သည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များ ကဖြစ်စေ သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်၏ သဘောထားကို ရယူဆောင်ရွက်ရန်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏လေးပုံသုံးပုံနှင့် အထက်က ဆန္ဒပြုထောက်ခံပါက နိုင်ငံတော်သမ္မတသည် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန်။

ဤနေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဟာ မိုင်ပေါင်း တစ်ထောင်ကျော်ရှည်လျားလှပြီးဆက်စပ်ပင်လယ်ပြင်ဟာသယံဇာတပေါကြွယ်လှပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာလည်း မိမိတို့ရဲ့ပိုင်နက် ပင်လယ်ရေပြင်နယ်နိမိတ် (Territorial Water) နှင့် စီးပွားရေးဇုန် (Economic Zone) နယ်နိမိတ်အတိုင်းအတာတို့ကို အမျိုးမျိုး သတ်မှတ်ပြဋ္ဌာန်းလျက် ရှိကြပါတယ်။ နိုင်ငံ တစ်နိုင်ငံရဲ့ ကုန်းပိုင်းနယ်နိမိတ်ဟာ အတိအကျ အမှတ်အသားများဖြင့် တည်ငြိမ်မှု ရှိတယ်လို့ ဆိုနိုင်သလောက် ပိုင်နက် ပင်လယ် နယ်နိမိတ်ကျတော့ နိုင်ငံတကာအခြေအနေအရရော၊ ပြောင်းလဲ ဖြစ်ပေါ်တတ်တဲ့ သဘာဝ အနေအထား အခြေအနေများအရပါ လိုအပ်ရင် လိုအပ်သလို ပြင်ဆင် သတ်မှတ်နိုင်ဖို့ အရေးကြီးတယ်လို့ သုံးသပ်မိပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ပိုင်နက်ပင်လယ်ရေပြင်ဟာ သက်ဆိုင်ရာ တိုင်းဒေသနဲ့ ပြည်နယ်များရဲ့ အရေးကိစ္စအဖြစ်သာ ရှုမြင်၍မရဘဲ ပြည်ထောင်စုကြီး တစ်ရပ်လုံး နဲ့ သက်ဆိုင်နေတဲ့ အရေးကိစ္စအဖြစ် သုံးသပ်ရှုမြင်ဆောင်ရွက်ရမယ့် အခြေအနေ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေး ကိစ္စမှာ ပိုင်နက် ပင်လယ်ရေပြင်နယ်နိမိတ်ကို ပိုမိုသွက်လက်မြန်ဆန်စွာ လိုအပ်သလို ပြင်ဆင်နိုင်ဖို့ အောက်ပါမူ ချမှတ်သင့်ကြောင်း ရှင်းလင်းအကြံပြုအပ်ပါတယ်—

"နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ရေပြင်နယ်နိမိတ်ကို ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက်၏ သဘောတူထောက်ခံမှုဖြင့် နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ်နိုင်သည်" ဟု ထည့်သွင်းရန် ဖြစ်ပါတယ်။

ဆက်လက်၍ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး အောက်ပါမူများ ချမှတ်သင့်ကြောင်း အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်အစုအဖွဲ့က အကြံပြုအပ်ပါတယ်—

(၁) တိုင်းဒေသကြီးတစ်ခု သို့မဟုတ်ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်ပါက ယင်းနယ်နိမိတ်နှင့်အကျုံးဝင်သည့်တိုင်းဒေသကြီးများသို့မဟုတ် ပြည်နယ်များရှိ မဲဆန္ဒရှင်များ၏ သဘောဆန္ဒကို ရှေးဦးစွာရယူရန်၊

(၂) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးမှသာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီး၏ဆန္ဒကို ဆက်လက်ရယူရန်၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက်က ဆန္ဒပြု သဘောတူမှသာ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ကို ဆက်လက်ရယူပြီး နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏နယ်နိမိတ်ကိုလုပ်ထုံးလုပ်နည်းနှင့်အညီပြင်ဆင် သတ်မှတ်ပေးရန်၊

(၄) အကယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန်သဘောမတူပါကနိုင်ငံတော်သမ္မတသည်ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ဆက်လက်ရယူသင့် မသင့် စိစစ်လေ့လာပြီး ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန်။

(၅) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ လေးပုံသုံးပုံနှင့် အထက်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးမှသာ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နယ်နိမိတ်ကိုလုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်သတ်မှတ်ပေးရန်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** ဒီနေရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ နယ်နိမိတ်ကို ပြင်ဆင်ပေးဖို့အကြောင်း ပေါ်ပေါက်လာပါက မည်သို့ ဆောင်ရွက်သင့်တယ် ဆိုတာကိုလည်း တစ်ပါတည်း ဆွေးနွေးတင်ပြ သွားဖို့ သင့်မယ်လို့ ယူဆပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရဲ့ အရေးကိစ္စဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့နယ်မြေဒေသရဲ့ အရေးကိစ္စများဖြစ်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်ဟာ ရှေးဦးစွာ ယင်းနယ်နိမိတ် ပြင်ဆင်ပေးသင့် မသင့် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်မှုကို ခံယူပြီး ဘက်စုံထောင့်စုံမှ စိစစ်လေ့လာသင့်ပါတယ်။ အုပ်ချုပ်ရေးအမြင်အရ နယ်နိမိတ်ကို ပြင်ဆင်ပေးဖို့ သင့်တယ်လို့ စိစစ်သုံးသပ်လို့ရရင် နိုင်ငံတော်သမ္မတရဲ့ ခွင့်ပြုချက်ဖြင့် ဥပဒေပြုရေးအပိုင်းဖြစ်တဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ဆက်လက်ရယူရန် ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးပုံသုံးပုံနှင့် အထက်က သဘောတူကြောင်း ဆန္ဒမဲပေးလာတဲ့အခါ နိုင်ငံတော်သမ္မတက ယင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရဲ့ နယ်နိမိတ်ကို ပြင်ဆင်ပေးရန် ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေဟာ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းလည်းဖြစ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ အစိတ်အပိုင်းဖြစ်ရုံသာမက အင်မတန်သိမ်မွေ့တဲ့ တိုင်းရင်းသားရေးရာကိစ္စများလည်း ပါရှိနိုင်တဲ့အတွက် အုပ်ချုပ်ရေးပိုင်းအရရော၊ ဥပဒေပြုရေးအပိုင်းအရပါ ပေါင်းစပ်စဉ်းစားသင့်တယ်လို့ ယူဆတဲ့အတွက် ယခုကဲ့သို့ သီးခြား အကြံပြုရခြင်းဖြစ်ကြောင်း ရှင်းလင်းလိုပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရဲ့ နယ်နိမိတ်ကို ပြင်ဆင်ဖို့ အကြောင်း ပေါ်ပေါက်လာရင် အောက်ပါ မူများအတိုင်း ကျင့်သုံးသင့်သည်ဟု ထင်မြင်ယူဆကြောင်း တပ်မံတင်ပြအပ်ပါတယ်—

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တစ်ခုခု၏ နယ်နိမိတ်ကို ပြင်ဆင်ရန် အကြောင်း ပေါ်ပေါက်လာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်ရေးအာဏာပိုင်သည် လိုအပ်သည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာစိစစ်ရန်၊

(၂) လေ့လာစိစစ်ချက်အရ သက်ဆိုင်ရာ နယ်နိမိတ်အား ပြင်ဆင်ရန် သင့်ပါက နိုင်ငံတော်သမ္မတထံ တင်ပြ ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူရန်၊

(၃) သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံ သုံးပုံနှင့် အထက်က သဘောတူကြောင်း ထောက်ခံဆန္ဒပြုလျှင် နိုင်ငံတော်သမ္မတက လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန်နှင့် အကယ်၍ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရန်။

**သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်များ ခင်ဗျား။** ကျွန်တော်တို့ အတွေ့အကြုံများအရ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ ခရိုင်များရဲ့ နယ်နိမိယ်ကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းတို့ဟာ အချိန်အခါ အခြေအနေအရ ပေါ်ပေါက်လာနိုင်စရာ ရှိပါတယ်။ ဒီကိစ္စများဟာ ဒေသဆိုင်ရာ စီမံခန့်ခွဲရေး ကိစ္စများသာ ဖြစ်ပေမယ့် ဗဟိုအစိုးရရဲ့ အဘောတူညီချက်နှင့် ကင်းလွတ်ပြီး ဆောင်ရွက်မယ်ဆိုရင် အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာ၊ ဘဏ္ဍာရေးဆိုင်ရာပြဿနာ၊ ဝန်ထမ်းခန့်ထားရေးပြဿနာများ ရှုပ်ထွေးသွားစရာရှိတယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း မှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်များနဲ့ စပ်လျဉ်းပြီး နယ်နိမိတ်ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပြုလုပ်ဖို့အကြောင်း ပေါ်ပေါက်လာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးအာဏာပိုင်က အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်၏ ထောက်ခံတင်ပြချက်များကို စိစစ်လေ့လာပြီး နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရန်၊ နိုင်ငံတော် သမ္မတက လိုအပ်သလို ဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆိုပြီး မူချမှတ်သင့်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။** တိုင်း ဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ အမည်ကိုပြောင်းလဲသတ်မှတ်ဖို့ ကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့်

ပြောင်းလဲသတ်မှတ်နိုင်သည်ဟုအမျိုးသားညီလာခံကြီးက မူချမှတ်ပေးထားပြီးဖြစ်တဲ့အတွက် အထူးအထွေတင်ပြရန်မရှိပါကြောင်းနှင့် ဒီမူကိုထောက်ခံပါကြောင်းတင်ပြလိုပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုခုရဲ့အမည်ကို ပြောင်းလဲသတ်မှတ်ဖို့ကိစ္စ ပေါ်ပေါက်လာရင်တော့သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်ဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသရဲ့အုပ်ချုပ်ရေးအာဏာပိုင်နဲ့ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြရန်နှင့် နိုင်ငံတော်သမ္မတက လိုအပ်သလိုဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ဟု မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** စာတမ်းပထမပိုင်းကို ကျွန်တော့်အနေနဲ့ ဖတ်ကြားဆွေးနွေးသွားပြီးတဲ့နောက် ဒုတိယပိုင်းကို ဟသ်ာတ ဦးမြင့်ငွေက ဆက်လက်တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## (သြဘာသံများ)

**အခမ်းအနားမှူး။** အခုဆက်လက်ပြီးဦးမြင့်ငွေအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမြင့်ငွေ (အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့)။** လေးစားအပ်တဲ့သဘာပတိကြီးနဲ့ တကွ သဘာပတိ အဖွဲ့ဝင် လူကြီးများ၊ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ကာယစိတ္တ သုခ နှစ်ဖြာ ပြည့်စုံကြပါစေလို့ ဦးစွာ ပထမ ဆန္ဒပြုဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က ညီလာခံကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဂီတစာဆို ဟသ်ာတ ဦးမြင့်ငွေဖြစ်ပါတယ်။ ကျွန်တော်တို့ အစုအဖွဲ့က တင်သွင်းတဲ့စာတမ်းရဲ့ ဒုတိယပိုင်းကို ကျွန်တော်က ဆက်လက်ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** နိုင်ငံတော်ရဲ့ မြို့တော် ရန်ကုန်မြို့ကို ရန်ကုန်တိုင်း ဒေသကြီးရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ မထားဘဲ နိုင်ငံတော် သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာထားတဲ့ ပြည်ထောင်စု နယ်မြေအဖြစ်သတ်မှတ်သင့် မသင့်စဉ်းစားရာမှာ ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်ရဲ့ မြို့တော်ဖြစ်ခြင်း၊ ဗဟိုအဖွဲ့အစည်းများ ရုံးစိုက်ရာ မြို့ဖြစ်ခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်သလို လက်ရှိအနေအထားမှာလဲ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရဲ့ တိုက်ရိုက်ကြီးကြပ်မှုအောက်မှာ သီးခြားအဆင့်မြင့် ကော်မတီအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကိုဖွဲ့စည်းပြီး မြို့တော်ကြီးရဲ့စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နေတဲ့ အနေအထားကိုလဲ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ မြို့တော်ဟာ နိုင်ငံတော် တစ်ရပ်လုံးအတွက် ဂုဏ်ယူစံပြုရာ မြို့တော်ဖြစ်ရမှာ ဖြစ်တဲ့အတွက် မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးမှု၊ စည်ပင်သာယာမှု၊ လုံခြုံမှုတို့ကို ဆောင်ရွက်တဲ့အခါမှာ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲမှုများဖြင့် တုပ်နှောင်ထားခြင်းမျိုး မဖြစ်သင့်တာ အမှန် ဖြစ် ပါ တယ်။ အ လား တူ ပဲ နိုင် ငံ တော်ရဲ့ ထူးခြားမှုရှိသော အခြားမြို့များကိုလဲ ထည့်သွင်းစဉ်းစားမယ်ဆိုရင် ထည့်သွင်းစဉ်းစားသင့်ပါတယ်။

လူဦးရေ နည်းပါးပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ကိုကိုးကျွန်းနဲ့ အလားတူဒေသတွေကိုလည်း ယင်းဒေသများရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြု ဆောင်ရွက် နိုင်အောင် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ထားရှိ သင့်တာ အမှန်ဖြစ်ပါတယ်။

ဒီလို ပြည်ထောင်စု နယ်မြေအဖြစ် နိုင်ငံတော်သမ္မတရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိခြင်းဟာ ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုကို တင်းကျပ်ဖို့၊ ကျယ်ပြန့်ဖို့ ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ သက်ဆိုင်ရာ ဒေသများရဲ့ အကျိုးစီးပွား

အတွက် နိုင်ငံတော်က တိုက်ရိုက်တာဝန်ယူခြင်းဖြစ်တယ်လို့ သုံးသပ်ယူဆကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အချို့သော မြို့တော်များ၊ ဒေသများဟာ ပြည်ထောင်စု နယ်မြေအဖြစ်အရှည်သဖြင့် ရပ်တည်သွားဖို့ အလားအလာရှိသလို အချို့သော ဒေသများဟာလဲ နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့နဲ့ စပ်လျဉ်းပြီး ထူးခြားဖြစ်ပေါ်လာသောအနေအထားများအရ ကာလ အတိုင်းအတာ အားဖြင့် ပြည်ထောင်စု နယ်မြေအဖြစ် ယာယီသတ်မှတ်ထားရှိတာတွေလည်း ဖြစ်လာနိုင်ပါတယ်။

ဒီအခြေအနေများကို ထည့်သွင်း စဉ်း စား ပြီး အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် အစုအဖွဲ့က နိုင်ငံတော် သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ပြည်ထောင်စု နယ်မြေများ လိုအပ်သလို သတ်မှတ်ထားရှိနိုင်ရေးကို ထောက်ခံအပ်ပါတယ်။ ဒီကိစ္စနဲ့ စပ်လျဉ်းပြီး အခြေခံမူများကိုလည်း အောက်ပါအတိုင်း ချမှတ်သင့်ပါတယ်—

(၁) ရန်ကုန်မြို့တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ ယင်းမြို့တော်အား ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ထားရှိရန်၊

(၂) နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့နှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နိုင်ငံတော်၏နယ်မြေအစိတ်အပိုင်းများကို လိုအပ်သလို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားရှိနိုင်ရေး စီမံဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်ပိုင်းကို ဆက်လက် တင်ပြဆွေးနွေး သွားမှာဖြစ်ပါတယ်။

နိုင်ငံတော် အကြီးအကဲ အခန်းနဲ့ စပ်လျဉ်းပြီး ရှေးဦးစွာ နိုင်ငံတော် သမ္မတရဲ့ အခန်းကဏ္ဍ သို့မဟုတ် အနေအထားကို အကြံပြု ဆွေးနွေး လိုပါတယ်။ နိုင်ငံတော် သမ္မတရဲ့ အနေအထားကို အောက်ပါမူများအတိုင်း သတ်မှတ်ရန် အကြံပြုတင်ပြအပ်ပါတယ်—

(၁) နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော် သမ္မတ ဖြစ်သည်၊

(၂) နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်၊

(၃) နိုင်ငံတော် သမ္မတသည် အုပ်ချုပ်ရေး အာဏာအပြည့်အဝရှိသော နိုင်ငံခေါင်းဆောင်ဖြစ်သည်၊

(၄) နိုင်ငံတော် သမ္မတ သည် နိုင်ငံသားအားလုံး၏ အမျိုးသား ခေါင်းဆောင်ဖြစ်သည်။

နိုင်ငံတော် သမ္မတရဲ့ ရှိသင့် ရှိထိုက်သော အရည်အချင်းများနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖြစ်သင့်ပါတယ်—

(၁) နိုင်ငံတော် သမ္မတ သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစသည့် နိုင်ငံတော် အရေးအရာများနှင့် စပ်လျဉ်း၍ ကျွမ်းကျင်ထိရောက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိသူ ဖြစ်ရမည်၊

(၂) နိုင်ငံတော် သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အစဉ်အလာ သမိုင်းကြောင်းအရ သစ္စာရှိသူ ဖြစ်ရမည်၊

(၃) နိုင်ငံတော် သမ္မတသည် မိမိနှင့် မိမိ၏မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်၊

(၄) နိုင်ငံတော် သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါး သော်လည်း ကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏တရားဝင် သား သမီး တစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင် သား

သမီး တစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏ နိုင်ငံသား ဖြစ်သူများ မဖြစ်စေရ။ ယင်းအပြင် ထိုသူများသည် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များ ခံစားနေသူများ မဖြစ်စေရ၊

(၅) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ၏ အသက်သည် အနည်းဆုံး (၄၅) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်၊

(၆) နိုင်ငံတော်သမ္မတသည် သမ္မတအဖြစ် ရွေးချယ်ခံရသော အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် (၂၀) နိုင်ငံတော်တွင် အခြေချ နေထိုင်ခဲ့သူ ဖြစ်ရမည်၊

(၇) နိုင်ငံတော်သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသော ကိုယ်စားလှယ် တစ်ဦးအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်လည်း ပြည့်စုံရမည်၊

(ဂ) နိုင်ငံတော်ဒုတိယ သမ္မတများသည်လည်း နိုင်ငံတော် သမ္မတလောင်းများဖြစ်သဖြင့် နိုင်ငံတော်သမ္မတ၏ ရှိသင့် ရှိထိုက်သော အရည်အချင်းများနှင့် ပြည့်စုံရန် လိုအပ်သည်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများ ရွေးချယ်ရေးကိစ္စကို အောက်ပါ မူများအတိုင်း ဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုလိုပါတယ်—

(၁) ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် အားလုံးသည် သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များဖြစ်ကြသည်၊

(၂) ယင်းကိုယ်စားလှယ်များကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့ အဖြစ် အောက်ပါအတိုင်းဖွဲ့စည်းသည်—

(က) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက် ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊

(ခ) လူဦးရေကိုအခြေခံ၍ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊

(ဂ) ယင်းလွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့။

(၃) ယင်းအစုအဖွဲ့ (၃) ဖွဲ့သည် ပထမဦးစွာ အစုအဖွဲ့အလိုက် လွှတ်တော်ကိုယ်စားလှယ်ထဲမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ဖြစ်စေ အရည်အချင်းပြည့်စုံသော နိုင်ငံသားတစ်ဦးဦးကို ဒုတိယသမ္မတအဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ရန်။

(၄) အစုအဖွဲ့အလိုက် ရွေးချယ်တင်မြှောက်မည့် ဒုတိယ သမ္မတလောင်းများအား သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ မရှိကို ပြည်ထောင်စု

လွှတ်တော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲများ ပါဝင်သော အဖွဲ့က တာဝန်ခံ စိစစ်ရမည်။

(၅) အစုအဖွဲ့အလိုက် ရွေးချယ်တင်မြှောက်ခံရသော ဒုတိယသမ္မတ (၃) ဦးသည် နိုင်ငံတော် သမ္မတလောင်းများ ဖြစ်ကြသည်။

(၆) သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များဖြစ်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးက ဒုတိယသမ္မတ သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်သော ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်ရမည်။ ဆန္ဒမဲအများဆုံး ရရှိသော ပုဂ္ဂိုလ်သည် နိုင်ငံတော် သမ္မတ ဖြစ်သည်။

(၇) နိုင်ငံတော်တွင် နိုင်ငံတော် သမ္မတ နှင့် နိုင်ငံတော် ဒုတိယသမ္မတ နှစ်ဦးရှိသည်။

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ပြီးသည့်အခါ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး လုပ်ငန်းကိစ္စအဝဝကို နိုင်ငံတော်သမ္မတအနေဖြင့် ပိုင်ပိုင်နိုင်နိုင် တာဝန်ခံ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ဒုတိယသမ္မတ နှစ်ဦးဟာ နိုင်ငံတော်သမ္မတအား တာဝန်ခံပြီး အလောက်အကူပြုရန်ဖြစ်ကြောင်း မှတ်တမ်းတင်ထားသင့်ပါတယ်။

သို့နည်းအားဖြင့်ပဲ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရာမှာ ရှုပ်ထွေးမှုမရှိစေရေးအတွက် အထက်ပါ မူများအပေါ် အခြေခံပြီး နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးနဲ့ စပ်လျဉ်းတဲ့ဥပဒေတစ်ရပ်ကိုလဲ ပြဋ္ဌာန်းပေးထားသင့်ကြောင်း အကြံပြုလိုပါတယ်။

တစ်ပါတည်းမှာပဲ အဲဒီပြဋ္ဌာန်းမယ့် ဥပဒေမှာ နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်မှုကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ တတိယသုံးလပတ်၏ နောက်ဆုံးလမှာ ကျင်းပရန်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့အတွက် နှစ်အလိုက် နိုင်ငံတော်ရဲ့ စီးပွားရေးစီမံကိန်းတွေ၊ ရသုံးမှန်းခြေငွေစာရင်းတွေကို တင်သွင်းရန်တာဝန်ရှိမှာဖြစ်တဲ့အတွက် ဘဏ္ဍာရေးနှစ်မကုန်မီ သုံးလအလိုမှာ ရွေးချယ်တင်မြှောက်ခံရမှသာ လုံလောက်သော အချိန်ရရှိပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည်များကို စီမံဆောင်ရွက်နိုင်မှာ ဖြစ်လာကြောင်း ယခုကဲ့သို့တင်ပြရခြင်းဖြစ်ပါတယ်။

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော် ဒုတိယသမ္မတများရဲ့ သက်တမ်းကိစ္စကို ဆက်လက်တင်ပြ အကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများရဲ့ သက်တမ်းကို စဉ်းစားတဲ့နေရာမှာ လွှတ်တော် သက်တမ်းနဲ့ချိန်ညှိစဉ်းစားဖို့လိုမယ်လို့ယူဆပါတယ်။ နိုင်ငံတော်ရဲ့ အရေးအရာကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး၊ အချိန်ကာလ တစ်ခုတည်းမှာပဲ ရွေးကောက်ပွဲများကိစ္စနဲ့ လုပ်ငန်းများ မရှုပ်ထွေးစေရေးအတွက် နိုင်ငံတော်သမ္မတရဲ့ သက်တမ်းဟာ လွှတ်တော်ရဲ့ သက်တမ်းထက် ပိုထားရင် သင့်မြတ်မယ်လို့ ယူဆပါကြောင်း တင်ပြလိုပါတယ်။ ဥပမာ။ နိုင်ငံတော်သမ္မတရဲ့ သက်တမ်းကို ငါးနှစ် သတ်မှတ်ခဲ့ရင် လွှတ်တော်ရဲ့ သက်တမ်းကို လေးနှစ် သတ်မှတ်ဖို့ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ သက်တမ်းနဲ့ စပ်လျဉ်းပြီး မူများအဖြစ် အောက်ပါအချက်များကို သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်—

(၁) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ ပုံမှန်သက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(၂) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ် ထက်ပို၍ ထမ်းဆောင်ခွင့်မရှိစေရ၊

(၃) နိုင်ငံတော်သမ္မတသည် သက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရမည်၊

(၄) သတ်မှတ်ထားသည့် သက်တမ်းကာလအတွင်း အကြောင်း တစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ နေရာ လစ်လပ်သည့်အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် အစားထိုး ရွေးချယ်တင်မြှောက်ပါက ရွေးချယ်တင်မြှောက်ခံရသည့် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအသစ်၏ သက်တမ်းသည် မူလသက်တမ်း ကုန်ဆုံးသည် အထိသာဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် ကန့်သတ်ချက်များနှင့် ခံစားခွင့်များကို တော့ အောက်ပါမူများအတိုင်း သတ်မှတ်သင့်ပါတယ်—

(၁) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်ခံရသည့် နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

(၂) နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်းများ၏ ပါတီလုပ်ငန်းများတွင်တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(၃) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိရာထူးအရ ခံစားခွင့်ရှိသော ခံစားခွင့်များမှအပ အခြားလစာစရိတ် ကြေးငွေရသောမည်သည့်ရာထူးနေရာကိုမှ လက်ခံခြင်းမပြုရ၊

(၄) သက်တမ်းကုန်ဆုံး၍ ရာထူးမှ အနားယူသော နိုင်ငံတော်သမ္မတအနေဖြင့်မူ နိုင်ငံတော်၏ ဂုဏ်ဆောင်ပုဂ္ဂိုလ် တစ်ဦးဖြစ်နေ၍ ပါတီနိုင်ငံရေး လှုပ်ရှားမှုများတွင်ပါဝင်ပတ်သက်ခြင်းငှာ မသင့်သကဲ့သို့ လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမှ လက်ခံ ဆောင်ရွက်ခြင်းလည်းမပြုသင့်သဖြင့် အနားယူသော နိုင်ငံတော် သမ္မတသည် ပါတီနိုင်ငံရေး လှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ လစာစရိတ်ကြေးငွေရသော ရာထူးတစ်ခုခုကို ထမ်းဆောင်ခြင်းတို့ကို ရှောင်ကြဉ်ရမည်၊

(၅) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့်တကွစာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ပေးပို့ထားရန်၊

(၆) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ လစာ၊ စရိတ်နှင့် အခြားခံစားခွင့်ရှိသည်များကို ဥပဒေပြဋ္ဌာန်းခြင်းဖြင့် သတ်မှတ်ပေးရန်၊

(၇) နိုင်ငံတော်သမ္မတ၏အငြိမ်းစား လစာနှင့် ခံစားခွင့် များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးရန်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာ ပြုသည့်ကိစ္စနဲ့ စပ်လျဉ်းပြီး အောက်ပါမူများကို ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်—

(၁) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ရွေးမှောက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ ကတိသစ္စာပြု အခမ်းအနားကျင်းပသင့်ပါသည်။

(၂) ကတိသစ္စာပြုရာ၌ အောက်ပါအခြေခံအချက်များ ပါသင့်ပါသည်—

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရေး၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်း တာဝန်များကို အဂတိတရား လေးပါး ကင်းရှင်းစွာ အစွမ်းကုန် ကြိုးပမ်းပြီး တိုင်းရင်းသား ပြည်သူအားလုံးကို မိမိ၏ ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ရေး၊

(ဂ) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားပြီး စည်းလုံးညီညွတ်သော နိုင်ငံတော်အဖြစ် အဓွန့်ရှည် ရပ်တည်ရေး

တို့ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းပြီး အောက်ပါမူ အချို့ကို အကြံပြု တင်ပြလိုပါတယ်—

(၁) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရန်၊

(၂) နိုင်ငံတော်ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတကို တာဝန်ခံ၍ အထောက်အကူပြု ထမ်းဆောင်ရန်၊

(၃) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့ကို တာဝန်ခံဖွဲ့စည်းရန်၊

(၄) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အခြေအနေနှင့် ပတ်သက်သော အစီရင်ခံစာများကို နှစ်စဉ် သို့မဟုတ် အခါအားလျော်စွာ လိုအပ်သလို ပြည်ထောင်စု လွှတ်တော်သို့ အသိပေးရန်၊

(၅) နိုင်ငံခြား တိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်း၊ သံအမတ်များ ခန့်အပ်ခြင်း၊ နိုင်ငံခြား သံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည် ခေါ်ယူရန် အကြောင်းကြားခြင်းတို့ကို နိုင်ငံတော်သမ္မတက အဆုံးအဖြတ်ပြုရန်၊

(၆) နိုင်ငံတော်သမ္မတသည် နိုင်ငံအချင်းချင်း သဘောတူညီချက်များကို စာဝန်ခံ အဆုံးအဖြတ်ပြုရန်၊

(၇) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတကာနှင့် စာချုပ်များ ချုပ်ဆိုခြင်း၊ အတည်ပြု ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှ နုတ်ထွက်ခြင်းတို့ကို အဆုံးအဖြတ်ပြု ဆောင်ရွက်ရန်၊

(၈) နိုင်ငံတော်သမ္မတသည် လွတ်ငြိမ်းချမ်းသာခွင့် ပေးမှုများနှင့် စပ်လျဉ်း၍ ဆုံးဖြတ် ဆောင်ရွက်ရန်၊

(၉) နိုင်ငံတော်သမ္မတသည် ကျွမ်းကျင်ထက်မြက်သော ပုဂ္ဂိုလ်များ၏အကြံဉာဏ်ကို ရယူနိုင်ရေးအတွက် လိုအပ်သလို သက်ဆိုင်ရာရေးရာ အဖွဲ့အစည်းများကို

သင့်တော်သော နိုင်ငံသားများဖြင့်
ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိစေရန်

တို့ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ တာဝန်တွေနဲ့ လုပ်ပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အပြည့်အစုံ ဖော်ပြရန် မလွယ်ကူဘူး ဆိုရင်လဲ သီးခြား ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ် ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။

နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတ များကို စွပ်စွဲ ပြစ်တင်ရေးအပိုင်းမှာ—

(၁) အောက်ပါအကြောင်း တစ်ခုခုကြောင့် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယ သမ္မတ တစ်ဦးဦးကိုဖြစ်စေ ပြည်ထောင်စု လွှတ်တော်က စွပ်စွဲပြစ်တင်နိုင်သည်—

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း။

(၂) ယင်းအချက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ စွပ်စွဲပြစ်တင်ရန် အကြောင်းပေါ်ပေါက်လာပါက ပြည်ထောင်စု လွှတ်တော်မှာပါသည့် လွှတ်တော်နှစ်ရပ်အနက် လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံ တင်ပို့ရန်၊

(၃) စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်၏ ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက် အရေးယူ ဆောင်ရွက်ရန်၊

(၄) လွှတ်တော်တစ်ရပ်ရပ်၏ စွပ်စွဲချက်ကို အခြားလွှတ်တော်တစ်ရပ်က အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးရန်၊ ယင်းသို့ စုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲခံရသော နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတသည် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်၍ ဖြစ်စေ ချေပခုခံခွင့် ပေးရန်၊

(၅) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသော လွှတ်တော်၏ ကိုယ်စားလှယ် စုစုပေါင်းအနက် သုံးပုံနှစ်ပုံက စွပ်စွဲချက်သည် မှန်ကန်ကြောင်း စွပ်စွဲခံရသည့်နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ သည် ရာထူးတွင် ဆက်လက် ထမ်းဆောင်ရန် မသင့်ကြောင်းဆုံးဖြတ်လျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်အား ရာထူးမှ ရပ်စဲကြောင်း ပြည်ထောင်စု လွှတ်တော် အကြီးအကဲက တရားဝင် ကြေညာပေးရန်၊

(၆) နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများကို အထက် အကြောင်း အရာ အချက်အလက် များနှင့် စပ်လျဉ်း၍ စွပ်စွဲပြစ်တင်ခြင်းမှ အပ ၎င်းတို့၏ ရာထူးသက်တမ်း အတွင်း တာဝန် ဝတ္တရား အရဆောင်ရွက်မှုများအပေါ် တရားစွဲဆိုခွင့် မရှိစေရ၊

(၇) နိုင်ငံတော် သမ္မတ ကိုယ်တိုင်က ဒုတိယ သမ္မတ တစ်ဦးဦး အပေါ် အထက် အကြောင်းအရာပါ ကိစ္စတစ်ခုခုကြောင့် စွပ်စွဲ ပြစ်တင်ရန် ရှိလာပါက သက်ဆိုင်ရာ ဒုတိယ သမ္မတ အား ပြည်ထောင်စု လွှတ်တော်က အဖွဲ့ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရန်၊ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံက စွပ်စွဲချက်မှန်ကန်ကြောင်း ထောက်ခံလျှင် ယင်း ဒုတိယ သမ္မတ အား ရာထူးမှရပ်စဲကြောင်း ပြည်ထောင်စု လွှတ်တော်

အကြီးအကဲက တရားဝင် ကြေညာရန် တို့ ဖြစ်ကြောင်း အကြံပြုအပ်ပါတယ်။

ရာထူးမှ နုတ်ထွက်ခွင့်၊ အစားထိုး ရွေးချယ်တင်မြှောက်ခွင့်များနှင့် စပ်လျဉ်း ပြီး ဆက်လက် တင်ပြအကြံပြုသွားမှာဖြစ်ပါတယ်။ ဒီအကြံပြုချက်တွေကတော့—

(၁) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် ရာထူးတာဝန်များမှ သက်တမ်းမကုန်မီ မိမိတို့၏ ဆန္ဒအလျောက် နုတ်ထွက် လိုလျှင် နုတ်ထွက် နိုင်ခွင့်ပြုရန်၊

(၂) နိုင်ငံတော် သမ္မတ သည် ရာထူးသက်တမ်း မကုန်ဆုံးမီ နုတ်ထွက် သောကြောင့် ဖြစ်စေ၊ ကွယ်လွန် သောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင် နိုင်သောကြောင့် ဖြစ်စေ၊ အကြောင်း တစ်ခုခုကြောင့် ဖြစ်စေ သမ္မတ ရာထူး နေရာ လစ်လပ်ပါက ဒုတိယ သမ္မတ နှစ်ဦး အနက် နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက်စဉ် အခါက ဒုတိယ ဆန္ဒမဲ အများဆုံးရရှိသည့် ဒုတိယ သမ္မတ သည် ယာယီ သမ္မတ အဖြစ် တာဝန် ထမ်းဆောင်ရန်၊

(၃) နိုင်ငံတော် သမ္မတ ရာထူး လစ်လပ် သွားသော အချိန် သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပချိန် ဖြစ်လျှင် နိုင်ငံတော် သမ္မတကို ခုနစ်ရက် အတွင်း အစားထိုး ရွေးချယ် တင်မြှောက်ရေး စီစဉ် ဆောင်ရွက်ရန်၊ ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်းပချိန် မဟုတ် လျှင် ပြည်ထောင်စု လွှတ်တော် အကြီး အကဲသည် ယာယီ သမ္မတ ၏ အကြောင်းကြားစာ ရသည့် နေ့ မှစ၍ ၂၁ ရက် အတွင်း ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကို ခေါ်ယူ ကျင်းပ၍ နိုင်ငံတော် သမ္မတကို အစားထိုး ရွေးချယ်တင်မြှောက်ရေးစီစဉ် ဆောင်ရွက်ရန်၊

(၄) ယင်းသို့ စီစဉ်ဆောင်ရွက်ရာ၌ လစ်လပ် သွားသည့်သမ္မတကို မူလကဒုတိယ သမ္မတ အဖြစ် ဦးစွာ ရွေးချယ်တင်မြှောက် ပေးခဲ့သော သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦး ကို ထပ်မံ ရွေးချယ် တင်မြှောက် ပေးရန်၊

(၅) သက်ဆိုင်ရာ အစုအဖွဲ့က ဒုတိယ သမ္မတ ရွေးချယ် တင်မြှောက် ပြီးပါက ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များက ဒုတိယ သမ္မတ သုံးဦး အနက် မိမိတို့ ကြိုက်နှစ်သက် သော ပုဂ္ဂိုလ်ကို နိုင်ငံတော် သမ္မတ အဖြစ် ရွေးချယ် တင်မြှောက်ပေးရန်၊

(၆) အလားတူပဲ ဒုတိယသမ္မတ တစ်ဦးဦးသည် ရာထူးမှ နုတ်ထွက်သွား၍ ဖြစ်စေ၊ ကွယ်လွန် သွား၍ ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင် နိုင်၍ဖြစ်စေ အကြောင်း တစ်ခုခုကြောင့် ဖြစ်စေ ဒုတိယ သမ္မတ ရာထူး နေရာ လစ်လပ်ပါက ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကျင်းပချိန် နှင့် တိုက်ဆိုင်လျှင် ခုနစ်ရက်အတွင်း၌ လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်း ပချိန် မဟုတ်လျှင် ၂၁ ရက်အတွင်း ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ခေါ်ယူ ကျင်းပ၍ လည်းကောင်း ဒုတိယ သမ္မတ ရာထူး နေရာအား အစားထိုး ရွေးချယ် တင်မြှောက်ရန်၊

(၇) လစ်လပ် သွားသော ဒုတိယ သမ္မတကို ရွေးချယ် တင်မြှောက်ရာ၌ မူလက ယင်း ဒုတိယ သမ္မတကို ရွေးချယ် တင်မြှောက် ပေးခဲ့သည့် ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦး ကို

ပြန်လည် ရွေးချယ် တင်မြှောက်ပေးရန် တို့ဖြစ်ပါတယ်။

ဒီလို နိုင်ငံတော် သမ္မတ နဲ့ ဒုတိယ သမ္မတ များ နုတ်ထွက်ခြင်း၊ အစားထိုး ရွေးချယ် တင်မြှောက်ခြင်း တို့နဲ့ စပ်လျဉ်းပြီး ရှုပ်ထွေးမှု မရှိစေရန် ဥပဒေပြဋ္ဌာန်း၍ဖြစ်စေ၊ နည်း ဥပဒေ ပြဋ္ဌာန်း၍ ဖြစ်စေ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်၍ ဖြစ်စေ ဆောင်ရွက်သင့်ပါကြောင်း ထပ်လောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အနေဖြင့် လက်လှမ်းမီ၊ ဉာဏ်မီသမျှ နိုင်ငံတော်ရဲ့ အကျိုး၊ တိုင်းရင်းသား ပြည်သူများရဲ့ အကျိုး စီး ပွား ကို ရှေးရှုပြီး နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းတို့အတွက် အခြေခံသင့်သည်ဟု ယူဆသောမူများကို အကြံပြုတင်ပြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အကြံပြုချက်တွေထဲမှာ အခြားသော ကိုယ်စားလှယ် အစုအဖွဲ့များရဲ့ဆန္ဒနဲ့ မကိုက်ညီတဲ့အကြံပြုချက်တွေပါရှိခဲ့ရင်လဲ ပြင်ဆင်သင့်သည်များကိုအများဆန္ဒအရ ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း နိဂုံးချုပ်အားဖြင့် တင်ပြအပ်ပါတယ်။

(သြဘာသံများ)

ညီလာခံ ကိုယ်စားလှယ် အားလုံး ကိုယ်စိတ်နှလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခုအစည်းအဝေးကို နေ့လယ် လက်ဖက်ရည် သုံးဆောင်နိုင်ဖို့ မိနစ် ၃၀ ခန့် ရပ်နားပါမယ်။ အစည်းအဝေးကိုမွန်းလွဲ ၂ နာရီမှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ သဘာပတိ အဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ် ခင်ဗျား။

[အမျိုးသားညီလာခံအစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ၁၄၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စား လှယ် ကြီး များ ခင်ဗျား။ အစည်း အဝေး ပြန်လည်စတင်တော့မှာ ဖြစ်တဲ့အတွက် သဘာပတိအဖွဲ့ဝင်များနေရာယူပါတော့မယ်ခင်ဗျား။

[သဘာပတိအဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များအတွက် သီးသန့်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူကြပါသည်။]

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ နှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံ ရ မည့် မူများ ချမှတ် နိုင်ရေး အတွက် အ ကြံ ပြု ချက် စာ တမ်း များ ကို ဆက်လက်ဖတ်ကြားတင်ပြခြင်း

[နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့]

**အခမ်းအနားမှူး**။ အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲအခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများချမှတ်နိုင်ရေးအတွက် ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များကအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

အခုနိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြ မှာ ဖြစ်ပါတယ်။ ဒီစာတမ်းကို အပိုင်း (၄) ပိုင်း ခွဲပြီး ဦးမောင်မောင်၊ ဦးရန်နိုင်အောင်၊ ဒေါက်တာ ကျော်ဝင်းနဲ့ ဒုတိယ ဗိုလ်မှူးကြီး တင်ခ တို့က ဖတ်ကြား တင်ပြကြမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဦးမောင်မောင်အား ဖတ်ကြား တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမောင်မောင်(နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့)**။ လေးစားအပ်သော သဘာပတိကြီး၊ သဘာပတိအဖွဲ့ဝင်များနှင့်အမျိုးသားညီလာခံကိုယ်စား လှယ် များ ခင်ဗျား။ ကျွန်တော် ကတော့ နိုင်ငံ့ ဝန်ထမ်း ကိုယ်စား လှယ်များ အစုအဖွဲ့မှ ဦးမောင်မောင်ဖြစ်ပါတယ်။ အမျိုးသား ညီလာခံကြီး အောင်မြင်ရေးအတွက် ဆောင်ရွက် နေကြသော ပုဂ္ဂိုလ်အားလုံးကိုယ်ကျန်းမာပြီး စိတ်ချမ်းသာ ကြစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ က အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံ ဆက်လက် ကျင်းပရာမှာ ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကို ရှင်းလင်း ပြောကြားခဲ့ပါတယ်။ အဲဒီ ရှင်းလင်း ပြောကြားချက်မှာ အခန်းအလိုက် ခေါင်းစဉ်များ ဖြစ်တဲ့ "နိုင်ငံတော်"၊ "နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ" နဲ့ "နိုင်ငံတော်အကြီးအကဲ" စတဲ့ ခေါင်းစဉ်များကို တစ်ပေါင်းတည်းတင်ပြဖို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ အစုအဖွဲ့အနေနဲ့ အခန်းလိုက် ခေါင်းစဉ်များကို တစ်ခန်းချင်း အစီအစဉ်အလိုက် အသေးစိတ် ဆွေးနွေးသွားမှာ ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့အစုအဖွဲ့ အနေနဲ့ ပထမဦးစွာ "နိုင်ငံတော်" အခန်းနဲ့ ပတ်သက်ပြီးတင်ပြပါမယ်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ တစ်ရပ်အတွက် အခန်းလိုက် ဖော်ပြရာမှာ သက်ဆိုင်ရာ နိုင်ငံတော်ရဲ့ ပုံသဏ္ဌာန်ကို ပထမ ဖော်ပြရခြင်းဟာ ပိုမိုလေးနက်မှုရှိမှာဖြစ်တဲ့အပြင် နိုင်ငံတကာဖွဲ့စည်းပုံတွေကို လေ့လာရင်လဲ နိုင်ငံအများမှာ နိုင်ငံတော်အခန်းကို ရှေးဦးစွာဖော်ပြလေ့ ရှိတာတွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့က စပြီး ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ အထိကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွေမှာ အမျိုးသား ညီလာခံကြီးသို့ တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်အစုအဖွဲ့များက နိုင်ငံတော်အခြေခံမူများသတ်မှတ်ရာမှာ အခြေခံရမယ့်မူ (၁၀၄) ချက်ကို ဆွေးနွေး ချမှတ်ခဲ့ကြပြီး ဖြစ်ပါ

တယ်။ "နိုင်ငံတော်"နဲ့ ပတ်သက်တဲ့ အခြေခံရမယ့်မူ ၄ ချက်ဟာလဲ ထိုစဉ်ကပင် ဆွေးနွေး သတ်မှတ်ပါရှိပြီးဖြစ်တဲ့အပြင်ပါဝင်သင့်ပါဝင်ထိုက်တဲ့အချက်တွေဖြစ်တယ်ဆိုတာ အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။

"နိုင်ငံတော်" အခန်းမှာ ပထမဦးဆုံး ဖော်ပြထားတဲ့ အချက်ကတော့ "မြန်မာနိုင်ငံသည်အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်" ဟူသော အချက်ပင်ဖြစ်ပါတယ်။ အဲဒီ အချက်မှာ အင်မတန် အနှစ်သာရ ပြည့်ဝတဲ့ အကြောင်း အရာ နှစ်ရပ် ပါဝင် နေတာ ကို တွေ့နိုင် ပါတယ်။ ဒီအကြောင်းအချက်တွေကတော့—

- မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံဖြစ်သည်၊
- မြန်မာနိုင်ငံသည် လွတ်လပ်သည့် နိုင်ငံ ဖြစ်သည်

ဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။

ပထမအချက်ဖြစ်တဲ့ "မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံဖြစ်သည်" ဆိုတဲ့စကားရပ်ဟာမြန်မာနိုင်ငံတော်ရဲ့ပစ္စုပ္ပန်နဲ့အနာဂတ်မှာဖြစ်ပေါ်လာမယ့် မြန်မာနိုင်ငံရဲ့ကံကြမ္မာကို မြန်မာနိုင်ငံသားတို့ကိုယ်တိုင် ဖန်တီးစီမံနိုင်ခွင့်ရှိခြင်းကို အလေးအနက်ဖော်ပြနေခြင်းပင် ဖြစ်တယ်လို့ အခိုင်အမာ ညွှန်ပြလိုက်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရယ်လို့ သတ်မှတ်ခေါ်ဝေါ်နိုင်ဖို့ မရှိမဖြစ် ပြည့်စုံနေရမယ့် အရည်အချင်း တစ်ရပ်လဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကိုယ့်ကြမ္မာကို ကိုယ့်နိုင်ငံသားများ ကိုယ်တိုင်စီမံဖန်တီးနိုင်ခွင့်မရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသား များရဲ့ ကောင်းကျိုးကို ဘယ်လိုမှ သယ်ပိုးနိုင်မှာ မဟုတ်ကြောင်းကို အခြေခံမူများ ဆွေးနွေးစဉ်က ကျွန်တော်တို့ အကျယ်တဝင့် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အလွန်သိမ်မွေ့တဲ့ ဒီနေ့ကမ္ဘာ့နိုင်ငံရေးအခြေအနေမျိုးမှာ အဖွဲ့အစည်းအသွင်သဏ္ဌာန် အမျိုးမျိုးနဲ့ နိုင်ငံငယ်များရဲ့အချုပ်အခြာအာဏာကို ဖဲ့ထုတ်ခံရမယ့်အန္တရာယ်တွေ ရှိနေပါတယ်။ ဒီအန္တရာယ်တွေကို အထူး လိမ္မာသတိရှိစွာနဲ့ ကာကွယ် ရှောင်ရှားနိုင်ဖို့လိုအပ်ကြောင်းကိုလဲ ကျွန်တော်တို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အချုပ်အခြာ အာဏာပိုင်တဲ့ နိုင်ငံ ဖြစ်သည်ဆိုတဲ့ ဖော်ပြချက်ဟာ မိမိတို့နိုင်ငံ အနေနဲ့ အခြားသော အချုပ်အခြာ အာဏာပိုင် ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူ ရည်တူ ဆက်ဆံ နိုင်တဲ့ အရည်အသွေးရှိကြောင်း။ကမ္ဘာပေါ်၌နိုင်ငံတကာနှင့် အဆင့်အတန်းတူ၊ ဂုဏ်ရည်တူရှိခြင်းကို သားစဉ်မြေးဆက်တိုင် အစဉ်သိရှိနေဖို့ အကျိုးပြုပါတယ်။ ဒါကြောင့်နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်မယ့်မြန်မာနိုင်ငံသား တို့က ရွေးချယ်လိုက်တဲ့ ဘယ်အစိုးရကမဆို အချုပ်အခြာအာဏာကို မှဲ့တစ်ပေါက်မစွန်းအောင် ကာကွယ်စောင့်ရှောက်ကြရပါမယ်။ပြည်ပအင်အားစုတွေက တိုက်ရိုက်ပဲဖြစ်ဖြစ်၊ ပုဆိုန်ရိုးတွေသုံးပြီး အတွင်းဝင်ဖျက်တဲ့နည်းနဲ့ပဲဖြစ်ဖြစ်၊ ချော့လို့ဖြစ်စေ၊ ခြိမ်းခြောက်လို့ဖြစ်စေ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် စွက်ဖက် ခြယ်လှယ်လာတာမျိုးကိုမှ မခံရအောင် ကာကွယ်စောင့်ရှောက်ကြရပါမယ်။

"မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင်သည့်နိုင်ငံဖြစ်သည်" ဆိုတဲ့ အချက်ကိုကြားလိုက်ရ၊ ဖတ်လိုက်ရတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ၁၈၈၅ ခုနှစ်မှာ နယ်ချဲ့တို့က အပြီးတိုင် ယုတ်မာညစ်ပတ်မှုတွေနဲ့ အနိုင်ကျင့် သိမ်းပိုက်ခဲ့ပုံ၊ နှစ်ပေါင်းရာကျော် တိုင်းရင်းသားများအပေါ်မှာ တိုင်းတစ်ပါးက ဖိနှိပ်ချုပ်ချယ် နှိပ်စက် ခြယ်လှယ်ခဲ့တာတွေ၊ တိုင်းရင်းသား တွေရဲ့ အသက်၊သွေး၊ချွေးစတေးခဲ့ရတာတွေ၊ တိုင်းရင်းသူတွေအရှက်နဲ့ဂုဏ်သိက္ခာစွန့်လွှတ်ခဲ့ရတာတွေ၊ လူငယ်လူရွယ်တွေ၊ ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေ အသက် ဘေးအန္တရာယ်များခဲ့ရပုံတွေ၊ သယံဇာတ အရင်းအမြစ်တွေကိုမတရားလုယူခံခဲ့ရပုံတွေ၊ စီးပွားရေး၊လူမှုရေးခြယ်လှယ်ဖိနှိပ်ခံခဲ့ရပုံတွေစတဲ့ အနိဋ္ဌာရုံများကို အမှတ်ရစေသလို ဒီလိုဘဝ အခြေအနေမျိုး

ပြန်မရောက်စေဖို့ အဓိဋ္ဌာန်ကို ပိုမိုခိုင်မာစေမှာဖြစ်ပါတယ်။ အနာဂတ်မှာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုထိပါးမခံရအောင် အဘက်ဘက်ကကာကွယ်စောင့်ရှောက်ဖို့၊ မပြတ်သောအသိတရားထက်မြက်တဲ့လုံ့လဝီရိယတို့ဖြင့် ထာဝရဆင်ခြင်ကြိုးပမ်းသွားကြဖို့လိုအပ်ပါတယ်။ ဒီအချက်ကိုအကျယ်ချဲ့ စဉ်းစားလိုက်တိုင်း ဒီလိုအပ်ချက်တွေဟာပေါ်လွင်ထင်ရှားစွာအကျိုးသက်ရောက်လျက်ရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီစကားရပ်ကို ဖွင့်ဆိုတဲ့အခါမှာ မြန်မာ့အတိတ်သမိုင်းကိုသိပြီးပစ္စုပ္ပန်ကာလရဲ့ ဆောင်ရွက်ချက် တွေဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ခိုင်မာစိတ်ချရတဲ့ အခြေအနေဖန်တီးစေနိုင်ဖို့ အဘက်ဘက်က ဆောင်ရွက်ဖို့လိုကြောင်း ညွှန်ပြနေတဲ့အတွက်ကြောင့် ယခုဖော်ပြထားတဲ့ "မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံဖြစ်သည်" ဆိုတဲ့ အချက်ကို အမှန်တကယ် ထည့်သွင်းဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ "မြန်မာနိုင်ငံသည် လွတ်လပ်သည့် နိုင်ငံဖြစ်သည်" ဆိုတဲ့နောက်စကားရပ်ကတော့ လွတ်လပ်ခြင်းရဲ့ စင်ကြယ်မြင့်မြတ်မှု၊ ကျွန်ဘဝရဲ့ ခါးသီးယုတ်ညံ့မှုတွေကို သတိပြုအမှတ်ရနေစေမှာဖြစ်ပါတယ်။ မြန်မာ့ သမိုင်းကြောင်းမှာလည်း မစ်ရှင် (Mission)၊ မာချင့် (Merchant)၊ မီလစ်ထရီ (Military) ဆိုတဲ့ (M) သုံးလုံးနဲ့ မတရားကျူးကျော် သိမ်းပိုက်ခံရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရလို့ မလွတ်လပ်တဲ့ ကျွန်ဘဝရဲ့ ခါးသီးနာကြည်းဖွယ် မနှစ်မြို့စရာ၊ အနိဋ္ဌာရုံ အတွေ့အကြုံတွေကိုလဲအမှတ်ရ သတိတရားရစေမှာဖြစ်ပါတယ်။ သတိမပြုမိလိုက်ရင် အချိန်တို အတွင်းမှာ လွတ်လပ်ရေး ဆုံးရှုံး သွားတတ်ပါတယ်။ ဒီလွတ်လပ်ရေးပြန်ရဖို့နှစ်ပေါင်းရာချီကြိုးစားပေမယ့် အသက်သွေး၊ ချွေး မတန်တဆရင်းနှီးပြီးမှ ပြန်ရနိုင်တာကိုလဲ မမေ့နိုင်စရာ ဖြစ်စေပါတယ်။ လူဆိုတာ နိုင်ငံသားအဖြစ် မွေးဖွားလာရတာဖြစ်လို့ နိုင်ငံရဲ့ လွတ်လပ်ခြင်းဟာ နိုင်ငံသား တစ်ဦးချင်းရဲ့ ဘဝကံကြမ္မာလည်း ဖြစ်ပါတယ်။ လွတ်လပ်တဲ့ နိုင်ငံမှာ သခင်ဘဝနဲ့ မွေးဖွားလာခြင်းနဲ့ အချုပ်အခြာအာဏာဆုံးရှုံးနေရတဲ့ ကျွန်နိုင်ငံမှာ ကျွန်ဘဝနဲ့ မွေးဖွားလာရတဲ့ ဘဝနှစ်ခုရဲ့ မိုးနဲ့မြေလိုကွာခြားတဲ့ အခြေအနေကို တိုင်းသူပြည်သားအားလုံး သတိတရား ရစေဖို့ တပ်လှန့် ပေးထားတဲ့ စကားရပ်အဖြစ်လဲ ယူဆနိုင်ပါတယ်။ ဒီစကားရပ်အတိုင်း နိုင်ငံတော်ကို လွတ်လပ်တဲ့ နိုင်ငံဘဝမှာ ရပ်တည်နေအောင် ထိန်းသိမ်း စောင့်ရှောက် သွားကြဖို့ နိုင်ငံသားအားလုံး သားစဉ်မြေးဆက် တာဝန်ယူသွားကြဖို့ ညွှန်ပြနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အထက်ကဖော်ပြခဲ့တဲ့ အကြောင်းအရာနှစ်ရပ်ကို တစ်ပေါင်းတည်းဖော်ပြထားတဲ့ "မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်" ဆိုတဲ့အချက်ကို နိုင်ငံတော်အခန်းတွင် အခြေခံရမယ့် မူတစ်ရပ်အဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတဲ့ အချက်ကတော့ "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်" ဆိုတဲ့ အချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ခု တို့ကို ပေါင်းစည်းထားတဲ့ နိုင်ငံဖြစ်ခြင်းနဲ့ နိုင်ငံတော် အကြီးအကဲအဖြစ် သမ္မတ ဦးဆောင်အုပ်ချုပ်တဲ့ နိုင်ငံဖြစ်ခြင်းတို့ကို ပြည်တွင်းအင်အားစု တစ်ရပ်လုံးက အသိအမှတ် ပြုနေစေဖို့၊ ပြည်ပ နိုင်ငံများ အနေနဲ့လဲ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းတည်ဆောက်မှု ပုံသဏ္ဌာန်ကို အလွယ်တကူသိရှိနိုင်စေဖို့ ဖော်ညွှန်းနေတဲ့ အချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်မှ တိုင်းရင်းသားများဟာ ကိုယ့်ယဉ်ကျေးမှု ကိုယ်ထိန်းသိမ်းပြီး၊ သမိုင်းစဉ်တစ်လျှောက် ပေါင်းစည်း နေထိုင်ခဲ့ကြပါတယ်။ အမျိုးသားရေး အန္တရာယ်ကျရောက်လာတိုင်းလည်းသွေးစည်းညီညွတ်စွာ တွန်းလှန်ခဲ့ကြပါတယ်။ ဒီ ဖော်ပြခဲ့တဲ့ အချက် တွေကြောင့်

"နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဟုခေါ်တွင်မည်" ဆိုတဲ့ အခြေခံရမည့်မှုကိုလဲ ထည့်သွင်းချမှတ် သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ဆက်လက် တင်ပြလိုတဲ့ အချက်ကတော့ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်" ဆိုတဲ့အချက်ဖြစ် ပါ တ ယ်။ ဒီ အ ချက် ဟာ ဆက် လက် အကောင်အထည် ဖော်မယ့် ဒီမိုကရေစီ စနစ်ကို အာမခံပေးထားတဲ့အချက်လည်းဖြစ်ပါတယ်။ မူလအာဏာပိုင်ရှင်ကို ဖော်ပြထားခြင်းကြောင့် တစ်ဦးတစ်ယောက်က နိုင်ငံသားများရဲ့ အကျိုးကို မျက်ကွယ်ပြုပြီး အာဏာရှင် ဆန်ဆန် အုပ်ချုပ်လာခဲ့ရင် ယင်းပုဂ္ဂိုလ်မျိုးကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

"အချုပ်အခြာ အာဏာသည် နိုင်ငံတစ်ဝန်းလုံး၌ တည်သည်" ဟူသော စကားရပ် ကတော့ နိုင်ငံတော်၏ အုပ်ချုပ်ရေး အပိုင်းတွင် ညီညွတ်မျှတပြီး လုပ်ငန်းဆောင်ရွက်မှု လွယ်ကူ အဆင်ပြေစေမှာဖြစ်ပါတယ်။ အုပ်ချုပ်မှု လွယ်ကူစေဖို့ အာဏာခွဲဝေ ကျင့်သုံးမှု ပုံစံရှိမှာ ဖြစ်သော်လည်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းချက်များအတိုင်းသာ သုံးစွဲရမှာဖြစ်လို့ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် ဆိုတာမျိုးမဖြစ်အောင်ထိန်းကျောင်းပေးနိုင်မှာ ဖြစ်ပါတယ်။ အာဏာ ပြဿနာကြောင့် အဓိကအကျဆုံး ဒို့တာဝန်အရေးသုံးပါး ကိုမထိခိုက်စေရန် ရည်သန်ထားကြောင်းလည်း တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီ စကားရပ်ဟာ အဓိပ္ပာယ်ရောနောက်ခံ အကြောင်း တရားရော ပြည့်စုံနေတာဖြစ်လို့ "နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ တည်သည်" ဆိုတဲ့အချက်ကို နိုင်ငံတော်အခန်းတွင် အခြေခံမှု တစ်ရပ်အဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက် လက် တင် ပြ လို တဲ့ အ ချက် က တော့ "နိုင်ငံတော်၏နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်" ဟူသော အချက်ဖြစ်ပါတယ်။ ဒီအချက်ဟာ နိုင်ငံတော်ဟု ခေါ်ဝေါ်ရန် ပြည့်စုံရမယ့် အင်္ဂါရပ် (၄) ရပ် ဖြစ်တဲ့ ၊ ပြည်သူလူထု၊ အချုပ်အခြာအာဏာ၊ အစိုးရနဲ့ နိုင်ငံနယ်နိမိတ် သို့မဟုတ် တိကျစွာ ပိုင်းခြား သတ်မှတ်ထားတဲ့ ပိုင်နက်နယ်မြေ ဟူသော အင်္ဂါရပ်များတွင် တစ်ရပ်အပါအဝင်ဖြစ်ပါတယ်။ အကျူးကျော်မခံရရေးနဲ့ နယ်နိမိတ်တည်တံ့ရေးဆိုတာ အချုပ်အခြာအာဏာ တည်တံ့ရေးနဲ့ တစ်ဆက်တည်းဖြစ်နေတဲ့အကြောင်းတရားဖြစ်ပါတယ်။ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆုံးရှုံးသွားတဲ့ နယ်မြေတွေ ပြန်ရဖို့ဆိုတာ အင်မတန်ခက်ခဲကြောင်း သမိုင်းဖြစ်ရပ်တွေမှာ အတိတ်ကရော၊ ပစ္စုပ္ပန်မှာပါ မြင်တွေ့နေရတာမို့ အထူးပဲ သတိပြုဖို့ လိုအပ်တဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် "နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်" ဆိုတဲ့အချက်ဟာအိမ်နီးချင်းနိုင်ငံများနဲ့ အသိအမှတ်ပြုထားတဲ့ နယ်နိမိတ်အတိုင်းဖြစ်ကြောင်း ပြည်တွင်း ပြည်ပကို အသိပေးတဲ့ သဘောလည်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အင်္ဂါရပ်ကို ပီပြင်စွာ ဖော်ဆောင်ပြရာမှာ လည်း အထူးပြုဖော်ပြချက် ဖြစ်ပါတယ်။ ဒါကြောင့် ယင်းအချက်ကို အခြေခံရမည့် မူတစ်ရပ်အဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်အခန်းအတွက် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့ အချက်တွေကတော့—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့်နိုင်ငံ ဖြစ်သည်ဟူသော အခြေခံမူ၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည် ဟူသော အခြေခံမူ၊

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး၊ နိုင်ငံတော် တစ်ဝန်းလုံးမှာ တည်သည် ဟူသော အခြေခံမူ၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည် ဟူသော အခြေခံမူ

များဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက် ဖော်ပြပါ အခြေခံမူများဟာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ နိုင်ငံတော်အခန်းခေါင်းစဉ်နှင့် စပ်လျဉ်းသည့် အကြံပြုတင်ပြချက်များဖြစ်ပြီး၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးက ဆက်လက် အကြံပြု ဆွေးနွေးသွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

(သြဘာသံများ)

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ဦးရန်နိုင်အောင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးရန်နိုင်အောင်(နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့)။** လေးစားအပ်သော သဘာပတိကြီး၊ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ကတော့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးရန်နိုင်အောင် ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး အခန်းလိုက် ခေါင်းစဉ်များ အသေးစိတ် ဆွေးနွေးကြရာမှာ ကျွန်တော်တို့ အစုအဖွဲ့အနေနဲ့ "နိုင်ငံတော်" အခန်းကို အကြံပြုတင်ပြခဲ့ပြီးဖြစ်ပါတယ်။ "နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ" အခန်းကို ဆက်လက်ဆွေးနွေး အကြံပြု တင်ပြပါမယ်။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှာ အခြေခံရမယ့်မူ (၇) ချက်ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့က ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ ချမှတ်ပြီးဖြစ်ပါတယ်။ အဲဒီမူ (၇) ချက်ကို ရှေးဦးစွာတင်ပြရလျှင်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(၂) ရှိရင်းစွဲ တိုင်း(၇)တိုင်းကိုတိုင်းဒေသကြီး (Region) (၇) ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် ( State ) (၇) ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇) ခု နှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်၊

(၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲ အတိုင်း ခေါ်ဆိုသုံးနှုန်းသည်၊

(၄) တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ် တစ်နယ်နယ်၏ အမည်ကို ဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မည်၊

(၅) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှ အပ ကျန် တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့်တိုင်းရင်းသားလူမျိုးများအတွက်

ကိုယ် ပိုင် အုပ် ချုပ် ခွင့်ရ စီ ရင် စု များ (Self Administered Areas)သတ်မှတ် ပေးရန်ဖြစ်သည်၊

(၆) ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့်နယ်မြေ အ ကျယ် အ ဝန်း အပေါ် အ ခြေ ပြု ၍ ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ တိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone)အဖြစ်သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်။ ထိုသို့ သတ်မှတ် ပေးရေး အတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက် ပေးရန်ဖြစ်သည်၊

(၇) နိုင် ငံတော် တွင် ပါဝင် သည့် တိုင်း ဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ် ချုပ် ခွင့် ရ စီ ရင် စု များ စ သည့် နိုင် ငံ တော် ၏ နယ် မြေ အပိုင်း အခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ

ဟူသော အချက်များဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌရဲ့ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ပြောကြားတဲ့မိန့်ခွန်းမှာ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ ပတ်သက်ပြီး အလေးထားရမည့် အချက်အချို့ကို ကောက်နုတ်တင်ပြလိုပါတယ်—

(၁) ဒီနေ့ အချိန်အခါနဲ့ ပတ်သက်ပြီး ဖွင့်ဆိုထားတာက "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး ရရှိဖို့ ဦးတည်ကြိုးပမ်း ဆောင်ရွက်နေတဲ့ အင်မတန်သိမ်မွေ့တဲ့ အချိန်အခါ ဖြစ်ပါတယ်" ဆိုတဲ့ အချက်ဖြစ်ပါတယ်၊

(၂) စဉ်းစားတွေးခေါ်မှုအရာမှာ ဦးစားပေး အဆင့်အတန်း သတ်မှတ်ချက်နဲ့ ပတ်သက်ပြီး ဖွင့်ဆိုထားတာက "တစ်ကိုယ်ချင်း အကျိုး၊ မိမိအစုအဖွဲ့ရဲ့အကျိုးကို ရှေ့တန်း မတင်ဘဲ နိုင်ငံတော်ရဲ့ အကျိုးကိုသာ ထိပ်တန်း ဦးစားပေးကြဖို့ တိုက်တွန်းပါတယ်" ဆိုတဲ့အချက်ဖြစ်ပါတယ်၊

(၃) အယူအဆရေးရာနဲ့ပတ်သက်လို့ ဖွင့်ဆိုထားတာက "အယူအဆဟာ မိမိ နိုင်ငံတော်ရဲ့ အကျိုးကို ဆောင်ကြဉ်းနိုင်ရဲ့လား၊ လက်တွေ့ လုပ်ဆောင်နိုင်တဲ့ အ ခြေ အ နေ ရှိရဲ့လား" ဆိုတဲ့ အချက်နဲ့ တိုင်း တာဖို့ မိန့် ကြား ပါ တယ်။ ဆက် လက် ပြီး လက်ကိုင် ထား သင့် တဲ့ အ ယူ အ ဆ နဲ့ ပတ်သက်လို့ ဖွင့်ဆိုထားတာက "တိုင်းရင်း သား ပြည်သူများရဲ့ အခြေခံ အကျိုးစီးပွားကို အမြင့်မားဆုံး လက်တွေ့အကျဆုံး ဆောင်ကြဉ်းပေးနိုင်မယ့် အယူအဆတွေ၊ နည်းလမ်းတွေကိုသာ အ လို ရှိ အပ် ပါ တယ်" လို့ မိန့် ကြား ထား တာ တွေ့ ရ ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရာမှာ အလေး ထားသင့်တဲ့ မိန့်ကြားချက်တွေကတော့—

(၁) တိုင်းရင်းသားလူမျိုးများရဲ့ အခြေအနေကို ဖော်ပြရာမှာ "တိုင်းရင်းသားလူမျိုးများဟာ နှီးကြား တိုးတက်မှု ရှိလာတာနဲ့အမျှ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲလိုတဲ့ ဆန္ဒတွေ တိုးတက်ဖြစ်ပေါ်နေတာ တွေ့ရကြောင်း" ဖြင့် မိန့်ကြား ထားပါတယ်။

(၂) တိုင်းရင်းသားများ အရေးနဲ့ပတ်သက်လို့ မိန့်ကြားရာမှာ "သတ်မှတ်ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိအောင် ကျွန်တော်တို့ အားလုံးက

သဘောထားကြီးကြီးနဲ့ ဝိုင်းကူကြရမှာ ဖြစ်ကြောင်း" ဖော်ပြထားပါတယ်။

(၃) ပြည်ထောင်စုကြီးအတွက် အားလုံး ခံယူရမယ့် အချက်ကို မိန့်ကြား ရာမှာတော့ "ပြည်ထောင်စုကြီးကို ပိုမိုခိုင်မာအင်အား တောင့်တင်းအောင် ကြံဆောင် ကြိုးပမ်းကြဖို့လည်း အ ထူး ပဲ အ ရေး ကြီး ပါ ကြောင်း" ဖော်ပြထားပါတယ်။

(၄) ပြည်ထောင်စု၏ အစိတ် အပိုင်း များ က ပြည်ထောင်စုကြီး အပေါ် ထားရှိရမည့် သဘောထားနဲ့ ပတ်သက်လို့ မိန့် ကြား ထားတာကတော့—

"ပြည်ထောင်စုကြီးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ တိုင်း ဒေသကြီးနဲ့ ပြည် နယ် တွေ ဟာ ပြည်ထောင်စုကြီး တည် တံ့ ခိုင် မြဲ ရေး၊ ကမ္ဘာ့နိုင်ငံများစွာရဲ့အလယ်မှာ တင့်တယ် ထည်ဝါခန့်ညားပြီး ခေတ် မီ တိုး တက် အင်အားတောင့်တင်းတဲ့ နိုင်ငံ ဖြစ်ရေးကို ဝိုင်းဝန်းရှေးရှုရမယ်" ဆို တဲ့ အချက်နဲ့ "အစိတ်အပိုင်းအသီးသီးဟာပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို နည်းနည်းမျှ ထိခိုက်မှုမဖြစ်စေဘဲ၊ ပြည်ထောင်စုကြီးကို ဝိုင်းဝန်း အကျိုးဆောင် ကြတဲ့ အစိတ် အပိုင်းများ ဖြစ် ကြဖို့ အထူးပဲ လို အပ် ကြောင်း"

စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

အဲဒီ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ ပတ်သက်တဲ့ အခြေခံမူ(၇) ချက်နဲ့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၏ မိန့်ကြားချက်များ အပေါ်တွင် အခြေခံစဉ်းစားပြီး ကျွန်တော်တို့အစုအဖွဲ့က ဖော်ထုတ်ရရှိတဲ့ နိုင် ငံ တော် ဖွဲ့ စည်း တည်ဆောက်ပုံနှင့်စပ်လျဉ်းပြီး အခြေခံရမည့်အသေးစိတ် အချက်တွေကို တင်ပြသွားပါမယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခု အဖြစ်လည်းကောင်း၊ ရှိရင်းစွဲပြည်နယ်(၇) ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ "ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်" ဆိုတဲ့ ဒီအခြေခံ မူများနဲ့စပ်လျဉ်းလို့ အသေးစိတ် ဖော်ပြဖို့ လိုမယ့် အခြေခံမူများကတော့၊ တိုင်း ဒေ သ ကြီး တွေ ရဲ့ အမည်နဲ့ ပြည်နယ်(၇) ပြည်နယ်တို့ရဲ့ အမည်များ ဖြစ်ပါတယ်။ အဲဒီ အမည်တွေကို အက္ခရာစဉ်အရ တင်ပြရလျှင်—

(က) ကချင်ပြည်နယ်
(ခ) ကယားပြည်နယ်
(ဂ) ကရင်ပြည်နယ်
(ဃ) ချင်းပြည်နယ်
(င) စစ်ကိုင်းတိုင်း ဒေသကြီး
(စ) တနင်္သာရီတိုင်း ဒေသကြီး
(ဆ) ပဲခူးတိုင်း ဒေသကြီး
(ဇ) မကွေးတိုင်း ဒေသကြီး
(ဈ) မန္တလေးတိုင်း ဒေသကြီး
(ည) မွန်ပြည်နယ်
(ဋ) ရခိုင်ပြည်နယ်
(ဌ) ရန်ကုန်တိုင်း ဒေသကြီး
(ဍ) ရှမ်းပြည်နယ်
(ဎ) ဧရာဝတီတိုင်း ဒေသကြီး

တို့ ဖြစ်ပါတယ်။

တိုင်း ဒေသကြီးနဲ့ ပြည်နယ်များ အသီးသီးတို့ကို အဆင့်အတန်း တူညီကြောင်း သတ်မှတ်ခြင်းများဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်း ဖြစ်ပေါ် တိုးတက်မှုနဲ့ မြန်မာနိုင်ငံရဲ့ ရေ၊ မြေ၊ တော၊ တောင်

သဘာဝ အခြေအနေတို့နဲ့ ကိုက်ညီတဲ့အပြင် နိုင်ငံ အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့ရဲ့ ဆန္ဒကို ထင်ဟပ်ဖော်ပြထားခြင်း ဖြစ်တဲ့အတွက် ထောက်ခံတင်ပြ အပ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ဒီအခြေခံရမယ့် မူနဲ့ စပ်လျဉ်းလို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်း လင်း ပြောကြားချက်ဖြစ်တဲ့ ဗဟိုအစိုးရရုံးစိုက်တဲ့ ရန်ကုန် မြို့ကို သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ဖို့နဲ့ ကိုကိုးကျွန်းမြို့နယ်ကဲ့သို့သော ဒေသတွေကိုလဲ သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဖို့ကိစ္စကို ဒီနေရာမှာ ထည့်သွင်းဆွေးနွေးအကြံပြုလိုပါတယ်။

ရန်ကုန်မြို့ဟာ လက်ရှိအားဖြင့် ဗဟို အစိုးရ ရုံး စိုက်တဲ့မြို့ အဖြစ် တည်ရှိပြီးဖြစ်ပါတယ်။ ဗဟိုအစိုးရ ရုံးစိုက်တဲ့ ရန်ကုန်မြို့ကို သမ္မတက တိုက် ရိုက် အုပ် ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်မယ် ဆိုလျှင် အမှန်ပင် လျော်ကန် သင့် မြတ် မယ် လို့ ကျွန်တော်တို့အစုအဖွဲ့အနေနဲ့ ယုံကြည် ယူ ဆ ပါ တယ်။ ကမ္ဘာ့အချို့သော နိုင်ငံများမှာလဲ အခုလို သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စု နယ် မြေမျိုးများ သတ်မှတ်ကာ စီမံအုပ်ချုပ်နေကြတာ ကို တွေ့နိုင်ပါတယ်။ ဒါ့အပြင် ဗဟိုအစိုးရရုံးစိုက်တဲ့ မြို့တော်မှာ နိုင်ငံခြားသံတမန်များ အများစု ရုံး စိုက်လေ့ရှိပြီး နိုင်ငံတကာဆက်ဆံရေး နယ်ပယ်မှာ ဗဟိုအစိုးရရုံးများ ဆက်ဆံထိတွေ့မှုတွေ ဆောင်ရွက် ချက်တွေဟာ ပိုမိုမြန်ဆန် အကျိုးပြု စေတာကိုလဲ တွေ့နိုင်ပါတယ်။

နောက်တစ်ချက်ကတော့ ဗဟိုအစိုးရ ရုံးစိုက်ရာ မြို့တော်ဟာ သက်ဆိုင်ရာ တိုင်း ဒေသကြီး တစ်ခုရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ထားခဲ့ရင် နိုင်ငံတကာ ဆက်ဆံရာမှာဖြစ်စေ၊ စီး ပွား ရေး၊ လုံ ခြုံ ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစတဲ့ အရေးအရာတွေမှာ နိုင်ငံတော်ရဲ့ မြို့တော်အင်္ဂါရပ်နဲ့အညီ စီမံခန့်ခွဲလုပ် ဆောင်တဲ့အခါမျိုးမှာ ဖြစ်စေ အခြားတိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုက သမ္မတရုံးစိုက်ရာ မြို့တော်ဖြစ်လို့ အခွင့်အလမ်း ပိုမိုရယူဆောင်ရွက် တာပဲဆိုတဲ့ အမြင်မျိုးလဲ ပေါ် နိုင် ပါ တယ်။ "တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ် အသီးသီး တို့သည် အဆင့်အတန်းတူညီကြသည်" ဆိုတဲ့အခြေခံ မူအရ တိုင်းရင်းသား အချင်းချင်း တန်းတူရည်တူ ဆက်သွယ်မှုသဘော ဆောင်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးရဲ့ အကြီးအကဲကလဲ မိမိတိုင်း ဒေသ ကြီးအတွင်းရှိ မြို့တော်ကို စီမံခန့်ခွဲ အုပ်ချုပ်ရာမှာ ဖိဖိစီးစီး မိမိစိတ်ကြိုက်လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုကို အားပျော့စေတတ်တဲ့အပြင် အချိန်ယူ အဆင့်ဆင့် စီမံနေရတဲ့အတွက် အ ရေး ကြီး ဆောင်ရွက်ရတဲ့ အခါမျိုးမှာ အခက်အခဲ တွေ့ ရ တတ် ပါ တယ်။ ဒီအကြောင်းတရားတွေကို ထောက်ချင့်ပြီး ဗဟို အစိုးရရုံးစိုက်တဲ့ မြို့တော်ကို သမ္မတက တိုက် ရိုက် အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် ခြင်းဟာလက်တွေ့အားဖြင့် လျော်ကန်သင့်မြတ်ပါ တယ်လို့ ကျွန်တော်တို့က ယုံကြည်တာကြောင့် ဗဟို အစိုးရရုံးစိုက်ရာမြို့ဖြစ်တဲ့ ရန်ကုန်မြို့ကို သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန် သင့်ပါကြောင်း အကြံပြု တင်ပြအပ် ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ဒီအ ခြေ ခံ မူ နဲ့ စပ် လျဉ်းပြီး ဆက်စပ်နေသေးတဲ့ စဉ်းစားရန် အချက် များကို ဆက်လက်အကြံပြုတင်ပြပါမယ်။ ဗဟိုအစိုး ရရုံးစိုက်ရာ ရန်ကုန်မြို့တော်ကို ပြည်ထောင်စုနယ် မြေအဖြစ် သတ်မှတ်ပါက ရန်ကုန်မြို့တော်ရဲ့နယ်မြေ အကျယ်အဝန်းကိုလဲ သတ်မှတ်ကြရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ရဲ့ အကျယ်အဝန်းဟာ အလွန်အမင်း ကျယ်လွန်းလျှင်လဲ မသင့်သလို နယ်မြေကွက်ကွက် ကလေးသာ ထားရှိမယ် ဆိုပါကလဲ အကျိုးသက် ရောက်မှုအာနိသင် လျော့နည်းပြီး လို အပ် သည့် ရည်ရွယ်ချက် မထိရောက်ဘဲ ဖြစ် နိုင် ပါ တယ်။ ဒါကြောင့် ရန်ကုန်မြို့တော်ကို ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်ရာမှာ ဘယ်မြို့နယ်တွေကို မြို့ တော် နယ်နိမိတ်ထဲ ထည့်သွင်းမယ်ဆိုတဲ့ နယ်မြေအကျယ်

အဝန်းကိုပါ စဉ်းစားသတ်မှတ်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ လူဦးရေ သိန်း ၄၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံတော်မှာ လူဦးရေ ၄ သန်းကျော်ဟာ ရန်ကုန်မြို့မှာ နေကြတာကိုကြည့်ရင် နိုင်ငံတော် လူဦးရေရဲ့ ဆယ်ပုံတစ်ပုံ နေထိုင်တဲ့ ရန်ကုန်မြို့တော်ရဲ့လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ခေတ်မီ တိုးတက်ရေးစတဲ့ ကိစ္စတွေ များပြားလေးနက် ယှက်နွယ်မှုတွေကြောင့် နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်မှသာ ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်ရဲ့ မြို့တော်ဘဝကို ဆောလျင်စွာ ရောက်ရှိနိုင်မှာဖြစ်တဲ့အတွက် ထောက်ခံတင်ပြရခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီလို မြို့တော်ရဲ့နယ်မြေ အကျယ်အဝန်း သတ်မှတ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ ကျန်ရှိတဲ့ နယ်မြေအကျယ်အဝန်းဟာ မည်ရွေ့မည်မျှ ရှိသည်တို့ကိုလဲ ထည့်သွင်းစဉ်းစားကြရန်နှင့် အဲဒီ ကျန်ရှိနေမယ့် ရန်ကုန်တိုင်းဒေသကြီးရဲ့ နယ်မြေအကျယ်အဝန်းဟာလဲ တိုင်း ဒေသကြီးတစ်ခုမှာ ရှိသင့်တဲ့ နယ်မြေအကျယ်အဝန်းရှိ/မရှိ စသည်တို့ကို ထပ်ဆင့်စဉ်းစားရန်လဲ လိုအပ်ဦးမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ရဲ့ နယ်မြေအကျယ်အဝန်းနဲ့ ကျန် ရှိမယ့် ရန်ကုန်တိုင်းဒေသကြီးရဲ့ နယ်မြေ အကျယ်အဝန်းဟာ တစ်ခုနဲ့တစ်ခု မျှတအောင် စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလို စီမံဆောင်ရွက်ရာမှာ အချက်အလက်ပြည့်ပြည့်စုံစုံ လေ့လာစိစစ်နိုင်မယ့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီက စိစစ်လေ့လာပြီး ချပြပေးမယ် ဆိုပါက ပိုမိုသင့်တော်မယ်လို့ အကြံပြုလိုပါတယ်။

သဘာပတိကြီးခင်ဗျား။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို ဆွေး နွေး ကြ တဲ့အခါမှာ ချမှတ်ထားတဲ့ အခြေခံ ရမယ့် မူ များ အတွင်းက အသေးစိတ် ထည့် သင့် ထည့် ထိုက် တဲ့ အခြေခံရမယ့်မူတွေရှိရင်လဲ ကိုယ် စား လှယ် များ အနေနဲ့ ထပ်မံဖြည့်စွက် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်" လို့ ရှင်းလင်းပြောကြား ခဲ့ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိရန် အခြေခံမူ ချမှတ်ခဲ့ရင် ဆက်စပ်ဖြစ်ပေါ်လာမယ့် ကျန်ရှိနေတဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့အမည်ကို ပြည်ထောင်စုနယ်မြေ သတ်မှတ်ထားတဲ့ ရန်ကုန်မြို့တော်နဲ့ ကွဲကွဲပြားပြား ဖြစ်စေဖို့ ရန်ကုန်တိုင်းဒေသကြီးလို့ပဲ ဆက်လက်ခေါ်ဝေါ်သတ်မှတ်မလား၊ သို့မဟုတ် ချမှတ်ခဲ့ပြီးအမည်ကိုပဲ ပြောင်းလဲသတ်မှတ်ရန် သင့်/မသင့် စဉ်းစားရန် လိုအပ်ဦးမှာ ဖြစ်ပါတယ်။ ဒီတိုင်း ဒေသကြီးတစ်ခု၏အမည်ကိုဖြစ်စေ၊ သို့မဟုတ် ပြည် နယ် တစ်နယ်၏အမည်ကိုဖြစ်စေ၊ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းနေထိုင်ကြသောနိုင်ငံသားများရဲ့ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မယ်လို့ အခြေခံမူ ချမှတ်ထားသည့်အတွက် ဒီကိစ္စကိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက်မှပဲ သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံသားများရဲ့ဆန္ဒရယူပြီး ဆက်လက်ဆောင်ရွက်ရန် အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ကိုကိုးကျွန်း မြို့နယ်နဲ့ စပ်လျဉ်းပြီး အကြံပြု တင်ပြပါမယ်။ ကိုကိုးကျွန်းမြို့နယ်ဟာ ထူးခြားတဲ့ အခြေအနေများရှိပါတယ်။ ကိုကိုးကျွန်းမြို့နယ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ရေပိုင်နက်နဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ ရေပိုင်နက်၊ နိုင်ငံတကာ ပင်လယ်ပြင်ဥပဒေများစတဲ့ အရေးကြီးတဲ့ လုံခြုံရေးဆိုင်ရာ ထူးခြားမှုတွေ ရှိနေ ပါ တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရေအောက် သယံဇာတပစ္စည်းများ ပေါကြွယ်ဝတဲ့ရေပြင်ရဲ့အရေးပါတဲ့ နယ်မြေလဲ ဖြစ်ပါတယ်။ ဒါ့အပြင် စီမံခန့်ခွဲမှုအရလည်းကောင်း၊ လမ်း ပန်း ဆက် သွယ် ရေး အ ရ လည်း ကောင်း ခက်ခဲတဲ့ အခြေအနေများလဲ တွေ့နိုင်ပါတယ်။

ဒါတွေကို ပေါင်းစပ်သုံးသပ်ကြည့်ရင် ကိုကိုးကျွန်းမြို့နယ်နဲ့ စပ်လျဉ်းပြီး ဆောင်ရွက်ရမယ့် ကိစ္စအဝဝဟာ သွက်လက်မြန်ဆန်စွာနဲ့ထိရောက်ထက်မြက်အောင် စီမံဆောင်ရွက်ရန် လိုအပ်တယ်ဆိုတာ ကျွန်တော်တို့အားလုံး လက်ခံကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ထူးခြားတဲ့ ကိုကိုးကျွန်းမြို့နယ်ကို သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် အကြံပြု တင်ပြအပ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** အဲဒီလို နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှု အောက်မှာ ထားရှိမယ့် ပြည်ထောင်စုနယ်မြေတွေရဲ့ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး တွေကိုတော့ သက်ဆိုင်ရာအခန်းတွေကို ရောက်ရှိတဲ့ အခါမှာ အသေးစိတ်ဆွေးနွေး တင်ပြမှာ ဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** ဆက်လက် အကြံပြုတင်ပြလိုတာကတော့ ကျွန်တော်တို့ နိုင်ငံမှာ ကိုကိုးကျွန်းမြို့နယ်လိုပဲ အလားတူ လုံခြုံရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့ ပတ်သက်ပြီး ထူးခြားမှုရှိပြီး အချက်အချာကျတဲ့ နယ်မြေတွေ ရှိကောင်း ရှိလာနိုင်ပါတယ်။ ဒီလို ထူးခြားတဲ့ နယ်မြေတွေရှိလာလို့ သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဖို့ ရှိခဲ့ရင် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ခွင့်ပြုဖို့ အခြေခံမူ ထည့်သွင်းထားရန် လိုအပ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် "နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် ဒေသများကို လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ရှိသော ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ရေး" ဆိုတဲ့ အခြေခံမူ ချမှတ်ပေးရန် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ အခြေခံမူအဖြစ် ချမှတ်ပြီးတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတို့သည် အဆင့်အတန်းချင်း တူညီကြသည်ဆိုတဲ့ ဖော်ပြချက်ဟာ နိုင်ငံသူနိုင်ငံသားများ အစဉ်ဦးထိပ်ထားရမည့် ဒီတာဝန်အရေးသုံးပါးနှင့် ကိုက်ညီပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက် ဖော်ညွှန်းထားသည့်အတွက် ထောက်ခံ တင်ပြအပ်ပါတယ်။

ဒါပေမယ့် တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်သည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများ အနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ သတ်မှတ်ပေးရန် လိုအပ်ပါတယ်။

အဲဒီလို သတ်မှတ်ရာမှာ လူဦးရေနှင့် နယ်မြေအကျယ်အဝန်းပေါ် အခြေပြုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်နဲ့ သတ်မှတ်ရေးကိစ္စများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်ကကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ပေးရန်လို့ ချမှတ်ထားတဲ့ အခြေခံမူများကို ဆက်လက် ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် နေ့က အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားများနဲ့ ပတ်သက်ပြီး၊ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရသင့်တယ်၊ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့်တယ်ဆိုတာနဲ့ အဲဒီ ရသင့်တဲ့ တိုင်းရင်းသားတွေအတွက် ဘယ်နေရာ

ဘယ်ဒေသတွေမှာ သတ်မှတ်ပေးသင့်တယ်ဆိုတာကို နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမယ့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီး ဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများမှအပ အခြား တိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီး ဖြစ်သော အခြေခံမူများနဲ့ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးအတွက် ဘယ်တိုင်းဒေသကြီး သို့မဟုတ် ဘယ်ပြည်နယ်အတွင်း ဘယ်နေရာများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တစ်ပါတည်း သတ်မှတ်ပေးဖို့ သင့်/မသင့် ကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားကို ဆွေးနွေးအကြံပြုရန် ရှင်းလင်းပြောကြားထားပါတယ်။ ဒီအချက်နဲ့စပ်လျဉ်းလို့ ကျွန်တော်တို့ အစုအဖွဲ့အနေနဲ့ သုံးသပ်မိတာကတော့ အခုကျင်းပနေတဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများဟာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးများရဲ့ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များစတဲ့ ကိုယ်စားလှယ်များဖြစ်တာကြောင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးခြင်းဟာ ပိုမိုသင့်မြတ်တယ်လို့ ယူဆပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ပြည့်စုံတဲ့ ကိုယ်စားလှယ်များအဖြစ် ပါဝင်ဖွဲ့စည်းတည်ရှိနေတာကြောင့် ပိုမိုသင့်မြတ်တယ်လို့လည်း ထပ်လောင်း တင်ပြခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့ရဲ့ ညီအစ်ကို တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အချိန်စောင့်စား မျှော်လင့်ပြီး ကြောင့်ကြနေရမယ့်အစား အချိန်မြန်မြန်နှင့် ရစေမှာ ဖြစ်တဲ့အတွက် ကော်မရှင်ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း မပြုတော့ဘဲ ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီး ခင်ဗျား။ အလျဉ်းသင့်လို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများနဲ့ ပတ်သက်လို့လဲ သတိပြုသင့်တဲ့အချက်တစ်ချက် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့ အားလျော်စွာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်တစ်ရပ် ဖြစ်တယ်ဆိုတာကို ပြည်သူအားလုံး လက်ခံထားကြပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ် ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသား လူမျိုးတစ်မျိုးဟာ အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စသည် ထပ်မံရယူဖို့မလျော်ကန်ပါလို့ ယူဆပါတယ်။ အလားတူ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုခုမှာ တိုင်းရင်းသားလူမျိုး တစ်မျိုးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးပြီးလျှင်လည်း ထို တိုင်းရင်းသားလူမျိုးအတွက် အခြားပြည်နယ်များ၊ အခြားတိုင်း ဒေသကြီးများမှာ ထပ်မံပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးရန် မသင့်တော်ဘူးလို့ ယူဆပါတယ်။

ဘာ ကြောင့် လည်း ဆို တော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသော တိုင်းရင်းသားများဟာ နောက်ထပ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ရခွင့်မရှိတော့ကြောင်း အဓိပ္ပာယ်သက်ရောက်တဲ့ အခြေခံမူ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့ကဲ့သို့ပင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မရသေးတဲ့ တိုင်းရင်းသား လူမျိုးတွေသာ ရခွင့်ရှိမှာ ဖြစ်ပါတယ်။ ဒီလို ရခွင့်ရှိရာမှာ တစ်နေရာသာရခွင့် ရှိဖို့ လို ကြောင်း အခြေခံရမယ့်မူ သတ်မှတ်သင့် ပါတယ်။

တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုးဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်ခဲ့ပါလျှင် မည်သည့် တိုင်း ဒေ သကြီး သို့မဟုတ် ပြည်နယ် တစ်နယ်အတွင်းမှာပင် အခြေချ တည်ရှိစေကာမူ အခွင့်အလမ်းများ မဆုံးရှုံးဘဲ ချမှတ်ပြီး အခြေခံမူများ နှင့် အ ညီ ရ ရှိ ခံစား နိုင် မှာ ဖြစ် သ လို တိုင်းရင်းသား လူမျိုးတစ်မျိုး အနေနဲ့ လူဦးရေ အခြေခံပြီး ညီမျှတဲ့ အခွင့်အရေးလဲ ရရှိမှာ ဖြစ်ပါတယ်။ အဲဒီ အခွင့်အရေးများနှင့် ပတ်သက်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစတဲ့ နောင်ဆွေးနွေးမည့် အခန်းအလိုက်ခေါင်းစဉ်များမှာ အသေးစိတ်ထည့်သွင်း ဆွေးနွေး သတ်မှတ်ကြရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများမှအပ အခြား တိုင်းရင်းသားလူမျိုးများသာ ချမှတ်ပြီး အခြေခံမူနဲ့ အညီ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေ သ သတ်မှတ်ပေးရန် နိုင် ငံ တော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ စပ်လျဉ်းလို့ အခြေခံရမယ့်မူများမှာ အခြေခံမူ ချမှတ်ထားပြီး ဖြစ်တာကို သတိပြုမိကြဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများမှအပ အခြားတိုင်းရင်းသားလူမျိုးများ အနက် လျော်ကန်သင့်မြတ်တဲ့လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းမှာ စုစုစည်းစည်း နေထိုင်လျက်ရှိတဲ့ တိုင်း ရင်း သား လူ မျိုး များ အ တွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့ မ ဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်သင့်လျော်သလို သတ်မှတ် ပေးရန် အ ခြေ ခံ မူ ချ မှတ် ထား ပါ တယ်။ ဘယ် တိုင်း ဒေ သကြီး သို့မဟုတ် ဘယ်ပြည်နယ် အတွင်း ဘယ်နေရာတွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ကြမယ်ဆိုတာနဲ့ ကိုယ် ပိုင် အုပ် ချုပ် ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကိုဘယ်လို ခွဲခြား သတ်မှတ်ကြမယ်ဆိုတာ ဆက်လက်ဆွေးနွေး အကြံပြု တင်ပြပါမယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဟာ ဥပဒေ ပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရား စီရင်ရေး အာဏာတွေကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေ က သတ်မှတ်ပေးထားတဲ့ အတိုင်း ရရှိမှာဖြစ်တဲ့ အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းမှာ ခရိုင်များနဲ့ မြို့နယ်များရှိရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လောက် အဆင့် မမြင့်သော်လည်း အဲဒီ တိုင်း ဒေ သ ကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာ ရှိတဲ့ခရိုင် အဆင့်တွေထက် အဆင့်မြင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဟာ အနည်းဆုံး ခရိုင် နှစ်ခရိုင်လောက် ရှိသင့်ပြီး ခရိုင် တစ် ခရိုင်မှာ အနည်းဆုံး မြို့နယ် နှစ်မြို့နယ် ရှိသင့် ကြောင်း လေ့လာသုံးသပ်ရရှိပါတယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဟာဆိုရင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းလောက် မမြင့်သော်လည်း ခရိုင် အဆင့်ထက် နိမ့်မည်မဟုတ်ပါ။ ဒါကြောင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဟာ အနည်းဆုံး မြို့နယ် နှစ်မြို့နယ် သို့မဟုတ် သုံးမြို့နယ်ခန့် ရှိသင့်ကြောင်း သုံးသပ်မိပါတယ်။ ဘယ်တိုင်းဒေသကြီး သို့မဟုတ် ဘယ်ပြည်နယ်အတွင်း၊ ဘယ်နေရာတွေမှာ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ဖို့ ကိုတော့ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများရဲ့ဆန္ဒအရ စဉ်းစားကြရန် လိုအပ်မယ်လို့ယူဆပါတယ်။

ကျွန်တော်တို့အစုအဖွဲ့ အနေနဲ့တော့ အထက်က အကြံပြု တင်ပြခဲ့တဲ့အတိုင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတို့ရဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အင်္ဂါလက္ခဏာနဲ့အညီ ချမှတ်ပြီး ဖြစ်တဲ့ အခြေခံ မူများ အတွင်းက စဉ်းစား သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အချို့ တိုင်းရင်းသား လူမျိုးတစ်မျိုးဟာ လျော်ကန်သင့်မြတ်တဲ့ လူဦးရေ ရှိပြီး နီးစပ်နေတဲ့ မြို့နယ် နှစ်ခုမှာ အဆက်အစပ် အနည်းငယ် ကွာဟနေပါက တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် စီမံခန့်ခွဲမှု နည်းအရ စုစည်းပေးမယ် ဆိုရင်လည်း အဲဒီ တိုင်းရင်းသားလူမျိုးများအတွက် ရသင့် ရထိုက်တဲ့ အခွင့် အရေးများ မနစ်နာစေဖို့ စီစဉ်ပေးဖို့လိုအပ်မယ်လို့ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက် တင်ပြလိုတာကတော့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွေ သတ်မှတ်ပေးရာမှာ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များရဲ့ မြို့တော် များကို ထည့်သွင်း သတ်မှတ် ခြင်း မပြုရန် လိုအပ်ပါတယ်။ အကြောင်းကတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့တော်များ သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသား အားလုံး နှင့် သက်ဆိုင် နေသဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် မထည့်သင့်ကြောင်း အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ နိုင်ငံတော်ကို ဘယ်လိုစုစည်းမယ် ဆိုတာကို ဖော်ပြလေ့ ရှိပါတယ်။ နိုင်ငံတော် အဖွဲ့အစည်းများ အနေနဲ့ ဆက်သွယ်မှု လမ်းကြောင်း လွယ်ကူလျင်မြန်စေဖို့နဲ့ နိုင်ငံတော်ရဲ့ လုပ်ငန်းအဆင့်ဆင့်ကို အနီးကပ် ကြီးကြပ် နိုင်စေဖို့ ရပ်ကွက်နဲ့ ကျေးရွာ အုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ် သို့မဟုတ် တိုင်းအဆင့် စသည်ဖြင့် သတ်မှတ်ပြီး ဆောင်ရွက်လျက် ရှိနေပါတယ်။ ယခု အခါမှာ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းလို့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ပေးရန်လည်း အခြေခံမူ ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး၊ နိုင်ငံတော်ကို—

— ကျေးရွာများကို ကျေးရွာ အုပ်စု အဖြစ် လည်းကောင်း၊

— ရပ်ကွက် များကို မြို့ သို့မဟုတ် မြို့နယ် အဖြစ် လည်းကောင်း၊

— ကျေးရွာ အုပ်စု နှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ် အဖြစ် လည်းကောင်း၊

— မြို့နယ်များကို ခရိုင်အဖြစ် လည်းကောင်း၊

— ခရိုင် များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖြစ်လည်းကောင်း၊

— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် ယင်းဒေသထဲမှာရှိတဲ့ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်လည်းကောင်း၊

— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်း အတွင်းရှိ မြို့နယ်များကိုခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် လည်းကောင်း၊

— တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ရှိပါက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များ

ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖြစ် လည်းကောင်း၊

— တိုင်း ဒေသကြီးများ၊ ပြည်နယ် များနှင့် ပြည်ထောင်စု နယ်မြေများကို နိုင်ငံတော် အဖြစ် လည်းကောင်း

စုစည်းရန် အခြေခံမူ ချမှတ်ရေးအတွက် တင်ပြအပ်ပါတယ်။

**သဘာဝပ တိကြီးခင်ဗျား။** "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်း ဒေသကြီး၊ ပြည်နယ် များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများစသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ ညီလာခံရဲ့ ဦးတည်ချက် (၆) ရပ်အနက် ပြည်ထောင်စု မပြိုကွဲရေး ဆိုတဲ့ ဦးတည်ချက်နဲ့ ကိုက်ညီတဲ့ အတွက် ထောက်ခံတင်ပြအပ်ပါတယ်။

နယ်နိမိတ်များ ပြင်ဆင် သတ်မှတ် ရေးနဲ့ ပတ်သက်၍ ဆက်လက် တင်ပြပါမယ်။ နိုင်ငံတော် နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရန် လိုအပ်လာတဲ့ အခါမှာ အစဦးစွာ သမ္မတက ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံသို့ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်ရေး အတွက် ပြည်ထောင်စု လွှတ်တော်က သဘောထား ရယူပေးဖို့ အကြောင်းကြား ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ယင်း နယ်နိမိတ် ကိစ္စဟာ တစ်နိုင်ငံ လုံးရဲ့ အရေးဖြစ်တဲ့ အပြင် အဆုံးအဖြတ် မှားလျှင် ပြည်သူတစ်ရပ်လုံး အတိဒုက္ခ ရောက်မယ့် အန္တရာယ်တွေကို တွေ့ကြုံရ၊ သင်ခန်းစာ ယူကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတ တစ်ဦးတည်း တိုက်ရိုက် ဆုံးဖြတ်ချက်နဲ့ လုပ်သင့်တဲ့ လုပ်ငန်းမဟုတ်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်ဖို့ အခြေအနေဖြစ်လာခဲ့လျှင် ပြည်ထောင်စုလွှတ်တော်အနေနဲ့လည်း လွှတ်တော် ကိုယ်စားလှယ် တို့၏ ဆန္ဒကို အောက်ဖော်ပြပါ အတိုင်းရယူဖို့ လိုအပ်မယ်လို့ အကြံပြုတင်ပြအပ်ပါတယ်—

(က) တိုင်း ဒေသကြီးများ၊ ပြည်နယ် များမှ ကိုယ်စားလှယ်ဦးရေတူညီစွာရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်မှာပါရှိသော လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရန်၊

(ခ) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ ရယူရန်၊

(ဂ) လွှတ်တော် နှစ်ရပ် ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့်အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ် များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရန်။

အဲဒီ ထောက်ခံဆန္ဒမဲများ ရရှိပါက သမ္မတက ပြင်ဆင် သတ်မှတ် ပေးရေးအတွက် ဆက်လက် ဆောင်ရွက်ရန် အခြေခံမူ ချမှတ်ဖို့ တင်ပြအပ်ပါတယ်။ ဒါပေမယ့်အထက်က တင်ပြခဲ့တဲ့ အခြေခံမူနှင့် အညီ နိုင်ငံတော် နယ်နိမိတ် သတ်မှတ်ရာ၌ လွှတ်တော်တစ်ရပ်ရပ်က ဖြစ်စေ၊ အဲဒီ လွှတ်တော်နှစ်ရပ်မှာပါရှိတဲ့ သက်ဆိုင်ရာ နယ်နိမိတ်နဲ့အကျုံးဝင်တဲ့ လွှတ်တော် ကိုယ်စားလှယ် များက ဖြစ်စေ နယ်နိမိတ် ပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်သည့် အခြေအနေမျိုးရှိကောင်း ရှိလာနိုင်ပါတယ်။ အဲဒီ အခြေအနေမျိုး ကြုံကြိုက်လာပါက ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောထားကို ရယူဖို့နဲ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံ သုံးပုံထက် ကျော်သော အရေအတွက်က ထောက်ခံလျှင် နိုင်ငံတော် သမ္မတက နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးရန် ဆောင်ရွက် နိုင်ရေး အတွက် အခြေခံရမယ့်မူတစ်ရပ် ချမှတ်ပေးဖို့ အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်တင်ပြလိုတာကတော့ တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့ နယ်နိမိတ် ကို ပြင်ဆင် သတ်မှတ်ဖို့ အကြောင်းပေါ်ပေါက်လာ တဲ့ အခြေအနေမျိုးရှိကောင်းရှိပါမယ်။ ဒီလို ရှိလာလျှင် အဲဒီ သက်ဆိုင်ရာ တိုင်း ဒေသ ကြီး သို့ မ ဟုတ် ပြည်နယ် အတွင်းမှာ နေကြတဲ့ မဲဆန္ဒရှင် များရဲ့ သဘောထားကို ရယူဖို့ ပထမ ဆောင်ရွက်ဖို့ လိုပါ တယ်။ ဒီ မဲဆန္ဒရှင်တွေရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ မရလျှင် ဆက်လက် မဆောင်ရွက် သင့်ပါ။ အကယ်၍ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ ရလျှင် ဆက်လက်ပြီး သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆန္ဒရယူဖို့ တင်ပြအပ်ပါတယ်။ အဲဒီ ကိုယ်စားလှယ်တွေရဲ့ လေးပုံသုံးပုံနဲ့ အထက် ထောက်ခံမဲရတဲ့အခါမှ ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောတူညီမှု ရယူပြီး နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ် ကို ပြင်ဆင် သတ်မှတ်ဖို့ အခြေခံမူ ချမှတ်ဖို့ တင်ပြအပ်ပါတယ်။

ဒီလို နယ်နိမိတ် ပြင်ဆင်ရေးတွေမှာ အများဆန္ဒ အပေါ် အထပ်ထပ် အဆင့်ဆင့် အခြေခံ ထားခြင်း ဖြင့် နယ်နိမိတ် အပေါ်အခြေခံပြီး တိုင်းရင်းသား ချင်း စိတ်ဝမ်းကွဲမှု မဖြစ်ပေါ် ရအောင် ထိထိ ရောက်ရောက်ကာကွယ်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေး အတွက် အခြေခံမူကို ထိထိရောက်ရောက် သတ်မှတ်ပေးဖို့ တင်ပြရခြင်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက် တင်ပြလို တာက တိုင်းဒေသကြီးများ၊ ပြည် နယ် များ နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသများ အတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်က နိုင်ငံ တော် သမ္မတထံ ထောက်ခံ တင်ပြပြီး နိုင်ငံတော် သမ္မတက လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် အခြေခံရမည့်မူ ချမှတ်ပေးဖို့ ဖြစ်ပါတယ်။ ဒီလို အခြေခံအကျဆုံးဖြစ်တဲ့ မြို့၊ မြို့နယ်၊ ခရိုင်အဆင့်တို့ရဲ့ နယ်နိမိတ်တို့ကို ပြင်ဆင်လိုပါက · သမ္မတအနေဖြင့် အုပ်ချုပ်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ကို ရှေးရှုပြီး မြန်မြန် ဆန်ဆန် ဆောင် ရွက် နိုင် ဖို့ လုပ်ပိုင်ခွင့်အပ်နှင်းထားရန် လိုအပ်တဲ့အတွက် ဖြစ် ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက် တင်ပြလို တာက တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်ရဲ့အမည်ကို ပြောင်းလဲ သတ်မှတ်လိုတဲ့အခါ မှာ သက်ဆိုင်ရာ တိုင်း ဒေသ ကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းကာ ပြောင်းလဲ သတ်မှတ် နိုင်ဖို့ဆိုတဲ့ အခြေခံမူဟာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ လ ၁၆ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အတည်ပြုပြီး ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ဖြည့်စွက်တင်ပြလိုတာ ကတော့ နိုင်ငံသားဟူသော စကားရပ်အစားမဲဆန္ဒ ပေးပိုင်ခွင့်ရှိသောနိုင်ငံသားများလို့ ဖြည့်စွက်ဖော်ပြ လိုပါတယ်။ နိုင်ငံတိုင်းမှာပဲ နိုင်ငံရဲ့အရေးအရာကိစ္စ တွေမှာ သက်ဆိုင်ရာ နိုင်ငံသားတွေရဲ့ ဆန္ဒကိုရယူ ဆောင် ရွက် ရ မယ့် အ ရေး ပေါ် ပေါက် ခဲ့ လျှင် ထိုနိုင်ငံရဲ့ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း များအရ သတ်မှတ်ထားတဲ့ အရည်အချင်းနဲ့ ပြည့်မီ တဲ့ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများရဲ့ ဆန္ဒမဲကိုသာ ရယူပြီး ထိုဆန္ဒမဲအရသာ ဆုံးဖြတ်ပါတယ်။ ဒီအခြေခံဟာ မသက်ဆိုင်သူတွေ ဘေးက ဝင်ရောက် နှောင့်ယှက် ခြင်းမပြုနိုင်ရန်နဲ့ က ဖျက် ယ ဖျက် လုပ်မယ့်သူတွေ ဝင် ရောက် ခြယ် လှယ် စွက် ဖက် မှု မပြုနိုင်စေဖို့ သက် ဆိုင်ရာ နိုင်ငံရဲ့ အခြေအနေပေါ် လိုက်ပြီး အ ကန့် အ သတ် လုပ်ထားရခြင်းပဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုရဲ့ အမည် ပြောင်းလဲသတ်မှတ်ခြင်းကိစ္စဟာလည်းနိုင်ငံအတွက်.

သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး အတွက် အရေးပါတဲ့ကိစ္စ တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားများရဲ့ ဆန္ဒရယူရန်လို့ ဖော်ပြချက်မှာ နိုင်ငံသားများဆိုမယ့်အစား၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော နိုင်ငံသားများ ဟူသည့်စကားကို ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

အလားတူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ အမည်များကို ပြောင်းလဲသတ်မှတ်ဖို့လိုလာလျှင်လည်းအဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွင်းမှာရှိတဲ့ မဲဆန္ဒ ပေးပိုင်ခွင့်ရှိသော နိုင်ငံသားများရဲ့ ဆန္ဒရယူပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်တယ်လို့ အခြေခံမူချမှတ်ရန်အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**။ အထက် ဖော်ပြပါ အခြေခံမူများဟာနိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ "နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ" အခန်းခေါင်းစဉ်နှင့် စပ်လျဉ်းသည့် အကြံပြုတင်ပြချက်များဖြစ်ပြီး "နိုင်ငံတော်အကြီးအကဲ" အခန်းခေါင်းစဉ်နှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ဆက်လက်အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

(သြဘာသံများ)

**အခမ်းအနားမှူး**။ အခု ဆက်လက်ပြီး ဒေါက်တာ ကျော်ဝင်းအား ဖိတ်ကြားတင်ပြဖို့ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါက်တာ ကျော်ဝင်း (နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့)**။ လေးစားအပ်တဲ့သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က "နိုင်ငံတော်အကြီးအကဲ" အခန်းကိုဆက်လက် တင်ပြဆွေးနွေးပါမယ်။ နိုင်ငံတော် အကြီးအကဲအခန်းမှာ အခြေခံရမယ့်မူများအဖြစ်—

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သည်

ဟူ၍ ချမှတ်ထားခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်ဟု တင်ပြခြင်းနှင့် ပတ်သက်၍ ထပ်မံဆွေးနွေးအကြံပြုရန် မရှိသော်လည်း နိုင်ငံတော်သမ္မတရဲ့အရည်အချင်းများနဲ့ ပတ်သက်ပြီးလေးနက်ပေါ်လွင်စေဖို့ ဆွေးနွေးအကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတကို အချို့နိုင်ငံတွေမှာ နိုင်ငံတော်ရဲ့ ကျက်သရေဆောင် ပုဂ္ဂိုလ်အဖြစ်သာ သတ်မှတ်ထားရှိပြီး အချို့နိုင်ငံတွေမှာတော့ နိုင်ငံတော်သမ္မတများဟာ အုပ်ချုပ်ရေး အကြီးအကဲအဖြစ်ပါ သတ်မှတ်ကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေးအာဏာ အပြည့်အဝကျင့်သုံးနိုင်မည့် သမ္မတဖြစ်ရပါမယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံတော်သူ နိုင်ငံတော်သားအားလုံးရဲ့ အားထားရာ ပုဂ္ဂိုလ်ကြီးဖြစ်ရပါမယ်။ တစ်နည်းအားဖြင့် ပြောရရင် တစ်မျိုးသားလုံးအားထားရာ ခေါင်းဆောင်ကြီးဖြစ်ရပါမယ်။ အဲဒီအချက်အလက်တွေကြောင့် နိုင်ငံတော်သမ္မတဟာတစ်နိုင်ငံလုံးကို ကိုယ်စားပြုနေတဲ့ပုဂ္ဂိုလ်၊ တစ်နိုင်ငံလုံးရဲ့ အထွတ်အထိပ်ဖြစ်တဲ့ နေရာက တာဝန်ယူဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်အဖြစ် ဖော်ညွှန်းနေပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းများကို ပြည့်ပြည့်စုံစုံ၊ တိတိကျကျ သတ်မှတ်နိုင်ဖို့

အောက်ပါအချက်များကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒါတွေကတော့—

– နိုင်ငံတော်သမ္မတသည်နိုင်ငံတော်ကိုကိုယ်စားပြုသည်၊

– နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံးရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်သည်၊

– နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသား အားလုံးရဲ့ အထွတ်အထိပ်နေရာရရှိသည်

ဆိုတဲ့ အခြေခံမှုကို သတ်မှတ်နိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးမယ့် နိုင်ငံတော်သမ္မတဟာသြဇာလည်းရှိ၊ အာဏာလည်း ရှိတဲ့သမ္မတဖြစ်ပါတယ်။ နိုင်ငံတော်တိုးတက်ကြီးပွားရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး စတဲ့ နိုင်ငံတော်အရေး အရာများဟာ နိုင်ငံတော်သမ္မတရဲ့ ထက်မြက်ထိရောက်တဲ့ စွမ်းပကားအပေါ်မှာ တည်နေမှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဟာနိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ စစ်ရေး အမြင် စတဲ့ နိုင်ငံတော်ရေးရာများနဲ့ စပ်လျဉ်းပြီး ရှုထောင့်စုံမှ ဆင်ခြင်နိုင်းဆကာ ကျွမ်းကျင်လိမ္မာစွာ အကောင်အထည်ဖော်နိုင်စွမ်းရှိရန်လည်း လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်ရေးရာများနှင့် စပ်လျဉ်းပြီး ကျွမ်းကျင် ထိရောက်ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိသူ ဖြစ်တယ်ဆိုတဲ့ အရည်အချင်းသတ်မှတ်ချက် အခြေခံမူလည်းချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ဦးဆောင်မှုပေးရမယ့် ပုဂ္ဂိုလ်ဖြစ်တဲ့အားလျော်စွာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိဖို့လည်း လိုအပ်လှပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားများ အပေါ် သစ္စာမစောင့်ထိန်းဘဲ တိုင်းတစ်ပါးရဲ့ အလိုအတိုင်း လိုက်ပါ ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် မဖော်ပြနိုင်တဲ့ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့တဲ့ သာဓကများ ရှိခဲ့ပါတယ်။ နိုင်ငံတော် သမ္မတဟာ အမျိုးသား ခေါင်းဆောင် အဖြစ်သော်လည်းကောင်း၊ နိုင်ငံ့အကြီးအကဲအဖြစ် သော်လည်းကောင်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပြည်သူများက လုံးဝဥဿုံ ယုံကြည်အားထားနိုင်ရန်နဲ့ သံသယမပွားနိုင်စေရန်နိုင်ငံတော်သမ္မတသာမက နိုင်ငံတော်သမ္မတရဲ့ မိသားစုများပါ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျေးဇူးသစ္စာစောင့်သိဖို့လိုအပ်ပါမယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမယ်ဆိုတဲ့ အခြေခံမှုနဲ့ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိရဲ့ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိရဲ့ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိရဲ့တရားဝင် သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင်သားသမီးတစ်ဦးဦးရဲ့ဇနီးသို့မဟုတ်ခင်ပွန်း သော်လည်းကောင်း၊ နိုင်ငံခြားအစိုးရရဲ့ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရရဲ့ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရရဲ့ နိုင်ငံသားဖြစ်သူများမဖြစ်ရ။ ထိုသူများဟာ နိုင်ငံခြားအစိုးရရဲ့လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ ထိုအစိုးရရဲ့ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနဲ့ကျေးဇူး ခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေဖို့ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပတဲ့ စုံညီအစည်းအဝေးမှာ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီရှင်းလင်းပြောကြားချက်ဟာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(၁) အပိုဒ်ခွဲငယ်(က)နှင့် ၁၉၈၉ ခုနှစ်မှာပြဋ္ဌာန်းခဲ့သော ရွေးကောက်ပွဲ ဥပဒေပုဒ်မ

၁၀၊ ပုဒ်မခွဲ (၅)တို့မှာပြဋ္ဌာန်းထားတဲ့အချက်များကို အခြေခံထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီ ပြဋ္ဌာန်းချက်များမှာ ပါရှိတဲ့ စကားရပ်များအနက်၊ ကျွန်တော်တို့အနေနဲ့ပြင်ဆင်ရန်အကြံပြုလိုတဲ့ စကားရပ်ကတော့ "ထိုအစိုးရ၏နိုင်ငံသားဖြစ်သူများမဖြစ်ရ" ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ "ထိုအစိုးရ၏နိုင်ငံသား" ဆိုတဲ့ စကားရပ်ဟာ အဓိပ္ပာယ်ဝိဝါဒကွဲပြားမှုရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံသားဆိုတာဟာအစိုးရ၏ နိုင်ငံသားဆိုတာမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားသာ ဖြစ်သင့်ပါတယ်။ ဒါကြောင့် ထိုအစိုးရ၏ နိုင်ငံသားဆိုတဲ့ စကားရပ်အစား "တိုင်းတစ်ပါး၏နိုင်ငံသား" လို့ ပြင်ဆင်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ သမ္မတအရည်အချင်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့အစုအဖွဲ့အနေနဲ့ အကြံပြုလိုတဲ့ အခြေခံမူတစ်ရပ်ကို ပြင်ဆင်ပြီး တင်ပြရရင်—

"နိုင်ငံတော် သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမယ်ဆိုတဲ့အခြေခံမူနဲ့ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိရဲ့မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိရဲ့ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိရဲ့ တရားဝင် သား သမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သား သမီး တစ်ဦးဦးရဲ့ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း နိုင်ငံခြားအစိုးရရဲ့ ကျေးဇူးသစ္စာကိုခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရရဲ့ လက်အောက်ခံ ဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါးရဲ့ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများဟာ နိုင်ငံခြား အစိုးရရဲ့ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါးရဲ့ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့်အရေးများနဲ့ ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ"

ဆိုတဲ့ အခြေခံမူကို ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော် သမ္မတရဲ့ အရည်အချင်း များနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အချက်အချို့ကိုတင်ပြဆွေးနွေးပါမယ်။ နိုင်ငံတော် သမ္မတဟာ နိုင်ငံနဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်ဖြစ်တဲ့ အားလျော်စွာ မိမိနိုင်ငံရဲ့ ဖြစ်ပေါ် ပြောင်းလဲတဲ့ သမိုင်းစဉ်များကို သော်လည်းကောင်း၊ အချိန်နဲ့ တစ်ပြေးညီပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို သော်လည်းကောင်း မှန်ကန်စွာ နားလည်သဘောပေါက်သိရှိရမှာဖြစ်လို့ မိမိရဲ့ မိဘနှစ်ပါး စလုံးဟာ နိုင်ငံတော်ရဲ့အာဏာပိုင်နက် အတွင်းမှာ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်တဲ့ မြန်မာနိုင်ငံသားဖြစ်ရန်နဲ့ နိုင်ငံတော်ရဲ့ အရေးအရာ ကိစ္စဟူသမျှကို အဆက်မပြတ် သိရှိနေဖို့ အထူး လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်ကို ဦးဆောင်မှုပေးရာမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ (၃) ပါးနဲ့ ဆက်စပ်ပြီး ဖြစ်စဉ် ဖြစ်ရပ်များအပေါ် မှန်ကန်စွာ တွေးခေါ်မြော်မြင်ပြီး ထိရောက်စွာ ဦးဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတရဲ့ နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းပြီး၊ မိမိနဲ့ မိမိရဲ့ မိဘနှစ်ပါးစလုံး နိုင်ငံတော်ရဲ့ အာဏာပိုင်နက်အတွင်း မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်တဲ့ မြန်မာနိုင်ငံသားဖြစ်ရမယ်ဆိုတဲ့ အခြေခံမူကို သတ်မှတ်သင့်ပါတယ်။ ထို့အပြင် နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရ နိုင်ငံခြား တိုင်းပြည်များတွင် ရောက်ရှိနေသော တိုင်းရင်းသားမှဖြစ်တဲ့ နိုင်ငံသား မိဘနှစ်ပါးမှ နိုင်ငံခြားတွင် မွေးဖွားတဲ့ နိုင်ငံသားများကို နိုင်ငံတော်ရဲ့ အာဏာ ပိုင်နက်အတွင်း မွေးဖွားသူဟု မှတ်ယူသင့်ကြောင်းကိုလဲ အကြံပြု တင်ပြအပ်ပါတယ်။ နိုင်ငံတော် သမ္မတဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ အချိန်နဲ့ တစ်ဆက်တည်း အနည်းဆုံးအနှစ် (၂၀) နိုင်ငံတော်မှာ အခြေချနေထိုင်ခဲ့သူ ဖြစ်ရမယ်လို့ သတ်မှတ်ရန် အကြံပြုတင်ပြအပ်ပါတယ်။ ထို့အပြင် နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရ နိုင်ငံခြား တိုင်းပြည်များမှာ သွားရောက် တာဝန် ထမ်းဆောင် နေရတဲ့ ကာလ

ကိုလဲ နိုင်ငံတော်မှာ တစ်ဆက်တည်း နေထိုင်တဲ့ ကာလလို့ သတ်မှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်သမ္မတရဲ့ အသက်ကန့်သတ်ချက်နှင့် ပတ်သက်ပြီး တင်ပြရရင် နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော် သမ္မတရဲ့ အသက်ကိုအနည်းဆုံး(၃၅)နှစ် ပြည့်ပြီးသူဖြစ်ရမယ်၊ အချို့နိုင်ငံက နိုင်ငံတော် သမ္မတဟာ အနည်းဆုံးအသက် (၄၀) နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်၊ အချို့နိုင်ငံက နိုင်ငံတော် သမ္မတဟာ အနည်းဆုံးအသက် (၄၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်၊ အချို့နိုင်ငံက နိုင်ငံတော် သမ္မတဟာ အနည်းဆုံး အသက် (၅၀) နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်လို့ အသီးသီး ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ မိမိတို့ နိုင်ငံရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ စစ်ရေးအတွေ့အကြုံများ ကြွယ်ဝသူ ဖြစ်သင့်တဲ့အတွက် နိုင်ငံတော် သမ္မတဟာ အသက်အားဖြင့် ငယ်ရွယ်လွန်းခြင်း မဖြစ်စေရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူရဲ့ အသက်ကို အနည်းဆုံး (၄၅) နှစ်ပြည့်ပြီးသူဖြစ်ရမယ်လို့ အခြေခံမူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော် သမ္မတဟာ လွှတ်တော်ရွေးကောက်ပွဲများမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ နိုင်ငံတော် သမ္မတအတွက် သီးခြားသတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လည်း ပြည့်စုံသူဖြစ်သင့်တာကို အချို့နိုင်ငံများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရသလို မိမိတို့နိုင်ငံရဲ့ ယခင်က ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာလည်း ပြဋ္ဌာန်းထားခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများအပြင် နိုင်ငံတော် သမ္မတအတွက် သီးခြား သတ်မှတ် ထားတဲ့ အရည်အချင်း များနဲ့လည်းပြည့်စုံရမယ်လို့ သတ်မှတ်ရန် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတမှာ ရှိအပ်တဲ့ အရည်အချင်းများနဲ့ ပတ်သက်ပြီး တင်ပြဆွေးနွေးပြီး ဖြစ်တဲ့အတွက် နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက်ရေးကို ဆက်လက်ဆွေးနွေး တင်ပြပါမယ်။ နိုင်ငံတော် သမ္မတကို သမ္မတ ရွေးချယ် တင်မြှောက် ရေးအဖွဲ့နဲ့ ရွေးချယ် တင်မြှောက်ဖို့ အခြေခံမူ ချမှတ်ပြီး ဖြစ်ပါတယ်။ ဒီအခြေခံမူနဲ့ ပတ်သက်ပြီး အကြံပြုတင်ပြရန်မရှိသော်လည်း သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဘယ်ပုံဖွဲ့စည်းမယ်၊ အဲဒီအဖွဲ့က နိုင်ငံတော်သမ္မတကို ဘယ်လိုရွေးချယ်တင်မြှောက်ကြမယ်ဆိုတာကို အကြံပြုတင်ပြလိုပါတယ်။ နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးအတွက် သမ္မတ ရွေးချယ် တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရာမှာ မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိတို့ နိုင်ငံရဲ့ နိုင်ငံရေးနဲ့ မိမိတို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှု အခြေအနေ အရပ်ရပ်နှင့် အကျွမ်းတဝင် ရှိသူများပါဝင်တဲ့ အဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။ ဒီလို နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက် ပေးဖို့ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို သီးခြား ရွေးချယ် တင်မြှောက်ခြင်း မပြုဘဲ ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ် သတ်မှတ်တာဟာ သင့်မြတ် လျော်ကန်တဲ့အတွက် သမ္မတ ရွေးချယ်တင်မြှောက် ရေးအဖွဲ့အား ပြည်ထောင်စု လွှတ်တော်မှာ ပါဝင် တဲ့ လွှတ်တော် ကိုယ်စား လှယ်များ အားလုံးကို အဖွဲ့ဝင်များ ဖြစ်တယ်လို့ သတ်မှတ်ဖို့နဲ့ ဒီအဖွဲ့ဝင် များအား အစုအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်း ဆောင်ရွက် သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

အစုအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းရာမှာ အတွေ့အကြုံရှိ တဲ့ တိုင်းရင်းသား လူမျိုးများ၊ အရည်အချင်းရှိတဲ့

ပြည်သူ့ ကိုယ်စားလှယ်များ၊ သမိုင်းအစဉ်အလာ ကြီးမားတဲ့ တပ်မတော် သားများဆိုပြီး ပိုင်းခြား သတ်မှတ်ဖွဲ့စည်းပါက လျော်ကန် သင့်မြတ်မယ်လို့ ယူဆတဲ့အတွက် အစုအဖွဲ့ (၁) ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ ကိုယ်စားလှယ်များနဲ့လည်းကောင်း အစုအဖွဲ့ (၂) ကို လူဦးရေကို အခြေခံရွေးချယ်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ အစုအဖွဲ့ (၃) ကို ဖော်ပြပါ လွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနဲ့လည်းကောင်း ဖွဲ့စည်းရန် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို လုံးဝဥဿုံ တာဝန်ယူရသဖြင့် အလွန်ကြီးမားတဲ့ တာဝန်ကို ထမ်းဆောင်ရသူဖြစ်ပါသည်။ သမ္မတရဲ့ ဆုံးဖြတ်ချက်ဟာ အတိမ်းအစောင်းခံလို့ မဖြစ်ပါ။ သေရေး ရှင်ရေး တမျှ အရေးကြီးတဲ့ တာဝန်ဖြစ်ပါတယ်။ အဆုံးအဖြတ် တိမ်းစောင်းသွားပါက တိုင်းပြည်ဒုက္ခ ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် သမ္မတကို အထောက်အကူဖြစ်မယ့် ပုဂ္ဂိုလ်များ လိုအပ်လှပါတယ်။ အခြားနိုင်ငံအတော်များများမှာ ဒုတိယအကြီးအကဲများ ရွေးချယ်တင်မြှောက် ကြတာလည်း ရှိကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်မှာလည်း နိုင်ငံတော် သမ္မတကို ကူညီပံ့ပိုးပေးနိုင်မယ့် ဒုတိယသမ္မတများကိုလည်း ရွေးချယ်တင်မြှောက်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဒုတိယ သမ္မတများ ရွေးချယ်ပုံ စနစ်များကို အောက်ပါအတိုင်း အကြံပြု တင်ပြအပ်ပါတယ်—

(က) သမ္မတ ရွေးချယ် တင်မြှောက် ရေး အစုအဖွဲ့ သုံးဖွဲ့က ပထမဦးစွာ ဒုတိယ သမ္မတ တစ်ဦးစီကို လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများ ထဲက ဖြစ်စေ ရွေးချယ်တင်မြှောက်ကြရန်၊

(ခ) ဒုတိယ သမ္မတ များ အား နိုင်ငံတော်သမ္မတလောင်းများအဖြစ် သတ်မှတ်ရန်၊

(ဂ) ထိုဒုတိယ သမ္မတများသည် နိုင်ငံတော်သမ္မတ အတွက် သတ်မှတ် ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိကို ပြည်ထောင်စု လွှတ်တော်နဲ့ လွှတ်တော်နှစ်ရပ်ရဲ့ အကြီးအကဲနဲ့ဒုတိယ အကြီးအကဲများပါဝင်သော အဖွဲ့က စိစစ်ရန်။

ဒါ့အပြင် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင် အားလုံးပါဝင်တဲ့ တစ်နည်းအားဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးက နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြတဲ့ ဒုတိယ သမ္မတ သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်သော ဒုတိယ သမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ရန်နဲ့ ဆန္ဒမဲ အများဆုံး ရရှိသော ဒုတိယသမ္မတကို နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်တဲ့စနစ်ကျင့်သုံးရန်နဲ့နိုင်ငံတော်သမ္မတရွေးချယ် တင်မြှောက်ရေးနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ ဥပဒေကိုလည်းပြဋ္ဌာန်းရန်ဆိုတဲ့ အခြေခံမူ ချမှတ်ရန်ကိုလည်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်တင်ပြမှာကတော့ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီမယ့် နိုင်ငံတော် သမ္မတရဲ့ သက်တမ်း သတ်မှတ်ရေးပဲဖြစ်ပါတယ်။နိုင်ငံတော်ရဲ့စီးပွားရေး၊ အုပ်ချုပ်ရေး၊လူမှုရေးစတာတွေကိုအခြားနိုင်ငံများနဲ့ရင်ပေါင်တန်း လိုက်နိုင်ဖို့ အစွမ်းကုန်ကြိုးစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့နိုင်ငံသားတို့အတွက်အကျိုးရှိစေမယ့် လုပ်ငန်းများကို အချိန်ယူအကောင်အထည်ဖော်ပေးနိုင်ဖို့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ သက်တမ်းကို ၅ နှစ် သတ်မှတ်ပြီး၊ယင်းသက်တမ်းကုန်ဆုံးတဲ့အခါ နိုင်ငံတော်

သမ္မတအသစ် ရွေးချယ် တင်မြှောက်ပြီးတဲ့ အချိန်အထိ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများဟာမိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရန်လိုအပ်ပါမယ်။သို့ရာတွင် သမ္မတရာထူးသက်တမ်းကိုတော့ နှစ်ကြိမ်ထက် ပို၍ မထမ်းဆောင် သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒီနေရာမှာဖြည့်စွက်တင်ပြလိုတာကတော့သမ္မတတစ်ဦးဟာ အကြောင်းအမျိုးမျိုးကြောင့် သမ္မတတာဝန်ကို ထမ်းဆောင်ခြင်းမပြုနိုင်တဲ့အခါ ၎င်းရဲ့အစား သမ္မတအဖြစ်တာဝန်ပေးခြင်းခံယူရန် သမ္မတတစ်ဦးရှိလာနိုင်ပါတယ်။ အဲဒီလိုကြားဖြတ် သမ္မတတာဝန်ထမ်းဆောင်ရရင်အဲဒီကြားဖြတ်တာဝန်ထမ်းဆောင်မယ့် သမ္မတရဲ့ သက်တမ်းကို စဉ်းစား ရန်လိုအပ်ပါမယ်။ ဒီတော့ ကြားဖြတ် တာဝန်ထမ်းဆောင်ရတဲ့ သမ္မတဟာ မူလသမ္မတဟောင်းချမှတ်ခဲ့တဲ့ရည်မှန်းချက် များကိုသာ ဆက်လက် အကောင်အထည်ဖော်သူတစ်ဦးရဲ့ အနေ အထားမှာ ရှိနေပါမယ်။ ဒါ့အပြင် သူ့ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးအတွေ့အကြုံတွေပေါ်မှာ အခြေခံတဲ့စွမ်းရည်ကို တင်းပြည့်ကျပ်ပြည့် ပြသခွင့်ရနိုင်မှာမဟုတ်တာကိုဆင်ခြင်ဖို့လိုပါမယ်။ ဒီအချက်အပေါ်အခြေခံပြီး သူကိုယ်တိုင် အစမှအဆုံးတိုင် သမ္မတရဲ့တာဝန် ထမ်းဆောင်ခွင့် ရသော ကာလကိုသာသမ္မတသက်တမ်းတစ်ခုအဖြစ်ရေတွက်ပြီးအကြောင်းအမျိုးမျိုးကြောင့် သမ္မတရဲ့ တာဝန်ကို ယူရသောကာလကိုတော့ သမ္မတသက်တမ်းတစ်ခုလို့သတ်မှတ်ရန် မသင့်ကြောင်းတင်ပြလိုပါတယ်။ ဒီလိုမဟုတ်ဘဲကြားဖြတ်တာဝန်ယူရတဲ့ကာလကိုသမ္မတသက်တမ်းတစ်ခုလို့ သတ်မှတ်ခဲ့ရင် သမ္မတရဲ့ သက်တမ်းနှစ်ခုသာ ထမ်းဆောင်ခွင့် ရနိုင်တဲ့ သမ္မတလောင်းဟာနိုင်ငံတော် တာဝန်ထမ်းဆောင်ရေးကိစ္စမှာ တင်းပြည့်ကျပ်ပြည့် စွမ်းအားပြည့်တာဝန်ထမ်းဆောင်ခွင့်ရဖို့အခွင့်အလမ်း ဆုံးရှုံးစေနိုင်ပါတယ်။ဒါကြောင့်မမျှော်လင့်သော အခြေအနေ တစ်ရပ်ရပ်ကြောင့်ကြားဖြတ် တာဝန်ယူရသော သမ္မတ တာဝန်ထမ်းဆောင်ရတဲ့ကာလကို သမ္မတရဲ့သက်တမ်းတစ်ခုလို့ မသတ်မှတ်ရန် အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆွေးနွေး တင်ပြလိုတာက နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း တစ်ဦးအဖြစ် လည်းကောင်း မဖြစ်သင့်ပါ၊ အကယ်၍ လွှတ်တော် ကိုယ် စား လှယ် တစ်ဦး (သို့မဟုတ်)နိုင်ငံ့ ဝန်ထမ်းတစ်ဦးဟာတကယ့်အရည်အချင်းရှိပြီး သမ္မတတစ်ဦးရှိသင့်ရှိထိုက်တဲ့သတ်မှတ်ချက်များနဲ့ ပြည့်စုံလို့ ရွေးချယ်ခံရရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊နိုင်ငံ့ ဝန်ထမ်းအဖြစ်မှ လည်းကောင်း၊ နုတ်ထွက်စေသင့်ပါတယ်။ ထို့ပြင်ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီလိုက်နာကျင့်သုံးရာတွင်လည်း ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးစတဲ့ အာဏာ သုံးရပ်ကိုပိုင်းခြား၊ ခွဲခြားကျင့်သုံးရာမရောက်ဘဲ သမ္မတအနေဖြင့်ရောယှက် ဆောင် ရွက် ရာကျမှာ ဖြစ် ပါ တယ်။ ဒါကြောင့်နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများနဲ့ပတ်သက်ပြီးအောက်ပါ အခြေခံ မူများကို ချမှတ်ထားသင့်ကြောင်းတင်ပြအပ်ပါတယ်—

(က) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊

(ခ) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် လွှတ်တော်ကိုယ်စား လှယ်ဖြစ်လျှင် လွှတ်တော် ကိုယ်စား လှယ်အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ ဝန်ထမ်း အဖြစ်မှ လည်း ကောင်း၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများ အဖြစ် ရွေးချယ် တင် မြှောက် ခြင်း ခံရသည့် နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်း စား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည်နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင် ဖြစ်လျှင် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်း အတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း မပြုရ။

(ဃ) နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများ သည် လူမှုရေး အဖွဲ့ အစည်း သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော် သမ္မတသို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ် တင် မြှောက် ခြင်း ခံရသည့် နေ့မှစ၍ မိမိ တို့၏ ရာထူး သက်တမ်း အတွင်း ယင်း အဖွဲ့ အစည်း များ၏ လုပ်ငန်း များတွင် ပါဝင် ဆောင်ရွက် ခြင်းမပြုရ။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ ဖြစ်လာပါက တိုင်းပြည်အပေါ် သစ္စာရှိကြောင်း၊ တိုင်းရင်းသားပြည်သူများအကျိုးကို သယ်ပိုးထမ်းရွက်မည် ဖြစ်ကြောင်း ကတိသစ္စာ ပြုစေရန်လိုပါတယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများသည် အရည်အချင်းပြည့်ဝသူများ ဖြစ်သည့်အပြင် နိုင်ငံတော်အပေါ် သစ္စာရှိသူများလည်း ဖြစ်ရပါမည်။ တိုင်းပြည်တိုင်းမှာ အကြီးအကဲ များဟာ မင်းမှာသစ္စာ၊ လူမှာကတိဆိုသလို၊ ကတိသစ္စာကိုအလေးထားကြ ရပါတယ်။ အရွေးချယ်ခံရတဲ့ အကြီးအကဲတိုင်း ကတိသစ္စာ ပြုကြတာ တွေ့ရ ပါတယ်။ ကိုယ်ကျိုးမဘက် တိုင်းပြည်အကျိုးသက်သက်ထမ်းဆောင်ကြောင်းပေါ်လွင်နေစေရပါမယ်။ဒါ့အပြင် မိမိတို့၏ မူလပိုင်ဆိုင်မှုနှင့် တရားဝင် ဝင်ငွေများကို စာရင်း ဇယားများနှင့် အသိပေးတင်ပြ ထားသင့်ပါတယ်။ နိုင်ငံတော်သမ္မတနဲ့ဒုတိယသမ္မတများဟာ နိုင်ငံတာဝန်ကိုအချိန်ပြည့် ထမ်းဆောင်ရပြီး နိုင်ငံ ဦးသျှောင်ကြီးများ ဖြစ်သဖြင့် အခြား တိုင်းပြည်များရဲ့လေးစားမှုခံယူရတဲ့ အဆောင်အယောင်များ လစာစရိတ်များ၊ နေအိမ်များ ရှိဖို့လိုအပ်ပါတယ်။ နိုင်ငံတော် သမ္မတသို့မဟုတ် ဒုတိယ သမ္မတ များဟာ ဥပဒေနှင့်အညီ သတ်မှတ်ပေးထားတဲ့လစာနှင့်စရိတ်ကြေးငွေများ ရရှိခံစားပြီးဖြစ်သည့် အတွက် လစာနှင့်စရိတ်ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမှ လက်ခံခြင်းမပြုရန် လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ အခြား ဥပဒေ တို့က အပ်နှင်းထားတဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်များ ကျင့်သုံးနိုင်ဖို့ပြဋ္ဌာန်းပေးသင့်ပါတယ်။

ဒါကြောင့် အောက်ပါ အခြေခံမူများကိုလည်း ချမှတ်ပေးသင့်ကြောင်းတင်ပြအပ်ပါတယ်—

(က) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကတိသစ္စာပြုရန်နှင့်ယင်းသို့ကတိသစ္စာပြုပြီးမှ မိမိတို့ရာထူးတာဝန်များ စတင်ထမ်းဆောင်ရန်၊

(ခ) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည်လစာနှင့် စရိတ်ကြေးငွေရရှိသော အခြားမည်သည့် ရာထူးကိုမှလက်ခံခြင်း မပြုရန်၊

(ဂ) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်း ဖြစ်တဲ့ မိသားစုပိုင် မြေ၊ အိမ်၊ အဆောက်အဦ၊ စီးပွားရေး လုပ်ငန်း၊ စုငွေနှင့် အခြား အဖိုးတန်ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည် ထောင် စု လွှတ်တော် အကြီးအကဲထံ ပေးပို့ရန်၊

(ဃ) နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ သည် ဥပဒေနှင့် သတ်မှတ် ထားသော လစာစရိတ်နှင့် အဆောင်အယောင်များ ကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်သော အိမ်တော် တစ်ဆောင် စီ ကို လည်းကောင်း ရရှိစေရန်၊

(င) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် အခြားဥပဒေတို့က အပ်နှင်း ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်နိုင်စေရန်။

**သဘာဝပတိကြီးခင်များ။** ဆက်လက်ပြီးတော့ နိုင်ငံတော်သမ္မဘကိုဖြစ်စေ၊ ဒုတိယသမ္မတ တစ်ဦး ဦးကို ဖြစ်စေ စွပ်စွဲပြစ်တင်ခြင်းများနဲ့ ပတ်သက်၍ တင်ပြဆွေးနွေးပါမယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတတို့ကို တိုင်းပြည်အတွက် ထိခိုက်မှုမရှိစေရန် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးပြီး တစ်ခုနဲ့ တစ်ခု ထိန်းကျောင်းသွားမှာဖြစ်ပါတယ်။ ဤကဲ့သို့ ထိန်းကျောင်း ထားတဲ့ကြားကပင် မိမိ ရာထူးသိက္ခာနဲ့အညီ ကျင့်ကြံနေထိုင်ခြင်း မရှိကြလို့ အချို့နိုင်ငံများမှာ ပြစ်တင်ရှုတ်ချမှုများ ရှိခဲ့ပါ တယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတတို့ဟာ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို အစဉ်ခံယူကြရမှာဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေ က ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာဆောင်ရွက် ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အရေးအရာ များကို စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်သလို နိုင်ငံတော်ရဲ့ဂုဏ်ကျက်သရေကို ဆောင်တဲ့အကြီးအကဲလည်းဖြစ်တာကြောင့် မိမိတို့ရဲ့ နေထိုင်ပြောဆိုဆက်ဆံမှုစတဲ့ အကျင့်သိက္ခာအရာမှာ နိုင်ငံတော်က အားထားရတဲ့ အကြီးအကဲ ပုဂ္ဂိုလ်ရဲ့ အဆင့်နဲ့အညီ ကျင့်ကြံနေထိုင်ပြောဆိုဖို့ အရေးကြီး လှပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတတို့ဟာ သမ္မတ၊ ဒုတိယသမ္မတ စသည်ဖြင့် ရွေးချယ် ခံစဉ်မှာပဲ ဖြစ်စေ၊ ရွေးချယ် ခံရပြီးတဲ့ နောက်မှာဖြစ်စေ သမ္မတ၊ ဒုတိယသမ္မတ တစ်ဦးမှာ ရှိသင့်တဲ့အရည်အချင်းတွေနဲ့ပြည့်စုံနေတဲ့ပုဂ္ဂိုလ်ကြီး တွေဖြစ်ကြပါတယ်။ နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတ စသည်ဖြင့် ရွေးချယ်ခံရစဉ်က သမ္မတ၊ ဒုတိယ သမ္မတတစ်ဦးရဲ့ အရည်အချင်းများနဲ့ ပြည့်စုံနေပေ မယ့် ရွေးချယ်ခံရပြီးတဲ့နောက်မှ သမ္မတ၊ ဒုတိယ သမ္မတ ရာထူးထမ်းဆောင်နေစဉ် ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြဋ္ဌာန်းထားတဲ့ သမ္မတ၊ ဒုတိယသမ္မတ အရည်အချင်းများ ပျက်ယွင်းခြင်းများလဲ ဖြစ်ပေါ် တတ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတ တို့ဟာ အောက်ပါအကြောင်း တစ်ရပ်ရပ်ကို ဖောက်ဖျက် ခြင်း သို့မဟုတ် ပျက်ယွင်း ခြင်း ပေါ်ပေါက်ပါက စွပ်စွဲပြစ်တင်နိုင်ဖို့ အခြေခံမှု ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်—

(က) နိုင်ငံတော်ရဲ့ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်း ထားသော သမ္မတ၊ ဒုတိယ သမ္မတ၏ အရည်အချင်း ပျက်ယွင်းခြင်း။

အထက်ပါဖောက်ဖျက်မှု သို့မဟုတ် ပျက်ပြားမှု သို့မဟုတ် ပျက်ယွင်းမှု တစ်ရပ်ရပ် ပေါ်ပေါက်လာ ပါက မှန်/မမှန် စိစစ်နိုင်ဖို့၊ မှန်ကန်ပါက နိုင်ငံတော် သမ္မတ ဖြစ်စေကာမူ စွဲချက်တင် အရေးယူနိုင်ဖို့၊ မမှန်ပါက နစ်နာမှုမရှိစေရန် စိစစ်နိုင်ဖို့၊ ချေပနိုင်ခွင့် ပေးဖို့အတွက် အခြေခံမှုများ ချမှတ်ပေးသင့်ပါ တယ်။ အဆုံးအဖြတ်ကိုအဆင့်ဆင့်အတည်ပြုနိုင်ရေး တို့ကိုလည်းချမှတ်ပေးသင့်ပါတယ်။ ဒီတင်ပြချက်မှာ ထူးခြားချက်က အပိုဒ်ခွဲ (ဃ) ဖြစ်ပါတယ်။ ဒီအပိုဒ်

ထည့်သွင်း ရတာက တော့ သမ္မတ မဖြစ်မီ မှာ သတ်မှတ်တဲ့ အရည်အချင်း ပြည့်စုံနေပြီး၊ သမ္မတ ဖြစ်ပြီးမှ အခြေခံဥပဒေက ပြဋ္ဌာန်းတဲ့ အရည်အချင်း တစ်ရပ်ရပ် ပျက်ယွင်းခဲ့သော် ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတ များ အကျင့်စာရိတ္တပျက်ပြားခြင်း တို့အတွက် စွပ်စွဲ ပြစ်တင် ရှုတ်ချလိုလျှင် ဆောင်ရွက်နိုင်ဖို့ အောက်ပါ အခြေခံမူများ ချမှတ် သင့်ကြောင်း တင်ပြအပ်ပါတယ်—

(က) စွပ်စွဲချက် အနက် အားလုံး ကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်သော နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲပြစ်တင်ရန်ရှိလျှင် ထိုသို့ စွပ်စွဲ ပြစ်တင်ရန် ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သည့် လွှတ်တော် နှစ်ရပ်မှ လွှတ်တော် တစ်ရပ်ရပ်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးလေးပုံ တစ်ပုံက လက်မှတ် ရေးထိုးပြီး မိမိတို့ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံ တင်ပြရန်၊

(ခ) ထိုစွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူ ဆောင်ရွက်ရန်၊

(ဂ) လွှတ်တော် တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူ ဆောင်ရွက်ရန် ထောက်ခံလျှင် အခြား လွှတ်တော် တစ်ရပ်က ထိုစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ ဖွဲ့၍ စုံစမ်းစစ်ဆေးရန်၊

(ဃ) ထို စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးသော အခါ နိုင်ငံတော်သမ္မတက သို့မဟုတ် ဒုတိယ သမ္မတ က ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရန်၊

(င) စွပ်စွဲချက်ကို စုံစမ်း စစ်ဆေး ပြီးသည့် အခါ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသော သို့မဟုတ် စုံစမ်း စစ်ဆေး စေသော လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထို စွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသော ပြစ်မှုသည် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ထို လွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ တင်ပြပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲ က တင်ပြချက်ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးမှ ရပ်စဲကြောင်း ကြေညာရန်။

သို့သော်လည်း နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတတို့ဟာ အမျိုးသား ခေါင်းဆောင်ကြီးများ ဖြစ်တဲ့အပြင် နိုင်ငံတော် အကြီးအကဲများလည်း ဖြစ်ပါတယ်။ ကြီးလေးတဲ့ တာဝန်ကိုလည်း ထမ်းဆောင်နေရပါတယ်။ အဲ့ဒီလို ထမ်းဆောင်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ စွပ်စွဲခြင်းမှအပ နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတတို့အား တာဝန် သက်တမ်း ကာလအတွင်း တရားစွဲခွင့်မပြုနိုင်ရေးအတွက် ကာကွယ်ပေးထားရ ပါမယ်။ ဒါမှသာ သက်ဆိုင်ရာ ပုဂ္ဂိုလ်ဟာ လုပ်ရမည့် အလုပ်ကို ဖြောင့်ဖြောင့်ဖြူးဖြူး ရဲဝံ့စွာလုပ်ကိုင် နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ

ပြဋ္ဌာန်းချက်များနဲ့အညီ စွပ်စွဲပြစ်တင်ခြင်းမှ အပ ယင်းတို့ရဲ့ သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့် မရှိစေရဆိုတဲ့ အခြေခံမူကိုလဲ ချမှတ် သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများဟာ မိမိ သက်တမ်းအတွင်း အကြောင်း အမျိုးမျိုးကြောင့် တာဝန်မှ နုတ်ထွက် လိုသူများလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ တာဝန်များကို မိမိတို့ ရာထူး သက်တမ်း မကုန်ဆုံးမီ မိမိတို့ ဆန္ဒ အလျောက် နုတ်ထွက်လိုရင် နုတ်ထွက်ခွင့် ပြုသင့်ပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတတို့ဟာ ရာထူး သက်တမ်းကာလမှာ နုတ်ထွက်လို့ဖြစ်စေ၊ ကွယ်လွန်လို့ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်လို့ ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းများကြောင့် သမ္မတ၊ ဒုတိယ သမ္မတများ နေရာများ လစ်လပ်မှုများ ရှိနေနိုင်ပါတယ်။ အဲ့ဒီနေရာများကို အစားထိုး ခန့်အပ်နိုင်ရန် ပြန်လည်ရွေးကောက် တင်မြှောက်ဖို့ အတွက် အခြေခံမူ ချမှတ်ထားရန် လိုအပ်ပါတယ်။

အစားထိုး ခန့်အပ်နိုင်ရန်၊ ရွေး ကောက် တင်မြှောက်ဖို့အတွက်အခြေခံမူများ အောက်ပါအတိုင်း ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်—

(က) သက်တမ်းအတွင်း အကြောင်း တစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတနေရာ လစ်လပ်သည့်အတွက် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် အစားထိုးရွေးချယ်တင်မြှောက်ပါက ယင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ အသစ်၏သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်စေရန်၊

(ခ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် တာဝန်များကို မိမိတို့ ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိတို့၏ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုရန်၊

(ဂ) လစ်လပ်သွားသည့် နိုင်ငံတော် သမ္မတ ရာထူးအား ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်းပြီး—

(၁) နိုင်ငံတော်သမ္မတတစ်ဦးသည် မိမိ ရာထူးသက်တမ်း မကုန်ဆုံးမီ နုတ်ထွက်သောကြောင့် ဖြစ်စေ၊ ကွယ်လွန်သောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင် နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖြစ်စေ သမ္မတ ရာထူးနေရာ လစ်လပ်လျှင် ဒုတိယသမ္မတနှစ်ဦးအနက် နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက်စဉ်အခါက ဒုတိယ မဲ အများဆုံးရရှိသည့် ဒုတိယသမ္မတက နိုင်ငံတော်သမ္မတ၏ လုပ်ငန်းများ ရပ်ဆိုင်းမသွား စေရေးအတွက် ယာယီ သမ္မတ အဖြစ် ထမ်းဆောင်စေရန်။

(၂) နိုင်ငံတော်သမ္မတရာထူး လစ်လပ်သွားသည့်အခါ နိုင်ငံတော်သမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ရန် ရှိလာမည် ဖြစ်ပြီး နိုင် ငံ တော် သမ္မတရာထူး လစ်လပ်သွားသည့် အချိန်သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားသော နိုင်ငံတော် သမ္မတရာထူးကို (၇) ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက်ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ သော လျင်စွာ အကြောင်းကြားရန်၊

(၃) ယင်းကဲ့သို့ ယာယီ သမ္မတ၏ အကြောင်းကြားစာကို ရရှိသည့် အခါ လစ်လပ်သွားသည့် သမ္မတကို ဒုတိယသမ္မတအဖြစ် ဦး စွာ ရွေးချယ် တင်မြှောက်ပေးခဲ့သည့် သက်ဆိုင်ရာ သမ္မတရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးဦး ကို ရွေး ချယ် တင် မြှောက် ပေး ရေး အတွက် ပြည်ထောင်စုလွှတ်တော် အကြီးအကဲက ဆောင်ရွက်ပေးရန်၊

(၄) သက်ဆိုင်ရာသမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးဦးကို ရွေးချယ်တင်မြှောက်ပြီး ပါက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့်ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရန်၊

(၅) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပချိန် မ ဟုတ် လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲသည် ယာယီ သ မ္မ တ ၏ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စု လွှတ် တော် အစည်းအဝေးကို ခေါ်ယူပြီး လစ်လပ်သော နိုင်ငံတော် သမ္မတ ရာထူး ရွေး ချယ် တင် မြှောက် နိုင် ရေး အတွက် ဖော်ပြပါနည်းလမ်းများ အတိုင်း ဆောင်ရွက်ရန်၊

(ဃ) ဒုတိယသမ္မတတစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ ရာထူးမှ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန် သောကြောင့်ဖြစ်စေ၊ ရာထူးမှရပ်စဲခြင်း ခံရသောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်စေ ဒုတိယသမ္မတရာထူး နေရာလစ်လပ်လျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန် ဖြစ်ပါက ယင်း ဒုတိယ သမ္မတကို ရွေးချယ်တင်မြှောက် ပေးခဲ့သည့် ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က (၇) ရက်အတွင်း ဒုတိယသမ္မတ တစ်ဦး ရွေးချယ်တင်မြှောက် ပေးရေး အတွက် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံသို့ ဆောလျင်စွာ အကြောင်းကြားရန်၊

(င) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော်အကြီးအကဲသည် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာ ရရှိသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ခေါ်ယူ၍ သက်ဆိုင်ရာ သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက် ပေးရန်

တို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက် ဖော်ပြပါ အခြေခံမူများဟာ နိုင်ငံ့ဝန်ထမ်း ကိုယ်စား လှယ်များ အစုအဖွဲ့ရဲ့ နိုင်ငံတော် အကြီးအကဲခေါင်းစဉ်နဲ့စပ်လျဉ်းပြီး ပါဝင်ရမယ့် အခြေခံမူများအဖြစ် တင်ပြထားခြင်း ဖြစ် ပါတယ်။ ဆက် လက် ပြီး ခေါင်းစဉ် (၃)ခုမှာပါဝင်ရမယ့် အခြေခံမူအားလုံးကို စုစည်းပြီး နိဂုံးချုပ်အပိုင်းကို နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်တစ်ဦးက ဆက်လက်တင်ပြသွားမှာ

ဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ဒုတိယ ဗိုလ်မှူးကြီး တင်ခအား ဖတ်ကြားတင်ပြဖို့ဖိတ်ခေါ် အပ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးတင်ခ** ( နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့)။ လေးစားအပ်တဲ့ သဘာပတိကြီး၊ သဘာပတိအဖွဲ့ဝင်များနဲ့ အမျိုး သားညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး တင်ခ ဖြစ်ပါတယ်။ ကျွန်တော်တို့အစုအဖွဲ့အနေနဲ့ နိုင်ငံတော်၊ နိုင်ငံ တော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီး အကဲ ခေါင်းစဉ်ကြီးများတွင် ထည့်သွင်းရမယ့် အခြေခံမူများကို ရှင်းလင်းချက်များနဲ့တကွ တင်ပြ ခဲ့ကြပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ အဲဒီရှင်းလင်းတင်ပြချက်များမှာ ခေါင်းစဉ်အလိုက် အခြေခံရမယ့် အခြေခံမူများကို ကောက်နုတ်တင် ပြပြီး နိဂုံးချုပ်ပိုင်း တင်သွင်းရန် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်အခန်းနဲ့ ပတ်သက်ပြီး၊ ကျွန်တော်တို့အစုအဖွဲ့က တင်ပြခဲ့တဲ့ အခြေခံမူများကတော့—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ ပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဟု ခေါ်တွင်မည်။

(၃) နိုင်ငံတော်၏အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံ တော်တစ်ဝန်းလုံးမှာ တည်သည်။

(၄) နိုင်ငံတော်၏နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်

ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အခန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ အစုအဖွဲ့က တင်ပြခဲ့တဲ့ အခြေခံမူများကတော့—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

(၂) နိုင်ငံတော်ကို အောက်ပါတိုင်း ဒေသ ကြီး( Region ) (၇) ခုနှင့် ပြည်နယ် ( State ) (၇) ပြည်နယ်ဖြင့် ခေါ်ဆို ပိုင်းခြား သတ်မှတ်သည်—

(က) ကချင်ပြည်နယ်
(ခ) ကယားပြည်နယ်
(ဂ) ကရင်ပြည်နယ်
(ဃ) ချင်းပြည်နယ်
(င) စစ်ကိုင်းတိုင်း ဒေသကြီး
(စ) တနင်္သာရီတိုင်း ဒေသကြီး
(ဆ) ပဲခူးတိုင်း ဒေသကြီး
(ဇ) မကွေးတိုင်းဒေသကြီး
(ဈ) မန္တလေးတိုင်းဒေသကြီး
(ည) မွန်ပြည်နယ်
(ဋ) ရခိုင်ပြည်နယ်
(ဌ) ရန်ကုန်တိုင်းဒေသကြီး
(ဍ) ရှမ်းပြည်နယ်
(ဎ) ဧရာဝတီတိုင်းဒေသကြီး

(၃) ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တို့သည် အဆင့်အတန်း တူညီကြသည်။

(၄) ဗဟိုအစိုးရ ရုံးစိုက်သည့် ရန်ကုန်မြို့တော် အား နိုင်ငံတော် သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေ အဖြစ် သတ်မှတ်သည်။ ရန်ကုန်မြို့တော် အား နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်

အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေ အဖြစ် သတ်မှတ်ပါက ရန်ကုန်မြို့တော်၏ နယ်မြေ အကျယ်အဝန်းအား သတ်မှတ်ပေးရန်နှင့် ကျန်ရန်ကုန်တိုင်းဒေသကြီး၏ နယ်မြေအကျယ်အဝန်းနှင့် အမည်အခေါ်အဝေါ်အား ဖွဲ့စည်းပုံ အခြေခံဥပဒေရေး ဆွဲ ပြဋ္ဌာန်း ပြီး သည့် နောက် တွင်မှ ဆွေးနွေးကြရန်ဖြစ်သည်၊

(၅) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်အား နိုင်ငံတော် သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်သည်၊

(၆) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ထူးခြားမှုရှိသော ဒေသများအား လိုအပ်လျှင် ဥပဒေ ပြဋ္ဌာန်းပြီး နိုင်ငံတော် သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်ရှိ ပြည် ထောင် စု နယ် မြေ များ အ ဖြစ် သတ်မှတ်နိုင်သည်၊

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်သည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန် တိုင်း ရင်း သား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေ ရှိပြီး နယ်မြေတစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးသည်၊

(၈) ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အ ကျယ် အ ဝန်း အ ပေါ် အ ခြေ ပြု ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးမည်၊

(၉) လူမျိုးစု တစ်စုသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုခု၌ သတ်မှတ်ရရှိပြီး ဖြစ်ပါက အခြားသော ပြည်နယ်များ သို့မဟုတ် တိုင်းဒေသကြီးများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ထပ်မံသတ်မှတ်ခြင်း မပြုရ၊

(၁၀) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှ သတ်မှတ်ပေးထားသည့် အတိုင်းရှိရမည်။ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်းမှာ ခရိုင်နှင့် မြို့နယ်များပါရှိမည်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လောက် အဆင့် မမြင့်သော်လည်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိသည့် ခရိုင်အဆင့်တွေထက် အဆင့်မြင့်ကြောင်း သတ်မှတ်သည်။ အနည်းဆုံးခရိုင် နှစ်ခရိုင် ရှိသင့်သည်ဟု သတ်မှတ်ရန်၊

(၁၁) ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဆင့်လောက် မမြင့်သော်လည်း ခရိုင်အဆင့်ထက် မနိမ့်သည့် ဒေ သ တွင် တစ် စု တစ် စည်းတည်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အဖြစ် သတ်မှတ်ပေးမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသည် အနည်းဆုံး မြို့နယ် နှစ်မြို့နယ် သို့မဟုတ် သုံးမြို့နယ်ခန့် ပါရှိသင့်သည်ဟု သာတ်မှတ်ရန်၊

(၁၂) တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ မြို့တော်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ တွင် မပါဝင်စေရန်၊

(၁၃) တိုင်းရင်းသား လူမျိုးတစ်မျိုးဟာ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နီးစပ်နေတဲ့ မြို့နယ်နှစ်ခုမှာ အဆက်အစပ် အနည်းငယ်ကွာဟ နေပါက တစ်ဆက် တစ်စပ်တည်းဖြစ်အောင် စီမံခန့်ခွဲမှု နည်းအရ စုစည်းခွင့်ရှိစေရန်၊

(၁၄) နိုင်ငံတော်ကို—

- ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ်လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ် အဖြစ်လည်းကောင်း၊
- ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊
- မြို့နယ်များကို ခရိုင်အဖြစ် လည်းကောင်း၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်း ရှိမြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ်လည်းကောင်း စုစည်း သတ်မှတ်သည်၊

(၁၅) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီး များ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်း အခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်စေရန်၊

(၁၆) နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာပါက နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု လွှတ်တော် အကြီးအကဲ ထံသို့ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်ရေး အတွက် ပြည်ထောင်စု လွှတ်တော်၏ သဘောထားကို ရယူပေးရန် အကြောင်း ကြားရမည်။ ပြည်ထောင်စု လွှတ်တော် သည် နိုင်ငံတော် သမ္မတ၏ အကြောင်း ကြားစာ ရရှိသည်နှင့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၏ ဆန္ဒကို အောက်ပါ အတိုင်း ရယူ ဆောင်ရွက်ရမည်—

- တိုင်းဒေသကြီးများနှင့် ပြည်နယ်များ မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရန်၊
- လူဦးရေကို အခြေခံ ရွေးကောက် တင်မြှောက် ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရဲ့ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရန်၊
- အဲဒီ လွှတ်တော် နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသ

ကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူ၍ နိုင်ငံတော်သမ္မတက ပြင်ဆင် သတ်မှတ် ပေးရန်၊

– လွှတ်တော် တစ်ရပ်ရပ်က ဖြစ်စေ၊ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များက ဖြစ်စေ သဘောမတူကြောင်းဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်၏ သဘောထားကို ရယူပြီးပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံ သုံးပုံနှင့် အထက်က ထောက်ခံလျှင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ရန်၊

(၁၇) တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရန်အကြောင်း ပေါ်ပေါက်ပါက—

(က) ထိုနယ်နိမိတ်နှင့် အကျုံးဝင်သည့် နယ်မြေအတွင်း နေထိုင်ကြသော မဲဆန္ဒရှင်များ၏ ဆန္ဒသဘောထားကိုရယူရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေစုစုပေါင်း၏ထက်ဝက်ကျော်ကထောက်ခံဆန္ဒမဲမရလျှင် ထိုနယ်နိမိတ်ပြင်ဆင် သတ်မှတ်ခြင်းကို လုံးဝဆောင်ရွက်ခြင်း မပြုရန်၊

(ခ) ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူ ဦးရေစုစုပေါင်း၏ ထက်ဝက် ကျော်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံ ဆန္ဒမဲပေးလျှင် ထိုနယ်နိမိတ်နှင့် အကျုံးဝင်သော သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒရယူရန်၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး၏ သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက် ထောက်ခံ ဆန္ဒမဲရလျှင် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ရယူပြီး နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်နိုင်ခွင့်ရှိစေရန်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ရန် သဘောမတူကြောင်းဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ၏ လေးပုံသုံးပုံနှင့် အထက်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံ ဆန္ဒမဲ ပေးလျှင် နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် ပေးနိုင်ခွင့် ရှိစေရန်၊

(၁၈) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေး အာဏာပိုင်က

နိုင်ငံတော် သမ္မတထံ ထောက်ခံတင်ပြ၍ နိုင်ငံတော် သမ္မတသည် လိုအပ်သလို ဆောင်ရွက်နိုင်ခွင့် ရှိစေရန်၊

(၁၉) တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်၏ အမည်ကို ပြောင်းလဲသတ်မှတ် လို လျှင် ဆက် ဆိုင် ရာ တိုင်း ဒေ သ ကြီး သို့မဟုတ် ပြည်နယ် အတွင်း နေထိုင်ကြ သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသား များ၏ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်ရေး ဆောင်ရွက်ခွင့် ရှိစေရန်၊

(၂၀) ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ ဒေသ များ၏ အမည်ကို ပြောင်းလဲ သတ်မှတ် လိုလျှင် သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့် ရှိသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် အမည်ပြောင်းလဲ သတ်မှတ်ခွင့် ရှိစေရန်

ဖြစ်ပါတယ်၊ အဲဒီအခြေခံမူများထဲမှာ ကျွန်တော်တို့ အစုအဖွဲ့ အနေဖြင့် သီးခြား အကြံပြုထားတဲ့—

ပထမတင်ပြချက်ကတော့ အမှတ်စဉ်(၄)ဖြစ်ပါ တယ်၊ အဲဒီထဲမှာ ပြည်ထောင်စုနယ်မြေသတ်မှတ်တဲ့ ရန်ကုန်မြို့တော်ရဲ့ အကျယ်အဝန်း သတ်မှတ်ရေး၊ ရန်ကုန်တိုင်းဒေသကြီးရဲ့ နယ်မြေအကျယ်အဝန်းနဲ့ အခေါ်အဝေါ် သတ်မှတ်ရေးဖြစ်ပါတယ်။

ဒုတိယတင်ပြချက်ကတော့ "လူမျိုးစုတစ်စုသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကိုပြည်နယ် သို့မဟုတ် တိုင်းဒေသ ကြီးတစ်ခုခုတွင် သတ်မှတ်ရရှိပြီးဖြစ်ပါက အခြား သောပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ထပ်မံသတ်မှတ်ခြင်း မပြုရန်ဖြစ်ပါ တယ်။

တတိယတင်ပြချက်ကတော့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသရဲ့ အရွယ်အစားကိုအနည်းဆုံးမြို့နယ်(၂) မြို့နယ် သို့မဟုတ် (၃)မြို့နယ်ခန့် ပါရှိသင့်ကြောင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၏ အရွယ်အစားကို အနည်းဆုံးခရိုင်(၂)ခရိုင်ရှိသင့်ကြောင်း တင်ပြချက် များဖြစ်ပါတယ်။

စတုတ္ထတင်ပြချက်ကတော့ တိုင်းဒေသကြီးများ နှင့် ပြည်နယ်မြို့တော်များအား ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် မပါဝင်စေရေးအတွက် တင်ပြထားပါတယ်။

ပဉ္စမတင်ပြချက်ကတော့ တိုင်းရင်းသားလူမျိုး တစ်မျိုးဟာ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နီးစပ်နေတဲ့ မြို့နယ်နှစ်ခုမှာ အဆက်အစပ်အားဖြင့် အနည်းငယ်ကွာဟနေပါက တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် စီမံခန့်ခွဲမှုနည်းအရ စုစည်းခွင့်ရှိစေရန် ဆိုတဲ့အချက်များဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ အစု အဖွဲ့အနေနဲ့ နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်နဲ့ ပတ်သက်လို့ တင်ပြခဲ့တဲ့ အခြေခံမူတွေကတော့—

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော် သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင် မြှောက်ရေးအဖွဲ့ဖြင့်ရွေးချယ်တင်မြှောက် သည်၊

(၃) နိုင်ငံတော်သမ္မတသည်နိုင်ငံတော်ကို ကိုယ် စားပြုသည်၊

(၄) နိုင်ငံတော်သမ္မတသည် နိုင်ငံသား အား လုံးရဲ့ အမျိုးသား ခေါင်းဆောင်ဖြစ် သည်၊

(၅) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု မြန် မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသား အားလုံးရဲ့ အထွတ်အထိပ်နေရာ ရရှိသည်၊

(၆) နိုင်ငံတော်သမ္မတဟာနိုင်ငံရေး၊ အုပ်ချုပ် ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်

ရေးရာများနဲ့ စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက်ပြတ်သားစွာဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်တယ်ဆိုတဲ့ အရည်အချင်းသတ်မှတ်ချက်အခြေခံမူလည်း ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်၊

(၇) နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်နဲ့နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမယ်ဆိုတဲ့အခြေခံမူနဲ့ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိရဲ့ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိရဲ့ဇနီးသို့မဟုတ်ခင်ပွန်းသော်လည်းကောင်း၊ မိမိရဲ့တရားဝင်သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင်သားသမီးတစ်ဦးဦးရဲ့ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရရဲ့ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရရဲ့ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါးရဲ့ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများဟာနိုင်ငံခြားအစိုးရရဲ့ လက် အောက် ခံ ဖြစ် သူ သော်လည်းကောင်း၊ တိုင်းတစ်ပါးရဲ့နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနဲ့ ကျေးဇူးခံစားခွင့်များကိုခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေရ၊

(၈) နိုင်ငံတော်သမ္မတရဲ့ နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး မိမိနဲ့မိမိရဲ့ မိဘနှစ်ပါးစလုံးနိုင်ငံတော်ရဲ့အာဏာပိုင်နက်အတွင်း မွေးဖွားသော တိုင်းရင်းသားမှဖြစ်တဲ့ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၉) နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရ နိုင်ငံခြားတိုင်းပြည်များတွင်ရောက်ရှိနေသောတိုင်းရင်းသားမှဖြစ်တဲ့ နိုင် ငံ သား မိ ဘနှစ်ပါးမှ နိုင်ငံခြားတွင်မွေးဖွားတဲ့ နိုင်ငံသားများကို နိုင်ငံတော်ရဲ့အာဏာပိုင်နက်အတွင်းမွေးဖွားသူဟုမှတ်ယူသင့်ကြောင်းကိုလည်း အကြံပြု တင်ပြအပ်ပါတယ်။



(၁၀) နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံ ရ တဲ့ အ ချိန် နဲ့ တစ်ဆက်တည်း အနည်းဆုံး အနှစ်(၂၀) နိုင်ငံတော်မှာ အခြေချနေထိုင်ခဲ့သူဖြစ်ရမည်လို့ သတ်မှတ်ရန် အကြံပြုတင်ပြအပ်ပါတယ်။ ထို့အပြင် နိုင်ငံတော်ရဲ့တာဝန်ပေးချက်အရ နိုင်ငံခြားတိုင်းပြည်များမှာ သွားရောက် တာဝန်ထမ်းဆောင် နေရတဲ့ ကာလကိုလည်း နိုင်ငံတော်မှာ တစ်ဆက်တည်း နေထိုင်တဲ့ ကာလလို့ သတ်မှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

(၁၁) နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူရဲ့ အသက်ကိုအနည်းဆုံး (၄၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်လို့ အခြေခံမူ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

(၁၂) နိုင်ငံတော် သမ္မတဟာ လွှတ်တော်ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့အရည်အချင်းများအပြင် နိုင်ငံတော် သမ္မတအတွက် သီးခြားသတ်မှတ်ထားတဲ့အရည်အချင်းများနဲ့လည်း ပြည့် စုံ ရ မယ် လို့ သတ်မှတ်ရန် အကြံပြုတင်ပြအပ်ပါတယ်၊

(၁၃) သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဟာ ပြည်ထောင်စုလွှတ်တော်မှာပါဝင်တဲ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို အဖွဲ့ဝင်များဖြစ်တယ်လို့ သတ်မှတ်ဖို့နဲ့ ဒီအဖွဲ့ဝင်များအားလုံး အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်၊

(၁၄) သမ္မတရွေးချယ်ရေးအစုအဖွဲ့(၁)ကို တိုင်းဒေသကြီးနဲ့ပြည်နယ်များမှကိုယ်စားလှယ်ဦးရေတူညီစွာရွေးကောက်တင်မြှောက်တဲ့လွှတ်တော်ရဲ့ ရွေးကောက် တင်မြှောက်ခြင်း ခံရတဲ့ ကိုယ် စား လှယ် များ နဲ့

လည်းကောင်း၊ အစုအဖွဲ့(၂)ကို လူဦးရေကို အခြေခံ ရွေးချယ် တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက် တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ အစုအဖွဲ့ (၃) ကို ဖော်ပြပါ လွှတ်တော်နှစ်ရပ် အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနဲ့ လည်းကောင်း ဖွဲ့စည်းရန်အကြံပြုတင်ပြအပ်ပါတယ်၊

(၁၅) သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့ (၃)ဖွဲ့က ပထမဦးစွာဒုတိယသမ္မတတစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်တင်မြှောက်ကြရန်၊

(၁၆) ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတလောင်းများအဖြစ်သတ်မှတ်ရန်၊

(၁၇) ထိုဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိကို ပြည်ထောင်စုလွှတ်တော်နဲ့ လွှတ်တော်နှစ်ရပ်ရှိအကြီးအကဲနဲ့ ဒုတိယအကြီးအကဲများပါဝင်သောအဖွဲ့က စိစစ်ရန်၊

(၁၈) ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံးက နိုင်ငံတော် သမ္မတလောင်းများဖြစ်ကြတဲ့ ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သော ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် 'ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ရန်နဲ့ ဆန္ဒမဲအများဆုံး ရရှိသော ဒုတိယသမ္မတကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်တဲ့ စနစ်ကျင့်သုံးရန်နဲ့ နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေကိုလဲပြဋ္ဌာန်းရန်ဆိုတဲ့ အခြေခံမူ ချမှတ်ရန်ကိုလဲ အကြံပြုတင်ပြအပ်ပါတယ်၊

(၁၉) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ သက်တမ်းကို(၅)နှစ်သတ်မှတ်ပြီး၊ ယင်းသက်တမ်း ကုန်ဆုံးတဲ့အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ် တင် မြှောက်ပြီးတဲ့အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ မိမိတို့၏လုပ်ငန်းတာဝန်များကိုဆက်လက်ထမ်းဆောင်ရန်၊ သို့ရာတွင် သမ္မတရာထူးသက်တမ်းကို နှစ်ကြိမ်ထက်ပို၍ မထမ်းဆောင်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်၊

(၂၀) မမျှော်လင့်သော အခြေအနေတစ်ရပ်ရပ်ကြောင့် ကြားဖြတ် တာဝန် ယူရသော သမ္မတတာဝန်ထမ်းဆောင်ရတဲ့ ကာလကို သမ္မတရဲ့သက်တမ်းတစ်ခုလို့ မသတ်မှတ်ရန် အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်၊

(၂၁) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊

(၂၂) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ် တော် ကိုယ် စား လှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ ဝန်ထမ်းအဖြစ်မှ လည်းကောင်း၊ နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍နုတ်ထွက် သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟုမှတ်ယူရမည်၊

(၂၃) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်

မြောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ၊

(၂၄) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လူမှုရေးအဖွဲ့အစည်း သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် နေ့မှစ၍ မိမိတို့၏ရာထူးသက်တမ်းအတွင်း ယင်းအဖွဲ့အစည်းများ၏လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုရ၊

(၂၅) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကတိသစ္စာပြုရန်နှင့် ယင်းသို့ကတိသစ္စာပြုပြီးမှမိမိတို့ရာထူး တာဝန်များ စတင် ထမ်းဆောင်ရန်၊

(၂၆) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လစာနှင့် စရိတ်ကြေးငွေရရှိသော အခြားမည်သည့်ရာထူးကိုမှ လက်ခံခြင်းမပြုရန်၊

(၂၇) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန်ပစ္စည်းများကိုတန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ပေးပို့ရန်၊

(၂၈) နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများသည်ဥပဒေနှင့်သတ်မှတ်ထားသောလစာ၊ စရိတ်နှင့် အဆောင်အယောင်များကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်သော အိမ်တော်တစ်ဆောင်စီကို လည်းကောင်း ရရှိစေရန်၊

(၂၉) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များသည်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေတို့က အပ်နှင်းထားသောတာဝန် ငှလုပ်ပိုင်ခွင့်များကိုကျင့်သုံးထမ်းဆောင်နိုင်စေရန်၊

(၃၀) နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတတို့ဟာအောက်ပါအကြောင်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ပျက်ယွင်းခြင်း ပေါ်ပေါက်ပါက စွပ်စွဲပြစ်တင်နိုင်ဖို့ အခြေခံမူချမှတ် သင့်ကြောင်းအကြံပြုတင်ပြအပ်ပါတယ်—

(က) နိုင်ငံတော်ရဲ့ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေမှပြဋ္ဌာန်းထားသောသမ္မတ၊ ဒုတိယသမ္မတ၏အရည်အချင်း ပျက်ယွင်းခြင်း၊

(၃၁) စွပ်စွဲချက် အနက် အားလုံးကို ဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ၊ ဖောက်ဖျက် ကျူးလွန်သော နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲ ပြစ်တင်ရန်ရှိလျှင်၊ ထိုသို့ စွပ်စွဲ ပြစ်တင်ရန် ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သည့်လွှတ်တော် နှစ်ရပ်မှ လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံတင်ပြရန်၊

(၃၂) ထိုစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း

ဦးရေအနက် အနည်းဆုံးသုံးပုံ နှစ်ပုံက ထောက်ခံမှသာ ဆက်လက် အရေးယူ ဆောင်ရွက်ရန်၊

(၃၃) လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ရန်ထောက်ခံလျှင် အခြား လွှတ်တော်တစ်ရပ်က ထိုစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးစေရန်၊

(၃၄) ထိုစွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးသောအခါ နိုင်ငံတော်သမ္မတက သို့မဟုတ် ဒုတိယသမ္မတကကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ချေပခွင့်ပေးရန်၊

(၃၅) စွပ်စွဲချက်ကို စုံစမ်း စစ်ဆေး ပြီးသည့်အခါ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသော သို့မဟုတ် စုံစမ်းစစ်ဆေးစေသော လွှတ်တော်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ အနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသောပြစ်မှုသည်နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့် ကြောင်း ဆုံးဖြတ်လျှင် ထိုလွှတ်တော်ကပင် ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံတင်ပြပြီး၊ ပြည်ထောင်စု လွှတ်တော် အကြီးအကဲက တင်ပြချက်ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးမှ ရပ်စဲကြောင်း ကြေညာရန်၊

(၃၆) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ယင်းတို့ရဲ့ သက်တမ်းကာလအတွင်း တရားစွဲဆို ပိုင်ခွင့်မရှိစေရဆိုတဲ့အခြေခံမူကိုလည်း ချမှတ်သင့် ကြောင်း အကြံပြု တင်ပြ အပ်ပါတယ်၊

(၃၇) အစားထိုး ခန့်အပ်နိုင်ရန် ရွေးကောက်တင်မြှောက်ဖို့ အတွက် အခြေခံ မူများ အောက်ပါအတိုင်း ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်—

(က) သက်တမ်း အတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ နေရာလစ်လပ်သည့်အတွက် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ်အစားထိုးရွေးချယ်တင်မြှောက်ပါက ယင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ အသစ်၏ သက်တမ်း ကို မူလ သက်တမ်း ကုန်ဆုံး သည် အထိသာ ဖြစ်စေရန်၊

(ခ) နိုင်ငံ တော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် တာဝန်များကို မိမိတို့ရာထူး သက်တမ်းမကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက် လိုလျှင် နုတ်ထွက်ခွင့်ပြုရန်၊

(ဂ) လစ်လပ် သွား သည့် နိုင်ငံတော်သမ္မတ ရာထူး အား ရွေး ချယ်တင် မြှောက် ရေး နှင့် စပ်လျဉ်းပြီး—

(၁) နိုင်ငံတော်သမ္မတ တစ်ဦးသည် မိမိရာထူးသက်တမ်းမကုန် ဆုံးမီ နုတ် ထွက်သော ကြောင့် ဖြစ်စေ၊ ကွယ်လွန် သော ကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်း

ဆောင်နိုင် သောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်စေ သမ္မတရာထူး နေရာ လစ် လပ် လျှင် ဒုတိယ သမ္မတနှစ်ဦး အနက် နိုင်ငံတော် သမ္မတ ရွေးချယ်တင်မြှောက်စဉ် အခါက ဒုတိယ မဲအများ ဆုံးရရှိသည့် ဒုတိယ သမ္မတ က နိုင်ငံတော် သမ္မတ၏ လုပ်ငန်းများ ရပ်ဆိုင်းမသွားစေရေး အတွက် ယာယီ သမ္မတ အဖြစ် တမ်းဆောင်စေရန်၊

(၂) နိုင်ငံတော် သမ္မတ ရာထူး လစ်လပ် သွားသည့်အခါ နိုင်ငံတော်သမ္မတ တစ်ဦး ကို ရွေးချယ် တင်မြှောက်ရန်ရှိ လာ မည် ဖြစ်ပြီး နိုင်ငံတော် သမ္မတ ရာထူး လစ်လပ်သွားသည့်အချိန်သည်ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်းပ နေချိန် ဖြစ်လျှင် လစ်လပ် သွားသော နိုင်ငံတော်သမ္မတရာထူးကို(၇) ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက်ယာယီသမ္မတ က ပြည် ထောင်စု လွှတ်တော် အကြီး အကဲထံ ဆောလျင်စွာအကြောင်းကြားရန်၊

(၃) ယင်းကဲ့သို့ ယာယီသမ္မတ၏အကြောင်းကြားစာကို ရရှိသည့် အခါ လစ်လပ်သွားသည့် သမ္မတ ရာထူးကိုဒုတိယသမ္မတအဖြစ် ဦးစွာရွေး ချယ်တင်မြှောက်ပေးခဲ့သည့် သက်ဆိုင်ရာ သမ္မတ ရွေး ချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတက တစ်ဦးဦးကို ရွေးချယ်တင်မြှောက်ပေး ရေး အတွက် ပြည်ထောင်စု လွှတ် တော် အကြီး အကဲက ဆောင်ရွက်ပေးရန်၊

(၄) သက်ဆိုင်ရာ သမ္မတ ရွေး ချယ် တင်မြှောက်ရေးအစုအဖွဲ့ကဒုတိယသမ္မတ တစ်ဦးကိုရွေးချယ်တင်မြှောက်ပြီးပါက ပြည် ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတသုံးဦးအနက်မိမိတို့ ကြိုက်နှစ်သက် သည့်ပုဂ္ဂိုလ်ကို နိုင်ငံတော် သမ္မတအဖြစ် ရွေး ချယ် တင်မြှောက်ရန်၊

(၅) ပြည်ထောင်စုလွှတ်တော် အစည်း အဝေး ကျင်းပချိန် မဟုတ် လျှင် ပြည်ထောင်စု လွှတ် တော် အကြီးအကဲသည် ယာယီ သမ္မတ ၏ အကြောင်းကြား စာ ရရှိသည့် နေ့မှစ၍ (၂၁) ရက် အတွင်း ပြည် ထောင် စု လွှတ် တော် အစည်း အဝေးကို ခေါ်ယူပြီးလစ် လပ်သော နိုင်ငံ တော်သမ္မတ ရာထူး

ရွေးချယ် တင်မြှောက်နိုင်ရေး အတွက် ဖော်ပြပါ နည်းလမ်း များ အတိုင်း ဆောင်ရွက်ရန်၊

(ဃ) ဒုတိယ သမ္မတ တစ်ဦးဦး သည် ရာထူး သက်တမ်း မကုန် ဆုံး မီ ရာထူးမှ နုတ်ထွက်သောကြောင့် ဖြစ်စေ၊ ကွယ်လွန် သောကြောင့် ဖြစ်စေ၊ ရာထူးမှ ရပ်စဲခြင်း ခံရသောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင် နိုင်သောကြောင့် ဖြစ် စေ၊ တစ်စုံ တစ် ခု သော အကြောင်း ကြောင့် ဖြစ် စေ ဒုတိယသမ္မတရာထူး နေရာ လစ်လပ်လျှင် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကျင်းပ ချိန် ဖြစ်ပါက ယင်းဒုတိယသမ္မတ ကို ရွေးချယ်တင်မြှောက်ပေးခဲ့သည့် ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က (၇) ရက်အတွင်း ဒုတိယ သမ္မတ တစ်ဦး ရွေးချယ် တင်မြှောက် ပေးရေးအတွက် နိုင်ငံတော် သမ္မတက ပြည်ထောင်စု လွှတ်တော် အကြီး အကဲ ထံသို့ ဆောလျင်စွာ အကြောင်း ကြား ရန်၊

(င) ပြည် ထောင် စု လွှတ် တော် အစည်း အဝေး ကျင်းပ ချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော် အကြီး အကဲ သည် နိုင်ငံတော်သမ္မတ၏အကြောင်းကြားစာရရှိသည့်နေ့မှစ၍ (၂၁) ရက် အတွင်းပြည်ထောင်စုလွှတ်တော် အစည်း အဝေးကို ခေါ် ယူ၍ သက်ဆိုင်ရာသမ္မတရွေးချယ်တင် မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေးချယ် တင် မြှောက်ပေးရန်

တို့ ဖြစ်ပါတယ်။

ဒီအခြေခံမူ (၁၇) ချက်မှာ ကျွန်တော်တို့အစုအဖွဲ့အနေဖြင့် သီးခြားအကြံပြုထားတဲ့—

ပထမတင်ပြချက်ကတော့ အခြေခံမူတင်ပြချက် (၇)မှာ တိုအစိုးရ၏ နိုင်ငံသား ဆိုသည့် စကားရပ်အစား "တိုင်းတစ်ပါးရဲ့နိုင်ငံသား" လို့သုံးစွဲဖို့တင်ပြချက် ဖြစ်ပါတယ်။

ဒုတိယတင်ပြချက်ကတော့ မမျှော်လင့် သော အခြေအနေအရပ်ရပ်ကြောင့် ကြားဖြတ်တာဝန်ယူရသော သမ္မတတာဝန် ထမ်းဆောင်ရတဲ့ ကာလကို သမ္မတရဲ့ သက်တမ်း တစ်ခုလို့ မသတ်မှတ်ရန် ဖြစ်ပါတယ်။

တတိယ တင်ပြချက်ကတော့ အခြေခံမူ အမှတ်စဉ်(၂၄) "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လူမှုရေးအဖွဲ့အစည်း သို့မဟုတ် ဘာသာရေးအဖွဲ့ အစည်း တစ်ခု၏ အဖွဲ့ဝင် ဖြစ်လျှင် နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့၏ ရာထူးသက်တမ်းအတွင်း ယင်းအဖွဲ့ အစည်းများ၏ လုပ်ငန်းများတွင် ပါဝင် ဆောင် ရွက် ခြင်း မပြုရ" ဖြစ်ပါတယ်။

စတုတ္ထတင်ပြချက်ကတော့ အရည်အချင်း ပျက်ယွင်းခြင်းနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသောသမ္မတနှင့် ဒုတိယသမ္မတ၏အရည်အချင်း ပျက်ယွင်း ခြင်း ဆိုတဲ့ အခြေခံ မူတို့ ဖြစ်ကြောင်းတင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော် တို့ အစုအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတော်ကြီးကိုကမ္ဘာ့ နိုင်ငံများရဲ့အလယ်မှာ တင့်တယ် ထည်ဝါ ခံ့ညားပြီး ခေတ်မီတိုးတက်တဲ့အင်အားတောင့်တင်းသောနိုင်ငံဖြစ်ရေးဆိုတဲ့ရည်မှန်းချက်ကြီးနဲ့အမျိုးသားညီလာခံ

ကြီးရဲ့အဓိကနဲ့ပဓာနအကျဆုံးဖြစ်တဲ့ "နိုင်ငံတော်နှင့် နိုင်ငံသား တို့၏ အကျိုးစီးပွားကို အစွမ်းဆောင် နိုင်ဆုံးနည်းဖြင့်ဖော်ဆောင်ရန်" ဆိုတဲ့ရည်ရွယ်ချက်တို့ကိုစာတမ်းပြုစုစဉ်ကာလတစ်လျှောက်လုံး ဦးထိပ်ထားပြီး ဆောင် ရွက် ကြပါတယ်။ နောင်လည်း ကျွန်တော်တို့ အစုအဖွဲ့အနေနဲ့ အမျိုးသားညီလာခံကြီးရဲ့ ဦးတည်ချက်နဲ့ရည်ရွယ်ချက်တို့ကို ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ ဒီနေ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေး ပြီးဆုံးပါပြီ။ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကိုမနက်ဖြန် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်၊ သောကြာနေ့၊ နံနက် ၉ နာရီ အချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

သဘာပတိ အဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ်ခင်ဗျား။

[အမျိုးသား ညီလာခံ ၂၅ ရက် မြောက် နေ့ အစည်းအဝေး ၁၆ း ၀၅ နာရီအချိန်တွင် ကျင်းပပြီးစီးပါသည်။]

## အမျိုးသားညီလာခံသို့ တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ

၂၅-၃-၉၄

| စဉ် | ကိုယ်စားလှယ်အမျိုးအစား | ဖိတ်ကြား | တက်ရောက် | ပျက်ကွက် |
|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ | ၄၆ | ၄၅ | ၁ |
| ၂။ | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ | ၁၀၃ | ၁၀၁ | ၂ |
| ၃။ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ၂၁၃ | ၂၀၅ | ၈ |
| ၄။ | တောင်သူလယ်သမားကိုယ်စားလှယ်များ | ၉၃ | ၉၁ | ၂ |
| ၅။ | အလုပ်သမားကိုယ်စားလှယ်များ | ၄၈ | ၄၈ | .... |
| ၆။ | အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ | ၄၁ | ၃၈ | ၃ |
| ၇။ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ၉၂ | ၉၁ | ၁ |
| ၈။ | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ၅၈ | ၄၄ | ၁၄ |
| | စုစုပေါင်း .... | ၆၉၄ | ၆၆၃ | ၃၁ |

တက်ရောက်သည့် ရာခိုင်နှုန်း (၉၅.၅၃)

### ၂၅-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

#### နိုင်ငံရေးပါတီများ

| | | | |
|---|---|---|---|
| ၁။ | ဦးမန်းသာဆင် | ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် | ကျန်းမာရေး (ဆေးရုံတက်) |
| ၂။ | ဦးဖေဘင် (ညောင်ဦး ၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ကျန်းမာရေး |
| ၃။ | ဦးမြလေး (ခ) သခင်မြလေး ကဝ (၂) | ״ | ကျန်းမာရေး (ဆေးရုံတက်) |

## ၂၅-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

### တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ ဦးထွန်းအောင် (စစ်ကိုင်း) | တိုင်းရင်းသား | ကျန်းမာရေး |
| ၂။ ဦးခင်မောင်ဆွေ (တနင်္သာရီ) | ။ | ကိုယ်ရေးကိုယ်တာ |
| ၃။ ဦးညဏ်လင်း (မကွေး) | ။ | ကျန်းမာရေး |
| ၄။ ဦးဘသိ (မကွေး) | ။ | ။ |
| ၅။ ဦးဝင်းနိုင် (မန္တလေး) | ။ | ကိုယ်ရေးကိုယ်တာ |
| ၆။ ဦးနိုင်စံရှိန်(မွန်) | ။ | ကျန်းမာရေး |
| ၇။ ဦးခွန်သိန်းမြင့် (ရှမ်း) | ။ | ကိုယ်ရေးကိုယ်တာ |
| ၈။ ဦးညွန့်မောင် (ရှမ်းပြည်မြောက်ပိုင်း) | ။ | ။ |

### တောင်သူလယ်သမားကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ ဦးယောဟန် (ရှမ်းပြည်မြောက်ပိုင်း) | တောင်သူလယ်သမား | ပြည်နယ်တွင်ဆေးရုံတက် |
| ၂။ ဦးစိုးမြင့် (စစ်ကိုင်း) | ။ | ဆေးရုံတက် |

### အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ ဦးခင်စိုး (ဥပဒေပညာရှင်) | အသိပညာရှင်၊ အတတ်ပညာရှင် | ဆေးရုံတက် |
| ၂။ ဦးစိန်ဗိုလ်တင့် (သဘင်ပညာရှင်) | ။ | ။ |
| ၃။ ဦးလှထွန်းအောင် ပါမောက္ခချုပ် (အငြိမ်းစား) (မော်လမြိုင်တက္ကသိုလ်) | ။ | ကိုယ်ရေးကိုယ်တာ |

### နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ ဒုတိယ ဗိုလ်မှူးကြီး ထွေးမောင် | နိုင်ငံ့ဝန်ထမ်း | ဌာနတာဝန် (ပြည်ပ) တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်သည်။ |

# ၂၅-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

## အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ

| | | | |
|---|---|---|---|
| ၁။ | ဦးလိဝင်းမြင့်<br>ရှမ်း(မြောက်) အထူးဒေသ (၁) | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ကျန်းမာရေး |
| ၂။ | ဦးအိုက်ကျော်<br>ရှမ်း(မြောက်) အထူးဒေသ (၁) | ။ | ။ |
| ၃။ | ဦးခင်မောင် (ခ) ဦးလောက်ကျူး<br>ရှမ်း(မြောက်) အထူးဒေသ (၁) | ။ | ကိုယ်ရေးကိုယ်တာ |
| ၄။ | ဦးရန်မိုးအွန်း<br>ရှမ်း(မြောက်) အထူးဒေသ (၁) | ။ | ။ |
| ၅။ | ဦးပေါက်ယိုရီ<br>ရှမ်း(မြောက်) အထူးဒေသ (၂) | ။ | ။ |
| ၆။ | ဦးစလူ<br>ရှမ်း(မြောက်) ဒေသ (၂) | ။ | ။ |
| ၇။ | ဦးကောင်တိုင်း<br>ရှမ်း(မြောက်) အထူးဒေသ (၃) | ။ | ။ |
| ၈။ | ဦးကိုင်ဖ<br>ရှမ်း(မြောက်) အထူးဒေသ (၃) | ။ | ။ |
| ၉။ | ဦးအိုက်လူ<br>ရှမ်း(မြောက်) အထူးဒေသ (၇) | ။ | ။ |
| ၁၀။ | ဦးလှယ်ဆိုင်<br>ရှမ်း(မြောက်) အထူးဒေသ (၇) | ။ | ။ |
| ၁၁။ | ဦးဝေါ့လော်ဟောင်းခေါင်<br>ကချင်ပြည်နယ် အထူးဒေသ (၁) | ။ | ။ |
| ၁၂။ | ဦးစခုံတိန့်ယိန်း<br>ကချင်ပြည်နယ် အထူးဒေသ (၁) | ။ | ။ |
| ၁၃။ | ဦးချန်းလန်း<br>ကချင်ပြည်နယ် အထူးဒေသ (၁) | ။ | ။ |
| ၁၄။ | ဦးစိုင်းဟန်စစ်<br>ရှမ်း(မြောက်) အထူးဒေသ (၃) | ။ | ကျန်းမာရေး |

ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော် သမ္မတအိမ်တော်ဝင်း၊ ဗဟို အစည်းအဝေး ခန်းမတွင် အမျိုးသားညီလာခံကို နံနက် ၀၉ ၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အလှည့်ကျ သဘာပတိအဖြစ် ဦးစံသာအောင် "မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့"က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းကလည်းကောင်း ဆောင်ရွက်ပါသည်။]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ပါတော့မယ်။

**အမျိုးသားညီလာခံအစည်းအဝေးသဘာပတိအဖွဲ့ဝင်များ နေရာယူခြင်း။**

အခမ်းအနားမှူး။ ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးကြီးမှာ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်များကတော့—

— ဒေါက်တာ သန်းညွန့်
  အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ

— ဒေါ်မေသန်းလွင်
  ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

— ဦးစံသာအောင်
  မြို့(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့

— ဦးမန်းအုံးမောင်
  တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးကံညွန့်
  တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးစိုးမောင်
  အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

— ဦးတင်မောင်
  အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးခင်မောင်ထူး
  နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နဲ့

— ဦးစိုင်းအောင်ထွန်း
  အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့

တို့ဖြစ်ပါတယ်။

ကနေ့အစည်းအဝေးမှာ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ကတော့ မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် ဖြစ်ပါတယ်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) ကျွန်တော်ဦးခင်မောင်မြင့်က ဆောင်ရွက်မှာဖြစ်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းက ဆောင်ရွက်မှာဖြစ်ပါတယ်။

သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

[သဘာပတိအဖွဲ့ဝင်များသည်သဘာပတိအဖွဲ့ဝင်များအတွက် သီးသန့်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူကြပါသည်။]

## အမျိုးသားညီလာခံ ၂၆ ရက်မြောက်နေ့အစည်းအဝေး အထ မြောက်ကြောင်းနှင့် အမျိုးသားညီလာခံ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ပေါင်းဟာ (၆၉၄) ဦးရှိပါတယ်။ တာဝန်အရ ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်း (၁)ဦး၊ ကျန်းမာရေးကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်း (၁၄)ဦးနဲ့ ကိုယ်ရေးကိုယ်တာကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၁၆) ဦးရှိပါတယ်။ ဒီနေ့ အစည်းအဝေးကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ် ပေါင်းဟာ (၆၆၃) ဦးဖြစ်တဲ့အတွက် အစည်းအဝေး အထမြောက်ပါတယ်။

သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက်အကြံပြုချက် စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့]

အခမ်းအနားမှူး။ အမျိုးသား ညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ **အစည်းအဝေး** ကို ဒီကနေ့ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားပါမယ်။

အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြဖို့ဖြစ်ပါတယ်။

အခု အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ဒီစာတမ်းကို အပိုင်း (၂) ပိုင်း ခွဲပြီး ဦးစောလှထွန်းနဲ့ ဒေါက်တာ ဟန်စောတို့က ဖတ်ကြားတင်ပြကြမှာဖြစ်ပါတယ်။ ပထမ ဦးစွာ ဦးစောလှထွန်းအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစောလှထွန်း** (**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့**)။ ။**အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစု အဖွဲ့မှ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်း ခေါင်းစဉ်များနှင့် စပ်လျဉ်းသည့် အကြံပြုဆွေးနွေး တင်ပြချက်စာတမ်း။**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသား ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။

ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး စိတ်ရွှင်ချမ်းသာခြင်း၊ ကိုယ်ရဲကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပထမ ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ အမျိုးသား ညီလာခံ ကိုယ်စားလှယ် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်မှ ဦးစောလှထွန်း ဖြစ်ပါတယ်။ ကျွန်တော်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ စပ်လျဉ်းတဲ့ (၁) နိုင်ငံတော် (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းများနဲ့ ပတ်သက်တဲ့ အခြေခံမူများကို (စာတမ်း ပထမပိုင်း) အနေနဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ ကိုယ်စား တင်ပြသွားပါမယ်။

အခုလို တင်ပြနိုင်ဖို့ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးမှာ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်နဲ့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးတို့ရဲ့ ရှင်းလင်းပြောကြား ချက်များကို အခြေခံ လေ့လာပြီး ကျွန်တော်တို့ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က အခြေခံမူများ ရရှိနိုင်ရေးအတွက် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့အထိ ညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ ကိုယ်စားလှယ်များဟာ အခြေခံမူများ ရရှိဖို့ စာတမ်းပေါင်း (၃၁) စောင်ကို ဆွေးနွေးတဲ့ အကြိမ်ပေါင်း (၁၀) ကြိမ်တိုင်တိုင် ကျကျလည်လည် ညှိညှိနှိုင်းနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

ဒီနေရာမှာ အထူးတင်ပြလိုတဲ့ အချက် တစ်ချက် ရှိပါတယ်။ အဲဒါကတော့ နိုင်ငံတော်နဲ့ တရားဝင် ငြိမ်းချမ်းရေး ရယူထားပြီး၊ ဒေသ ဖွံ့ဖြိုးရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိကြတဲ့ ကျွန်တော်တို့ တစ်တွေက "တောင်ပြာတန်းက တော်ဝင်ပန်းများ" လို့ တင်စားခေါ်ခဲ့ကြရတဲ့ အထူးဒေသကြီးများမှ ကိုယ်စားလှယ်အဖွဲ့ (၉) ဖွဲ့နဲ့ ပတ်သက်လို့ပဲ ဖြစ်ပါတယ်။ အခု ဆွေးနွေးအကြံပြုလျက် ရှိကြတဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်း ၃ ခန်းအနက် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ်အောက်မှာ အကျုံးဝင်တဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု သတ်မှတ်ပေးရေးနဲ့ ပတ်သက်ပြီး အထူး ငြိမ်းချမ်းရေးဒေသအဖွဲ့ ၉ ဖွဲ့ရဲ့ တင်ပြချက်အချို့ဟာ အမျိုးသားညီလာခံကြီးက ချမှတ်ရရှိပြီးဖြစ်တဲ့ အခြေခံမူများထက် ထူးခြားတဲ့ အချက်အချို့ ရှိနေတာကို တွေ့ရပါတယ်။ အဲဒီလို ထူးခြားတဲ့ အခြေအနေ ရှိတဲ့ အထူး ငြိမ်းချမ်းရေး ဒေသမှ ကိုယ်စားလှယ်ကြီးများရဲ့ ဆန္ဒကိုလည်း ဖြည့်စွမ်းလိုကြပါတယ်။ ဒါ့အပြင် အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်း ပြောကြား ခဲ့သလို "သက်ဆိုင်ရာ တိုင်းရင်းသားများကို ကြည်နူး ဝမ်းမြောက်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေဖို့" လည်း အလေးအနက်ထား စဉ်းစားခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့သဘာပတိအဖွဲ့ဝင်များက အထူးဒေသကြီး ၉ ခုနှင့် ကိုယ်စားလှယ် ၂ ဦးတို့ရဲ့ စာတမ်းများကို အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးမှာ သီးခြား တင်သွင်းနိုင်ဖို့ အမျိုးသား ညီလာခံ ကျင်းပရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အပိုဒ် ၃၂ အရ စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။** အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါဝင်တဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်းသည့် အခြေခံမူများကို

ကျွန်တော် ဆက်လက်ဆွေးနွေး အကြံပြုတင်ပြသွားပါမယ်။

နိုင်ငံတော် အခန်းတွင် အောက်ပါအခြေခံမူများ ပါဝင်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်—

နိုင်ငံတော်

၁။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။

၂။ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဟုခေါ်တွင်မည်။

၃။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီးနိုင်ငံတော် တစ်ဝန်းလုံးမှာတည်သည်။

၄။ နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင်တည်ရှိသည့်အတိုင်း ဖြစ်သည်။

၅။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှု စုံလင်သော တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။

ရှင်းလင်းချက်

ဤအမှတ်စဉ် (၅) မူကို ဖြည့်စွက်ဆွေးနွေးထားခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်မှာ ရှေးပဝေသဏီကပင် တိုင်းရင်းသား လူမျိုးများ ဉမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက်၊ အေးအတူပူအမျှ၊ အတူတကွ နေထိုင်လာကြဆိုတဲ့ ထူးခြားတဲ့ ဝိသေသကို ပိုမိုပေါ်လွင်ထင်ရှားစေသော ဆန္ဒဖြင့် လည်းကောင်း၊ တိုင်းရင်းသား လူမျိုးများဟာ မိမိတို့ရဲ့ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ယုံကြည် ကိုးကွယ်မှု များကို လွတ်လပ်စွာ ကျင့်သုံးနိုင်သော အခွင့်အလမ်းများ ရှိနေကြောင်း ပေါ်လွင်စေလိုခြင်းကြောင့် လည်းကောင်း ဤမူကို ထည့်သွင်းရခြင်းဖြစ်ပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။** ယခုဆက်သက်ပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ ချမှတ်သင့်တဲ့ အခြေခံမူများကို အကြံပြုတင်ပြဆွေးနွေးသွားပါမယ်။

**နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ**

၁။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

၂။ ရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး ( Region ) (၇) ခု အဖြစ်လည်းကောင်း၊ ရှိရင်းစွဲပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State)(၇)ပြည်နယ်အဖြစ်လည်းကောင်း၊ ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။

၃။ (က) ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ် ဆို သုံး နှုန်း သည်၊

(ခ) နိုင်ငံတော်ကို အောက်ပါ အတိုင်း ဒေသကြီး (Region)(၇)ခုနှင့် ပြည်နယ်( State ) (၇) ပြည်နယ်ဖြင့် ပိုင်းခြားသတ်မှတ်သည်—

- ကချင်ပြည်နယ်
- ကယားပြည်နယ်
- ကရင်ပြည်နယ်
- ချင်းပြည်နယ်
- စစ်ကိုင်းတိုင်း ဒေသကြီး
- တနင်္သာရီတိုင်း ဒေသကြီး
- ပဲခူးတိုင်း ဒေသကြီး

- မကွေးတိုင်း ဒေသကြီး
- မန္တလေးတိုင်း ဒေသကြီး
- မွန်ပြည်နယ်
- ရခိုင်ပြည်နယ်
- ရန်ကုန်တိုင်း ဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်း ဒေသကြီး

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်။

၄။ တိုင်းဒေသကြီး တစ်ခုခု၏အမည်ကိုဖြစ်စေ၊ ပြည်နယ် တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်း ခြင်းဖြင့် ပြောင်းလဲ သတ်မှတ်မည်။

၅။ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ် တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇီရင်စုများ( Self Administered Areas ) သတ်မှတ်ပေးရန် ဖြစ်သည်။

၆။ ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ( Self Administer-ed Division ) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ( Self Administered Zone )အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။

တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများမှအပ အခြားတိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တစ်ပါတည်းသတ်မှတ်ပေးရန် ဖြစ်သည်။

၇။ နိုင်ငံတော်တွင်ပါဝင်သည့် တိုင်း ဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။

၈။ နိုင်ငံတော်ကို—

- ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် လည်းကောင်း၊
- ကျေးရွာအုပ်စုနှင့် ရပ် ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊
- မြို့နယ်များကို ခရိုင်အဖြစ် လည်းကောင်း၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အဖြစ် လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်း ခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း အဖြစ် လည်းကောင်း၊

— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊

— တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း စုစည်းသည်။

၉။ နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူပေးရန် ပထမဦးစွာ အကြောင်းကြားရမည်။

ထို့နောက် နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကို ရယူရမည်—

(က) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်တွင် ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲ၊

(ခ) လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်တွင် ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲ၊

(ဂ) ထိုလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(ဃ) ယင်းသို့ သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ထောက်ခံဆန္ဒမဲ အသီးသီး ရရှိလျှင် နိုင်ငံတော်၏နယ်နိမိတ်ကို နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ်ပေးရမည်၊

(င) အထက်ပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ၊ လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ ယင်းလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များကဖြစ်စေ နယ်နိမိတ်ပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူဆောင်ရွက်ရမည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏လေးပုံ သုံးပုံနှင့် အထက်က ထောက်ခံလျှင် နိုင်ငံတော်သမ္မတက နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရမည်။

၁၀။ (က) တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်လာပါက ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် နယ်မြေအတွင်း နေထိုင်ကြသည့် မဲဆန္ဒရှင်

များ၏ဆန္ဒ သဘောထားကို ဦးစွာ ပထမ ရယူရမည်၊

(ခ) ထိုသို့ ရယူသည့်အခါတွင် ယင်း နယ်မြေအတွင်း နေထိုင်ကြသည့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ဦးရေ စုစုပေါင်း၏ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ မရလျှင် ယင်း နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်း လုံးဝ မပြုရ၊

(ဂ) အကယ်၍ ယင်း နယ်မြေအတွင်း နေထိုင်ကြသည့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင် သင့်ကြောင်း ထောက်ခံဆန္ဒမဲ ပေးလျှင် ယင်း နယ်နိမိတ်နှင့် အကျုံးဝင်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များ၏ ဆန္ဒရယူရမည်၊

(ဃ) သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက် ထောက်ခံ ဆန္ဒမဲရရှိလျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကိုရယူပြီး နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရမည်၊

(င) အကယ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ လေးပုံသုံးပုံနှင့်အထက်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်ပေးရမည်။

၅၁။ သက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းတွင်ရှိသည့် ကျေးရွာ၊ ကျေးရွာ အုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင် နယ်နိမိတ်များပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ အကြောင်းပေါ်ပေါက်လာပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်။

၅၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ များ ၏ အမည်ကို ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်း ခြင်း ဖြင့် ပြောင်းလဲ သတ်မှတ်ရမည်။

၅၃။ ရန်ကုန်မြို့တော်ကို နိုင်ငံတော် သမ္မတ ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိသော ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

၅၄။ ထူး ခြား သော အ ခြေ အ နေ ရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထား

ရှိသော ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်သည်။

၁၅။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် ဒေသများကို လိုအပ်ပါက ဥပဒေပြဋ္ဌာန်းပြီး သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ရှိသော ပြည်ထောင်စု နယ်မြေများ အဖြစ် သတ်မှတ်ရမည်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား။** ကျွန်တော့်အနေနဲ့ (၁) နိုင်ငံတော်အခန်း၊ (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းတို့နဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အခြေခံမူများကို တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး (၃) နိုင်ငံတော် အကြီးအကဲအခန်းနဲ့ စပ်လျဉ်းပြီး စာတမ်း ဒုတိယပိုင်းကို ညီလာခံကိုယ်စားလှယ်ကြီး ဒေါက်တာ ဟန်စောက ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**အခမ်းအနားမှူး။** ။အခု ဆက်လက်ပြီး ဒေါက်တာဟန်စောအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ ဟန်စော(အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့)။** လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာ ဟန်စော ဖြစ်ပါတယ်။ ကျွန်တော်က အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ရဲ့ "နိုင်ငံတော် အကြီးအကဲအခန်း" ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ပါဝင်သင့်တဲ့ အခြေခံမူများကို ဆက်လက် တင်ပြသွားပါမယ်။

## နိုင်ငံတော်အကြီးအကဲ

၁။ နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သည်။

၃။ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအာဏာ အပြည့်အဝ ကျင့်သုံးနိုင်မည့် သမ္မတဖြစ်သည်။

၄။ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်။

၅။ နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံး၏ အမျိုးသား ခေါင်းဆောင်ဖြစ်သည်။

၆။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် နေရာတွင် ရှိသည်။

၇။ နိုင်ငံတော် သမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့် နိုင်ငံတော် ရေးရာများနှင့် စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်း ရှိရမည်။

၈။ (က) နိုင်ငံတော် သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်၊

(ခ) နိုင်ငံတော် သမ္မတ သာမက နိုင်ငံတော် သမ္မတ၏ မိသားစုများကပါ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေသူများ ဖြစ်ရမည်။

၉။ နိုင်ငံတော်သမ္မတသည် မိမိနှင့်မိမိ၏ မိဘနှစ်ပါးစလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်။

၁၀။ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူ၏ အသက်သည် အနည်းဆုံး ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

၁၁။ နိုင်ငံတော် သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသော အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြား သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်တိုးတက်ကြီးပွားရေး တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ် ဖြစ်ရမည်၊

(ခ) သီလ၊ သမာဓိ၊ ပညာ၊ သစ္စာရှိသူ ဖြစ်ရမည်၊

(ဂ) ပြည်သူလူထု၏ ချစ်ခင်လေးစားကြည်ညိုမှုနှင့် ယုံကြည်အားထားနိုင်မည့် အင်္ဂါရပ်များနှင့် ပြည့်စုံသူ ဖြစ်ရမည်၊

(ဃ) အရေးအကြောင်း ရှိသည့်အခါ ပြည်သူလူထုကိုယ်စား ပြဿနာရပ်များကို ဖြေရှင်းပေးနိုင်စွမ်း ရှိသူ ဖြစ်ရမည်၊

(င) စာရိတ္တ ကောင်းမွန်ပြီး အသိဉာဏ်ရှင် သန်ထက်မြက် ပြည့်ဝ၍ ဉာဏစွမ်းအားရှိသူ ဖြစ်ရမည်။

၁၂။ နိုင်ငံတော်သမ္မတသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် ၂၀ နိုင်ငံတော်အတွင်း အခြေချ နေထိုင်ခဲ့သူ ဖြစ်ရမည်။

နိုင်ငံတော်၏ လစာကို နိုင်ငံခြားတွင် ခံစားပြီး နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင် နေသည့်ကာလကို နိုင်ငံတော်အတွင်း တစ်ဆက်တည်း နေထိုင်သည်ဟု မှတ်ယူနိုင်သည်။

၁၃။ နိုင်ငံတော် သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီး တစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူး သစ္စာတော်ကို ခံယူ စောင့်ရှောက် ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရန်နှင့် ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ။

၁၄။ (က) နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပေးရန်အတွက် ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သည့် လွှတ်တော် ကိုယ်စားလှယ်အားလုံးကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ် သတ်မှတ်ပြီး အစုအဖွဲ့ (၃)ဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) အစုအဖွဲ့ (၁) ကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်း ခံ

ရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အစုအဖွဲ့ (၂) ကို လူဦးရေကို အခြေခံ ရွေးကောက် တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အစုအဖွဲ့ (၃) ကို ဖော်ပြပါ လွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း ဖွဲ့စည်းရမည်။

၁၅။ (က) နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတကို ကူညီ ပံ့ပိုးရန်အတွက် ဒုတိယသမ္မတများကို ရွေးချယ် တင်မြှောက်ရမည်၊

(ခ) သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့ (၃) ဖွဲ့က ပထမဦးစွာ ဒုတိယသမ္မတ တစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ဖြစ်စေ ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ဒုတိယ သမ္မတများ သည် နိုင်ငံတော် သမ္မတလောင်းများလည်း ဖြစ်ကြသည်၊

(ဃ) ဒုတိယ သမ္မတ များ သည် နိုင်ငံတော် သမ္မတ အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ-မရှိကို ပြည်ထောင်စု လွှတ်တော်နှင့် လွှတ်တော်နှစ်ရပ်၏ အကြီးအကဲနှင့် ဒုတိယအကြီးအကဲများ ပါဝင်သည့် အဖွဲ့က စိစစ်ရမည်၊

(င) သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင် အားလုံး ပါဝင်သည့် တစ်နည်းအားဖြင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံးက နိုင်ငံတော် သမ္မတလောင်းများဖြစ်သည့် ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်သည့် ဒုတိယသမ္မတ တစ်ဦးကိုနိုင်ငံတော် သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ရမည်၊

(စ) ဆန္ဒမဲအများဆုံးရရှိသည့် ဒုတိယသမ္မတကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ရမည်၊

(ဆ) ပြည်ထောင်စု လွှတ်တော်အတွင်း ဆန္ဒမဲပေး ရွေးချယ်ရာ၌ ဆန္ဒမဲတူညီနေပါက ပြည်ထောင်စု လွှတ်တော် အကြီးအကဲက အဆုံးအဖြတ် ဆန္ဒမဲပေး ရွေးချယ်ရမည်။

၁၆။ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၁၇။ နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတတို့၏ သက်တမ်းကို ငါးနှစ်သတ်မှတ်ပြီး ယင်းသက်တမ်း ကုန်ဆုံးသည့်အခါ နိုင်ငံတော် သမ္မတအသစ် ရွေးချယ် တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရမည်။ သမ္မတအဖြစ် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေရ။

၁၈။ သမ္မတ သက်တမ်း အတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတနေရာ လစ်လပ်

ပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအဖြစ် အစားထိုး ရွေးချယ်တင်မြှောက်လျှင်၊ ယင်းအစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ၏ သက်တမ်းသည် မူလသက်တမ်း ကုန်ဆုံးသည် အထိသာ ဖြစ်သည်။

၁၉။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့် လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ၊

(ခ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်၊ အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၂၀။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ ရာထူးတာဝန်များကို မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုပြီးမှ မိမိတို့၏ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ရမည်—

(က) ကျွန်ုပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်၊

(ခ) ကျွန်ုပ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်သိ လိုက်နာရှိသေပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာကျင့်သုံးပါမည်၊

(ဂ) ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ထာဝစဉ် သစ္စာစောင့်သိ ရိုသေပါမည်၊

(ဃ) ကျွန်ုပ်သည် နိုင်ငံသားများ၏ အကျိုးကို သယ်ပိုး ဆောင်ရွက်ပါမည်၊

(င) ကျွန်ုပ်သည် နိုင်ငံတော်က ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်၊

(စ) ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံသား အားလုံး၏ အကျိုးငှာ ကျွန်ုပ်၏ အသက်နှင့် ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်

တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။

၂၁။ နိုင်ငံတော် သမ္မတ နှင့် ဒုတိယ သမ္မတ များသည် လစာ စရိတ်ငွေ ရသော အခြား မည်သည့် ရာထူး ကိုမျှ လက်ခံခြင်းမပြုရ။

၂၂။ (က) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် မိမိတို့ ဦးစီးသည့် တစ်စီး ပွားတည်း ဖြစ်သည့် မိသားစု ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေး လုပ်ငန်း၊ စုငွေနှင့် အခြား အဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့် တကွ စာရင်း ပြုစုပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံပေးပို့ရမည်၊

(ခ) ယင်းကိစ္စအတွက်လုပ်ထုံးလုပ်နည်းကို ပြဋ္ဌာန်း ဆောင်ရွက်ရမည်။

၂၃။ (က) နိုင်ငံတော် သမ္မတ နှင့် ဒုတိယ သမ္မတ များသည် ဥပဒေနှင့် သတ်မှတ်ထားသည့်လစာစရိတ်နှင့် အဆောင် အယောင်များ ကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်သည့် အိမ်တော် တစ်ဆောင်စီကို လည်းကောင်း ရရှိစေရမည်၊

(ခ) နိုင်ငံတော် သမ္မတ နှင့် ဒုတိယ သမ္မတများသည်ရာထူးသက်တမ်း ကုန်ဆုံး၍ အနားယူလျှင် သော်လည်းကောင်း၊ တာဝန် ထမ်းဆောင်နေစဉ် ကျန်းမာရေးအခြေအနေကြောင့် အနားယူလျှင် သော်လည်းကောင်း ဥပဒေဖြင့် သတ်မှတ်ထားသည့် လစာ နှင့် အခွင့်အရေးရရှိမည်။

၂၄။ (က) နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယ သမ္မတများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြား ဥပဒေ တို့က အပ်နှင်း ထားသည့် တာဝန်နှင့် လုပ်ပိုင် ခွင့်များကို ကျင့်သုံး ထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော် သမ္မတသည် ဥပဒေနှင့် အညီ ဘွဲ့တံဆိပ်၊ ဆုတံဆိပ် နှင့် ဆုများချီးမြှင့်နိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတ၌ ပြစ်ဒဏ် လွတ်ငြိမ်း ချမ်းသာခွင့် ပေးနိုင်ခွင့် ရှိသည်၊

(ဃ) နိုင်ငံတော်သမ္မတသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု လွှတ်တော်နှင့် ဆက်သွယ် ဆောင်ရွက်ရမည်—

(၁) နိုင်ငံတော်သမ္မတနှင့်ဒုတိယ သမ္မတများ စတင် တာဝန် မထမ်းဆောင်မီ ကတိသစ္စာ ပြုရန်ကိစ္စ၊

(၂) နိုင်ငံတော် နယ်နိမိတ် ပြင်ဆင် သတ်မှတ်ရန်ကိစ္စ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် ကိစ္စ၊

(၄) တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်၏ အမည်ကို ပြောင်းလဲ သတ်မှတ်ရန်ကိစ္စ၊

(၅) နိုင်ငံတော် ကာကွယ်ရေး နှင့် လုံခြုံရေး၊အုပ်ချုပ်ရေး စီးပွားရေးတို့နှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေ

အနေရှိသည့် ဒေသများကို သမ္မတ ၏တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ရှိသော ပြည်ထောင်စု နယ်မြေများ အဖြစ် သတ်မှတ်ရန် ဥပဒေပြုသည့် ကိစ္စ၊

(၆) နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေကြမ်း တင်သွင်းသည့် ကိစ္စ၊

(၇) ဝန်ကြီးဌာနများ၏ ဥပဒေကြမ်းများကို တင်သွင်းရန် ကိစ္စ၊

(၈) နိုင်ငံတော် သမ္မတ နှင့် ဒုတိယ သမ္မတ များ၏ ပစ္စည်း ပိုင်ဆိုင်မှု စာရင်း တင်ပြရန် ကိစ္စ၊

(၉) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ ရာထူး လစ်လပ်လျှင် ဖြည့်စွက် ရန် အကြောင်းကြားသည့် ကိစ္စ။

၂၅။ အောက်ပါအကြောင်း တစ်ခုခုကြောင့် နိုင်ငံတော် သမ္မတ ကိုဖြစ်စေ၊ ဒုတိယ သမ္မတ တစ်ဦးဦး ကို ဖြစ်စေ၊ စွပ်စွဲ ပြစ်တင်နိုင်သည်—

(က) နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက် များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်းတို့ ဖြစ်သည်။

၂၆။ အထက်ပါ အကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်ရန် ရှိပါက ပြည်ထောင်စု လွှတ်တော်တွင်ပါဝင်သည့် လွှတ်တော် နှစ်ရပ်မှ လွှတ်တော် တစ်ရပ်ရပ်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်အနည်းဆုံးလေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့၏စွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်အကြီးအကဲထံ တင်ပြရမည်။

၂၇။ (က) စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်၏ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ အနက် အနည်းဆုံး သုံးပုံနှစ်ပုံ က ထောက်ခံမှုသာ ဆက်လက် အရေးယူ ဆောင်ရွက်ရမည်၊

(ခ) လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူ ဆောင်ရွက် ရန် ထောက်ခံလျှင် အခြားလွှတ်တော် တစ်ရပ်က ယင်း စွပ်စွဲချက်ကို စုံစမ်း စစ်ဆေး စေရမည်၊ သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေး စေရမည်။

၂၈။ (က) စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးသည့် အခါ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စား လှယ်ဖြင့် သော်လည်းကောင်း ချေပခွင့်ရှိသည်။

(ခ) စွပ်စွဲချက် ကို စုံစမ်း စစ်ဆေး ပြီးသည့်အခါ စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးသည့် သို့မဟုတ် စုံစမ်း စစ်ဆေး စေသည့် လွှတ်တော်၏ လွှတ်တော် ကိုယ်စား လှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထို စွပ်စွဲ ချက်မှာ မှန် ကန် ပြီး စွပ်စွဲ ခံ ရ သည့် ပြစ်မှုသည် နိုင်ငံတော် သမ္မတ

သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခြင်း ခံရသည့် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အား ရာထူးမှ ရပ်စဲရန် ယင်းလွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲ ထံတင်ပြရမည်၊

(ဂ) ပြည်ထောင်စု လွှတ်တော် အကြီးအကဲက တင်ပြချက် ရရှိလျှင် ရရှိချင်း စွပ်စွဲခြင်း ခံရသော နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အား ရာထူးမှ ရပ်စဲကြောင်း ကြေညာရမည်။

၂၉။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် အညီ စွပ်စွဲ ပြစ်တင်ခြင်းမှ အပ ယင်းတို့၏ သက်တမ်း ကာလ အတွင်း တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၃၀။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် တာဝန်များကို မိမိတို့ ရာထူး သက်တမ်း မကုန်ဆုံးမီ မိမိဆန္ဒအလျောက် နုတ်ထွက်လိုလျှင်နုတ်ထွက်ခွင့် ရှိသည်။

၃၁။ နိုင်ငံတော် သမ္မတ ရာထူး နေရာလစ်လပ်ခဲ့လျှင် ဒုတိယ သမ္မတ နှစ်ဦး အနက် နိုင်ငံတော် သမ္မတ ရွေးချယ် တင်မြှောက်စဉ် အခါက ဒုတိယ မဲအများဆုံးရရှိသည့် ဒုတိယသမ္မတ သည် နိုင်ငံတော် သမ္မတ၏ လုပ်ငန်းများ ရပ်ဆိုင်း မသွားစေရေး အတွက် ယာယီ သမ္မတ အဖြစ် ထမ်းဆောင်စေရမည်။

၃၂။ နိုင်ငံတော် သမ္မတ ရာထူး လစ်လပ် သွားသည့် အချိန် သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပနေချိန် ဖြစ်လျှင် လစ်လပ်သွားသည့် နိုင်ငံတော် သမ္မတ ရာထူး ကို (၇) ရက် အတွင်း ဖြည့်စွက် နိုင်ရေး အတွက် ယာယီ သမ္မတ က ပြည်ထောင်စု လွှတ်တော် အကြီးအကဲ ထံဆောလျင်စွာ အကြောင်းကြားရမည်။

၃၃။ ယာယီ သမ္မတ ထံမှ အကြောင်းကြားစာ ကို ရရှိသည့်အခါ လစ်လပ် သွားသည့် သမ္မတ ကို ဒုတိယ သမ္မတ အဖြစ် ဦးစွာ ရွေးချယ် တင်မြှောက် ပေးခဲ့သည့် သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ပေးရေး အတွက် ပြည်ထောင်စု လွှတ်တော် အကြီးအကဲက ဆောင်ရွက်ပေးရမည်။

၃၄။ (က) သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦး ကို ရွေးချယ် တင်မြှောက် ပြီး ပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတ သုံးဦး အနက် မိမိတို့ ကြိုက်နှစ်သက်သည့် ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည်၊

(ခ) သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတတစ်ဦး ရွေးချယ် ပြီးပါက ယင်း ဒုတိယ သမ္မတသည် နိုင်ငံတော်သမ္မတ အတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိမရှိကိုပြည်ထောင်စု လွှတ်တော်နှစ်ရပ်၏ အကြီးအကဲ

နှင့် ဒုတိယအကြီးအကဲများ ပါဝင်သည့်အဖွဲ့က စိစစ်ရမည်။

၃၅။ ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင်၊ ပြည်ထောင်စု လွှတ်တော် အကြီးအကဲသည် ယာယီ သမ္မတ၏ အကြောင်းကြားစာ ရရှိသည့် နေ့မှစ၍ ၂၁ ရက်အတွင်း ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး လစ်လပ်သော နိုင်ငံတော်သမ္မတ ရာထူး ရွေးချယ် တင်မြှောက် နိုင်ရေးအတွက် သတ်မှတ် ထားသည့် နည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည်။

၃၆။ ဒုတိယ သမ္မတ တစ်ဦးဦးသည် ရာထူး သက်တမ်းမကုန်ဆုံးမီ ရာထူးမှ နုတ်ထွက် သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သော ကြောင့်ဖြစ်စေ၊ ရာထူးမှ ရပ်စဲခြင်းခံရ သောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်း ဆောင် နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံ တစ်ခုသော အကြောင်းကြောင့်ဖြစ်စေ၊ ဒုတိယ သမ္မတ ရာထူးနေရာ လစ်လပ်လျှင် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ကျင်းပနေချိန် ဖြစ်ပါက၊ ယင်း ဒုတိယ သမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့သည့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က (၇)ရက် အတွင်း ဒုတိယ သမ္မတ တစ်ဦး ရွေးချယ် တင်မြှောက် ပေးရေးအတွက် နိုင်ငံတော် သမ္မတက ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

၃၇။ ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော် အကြီး အကဲသည် နိုင်ငံတော် သမ္မတထံမှ အကြောင်းကြားစာ ရရှိသည့်နေ့မှ စ၍ (၂၁) ရက် အတွင်း ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတတစ်ဦးကို ရွေးချယ် တင်မြှောက် ပေးရမည်။

**သဘာပတိ ကြီးနဲ့ အမျိုး သား ညီလာခံ ကိုယ်စား လှယ်ကြီးများ ခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ရမယ့် နိုင်ငံတော် အခန်း၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံအခန်းနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းတဲ့ အခြေခံမူများ ချမှတ်နိုင်ရေးအတွက် ကျွန်တော်တို့ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ စာတမ်းကို ဖတ်ကြားပြီးဖြစ်ပါတယ်။

ဒီစာတမ်း ဖြစ်ပေါ်လာဖို့အတွက် ကျွန်တော်တို့ အစုအဖွဲ့မှာပါဝင်တဲ့ကိုယ်စားလှယ် (၅၈)ဦး အနက် (၂၅)ဦးက စာတမ်း(၃၁)စောင်ကို တင်သွင်းခဲ့ပြီး အစုအဖွဲ့အစည်းအဝေး (၁၀)ကြိမ် ကျင်းပ ခဲ့ပါတယ်။ အစုအဖွဲ့အစည်းအဝေးကို ၁၇-၃-၉၄ရက် နေ့မှာနောက်ဆုံး ကျင်းပခဲ့ပြီး အဲဒီနေ့မှာပဲ(၂၅)ဦး ပါဝင်တဲ့ စာတမ်းပြုစုရေးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး ၁၉၉၄ ခုနှစ်၊ မတ်လ(၁၈) ရက်၊(၁၉) ရက်နဲ့(၂၀) ရက်နေ့များမှာ စာတမ်းပြုစုရေး အဖွဲ့ဝင် အားလုံး ခင်ခင် မင်မင် လေးလေး စားစားညှိနှိုင်း ဆွေးနွေး ခဲ့ကြပါတယ်။

ရရှိလာတဲ့ စာတမ်း ကိုတော့ ၁၉၉၄ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့ အစုအဖွဲ့ အစည်းအဝေးမှာ တင်ပြအတည်ပြုခဲ့ပြီး အမျိုးသား ညီလာခံစုံညီ အစည်းအဝေးမှာ အချိန်မီတင်သွင်းနိုင်ဖို့ လုပ်ငန်း ကော်မတီကို တင်ပြခဲ့ပါတယ်။

ကျွန်တော်တို့ အခြား ဖိတ် ကြား သင့် သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ ဆွေး နွေး ချက် စာတမ်းကို

လေ့လာကြည့်မယ် ဆိုရင် နိုင်ငံတော် အခန်းခေါင်းစဉ်အတွက်လိုအပ်တဲ့ အခြေခံမူ (၅) ချက်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ်အတွက်လိုအပ်တဲ့ အခြေခံမူ(၁၅)ချက်နဲ့ နိုင်ငံတော် အကြီးအကဲ အခန်းခေါင်းစဉ်အတွက် လိုအပ်တဲ့အခြေခံမူ (၃၇) ချက် စုစုပေါင်း အခန်းခေါင်းစဉ် (၃) ခု အတွက်အခြေခံမူ (၅၇) ချက်ကို ရရှိခဲ့ပါတယ်။

ဒီအခြေခံမူ (၅၇) ချက်ဟာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတွက် အကျိုးရှိမယ့် အခြေခံမူများဖြစ်ကြပြီး အနာဂတ် နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း အထောက်အပံ့ ဖြစ်မယ်လို့ လေးနက်စွာ ယုံကြည်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြား တင်ပြခြင်း

[အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစု **အဖွဲ့တွင် ပါဝင်သည့် ကချင်ပြည်နယ် အထူး ဒေသ (၁) မှ အခြား ဖိတ် ကြား သင့် သည့် ပုဂ္ဂိုလ်များ**]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ ကချင်ပြည်နယ် အထူးဒေသ (၁) မှ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များရဲ့အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးမန်ကျီဇောင်းခေါင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမန်ကျီဇောင်းခေါင် (အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့။ နိုင်ငံတော် ဖွဲ့စည်းပုံ၊ အခြေခံဥပဒေတွင်ပါဝင်သည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ အခန်းသုံးခန်းနှင့် စပ်လျဉ်းပြီး ကချင် အထူးဒေသ (၁)မှ အမျိုးသား ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးတင်ပြချက်စာတမ်း။**

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိ အဖွဲ့ဝင်များခင်ဗျား၊ အမျိုးသားညီလာခံကိုယ်စား လှယ်တော်ကြီးများခင်ဗျား၊** ကျွန်တော်ကတော့ ကချင်ပြည်နယ် အထူးဒေသ (၁) မှ အခြားဖိတ်ကြားသင့်တဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမန်ကျီဇောင်းခေါင် ဖြစ်ပါတယ်။ သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြစေလို ကြောင်း ပထမဦးဆုံးဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးနှင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ် ရောင်းရင်းများ ခင်ဗျား။ လွန်ခဲ့သည့် ၁၉၉၃ နှစ်မှာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာပါဝင်ရမည့် အခန်းလိုက် ခေါင်းစဉ်များကို ညီညွတ်စွာ သတ်မှတ် ရရှိခဲ့ကြ ပြီး ဖြစ်ပါသည်။ ထို့အပြင် အခန်း (၁) ဖြစ်သည့် နိုင်ငံတော်အခြေခံမူများဆိုသည့် ခေါင်းစဉ်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူ (၁၀၄) ချက်ကိုလည်း ညီညွတ်စွာသတ်မှတ်နိုင်ခဲ့ကြပြီး ဖြစ်ပါသည်။

ယခု ၁၉၉၄ ခုနှစ်မှာ တစ်ဖန် ဆက်လက် ဆွေးနွေးရမည့် အခန်းများအနက်တစ်ဆက်တစ်စပ်တည်း ရှိနေသည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲဆိုသည့် အခန်း သုံးခုနှင့် စပ်လျဉ်းပြီး ကချင်အထူးဒေသ (၁) မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြု ဆွေးနွေးချက် စာတမ်းကို ကျွန်တော်က ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါသည်။ ကျွန်တော့် နာမည်က ဦးမန်ကျီဇောင်းခေါင် ဖြစ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့အဖွဲ့၏ ဆွေးနွေး အကြံပြုချက်များသည် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲစသည့် ခေါင်းစဉ်အခန်းများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်နှင့် အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် တရားသူကြီးချုပ် ဦးအောင်တိုးတို့၏

ရှင်းလင်း ပြောကြားချက်များအပေါ် အခြေပြုပြီး အမျိုးသားညီလာခံ ဦးတည်ချက် (၆) ရပ်နှင့် အညီကျွန်တော်တို့ ဉာဏ်မီသလောက် အကြံပြုထားခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ပါ အချက်အလက်များသည် နိုင်ငံတကာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရပ်ရပ်ကို မှီငြမ်းပြုပြီး ဆန်းစစ်လေ့လာတင်ပြထားချက်များဖြစ်သည့်အပြင် ကျိုးကြောင်း လျော်ကန်ပြည့်စုံသည် ဖြစ်သောကြောင့် ကျွန်တော်တို့ အဖွဲ့အနေဖြင့် အချက်အလက်အများစုကို နှစ်ခြိုက်သဘောတူပြီး ဖြစ်ပါသည်။ အချက်အလက်အနည်းအကျဉ်းကိုသာ အနည်းငယ်ပြင်ဆင် အကြံပြုထားပါသည်။ အချို့ အချက်အလက်သစ်များကို ဖြည့်စွက်အကြံပြုထားသည်လည်း အနည်းအကျဉ်းပါရှိပါသည်။

သဘာပတိ ကြီး ခင်ဗျား။ ကျွန် တော် တို့၏ တင်ပြချက်ကို အပိုင်းသုံးပိုင်းခွဲပြီး တင်ပြ သွားမည် ဖြစ်ပါသည်။

## အပိုင်း (၁)

### နိုင်ငံတော်

နိုင်ငံတော်အခန်းနှင့် စပ်လျဉ်းပြီး အကြံပြုလိုသည့် အချက်များမှာ—

(၁) မြန်မာ နိုင်ငံ သည် အချုပ်အခြာ အာဏာ ပိုင်၍ လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) မြန်မာနိုင်ငံသည် ဘာ သာ စကား မျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ တိုင်းရင်းသား လူမျိုးမျိုးစုံ စုပေါင်း နေထိုင်သော နိုင်ငံဖြစ်သည်၊

(၃) မြန်မာ နိုင်ငံ သည် အာဏာ အပြည့် အဝ ရှိသော သမ္မတ အုပ်ချုပ်သည့် စနစ်ကို ကျင့်သုံးသည်၊

(၄) နိုင်ငံ တော်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်၊

(၅) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများ ထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်၊

(၆) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့် အတိုင်း ဖြစ်သည်

စသည့်အချက်များဖြစ်ပါသည်။

ရှင်းလင်းချက်

(၁) အထက်အမှတ်စဉ် (၂) တွင် ဖော်ပြသည့် "မြန်မာနိုင်ငံသည် ဘာသာ စကားမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ တိုင်းရင်းသား လူမျိုးမျိုးစုံ စုပေါင်း နေထိုင်သော နိုင်ငံဖြစ်သည်" ဟူသော အချက်မှာ ကျွန်တော်တို့ အဖွဲ့မှ ဖြည့်စွက် ထည့်သွင်း ထားသည့် အချက်သစ်တစ်ခု ဖြစ်ပါသည်။ ယခုလို ဖြည့်စွက်ထည့် သွင်းရခြင်း၏ရည်ရွယ်ချက်မှာမြန်မာနိုင်ငံတွင် နေထိုင်ကြသောတိုင်းရင်းသားများတို့သည် ဘာသာ စကား၊ ယဉ် ကျေးမှု အရ သော် လည်းကောင်း၊ နေထိုင်သော နယ်မြေ ပထဝီ အနေအထားအရ သော်လည်းကောင်း မတူညီ ကွဲပြားကြပါသည်။ သို့သော် ဤမျှများပြားသောတိုင်းရင်းသား လူမျိုးများ အားလုံးသည် စည်းလုံး ညီညွတ်စွာ စုပေါင်းနေထိုင်နေကြခြင်းမှာ ကျွန်တော်တို့နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အလှကျက်သရေပင် ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကို လူမျိုးစုများကို အခြေခံဖွဲ့စည်းသည့် ပြည်နယ်နှင့် တိုင်း

ဒေသကြီးများဖြင့် ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ရန်နှင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းကို အခြေခံသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် နိုင်ငံတော်၏ သဘာဝအခြေအနေအချက်အလက်များကညွှန်ပြနေခြင်းဖြစ်သည်ကို ဖော်ပြလိုသောကြောင့် ဤအချက်ကို ဖြည့်စွက်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

(၂) အထက်အမှတ်စဉ် (၃) တွင် ဖော်ပြထားသည့် "မြန်မာနိုင်ငံသည် အာဏာ အပြည့်အဝရှိသော သမ္မတအုပ်ချုပ်သည့် စနစ်ကို ကျင့်သုံးသည်" ဟူသောအချက်သည်လည်း နိုင်ငံတော် အခြေခံမူ (၁၀၄) ချက် တွင် သတ်မှတ် ပါရှိပြီး အချက် ဖြစ်ပါသည်။ ၎င်းအချက်ကို နိုင်ငံတော် အခန်းနှင့်လည်း သက်ဆိုင်နေသည် ဖြစ်၍ ထပ်ဆင့် ဖြည့်စွက် ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤသို့ ဖော်ပြမှသာလျှင် အမှတ်စဉ် (၄) တွင် ဖော်ပြသည့် "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်" ဟူသောအချက်နှင့် ကျိုးကြောင်း ဆက်စပ်မှု ရှိမည်ဖြစ်ပါသည်။

## အပိုင်း (၂)

### နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ အဖွဲ့အနေဖြင့် အကြံပြုလိုတဲ့ အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(၂) နိုင်ငံတော်ကို မူလရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး(Region)(၇)ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကိုပြည်နယ်(State)(၇) ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။

(၃) ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို မူလရှိရင်းစွဲ အတိုင်းခေါ်ဆိုသုံးနှုန်းသည်။၎င်းတို့မှာ—

(၁) ကချင်ပြည်နယ်
(၂) ကယားပြည်နယ်
(၃) ကရင်ပြည်နယ်
(၄) ချင်းပြည်နယ်
(၅) စစ်ကိုင်းတိုင်းဒေသကြီး
(၆) တနင်္သာရီတိုင်းဒေသကြီး
(၇) ပဲခူးတိုင်းဒေသကြီး
(၈) မကွေးတိုင်းဒေသကြီး
(၉) မန္တလေးတိုင်းဒေသကြီး
(၁၀) မွန်ပြည်နယ်
(၁၁) ရခိုင်ပြည်နယ်
(၁၂) ရန်ကုန်တိုင်းဒေသကြီး
(၁၃) ရှမ်းပြည်နယ်
(၁၄) ဧရာဝတီတိုင်းဒေသကြီး

(၄) တိုင်းဒေသကြီးတစ်ခုခု၏အမည်ကိုဖြစ်စေ၊ ပြည်နယ် တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့) ပြည်နယ် အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်မည်၊

(၅) မြန်မာနိုင်ငံတွင် မျက်မှောက်ရှိနေသည့် ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၏ အထူးဒေသများကို နိုင်ငံတော်၏ ပြည်ထောင်စုနယ်မြေ အပိုင်းအခြားများအဖြစ် သတ်မှတ်ထားမည်။

ရှင်းလင်းချက်

ငြိမ်းချမ်းရေးအဖွဲ့များသည် မိမိတို့ဒေသ ထာဝရငြိမ်းချမ်းရေး၊ လုံခြုံရေး၊ စည်းလုံးညီညွတ်ရေးနှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြသော ပြည်ထောင်စု၏ အပေါင်းလက္ခဏာ အင်အားစုများ ဖြစ်ကြပါသည်။ ငြိမ်းချမ်းရေးအဖွဲ့များ၊ အထူးဒေသများ၏ ဆောင်ရွက်ချက်များသည်အထူးဒေသ၊နယ်စပ်ဒေသများ၏ အကျိုးသက်သက်သာ မဟုတ်ဘဲ ပြည်ထောင်စုတစ်ခုလုံးအတွက်ပါ အဖိုးမဖြတ်နိုင်သည့်အကျိုးကျေးဇူးများ ဖြစ်ပေါ်လာစေပါသည်။ သို့ဖြစ်၍ အပေါင်းလက္ခဏာမှ အမြောက်လက္ခဏာသို့ ပြောင်းနိုင်အောင်သာ ဖော်ဆောင်သင့်ပါသည်။

(၆) တိုင်းဒေသကြီးများ (သို့မဟုတ်)ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများ ( Self Administered Areas ) သတ်မှတ်ပေးရန်ဖြစ်သည်၊

(၇) ထိုသို့ သတ်မှတ်ပေးရာတွင် လူဦးရေနှင့် နယ်မြေ အကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ( Self Administered Zone ) (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ( Self Administered Division ) အဖြစ်သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်၊

(၈) ဤသို့သော နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြား များအဖြစ် သတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်း၍ ဆောင်ရွက်ရန်ဖြစ်သည်။

သို့သော် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး၌ ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်မှာ တိုင်းရင်းသားများနှင့် ပတ်သက်ပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေ အပိုင်းအခြားများကို နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်မည့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေး ညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမည်ဆိုလျှင် သက်ဆိုင်ရာ တိုင်းရင်းသားများက ကြည်နူး ဝမ်းမြောက်ကြမှာ ဖြစ်သည့်အတွက် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေမည် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီးဖြစ်သည့် တိုင်းရင်းသား လူမျိုးများမှအပ အခြားတိုင်းရင်းသား လူမျိုးများအနက် ချမှတ် ထားပြီးဖြစ်သော အခြေခံမူများနှင့် ညီညွတ်သည့် တိုင်းရင်းသား လူမျိုးများ အတွက် ရသင့်၊ ရထိုက်သော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများကို တစ်ပါတည်း သတ်မှတ်ပေးဖို့ အကြံပြု အဆိုပြုချက်ကို ကျွန်တော်တို့ ကချင် အထူးဒေသ (၁) မှ ညီလာခံ ကိုယ်စားလှယ်များ အနေဖြင့် လုံးဝသဘောတူ လက်ခံပါသည်။

(၉) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။

(၁၀) မည်သည့် တိုင်းရင်းသားများက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း ရသင့်ပြီး မည်သည့် တိုင်းရင်းသားများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်သည်။ ပြီးနောက် ၎င်းတို့ကို မည်သည့်နေရာ၊ နယ်မြေဒေသများတွင် သတ်မှတ် ပေးသင့်သည်ဟူသော အချက်နှင့် စပ်လျဉ်းမှုကို ကိုတော့ လျော်ကန် သင့်မြတ်သော လူဦးရေ ရှိရမည်ဟု လမ်းညွှန်ချက် ရှိသည့်အတိုင်း လူဦးရေနှင့် ပတ်သက်သော အခြေခံမှု သတ်မှတ် ပြဋ္ဌာန်း ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**ဥပမာ**—ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တောင်းဆို လိုသော တိုင်းရင်းသားများသည် စုစုစည်းစည်းရှိသော လူဦးရေ တစ်သိန်းမှသုံးသိန်းထိလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း တောင်းဆိုလိုသော တိုင်းရင်းသားများသည် စုစုစည်းစည်း ရှိသော လူဦးရေ ငါးသိန်းနှင့် အထက်ထိလည်းကောင်း အသီးသီး ရှိသင့်မည်ဟု အဆိုပြု ဆွေးနွေးလိုပါသည်။

သို့ဖြစ်ပါ၍ ဤသတ်မှတ်ချက် လူဦးရေ ပမာဏရှိပြီး အခြား သတ်မှတ်ချက် အခြေခံမှုများနှင့် ကိုက်ညီ ပြည့်စုံသည့် တိုင်းရင်းသား လူမျိုးစုများ အနေဖြင့် မိမိတို့ ရလိုသော နယ်မြေ အပိုင်းအခြားပုံစံကို အမျိုးသား ညီလာခံသို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ တင်ပြတောင်းဆိုနိုင်မည် ဖြစ်ပါသည်။ ထိုသို့ တောင်းဆို တင်ပြလာသည့် အခါကျမှ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ အနေဖြင့် ဝိုင်းဝန်း စဉ်းစား ပေးသည့် အစီအစဉ် ပြုလုပ်လျှင် သင့်လျော်မည်ဟု ယူဆရပါသည်၊

(၁၁) နိုင်ငံတော်ကို အုပ်ချုပ်မှု လွယ်ကူစေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ကျစ်လျစ် ခိုင်မာစေရန် မြန်မာနိုင်ငံအား အောက်ပါအတိုင်း ဖွဲ့စည်း၊ စုစည်းလျှင် သင့်မြတ်မည်ဟု ယုံကြည်ပါသည်—

(က) ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ်လည်းကောင်း၊

(ခ) ရပ်ကွက် များကို မြို့ အဖြစ် လည်းကောင်း၊

(ဂ) ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ (သို့မဟုတ်) မြို့များကို မြို့နယ် အဖြစ်လည်းကောင်း၊

(ဃ) မြို့နယ် များကို ခရိုင် အဖြစ် လည်းကောင်း၊

(င) နဝတ ကာလ၌ ဖြစ်ပေါ်ခဲ့သော ငြိမ်းချမ်းရေး အဖွဲ့များ၏ နယ်မြေ အပိုင်း အခြား များကို အထူး ဒေသများအဖြစ် လည်းကောင်း၊

(စ) သမ္မတ တိုက်ရိုက် အုပ်ချုပ်သော နယ်မြေ အပိုင်းအခြားများကို ပြည်ထောင်စု နယ်မြေ အပိုင်း အခြားများအဖြစ်လည်းကောင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊

(ဇ) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊

(ဈ) တိုင်းဒေသကြီးတစ်ခု(သို့မဟုတ်) ပြည်နယ် တစ်နယ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိ ပါက ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ တိုင်း၊ ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေသနှင့် ခရိုင်များကို တိုင်းဒေသ ကြီး (သို့မဟုတ်) ပြည်နယ်အဖြစ် လည်းကောင်း၊

(ည) ခရိုင်များကို တိုင်းဒေသကြီး (သို့ မဟုတ်) ပြည်နယ်အဖြစ် လည်း ကောင်း၊

(ဋ) တိုင်းဒေသကြီးများနှင့် ပြည်နယ် များကို နိုင်ငံတော်အဖြစ် လည်း ကောင်း စုစည်း၍ နိုင်ငံတော်ကို ဖွဲ့စည်း တည်ဆောက်ထားမည်၊

(၁၂) နိုင်ငံတော်နယ်နိမိတ် ပြင်ဆင် သတ်မှတ် ရေး ကိစ္စနှင့် စပ်လျဉ်း၍ အမျိုးသား ညီ လာခံ ကျင်းပ ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ (၁၈-၁-၉၄)နေ့တွင် အမျိုးသား ညီလာခံ စုံညီ အစည်းအဝေး၌ ရှင်းလင်း ပြောကြားချက်ပါ လုပ်ထုံး လုပ်နည်း အစီအစဉ်များအတိုင်း လိုက်နာ ကျင့်သုံး ဆောင်ရွက်လျှင် သင့်မြတ်မည်ဟု ယုံကြည် ပါသည်၊

(၁၃) ထို နည်း လည်း ကောင်း တိုင်းဒေသကြီး တစ်ခု (သို့မဟုတ်) ပြည်နယ် တစ်နယ်၏ အမည် ပြောင်းလဲသတ်မှတ်ရန် ဖြစ်ပေါ် လာလျှင်သော် လည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ၏ အမည်ကို ပြောင်းလဲသတ်မှတ်ရန် ဖြစ်ပေါ်လာလျှင် သော်လည်းကောင်း ၁၈-၁-၉၄ရက်နေ့တွင် အမျိုးသား ညီလာခံ ကိုယ်စားလှယ်စုံညီ အစည်းအဝေး၌ ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ပါအစီအစဉ်များအတိုင်း လိုက်နာ ကျင့်သုံး ဆောင်ရွက်လျှင် သင့်မြတ်မည်ဟု ယုံကြည်ပါသည်၊

(၁၄) (က) ဗဟို အစိုးရ သာ ရုံး စိုက် ရာ ရန်ကုန်မြို့ကို နိုင်ငံတော်၏ မြို့ တော်အဖြစ်သတ်မှတ်ပြီးရန်ကုန် တိုင်းဒေသကြီး၏ အုပ်ချုပ်မှု အောက်တွင်မထားရှိဘဲ နိုင်ငံ တော်သမ္မတ တိုက်ရိုက်အုပ်ချုပ် သော ပြည်ထောင်စု နယ်မြေ အဖြစ်သတ်မှတ်ရန်ဟူသော မူကို လုံးဝသဘောတူပါသည်၊ (စကားချပ်၊ ဤအချက်ကို ယခင် က ကျွန်တော်တို့အဖွဲ့မှ တင်ပြ ခဲ့သည့် အချက် ဖြစ်ပါသည်။)

(ခ) အလားတူ အခြားကာကွယ်ရေး နှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးတို့နှင့်စပ်လျဉ်းပြီး ထူးခြား သည့် အခြေ အနေ ရှိသော နယ်မြေ ဒေသများ ကိုလည်း ဥပဒေ ပြဋ္ဌာန်းပြီး သမ္မတက တိုက်ရိုက် အုပ်ချုပ်သည့် ပြည် ထောင်စု နယ်မြေများ အဖြစ် သတ်မှတ်ရန် မူကိုလည်းသဘော တူပါသည်၊

(ဂ) ထို့အပြင် အထူးတင်ပြ အကြံ ပြုလိုသည့် အချက်တစ်ရပ်မှာ နယ်စပ် ဒေသနှင့် တိုင်းရင်း သား လူမျိုးများဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်နှင့် ပူး ပေါင်းပြီး ပြည်ထောင်စု ဖွံ့ဖြိုး ရေးလုပ်ငန်းများကို တစ်တပ် တစ်အား ဆောင်ရွက် နေကြ

သော လက်ရှိ ငြိမ်းချမ်းရေး အဖွဲ့များ၏ အတွင်း ဒေသများကို သမ္မတမှ တိုက်ရိုက် အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေဒေသ များ အဖြစ် သတ်မှတ်ပေးရန် အလေးအနက် တင်ပြလိုပါသည်။

ရှင်းလင်းချက်

သမ္မတကတိုက်ရိုက်အုပ်ချုပ်သော ပြည်ထောင်စုနယ်မြေသတ်မှတ်ထားရှိရေးနှင့် စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့သည် ပြည်ထောင်စု၏ အစိတ်အပိုင်းများသာ ဖြစ်ပြီး ဗဟို အစိုးရလက်အောက်တွင်သာ ရှိကြပါသည်။ သို့ဖြစ်၍ တိုင်းဒေသကြီးအစိုးရများနှင့်ပြည်နယ်အစိုးရတို့ထက် ပြည်ထောင်စုဗဟိုအစိုးရက အစဉ်အမြဲအားကောင်း နေရမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရတို့က အားကောင်းပြီး ပြည်ထောင်စု ဗဟိုအစိုးရက အားနည်းနေတာမျိုး မဖြစ်သင့်ပါ။ လွတ်လပ်ရေးရပြီးကာလ၊ ပါလီမန်ခေတ်၌ ဗဟိုအစိုးရကအားနည်းပြီး ပြည်နယ်အစိုးက အားကောင်းခဲ့သည့်အချိန် ၁၉၆၂ ခုနှစ်တွင်ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်နှင့်ပင် ကြုံတွေ့ခဲ့ရသည့် သာဓကရှိခဲ့ဖူးပါသည်။ ပြည်ထောင်စုဗဟိုအစိုးရကသာ အမိ က အားကောင်းပြီး နိုင်ငံတော်အဝန်း၌ အာဏာသက်ရောက်မှု ရှိနေရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအရ အရေးကြီးသော ဒေသများတို့ကို ဗဟိုအစိုးရမှ တိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေများအဖြစ် သတ်မှတ်ထားရှိသင့်ပါသည်။ ယခင်ကလည်း နယ်ခြားဒေသ အုပ်ချုပ်ရေး သီးသန့် ရှိခဲ့ဖူးပါသည်။

၎င်းပြင် စီးပွားရေးအရ အရေးကြီးသော နယ်စပ် ကုန်သွယ်ရေးဒေသများ၊ **ဥပမာ**–မူဆယ်၊ ပန်ဆိုင်း၊ ကျိုင်းတုံစသည့် ဒေသများနှင့် အခြားအလားတူဒေသများကို ဗဟိုအစိုးရမှ တိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေများအဖြစ် သတ်မှတ်ထားရှိ သင့်ပါသည်ဟု အကြံပြု ဆွေးနွေးလိုပါသည်။

## အပိုင်း (၃)

### နိုင်ငံတော်အကြီးအကဲ

**သဘာပတိကြီးခင်ဗျား**။ နိုင်ငံတော် အကြီးအကဲအခန်းတွင် နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော် သမ္မတဖြစ်ကြောင်းနှင့် နိုင်ငံတော် သမ္မတ၏ အနေအထား၊ နိုင်ငံတော် သမ္မတမှာ ရှိသင့်သည့် အရည်အချင်း၊ နိုင်ငံတော်သမ္မတ၏ တာဝန်ဝတ္တရားများ၊ နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ် တင်မြှောက် ရေး အဖွဲ့ ဖြင့် ရွေးချယ် တင်မြှောက်ရေး၊ နိုင်ငံတော်သမ္မတ၏သက်တမ်း၊ နိုင်ငံတော်သမ္မတ၏ လစာစရိတ်နှင့် အဆောင်အယောင် များ၊ ပြည်ထောင်စု လွှတ်တော်နှင့် ဆက်သွယ်ခြင်း၊ နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ခြင်း စသည့်အခြေခံရမည့် မူများကို ဤအခန်းတွင် ဆွေးနွေး အကြံပြုထားပါသည်။

(၁) နိုင်ငံတော် အကြီးအကဲသည် သမ္မတဖြစ်သည်။ ထို့ကြောင့်—

(က) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်၊

(ခ) နိုင်ငံတော်သမ္မတသည် နိုင်ငံသား အားလုံး၏ အမျိုးသား ခေါင်းဆောင် ဖြစ်သည်၊

(ဂ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်း လုံး တွင် အုပ်ချုပ်ရေး

အာဏာ အပြည့်အဝရှိသော နိုင်ငံသား အားလုံး၏ အတွတ်အထိပ်နေရာ ရရှိထားသူ ဖြစ်သည်။

(၂) နိုင်ငံတော်သမ္မတတွင် ရှိသင့်သော အရည်အချင်းများမှာ အောက်ပါအတိုင်း ဖြစ်သင့်ပါသည်ဟု အကြံပြု ဆွေးနွေးလိုပါသည်—

(က) နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက် အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်၊ တစ်နည်းအားဖြင့် (နိုင်ငံခြားသွေးမျိုးဆက်မှ နိုင်ငံသား ဖြစ်လာသူများကို ပယ်သည်။)

(ခ) နိုင်ငံတော် သမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊စီးပွားရေး၊ စစ်ရေး စသည့် နိုင်ငံတော် အရေး အရာ များနှင့်စပ်လျဉ်းပြီး အတွေ့အကြုံ ရင့်ကျက်သူ၊ အောင်မြင်သူ ဖြစ်ရမည်။

(ဂ) နိုင်ငံတော် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်း ခံရမည့်သူသည် အသက် (၄၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဃ) နိုင်ငံတော်သမ္မတသည်လွှတ်တော် ရွေးကောက် ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသောအရည်အချင်းများ အပြင် နိုင်ငံတော် သမ္မတအတွက် သီးခြား သတ်မှတ် ထားသော အရည် အချင်း များနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(င) နိုင်ငံတော် သမ္မတသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံးအနှစ်(၂၀)နိုင်ငံတော်တွင် (သို့မဟုတ်) နိုင်ငံတော်၏ အာဏာ ပိုင်နက်တွင် နေထိုင်ခဲ့သူ ဖြစ်ရမည်။

(စ) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေသူ ဖြစ်ရမည်။ ထို့အပြင် နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘ တစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ ဇနီး (သို့မဟုတ်) ခင် ပွန်း သော် လည်း ကောင်း၊ တရားဝင် သားသမီး တစ်ဦးဦး၏ ဇနီး (သို့မဟုတ်) ခင် ပွန်း သော် လည်း ကောင်း နိုင်ငံခြား အစိုးရ၏ ကျေးဇူး သစ္စာတော်ကို ခံယူစောင့်ရှောက် ရှိသေသူ (သို့မဟုတ်) နိုင်ငံခြား အစိုးရ၏ လက်အောက်ခံ ဖြစ်သူ (သို့မဟုတ်) ထိုအစိုးရ၏ နိုင်ငံသား ဖြစ်သူများ မဖြစ်စေရ၊

(ဆ) နိုင်ငံတော် သမ္မတအဖြစ် အရွေးခံရမည့်သူသည် ကိုယ်အင်္ဂါ ချို့တဲ့၊ ချို့ယွင်းသူ (သို့မဟုတ်) စိတ်ပေါ့သွပ်သူ မဖြစ်စေရ၊

(ဇ) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရမည့်သူသည် ပြစ်မှု ကျူးလွန် ဖူးသူ၊ အချုပ်ထောင် ကျခံဖူးသူ မဖြစ်စေရ၊

(ဈ) နိုင်ငံတော် သမ္မတသည် အမြော်အမြင် ကြီးမားသူ၊ ဘုန်းတန်ခိုးနှင့် သြဇာတိက္ကမ ရှိသူဖြစ်ရမည်၊

အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံလျှင် မိန်းမ၊ ယောကျ်ား၊ လူမျိုး၊ ဘာသာ ခွဲခြားခြင်းမရှိဘဲ နိုင်ငံသားတိုင်း သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် ရှိသည်။

(၃) နိုင်ငံတော် သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ် တင်မြှောက်သည် —

(က) သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့တွင်ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံးကို ထည့်သွင်းဖွဲ့စည်းမည်ဆိုပါက အခြားနိုင်ငံ အရေးအရာ များကို စီမံဆောင်ရွက်ရန် အခက်အခဲ ရှိနိုင်မည် ဖြစ်ပါသည်။ ၎င်းပြင် အဖွဲ့ဝင်များလွန်းလျှင် ရွေးချယ်ရေး လုပ်ငန်း ဆောင်ရွက် ရာ၌ ထိရောက်မှုမရှိ ဖြစ်တတ် သည်သာမက ရှုပ်ထွေးပွေလီ လာရန်လည်း ခက်ခဲတတ် ပါသည်။ သို့ဖြစ်၍ သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ကို သင့်တင့်လျောက်ပတ်သည့် အဖွဲ့ဝင် ဦးရေကန့်သတ် ဖွဲ့စည်းလျှင် သင့်မည်ဟု ယူဆ ပါသည်။ ကျွန်တော်တို့ အနေဖြင့် သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ကို အဖွဲ့ဝင် (၄၇) ဦး ပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းလျှင် သင့်မည်ဟု ယူဆပါသည်။ ၎င်း သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင် (၄၇) ဦးကို တိုင်း ဒေသကြီး များနှင့် ပြည်နယ် များမှ ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်မှ လွှတ်တော် ကိုယ်စားလှယ် (၁၄) ဦး၊ လူဦးရေကို အခြေခံ ရွေးကောက်တင် မြှောက် သည့် လွှတ် တော်မှ လွှတ်တော်ကိုယ်စားလှယ်(၂၆)ဦးနှင့် ဖော်ပြပါ လွှတ်တော် နှစ်ရပ်တစ်နည်း အားဖြင့် ပြည်ထောင်စု လွှတ်တော် အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကအမည်စာရင်းတင်သွင်းသည့်တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များမှ ကိုယ်စားလှယ် (၇) ဦး အားလုံး စုစုပေါင်း (၄၇) ဦး တို့ဖြင့် ဖွဲ့စည်းလျှင် သင့်မည်ဟု ယုံကြည်ပါသည်၊

(ခ) ဤသမ္မတ ရွေးချယ် တင်မြှောက်ရေးအဖွဲ့သည်ပထမဦးစွာသတ်မှတ်ထားသော အရည် အချင်း နှင့် ပြည့်စုံသော သမ္မတလောင်းသုံးဦးကို ပြဋ္ဌာန်း ထားသည့် ဥပဒေ၊ လုပ်ထုံး လုပ်နည်း များနှင့် အညီ ပြည်ထောင်စု လွှတ် တော် ကိုယ်စား လှယ် များ ထဲ က ဖြစ် စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော နိုင်ငံသားများထဲကဖြစ်စေ ရွေး ချယ် ပေး ပြီး ၎င်း သ မ္မ တ လောင်း သုံးဦးကို ပြည်ထောင်စု လွှတ်တော်မှ အပြီးသတ် စိစစ်အတည် ပြုပေးရန် ဖြစ် ပါ သည်။ ထို့နောက် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် အားလုံးက သ မ္မ တ လောင်း သုံး ဦး အနက် ကြိုက် နှစ် သက် သူ တစ် ဦး ဦးကို သမ္မတ အဖြစ် လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ် တင်မြှောက်ကြရန် ဖြစ်ပါသည်။ ဆန္ဒမဲ အများဆုံးရရှိသူ

ကို သမ္မတအဖြစ် လည်းကောင်း၊ ဒုတိယ ဆန္ဒမဲအများဆုံး ရရှိသူနှင့် တတိယမဲအများဆုံး ရရှိ သူတို့ကို ဒုတိယ သမ္မတ များအဖြစ် လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်သည့် စနစ် ကျင့်သုံးလျှင် သင့်မြတ်မည်ဟုယုံကြည်ပါသည်။

(ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ သက်တမ်းကို ငါးနှစ် သတ်မှတ်ပြီး ၎င်းသက်တမ်း ကုန်ဆုံးသည့်အခါ နိုင်ငံတော် သမ္မတ အသစ် ရွေးချယ် တင်မြှောက်ပြီးသည့်အချိန်ထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ရင်းစွဲ လုပ်ငန်းတာဝန်များ ကို ထမ်းဆောင် ရန် လည်းကောင်း၊ သမ္မတ အဖြစ် ရာထူး သက်တမ်း နှစ် ကြိမ် ထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေရန်လည်းကောင်း ကန့်သတ်ရန်မှုကို လည်း သဘောတူကြပါသည်၊

(ဃ) သမ္မတသက်တမ်း တစ်ခုအတွင်း အကြောင်း တစ်ရပ်ရပ်ကြောင့် နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ တစ်နေရာ လစ်လပ်သည့်အတွက် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအဖြစ် အစားထိုး ရွေးချယ်သော နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတသစ်၏ သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည်အထိသာ သတ်မှတ်ရန်ဟူသော အချက်ကို လည်း သဘောတူကြပါသည်၊

(င) နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတ များ သည် လွှတ်တော် ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှလည်းကောင်း နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ အဖြစ်ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ နုတ်ထွက်ပြီး ဖြစ်သည်။ (သို့မဟုတ်) အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

(စ) နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ များသည် နိုင်ငံရေး ပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်း အတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း မပြုရဟူသော အချက်ကိုလည်း သဘောတူကြပါသည်၊

(ဆ) နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများသည် မိမိတို့၏ ရာထူး တာဝန်များကို မထမ်းဆောင်မီ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များရှေ့မှောက်၌ ကတိသစ္စာ ပြုပြီးမှ မိမိတို့၏ တာဝန် ဝတ္တရား များကို စတင် ထမ်းဆောင်စေရမည်၊

(ဇ) နိုင်ငံတော် သမ္မတသည် နိုင်ငံတော်အလံကို ကိုင်၍ အောက်

ဖော်ပြပါ ကဘိသစ္စာကို ကျိန်ဆိုရမည်—

"ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခြင်းခံပြီးဖြစ်သဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမို ထွန်းကားရေးနှင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင် ထမ်းဆောင် နိုင်ရေး တည်း ဟူသော အမျိုးသားရေးဦးတည်ချက် (၆) ရပ်တို့ကို ဦးထိပ်ထား ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တကွ တရားဥပဒေတို့နှင့် လျော်ညီစွာ မိမိ၏ တာဝန် ဝတ္တရား များ ကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ပြည်ထောင်စု မြန်မာ နိုင်ငံ တော် ၏ အကျိုးငှာ ပြည်ထောင်စုမြန်မာနိုင်ငံအား ကျွန်ုပ်၏ အသက်နှင့် ကိုယ်ကိုအပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်"၊

(ဈ) နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတ များသည် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ နိုင်ငံတော်မှ သတ်မှတ် ချီးမြှင့်သောလစာ၊ စရိတ်မှအပ အခြားလစာ၊ စရိတ် ကြေးငွေ ရသောမည်သည့် ရာထူး တာဝန်ကိုမျှ လက်ခံခြင်းမပြုရဟူသော အချက်ကိုလည်း သဘောတူ ပါသည်။

(ည) နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ တာဝန်ဝတ္တရား များကို စတင် မထမ်းဆောင်မီ မိမိတို့ ဦးစီးသော စီးပွားဖြစ်သည့် မိသားစု ပိုင်မြေ၊ အိမ်၊ အဆောက်အဦး၊ စီးပွားရေး လုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးဘန် ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံပေးပို့ကာ နိုင်ငံသို့ အသိပေးကြေညာ ခံနိုင်ရမည် ဟူသော အချက် ကိုလည်း သဘောတူပါသည်။

(၄) နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများ၏ ရပိုင်ခွင့်နှင့် တာဝန်များနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို ထည့်သွင်းပြဋ္ဌာန်းလျှင် သင့်မည်ဟု အကြံပြု လိုပါသည် —

(က) နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများသည် ဥပဒေနှင့် သတ်မှတ်ပေးသည့် လစာ၊ စရိတ်နှင့် အဆောင် အယောင် များကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်စွာ နေထိုင် နိုင်ရန် ခေတ်မီသော အိမ်တော် တစ်ဆောင်စီကိုလည်းကောင်း ရရှိစေရန်ဟူသော အချက် ကိုလည်း သဘောတူ ပါသည်၊

(ခ) နိုင်ငံတော် သမ္မတ၏ လစာငွေကို ကျပ် ၅၀၀၀၀၊ ဒုတိယ သမ္မတ လစာငွေကို ကျပ် ၃၅၀၀၀၊ အသီးသီး သတ်မှတ်လျှင် သင့်မည်ဟု အကြံပြု ဆွေးနွေးလို ပါသည်။

(ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ ညှော်ခံစရိတ်၊ ခရီးသွားစရိတ်နှင့် အခြား စရိတ်များကိုမူ နိုင်ငံတော် သမ္မတရုံး၏ ရသုံးငွေစာရင်းမှ လိုအပ်သလို ထုတ်ယူသုံးစွဲခွင့်ပြုထားလျှင် သင့်မည်ဟု အကြံပြု ဆွေးနွေး လိုပါသည်။

(ဃ) နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေတို့အရ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ထမ်းဆောင်ရန်ဟူသော မူကိုလည်း သဘောတူပါသည်။

(င) နိုင်ငံတော်သမ္မတသည်နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးငှာ မိမိ ဆောင်ရွက်လိုသော လုပ်ငန်းကိစ္စ ဟူသမျှကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အများစု၏ဆန္ဒသဘောတူညီမှုကို ရယူပြီး လိုအပ်သော ဥပဒေပြဋ္ဌာန်းပြီးမှသာ ဆောင်ရွက်ပိုင်ခွင့် ရှိစေသင့်ပါသည်။ ထိုနည်းလည်းကောင်း ပြည် ထောင် စု လွှတ်တော်ကလည်း ၎င်း ဆောင်ရွက်လိုသော လုပ်ငန်းမှန်သမျှကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်လက်မှတ် ရေးထိုးပြီး မှသာ ဆောင်ရွက် ပိုင်ခွင့် ရှိစေ ရမည်။ သို့သော် နိုင်ငံတော် သမ္မတ၌ လွှတ်တော်မှ တင်ပြလာ သော လုပ်ငန်း ကိစ္စ များအနက် မိမိ သဘောမတူပါက လက်မှတ် ရေးထိုးရန် ငြင်းပယ် ပိုင်ခွင့် ရှိစေရမည်။ ဤသို့ဖြင့်နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်တို့သည် အပြန်အလှန် ထိန်းချုပ်မှုဖြင့် ဆက်သွယ် နေကြစေရန် အကြံပြု ဆွေးနွေး တင်ပြလိုပါသည်။

၎င်းအပြင် သမ္မတကို အုပ်ချုပ်ရေး အာဏာအပြည့်အဝ အပ်နှင်းထားသည် ဖြစ်၍ အာ ဏာ ရှင် ဆန် မလာ စေရန် လွှတ် တော်မှ လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက် ထားရမည် ဖြစ်ပါသည်။

(စ) နိုင်ငံတော် သမ္မတသည် တိုင်းဒေသကြီး တစ်ခုခု (သို့မဟုတ်) ပြည်နယ်တစ်နယ်နယ် (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေအုပ်ပိုင်းအခြား တစ်ခုခုတွင် နိုင်ငံရေး မတည်မငြိမ်၍ ပြည်ထောင်စု ပြိုကွဲမည့် အခြေအနေသို့ ဆိုက်ရောက်လျှင် ၎င်းတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်(သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေအုပ်ပိုင်းအခြား၏ ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တ ရား စီ ရင် ရေး အာဏာတို့ကို သမ္မတက တိုက်ရိုက်ချုပ်ကိုင်၍ အုပ်ချုပ်ခွင့် ရရှိစေရမည်ဟူသော မူကိုလည်း သတ်မှတ်ထားရှိသင့်သည်ဟု အကြံပြုလိုပါသည်။

(ဆ) နိုင်ငံတော်သမ္မတသည် ပြည်တွင်း ပြည်ပ နှစ်ဌာန၏ ငြိမ်းချမ်းရေး တည် ဆောက် သော ဗိသုကာ လည်းဖြစ်ရမည်။

— ဤနေရာ၌ ဆက်စပ်၍ အကြံပြု လိုသည်မှာ နိုင်ငံတော် သမ္မတ သည် ဝန်ကြီးများ အနေဖြင့် ဥပဒေ ကျူးလွန်၍ ဖြစ်စေ၊ တာဝန်မကျေ၍ ဖြစ်စေ မိမိ လက် အောက် မှ တာ ဝန် ရှိ သူ တစ်ဦးဦး၏ တာဝန်ပေါ့လျော့ မှုကြောင့်ဖြစ်စေ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးနစ်နာ ဆုံး ရှုံးမှုဖြစ်ခဲ့သော်ငင်းဝန်ကြီး အား ရာထူးမှနုတ်ထွက်စေသင့် ပါသည်။ ဆိုလိုသည်မှာ—

— နိုင်ငံတော်သမ္မတသည် တာဝန် မကျေဝန်ကြီးများကိုထုတ်ပယ် ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အစား ထိုးခန့်ထားခြင်းတို့ကို ဆောင် ရွက်ပိုင်ခွင့် ရှိစေရမည်။

(ဇ) နိုင်ငံတော် သမ္မတသည် အရေးကြီး သော ကိစ္စရပ်များ ပေါ်ပေါက် ခဲ့လျှင် ပြည်သူ လူထုသို့ မိန့်ခွန်း မြွက်ကြားရမည်၊ ၎င်းပြင် နိုင်ငံ၏ အရေးအရာ အခြေ အနေများကို တိုင်း ပြည်သို့ အခါ အား လျော် စွာ ကြေညာပေးရမည်။

(ဈ) နိုင်ငံတော် သမ္မတ၌ ပြစ်ဒဏ်လွတ် ငြိမ်း ချမ်း သာ ခွင့် ပေးနိုင်သော အခွင့် အာ ဏာ လည်း ရှိ သင့်ပါ သည်။

(၅) နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများ ကို အရေးယူ စွပ်စွဲပြစ်တင်ခြင်း—

(က) နိုင်ငံ တော် သ မ္မ တ နှင့် ဒုတိယ သမ္မတ များသည်—

(—) နိုင် ငံ တော် ၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက် ခြင်း၊

(—) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖောက် ဖျက် ကျူးလွန်ခြင်း၊

(—) အဂတိ လိုက်စားမှု ပြုလုပ် ခြင်း၊

(—) အကျင့်သိက္ခာ ပျက်ပြား ခြင်း

စသည့်အချက်များအနက် အချက် အားလုံးကို ဖြစ်စေ၊ အချက်တစ် ခုခုကို ဖြစ်စေ ဖောက်ဖျက် ကျူး လွန် ခဲ့ သော် ၎င်း ဖောက် ဖျက် ကျူး လွန် သော သ မ္မ တ (သို့ မဟုတ်) ဒုတိယ သမ္မတ ကို ဥပဒေ ပြဋ္ဌာန်း ချက်နှင့် အညီ လုပ်ထုံး လုပ်နည်းများ အတိုင်း အရေးယူ စွပ်စွဲ ပြစ်တင်မှုပြုရမည်၊

(ခ) ထိုသို့စွပ်စွဲ ပြစ်တင်ရန်လုပ်ထုံးလုပ် နည်းမှာ သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ တစ်ဦးဦးကအထက် ဖော်ပြပါ အချက် တစ်ရပ်ရပ်ကို ဖောက် ဖျက် ကျူး လွန် သည်ဟု ပြည်ထောင်စု လွှတ်တော် ကိုယ် စားလှယ်စုစုပေါင်း၏ လေးပုံတစ် ပုံက လက်မှတ် ရေးထိုးပြီး လွှတ် တော် အကြီးအကဲထံသို့ လျှောက် တင် လာ လျှင် ရှေ့ နေ ချုပ် နှင့် တရားသူကြီး ချုပ်တို့ ပါဝင်သော စစ်ဆေးရေးကော်မရှင် တစ်ရပ်ကို လွှတ်တော်မှ ဖွဲ့စည်း၍ စုံစမ်း စစ်ဆေးစေရမည်။ ထိုသို့ စွပ်စွဲ ချက်ကို စုံစမ်းစစ်ဆေးသည့်အခါ အစွပ်စွဲခံရသည့်သမ္မတ သို့မဟုတ်

ဒုတိယ သမ္မတ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ရှိရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်သည် မှန်ကန်သည်၊ အပြစ်ရှိသည်ဟု ဆန္ဒသဘော ဖော်ပြလျှင် စွပ်စွဲခံရသည့် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအား ရာထူးမှ ရပ်စဲကြောင်းကို လွှတ် တော် အကြီး အကဲ က ကြေညာပေးရမည်။

(ဂ) သို့သော် နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတတစ်ဦးဦးကို ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ယင်းတို့၏ သက်တမ်းကာလအတွင်း အခြားနည်းလမ်းဖြင့် တရားစွဲဆိုပိုင်ခွင့် မရှိစေရဟု ချမှတ်ထားသင့်ပါသည်။

(ဇ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတရာထူး တစ်နေရာ လစ်လပ်လျှင် အစားထိုး ရွေးချယ် တင်မြှောက်ခန့်ထားခြင်း။

(က) နိုင်ငံတော်သမ္မတတစ်ဦးသည် မိမိရာထူး သက် တမ်း မကုန် ဆုံး မီ နုတ်ထွက်သောကြောင့် ဖြစ်စေ၊ ကွယ်လွန်သောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ သမ္မတရာထူး လစ်လပ်လျှင် ဒုတိယ မဲအများဆုံးရရှိထားသည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတ၏ လုပ်ငန်းများ ရပ်ဆိုင်းမသွားစေရေးအတွက် ချက်ချင်း ယာယီသမ္မတအဖြစ် ဆောင်ရွက်ရမည်။

လေးစားအပ်သည့် သဘာပတိကြီးနှင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်များ ခင်ဗျား။

ယခုကျွန်တော်တင်ပြခဲ့သော အပိုင်း ၁ နိုင်ငံတော်၊ အပိုင်း (၂) နိုင်ငံတော် ဖွဲ့စည်း တည် ဆောက် ပုံ၊ အပိုင်း (၃) နိုင်ငံတော်အကြီးအကဲဆိုသည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ အကြံ ပြုချက် များ သည် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ်စုံညီ အစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ အချက်များအပေါ်အခြေပြု၍ ဆွေးနွေးအကြံပြုထားခြင်းဖြစ်ပါသည်။ ၎င်းအပြင် အခြားထည့်သွင်းသင့်သည်ဟု ထင်မြင်ယူဆရသော အချက်အလက်အသစ် အချို့ကိုလည်း ဖြည့်စွက်အကြံပြုထားပါသည်။ ကျွန်တော်တို့၏ ဆွေးနွေး အကြံပြုချက်များကို အမျိုးသားညီလာခံ ဦးတည်ချက် (၆) ရပ်၊ ယခင်နှစ်ကချမှတ်ပြီးဖြစ်သည့် အခြေခံရမည့် မူ ၁၀၄ ချက်တို့နှင့် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ အနာဂတ်ပြည်ထောင်စုအကျိုးငှာ စေတနာရိုးဖြောင့်စွာဖြင့် ဆွေးနွေး အကြံပြုထားခြင်းဖြစ်ပါကြောင်း ပြောကြားရင်း အဆုံးသတ်အပ်ပါသည်။

(ဩဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင်ပါဝင်သည့် ကယန်းအဖွဲ့မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ]

**အခမ်းအနားမှူး။** အခု ဆက် လက် ပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကယန်းအဖွဲ့မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များရဲ့အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးဂေဗရယ်ပျန်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးဂေဗရယ်ပျန် (အ ခြား ဖိတ် ကြား သင့် သည့် ပုဂ္ဂိုလ်များအစုအဖွဲ့)။** လေးစားအပ်တဲ့ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကယန်းဒေသ ဖွံ့ဖြိုးဘိုးတက်ရေးအဖွဲ့၏ အကြံပြုစာတမ်းကို ဆွေးနွေး ဖတ်ကြားမယ့် ဦးဂေဗရယ်ပျန် ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကိုသာ ဆွေးနွေးတင်ပြမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပတ်သက်၍ ကယန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်း။**

**နိဒါန်း**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့တကွ ကိုယ်စားလှယ် တော် ကြီး များ ခင် ဗျား။ ကျွန်တော်တို့ နိုင် ငံ မှာ တိုင်း ရင်း သား လူ မျိုး အများအပြားရှိသလို ယုံကြည်ကိုးကွယ်တဲ့ ဘာသာအယူဝါဒတွေလည်း စုံလင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ "နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်" ကို ရေးဆွဲတဲ့အခါ လူမျိုးမရွေး၊ ဘာသာမရွေးနေထိုင်ရာဒေသမရွေး၊ တိုင်းရင်းသားလူမျိုးအားလုံးအတွက် အဆင်ပြေပြီး တရားမျှတတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဖြစ်ဖို့လိုအပ်လှပါတယ်။ လွတ်လပ်ရေးရပြီး အချိန်ကစလို့ ကနေ့အထိ ကျွန်တော်တို့ နိုင်ငံမှာ မသမာတဲ့ နိုင်ငံရေးသမား အချို့ အများဆုံး အသုံးချပြဿနာလုပ်သွားတဲ့ ကိစ္စတွေကို ကြည့်ရင် လူမျိုးရေး၊ ဘာသာရေးနှင့် ဒေသရေး ကိစ္စ တွေပဲ ဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့် လာမည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်မှာ မသမာသူတွေ ပြဿနာမလုပ်လာနိုင်အောင်ဆိုင်ရာ အခန်းကဏ္ဍတိုင်းကို ထောင့်စေ့အောင် ရေးဆွဲ ချမှတ်ရမှာ ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

## အပိုင်း (၁)

**နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အဆင့်ဆင့်ရဲ့ နယ်နိမိတ်တွေကို မှန်ကန် သဘာဝကျစွာ ရေးဆွဲရေး**

သဘာပတိကြီးနှင့် တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခု အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခု ဖြစ်တဲ့ "နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ" နှင့် ပတ်သက်ပြီး ကျွန်တော်တို့ "ကယန်းဒေသဖွံ့ဖြိုး

တိုးတက်ရေးအဖွဲ့ရဲ့'' အမြင်ကို ပွင့်လင်းစွာ တင်ပြရမယ်ဆိုရင်နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာမှာ အုပ်ချုပ်ရေး နယ်မြေ အဆင့်ဆင့် သတ်မှတ်ဖွဲ့စည်းတဲ့ ကိစ္စသဘာဝမကျ၊ တရားမျှတမှု မရှိရင် အဲဒီ သဘာဝမကျတရားမျှတ မှုမရှိ မရှိတဲ့အကြောင်းကို လိုက်ပြီး မသမာသူတွေက အထူးသဖြင့် လူမျိုးရေး ပြဿနာတွေ၊ ဒေသရေး ပြဿနာ တွေ ဖန်တီးပြီး ပြဿနာ လုပ်လာကြမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးတွေဟာ အရင်တုန်းက ခဏခဏ ဖြစ်ခဲ့ဖူးပြီး ဖြစ်လို့ နောက်နောင်ကို အလား တူ ထပ်မဖြစ်ရအောင် ပြဿနာကို ဖြစ်ပေါ်စေတဲ့ သဘာဝမကျ တရားမျှတမှုမရှိတဲ့ ပျော့ကွက် ဟာကွက်တွေကို ပြုပြင်ပြီး အကောင်းဆုံး သတ်မှတ် ဖွဲ့စည်းကြရမှာ ဖြစ်ပါတယ်။

အုပ်ချုပ်ရေးနယ်မြေ အဆင့်ဆင့် အထူးသဖြင့် ပြည်နယ်အဆင့်ကို စတင်ဖွဲ့စည်းခဲ့စဉ်တုန်းက အခြေအနေကို ပြန်ပြီး သုံးသပ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ မိဘ၊ ဘိုးဘေးတွေ အနေနှင့် အဲဒီတုန်းက "လွတ်လပ်ရေးရဖို့ ကိစ္စ'' ဟာ အရေး ကြီး ဆုံး ဖြစ် လို့ ပြည်ထောင်စုဝင် တိုင်းနှင့်ပြည်နယ်တွေရဲ့ နယ်နိမိတ်ကို ရေးဆွဲ သတ်မှတ် ရာမှာ တိုင်း ရင်း သား လူမျိုး အားလုံးရဲ့ ဆန္ဒသဘောထားကို ရယူဖို့ အချိန်မရဘဲ ဒူးဝါးတွေ၊ စော်ဘွားတွေ၊ စော်ဖျာတွေနှင့် နိုင်ငံရေးသမား အချို့တို့ရဲ့ သဘောထား လောက်ကိုသာ ရယူပြီး ရေးဆွဲ သတ်မှတ်ရတာကြောင့် ပျော့ကွက် ဟာကွက်တွေရှိခဲ့ပါတယ်၊ ဒီပျော့ကွက်ဟာကွက်တွေကြောင့် အစိုးရရဲ့အုပ်ချုပ်မှုထိရောက်သင့်သလောက် မထိရောက်၊ လက်လှမ်းမမီဖြစ်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ စော်ဘွား စော ဖျာ အ ချို့နှင့် နိုင်ငံရေး သမားအချို့တို့ဟာ အုပ်ချုပ်ရေး နယ်မြေအဆင့်ဆင့် ဖွဲ့စည်းသတ်မှတ်ပုံ ပျော့ကွက် ဟာကွက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ အုပ်ချုပ်မှု မထိရောက် တာတွေ၊ လက်လှမ်း မမီတာတွေကို ခုတုံး လုပ်ပြီး သူတို့ရဲ့ ဩဇာအာဏာကို တိုးချဲ့ဖို့အတွက် လူမျိုးစု အရေးကိစ္စလိုလို၊ ဒေသရဲ့ အကျိုးစီးပွား ကိစ္စ လို လို နှင့် လိုရာဆွဲပြီး အမြတ်ထုတ် ပြဿနာ လုပ် လာကြတာကို တွေ့ခဲ့ရပါတယ်။ အဲဒီတုန်းကသာ အခြေအနေပေးမယ်ဆိုရင် ပြည်ထောင်စုကြီး ထဲကတောင် ခွဲထွက်ဖို့အထိ ခြေလှမ်းလှမ်းခဲ့တဲ့ "ဖယ်ဒရယ်မူကိစ္စ'' လို့ လူသိများခဲ့တဲ့ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်က စော်ဘွား၊ စောဖျာအချို့နှင့် နိုင်ငံရေးသမားအချို့တို့ရဲ့ လှုပ်ရှားမှုဟာ ကာလ ရှည်ကြာစွာပဲ ဗမာ တိုင်းရင်းသားနှင့် တောင်ပေါ်တိုင်းရင်းသား လူမျိုးစုတွေ ကြားမှာ မယုံသံသယ စိတ်တွေ ဖြစ်ပေါ်စေခဲ့တာ ကိုယ်စားလှယ်တော်ကြီးများ အားလုံးအသိပဲ ဖြစ်ပါတယ်။

**ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။** တစ်ခါတုန်းက ဖက်ဒရယ်မူ လှုပ်ရှားမှုဟာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်က လူ့မလိုင်အလွှာကို အခြေပြုထားတာသာ ဖြစ်ပြီး၊ အောက်ခြေ တိုင်းရင်းသား ပြည်သူ လူထုရဲ့ ဆန္ဒ သဘောထား လုံးဝ မဟုတ်ကြောင်း၊ တိုင်းရင်းသား ပြည်သူ လူထုတွေ သက်သက်ခုတုံး လုပ်ခံရတာသာ ဖြစ်ကြောင်း၊ အဲဒီခေတ်ကာလက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်မှာရှိတဲ့ တကယ့် အောက်ခြေ တိုင်း ရင်း သား ပြည် သူ လူ ထု တို့ ရဲ့ ရုန်းကန် လှုပ်ရှားမှု အဖြစ်သနစ် အမှန်တွေက သက်သေခံ ပါတယ်။ သာဓက အချို့ကို တင်ပြရမယ်ဆိုရင် အဲ ဒီ တုန်း က ရှမ်း ပြည်နယ် အ နောက် တောင် ပိုင်း နှင့် ကယား ပြည်နယ်မှာနေထိုင်ကြတဲ့ ကယန်းတိုင်းရင်းသားတွေ အနေနှင့်ဆိုရင် သူတို့ရဲ့ နေထိုင်ရာဒေသကို ကယား ပြည်နယ်ထဲမှာ တစ်စုတစ်စည်းတည်း ပေါင်းစည်း ဖွဲ့စည်းပေးဖို့၊ ဒါမှလည်း အစိုးရအနေနှင့် အုပ်ချုပ်မှု ထိရောက် လက်လှမ်းမီသလို သူတို့လူမျိုးစု အနေနှင့်ကလဲ ကိုယ့်ရဲ့နယ်မြေဒေသ၊ ကိုယ့်လူမျိုးစုရဲ့ ဘဝကို တိုးတက်ဖွံ့ဖြိုးအောင် စုစုစည်းစည်းနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှာ ဖြစ်တယ်လို့ အစဉ်တစိုက် ရုန်း ကန် တောင်း ဆို လာကြတာသာ ဖြစ်ပါတယ်။ အဲဒီခေတ်ကာလက ထုတ်ဝေခဲ့ကြတဲ့ သတင်းစာ ဟောင်း တွေ ကို ကိုယ်စားလှယ်တော်ကြီးများ ပြန်ပြီး လေ့လာမယ်ဆိုရင် "မိုးဗြဲနယ် အရေးအရာ

ကိစ္စများ'' အဖြစ် သတင်းဆောင်းပါး အများအပြားကို တွေ့ရမှာဖြစ်ပါတယ်။ ထို့အတူပဲ ရှမ်းပြည် တောင်ပိုင်းမှာ လူဦးရေ အများအပြားရှိတဲ့ ပအိုဝ်း တိုင်းရင်းသားတွေကလဲ အဲဒီတုန်းက ပဒေသရာဇ်စနစ်ကို သူတို့နယ်မြေဒေသမှာ အပြီး သတ်ချုပ်ငြိမ်းအောင် ရုန်းကန်လှုပ်ရှားကြတာသာ ဖြစ်ပါတယ်။

ဒါပေမယ်လို့ အဲဒီလို ပြည်နယ်အချို့တွေမှာ ပဒေသရာဇ်တွေ စိုးမိုးခြယ်လှယ်တာကြောင့် တစ်ကြောင်း၊ အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ပုံ၊ ဖွဲ့စည်းပုံ မမှန်ကန်တာကြောင့်တစ်ကြောင်း၊ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုမထိရောက် လက်လှမ်းမမီတာတို့ ဖြစ်ရပြီး ဖွံ့ဖြိုးတိုးတက်မှုကမညီမညာ၊ တိုင်းရင်းသားလူမျိုးအချို့တို့ရဲ့ ဘဝဟာ နိမ့်ကျလွန်းမက နိမ့်ကျအောက်တန်းကျ ဖြစ်ကြရပါတယ်။ ဒီလို ပြည်နယ်အချို့တွေမှာရှိတဲ့ တိုင်းရင်းသားလူမျိုး အချို့တို့ဟာ ပဒေသရာဇ်တွေကိုလဲ အားမကိုးနိုင်၊ အစိုးရကို အားကိုးဖို့ဆိုတာကလဲ အုပ်ချုပ်ရေးနယ်မြေတွေ ပိုင်းခြားသတ်မှတ်ပုံ အဆင်မပြေတဲ့ အဟန့်အတားတွေကြောင့် သူတို့ရဲ့ သဘောထား ဆန္ဒကို အစိုးရသိအောင် လက်လှမ်းမမီ၊ တင်ပြနိုင်စွမ်းမရှိဘဲ ဖြစ်ကြရပါတယ်။ ဒီလိုနဲ့ "ဝ" တိုင်းရင်းသား လူမျိုးအချို့တို့ဟာ ကိုယ့်ရဲ့လူမျိုးစု၊ ကိုယ့်ရဲ့ နယ်မြေဒေသ၊ တိုးတက်ဖွံ့ဖြိုးလာအောင် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဖာသာကိုယ် ရုန်းကန် လှုပ်ရှားရင်း ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ရင်းနှင့်ပဲ တည်ဆဲဥပဒေ အချို့တို့နှင့် ငြိစွန်းရပြီး၊ ဘုမသိ၊ ဘမသိ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တဲ့ သူပုန်ဘဝကို ရောက်မှန်းမသိ ရောက် သွားကြရတာ ဖြစ်ပါတယ်။ အဲဒါကိုပဲ အာဏာကို ဖြတ်လမ်းကလိုချင်ကြတဲ့ ပဒေသရာဇ်လူစားအချို့နှင့် နိုင်ငံရေးသမားအချို့တို့ဟာ ဘုမသိ၊ ဘမသိ သူပုန်ဖြစ်သွားရတဲ့လူတွေကို လက်ညှိုးထိုးပြပြီး၊ ဒီသူပုန်တွေအစိုးရကိုမကျေနပ်တာသူတို့ကိုပဲ လိုလားသလိုလို၊ သူတို့သာ အာဏာရရင် သို့မဟုတ် အာဏာပိုရှိရင်ပဲ သူပုန်တွေ ကျေနပ်ပြီး ငြိမ်သွားမှာ လိုလိုနှင့် နားလှည့်ပါးလှည့် ပညာပြကြတာလဲ ရှိပါတယ်။

တကယ်တော့တောင်ပေါ်ဒေသတွေမှာ ဖြစ်ကြတဲ့လက်နက်ကိုင် ဆူပူသောင်းကျန်းမှု အများတကာ့ အများစုဟာ—

(၁) ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ရာက ဖြစ်ပေါ်ရတာ ဖြစ်တယ်။

(၂) အုပ်ချုပ်ရေး နယ်မြေ အချို့ ပိုင်းခြားသတ်မှတ်ပုံ အဆင်မပြေလို့ အစိုးရရဲ့ အုပ်ချုပ်ရေး လက်လှမ်းမမီ မထိရောက်တာတို့ ဖြစ်ရပြီး အဲဒီနယ်မြေဒေသက တိုင်းရင်းသား ပြည်သူတွေအနေနှင့် ကိုယ့်အားကိုယ်ကိုး ကိုယ့်ဖာသာ ကိုယ်ရုန်းကန် လှုပ်ရှားဆောင်ရွက်ရာက တည်ဆဲဥပဒေအချို့တို့နှင့် ငြိစွန်းသွားပြီး သူပုန်ဘဝရောက်မှန်းမသိ ရောက်သွားကြရတာသာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** အခုကျွန်တော်တို့ နိုင်ငံမှာ ပဒေသရာဇ်စနစ်ဆိုတာ မရှိတော့ပါဘူး၊ ရှေ့ဆက်ပြီး တော့ သဘာဝမကျတဲ့ အုပ်ချုပ်ရေး နယ်နိမိတ်အချို့ကို မှန်ကန်သဘာဝကျအောင်ပြင်ဆင် သတ်မှတ်လိုက်မယ်ဆိုရင်ကျွန်တော်တို့ နိုင်ငံတစ်ဝန်း၊ တောကြိုတောင်ကြား၊ အစွန်အဖျား ဒေသများပါမကျန် နိုင်ငံတော်အစိုးရရဲ့စီမံအုပ်ချုပ်မှု လက်လှမ်းမီလာမှာ ဖြစ်ပြီး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက် ရမှာလည်း ထိရောက်အောင်မြင်လာမှာ ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်အစိုးရရဲ့ စီမံအုပ်ချုပ်မှု လက်လှမ်းမီ ထိရောက်လာတာနှင့် အမျှ နေရာဒေသတိုင်းကို အချိုးညီညီ တိုးတက်ဖွံ့ဖြိုး အောင် ဆောင်ရွက် လာနိုင်မှာ ဖြစ်တဲ့အတွက် နိုင်ငံတော် အစိုးရအပေါ် တိုင်းရင်းသားပြည်သူတို့ရဲ့ မကျေနပ်မှုတွေ လျော့ပါးပပျောက်သွားမှာ ဖြစ်ပြီး ဆူပူ သောင်းကျန်းမှုကိစ္စတွေလည်း အလိုလိုချုပ်ငြိမ်းသွားမှာဖြစ်ပါတယ်။ ဘာကြောင့်

လဲဆိုတော့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအများတကာ့အများစုရဲ့ ဆန္ဒကတော့ —

- မိမိတို့အတွက် ငြိမ်းချမ်း သာယာတဲ့ ပတ်ဝန်းကျင် ရရှိဖို့၊
- မိမိတို့ နယ်မြေ တိုးတက် ဖွံ့ဖြိုးဖို့နှင့်
- မိမိတို့ရဲ့ ဘဝတိုးတက်ဖွံ့ဖြိုးဖို့သာဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

## အပိုင်း (၂)

### အုပ်ချုပ်ရေး နယ်နိမိတ် ကိစ္စနှင့် ကယန်း တိုင်းရင်းသားတို့ရဲ့ ဘဝ အခြေအနေ

သဘာပတိကြီးနှင့် တကွ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ လက်ရှိ မမှန်ကန် သဘာဝမကျတဲ့ အုပ်ချုပ်ရေး နယ်မြေအချို့ရဲ့ နယ်နိမိတ်တွေကို မှန်ကန် သဘာဝကျအောင် ပြင်ဆင်သတ်မှတ်ပေးဖို့၊ ကျွန်တော်တို့ "ကယန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့" အနေနှင့် အလေးအနက် တင်ပြတောင်းဆိုရတာဟာ ကျွန်တော်တို့ ကယန်း တိုင်းရင်းသားတို့ရဲ့ ခါးသီးတဲ့ ဖြတ်သန်းမှုနှင့် ကြုံတွေ့နေရတဲ့ အဆင်မပြေမှုတွေကို အခြေပြုပြီး တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ခါးသီးလှတဲ့ ဘဝဖြတ်သန်းမှုကို အခြားတိုင်းရင်းသား ညီအစ်ကိုတွေ စာနာ ထောက်ထားနိုင်ဖို့နှင့် ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ အဆင်မပြေမှုတွေကို ညီအစ်ကိုတော်များ ကူညီဖြေရှင်းပေးကြဖို့ အားကိုး မျှော်လင့် ကြီးစွာနှင့် ကျွန်တော်တို့ရဲ့ အခြေအနေမှန်ကို ညီလာခံကြီးမှာ တင်ပြ ဆွေးနွေးပါမယ်။

ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ဟာ "ကယန်း" လို့ ခေါ်တဲ့ တိုင်းရင်းသား လူမျိုး ဖြစ်ပါတယ်။ "ကယန်း" ဆိုတာ ကိုယ်စားလှယ် တော်ကြီးများ အရင်တုန်းက ကြားသိ နားရည်ဝကြတဲ့ ပဒေါင်၊ ဂေခို၊ ယင်းဘော်၊ ဇယိန်၊ ဂေဘားနှင့် ဗရဲဆိုတဲ့ လူမျိုးတွေပဲ ဖြစ်ပါတယ်။ အဲဒီလို ကိုယ်စားလှယ်တော် အများကြားသိ နားရည်ဝလာတဲ့ ပဒေါင်၊ ဂေခို၊ ယင်းဘော်၊ ဇယိန်၊ ဂေဘားနှင့် ဗရဲဆိုတဲ့ စကားလုံး တွေနှင့်ပတ်သက်ပြီး ကျွန်တော့် အနေနှင့် ဦးစွာရှင်းပြချင်တာက အဲဒီ စကားလုံးတွေဟာ ကျွန်တော်တို့ လူမျိုးစုရဲ့ အမည်နာမ အခေါ် အဝေါ် အမှန်တွေ မဟုတ်ဘဲ ကျွန်တော်တို့ရဲ့ ဝတ်စား ဆင်ယင်မှုနှင့် နေထိုင်ရာ ဒေသကိုလိုက်ပြီး၊ အခြားနီးရာ တိုင်းရင်းသား ညီအစ်ကို အချို့က သူတို့ နားလည်သလို ခေါ်ဝေါ် သုံးနှုန်းရာက တွင်သွားတဲ့ စကားလုံး တွေသာဖြစ်ကြောင်းဆိုတာပဲ ဖြစ်ပါတယ်။ သာဓကအနေနှင့် ရှင်းပြရမယ် ဆိုရင် "ပဒေါင်" ဆိုတဲ့ စကားလုံးဟာ ကယန်း တိုင်းရင်းသူအချို့ ကြေးခွေ ဆင်ယင် ထုံးဖွဲ့တာကို ကြည့်ပြီး ရှမ်းတိုင်းရင်းသား ဘာသာစကားနှင့် ယန်းပတ်တောင်း အဓိပ္ပာယ်က "ကြေးခွေကို ဆင်ယင် ထုံးဖွဲ့တဲ့ ယန်းလူမျိုး" လို့ခေါ်ရာက နှစ်ကြာလာတဲ့အခါ အခြားလူတွေက "ပဒေါင်လူမျိုး" လို့ သဘောပေါက် ကြတာမျိုးတွေ၊ အချို့ကယန်း တိုင်းရင်းသူ ကြတော့ ကနေ့ကချင်အမျိုး သမီးတွေနှင့် ခပ်ဆင်ဆင် အင်္ကျီမှာ ငွေပြားတွေ၊ ဘော် သတ္တုပြားတွေ ဆင်ယင်ထုံးဖွဲ့တာကြောင့် ရှမ်းဘာသာ စကားနှင့် ယန်းဘော်၊ ဆိုလိုတာက ဘော် ဝတ်ဆင်တဲ့ ယန်းလူမျိုးလို့ခေါ်ရာက "ယင်းဘော်" ဆိုတဲ့ စကားလုံးပေါ်လာတာမျိုး တွေသာ ဖြစ်ပါတယ်။ တို့အတူ "ဂေခို" ဆိုတဲ့ စကားလုံးကလဲ တောင်မြင့် ဒေသကလူ၊ မြေနိမ့်ဒေသကလူ စသည်ဖြင့် ကျွန်တော်တို့အချင်းချင်း ပြောကြတာကို အခြားလူတွေက လူမျိုး တစ်မျိုးစီရဲ့ အမည်အဖြစ် လွဲမှားစွာ နားလည် သွားကြတာမျိုးသာ ဖြစ်ပါတယ်။ ဒီလိုပဲ ဇယိန်၊ ဂေဘား၊ ဗရဲ စတဲ့ စကားလုံးတွေဟာ လူမျိုးစု အမည်နာမ အခေါ် အဝေါ်အမှန်တွေ မဟုတ်ဘဲ အကြောင်းကြောင်း ကြောင့်တွင်သွားတဲ့ စကားလုံး တွေသာ ဖြစ်ပါတယ်။ အချုပ်အားဖြင့် ကျွန်တော်တို့ကယန်း

တိုင်းရင်းသားတွေဟာကိုယ့်ဘာသာစကားနှင့် ကိုယ် ပြောကြရင် အားလုံးက ကိုယ့်ကိုကိုယ် "ကယန်း" လို့ပဲ ခေါ်ဆိုသုံးစွဲပါကြောင်းရှင်းလင်း တင်ပြအပ် ပါတယ်။

**ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** ဆက် လက်ပြီး ကျွန်တော်တို့ ကယန်း တိုင်းရင်းသားတွေ နေထိုင်ရာ နယ်မြေဒေသရဲ့ အခြေအနေကို တင်ပြပါ မယ်။ကျွန်တော်တို့ကယန်းတိုင်းရင်းသားတွေဟာ—

(၁) ကယားပြည်နယ် အနောက်မြောက်ခြမ်း၊ လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်၊

(၂) ရှမ်းပြည်နယ် အနောက်တောင်ပိုင်း၊ဖယ်ခုံ မြို့နယ်နှင့် ပင်လောင်းမြို့နယ် အနောက် တောင်စွန်း ဒေသ၊

(၃) မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ် အရှေ့ ဘက် တောင်ပေါ်ဒေသ၊

(၄) ကရင်ပြည်နယ်၊ သံတောင် မြောက်ပိုင်း ဒေသ

တို့မှာနေထိုင်ကြပါတယ်။

သာမန်ပဲ ကြည့်မယ် ဆိုရင် ကျွန် တော် တို့ ကယန်းတိုင်းရင်းသားတွေဟာ တိုင်းနှင့် ပြည်နယ် လေးခုမှာ ပြန့်ကျဲပြီးနေထိုင်ကြတယ်လို့ ထင်ရပါ တယ်။ သို့သော် သေသေချာချာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ကို နယ်မြေဒေသ တစ်ဆက်တစ်စပ် တည်းမှာ စုစုစည်းစည်း နေထိုင်ကြတဲ့ တိုင်းရင်း သားလူမျိုးစုအဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တကယ်တော့ နယ်မြေတစ်ဆက်တစ်စပ်တည်းမှာ စုစုစည်းစည်းရှိနေတဲ့ ကျွန်တော်တို့ကို နယ်နိမိတ် ထိစပ်နေကြတဲ့ တိုင်းနှင့်ပြည်နယ်လေးခုရဲ့နယ်နိမိတ် တွေက လေးပိုင်းပိုင်းတာသာ ဖြစ်ပါကြောင်း။ ပိုပြီးသေချာအောင် နောက်တစ်ခါ ထပ်ပြောပါ့ မယ်။ နယ်မြေတစ်ဆက်တစ်စပ်တည်းမှာ စုစုစည်း စည်းရှိနေတဲ့ ကျွန်တော်တို့ကို နယ်နိမိတ်ထိစပ်နေ ကြတဲ့ တိုင်းနှင့် ပြည်နယ်လေးခုရဲ့ နယ်နိမိတ်တွေက လေးပိုင်းပိုင်းတာသာ ဖြစ်ပါကြောင်း ကိုယ်စား လှယ် တော်ကြီး များ အား တင်ပြ အပ်ပါတယ်။ အဲဒီလိုကြောင့် နဂိုကမှ လူနည်းစု တိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်ရတဲ့အထဲ လေးစိတ်အစိတ်ခံရတဲ့ အခြေအနေမျိုးကြောင့် ဘယ်တိုင်း ဘယ်ပြည်နယ် ကပဲကြည့်ကြည့် ကျွန်တော်တို့ဟာ လူနည်းတကာ့ လူနည်းစုသဘောမျိုးဖြစ်သွားရပြီး လျစ်လျူရှုခံခဲ့ ရတဲ့နှစ်ပေါင်း ကြာရှည်လှပြီဖြစ်ပါတယ်။ ဆိုင်ရာ တိုင်း သို့မဟုတ် ပြည်နယ်ဘက်က ကြည့်မယ်ဆိုရင် လည်း ကရင်ပြည်နယ်အနေနှင့် ဘားအံမြို့တော်က နေပြီး သံတောင် မြောက်ပိုင်း ဒေသက ကယန်း တိုင်းရင်းသားတွေကို လက်လှမ်းဝေးလှပါတယ်။ ပျဉ်းမနားအရှေ့ဘက်တောင်ပေါ် ဒေသက ကယန်း တွေကို မန္တလေးရွှေမြို့တော်ကသတိပြုမိဖို့ခက်ခဲသလို ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းအနောက်တောင်ဘက်က ကယန်းတွေကို အခြားကြည့်စရာ ကျယ်ပြန့်များ ပြားတဲ့ မြို့တော် တောင်ကြီး အနေနှင့် ကလည်း အမြဲဂရုမပြုအားဖူး ဖြစ်နေပါတယ်။ ကျွန်တော်တို့ နှင့်အနေနီးပြီး လက်လှမ်းမီတဲ့ အနေအထားမှာ ရှိတဲ့ မြို့တော်လွိုင်ကော်ကျပြန်တော့ အခြေခံဥပဒေ ပါ လုပ်ပိုင်ခွင့်အရ သူနှင့်အားလုံး မဆိုင်တော့၊ စိတ်သွားတိုင်းကိုယ်မပါနိုင်ဖြစ်ရပါတယ်။ တကယ် လို့ ဒီလက်ရှိ တိုင်းနှင့် ပြည်နယ်ရဲ့ နယ်နိမိတ်တွေကို မပြင်ဆင်ဘဲ နဂိုအတိုင်း ထားရှိမယ်ဆိုရင် ကျွန် တော်တို့ ကယန်းတိုင်းရင်းသားတွေ အနေနှင့် —

(၁) မိမိတို့လူမျိုးစု တရားဝင် စုစုစည်းစည်း နေနိုင်တဲ့ အခွင့်အရေး၊

(၂) မိမိတို့ ယဉ်ကျေးမှုကို စုစုစည်းစည်း ပြုစု ပျိုးထောင် နိုင်တဲ့ အခွင့်အရေး၊ ထိန်း သိမ်း စောင့်ရှောက်နိုင်တဲ့ အခွင့်အရေး၊

(၃) မိမိတို့ နယ်မြေဒေသ၊ မိမိတို့လူနေမှုဘဝ တိုးတက် ဖွံ့ဖြိုးအောင် စုစုစည်းစည်း ဆောင်ရွက်နိုင်တဲ့ အခွင့်အရေး

ဒီအခွင့်အရေး အားလုံးကို လက်လွှတ် ဆုံးရှုံးရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ အဆင်မပြေမှုတွေ၊ ကျွန်တော်တို့ ကြုံတွေ့ခံစားနေရတဲ့ ဆင်းရဲဒုက္ခနှင့် နစ်နာမှုတွေကို ကျွန်တော်တို့ နယ်မြေဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ကြဖူး၊ ထမ်းဆောင်နေကြဆဲ နိုင်ငံ့ဝန်ထမ်းတွေနှင့် နိုင်ငံတော် ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ရင်း ကျွန်တော်တို့ ဒေသ ကို ရောက်ရှိခဲ့ဖူး၊ ရောက်ရှိနေလျက် ရှိကြတဲ့ တပ်မတော်သားတွေ အသိဆုံး ဖြစ်ပါတယ်။

**ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** တစ်ဆက်တစ်စပ်တည်းသော နယ်မြေမှာ စုစုစည်းစည်း ရှိပါလျက်နှင့် လေးစိတ်အစိတ်ခံရတဲ့ ကျွန်တော်တို့ ကယန်းတိုင်းရင်းသားတို့ရဲ့ ဘဝကို စာနာသော အားဖြင့် ဒီ အမျိုးသားညီလာခံကနေပြီး သဘာဝမကျတဲ့ အုပ်ချုပ်ရေးနယ်နိမိတ် အချို့ကို သဘာဝကျလာအောင် ပြင်ဆင် သတ်မှတ်ပေးခြင်း အားဖြင့် ကျွန်တော်တို့ကို တရားဝင် တစ်စုတစ်စည်းတည်းဖြစ်အောင် ဖန်တီးပေးပါလို့ အလေးအနက် မေတ္တာရပ်ခံ တောင်းဆိုအပ်ပါတယ်။ ဒီနေရာမှာ တိုင်းနှင့် ပြည်နယ်အချို့ရဲ့ နယ်နိမိတ်ကို ပြင်ဆင်ဖို့ လိုအင်တာကြောင့် အချို့သော ပုဂ္ဂိုလ်တွေ အနေနှင့် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ အစိတ်အပိုင်းဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဆိုတဲ့အခြေခံမူနှင့် လွဲမှားစွာထပ်တူပြုပြီး "ဘယ်နယ်မြေ၊ ဘယ်ဒေသဟာဖြင့် ဘယ်တိုင်းဒေသကြီး သို့မဟုတ် ဘယ်ပြည်နယ်မှ ခွဲမထွက်ရ" လို့ ကောက်ချက်မဆွဲမိကြဖို့ အလေးအနက် မေတ္တာရပ်ခံ တင်ပြ အပ်ပါတယ်။ ကျွန်တော်တို့ကယန်း တိုင်းရင်းသားတွေအနေနှင့်—

(၁) ပြည်ထောင်စုက ခွဲထွက်ဖို့ ဘယ်တော့မှ စိတ်မကူးပါ၊

(၂) ခွဲထွက်တာကို အရင်တစ်လျှောက်လုံး ဆန့်ကျင်လာခဲ့သလို နောင်ကိုလည်း ဆက်လက်ဆန့်ကျင်သွားမယ်

ဖြစ်ပါတယ်။

သဘာပတိကြီးနှင့်တကွ ကိုယ်စားလှယ်တော်များ ခင်ဗျား။ ဒီအမျိုးသားညီလာခံကတစ်ဆင့် ကျွန်တော်တို့ ကယန်း တိုင်းရင်းသားတွေ လိုလားစွာ တောင်းဆိုတာက—

(၁) တစ်ဆက် တစ်စပ်တည်းသော နယ်မြေဒေသမှာ စုစုစည်းစည်းရှိနေကြတဲ့ ကယန်းတိုင်းရင်းသားတွေကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားဝင် စုစည်းတာမျိုး ဖြစ်အောင် လိုအပ်တဲ့ တိုင်းနှင့် ပြည်နယ် နယ်နိမိတ်အချို့ကို ပြင်ဆင်သတ်မှတ်ပေးဖို့၊

(၂) တရားဝင်စုစည်းဖြစ်ပေါ်လာမည့်ကယန်း တိုင်းရင်းသား နယ်မြေ ဒေသကို အဆင်အပြေဆုံးဖြစ်အောင် ကယားပြည်နယ်ထဲမှာ ထည့်သွင်းဖွဲ့စည်းပေးဖို့နှင့်

(၃) လျစ်လျူရှုခံခဲ့ရတဲ့ နှစ်ကာလ ကြာရှည်လို့ ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်တဲ့ ကယန်းတိုင်းရင်းသားတွေကို အခြားညီအစ်ကို တိုင်းရင်းသားတွေနှင့် အမီလိုက်နိုင်ဖို့၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ကာလ တစ်ခု သတ်မှတ်ပြီး၊ နိုင်ငံတော်အစိုးရက ဦးစားပေး ကူညီ ဆောင်ရွက်ပေးဖို့

ဆိုတဲ့ အချက်တွေဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

# အပိုင်း (၃)

## နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အဆင့်ဆင့်နှင့် ပတ်သက်တဲ့ ကယန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရဲ့ သဘောထားအမြင်

**သဘာပတိကြီး နှင့် တကွ ကိုယ်စားလှယ်တော်များခင်ဗျား။** အခု ဆက်လက်ပြီးနိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အဆင့်ဆင့်နှင့် ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ သဘောထားအမြင်ကို တင်ပြ ဆွေး

နွေးပါမယ်။ ဦးစွာပထမ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်မှာပါရှိတဲ့ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့်စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူ (၄) ချက်ကို သဘောတူထောက်ခံတဲ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေအတွက် သတ်မှတ်ဖော်ပြချက်တွေကို ကျွန်တော်တို့ လိုက်လျှောစွာ ကြိုဆိုကြောင်း ပြောလိုပါတယ်။ ဆက်ပြီးတော့ နိုင်ငံတော်ကို အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်ရာမှာ—

— ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်၊
— မြို့နယ်အဆင့်၊
— ခရိုင်အဆင့်၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဆင့်၊
— တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့်
— နိုင်ငံတော်အဆင့်

လို့ ဖွဲ့ စည်း ဖို့ လျာ ထား သတ် မှတ် တာ ကို လဲ ကျွန် တော် တို့ အ နေ နဲ့ နှစ်သက်လိုလားကြောင်း တင်ပြအပ်ပါတယ်။

**ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** နိုင်ငံတော်ကို အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်ရာမှာ ဖွဲ့စည်းတည်ဆောက်ပုံအဆင့် တစ်ဆင့်စီနှင့် ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ သဘောထားကို တင်ပြဆွေးနွေးရမယ်ဆိုရင်—

(၁) **ကျေးရွာအုပ်စုအဆင့်**

ကျေးရွာတွေကို ကျေးရွာအုပ်စု အဖြစ် စုစည်းတဲ့အခါမှာ—
— သွားလာဆက်သွယ်မှုလွယ်ကူခြင်း၊
— စီမံအုပ်ချုပ်မှုနိုင်နင်းလက်လှမ်းမီခြင်း

စတဲ့အချက်တွေကိုအခြေခံသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျေးရွာအချို့ကို စုစည်းပြီး ကျေးရွာအုပ်စု ဖွဲ့ရာမှာ ကနေ့အထိ အချို့သော တောင်ပေါ်ဒေသတွေမှာ ရှေး ပ ဒေ သ ရာဇ် တွေ သူတို့ရဲ့ ဆွေတော် မျိုး တော် တွေ ကို အပိုင်စား ပေးခဲ့တဲ့ နယ်ပယ်အတိုင်း ဖြစ်နေတာမျိုးလဲရှိပြီး၊ အဲဒီလို ကျေးရွာ အုပ် စု အ နေ နှင့် ကျေးရွာအုပ်စု အဆင့်ရဲ့ ဝန်နှင့်မမျှအောင်ပဲ သွားလာဆက်သွယ်မှု ခက် ခဲ တဲ့ ကြား က တော တောင် ထူထပ်၊ နယ်ကကျယ်ပြီး၊ ရွာတွေက များတော့ လက်တွေ့ စီမံအုပ်ချုပ်မှု မနိုင်နင်းတာကို တွေ့ရပါတယ်။ ဒါကြောင့် ရှေ့ကာလမှာ ကျေးရွာအုပ်စုဖွဲ့ရင် ဖော်ပြပါအချက် (၂) ချက်ကို အခြေခံသင့်ကြောင်း တင်ပြရခြင်း ဖြစ်ပါတယ်။

(၂) **မြို့နယ်အဆင့်**

(က) ရပ်ကွက် တွေကို မြို့ သို့ မ ဟုတ် မြို့ နယ် အ ဖြစ် စု စည်း တာ နှင့် ပတ်သက်ပြီး ကျွန်တော်တို့ အနေနှင့် အထူးတင်ပြစရာ မရှိပါ။

(ခ) ကျေး ရွာ အုပ် စု နှင့် ရပ် ကွက် သို့မဟုတ် မြို့တွေကိုမြို့နယ် အဖြစ် စုစည်းရာမှာ—
— ဆက်သွယ်သွားလာမှုလွယ်ကူခြင်း၊
— စီမံအုပ်ချုပ်မှု နိုင်နင်း လက်လှမ်းမီခြင်းနှင့်
— ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ဘာသာစကား ဆက်နွယ်ခြင်း

စတဲ့အချက်တွေကို အခြေခံ သင့်ပါတယ်။ ကျေးရွာ အုပ်စုနှင့် ရပ်ကွက် သို့မဟုတ် မြို့တွေကို မြို့နယ်အဖြစ် စုစည်းရာမှာ "ရိုးရာယဉ်ကျေးမှု၊ ဓလေ့ ထုံး စံ နှင့်

ဘာသာ စကား ဆက်နွယ်ခြင်း” ဆိုတဲ့ အချက်တွေကို ထည့်သွင်းရတာဟာ ကျွန်တော်တို့ နိုင်ငံမှာ တိုင်း ရင်း သား လူ မျိုး ပေါင်း စုံ စုပေါင်း နေထိုင်ကြတာ ဖြစ်ပြီး တိုင်းရင်းသား လူမျိုး တစ်မျိုးစီ တိုင်းကသူတို့ရဲ့ ရိုး ရာ ယဉ် ကျေး မှု၊ ဓလေ့ထုံးစံနှင့် ဘာသာ စကား တွေကို စုစုစည်းစည်း ထိန်းသိမ်း စောင့် ရှောက် နိုင်ဖို့ နှင့် နယ်မြေ ဒေသ တိုးတက် ဖွံ့ဖြိုးအောင် စုစု စည်းစည်း ဆောင်ရွက်နိုင်တဲ့ အခွင့် အရေးရှိဖို့အတွက် အနွယ်တူတိုင်းရင်း သားတွေကို အတတ်နိုင်ဆုံး စုစည်း စေဖို့ ဖြစ်ပါတယ်။

(၃) ခရိုင်အဆင့်

မြို့နယ်တွေကို ခရိုင်အဖြစ်စု စည်းရာမှာ—

- ဆက်သွယ် သွားလာမှု လွယ်ကူခြင်း၊
- စီမံ အုပ်ချုပ်မှု နိုင်နင်း လက်လှမ်း မီခြင်း၊
- ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံ၊ ဘာသာ စကား ဆက်နွယ်ခြင်းနှင့်
- စီးပွားရေး၊ လူမှုရေးဘဝ ဆက်နွယ်မှု ရှိခြင်းစတဲ့အချက်တွေကို အခြေခံသင့် ပါတယ်။ ခရိုင်အဆင့်ကို ဖွဲ့စည်းရာမှာ လူများစု တိုင်းရင်းသား နေထိုင်ရာ ဒေသလည်း ဖြစ်ပြီး၊ ဆက်သွယ်သွား လာမှု လွယ်ကူတဲ့ နေရာမျိုးမှာ စီမံ အုပ်ချုပ်မှု နိုင်နင်းထိရောက်ဖို့ လိုအပ် တဲ့အဆင့် တစ်ဆင့်ဖြစ်သလို၊ လူနည်းစု တိုင်းရင်းသားလူမျိုး တစ်မျိုးစုစည်း နေထိုင်တဲ့ နေရာမှာ တစ်မြို့နယ်ထက် ပိုလာရင် သူတို့ကို စုစည်းနိုင်တဲ့ အခွင့် အရေး ရှိအောင်လို့ ဖြစ်ပါတယ်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်

ခရိုင်တွေနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုတွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းရာမှာ —

- ဆက်သွယ် သွားလာမှု လွယ်ကူခြင်း၊
- စီမံ အုပ်ချုပ်မှု နိုင်နင်း လက်လှမ်း မီခြင်း၊
- ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံနှင့် ဘာသာစကား ဆက်နွယ်ခြင်း၊
- စီးပွားရေး၊ လူမှုရေးဘဝ ဆက်နွယ် ခြင်း၊
- လျော်ကန်သင့်မြတ်တဲ့လူဦးရေရှိခြင်း၊
- လျော် ကန် သင့် မြတ် တဲ့ နယ် မြေ အကျယ်အဝန်းရှိခြင်း၊
- လျော်ကန် သင့်မြတ်တဲ့ စီးပွားရေး ဘဝ ရှိခြင်းနှင့်
- သမိုင်း အစဉ်အလာ အဆက်အစပ် ရှိ ခြင်း

စတဲ့ အချက်တွေကို မျှတစွာ ထည့်သွင်း စဉ်း စား သင့် ကြောင်း နှင့် ကိုယ် လို ရာ အချက်အချို့ကိုသာ တရားသေစွဲ ကိုင်တာ မျိုး မဖြစ် သင့် ကြောင်း တင် ပြ အပ် ပါ တယ်။

(၅) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ အဆင့်

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသကို ဖွဲ့စည်း ရင် ခရိုင်ကို ဖွဲ့စည်းရာမှာ အခြေ ခံတဲ့ အချက်တွေနှင့် နီးစပ်စွာ အခြေခံသင့်ပါ တယ်။

(၆) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဆင့်

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းကို ဖွဲ့စည်း ရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကို ဖွဲ့ တဲ့အခါ အခြေခံတဲ့ အချက်တွေနှင့် နီးစပ်စွာ အခြေခံ သင့် ပါ တယ်။

### (၇) နိုင်ငံတော်အဆင့်

တိုင်း ဒေသကြီး အားလုံး၊ ပြည်နယ်အားလုံးနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဇုန်စုအားလုံး စုစည်းပေါင်းစည်းပြီး နိုင်ငံတော်ကို ဖွဲ့စည်းတာနှင့် ပတ်သက်လို့ ကျွန်တော်တို့ အနေနှင့် ထပ်မံ ဖြည့်စွက် ဆွေးနွေးစရာ မရှိကြောင်း တင်ပြအပ် ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး ကိစ္စရပ် အများစုကို ဆွေးနွေးပွဲ ခန်းမမှာ မှန်ကန်စွာ ဆုံးဖြတ် နိုင်တာမျိုး ရှိသလို အချို့ကိစ္စရပ်ကိုတော့ သက်ဆိုင်ရာ လက်တွေ့ နယ်ပယ်ကိုသွားရောက်ကြည့်ရှု ပြီးမှသာ မှန်ကန်တဲ့ အဆုံးအဖြတ်ကို တွေ့ရှိနိုင်တဲ့ အခြေ အနေမျိုးလဲ ရှိတတ် ပါတယ်။ အထူးသဖြင့် တိုင်း ဒေသကြီး တစ်ခု သို့ ပ ဟုတ် ပြည်နယ် တစ်နယ်ရဲ့နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ ကိစ္စမျိုးကျရင်အစည်းအဝေးခန်းမမှာ ဆွေးနွေးတာ အပြင် လက်တွေ့နယ်ပယ်က အဆုံးအဖြတ်ကိုလဲ ရယူဖို့ လိုအပ်မှာ ဖြစ်တတ်ပါတယ်။ နောက်ပြီးတော့ "တိုင်း ဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်ဖို့အကြောင်း ပေါ်ပေါက်လာရင် အဲဒီနယ်နိမိတ်နှင့် အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များရဲ့ သဘောထားကို ဦးစွာရယူသင့်တယ်။" ဆိုတဲ့ အချက်နှင့် ပတ်သက်ပြီး ကျွန်တော်တို့ အနေနှင့် အလေးထားတင်ပြချင်တာက "အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များ" လို့ ဆိုတဲ့နေရာမှာ နယ်နိမိတ်ပြင်ဆင်ဖို့အကြောင်း ပေါ်ပေါက်လာတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုမှ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ဖို့ အကြောင်း ပေါ်ပေါက်တဲ့ နယ်မြေဒေသအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များသာ ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ သို့မဟုတ်ပါနှင့် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ဖို့ အကြောင်း ပေါ်ပေါက်လာတဲ့ တိုင်းဒေသကြီး တစ်ခုလုံး သို့မဟုတ် ပြည်နယ် တစ်နယ်လုံးမှာ နေထိုင်ကြတဲ့ မဲဆန္ဒရှင်များလို့ အဓိပ္ပာယ်မျိုး ဖြစ်သွားရင် ပြင်ဆင်သင့်တဲ့ နယ်နိမိတ်တွေကို ပြင်ဆင်သတ်မှတ်နိုင်ဖို့ အထူးခက်ခဲမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်တွေက နယ်နိမိတ်ပြင်ဆင်သတ်မှတ်ဖို့ ဆန္ဒရှိပေမယ့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ခုခုက သဘောမတူတဲ့ ကိစ္စမျိုးကျရင် ပြည်ထောင်စု လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့ နေရာမှာ "ကိုယ်စားလှယ် စုစုပေါင်း ဦးရေရဲ့ လေးပုံ သုံးပုံနှင့်အထက်" လို့ ဆိုတာမျိုး မဟုတ်ဘဲ ကိုယ်စားလှယ် စုစုပေါင်း ဦးရေထက်ဝက်ကျော် မဲနှင့်သာ ဆုံးဖြတ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ဖို့ ကိစ္စမျိုးမှာ အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်လေးပုံ သုံးပုံမက လိုလားသော်လည်း ပြည်ထောင်စု လွှတ်တော်မှာ အခြားတိုင်းရင်းသားညီအစ်ကိုတွေ သဘောပေါက် အောင် ရှင်းပြနိုင်ဖို့ဆိုတာဟာ နယ်နိမိတ်ပြင်ဆင် သတ်မှတ်ဖို့ လိုလားတဲ့ မဲဆန္ဒရှင်တွေရဲ့ ကိုယ်စားလှယ်အနေနှင့် လွှတ်တော်မှာပြောဆိုတဲ့ ဘာသာစကား၊ ဘယ်လောက် ကျွမ်းကျင်တယ်၊ ပေါင်းသင်း ဆက်ဆံမှု ဘယ်လောက် ဝင်ဆံ့တယ်၊ စည်းရုံး ရှင်းပြနိုင်စွမ်း ဘယ်လောက် ရှိတယ် ဆိုတဲ့ အခြေအနေပေါ်မှာလည်းမူတည်တာကြောင့်ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်းပေါ်ပေါက်ရင် "အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ ဆန္ဒသဘောထားကို အဓိကထားသင့်ပါကြောင်း" တင်ပြအပ်ပါတယ်။

## နိဂုံး

လေးစားအပ်တဲ့ သဘာပတိကြီးနှင့်တကွ ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ ဘယ်သူတွေဘာပဲပြောပြော တိုင်းရင်းသားလူမျိုး အုပေါင်းတို့ဟာ ရှေးပဝေသဏီကတည်းက စပြီး ကနေ့အထိ အေးအတူပူအမျှ ပူးပေါင်း နေထိုင်လာခဲ့ကြတာ ဖြစ်ပါတယ်။ တိုင်း ရင်း သား လူမျိုး တစ်မျိုးနှင့် တစ်မျိုးကြားမှာ အငြင်းပွားမှုတွေ တစ် စုံ တစ်ရာသော အတိုင်းအတာအတွင်း ရှိကြပေမယ့် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် ကင်းကွာပြီး နေကြလို့မဖြစ်ဘူးဆိုတာကို တော့ အားလုံးက သဘောပေါက် လက်ခံကြပါတယ်။ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး အငြင်းပွားတာတွေကလည်း လူမျိုးရေးမုန်းတီးတဲ့ အခြေခံကြောင့် မဟုတ်ဘဲ အုပ်ချုပ်ရေး နယ်နိမိတ် အချို့တို့ရဲ့ သဘာဝ မကျမှုကြောင့် စီမံအုပ်ချုပ်မှု လက်လှမ်းမမီ မထိရောက်တာတို့ ဒေသဖွံ့ဖြိုးရေးကို ထိရောက် အောင်မြင်အောင် မဆောင်ရွက်နိုင်တာ တို့ကနေပြီး ဖြစ် ပေါ် လာ တဲ့ မကျေနပ်မှုတွေက စလာတာသာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အဆင့်ဆင့်ကို ရေးဆွဲသတ်မှတ်ရာမှာ အုပ်ချုပ်ရေး နယ်မြေအသီးသီးကို ပိုင်းခြားသတ်မှတ်တဲ့ နယ်နိမိတ်တွေ သဘာဝကျပြီး တရားမျှတဖို့ အထူး လိုအပ်လှပါတယ်။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အဆင့်ဆင့် သဘာဝကျပြီး၊ အခြေအနေနှင့် ညီညွတ်ခြင်းဟာ အစိုးရရဲ့ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ထိရောက်အောင်မြင်ရေးကို အဓိကထောက်ကူတာကြောင့် ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ ရေးဆွဲသတ်မှတ်မည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အဆင့်ဆင့်ဟာ တိုင်းရင်းသားလူမျိုး အားလုံးအတွက် မူလ အခွင့်အရေးအရ တန်းတူမှုရှိပြီး၊ စနစ်တကျနှင့် သဘာဝကျ အဆင်ပြေမယ်လို့ ကျွန်တော်တို့ ရိုးသားစွာ ယုံကြည်ပါတယ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒီအရေးသုံးပါးဟာ ကျွန်တော်တို့အားလုံးရဲ့ အရေးဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

(ဩဘာသံများ)

**အခမ်းအနားမှူး။** အ မျိုး သား ညီ လာ ခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခုအစည်း အဝေးကို နေ့လယ်စာ စားသုံးဖို့ (၁) နာရီခန့် ရပ်နားပါမယ်။ အစည်းအဝေးကို ၁၂း၀၀ နာရီမှာ ပြန်လည် ကျင်းပသွားမှာ ဖြစ်ပါတယ်။

သဘာပတိအဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ် ခင်ဗျား။

နေ့လယ်စာ စားသုံးရန် အမျိုးသား ညီလာခံအစည်းအဝေးကို ၁၁၀၀ နာရီအချိန်တွင် ရပ်နားပါသည်။ ၁၂၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်တဲ့အတွက် သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ်ခင်ဗျား။

သဘာပတိ အဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များ အတွက် သီးသန့်သတ်မှတ်ထားသည့် ဇင်မြင့်ပေါ်သို့ ကြွရောက် နေရာယူကြပါသည်။

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ ၁ မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ]

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲအခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြကြမှာဖြစ်ပါတယ်။

အခု အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) မှ အခြား ဖိတ်ကြား သင့် သည့် ပုဂ္ဂိုလ်များရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြမှာ ဖြစ်ပါတယ်။ ဦးရန်ကြာကွေ့ (ခ) ဦးခင်မောင်စန်းအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

**ဦးရန်ကြာကွေ့ (ခ) ဦးခင်မောင်စန်း (အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့။ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲအခန်းခေါင်းစဉ်များနဲ့စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ရှမ်းပြည်နယ် မြောက်ပိုင်း အထူး ဒေသ (၁)၏ အကြံပြု တင်ပြချက်စာတမ်း။**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဧည့်သည် တော် များနှင့် ညီလာခံ ကိုယ် စား လှယ် တော်ကြီးများ ခင်ဗျား။ ကိုယ် စား လှယ် တော်ကြီးများ အားလုံး ကာယစဉ် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်း ပြည် နယ် မြောက် ပိုင်း အမှတ် (၁) အထူးအုပ်ချုပ်ရေးဒေသမှ ညီလာခံ ကိုယ်စားလှယ် ဦးရန်ကြာကွေ့ (ခ) ခင်မောင်စန်း ဖြစ်ပါတယ်။

နိုင်ငံတော်အခြေခံဥပဒေရေးဆွဲရာမှာပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲအခန်းတို့နဲ့စပ်လျဉ်းတဲ့ ဆွေးနွေးချက် အကြံပြု စာတမ်းကို အဖွဲ့အစည်းရဲ့ တာဝန်ပေးချက်အရ ရှမ်းပြည်နယ်မြောက်ပိုင်း အမှတ်(၁) အထူးအုပ်ချုပ်ရေးဒေသအတွင်းရှိ ကိုးကန့်တိုင်းရင်းသားများ ကိုယ်စား ကျွန်တော်က တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလို မိမိအဖွဲ့ရဲ့ကိုယ်စား ဆွေးနွေးတင်ပြခွင့်ပေးတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အခန်းနဲ့ ပတ်သက်လို့ ၁၈-၁-၉၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ မျက်နှာစုံညီ အစည်းအဝေးကြီးမှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်းချက်များကို ထောက်ခံရင်း ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့စပ်လျဉ်းလို့ အောက်ပါ အခြေခံမူများ ရရှိထားပြီး ဖြစ်ပါတယ်—

(၁) နိုင်ငံတော်သည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။

(၂) နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်။

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ တည်သည်။

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့် အတိုင်းဖြစ်သည်။

အဲဒီ အ ခြေ ခံ မူ များ ကို နိုင် ငံ တော် အခန်းမှာ ထည့်သွင်းဖော်ပြသွားမယ် ဆိုရင် ပြည့်စုံ လုံလောက်ပြီလို့ ယူဆရတဲ့အတွက် နိုင်ငံတော်အခန်းနဲ့ စပ်လျဉ်းလို့ ထပ်မံ အကြံပြုခြင်း မရှိတော့ပါ။ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးအောင်တိုးရဲ့ ရှင်းလင်းချက်များကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်၊

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းလို့ အကြံပြု ဆွေးနွေးမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူများ ဆွေးနွေးစဉ်က နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ ပတ်သက်ပြီး အခြေခံမူ (၇) ချက် ရရှိခဲ့ပါတယ်။ အဲဒီခုနစ်ချက်ကတော့—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်း တည်ဆောက်သည်။

(၂) ရှိရင်းစွဲတိုင်း (၇)တိုင်းကို တိုင်းဒေသကြီး (Region)(၇)ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇) ပြည်နယ်ကိုပြည်နယ် (State) (၇) ပြည်နယ် အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်း ဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ် တို့သည် အဆင့်အတန်း တူညီကြသည်။

(၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ် တို့၏ အမည်ကို ရှိရင်းစွဲ အတိုင်း ခေါ်ဝေါ် သုံးနှုန်းသည်။

(၄) တိုင်း ဒေသကြီး တစ်ခုခု၏ အ မည်ကို ဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲ သတ်မှတ် လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မည်။

(၅) တိုင်းဒေသကြီးများ (သို့မဟုတ်)ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး၊ နယ်မြေ တစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်း ရင်း သား လူ မျိုး များ အ တွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas)သတ်မှတ်ပေးရန် ဖြစ်သည်။

(၆) ထို သို့ သတ် မှတ် ရာ တွင် လူဦး ရေနှင့် နယ်မြေ အကျယ် အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း (Self Administered Division ) သို့ မ ဟုတ် ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေ သ ( Self Administered Zone) အဖြစ်သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။ ထိုသို့ သတ်မှတ် ပေးရေးအတွက် နိုင်ငံတော်က ကော် မ ရှင် ဖွဲ့ ၍ ဆောင် ရွက် ပေး ရန် ဖြစ်သည်။

(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ပြည်နယ်များ၊ကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်း အခြားဟူသမျှနိုင်ငံတော်မှ မည်သည့် အခါမှ ခွဲမထွက်ရတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဟာ တိုင်းရင်းသား လူမျိုးများ ပေါင်းစုံ စုပေါင်း နေထိုင်ကြတဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ အတိတ်ကာလရဲ့ သင်ခန်းစာအရ ကျွန်တော်တို့ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုမရှိတဲ့ အတွက် နိုင်ငံတော်ရဲ့ တည်ဆောက်ရေး၊ ဖွံ့ဖြိုး တိုးတက်ရေးတို့အား အနှောင့်အယှက် ဖြစ်ခဲ့ပြီး၊ နိုင်ငံတော်ဟာလည်း ကမ္ဘာ့နိုင်ငံများနဲ့အတူ ရင်ပေါင်တန်းပြီး မတိုးတက်နိုင်ခဲ့ပါဘူး။ ဒါဟာ ကျွန်တော်တို့ အားလုံး အသိပါပဲ။ ဒါကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ အခန်းမှာ ပါဝင်နေပါတယ်။

ဒါကို နားလည်လာတဲ့ တိုင်းရင်းသား ခေါင်းဆောင်များဟာ နိုင်ငံတော်နဲ့ လက်တွဲပြီး မိမိဒေသအတွင်းရှိ ပြည်သူလူထုရဲ့ ကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်တဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စတင် ဆောင်ရွက် လာပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး အထူးဒေသများအဖြစ် အသီးသီးပေါ်ပေါက်လာပါတယ်။

ယနေ့အထိဆိုရင် ဒီလိုဒေသမျိုး ၁၀ ခု ရှိပြီး ဖြစ်ပါတယ်။ နောက် ထပ် လည်း တိုး လာ စ ရာ အကြောင်း ရှိပါတယ်။ ၅ နှစ်တာ ကာလရဲ့ ယနေ့ အတွေ့အကြုံအရ ဒီလို ငြိမ်းချမ်းရေး အထူးဒေသ သတ်မှတ်ပြီး မိမိဒေသရှိ ဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ ဗဟိုအဖွဲ့အစည်းနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့နဲ့ တိုက်ရိုက် ဆက်သွယ်ခွင့် ပေးပြီး ဆောင်ရွက်စေခြင်းဟာ လုပ်ငန်းများ ဆောင်ရွက်ရာမှာ အကျိုး သက်ရောက်မှု ထိရောက် မြန်ဆန်ကြောင်း တွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား။** ခုလိုမိမိဒေသအတွင်းရှိ ဖွံ့ဖြိုးရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ လုပ်ဆောင်နေခြင်းဟာ နိုင်ငံတော်အတွက်၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးအတွက် များစွာအကျိုးရှိတဲ့ သာဓကဖြစ်လို့၊ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား လူမျိုးများနေထိုင်ရာဒေသများမှာ ဒီလို အထူးဒေသမျိုး ဆက်လက်ရှိသင့်ပါတယ်။ လာမယ့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများပေးခြင်းဖြင့် ဒေသအတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်နဲ့ ဆက်လက် ဖော်ဆောင်နိုင်စေမည့် အပြင် ဒေသအတွင်း ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေးတို့တွင်လဲ အာမခံ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး အတွင်း တိုင်းရင်းသား လူမျိုးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ တည် ရှိ နေ ခြင်း ဟာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး အတွင်းရှိ စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ လူနေမှုအဆင့်အတန်းတိုးမြှင့်ရေးနှင့် ပြည်နယ်တွင်း တည်ဆောက်ရေး လုပ်ငန်းများ ပိုမို မြန်ဆန်သွက်လက်စေမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား အချင်းချင်း နားလည်မှု၊ စည်းလုံး ညီညွတ်မှု တို့ကိုလဲ ပိုမို ကျစ်လျစ် ခိုင်မာစေမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ပေးခြင်းဖြင့်၊ စည်းလုံး ညီညွတ်မှုနှင့် တိုးတက်မှု ရနေတဲ့ ပတ်ဝန်းကျင် နိုင်ငံကြီးတို့ရဲ့ သာဓကကို ကြည့်ခြင်းဖြင့် နားလည်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်း ဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီး ဖြစ်တဲ့ တိုင်းရင်းသားများဟာ မိမိတို့ရဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း အခြားတိုင်းရင်းသား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများ တည်ရှိခြင်းကို သဘောထားကြီးစွာဖြင့် လက်ခံသင့်ပြီး မိမိတို့ရဲ့ တိုင်း ဒေသကြီး (သို့မဟုတ်) ပြည်နယ်ရဲ့ တိုးတက် ဖွံ့ဖြိုးမှုအတွက် လက်တွဲညီညီ ဆောင်ရွက် သွားသင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဘယ်လို ဒေသတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ( Self Admi-

nistered Division)အဖြစ်သတ်မှတ်သင့်ပြီး ဘယ်လို ဒေသမျိုးကို ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရဒေသ ( Self Administered Zone) အဖြစ် သတ်မှတ် သင့်တယ် ဆိုတာနဲ့ ပတ်သက်လို့ ဆွေးနွေးအကြံပြု တင်ပြလိုပါ တယ်။ ဒေသ တစ်ခုမှာ တစ်စု တစ်စည်း တည်းဆက် စပ်ပြီး နေထိုင်တဲ့ လူဦးရေနဲ့နယ်မြေ ဒေသ အကျယ် အဝန်းကို အခြေခံပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ် ပိုင် အုပ်ချုပ် ခွင့်ရ ဒေသ (Self Administered Zone) အဖြစ် သတ်မှတ်ခြင်းဟာ ယေဘုယျ အား ဖြင့် လျော်ကန်သင့်မြတ်ပါတယ်။

ဒါပေမယ့် အဲဒီဒေသရဲ့ ထူးခြားတဲ့ ပထဝီအနေ အထား၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးတို့မှာ အရေးပါမှုတို့ကိုလဲ ထည့်သွင်း စဉ်းစားသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။ ဒေသ တစ်ခုမှာ တစ်စု တစ်စည်းတည်း ဆက်စပ်ပြီး နေ ထိုင်တဲ့ တိုင်းရင်းသား လူမျိုးတို့ရဲ့ လူဦးရေနဲ့ နေရာ ဒေသ အကျယ် အဝန်း ဟာ အခြား ကိုယ်ပိုင် အုပ် ချုပ် ခွင့် ရ စီ ရင် စု လောက် မ များ ပြား မကျယ်ဝန်းပေမယ့် အဲဒီဒေသရဲ့ပထဝီအနေအထား အရ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအတွက် သီးခြားထူးကဲနေပါက အဲဒီဒေသ မျိုးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ( Self Administered Division) အဖြစ် သတ်မှတ်သင့်ပါတယ်လို့ အကြံပြုတင်ပြအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော် အတွင်းရှိ အချို့တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ် ရှိပြီး တိုင်းရင်းသားများအနေနဲ့ အခြားပြည်နယ် (သို့မဟုတ်)တိုင်းဒေသကြီးအတွင်းမှာ သွားရောက် နေထိုင်တာလည်းရှိတတ်ပါတယ်။ အဲဒီ တိုင်းရင်း သားများဟာ သူတို့ရဲ့ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်အောင် နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုကျစ်လျစ် ခိုင်မာစေရန်အတွက် သူတို့ရဲ့တိုင်းရင်းသားအမည်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ မသတ်မှတ်ပေ မယ့် အဲဒီဒေသများရဲ့ ထူးခြားတဲ့ ကိုယ်ပိုင်အုပ်ချုပ် ရေးကိုဆက်လက်တည်ရှိခွင့်ပြုသင့်ပါတယ်။ ဥပမာ– နယ်စပ်ဒေသဖွံ့ဖြိုးရေးကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက် နေတဲ့ ငြိမ်းချမ်းရေးအထူးဒေသများ။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ စီးပွား ရေး၊ ဘဏ္ဍာရေး၊ လုံခြုံရေးကိစ္စရပ်များကို ပိုင်ပိုင် နိုင်နိုင် ဆောင်ရွက်နိုင်စေရန် အတွက် ယင်းဒေသ အတွင်းရှိ စီးပွားရေး၊ ဘဏ္ဍာရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေး ကိစ္စရပ်များကို နိုင်ငံတော် သမ္မတနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့နဲ့ တိုက်ရိုက်ဆက်သွယ်ခွင့် ပေးခြင်းဖြင့် ဒေသအတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများ ကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်စေတာ ကို ယခု နိုင်ငံတော်အစိုးရနဲ့ အထူး ဒေသများရဲ့ ဆက်သွယ်ပုံကိုကြည့်ခြင်းဖြင့် သိသာထင်ရှားနေပါ တယ်။ ဒါကြောင့် နောင်ဖွဲ့စည်းမယ့် တိုင်းရင်း သားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) များနဲ့ အခြား ဆက်လက်ပြီး တည်ရှိခွင့် ပြုတဲ့ တိုင်းရင်းသား အထူးဒေသများဟာမိမိတို့ရဲ့ဒေသဘဏ္ဍာရေး၊စီးပွား ရေး၊ဖွံ့ဖြိုးရေး၊လုံခြုံရေး၊ကိစ္စရပ်များကို နိုင်ငံတော် သမ္မတနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့နဲ့ တိုက်ရိုက် ဆက်သွယ်ခွင့်ပြုပြီး ကျန် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကိစ္စများကိုမူ မိမိတို့ဒေသတည်ရှိရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရနှင့် ဆက်သွယ်ဆောင် ရွက်စေတဲ့ ဆက်သွယ်ရေးလမ်းကြောင်း နှစ်သွယ် ပြိုင်တူဖွင့်ထားတဲ့ အုပ်ချုပ်မှုစနစ်ကိုကျင့်သုံးသင့်ပါ တယ်လို့ ဆွေးနွေးအကြံပြု တင်ပြအပ်ပါသည်။

သဘာပတိကြီး ခင်ဗျား။ အလျဉ်းသင့်လို့ ယခု အမှတ် (၁) အထူးအုပ်ချုပ်ရေး ဒေသလို့ သတ်မှတ်တဲ့ ကိုးကန့်နယ်ရဲ့ နောက်ကြောင်းသမိုင်း ကို အနည်းငယ် တင်ပြလိုပါတယ်။ မြန်မာမင်းတို့ အုပ်ချုပ်ချိန်အခါက စီရင်ပြုစုခဲ့တဲ့ လွှတ်တော် မြေပုံထဲမှာ ကိုးကန့် မြေကို မြန် မာ ပြည်ပိုင် အဖြစ်ဖြင့် ထည့်သွင်းထားခြင်းကို ထောက်ရှုခြင်း အားဖြင့် ၎င်းနယ်မှာ မြန်မာပြည် ဘုရင်များရဲ့

လက်အောက်ခံ အဖြစ် ရှိခဲ့သည်မှာ ထင်ရှားပါတယ်။ အချို့လူကြီးများရဲ့ပြောပြချက် အရဆိုပါလျှင် မြန်မာ့အာဇာနည် ဘုရင့်နောင်လက်ထက် ယိုးဒယားသို့ စစ်ချီတိုက်ခိုက်တဲ့ အခါမှာ မြန်မာဘက်မှ ကူညီတိုက်ခိုက်ခဲ့ကြပြီး၊ စစ်ပြီးတဲ့အခါ ကိုးကန့်နယ်၌ ဆက်လက်နေထိုင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ကိုးကန့်နယ်ကို မြန်မာ ဘုရင်များ ထိထိရောက်ရောက် တိုက်ရိုက်အုပ်ချုပ်ခဲ့ခြင်း မရှိပေမယ့် ရွှေမြို့တော်နဲ့ အဆက်အသွယ် ရှိခဲ့ပါတယ်။ မြန်မာဘုရင်များအား ရွှေနန်းတော်မှ ဆင့်ဆိုချက်အရ လက်ဆောင်ပဏ္ဏာများ ဆက်သခဲ့ရတယ်လို့ သိရပါတယ်။ အင်္ဂလိပ်မရောက်မီ တစ်ဆယ့်ကိုးရာစု အလယ်ခန့်လောက်ထိ ကိုးကန့်နယ်မှာ အတည်တကျ အုပ်ချုပ်မှု မရှိခဲ့ပါ။ တစ်နယ်နဲ့ တစ်နယ်တိုက်ခိုက် သတ်ဖြတ်ခဲ့ပါတယ်။ လူမျိုးစုကြား အချင်းချင်း တိုက်ပွဲများ ဆင်နွှဲနေချိန် (Tribal Wars )ဖြစ်ပါတယ်။

၁၈၈၆ ခု၊ အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းယူစဉ်က ကိုးကန့်စော်ဘွားဟာ သိန္နီစော်ဘွား ထံ လက်ဆောင်ပဏ္ဏာ ဆက်သရတဲ့ အချိန်ဖြစ်ပါတယ်။ ကိုးကန့်နယ်ဟာ သိန္နီရဲ့ လက်အောက်ခံနယ်ဖြစ်ပြီး သိန္နီဟာမြန်မာမင်းရဲ့ လက်အောက်ခံ ဖြစ်တဲ့အတွက် ကိုးကန့်နယ်ဟာ မြန်မာမင်း လက်အောက်ခံလို့ ဆိုရပါမယ်။ ၁၈၉၄ ခုနှစ် တရုတ် အင်္ဂလိပ် စာချုပ်အရ ကိုးကန့်နယ်မှာ တရုတ်ပြည်ဘက် ရောက်ခဲ့ပေမယ့် ထိုစာချုပ် အခန်း (၅) မှာပါရှိတဲ့ခြွင်းချက်ကို ဖောက်ဖျက်၍ တရုတ် အစိုးရဟာ ဗြိတိသျှအစိုးရရဲ့ ကြိုတင်သဘော တူညီချက်များ မသိရဘဲ အခြားဒုတိယ အုပ်စုဖြစ်တဲ့ ပြင်သစ် အစိုးရသို့ ၂၀-၆-၁၈၉၅ နေ့မှာလွှဲပြောင်းပေးလို့ စာချုပ်စည်းကမ်းကိုဖောက်ဖျက်တဲ့ အနေနဲ့ ၁၈၉၇ ခုနှစ်မှာ ကိုးကန့်နယ်ကို အင်္ဂလိပ် အစိုးရသို့ ပေးအပ်ခဲ့ရပါတယ်။ ၁၈၉၇ ခုနှစ် စာချုပ်အရ ကိုးကန့်နယ်မှာ ဗြိတိသျှလက်အောက်သို့ ရောက်ရှိလာပြီး၊ ၎င်းနယ်ကို အုပ်ချုပ်မှုလွယ်ကူစေရန် မြောက်ပိုင်းသိန္နီနယ်အောက်မှာ မြို့စားနယ် တစ်နယ်အဖြစ်နဲ့ ထားခဲ့ပါတယ်။ ၁၈၉၉ ခုနှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ တရုတ်-မြန်မာ နယ်နိမိတ်မျဉ်းကြောင်း သတ်မှတ်ရေးအဖွဲ့ဟာ ၁၈၉၇ ခုနှစ် စာချုပ် မျဉ်းအတိုင်း သတ်မှတ်ခဲ့ရာ၊ ၁၉၆၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ချုပ်ဆိုတဲ့ နယ်နိမိတ်သတ်မှတ်ရေး စာချုပ်အရလည်းကောင်း သတ်မှတ်ပြီး မျဉ်းကြောင်းကို (အနည်းငယ်ညှိနှိုင်းမှုမှတစ်ပါး) အများအားဖြင့် လက်ခံအတည်ပြုခဲ့ကြပါတယ်။ ဒါကြောင့် ကိုးကန့်နယ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းပယ် ရှိခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရ လက်ထက်က ကိုးကန့်နယ်အား နယ်ခြားဒေသ အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ပါတယ်။ ကိုးကန့်နယ်ရှင်အား ၎င်းနယ်မှာ စိတ်တိုင်းကျအုပ်ချုပ်ခွင့်ပေးပြီး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးကို သာ အင်္ဂလိပ်အစိုးရက ကြိုးကိုင်ထားခဲ့ပါတယ်။ ၁၈၉၇ ခုနှစ်က ကိုးကန့်နယ်သို့ ဝင်ရောက်တိုက်ခိုက်လာသူများအား ခုခံကာကွယ်သဖြင့် ကိုးကန့်နယ်ရှင် "ရန်ကွယ်ကျင့်" အား အင်္ဂလိပ်အစိုးရက "အမှုထမ်းကောင်း တံဆိပ်ရမင်း (A.T.M) ဘွဲ့" ပေး၍ မြှောက်စားခဲ့ကြောင်းကို ဂျေ၊ ဂျီစကော့နဲ့ ဂျေပီ ဟာဒီမာန်ပြုစုတဲ့ အထက်မြန်မာပြည် ဂေဇက် ဒုတိယပိုင်း၊ အတွဲ (၁)၊ စာမျက်နှာ (၄၆၅) မှာ ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ထို့ပြင် ကိုးကန့်နယ်သို့ တရုတ်ပြည်ဘက်မှဝင်ရောက်တိုက်ခိုက်လာသူများအား ခုခံကာကွယ် တိုက်ခိုက်ခဲ့သဖြင့် ကိုးကန့်နယ်ရှင်များဖြစ်ကြသော ရန်ချုံးယုံနှင့် ရန်စင်ပင်တို့အား "သူရဲကောင်း ငွေဓားရမင်း "(TDM)ဘွဲ့" အသီးသီးချီးမြှင့် မြှောက်စားခဲ့ပါတယ်။

ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်များရဲ့ တစ်ဟုန်ထိုး စစ်ဆင်မှုများကြောင့် ၁၉၄၂ ခုနှစ်တွင် မြန်မာပြည်မှာ ဂျပန်လက်ထဲသို့ ကျရောက်

ခဲ့ပါတယ်။ ၄င်းနှစ် ဇွန်လအတွင်းမှာ ဂျပန်တပ်များမှာ ကွမ်းလုံသို့ ရောက်လာခဲ့ပါတယ်။ ကွမ်းလုံမှာ ကိုးကန့်နယ်ရဲ့ တံခါးဝ ဖြစ်ပါတယ်။ ဂျပန်များ ကိုးကန့်နယ်ကို ဝါးမြို့မှာကို စိုးရိမ်လို့ ကိုးကန့်မြို့စားကြီးဟာ တရုတ်ဗဟိုအစိုးရရဲ့ အကူအညီကို တောင်းရန်အတွက် တရုတ်ပြည် တာလီ (Tali) သို့ သွားရောက်ခဲ့ပါတယ်။ ဒါပေမယ့် သူတောင်းဆိုတဲ့ အကူအညီမရရှိခဲ့ပါ။ သို့အတွက် မြို့စားကြီးလဲ တရုတ်ပြည် ကူမင်းမြို့ (Kunming) ရှိ အင်္ဂလိပ် ကောင်စစ်ဝန်ချုပ်ထံသို့ သွားရောက်ပြီး ကိုးကန့်အခြေအနေကို တင်ပြကာ၊ အကူအညီ တောင်းရပြန်ပါတယ်။ အင်္ဂလိပ် ကောင်စစ်ဝန်က ၄င်းမှာ လက်ရှိအခြေအနေအရ အကူအညီ မပေးနိုင်သေးကြောင်း ပြောဆိုပါတယ်။ ဒါပေမယ့် မြို့စားကြီးမှာ စိတ်မပျက်ဘဲ သူ့ရဲ့ငွေနဲ့ပင် လက်နက်ခဲယမ်းများ ဝယ်ယူကာ ပြောက်ကျားတပ်များ ဖွဲ့စည်းပြီး၊ ဂျပန်တို့အား ကိုးကန့်နယ်မြေထဲမှ တိုက်ထုတ် နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရနဲ့လဲ ဆက်သွယ်မှု မပြတ်ခဲ့ပါ။ သစ္စာတည်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဗြိတိသျှ အစိုးရရဲ့ စစ်အုပ်ချုပ်ရေးခေတ်မှာ ကိုးကန့်နယ်ကို သိန္နီရဲ့ အုပ်ချုပ်ရေးစက်ကွင်းမှ ခွဲထုတ်ခဲ့ပါတယ်။ သီးသန့် အုပ်ချုပ်မှု ပေးခဲ့ပါတယ်။ ကိုးကန့်မြို့စားကြီးအား အိန္ဒိယပြည်မှ ပြန်ခေါ်လာပြီး၊ ဂျပန်များတိုက် ထုတ်ခဲ့တဲ့အတွက် (OBE) ဆုတံဆိပ် ချီးမြှင့်ကာ ကိုးကန့်နယ်ကို အုပ်ချုပ်စေပါတယ်။ ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရသည်အထိပင် ကိုယ်ပိုင်အုပ်ချုပ်ရေး သဘောမျိုး ရရှိခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ပင်လုံညီလာခံသို့ ကိုးကန့် စော်ဘွားကြီး ကိုယ်တိုင် တက်ရောက်ခဲ့ပြီး၊ ပြည်ထောင်စု အစိုးရ ထူထောင်ရေးကို သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး အင်္ဂလိပ်ထံမှ လွတ်လပ်ရေး ရယူခြင်းကို ထောက်ခံခဲ့ပါတယ်။

၁၉၄၉ ခုနှစ်မှစပြီး တရုတ်ပြည်မကြီးရဲ့ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာမှုကြောင့် ကိုးကန့်နယ်ထဲသို့ တရုတ်လက်နက်ကိုင်လူဆိုးများနဲ့(KMT) တရုတ်ဖြူတပ်ဖွဲ့များ ဝင်ရောက်ကာ မွှေနှောက် တိုက်ခိုက်ခြင်းဖြင့် ကိုးကန့်နယ်ရဲ့ အုပ်ချုပ်ရေးကို အနှောက်အယှက် ဖြစ်စေခဲ့ပါတယ်။ ဒါပေမယ့် နယ်ခေါင်းဆောင်နဲ့ နယ်သူနယ်သားတို့ဟာ ရှိတဲ့ အင်အား ရတဲ့လက်နက်နဲ့ တရုတ်ဖြူတို့ရန်ကို တားဆီး တွန်းလှန်နိုင်ခဲ့ပါတယ်။ ထိုအချိန်မှာ ပြည်ထောင်စုအစိုးရမှာလည်း ပြည်တွင်း သောင်းကျန်းမှုများရှိနေသဖြင့် ကိုယ်ထိလက်ရောက် ကူညီမှု မရှိနိုင်ခဲ့ပေမယ့် တတ်အားသမျှ ကိုးကန့်နယ်ရဲ့ အပြုအမူကို အားပေးခဲ့ပါတယ်။

၁၉၅၃-၅၄ ခုနှစ်အစတွင် ရှမ်းပြည်နယ် အရှေ့ပိုင်းခရိုင်ထဲမှာရှိတဲ့ မိုင်းလွန်းနယ်"ဝ"နယ်နှင့် ကိုးကန့်နယ်များကို ခွဲထုတ်ကာ ရှမ်းပြည်နယ် အထူး ခရိုင်တစ်ခုအဖြစ်ဖြင့် တည်ထောင်ရန် စဉ်းစားခဲ့ပါတယ်။ အဲဒီဒေသများမှာ ကောင်းမွန်စွာ တိုးတက် ဖွံ့ဖြိုးခြင်း မရှိသေးတဲ့အတွက် ထိုနယ်ရှိ လူများရဲ့ တိုးတက်ဖွံ့ဖြိုး ကောင်းစားရေးတို့ကို ရှုမျှော်ပြီး ဖွဲ့စည်းပေးလိုက်ခြင်းဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်နေ့မှ စတင်ပြီး အရှေ့မြောက် အထူးခရိုင်ကို ဖွဲ့စည်းအုပ်ချုပ်ခဲ့ပါတယ်။ ကိုးကန့်အတွက် ဝန်ထောက်တစ်ဦး သီးသန့်ထားရှိပြီး ကွမ်းလုံ၌ ရုံးစိုက်ခဲ့ ပါတယ်။ စော်ဘွားကြီးနဲ့တွဲဖက်၍ အုပ်ချုပ်ခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်၊ စော်ဘွားများ အာဏာ စွန့်ပြီးနောက်ပိုင်း ကိုးကန့်နယ်ကို ကိုးကန့်ကောင်စီဖြင့် အုပ်ချုပ်ခဲ့ပါတယ်။ ကိုးကန့်နယ်သတွင်းဖွံ့ဖြိုးရေးနဲ့တိုးတက်ရေး အစီအစဉ်များ ပြည်ထောင်စု အစိုးရမှာ ရှိခဲ့ပေမယ့် ထိုစဉ်က လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းနဲ့ နယ်စွန် နယ်ဖျား၌ တည်ရှိနေခြင်း တို့ကြောင့် ကိုးကန့် နယ်မြေ အတွင်းသို့ ၁၉၆၈ ခုနှစ် အထိ အစိုးရရဲ့ အုပ်ချုပ်မှု ယန္တရား မရောက်ရှိခဲ့ပေ။ ကိုးကန့်နယ် အတွင်း၌ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းတဲ့

ဥပဒေများ သော်လည်းကောင်း၊ ရှမ်းပြည်နယ် ဥပဒေများ သော်လည်းကောင်း သက်ရောက်မှုမရှိခဲ့ပေ။ ကိုးကန့်သီးသန့်တရားစီရင်ရေးဖြင့်သာ တရားစီရင်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်အတွင်း တော်လှန်ရေးအစိုးရ လက်ထက်မှာ "ကိုးကန့်နယ်မြေ အုပ်ချုပ်ရေးနဲ့ အထွေထွေဖွံ့ဖြိုးရေး အတွက် လေ့လာရေးအဖွဲ့" စေလွှတ်ခဲ့ပါတယ်။ ဒါပေမယ့် ၎င်းအဖွဲ့ရဲ့ အကြံပြု တင်ပြချက်များ အကောင်အထည်မဖော်ရခင်မှာဘဲ ၁၉၆၈ ခုနှစ်မှာ ဗကပများဟာ နယ်စပ်ဒေသရှိ မဖွံ့ဖြိုး မတိုးတက်သေးတဲ့ တိုင်းရင်းသားများရဲ့ဇာတိချက်ကြွေမွေးရပ်မြေသို့ ဝင်ရောက်ခဲ့ပြီး၊ ဒေသခံ တိုင်းရင်းသားများကို နိုင်ငံရေးမှိုင်းတိုက်ခဲ့ပါတယ်။ ကိုးကန့်နယ်တစ်ခုလုံး ကွမ်းလုံမြို့ကလွဲပြီး ဗကပ များရဲ့ လွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ပါတယ်။ ကိုးကန့်နယ်ကို ဗကပများအနှစ် (၂၀) ကျော် အုပ်စိုးခဲ့ပေမယ့် နယ်မြေခံ တိုင်း ရင်း သား များအတွက် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်မပေးတဲ့အပြင်၊ ၎င်းတို့စတင်ရောက်ရှိချိန်ကနဲ့ နှိုင်းယှဉ်လျှင် ဒေသတွင်းရှိ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့မှာ နောက်ကျခဲ့ရပါတယ်။ ဒေသတွင်း နဂိုရှိပြီးသော ယဉ်ကျေးမှု၊ ဘာသာတရားနဲ့လူနေမှု အဆင့်အတန်းတို့မှာဖျက်ဆီးခံခဲ့ရပါတယ်။လူမျိုးရေးခွဲခြားမှုများ ပြုလုပ်ပြီး ဒေသခံ တိုင်းရင်းသားများအား နေရာမပေးဘဲ ချောင်ထိုးခဲ့ပါတယ်။ ဤမကောင်းမှုတို့ကို သိမြင်လာကြတဲ့ ကိုးကန့် ခေါင်းဆောင်များဟာ အခြားတိုင်းရင်းသား ခေါင်းဆောင်များနဲ့ ညှိနှိုင်းပြီး၊ ဗကပများရဲ့ အုပ်ချုပ်မှုကို ၁၉၈၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ မိမိတို့ နယ်မြေက စတင်ဖယ်ရှားခဲ့ပြီး၊ နိုင်ငံတော် အစိုးရနှင့် လက်တွဲကာ ငြိမ်းချမ်းရေး လမ်းစဉ်ကို စတင် တည်ဆောက် ခဲ့ပါတယ်။ ငြိမ်းချမ်းရေး ရရှိပြီးနောက် ဒေသ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်မှုတို့မှာ အရှိန်အဟုန်နဲ့ မြင့်တက်ခဲ့ပါတယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော် အစိုးရ) ရဲ့ ကတိတည်မှုနှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမှာ လိုလိုလားလား ဆောင်ရွက်နေမှု၊ တိုင်းရင်းသားများအပေါ် သဘောထားဖြူစင်မှုတို့ကြောင့် ယနေ့အထိ ကိုးကန့်တိုင်းရင်းသားများနည်းတူ တောတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့နိုင်ငံတော်နဲ့ လက်တွဲပြီး၊ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်နေကြပြီ ဖြစ်ပါတယ်။

**သ ဘာ ဝ ပ တိ ကြီး ခင်များ။** ကျွန် တော် တို့ ကိုးကန့် တိုင်းရင်းသား များဟာ နယ်စွန်နယ်ဖျားမှာ မထင်မရှား နေ နေကြ ပေမယ့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ အတွက် မည်သူ တစ်ဦး တစ်ယောက်ရဲ့ သင်ကြား တိုက်တွန်းခြင်း မလိုဘဲ၊ အစဉ်ကြိုးပမ်းဆောင် ရွက် လျက် ရှိပါ တယ်။ မိမိတို့ရဲ့ ပင်ကိုသဘာဝအရ လွတ်လပ်လိုမှု၊ တိုက်ခိုက်ခြင်းနဲ့တန်ပြန်တိုက်ခိုက်ခြင်းတို့ကို အချိန်အခါမလပ် ကြုံတွေ့နေရမှုနဲ့ မိမိတို့ရဲ့ မိရိုးဖလာ ယုံကြည် ကိုးကွယ်မှုတို့ အရ နိုင်ငံတော်နဲ့ အကြီးအကဲတို့ကို အစဉ် ဦးထိပ်ထားပြီး စောင့်သိ ရိုသေလျက် ရှိပါတယ်။ ကျွန်တော်တို့ ကိုးကန့်သားများရဲ့ သစ္စာရှိမှုကို "ယိန်းနွဲ့ပါးအဖွဲ့" ရဲ့ အစီရင်ခံစာ၊ စာမျက်နှာ ၅၆ မှာ အောက်ပါအတိုင်း မှတ်တမ်း တင်ထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

"သစ္စာရှိသော ကိုးကန့်"

ပြည်တွင်း ကွန်မြူနစ်၊ ကေအင်ဒီအို ဆူပူသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် ကိုးကန့် ကာကွယ်ရေးတပ်မှာ တိုက်ရိုက် မပါဝင်ခဲ့ကြရ သော်လည်း၊ ဗမာပြည်တွင်းရှိ ကွန်မြူနစ် သောင်းကျန်းသူများနှင့် တရုတ်ပြည်မတွင်းရှိ တရားလက်လွတ် ဆူပူနေသူ တစ်စုအကြားတွင် ကွတ်ခိုင်ရဲဝန်ထမ်းများနှင့် အတူ ထိုအင်အားစုများ တစ်ဖက်နှင့်တစ်ဖက် မဆက်သွယ်မိစေရန် အရံအတားအနေနှင့် စောင့်ရှောက်နိုင်ခဲ့ပါသည်။ ကိုးကန့်ကိုလည်း ကေအမ်တီ(KMT) များဝင်ရောက်လာသည်ကို အကြောင်းပြု၍ တရုတ်ကွန်မြူနစ်တို့ ချင်းနင်းဝင်ရောက်မှုများကို တားမြစ်နိုင်ခဲ့ပါသည်။ ၎င်းတို့၏ စွမ်းအားနှင့် ၎င်းတို့

နယ်ရှင် စော်ဘွား ကြီး များနှင့် ဆွေ မျိုးနွယ် ခေါင်းဆောင်များ၏ လုံ့လနှင့် ပြည်ထောင်စု စိတ်ဓာတ်များကြောင့် ကေအမ်တီများကို တိုက်ထုတ်နိုင်ခဲ့ပါသည်။ ကိုးကန့်အား စစ်ဘာလင်းကြီး မဖြစ်ရန် အချိန်မီ တားမြစ်နိုင်ခဲ့ပါသည်။ တရုတ်အမျိုးသားပင် ဖြစ်သော်လည်း ပြည်ထောင်စု၏ တည်တံ့မှု၊ ပြည်ထောင်စုအပေါ် သစ္စာရှိမှု တို့ကို မပျက်မကွက်ဘဲရင်းတို့ တတ်နိုင်သည့်ဘက်မှ ကူညီနိုင်ခဲ့ပါသည်။

သဘာပတိကြီး ခင်ဗျား။ အထက်တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ ရှမ်းပြည်မြောက်ပိုင်း အမှတ် (၁) အထူးအုပ်ချုပ်ရေး ဒေသဟာ သမိုင်းအစဉ်အလာအားဖြင့် မိမိတို့လူမျိုးကိုယ်တိုင် အုပ်ချုပ်လာခဲ့တဲ့ နယ်မြေဒေသတစ်ခုဖြစ်ပါတယ်။ မိမိတို့ဒေသဟာ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နဲ့ လက်တွဲပြီး၊ အရှိန်အဟုန်နဲ့ စိတ်အားထက်သန်စွာ ဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာထားမှုကြောင့် ယခုအခါ ဝေးလံခေါင်းပါးတဲ့ နိုင်ငံတော်ရဲ့အရှေ့မြောက်ပိုင်းဒေသဖြစ်တဲ့ လောက်ကိုင်နဲ့ ရန်ကုန်ကို အကြားစကားပြော ကြေးနန်းနဲ့ ဆက်သွယ်နိုင်ခဲ့ပါပြီ။ ရန်ကုန်မှ ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြား အစီအစဉ်များကိုလည်း ဖမ်းယူကြည့်ရှုနိုင်ပါပြီ။ ဒါတွေဟာ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ နမူနာကြေးမုံပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အမှတ် (၁) အထူးအုပ်ချုပ်ရေးဒေသအတွင်းမှာ တိုင်းရင်းသားလူမျိုးများဖြစ်ကြတဲ့ ကိုးကန့်၊ ဝ၊ ရှမ်း၊ ကချင်၊ ပလောင်၊ လီဆူ၊ မြောင်စီးစတဲ့ လူမျိုးပေါင်း (၇) မျိုးနေထိုင်ကြပါတယ်။ တစ်စုတစ်စည်းတည်းဆက်စပ်ပြီးနေထိုင်တဲ့ အဓိကလူမျိုးဟာ ကျွန်တော်တို့ ကိုးကန့် တိုင်းရင်းသားများ ဖြစ်ပါတယ်။ အမှတ် (၁) အထူးအုပ်ချုပ်ရေးဒေသအတွင်း ၁၉၉၃ ခုနှစ်၊ မိမိဒေသအုပ်ချုပ်ရေးအဖွဲ့ရဲ့စာရင်းအရ ခန့်မှန်းလူဦးရေမှာ နှစ်သိန်းကျော်ခန့် ရှိပါတယ်။ ဒီလူဦးရေ နှစ်သိန်းကျော်ဟာ ကွမ်းလုံ၊ကုန်ကျန်၊ကွတ်ခိုင်၊မူဆယ်မြို့နယ်များမှာ တစ်စုတစ်စပ်တည်း ဆက်စပ်ပြီးနေထိုင်ကြတဲ့ ကိုးကန့်တိုင်းရင်းသားများရဲ့လူဦးရေအရင်းသာဖြစ်ပါတယ်။ ၁၉၆၇ ခုနှစ်နောက်ပိုင်း ဗကပတို့ရဲ့ ရန်ကြောင့် အစိုးရရဲ့ အစီအစဉ်နဲ့ ကိုးကန့်နယ်မှ ပြောင်းရွှေ့ခဲ့ပြီး၊ ယခု သီပေါ၊ လားရှိုး၊ ကျောက်မဲ၊ နောင်ချို၊ တောင်ကြီး၊ မိုးကုတ်၊ မန္တလေး၊ မိုးနဲ၊ တာချီလိတ်စတဲ့မြို့နယ်များမှာနေထိုင်ကြတဲ့ ကိုးကန့်တိုင်းရင်းသားတစ်သိန်းကျော်မပါဝင်ပါ။ ဒါ့အပြင် မိမိတို့ဒေသအနေနဲ့ နိုင်ငံတော်ရဲ့ အရှေ့မြောက်ဖျားစွန်းမှာတည်ရှိတဲ့နိုင်ငံတော်ရဲ့ တံခါးမကြီးသဖွယ်ဖြစ်နေပါတယ်။ လုံခြုံရေးအရ သော်လည်းကောင်း၊ အုပ်ချုပ်ရေးအရ သော်လည်းကောင်း သမိုင်းအစဉ်အလာအရ အလွန်အရေးပါတဲ့ ဒေသတစ်ခုဖြစ်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ မိမိတို့ ဒေသအတွင်းရှိ ပြည်သူလူထုများကို ပိုင်ပိုင်နိုင်နိုင် ကိုယ်ပိုင်အုပ်ချုပ်နိုင်ခဲ့တာလည်း ယနေ့အထိ ဖြစ်ပါတယ်၊ သမိုင်းရဲ့ ဆိုးမွေဖြစ်တဲ့ မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ဖောက်ကား ရောင်းဝယ်ခြင်းတို့ဟာ နိုင်ငံတော်နဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်း သေးသိမ်စေခဲ့ပါတယ်။ နိုင်ငံတော်နဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို ပြန်လည် လွှမ်းပြောင်လာစေရေးအတွက် မိမိတို့ဒေသအုပ်ချုပ်ရေးအဖွဲ့နဲ့ နိုင်ငံတော်လက်တွဲပြီး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများစွာ ရရှိခဲ့ပြီးဖြစ်ပါတယ်။ မိမိတို့ ဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း အရှိန်အဟုန်နဲ့ စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိနေပါတယ်။ ဒါကြောင့် မိမိတို့ ရှမ်းပြည်နယ်မြောက်ပိုင်း အမှတ် (၁) အထူးအုပ်ချုပ်ရေး ဒေသအနေနဲ့—

(၁) သင့်လျော်သည့် နယ်မြေအကျယ်အဝန်း ရှိခြင်း၊

(၂) တစ်စုတစ်စည်းတည်း ဆက်စပ် နေထိုင်သော တိုင်းရင်းသားလူမျိုးလူဦးရေ ရှိခြင်း (ကိုးကန့်တိုင်းရင်းသား နှစ်သိန်းကျော်ခန့်)၊

(၃) နိုင်ငံတော်၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့တွင် ထူးကဲ သီးခြားသော ပထဝီအနေအထား ရှိခြင်း၊

(၄) မိမိဒေသအတွင်းရှိ ပြည်သူလူထုကို မိမိတို့က ပိုင်ပိုင်နိုင်နိုင်အုပ်ချုပ်နိုင်ခြင်း၊

(၅) နိုင်ငံတော်၏ လုံခြုံရေးကို အာမခံပေးနိုင်ခြင်း၊

(၆) ပြည်ထောင်စုအပေါ် သစ္စာရှိခြင်း၊

(၇) ဒေသဖွံ့ဖြိုးရေး ဆက်လက် အချိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိခြင်း၊

(၈) မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေခြင်း

စတဲ့အချက်များ ရှိနေခြင်းကြောင့် လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ မိမိတို့ရှမ်းပြည်နယ်မြောက်ပိုင်း အမှတ် (၁) အထူးအုပ်ချုပ်ရေးဒေသအား ကိုးကန့်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေး တိုင်း (Ko Kang National Self Administered Division) အဖြစ် သတ်မှတ်ပေးသင့်ပါတယ်လို့ ကျွန်တော်တို့ကခံယူထားပါတယ်။ကိုယ်ပိုင်အုပ်ချုပ်ရေးရပေမယ့် ကျွန်တော်တို့ဟာ ပြည်ထောင်စုကြီးမှ မည်သည့်အခါမှ ခွဲမထွက်ပါ။ ကျွန်တော်တို့ရဲ့ ပင်ကိုအရည်အသွေးဖြစ်တဲ့ သစ္စာရှိမှု၊ ရဲစွမ်းသတ္တိရှိမှုတို့နဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စွဲမြဲစွာ ခံယူထားပြီး နိုင်ငံတော်ရဲ့ တံခါးမကြီးကို သစ္စာရှိရှိ မျက်ခြည်မပြတ်တမ်း အစဉ်စောင့်ရှောက်နေမှာဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာ သစ္စာအဓိဋ္ဌာန်ပြုအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း အမှတ် (၁) အထူးအုပ်ချုပ်ရေးဒေသ အတွင်းမှာ နေထိုင်ကြတဲ့ ကိုးကန့်တိုင်းရင်းသားများရဲ့ဆန္ဒများ ပြည့်ဝနိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြစ်ကြတဲ့ညီလာခံကိုယ်စားလှယ်တော်ကြီးများက လေးလေးနက်နက် ဗိုင်းဝန်းစဉ်းစား ထောက်ခံပေးကြပါရန် ရိုသေလေးစားစွာဖြင့် မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။ နယ်မြေဒေသရဲ့ နယ်နိမိတ်သတ်မှတ်ရေးနှင့်ပတ်သက်လို့ နိုင်ငံတော်မှ နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်စေပါက ပိုမို သင့်လျော်မယ်လို့ အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အနာဂတ်ကာလမှာ နိုင်ငံတော်ကိုခေတ်မီတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်လာစေရေးအတွက် ဦးတည်ကြတာ ဖြစ်ပါတယ်။ ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာရေးအတွက် နိုင်ငံတော်ရဲ့မူဝါဒများလည်းသင့်လျော်သလိုပြောင်းလဲရပါတယ်။နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒဟာဈေးကွက်စီးပွားရေးမူကို ကျင့်သုံးသွားမယ်လို့ ကျွန်တော်တို့က ဆွေးနွေးခဲ့ပြီးပါပြီ။ ဒါ့ကြောင့် နိုင်ငံတော်အတွင်းရှိအချို့ဒေသရဲ့ပထဝီအနေအထား၊ သဘာဝသယံဇာတအရင်းအမြစ်ပေါ်မှာ မူတည်ပြီး၊ အထူးစီးပွားရေး ဇုန်အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတော်မှာ ဒီလို အထူး စီးပွားရေးဇုန်များသတ်မှတ်ပြီး မူဝါဒချမှတ်ကာ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း အမျိုးသား စီးပွားရေးကို တိုတောင်းတဲ့အချိန်အတွင်း မြန်ဆန်စွာ တိုးတက်လာစေနိုင်ပြီး၊ အခြားခေတ်မီ တိုးတက်တဲ့ နိုင်ငံတွေနဲ့အမီလိုက်နိုင်မှာဖြစ်လို့ နိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်း အချို့ဒေသများမှာ အထူး စီးပွားရေးဇုန်များလည်းရှိသင့်ပါတယ်။ အဲဒီအထူးစီးပွားရေးဇုန်များအတွက်ဥပဒေပြဋ္ဌာန်းပြီး သမ္မတက တိုက်ရိုက် အုပ်ချုပ်စေရမယ်၊ ဒါ့အပြင် နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအရ သော်လည်းကောင်း၊ လုံခြုံရေးနဲ့ ကာကွယ်ရေး လိုအပ်မှု အရသော်လည်းကောင်း အချို့ဒေသ(သို့မဟုတ်) မြို့များကို နိုင်ငံတော်သမ္မတက တိုက်ရိုက် အုပ်ချုပ်စေခြင်းဖြင့် အဲဒီဒေသ (သို့မဟုတ်) မြို့များရဲ့ လုံခြုံရေး၊ ကာကွယ်ရေး၊

အုပ်ချုပ်ရေးနဲ့ အခြား စီမံခန့်ခွဲရေး ကိစ္စများကို မြန်ဆန်ထိရောက်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုဒေသ(သို့မဟုတ်) မြို့များကို သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ဒေသ(သို့မဟုတ်)မြို့များအဖြစ်သတ်မှတ်ရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာနိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊စီမံခန့်ခွဲရေး လိုအပ်ချက်အရ သမ္မတက တိုက်ရိုက် အုပ်ချုပ်တဲ့ မြို့ (သို့မဟုတ်) အထူးဒေသလဲ ရှိသင့်ပါတယ်လို့ အကြံပြု တင်ပြအပ်ပါတယ်။

: သဘာပတိကြီး ခင်ဗျား။ အထက်ပါတင်ပြ ဆွေးနွေးခဲ့တဲ့အတိုင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အောက်ပါ အတိုင်း စုစည်း သင့်ပါတယ်လို့ အကြံပြုအပ်ပါတယ်—

(၁) ကျေးရွာများကို ကျေးရွာ အုပ်စု အဖြစ် စုစည်းသည်၊

(၂) ရပ်ကွက်များကို မြို့အဖြစ်စုစည်းသည်၊

(၃) ကျေးရွာ အုပ်စုများနှင့် မြို့များကို မြို့နယ် အဖြစ် စုစည်းသည်၊

(၄) မြို့နယ်များကို ခရိုင် (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ(Self Administered Zone) အဖြစ် စုစည်းသည်၊

(၅) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ ( Self Administered Zones ) ကို ကိုယ်ပိုင် အုပ်ချုပ်ရေးတိုင်း ( Self Administered Division )အဖြစ် စုစည်းသည်။

(၆) ခရိုင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ (Self Administered Zones )၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများ ( Self Administered Divisions )ကို ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး အဖြစ် စုစည်းသည်။

(၇) ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ အထူးစီးပွားရေးဇုန်များ၊ အထူးအုပ်ချုပ်ရေး ဒေသများနဲ့ နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သော အထူးဒေသများကို နိုင်ငံတော်အဖြစ် စုစည်းသည်။ ဘယ်လိုဒေသမျိုးကို အထူးစီးပွားရေးဇုန်များ၊ အထူးအုပ်ချုပ်ရေးဒေသများ၊ နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ဒေသများအဖြစ် သတ်မှတ်ခြင်းနဲ့ ပတ်သက်လို့ နိုင်ငံတော်မှ ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ စီမံခန့်ခွဲရေး ဒေသအဆင့်ဆင့်ဟာ အောက်ပါအတိုင်း ဖြစ်သင့်ပါတယ်လို့ အကြံပြု တင်ပြအပ်ပါတယ်—

(၁) ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စုများ၊

(၂) မြို့နယ်များ၊

(၃) ခရိုင်များ၊ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ ( Self Administered Zones )၊တိုင်းရင်းသား လူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများ ( Self Administered Divisions)၊

(၄) ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးများ၊ နိုင်ငံတော်သမ္မတက တိုက်ရိုက် အုပ်ချုပ်သော ဒေသများ၊ အထူးစီးပွားရေးဇုန်များ၊ ငြိမ်းချမ်းရေးအထူးဒေသများ၊

(၅) ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ပြည်နယ်များနဲ့ တိုင်းဒေသကြီးများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်—

(က) ကချင်ပြည်နယ်

(ခ) ကယားပြည်နယ်

(ဂ) ကရင်ပြည်နယ်

(ဃ) ချင်းပြည်နယ်

(င) စစ်ကိုင်းတိုင်းဒေသကြီး

(စ) တနင်္သာရီတိုင်းဒေသကြီး

(ဆ) ပဲခူးတိုင်းဒေသကြီး
(ဇ) မကွေးတိုင်း ဒေသကြီး
(ဈ) မန္တလေးတိုင်းဒေသကြီး
(ည) မွန်ပြည်နယ်
(ဋ) ရခိုင်ပြည်နယ်
(ဌ) ရန်ကုန်တိုင်း ဒေသကြီး
(ဍ) ရှမ်းပြည်နယ်
(ဎ) ဧရာဝတီတိုင်းဒေသကြီး

စုစုပေါင်း ပြည်နယ် (၇) ပြည်နယ်နဲ့တိုင်း ဒေသကြီး (၇) ခုဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်ရဲ့ အကျိုးကို ရှေးရှုပြီး နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်ရန် သော်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရဲ့ နယ်နိမိတ်ကို ပြင်ဆင်ရန် သော်လည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင် မြို့နယ်များရဲ့ နယ်နိမိတ်များ ကို ပြင်ဆင် သတ်မှတ် ရန်သော်လည်းကောင်း အကြောင်း ပေါ်ပေါက် လာနိုင်ပါတယ်။ အဲဒီလို နယ်နိမိတ် ပြင်ဆင် သတ်မှတ် ရေးနဲ့ စပ်လျဉ်းလို့ ၁၈-၁-၉၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီ အစည်း အဝေးမှာ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်းချက်ပါ အတိုင်း လုပ်ဆောင် သွားနိုင်ရန် အတွက် အခြေခံမူများ ချမှတ် သင့်ပါကြောင်း ထောက်ခံ ဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် အကြီးအကဲနဲ့ ပတ်သက်လို့ ဆက်လက် ဆွေးနွေးပါ့မယ်။ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်းချက်မှာပြည့်ပြည့်စုံစုံ ပါရှိတာ တွေ့ရပါတယ်။ အဲဒီ ရှင်းလင်းချက် များကို အခြေခံပြီး ဆက်လက် ထောက်ခံ ဆွေးနွေး အကြံပြု သွားပါမယ်။ နိုင်ငံတော်အကြီးအကဲဟာ အုပ်ချုပ်မှု အာဏာ အပြည့်အဝရှိတဲ့သမ္မတ ဖြစ်ရမယ်လို့ အခြေခံမူမှာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလို အုပ်ချုပ်မှု အာဏာ အပြည့်အဝရရှိထားတဲ့ နိုင်ငံတော် သမ္မတဟာ နိုင်ငံသူ နိုင်ငံသားများရဲ့ အားကိုး အားထားရာ အမျိုးသား ခေါင်းဆောင်ကြီးလည်း ဖြစ်ရပါမယ်။ ဒီနိုင်ငံတော်ရဲ့ အလွန်အရေးကြီးတဲ့ နေရာမှာ တာဝန်ထမ်းဆောင်မယ့်သူကို သေသေချာချာ စိစစ်ရွေးချယ်ဖို့ လိုပါတယ်။ သမ္မတအတွက် လိုအပ်တဲ့ အရည်အချင်းကို တိတိကျကျ ပြည့်ပြည့်စုံစုံ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်လို့ အကြံပြု ဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် သမ္မတ တစ်ဦးအနေနဲ့ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းများ မဆွေးနွေးမီ အမျိုးသား ညီလာခံရဲ့ ဦးတည်ချက်ဖြစ်တဲ့ "အနာဂတ် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်ရေး" ဆိုတဲ့အချက်ကို အနည်းငယ် ဆွေးနွေး အကြံပြုလိုပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလမှ စပြီး တပ်မတော် အစိုးရက တိုင်းပြည်ရဲ့ အုပ်ချုပ်မှု တာဝန်ကို လွှဲယူခဲ့ပါတယ်။ ဒါဟာ အခုဆိုရင် ၅ နှစ် ပြည့်ခဲ့ပါပြီ။ ဒီတိုတောင်းတဲ့ ၅ နှစ် အတွင်း တပ်မတော် အစိုးရရဲ့ ဆောင်ရွက် ချက် များ ဟာ မှတ်တမ်းတင်လောက် ပါတယ်။ တိုင်းပြည် ငြိမ်ဝပ်ပိပြားမှုရအောင် တစ်ဖက်တစ်လမ်းက ကြိုးပမ်းရင်း တခြားတစ်ဖက်မှာ တိုင်းပြည် အေးချမ်း သာယာရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ လမ်းပန်း ဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးစတဲ့ ကဏ္ဍတို့မှာ မနားမနေ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ နှစ်ပေါင်း ၄၀ ကျော်က မရှိခဲ့တဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကိုလည်း စတင် တည်ဆောက် နိုင်ခဲ့ပါတယ်။ တပ်မတော် ခေါင်းဆောင်ကြီးများဟာ နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စု မပြိုကွဲရေးတို့ကို အခြေခံပြီး သဘောထားကြီးကြီး စေတနာ ဖြူစင်စွာနဲ့ အကောင် အထည်ဖော်

ပေးနေ ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများနဲ့ မိသားစု ညီရင်း အစ်ကို ပမာ ဆွေးနွေး ခဲ့မှုကြောင့် ယနေ့အထိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၀) ခုနဲ့ ငြိမ်းချမ်းရေး ရယူခဲ့ပြီးဖြစ်ပါတယ်။ နောင်လဲထပ်မံ တိုးပွားလာဦးမယ်လို့ မျှော်လင့်ထားပါတယ်။ နှစ်(၄၀)ကျော် ကာလအတွင်း မည်သည့်အစိုးရကမှ မဆောင်ရွက်နိုင်ခဲ့တဲ့ လုပ်ငန်းကြီး တစ်ခု ကို တပ်မတော် ခေါင်းဆောင်ကြီးများက သဘောထားကြီးကြီး၊ စေတနာဖြူစင်စွာဖြင့် အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့ နေရာဒေသများသို့လည်း တပ်မတော် ခေါင်းဆောင်ကြီးများဟာ ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲကာ လူအင်အား၊ ငွေအင်အား စေလွှတ်ပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် လမ်းပန်း ဆက်သွယ်မှု ခက်ခဲမှု၊ နယ်စွန်နယ်ဖျား ကျရောက်မှုတို့ကြောင့် တစ်ချိန်တစ်ခါက ပြည်ထောင်စုကြီးမှ မေ့ကျန်ခဲ့ခြင်းခံရပြီး နောက်ကျဆင်းရဲနေတဲ့ ဒေသများဟာ ယနေ့အခါတယ်လီဖုန်းဖြင့် ရန်ကုန်နှင့်စကားပြော အဆက်အသွယ်ပြုလုပ်နိုင်ခဲ့ပြီး ယခင်လနှင့်ချီပြီး သွားရတဲ့ ဒေသများဟာ ယခုအခါ ရက်ပိုင်းအတွင်း အချိန်တိုတိုနဲ့ ရောက်နိုင်ခဲ့ပြီး၊ ပြည်တွင်းရှိ မည်သည့် အရပ် ဒေသသို့မဆို အေးချမ်း သာယာစွာနဲ့ ဖောက်ကား ရောင်းဝယ်သွားလာ နိုင်ပါပြီ။ နယ်စပ် ဒေသတွင် သာမက ပြည်တွင်းရှိမြို့ကြီး၊ မြို့ကလေး၊ ကျေးရွာနယ်မြေ အနှံ့အပြားတို့မှာလဲ ပြည်တွင်းလမ်းပန်းဆက်သွယ်မှု ချောမွေ့ရေး၊ ပြည်သူ လူထုရဲ့ စီးပွား တိုးတက်မြင့်မားရေးတို့ကို ရည်ရွယ်ပြီး၊ တပ်မတော်သားများက နိုင်ငံတော် ကာကွယ်ရေး တာဝန်အပြင် တိုင်းပြည် တည်ဆောက်ရေး လုပ်ငန်း များမှာလဲ မိမိတို့ရဲ့ ချွေးများနဲ့ ရင်းနှီးရပြန်ပါတယ်။ ပြည်ထောင်စုကြီးရဲ့ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျရာအခန်းမှ ပါဝင်ဆင်နွှဲလျက် ရှိပါတယ်။ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကိုလဲ အရှိန်အဟုန်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီအရှိန်အဟုန်များ ရပ်တန့်မသွားအောင် နောင်အနာဂတ် ကာလရဲ့ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော် ကိုယ်စားလှယ်များ ပါဝင်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။ တပ်မတော်ဟာ တိုင်းရင်းသား လူမျိုးစုပေါင်းစုံ ပါဝင်ဖွဲ့စည်းထားတဲ့ပြည်ထောင်စု တပ်မတော် ဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့နေရာဒေသ အသီးသီးသို့လဲ ကျင်လည် ကျက်စား ခဲ့ပါတယ်။ နယ်မြေဒေသ အသီးသီး၊ တိုင်းရင်းသား လူမျိုး အသီးသီးတို့ရဲ့ ရိုးရာဓလေ့ ယဉ်ကျေးမှု တို့ကိုလဲ ပိုမို နား လည် ပြီး တိုင်း ရင်း သားများ အပေါ် ပိုမို၍ စာနာထောက်ထားမှုများ ရှိတတ်ပါတယ်။ တပ်မတော်ရဲ့ ခေါင်းဆောင်များအနေနဲ့ငယ်စဉ်ကပင်စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်းခံရပြီး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စစ်ရေးတို့မှာ အတွေ့အကြုံရှိလှပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းများအရ တပ်မတော်ဟာ ကြီးမားတဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။ အနာဂတ် နိုင်ငံတော်ရဲ့ နိုင်ငံရေး ဦးဆောင်မှု အခန်းမှာ တပ်မတော်ကို ထိုက်သင့်တဲ့ နေရာပေးခြင်းဟာ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ကိုခိုင်မာကျစ်လျစ်စေနိုင်မယ့်အပြင် ပြည်တွင်းငြိမ်းချမ်းရေး အတွက်လည်း အာမခံရရှိနိုင်မှာ ဖြစ်ပါတယ်။

ယနေ့ ကမ္ဘာ့နိုင်ငံ အ သီး သီး ရဲ့ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းမှာ တပ်မတော်မှ ခေါင်းဆောင် အတော်များများ ပါဝင်နေတာကို နိုင်ငံတိုင်းလိုလို မြင်ရပါမယ်။ ဒါကြောင့် အနာဂတ် မြန်မာနိုင်ငံရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းမှာလည်း တပ်မတော်မှ ကိုယ်စားလှယ်များ အထိုက်အလျောက် ပါဝင်ခွင့် ပေးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။ တပ်မတော် ကိုယ်စားလှယ်များ ပါဝင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံခြားဆက်ဆံရေး စသည့် ကိစ္စရပ်များ ဖြေရှင်းရာမှာ ပိုမိုထိရောက် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု ဆက်လက်ပြီး နိုင်ငံတော်သမ္မတရာထူးအတွက် ဝင်ရောက် ယှဉ်ပြိုင်လိုသူ တစ်ဦးအနေနဲ့ အောက်ပါအရည်အချင်းများ ရှိသင့်ပါတယ်လို့ အကြံပြု တင်ပြအပ်ပါတယ်—

(၁) အသက် (၄၅) နှစ် ပြည့်ရမည်၊

(၂) ရွေးချယ်တင်မြှောက်ခြင်း ခံရတဲ့ အချိန်နဲ့ တစ်ဆက်တည်း အနည်းဆုံး အနှစ် (၂၀) နိုင်ငံတော်တွင် အဆက်မပြတ် အခြေချနေထိုင်ခဲ့သူ ဖြစ်ရမည်၊

(၃) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်၊

(၄) အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့မှာ အတွေ့အကြုံရှိပြီး ကျွမ်းကျင်စွာ ဖြေရှင်းနိုင်သူဖြစ်ရမည်၊

(၅) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစဉ်ကြိုးပမ်း ဆောင်ရွက်လိုသူဖြစ်ရမည်၊

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရမည်၊

(၇) မိမိသော်လည်းကောင်း၊ မိမိ၏မိသားစုဝင် ဆွေမျိုးသားချင်း တစ်ဦးဦးသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရရဲ့ ကူညီထောက်ပံ့မှုကို ခံယူခြင်း (သို့မဟုတ်) နိုင်ငံခြားအစိုးရတစ်ခုခု၏ ကျေးဇူးသစ္စာ ခံယူနေခြင်း (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ နိုင်ငံသားဖြစ်ခြင်းများ မဖြစ်စေရ၊

(၈) ကိုယ်စိတ်နှစ်ပါးကျန်းမာနေသူဖြစ်ရမည်၊

(၉) ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရပါမယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတ ရွေးချယ်ရေးနဲ့ ပတ်သက်လို့ နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့က ရွေးချယ် တင်မြှောက်တဲ့ စနစ်ကို ကျင့်သုံးသင့်ပါတယ်လို့ အကြံပြုတင်ပြအပ်ပါတယ်။ သမ္မတ ရွေးချယ်ရေးအဖွဲ့မှာ အောက်ပါအတိုင်း ဖွဲ့စည်းသင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်—

(၁) ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊

(၂) လူဦးရေကို အခြေခံပြီး ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့၊

(၃) တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့ ဖြစ်ပါတယ်။

အဲဒီ သမ္မတ ရွေးချယ်ရေး အစုအဖွဲ့ (၃) ခုမှ မိမိတို့ရဲ့ သမ္မတလောင်း(၁)ဦးစီ တင်ပြပြီး၊ သမ္မတလောင်း (၃) ဦးကို မဲခွဲရွေးချယ်ရန် ဖြစ်ပါတယ်။ မဲအများဆုံးရရှိသူကို သမ္မတအဖြစ်လည်းကောင်း၊ ဒုတိယ မဲအများဆုံးရရှိသူနဲ့ တတိယ မဲအများဆုံး ရရှိသူများကိုဒုတိယသမ္မတများအဖြစ်လည်းကောင်း သတ်မှတ်ပြီး နိုင်ငံတော်အတွက် သမ္မတ (၁) ဦးနဲ့ ဒုတိယသမ္မတ(၂)ဦးဖြင့်ဦးဆောင်သွားသင့်ကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

သမ္မတရဲ့ သက်တမ်းနဲ့ ပတ်သက်လို့ ဆက်လက်အကြံပြုဆွေးနွေးတင်ပြပါမယ်။ သမ္မတ တစ်ဦးဟာ မိမိသမ္မတ သက်တမ်းအတွင်း နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ နိုင်ငံသားများရဲ့ အကျိုးစီးပွားများကို အားသွန်ခွန်စိုက် ဦးဆောင်ရပါမယ်။ မိမိရဲ့ ဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်းရပါမယ်။ အဲဒီလိုနိုင်ငံရဲ့ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အတွက် သမ္မတရဲ့ သက်တမ်းကို လျော်ကန်သင့်မြတ်စွာ သတ်မှတ်သင့်ပါတယ်။ သမ္မတတစ်ဦးအနေနဲ့ နိုင်ငံတော်ရဲ့ ကျက်သရေဆောင်ပုဂ္ဂိုလ်လဲဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများရဲ့ ခေါင်းဆောင်များနဲ့ အမြဲထိတွေ့နေရသူ ဖြစ်ပါ

တယ်။ နိုင်ငံတော်သမ္မတ တစ်ဦးအနေနဲ့ နိုင်ငံ့ဂုဏ်သိက္ခာမပျက်အောင် တင့်တယ်ခန့်ညားစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်ပါတယ်။ ဒါ့ကြောင့် သမ္မတရဲ့ သက်တမ်းကို (၅) နှစ် (၁) ကြိမ် သတ်မှတ်ပြီး၊ သက်တမ်း(၂)ခုအထိသာ ဆက်လက်အရွေးခံပိုင်ခွင့် သတ်မှတ်သင့်ပါတယ်။ ဆိုလိုတာက သမ္မတ တစ်ဦးအနေနဲ့ အများဆုံး အမှုထမ်းနိုင်တဲ့ သက်တမ်း တစ်ဆက်တည်းမှာ (၂)ကြိမ်သာဖြစ်ပါတယ်။ တစ်ဆက်တည်း (၂) ကြိမ် ရွေးကောက် တင်မြှောက်ခြင်းခံရပြီးနောက် သမ္မတအဖြစ် ဆက်လက်ဆောင်ရွက်ခွင့် မပေးသင့်ကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး မနားမနေ ခေါင်းဆောင်နေရသူ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်ရန်အတွက် သမ္မတရဲ့ လုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးသင့်ပါတယ်။ ဒါ့အပြင် အများအတွက်မဟုတ်ဘဲ မိမိကိုယ်ကျိုးသာ ရှာဖွေနေတဲ့ အကျင့်သိက္ခာ ပျက်ပြားတဲ့ နိုင်ငံတော်သစ္စာဖောက်တဲ့ သမ္မတလဲ ရှိနိုင်ပါတယ်။ အဲဒီအခါ ယင်းသမ္မတအားနေရာမှဖယ်ရှားပြီးအရေးယူရန်လိုအပ်ပါတယ်။ ရာထူးမှ ဖယ်ရှားပေးရန် ပြုလုပ်ရပါမယ်။ ထို့ပြင် သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတ တစ်ဦးဦးဟာ တာဝန်ထမ်းဆောင်နေစဉ် မိမိရဲ့ဆန္ဒအတိုင်း ရာထူးမှ နုတ်ထွက်လိုက နုတ်ထွက်ခွင့်ပြုနိုင်ရန် အခြေခံမူလဲ ရှိသင့်ပါတယ်။ ဒါကြောင့် သမ္မတနဲ့ ဒုတိယသမ္မတတို့အတွက် လစာခံစားခွင့်များ၊ တာဝန်နဲ့လုပ်ပိုင်ခွင့်များ၊ သမ္မတကို စွပ်စွဲပိုင်ခွင့်၊ တာဝန်မှ နုတ်ထွက်ပိုင်ခွင့်များတို့ကို ဥပဒေနဲ့ တိတိကျကျ ပြဋ္ဌာန်းပေးသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒါ့အပြင် သမ္မတ တစ်ဦးဦး (သို့မဟုတ်) ဒုတိယ သမ္မတ တစ်ဦးဦးဟာ တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် ရပ်ဆိုင်းရပါက ၎င်းရာထူးအတွက် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းများ ပြုလုပ်ရပါမယ်။ အဲဒီသမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတ ရာထူးအတွက် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး (၁၈-၁-၉၄) ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံကြီးမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရဲ့ ရှင်းလင်းချက်ပါ မူများအတိုင်း ပြုလုပ်သင့်ပါကြောင်း ထောက်ခံ ဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတ တစ်ဦးဟာ တာဝန်ကို သက်တမ်းပြည့် ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် ဆက်လက်ပြီး အရွေးမခံရလျှင်သော် လည်းကောင်း၊ အခြေခံဥပဒေအရ ဆက်လက် အရွေးမခံနိုင်လျှင်သော် လည်းလောင်း၊ တာဝန်မှ အငြိမ်းစားအနားယူသွားတဲ့အခါ သက်သောင့်သက်သာ၊ ဂုဏ်သိက္ခာရှိရှိ နေထိုင်သွားနိုင်ရန်အတွက် နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတတို့အတွက် အငြိမ်းစားကာလတွင် ခံစားခွင့်နှင့် စပ်လျဉ်းတဲ့ မူတစ်ရပ်ကိုလဲ ချမှတ်သင့်ပါကြောင်း အကြံပြု ဆွေး နွေး ရင်းနိဂုံး ချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ (၂) မှ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ။]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂) မှ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များရဲ့အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။ ဦးအောင်မြင့်အား ဖတ်ကြားတင်ပြဖို့ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအောင်မြင့်** (အခြား ဖိတ်ကြား သင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့)။ **။အမျိုးသားညီလာခံသို့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲတို့နှင့်ပတ်သက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)ကိုယ်စားလှယ်၏ ''ဝ'' နယ်ဒေသ တိုင်းရင်းသားပြည်သူများကိုယ်စား ဆွေးနွေးတင်ပြချက်(၁၉၉၄ ခုနှစ်၊ မတ်လ ၃ ရက်)။**

**သဘာပတိကြီးခင်ဗျား။** ကြွရောက်လာကြတဲ့ ညီ အစ်ကိုတော် ကိုယ် စားလှယ် ကြီး များ ခင်ဗျား။ ပထမဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ သဘာပတိကြီးများနဲ့ ကိုယ်စားလှယ်တော်ကြီးများ ကျန်းမာ ရွှင်လန်း ကြပါ စေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်တို့ ''ဝ'' နယ်ဒေသ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးကျောက်ညီလိုင်း ကိုယ်စား ကျွန်တော်ဦးအောင်မြင့်မှ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်အခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသား ညီလာခံလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးမှ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က ရှင်းလင်းပြောကြားချက်အတိုင်း—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံဟု ခေါ်တွင်မည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာ တည်သည်၊

(၄) နိုင်ငံတော်၏ နိယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်

ဆိုသောမူများနှင့် ပတ်သက်၍ ကျွန်တော်တို့ နိုင်ငံသည်

လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ အထက်ပါမူများသည်လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံတွင် ရှိသင့် ရှိထိုက်သော အင်္ဂါရပ်များ၊ အခြေအနေများနှင့် ကိုက်ညီ ဆီလျော်မှုများ ရှိခြင်းတို့ကြောင့် ကျွန်တော်တို့မှ သဘောတူ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**သဘာပတိကြီး ခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းတည်

ဆောက်ပုံနှင့် ပတ်သက်၍ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က ရှင်းလင်းပြော ကြားရာတွင် “နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ” နှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမည့်မူ တွေမှာ—

— ရှိရင်းစွဲ တိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (၇) ခု အဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (၇) ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်ပြီး ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ခုတို့သည် အဆင့်အတန်း တူညီကြသည်၊

— တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ်(၇)ခု တို့၏ အမည်များကို ရှိရင်းစွဲ အတိုင်း ခေါ်ဆို သုံးနှုန်းသည်လို့ ချမှတ်ထားပါ တယ်

ဟူ၍ ပါရှိသည်ကို ကျွန်တော်တို့ တွေ့ရှိကြရမှာ ဖြစ် ပါတယ်။

အထက်ပါ ပြည်နယ်ကိစ္စနှင့် သက်ဆိုင်တဲ့ သတ် မှတ်ချက်နှင့် ပတ်သက်၍ ကျွန်တော်တို့ “ဝ” တိုင်း ရင်းသားခေါင်းဆောင် ဦးကျော်ညီလိုင်းမှ “ဝ” တိုင်းရင်းသားပြည်သူများနှင့် ၎င်းဒေသတွင် မှီတင်း နေထိုင်ကြတဲ့ အခြား တိုင်းရင်းသား ပြည်သူများ ကိုယ်စား ပြည်သူများ၏အသံဖြစ်တဲ့ “ဝ” ပြည်နယ် တိုးချဲ့ဖွဲ့စည်းပေးပါရန် အဆိုကို ၁၉၉၃ ခုနှစ်၊ ဖေ ဖော်ဝါရီလ ၃ ရက်နေ့က အစုအဖွဲ့တွင် တစ်ကြိမ်၊ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့က အစုအဖွဲ့တွင် တစ်ကြိမ်နှင့်၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ က အမျိုးသားညီလာခံ အလုံးစုံကျသဘာပတိအဖွဲ့ သို့ တစ်ကြိမ် စုစုပေါင်းသုံးကြိမ် စာတမ်းများပြုစု ၍ ဆွေးနွေးတင်ပြခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား။ ကိုယ်စားလှယ်တော် ကြီးများ ခင်ဗျား။ ကျွန်တော်တို့ “ဝ” တိုင်းရင်း သားများသည် ရှေးပဝေသဏီကပင် သံလွင်မြစ်ဝှမ်း တစ်လျှောက်တွင် ကိုယ့်နယ်၊ ကိုယ့်မြေ၊ ကိုယ့်စည်း ရိုး အုပ်ချုပ်မှုတို့နှင့်၊ မိမိတို့တိုင်းရင်းသား ကိုယ်ပိုင် ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံး တမ်းများဖြင့် တစ်စုတစ်စည်းတည်း ရပ်တည်နေ ထိုင်ခဲ့သည်မှာ ယခုအထိပင် ဖြစ်ပါသည်။

ကျွန်တော်တို့ “ဝ” လူမျိုးများသည် လူဦးရေ အားဖြင့် ခန့်မှန်းခြေ တစ်သန်းကျော်ရှိပြီး မိမိတို့ အမိနိုင်ငံပိုင် နယ်နိမိတ်အတွင်း သံလွင်မြစ်ဝှမ်းတစ် လျှောက်နှင့် သံလွင်မြစ် အရှေ့ဘက်ခြမ်းတစ်ဝိုက်တွင် ခန့်မှန်းခြေ ၇ သိန်းကျော် မှီတင်းနေထိုင်လျက် ရှိကြပါသည်။

ထို့ကြောင့် မြောက်ဘက်တွင် နမ့်တစ်ချောင်း အတိုင်း ဖြစ်ပြီး၊ တောင်ဘက်တွင် မိုင်းတုံမြို့နယ် နယ်နိမိတ်အတိုင်း ဖြစ်ပါတယ်။ အနောက်ဘက်တွင် မုန်းကျက်ဒေသ၊ နမ့်ပန်ချောင်းနှင့် သံလွင်မြစ် အတိုင်းဖြစ်ပြီး အရှေ့ဘက်တွင် တရုတ်၊ လာအို၊ ထိုင်းတို့၏ နယ်စပ်နယ်နိမိတ်များအတိုင်း ဖြစ်ပါ သည်။

ထို့ကြောင့် နမ့်ပန်ချောင်းနှင့် သံလွင်မြစ် အရှေ့ ခြမ်းဒေသအား “ဝ”ပြည်နယ်အဖြစ် သတ်မှတ်ပေး နိုင်ရန်အတွက် အမျိုးသားညီလာခံကြီး သို့ထပ်မံ၍ တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား။ ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ ကျွန်တော်တို့“ဝ”တိုင်းရင်းသား များ ယခုလို အမျိုးသား ညီလာခံကြီးတွင် “ဝ” ပြည်နယ်ကို အဆိုပြုတောင်းခံရခြင်းမှာ ပထမအနေ ဖြင့် သမိုင်းအကြောင်း အချက်များကြောင့်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် လက်ရှိ တည်ရှိနေသည့် ပကတိ အခြေအနေနှင့် နိုင်ငံတော်၏ နောင်အကျိုးစီးပွား ကို အခြေပြုတွက်ရှု၍ တင်ပြခြင်း ဖြစ်ပါသည်။ ထို့အပြင် မိမိတို့နယ်မြေဒေသတိုင်းရင်းသားလူမျိုး များ ဆင်းရဲ ခေတ်နောက်ကျနေသည့် ဘဝကနေ ခေတ်မီတိုးတက် စည်ပင်ဖွံ့ဖြိုးသည့် ဒေသအဖြစ်သို့

အမြန်ဆုံးပြောင်းလဲလာနိုင်ရေးအတွက် မိမိတို့ဒေသကို မိမိတို့ကိုယ်ပိုင်အုပ်ချုပ်၊ ကိုယ်ပိုင်စီမံတည်ဆောက်လိုတဲ့ဆန္ဒနဲ့အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးခေတ်မီ တိုးတက်လာရေး ဆောင်ရွက်လိုသည့် ဆန္ဒများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်အား တိုင်းဒေသကြီး(၇) တိုင်းနှင့် ပြည်နယ် (၇) ပြည်နယ်တို့ဖြင့် ဖွဲ့စည်းသည် ဟူသော အခြေခံမူအဖြစ် ပြင်ဆင်သတ်မှတ် ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မိမိတို့ "ဝ" တိုင်းရင်းသားညီနောင် သွေးချင်းများက ဆန္ဒပြင်းပြစွာ တင်ပြတောင်းဆိုသည့် "ဝ"ပြည်နယ်တိုးချဲ့ သတ်မှတ်ပေးရေး ကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ် ရသင့်သည် မရသင့်ဘူး၊ ပေးသင့်သည် မပေးသင့်ဘူး သို့မဟုတ် ဘယ်အဆင့်နှင့် ဘယ်အတိုင်းအတာအထိ ပေးသင့်သည်ဆိုတာကို တိုင်းပြုပြည်ပြု အမျိုးသားညီလာခံ အစည်းအဝေးကြီးသို့ ကြွရောက်လာကြသည့် အမိနိုင်ငံ ရွှေပြည်တော်ကြီး၏ ရွှေရေးနောင်ကျိုးကို အဆုံး အဖြတ် ပေးသွား ကြမည့်ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုတော်၊ မောင်နှမ ကိုယ်စားလှယ်ကြီးများအနေဖြင့် စိတ်စေတနာ သဘောထားကြီးစွာဖြင့် ဆွေးနွေးဝေဖန်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ပါရန် "ဝ" တိုင်းရင်းသား ပြည်သူများ ကိုယ်စား အနူးအညွတ် မေတ္တာရပ်ခံ အပ်ပါသည်။ ဒီလို ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုတော်မောင်နှမကိုယ်စားလှယ်တော်ကြီးများမှမိမိတို့ တင်ပြ တောင်းဆိုသည့် အတိုင်း ဆုံးဖြတ်သတ်မှတ်ပေးမည်ဆိုပါက ကျွန်တော်တို့ "ဝ" တိုင်းရင်းသားများမှာ ဝမ်းမြောက် ဝမ်းသာစွာဖြင့် လက်ခံလိုက်နာသွားမည်ဖြစ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသား ညီလာခံကြီးက ကျွန်တော်တို့ "ဝ" တိုင်းရင်းသားများရဲ့တောင်းဆိုချက်ကို နောက်ဆုံး ဘယ်လိုပဲ ဆုံးဖြတ်ချက်ပြုသည်ဖြစ်စေ ပြည်ထောင်စုကြီးကနေဘယ်တော့မှခွဲမထွက်ပါလို့ ဒီနေ့ဒီနေရာ၊ ဒီအမျိုးသားညီလာခံအစည်းအဝေးကနေ ကျွန်တော်တို့လေးနက်စွာ ကတိပြုပါကြောင်း ပြောကြားလိုပါသည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်စားလှယ်တော်ကြီး များ ခင် ဗျား။ နိုင် ငံ တော် ဖွဲ့ စည်း တည်ဆောက်ပုံနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးတင်ပြလိုပါသည်။

အထက်တွင် "ဝ" တိုင်းရင်းသားများ၏ "ဝ" ပြည်နယ် တိုးချဲ့ဖွဲ့စည်းပေးရေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြချက်များကို ကိုယ်စားလှယ်တော်ကြီး များ အား လုံး ကြား သိ ခဲ့ပြီး ဖြစ် ပါ သည်။ ၎င်းဆွေးနွေးတင်ပြတောင်းဆိုချက်များအရ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ရှင်းလင်း ပြောကြားချက်နှင့် မတူ ခြားနားလျက်ရှိတာကို ကိုယ်စားလှယ်တော်ကြီးများ တွေ့မြင်ကြမည်ဖြစ်ပါသည်။ ၎င်းအပြင် အထက်တွင် ကျွန်တော်တို့ဆွေးနွေးတင်ပြသွားသည့်အတိုင်း အမျိုးသားညီလာခံကြီးသို့ကြွရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကိုတော် မောင်နှမ ကိုယ်စားလှယ်တော်ကြီးများက "ဝ" တိုင်းရင်းသားများအတွက် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုကို သတ်မှတ်ပေးရန်ဆုံးဖြတ်ပါကလည်း ကျွန်တော်တို့အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုကိုသာ လက်ခံလိုကြောင်း ဤနေရာတွင် ပွင့်လင်းစွာ ဆွေးနွေးတင်ပြအပ်ပါသည်။ ဆိုလိုသည့်သဘောကတော့ "ဝ" တိုင်းရင်းသားများသည် ချင်းပြည်နယ်တွင် ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေ မပြုမီက ပြည်နယ် မရသေးစဉ်အခါတွင် အကြိုကာလအဖြစ် ချင်းဝိသေသတိုင်းကဲ့သို့သော ဗဟိုအစိုးရမှ တိုက်ရိုက် အုပ်ချုပ် သည့်

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကို အမျိုးသား ညီလာခံမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲရာတွင် အခြေခံရမည့်မူအဖြစ် သတ်မှတ်ပေး နိုင်ရေးအတွက်တင်ပြတောင်းဆိုခြင်း ဖြစ်ပါသည်။ ထို့ပြင်နောင်အနာဂတ်တွင် "ဝ" ပြည်နယ်တိုးချဲ့ ဖွဲ့စည်းနိုင်ရန်အတွက် အခြေခံဥပဒေအရလမ်းစများ ဖွင့်လှစ်ချမှတ်ထားရန် လိုအပ်ပါကြောင်း တင်ပြ အပ်ပါသည်။

"ဝ" တိုင်းရင်းသားများ ခုလိုတင်ပြခြင်းသည် အခြားသော နောင်တော် တိုင်းရင်းသား အစ်ကို တော်များအား ဆန့်ကျင်ပြောဆိုနေခြင်းမျိုး လုံးဝ မဟုတ်ပါ။ မိမိတို့ "ဝ" နယ်ဒေသ၏လွန်ခဲ့တဲ့သမိုင်း စာမျက်နှာများကို ပြန်၍လှန်ကြည့်ကြမည် ဆိုပါက အင်္ဂလိပ်တို့ ကိုလိုနီနယ်ချဲ့မှ မြန်မာပြည်ကို နှစ်ပေါင်း တစ်ရာကျော် နယ်ချဲ့ အုပ်စိုးခဲ့စဉ်အခါကပင်လျှင် မိမိတို့"ဝ"ဒေသကို ၎င်းတို့ အုပ်စိုးနိုင်ခြင်းမရှိခဲ့သလို ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များကိုလည်း လုံးလုံးကြီး လုပ်ဆောင်ခဲ့ခြင်းမရှိပါ။ ကိုလိုနီ နယ်ချဲ့နှင့် ဂျပန် ဖက်ဆစ်များကို တွန်းလှန် တိုက်ခိုက် ရာတွင် "ဝ" တိုင်းရင်းသား ပြည်သူများသည် မိမိတို့ ရရာ လက်နက်များကို ဆွဲကိုင်၍ မိမိတို့ ဒေသအတွင်းရှိ နယ်ချဲ့သမားများကို တစ်ယောက်မကျန် ချေမှုန်း တိုက်ခိုက်နိုင်ခဲ့ပါသည်။

လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်း နှစ်ပေါင်း (၄၀) ကျော် သမိုင်းကာလကို သုံးပိုင်း ခွဲခြား၍ ပြန်လည်ကြည့်ရှုရမှာ ဖြစ်ပါတယ်။

ပထမအနှစ် (၂၀) တွင် ခေတ်အဆက်ဆက်မှ အစိုးရ များသည် အကြောင်း အမျိုးမျိုး များ ကြောင့် မိမိတို့ နယ်စွန် နယ်ဖျားဖြစ်တဲ့ "ဝ"ဒေသ နှင့် တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးမှုနောက်ကျပြီး ဆင်းရဲတော်မွတ်နေတဲ့ ဖြစ်ရပ်များကို မျက်ကွယ်ပြုပြီး ချန်လှပ်ထားခဲ့ပါတယ်။

ဒုတိယ အနှစ် (၂၀) မှာတော့ အထက်ပါ တင်ပြခဲ့တဲ့ အားနည်းချက်များတို့ကြောင့် ဗကပ တို့သည် အခွင့်ကောင်းယူ၍ "ဝ" တိုင်းရင်းသား ပြည်သူများအား စည်းရုံးသိမ်းသွင်းကာ နိုင်ငံတော် အစိုးရနှင့် နှစ်ပေါင်း ၂၀ ကျော်ကြာ တိုက်ခိုက်ခဲ့ ပါသည်။ နိုင်ငံသမိုင်းတွင် ဝမ်းနည်းဖွယ်ရာ ကိစ္စ တစ်ခုလို့ဆိုရမှာ ဖြစ်ပါသည်။ ဒီဒုတိယနှစ်ပေါင်း ၂၀ ကျော်ကြာ ကာလတွင်လည်းပဲ ဗကပတို့သည် "ဝ" တိုင်းရင်းသား ပြည်သူများအတွက် ဖွံ့ဖြိုးမှု လုပ်ငန်းများ ထိထိရောက်ရောက် လုပ်ဆောင်ပေး နိုင်ခြင်းမရှိခဲ့ချေ။ နောက်ဆုံးတွင် နိုင်ငံရေးအရ မဦးဆောင် နိုင်ရုံသာမက ဒေသခံ တိုင်းရင်းသား ပြည်သူတို့၏ စားဝတ်နေရေး တည်ငြိမ်မြင့်မားရေး နှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ကိုလည်း စွမ်းဆောင် တည်ဆောက် မပေးနိုင်သော ဗကပ ခေါင်းဆောင်များအား "ဝ" တိုင်းရင်းသား များမှ စွန့်ပစ် ခဲ့ပါသည်။

ယခုအခါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနှင့်ငြိမ်းချမ်းရေးရယူပြီး ခဲ့တဲ့ (၅) နှစ်တာ ကာလကိုမူ တတိယအပိုင်းလို့ မှတ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒီတတိယ ကာလပိုင်း တွင် နိုင်ငံတော်ရဲ့စိတ်ရင်းစေတနာမှန်များဖြင့် ဒေသ ဖွံ့ဖြိုးမှု လုပ်ငန်းများ အင်တိုက်အားတိုက် တိုက်ရိုက် ဦးစီး လုပ်ဆောင်ပေးမှုနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက မိမိတို့ ဒေသ၊ မိမိတို့လူမျိုး၊ အခြား သော တိုင်းရင်းသားများနည်းတူ ဖွံ့ဖြိုး တိုးတက် လာစေလိုသော စိတ်ဆန္ဒများဖြင့် နိုင်ငံတော်အစိုးရ နှင့် တက်ကြွစွာ ပူးပေါင်း၍ မိမိတို့ တတ်နိုင် သမျှသော အင်အားကို စိုက်ထုတ်ပြီး ပါဝင် တည်ဆောက် ခဲ့မှုများကြောင့် ယခုလို တိုတောင်း လှတဲ့ (၅) နှစ်တာ ကာလအတွင်းတွင် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က မလုပ်ဆောင်နိုင်ခဲ့သည့် အောင်မြင်မှုများကို ရရှိနေကြပြီ ဖြစ်ပါတယ်။ ထို့ကြောင့် ဖွံ့ဖြိုးမှုအောင်သီး အောင်ပွင့်များကို တွေ့မြင်ခံစားလာကြပြီဖြစ်တဲ့ ကျွန်တော်တို့ "ဝ" တိုင်းရင်းသား ပြည်သူများသည် ဗဟိုအစိုးရရဲ့ တိုက်ရိုက်အုပ်ချုပ်ဦးဆောင်မှုအောက်တွင် မိမိတို့ရဲ့

ကံကြမ္မာ၊ မိမိတို့ရဲ့ဒေသနှင့် ပြည်သူများအတွက် တည်တည်ငြိမ်ငြိမ်မြန်မြန်ဆန်ဆန်ဖြင့် စိတ်တိုင်းကျ စီမံတည်ဆောက်သွားလိုသော ဆန္ဒများကြောင့် ယခုလို ဆွေးနွေး တင်ပြရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ,တည်ငြိမ်အေးချမ်း ခေတ်မီ တိုးတက်တဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီးကိုတစ်ဖက် တစ်လမ်းကနေ တစ် တပ် တစ် အားဖြင့် အပြု သဘောဆောင် တည်ဆောက်သွားလို ခြင်းသာ ဖြစ်ပါကြောင်း တင်ပြ လိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နောင်အနာဂတ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် “ဝ” တိုင်းရင်းသား ပြည်သူများအတွက် ပြည်နယ်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဖြစ်စေ ရရှိခဲ့သော် မိမိတို့နယ်မြေ ဒေသအတွင်း ကျန်အခြား တိုင်းရင်းသား လူမျိုး များအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်းနှင့် သင့်တော်မည် ဆိုပါက ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် သင့်တော်မည် ဆိုပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် သင့်တော်မည် ဆိုပါက ခရိုင်၊ မြို့နယ်နှင့် သင့်တော်မည် ဆိုပါက မြို့နယ်စသည်ဖြင့် စုစည်းသွားမည်ဖြစ်ပါသည်။

**သဘာပတိကြီး ခင်ဗျား။** ကိုယ်စား လှယ်တော်ကြီးများ ခင်ဗျား။ “ယနေ့ ကျွန် တော် တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်း များစွာဟာ အတူတကွ ပူးပေါင်း နေထိုင်လျက်ရှိကြပါတယ်။ တိုင်းရင်းသားလူမျိုးများဟာနိုးကြား တိုးတက်မှု ရှိလာတာနဲ့အမျှ မိမိဒေသကိုမိမိတို့စီမံခန့် ခွဲ လိုတဲ့ ဆန္ဒတွေတိုးတက်ဖြစ်ပေါ်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်သတ်မှတ် ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးများအဖို့ ရသင့် ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကို ရရှိ အောင် ကျွန်တော်တို့ အားလုံးက သဘောထား ကြီးကြီးနဲ့ ဝိုင်းဝန်းကူညီကြရမှာဖြစ်ပါတယ်။ ” လို့ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်မှ မိန့်ကြားသော မိန့်ခွန်းတွင် ထည့်သွင်း ပြောကြား သွားပါတယ်။ ၎င်း ပြောကြားချက်မှာ မိမိတို့ ပြည်ထောင်စု နိုင်ငံတော်ကြီး အတွင်းရှိ တိုင်းရင်းသား လူမျိုးသည် ကမ္ဘာပေါ်ရှိ တိုင်းပြည်နှင့် လူမျိုးများ တစ်နေ့ တခြား ခေတ်မီ တိုးတက် လာမှုနှင့် အညီ နိုးကြား တိုးတက် လာပြီး မိမိတို့ ဒေသကို မိမိတို့ ကိုယ်တိုင် ကိုယ်ကျစီမံ အုပ်ချုပ် ခန့်ခွဲ တည်ဆောက် လိုသည့် ဆန္ဒကိုပေါ်လွင်အောင် ဖော်ဆောင် နေခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့“ဝ”တိုင်းရင်းသားများ နည်းတူ အခြားသော တိုင်းရင်းသား များကလည်း ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ၎င်းတို့ တိုင်းရင်းသားများက ၎င်းတို့ ဒေသဖွံ့ဖြိုး တိုးတက် ခေတ်မီလာအောင် နိုင်ငံတော်နှင့် ပူးပေါင်းဆောင် ရွက်လိုသော ဆန္ဒများကြောင့် အခြား တိုင်းရင်း သားများမှ တင်ပြ တောင်းဆိုသည့် ကိုယ်ပိုင် အုပ် ချုပ်ခွင့်များကို “ဝ” တိုင်းရင်းသား များမှ နား လည်သဘောပေါက်ပြီး အားလုံးကို ထောက်ခံပါ ကြောင်းဆွေးနွေး တင်ပြအပ်ပါသည်။

**သဘာပတိကြီး ခင်ဗျား။** ကိုယ် စား လှယ် တော်ကြီးများ ခင်ဗျား။ နိုင် ငံ တော် နယ် နိ မိတ်၊ တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ် သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ သို့မဟုတ်ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နှင့် မြို့နယ်၊ခရိုင်များ၏ နယ်နိမိတ် များကို အကြောင်း တစ်စုံ တစ်ရာများ ကြောင့် ပြင်ဆင် ဖွဲ့စည်းခြင်းများ ပေါ်ပေါက်လာ ပါက အမျိုးသား ညီ လာခံ ကျင်းပ ရေး လုပ်ငန်း ကော်မတီမှ လေ့လာ ထားချက်များ အပေါ် အကြံပြု တင်ပြချက်ကို နောင်နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံအခြေခံ ဥပဒေတွင်အခြေခံ လိုက်နာ ရမည့်မူများ အဖြစ် သတ်မှတ်ရေးကို ကျွန်တော်တို့ သဘောတူ ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါ တယ်။

နိုင်ငံတော်၏ မြို့တော် ရုံးစိုက်ရာ ဒေသကို ပြည်ထောင်စု နယ်မြေ တစ်ခု အဖြစ် သတ်မှတ်ပြီး ဗဟိုအစိုးရရဲ့ တိုက်ရိုက် အုပ်ချုပ်မှု အောက်တွင် ထားရှိ၍ ၎င်းအတွက် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာနှင့် မြို့တော် လုံခြုံရေးအတွက် သီးခြား စီစဉ်မှုများ ထားရှိသင့်ကြောင်း၊ ကိုကိုးကျွန်းကဲ့သို့သော ထူးခြားတဲ့ဒေသများအတွက် ထူးခြားတဲ့ လက္ခဏာ ဆောင်မှုများ ရှိက လိုအပ်လျှင် ဥပဒေ ပြဋ္ဌာန်း၍ ဗဟိုအစိုးရမှ တိုက်ရိုက် အုပ်ချုပ် သွားနိုင်ရန် အခြေခံရမယ့် မူအဖြစ် သတ်မှတ် သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။ ထို့ပြင် ပြည်တွင်း နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှု အခြေအနေအရ ယခုဆက်လက် တည်ရှိနေတဲ့ အချို့သောငြိမ်းချမ်းရေး အထူးဒေသများ၏ အကျိုး စီးပွားများ ကိုလည်း အထူး ထောက်ရှုစဉ်းစား ပေးသင့်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါသည်။

**သဘာပတိကြီး ခင်ဗျား။** ကိုယ်စား လှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံတော်အကြီးအကဲနှင့် ပတ်သက်၍ ဆက်လက် ဆွေးနွေး တင်ပြပါမယ်။ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှ ချမှတ်ခဲ့တဲ့ "နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော် သမ္မတ ဖြစ်သည်။ နိုင်ငံတော် သမ္မတကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သည်" ဟူ၍ မူများကို ချမှတ် ထားရှိပါသည်။ ဒီပြင် ၎င်းချမှတ်ထားတဲ့ အခြေခံမူများ အပေါ် ရပ်တည်ပြီး နိုင်ငံတော် သမ္မတရဲ့ အနေအထား၊ နိုင်ငံတော် သမ္မတမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်း၊ နိုင်ငံတော်သမ္မတရဲ့ တာဝန် ဝတ္တရားများ၊ နိုင်ငံတော် သမ္မတကို ရွေးချယ် တင်မြှောက်ရေးအဖွဲ့မှ ရွေးချယ် တင်မြှောက်ရေး၊ နိုင်ငံတော် သမ္မတရဲ့သက်တမ်း၊ နိုင်ငံတော် သမ္မတအား စွပ်စွဲပြစ်တင်ခြင်း စသည့် ချမှတ်သင့်သည့် မူများနှင့် ပတ်သက်ပြီး အမျိုးသားညီ လာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က ရှင်းလင်း ပြောကြားချက်များကို အခြေခံပြီး ဆွေးနွေး တင်ပြသွားပါမည်။

၁။ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်။

၂။ နိုင်ငံတော် သမ္မတသည် နိုင်ငံသားအားလုံးရဲ့အမျိုးသား ခေါင်းဆောင်ဖြစ်သည်။

၃။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်နေရာတွင် ရှိသည်။

၄။ နိုင်ငံတော် သမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

၅။ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရမည်။

၆။ နိုင်ငံတော် သမ္မတသည် မိမိနှင့်မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

၇။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံမည့်သူ၏ အသက်သည် ၄၅ နှစ်ပြည့်ပြီး ၆၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ ယခုလို သတ်မှတ်ရခြင်းမှာ ၆၅ နှစ် မပြည့်မီ အရွေးချယ်ခံရသည့် သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့သည် အသက် ၇၀ မပြည့်မီအထိ သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တာဝန် များကို ထမ်းဆောင်နိုင်ကြမှာ ဖြစ်ပါသည်။ ဒီထက်ကျော်လွန်ပါက မိမိအတွက်ရော နိုင်ငံ့အကျိုးကိုပါ ထိခိုက်စေနိုင်မှာဖြစ်၍ အကြံပြု ဆွေးနွေးတင်ပြခြင်း ဖြစ်သည်။

၈။ နိုင်ငံတော် သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲမှ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများအပြင် နိုင်ငံတော် သမ္မတအတွက် သီးခြားသတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လည်း ပြည့်စုံသူဖြစ်သင့်သည်။

၉။ နိုင်ငံတော် သမ္မတသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အချိန်နှင့်တစ်ဆက်တည်း အနည်းဆုံး ၁၅ နှစ် နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သူ ဖြစ်သင့်သည်။ (ခုလို ဆွေးနွေးရခြင်းမှာ သမ္မတနှင့် ဒုတိယသမ္မတတို့သည် ပြည်တွင်းအတွေ့အကြုံသာမက ကမ္ဘာ့အခြေအနေနှင့် နိုင်ငံတကာ အတွေ့အကြုံများကိုပါ သိရှိနားလည်ထားသူများ ဖြစ်သင့်ပါသည်။ ဒါကြောင့် အနာဂတ်တွင် နိုင်ငံတော် ခေါင်းဆောင်များ ဖြစ်ကြမယ့် လူငယ်များအတွက် အခွင့်အရေး အချက်အလက်များ ရှိပါက အသက် ၃၀ အတွင်းနိုင်ငံခြားတွင် ပညာဆည်းပူးနိုင်ရန်အတွက် လမ်းစများ ဖွင့်ထားပေးသင့်ပါသည်။)

၁၀။ နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘ တစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီးခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင် သားသမီး တစ်ဦးဦး၏ ဇနီးခင်ပွန်း သော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူး သစ္စာတော်ကို ခံယူစောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံ ဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ မဖြစ်မိစေဖို့နဲ့ ထိုသူများသည် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသား သော်လည်းကောင်း ခံစားခွင့်ရသော အခွင့်အရေးများနဲ့ ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေဖို့ အထူးလိုအပ် ပါသည်။

၁၁။ သမ္မတရွေးချယ်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်တွင်ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များ အဖြစ်သတ်မှတ်ပြီး အစုအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းပြီး ရွေးချယ်တင်မြှောက်သည်။

၁၂။ သမ္မတရွေးချယ်ရေးအစုအဖွဲ့ ၃ ဖွဲ့မှ ဒုတိယသမ္မတ တစ်ဦးစီ လွှတ်တော် ကိုယ်စားလှယ်တွင်းမှဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ရွေးချယ်တင်မြှောက်ရန်၊ ဒီလိုဒုတိယ သမ္မတလောင်းကိုရွေးချယ်ရာတွင် အစုအဖွဲ့တစ်ဖွဲ့စီက အနည်းဆုံး အမည်စာရင်း နှစ်ယောက်ထက် မနည်း တင်သွင်း၍ မဲခွဲဆုံးဖြတ်ရွေးချယ်စေရန်။

၁၃။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံးက နိုင်ငံတော် သမ္မတလောင်းဖြစ်ကြတဲ့ ဒုတိယ သမ္မတ သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ဒုတိယ သမ္မတတစ်ဦးကို နိုင်ငံတော် သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ရန်။

၁၄။ နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတတို့၏ သက်တမ်းကို ငါးနှစ်သတ်မှတ်ပြီး သမ္မတအဖြစ် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ မထမ်းဆောင်စေရန်။

၁၅။ သမ္မတနှင့် ဒုတိယ သမ္မတများသည် တာဝန် သက်တမ်းအတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော် သမ္မတ

သို့မဟုတ် ဒုတိယ သမ္မတ နေရာလစ်လပ်တဲ့အတွက် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအဖြစ် အစားထိုး ရွေးချယ်တင်မြှောက်ပါက အဲဒီနိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအသစ်ရဲ့ သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည်အထိသာ သတ်မှတ်ရန်။

၁၆။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မှ မဖြစ်စေရန်။

၁၇။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် လွှတ်တော် ကိုယ်စားလှယ်များဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှ လည်းကောင်း နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်။

၁၉။ နိုင်ငံတော်သမ္မတနဲ့ဒုတိယသမ္မတများသည် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးမှ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကိုစတင်ထမ်းဆောင်စေရန်။

၂၀။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများများသည် လစာ စရိတ်ကြေးငွေ ရသော အခြား မည်သည့်ရာထူးကိုမှ လက်ခံခြင်း မပြုလုပ်ရန်။

၂၁။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မိမိတို့ ဦးစီးသည့် တစ်စီးပွား တည်းဖြစ်တဲ့ မိသားစုပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားလုပ်ငန်း၊ စုငွေနှင့် အခြားတန်ဖိုး ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်း ပြုစုပြီး ပြည်ထောင်စု လွှတ်တော်အကြီးအကဲထံ (၆) လအတွင်း ပေးပို့ရန်။

၂၂။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများသည် ဥပဒေနှင့် သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နဲ့ အဆောင်အယောင်များကိုလည်းကောင်း၊ သင့်တင့် လျောက်ပတ်တဲ့ အိမ်တော် တစ်ဆောင်စီကိုလည်းကောင်း ရရှိစေရန်နှင့် သမ္မတနှင့် ဒုတိယ သမ္မတများ၏ တာဝန်မှ အငြိမ်းစား ယူပြီးကသက်ရှိထင်ရှားစဉ် ကာလအတွင်း သမ္မတနှင့် ဒုတိယ သမ္မတ တာဝန်ထမ်းဆောင်စဉ် ခံစားရသော လစာအား အခွန်လွတ် ဆက်လက် ခံစားပိုင်ခွင့်ရှိစေရန်။ သမ္မတနှင့် ဒုတိယ သမ္မတများသည် တာဝန်သက်တမ်းမပြီးဆုံးမီ သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် ရာထူးမှ ရပ်စဲခြင်း ခံရလျှင် အထက်ပါ ခံစားပိုင်ခွင့် မရှိ သို့မဟုတ် အကန့်အသတ်ဖြင့် ခံစား ပိုင်ခွင့် သတ်မှတ် ပေးသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

၂၃။ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အခြား ဥပဒေတို့က အပ်နှင်းထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်သွားရန်။

၂၄။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးသည်—

(က) နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

တို့အနက် တစ်ကြောင်းကြောင်းကို ဖောက်ဖျက် ကျူးလွန်ပါက သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ပြစ်တင်စွပ်စွဲပိုင်ခွင့်ရှိစေရန်။

၂၅။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဥပဒေနှင့်အညီ စွပ်စွဲပြစ်တင်နိုင်ဖို့ရန်အတွက် ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်နှစ်ရပ်မှ လွှတ်တော် တစ်ရပ်ရပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ အနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော် အကြီးအကဲထံတင်ပြကြဖို့ လိုပါတယ်။ အဲဒီစွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ရဲ့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးသုံးပုံ နှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူ ဆောင်ရွက်သင့်ပါတယ်။ လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူ ဆောင်ရွက်ဖို့ ထောက်ခံလျှင် အခြား လွှတ်တော်တစ်ရပ်ကလဲ အဲဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးစေရန်သင့်ပါတယ်။ အဲဒီလို စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးသင့်ပါတယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးတဲ့အခါ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်ရဲ့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထိုစွပ်စွဲချက်ဟာမှန်ကန်ပြီး စွပ်စွဲခံရတဲ့ ပြစ်မှုဟာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးတွင် ဆက်လက် ထမ်းဆောင် စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခံရတဲ့ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှ ရပ်စဲရန် အဲဒီ လွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ တင်ပြပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲက တင်ပြချက်ရရှိလျှင်ရရှိချင်း စွပ်စွဲခံရသောနိုင်ငံတော် သမ္မတသို့မဟုတ် ဒုတိယသမ္မတအားရာထူးမှ ရပ်စဲကြောင်း ကြေညာရေး အတွက် အခြေခံမူများ ချမှတ်သင့်ပါတယ်။

၂၆။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ အညီ စွပ်စွဲ ပြစ်တင်ခြင်းမှအပ ယင်းတို့၏ သက်တမ်း ကာလ အတွင်း တရားစွဲဆိုပိုင်ခွင့် မရှိရေး အတွက်ကိုလည်း အခြေခံမူ ချမှတ်သင့်ပါသည်။

၂၇။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များသည် တာဝန်များကို မိမိတို့ ရာထူး သက်တမ်း မကုန်ဆုံးမီ မိမိတို့ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင်နုတ်ထွက်ခွင့်ပြုသင့်ပါသည်။

၂၈။ နိုင်ငံတော် သမ္မတ တစ်ဦးဟာ မိမိရဲ့ရာထူး သက်တမ်း မကုန်ဆုံးမီ နုတ်ထွက် သောကြောင့်ဖြစ်စေ၊ ကွယ်လွန် သောကြောင့်

ဖြစ်စေ၊ ရာထူးမှ ရပ် စဲ ခြင်း ခံရ သောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်း ဆောင်နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံ တစ်ခုသော အကြောင်းကြောင့်ဖြစ်စေ၊ သမ္မတရာထူးနေရာလစ်လပ်ခဲ့လျှင် ဒုတိယသမ္မတနှစ်ဦးအနက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်စဉ် အခါက ဒုတိယ မဲအများဆုံး ရရှိတဲ့ ဒုတိယ သမ္မတက နိုင်ငံတော်သမ္မတရဲ့ လုပ်ငန်းများ ရပ်ဆိုင်း မသွားစေရေးအတွက် ယာယီ သမ္မတအဖြစ်ထမ်းဆောင် စေသင့်ပါသည်။

၂၉။ နိုင်ငံတော် သမ္မတရာထူး လစ်လပ်သွားတဲ့အချိန်ဟာ ပြည်ထောင်စု လွှတ်တော်အစည်း အဝေး ကျင်းပ နေချိန် ဖြစ်လျှင်လစ်လပ်သွားတဲ့ နိုင်ငံတော်သမ္မတ ရာထူးကို ခုနစ် ရက် အတွင်း ဖြည့် စွက် နိုင် ရေးအတွက် ယာ ယီ သမ္မတ က ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ဆောလျင်စွာအကြောင်းကြားသင့်ပါသည်။

၃၀။ အဲဒီလို ယာယီသမ္မတရဲ့ အကြောင်းကြားစာကိုရရှိတဲ့အခါ လစ်လပ်သွားတဲ့ သမ္မတကို ဒုတိယ သမ္မတအဖြစ် ဦးစွာရွေးချယ်တင်မြှောက်ပေးခဲ့တဲ့ သက်ဆိုင်ရာ သမ္မတရွေး ချယ် တင်မြှောက်ရေး အစု အဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေး ချယ်တင်မြှောက် ပေးရေး အတွက် ပြည် ထောင် စုလွှတ်တော် အကြီး အကဲ က ဆောင်ရွက်ပေးသင့်ပါတယ်။

သက် ဆိုင် ရာ သမ္မတ ရွေး ချယ်တင်မြှောက်ရေး အစု အဖွဲ့က ဒုတိယ သမ္မတတစ်ဦးကို ရွေးချယ် တင် မြှောက် ပြီး ၊ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များက ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်တဲ့သူကို နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲ ယာယီသမ္မတရဲ့အကြောင်းကြားစာရရှိတဲ့ နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကိုခေါ်ယူပြီး လစ်လပ်သောနိုင်ငံတော် သမ္မတ ရာထူးကို ရွေးချယ်တင်မြှောက် နိုင်ရေး အတွက် ဆောင်ရွက်သင့် ပါကြောင်း ဆွေးနွေး တင်ပြ အပ်ပါသည်။

ဒုတိယ သမ္မတ တစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ ရာထူးမှ နုတ်ထွက်သော ကြောင့် ဖြစ်စေ၊ ကွယ် လွန် သောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံ တစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ဒုတိယသမ္မတ ရာ ထူးနေရာ လစ်လပ် နေလျှင်ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကျင်းပနေချိန်ဖြစ်ပါက အဲဒီဒုတိယသမ္မတကို ရွေး ချယ် တင် မြှောက် ပေး ခဲ့ တဲ့ရွေးချယ် တင် မြှောက်ရေး အစု အဖွဲ့ကခုနစ်ရက် အတွင်း ဒုတိယ သမ္မတတစ်ဦးရွေးချယ် တင်မြှောက် ပေးရေး အတွက်နိုင် ငံ တော် သ မ္မ တ က ပြည် ထောင် စုလွှတ်တော် အကြီးအကဲထံသို့ ဆောလျင်စွာ အကြောင်းကြား သင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲသည် နိုင်ငံတော်သမ္မတရဲ့ အကြောင်း ကြားစာ ရရှိတဲ့ နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခေါ်ယူပြီးသက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက် ပေးရေးတို့ ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါသည်။

သဘာပတိကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိဂုံးချုပ်အနေဖြင့် “ဝ” တိုင်းရင်းသားများကိုယ်စား ဆွေးနွေးတင်ပြရမှာ—

(က) “ဝ” ပြည်နယ် တိုးချဲ့ဖွဲ့စည်းပေးရေး၊

(ခ) ပြည်နယ်အဆင့် တိုးချဲ့ ဖွဲ့စည်း မပေးနိုင်သေးက ၁၉၇၄ ခုနှစ်မတိုင်မီက ဗဟိုအစိုးရမှ တိုက်ရိုက်အုပ်ချုပ်သည့် “ချင်းဝိသေသတိုင်း”ကဲ့သို့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွဲ့စည်းပေးရေး၊

(ဂ) နောင်အနာဂတ်တွင် “ဝ”ပြည်နယ်တိုးချဲ့ဖွဲ့စည်းပေးနိုင်ရန်အတွက် အခြေခံဥပဒေအရ လမ်းစများ ဖွင့်လှစ်ထားရှိပေးရေး

ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။

(ဩဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၃) မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ]

**အခမ်းအနားမှူး။** ။အခုဆက်လက်ပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃) မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးစိုင်းနောင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနောင်(အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့)။** နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၃) ၏ အကြံပြု တင်ပြချက်စာတမ်း။

လေးစားအပ်တဲ့သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ။ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများကို အထူး လေးစားပါကြောင်းနဲ့ ယခုလို ဆွေးနွေးပြောကြား တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက် မိပါကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ(၃)မှ ကိုယ်စားလှယ် ဦးစိုင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ (၃) မှ ဒေသခံပြည်သူများနဲ့ ညှိနှိုင်းပြီး ၎င်းတို့၏ ဆန္ဒသဘောထားနှင့်အညီ တင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရရှိရေးအတွက် အခန်းအလိုက်ဆွေးနွေးရာမှာ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး ၁၉၉၄ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့ကကျင်းပခဲ့တဲ့ စုံညှိ အစည်းအဝေးမှာညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်ရဲ့ မိန့်ခွန်းနဲ့ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးတို့ရဲ့ ရှင်းလင်းပြောကြား ချက်နှစ်ရပ်ကို အခြေတည်ပြီး ဘင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီဆွေးနွေး တင်ပြချက်များဟာ အမျိုးသားညီလာခံ ဦးတည်ချက် (၆) ရပ် ဘောင်အတွင်းမှာ ရှိနေပြီး အပြုသဘောဆောင်ပါတယ်လို့ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၃) မှ လေးလေးနက်နက် ခံယူထားပါတယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတော် အခန်းခေါင်းစဉ်နဲ့ စပ်လျဉ်းပြီး တင်ပြဆွေးနွေးပါမယ်။

၁။ မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။

၂။ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်။

၃။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာ တည်သည်။

၄။ နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့် အတိုင်း ဖြစ်သည်

ဟူသော အခြေခံမူ အပြင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံ စုပေါင်း နေထိုင်ကြသော နိုင်ငံ ဖြစ်သည်" ဆိုတဲ့ အခြေခံမူတစ်ရပ်ကိုဖြည့်စွက်သင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ နိုင်ငံတော်ကြီးရဲ့ ဂုဏ်အင်္ဂါလက္ခဏာဟာ ပိုမိုပေါ်လွင်ထင်ရှားလာမှာ ဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အရေးကြီးပုံကို ပိုမိုသိသာ ထင်ရှားလာစေမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ဆက်လက် တင်ပြဆွေးနွေးပါ့မယ်။ ဒီအခန်းမှာပါတဲ့ အခြေခံမူအားလုံးနီးနီး ပြင်ဆင်ဖြည့်စွက်စရာ မရှိတဲ့အတွက် ဖြည့်စွက်ပြင်ဆင်လိုတဲ့ အခြေခံမူအချို့ကိုသာ တင်ပြဆွေးနွေးပါ့မယ်။

**သဘာပတိကြီး ခင်ဗျား။** တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ....ဆိုတဲ့ အခြေခံမူမရှိသင့်ဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသော တိုင်းရင်းသား လူမျိုးတစ်မျိုးသည် အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုခုတွင် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးစုများကို (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "တိုင်း" သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ စီရင်စုများ) ပေးသင့်ပါတယ်။ ဒါမှပဲ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရှိနေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရပြီးသော လူမျိုးစုများဟာ မိမိမျိုးနွယ်စုများ ကဲ့သို့သော အခွင့်အရေးများရရှိနိုင်မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ထဲရှိ မျိုးနွယ်စုများသာ အခွင့်အရေးရရှိပြီး တစ်နိုင်ငံတည်းနေ ညီအစ်ကို ဖြစ်လင့်ကစား အခွင့် အရေး ဆုံးရှုံးနေမယ်ဆိုရင် သဘာဝမကျသည့်အပြင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကိုပင် ထိခိုက်နိုင်ပါတယ်။

ဥပမာ။ စစ်ကိုင်းတိုင်း အထက်ပိုင်းနဲ့ ကချင်ပြည်နယ် အောက်ပိုင်းဒေသများမှာ စုစည်းနေထိုင်ကြတဲ့ တိုင်းလျှန်၊ တိုင်းနေ၊ တိုင်းဆာ၊ တိုင်းခမ်းတီး၊ တိုင်းကဘူး၊ တိုင်းကနန်း၊ တိုင်းခွမ်စတဲ့ ရှမ်းမျိုးနွယ်ဝင်များကိုလည်းသင့်လျော်တဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေးရန် တောင်းဆိုတင်ပြလာပါက အဲဒီ ရှမ်းမျိုးနွယ်ဝင်တိုင်းများဟာ ယခု ကျွန်တော်တို့ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း) သို့မဟုတ် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု) ပေးသင့်တဲ့ လူမျိုးစုများရဲ့ အင်္ဂါရပ်နဲ့လည်း ညီနေပါတယ်။ သူတို့ဟာ လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ် တည်းတွင် စုစု စည်းစည်း နေထိုင် ကြတဲ့ မျိုး နွယ် စု များ ဖြစ် ပါ တယ်။ သူ တို့ ဟာ ဒီကနေ့မှ မိမိ မျိုးနွယ်စုအပေါ် မိမိကိုယ်တိုင် စီမံလိုတဲ့ဆန္ဒ ရှိခဲ့တာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်စိုးစဉ်က တိုင်းလျှန်အမျိုးသားတို့ နေထိုင်တဲ့ နယ်မြေကို (၁၉၃၅) ခုနှစ်၊ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု ဥပဒေ ဇယား (၂) အပိုင်းဒေသ အဖြစ်သတ်မှတ်ခဲ့ပြီး ကချင်တောင်တန်း ဒေသမှာ ဇယား (၁) တွင် ပါဝင်ကြောင်း တွေ့ရပါတယ်။ ပင်လုံ ညီလာခံမှာ ယင်း အပိုင်း (၂) အပါအဝင် ဗန်းမော် နှင့် မြစ်ကြီးနား ခရိုင် နယ် မြေ များ ကို ကချင်ပြည်နယ်အဖြစ် ပါဝင်ထည့်သွင်း သတ်မှတ်ဖို့ တောင်းဆို ချက်များဟာ (၁၉၃၅) ခုနှစ် ဥပဒေနဲ့ အံမဝင် ဖြစ်နေတာကြောင့် ပင်လုံညီလာခံ ပျက်လုနီးပါး ရောက်သွားသည်အထိ ဖြစ်သွားခဲ့တာ သိရပါတယ်။ အကြောင်းရင်းကတော့ ......."ဗိုလ်ချုပ်အောင်ဆန်း" က ဒေသ (၂) ဟာ ကချင်လူမျိုးတို့ရဲ့ဒေသမဟုတ်၊ တိုင်းလျှန်တို့ရဲ့ ဒေသသာဖြစ်တဲ့ အတွက်ကြောင့် သဘောလုံးဝမတူဘဲ ရန်ကုန်သို့ပြန်ရန်ပင် စီစဉ်ခဲ့ကြောင်း သိခဲ့ရပါတယ်။ ၂၁-၄-၄၇ ရက်နေ့မှာ ဗန်းမော်ခရိုင်၊ မြေပြန့်ဒေသမှ ရွေးချယ်စေလွှတ်လိုက်တဲ့ ဦးဘိုးထီ၊ ဦးစောရီ၊ ဦးဘဆင် တို့က တောင်တန်း ဒေသ စုံစမ်းရေး အဖွဲ့ကို သွားရောက်တွေ့ဆုံပြီး သူတို့ရဲ့ ဆန္ဒသဘောထားကို

တင်ပြခဲ့ကြပါတယ်။ အသင့်ရေးသားထားတဲ့ စာတမ်းကိုလဲ စုံစမ်းရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်းသိရပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက် စာတမ်းထဲမှာ ဗန်းမော်ရှိ လူထုနဲ့ ကျေးရွာ (၂၂) ရွာကို ပေါင်းပြီး အစည်းအဝေး တစ်ရပ် ပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးမှာ ဖွဲ့စည်းတည်ဆောက်မည့် ကချင်ပြည်နယ်သစ်ထဲသို့ ဗန်းမော်နဲ့ မြစ်ကြီးနားခရိုင် မြေပြန့်ဒေသ ထည့်သွင်းဖို့ အတွက် ဗြိတိသျှ အာဏာပိုင်တို့ရဲ့ လျှို့ဝှက် ဆောင်ရွက်ချက်ကို ရှုတ်ချတယ်လို့ ဆုံးဖြတ်ကြောင်း၊ ကချင်ပြည်နယ်သစ် ဖွဲ့စည်းဖို့ မြေပြန့်ဒေသများကို ဖဲ့ပေးရမည်ဆိုတဲ့ အဆိုပြုချက် မှန်သမျှကို မိမိတို့ လက်ခံမည် မဟုတ်ကြောင်း၊ သဘောတူနိုင်မည် မဟုတ်ကြောင်း ထွက်ဆိုဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီဆုံးဖြတ်ချက် စာတမ်းကို ဦးဘိုးထိ၊ ဦးစောရီ၊ ဦးဘအောင်၊ ဦးဘဆင်တို့က လက်မှတ်ရေးထိုး တင်ပြခဲ့တာ တွေ့ရပါတယ်။ ဒါပေမဲ့ ၁၉၄၇ ခု၊ စက်တင်ဘာလ (၂၄) ရက်နေ့မှာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ (၆) ကို အောက်ပါအတိုင်း ပြဋ္ဌာန်း အတည်ပြုခဲ့ပါတယ်။ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်များဟူ၍ ယခင်က ခေါ်တွင်ခဲ့သော နယ်မြေများကို ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင် ပြည်ထောင်စု အဖွဲ့ဝင် တစ်ခုအဖြစ် ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်ကို "ဤမှ နောင်အဖို့" ကချင်ပြည်နယ်ဟု ခေါ်တွင်မည်လို့ ဖြစ်လာတဲ့ အတွက် တိုင်းလျှန် လူမျိုးစုများဟာ အခွင့်အရေး ဆုံးရှုံးနစ်နာခဲ့ရပါတယ်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာလည်း လွတ်လပ်ရေး မော်ကွန်းဝင်လည်းဖြစ်၊ ကချင်ပြည်နယ် ဦးစီးအဖွဲ့ဝင်လည်းဖြစ်၊ အခြေခံ ဥပဒေရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် တစ်ဦးလည်း ဖြစ်တဲ့ "ဗိုလ်ထွန်းရင်" က ၁၉၇၄ အခြေခံဥပဒေအတွက် အကြံပြုတင်ပြ တောင်းဆိုခဲ့ဖူးတာလည်း တွေ့ရပါတယ်။

တောင်းဆိုရာမှာ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ လူအချင်းချင်း ခေါင်းပုံမဖြတ်ရေး၊ လူမျိုးတစ်မျိုးကတစ်မျိုးကို အညွန့်တုံး ခေါင်းပုံမဖြတ်ရေး၊ မွေးရာပါ လူ့အခွင့်အရေး မဆုံးရှုံးရေးစတဲ့ အခြေခံမူကို မူတည်ပြီး တိုင်းလျှန် လူမျိုးနွယ်ဝင်များအနေနဲ့ လူမျိုးနဲ့ ဒေသ တိမ်ကောပျောက်ကွယ် သွားရတော့မည့် အခြေအနေမှ ပြန်လည်ပြုစု ပျိုးထောင်နိုင်ရေး အတွက် "တိုင်းလျှန်ပြည်နယ်" (ခေါ်) "မြေလပ်ရှမ်းပြည်" သတ်မှတ်ပေးနိုင်ဖို့ အောက်ပါအချက်များနဲ့ တင်ပြခဲ့ပါတယ်—

၁။ တိုင်းလျှန်နဲ့ တိုင်းလူမျိုးစု အနွယ်ဝင်များသည် မြစ်ရိုးမြေပြန့်ဒေသတွင် နေထိုင်ပြီး တိုင်းလျှန်စကား၊ မြန်မာစကား၊ တိုင်းစာပေယဉ်ကျေးမှုများကို ရှေးမဆွကပင် အသုံးပြုခဲ့ပါသည်၊

၂။ ကချင်လူမျိုးစုများသည် တောင်တန်းဒေသတွင် နေထိုင်ပြီး တောင်ယာကို အခြေခံသော စီးပွားရေးကို လုပ်ကိုင်စားသောက်ကြသည်။ နတ်ဘာသာ၊ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသော လူမျိုးဖြစ်ပြီး ကချင်မျိုးနွယ်စု စကားကို သုံးစွဲပြောဆိုကြသည်၊

၃။ ယင်းကဲ့သို့ နေထိုင်ရာဒေသနယ်မြေမတူညီခြင်း၊ ဘာသာစကားမတူညီခြင်း၊ ခံယူသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းမတူညီခြင်း၊ စီးပွားရေး အသက်မွေး ဝမ်းကျောင်းပြုမှု မတူညီသည့် အမျိုးသား လက္ခဏာများကို ဖော်ပြ၍ အမျိုးသား လက္ခဏာရပ်များ တူညီသော တိုင်းလျှန် (သို့မဟုတ်) တိုင်းနွယ်ဝင် လူမျိုးများ နေထိုင်ရာဒေသကို စုစည်း၍ "တိုင်းလျှန်ပြည်နယ်" သတ်မှတ် ပေးရန် တင်ပြခဲ့ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အထက်ပါ သမိုင်းကြောင်းကို ပြန်ကြည့်ရမယ်ဆိုရင် တိုင်းလျှန်များဟာ မိမိလူမျိုးအပေါ် မိမိကိုယ်တိုင် စီမံလိုတဲ့ ဆန္ဒဟာ ရှေးမဆွကပင် ရှိခဲ့ကြောင်း တွေ့ရပါတယ်။ ဒီဖြစ်ရပ်တွေကို ကိုယ်စားလှယ်တော်များ အားလုံး ထည့်သွင်း စဉ်းစားပေးကြစေလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုတွေနဲ့ ပတ်သက်ပြီး သတ်မှတ်ဖို့ရာမှာ နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်တာဟာ ပိုမိုကောင်းမွန်ပါလိမ့်မယ်လို့ မြင်ပါတယ်။ လတ်တလော ချက်ချင်း သတ်မှတ် ပေးမယ် ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသား အားလုံးက ကျေနပ်မှု မရခဲ့ရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ တိုင်းရင်းသားတွေ ကြည်နူး ဝမ်း မြောက် မှု ရ ရှိ နိုင် မ လား။ ဒါကြောင့် ဖြစ်သင့်တာကတော့ သက်ဆိုင်ရာမြို့နယ်၊ ဒေသတွေမှာရှိတဲ့ ပြည်သူများနဲ့ လူဦးရေ စာရင်းနဲ့ လူမျိုးစုတွေရဲ့ အမျိုးအမည်တွေကို တိတိကျကျ မှန်မှန်ကန်ကန် ရရှိအောင် ပထမဦးဆုံး လိုအပ်ပါမယ်။ ဒုတိယ အနေနဲ့ ဆိုင်ရာဒေသတွေမှာ နေထိုင်ကြတဲ့ ဒေသခံ ပြည်သူလူထုတွေရဲ့ ဆန္ဒသဘောထားအမှန်ကို သိရှိဖို့ လိုအပ်ပါမယ်။ နောက်ဆုံး နိုင်ငံတော်ရဲ့အကျိုးကို မျှော်ကိုးတဲ့ ကော်မရှင်ရဲ့မှတ်ချက်ကို ရရှိဖို့ လိုအပ်ပါမယ်။ ဒီဟာတွေ ပြည့်စုံမှ ဘယ်တိုင်းရင်းသား တွေဟာဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်တယ် ဆိုတာနဲ့ အဲဒီရသင့်တဲ့ တိုင်းရင်းသားတွေအတွက် ဘယ်နေရာ၊ ဘယ်ဒေသတွေမှာ သတ်မှတ် ပေးသင့်တယ် ဆိုတာကို မှန်ကန်စွာ သတ်မှတ် ပေးနိုင်ပြီး တိုင်းရင်းသား လူမျိုးစုများ ကြည်နူးဝမ်းမြောက်မှုရပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် အကြီးအကဲနဲ့ ပတ်သက်ပြီး ထပ်မံတင်ပြ ဆွေးနွေးစရာ မရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

(သြဘာသံများ)

**အခမ်းအနားမှူး။** အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခု အစည်းအဝေးကို နေ့လယ် လက်ဖက်ရည်သုံးဆောင်နိုင်ဖို့ မိနစ် ၃၀ ခန့် ရပ်နားပါမယ်။ အစည်းအဝေးကို ၂ နာရီ ၂၅ မိနစ်မှာ ပြန်လည် ကျင်းပပါမယ်။

သဘာပတိ အဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ်ခင်ဗျား။

[အမျိုးသားညီလာခံ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ၁၄း၂၅ နာရီ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စား လှယ် ကြီး များ ခင် ဗျား။ အ စည်း အ ဝေး ပြန်လည် စတင်တော့မှာ ဖြစ်တဲ့အတွက် သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ်ခင်ဗျား။

[သဘာပတိ အဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များအတွက် သီးသန့်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူကြပါသည်။]

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက်ဖတ်ကြား တင်ပြခြင်း

[အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင်ပါဝင်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄) မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ]

အခမ်းအနားမှူး။ အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြကြဖို့ဖြစ်ပါတယ်။

အခု အခြား ဖိတ်ကြား သင့်သည့် ပုဂ္ဂိုလ် များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄) မှ အခြား ဖိတ်ကြား သင့် သည့် ပုဂ္ဂိုလ်များရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြမှာဖြစ်ပါတယ်။ ဦးမင်းအိမ်အား ဖတ်ကြား တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမင်းအိမ် (အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့)။** လေးစားအပ်ပါသော သဘာပတိကြီးများ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ကိုယ် စား လှယ် တော် ကြီး များ ခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းကြပါစေ၊ လိုအင်ဆန္ဒအဝဝပြည့်ကြပါစေ။

ကျွန်တော်ဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)မှကိုယ်စားလှယ်ဦးမင်းအိမ်ပါ။ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ (၄) မှ ဒေသခံတိုင်းရင်းသားထုတစ်ရပ်လုံးကို ကိုယ်စားပြု ပြီး ဆွေးနွေး တင်ပြမှာ ဖြစ်ပါတယ်။ ဒီလို ကိုယ်စားပြုဆွေးနွေးတင်ပြနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့ ရှင်းလင်းမှု၊ တွေ့ဆုံ ညှိနှိုင်းမှု၊ ဆန္ဒသဘောထားတောင်းခံမှုတွေပြုခဲ့ပါတယ်။

ကျွန်တော်တင်ပြဆွေးနွေးရာမှာ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ "ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်ရဲ့မိန့်ခွန်း" နဲ့ "လုပ်ငန်း ကော် မတီ ဥက္ကဋ္ဌ ဦး အောင် တိုး တို့ ရဲ့ ရှင်းလင်းပြောကြားချက်" နှစ်ရပ်တို့ကို အခြေတည်ပြီး တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အမြင်၊ ရင်တွင်းဖြစ်ပေါ်မှု အလိုဆန္ဒ၊ သဘောထားများကို ရိုးသား ပွင့်လင်းစွာ မိမိတတ်ကျွမ်းရာပုံစံဖြင့်တင်ပြသွားပါမယ်။ ကျွန်တော်တို့ရဲ့တင်ပြချက်ဟာ အပြုသဘောဆောင်ပြီး ဦးတည်ချက် (၆) ရပ် ဘောင် အတွင်းမှာ လုံးဝရှိနေမှာဖြစ်ကြောင်း အလေးအနက် ခံယူပါတယ်။

ယခု ပထမဦးဆုံး နိုင်ငံတော်အခန်းနှင့်ပတ်သက်ပြီး တင်ပြပါမယ်။ နိုင်ငံတော်နဲ့ပတ်သက်လို့—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်

ဆိုတဲ့ အချက် (၄) ချက်ဟာ အင်မတန် မှန်ကန်ပြီး ဒီအနှစ်သာရပြည့်စုံဖို့ အထူး လိုအပ်လှပါတယ်။

ယခု နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ ပတ်သက်လို့ ဆက်လက် ဆွေးနွေး တင်ပြပါမယ်။ "ဝ" အမျိုးသားတို့ တင် ပြ တောင်း ခံ ထား မှု ကို အ လေး အ နက် စဉ်းစားပေးဘင့်ပါတယ်။ နိုင်ငံတော်ရဲ့ တိုင်းဒေသကြီးများနှင့် ပြည်နယ် အသီးသီးတို့ဟာ အဆင့်အတန်း တူညီကြသည် ဆိုတဲ့ အချက်ထည့်သွင်းရပါမယ်။ ကျေးရွာ၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များကို နိုင်ငံတော်အဖြစ် အဆင့်ဆင့် စုစည်းပုံကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ရှင်းလင်းပြောကြားချက်မှာ ပါရှိတဲ့အတိုင်း ထောက်ခံပါတယ်။

"နိုင်ငံတော်တွင်ပါဝင်သည့်တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဆိုတဲ့ အချက်ကိုလည်း အထူးထည့်သွင်းရန် လိုအပ်ပါတယ်—

— နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လို အပ် လာ သည့် အ ခါ တွင် လည်းကောင်း၊

— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်းပေါ်ပေါက်လာသည့်အခါတွင် လည်းကောင်း၊

— သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ခရိုင် နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်း လဲ ခြင်း များ ပေါ်ပေါက်လာသည့် အခါတွင်လည်းကောင်း၊

— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ အမည်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ အမည်ကို ပြောင်းလဲသတ်မှတ်ရန် လိုအပ်လာသည့် အခါတွင် လည်းကောင်း၊

— လုပ် ကိုင် ဆောင် ရွက် ရ မယ့် နည်း နာ အဆင့်ဆင့်နဲ့ မဲဆန္ဒခံယူမှု အနေအထားများဟာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရှင်းလင်းပြောကြားချက်ပါအတိုင်း ဖြစ်သင့်ပါတယ်။ ကျိုးကြောင်း လျော်ညီမှုရှိပါတယ်။

ဗဟိုအစိုးရရုံးစိုက်တဲ့ ရန်ကုန်မြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး ရန်ကုန်မြို့တော်ကို ရန်ကုန်တိုင်း ဒေသကြီးရဲ့ ကြီး ကြပ် ကွပ် ကဲ မှု အောက် မှာ မ ထား ရှိ ဘဲ နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ ထား ရှိ တဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ဖို့ ထောက်ခံအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေရှိတဲ့ ဒေသ (ဥပမာ ကိုကိုးကျွန်းကဲ့သို့သော မြို့နယ်မျိုး အပါအဝင်) များကိုလည်း သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှု အောက်မှာ

ရှိတဲ့ အထူးဒေသများအဖြစ် သတ်မှတ်ထားရှိရန် လိုအပ်ပါတယ်။ ဒါမှသာ ၎င်းဒေသများရဲ့ ထူးခြားမှု အနေအထားကို ပိုမိုပေါ်လွင်စေပြီး ပို၍လည်း အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ၎င်းဒေသ အတွက်သာမက နိုင်ငံတော်နဲ့ ပြည်ထောင်စုသားများအတွက်ပါ အထူးဒေသအဖြစ် မသတ်မှတ်ဘဲ ထားရှိတဲ့ ပုံစံမျိုးထက်ပိုမို၍ ထိရောက် လျင်မြန်စွာ အလုပ်အကျွေး ပြုစေနိုင်မှာ ဖြစ်ပါတယ်။ အခြားနိုင်ငံအတော် များများမှာလည်း ဤကဲ့သို့ အခြင်းအရာမျိုး၊ ဤကဲ့သို့ အထူးဒေသ၊ အထူးစီးပွားရေး ဇုန်နယ်မျိုး ဖွဲ့စည်းပြီး ဗဟိုရဲ့ တိုက်ရိုက်အုပ်ချုပ်မှု အောက်မှာ ထားရှိကြတာကို တွေ့မြင်နိုင်ပါတယ်။

ဘက်စုံ အဖြစ်အပျက်၊ အပြောင်းအလဲ လျင်မြန်သွက်လက် လှတဲ့ ယနေ့လို အချိန် အခါ မျိုးမှာ ကျွန်တော်တို့ နိုင်ငံတော် အနေဖြင့် ထက်ကြပ်မကွာ အမီလိုက်နိုင်ဖို့နဲ့ ၎င်းဒေသများ အလျင်အမြန် ဖွံ့ဖြိုး တိုးတက် လာဖို့ များအတွက်ပါ များစွာ ထိရောက် တာသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဗဟိုမှ သို့မဟုတ် သမ္မတမှ တိုက်ရိုက် အုပ်ချုပ်တဲ့ အထူး ဒေသများဖွဲ့စည်းထားရှိရေးဟာလည်း အင်မတန်မှ လိုအပ်ပြီး အပြုသဘော ဆောင်ရုံသာမက ကောင်း ကျိုးများစွာကို ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ အချို့ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များမှာ သင့်လျော်တဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်း သတ်မှတ် ပေးဖို့ ရှိနေပါတယ်။ တာဝန်သစ်တစ်ရပ်လို့လည်း ပြောလို့ ရပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်း ထားရှိနိုင်မှုဟာ ဦးတည်ချက် (၃) ရပ်ကိုပိုမို ပီပြင် ပေါ်လွင် စေရေး၊ အာမခံချက် ရှိစေ ရေး ပဲ ဖြစ်ပါတယ်။ တိုင်းပြည်ပြိုကွဲရေးမဟုတ်ဘဲ တိုင်းရင်း သား လူမျိုးများ ပိုမို သွေးစည်းညီညွတ် စေရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများရဲ့ အလို ဆန္ဒကို လေးစားပြီး ရပ်လုံး ဖော်ဆောင်ပေးမှု ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများရဲ့ အခွင့် အရေးကို တစ်ဆင့်တိုး အပ်နှင်းခံစားစေမှု ဖြစ်ပါ တယ်။ အလွန်မွန်မြတ် လှပါတယ်လို့ မိမိတို့ ခံယူပါ တယ်။

“ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်း များစွာဟာ အတူ တကွ ပူးပေါင်း နေထိုင်လျက် ရှိကြပါတယ်။ တိုင်း ရင်းသား လူမျိုးများဟာ နိုးကြားတိုးတက်မှု ရှိလာ တာနဲ့အမျှ မိမိဒေသကို မိမိတို့စီမံခန့်ခွဲလိုတဲ့ ဆန္ဒတွေ တိုးတက်ဖြစ်ပေါ်နေတာကိုလည်းကျွန်တော်တို့တွေ့ ရှိရပါတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့အခြေခံမူ တွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးများ အဖို့ ရသင့် ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကိုရရှိအောင် ကျွန်တော် တို့ အားလုံးက သဘောထား ကြီးကြီးနဲ့ ဝိုင်းဝန်း ကူညီ ကြရမှာ ဖြစ်ပါတယ်” လို့ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်ရဲ့မိန့်ခွန်းမှာ ထည့်သွင်းပြော ကြား သွားပါတယ်။ ဥက္ကဋ္ဌကြီးရဲ့အဆိုပါမိန့်ကြား ချက်ဟာ ကျွန်တော်တို့ တိုင်းပြည်နဲ့ တိုင်းရင်းသား လူမျိုးများမှာ ယနေ့ ဖြစ်ပေါ်နေသော လက်တွေ့ ပကတိ အခြေအနေ တစ်ရပ်ကို မှန်ကန် တိကျစွာ ထောက်ညွှန်း ပြသလိုက်ခြင်း ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အားလုံး ထားရှိရမယ့် သဘောထားအတွက်ပါ လမ်းညွှန်လိုက်ခြင်း ဖြစ်ပါ တယ်။

တိုင်းရင်းသား လူမျိုးများ အနေဖြင့် မိမိဒေသ ကို၊ မိမိတို့ စီမံခန့်ခွဲခွင့်ကို အပြည့်အဝ ခံစားနိုင်ရေး အတွက် ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးများ အားလုံးဟာ သဘောထားကြီးကြီးနဲ့ အပြန်အလှန် ဝိုင်းဝန်း ကူညီကြဖို့ဟာ အင်မတန် လိုအပ်ပြီး ဒီအတိုင်းလိုက်ကြဖို့ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ကြီးမှ ညွှန်ပြ တိုက်တွန်း ထားပါတယ်။ ဒီလမ်းညွှန် သဘောထားဟာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့၊ တပ်မတော်မှ တိုင်းရင်းသား

လူမျိုးများအပေါ် ထားရှိတဲ့၊ စစ်မှန်တဲ့၊ ဖြူစင်တဲ့ စေတနာတစ်ရပ် ဖြစ်တယ်လို့ မိမိတို့ အလေးအနက် ခံယူပါတယ်။

**သဘာဝပတိကြီး ခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ စောစောက ကျွန်တော် တင်ပြခဲ့တဲ့ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် မူတွေအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ စီရင်စုများအတွက် အောက်ပါ အခြေခံရမယ့် မူများကို ချမှတ် ထားရှိပါတယ် —

"တိုင်း ဒေသကြီးများ (သို့မဟုတ်) ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီးဖြစ်သည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန် တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေ ရရှိပြီး နယ်မြေ တစ်ဆက် တစ်စပ် တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန် ဖြစ်သည်။

ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အကျယ် အဝန်း အပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division)သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone)အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်။

ဤ သတ် မှတ် ရေး ကိစ္စ များ နှင့် စပ် လျဉ်း ၍ နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်း ဆောင်ရွက်ပေးရန်ဖြစ်သည်"

လို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်း ပြောကြားချက်မှာ ဖော်ပြထားပါတယ်။ အခြားသင့်တော်တဲ့ ဖြည့်စွက် အကြံပြုချက်များ ရှိလျှင်လည်း ဆွေးနွေး အကြံပြု တင်ပြကြဖို့ တိုက်တွန်းထားပါတယ်။

"တိုင်း ဒေသကြီးများ (သို့မဟုတ်) ပြည်နယ်များတွင် တိုင်း ဒေသကြီးများ (သို့မဟုတ်)ပြည်နယ် ရရှိပြီးဖြစ်သည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန် တိုင်းရင်းသား လူမျိုးများအနက်" ဆိုသည့် စကားစုကို မိမိတို့အနေဖြင့် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့က လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေးအတွက် နိုင်ငံတော် အခြေခံမူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြား ချက်တွင်မှ စတင် ကြားနာ တွေ့ထိရခြင်း ဖြစ်ပါတယ်။

**သဘာပတိကြီးများ ခင်ဗျား။** ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ လူတစ်ယောက်ဟာအမှန်တရားကိုသာ အဓိကထားရပြီး ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများ ကင်းရှင်းဖို့လိုတာတော့ အမှန်ဖြစ်ပါတယ်။ ဒါပေမဲ့ လူတိုင်းမှာ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများဆိုတာ လုံးဝကင်းရှင်းနိုင်သည်မဟုတ်ဘဲ အနည်းနဲ့ အများဆိုသလို ရှိနေတတ်ကြပါတယ်။ ဒီအနေအထားကို ကျွန်တော်တို့ အနေဖြင့် ပထမဦးစွာ လက်ခံအသိအမှတ်ပြုထားဖို့ လိုပါတယ်။

ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများ ရှိနေသည်ထက် ပို၍ အရေးကြီးသည်မှာ ယင်းအစွဲများကိုအကောင်းဘက်လမ်းကြောင်း ဦးတည်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။ အကောင်းဘက်ကို လမ်းကြောင်း ဦးတည် ပေးနိုင်သည်နှင့်အမျှ ကောင်းသော အကျိုးဆက် များကို ဖန်တီးယူနိုင်မှာ ဖြစ်ပါတယ်။ ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ ယင်းအစွဲများကိုအဆိုးဘက်တွင် အသုံးချပါက ဆိုးသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ပါတယ်။

တစ်ဖန် လူတစ်ယောက်မှာ လူမျိုးစွဲနည်းတူ ဒေသစွဲဟာလည်း တန်းတူနီးပါး နေရာယူလျက် လွှမ်းမိုးလျက်ရှိပါတယ်။ ကောင်းကျိုး ဖန်တီးပေးနိုင်သလို ဆိုးကျိုးလည်း ဖန်တီးပေးနိုင် ပါတယ်။ လူတစ်ယောက်ဟာ မိမိ လူမျိုးများကို ချစ်သလို

မိမိ မွေးဖွားကြီးပြင်းရာဇာတိမြေ၊ ဒေသနယ်မြေကို ချစ်ပါတယ်။ မိမိတို့ ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများကို ချစ်သလို မိမိမွေးဖွား ကြီးပြင်းရာဒေသ ပါဝင်တဲ့ ပြည်နယ်နဲ့ တိုင်းပြည်ကို အလားတူချစ်ပါတယ်။ ဒါကြောင့်လည်း မိမိတို့လူမျိုး၊ မိမိတို့ ပြည်ထောင်စု သားများ အတွက် အသက်စွန့် လှုတ်ခဲ့မှု သာဓကများ ရှိသလို မိမိဒေသ၊ မိမိတိုင်းပြည်အတွက် အသက်စွန့်လှုတ်ခဲ့မှု သာဓကများလည်း ရှိပါတယ်။ မိမိဒေသ၊ မိမိတိုင်းပြည်အတွက် မိမိလူမျိုးသာမက အခြားပြည်ထောင်စုသား လူမျိုးများနဲ့အတူ အေးအတူ ပူအမျှ ချစ်ခင်စွာ လက်တွဲမဖြုတ် နေထိုင်ခဲ့ကြပြီး အတူတကွ ကောင်းကျိုး သယ်ပိုးခဲ့တဲ့ သာဓကများလည်း ရှိပါတယ်။

သို့ဖြစ်ပါ၍ လူမျိုးအကြောင်း အချက်ကြောင့် အခွင့်အရေး လက်လွှတ်ဆုံးရှုံးရမှု မဖြစ်စေအပ်သလို နယ်မြေဒေသအကြောင်း ချက်ကြောင့်လည်း အခွင့်အရေး လက်လွှတ်ဆုံးရှုံးရမှု မဖြစ်စေသင့်ပါ။ လူမျိုးအကြောင်း အချက်နည်းတူ ဒေသအကြောင်း အချက်ကြောင့်လည်း အခွင့်အရေး ရရှိခံစားစေသင့်ပါတယ်။ မိမိလူမျိုးကို ကိုယ်စားပြုနိုင်သကဲ့သို့ မိမိဇာတိမြေဒေသကိုလည်း ကိုယ်စားပြုပြီး အခွင့်အရေး ခံစားနိုင်မှုနဲ့ တိုင်းပြည်နဲ့ ပြည်ထောင်စုသားများအတွက် ကောင်းကျိုး သယ်ပိုးနိုင်ခွင့်ကို လမ်းဖွင့်ဖန်တီးပေးထားသင့်ပါတယ်။

ကျွန်တော်တို့ နိုင်ငံနဲ့ လူမျိုး များ ပျံ့နှံ့ နေထိုင်မှု လူဦးရေစာရင်းနဲ့ ပုံကိုကြည့်လျှင် ရှမ်းပြည်နယ်မှာ ရှမ်းလူမျိုးဟာ အများဆုံးဖြစ်ပြီး ကချင်လူမျိုးအရေအတွက်ဟာလည်း မနည်းလှတာ တွေ့ရပါတယ်။ ရှမ်းပြည်နယ်ရှိ အချို့ မြို့နယ်များမှာ ကချင်လူမျိုး အရေအတွက်ပိုများပြီး စုစုစည်းစည်း နေထိုင်မှုရှိကြပါတယ်။ ဤနည်းတူပဲ ကချင်ပြည်နယ်မှာ ကချင်လူမျိုးဟာ အများဆုံးဖြစ်ပြီး ရှမ်းလူမျိုးအရေအတွက်ဟာလည်း မနည်းလှတာ တွေ့ရပါတယ်။ ကချင်ပြည်နယ်ရှိ အချို့မြို့နယ်များမှာ ရှမ်းလူမျိုး အရေအတွက် ပိုများပြီး စုစုစည်းစည်း နေထိုင်မှု ရှိကြပါတယ်။

ကရင်လူမျိုးများမှာလည်း ကရင်ပြည်နယ်တွင်သာမက အခြား တိုင်းဒေသများမှာလည်း အရေအတွက်မနည်းလှဘဲ စုစုစည်းစည်း နေထိုင်တာတွေ့ရပါတယ်။ တချို့လူမျိုးများဟာ ဥပမာ ပအိုဝ်းလူမျိုး ပြည်နယ် တစ်ခုတည်းမှာ သာမက အခြားပြည်နယ်၊ အခြားတိုင်းဒေသကြီးများမှာပါ အခြားလူမျိုးများအကြား နေရာဒေသတစ်ခုအတွင်း စုစုစည်းစည်း နေထိုင်နေတာလည်း တွေ့ရပါတယ်။ ဒါကြောင့် စုစုစည်းစည်းနေထိုင်မှု အတွက်ဟာ တစ်နေရာတည်းမှာ တစ်ခုတည်းရှိနေတာ မဟုတ်ဘဲ အခြားအလှမ်းကွာဝေးတဲ့ နေရာနှစ်ခု၊ သုံးခုမှာလည်း စုစုစည်းစည်းနေထိုင်မှု ရှိနေပြန်ပါတယ်။ သို့ဖြစ်ပါ၍ မိမိဒေသကို မိမိတို့စီမံခန့်ခွဲလိုခွင့် ဖြစ်တဲ့ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ကို လူမျိုးစုများနှင့် လူမျိုးစုများနေထိုင်ရာ ဒေသများအတွက် သဘောထားကြီးကြီးနှင့် ဝိုင်းဝန်းစဉ်းစားပေးရာမှာ လူမျိုးအကြောင်းချက်ကြောင့် ဖြစ်စေ၊ ဒေသအကြောင်းချက်ကြောင့် ဖြစ်စေ အကန့်အသတ် မဖြစ်စေဘဲ လူမျိုးကို ကိုယ်စားပြုနိုင်သလို ဒေသကိုလည်း ကိုယ်စားပြုပြီး ကိုယ်ပိုင်စီမံ အုပ်ချုပ်ခွင့်ကို အပြည့်အဝ ခံစားနိုင်အောင် စဉ်းစား ပေးသင့် ပါတယ်။

ဒါနဲ့ စပ်လျဉ်းပြီး မိမိတို့နဲ့ အိမ်နီးချင်း နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူမျိုးစုကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်နဲ့ ပတ်သက်ပြီး ကျင့်သုံးဆောင်ရွက်နေမှုကို လေ့လာ စဉ်းစားသင့်ပါတယ်။ မိမိတို့ နိုင်ငံရဲ့ အခြေအနေ၊ အနေအထားနဲ့လည်း ကိုက်ညီနိုင်မှု ရှိပါတယ်။

ဥပမာ(၁) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရှိပြီး ဖြစ်သည်၊ မဖြစ်သည်ကို ဘောင်မထားရှိခြင်းမျိုး။ တိဘက် လူမျိုးများအတွက်တိဘက်ကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရ ပြည်နယ် သီးခြား ရှိနေသည့် အပြင် အခြားပြည်နယ် ယူနန်ပြည်နယ် တွင်လည်း တိဘက်လူမျိုးများ စုစု စည်းစည်းနေထိုင်ရာနေရာကို တိဘက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ "တိချင့်" ပြည်နယ်ခွဲအဖြစ် သတ်မှတ်ပေးထား ပါတယ်။

ဥပမာ (၂) လူမျိုးတစ်မျိုးအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုတည်းသာ ရှိသည် မဟုတ်ဘဲ၊ ၎င်း လူမျိုး စုစု စည်းစည်း နေထိုင်ရာ နေရာများကို လိုက်၍ တစ်ခု ထက် ပို၍ ပေးထား ခြင်းမျိုး။

ကျွန်တော်တို့ မူဆယ်၊ ကြူကုတ် တစ်ဖက်ကမ်း တရုတ်ပြည်ဘက်အခြမ်းမှာ ရှမ်း၊ ဂျင်းဖော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ "တယ်ဟုန်" ပြည်နယ်ခွဲ ရှိပါတယ်။ ၎င်းနဲ့ တစ်ဆက်တစ်စပ်တည်း မရှိရှိသာမက အလှမ်း များစွာ ကွာဝေးတဲ့နေရာ၊ ကျွန်တော်တို့ ရှမ်းပြည် နယ်၊ ကျိုင်းတုံ အရှေ့ဘက် ခြမ်းရဲ့ တစ်ဖက်ကမ်း တရုတ်ပြည်ဘက် အခြမ်းမှာ ရှမ်း ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ "ဆစ်စွမ်ပန္နား" ပြည်နယ်ခွဲဆိုတာ ရှိပြန်ပါ တယ်။

ဥပမာ (၃) လူဦးရေအရေအတွက်ချင်း သိပ်မကွာ တဲ့ လူမျိုးစုများ အတူတကွ ရောနှော စုစည်းနေထိုင်ရာ ဒေသကို ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးရာတွင် အငြင်း ပွား သွေးကွဲမှု မဖြစ်အောင်နဲ့ ဒေသအခြေ အနေနဲ့လည်း ကိုက်ညီမှုရှိအောင် ယင်း လူမျိုးများ အားလုံးအမည်ဖြင့် ကိုယ်ပိုင် စီမံအုပ်ချုပ်ခွင့်ကို ပေးထား ခြင်းမျိုး။

ကျွန်တော်တို့ "ဝ" ဒေသ တစ်ဖက်ကမ်းက တရုတ်ပြည် နေရာမှာ ရှမ်း၊ ဝ၊ လားဟူ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ "မုန်းလျင်" ခရိုင်ဆိုတာ ရှိပါတယ်။

ဥပမာ (၄) လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ များကို ခရိုင်အဆင့်အောက် မြို့နယ်၊ တိုက်နယ်အထိပင် ပေးထားခြင်းမျိုး။

ရှမ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ "ဆစ်စွမ်ပန္နား" ပြည်နယ်ခွဲက မုန်တိုင်းခရိုင်တွင် "အခါ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ "ရှီးတင့်" တိုက်နယ်ဆိုတာ ရှိနေပါ တယ်။

သဘာပတိကြီးများခင်ဗျား။ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ "မိမိတို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့ ဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံကိုယ်စားလှယ် တော်များ အားလုံးထံမှာ တစ်ညီတစ်ညွတ်တည်း ရှိနေကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားများနဲ့ ပတ်သက်ပြီး ဘယ်တိုင်းရင်း သားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ရသင့် တယ်။ ဘယ်တိုင်းရင်းသား ဒေသတွေဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရသင့်တယ်ဆိုတာနဲ့ အဲဒီ ရသင့် ရထိုက်တဲ့ တိုင်းရင်းသားတွေ အတွက် ဘယ်နေရာ၊ ဘယ်ဒေသမှာ သတ်မှတ်ပေးသင့်တယ် ဆိုတာကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ပေး မယ့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေး ညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ် ဆိုရင် သက်ဆိုင်ရာတိုင်းရင်းသားများဟာ ကြည်နူး ဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေမှာ ဖြစ်ပါတယ်လို့ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ မိန့်ခွန်းမှာ ထည့်သွင်း ပြောကြား သွားပါတယ်။

ကိုယ်ပိုင် စီမံအုပ်ချုပ်ခွင့်နဲ့ ပတ်သက်လို့ သက်ဆိုင်ရာ တိုင်းရင်းသားများရဲ့ဆန္ဒ၊ရင်တွင်းက စကားကို အမှန်အတိုင်း ဖော်ထုတ်ထားချက် ဖြစ်ပါတယ်။

မိမိတို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးရာမှာ ကိုယ်စားလှယ်တော်ကြီးများရဲ့ သဘောထားကြီးမှု၊ နားလည်ပေးမှု၊ စာနာမှု၊ အပြန်အလှန် ထောက်ခံပံ့ပိုးမှုများဟာ အလွန် အရေးပါလိုအပ်ပြီး အဖိုးထိုက်တန်လှမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုလားကြတဲ့ တောင်းကြမယ့် လူမျိုးများရဲ့ ထုံးတမ်းစဉ်လာဓလေ့များ၊ သက်ဆိုင်ရာ နယ်မြေဒေသအခြေအနေ၊ ၎င်းဒေသမှ တိုင်းရင်းသား လူထုများရဲ့ အလိုဆန္ဒ သဘောထားများကို လေ့လာရင်းနှီးသိထားမှု မလုံလောက်ပါလို့ ခံစားနေရမှုကြောင့် အချို့ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ပါဝင်ညှိနှိုင်း ဆွေးနွေးသတ်မှတ်ပေးဖို့ စိုးရိမ်ကြောင့်ကြစိတ် အနည်းနဲ့အများ ပေါ်ပေါက်နိုင်တာဟာလည်း သဘာဝကျပါတယ်။

တစ်ဖက်တွင်လည်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်နဲ့ ပတ်သက်ပြီး တင်ပြရမယ့် သက်ဆိုင်ရာ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ တင်ပြချက်များဟာလည်း တစ်ဖက်သတ် ကျနေမှာမဟုတ်ပါ။ အကျိုးအကြောင်း ဆီလျော်သင့်မြတ်မှုဟာလည်း ရှိနေမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး၊ သက်ဆိုင်ရာ ဒေသနယ်မြေနဲ့ လူထုများကို ကိုယ်စားပြုနိုင်မှုနဲ့ ယင်းတို့ရဲ့ တာဝန်ပေးမှုများကိုလည်း လက်ခံရရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ညီလာခံမှာကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ပတ်သက်တဲ့ တင်ပြချက်ကို စိတ်ရှည်စွာ ကြားနာပေးပြီး မရှင်းလင်း မပြည့်စုံသေးသည့်အချက်များကို မေးမြန်းလေ့လာကာ သဘောထားကြီးကြီးဖြင့် ပါဝင်ညှိနှိုင်းဆွေးနွေးပေးပြီး တစ်ပါတည်း သတ်မှတ်ပေးခြင်းဖြင့် သက်ဆိုင်ရာ တိုင်းရင်းသားများအတွက် အကောင်းဆုံးအဖြေရလဒ်ကို ဆောလျင်စွာ ရရှိနိုင်လိမ့်မယ်လို့ မိမိတို့ခံယူထားပါတယ်။

သဘာပတိကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခု ကျွန်တော်တို့ဒေသနဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ ကျွန်တော်တို့ဒေသဟာ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ရှိပြီး ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းယန်းမြို့နယ်များနဲ့ နယ်နိမိတ် ဆက်စပ်နေပါတယ်။ တစ်ဖက်မှာလည်း တရုတ်၊ လောနိုင်ငံတို့နဲ့ နယ်နိမိတ် ဆက်စပ်နေပါတယ်။ အခါ၊ ရှမ်း၊ လွယ် တိုင်းရင်းသားများ နေထိုင်ပါတယ်။

အခါတိုင်းရင်းသားများကို "ကော်" လို့လည်း ခေါ်ခဲ့ကြပါတယ်။ အခါ တိုင်းရင်းသားများဟာ ဘိုးဘေးဘီဘင် အဆက်ဆက်ကပင် ကျွန်တော်တို့ဒေသမှာ ပေါက်ဖွားကြီးပြင်း နေထိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အခါ တိုင်းရင်းသားများဟာ "ဝ" တိုင်းရင်းသား ညီနောင်များလိုပဲ ခေတ်အဆက်ဆက် နောက်ကျကျန်ရစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ဒေသ စစ်မီးတောက်ပြီး၊ စစ်ဒဏ်ပိခဲ့ရာမှာ အခါ တိုင်းရင်းသား အချို့ဟာ ဒေသမှ မတတ်သာဘဲ ထွက်ခွာပြောင်းရွှေ့ သွားရတာလည်း ရှိခဲ့ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ လူသိနည်းသေးတဲ့ ကျွန်တော်တို့ အခါ တိုင်းရင်းသားနဲ့ အခါဒေသအကြောင်းကို ညီလာခံကြီးသို့ ဖြည့်စွက် တင်ပြခွင့်ပေးဖို့သဘာပတိကြီးများထံ ပန်ကြားအပ်ပါတယ်။ အခါလူမျိုးဟာ တိဘက်မြန်မာအုပ်စုမှ သက်ဆင်းခဲ့တဲ့ နွယ်ပွားတစ်ခုဖြစ်ပါတယ်။ အဆင့်ဆင့်ပြောင်းရွှေ့နေထိုင်လာရာမှ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်ခန့်ကပင် မဲခေါင် မြစ်ဖျားမှ မဲခေါင်မြစ်ကြောင်းအတိုင်း ဆင်းလာပြီး၊ လက်ရှိမြန်မာနိုင်ငံ အရှေ့ပိုင်း အခါဒေသထဲ ဝင်ရောက်နေထိုင် ခဲ့ကြပါတယ်။ အခါ လူမျိုး များဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ အရှေ့ပိုင်းမှာသာမက ထိုင်းနိုင်ငံမြောက်ပိုင်း၊ လောနိုင်ငံ မြောက်ပိုင်းနဲ့အလယ်ပိုင်း၊ တရုတ်ပြည် စစ်မောက် ဒေသနဲ့ ဆစ်စွမ်ပန္နား ဒေသများမှာပါ နေထိုင်လျက် ရှိကြပါတယ်။

၁၉၇၂ ခုနှစ်မှာ ကောက်ခံခဲ့တဲ့ စာရင်းမှတ်တမ်းအရ မြန်မာ၊ တရုတ်၊ ထိုင်း၊ လော လေးနိုင်ငံမှာ အခါလူမျိုး ဦးရေပေါင်း တစ်ဆယ့်သုံးသိန်း ရှိပါတယ်။ ၎င်းအနက် မြန်မာနိုင်ငံ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ တစ်သိန်းကျော် ရှိပါတယ်။ မြန်မာနိုင်ငံ အရှေ့ တောင်ဘက်ပိုင်း၊ ထိုင်းနိုင်ငံ မြောက်ပိုင်း၊ လောနိုင်ငံ အလယ်ပိုင်းနဲ့ မြောက်ပိုင်းတို့မှာ တစ်သိန်း ငါးသောင်းခန့် ရှိပါတယ်။ တရုတ်ပြည်တောင်ပိုင်းမှာ ဆယ်သိန်းငါးသောင်းခန့် ရှိပါတယ်။ လူဦးရေ တစ်ဆယ့်သုံးသိန်းရှိတဲ့ အခါလူမျိုးမှာ အိမ်ထောင်စုပေါင်း နှစ်သိန်းခြောက်သောင်း ရှိပါတယ်။ အိမ်ထောင်စုတိုင်းမှာ မျိုးဆက် (၅၇)ဆက်ထိ ဖြတ်သန်းခဲ့ကြောင်း တွေ့ရပါတယ်။ အခါလူမျိုးတို့ရဲ့ပြက္ခဒိန် သက္ကရာဇ် "ခါထမ်းနှစ်"ကို ခရစ်သက္ကရာဇ် ၅၆၁ မှ စတင်ရေတွက် ပါတယ်။ ၎င်းမှစတင်လို့ အခုဒီနှစ် အခါ ခါထမ်းနှစ် ၁၄၃၁ ခုနှစ်ထိ ကာလအတွင်းက မျိုးဆက် (၅၇) ဆက် မှတ်တမ်းလောက်သာ ဖြစ်ပါတယ်။

အခါလူမျိုးမှာ ဟားညီ၊ ခါကို၊ ယာညီ၊ ဆိုနီ၊ ဘီယော၊ ကျိုဟုန်၊ အော်နူး၊ အားမူ၊ တိုနီ၊ ခါဗျု၊ ဟိုင်ညီ၊ ဟိုညီ၊ လို့ဆိုတဲ့မျိုးနွယ် (၁၂) ခုရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် အရှေ့ပိုင်းမှ အခါများဟာ အဓိကအားဖြင့် "ယာညီ" မျိုးနွယ်မှ ဖြစ်ပါတယ်။

ကျွန်တော်တို့ အထူးဒေသ (၄) နယ်မြေအတွင်း အခါလူမျိုးများ စုစည်းနေထိုင်မှုနဲ့ စာရင်းကို ဆက်လက် တင်ပြပါမယ်။ မိုင်းလား၊ မိုင်းမဒေသကို ဗဟိုပြုပြီး နေထိုင်နေကြရာမှာ မိုင်းလား၊ မိုင်းမ အနောက်မြောက်ပိုင်း မိုင်းယန်း၊ မိုင်းခအရှေ့ပိုင်းနဲ့ လွေမိတောင်တန်း တစ်ဝိုက်မှာ အခါရွာပေါင်း (၁၃၀)ရှိပါတယ်။ မိုင်းလား၊ မိုင်းမရဲ့ အရှေ့ဘက် ပိုင်းမှာ အခါရွာပေါင်း (၂၀) ရှိပါတယ်။ကျိုင်းတုံ အရှေ့ဘက်နဲ့ မိုင်းဝအနောက်ဘက် တစ်ဝိုက်မှာ အခါရွာပေါင်း (၄၇) ရွာရှိပါတယ်။ မိုင်းဝအရှေ့ဘက် ပိုင်းမှာ အခါရွာပေါင်း (၂၁) ရွာ ရှိပါတယ်။ ဝမ်ဖြတ် အရှေ့ဘက်နဲ့ မိုင်းယု အနောက်ဘက်မှာ အခါရွာပေါင်း (၃၅) ရွာရှိပါတယ်။ နန့်ပန်းအရှေ့ ဘက်၊ အနောက်ဘက်နဲ့ မြောက်ဘက်တွေမှာ အခါ ရွာပေါင်း (၂၀၀) ပါတယ်။ ဒါကြောင့်အခါရွာရှိ စုစုပေါင်း (၄၅၄) ရွာရှိပြီး လူဦးရေမှာ စုစုပေါင်း (၁၁၃၅၀၀) ဦး ရှိပါတယ်။ ဒါဟာ ၁၉၄၂ ခုနှစ်မှ ၁၉၆၀ ခုနှစ် အတွင်းက အခြေအနေဖြစ်ပါတယ်။ ၁၉၆၀ ခုနှစ်မှ ၁၉၇၉ ခုနှစ် အတွင်း စစ်ဘေးစစ်ဒဏ် ကြောင့် ပြောင်းရွှေ့ သွားတဲ့ အခါရွာ ပေါင်း (၁၁၉) ရွာရှိပြီး၊ လူဦးရေ (၂၉၇၅၀) ဦးရှိပါတယ်။ အများစုဟာ ကျိုင်းတုံ၊ တာချီလိတ်၊ ထိုင်းနိုင်ငံနဲ့ လောနိုင်ငံ ဘက်ကို ပြောင်းရွှေ့ သွားတာ ဖြစ်ပါတယ်။

အခု ကျွန်တော်တို့ အထူး ဒေသ (၄) မိုင်းလား ပတ်ဝန်းကျင်မှာ အခါရွာပေါင်း (၃၃၅) ရွာကျန် ရစ်ပြီး၊ လူဦးရေ (၇၃၇၅၀) ဦး ရှိပါတယ်။ အခါ ဒေသဟာ မြန်မာနိုင်ငံအရှေ့စွန်း အခေါင်အဖျားမှာ ရှိနေမှုကြောင့် အခါ တိုင်းရင်းသားများရဲ့ သမိုင်း ဟာ ရင်နင့်ဖွယ် ဖြစ်ခဲ့ပါတယ်။

လက်လှမ်း မီရာ ၁၉၄၂ ခုနှစ်မှ စပြီး ပြောပါရစေ။ အဲဒီနှစ်မှာပဲ နာတဲ့ရွာမှ "ဂယ်စီး" နဲ့ ဘာဆာ ရွာမှ "ဆောင်မဲ" ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦးဟာ မိမိ အခါလူမျိုးနဲ့ ဒေသကို ကာကွယ်ဖို့အတွက် လူထုကို ဦးဆောင်ပြီး အခါလူမျိုးစု လက်နက်ကိုင် တပ်ဖွဲ့ကို ဖွဲ့စည်း ခဲ့ပါတယ်။ ဒီအဖွဲ့ကို "အာဘောစိန်း" လို့ ခေါ်တွင်ခဲ့ပါတယ်။ (၃) နှစ်သာ လှုပ်ရှား နိုင်ခဲ့ပြီး ကိုမင်တန် စစ်တပ်ရဲ့ ဝင်ရောက် ကျူးကျော် တိုက်ခိုက်မှုကြောင့် အရေးနိမ့်ခဲ့ရပါတယ်။

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလမှ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ကာလအတွင်းမှာ အခါဒေသဟာ ထိုင်းစစ်တပ်ရဲ့ ဝင်ရောက် ကျူးကျော်မှုကို ခံခဲ့ရပါတယ်။

၁၉၄၆ ခုနှစ်မှ စပြီး အခါ ဒေသဟာ ကေအမ်တီ တရုတ်ဖြူတပ်ရဲ့ ကျူးကျော် စိုးမိုးမှုကို ခံခဲ့ရပြန်ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ တရုတ်ပြည်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ ဝင်ရောက် တိုက်ခိုက်လို့ အခါဒေသအတွင်းမှာ ကေအမ်တီ တပ်မဟာမှူး "လီကော်ဆုန်း" ဦးစီးတဲ့ ကေအမ်တီ အနည်းအကျဉ်းသာ ကျန်ရစ်ခဲ့ပါတယ်။ မိုင်းစော၊ လန်းပူး တစ်ဝိုက်မှာအခြေစိုက်ခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှာ သူတို့ ဟာ အင်အား (၂၀၀) ထိ ရှိလာပါတယ်။ ၎င်း ကေအမ်တီ တရုတ်ဖြူတပ်ဟာ အင်အား သိပ်မကြီးသော်လည်း အခါဒေသကို တောက်လျှောက် စိုးမိုးမှု ပြုခဲ့ပါတယ်။ ဒါ့အပြင် ၁၉၆၇ ခုနှစ်မှာ စီအိုင်အေရဲ့ အားပေးပံ့ပိုးမှုဖြင့် လောတပ်များဟာ အခါဒေသထဲ ဝင်ရောက်ခဲ့ပြီး၊ ၁၉၆၉ ခုနှစ်ထိ အခြေစိုက်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ တရုတ်ပြည်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ မိုင်းယဲ၊ တန်းလန် ကေအမ်တီ တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့လို့ ကေအမ်တီများ အထိနာခဲ့ပါတယ်။ ဒါ့အပြင် စီအိုင်အေကျောထောက်နောက်ခံပြုထားတဲ့ လောစစ်တပ်ဟာလည်းအခါဒေသ "အော်ချေး" ရွာကနေ လောနိုင်ငံတွင်းသို့ ပြန်လည် ဆုတ်ခွာသွားခဲ့ပါတယ်။

ပြင်ပမှ ကျူးကျော်အနိုင်ကျင့်မှုကို တွန်းလှန်ကာကွယ်နိုင်ဖို့အတွက် ၁၉၆၈ ခုနှစ်မှာ "ပါဆန်း"၊ "ဟိုက်ယိ" တို့နှစ်ဦးခေါင်းဆောင်ပြီး၊ အခါလူမျိုးစု လက်နက်ကိုင်အဖွဲ့ကို ထပ်မံ စည်းရုံးဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်မှာ ဗမာပြည် ကွန်မြူနစ်ပါတီကနေ အခါဒေသကို ဝင်ရောက် အုပ်စိုးခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်ရောက်မှ ဗကပကို တွန်းလှန်ပြီး၊ ငြိမ်းချမ်းရေးရခဲ့မှ အခါ တိုင်းရင်းသားများဟာ မိမိကြမ္မာ မိမိဖန်တီးပိုင်ဆိုင်နိုင်ခွင့်ကို ခံစားလာရပါတယ်။ နှံပြည်စုတ် ၄က်ဟာ ငယ်ပင်ငယ်ငြား ၄က်တို့တွင် ရှိအပ်တဲ့ အချင်း၊ အဆင်း၊ အင်္ဂါစုံရှိနေပြီး၊ အခြား အခြားသော အကြားမှာလည်း သူ့အတိုင်းသူ့အလွှာနဲ့ ထိုက်တန်တဲ့ခံစားခွင့်ကို လိုလားသလိုပါပဲ။ ကျွန်တော်တို့ အခါတိုင်းရင်းသားများအနေဖြင့်လည်း ဒါနဲ့ အလားသဏ္ဌာန်တူပါတယ်။

ကျွန်တော်တို့ဒေသနဲ့ ကပ်လျက်ရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အခါလူမျိုးများ စုစုစည်းစည်းနေထိုင်ရာ နေရာကို အခါကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ "ဟုန်ဟော်" ပြည်နယ်ခွဲအထိ ပေးထားတာရှိပါတယ်။ တစ်နေ့တခြားနိုးကြားတိုးတက်လာမှု ရှိလာပြီဖြစ်တဲ့ ကျွန်တော်တို့ဒေသခံ အခါတိုင်းရင်းသားများဟာလည်း ဒါကိုအားကျစိတ် တဖွားဖွားပေါ်ပေါက်နေပါတယ်။ အခါကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိဖို့ များစွာ ဆန္ဒ ပြင်းပြလျက် ရှိပါတယ်။ တစ်ချိန်က ကျွန်တော်တို့ ဒေသဟာ နိုင်ငံတော်အတွက် အမည်းရောင်နယ်မြေ ဖြစ်ခဲ့ပါတယ်။ ဗကပ စိုးမိုးရာ အမာခံနယ်မြေ ဖြစ်ခဲ့ပြီး နိုင်ငံတော်အတွက် အန္တရာယ်နဲ့ အနှောင့်အယှက်များကို ဖြစ်စေခဲ့ပါတယ်။

၁၉၈၉ ခုနှစ်မှာ ဒေသခံ တိုင်းရင်းသားများမှ အသိအမြင်ရပြီး နိုးကြားတိုးတက်မှုရှိလာတာနဲ့အမျှ ဗကပများကို တွန်းလှန်ဖယ်ရှားခဲ့ပါတယ်။ ဗကပများ လုံးဝကင်းရှင်းခဲ့သည်နှင့် ကျွန်တော်တို့ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များဟာ "စစ်ရေးနှင့်ဒေသန္တရ အုပ်ချုပ်ရေးကော်မတီ" ကို ဖွဲ့စည်းပြီး၊ နိုင်ငံတော်နဲ့တပ်မတော်နဲ့ ငြိမ်းချမ်းရေး ရယူခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားထုနဲ့ ဒေသခံတပ်ဖွဲ့များကို ခေါင်းဆောင်မှုပေးပြီး ဥပဒေဘောင်အတွင်းသို့ တည်တည် ငြိမ်ငြိမ်ဖြင့် ဝင်ရောက် ရပ်တည်နိုင်ရေးအတွက် စည်းရုံး ခေါ်ဆောင်ခဲ့ပါတယ်။ စိုးရိမ်ကြောင့်ကြစိတ်၊ ပယောဂ၊ အနှောင့်အယှက်၊ အတားအဆီးမျိုးစုံကိုဖြေရှင်းကျော်လွှားခဲ့ပြီး ယခုထက်တိုင်ဆက်လက်ဖြေရှင်းနေရဆဲများလည်း ရှိပါတယ်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်မှ ကျွန်တော်တို့ဒေသကို ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ (၄) အဖြစ် သတ်မှတ်ပေးခဲ့ပြီး တိုင်းအဆင့် ဖွဲ့စည်းပုံကို ပေးခဲ့ပါတယ်။ တပ်ကိုလည်းအထူးရဲ့အဖြစ်သတ်မှတ်ပြီး လစာထောက်ပံ့မှုများ ပေးထားပါတယ်။

ငြိမ်းချမ်းရေးရယူပြီး တိုတောင်းတဲ့ (၅) နှစ်တာ ကာလအချိန်အတွင်းမှာပဲ ကျွန်တော်တို့ ဒေသဟာ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာပါတယ်။ ယခင်က ဗကပလက်ထက်နှင့် နှိုင်းယှဉ်လျှင် များစွာ ကွာခြားပြီး အသွင်အပြင်သစ်နဲ့ ဖြစ်လာပါတယ်။ ဒေသခံတိုင်းရင်းသားများရဲ့ စားဝတ် နေထိုင်မှုဘဝ အေးချမ်းသာယာပြီး အဆင့်အတန်းလည်း တိုးတက် မြင့်မားလာပါတယ်။ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ စိုက်ပျိုးရေးဌာန၊ မွေးကုဌာန၊ စာတိုက် ကြေးနန်းများရှိလာပါတယ်။ ကျိုင်းတုံသွား ကားလမ်း၊ မိုင်းယန်းသွားကားလမ်း၊ မိုင်းယောင်းသွား ကားလမ်းများနဲ့ ဒေသတွင်းလမ်းများ၊ မြစ်ကူး ချောင်းကူး တံတားများ တည်ဆောက်နိုင်မှုကြောင့် အသွားအလာ ဆက်သွယ်မှုများ အဆင်ပြေ လာပါတယ်။ မိုင်းလားမြို့တွင်း ကတ္တရာလမ်း၊ ရေပိုက် သွယ်တန်းကာ သောက်သုံးရေ ဖြန့်ဖြူးခြင်းများလည်း ရှိပါတယ်။ ဈေးအဆောက်အအုံ အခိုင်အခံ့နဲ့ အရောင်းအဝယ်စည်ကားလာပါတယ်။ နေအိမ်သစ်၊ တိုက်တာ အဆောက်အအုံသစ်များလည်း တိုးပွား လာပါတယ်။

ဘာသာရေး ကဏ္ဍမှာလည်း မိုင်းလားမှာ ယခင် ဗကပ လက်ထက်က လုံးဝမရှိခဲ့ဖူးတဲ့ ငြိမ်းချမ်းအေး စေတီတည်ခြင်း၊ အောင်ခြင်း ရှစ်ပါး သရုပ်ဖော် ရုပ်တုပြခန်း တည်ခြင်း၊ လောကနတ် ရုပ်တုတည် ခြင်း၊ လှေကျောင်းတော်မှုဘုရား တည်ခြင်း၊ ကျောင်း ကန် ဇရပ်တည်ခြင်းများ အလျှိုလျှို ပေါ်ပေါက် လာခဲ့ပါတယ်။ နိုင်ငံတော်မှ တည်ဆောက်ပေးထား တဲ့ အငယ်စား ရေအား လျှပ်စစ်ဓာတ်ရှိန်မလုံလောက် နိုင်တဲ့အတွက် မိမိတို့ ကိုယ့်အားကိုယ်ကိုး ကိုယ်ထူ ကိုယ်ထနည်းဖြင့် ၃၀၀ ကီလိုဝပ်အားရှိ ရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ခဲ့ပါတယ်။

ကျွန်တော်တို့ ဒေသ ယခုလို ဖွံ့ဖြိုး တိုးတက်လာ ခြင်းဟာ နိုင်ငံတော် အစိုးရ တပ်မတော် ခေါင်း ဆောင်ကြီးများမှ မိမိတို့ဒေသ၊ မိမိတို့ဒေသခံ တိုင်း ရင်းသားများ အပေါ် ထားရှိတဲ့ စစ်မှန်ဖြူစင်တဲ့ စေတနာ သဘောထားနဲ့ အင်တိုက် အားတိုက် ကြပ်ကြပ်မတ်မတ် ဝိုင်းဝန်းကူညီ ပံ့ပိုးမှုများနဲ့ ခွဲလို့ မရပါ။ အလားတူပဲ ကျွန်တော်တို့ ဒေသခံတိုင်းရင်း သား ခေါင်းဆောင် အဖွဲ့အစည်းရဲ့ တက်ကြွစွာ ပါဝင်လက်တွဲ ဆောင်ရွက်မှုမခိုကတ်မှု၊ နိုင်ငံတော်မှ ချပေးသည့် ဖွံ့ဖြိုးရေး ဘဏ္ဍာငွေများအပြင် ကိုယ့် ရင်ရှာ ကိုယ့်ဒေသ ကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးမို့ တတ်နိုင်သမျှ ထပ်ဆောင်း စိုက်ထုတ် ဆောင်ရွက်မှု များနဲ့လည်း ခွဲလို့မရပါ။

သဘာပတိကြီး ခင်ဗျား။ ကိုယ် စား လှယ် တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ အထူးဒေသ (၄) နဲ့ ပတ်သက်လို့ "အထူး ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း" အဖြစ် သတ်မှတ်ပေးဖို့ တင်ပြ တောင်းဆို အပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများမှ ဝိုင်း ဝန်းညှိနှိုင်း ဆွေးနွေးကူညီ ပံ့ပိုးပေးကြဖို့ အထူး မျှော်လင့် ပါတယ်။

လိုအပ်သည့် ရှင်းလင်းမှု တချို့ ပြုရမယ် ဆိုလျှင် တိုင်းအဆင့် တောင်းဆိုရခြင်းမှာ လက်ရှိ ကျွန် တော်တို့ အထူးဒေသ (၄) ကို နိုင်ငံတော်မှ တိုင်း အဆင့် သတ်မှတ် ပေးထား၍ ဖြစ်ပါတယ်။ ကျွန် တော်တို့ "အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" မှာ အခါ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ခရိုင်၊ ရှမ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရခရိုင်နဲ့ လွယ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ခရိုင်များကို ဖွဲ့စည်း ထားရှိ သွားပါမယ်။

ကျွန်တော်တို့ ဒေသအတွင်း မှီတင်း နေထိုင်တဲ့ တိုင်းရင်းသား လူမျိုးများဟာ မိမိ လူမျိုးများ အလိုက် မိမိဒေသကို ကိုယ်စားပြုနိုင်မှုနဲ့ မိမိဒေသကို မိမိတို့ စီမံခန့်ခွဲ နိုင်ခွင့်ကို ရရှိခံစားနိုင်မှုတို့ကို ရရှိ စေဖို့ဖြစ်ပြီး၊ မိမိဒေသ အခြေအနေနဲ့လည်း လျော် ညီမှုရှိပါတယ်။

ကျွန်တော်တို့ဒေသကိုသာမန်ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း အဆင့်မျိုးသာမက "အထူး" ပါ ထည့် ပေး စေလို ပါတယ်။ "အထူး" ထည့်ပေးဖို့ တောင်းဆိုရခြင်းမှာ ကျွန်တော်တို့ ဒေသနဲ့ ဒေသခံ

တိုင်းရင်း သားများမှာသမိုင်း နောက်ခံကြောင်းရပ် ထူးခြားမှု၊ တည်နေရာ အရေးပါ ထူးခြားမှု၊ နိုင်ငံတော် လုံခြုံမှုနဲ့ ကာကွယ်ရေး အတွက် ထူးခြားမှု၊ စီးပွားရေး၊ နိုင်ငံရေး ထူးခြားမှုများ ရှိနေလို့နဲ့ ရှိလာနိုင်လို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒေသနဲ့ ဒေသခံ တိုင်းရင်းသားများဟာ ခေတ်နောက်ကျ ကျန်ရစ်နေသည့် အနေအထားမှ အရှိန်အဟုန်မပျက် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာဖို့အတွက်နဲ့ နိုင်ငံတော်နဲ့ အလျင် အမြန် ထိရောက်စွာ ဆက်သွယ်မှု ရှိဖို့အတွက် ပြည်နယ်အစိုးရသက်သက်တင်မကဘဲ ဗဟိုနဲ့တိုက်ရိုက် ဆက်သွယ်နိုင်သည့် အနေအထား ပုံစံမျိုးလည်း လိုအပ်ပါတယ်။

ကျွန်တော်တို့ အနေနဲ့ ဘယ်လူမျိုးနဲ့ဖြင့် မတွဲလိုပါ၊ ဘယ်ပြည်နယ်အောက်မှာမှ မနေလိုပါ စတဲ့လူမျိုးရေးနဲ့ ဒေသအမြင်များကြောင့် မဟုတ်ဘဲ မိမိဒေသထူးခြားမှုနဲ့ ဘက်စုံလုပ်ငန်းရပ်များ ပိုမိုလျင်မြန်ထိရောက်နိုင်ရေးအတွက် ဗဟိုနဲ့မိမိတို့ ဒေသအကြားမှာ အဆင့်များ နည်းနိုင်သမျှ နည်းစေလိုခြင်းနဲ့ အချိုကိစ္စ ရပ်များကို ပြည်နယ်အဆင့်မှ ထိရောက်စွာ ဆောင်ရွက် ပေးနိုင်မှာ မဟုတ်တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငြိမ်းချမ်းရေး (၅) နှစ်တာခရီးစဉ်အတွင်းမှာလည်း မနှစ်သက်ဖွယ် အတွေ့အကြုံများ ရရှိခဲ့ပါတယ်။ နိုင်ငံတော်အစိုးရ ခေါင်းဆောင်ကြီးများနဲ့ ဗဟိုမှအခြေအနေ လိုအပ်ချက်နဲ့ အညီ အမြော်အမြင်ရှိရှိ စေတနာ ထက်သန်စွာဖြင့် ပံ့ပိုး ကူညီမှုများ ပြုခဲ့ရာမှာ ကြားခံ အဆင့်များမှ ဖြတ်တောက်ထိန်းညှိမှုများ ပြုတတ်နေပြန်၍ ကျွန်တော်တို့အတွက် ပေးကားပေး၏ မရဆိုသလို ပေးသလောက်မရသည့် အခြေအနေများနဲ့ ကြုံခဲ့ရဖူးပါတယ်။ နိုင်ငံတော်အစိုးရ ခေါင်းဆောင်ကြီးများနဲ့ ဗဟိုများရဲ့ ကျွန်တော်တို့ အပေါ်ထားရှိတဲ့ စေတနာနဲ့ ကူညီပံ့ပိုးမှုများကို ကျွန်တော်တို့ ဒေသနဲ့ ဒေသခံ တိုင်းရင်းသားများမှ အပြည့်အဝ မခံစားကြရ၊ မမြင်တွေ့ကြရပါ။ ဒါ့ပြင် နယ်မြေဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးအတွက် ဗဟိုဘဏ္ဍာမှ ချပေးသည့် စီမံကိန်းများမှာ မိမိတို့အနေဖြင့် ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသမို့ ငွေမလုံလောက်သည်ကိုပင် စိုက်ထုတ်ကာ ပိုမိုသုံးစွဲ တည်ဆောက် ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်တိုင် ဗဟိုမှ ချပေးသည့်ငွေကို ကြားခံအဆင့်များမှာ လုပ်ထုံး လုပ်နည်းများအရ ချက်ချင်း ထုတ်မရဘဲ ကြန့်ကြာနေမှုများနဲ့လည်း ကြုံခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ဒေသ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့နဲ့ ကျွန်တော်တို့ ဒေသရဲ့ ထူးခြားမှုအနေအထားဖြင့် နိုင်ငံတော်အတွက်ပိုမို၍ အကျိုးသယ်ပိုးနိုင်ဖို့အတွက် ဗဟိုနဲ့ တိုက်ရိုက် ဆက်သွယ်နိုင်မှုဟာလည်း အထူးလိုအပ် အရေးပါပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ဒေသခံ တိုင်းရင်းသားများရဲ့ ယုံကြည်ကိုးစား အားထားမှုကို အပြည့်အဝရရှိနေပြီး ကျွန်တော်တို့ ဒေသ တစ်ခုလုံးကို လုံးဝချုပ်ကိုင်ထားနိုင်ပါတယ်။ ကျွန်တော်တို့ဒေသတွင် အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဖွဲ့စည်း နိုင်မည်ဆိုလျှင် နိုင်ငံတော်၏ လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် ကျွန်တော်တို့ မျက်နှာစာမှ လုံးဝအာမခံချက် ပေးသွားပါမယ်။ တိုင်းပြည်ကို ရန်ပြု နှောင့်ယှက်နေတဲ့ ပြည်တွင်းပြည်ပ အင်အားစုများ အသုံးမချနိုင်အောင်နဲ့ ခြေမချနိုင်အောင် ကျွန်တော်တို့ လုံးဝထိန်းသိမ်းသွားနိုင်ပါတယ်။ နိုင်ငံတော် တပ်မတော်နဲ့၊ ကျွန်တော်တို့ဒေသ လျင်မြန်ထိရောက်စွာ အဆက်အသွယ် ပြုနိုင်ဖို့နဲ့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားများ ထိရောက်လျင်မြန်စွာ လည်ပတ်နိုင်မှု အတွက်အာမခံသွားပါမယ်။ လက်ရှိအချိန်မှာ ကျွန်တော်တို့ နိုင်ငံဟာ လုံးဝအေးချမ်းသေးတာ မဟုတ်ပါ။ ဆူပူလှုပ်ရှားလိုသူနဲ့ ကျွန်တော်တို့ဒေသ အနီးအနားမှာပင် လူမျိုးရေး အခြေခံတဲ့ အတိုက်အခံ ပြုနေတဲ့ လက်နက်ကိုင် အဖွဲ့အစည်းများလည်း ရှိနေဆဲဖြစ်ပါတယ်။ သူတို့မှာ တစ်စုံတစ်ခုသော အင်အားနဲ့ ဆွဲဆောင်မှုလည်းရှိနေပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ အထူးဒေသ (၄) ကို ဒေသခံ တိုင်းရင်းသားထု တစ်ရပ်လုံးနဲ့ အဖွဲ့သားများ အပါအဝင် တည်တည်ငြိမ်ငြိမ်နဲ့ ဥပဒေဘောင် အတွင်း ဆက်လက် ရပ်တည် နိုင်ရေး အတွက်နဲ့ နိုင်ငံတော်၏ သဘောထားကြီးမှုကို အခိုင်အမာ မြင်တွေ့ခံစားနိုင်အောင်တို့ အလို့ငှာ "အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း" အဖြစ် သတ်မှတ်ဖွဲ့စည်းပေးဖို့ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေး စဉ်းစားပေး စေလိုပါတယ်ခင်ဗျား။

သဘာပတိကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံတော် အကြီးအကဲ အခန်းနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြပါမယ်။

နိုင်ငံတော် အကြီးအကဲဟာ နိုင်ငံတော် သမ္မတ ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတရဲ့ အနေအထား၊ နိုင်ငံတော် သမ္မတမှာ ရှိသင့်တဲ့အရည်အချင်း၊အရည်အသွေး၊ နိုင်ငံတော် သမ္မတရဲ့ တာဝန် ဝတ္တရားများ၊ အခွင့်အရေး ခံစားခွင့်များ၊ နိုင်ငံတော် သမ္မတကိုသမ္မတ ရွေးချယ်တင်မြှောက်ရေး၊ အဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်ပုံ၊ နိုင်ငံတော် သမ္မတတစ်ဦးနဲ့ ဒုတိယ သမ္မတ နှစ်ဦးထားရှိမှု၊ နိုင်ငံတော်သမ္မတရဲ့ သက်တမ်း၊ နိုင်ငံတော် သမ္မတအား စွပ်စွဲပြစ်တင်ခြင်း၊နိုင်ငံတော်သမ္မတ၊ဒုတိယသမ္မတနေရာလစ်လပ်လျှင် ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများနဲ့ ပတ်သက်လို့ အမျိုးသား ညီလာခံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့က ရှင်းလင်း ပြောကြားချက်ပါ သက်ဆိုင်ရာ အကြောင်းအချက်များ အားလုံးကို မိမိတို့ နှစ်သက်လိုလားပါတယ်။ ဒီအတိုင်းလည်းဖြစ်သင့်ပါတယ်။ နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများကို ဤနည်းဖြင့် ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းဟာ ဦးတည်ချက် (၆) ရပ်နဲ့ ပြည့်စုံရုံသာမက ဦးတည်ချက် (၆) ရပ်ကို ပီပီပြင်ပြင် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

ဒီတာဝန် အရေးသုံးပါးနဲ့ နိုင်ငံတော် တိုးတက်ကြီးပွားရေး တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက် နိုင်မယ့် နိုင်ငံတော် သမ္မတမျိုးကို ရရှိမှာ ဖြစ်ပါတယ်လို့ မိမိတို့ ယုံကြည်ပြီး လုံးဝထောက်ခံပါကြောင်း ဖော်ပြရင်း တင်ပြချက်ကို နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးအထူး တင်ပါတယ်။

(သြဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြား တင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅) မှ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ]

**အခမ်းအနားမှူး။** အခု ဆက်လက်ပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅) မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

ဦးမထုနော်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမထုနော် (အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့)။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ အမှတ် (၅) မှ ကချင်တိုင်းရင်းသား ခေါင်းဆောင် ဦးမထုနော်၏ အမျိုးသားညီလာခံတွင် တင်သွင်းသည့်စာတမ်း။**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသအမှတ် (၅) မှ ကချင် တိုင်း ရင်း သား ခေါင်း ဆောင် ဦးမထုနော် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမယ့် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်း၍ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်း ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်း၍၊ ကျွန်တော်တို့ ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ အမှတ် (၅) ကချင် တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော် အခန်းနဲ့ စပ်လျဉ်း၍—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်

ဟု အခြေခံမူများ ချမှတ်ထားကို ထပ်မံဖြည့်စွက် အကြံပြုရန် မရှိတော့ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့်စပ်လျဉ်း၍—

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(၂) ရှိရင်းစွဲ တိုင်း ၇ တိုင်း ကို တိုင်းဒေသကြီး ( Region ) ၇ ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် ၇ ပြည်နယ်ကို ပြည်နယ် (State) ၇ ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်း ဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်၊

(၃) ထိုတိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်၊

(၄) တိုင်းဒေသကြီး တစ်ခုခု အမည်ကိုဖြစ်စေ၊ ပြည်နယ် တစ်နယ်၏ အမည်ကို ဖြစ်စေ ပြောင်းလဲ သတ်မှတ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မည်၊

(၅) တိုင်းဒေသကြီးများ (သို့မဟုတ်) ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီးသည့်တိုင်းရင်းသားလူမျိုးများမှအပ၊ ကျန် တိုင်းရင်းသား လူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ (Self Administered Areas) သတ်မှတ် ပေးရန် ဖြစ်သည်၊

(၆) ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အကျယ်အဝန်း အပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ( Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်၊

(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများစသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်း အခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ

ဟု အခြေခံမူများ ချမှတ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် စပ်လျဉ်း၍ အပိုဒ် ၂ ရှိရင်းစွဲ တိုင်း ၇ တိုင်းကို တိုင်းဒေသကြီး (Region) ၇ ခု အဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် ၇ ပြည်နယ်ကို ပြည်နယ် (State) ၇ ပြည်နယ် အဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထို တိုင်းဒေသကြီး ၇ ခု နှင့် ပြည်နယ် ၇ ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။ အပိုဒ် ၃ ထို တိုင်းဒေသကြီး ၇ ခု နှင့် ပြည်နယ် ၇ ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆို သုံးနှုန်းသည်လို့ မူချမှတ် ထားပါတယ်။ အဲဒီ အခြေခံရမယ့်မူတွေနဲ့အညီ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များကို အောက်ပါအတိုင်း ခေါ်ဝေါ် ပိုင်းခြား သတ်မှတ်ဖို့ အခြေခံရမယ့်မူ ချမှတ်သင့် ပါတယ်။ နိုင်ငံတော်ကို အောက်ပါအတိုင်း ဒေသကြီး (Region) ၇ ခုနဲ့ ပြည်နယ် (State) ၇ ပြည်နယ် ဖြင့် ပိုင်းခြား သတ်မှတ်သည် —

— ကချင်ပြည်နယ်

— ကယားပြည်နယ်

— ကရင်ပြည်နယ်



51

— ချင်းပြည်နယ်
— စစ်ကိုင်းတိုင်း ဒေသကြီး
— တနင်္သာရီတိုင်းဒေသကြီး
— ပဲခူးတိုင်း ဒေသကြီး
— မကွေးတိုင်း ဒေသကြီး
— မန္တလေးတိုင်း ဒေသကြီး
— မွန်ပြည်နယ်
— ရခိုင်ပြည်နယ်
— ရန်ကုန်တိုင်း ဒေသကြီး
— ရှမ်းပြည်နယ်
— ဧရာဝတီတိုင်းဒေသကြီး

တို့ဖြစ်ပါတယ်။

ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ် (၇) ပြည်နယ်ဖြင့် အဆင့်အတန်းတူ ဖွဲ့စည်းခြင်းဟာ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေအရ လျော်ကန်သင့်မြတ်တယ်လို့ တင်ပြအပ်ပါတယ်။

**သဘာဝပတိကြီး ခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အခန်း အပိုဒ် (၅) တိုင်းဒေသကြီး များ (သို့မဟုတ်) ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ၊ ကျန်တိုင်းရင်းသား လူမျိုးများ အနက်၊ လျော်ကန်သင့်မြတ်သည့် လူဦးရေရရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများ (Self Administered Areas)သတ်မှတ်ပေးရန်ဖြစ်သည်။ အပိုဒ်(၆) တွင် ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေ အကျယ်အဝန်းအပေါ်အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) (သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်။

အထက်ဖော်ပြပါ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) (သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(Self Administered Zone) ဖွဲ့စည်းပေးရေးနဲ့ စပ်လျဉ်း၍ ကျွန်တော်တို့ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၅) ကချင်တိုင်းရင်းသားများအနေဖြင့်၊ ကချင်ပြည်နယ်ရရှိပြီးဖြစ်သော်ငြားလည်း ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရှေးယခင်ကတည်းကနေ၊ အစဉ်အဆက်မပြတ် နယ်မြေဒေသများကို အုပ်ချုပ်လာခဲ့တဲ့ တိုင်းရင်းသားများ ဖြစ်သည်က တစ်ကြောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရလက်ထက်တွင် အထူးဒေသအမှတ် (၅) အဖြစ်လည်းကောင်း တည်မြဲနေဆဲ ဖြစ်သည့်အတွက်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအောက်ရှိ ကချင် တိုင်းရင်းသားများ ကိုယ်ပိုင်အုပ် ချုပ် ခွင့် ရ တိုင်း (Kachin Nationals Self Administered Division) တောင်းဆိုလိုပါတယ်။ ကချင် တိုင်းရင်းသားများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း တောင်းဆိုခြင်း၏ သမိုင်းအထောက်အထားများကိုလည်း တင်ပြလိုပါတယ်။

၁။ ရှေးယခင်ကတည်းမှစ၍ နိုင်ငံတော်အစိုးရမှ စီမံပေးခဲ့၍ မိမိနယ်မြေဒေသများကို စီမံကွပ်ကဲ အုပ်ချုပ်ပိုင်ခွင့်ရခဲ့တဲ့နယ်မြေဒေသများဖြစ်ပါတယ်။ မြန်မာဘုရင် အလောင်းမင်းတရားကြီးက ကချင် တိုင်းရင်းသား ခေါင်းဆောင်များ ဖြစ်ကြတဲ့ ယခု မူဆယ်မြို့နယ် မံနိုးဟန့်ဒူဝါ၊ ကွတ်ခိုင်မြို့နယ် မုန်စီးဒူဝါတို့အား နယ်မြေအုပ်ချုပ်ခွင့်အာဏာ အပ်နှင်းထားသော ရှေးဟောင်းကျောက်ရုပ်ထု မြေပုံ ယနေ့အထိ ရှိပါတယ်။

၂။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကချင် တိုင်းရင်းသား များ သည် ကို လို နီ ခေတ်တွင် သိန္နီနယ်ရှင်စော်ဘွားကြီး၏လက်အောက်တွင် တိုက်နယ် (၉၉) ဖြင့် ကချင်တိုင်းရင်းသား အကြီးအကဲများက စီမံအုပ်ချုပ်ခွင့်ရတဲ့ ဒေသများ ဖြစ်ပါတယ်။

၃။ ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေးနဲ့ အတူ နေ့စွဲ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းသိန္နီစော်ဘွားကြီးနဲ့ ကချင်တိုင်းရင်းသား အကြီးအကဲများ စာချုပ်

လက်မှတ်ရေးထိုးပြီး ကချင် တိုင်းရင်းသားများ စီမံအုပ်ချုပ်တဲ့ ကချင်ကိုယ်ပိုင် အုပ်ချုပ်ရေး ပြည်နယ်ခွဲ(Kachin Sub-State)အဖြစ် အသိအမှတ် ပြုခဲ့ပါတယ်။

၄။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိ သည့် နေ့မှ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီအစိုးရ တက်လာသည့် အချိန်အထိ၊ ကချင် ဆပ်စတိတ် (Kachin Sub-State) တည်ရှိခဲ့ပြီး၊ ယင်းကချင် ဆပ်စတိတ်ကို ကချင် ဆပ်စတိတ် ကောင်စီ (Kachin Sub-State Council) မှ ဦးဆောင် ကွပ်ကဲ အုပ်ချုပ် ခဲ့ပါတယ်။ ကချင် ဆပ်စတိတ် ကောင်စီရုံးအဆောက်အအုံမှာ ယခုထက်တိုင် ကွတ် ခိုင်မြို့၊ ရပ်ကွက်(၅)တွင်ရှိပြီး၊ မြို့နယ်စည်ပင်သာယာ ရေးရုံးအဖြစ် အသုံးပြုနေပါတယ်။

၅။ ပြည်ထောင်စု မြန်မာနိုင်ငံပါလီမန်ဒီမိုကရေစီ ခေတ်လက်ထက်တွင် ကချင်ဆပ်စတိတ်မှ ရွေးချယ် တင်မြှောက် သော ပြည်နယ် လွှတ် တော် ကိုယ် စားလှယ်များမှာ ရှမ်း ပြည်နယ် အစိုးရအဖွဲ့တွင် ဝန်ကြီးများ တာဝန် ယူခဲ့ ကြပါတယ်။ ကချင် စပ် စတိတ်မှ ရွေး ချယ် ခံရသော ဝန် ကြီး များ မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။—

— ဝန်ကြီး ဦးလရှီးဂမ်၊ မိုင်းပေါ်နမ့်ချက် ကျေးရွာ၊ မူဆယ်မြို့နယ်၊
— ဝန်ကြီး မရန်ဇော်လ (ဘဏ္ဍာရေးဝန်ကြီး) မန်ဂျယ်ရွာ၊ ကွတ်ခိုင်မြို့နယ်၊
— ဝန် ကြီး လုဆင်းဇော်လတ် (ဘဏ္ဍာရေး ဝန်ကြီး) ရပ်ကွက်(၃)၊ သိန္နီမြို့ တို့ဖြစ်ပါတယ်။

၆။ နယ်မြေဒေသ လုံခြုံရေး၊ အေးချမ်းသာယာ ရေး အတွက် ကျူးကျော် ဝင်ရောက်လာတဲ့ ရန်သူ များကို အသည့်မခံ ကာကွယ် တိုက်ခိုက်ခဲ့ပါတယ်—

(၁) မြန် မာ နိုင် ငံသို့ ကေအမ်တီ( KMT ) တ ရုတ် ဖြူ တပ် များ ကျူး ကျော် ဝင် ရောက်တဲ့ အချိန်တွင် ကချင်ဆပ်စတိတ် အတွင်းရှိ တိုင်းရင်းသားများ တရုတ်ဖြူ တပ်နှင့် ပူးပေါင်းခြင်းမပြုရန် ကချင် စတိတ်ကောင်စီမှ စွမ်း စွမ်း တမံ တားမြစ် ဆောင် ရွက် ရင်း ဆန့် ကျင် တိုက် ခိုက် အောင်မြင်ခဲ့ပါတယ်။

(၂) ဗ မာ ပြည် ကွန် မြူ နစ် ပါတီ များ ဝင် ရောက်သောင်းကျန်းခဲ့တဲ့အချိန်၊ ကချင် ဆပ်စတိတ်အတွင်းရှိမုံးကိုး၊ဖောင်းဆိုင်နှင့် မိုင်း ပေါ် ဒေသမှ ကချင်တိုင်းရင်းသား များသည် ဗကပကိုအသည့်မခံဘဲ ပြည်သူ့ စစ်အသွင်ဖြင့် တပ်မတော်နှင့် ပူးပေါင်းပြီး တိုက် ခိုက် ခဲ့ ပါ တယ်။ ယ ခု လက်ရှိတွင် လည်း တပ်မတော်နှင့် ပူးပေါင်း၍ ပန် ဆိုင်းမြို့၊ ကွတ်ခိုင်မြို့၊ ကွတ် ခိုင် မြို့နယ် ပုန်း ထွန် မန် ပိန်း ရွာတို့တွင် အခြေစိုက် နေလျက်ရှိပါတယ်။

(၃) မြန်မာနိုင်ငံကို သိမ်းပိုက်မည်ဟုဝင်ရောက် လာ တဲ့ ဗ မာ ပြည် ကွန် မြူ နစ် ပါ တီ သောင်း ကျန်း သူ များကို ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကချင်လက်နက်ကိုင် တော် လှန်ရေးတပ် (ကေအိုင်အေ)ခေတ်ကာလ တွင် ၁၉၆၈ ခုနှစ်မှ ၁၉၇၆ ခုနှစ် အထိ (၈)နှစ်တိုင်တိုင် ခုခံတိုက်ခိုက် ကာကွယ်ခဲ့ ပါတယ်။

၇။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ တပ်မတော်အစိုးရလက်ထက်တွင် အထူးဒေသ အမှတ်(၅)ဟု အသိအမှတ်ပြုကာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရက တိုက်ရိုက်ကွပ်ကဲနေသော နယ်မြေဒေသများဖြစ်ပါ တယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ တပ်မတော် အစိုးရက (၅) နှစ်တာ ကာလ အတွင်း ဘယ်အစိုးရလက်ထက်ကမှ မဆောင်ရွက် ပေးခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ် ဒေသနှင့် အထူးဒေသများတွင် ခေတ်မီ ဖွံ့ဖြိုးတိုး တက် လာနေကြတယ်ဆိုတာ အားလုံး မျက်မြင် ကိုယ်တွေ့ဖြစ်ပါတယ်။ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမှု

ဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရ ဗဟိုမှ တိုက်ရိုက် ကွပ်ကဲခြင်း၊ အထူးဒေသများမှလည်း ဗဟိုသို့ တိုက်ရိုက် တင်ပြနိုင်ခွင့်ရှိခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယခုလက်ရှိအထူးဒေသအမှတ်(၅)ကို ဗဟိုမှတိုက်ရိုက် စီမံကွပ်ကဲအုပ်ချုပ်သလို ကျွန်တော်တို့ တောင်းဆိုသော ကချင်တိုင်းရင်းသားများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကိုလည်း ကြားခံစံနစ်မဟုတ်ဘဲ ဗဟိုမှ တိုက်ရိုက် စီမံကွပ်ကဲအုပ်ချုပ်တဲ့စနစ် ဆက်လက်ကျင့်သုံးရန် တင်ပြအပ်ပါတယ်။

ဤကဲ့သို့ဗဟိုနဲ့တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့် နိုင်ငံတော် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ထိရောက်၍ လျှန်မြန်စွာ အကောင် အထည် ဖော်နိုင်ခြင်း၊ တပ်မတော်နဲ့ ပူးပေါင်း၍ နိုင်ငံတော် လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေး လုပ်ငန်းများ အကောင် အထည် ဖော်ရာတွင် နိုင်ငံတော် အစိုးရအား ထိရောက်စွာအထောက်အကူပြုနိုင်ခြင်း စတဲ့ လုပ်ငန်းရပ်များကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကချင် တိုင်းရင်းသားများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် သတ်မှတ်ပေးရန် နယ်မြေများမှာ—

လားရှိုး အနောက်ဘက် မိးရထားလမ်းအတိုင်း နမ္မတူအထိ၊ ၎င်းမှ မန်တုံ ကား လမ်း အ တိုင်း ကောင်းကတ်ရွာ၊ လွယ်မော်မိန်းတောင်၊ ဆင်းခေါင်းတောင် (မဟိုဂျန့်)၊ ကရွန်၊ နမ့်ငေါန့်၊ နမ့်လက်၊ နမ့်တာ၊ ဟူရီး၊ နမ့်ခိုင်၊ မိုင်းယုံ အထိ၊ ၎င်းမှ လွန်လှိုင်၊ ဗျူဟာ လမ်းတစ်လျှောက် ပန်ငူး၊ ဆင်ကြိုင်၊ ကောင်းဝိုင်၊ ကော်ရီ (ကချင်)၊ ရွှေလီမြစ်နား မန်ဟောင်း (ရှမ်းရွာ) အထက်အားလုံး၊ နမ့်ခမ်း အနောက် မြောက်ဘက် ရွှေလီမြစ်အနောက်မြောက်ခြမ်း၊ နမ့်ဆာ ပတ္တမြား နယ်မြေဒေသ၊ ကချင်ပြည်နယ်စပ်ကြားရှိ လပ်ဆင်၊ မော်တောင်း၊ ရန်ဝူး၊ ကျမ်းကား၊ ကကျစ်၊ ကင်ဆော်၊ တုံဟုံး၊ လွယ်ဆိုင်၊ လွယ်ဆောင့်၊ ဂျယ်အိုအထိ၊ လားရှိုး အရှေ့ဘက် ပန်ဟုံးတောင်၊ လွယ်လန်းတောင်၊ နမ့်ဆွယ် ချောင်းအတိုင်း သံလွင်မြစ် ဆိုင်းလုံ ကူးတို့အထိ၊ ၎င်းမှ မြောက်ဘက် သံလွင်မြစ်တစ်လျှောက် သံလွင်မြစ် အနောက်ခြမ်း နယ်မြေ အားလုံးတို့ကို အတည်ပြု သတ်မှတ်ပေးရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ [၁၉၄၇ခုနှစ်၊ ကချင် တိုက် သူကြီးများ အုပ်ချုပ်တဲ့ နယ်မြေပြ မြေပုံ (သို့မဟုတ်) ယခုစာတမ်းတွင် တင်ပြတောင်းဆိုသော ကချင်တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း မြေပုံပူးတွဲ တင်ပြအပ်ပါတယ်။]

ဂ။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရန် အတွက် ရှမ်းပြည် မြောက် ပိုင်းရှိ က ချင် တိုင်း ရင်း သားခေါင်း ဆောင် များ သည့် ရှမ်း စော် ဘွား များနဲ့ အတူ၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်း ဆောင် ရွက် ခဲ့ကြပါတယ်။ ဗိုလ် ချုပ် အောင် ဆန်းနဲ့ ရှမ်းပြည်ရှိ ကချင် ဒူဝါများ၊ ကချင်ပြည်နယ်ရှိ ကချင်ဒူဝါများနဲ့ ရှမ်းစော်ဘွားများ လွတ်လပ်ရေး တောင်းဆိုရန် သ ဘော တူလက်မှတ်ရေးထိုး နေတဲ့ ဓာတ်ပုံကိုလည်း ပူးတွဲတင်ပြအပ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** အထက်မှာ တင်ပြခဲ့တဲ့ နယ် မြေ အ တွင်း မှာ နေထိုင် ကြတဲ့ ကချင် တိုင်း ရင်း သားများ လူဦးရေမှာ တစ် သိန်း ငါးသောင်း လောက် ရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူ မှု ရေး များ မှာ ခေတ် အ ဆက် ဆက် က အရည်အချင်းပြည့်ပြည့်နဲ့ စီမံဆောင်ရွက်ခဲ့တဲ့ အစဉ်အလာ ကောင်းများ ရှိပါတယ်။ နယ်မြေအရ ကျယ်ဝန်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားဖြင့် ရပ်တည်နိုင်စွမ်းရှိတဲ့ နယ်မြေ ဒေသများ ဖြစ်ပါတယ်။

**သဘာဝပတိကြီး ခင်ဗျား။** လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ပေးရန်လည်း ထောက်ခံတင်ပြအပ်ပါတယ်။ အထက်ပါ

အတိုင်း သတ်မှတ်ရာတွင် နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး —

— ကျေးရွာများကို ကျေးရွာ အုပ်စု အဖြစ် လည်းကောင်း၊

— ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ် အဖြစ် လည်းကောင်း၊

— ကျေးရွာ အုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊

— မြို့နယ်ကို ခရိုင်အဖြစ် လည်းကောင်း၊

— ခရိုင်များကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊

— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် လည်းကောင်း၊

— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထို တိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး၊ ယင်းခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် လည်းကောင်း၊

— တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့်ခရိုင်များကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အဖြစ် လည်းကောင်း၊

— ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် စုစည်းရန် အခြေခံမူ ချမှတ်သင့်ပါတယ်။ (အဘယ်ကြောင့် ဆိုသော်ဗဟိုမှ တိုက်ရိုက် ကွပ်ကဲသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖြစ်ပေါ်လာမယ့် အကြောင်းများ ရှိပါသဖြင့် နိုင်ငံတော်ကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များဖြင့် စုစည်းသည့်အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ အပါအဝင် စုစည်းရန်ဖြစ်သည်။)

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက နိုင်ငံတော် သမ္မတဟာ ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူပေးပါရန် ပထမဦးစွာ အကြောင်းကြားရမည်ဖြစ်သည်။ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်ဟာ အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို ရယူရမယ်—

(၁) တိုင်း ဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၂) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၃) အဲဒီ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများမှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရန် လိုအပ်ပါတယ်။

အဲဒီလို သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ထောက်ခံဆန္ဒမဲ အသီးသီးရရှိလျှင် နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို နိုင်ငံတော် သမ္မတက ပြင်ဆင် သတ်မှတ်ပေးရေးအတွက် အခြေခံရမည့်မူ ချမှတ် သင့်ပါတယ်။

အထက်တွင် သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့ အညီ လွှတ်တော် တစ်ရပ်ရပ်က ဖြစ်စေ၊ အဲဒီ လွှတ်တော် နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များက ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသက လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ် ပြင်ဆင်ရေးနဲ့ စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူဆောင်ရွက်ဖို့နဲ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံသုံးပုံ အထက်က ထောက်ခံလျှင် နိုင်ငံတော် သမ္မတက နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးနိုင်သည်ဟု အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီး ခင်ဗျား။ တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ် ပြင်ဆင် သတ်မှတ်ဖို့အကြောင်း ပေါ်ပေါက်လာပါက အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူရန် ဖြစ်တယ်။ ရယူတဲ့ အခါမှာ နယ်မြေအတွင်း နေထိုင်ကြတဲ့ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိ ဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ ရရှိမှ ပြင်ဆင်သတ်မှတ်နိုင်တယ်။ ပြင်ဆင်သတ်မှတ်သင့်ကြောင်း ထောက်ခံဆန္ဒမဲရရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆန္ဒမဲ လေးပုံ သုံးပုံအထက် ထောက်ခံဆန္ဒမဲ ရရှိလျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူပြီး နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ဖို့ သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေရဲ့ လေးပုံသုံးပုံအထက် ထောက်ခံ ဆန္ဒမဲပေးလျှင် နိုင်ငံတော် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးရေး အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

ဗဟိုမှ တိုက်ရိုက်စီမံ ကွပ်ကဲသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများ၌ နယ်နိမိတ် ပြင်ဆင် သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်လာပါက အထက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပြုလုပ်ဖို့အကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ဗဟိုက တိုက်ရိုက် စီမံကွပ်ကဲသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး၊ နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်နိုင်ရေး အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။ တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ်နှင့် ဗဟိုမှ တိုက်ရိုက်စီမံ ကွပ်ကဲသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ အမည်ကို ပြောင်းလဲသတ်မှတ်ရန်လိုအပ်လျှင်လည်း သက်ဆိုင်ရာနယ်မြေဒေသ အတွင်း နေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ ဆန္ဒရယူပြီး အထက်ပါ နည်းလမ်းအတိုင်း နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှာ ထည့်သွင်းဖော်ပြရမယ်။

သဘာပတိကြီး ခင်ဗျား။ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ ဗဟိုရုံးစိုက်တဲ့ ရန်ကုန်မြို့သည် မြို့တော်အင်္ဂါရပ်နဲ့ ပြည့်စုံနေပြီးဖြစ်၍ နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ၎င်းရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ထားရှိတဲ့ ပြည်ထောင်စု

နယ်မြေအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်ရန်အကြံပြုပါတယ်။ ဒါ့အပြင် ထူးခြားတဲ့ အခြေအနေရှိတဲ့ ကိုကိုးကျွန်း မြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှု အောက်မှာ ထားရှိရန် အခြေခံရမယ့်မူ ချမှတ်ရန် အကြံပြုတင်ပြပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် အကြီးအကဲအခန်းနဲ့စပ်လျဉ်း၍—

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သည်တို့ဖြစ်ပါတယ်။

နိုင်ငံတော် အကြီးအကဲဟာ နိုင်ငံတော်သမ္မတဖြစ်ကြောင်း ချမှတ်ထားတဲ့ အခြေခံရမယ့်မူအပေါ် ရပ်တည်ပြီးတင်ပြလိုပါတယ်—

(၁) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအာဏာ အပြည့်အဝ ကျင့်သုံးနိုင်မည့် သမ္မတဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ တံခွန်၊ နိုင်ငံသူနိုင်ငံသားများရဲ့ အားကိုးအားထားရာ အမျိုးသား ခေါင်းဆောင်ကြီးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကိုကိုယ်စားပြုကြောင်း၊ နိုင်ငံတော် သမ္မတသည် နိုင်ငံသားအားလုံးရဲ့ အမျိုးသား ခေါင်းဆောင်ဖြစ်ကြောင်း၊ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်နေရာရရှိကြောင်း အခြေခံ ရမယ့်မူ ချမှတ်သင့်ပါတယ်။

(၂) နိုင်ငံတော် သမ္မတမှာ ရှိသင့်ရှိအပ်တဲ့ အရည်အချင်းနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်ရဲ့ အမျိုးသား ခေါင်းဆောင် ဖြစ်တဲ့အားလျော်စွာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော် တိုးတက်ကြီးပွားရေး တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ့် ပုဂ္ဂိုလ်ဖြစ်ရပါမယ်။ ဒီလိုစွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်အရေး အရာများနဲ့ စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်း ရှိသူဖြစ်ဖို့ လိုအပ်ပါတယ်။ ဖော်ပြပါ အရည်အချင်းသည် နိုင်ငံတော်သမ္မတ တစ်ဦးမှာ ရှိသင့်တဲ့ အရည်အချင်းအဖြစ်သတ်မှတ်ရေးအတွက် အခြေခံရမယ့် မူချမှတ်သင့်ပါတယ်။

(၃) နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်လို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

(၄) မိမိတို့နိုင်ငံမှာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူရဲ့ အသက်ကို(၄၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမယ်။

(၅) နိုင်ငံတော် သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ် ထားသော အရည် အချင်း များနှင့် ပြည့်စုံရမည်လို့ နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းတစ်ရပ်အဖြစ် သတ်မှတ်သင့်ပါတယ်။

(၆) နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် (၂၀) နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သူ ဖြစ်ရမည်။

(၇) နိုင်ငံတော်သမ္မတဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘ၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်း၊ တရားဝင် သားသမီး၊ တရားဝင် သားသမီး၏ ဇနီး သို့မဟုတ်

ခင်ပွန်းတစ်ဦးဦးသည် နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ်ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများမဖြစ်စေရ၊ သည့်အပြင် နိုင်ငံခြားအစိုးရ၏ အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားခွင့်ရှိသူများ မဖြစ်စေရ၊

(၈) သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ် အစုအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းသင့်ပါတယ်။

**အစုအဖွဲ့(၁)**– တိုင်း ဒေသကြီးနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊

**အစုအဖွဲ့(၂)**– လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊

**အစုအဖွဲ့(၃)**– ဖော်ပြပါ လွှတ်တော် နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။

(၉) သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့က ဒုတိယ သမ္မတ တစ်ဦးစီကို လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်များ မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်တင်မြှောက်ရမည်။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံးက နိုင်ငံတော်သမ္မတလောင်းများဖြစ်တဲ့ ဒုတိယသမ္မတ သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ဒုတိယ သမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်ရမည်။ ဆန္ဒမဲအများဆုံးရရှိတဲ့ ဒုတိယသမ္မတကို နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်တဲ့ စနစ်ကျင့်သုံးဖို့သင့်ပါတယ်။ ဒီစနစ်ကျင့်သုံးခြင်းဖြင့် နိုင်ငံတော်တွင် သမ္မတ တစ်ဦး၊ ဒုတိယ သမ္မတ နှစ်ဦးရှိပြီး နိုင်ငံ့လုပ်ငန်း တာဝန်များကို နိုင်နင်းစွာ ထမ်းဆောင် နိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းပေးရန် လိုပါတယ်။

(၁၀) နိုင်ငံတော်သမ္မတ နဲ့ ဒုတိယ သမ္မတ တို့ရဲ့ သက်တမ်းကို ငါးနှစ်သတ်မှတ်ပြီး၊ ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မရှိစေရ။ သတ်မှတ်ထားတဲ့ သက်တမ်းအတွင်း အကြောင်း တစ်ရပ်ရပ် ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ နေရာ လစ်လပ်တဲ့ အတွက် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အဖြစ် အစားထိုး ရွေးချယ် တင်မြှောက်ပါက အဲဒီ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အသစ်ရဲ့ သက်တမ်း သည် မူလ သက်တမ်း ကုန်ဆုံး သည့် အထိသာ ဖြစ်ကြောင်းအခြေခံ ရမယ့်မူချမှတ်ရမည်။

(၁၁) ကျွန်ုပ်တို့ နိုင်ငံတော်သည် ပါတီ နိုင်ငံရေး အစား အမျိုးသား နိုင်ငံရေး ကိုသာ ဦးတည် ဆောင်ရွက် သင့်တဲ့ အတွက်—

– နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊

— နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် လွှတ်တော် ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အ ဖြစ် မှ လည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှ လည်းကောင်း နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများ အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစား ယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် နိုင်ငံရေး ပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရ သည့် နေ့မှ စ၍ မိမိတို့ ရာထူး သက် တမ်း အတွင်း ယင်းပါတီ အဖွဲ့ အစည်း ၏ ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟု အခြေ ခံရမယ့် မူ ချမှတ်ရမည်။

(၁၂) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် လစာစရိတ် ကြေးငွေ ရသော အခြား မည်သည့် ရာထူးကိုမျှ လက်ခံခြင်း မပြုရဟု အ ခြေ ခံ ရ မယ့် မူ ချမှတ်ရမည်။

(၁၃) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေး လုပ်ငန်း၊ စုငွေနှင့် အခြား အဖိုးတန် ပစ္စည်းများကို တန်ဖိုးနဲ့တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ပေးပို့ရမည်။

(၁၄) နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများဟာ ဥပဒေနဲ့ သတ်မှတ် ထားတဲ့ လစာ၊ စရိတ်နဲ့ အ ဆောင် အ ယောင် များ၊ သင့်တင့် လျောက်ပတ်တဲ့ အိမ်တော် တစ်ဆောင် ရရှိစေဖို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

(၁၅) နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ —

— နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

— ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

— အကျင့် သိက္ခာများ ပျက်ပြားခြင်း များရှိခဲ့သော် စွပ်စွဲပြစ်တင် အရေးယူနိုင်သည်ဟု အခြေခံမူ ချမှတ် သင့်ပါတယ်။

(၁၆) တစ်ခုခုကို ဖောက် ဖျက် ကျူး လွန် တဲ့ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ် ဦး ဦး ကို စွပ် စွဲ ပြစ် တင် ဖို့ ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော် နှစ်ရပ်မှ လွှတ်တော်တစ်ရပ်ရပ်ရဲ့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်၊ အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ လွှတ်တော် အကြီးအကဲထံ တင်ပြရမယ်။ အဲဒီ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ရဲ့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်၊ အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက် အရေးယူဆောင်ရွက်ရမယ်။ လွှတ်တော် တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ဖို့ ထောက်ခံလျှင် အခြားလွှတ်တော် တစ်ရပ်က ဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးစေရမယ်။ စွပ်စွဲချက်ကို စုံစမ်း စစ်ဆေးတဲ့ အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း ချေပခွင့်

ပေးရမယ်။ စွပ်စွဲချက်ကိုစုံစမ်းပြီးတဲ့အခါ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်ရဲ့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ အနက်၊ အနည်းဆုံး သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက် မှန်ကန်ပြီး စွပ်စွဲခံရတဲ့ ပြစ်မှုဟာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ အား ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်းဆုံးဖြတ်လျှင် စွပ်စွဲခံရတဲ့ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအားရာထူးမှရပ်စဲရန်လွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံတွင် တင်ပြပြီး ပြည်ထောင်စု လွှတ်တော် အကြီးအကဲက တင်ပြချက် ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအားရာထူးမှရပ် စဲကြောင်း ကြေညာ ရေး အ တွက် အခြေခံရမည့်မူ ချမှတ်ထားရန် လိုအပ်ပါတယ်။

(၁၇) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြဋ္ဌာန်း ချက်များနဲ့ အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ၊ ယင်းတို့၏ သက်တမ်းကာလ အတွင်း တရားစွဲဆိုပိုင်ခွင့် မရှိရေးအတွက် အခြေခံရမည့်မူ ချမှတ်သင့်ပါတယ်။

(၁၈) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များသည် မိမိတို့ ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုသည်။ နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်ခဲ့လျှင် ဒုတိယသမ္မတ နှစ်ဦးအနက် နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်စဉ်အခါက ဒုတိယမဲအများဆုံးရရှိတဲ့ ဒုတိယသမ္မတကို နိုင်ငံတော် သမ္မတရဲ့ လုပ် ငန်း များ ရပ်ဆိုင်းမ သွား စေ ရေး အ တွက် ယာယီသမ္မတ အဖြစ် ထမ်းဆောင်စေရမယ်။ နိုင်ငံတော် သမ္မတနေရာ လစ်လပ်သွားတဲ့ အချိန်ဟာ ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပနေချိန် ဖြစ်လျှင် လစ်လပ်သွားတဲ့ နိုင်ငံတော် သမ္မတ ရာ ထူး ကို ခု နစ် ရက် အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ဆောလျင်စွာ အကြောင်းကြားရမယ်။ ယာယီသမ္မတရဲ့ အကြောင်းကြားစာကို ရရှိတဲ့အခါ လစ်လပ်သွားတဲ့ သမ္မတကို ဒုတိယသမ္မတအဖြစ် ဦးစွာ ရွေးချယ်တင်မြှောက်ပေးခဲ့တဲ့ သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ပေးရေးအတွက် ပြည်ထောင်စု လွှတ်တော် အကြီးအကဲက ဆောင်ရွက်ရမည်။ ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ပြီးပါက ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များက ဒုတိယသမ္မတသုံးဦးအနက် တစ်ဦးဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမယ်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲဟာ ယာယီသမ္မတရဲ့ အကြောင်းကြားစာ ရရှိတဲ့ နေ့မှစ၍ ၂၁ ရက် အ တွင်း ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကို ခေါ်ယူပြီး လစ် လပ် သော နိုင်ငံတော် သမ္မတရာထူး ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် ဖော်ပြပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါတယ်။

(၁၉) ဒုတိယ သမ္မတရာထူးနေရာ လစ်လပ်လျှင် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်ပါက ဒုတိယသမ္မတကို ရွေးချယ် တင်မြှောက်ပေးခဲ့တဲ့ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ခုနစ်ရက် အတွင်း ဒုတိယ သမ္မတတစ်ဦး ရွေးချယ် တင်မြှောက်ရေးအတွက် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲ

ထံ ဆောလျှင်စွာအကြောင်းကြားရမယ်။ ပြည်ထောင်စု လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော် အကြီးအကဲဟာ နိုင်ငံတော် သမ္မတရဲ့ အကြောင်းကြားစာရရှိတဲ့နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကိုခေါ်ယူပြီး သမ္မတ ရွေးချယ် တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက် ရေးအတွက် အခြေခံရမယ့်မူ ချမှတ် သင့် ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်၍ အကြံပြု တင်ပြလိုပါတယ်။ အတိတ်ကာလက ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ သမိုင်းကြောင်းရေးရာ အချို့ကို ပြန်လည် ဆန်းစစ်ကြည့်လိုက်ရင်—

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးနဲ့ အတူ ပါလာတဲ့ ပြည်တွင်း ဆူပူ သောင်း ကျန်းမှုဟာ နိုင်ငံတော် ပြိုကွဲ သွားမယ့် အခြေ အနေကို ဆိုက်ရောက် သွားခဲ့ပါ တယ်။ အဲဒီအချိန်မှာ တပ်မတော်ကသာ ထိန်းသိမ်း ကာကွယ် ကယ်တင် ခဲ့ပါတယ်။

(၂) လွတ်လပ်ရေး ရပြီးနောက် ပါတီနိုင်ငံရေး အစိုးရ သို့မဟုတ် ပါလီမန် ဒီမိုကရေစီ အစိုးရ လက်ထက်တွင်လည်း နိုင်ငံရေး ပါတီအချင်းချင်း ဝါဒရေးရာ ကွဲပြား၍ နိုင်ငံတော် ပြိုကွဲမယ့် အခြေအနေ သို့ ဦးတည် သွားသဖြင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က ဝင်ရောက် ထိန်းသိမ်းကာ တော်လှန်ရေး ကောင်စီ အစိုးရ ဖွဲ့ပြီး နိုင်ငံတော်ကို ထိန်းသိမ်း ကာကွယ် ခဲ့ပါ တယ်။

(၃) တစ်ဖန် ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံတွင် ပါတီစုံ ဒီမိုကရေစီ ပြန်လည် ထွန်းကား ရေး ဆိုပြီး နိုင်ငံတစ်ဝန်းလုံး ဆူပူအုံကြွမှု ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်ဖရိုဖရဲ ပြိုကွဲမယ့် အခြေအနေ ပြန်လည် ဆိုက်ရောက်လာ ပြန်တော့ လည်း တပ်မတော် ကသာ ကာကွယ် ထိန်းသိမ်း ပြီး ဒီနေ့ထိ ပြည် ထောင်စု မြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲ နေခဲ့ရပါတယ်။

(၄) ၁၉၈၈ ခုနှစ်မှ ဒီနေ့အထိ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ တပ်မတော်အစိုးရ၏ စိတ် သဘောထား ကြီးမှု၊ အမြော်အမြင်ကြီးမှု၊ တိုင်းရင်းသား များအပေါ် စေတနာထားမှုကြောင့် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း များကိုစိတ်ရှည်စွာဖိတ်ခေါ်ပြီး ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့ရာ ဒီနေ့ နိုင်ငံတော် အေးချမ်း သာယာလာ အောင် လည်း တပ်မတော် အစိုးရ၏ ကြိုးစား လုပ်ဆောင်ချက် အောင်မြင်မှု တစ်ရပ် ဖြစ်ပါတယ်။ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများသည် ငြိမ်း ချမ်းရေး ရယူပြီးနောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မ တော် အစိုးရက အထူးဒေသများ သတ် မှတ်ပေးကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ် ငန်းများ အကောင်အထည်ဖော်ပေးလျက် ရှိပါတယ်။ သည့်အပြင် နယ်စပ် ဒေသနှင့် အခြား ဒေသများကိုပါ ဒေသဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းများ အကောင် အထည်ဖော်နေပါတယ်။

အထူး ဒေသများ၏ အခြေအနေ အဖြစ် အပျက်များကို တပ်မတော် သာ သိမြင်သည်ဖြစ်၍ နယ်စပ်ဒေသနှင့် အထူး ဒေသများ ယခု တောင်းဆိုထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများတွင် အရှိန် အဟုန်မပျက် ဆက်လက် ဖွံ့ဖြိုး စေဖို့ တပ်မတော်၏ ဦးဆောင်မှု၊ စေတနာ သန့်သန့်နဲ့ ကြိုးပမ်း ဆောင်ရွက်မှု မပါဘဲ မဖြစ်နိုင်ပါ။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦး သည်

တပ်မတော်ဘက်မှ ရွေးချယ် တင်မြှောက်သောကိုယ်စားလှယ် ဖြစ်ရမယ်လို့ အခြေခံရမယ့်မူချမှတ်ရန် အကြံပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

သဘာပတိကြီး နဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

(သြဘာသံများ)

[မှတ်ချက်။ ။စာတမ်းနှင့်အတူ ပူးတွဲတင်ပြသော ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်တိုက်သူကြီးများ အုပ်ချုပ်ခဲ့သည့် နယ်မြေပြမြေပုံနှင့် ကချင်ပြည်နယ်ရှိ ကချင်ဒူဝါများနှင့် ရှမ်းစော်ဘွားများ လွတ်လပ်ရေး တောင်းဆိုရန် လက်မှတ်ရေးထိုးနေသည့် ဓာတ်ပုံတို့ကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။]

အခမ်းအနားမှူး။ အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ ဒီနေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ပြီးဆုံးပါပြီ။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်၊ တနင်္လာနေ့၊ နံနက် (၉) နာရီ အချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

သဘာပတိအဖွဲ့ဝင်များ ပြန်လည် ထွက်ခွာ ပါတော့မယ်ခင်ဗျား။

[အမျိုးသားညီလာခံ ၂၆ ရက်မြောက်နေ့ အစည်းအဝေး ၁၅း၅၅ နာရီအချိန်တွင် ကျင်းပပြီးစီးပါသည်။]

(နောက်ဆက်တွဲ "၃-ဓ")

အမျိုးသားညီလာခံသို့ တက်ရောက်သည့်

ကိုယ်စားလှယ် ဦးရေ

ရက်စွဲ ၂၈-၃-၉၄

| အမှတ်စဉ် | ကိုယ်စားလှယ် အမျိုးအစား | ဖိတ်ကြား | တက်ရောက် | ပျက်ကွက် |
|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ | ၄၆ | ၄၅ | ၁ |
| ၂။ | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ | ၁၀၃ | ၁၀၁ | ၂ |
| ၃။ | တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ | ၂၁၃ | ၂၀၄ | ၉ |
| ၄။ | တောင်သူလယ်သမား ကိုယ်စားလှယ်များ | ၉၃ | ၉၁ | ၂ |
| ၅။ | အလုပ်သမား ကိုယ်စားလှယ်များ | ၄၈ | ၄၈ | .... |
| ၆။ | အသိပညာရှင်/အတတ်ပညာရှင် ကိုယ်စားလှယ်များ | ၄၁ | ၃၇ | ၄ |
| ၇။ | နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ | ၉၂ | ၈၉ | ၃ |
| ၈။ | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ၅၈ | ၄၄ | ၁၄ |
| | စုစုပေါင်း | ၆၉၄ | ၆၅၉ | ၃၅ |

တက်ရောက်သည့် ရာခိုင်နှုန်း (၉၄.၉၆%)

## (၂၈-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့်

## ကိုယ်စားလှယ်များစာရင်း

| အမှတ်စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၁။ | ဦးမန်းသာဆင်<br>ပြည်ထောင်စု ကရင်အမျိုးသား<br>များ အဖွဲ့ချုပ် | နိုင်ငံရေးပါတီကိုယ်စားလှယ်များ | ကျန်းမာရေး<br>(ဆေးရုံတက်) |
| ၂။ | ဦးဖေတင်<br>ညောင်ဦး (၂)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၃။ | ဦးမြလေး (ခ) သခင်မြလေး<br>ကဝ (၂)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ॥ | ကျန်းမာရေး<br>(ဆေးရုံတက်) |
| ၄။ | ဦးထွန်းအောင်<br>စစ်ကိုင်း | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၅။ | ဦးခင်မောင်ဆွေ<br>တနင်္သာရီ | ॥ | ကိုယ်ရေးကိုယ်တာ |
| ၆။ | ဦးညဏ်လင်း<br>မကွေး | ॥ | ကျန်းမာရေး |
| ၇။ | ဦးဘသီ<br>မကွေး | ॥ | ॥ |
| ၈။ | ဗိုလ်မှူး မြသိန်း (အငြိမ်းစား)<br>မန္တလေး | ॥ | ॥ |
| ၉။ | ဦးဝင်းနိုင်<br>မန္တလေး | ॥ | ကိုယ်ရေးကိုယ်တာ |
| ၁၀။ | ဦးနိုင်စံရှိန်<br>မွန် | ॥ | ကျန်းမာရေး |
| ၁၁။ | ဦးခွန်သိန်းမြင့်<br>ရှမ်း | ॥ | ကိုယ်ရေးကိုယ်တာ |
| ၁၂။ | ဦးညွန့်မောင်<br>ရှမ်းပြည်မြောက်ပိုင်း | ॥ | ॥ |

## (၂၈-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့်

## ကိုယ်စားလှယ်များစာရင်း

| အမှတ်စဉ် | အမည် | ကိုယ်စားလှယ် အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၁၃။ | ဦးယောဟန်<br>ရှမ်းပြည်မြောက်ပိုင်း | တောင်သူလယ်သမားကိုယ်စားလှယ်များ | ပြည်နယ်တွင်<br>ဆေးရုံတက် |
| ၁၄။ | ဦးစိုးမြင့်<br>စစ်ကိုင်း | ။ | ဆေးရုံတက် |
| ၁၅။ | ဦးခင်စိုး<br>ဥပဒေပညာရှင် | အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ | ဆေးရုံတက် |
| ၁၆။ | ဦးစိန် ဗိုလ်တင့်<br>သဘင်ပညာရှင် | ။ | ဆေးရုံတက် |
| ၁၇။ | ဒေါ်ရီရီမြင့်<br>တွဲဖက် ပါမောက္ခ စီးပွားရေး<br>တက္ကသိုလ် | ။ | ဌာနတာဝန်<br>(ပြည်ပ)<br>(အင်ဒိုနီးရှား<br>လေ့လာရေး) |
| ၁၈။ | ဦးလှထွန်းအောင်<br>ပါမောက္ခချုပ် (အငြိမ်းစား)<br>မော်လမြိုင် တက္ကသိုလ် | ။ | ကိုယ်ရေးကိုယ်<br>တာ |
| ၁၉။ | ဒုတိယဗိုလ်မှူးကြီးထွေးမောင် | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ဌာနတာဝန်<br>(ပြည်ပ)<br>တရုတ်ပြည်သူ့<br>သမ္မတနိုင်ငံသို့<br>သွားသည် |
| ၂၀။ | ဦးတင်ဝင်း | ။ | ဌာနတာဝန်<br>(ပြည်တွင်း) |
| ၂၁။ | ဦးစောသိန်း | ။ | ဌာနတာဝန်<br>(ပြည်တွင်း) |

## (၂၈-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| အမှတ်စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၂၂။ | ဦးလီဝင်းမြင့်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ | ကျန်းမာရေး |
| ၂၃။ | ဦးအိုက်ကျော်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | ״ | ״ |
| ၂၄။ | ဦးခင်မောင် (ခ) ဦးလောက်ကျူး<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | ״ | ကိုယ်ရေးကိုယ်တာ |
| ၂၅။ | ဦးရန်မိုးအန်း<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | ״ | ״ |
| ၂၆။ | ဦးကျောက်ညီလိုင်း<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၂) | ״ | ״ |
| ၂၇။ | ဦးပေါက်ယိုရီ<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၂) | ״ | ״ |
| ၂၈။ | ဦးစံလူ<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၂) | ״ | ״ |
| ၂၉။ | ဦးယာကုတ်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၂) | ״ | ״ |
| ၃၀။ | ဦးကောင်တိုင်း<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၃) | ״ | ״ |

## (၂၈-၃-၉၄) ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| အမှတ်စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
| --- | --- | --- | --- |
| ၃၁။ | ဦးကိုင်ဖ<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၃) | အခြားဖိတ်ကြားသင့်သည့်<br>ပုဂ္ဂိုလ်များ | ကိုယ်ရေးကိုယ်တာ |
| ၃၂။ | ဦးလွယ်ဆိုင်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၇) | ။ | ။ |
| ၃၃။ | ဦးဝေါ့လေဘ်ဟောင်းခေါင်<br>ကချင်ပြည်နယ်<br>အထူးဒေသ (၁) | ။ | ။ |
| ၃၄။ | ဦးစိုင်းဟန်စစ်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၃) | ။ | ကျန်းမာရေး |
| ၃၅။ | ဦးစခုံတိန့်ယိန်း<br>ကချင်ပြည်နယ်<br>အထူးဒေသ (၁) | ။ | ကိုယ်ရေးကိုယ်တာ |

ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း၊ ဗဟိုအစည်းအဝေး ခန်းမတွင် အမျိုးသားညီလာခံကို နံနက် ၀၉၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အလှည့်ကျသဘာပတိအဖြစ် ဦးမန်းအုံးမောင် (တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့) က ဆောင်ရွက်၍ အခမ်းအနားမှူး အဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းထွန်းကလည်းကောင်း ဆောင်ရွက်ပါသည်။]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသား ညီလာခံ စုံညီအစည်းအဝေး စတင်ပါတော့မယ်။

**အမျိုးသားညီလာခံ အစည်းအဝေး သဘာပတိအဖွဲ့ဝင်များ နေရာယူခြင်း။**

အခမ်းအနားမှူး။ ဒီနေ့ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကြီးမှာ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်များကတော့—

— ဒေါက်တာသန်းညွန့်
အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ။

— ဒေါ်မေသန်းလွင်
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

— ဦးစံသာအောင်
မြို့ (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

— ဦးမန်းအုံးမောင်
တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့။

— ဦးကံညွန့်
တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့။

— ဦးစိုးမောင်
အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

— ဦးတင်မောင်
အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့။

— ဦးခင်မောင်ထူး
နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နဲ့

— ဦးစိုင်းအောင်ထွန်း
အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

တို့ ဖြစ်ပါတယ်။

ကနေ့အစည်းအဝေးမှာ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ကတော့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က ဦးမန်းအုံးမောင် ဖြစ်ပါတယ်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီရုံး၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး)ကျွန်တော်ဦးခင်မောင်မြင့်က ဆောင်ရွက်မှာဖြစ်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းက ဆောင်ရွက်မှာဖြစ်ပါတယ်။

သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

[သဘာပတိ အဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များအတွက် သီးသန့် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူကြပါသည်။]

## အမျိုးသားညီလာခံ ၂၇ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားညီလာခံ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ပေါင်းဟာ(၆၉၄)ဦး ရှိပါတယ်။ တာဝန်အရ ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်း(၄)ဦး၊ ကျန်းမာရေးကြောင့် ခွင့်ပန်တဲ့ ကိုယ် စား လှယ်ပေါင်း (၁၅) ဦးနဲ့ ကိုယ်ရေးကိုယ်တာကြောင့် ခွင့်ပန်တဲ့ ကိုယ်စားလှယ်ပေါင်းဟာ(၁၆)ဦး ရှိပါတယ်။ ဒီနေ့အစည်းအဝေးကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၆၅၉) ဦး ဖြစ်တဲ့အတွက် အစည်းအဝေး အထမြောက်ပါတယ်။

သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်ခင်ဗျား။

(သြဘာသံများ)

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍အခြေခံ ရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြား တင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးကို ဒီကနေ့ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားပါမယ်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲအခန်းများနဲ့စပ်လျဉ်းပြီးအခြေခံရမယ့်မူများ ချမှတ်နိုင်ရေး အတွက် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

အခု အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆) မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များရဲ့ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြမှာ ဖြစ်ပါတတ်။

ဦးအောင်ခမ်းထီအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးအောင်ခမ်းထီ (အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့)။ လေးစားအပ်တဲ့ သဘာပတိကြီးနှင့်တကွ၊ သဘာပတိ အဖွဲ့ဝင်များ ခင်ဗျား။ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံးကို အထူး လေးစားပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြ၍၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် တောင်ပိုင်း အထူးဒေသ (၆) မှ ပအိုဝ်း တိုင်း ရင်း သား ခေါင်းဆောင် အမျိုး သား ညီ လာ ခံ ကိုယ် စား လှယ် ဦးအောင်ခမ်းထီ ဖြစ်ပါတယ်။ အခုလို မြန်မာနိုင်ငံရေးသမိုင်းမှာ ထူးခြားလေးနက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ခေါင်းစဉ်များ ဖြစ်ကြတဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြခွင့် ရတဲ့အတွက် အထူး ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာမှာ နိုင်ငံတော် အခြေခံမူများအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အလှည့်ကျ သဘာပတိအဖွဲ့ရဲ့ သုံးသပ်ချက်အရ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်နှင့်စပ်လျဉ်းပြီး အောက်ပါအခြေခံမူများကို ချမှတ်ပေးခဲ့ပါတယ်။ အဲဒီမူတွေကတော့—

(၁) မြန်မာနိုင်ငံသည်အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာတည်သည်၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုသည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်

ဟု မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်ရဲ့ အနက်အဓိပ္ပာယ်ကတော့ တိကျစွာ သတ်မှတ်ထားသော နယ်နိမိတ်ကို ပိုင်ဆိုင်၍ စနစ်တကျခိုင်မာစွာ ဖွဲ့စည်းထားသော အစိုးရနှင့်ပြည်သူများရှိပြီး ပြည်တွင်းပြည်ပ နှစ်ဌာနစလုံးတွင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်မှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အတိအကျသတ်မှတ်ထားသော နယ်နိမိတ်တစ်ခုအတွင်းမှ နိုင်ငံရေးအရ စုစည်းထားတဲ့ပြည်သူများပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံအတွက်လိုအပ်တဲ့ အင်္ဂါရပ်တွေကတော့ လူဦးရေသတ်မှတ်ထားသောနယ်မြေ၊ အစိုးရနှင့် အချုပ်အခြာအာဏာတို့ဖြစ်ပါတယ်။ လူဦးရေဟာ နိုင်ငံတစ်နိုင်ငံမှာ မရှိမဖြစ်တဲ့ အင်္ဂါရပ်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ထောင်ဖို့ လူဦးရေတွေ မည်မျှရှိရမယ်လို့ သတ်သတ်မှတ်မှတ် မရှိပေမယ့် လူဦးရေ အတော်အတန် ရှိမှသာ နိုင်ငံတစ်နိုင်ငံကို ကောင်းစွာ တည်ထောင်နိုင်မှာဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ နယ်မြေဟာ နိုင်ငံ တစ်နိုင်ငံရဲ့ ဒုတိယ အရေးပါ အရာရောက်တဲ့ အင်္ဂါရပ် ဖြစ်ပါတယ်။ နယ်မြေတိတိကျကျသတ်မှတ်ထားခြင်းမရှိတဲ့ ဒေသကို နိုင်ငံတစ်နိုင်ငံလို့ မခေါ်ဆိုနိုင်ပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ တတိယအရေးပါတဲ့ အင်္ဂါရပ်တစ်ခုကတော့ အစိုးရပဲ ဖြစ်ပါတယ်။ အစိုးရ ဆိုတာ တိုင်းသူပြည်သားတွေက မိမိတို့ကို အုပ်ချုပ်စီမံစေဖို့ အချုပ်အခြာအာဏာကို လွှဲအပ်ပေးထားခြင်းခံရတဲ့ လူတစ်စုကို ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စတုတ္ထအင်္ဂါရပ်ကတော့ အချုပ်အခြာအာဏာ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာကို နိုင်ငံသူနိုင်ငံသားတွေက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကသာ နိုင်ငံတော် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ပါတယ်။ ဒါကြောင့် အချုပ်အခြာ အာဏာမရှိတဲ့နိုင်ငံကို နိုင်ငံတော်လို့ခေါ်ဆိုဖို့ ခဲယဉ်းမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အချုပ်အခြာအာဏာကို လွတ်လပ်ရေးနှင့်တိုင်းတာမှသာ ပြီးပြည့်စုံမှု ရှိနိုင်ပါတယ်။ လွတ်လပ်ရေး မရရှိရင် အချုပ်အခြာအာဏာဆိုတာလည်းရရှိနိုင်မှာမဟုတ်ပါဘူး။ လွတ်လပ်ရေးကန့်သတ်မှုခံရမယ်ဆိုရင်လည်း အချုပ်အခြာအာဏာကိုလည်း ကန့်သတ်ခြင်းခံရမှာဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ နိုင်ငံရေးအခြေအနေတွေကို သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးဖို့၊ ဒါမှမဟုတ် ကန့်သတ်ဖို့ ကြိုးစား လှုပ်ရှားနေကြတဲ့ ပြည်ပ အဖွဲ့အစည်းတွေ ရှိနေကြပါတယ်။

ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို ကန့်သတ် ထိပါး ခံနေရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဟာလည်း ဆုံးရှုံးနိုင်ပြီး နိုင်ငံတော်ပါ ပျောက်ကွယ်သွားနိုင်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေဖို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်စေဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်နှင့်ပတ်သက်တဲ့ အခြေခံမူတွေထဲက မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ ပိုင်လွတ်လပ်သည့်နိုင်ငံဖြစ်သည်လို့ သတ်မှတ်ပြဋ္ဌာန်းတာဟာ အထူးသင့်တော်ကြောင်း ဆွေးနွေးတင်ပြလိုပါသည်။

ကျွန်တော်တို့ နိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းညီညွတ်စွာနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ၁၉၃၇ ခုနှစ်၊ မြန်မာနိုင်ငံလူဦး

ရေများလေ့လာရေးစာတမ်းနှင့် ၁၉၃၁ ခုနှစ်၊ သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံမှာ လူမျိုးစုကြီး (၁၁)မျိုး၊ လူမျိုးနွယ် (၅၅)မျိုး၊ ဘာသာစကားငယ်ပေါင်း (၁၃၁) မျိုးရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ တိုင်းရင်းသား လူမျိုးစုတွေဟာ နယ်စပ် တစ်လျှောက်လုံးမှာ ခြံစည်းရိုးသဖွယ် အုတ်တံတိုင်းကြီးသဖွယ် ပျံ့နှံ့နေထိုင်လျက် ရှိနေကြပါတယ်။ တိုင်းရင်းသားလူမျိုးစုအားလုံး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ တစ်လျှောက် လုံး မှာ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ အတွက် အသက်ပေးတိုက်ခိုက်လာခဲ့ကြပြီး အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် လက်တွဲ နေထိုင် ခဲ့ကြ ပါတယ်။

မြန်မာနိုင်ငံဟာ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်း တိုင်းရင်းသားတွေဟာ ညီရင်းအစ်ကို ပြည်နယ်(၇) ပြည်နယ်၊ တိုင်း (၇) တိုင်းဆိုတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် စုစုစည်းစည်း စုပေါင်း နေထိုင်လျက် ရှိနေကြပါတယ်။ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတော်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေဖို့ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင် စေရမည်လို့ သတ်မှတ်ပြဋ္ဌာန်းပေးတာဟာ သင့်လျော်ပါကြောင်း ဆွေးနွေးလိုပါတယ်။

နိုင်ငံတော် တစ်ခုမှာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တဲ့ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် အာဏာလွှမ်းမိုးမှုရှိဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ အချုပ်အခြာ အာဏာဆိုတာ နိုင်ငံသားအားလုံး ကျင့်သုံးလိုက်နာဖို့ ဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်း၊ အုပ်ချုပ်ပိုင်ခွင့် ရှိခြင်းနှင့် ဥပဒေ ချိုးဖောက်သူတွေကို အပြစ်ပေးနိုင်ခွင့် ရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

အချုပ်အခြာ အာဏာကို တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးနှင့် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်နယ်တစ်ခုခုမှာဖြစ်စေ၊ တိုင်းတစ်ခုခုမှာ ဖြစ်စေ၊ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းအချို့မှာ ဖြစ်စေ ကွက်၍ တည်ရှိစေခြင်း မရှိဘဲ နိုင်ငံတော်တစ်ဝန်းလုံး လွှမ်းခြုံ တည်ရှိနေသင့်ပါတယ်။ ဒါမှသာ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံသား အားလုံးစုပေါင်း ပိုင်ဆိုင်ခွင့်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီသဘော သဘာဝ ပေါ်လွင်အောင် နိုင်ငံတော်ရဲ့ အခန်းမှာ "နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး၊ နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်" ဆိုတဲ့ အချက်ကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း အလေးအနက် တင်ပြ ဆွေးနွေး လိုပါတယ်။

နိုင်ငံတိုင်းမှာ တိကျသော နယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားကြပါတယ်။ တိကျတဲ့ နယ်နိမိတ် ပိုင်းခြား သတ်မှတ်မှု မရှိရင် နိုင်ငံတော်ဆိုတာလည်း ပေါ်ပေါက် လာနိုင်စရာ အကြောင်း မရှိပါဘူး။ မျက်မှောက်ကာလနိုင်ငံတိုင်းမှာနိုင်ငံ ကြီးငယ်မရွေး မိမိတို့ရဲ့ နယ်မြေဧရိယာ အကျယ်အဝန်း အပိုင်းအခြားကို တိတိကျကျ တိုင်းတာ သတ်မှတ်ထားကြပါတယ်။ အဲဒီလို ပိုင်နက် နယ်မြေကို တိတိကျကျ ပိုင်းခြား သတ်မှတ်ခြင်းဖြင့် အိမ်နီးနားချင်း နိုင်ငံများနှင့် အငြင်းပွားမှုတွေ၊ ပဋိပက္ခမှုတွေ ပေါ်ပေါက် လာခဲ့ရင် အလွယ်တကူ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ အုပ်ချုပ်တဲ့ အစိုးရအနေနှင့်လည်း မိမိတို့ရဲ့ အချုပ်အခြာ အာဏာတည်ရာ နယ်နိမိတ်ဒေသများကို အလွယ်တကူ သိရှိနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော် အခန်းမှာ နယ်နိမိတ်ပိုင်းခြားမှုနှင့်ပတ်သက်ပြီး "နိုင်ငံတော်၏နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်"ဟု သတ်မှတ် ပြဋ္ဌာန်းသင့်ပါကြောင်း အလေးအနက် တင်ပြဆွေးနွေးလိုပါတယ်။

သဘာပတိကြီးခင်ဗျား။ ဆက်လက်ပြီး နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအလိုက် ခေါင်းစဉ်ကို ဆက်လက်ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်မယ်ဆိုရင် ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ် နှစ်မျိုး

ထဲက တစ်မျိုးမျိုးကို ကျင့်သုံးလေ့ ရှိကြတယ်ဆိုတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုတွေ များပြားမယ်၊ ဘာသာအယူဝါဒ ဓလေ့ထုံးစံများ မတူညီကြဘူး။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမယ်ဆိုတဲ့ အနေအထားတွေ ရှိနေကြတဲ့ နိုင်ငံတွေဟာ တူညီတဲ့ နိုင်ငံရေး ရည်မှန်းချက်များ၊ ပြည်နယ်များနှင့် တိုင်းများကို စုစည်းပြီး ပြည်ထောင်စုစနစ် ဖွဲ့စည်း ကျင့်သုံးကြပါတယ်။ ပထဝီနယ်မြေ ဆက်စပ်မှုရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု တစ်ပြေးညီရှိခြင်း၊ တိုင်းရင်းသား လူမျိုးစုများ နည်းပါးခြင်း၊ ဓလေ့ထုံးစံများ တူညီခြင်း စတဲ့ အနေအထားတွေ ရှိနေတဲ့ နိုင်ငံများကတော့ တစ်ပြည်ထောင်စနစ်ကိုကျင့်သုံးကြတာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံတော်ကိုလည်းမြန်မာ့နိုင်ငံရေး ဖြစ်ပေါ်မှုသမိုင်း၊ မြန်မာ့နိုင်ငံရေး ပထဝီအနေအထားနှင့်ကမ္ဘာ့နိုင်ငံရေး အခြေအနေဆိုတဲ့အချက်သုံးချက်အရ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ကြည့်ရင် ပဒေသရာဇ်ခေတ်တစ်လျှောက်လုံးမှာ လူမျိုးစုကို အခြေခံတဲ့ မြို့ပြနိုင်ငံများဟာ သြဇာအာဏာ ထူထောင်ဖို့အတွက် အားပြိုင် စစ်ခင်းကြလျက်ရှိရာမှ လက်ရုံးရည် နှလုံးရည် ပြည့်စုံတဲ့ ဘုရင်များ ပေါ်ပေါက်လာတဲ့ အချိန်အခါကျမှသာ အဲဒီ မြို့ပြနိုင်ငံများကို စုစည်းပြီး မြန်မာနိုင်ငံရယ်လို့ ထင်ထင် ရှားရှား ပေါ်ထွက် လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေး တိုက်ပွဲ တစ်လျှောက်လုံးမှာလည်း တိုင်းရင်းသား လူမျိုးပေါင်းစုံက ပါဝင်တိုက်ပွဲဝင်ကြတဲ့အပြင် နောက်ဆုံး မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့တဲ့ ပင်လုံ စာချုပ်ကြီးမှာလည်း တိုင်းရင်းသား လူမျိုးပေါင်းစုံက ပါဝင် လက်မှတ်ရေးထိုး ခဲ့ကြပါတယ်။ အဲ့ဒီ သမိုင်းကြောင်း အခြေအနေကြောင့် နိုင်ငံတော်ကို ဖွဲ့စည်းတဲ့ အခါမှာ တိုင်းရင်းသား လူမျိုးစုတွေရဲ့လိုအင်ဆန္ဒနှင့် အကျိုးစီးပွားတွေကို ဖော်ညွှန်းနိုင်တဲ့ ပြည်ထောင်စု စနစ်ကို ကျင့်သုံးသင့်ကြောင်း ဆွေးနွေး တင်ပြရခြင်း ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေး ပထဝီအနေအထားကို ဆက်လက် ဆွေးနွေးရမယ်ဆိုရင် ကမ္ဘာ့ နိုင်ငံအများစုဟာ မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးနှင့် ကိုယ်ကျိုး စီးပွား ဖြစ်ထွန်းစေဖို့ အတွက် နိုင်ငံရေး ပထဝီပညာရှုထောင့်က လေ့လာသုံးသပ်ပြီး နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေး မဟာဗျူဟာ နည်းဗျူဟာ အခင်းအကျင်းများ ချမှတ်ကျင့်သုံးလျက် ရှိနေကြပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ကလည်း မြန်မာ့နိုင်ငံရေး ပထဝီဝင် ရှုထောင့်က လေ့လာသုံးသပ်ပြီး နိုင်ငံတော်ကို ဘယ်လိုပုံစံနှင့် ဖွဲ့စည်းသင့်တယ် ဆိုတာ စဉ်းစား လေ့လာရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်လျက်ရှိခြင်း၊ ဓလေ့ထုံးစံ ဘာသာစကားနှင့် ယဉ်ကျေးမှုများ ကွဲပြားစွာ ကျင့်သုံးနေကြခြင်းနှင့် တိုင်းရင်းသား လူမျိုးများဟာ မြန်မာနိုင်ငံတော်ရဲ့ နယ်စပ် တစ်လျှောက်မှာ ပျံ့နှံ့နေထိုင်လျက် ရှိကြခြင်းဆိုတဲ့ နိုင်ငံရေး ပထဝီဝင် အနေအထားအရ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အာမခံချက်ပေးနိုင်တဲ့ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ကမ္ဘာ့ နိုင်ငံရေး အခြေ အနေကို ကြည့်ပြန်ရင်လည်း ယနေ့ ကမ္ဘာကြီးမှာ အင်အား ထိန်းညှိတဲ့ စနစ် ပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ အင်အားကြီးတဲ့ နိုင်ငံများဟာ အင်အားသေးတဲ့ နိုင်ငံများအပေါ် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ ချုပ်ချယ်ကန့်သတ်ဖို့ အခွင့်အရေးများစွာ ရရှိလျက် ရှိနေပါတယ်။ လက်ရှိ အနေအထားမှာလဲ နိုင်ငံကြီးများဟာ နိုင်ငံငယ်ကလေးများအပေါ် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ ချုပ်ချယ် ကန့်သတ်ဖို့ ကြိုးစား လှုပ်ရှားနေတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံရေး အခြေအနေများကလည်း တစ်နေ့နှင့်တစ်နေ့ မတူအောင်

လျင်မြန်စွာ ပြောင်းလဲလျက် ရှိနေပါတယ်။ အဲဒီလို အနေအထားမှာ ကျွန်တော်တို့ နိုင်ငံတော်ကိုလဲ အခြား အင်အားကြီး နိုင်ငံများက ချုပ်ချယ် ကန့်သတ်မှု မခံရအောင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် နေနိုင်အောင် စုစည်း ညီညွတ်တဲ့ နိုင်ငံတော်အဖြစ် စဉ်းစားဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော် ကိုလည်း မြန်ဆန်စွာ ပြောင်းလဲ ဖြစ်ပေါ်နေတဲ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် စုစည်း ညီညွတ်မှုနှင့် အင်အား ခိုင်မာမှုကို ပေးနိုင်စွမ်းတဲ့ ပြည်ထောင်စု စနစ်ကို ဖွဲ့စည်းသင့်ပါကြောင်း ဆွေးနွေး အကြံပြုလိုပါတယ်။

ပြည်ထောင်စုစနစ် ကျင့်သုံးရေးနှင့်ပတ်သက်ပြီး အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ ပဏာမ ညီလာခံမှာ နိုင်ငံတော်ဖွဲ့စည်းမှု ပုံသဏ္ဌာန်နှင့် ပတ်သက်ပြီး "ကျွန်တော်တို့ ဗမာပြည်သစ်ကြီးကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား၊ လူမျိုးကြီး တစ်မျိုးတည်းဆိုတဲ့ တိုင်းပြည်မျိုး တည်ထောင်မလား ဆိုတဲ့ မေးခွန်းကို ဖြေလိုပါတယ်။ ကျွန်တော့်အမြင်အရဆိုရင်တော့ လူမျိုးကြီး တစ်မျိုးတည်း ဆိုတဲ့ နိုင်ငံမျိုးတော့ တည်ထောင်လို့ မဖြစ်ဘူး။ ပြည်ထောင်စုသဘောမျိုးပဲ ဖြစ်ရမှာပဲ" ဟူ၍ မိန့်ကြားခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမြင်အရလည်းနိုင်ငံတော်ကို ပြည်ထောင်စုစနစ်နှင့် ဖွဲ့စည်းသင့်ကြောင်း ထပ်လောင်းဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်မှာ ပါဝင်မယ့်တိုင်းနှင့် ပြည်နယ်ရဲ့ ခေါ်ဝေါ်ပိုင်းခြား သတ်မှတ်မှုနှင့် ပတ်သက်ပြီး ဆွေးနွေး တင်ပြသွားပါမယ်။ လက်ရှိတိုင်း (၇) တိုင်းကို တိုင်း ဒေ သ ကြီး (Region) (၇) ခု အ ဖြ စ် လည်းကောင်း၊ လက်ရှိ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ်(State)(၇)ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်ပြီး အဲဒီ တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့ကို အဆင့်အတန်း တူညီစွာ သတ်မှတ် ပေးသင့်ပါတယ်။ ဒါ့အပြင် အဲဒီတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့ရဲ့ လက်ရှိ အမည်နာမများကိုလဲ လူအများစုရဲ့ ပြောစကားတွင် နှုတ်ကျိုးနေခြင်း၊ သက်ဆိုင်ရာ လူမျိုးစုအသီးသီးရဲ့ အမည်နာမကို ကိုယ်စားပြုခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မထိခိုက်ခြင်း စတဲ့ အချက်တွေကြောင့် ဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့ရဲ့ အမည်များကို ရှိရင်းစွဲအတိုင်းပဲ ခေါ်ဝေါ်သုံးနှုန်း သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ဒါကြောင့် နိုင်ငံတော်ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေ သ ကြီး များ ဖြင့် ခေါ်ဝေါ် ပိုင်းခြား သတ်မှတ်သင့်ကြောင်း ဆွေးနွေး အကြံပြု တင်ပြအပ်ပါတယ်။

အဲဒီလို ပိုင်းခြားသတ်မှတ်ထားတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပြည်နယ်ပြည်မ လူမျိုးကြီး လူမျိုးငယ်၊ တောင်ပေါ်မြေပြန့်ဆိုတဲ့ ခွဲခြားမှုမျိုး မပေါ်ပေါက် ရလေအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တို့ကို အဆင့်အတန်း တူညီစွာ ထားရှိ သတ်မှတ်ပေးသင့် ပါကြောင်း အလေးအနက် ဆွေးနွေး တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းထဲက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်များ၊ တိုင်းများအတွင်းမှာ လိုအပ်ရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌက "အချို့သော တိုင်းရင်းသားလူမျိုးများရဲ့ ရသင့်

ရထိုက်တဲ့ အခွင့်အရေးတွေ၊ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ၊ သဘာဝကျကျ ရအောင်လည်း စဉ်းစား ခွင့်ပြုပေးဖို့ လိုမှာလဲဖြစ်ပါတယ်” ဟူ၍လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကလည်း “ဒေသကြီးအတွင်းမှာပဲ လိုအပ်ရင် သင့်လျော်တဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများအဖြစ် ပိုင်းခြားသတ်မှတ် ဖွဲ့စည်းရေးအတွက် အလေးအနက် စဉ်းစားရမယ့် အခြေအနေ ရောက်ရှိနေပါတယ်” ဟူ၍ လည်းကောင်း အသီးသီး မိန့်ကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များကလည်း တိုင်းနှင့် ပြည်နယ်များအတွင်း သင့်လျော်သည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများဖွဲ့စည်းပေးတာဟာ တိုင်းရင်းသား လူမျိုးများအတွက် ၎င်းတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအရေးအရာတွေကို အများဆန္ဒနှင့်အညီ စီစဉ်ဆောင်ရွက်ခွင့် ရတဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပို၍ခိုင်မာစေမှာ ဖြစ်ကြောင်း ကိုယ်ပိုင် စီမံခန့်ခွဲ လို တဲ့ ဆန္ဒတွေကို အထူး အလေးထားပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ထောင်စု တည်တံ့ ခိုင်မြဲရေးကို များစွာ အထောက်အကူပြုစေမှာဖြစ်ကြောင်း အသီးသီး ဆွေးနွေးသွားခဲ့ကြတာတွေ့ရပါတယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်အပေါ် ရပ်တည်လာကြတာဟာ တိုင်းရင်းသားများရဲ့ နိုင်ငံရေးအသိ၊ နိုင်ငံရေးအမြင် နိုးကြား တက်ကြွလာကြလို့ ဖြစ်ပါတယ်။ အမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက “ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးတာဟာ၊ အမျိုးသားရေး ပြဿနာဖြေရှင်းတဲ့နေရာမှာ လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း” မိန့်ကြား ခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သာ ရှိခဲ့ရာမှ ၁၉၇၄ ခုနှစ်၊ ဒုတိယအကြိမ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များ ထပ်မံတိုးချဲ့ ဖွဲ့စည်းလာရတဲ့ သဘောကတော့၊ နိုင်ငံရေးအရ နိုးကြား တက်ကြွလာကြတဲ့ တိုင်းရင်းသား လူမျိုးစုများကို နိုင်ငံရေးလုပ်ပိုင်ခွင့် တိုးမြှင့်ပေးလိုက်တဲ့ သဘောပဲ ဖြစ်ပါတယ်။ အဲဒီအစဉ်အလာအတိုင်း အခုရေးဆွဲမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာလည်း တိုင်းရင်းသား လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နိုင်ငံရေး အဆင့်အတန်း တိုးမြှင့်ပေးတာဟာ သဘာဝကျလှပါတယ်။

စည်းလုံး ညီညွတ်ရေးသာလျှင် နိုင်ငံတစ်ခုရဲ့ ကံကြမ္မာ အဆိုးအကောင်းကို ဖန်တီးကြောင်း လူ့သမိုင်းအတွေ့အကြုံအရ သိရှိနားလည်ပြီးဖြစ်တဲ့အတွက် ပြည်နယ်မရှိသေးတဲ့ တိုင်းရင်းသားလူမျိုးစုများကို သက်ဆိုင်ရာ ပြည်နယ်အတွင်းမှာ လူဦးရေ အချိုးအစားနှင့် နေထိုင်ကြတဲ့ နယ်မြေအနေအထားအပေါ် မူတည်ပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း များ ကိုယ် ပိုင် အုပ် ချုပ်ခွင့်ရ ဒေသများ ပေး အပ် ရန် အ ချိန် တန် ပြီ ဖြစ်ကြောင်း အလေး အနက် တင်ပြ ဆွေးနွေးလိုပါတယ်။

အဲဒီလို တိုင်းရင်းသားလူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေ သတ်မှတ်တဲ့နေရာမှာ ဖဆပလ ပဏာမ ညီလာခံမှာ ချမှတ်ခဲ့တဲ့လူမျိုးစုများနဲ့ ပတ်သက်တဲ့ ဂုဏ်အင်္ဂါရပ် (၇) ချက်ကို ထည့်သွင်း စဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီဂုဏ်အင်္ဂါရပ်တွေကတော့—

(၁) ပထဝီအနေအထားအရ နယ်နိမိတ် အထင်အရှား ရှိခြင်း၊

(၂) မြန်မာစကားနှင့် မတူသော ဘာသာစကား တစ်မျိုးတည်း ရှိခြင်း၊

(၃) ယဉ်ကျေးမှု တစ်မျိုးတည်းရှိခြင်း၊

(၄) ရာဇဝင်အစဉ်အလာ တစ် မျိုး တည်း ရှိသော လူစုရှိခြင်း၊

(၅) စီးပွားရေး ဆိုင်ရာ အကျိုး ကျေးဇူးနှင့် စီးပွားရေး လုံလောက်မှု ရှိသော လူစု ရှိခြင်း၊

(၆) လူဦးရေ အတော်အတန်ရှိခြင်း၊

(၇) ပြည်ထောင်စု အဖွဲ့ဝင် ဒေသတစ်ခု အဖြစ်ဖြင့်၊ မိမိကိုယ်ပိုင် ထင်ရှားချက်အတိုင်း နေထိုင်လိုသော ဆန္ဒရှိခြင်း

တို့ပဲ ဖြစ်ပါတယ်။

အထက်ပါ ဂုဏ်အင်္ဂါရပ်အားလုံးနှင့် ဖြစ်စေ၊ အချို့ဖြစ်စေ ပြည့်စုံတဲ့ ဒေသတွေကို ပြည်ထောင်စု ပြည်နယ်အဆင့်အတန်းကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဆင့်အတန်းကို ဖြစ်စေ၊ လူမျိုးစု ပြည်နယ်အဆင့်အတန်းကိုဖြစ်စေ ရရှိ စေ ရ မယ် လို့ မှုသဘော ချမှတ်ခဲ့ကြောင်း သိရပါတယ်။

ယခုလို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေး အတွက် အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် ကျင်းပတဲ့ အမျိုးသားညီလာခံကြီးမှာ အထက်ပါ ဂုဏ်အင်္ဂါရပ်(၇)ချက်စလုံးနှင့် ပြည့်စုံတဲ့ တိုင်းရင်း သား လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း အဆင့် ပေးအပ်ပြီး အချို့အဝက် ပြည့်စုံတဲ့ တိုင်း ရင်းသား လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့် ပေးအပ်သင့်ပါကြောင်း အကြံပေး တင်ပြ ဆွေးနွေးလိုပါတယ်။

သဘာပတိကြီးခင်ဗျား။ ၁၈-၁-၉၄ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးပွဲမှာ လုပ် ငန်းကော်မတီ ဥက္ကဋ္ဌက "ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို ဘယ် လိုခွဲခြား သတ်မှတ်သင့်တယ်ဆိုတာကို ညီလာခံ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြဖို့ ဖြစ် ပါတယ်။ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ရေးဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံမှာ တညီတညွတ် တည်း ရှိနေကြမှာ ဖြစ်ပါတယ်။ ဘယ်တိုင်းရင်း သားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရသင့် တယ်၊ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ရသင့်တယ်၊ ဘယ်နေရာ ဘယ်ဒေသ တွေမှာ သတ် မှတ် ပေး သင့် တယ် ဆို တာ ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါ တည်း သတ်မှတ်ပေးမယ်ဆိုရင်သက်ဆိုင်ရာတိုင်းရင်း သားများဟာ ကြည်နူး ဝမ်းမြောက် ကြမှာ ဖြစ်တဲ့ အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမို ကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်" လို့ မိန့်ကြား ခဲ့တာတွေ့ရှိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်သလို ကျွန် တော် တို့ ပအိုဝ်း တိုင်းရင်းသား အကြောင်းကို အနည်းငယ် မိတ်ဆက်တင်ပြလိုပါတယ်။ ပအိုဝ်း တိုင်းရင်းသား များဟာ တိဘက်မြန်မာ အစုခွဲ ကရင်အစုငယ်မှာ ပါဝင်ပြီး မွန် ဂို း ရီး ယား ကုန်း ပြင် မြင့်မှတစ်ဆင့် မဲခေါင်မြစ်အတိုင်း လည်းကောင်း၊ ရွှေလီမြစ် အတိုင်း လည်းကောင်း တရုတ်ပြည်မှ ကွတ်ခိုင် ကုန်းပြင်မြင့် ကျူကုတ် တောင်ကြားမှ တစ်ဆင့် လားရှိုး တောင်တန်းကိုဖြတ်ကာ ရှမ်းပြည်တောင် ပိုင်း တောင်ကြီးခရိုင် လွိုင်လင်ခရိုင် ဒေသအတွင်း ဝင်ရောက်နေထိုင်ခဲ့ကြပါတယ်။

ဘာသာစကားဟာ လူမျိုးတစ်မျိုးရဲ့ ဂုဏ်အင်္ဂါ လက္ခဏာရပ်တစ်ခု ဖြစ်ပါတယ်။ ပအိုဝ်းဘာသာ စကားဟာ ကရင်မျိုးခွဲ ဒေသန္တရမှာပါဝင်တဲ့အတွက် သီးခြားဘာသာစကား ဖြစ်ပါတယ်။ ပအိုဝ်းဘာ သာ စကားမှာ သံနေသံထား ရှစ်ခုရှိပြီး မြန်မာ စကားနှင့်မတူဘဲ သီးခြားဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား တော်တော်များများဟာ စာပေများ ရှိကြသလို ပအိုဝ်းတိုင်းရင်းသားမှာလဲ သီးခြား စာပေရှိပါ တယ်။ ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုကို အကြောင်းပြုပြီး ဗုဒ္ဓဘာသာဆိုင်ရာ စာပေအရေး အသားများ ထွန်းကားခဲ့ပါတယ်။ ဒါကြောင့် ပအိုဝ်းတိုင်းရင်းသားများဟာ ရှေးနှစ်ပေါင်းများ စွာကပင် ဗုဒ္ဓဝါဒနှင့်အတူ စာပေရှိတဲ့ လူမျိုးတစ် မျိုး ဖြစ်ပါတယ်။

စကား၊ စာပေ၊ ဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာရေး ကိုးကွယ် ယုံကြည်မှု၊ ဂီတအနုပညာနှင့် ဓလေ့ထုံးစံ တွေဟာ ယဉ်ကျေးမှု တွေပဲဖြစ်ပါတယ်။ ပအိုဝ်း တိုင်းရင်းသားများ အနေနှင့် ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြတဲ့အတွက် ပအိုဝ်းယဉ်ကျေးမှုလဲ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အပေါ်မှာ အခြေပြုလျက် ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း တွေ့ရပါတယ်။

စီးပွားရေးနှင့် ပတ်သက်ပြီး ပအိုဝ်းဒေသများမှာ တောင်ယာ စိုက်ပျိုးရေး လုပ်ငန်းများ၊ လှေကားထစ် စိုက်ပျိုးရေးလုပ်ငန်းများ၊ မြေပြန့်စိုက်ပျိုးရေး လုပ်ငန်းများနှင့်ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ငန်းများမှာ စပါး၊ ဂျုံ၊ ပြောင်း၊ အာလူး၊ မြေပဲ၊ နှမ်း နေကြာ၊ သနပ်ဖက်၊ ကြက်သွန်ဖြူ၊ ငုက်ပျော၊ ပဲမျိုးစုံ၊ ငရုတ်၊ နနွင်းတက်၊ ဂျင်း၊ ကြံ၊ ကာဖီနှင့် ဗာဂျီးနီးယားဆေးများ စိုက်ပျိုး ထုတ်လုပ်ကြကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ပအိုဝ်းတိုင်းရင်းသား လူဦးရေနှင့် နေထိုင်ရာဒေသများကို ဆက်လက်ပြီး တင်ပြသွားပါမယ်။ ၁၉၉၂ ခုနှစ်၊ လူဦးရေ စာရင်းအရ တောင်ကြီးခရိုင်မှာ လူဦးရေ ၉၇၃၄၈၈ ဦး ရှိကြောင်း၊ လွိုင်လင်ခရိုင်မှာ လူဦးရေ ၅၉၂၄၁၅ ဦး၊ စုစုပေါင်းနှစ်ခရိုင်လူဦးရေ ၁၅၆၅၉၀၃ ဦး ရှိကြောင်း သိရှိရပါတယ်။ တောင်ကြီးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်နှင့် ဖယ်ခုံမြို့နယ်များမှာ ပအိုဝ်း လူဦးရေ ၆၁၇၁၈၈ ဦး နေထိုင်ကြသလို လွိုင်လင် မြို့နယ် နမ့်ဆန်မြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ် မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချား မြို့နယ်တွေမှာ ပအိုဝ်းလူဦးရေ ၂၃၄၅၅၂ ဦး အသီးသီးရှိကြောင်း သိရပါတယ်။

ဒါကြောင့် ပအိုဝ်းတိုင်းရင်းသားများရဲ့ လူဦးရေဟာ အချို့သော ပြည်နယ်များရဲ့ လူဦးရေထက် ပိုမိုများပြားကြတဲ့ အပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ လွိုင်လင် ခရိုင် အတွင်း မှာ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂါရပ် ပြည့်စုံတဲ့အပြင် လူဦးရေ အတော်အတန်ရှိပြီး၊ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြတဲ့ ပအိုဝ်း တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် သတ်မှတ်ပေးပါရန်နှင့် မြန်မာနိုင်ငံအတွင်း အခြားသော တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် နေထိုင်ကြသော၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံတဲ့ တိုင်းရင်းသား ညီအစ်ကိုများကိုလည်း ထိုက်သင့်သလို သတ်မှတ်ပေးဖို့ အလေးအနက် တင်ပြလိုပါတယ်။

မြန်မာနိုင်ငံအနေနှင့် နယ်မြေအေးချမ်းသာယာရေးနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုး တိုးတက် ရေးဟာ တိုင်းရင်းသား အားလုံးရဲ့ စည်းလုံးညီညွတ်မှု အပေါ်မှာ တည်ပါတယ်။ ပြည်ထောင်စုနယ်မြေအားလုံး တစ်ပြေးညီ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုး တိုးတက် ရေးဟာ တိုင်းရင်းသားများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေး အပေါ်မှာ များစွာတည်မှီနေပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပအိုဝ်း နဲ့ အခြား ညီအစ်ကို တိုင်းရင်းသားများရဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးနိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များရဲ့ မေတ္တာ ကရုဏာ အပြည့်အဝနှင့် ကူညီဆောင်ရွက်ပေးပါရန် အထူး မေတ္တာရပ်ခံအပ်ပါတယ်။

သဘာပတိကြီး ခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ အပါအဝင် ဘယ်လို စုစည်းသင့်တယ်ဆိုတာ ဆက်လက်ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်ကို ဖွဲ့စည်းရာမှာ ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ်

လည်းကောင်း၊ ရပ်ကွက်များကို မြို့အဖြစ်လည်းကောင်း၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်များအဖြစ် လည်းကောင်း၊ ကျေးရွာအုပ်စု ရပ်ကွက်နှင့် မြို့များကို မြို့နယ်အဖြစ် လည်းကောင်း၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်များ အဖြစ်လည်းကောင်း စုစည်းခဲ့ပါတယ်။

အခု အသစ်ရေးဆွဲမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မှာလည်း နိုင်ငံတော် အဖွဲ့အစည်းများ အနေနှင့် ဆက်သွယ်မှုလမ်းကြောင်း လွယ်ကူလျင်မြန်စေဖို့ နိုင်ငံတော်ရဲ့ လုပ်ငန်းအဆင့်ဆင့်ကို အနီး ကပ်ကြီးကြပ်နိုင်စေဖို့နှင့် စီမံအုပ်ချုပ်မှုယန္တရား လွယ်ကူလျင်မြန်စွာ လည်ပတ်နိုင်ဖို့အတွက် နိုင်ငံတော်ကို အောက်ပါအတိုင်း စုစည်းသင့်ကြောင်း တင်ပြအပ်ပါတယ်—

— ကျေးရွာများကို ကျေးရွာ အုပ်စု အဖြစ်လည်းကောင်း၊
— ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ် အဖြစ်လည်းကောင်း၊
— ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့နယ်များကို မြို့နယ်အဖြစ် လည်းကောင်း၊
— မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊
— ခရိုင်များကို တိုင်းဒေသကြီး သို့ မ ဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး၊ ယင်းခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊
— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ် နယ် တွင် ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ တိုင်း သို့မဟုတ် ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေသရှိပါက ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
— တိုင်းဒေသကြီးများနှင့် ပြည်နယ် များကို နိုင်ငံတော်အဖြစ်လည်းကောင်း

စုစည်းသတ်မှတ်ရန် သင့်ပါကြောင်း အလေးအနက် တင်ပြ ဆွေးနွေးလိုပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** နိုင်ငံတော်တွင် ပါဝင်သည့်တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရန်နှင့် ပတ်သက်ပြီး ဆက်လက်တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အခုရေးဆွဲမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း ခေါင်းစဉ်အောက်မှာ မြန်မာနိုင်ငံရဲ့ နယ်မြေ ဟူသမျှသည် ပြည်ထောင်စုမှ ဘယ်တော့မှ ခွဲမထွက်ကြဆိုတဲ့ ခံယူချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးများ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းနေထိုင်မယ့် အခြေခံမူတွေကို ချမှတ်ဖို့ လိုအပ်ကြောင်း၊ ဒီလိုချမှတ်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့နယ်မြေဟူသမျှ ပြည်ထောင်စုမှ ဘယ်တော့မှ ခွဲမထွက်ကြ ဆိုတဲ့ ခံယူချက်ဟာ အခြေခံအကျဆုံး ဖြစ်ကြောင်း မိန့်ကြားသွားခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း (၁၀) ခွဲထွက်နိုင်သော အခွင့်အရေး ခေါင်းစဉ်မှာ ပုဒ်မ (၆) ခု ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရပါတယ်။ အဲဒီခေတ်အခြေအနေအရ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အနေနှင့် နယ်ချဲ့ ပြည်ပပယောဂ သွေးခွဲမှုကို ကာကွယ်နိုင်အောင် တိုင်းရင်းသားများအတွက် အာမခံချက် ရှိအောင်ဆိုတဲ့

အမြော်အမြင်နဲ့ ရေးဆွဲထည့်သွင်း ပြဋ္ဌာန်းခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီ အခွင့်အရေးဟာ အခြေခံ ဥပဒေတစ်ရပ်ရဲ့ လိုအပ်ချက်အရ ပြဋ္ဌာန်းထားပေမယ့် လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးဖို့ မဟုတ်ကြောင်း တိုင်းရင်းသား အားလုံး သဘောပေါက်ခဲ့ကြပါတယ်။

ဆိုဗီယက်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အခန်း (၂)၊ ပုဒ်မ ၁၇ မှာလည်း ခွဲထွက်နိုင်တဲ့အခွင့်အရေးကို ပေးထားပါတယ်။ အဲဒီဥပဒေ အားနည်းချက်ကြောင့် ဆိုဗီယက်ပြည်ထောင်စုကြီး ယခုအခါမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားကြပြီး ဒုက္ခအမျိုးမျိုး ရောက်နေကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။အရှေ့ဥရောပနိုင်ငံအချို့မှာလည်းတိုင်းရင်းသားလူမျိုးစုများ အချင်းချင်း စစ်ခင်းနေကြပြီး၊ ခွဲထွက်နိုင်ဖို့ ကြိုးစားနေကြတာကို စာနယ်ဇင်းများမှာ တွေ့မြင်နိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့မူလဖွဲ့စည်းပုံအခြေခံ ဥပဒေမှာလည်း၊ ပြည်နယ်များခွဲထွက်ခြင်း မရှိစေရ ဆိုတဲ့ ကန့်သတ်ပြဋ္ဌာန်းချက် မရှိတဲ့အတွက် ခွဲထွက်လိုက ခွဲထွက်နိုင်သည်ဆိုတဲ့ အဓိပ္ပာယ် ဆောင်ပါတယ်။ ၁၈၆၁ ခုနှစ်၊ အမေရိကန် တောင်ပိုင်း ပြည်နယ်အချို့က ကျွန်စနစ် ဆက်လက်ထားရှိရေး ကိစ္စနှင့် ပတ်သက်ပြီး သဘောထား ကွဲလွဲ၍ ပြည်တွင်းစစ်ဖြစ်ခဲ့ရပါတယ်။ အဲဒီခွဲထွက်ရေး ကိစ္စနှင့်ပတ်သက်တဲ့ ပြည်တွင်းစစ်ဖြစ်တာဟာ အမေရိကန် လွတ်လပ်ရေးသက်တမ်း ၈၅ နှစ်အကြာမှာ ဖြစ်ကြောင်း သိရပါတယ်။

အဲဒီအချက်နှင့် ပတ်သက်ပြီး ဥပဒေပညာရှင် ဒေါက်တာမောင်မောင်က ပြည်ထောင်စုမှ ခွဲထွက်ခြင်းနှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စုရဲ့ ဥပမာသည် လေးနက်သော သတိပေးချက် တစ်ရပ်ဖြစ်သည်လို့ ၎င်းရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (အင်္ဂလိပ်) စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်အလက် အကြောင်းအရာတွေ အားနည်းရင် အားနည်းသလို ချို့ယွင်းရင် ချို့ယွင်းသလို နိုင်ငံတော် ပြိုကွဲသွားနိုင်တဲ့အတွက် ဘက်စုံထောင့်စုံပြည့်စုံဖို့ လိုအပ်တယ် ဆိုတာ သိသာ ထင်ရှားလှပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မှာလည်း ပြည်ထောင်စု ပြိုကွဲစေနိုင်ပြီး တိုင်းရင်းသား လူမျိုးများ အချင်းချင်း စစ်ခင်းရမယ့်အဖြစ်မျိုးကို ရောက်ရှိစေနိုင်တဲ့၊ ခွဲထွက်နိုင်တဲ့ အခွင့်အရေးကို ကြိုတင် ဟန့်တားဖို့ အထူးအရေးကြီးလှပါတယ်။

ဒါကြောင့် နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့် အခါမှ ခွဲမထွက်ရဆိုတဲ့အချက်ကို အတိအကျ ပြဋ္ဌာန်းသင့်ကြောင်း အလေးအနက် အကြံပြု ဆွေးနွေးလိုပါတယ်။

သဘာဝပတိကြိုးခင်များ။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ် နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက ဘယ်လို ဆောင်ရွက်သွားသင့်တယ်ဆိုတာ ဆက်လက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အကျိုးကို ရှေးရှုပြီး စီမံခန့်ခွဲမှုလွယ်ကူအောင် နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ရလေ့ ရှိပါတယ်။ အဲဒီလို ပြင်ဆင် သတ်မှတ်တဲ့အခါမှာ အောက်ပါနည်းလမ်းများအတိုင်း ဆန္ဒမဲ ရယူသင့်ကြောင်း အကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်အကြီးအကဲထံ နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်ရဲ့

သဘောထားကိုရယူပေးဖို့ ပထမဦးစွာ အကြောင်းကြားသင့်ပါတယ်။ ပြည်ထောင်စု လွှတ်တော်အနေနှင့် အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို ရယူသင့်ပါတယ်—

(၁) အထက်လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံမဲ၊

(၂) အောက်လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံမဲ၊

(၃) လွှတ်တော် နှစ်ရပ်မှာရှိတဲ့ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက် ဝက် ကျော် ထောက်ခံမဲ ရယူဖို့ သင့်ပါတယ်။

အဲဒီလို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ ထောက်ခံဆန္ဒမဲ အသီးသီး ရရှိလျှင် နိုင်ငံတော်ရဲ့နယ်နိမိတ်ကို နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ်ပေးရေး အတွက် အခြေခံမူများ ချမှတ်ပေးသင့်ကြောင်း အကြံပြု ဆွေးနွေး တင်ပြလိုပါတယ်။

အဲဒီလို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ၊ လွှတ်တော်တစ်ရပ်က ဖြစ်စေ၊ အဲဒီ လွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ်ပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူဆောင်ရွက်ဖို့နှင့် ပြည်ထောင်စုလွှတ်တော်စုစုပေါင်းရဲ့လေးပုံသုံးပုံနဲ့ အထက်ကထောက်ခံလျှင် နိုင်ငံတော်သမ္မတကနိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရေးအတွက် အခြေခံမူများ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်းပေါ်ပေါက်လာလျှင်လည်း အဲဒီ နယ်နိမိတ်နှင့် အကျုံးဝင်တဲ့ နယ်မြေအတွင်းနေထိုင်ကြတဲ့ မဲဆန္ဒရှင် စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ ရယူသင့်ပါတယ်။ တကယ်လို့ လိုအပ်တဲ့ ထက်ဝက်ကျော် ထောက်ခံမဲမရရှိဘူးဆိုရင် အဲဒီ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးကို ဆက်လက်ဆောင်ရွက်ခြင်း လုံးဝ မပြုသင့်ကြောင်း ဆွေးနွေး အကြံပြု လိုပါတယ်။

အဲဒီ နယ်မြေနှင့် အကျုံးဝင်တဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ထက်ဝက်ကျော်က ထောက်ခံဆန္ဒမဲပေးလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ ထောက်ခံဆန္ဒမဲ လေးပုံသုံးပုံနှင့် အထက်ရရှိအောင် ဆက်လက်ရယူသင့်ပါတယ်။ အဲဒီလို ရယူပြီးတဲ့အခါမှ နိုင်ငံတော်သမ္မတ ပြည်ထောင်စုလွှတ်တော်ရဲ့သဘောတူညီချက်ကို ရယူပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရေး အတွက် အခြေခံမူများချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တကယ်လို့သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ဖို့ သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ဆက်လက်ရယူသင့်ပါတယ်။ အဲဒီလို သဘောထားရယူတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေရဲ့ လေးပုံသုံးပုံနှင့် အထက်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးမှသာလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်ရေး အတွက် အခြေခံမူများ ချမှတ်သင့်ကြောင်း အလေးအနက် ဆွေးနွေး တင်ပြလိုပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာ အုပ်စု၊

ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာနိုင်စရာ အကြောင်းရှိနိုင်ပါတယ်။ အဲဒီလို နယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများဟာ ဒေသဆိုင်ရာ ကိစ္စသက်သက်သာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက အခြေခံမူများ ချမှတ်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဆက်လက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ အမည်ကို ပြောင်းလဲသတ်မှတ်ဖို့ ရှိမယ်ဆိုလျှင်လည်း အထက်ပါ နည်းလမ်းအတိုင်း သက်ဆိုင်ရာ နယ်မြေလူထုထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

နိုင်ငံတော်ရဲ့မြို့တော်ကိုနိုင်ငံတော်သမ္မတကတိုက်ရိုက်အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေး အကြံပြုလိုပါတယ်။ နိုင်ငံတကာ အစဉ်အလာအရ ကမ္ဘာ့နိုင်ငံကြီးအချို့မှာ မိမိတို့ရဲ့ မြို့တော်ကို နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိကျင့်သုံးတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ အနေနှင့်လည်း ဗဟိုအစိုးရ ရုံးစိုက်တဲ့ မြို့ဖြစ်တဲ့ ရန်ကုန်မြို့ကိုပဲ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်။

ရန်ကုန်မြို့တော်ဟာ လူဦးရေထူထပ်စွာ နေထိုင်လျက်ရှိခြင်း၊ စီးပွားရေးလုပ်ငန်း မြောက်များစွာရှိခြင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံခြားသံရုံးများ ဖွင့်လှစ်ထားရှိခြင်း၊ နိုင်ငံခြားသားများ အဝင်အထွက်များပြားစွာရှိခြင်းနှင့် နိုင်ငံတော်အတွက် မလိုလားအပ်သော ဆူပူမှုပြဿနာအရေးအခင်းများ စတင်ဖြစ်ပေါ်စေနိုင်ခြင်း အစရှိတဲ့ ထူးခြားတဲ့ အခြေအနေများနှင့် ပြည့်နှက်လျက် ရှိနေပါတယ်။ အဲဒီလို အခြေအနေ အခက်အခဲ အရပ်ရပ်ကို အလျင်အမြန် အလွယ်တကူ ဖြေရှင်းပေးနိုင်ဖို့အတွက် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ ထားရှိတဲ့ ပြည်ထောင်စုနယ်မြေအဖြစ် ထားရှိသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အခြေအနေ ထူးခြားမှုရှိတဲ့ ကိုကိုးကျွန်း မြို့နယ်ကဲ့သို့သော ဒေသများကိုလည်း နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိတဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ဖို့ သင့်ပါတယ်။ နောက်နောင်တွင်လဲ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်ပတ်သက်ပြီး ထူးခြားမှုရှိတဲ့ ဒေသများကိုလည်းလိုအပ်ရင်လိုအပ်သလိုဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသင့်ပါကြောင်း အလေးအနက် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ အခန်းအလိုက် ခေါင်းစဉ်ကို ဆက်လက်ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်ကို အခြေခံဥပဒေရဲ့ အခန်းအလိုက် ခေါင်းစဉ်အဖြစ် သုံးနှုန်းသင့်ကြောင်း နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့ (၇) ခုတို့က အကြံပြုထားကြပြီး နိုင်ငံတော် အကြီးအကဲနှင့်ပတ်သက်တဲ့ အခြေခံမူ နှစ်ရပ်ကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှာ ချမှတ်ခဲ့ပါတယ်။

သမ္မတဆိုတာ လူအများက မိမိတို့ဆန္ဒအရ တင်မြှောက်ထားတဲ့မင်း တစ်နည်းအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ထားတဲ့ အထွတ်အထိပ် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများမှာ မိမိနိုင်ငံရဲ့ အကြီးအကဲအဖြစ် ဘုရင်ကိုလည်းကောင်း၊

သမ္မတကို လည်းကောင်း ထားလေ့ ရှိကြပါတယ်။ သမ္မတကို နိုင်ငံတော် အကြီးအကဲအဖြစ် တင်မြှောက်ကြတဲ့ နိုင်ငံတွေထဲက အချို့နိုင်ငံများဟာ သမ္မတကို နိုင်ငံတော်ရဲ့ ကျက်သရေဆောင် ပုဂ္ဂိုလ်များ အဖြစ် ထားရှိကြပြီး အချို့နိုင်ငံတွေကတော့ ကျက်သရေဆောင်အပြင် အုပ်ချုပ်ရေးပုဂ္ဂိုလ်အကြီးအကဲအဖြစ်ပါထားရှိကြကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အတိတ် ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ရပ်မှာလဲ သမ္မတကို ကျက်သရေဆောင် နိုင်ငံတော်အကြီးအကဲ အဖြစ်သာ ထားရှိခဲ့ကြောင်း သိရပါတယ်။ အခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်မှာ သမ္မတကို ရုပ်ပြ သက်သက်ပဲထားမလား၊ ဒါမှမဟုတ်ရင် အုပ်ချုပ်ရေး အာဏာအပြည့်အဝ ပေးထားမလားဆိုတာ အလေးထားစဉ်းစားကြဖို့ လိုအပ်လာပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်း ကြောင်း ကို ပြန် လည် လေ့လာမယ် ဆိုရင် ဝန်ကြီးချုပ်ကိုသာ အာဏာအပြည့်အဝ ပေးထားတဲ့ စနစ် ကိုကျင့် သုံး ခဲ့တာ တွေ ရှမှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်စနစ်ကို ကျင့်သုံးတဲ့အခါမှာ ဝန်ကြီးချုပ်ဟာ လွှတ်တော်ကို တာဝန်ခံ အုပ်ချုပ်ရတဲ့အတွက် လွှတ်တော်အမတ် အများစုရဲ့ ဆန္ဒကို ထောက်ထားရမှာ ဖြစ်ပါတယ်။ လွှတ်တော်အမတ်များရဲ့ ဆန္ဒကို ဆန့်ကျင်ပြီး၊ နိုင်ငံတိုးတက်ရာ တိုးတက် ကြောင်းကို ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်း၊ ဝန်ကြီးချုပ်ရဲ့ ပါတီဟာ လွှတ်တော်တွင်းမှာ အင်အားနည်းပါးနေရင် ညွန့်ပေါင်းအစိုးရ ဖွဲ့ စည်း နိုင် ဖို့ အ တွက် အခြားပါတီများနှင့် ' အပေးအယူလုပ်ရင်း နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ လုပ် ငန်း တာ ဝန် များ ကို လွယ်ကူစွာ မဆောင်ရွက်နိုင်ခြင်း၊ လွှတ်တော်အမတ်များရဲ့ အယုံအကြည်မရှိ အဆိုတင်သွင်းနိုင်တဲ့ အခွင့်အရေးတွေကြောင့် ဝန်ကြီးချုပ်ဟာ မကြာခဏဆိုသလို ပြုတ်ကျတတ်ပြီး အစိုးရအဖွဲ့ အပြောင်းအလဲ ဖြစ်ပေါ်နိုင်လို့ နိုင်ငံရေး မတည်ငြိမ်မှုတွေ မကြာခဏ ဖြစ်ပေါ်နိုင်ပါတယ်။ အယုံအကြည်မရှိ အဆိုကြောင့် ဝန်ကြီးချုပ်ဟာ မိမိပါတီ အနိုင်ရရှိရေး၊ မဲအသာရရှိရေးအတွက် မိမိအစိုးရ မိမိပါတီရဲ့ မူဝါဒများကို အလျှော့ပေးကာ အပေးအယူလုပ်ရတဲ့ အားနည်းချက်တွေ များစွာရှိနေပါတယ်။

ဝန်ကြီးချုပ်ကို အုပ်ချုပ်ရေးအာဏာ ပေးထားတဲ့ စနစ်ကိုကျင့်သုံးတဲ့ နိုင်ငံများကိုကြည့်ရင် အဲဒီအားနည်းချက်တွေကြောင့် အစိုးရအဖွဲ့ မကြာခဏပြောင်းလဲ တတ်ပါတယ်။ မူဝါဒတစ်ခု၊ လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် အချိန်တော်တော်ကြာ ယူရတာ တွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှာ တစ်နှစ်အတွင်း အစိုးရအဖွဲ့ အကြိမ်ကြိမ်ပြောင်းလဲရပြီး ဘုရင်ကိုယ်တိုင် ကြားဝင်ရှင်းလင်းပေးမှ ပြေလည်သွားတာကို လေ့လာသိရှိရပါတယ်။

နိုင်ငံတော်သမ္မတကို အုပ် ချုပ် ရေး အာ ဏာ အပြည့်အဝ ပေးထားတဲ့ ကမ္ဘာ့နိုင်ငံ အတော်များများမှာ နိုင်ငံရေးအရ တည်ငြိမ်မှုရှိပြီး ပြည်တွင်းပြည်ပ ရေးရာကိစ္စများကို လျင်လျင်မြန်မြန် လွယ်လွယ်ကူကူနှင့် ဆောင်ရွက်နိုင်ကြတာတွေကို တွေ့ရှိရပါတယ်။

အခုလို ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်ပြင်းပြင်း၊ ခြေလှမ်းမှန်မှန်နှင့် ဆောင်ရွက်နေတဲ့ အခါမှာ အာဏာအပြည့်အဝပေးထားတဲ့ သမ္မတအုပ်ချုပ်ရေးစနစ်သာ အသင့်တော်ဆုံး ဖြစ်ပါတယ်။ ဒါမှသာ မိမိအာဏာ တည်မြဲရေးအတွက် နိုင်ငံရေးကစားမှုဖြင့်သာ အချိန်ကုန်မခံသင့်ဘဲ နိုင် ငံ တော် ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အလေးပေးဇောက်ချ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အကြီးအကဲကို အုပ်ချုပ်ရေးအာဏာ အပြည့်အဝပေးထားတဲ့ နိုင်ငံတော်သမ္မတကိုပဲ ထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။ ဒါမှသာ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ တံခွန်သဖွယ်ဖြစ်ပြီး နိုင်ငံတော်သူနိုင်ငံတော်သားများရဲ့ အားကိုးရာ အားထားရာ အမျိုးသား ခေါင်းဆောင်ကြီး

ဖြစ်လာနိုင်ပါမယ်။ အဲဒီလို နိုင်ငံတော် သမ္မတကို နိုင်ငံတော် အကြီးအကဲအဖြစ် သတ်မှတ်ထားတဲ့ နေရာမှာ——

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုကြောင်း၊
— နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံးရဲ့ အမျိုးသားခေါင်းဆောင်ကြီးဖြစ်ကြောင်း၊
— နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ် နေရာတွင် ရှိကြောင်း

ဆိုတဲ့ အခြေခံမှုများကိုလဲ ချမှတ်ထားသင့်ကြောင်း အလေးအနက် အကြံပြုဆွေးနွေးချင်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ဆက်လက်ပြီးတော့ နိုင်ငံတော်သမ္မတမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းများနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြု သွားမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေများဟာ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်လျက်ရှိနေပါတယ်။ လျင်မြန်စွာပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေများကလည်း မြန်မာနိုင်ငံနိုင်ငံရေး အခြေအနေကို လာရောက် ရိုက်ခတ်နေပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံကို မိမိတို့ရဲ့ကိုယ်ကျိုး စီးပွားအတွက် အသုံးချဖို့ ချောင်းမြောင်းနေတဲ့ ကမ္ဘာ့နိုင်ငံအချို့လည်း ရှိနေပြန်တယ်။ အဲဒီလိုအခြေအနေမှာ မြန်မာနိုင်ငံအနေနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတွေဟာ အထူးလိုအပ်လျက်ရှိနေပါတယ်။ အဲဒီအချက်များနဲ့ပြည့်စုံမှသာ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံရယ်လို့ ရပ်တည်နိုင်မှာဖြစ်ပါတယ်။

ဒီ့ တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည် ဖော်ပေးနိုင်မယ့် သမ္မတတစ်ဦးရရှိဖို့ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်က တောင်းဆိုလျက် ရှိနေပါတယ်။ နိုင်ငံတော် တည်တံ့ခိုင်မြဲဖို့ ဆောင်ရွက်ပေးမယ့် သမ္မတတစ်ဦးမှာလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စတဲ့ နိုင်ငံတော် အရေးအရာ များနှင့် စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်း ရှိတဲ့ အရည်အချင်းရှိဖို့ လိုအပ်လှပါတယ်။

နိုင်ငံတော် သမ္မတ တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်း သတ်မှတ်မယ်ဆိုရင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စစ်ရေးတို့ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်ရမယ်ဆိုတဲ့ အရည်အချင်းတစ်ရပ် မလွဲမသွေ ပြဋ္ဌာန်းသင့်ကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။

ဒါ့အပြင်နိုင်ငံတော်သမ္မတဟာနိုင်ငံသားများရဲ့ ကိုယ်စား နိုင်ငံတော်ကို ဦးဆောင်မှုပေးရတဲ့ နိုင်ငံတော် အကြီးအကဲ ဖြစ်တဲ့အတွက် "မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှုဆိုတဲ့ နာယကဂုဏ် ခြောက်ပါးနှင့်လည်း ပြည့်စုံ၍ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဂတိတရားလေးပါးနှင့်လည်း ကင်းရှင်းပြီး" နိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာရှိဖို့ အထူး လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမယ်ဆိုတဲ့ အရည်အချင်း တစ်ရပ်ကိုလည်း ထည့်သွင်းသတ်မှတ် ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။

နိုင်ငံတော်ကို ဦးဆောင်မယ့် နိုင်ငံတော်သမ္မတဟာ နိုင်ငံခြားသားသွေး တစ်စက်မှ မရောတဲ့၊ မျိုးရိုးစစ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ လိုအပ်လှပါတယ်။ မျိုးရိုးစစ်တဲ့ပုဂ္ဂိုလ်များဟာ မျိုးရိုးချစ်တဲ့စိတ်ဓာတ်ကိန်းအောင်းပြီး မျိုးရိုး တိုးတက် ကောင်းစားအောင် ဆောင်ရွက်မယ့် ခွန်အားရှိနေတတ်ကြတယ်ဆိုတာ သဘာဝကျပါတယ်။ အဲဒီသဘောသဘာဝအတိုင်းပဲ ကမ္ဘာ့နိုင်ငံ အတော်များများဟာ မိမိတို့ သမ္မတရဲ့ အရည်အချင်းကို သတ်မှတ်တဲ့ အခါမှာ

နိုင်ငံတော်အတွင်း၊ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမယ်လို့ သတ်မှတ်ကြတာကိုတွေ့ရှိရပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ သမ္မတအရည်အချင်း သတ်မှတ်တဲ့နေရာမှာ နိုင်ငံတော် သမ္မတသည် မိမိနှင့်မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်လို့ သတ်မှတ် ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေး အကြံပြု အပ်ပါတယ်။

ကမ္ဘာ့နိုင်ငံ အများစုဟာ ၎င်းတို့ရဲ့ သမ္မတ အသက်ကို ၃၅ နှစ်၊ ၄၀ နှစ် နှင့် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမယ်လို့ ကန့်သတ်ထားတာ တွေ့ရပါတယ်။ နိုင်ငံတော် သမ္မတဟာ မိမိနိုင်ငံနှင့် ပတ်သက်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စစ်ရေး အတွေ့အကြုံများ ကြွယ်ဝဖို့ လိုအပ်ပါတယ်။ အဲဒီလို အတွေ့အကြုံတွေ ကြွယ်ဝမှသာ နိုင်ငံတော်ကို ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီ အတွေ့အကြုံတွေ ကြွယ်ဝဖို့ဆိုရင် အသက်အနေနဲ့ မငယ်လွန်းမှ ဖြစ်နိုင်ပါမယ်။ အသက်ကြီးလွန်း နေပြန်ရင်လည်း ဇရာရဲ့ သဘာဝအရ လျင်မြန်ဖျတ်လတ်မှု နည်းပါးသွားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတရဲ့ အသက်ကို သတ်မှတ်တဲ့အခါမှာ မငယ်လွန်း မကြီးလွန်း အနည်းဆုံး ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်လို့ သတ်မှတ် ကန့်သတ်သင့်ကြောင်း အကြံပြုဆွေးနွေး လိုပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်မှာ အရေးအကြီးဆုံးနှင့် အရေးအပါဆုံး နံပါတ်တစ် ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် လွှတ်တော် ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံနိုင်ခွင့် အရည်အချင်းများ အပြင် နိုင်ငံတော်သမ္မတရဲ့ သီးခြားသတ်မှတ်ထားတဲ့ အရည်အချင်းများနှင့်လည်း ပြည့်စုံသူ ဖြစ်စေသင့် ပါတယ်။

အလားတူ သတ်မှတ်ချက်များကို ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ နိုင်ငံ၊ပါကစ္စတန် နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနဲ့ သီရိလင်္ကာ နိုင်ငံများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများ အပြင် ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေမှာပါ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ "ရွေးကောက် တင်မြှောက်ခံ ပိုင်ခွင့်အတွက် သတ်မှတ်ထားသော အရည်အချင်း များ အပြင် နိုင်ငံတော်သမ္မတအတွက် သီးခြား သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံ ရမည်" လို့ နိုင်ငံတော်သမ္မတရဲ့ အရည်အချင်း တစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်း သင့်ကြောင်း ဆွေးနွေး အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးမှူးကြီးဖြစ်တဲ့အပြင်၊ နိုင်ငံတော် တိုးတက်ရာ တိုးတက်ကြောင်းကို ပဲ့ကိုင် လမ်းညွှန်ပြီး၊ ဦးဆောင်ဦးရွက် ပြုသွားရမှာ ဖြစ်ပါတယ်။ အဲဒီ နိုင်ငံတော် သမ္မတဟာ မိမိနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေ၊ အုပ်ချုပ်ရေး အခြေအနေ၊ လူမှုရေး အခြေအနေ၊ တိုင်းရင်းသား များနှင့် ပတ်သက်တဲ့ အခြေအနေ အရပ်ရပ်ကို အတိတ် ကာလမှ မျက်မှောက်ကာလအထိ အဆက်မပြတ် သိရှိနေဖို့ လိုအပ်တဲ့အပြင် နိုင်ငံတော်ရဲ့ အနာဂတ် ကာလကိုလည်း အနီးစပ်ဆုံး မျှော်မှန်းထားနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ အခြေအနေ အရပ်ရပ်ကို အဆက်မပြတ် ထိတွေ့သိရှိထားမှသာ နိုင်ငံတော်ကို ဦးဆောင်မှုပေးတဲ့နေရာမှာ အံဝင် ခွင်ကျ ဖြစ်ပြီး ထိရောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဦးဆောင် ပဲ့ကိုင်နိုင်ဖို့အတွက် နိုင်ငံတော် အတွင်းမှာ တစ်ဆက်တည်း အချိန်အတော် ကြာ နေထိုင်လေ့လာ လှုပ်ရှားမှု ဖြစ်နိုင်မယ်လို့ ယူဆပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံးအနှစ် (၂၀) နိုင်ငံတော် တွင် အခြေချ နေထိုင်သူ ဖြစ်ရမယ်လို့ နိုင်ငံတော်

သမ္မတရဲ့ အရည်အချင်း တစ်ရပ်အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေး အကြံပြုလိုပါတယ်။ နိုင်ငံတော် အကြီးအကဲနဲ့ အမျိုးသား ခေါင်းဆောင်အဖြစ် ဆောင်ရွက်မယ့် နိုင်ငံတော် သမ္မတဟာ အထူးသဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေသူဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကို ပြည်သူများက လုံးဝဥဿုံယုံကြည်အားထားနိုင်ဖို့နဲ့ သံသယမပွားစေနိုင်ဖို့အတွက် နိုင်ငံတော် သမ္မတကသာမက သမ္မတရဲ့မိသားစုများကပါ နိုင်ငံတော်နဲ့ နိုင်ငံသားအပေါ် သစ္စာစောင့်သိ ရိုသေသူများဖြစ်ဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁) အပိုဒ်ခွဲငယ် (က) တွင်လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (င) တွင် လည်းကောင်း နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ဖို့အတွက် ဟန့်တားပိတ်ဆို့ထားတဲ့အချက်များ ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ ဦးဆောင်မှု အခန်းမှာ သစ္စာ ဖောက်နိုင်သူများ မဝင်လာနိုင်အောင်နှင့် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှု မပြုနိုင်အောင် နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းသတ်မှတ်ချက်မှာ ကြိုတင်ထည့်သွင်း ပြဋ္ဌာန်းထားဖို့ အထူးလိုအပ်တဲ့ အတွက် အောက်ပါအတိုင်း သတ်မှတ် ပြဋ္ဌာန်းသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

အဲဒီအချက်တွေကတော့ နိုင်ငံတော်သမ္မတဟာ မိမိ ကိုယ်တိုင် သော်လည်းကောင်း၊ မိမိ၏ မိဘ တစ်ပါးပါးသော် လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက် ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ မဖြစ်ရန်နှင့် ထိုသူများသည် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံ ဖြစ်သူသော် လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်ရန်ဆိုတဲ့ အချက်များပဲ ဖြစ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ဆက် လက် ပြီး နိုင်ငံတော်သမ္မတကို ဘယ်လို ရွေးချယ်သင့်သလဲ ဆိုတာနှင့် ပတ်သက်ပြီး ဆွေးနွေး အကြံပြုလိုပါတယ်။ ကမ္ဘာ့နိုင်ငံများဟာ နိုင်ငံတော် သမ္မတကို လူထုက တိုက်ရိုက် ရွေးချယ်တဲ့စနစ်၊ ဒါမှမဟုတ် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တဲ့ စနစ်၊ အဲဒီစနစ်နှစ်ခုထဲက စနစ်တစ်ခုခုကို ကျင့်သုံးကြတာ တွေ့ရပါတယ်။ နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့နှင့် ရွေးချယ်တင်မြှောက်ရမယ်လို့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ မူချမှတ်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့ကပဲ ရွေးချယ် ပေးသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဖွဲ့စည်းတဲ့နေရာမှာ မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိတို့ နိုင်ငံရဲ့ နိုင်ငံရေးနဲ့ အခြားအခြေအနေအရပ်ရပ်တွေနှင့် လိုက်လျောညီထွေ ရှိမယ့်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေကြတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအရ သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ကို သီးခြား ရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ၊ ပြည်ထောင်စု လွှတ်တော်မှာ ပါဝင်ကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ အဖြစ် သတ်မှတ်သင့်ပါတယ်။

တိုင်းဒေသကြီးများနှင့် ပြည်နယ် အများစု ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေး ကောက် တင်မြှောက်တဲ့ လူမျိုးစုလွှတ်တော် သို့မဟုတ် အထက်လွှတ်တော် ကိုယ်စားလှယ်များကို အစုအဖွဲ့ (၁) အဖြစ်လည်းကောင်း၊ လူဦးရေကို အခြေခံပြီး

ရွေးကောက် တင်မြှောက်တဲ့ အောက်လွှတ်တော် ကိုယ်စားလှယ်များကို အစုအဖွဲ့ (၂) အဖြစ်လည်းကောင်း၊ အဲဒီလွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များကို အစုအဖွဲ့ (၃) အဖြစ်လည်းကောင်း အစုအဖွဲ့သုံးဖွဲ့ ဖွဲ့စည်းသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

အဲဒီသမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့အသီးသီးက ပထမဦးစွာ ဒုတိယ သမ္မတလောင်းတစ်ဦးစီကို လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အမည်စာရင်းတင်သွင်းပြီး ရရှိလာတဲ့ နိုင်ငံတော်သမ္မတလောင်းများဖြစ်တဲ့ ဒုတိယသမ္မတသုံးဦးအနက် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကကြိုက်နှစ်သက်တဲ့၊ မဲအများဆုံးရရှိတဲ့ ဒုတိယသမ္မတကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သင့်ကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။ ကျန်ရှိတဲ့ ပုဂ္ဂိုလ်နှစ်ဦးကိုတော့ ဒုတိယသမ္မတများအဖြစ် ထားရှိသင့်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ နိုင်ငံမှာ သမ္မတတစ်ဦးနှင့် ဒုတိယ သမ္မတနှစ်ဦးတို့ ရှိလာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့လုပ်ငန်း တာဝန်များကိုလဲ နိုင်နင်းစွာ ကိုင်တွယ်ထမ်းဆောင်ကြမှာဖြစ်ကြောင်း တင်ပြဆွေးနွေး လိုပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများကိုလဲ ပြဋ္ဌာန်း ပေးထားသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

နိုင်ငံတော် သမ္မတရဲ့ ရာထူး သက်တမ်းနှင့်ပတ်သက်ပြီး ဆက်လက်အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လုပ်ပိုင်ခွင့်အပြည့်အဝရှိတဲ့ နိုင်ငံတော် သမ္မတက ဦးဆောင်အုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးလိုတဲ့အတွက် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ရဲ့တာဝန်ဝတ္တရားများကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ သင့်တင့်လျောက်ပတ်တဲ့ ရာထူးသက်တမ်း သတ်မှတ်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံများမှာ ကျင့်သုံးနေတဲ့ သမ္မတရာထူးသက်တမ်း အနေအထားအရလည်းကောင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစတဲ့ အခြေအနေ အရပ်ရပ်တွေကို အခြား နိုင်ငံများနဲ့ ရင်ပေါင်တန်း လိုက်နိုင်ဖို့ အစွမ်းကုန် ကြိုးစားရမည့် အနေအထားအရလည်းကောင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးရှိစေမယ့် လုပ်ငန်းများကို အချိန်ယူ အကောင်အထည် ဖော်ပေးနိုင်ဖို့ အတွက်လည်းကောင်း နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့ သက်တမ်းကို ငါးနှစ် ထားရှိသင့်ပြီး ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မရှိဖို့ သတ်မှတ်သင့်ကြောင်း အလေးအနက် အကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတအဖြစ် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကို သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့က ရွေးချယ် တင်မြှောက်လိုက်ပါက အဲဒီပုဂ္ဂိုလ်ဟာ လွှတ်တော် ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အတွက်လည်းကောင်း တစ်ချိန်တည်းမှာပဲ ပူးတွဲဆောင်ရွက်မယ်ဆိုရင်၊ အာဏာ သုံးရပ် ပိုင်းခြားရေးမူနှင့် ကိုက်ညီမှု မရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ မိမိတို့ရာထူး သက်တမ်းအတွင်း ပါတီနိုင်ငံရေးအစား၊ အမျိုးသား နိုင်ငံရေးကိုသာ ဦးတည်ဆောင်ရွက် သင့်တဲ့အတွက် နိုင်ငံရေး ပါတီဝင်ဖြစ်ရင်လည်း သက်ဆိုင်ရာ ပါတီရဲ့လုပ်ငန်းများမှာ ပါဝင် ဆောင်ရွက်ခြင်း မပြုဖို့ လိုအပ်ပါတယ်။ ဒါကြောင့်—

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် လွှတ်တော် ကိုယ်စားလှယ် ဖြစ်လျှင်လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှ လည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက် ခံရသည့် နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် နိုင်ငံရေး ပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ မိမိတို့ရာထူး သက်တမ်းအတွင်း၊ ယင်းပါတီ အဖွဲ့အစည်း၏ ပါတီ လုပ်ငန်း များ တွင် ပါဝင် ဆောင်ရွက်ခြင်းမပြုရဆိုတဲ့ အချက်များကို ပြဋ္ဌာန်းထားသင့်ကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတကာ အစဉ်အလာအရ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များဟာ မိမိတို့ရဲ့ ရာထူး တာဝန်များကို မထမ်းဆောင်မီ၊ ကတိသစ္စာ ပြုကြလေ့ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတ များဟာလဲ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ ကတိသစ္စာ ပြုပြီးမှ မိမိတို့ရဲ့တာဝန် ဝတ္တရားများကို စတင် ထမ်းဆောင်သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတ များဟာ နိုင်ငံတော်မှာ သြဇာတိက္ကမ အာဏာ အရှိန်အဝါ အကြီးမားဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ အခြား အဖွဲ့အစည်းများက လစာ၊ စရိတ်ကြေးငွေနဲ့ရာထူးများ ပေးအပ် ချဉ်းကပ်ပြီး၊ မိမိတို့ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်သမ္မတနဲ့ဒုတိယ သမ္မတများရဲ့ အရှိန်အဝါကို ရယူ အသုံးချခြင်း မပြုနိုင်ဖို့ ကြိုတင်ကာကွယ် ထားသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ လစာ၊ စရိတ်၊ ကြေးငွေ ရသော အခြားမည်သည့်ရာထူးကိုမှ လက်ခံခြင်း မပြုရဆိုတဲ့ အခြေခံမူ တစ်ရပ် သတ်မှတ် ပြဋ္ဌာန်း ထားသင့်ကြောင်း အကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ နိုင်ငံတော်ကို ဦးဆောင်ပြီး ရှေ့တန်းကနေ၊ နိုင်ငံတော်ရဲ့ အရေးအရာကိစ္စများကို ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်များ ဖြစ်တဲ့အတွက် ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုကို အပြည့်အဝ ရယူထားဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ပြည်သူများအနေနှင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ မိမိတို့ ဦးစီးတဲ့၊ တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြား အဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး၊ ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ပေးပို့ထားသင့်ကြောင်း ဆွေးနွေး အကြံပြု အပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ တာဝန်ဝတ္တရားများကို နောက်ကြောင်း အေးအေးနှင့် ထမ်းဆောင်နိုင်ဖို့ အတွက်၊ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများကို ဥပဒေနဲ့သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နှင့် အဆောင်အယောင် များ ကို လည်း ကောင်း၊ သင့် တင့် လျောက် ပတ် တဲ့ အိမ် တော် တစ် ဆောင် စီ ကို လည်းကောင်း ပေးအပ်ထားသင့်ကြောင်း အကြံပြု တင်ပြ အပ်ပါသည်။

နိုင်ငံတော် အကြီးအကဲ ဖြစ်တဲ့၊ နိုင်ငံတော်သမ္မတ သို့မဟုတ်ဒုတိယသမ္မတများဟာမိမိတို့ရာထူး တာဝန်နဲ့ လိုက်လျောညီထွေစွာ ကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။အကယ်၍ ဖောက်ဖျက်ခဲ့လျှင်လည်း နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကိုဖြစ်စေ စွပ်စွဲ အရေးယူ သင့်ပါတယ်။ ကမ္ဘာ့နိုင်ငံများမှာလည်း နိုင်ငံတော်က သတ်မှတ်ထားတဲ့

ကြီးလေးတဲ့ ပြစ်မှုများကို ကျူးလွန်တဲ့ သမ္မတ သို့မဟုတ် ဒုတိယသမ္မတများကို စွပ်စွဲ အရေးယူလေ့ ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာလဲ (၁) နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ (၂) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ (၃) အကျင့်သိက္ခာ ပျက်ပြားခြင်းဆိုတဲ့ အချက် သုံးချက် အနက် တစ်ချက်ချက်ကို ကျူးလွန်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲ ပြစ်တင်သင့်ကြောင်း ဆွေးနွေး အကြံပြုတင်ပြ အပ်ပါတယ်။

ကျွန်တော်အထက်က တင်ပြခဲ့တဲ့ အချက်သုံးချက်အနက် အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲ ပြစ်တင်ဖို့ အကြောင်း ပေါ်ပေါက်လာရင် လွှတ်တော် တစ်ရပ်ရပ်ရဲ့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနည်းဆုံး လေးပုံ တစ်ပုံက လက်မှတ်ရေးထိုးပြီး၊ မိမိတို့ရဲ့ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော် အကြီးအကဲထံ ပထမဦးစွာ တင်ပြရန်လိုအပ်ပါတယ်။ အဲဒီစွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူ ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဲဒီစွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထောက်ခံ မှသာ ဆက်လက်အရေးယူ ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဲဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စစ်ဆေးသွားရန် ဖြစ်ပါတယ်။

အဲဒီလိုစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ် ဖြင့် သော်လည်းကောင်း၊ ချေပခွင့် ပေးသင့်ပါတယ်။ စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးတဲ့ အခါမှာ စုံစမ်းစစ်ဆေးတဲ့ လွှတ်တော်ရဲ့ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်ဟာ မှန်ကန်ပြီး၊ စွပ်စွဲ ခံရတဲ့ ပြစ်မှု ဟာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးတွင် ဆက်လက် ထမ်းဆောင်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင်၊ စွပ်စွဲခံရတဲ့ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးမှရပ်စဲရန် အဲဒီ လွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ တင်ပြပြီး၊ ပြည်ထောင်စုလွှတ်တော် အကြီးအကဲက တင်ပြချက်ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲရန် ကြေညာသင့်ကြောင်း အကြံပြု ဆွေးနွေး အပ်ပါတယ်။

ဒါပေမဲ့ ကြီးလေးတဲ့ နိုင်ငံတော်ရဲ့ တာဝန်များကို ဦးဆောင်၍ ထမ်းရွက်နေကြတဲ့ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတများကို တာဝန်ထမ်းဆောင်ချိန်မှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ တရားစွဲဆိုခွင့် မပြုနိုင်ရေးအတွက် အကာအကွယ် ပေး ထား သင့်ပါတယ်။ ဒါမှသာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ၎င်းတို့ရဲ့ သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့် မပေးသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရာထူးသက်တမ်းမကုန်ဆုံးမီ မိမိတို့ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့် ပေးသင့်ပါတယ်။ အဲဒီလို နိုင်ငံတော်သမ္မတဟာ မိမိရဲ့ ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့် ဖြစ်စေ၊ ကွယ်လွန်သောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့် တစ်စုံ

တစ်ခုသော အကြောင်းကြောင့် ဖြစ်စေ သမ္မတရာထူးနေရာ လစ်လပ်ခဲ့လျှင် ဒုတိယ သမ္မတ နှစ်ဦး အနက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်စဉ် အခါက ဒုတိယမဲအများဆုံးရရှိတဲ့ ဒုတိယသမ္မတက နိုင်ငံတော်သမ္မတရဲ့ လုပ်ငန်း များ ရပ်ဆိုင်းမသွား စေရေးအတွက် ယာယီသမ္မတအဖြစ် တမ်းဆောင် စေသင့်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတရာထူး လစ်လပ်သွားတဲ့ အချိန်ဟာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်ရင် လစ်လပ်သွားတဲ့ နိုင်ငံတော် သမ္မတရာထူးကို ၇ ရက်အတွင်း ဖြည့်စွက်နိုင်ရေး အတွက် ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ဆောလျင်စွာအကြောင်းကြားပြီး အဲဒီ အကြောင်း ကြား စာ ကို ရရှိတဲ့ အခါမှာ သက်ဆိုင်ရာ သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက် ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော် အကြီး အကဲက ဆောင်ရွက်ပေးသင့်ပါတယ်။

သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦး ကို ရွေးချယ် တင်မြှောက်ပြီးပါက ပြည် ထောင် စု လွှတ် တော် ကိုယ် စား လှယ် များ က ကျန်ရှိတဲ့ ဒုတိယသမ္မတ နှစ်ဦးနဲ့ပေါင်းပြီး၊ ဒုတိယသမ္မတ (၃) ဦးအနက် မိမိတို့ကြိုက်နှစ်သက်တဲ့ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ဒုတိယ သမ္မတ ရာ ထူး နေ ရာ များ မှာ လည်း အထက်ပါအတိုင်း လစ်လပ်မှုများ ဖြစ်ပေါ်လာနိုင် ပါတယ်။ အဲဒီလို ဒုတိယ သမ္မတ ရာ ထူး နေ ရာ လစ်လပ်ခဲ့လျှင် ပြည်ထောင်စု လွှတ်တော် အစည်း အဝေး ကျင်း ပ နေ ချိန် ဖြစ် ပါ က အဲဒီ ဒု တိယ သမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့တဲ့ ရွေးချယ် တင်မြှောက်ရေး အ စု အ ဖွဲ့ က ၇ ရက် အတွင်း ဒုတိယသမ္မတတစ်ဦး ရွေး ချယ် တင် မြှောက် ရေး အတွက် နိုင် ငံ တော် သမ္မတ က ပြည် ထောင် စု လွှတ်တော်အကြီးအကဲထံသို့ အမြန်ဆုံးအကြောင်း ကြား ဆောင်ရွက်စေသင့်ပါတယ်။

ပြည် ထောင် စု လွှတ် တော် အ စည်း အ ဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော် အကြီးအကဲက နိုင်ငံတော်သမ္မတရဲ့ အကြောင်း ကြားစာကို ရရှိတဲ့နေ့မှစ၍ ၂၁ ရက် အ တွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူ ပြီး သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ် ဦး ကို ရွေးချယ် တင် မြှောက် သင့် ကြောင်း အ ကြံ ပြု ဆွေး နွေး လိုပါတယ်။

သ ဘာ ပ တိ ကြီး ခင် ဗျား။ ကျွန်တော်တို့ ရှမ်း ပြည် နယ် တောင် ပိုင်း၊ အ ထူး ဒေ သ (၆)၊ ပအိုဝ်းတိုင်းရင်းသားများ အနေနှင့် နိုင် ငံ တော်၊ နိုင်ငံတော် ဖွဲ့ စည်း တည် ဆောက် ပုံ၊ နိုင်ငံတော် အကြီး အကဲ အခန်း (၃) ခန်း နဲ့ ပတ် သက် ပြီး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ပြဋ္ဌာန်း သင့်တဲ့ မူများကို အတတ်နိုင်ဆုံး တင်ပြ ဆွေးနွေး အကြံပြုပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တင်ပြ အကြံပြု ဆွေးနွေးချက်များဟာ ပြီး ပြည့် စုံ လိမ့် မည်လို့ မယုံကြည်ပါဘူး။ ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်၊ လိုအပ်ချက်အမြောက်အမြား ပါရှိ နေမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ အ လွန် အ ရေး ကြီး လှတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး အတွက် အခြားအခြားသော အစုအဖွဲ့၊ အဖွဲ့အစည်းများ ကလည်း ပိုမိုပြည့်စုံကောင်းမွန်တဲ့ အချက်အလက် များပါဝင်အောင် အကြံပြု ဆွေးနွေးသွားကြလိမ့် မည်လို့ မျှော်လင့်ရင်း ကျွန်တော်တို့အဖွဲ့ရဲ့ တင်ပြ ချက်ကိုနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစု အဖွဲ့တွင်ပါဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၇) မှ အခြား ဖိတ် ကြား သင့် သည့် ပုဂ္ဂိုလ်များ]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၇) မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

ဦးအိုက်မုန်းအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

**ဦးအိုက်မုန်း (အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့)။** လေးစားအပ်သော သဘာပတိကြီးနှင့် အ မျိုး သား ညီ လာ ခံ ကိုယ်စားလှယ်တော်များခင်ဗျား။ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ အထူးဒေသအမှတ် (၇) မှ အဖွဲ့ခေါင်းဆောင် ဦးအိုက်မုန်းဖြစ်ပါတယ်။

ဒီကနေ့ ဆက်လက်ပြုလုပ်ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီ အ စည်း အ ဝေး မှာ ရှမ်းပြည်နယ် မြောက်ပိုင်း၊ အ ထူး ဒေ သ အ မှတ် (၇) အဖွဲ့ရဲ့ ကိုယ် စား အ နေ နှင့် လည်းကောင်း၊ တအာင်း (ပလောင်) တိုင်းရင်းသားပြည်သူများတစ်ရပ်လုံးရဲ့ ကိုယ်စားအနေနှင့် လည်းကောင်း ကျွန် တော် က ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်အခြေခံမူ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီးတော့ အခြေခံထား ရမယ့် "မူများ" နဲ့၊ ဆက်လက် ဆောင်ရွက်ရမယ့် အ စီ အ စဉ် ကို လည်း ချ မှတ် ထား နိုင် ခဲ့ ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ ချမှတ်ထားတဲ့အခြေခံမူများဟာ နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေရဲ့အသက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေရဲ့အနှစ်သာရများ ဖြစ်တယ်ဆိုတာကို အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ အားလုံးက တညီတညွတ်တည်း လက် ခံ ထား ကြပြီး ဖြစ်ကြောင်း ယုံကြည်ပါတယ်။

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ အစီအစဉ်တကျရှိစေဖို့၊ အခန်းအလိုက် ခေါင်းစဉ်များနဲ့ အခြေခံထားရမယ့် "မူများ" ကိုလည်း အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ် အတွင်းက ချမှတ်ထားနိုင်ပြီး ဖြစ်ပါသည်။

**သ ဘာ ပတိ ကြီးခင်ဗျား။** အ ခန်း အ လိုက် ခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ်ဆွေးနွေး အကြံပြုတဲ့အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ရေမြေ တောတောင်သဘာဝ၊ ကျွန်တော်တို့ နိုင်ငံရဲ့ ရာဇဝင်သမိုင်းကြောင်း၊ ဖြစ် ပေါ် နေ တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည့် အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှု ရှိစေဖို့နဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို တရားမျှတမှုရှိပြီး စစ်မှန်တဲ့အခွင့်အရေး အမြန်ရရှိအောင် ဆောင်ရွက်ပေးရေးတို့ကို အလေးအနက်ထားရှိ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအကြံပြုလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်းအလိုက် တစ်ဆက်တစ်စပ်တည်း ရှိနေတဲ့ "နိုင်ငံတော်"၊ "နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ"၊ "နိုင်ငံတော်အကြီးအကဲ" အခန်းများနဲ့စပ်လျဉ်းပြီး တင်ပြအကြံပြုလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထူးအားဖြင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး အခြေခံထားရှိရမယ့် မူများအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုမှာ—

- တိုင်းဒေသကြီးများ(သို့) ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့) ပြည်နယ်များ ရရှိပြီး ဖြစ်သည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်ရှိသည့် ညီအစ်ကိုတော် တိုင်းရင်းသား များအနက် လျော်ကန်သင့်မြတ်သည့် လူဦး ရေရရှိပြီး၊ နယ်မြေ တစ်ဆက်တစ်စပ်တည်း တွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်း ရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု (Self Administered Area) သတ်မှတ်ပေးရန် ဖြစ်ပါသည်။
- ထိုသို့သတ်မှတ်ရာတွင် လူဦးရေ နယ်မြေ အကျယ်အဝန်းပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) (သို့) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered Zone) ဖြင့် သတ်မှတ်ပေးပါရန် ဖြစ်ပါသည်။

ဟူသော အခြေခံမူများကို အလေးအနက်ပြုပြီး ထောက်ခံပါကြောင်း တင်ပြလိုပါသည်။

**သဘာပတိကြီးခင်ဗျား။** တိုင်းဒေသကြီးများ (သို့)ပြည်နယ်များမှာ တိုင်းဒေသကြီး(သို့)ပြည်နယ် ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများအပြင် အချို့သော ကျွန်တော်တို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသား များလဲ ရှိပါတယ်။ အချို့သော ကျွန်တော်တို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများဟာဆိုရင် လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီးနယ်မြေတစ်ဆက် တစ်စပ်တည်းမှာ စုစုစည်းစည်း မှီတင်းနေထိုင်လျက် ရှိကြပါတယ်။ အဲဒီ တိုင်းရင်းသားများရဲ့ လူဦးရေနဲ့ နယ်မြေ အကျယ်အဝန်းကို အခြေပြုပြီး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း(Self Administered Division) (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (Self Administered zone) သတ်မှတ်ပေးရေး အခြေခံမူကိုလည်း အမျိုးသား ညီလာခံက ချမှတ်ထားနိုင်ပြီး ဖြစ်ပါ သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(သို့) ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ ဒေသသတ်မှတ်ပေးရေးအတွက် နိုင်ငံတော် က ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ခြင်းဟာ တိုင်း ရင်းသားများ စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ် ခိုင်မာစေမှာဖြစ်လို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်းပြီး သတ်မှတ်ဆောင်ရွက် ပေးနိုင် ပါရန် အကြံပြုလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့အထူး ဒေသ အမှတ်(၇) မှ အမျိုးသားညီလာခံ ကိုယ်စား လှယ်များဟာ တအာင်း(ပလောင်) တိုင်းရင်းသား စုရဲ့ ကိုယ်စား တအာင်း (ပလောင်) တိုင်းရင်းသား များရဲ့အခြေအနေအရပ်ရပ်ကို အမျိုးသားညီလာခံ သို့တင်ပြအဆိုပြုလိုပါတယ်။ ကျွန်တော်တို့တအာင်း (ပလောင်)တိုင်းရင်းသားများဟာမြန်မာပြည်ထဲကို ရှေးဦးစွာ ဝင်ရောက်လာကြတဲ့ မွန်ခမာအနွယ်ဝင် လူမျိုးစုများအနက်၊ လူမျိုးတစ်ခုဖြစ်တဲ့ အကြောင်း ကို ညီလာခံကိုယ်စားလှယ်များ သိရှိထားကြပြီးဖြစ် ပါတယ်။

ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်း သားများဟာ အဓိကအခြေခံ စီးပွားရေးအဖြစ် လက်ဖက် လုပ်ငန်းနှင့် လယ်ယာ လုပ်ငန်း များ ကို လုပ်ကိုင်လျက်ရှိကြပြီး၊ မြန်မာနိုင်ငံရဲ့လက်ဖက်ထွက် ကုန် ၉၅%ကို ထုတ်လုပ်ပေးလျက် ရှိပါတယ်။ ဗုဒ္ဓ ဘာသာကို ကိုးကွယ် ယုံကြည်ကြပြီး၊ မိမိတို့ရဲ့ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင်

ဘာသာစကား၊ ကိုယ်ပိုင်ဆင်ယင်ထုံးဖွဲ့မှု၊ ကိုယ်ပိုင် ဓလေ့ ထုံးတမ်းဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်း စောင့်ရှောက်လာကြကာ နယ်မြေတစ်ဆက်တစ်စပ်တည်း စုစုစည်းစည်းဖြင့် နေထိုင်ကြလျက် ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ တအာင်း (ပလောင်)တိုင်းရင်းသားများဟာ မိမိတို့ ကိုယ်ကို တအာင်း (TA-ARNG) ဟု ခေါ်ဝေါ် ကြသည်ကို လွန်စွာနှစ်သက် မြတ်နိုးကြပါသည်။ မှီတင်းနေထိုင်ကြတဲ့ တစ်ဆက်တစ်စပ်တည်း နယ်မြေနဲ့ စုစုစည်းစည်း နေထိုင်ကြတဲ့ နယ်မြေဒေသကို အစီရင်ခံရမယ်ဆိုရင် ခန့်မှန်းခြေအားဖြင့်—

(၁) မန္တလေးတိုင်း၊ မိုးကုတ်မြို့ ပတ်ဝန်းကျင်နှင့် မြို့နယ်အတွင်း၌ လည်းကောင်း၊

(၂) ကျောက်မဲမြို့နယ်၊ မြို့ပတ်ဝန်းကျင်နှင့် မြို့နယ်အတွင်း၌ မြို့နယ်လူဦးရေ၏ ၆၀% ဖြင့် လည်းကောင်း၊

(၃) သီပေါမြို့နယ်၏ အနောက်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း ဒေသ၌လည်းကောင်း။

(၄) နမ္မတူမြို့နယ်တွင် မြို့နယ်လူဦးရေ၏ ၇၀% ဖြင့် လည်းကောင်း၊

(၅) မိုးမိတ် မြို့နယ်တွင် မြို့နယ် လူဦးရေ၏ ၄၀% ဖြင့် လည်းကောင်း၊

(၆) ကွတ်ခိုင်မြို့နယ်တွင် မြို့နယ် လူဦးရေ၏ ၅၅% ဖြင့် လည်းကောင်း၊

(၇) နမ့်ခမ်းမြို့နယ်တွင် ပတ်ဝန်းကျင်နှင့် မြို့နယ်အတွင်း၌ မြို့နယ်လူဦးရေ၏ ၇၀% ဖြင့် လည်းကောင်း၊

(၈) နမ့်ဆမ်မြို့နယ်(ရှမ်းပြည်နယ်မြောက်ပိုင်း) တွင် မြို့နယ် လူဦးရေ၏ ၉၅% ဖြင့် လည်းကောင်း၊ စုစုပေါင်း လူဦးရေ ၆ သိန်း (ခြောက်သိန်း) ခန့်နယ်မြေတစ်ဆက်တည်း စုစုစည်းစည်း နေထိုင်လျက် ရှိကြပါသည်။

ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ပင် လားရှိုးမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မူဆယ်မြို့နယ်၊ မိုင်းရှူးမြို့နယ်များ၌လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကလော၊ အောင်ပန်းမြို့နယ်၌လည်းကောင်း၊ ရပ်စောက်မြို့နယ် ရွာငံမြို့နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းပြင်းမြို့နယ်များတွင်လည်းကောင်း ပျံ့နှံ့စွာ နေထိုင်လျက်ရှိကြပါသည်။

ကျွန်တော်တို့ တအာင်း (ပလောင်) တိုင်းရင်းသားများဟာနှစ်ပရိစ္ဆေဒများစွာကပင် မြန်မာနိုင်ငံအနှံ့အပြားမှာ နေထိုင်ခဲ့ကြပြီး၊ လူမျိုးတစ်မျိုးရဲ့ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်အင်္ဂါများနဲ့ ပြည့်စုံပါသည်။ တအာင်း (ပလောင်) တိုင်းရင်းသားများရဲ့ ပကတိအခြေအနေကို ဆန်းစစ်သုံးသပ် ကြည့်မယ်ဆိုရင် —

(က) ဆင်းသက်လာရာ ရာဇဝင်သမိုင်းကြောင်းရှိခြင်း၊

(ခ) တိကျသော ပထဝီအနေအထားရှိခြင်း၊

(ဂ) ကိုယ်ပိုင်ဘာသာစကားရှိခြင်း၊

(ဃ) ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ ဆင်ယင်ထုံးဖွဲ့မှုဓလေ့ထုံးတမ်း ဥပဒေရှိခြင်း၊

(င) အဓိကကျသော အခြေခံစီးပွားရေး တစ်ရပ် ခိုင်မာစွာ ရပ်တည်ခြင်း၊

(စ) လူဦးရေအတော်အသင့် ရှိပြီး စုစုစည်းစည်းရှိခြင်း၊

(ဆ) မိမိကိုယ်ကို "တအာင်း" ဟု နှစ်သက်မြတ်နိုးစွာ ရပ်တည်နေပြီး၊ မိမိတို့၏ ဘာသာစကား ဆင်ယင် ထုံးဖွဲ့မှုဓလေ့ ထုံးတမ်းစဉ်လာဖြင့် အေးချမ်းစွာ နေထိုင်လိုသော ဆန္ဒရှိခြင်း

ဟူသော လူမျိုးတစ်မျိုးရဲ့ ဂုဏ်အင်္ဂါ လက္ခဏာရပ်များနဲ့ ရပ်တည်လျက် ရှိကြပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်အထက်မှာတင်ပြဆွေးနွေးခဲ့သလို ကျွန်တော်တို့ တအာင်းတိုင်းရင်းသားများရဲ့ ပကတိအခြေအနေ၊ မှီတင်းနေထိုင်ရာဒေသ၊ နယ်မြေ တစ်ဆက်တစ်စပ်တည်း စုစုစည်းစည်း နေထိုင်ခြင်းကို အထောက်အကူပြု၍လည်းကောင်း၊ အဓိကကျသော အခြေခံစီးပွားရေးတစ်ရပ်ဖြင့် ခိုင်မာစွာ ရပ်တည်နေခြင်းနှင့် လျော်ကန်သင့်မြတ်သော လူဦးရေတို့ကို အထောက်အထားပြု၍လည်းကောင်း၊ မိမိကိုယ်ကို ''တအာင်း'' ဟု နှစ်သက်မြတ်နိုးစွာ ခေါ်ဝေါ်ရပ်တည်နေကြပြီး မိမိတို့၏ကိုယ်ပိုင်ဘာသာ စကား၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဆင်ယင်ထုံးဖွဲ့မှု၊ ကိုယ်ပိုင် ဓလေ့ထုံးတမ်းစဉ်လာဖြင့်အေးချမ်းစွာ ရပ်တည်နေထိုင်လိုသော ဆန္ဒရှိခြင်းတို့ကို အထောက်အထားပြု၍လည်းကောင်း—

(က) ကျွန်တော်တို့ တအာင်းတိုင်းရင်းသားများအား ''တအာင်း'' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) ဟုသတ်မှတ်ပေးပါရန်၊

(ခ) ''ပလောင်'' တိုင်းရင်းသား ဟူသော အခေါ်အဝေါ်အစား ''တအာင်း'' တိုင်းရင်းသားဟု သတ်မှတ်ခေါ်ဝေါ်ပေးပါရန်၊

(ဂ) မန်တုံဒေသကို မြို့နယ်သစ်အဆင့်သို့လည်းကောင်း၊ မိုင်းငေါ့ဒေသကို မိုင်းငေါ့မြို့နယ်သစ်အဆင့်သို့လည်းကောင်း တိုးမြှင့်ဖွဲ့စည်းပေးပါရန်

အဆိုပြုအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံကို ဘယ်လိုစုစည်းမယ်ဆိုတဲ့ အချက်နဲ့စပ်လျဉ်းပြီး (၁၈-၁-၉၄) ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို သဘောတူထောက်ခံပါကြောင်းတင်ပြလိုပါတယ်။

နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရာမှာ အခြေခံမူအဖြစ် ''နိုင်ငံတော်တွင်ပါဝင်သည့်တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့်နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမှခွဲမထွက်ရ'' ဆိုတဲ့အခြေခံမူကို နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှာ ထည့်သွင်းဖော်ပြရန် သင့်တော်ပါကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဟာ သတ်မှတ်ထားတဲ့နည်းလမ်းနဲ့အညီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံဆန္ဒမဲအသီးသီးရရှိလျှင် နိုင်ငံတော်နယ်နိမိတ်ကို နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ်ရေးအတွက် အခြေခံမူအဖြစ်ချမှတ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်နယ်နိမိတ်များ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း (သို့) အမည်ပြောင်းလဲခြင်းပြုလုပ်ဖို့အကြောင်းပေါ်ပေါက်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး (သို့) ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ တင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် အခြေခံမူ ချမှတ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ကြမယ်ဆိုရင်၊ နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာထားရှိတဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရေးအတွက်

အခြေခံရမယ့်မူချမှတ်သင့်ပါကြောင်း အကြံပြု လိုပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး တို့နှင့် စပ်လျဉ်းပြီး၊ ထူးခြားတဲ့ အခြေအနေရှိတဲ့ဒေသများကို လိုအပ်ရင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတရဲ့တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာရှိတဲ့ ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ အခန်းများနဲ့ စပ်လျဉ်းပြီး၊ ဆွေးနွေးအကြံပြုသင့်တဲ့အချက်တွေကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခု ဆက် လက်ပြီး နိုင်ငံတော်အကြီးအကဲအခန်းအတွက် အမျိုးသား ညီလာခံစုံညီအစည်းအဝေးမှာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းချက်များဖြစ်တဲ့ အခြေခံမူများကို ထောက်ခံပါကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** ယနေ့ ဆက်လက်ကျင်းပတဲ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ တအာင်း (ပလောင်) တိုင်းရင်းသားများ ကိုယ်စား၊ အထူးဒေသ (၇)ကိုယ်စား လက်လှမ်းမီသမျှကြိုးစားတင်ပြဆွေးနွေး အကြံပြုခြင်းဖြစ်ပါတယ်။ ပြီးပြည့်စုံတယ်လို့ မဆိုလိုနိုင်ပါဘူး။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာဖြင့် အပြန်အလှန်ချစ်ကြည်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် လက်ရှိ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် လုပ်ဆောင်နေတဲ့ နယ်စပ်ဒေသအားလုံး အေးချမ်း သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပိုမိုဆောင်ရွက်နိုင်ရေးကို ကျွန်တော်တို့ လိုလားပါတယ်။ နယ်မြေအေးချမ်းသာယာရေးနဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျွန်တော်တို့ တအာင်း (ပလောင်) ထုတစ်ရပ်လုံး တစ်တပ်တစ်အားပါဝင်နိုင်ရန်တအာင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်ပါရန် ညီလာခံအစည်းအဝေးသို့ လေးစားစွာ တင်ပြလိုပါတယ်။ ကျွန်တော်တို့ကဲ့သို့သော အခြား ညီနောင်တိုင်းရင်းသားများကိုလည်း သတ်မှတ်ထားတဲ့လူဦးရေ၊ ပထဝီနယ်မြေအနေအထား (တစ်ဆက်တစ်စပ်တည်း) ရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများပေးနိုင်ပါရန် လေးစားစွာတင်ပြ အဆိုပြုအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အထက် ပါ ကျွန်တော်ရဲ့ တင်ပြ ဆွေးနွေး အဆိုပြုချက်များ၊ အကြံပြုထောက်ခံချက်များကို သဘာပတိကြီးများနဲ့တကွ ကိုယ်စားလှယ်တော်များ အားလုံးက စိတ်ရှည်စွာ သဘောထားကြီးမားစွာနှင့် ဝိုင်းဝန်းစဉ်းစားပေးမည်လို့ ယုံကြည်ပါတယ်။ ညီလာခံကိုယ်စားလှယ်တော်များအားလုံး လိုရာဆန္ဒ ပြည့်ဝစွာ ဆွေးနွေးတင်ပြ ညှိနှိုင်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

အားလုံးကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများကိုဆက်လက်ဖတ်ကြားတင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင် ပါဝင်သည့် နမ့်ခမ်းမြို့နယ်မှ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်(၁)ဦး]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာပါဝင်တဲ့ နမ့်ခမ်းမြို့နယ်မှ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် ဦးကျော်မြင့် (ခေါ်) ဦးဝင်းမောင်ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးကျော်မြင့် (ခေါ်)ဦးဝင်းမောင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့် (အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့)။** လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား။** ကျွန်တော်ကတော့ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ နမ့်ခမ်းမြို့နယ်မှ ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲဆိုတဲ့ အခန်းလိုက်ခေါင်းစဉ်တွေနဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြခွင့်ရရှိတဲ့အတွက် အထူး ကျေးဇူးတင်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား။** ၁၈-၁-၉၄ ရက်နေ့မှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ချပြဆွေးနွေးသွားခဲ့တဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်များနဲ့ပတ်သက်တဲ့ အခြေခံမူများဟာဆိုရင် အတော်ပဲ ပြီးပြည့်စုံမှု ရှိကြောင်း ကျွန်တော့်အနေနဲ့ လိုက်လိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်း ပဏာမဦးစွာ တင်ပြ လိုပါတယ်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်မှာဆိုရင် သမ္မတတစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အခြေခံမူများဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒိုတာဝန် အရေးသုံးပါးအတွက် အလွန်ပဲ အရေးပါလှကြောင်း ထပ်လောင်းပြီး ထောက်ခံ တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ ခေါင်းစဉ်နဲ့ ပတ်သက်လို့ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌကြီး ချပြဆွေးနွေးသွားတဲ့အထဲမှာ သက်ဆိုင်ရာ တိုင်းရင်းသားဦးရေနဲ့ နယ်မြေတစ်ဆက်တစ်စပ်တည်း ရှိမှုအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသအဖြစ် လိုအပ်သလိုသတ်မှတ်ပေးရန် အခြေခံမူ ချမှတ်ပြီးဖြစ်ကြောင်း၊ ဒါကြောင့် ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရသင့်တယ်။ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့်တယ်။ အဲဒီတိုင်းရင်းသားတွေအတွက် ဘယ်နေရာ ဘယ်ဒေသတွေမှာ သတ်မှတ်ပေးသင့်တယ်ဆိုတာကို

ဆွေးနွေး ညှိနှိုင်း အကြံပြုပေးကြဖို့ ဆိုတဲ့အချက် ပါရှိခဲ့ပါတယ်။ ဒီအချက်ဟာဆိုရင် လူမျိုးစု တိုင်းရင်းသားများ အပေါ်မှာ နိုင်ငံတော်ရဲ့ စေတနာ ဘယ်လောက်ထားရှိတယ်ဆိုတာ ပေါ်လွင် လှတာမို့ ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုပါကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** သင့်တော်တဲ့လူမျိုး စုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသဖွဲ့စည်းခွင့် ပြုပေးမယ့် အချက်နဲ့ ပတ်သက်လို့ အခွင့်ကြုံခိုက်မှာ ကျွန်တော့်အနေနဲ့ ခိုလုံလီရှော တိုင်းရင်းသားများ ယဉ်ကျေးမှုအဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် လူမျိုးစုရေးရာကိစ္စတစ်ရပ်ကို တင်ပြလိုပါ တယ်။ ကျွန်တော်တို့တိုင်းရင်းသား လူမျိုးစုများရဲ့ နာမည်အမှန်ဟာ လီဆူးမဟုတ်ဘဲ လီဆူ (LiSu) ဖြစ်ပါတယ်။ လီဆူ လူမျိုးမှာ (ခိုလုံလီဆူ) နဲ့ (လီဖာလီဆူ) ဆိုပြီး လူမျိုးစု (၂) စုသာ ရှိပါ တယ်။

**သဘာပတိကြီးခင်ဗျား။** အထောက်အထား တစ်ခုကို တင်ပြရမယ်ဆိုရင် ၁၉၇၂ ခုနှစ်က ထုတ်ဝေ ခဲ့တဲ့ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၂) စာမျက်နှာ (၁၆)မှ(၁၇)အထိ လီဆူလူမျိုးအကြောင်း ဖော်ပြ ထားပါတယ်။ အဲဒီစာအုပ်မှာ လီဆူ (Lisu) လို့ အမည်မှန်ရေးသားထားတာကို တွေ့မြင်ရမှာဖြစ်ပါ တယ်။ စာအုပ်ထဲမှာဆိုရင် ကျွန်တော်တို့ လီဆူ လူမျိုးဟာ တိဗက်–မြန်မာအစု၊ လိုလိုမူဆိ အုပ်စုခွဲ တွင် ပါဝင်သော လူမျိုးဖြစ်ကြောင်း၊ လီဆူတို့ကို ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် နှစ်နယ်စလုံးတွင် တွေ့ရကြောင်း၊ ရှမ်းနှင့်မြန်မာများက "လီရှော" ဟု ခေါ်ဆိုကြပြီးလျှင် အချို့ လူမျိုးစုများက "လီဆိုး" ဟုခေါ်ကြကြောင်း၊ ပူတာအို နယ်မြေ တွင် "ယောရင်" ဟုခေါ်ဆိုကြပြီး ရှမ်းပြည်နယ်ရှိ လီဆူတို့ကို "လီဆော" ဟုလည်း ခေါ်ကြကြောင်း စသည်ဖြင့် ရေးသားထားတာကို တွေ့ရမှာ ဖြစ်ပါ တယ်။ ဆက်လက်ပြီး ပူတာအိုမှ လီဆူများအပြင် ကျိုင်းတုံ လီဆူ၊ ဗန်းမော်လီဆူနှင့် လွိုင်လင်လီဆူ၊ ဆိုပြီး ဒေသအလိုက် လီဆူ (၃) မျိုး ရှိကြောင်း၊ ခိုလိုလီဆူသည် ကျွန်တော်တို့ ခိုလုံလီရှောပင် ဖြစ် ကြောင်း၊ ရှမ်းပြည်နယ်တွင် လီဆူလူဦးရေ (၂) သောင်းခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း ရေးသား ဖော်ပြထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** စွယ်စုံ ကျမ်း မှာ ဖော်ပြထားတဲ့ အချက်များဟာ ဆင်ယင်ထုံးဖွဲ့မှုက အစ၊ အတော်ပဲ ပြည့်ပြည့်စုံစုံရှိလှပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တိဗက်–မြန်မာ အုပ်စုဝင် လီဆူ တိုင်းရင်းသားများရဲ့ လူမျိုးစုများကို ဖော်ပြတဲ့ နေရာမှာတော့ အနည်းငယ် ကွဲလွဲမှု ရှိကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ လီဆူလူမျိုးမှာ လူမျိုး စု (၂) ခုသာရှိပြီး၊ ခိုလိုလီဆူနဲ့ လီဖာလီဆူတို့ဖြစ်ကြ ပါတယ်။ ကျိုင်းတုံ လီဆူ၊ ဗန်းမော် လီဆူနှင့် လွိုင်လင်လီဆူဆိုတာတွေဟာ ဒေသအလိုက်အခေါ် အဝေါ်တွေသာ ဖြစ်ကြပြီး လူမျိုးစု အမည်များ မဟုတ်ကြပါဘူး၊ စွယ်စုံကျမ်းထဲမှာ ဆိုရင်လည်း ခိုလိုလီဆူနဲ့ လီဖာလီဆူ နှစ်မျိုးကိုသာ ဝတ်စား ဆင်ယင်မှုများ ခွဲခြားသည့်အပြင် ဘာသာစကား လည်း ခြားနားလျက် ရှိတာကိုလည်း ဖော်ပြထား ပါတယ်။ ဒါကြောင့်ကချင်ပြည်နယ်နဲ့ရှမ်းပြည်နယ် တစ်ဝန်းမှာပျံ့နှံ့နေထိုင်လျက်ရှိကြတဲ့ လီဆူတိုင်းရင်း သားများအားလုံးမှာ အဓိကလူမျိုး (၂) ခုဖြစ် ကြတဲ့ ခိုလိုလီဆူ (ခ) ခိုလုံလီရှော ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် လီဖာလီဆူသာ ဖြစ်ကြောင်း တင်ပြ လိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ ခိုလို လီဆူ (ခ) ခိုလုံလီရှော တိုင်းရင်းသားများဟာ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ အများဆုံး ရှိကြပါ တယ်။ အကြမ်းဖက် သောင်းကျန်းသူ များရဲ့ အန္တရာယ်ကြောင့် မြန်မာပြည် အနှံ့အပြား သွား ရောက်နေထိုင်လျက် ရှိကြပေမယ့် ပင်မလူဦးရေ အများစုကတော့ နမ့်ခမ်း၊ ကွတ်ခိုင်တောင်တန်း

ဒေသတစ်လျှောက်ဖြစ်တဲ့ နမ့်ခမ်း တောင်တန်းမှာ ရှိကြပါတယ်။ မြန်မာပြည်အနှံ့အပြားမှာ ခိုလိုလီဆူ (ခ) ခိုလုံလီရှော တိုင်းရင်းသားများဟာ ခန့်မှန်း လူဦးရေ ခုနစ်သောင်းခန့် ရှိမယ်လို့ ယူဆရပြီး၊ နမ့်ခမ်း တောင်တန်းပေါ်မှာ လေးသောင်းခန့် နေထိုင်လျက်ရှိကြပါတယ်။ ကျွန်တော်တို့ ခိုလိုလီဆူ (ခ) ခိုလုံလီရှောများဟာ ရိုးသားအေးဆေးကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများဖြစ်ကြပြီး ဘယ်နေရာ ဘယ်လူမျိုးကြားထဲမှာပဲဖြစ်ဖြစ် တိုင်းရင်းသားအချင်းချင်း ချစ်ခင်စွာ နေထိုင်ကြသူများ ဖြစ်ကြပါတယ်။ ဒါ့အပြင် အခြားတိုင်းရင်းသားများနည်းတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းမှာ ရှေးပဝေသဏီကပင် အေးအတူပူအမျှ နေထိုင်ခဲ့ကြသူများ ဖြစ်ကြပါတယ်။

**သဘာပတိကြီးခင်ဗျား။** လီဆူလူမျိုးစု(၂)ခု ရှိကြောင်း ကျွန်တော်တင်ပြသွားသလိုပဲ အခြား လူမျိုးစုတွေမှာလည်း မပြည့်စုံတာတွေ ချို့ယွင်းချက်တွေ ရှိနိုင်ပါတယ်။ ဒါဟာလည်း လူမျိုးစုတွေရဲ့ ဓလေ့ထုံးစံအလျောက် တောင်ပေါ်မြေပြန့် ပျံ့နှံ့နေထိုင်ကြတာကြောင့် သန်းခေါင်စာရင်းကောက်ယူတဲ့အခါမှာ ကန့်သတ်ချက်များရှိခဲ့လို့ပဲလို့ ယူဆမိပါတယ်။ ဒါကြောင့် ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးရေးဆွဲပြီးတော့ နိုင်ငံတော်ကိုဖွဲ့စည်းတည်ဆောက်တဲ့နေရာမှာ အခြေခံကျတဲ့ မျိုးနွယ်စုတွေရဲ့ အရေအတွက်တွေ၊ အနေအထားတွေကို မှန်မှန်ကန်ကန် ပြုစုသတ်မှတ်ထားနိုင်ဖို့ဆိုတဲ့ ကိစ္စဟာ အရေးကြီးတဲ့ အချက်တစ်ခု ဖြစ်ကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဥပမာတစ်ခုတင်ပြရမယ်ဆိုရင် လက်ရှိ သန်းခေါင်စာရင်းအရ ကချင်အုပ်စုမှာကချင်၊ တရိုး၊ ဒါလောင်၊ ဂျိန်းဖေါ၊ ဂေါ်ရီ၊ ကတ်ကူး၊ ဒူးလန်း၊ မရူ၊ ရဝမ်၊ လားရှီ၊ အက်စီး၊ ဆီစု ဆိုပြီး ဖော်ပြထားပါတယ်။ အဲဒီစာရင်းမှာ ကချင်ဆိုပြီး ထပ်မံပါရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အမှန်ကတော့ ကချင်ဆိုတာ မျိုးနွယ်စုအားလုံးကို ကိုယ်စားပြု ခေါ်ဆိုတာ ဖြစ်ပါတယ်။ ဒါကြောင့် သန်းခေါင်စာရင်း ကောက်စဉ်က မှတ်တမ်းတင်မှုများ အားနည်းနေတယ်လို့ ယူဆရမှာဖြစ်တယ်။ ဒါကြောင့် နောင် တစ် ချိန် သန်းခေါင်စာရင်းများ ကောက်ယူတဲ့ အခါမှာဖြစ်ဖြစ်၊ အခြားကိစ္စတွေကြောင့်ပဲဖြစ်ဖြစ်၊ လူမျိုးစုအမည်၊ လူဦးရေစာရင်းများ ကောက်ယူတဲ့နေရာမှာ ကောက်ခံသူရော၊ ဖြေဆိုသူများကပါ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက် နိုင်အောင် စည်းမျဉ်း စည်းကမ်းများ သတ်မှတ် ပေးသင့်ကြောင်းနှင့် ကျွန်တော်တို့ခိုလိုလီဆူအား ခိုလုံလီရှောဟု ခေါ်ဆိုရန်နှင့် ၁၃၅ မျိုးသော တိုင်းရင်းသား လူမျိုးစုစာရင်းတွင် ထည့်သွင်း ရေးသား ပေးပါရန် အလေးအနက် တင်ပြလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော် ဆက်လက်ပြီး တင်ပြလိုတာကတော့ ခိုလုံလီရှောတိုင်းရင်းသားများ အများဆုံး စုဖွဲ့နေထိုင်ကြတဲ့ နမ့်ခမ်း၊ ကွတ်ခိုင်၊ တောင်တန်းဒေသ တစ်လျှောက်ဖြစ်တဲ့ နမ့်ခမ်းတောင်တန်း ဒေသဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် အဆင့်မီ မမီဆိုတာပဲဖြစ်ပါတယ်။ အကယ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်မမီခဲ့ရင်လည်း အဲဒီလူမျိုးစုဟာ နေရာဒေသတစ်ခုထဲမှာ

လူဦးရေ အတော်အသင့် ရှိနေရင် မည်ကဲ့သို့ စီမံဆောင်ရွက် ပေးမယ်ဆိုတာ စဉ်းစား ပေးဖို့ လေးစားစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားညီလာခံကြီးက ဆုံးဖြတ်လိုက်တဲ့ အခြေခံမူများအတိုင်း လေးစားစွာ လိုက်နာဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု ကျွန်တော်တင်ပြသွားတဲ့ အချက်တွေဟာ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံဆိုတဲ့ ခေါင်းစဉ်နဲ့တိုက်ရိုက်သက်ဆိုင်ခြင်း ရှိမရှိဆိုတာကိုတော့ ကျွန်တော့်အနေနဲ့ မစဉ်းစားတတ်ပါကြောင်း ရိုးသားစွာ တင်ပြလိုပါတယ်။ တကယ်လို့ မသက်ဆိုင်ဘူးဆိုရင်လည်း မှတ်တမ်းတင်ထားပေးပါရန် (သို့မဟုတ်) သင့်တော်သည့်ခေါင်းစဉ်တစ်ခုမှာ ထည့်သွင်းပေးပါရန် လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(ကြိုဘာသံများ)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံ ရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြခြင်း

[အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တွင် ပါဝင်သည့် ကွတ်ခိုင်မြို့နယ်မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် (၁) ဦး]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကွတ်ခိုင်မြို့နယ်မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် ဦးမြင့်လွင် (ခေါ်) ဦးဝမ်ကွယ်တာရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ဦးမြင့်လွင် (ခေါ်) ဦးဝမ်ကွယ်တာအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမြင့်လွင်(ခေါ်) ဦးဝမ်ကွယ်တာ (အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့)။ အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ကိုယ်စားလှယ်နှင့် မုန်းဝန်းယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင် (ခ) ဦးဝမ်ကွယ်တာ၏ ဆွေးနွေးတင်ပြချက် စာတမ်း။**

လေးစားအပ်သော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မြန်မာပြည် အရှေ့မြောက် မုန်းဝန်းဒေသ မုန်းဝန်းလူမျိုးစုမှ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ် ဦးမြင့်လွင် (ခ) ဦးဝမ်ကွယ်တာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၈-၁-၉၄ ရက်နေ့က အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်ရဲ့ မိန့်ခွန်းနဲ့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ဦးအောင်တိုးရဲ့ ရှင်းလင်းပြောကြားချက်များနဲ့အညီထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

မုန်းဝန်းလူမျိုးစုရဲ့ကိုယ်စား ကျွန်တော်ဆွေးနွေးတင်ပြလိုတဲ့ အချက်များကတော့—

၁။ နိုင်ငံတော်၊

၂။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊

၃။ နိုင်ငံတော် အကြီးအကဲဆိုတဲ့ အချက်များ ဖြစ်ပါတယ်။

၁။ နိုင်ငံတော်

နိုင်ငံတော်အခန်းနဲ့ပတ်သက်ပြီး အခြေခံမူချမှတ်ထားတဲ့—

(က) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(ခ) နိုင်ငံတော်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဟု ခေါ်တွင်သည်၊

(ဂ) နိုင်ငံတော်အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာတည်သည်၊

(ဃ) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် အခြေခံဥပဒေ အတည်ဖြစ်သည့် နေ့တွင် တည်ရှိသည့် အတိုင်းဖြစ်သည်ဆိုတဲ့ အချက်များကို အခြေခံဥပဒေရဲ့ နိုင်ငံတော်အခန်းမှာ ဖော်ပြပေးသင့်ပါတယ်။

## ၂။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ

နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူ အတိုင်း ပြည်ထောင်စု စနစ်နဲ့ဖွဲ့စည်းပြီး ပြည်ထောင်စုကြီးတွင် ယခုလက်ရှိအတိုင်း တိုင်းဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ပြည်နယ် ပါဝင်ဖွဲ့စည်း တည်ဆောက်ပြီး လက်ရှိ အမည်များ အတိုင်း သတ်မှတ် ခေါ်ဝေါ်ရန် တင်ပြပါတယ်။

အဲဒီပြည်နယ် (၇) ပြည်နယ်နဲ့ တိုင်း ဒေသကြီး (၇) ခုဟာ အဆင့်အတန်း တူနေ ရမှာ ဖြစ်ပါတယ်။ ပြည်နယ်(၇)ပြည်နယ်နဲ့ တိုင်းဒေသကြီး(၇)ခုမှာရှိတဲ့တိုင်းရင်းသား လူမျိုး၊ လူမျိုးစုများမှအပ ကျန် တိုင်းရင်း သားလူမျိုးများဟာ သင့်လျော်တဲ့ လူဦးရေ ရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်း စုစည်း နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖြစ် သတ် မှတ်ပေးဖို့ တင်ပြလာခဲ့ရင် နိုင်ငံတော်က ကော်မရှင်ဖွဲ့ပြီး စိစစ်ဆောင်ရွက် ပေးသင့်ပါ တယ်။

ပြည်ထောင်စု မြန်မာနိုင်ငံ ကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းရပါမယ်—

— ကျေးရွာများကို ကျေးရွာ အုပ်စုအဖြစ် လည်းကောင်း၊
— ရပ်ကွက်များကို မြို့(သို့မဟုတ်) မြို့နယ် အဖြစ်လည်းကောင်း၊
— ကျေးရွာအုပ်စုများနဲ့ ရပ် ကွက် များ (သို့မဟုတ်) မြို့များကို မြို့ နယ် အဖြစ် လည်းကောင်း၊
— မြို့နယ်များကိုစုစည်းပြီး ခရိုင် အဖြစ် လည်းကောင်း၊
— ခရိုင် များ ကို တိုင်း ဒေသကြီး (သို့မဟုတ်) ပြည်နယ်အဖြစ် လည်းကောင်း ဖွဲ့စည်းသင့်ပါတယ်။
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထို ဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထို တိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင် အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် လည်းကောင်း၊
— တိုင်း ဒေသကြီး တစ်ခု (သို့မဟုတ်) ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကိုတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အဖြစ်လည်းကောင်း၊
— တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ကို နိုင်ငံတော်အဖြစ် လည်းကောင်း စုစည်းရန် အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါတယ်၊
— နိုင်ငံတော်မှာ ပါဝင်တဲ့ တိုင်းဒေသကြီး များ၊ ပြည်နယ်များ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ စီရင်စုများ စတဲ့ နိုင်ငံတော်ရဲ့နယ် မြေ အပိုင်း အခြား မှန် သမျှ ဟာ ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံမှ မည်သည့်အခါမှခွဲမထွက်ရဟု သတ်မှတ် သင့်ပါတယ်၊

## ၃။ နိုင်ငံတော်အကြီးအကဲ

နိုင်ငံတော် အကြီးအကဲဟာ နိုင်ငံတော် သမ္မတသာ ဖြစ်ရပါမယ်။ နိုင်ငံတော်သမ္မတ ကို ရွေးချယ်ရေးအဖွဲ့နဲ့ ရွေးချယ်တင်မြှောက် ရပါမယ်။

နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးမှု မပြိုကွဲရေးနဲ့ အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး တို့အပြင်နိုင်ငံတော်တိုးတက်ခိုင်မာရေးကို ရှေးရှု ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့စစ်ရေးစတဲ့ ကိစ္စတွေမှာ နားလည်တတ်ကျွမ်းဖို့ လိုအပ်ပါတယ်။ သမ္မတရွေးချယ်ရာမှာ အဲဒီလို အရည်အချင်းတွေနဲ့ အထူး ပြည့်ဝရမယ်ဆိုတဲ့မှု ချမှတ်သင့်ပါတယ်။

နိုင်ငံတော်သမ္မတ သက်တမ်းကို (၅) နှစ် သတ်မှတ် သင့်ပါတယ်။ သမ္မတရွေးချယ်ရာမှာ ဒုတိယ သမ္မတ (၃) ဦး အထိ ရွေးချယ်ပြီး အဲဒီ(၃)ဦးထဲက (၁)ဦးကို သမ္မတအဖြစ် ထပ်မံရွေးချယ်ပြီး ကျန်(၂)ဦးကို ဒုတိယသမ္မတများ အဖြစ် သတ်မှတ်သင့်ပါတယ်။နိုင်ငံတော်သမ္မတ ဖြစ်စေ၊ ဒုတိယ သမ္မတဖြစ်စေ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ခြင်း၊ လူမှုရေးအကျင့် သိက္ခာ ပျက်ပြားခြင်းစတဲ့ ပြစ်မှု တစ်ခုခု ကျူးလွန်ခဲ့ရင် လွှတ်တော် ကိုယ်စားလှယ် (၄) ပုံ (၁) ပုံက လက်မှတ်ရေးထိုးပြီး လွှတ်တော် အကြီးအကဲထံ တင်ပြရပါမယ်။ တင်ပြချက်ကို လွှတ်တော် ကိုယ်စားလှယ် (၃) ပုံ (၂) ပုံက ထောက်ခံရင် ဆက်လက်အရေးယူ ဆောင်ရွက်ရပါမယ်။

သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတအား စစ်ဆေးရန်ကိစ္စများ ပေါ်ပေါက် လာပါက ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ စာဖြင့် သော်လည်းကောင်း၊ နှစ်ရပ်စလုံးဖြင့် သော်လည်းကောင်း ချေပခွင့် ပြုသင့်ပါတယ်။ နိုင်ငံတော် သမ္မတ(သို့မဟုတ်)ဒုတိယ သမ္မတတို့သည် နိုင်ငံတော်၏ အကြီးအကဲများဖြစ်တဲ့ အတွက် ကိုယ်တိုင်လာရောက်အစစ်အဆေးခံရန် ခေါ်ယူခြင်းမပြုသင့်ပါ။ဘာကြောင့်လဲဆိုရင်အဲဒီပုဂ္ဂိုလ်များဟာ နိုင်ငံတော်ရဲ့ အထွတ်အထိပ် နိုင်ငံကျက်သရေဆောင် နိုင်ငံတော်ရဲ့ ခေါင်းဆောင် ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။ဒါကြောင့်ကိုယ်တိုင် လာရောက် အစစ်ဆေးခံခြင်း မပြုသင့်ကြောင်း အကြံပြုပါတယ်။

နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတသည် သက်တမ်းမကုန်ဆုံးမီ မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း၊ တာဝန်ဝတ္တရားများကို ဆက်လက် မဆောင်ရွက် နိုင်အောင် အခြေအနေများ ဖြစ်ပေါ်လာရင် နုတ်ထွက်ခွင့် ပြုသင့်ပါတယ်။

**သဘာပတိကြီးနဲ့တကွ သဘာပတိ အဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်တော် ကြီးများ ခင်ဗျား။** ဒီညီလာခံကြီးက ချမှတ်ထားတဲ့ အခြေခံမူတွေထဲက နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊နိုင်ငံတော်အကြီးအကဲ ဆိုတဲ့ ခေါင်းစဉ် (၃) ခုကို ဆွေး နွေးအကြံပြုခြင်း ဖြစ်ပါတယ်။

တိုင်းရင်းသားရင်းနှီးချစ်ကြည်မှုကိုလေးစားတဲ့အနေနဲ့ ကျွန်တော်တို့ မုန်းဝန်း လူမျိုးစုများရဲ့ လက်ရှိအခြေအနေနဲ့ ခံယူချက်သဘောထား လိုလားတောင့်တချက်များဖြစ်တဲ့ စာတမ်း တစ်ခုကိုလည်း တစ်ဆက်တည်း တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ အမျိုးသားညီလာခံကြီးသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များ ခင်ဗျား။** အခု ကျွန်တော်တင်ပြမယ့် ကိစ္စက ကျွန်တော်တို့ မုန်းဝန်းလူမျိုးစုကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသား လူမျိုးစုများစာရင်းတွင်ထည့်သွင်းပေးပါရန်တင်ပြဖို့ဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ယခု အမျိုးသား ညီလာခံကြီးသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်

ကြီးများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ ရှင်းလင်းစွာသိရှိနိုင်ပါရန် အပိုင်းလိုက်ခွဲပြီး တင်ပြခွင့်ပြုပါလို့ ပန်ကြားလိုပါတယ်။

ပထမအနေနဲ့ မုန်းဝန်းလူမျိုးစု အကြောင်းကို စတင်ပြီး တင်ပြပါမယ်။ မုန်းဝန်းလူမျိုးစု ဆိုတာဟာ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဖျား ရှမ်းပြည်မြောက်ပိုင်း ဒေသတွင် လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀၀) ကျော်ကစပြီး အခြေချ နေထိုင်ခဲ့တဲ့ လူမျိုးဖြစ်ပါတယ်။

ဇမ္ဗူဒီပ ဥဆောင်းကျမ်း စာမျက်နှာ (၉) တွင် မြန်မာဘုရင် အဆက်ဆက်တို့ ကင်းဦးအလံဖျားခံထားသည့် ဌာနများကို မိုးဝန်း၊ မိုးလား (မိုင်းလ)၊ စန္တား၊ ဟိုသာ၊ လာဟိုသာ စသည်များကို အလံဦးကင်းဖျား အစောင့်ထားသည်ဟု ဖော်ပြထားရှိချက်အရ မိုင်းဝန်းခေါ် မုန်းဝန်းဒေသသည် မြန်မာနိုင်ငံအတွင်း၌ ပါဝင်တည်ရှိခဲ့၍ မုန်းဝန်းလူမျိုးစုသည် ရှေးအတိတေ ပုဂံပြည်ကြီး ကောင်းစားစဉ်ကပင် ပြည်ထောင်စုသားများ ဖြစ်ခဲ့ပါကြောင်း တင်ပြလိုပါတယ်။

ဦးအောင်ဇေယျဟာ အလောင်းဘုရားဘွဲ့ခံယူပြီး ၁၁၁၄ ခုနှစ်မှာ ကုန်းဘောင် နန်းဆက်ကို စတင်ထူထောင်ရာမှာ ဝါးအစည်းပြေသလို ဖြစ်နေတဲ့ မြန်မာနိုင်ငံကြီးကို ပြန်လည်တိုက်ခိုက် စည်းရုံးရပါတယ်။

အဲဒီအခါမှာ အင်းဝထီးနန်း မပျက်မီကပင် အင်းဝကို ရောက်နေတဲ့ မုန်းဝန်းနယ်သား တွမ်ဝူး (ခ) ဦးထွန်းဦးနဲ့ အပေါင်းပါများက အလောင်းဘုရားရဲ့ တပ်မတော်မှာ ဝင်ရောက်အမှုထမ်းကြပါတယ်။ အလောင်းဘုရားရဲ့ တပ်မတော်ကြီးဟာ မြန်မာနိုင်ငံ ပြန်လည်စည်းရုံး ထူထောင်တဲ့ တိုက်ပွဲတွေမှာ တွမ်ဝူးနဲ့ နောက်ပါများဟာ မြန်မာများနဲ့ အတူ ရှုပ်ရှပ် ချံချံ လက်တွဲ တိုက်ခိုက်ခဲ့တဲ့အတွက် တပ်ဗိုလ်၊ တပ်မှူးများရဲ့ အသိအမှတ်ပြု ခံခဲ့ရပါတယ်။ တွမ်ဝူးနဲ့ အပေါင်းပါများဟာ မြန်မာများနဲ့ တစ်စိတ် တစ်ဝမ်းတည်း ဖြစ်ပြီး သွေးရင်းသားရင်း ညီရင်းအစ်ကိုသဖွယ် ဆက်ဆံပေါင်းသင်းပြီး စွန့်စွန့်စားစား ပါဝင်တိုက်ခိုက်ကာ အေးအတူပူအမျှ နေခဲ့ကြပါတယ်။

ဒါကြောင့် ဘုရင်မင်းမြတ်နဲ့တကွ တပ်မှူး၊ ဗိုလ်မှူး၊ စစ်သည်တော်များကလည်း မြန်မာနိုင်ငံနဲ့ ဘုရင်မင်းမြတ်အပေါ် သစ္စာရှိရှိ ကြိုးစားအမှုတော်ထမ်းခဲ့ကြတဲ့ မုန်းဝန်းလူမျိုးစုများအပေါ် ညီရင်းအစ်ကိုပမာ တစ်စိတ်တစ်ဝမ်းတည်း သွေးသောက်ညီနောင်များအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ တိုက်ပွဲများမှာလည်း မုန်းဝန်းလူမျိုး တွမ်ဝူးနဲ့ နောက်ပါလူများတို့ရဲ့ သစ္စာရှိမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ နိုင်ငံချစ်စိတ်တို့ဟာ မှတ်တမ်းတင်ခံရတဲ့ အခြေအနေကို ရောက်ခဲ့ပါတယ်။

အလောင်းဘုရား ယိုးဒယားသို့ ချီတက်ရာမှာလည်း တွမ်ဝူးနဲ့ နောက်ပါလူများဟာ မြန်မာ့တပ်မတော်ကြီးနဲ့အတူ ပါဝင်ခဲ့ပါတယ်။ ခရီးစဉ်တစ်လျှောက် တိုက်ပွဲတိုင်းမှာလည်း တွမ်ဝူးနဲ့ အပေါင်းပါ မုန်းဝန်းလူမျိုးစုများဟာ မြန်မာ့စစ်သည်တော်များနဲ့ ရင်ပေါင်တန်းပြီး ရှုပ်ရှပ်ချံချံ တိုက်ပွဲဝင်ခဲ့ကြတဲ့ အတွက် တပ်ဗိုလ်၊ တပ်မှူးများရဲ့ ချီးကျူးမှုကို ခံယူခဲ့ရပါတယ်။

ဒါကြောင့် အလောင်းဘုရားက တွမ်ဝူးကို မူလအမည်နဲ့ လိုက်လျောညီတဲ့ ဦးထွန်းဦးဆိုတဲ့ မြန်မာအမည်ကို ပေးသနားပြီး စစ်ကဲကြီး ရာထူးအထိ တိုးတက်ချီးမြှင့် ပေးသနားခဲ့ပါတယ်။

အလောင်းဘုရားဟာ အောင်ပွဲရ စစ်သည်များကို အလေးထား ချီးမြှင့်လေ့ရှိတဲ့အတိုင်း တွမ်ဝူး(ခ)ဦးထွန်းဦးကို လိုရာဆုတောင်းခံဖို့ အခွင့်ပေးသနားတော်မူတဲ့အခါ တွမ်းဝူ(ခ)ဦးထွန်းဦးက အခြားအကျိုးစီးပွားကို မတောင်းခံဘဲ လုပ်ကိုင်စားသောက်နိုင်ရေး အတွက် စိုက်ပျိုးနိုင်တဲ့ မြေနေရာကိုသာ တောင်းခံခဲ့ပါတယ်။

ဘုရင်မင်းမြတ်က တွမ်ဝူး (ခ) ဦးထွန်းဦးနဲ့ အပေါင်းပါများအတွက် စိုက်ပျိုးလုပ်ကိုင်စားသောက်ဖို့အတွက် ပြင်ဦးလွင်မြို့ (မေမြို့) အနီးက မြေနေရာတစ်ခုကို ပေးသနားပြီး ရဲမက် ၅၀၀ နဲ့ ဆင်အစီး ၅၀ ကိုပါပေးအပ်ပြီး နယ်မြေလုံခြုံကာကွယ်ရေးတာဝန်ကိုပါ ပေးအပ်လိုက်ပါတယ်။

အဲဒီနောက် မြန်မာနိုင်ငံ အရှေ့မြောက် နယ်စပ်ဒေသကို ထိပါးခံရလို့ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ တွမ်ဝူး(ခ)ဦးထွန်းဦးနဲ့ နောက်ပါများကို နယ်စပ်ဒေသ လုံခြုံကာကွယ်ရေးတာဝန် ပေးအပ်လိုက်တဲ့အတွက် တွမ်ဝူး(ခ)ဦးထွန်းဦးနဲ့ အပေါင်းပါများဟာ မိမိတို့မူလဇာတိဒေသဖြစ်တဲ့ မုန်းဝန်းနယ်မြေကို ချီတက်ခဲ့ရပါတယ်။ တွမ်ဝူး(ခ) ဦးထွန်းဦးနဲ့ နောက်ပါများဟာ မုန်းဝန်းဒေသမှာ အခိုင်အမာတပ်စွဲ အခြေချပြီး နယ်နိမိတ်လုံခြုံရေး တာဝန်ကို ထမ်းဆောင်နေရတဲ့အတွက် ဘုရင်မင်းမြတ်က တွမ်ဝူး (ခ) ဦးထွန်းဦးကို မုန်းဝန်းမြို့စားအဖြစ် အသိအမှတ်ပြု ခန့်အပ်ခဲ့ပါတယ်။ ဘုရင်မင်းမြတ် အမိန့်တော်ပြန်တမ်းနဲ့ နယ်မြေနယ်နိမိတ်ကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။

မုန်းဝန်းမြို့စားဖြစ်လာတဲ့ တွမ်ဝူး(ခ)ဦးထွန်းဦးရဲ့ မျိုးဆက်ဟာ အစဉ်အဆက် မြို့စားကြီးများအဖြစ် ဘုရင်နဲ့ နိုင်ငံတော်ရဲ့သစ္စာကို စောင့်သိရိုသေစွာ နေထိုင်ခဲ့တာဟာဆိုရင် မျိုးဆက်ပေါင်း ၁၃ ဆက်အထိ ရှိခဲ့ပါတယ်။ နောက်ဆုံး မြို့စားကြီး တွမ်ထောက်ရင်ဟာ အခြေခံဥပဒေသစ်အရ မြို့စားရာထူးများ ဖျက်သိမ်းလိုက်ပြီး မြို့စားကြီး တွမ်ထောက်ရင်ကို မုန်းဝန်းတိုက်သူကြီးအဖြစ် ခန့်အပ်ခြင်းခံရပြန်ပါတယ်။ အဲဒီနောက် နိုင်ငံတော် အခြေခံဥပဒေအရ ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲများမှာ တာမိုးညဲ ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် သက်တမ်းနှစ်ကြိမ်တိုင်တိုင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။ တွမ်ထောက်ရင်ဟာ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလမှာ ကွယ်လွန်ခဲ့ပါတယ်။

လေးစားအပ်သော သဘာပတိကြီးနဲ့ တကွ အမျိုးသားညီလာခံကြီးသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား။ မုန်းဝန်းလူမျိုးစုဟာ မြန်မာတိုင်းရင်းသား ညီအစ်ကိုများနဲ့ သွေးရင်းသားရင်း ညီရင်းအစ်ကိုပမာ တစ်စိတ်တစ်ဝမ်းတည်း နေခဲ့ရာက အရေးကြုံရင်ကြုံသလို တိုင်းရင်းသား ညီအစ်ကိုများနဲ့ လက်တွဲပြီး နောက်မဆုတ်တမ်း တာဝန်ထမ်းဆောင်ခဲ့တဲ့ သာဓကများကိုလည်း တင်ပြလိုပါသေးတယ်။

ဖက်ဆစ်တော်လှန်ရေးကာလမှာ မုန်းဝန်းလူမျိုးစုဟာ မုန်းဝန်းဒေသ တော်လှန်ရေးခေါင်းဆောင်များ ဖြစ်ကြတဲ့ ဒူဝါဇော်ဘောက်၊ ဗိုလ်ကြီးဟောင်း ဦးကောက်ကျင်းဝမ်၊ ဦးရန်ပေဇုန်း (ခေါ်) ဦးသန်းဋ္ဌေး (လက်ရှိမုန်းဝန်းဒေသ ရှောက်ဟော် ပြည်သူ့စစ်ခေါင်းဆောင်)၊ ဦးကောက်ကျန်ရန် (ခေါ်) ဦးသိန်းဋ္ဌေး (လက်ရှိမုန်းဝန်းဒေသ လုံထန်ပြည်သူ့စစ်ခေါင်းဆောင်)၊ ဦးကျင်ကွေ့ (ဦးထွန်းဦး၏ ၁၂ ဆက်မြောက်မျိုးဆက်) တို့နဲ့အတူ ဖက်ဆစ်တော်လှန်ရေးမှာ မုန်းဝန်းလူမျိုးစုများဟာ သက်စွန့်ကြိုးပမ်း ပါဝင်တိုက်ခိုက်ခဲ့ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းဆဲကာလမှာလည်း တိုင်းရင်းသားညီအစ်ကိုများနဲ့ အတူ ကျရာနေရာက အားပေးပါဝင်ခဲ့ပါတယ်။ လွတ်လပ်ရေး ရတော့လည်း လွတ်လပ်ရေးနဲ့ တစ်ပါတည်း ပေါက်ဖွားလာတဲ့ သောင်းကျန်းသူများကို ပြည်ထောင်စုကြီး မပြိုကွဲရေး၊ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေးတို့အတွက် တပ်မတော်နဲ့အတူ ရှပ်ရှပ်ချွံချွံ ပါဝင်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီတိုက်ပွဲတွေမှာ တိုင်းပြည်အတွက်အသက်စွန့်လွှတ်သွားရတဲ့ မုန်းဝန်းလူမျိုးစုတွေ၊ အိုးအိမ်စည်းစိမ်များ ပျက်စီး ဆုံးရှုံးခဲ့ရတာ တွေလည်း အမြောက်အမြား ရှိခဲ့ပါတယ်။ အဲဒါတွေကို အဲဒီအချိန်က တာဝန်ယူ တိုက်ခိုက်ခဲ့ကြတဲ့ တပ်မတော်မှ အရာရှိကြီးတွေအသိပဲ ဖြစ်ပါတယ်။

၁၉၅၂-၅၃ ခုနှစ်အတွင်း ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာကို ထိပါး နှောင့်ယှက်လာတဲ့ တရုတ်ဖြူ ကျူး ကျော် ရေး သ မား တွေကိုလည်း မုန်းဝန်းလူမျိုးစုများဟာ အသက်ကိုပဓာနမထားဘဲ သက်စွန့်ကြိုးပမ်း ခုခံ တိုက်ခိုက်ခဲ့ကြတဲ့ အ တွက် မုန်းဝန်းလူမျိုးစုမှ တပ်ခွဲမှူး ချိန်ယုလျူ နဲ့ အတူ မုန်းဝန်းလူမျိုး ရဲဘော် ၁၄ ဦးဟာ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြပါတယ်။ မိမိပိုင် နယ်မြေအတွက် တိုက်ပွဲပေါင်း များစွာ ကိုလည်း ပါဝင်ဆင်နွှဲ တိုက်ခိုက်ခဲ့ရပါတယ်။

၁၉၆၂ ခုနှစ်မှာတော့ သောင်းကျန်းသူများကို ခုခံတိုက်ခိုက်ဖို့အတွက် နိုင်ငံတော်က မုန်းဝန်းလုံထန် ကာကွယ်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းပေးခဲ့ပါတယ်။ တပ်မတော်မှအခြေခံစစ်သင်တန်းများလည်း ပေးခဲ့ပါတယ်။ အဲဒီလို စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြလို့လည်း ရှမ်းပြည်မြောက်ပိုင်း မုန်းဝန်းဒေသမှာ သောင်းကျန်းသူများ ခြေကုပ်ယူလို့မရဘဲ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးရတဲ့အထိလည်း ဖြစ်ခဲ့ပါတယ်။

အဲဒီနောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးအေးကို (ယခင်-နိုင်ငံတော် ဒုသမ္မတဟောင်း)က အခြေခံဥပဒေနဲ့အညီ ကာကွယ်ရေးအဖွဲ့များ ဖျက်သိမ်းရန် ညွှန်ကြား ချက် အရ မုန်းဝန်း လုံထန် ကာကွယ်ရေးအဖွဲ့များကို ရွှေတန်း အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်လက်အောက်ရှိ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးထောင်ဇာခိုင် (ယခုစစ်ပြန် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး) က ကာကွယ်ရေး အဖွဲ့များကို ဖျက်သိမ်းပြီး မုန်းဝန်း ဒေသမှာ ကျေးရွာ အလိုက် တာမိုးညဲ၊ လုံထန်၊ ရှောက်ဟော်၊ ရှမ်းဆိုင်ကူး၊ ရှောက်မိုးညဲနှင့် ၃၈ မိုင် မန်ပြိန်းပြည်သူ့စစ်အဖွဲ့အသွင်ဖြင့် ၁၉၇၃ ခုနှစ်တွင် ဖွဲ့စည်းကာ နယ်မြေငြိမ်းချမ်းရေး တာဝန်များကို ယနေ့အထိ တပ်မတော်နဲ့ လက်တွဲဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

ကာကွယ်ရေးအဖွဲ့များ ဖျက်သိမ်းစဉ်က ဆိုရင် မုန်းဝန်း လုံထန် ကာကွယ်ရေးအဖွဲ့ဝင်များဟာ ရှိသမျှ လက်နက် ခဲယမ်းများကို တစ်ခုမကျန် နိုင်ငံတော်အပေါ် သစ္စာရှိရှိနဲ့ တာမိုးညဲမှာ ပါတီ၊ ကောင်စီနဲ့ တပ်မတော်ကို အပ်နှံခဲ့ပါတယ်။ အချုပ်ဆိုရရင် မုန်း ဝန်း လူမျိုးစုများဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀၀) ကျော်က စပြီး မြန်မာနိုင်ငံမှာ အခြေချနေထိုင်ပြီး မြန်မာတိုင်းရင်းသားများနဲ့ အေးအတူပူအမျှ၊ သုခ-ဒုက္ခ မှန်သမျှကို လက်တွဲ ရင်ဆိုင် ခဲ့သည့် အတိုင်း မြန်မာနိုင်ငံကြီး ဖရိုဖရဲ ပြိုကွဲခဲ့ရသည်ကို ပြန်လည်စည်းရုံးထူထောင်တဲ့ အလောင်းဘုရားရဲ့ တပ်မတော်မှာ ပြောင်မြောက်စွာ ပါဝင်တိုက်ခိုက်ခဲ့ပါတယ်။

ဖက်ဆစ်တော်လှန်ရေးကာလကလည်း မြန်မာတိုင်းရင်းသား သွေးချင်းများနဲ့ အတူ လက်တွဲပြီး ကျရာနေရာမှာ ပါဝင်ဆင်နွှဲခဲ့ပါတယ်။ လွတ်လပ်ရေးအကြိုကာလ ကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကို အရယူပြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ပင်လုံညီလာခံကို နယ်ချဲ့အစိုးရရဲ့ ပယောဂကြောင့် တက်ရောက်ခွင့် မရခဲ့သော်လည်း ပင်လုံညီလာခံရဲ့ သွေးစည်းညီညွတ်မှုနဲ့ ချမှတ်ခဲ့တဲ့ ဆုံးဖြတ် ချက် တွေကို မုန်းဝန်း လူမျိုးစုက ကြိုဆို ထောက်ခံခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုကြီးကို အန္တရာယ်ပေးလာတဲ့ သောင်းကျန်းသူများ၊ ကျူးကျော်ဝင်ရောက်လာတဲ့ တရုတ်ဖြူများနဲ့တကွ ပြည်တွင်း ပြည်ပ အန္တရာယ်များကို တပ်မတော်နဲ့လက်တွဲပြီး နိုင်ငံတော်အတွက် အသက်ပေး ဆင်နွှဲခဲ့တဲ့ တိုက်ပွဲပေါင်းများစွာ ကိုလည်း ပါဝင် တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီ တိုက်ပွဲတွေမှာ မုန်းဝန်းဒေသခံပြည်သူတွေဟာ အသက်အိုးအိမ်စည်းစိမ်တွေပျက်စီးဆုံးရှုံးခြင်းလည်း ခံခဲ့ရပါတယ်။ ဒီလို ဆုံးရှုံးခံလိုက်ရတဲ့ ရလဒ်ကတော့ ကျူးကျော်လာတဲ့ တရုတ်ဖြူတွေဟာ သေပြေးရှင်ပြေး ဆုတ်ခွာထွက်ပြေးသွားကြရပါတယ်။

ယနေ့အထိလည်း ပြည်ထောင်စုသား ညီအစ်ကိုများနှင့် လက်တွဲပြီး နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်သိသိဆောင်ရွက်ဆဲလည်း ဖြစ်ပါတယ်။

လေးစားအပ်သော သဘာပတိကြီးနဲ့ တက္က အမျိုးသားညီလာခံကြီးသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျား။ ခေတ်အဆက်ဆက် နိုင်ငံတော်အပေါ်သစ္စာရှိရှိနဲ့ ကျသမျှတာဝန်ကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့တဲ့ အထောက်အထားတွေဟာ မှတ်တမ်းတင် ခံခဲ့ရပါတယ်။ ၎င်းသမိုင်းမှတ်တမ်းကို အပြည့်အစုံပြုစုပြီး တစ်ပါတည်း ပူးတွဲတင်ပြထားပါတယ်။

သမိုင်းပေးတာဝန်အရ ယနေ့လည်း ဒို့တာဝန် အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည် ထမ်းဆောင်နေတဲ့ တပ်မတော်နဲ့ လက်တွဲပြီး ပေးအပ်သမျှတာဝန်ကို မွန်းဝန်းလူမျိုးစုဟာ မညည်းမညူ တာဝန်ထမ်းဆောင်နေဆဲလည်း ဖြစ်ပါတယ်။ မွန်းဝန်းလူမျိုးစုများဟာ နိုင်ငံတော်အတွက်ဆိုရင် အသက်ကိုပင် ပဓာနမထားဘဲ ဆောင်ရွက်နေခဲ့တဲ့ သာဓကများအရ နောင်ကိုလည်း ပြည်ထောင်စုသားတိုင်းရင်းသားညီအစ်ကိုများနဲ့ လက်တွဲမဖြုတ်စတမ်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးကို ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မွန်းဝန်း လူမျိုးစုများအနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးအပေါ် သစ္စာရှိစွာ သမိုင်းစဉ်အရ သစ္စာခံခဲ့တဲ့အတိုင်းအနာဂတ်ကာလမှာလည်းသစ္စာရှိနေမှာသာ ဖြစ်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုများနဲ့လည်း ထာဝရလက်တွဲနေထိုင်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသား ညီအစ်ကိုများနဲ့ အေးအတူ ပူအမျှ၊ ဒုက္ခ သုခကို ဝေမျှခံစားရင်း အနာဂတ်ပြည်ထောင်စုကြီးကို တိုးတက်သာယာဝပြောအောင် စွမ်းအားရှိသမျှ ဖန်တီးဖော်ဆောင်သွားမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးများနဲ့ တက္က အမျိုးသားညီလာခံသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးစု ဖြစ်သင့်ဖြစ်ထိုက်တဲ့ အချက်အလက်များနဲ့ ပြည့်စုံတဲ့အတွက် ကိုးကန့် ဒေသ ညီအစ်ကိုတော်များအား တိုင်းရင်းသား လူမျိုးစုအဖြစ် ထည့်သွင်း အသိအမှတ်ပြုခဲ့ခြင်းကို ဝမ်းမြောက်လိုက်လှဲစွာ ကြိုဆိုပါတယ်ဆိုတာကို တင်ပြလိုပါတယ်။ အဲဒီလိုအလားတူပဲ နှစ်ပေါင်း (၄၀၀) ကျော်က သမိုင်းကြောင်း တစ်လျှောက်မှာ ပြည်ထောင်စု တိုင်းရင်းသားများနဲ့ တစ်မိဝမ်းတွင်း ညီရင်းအစ်ကိုပမာ လက်တွဲမဖြုတ်စတမ်း ခိုင်မြဲချစ်ကြည်စွာနဲ့ တွေ့လာသမျှ ဒုက္ခ သုခ အဝဝကို ဝေမျှခံစားရင်း တိုင်းပြည်အန္တရာယ်ဟူသမျှသက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့တဲ့ ကျွန်တော်တို့ မွန်းဝန်းလူမျိုးစုများဟာ မိမိတို့သည် တိုင်းရင်းသားလူမျိုးစုတစ်စုအဖြစ် ရာနှုန်းပြည့် အခိုင်အမာ ခံယူထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် မွန်းဝန်းတိုင်းရင်းသားလူမျိုးစု ယဉ်ကျေးမှုအဖွဲ့ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်အောက်ရှိ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနရဲ့ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် နေ့စွဲပါ သတင်းအဖွဲ့များ မှတ်ပုံတင် အမှတ် ၁၆၅၀ အရ ဖွဲ့စည်းခွင့် ပြုထားတဲ့အတွက် ဖွဲ့စည်း ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။

သို့သော်လည်း ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုပေါင်း (၁၃၅) မျိုးရှိတယ်လို့ ဆိုထားတာ တွေ့ရပေမယ့် အဲဒီ တိုင်းရင်းသား လူမျိုးစု (၁၃၅) မျိုးကို လေ့လာကြည့်ရှုတဲ့အခါ ကျွန်တော်တို့ မွန်းဝန်းတိုင်းရင်းသား လူမျိုး

စုအမည် မပါသေးဘဲ ဖြစ်နေတာကို တွေ့ရတဲ့အတွက်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အခြေခံဥပဒေကြီး ပြဋ္ဌာန်းအတည်ပြုတဲ့ အခါမှာ တိုင်းရင်းသားလူမျိုးစုစာရင်းမှာ မုန်းဝန်းတိုင်းရင်းသား လူမျိုးစုအမည်ကို ထည့်သွင်း ပေး ပါ ရန် တင်ပြအပ်ပါတယ်။

ဒါနဲ့ တစ်ဆက်တည်း ကျွန် တော့် အ နေ နဲ့ မုန်းဝန်းလူမျိုးစု တစ်စုလုံးရဲ့ ကိုယ်စား အထူးတင်ပြလိုတာကတော့ ကျွန်တော်တို့ မုန်းဝန်း တိုင်းရင်းသား လူမျိုးစုများဟာ—

- လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀၀) ကျော်က စတင်ပြီး မြန်မာနိုင်ငံ မုန်းဝန်းဒေသဘွင်အခြေချနေထိုင်ခဲ့ခြင်း၊
- မုန်းဝန်းလူမျိုးစုများဟာ ခန့်မှန်းခြေ လူဦးရေ တစ်သိန်းကျော်ရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြခြင်း၊
- နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် မြန်မာ တိုင်းရင်းသားများနှင့် အေးအတူ ပူအမျှ နေထိုင်ခဲ့ခြင်း၊ ယနေ့တိုင် တပ်မတော်နှင့် လက်တွဲပြီး နယ်မြေအေးချမ်းရေး ကာ ကွယ် ရေး များ တွင် ဆောင်ရွက်နေခြင်း၊
- ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ ဘာသာ ကိုးကွယ်မှု၊ ဘာသာစကား သီးခြားရှိမှု၊
- မြန်မာဘုရင်များ လက် ထက် တွင် လည်း ဘုရင့်သစ္စာတော်ခံပြီး မိမိနယ်မြေကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲ အုပ်ချုပ်ခဲ့ခြင်း စတဲ့ အချက်အလက်များအရ ယခု အမျိုးသား ညီလာခံကြီးမှ ချမှတ်ထားသည့် အခြေခံမူတွင် ပါရှိသည့် အုပ်ချုပ်ခွင့် မူများနှင့်အညီ ကျွန်တော်များ မုန်းဝန်းတိုင်းရင်းသားများ ဒေသကိုအခြားလူမျိုးစု အများနှင့်နည်းတူ နယ်မြေသတ်မှတ်လျက် သင့်လျော်သော အဆင့်အတန်းတွင် သတ်မှတ် ပေးပါရန် အမျိုးသားညီလာခံကြီးသို့ တင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကြီးမှ ဆုံးဖြတ်ချမှတ်မည့် မည်သည့် ဆုံးဖြတ်ချက်ကိုမဆို လေးစား လိုက်နာမည် ဖြစ်ကြောင်းကိုလည်း ထပ်လောင်းတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

(သြဘာသံများ)၊

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု အစည်းအဝေးကို နေ့လယ်စာ စားသုံးဖို့ (၁) နာရီခန့် ရပ်နားပါမယ်။ အစည်းအဝေးကို ၁၂ နာရီ ၁၀ မိနစ်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

သဘာပတိ အဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ် ခင်ဗျား။

[နေ့လယ်စာ စားသုံးရန်အတွက် အမျိုးသား ညီလာခံ အစည်းအဝေးကို ၁၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။ ၁၂း၁၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အ ခမ်း အနား မှူး။** အ မျိုး သား ညီ လာ ခံ ကိုယ်စားလှယ် ကြီးများခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်တဲ့အတွက် သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ်ခင်ဗျား။

[သဘာပတိ အဖွဲ့ဝင်များသည် သဘာပတိ အဖွဲ့ဝင်များအတွက် သီးသန့် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူကြပါသည်။]

# နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများကို ဆက်လက် ဖတ်ကြား တင်ပြခြင်း

[ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ် အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော်အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး၊ အခြေခံရမယ့်မူများ ချမှတ်နိုင်ရေး အတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

အခု တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီရဲ့အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြကြမှာဖြစ်ပါတယ်။ ဒီစာတမ်းကိုအပိုင်း (၂) ပိုင်း ခွဲပြီး ဦးထွန်းရီနဲ့ ဦးခင်မောင်ကြီးတို့က ဖတ်ကြား တင်ပြမှာ ဖြစ်ပါတယ်။ ဦးစွာ ဦးထွန်းရီအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းရီ (တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ)။** သဘာပတိနဲ့ သဘာပတိ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ပါတီမှ အထွေထွေ အတွင်းရေးမှူး ဦးထွန်းရီ ဖြစ်ပါတယ်။ ယနေ့စုံညီအစည်းအဝေးကို တက်ရောက်လာကြတဲ့ ညီလာခံ ကိုယ်စားလှယ် အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြ ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ၁၈-၁-၉၄ ရက်နေ့ စုံညီ အစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ပါ အခန်းအလိုက် ရှင်းလင်းချက် များ၊ ဆွေးနွေးအကြံပြုရန် ဖိတ်ခေါ်ချက်များကို အခြေခံလျက် နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော် အကြီးအကဲ အခန်းတို့နှင့် စပ်လျဉ်း၍ အခန်းအလိုက် သီးခြား ဖော်ပြအပ်သောအကြံပြုချက်စာတမ်းကို နိုင်ငံတော် အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် နိုင်ငံတော်အကြီးအကဲ အခန်းဟူ၍ အပိုင်း (၃)ပိုင်း ခွဲခြားကာ တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** ဦးစွာ အပိုင်း (၁) အနေနဲ့ နိုင်ငံတော်အခန်းကို ဆွေးနွေး တင်ပြပါ မယ်။ ယခုပြန်လည် ကျင်းပသည့် အမျိုးသား ညီလာခံတွင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ပါတီ၏သဘောထားအမြင်နှင့် ရပ်တည်ချက်များကို တင်ပြရာ၌ မိမိတို့ပါတီ၏ မူလပင်ရင်း စေတနာ စိတ်ထားအတိုင်း လူတစ်စု၊ လူတစ်ဖွဲ့၊ လူတန်းစား တစ်ရပ်၊ နိုင်ငံရေးပါတီ တစ်ခုအတွက် ကျဉ်း မြောင်းသည့် သဘောထားများမပါဘဲ တိုင်းရင်း သား လူမျိုးအားလုံး၏ အကျိုးစီးပွား အတွက် ကျယ်ပြန့်သည့် သဘောထားဖြင့် ရပ်တည် တင်ပြ သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တစ်မျိုး သားလုံးနှင့် သက်ဆိုင်သည့်အတွက် တစ်မျိုးသား လုံး၏ သဘောဆန္ဒညီမျှမှုရရှိရေးကို မျက်ခြည်ပြတ်

မခံဘဲ အထူးအလေးထား တင်ပြအပ်ပါသည်။ မိမိတို့ ပါတီ၏ အကြံပြုချက်ကို တင်ပြရာတွင် အကြောင်းအကျိုး ဆီလျော်သင့်မြတ်မှု၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီမှု၊ ပါတီစုံစနစ်ဖြင့် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ထိရောက်စွာ အထောက်အကူဖြစ်စေမှု၊ ပြည်သူများ၏ လွတ်လပ်ပိုင်ခွင့်များနှင့် အခွင့် အရေးများကို အခိုင်အမာ အာမခံနိုင်မှု၊ အခြေခံဥပဒေအရ ဖွဲ့စည်းဖြစ်ပေါ်လာမည့်အခြေခံဥပဒေဆိုင်ရာ အဖွဲ့ အစည်းများကို တည်ငြိမ်ခိုင်မာစွာဖွဲ့စည်းနိုင်မှု၊ စည်းလုံးညီညွတ် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုး တိုးတက်သော ခေတ်မီ နိုင်ငံတော် တည်ဆောက်ရေး အတွက် ခိုင်မာသော အခြေခံ အုတ်မြစ်များ ချမှတ်နိုင်မှုတို့ကို ရှေးရှုလျက် အခြေခံ မူပေါ်တွင် ရပ်တည်သော အမြင်ဖြင့် အကြံပြု တင်ပြသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အခန်းနှင့် စပ်လျဉ်း၍ တင်ပြရာတွင် နောက်ခံဖြစ်ရပ်များနှင့်တကွ ယခုချမှတ်ထားပြီးဖြစ်သည့် အခြေခံမူများအပေါ်အခြေခံကာ တင်ပြလိုပါသည်။ အမျိုးသားညီလာခံ စတင်ကျင်းပချိန်က အခန်းအလိုက် ခေါင်းစဉ်များကို တင်ပြရန် ဖိတ်ခေါ်ချက်အရ မိမိတို့ပါတီအနေဖြင့် နိဒါန်းအပါအဝင် နိုင်ငံတော်၊ လမ်းညွှန်မူများ၊ ပြည်နယ်များစသည့် အခန်း ခေါင်းစဉ်များ ပါရှိသင့်ကြောင်း အကြောင်းအကျိုးဆက်စပ်မှုရှိရှိ တင်ပြခဲ့ပါသည်။ သို့ရာတွင် စုံညီအစည်းအဝေးနှင့် အစုအဖွဲ့ အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းကြရင်း နိုင်ငံတော်၊ ပြည်နယ်များစသည့် ခေါင်းစဉ်အချို့မှာ ချန်ထားခြင်း ခံခဲ့ရပါသည်။ ယင်းသို့ ချန်ထားခြင်း ခံခဲ့ရစေကာမူ မိမိတို့ ပါတီသည် အများဆန္ဒ သဘောထားနှင့် ယေဘုယျအားဖြင့် လိုက်လျောညီထွေ ရှိစေရေး၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးတို့ကို မျက်ခြည်ပြတ် မခံရေးမူတို့ကိုလက်ကိုင်ပြုကာ အလှည့်ကျသဘာပတိ ပြောကြားခဲ့သည့် ခေါင်းစဉ်များကို လက်ခံခဲ့ပါသည်။

ယခုအခါ အမျိုးသားညီလာခံက နိုင်ငံတော်နှင့် စပ်လျဉ်း၍ အခြေခံမူ(၄) ရပ်ကို ချမှတ်ပြီးဖြစ်သည့်အပြင် ကော်မရှင်ဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့ကလည်း နိုင်ငံတော်ဟူသည့် အခန်းခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးအကြံပြုကြရန် လမ်းဖွင့်ပြောကြားသွားသည့်အတွက် ဖြစ်သင့်ဖြစ်ထိုက်၊ ပါသင့်ပါထိုက်သော ခေါင်းစဉ် ပါဝင်လာသဖြင့် ဝမ်းမြောက်စွာကြိုဆိုပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို လေ့လာရာတွင် "ဘယ်နိုင်ငံရဲ့အခြေခံဥပဒေလဲ၊ နိုင်ငံတော်ရဲ့ သဘောသဘာဝကဘယ်လိုလဲ၊ နိုင်ငံတော်ရဲ့ အမည်ကိုဘယ်လိုခေါ်မလဲ၊ နိုင်ငံတော်ရဲ့တည်နေရာ နယ်နိမိတ်တို့ကို ဘယ်လိုသတ်မှတ်ထားသလဲ၊ နိုင်ငံတော်ကို ဘယ်လိုတည်ဆောက်ထားသလဲ၊ အချုပ်အခြာအာဏာဟာ ဘယ်မှာတည်ရှိပြီး ဘယ်လိုကျင့်သုံးမလဲ" အစရှိသည့်အချက်များမှာ အခြေခံအကျဆုံးအချက်များဖြစ်ပါသည်။ အမှန်စင်စစ်အားဖြင့် နိုင်ငံတော်ဟူသည့် အခန်းသည် ထိုနိုင်ငံတော်၏ အခြေခံအကြောင်းအချက်များကို ပီပြင် ထင်ရှားအောင်ဖော်ပြသည့်အခန်း (Definitive Chapter) လည်းဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်ဟူသည့် အခန်းသည် မိမိတို့နိုင်ငံတော်ကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ တိုင်းပြည်တည်လိုက်ခြင်းလည်း ဖြစ်၍ ဤအခန်းကိုထည့်သွင်းပေးခြင်းမှာ များစွာသဘာဝကျ၍ အခြေခံဥပဒေ၏ အင်္ဂါရပ်တစ်ခုကိုလည်း ပေါ်လွင်ပီပြင်စေရာရောက်ပါသည်။

ထို့ကြောင့် နိုင်ငံတော်ဟူသည့် အခန်းနှင့် ပတ်သက်ပြီး အယူအဆပိုင်းနှင့်စကားလုံး အသုံးအနှုန်းပိုင်းပါ ခံ့ညား ထည်ဝါ ပီပြင်စေပြီး၊ ရှင်းလင်းတိကျပြတ်သားစေရန် ရည်ရွယ်၍ အကြံပြု တင်ပြသွားမည်ဖြစ်ပါသည်။

ပထမအချက်အနေဖြင့် "မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် ဒီမိုကရေစီ သမ္မတနိုင်ငံတော်ဖြစ်သည်" ဟူသော အခြေခံအချက်ကို အခြေခံဥပဒေကို ရေးဆွဲသည့်အခါ ရှေးဦးစွာ ဖော်ပြသင့်ပါသည်။

ဤအချက်သည်နိုင်ငံတော်၏သဘောသဘာဝကို တိကျပီပြင်စွာပေါ်လွင်စေသည့်အချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံ၏ လက်အောက်ခံမျှ မဟုတ်ဘဲ အချုပ်အခြာအာဏာ ပိုင်သောနိုင်ငံ၊ လွတ်လပ်သော နိုင်ငံဖြစ်ကြောင်း၊ စစ်မှန်သည့်ဒီမိုကရေစီထွန်းကားရေးကို အခြေခံဥပဒေအရ အခိုင်အမာအာမခံထားသည့်နိုင်ငံဖြစ်ကြောင်း ပေါ်လွင်စေပါသည်။ တစ်ချိန်တည်းတွင်လည်း မြန်မာနိုင်ငံသည် ဘုရင်စနစ်ကို ပြန်လည်ထူထောင်မည့်နိုင်ငံမဟုတ်ကြောင်း၊ အာဏာရှင်နိုင်ငံလည်း မဟုတ်ကြောင်းအတိအလင်း အာမခံထားရာ ရောက်စေပါသည်။ ဤသို့သော နိုင်ငံတော်၏ သဘောသဘာဝသည် မြန်မာတိုင်းရင်းသား လူမျိုးအားလုံး၏ လွတ်လပ်ရေးကို မြတ်နိုးချစ်ခင် တန်ဖိုးထားသည့် သဘာဝ၊ မည်သည့်အခါမျှ သူ့ကျွန်မခံလိုသည့် သဘာဝတို့နှင့် ကိုက်ညီပါသည်။ ထို့ပြင်မြန်မာပြည်သူတို့၏ ဒီမိုကရေစီရေး လိုလားတောင့်တချက်များနှင့် ကိုက်ညီရုံသာမက မျက်မှောက်ခေတ်နိုင်ငံတကာဖြစ်စဉ်များနှင့် လိုက်လျောညီထွေရှိမှုကို ပေါ်လွင်စေပါသည်။

ဤသို့ရေးသားသုံးနှုန်းမှုနှင့်စပ်လျဉ်း၍ အခြေခံဥပဒေရေးထုံး ရှေ့ပြေး (Precedent) လည်းရှိပါသည်။ အင်္ဂလိပ်လက်အောက်မှ ခွဲထွက်ခဲ့သော အိုင်ယာလန်သည် ယင်း၏အခြေခံဥပဒေပုဒ်မ ၅ တွင် အဲရာနိုင်ငံ (Eire) ဟုခေါ်တွင်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ဒီမိုကရေစီကျသော သမ္မတနိုင်ငံဖြစ်ကြောင်း (Sovereign, Independent Democratic Republic) ဟု ရေးသားထားသည်ကို လေ့လာဖတ်ရှုရပါသည်။

ဒုတိယအချက်အနေဖြင့် "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေရမည်" ဟုရေးသားရန်ဖြစ်ပါသည်။

ဤသို့သော အရေးအသားအရ မြန်မာနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံမဟုတ်ဘဲ ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း ပေါ်လွင်စေသည်။ ထို့ပြင် မြန်မာနိုင်ငံသည် သမ္မတအစိုးရစနစ်ကို ကျင့်သုံးမည်ဖြစ်သည့်အတွက် ကျင့်သုံးမည့်အစိုးရစနစ်နှင့် နိုင်ငံတော်၏ အမည်သည် ပိုမိုတိကျစွာ လိုက်လျောညီထွေရှိစေမည်ဖြစ်ပါသည်။

တတိယအချက်အနေနှင့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တန်းတူညီမျှမှုရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ထာဝရ စည်းလုံးညီညွတ်စွာအတူတကွစုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်" ဟူသည့်အချက်ကို ဖြည့်စွက်ရန်အကြံပြုလိုပါသည်။

ဤအချက်သည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပြီး မရှိလျှင်မဖြစ်သည့် အခြေခံလိုအပ်ချက်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် လူမျိုးကြီး၊ လူမျိုးငယ်မခွဲခြားဘဲ တန်းတူရည်တူရှိမှု၊ အပြန်အလှန်ယုံကြည်လေးစားမှု၊ ချစ်ခင်ရင်းပင်းမှုတို့ဖြင့် အစဉ်ထာဝရ စည်းလုံးညီညွတ်ရေးကို တန်ဖိုးထားကြောင်း ပေါ်လွင်စေရန် ဤအချက်ကို ဖြည့်စွက်အကြံပြုခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးအသီးသီး ရပ်တည်ရှင်သန်နေထိုင်မှုကို အလေးအနက်အသိအမှတ်ပြုရင်း ထိုသို့အသီးသီးရှိနေမှုကိုပင် အညီအညွတ် လက်ခံကျင့်သုံးထိန်းသိမ်း စောင့်ရှောက်ရေးမှာ အမျိုးသားရေးတာဝန်ဖြစ်ပါသည်။ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်အစဉ်ထာဝရ စည်းလုံးညီညွတ်လက်တွဲလျက်အတူတကွစုပေါင်းနေထိုင်ခြင်းသည်တိုင်းပြည်အတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး တို့အတွက် အာမခံချက်ပြုရာ ရောက်သကဲ့သို့ စုပေါင်းညီညွတ်မှုအင်အားဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို မြှင့်တင်သွားနိုင်မည်ဖြစ်ပါသည်။ ပြည်ပရန်စွယ်အန္တရာယ်ဟူသမျှကိုလည်း တွန်းလှန်ဖယ်ရှားကာ အမျိုးသားဇာတိမာန်နှင့် အမျိုးဂုဏ်သိက္ခာတို့ကိုလည်း ထွန်းပြောင်စေနိုင်မည်ဖြစ်ပါသည်။

ဤအချက်သည် အမျိုးသားညီလာခံ ဦးတည်ချက်များနှင့်လည်း ကိုက်ညီပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ကို တိုင်းရင်းသားလူမျိုးအသီးသီးကို မိမိတို့၏ အသက်တမျှတန်ဖိုးထားကာ ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ တာဝန်သိစိတ်ကို ပိုမိုလေးနက်ခိုင်မာလာစေရန် ဖြည့်စွက်တင်ပြခြင်းဖြစ်ပါသည်။

စတုတ္ထအချက်အနေဖြင့် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်သည်" ဟု ရေးသားခြင်းမှာ လျော်ကန်သင့်မြတ်ပါသည်။

ဤအချက်အရ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်အစစ်အမှန်မှာ နိုင်ငံသား ပြည်သူများသာဖြစ်ကြောင်း၊ အချုပ်အခြာအာဏာကို လူတစ်ဦးလူတစ်ဖွဲ့၊ နိုင်ငံရေးပါတီတစ်ရပ်ကသာ လက်ဝါးကြီးအုပ် ချုပ်ကိုင်ခြယ်လှယ်ပိုင်ခွင့်မရှိကြောင်း၊ အချုပ်အခြာအာဏာကို နိုင်ငံသားပြည်သူများကသာလျှင် ပိုင်စိုးမှု ရှိရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေအရ အခိုင်အမာ အာမခံချက် ပြုရန်ဖြစ်ပါသည်။

လက်တွေ့လိုအပ်မှု သဘောအရ နိုင်ငံတော်သမ္မတ၊ ဥပဒေပြုလွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရုံးချုပ်စသည့် နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ အချုပ်အခြာအာဏာကျင့်သုံးခွင့်သည် မူလပိုင်ရှင်အစစ်အမှန်များ ဖြစ်ကြသော ပြည်သူများထံမှသာ ဆင်းသက်ရမည်ဟု အတိအလင်း ဖော်ပြထားခြင်းသည် လျော်ကန်သင့်မြတ်မှု ရှိပါသည်။

အချုပ်အခြာအာဏာသည် ပြည်သူများထံမှ ဆင်းသက်လာခြင်းဖြစ်၍ နိုင်ငံတော်နှင့် လည်းကောင်း၊ နိုင်ငံသားများနှင့် လည်းကောင်း မကင်းမကွာ တည်ရှိနေရန် လိုအပ်ပါသည်။ နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ခြင်း၊ ရွေးချယ်တင်မြှောက်ထားသူများကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ အချုပ်အခြာအာဏာကို ကျင့်သုံးရာမှာ အခါအားလျော်စွာ နိုင်ငံသားပြည်သူများ၏ ဆန္ဒသဘောထားများကို ခံယူခြင်း စသည့်ကျင့်စဉ်များသည် အချုပ်အခြာအာဏာနှင့် ပြည်သူများ မကင်းကွာရေးနှင့် ဒီမိုကရေစီပြင့်ရေးတို့အတွက် ဖြစ်ပါသည်။ ပြည်သူများမှ ဆင်းသက်လာသည့်အာဏာကို ခံယူကျင့်သုံးသူများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှု မခံယူနိုင်တော့သည့်အခါ ပြည်သူများအနေဖြင့် အချိန်မရွေး မိမိတို့ပိုင်သည့် အချုပ်အခြာအာဏာကို ပြန်လည် ရယူခွင့်ရှိရေး သဘောတရားသည် ဤပြဋ္ဌာန်းချက်တွင် အဓိပ္ပာယ်သက်ရောက် ပါဝင်ပြီး ဖြစ်ပါသည်။

အချုပ်အခြာအာဏာသည် နိုင်ငံသားအားလုံးအပေါ် လွှမ်းခြုံအကျိုးသက်ရောက်မှု ရှိသကဲ့သို့ နိုင်ငံတော်၏ တစ်စိတ်တစ်ဒေသတွင်သာ မကဘဲ နိုင်ငံတော်တစ်ဝန်းလုံးမှာပါ အာဏာသက်ရောက် ပျံ့နှံ့တည်ရှိနေရန် လိုအပ်ပါသည်။

ပဉ္စမအချက်အနေဖြင့် "ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ အားလုံးကို နိုင်ငံသားတို့ထံမှ ခံယူလျက် နိုင်ငံသားတို့၏ကိုယ်စား ဤအခြေခံဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများက ဥပဒေနှင့်အညီ သုံးစွဲနိုင်ရမည်။ ထိုအဖွဲ့အစည်းများက အခွင့်အာဏာ ထပ်ဆင့်လွှဲအပ်ထားသည့် ဝန်ထမ်းအဖွဲ့အစည်းများကသော်လည်းကောင်း၊ ဝန်ထမ်းတစ်ဦးချင်းကသော်လည်းကောင်း ထိုအာဏာများကို ဥပဒေနှင့်အညီ သုံးစွဲနိုင်ရမည်" ဟူသောအချက်ကို ဤအခန်းတွင် ထပ်မံဖြည့်စွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဤအချက်မှာ နိုင်ငံသား ပြည်သူများပိုင်သည့် အာဏာကို လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် အခြေခံဥပဒေအရ ခွင့်ပြုချက်အာဏာ အပ်နှင်းထားရန် ဖြစ်ပါသည်။

နိုင်ငံတော် အာဏာပိုင် အဖွဲ့အစည်းများ (Organs of State Power) ဆိုသည်မှာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ အစိုးရအဖွဲ့များ၊ တရားသူကြီးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ဒီမိုကရေစီ ဒေသန္တရအဖွဲ့များကို သိမ်းကျုံးပေါင်းရုံးခေါ်ဆိုထားခြင်းဖြစ်ပါသည်။ ဤသို့သော အာဏာပိုင်အဖွဲ့အစည်းများနှင့် ယင်းတို့က ထပ်ဆင့်အာဏာလွှဲအပ်ထားသော ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဝန်ထမ်းတစ်ဦးချင်းတို့သည် လုပ်ပိုင်ခွင့်အာဏာကို လက်တွေ့ကျင့်သုံးကြသည့်အခါ အခြေခံဥပဒေနှင့် သက်ဆိုင်ရာအခြားဥပဒေများနှင့်အညီ ဆောင်ရွက်ကြရေးကို ရည်ရွယ်ပြီး ဤအချက်ကို ဖြည့်စွက်အကြံပြု တင်ပြခြင်းဖြစ်ပါသည်။ အာဏာကို မိမိတို့ကိုယ်ပိုင် ဆန္ဒအလျောက် ထင်သလို မကျင့်သုံးကြစေရေး၊ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားမပြုရေးတို့အတွက် ပြည်သူ့အကျိုးစီးပွားဘက်မှ ရပ်တည်ပြီး အခြေခံဥပဒေမှာ အခိုင်အမာ ပြဋ္ဌာန်းချက်ပါရှိစေရန် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်တွင် အခြေခံဥပဒေ ကြီးစိုးလွှမ်းမိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အထူးအရေးကြီးသဖြင့် ဤအချက်ကို အခြေခံဥပဒေ ရေးဆွဲသောအခါ အတိအလင်း ထင်ရှားပေါ်လွင်စွာ ထည့်သွင်းနိုင်ရန် အကြံပြုတင်ပြခြင်း ဖြစ်ပါသည်။

ဆဋ္ဌမအချက်အနေဖြင့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထု ပါဝင်သော နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်" ဟူသောအချက်ကို ပြင်ဆင်ရေးသားရန် ဖြည့်စွက်အကြံပြု တင်ပြအပ်ပါသည်။

နိုင်ငံတော် နယ်နိမိတ်ကိစ္စသည် မိမိနိုင်ငံတစ်ခုတည်းအတွက်သာမကပဲ အိမ်နီးချင်း နိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာသဘောတူညီချက်များအရ အခြား နိုင်ငံများနှင့်လည်းကောင်း ဆက်စပ်နေသော ကိစ္စဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ နယ်နိမိတ်သည် အခြေခံဥပဒေ အတည်ဖြစ်သည့်နေ့၌ တည်ရှိသည့်အတိုင်း ဖြစ်စေရန် အထူးဂရုပြုရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအလယ်တွင် ရပ်တည်နေသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံတကာဥပဒေများ၊ နိုင်ငံတကာစာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ လိုက်လျောညီထွေ ပြုကျင့်ခဲ့သော အစဉ်အလာရှိသည့် နိုင်ငံဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာတရားမျှတမှုနှင့် နိုင်ငံတကာ ကျင့်ထုံးများကိုလည်း မိမိကိုယ်တိုင် ကျင့်သုံးသကဲ့သို့ အခြားနိုင်ငံများကလည်း အလားတူ ကျင့်သုံးမှုရှိစေရန် လိုလားသောနိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် အခြေခံဥပဒေ အတည်ပြုသည့်နေ့တွင် တည်ရှိသည့်အတိုင်း နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထု ပါဝင်သော နယ်နိမိတ်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် အစဉ်အလာ ကျင့်စဉ်များနှင့်အညီ ရပ်တည်နိုင်ရန် ဤသို့ဖြည့်စွက် တင်ပြရခြင်း ဖြစ်ပါသည်။

**လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား။** ကျွန်တော့်အနေနဲ့ နိုင်ငံတော်အခန်းကို တင်ပြပြီးဖြစ်ပါတယ်။ ကျန်တဲ့အခန်းများကို ဦးခင်မောင်ကြီးက ဆက်လက် တင်ပြသွားမှာ ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ [**သြဘာသံများ**]

**အခမ်းအနားမှူး။** အခုဆက်လက်ပြီး ဦးခင်မောင်ကြီးအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခင်မောင်ကြီး (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)။ သဘာပတိကြီးခင်ဗျား။** တိုင်းရင်းသား စည်းလုံး ညီညွတ် ရေးပါတီရဲ့ စာတမ်းကို ဆက်လက်ဖတ်ကြား တင်သွင်းသွားပါမယ်။ ကျွန်တော်ကတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီရဲ့ဗဟိုအလုပ်အမှုဆောင်

ကော်မတီဝင် ဦးခင်မောင်ကြီး ဖြစ်ပါတယ်။ အပိုင်း (၂) ဖြစ်တဲ့ နိုင်ငံတော် ဖွဲ့စည်းတည် ဆောက်ပုံအခန်းကို ဖတ်ကြားတင်ပြ သွားပါမယ်။

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနှင့် စပ်လျဉ်း၍ အခြေခံရမည့် မူများကို အမျိုးသား ညီလာခံက ချမှတ်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယခု ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်များနှင့် စပ်လျဉ်းပြီး ထောက်ခံဆွေးနွေး အကြံ ပြုတင်ပြသွားမည် ဖြစ်ပါသည်။

ပထမအချက် အနေဖြင့် "နိုင်ငံတော်ကို ပြည် ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်" ဟူ သောအခြေခံရမည့်မူကို အခြေခံ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်အဖြစ် ဤအခန်းတွင် ရှေးဦးစွာဖော်ပြသင့် ကြောင်း ထောက်ခံအကြံပြု တင်ပြအပ်ပါသည်။

ပြည်ထောင်စု နိုင်ငံအဖြစ် ဖွဲ့စည်းတည်ဆောက် ရေးသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း အစဉ် အလာနှင့် ကိုက်ညီပါသည်။ ယခုအခါ အမျိုးသား အင်အားစုအားလုံးကလည်း အညီအညွတ်လိုလား လက်ခံသည့် အချက် ဖြစ်ပါသည်။ ထို့ပြင် ပြည် ထောင်စု မပြိုကွဲရေးဟူသော အမျိုးသားရေး ဦး တည်ချက်နှင့် အံဝင်ခွင်ကျ ဖြစ်ပါသည်။ တည်တံ့ ခိုင်မြဲသည့် ပြည်ထောင်စုကို ဖွဲ့စည်းရာတွင် ပြည် ထောင်စု အဖွဲ့ဝင်အချင်းချင်း၊ တိုင်းရင်းသားလူမျိုး အချင်းချင်း တန်းတူ ရည်တူရှိမှု၊ အပြန်အလှန် ယုံကြည်လေးစားအားကိုးမှု၊ တိုင်းရင်းသား လူမျိုး အသီးသီးဆက်လက်ရှင်သန်ရပ်တည်ခွင့်ရှိမှု၊ ဖွံ့ဖြိုးတိုး တက်ခွင့်ရှိမှုတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ် ရေးနှင့် ပြည်ထောင်စုကြီး အမြွန့်ရှည်ရေးတို့အတွက် ပဓာနကျသော အချက်များ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤပြဋ္ဌာန်းချက်ကို နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းတွင် ရှေးဦးစွာ ဖော်ပြသင့်ပါသည်။

ဒုတိယအချက်အနေဖြင့်—

(၁) နိုင်ငံတော်ကို အောက်ပါအတိုင်း ဒေသကြီး(Region) (၇)ခုနှင့် ပြည်နယ် (State) (၇)ခုတို့ဖြင့် ပိုင်းခြားသတ်မှတ် သည်—

— ကချင်ပြည်နယ်
— ကယားပြည်နယ်
— ကရင်ပြည်နယ်
— ချင်းပြည်နယ်
— စစ်ကိုင်းတိုင်းဒေသကြီး
— တနင်္သာရီတိုင်းဒေသကြီး
— ပဲခူးတိုင်းဒေသကြီး
— မကွေးတိုင်းဒေသကြီး
— မန္တလေးတိုင်း ဒေသကြီး
— မွန်ပြည်နယ်
— ရခိုင်ပြည်နယ်
— ရန်ကုန်တိုင်း ဒေသကြီး
— ရှမ်းပြည်နယ်
— ဧရာဝတီတိုင်း ဒေသကြီး

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ သည် အဆင့်အတန်းတူညီကြသည်ဟူသော အချက်ကို အခြေခံရမည့်မူအဖြစ်သတ်မှတ် ရန်ထောက်ခံပါသည်။

ဤ အချက်သည် ဗြိတိသျှ ကိုလိုနီ လက်ထက်က ကြွင်းကျန်ရစ်သည့် သွေးခွဲအုပ်ချုပ်မှုနည်းပရိယာယ် ကို အခြေခံ ဥပဒေ နည်းလမ်းအရ ခြေဖျက်ခြင်းဖြစ် ပါသည်။ပြည်နယ်/ပြည်မ ခွဲခြားမှု၊ တောင်တန်းဒေ သနှင့် မြေပြန့်ခွဲခြားမှု၊ ပြည်နယ်နှင့် တိုင်းအဆင့် အတန်း မတူညီ ဟူ၍ ထင်မြင်ယူဆနေမှု တို့သည် တိုင်းရင်းသား လူမျိုး အချင်းချင်း အထင် အမြင် လွဲမှားစေမှု၊ သံသယဝင်စေမှုတို့ကို ဖြစ်ပေါ်စေခဲ့ပါ သည်။ဤသို့သော ဆိုးမွေများကို ယခု ပြဋ္ဌာန်းချက် ဖြင့် ခြေဖျက်နိုင်မည်ဖြစ်၍ ထောက်ခံပါသည်။

တိုင်း ဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုတို့ကို အဆင့်အတန်းတူညီကြသည့် ပြည်ထောင်စု အဖွဲ့ဝင် များအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းသည် မြန်မာနိုင်ငံ အတွင်း တိုင်းရင်းသားလူမျိုးများ တည်ရှိနေပုံအနေ

အထား အရ လည်း ကောင်း၊ ပထဝီ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားပြီး ဖြစ်နေမှုအရလည်းကောင်း၊ စီမံခန့်ခွဲ အုပ်ချုပ်မှု နယ်နိမိတ်များ ပိုင်းခြားထားမှုအရလည်းကောင်း၊ ခေတ်အဆက်ဆက် နောက်ခံသမိုင်းဖြစ်စဉ်များ အရလည်းကောင်း လျော်ကန်သင့်မြတ်မှုအရှိဆုံး ဖြစ်ပါသည်။ တည်တံ့ခိုင်မြဲသည့်ပြည်ထောင်စု ကို ဖွဲ့စည်း တည် ဆောက် ရာ တွင် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးအားလုံးတစ်စိတ်တစ်ဝမ်းတည်း ရပ်တည် လိုမှု၊ ဆန္ဒသဘောထားနှင့် စုပေါင်းညီညွတ်ခြင်းသည် အင်အားဆိုသည့် အယူအဆ အပေါ်မှာ အခိုင်အမာ ရပ်တည်မှုတို့ သည် အဓိက ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ဤ အဆိုပြုချက်ကို ထောက်ခံပါသည်။

တတိယ အချက် အနေ ဖြင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ရေးနှင့် ပတ်သက်ပြီး–

(၁) အောက်ပါအချက်များနှင့် ညီညွတ်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဟု သတ်မှတ်သင့်ပါသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီး မဟုတ်သော အခြားတိုင်းရင်းသား လူမျိုး တစ်မျိုးဖြစ်မှု၊

(ခ) လျော်ကန်သင့်မြတ်သောလူဦးရေရှိမှု၊

(ဂ) နယ်မြေ တစ်ဆက် တစ်စပ် တည်းတွင် စုစုစည်းစည်းနေထိုင်လျက်ရှိပြီး ဖြစ်နေမှု၊

(ဃ) နယ်မြေအကျယ်အဝန်းအရ ယခုသတ် မှတ်ပြီး ဖြစ် သော မြို့နယ်များရှိသည့်ပြင် အနည်းဆုံးခရိုင်နှစ်ခရိုင် ဖွဲ့စည်းပေးနိုင်မှု။

(၂) အောက်ဖော်ပြပါအချက်များနှင့်ညီညွတ်လျှင် ကိုယ်ပိုင် အုပ် ချုပ် ခွင့် ရ ဒေသဟု သတ်မှတ်သင့်ပါသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရပြီး မဟုတ် သော အခြားတိုင်းရင်းသား လူမျိုး တစ်မျိုးဖြစ်မှု၊

(ခ) လျော်ကန် သင့် မြတ် သော လူဦးရေရှိမှု၊

(ဂ) နယ်မြေ တစ်ဆက် တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်လျက်ရှိပြီး ဖြစ်နေမှု၊

(ဃ) နယ်မြေရ တိုင်းအဆင့် သတ်မှတ်လောက်သည့် အကျယ် အ ဝန်း မ ရှိ မှု ဟူ သော အ ချက်

တို့ သည် ကိုယ်ပိုင်အုပ် ချုပ် ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ် ချုပ် ခွင့်ရ ဒေ သ ကို မည်သို့ မည်ပုံ ခွဲခြားသတ်မှတ်ရေးအတွက် အခြေခံရမည့်အချက်များကို အကြံပြုတင်ပြခြင်း ဖြစ်ပါသည်။ ဤ ပြဋ္ဌာန်းချက်သည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးအသီးသီး စုဖွဲ့ နေထိုင်လျက်ရှိနေမှုကို ပကတိအမှန်အတိုင်း ရှုမြင်သုံးသပ်၍ လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေခံအချက် ဖြစ်ပါသည်။ လူမျိုးကြီးက လူမျိုးငယ်ကို ဖိနှိပ်ချယ်လှယ်မှုကင်းစင်ရေး၊ လူမျိုးအသီးသီး ဆက်လက်ရှင်သန်ရပ်တည်ခွင့်နှင့်ဖွံ့ဖြိုးတိုးတက်ခွင့်ရှိရေးတို့အတွက် လက်တွေ့ကျကျဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းရေးပြဿနာကို ပြည်တွင်းအမျိုးသားအင်အားစုအချင်းချင်း မိသားစုစိတ်ဓာတ်နှင့် စိတ်ရှည်ရှည်၊ ဇွဲရှိရှိ တရားနည်းလမ်းကျစွာ ငြိမ်း ချမ်း သော နည်း လမ်းဖြင့်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဤကိစ္စသည် လူမျိုးရေးပြဿနာဖြစ်၍ နူးညံ့သိမ်မွေ့သောပြဿနာဖြစ် သည့်အ လျောက် လူ မျိုး ရေး အ မြင်ကျဉ်းမြောင်းမှု၊ သံသယနှင့် အာဃာတထားရှိမှုတို့ကင်းရှင်းစွာဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း

ချစ်ကြည်ရိုင်းပင်းမှု၊ လူမျိုးရေး သဟဇာတဖြစ်မှု သဘောထားများနှင့်အညီ ဆောင်ရွက်သွားကြရန် အထူးဂရုပြုသင့်ပါသည်။ ဤကိစ္စကို ညှိနှိုင်းကြရာ၌ အုပ်ချုပ်မှုသဘောအရ ဆောင်ရွက် နိုင်စွမ်းရှိမှု၊ စီးပွားရေးအရ ရှင်သန်ရပ်တည်နိုင်မှု (Economic Viability)၊ မြို့ရွာကျေးလက်ဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်နိုင်စွမ်းရှိမှု၊ နယ်မြေတွင်း နယ် မြေ လမ်းပန်းဆက်သွယ်ရေးရှိမှု၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာ သာ စ ကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည့်အချက်များကိုပါ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းစဉ်းစားသင့်ပါသည်။

စတုတ္ထအချက်အနေဖြင့် ပြီးခဲ့သည့် ၁၈–၁–၉၄ ရက်နေ့တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ သတ်မှတ်ရေး အတွက်အမျိုးသား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်းသတ်မှတ်ပေးရန် ဆန္ဒသဘောထား တောင်းခံခဲ့ပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ သဘော ထားကို အကြံပြုတင်ပြအပ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သင့်လျော်သည့်နေရာများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ များကို တစ်ပါတည်း သတ်မှတ်ပေးသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ဒေသများ သတ်မှတ်ရေးကိစ္စမှာ အ လွန် နူး ညံ့ သိမ် မွေ့ သော ကိစ္စဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု များကို မည်သည့်နေရာများတွင် မည်သည့်အခြေ အနေများအရ တိုင်း သို့မဟုတ် ဒေသဟူ၍သတ်မှတ် ဆောင်ရွက်သင့်ကြောင်း၊ ပြီးပြည့်စုံအောင်ဤကဲ့သို့ အချိန်တိုကာလအတွင်း မိမိတို့ပါတီက အကြံပြု တင်ပြရန် အခက်အခဲရှိပါသည်။ ယခုအမျိုးသား ညီလာခံတွင် တက်ရောက်နေသော တိုင်းရင်းသား လူမျိုးအသီးသီး ၊ကိုယ်စားလှယ်အစုအဖွဲ့အသီးသီး၏ ဆန္ဒသဘောထားများကိုပါ လွှမ်း ခြုံ စဉ်း စား ပြီး မှသာမည်သို့ဖြစ်သင့်သတ်မှတ်သင့်ကြောင်း ဆုံးဖြတ် သွားလျှင် ပိုမိုတိကျမှန်ကန်မှု ရှိမည်ဖြစ်ပါသည်။ မိမိတို့ပါတီအနေဖြင့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးက လက်ခံ စဉ်းစားနိုင်ရေးအတွက် အခြေခံအချက်များကို တင်ပြလိုပါသည်။

ရှမ်းပြည်နယ်တွင် "ဝ" အမျိုးသားလူမျိုးဦးရေ သည် (၉) သောင်းကျော် ရှိကြောင်းသိရပါသည်။ "ဝ" အမျိုးသားတို့သည် နယ်မြေတစ်ဆက်တစ်စပ် တည်းရှိသော ပန်လုံ၊ ပန်ဝိုင်၊ မိုင်းမော၊ မန်ဖန်၊ နားဖန်၊ ပန်ယန်းမြို့နယ်များတွင် အများအားဖြင့် စုစုစည်းစည်း နေထိုင်လျက်ရှိပြီးဖြစ်ကြောင်း သိရ ပါသည်။ ရှေးအခါကပင် တောင်ပိုင်း "ဝ" နယ်၊ မြောက်ပိုင်း "ဝ" နယ်ဟူ၍ ရှိခဲ့ကြောင်း လေ့လာ သိရှိရပါသည်။

ရှမ်းပြည်နယ်တွင် ကိုးကန့်အမျိုးသားလူဦးရေ (၇) သောင်းကျော် ရှိကြောင်း သိရပါသည်။ ကိုးကန့်တို့သည် နယ် မြေ တစ် ဆက် တစ်စပ်တည်း ရှိသော ကုန်းကြမ်း၊ ချင်းရွှေဟော်နှင့် တာရွှေတန် တို့တွင် အများအားဖြင့် စုစုစည်းစည်းနေထိုင်လျက် ရှိပြီးဖြစ်ကြောင်းသိရှိရပါသည်။

ရှမ်းပြည်နယ်တွင် ပအိုဝ့်အမျိုးသား လူဦးရေ (၄) သိန်း (၅) သောင်းကျော် ရှိကြောင်းသိရ ပါသည်။ ပအိုဝ့်တို့သည် နယ်မြေတစ်ဆက်တစ်စပ် တည်းရှိသော ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် များတွင် အများအားဖြင့် စုစုစည်းစည်း နေထိုင် လျက်ရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်တွင် ပလောင်အမျိုးသားလူဦးရေ (၃) သိန်းကျော်ရှိကြောင်း သိ ရ ပါ သည်။ ပလောင်တို့သည် နမ့်ဆန် မြို့ နယ် နှင့် တစ်ဆက် တစ်စပ်တည်းရှိသော ပလောင်တောင်ကြောတွင် အများအားဖြင့် စုစုစည်းစည်း နေထိုင်လျက်ရှိပြီး ဖြစ်ကြောင်းသိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂ အမျိုးသား လူဦးရေ (၄) သောင်းကျော်ရှိကြောင်း သိရပါသည်။ နာဂတို့သည် နယ်မြေတစ်ဆက်တစ်စပ်တည်းရှိသော နမ်းယွန်း၊ လဟယ်၊ လေရှီးမြို့နယ်များတွင် အများအားဖြင့် စုစုစည်းစည်းနေထိုင်လျက်ရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။

အထက်ကတင်ပြခဲ့သည့် နယ်မြေအသီးသီးတွင် လူမျိုးအလိုက်တည်ရှိနေသော လူဦးရေစာရင်းများမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားသော ၁၉၉၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့စာရင်းအရဖြစ်ပါသည်။ အဆိုပါနယ်မြေများ၌ မြို့နယ်အလိုက်၊ ကျေးရွာအုပ်စုအလိုက် တည်ရှိနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအလိုက် ဦးရေစာရင်းကို အတိအကျမသိရှိရပါ။ အဆိုပါမြို့နယ်များ၊ ရပ်ကွက်များ တစ်ခုချင်း၏ အကျယ်အဝန်းကိုလည်းကောင်း၊ လူဦးရေ အစိပ်အကျဲကိုလည်းကောင်း အတိအကျ မသိရှိရပါ။ အခြေခံအားဖြင့် အဆိုပါတင်ပြထားသော နယ်မြေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအဖြစ် လက်ခံသင့်ပြီး မည်သည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟူ၍ ပိုင်းခြားသတ်မှတ်ပေးရေးကိုမူ မိမိတို့ပါတီအနေဖြင့် လေ့လာသိရှိရသမျှကိုသာ အကြံပြုတင်ပြနိုင်ခြင်း ဖြစ်ပါသည်။

အထက်တွင်မိမိတို့ပါတီမှ တင်ပြခဲ့သည့်အချက်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသတ်မှတ်ရေး၊ နယ်နိမိတ်များ သတ်မှတ်ရေး တို့အတွက် အခြေခံ စဉ်းစားနိုင်ရန်သာဖြစ်ပါသည်။ လက်တွေ့သတ်မှတ်မည်ဆိုပါက သက်ဆိုင်ရာဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များ- ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီး စိစစ်ညှိနှိုင်းသတ်မှတ်ပေးလျှင် ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

ပဉ္စမ အချက် အ နေဖြင့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာတွင်—

- ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် လည်းကောင်း၊
- ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊
- မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
- ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိမြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊
- ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိမြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီးယင်း ခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ထို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
- တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း စုစည်းထားရှိခြင်းဖြစ်သည်"

ဟူသောအချက်ကို အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံမူအဖြစ် သတ်မှတ်သင့်ကြောင်း အဆိုပြုချက်ကိုထောက်ခံပါသည်။

ဤအချက်သည် မြန်မာနိုင်ငံအတွင်း စုပေါင်းမှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးအားလုံးကို လည်းကောင်း၊ နိုင်ငံတော်၏ပိုင်နက်နယ်မြေအားလုံးကို လည်းကောင်း လွှမ်းခြုံပါဝင်နေမှု၊ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားအားလုံးနှင့် နိုင်ငံတော် တစ်ဝန်းလုံးကိုပါ လွှမ်းခြုံတည်ရှိနေမှုတို့ကို ပေါ်လွင်စေသော အချက်ဖြစ်ပါသည်။

ဆဋ္ဌမအချက်အနေဖြင့် "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ပါဝင်သည့်တိုင်း ဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ အစရှိသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါတွင်မျှ ခွဲထွက်ခြင်းမရှိစေရ" ဟူသည့် အခြေခံမှုကိုလည်း အခြေခံ ဥပဒေတွင် မလွဲမသွေ ပါရှိရမည်ဖြစ်ကြောင်း အဆိုပြုချက်ကိုလည်း ထောက်ခံပါသည်။

ဤ အချက် သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်း ရင်း သား စည်း လုံး ညီ ညွတ်မှု မပြိုကွဲ ရေးကို အခြေခံဥပဒေ နည်းလမ်းဖြင့် အခိုင်အမာ ပြုထားသော အချက်ဖြစ်ပါသည်။ ဤအချက်ကို ပိုမိုခိုင်မာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစသည့် နည်းလမ်းများဖြင့်လည်း အစဉ်အားဖြင့် ဆောင်ရွက်မှုကိုလည်း မျက်ခြည်ပြတ်မခံဘဲ ဂရုပြုကြရမည်ဖြစ်ပါသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက နယ်နိမိတ်များ ကိစ္စနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို အဘက်ဘက်မှ လေ့လာပြီး သင့် မသင့်စဉ်းစားရန် ဖိတ်ခေါ်သွားခဲ့ပါသည်။

သတ္တမအချက်အနေဖြင့် နိုင်ငံတော် နယ်နိမိတ်ပြင်ဆင်ရေး လုပ်ထုံးလုပ်နည်းများကို မူအားဖြင့် ထောက်ခံတင်ပြအပ်ပါသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်စာအုပ် စာမျက်နှာ ၁၀ ၌ပါသည့် အပိုဒ်ခွဲ (၃)ပါအရေးအသားအနေနှင့်မူ သဘောအဓိပ္ပာယ်ရှင်းလင်းရန် လိုအပ်မည်ဟု ယူဆပါသည်။ အပိုဒ်ခွဲ (၃)တွင်—

> "အဲဒီလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နဲ့အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ် တော် ကိုယ် စား လှယ် များရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ"

ဟု ရေးထားကြောင်း တွေ့ရပါသည်။ ဤအရေးအသား အရ လွှတ်တော် နှစ်ရပ် ရှိသည့် အနက် လွှတ်တော်တစ်ရပ်စီတွင် ရှိကြသော သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲကို ရေတွက်ရာ၌ လွှတ်တော် တစ် ရပ် ချင်း ဆန္ဒ ကောက် ယူ မည် သို့ မ ဟုတ် လွှတ်တော်နှစ်ရပ်စလုံးရှိ သက်ဆိုင်ရာ ကိုယ်စားလှယ်များကို စုပေါင်း ကောက်ယူမည်ဟူသော အချက်မှာ အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်သဖြင့် ဆိုလိုရင်း အဓိပ္ပါယ်ကို တိကျပေါ်လွင်စွာ ရှင်းလင်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အဋ္ဌမအချက်အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု၏ နယ်နိမိတ်ပြင်ဆင်ရေး လုပ်ထုံးလုပ်နည်း များအတိုင်း ကျင့်သုံး သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

နဝမအချက်အနေဖြင့် တိုင်းဒေသကြီး၊ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်နယ်နိမိတ် များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းကိုလည်း တင်ပြ ထားသည့် အတိုင်း သတ်မှတ် ထားသင့်ပါကြောင်း ထောက်ခံအပ်ပါသည်။ ဤကိစ္စတွင်

သက်ဆိုင်ရာ ဒေသခံလူမျိုးများ၊ ပြည်သူများ၏ အစဉ်အလာ များ နှင့် ဆန္ဒသဘောထားများကို လည်းကောင်း၊ သက်ဆိုင်ရာဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ညှိနှိုင်းဆွေးနွေးမှု များကို လည်းကောင်း အလေးဂရုပြု ဆောင်ရွက်သင့်ကြောင်းကိုလည်း အကြံပြုအပ်ပါသည်။

ဒသမအချက်အနေဖြင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အမည်ပြောင်းလဲရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အမည်ပြောင်းလဲရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နိုင်ငံသားများ၏ ဆန္ဒကိုခံယူပြီး ဥပဒေပြဋ္ဌာန်းကာ ဆောင်ရွက်မည် ဆိုခြင်းမှာ လျော်ကန်သင့်မြတ်သဖြင့်ထောက်ခံတင်ပြအပ်ပါသည်။

ကေဒသမ အချက်အနေဖြင့် ရန်ကုန်ကို နိုင်ငံတော်၏မြို့တော်အဖြစ် သတ်မှတ်လျှင် ရန်ကုန်မြို့တော်အား ရန်ကုန်တိုင်း ဒေသကြီး၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင်မထားဘဲ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှု အောက်တွင် ထားရှိကာ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားရှိရေးကို အခြေခံရမည့် မူတစ်ရပ်အဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။ နိုင်ငံတော်၏မြို့တော်သည် တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုချင်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တိုင်းဒေသကြီးများနှင့်ပြည်နယ်များအားလုံးကသက်ဆိုင်သည့် နယ်မြေဖြစ်ပါသည်။ တစ်နည်း အားဖြင့် ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သော နယ်မြေဖြစ်ပါသည်။ ဤသို့သော ပြည်ထောင်စု နယ်မြေကို နိုင်ငံတော်၏ အကြီးအကဲလည်းဖြစ်၍ တစ်မျိုးသားလုံး၏ အမျိုးသား ခေါင်းဆောင်လည်း ဖြစ်သော နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိကာ မြို့တော်၏အင်္ဂါ လက္ခဏာများနှင့်အညီ လိုအပ်သောအစီအမံများကို ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရန်ကုန်မြို့တော်ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဒွါဒသမအချက်အနေဖြင့် ထူးခြားသောအခြေအနေရှိသည့် ကိုကိုးကျွန်းကဲ့သို့သော မြို့နယ်မျိုး အပြင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး အုပ်ချုပ်ရေး၊ စီးပွားရေးတို့အရ ထူးခြားသည့် အခြေအနေရှိပြီး ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွားအတွက် ပြည်ထောင်စုတစ်ခုလုံး၏ စွမ်းအားကို စုစုစည်းစည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးသင့်သော နယ်မြေများကို ဥပဒေပြဋ္ဌာန်းလျက် ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ကာ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ထားရှိသင့်ကြောင်း အဆိုပြုချက်ကိုလည်း ထောက်ခံအပ်ပါသည်။

ဤသို့ ဥပဒေပြဋ္ဌာန်းပြီးမှ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းကို အမှန်တကယ်လိုအပ်မှသာ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်သွားရန် ဖြစ် ကြောင်း နားလည် ယူဆပါသည်။ ပြည်ထောင်စုနယ်မြေသတ်မှတ်ပြီး နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်ရမှာ အရေးပေါ်အခြေအနေကြောင့် ဖြစ်သကဲ့သို့ ရေရှည် မျှော်မှန်းချက်အရလည်း ဖြစ်နိုင်ပါသည်။ ယာယီကာလနှင့်ထာဝရ သဘောနှစ်မျိုးလုံး ဖြစ်နိုင်ဖွယ်ရာရှိသည်ဟု ယူဆပါသည်။ မိမိတို့ပါတီ အနေနှင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ရေးကို အခြေအနေ အလျောက် အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်သင့်ကြောင်း သဘောထားရှိပါသည်။

သဘာပတိကြီးခင်ဗျား။ အပိုင်း (၃) ကို ဆက်လက်တင်ပြပါ့မယ်။ နိုင်ငံတော် အကြီးအကဲအခန်းနှင့် စပ်လျဉ်းပြီးတော့ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်ကြောင်း အခြေခံရမည့် မူအဖြစ် သတ်မှတ်ထားခြင်းအပြင်—

- နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုကြောင်း၊
- နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံး၏ အမျိုးသားခေါင်းဆောင် ဖြစ်ကြောင်း၊

— နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိကြောင်းကိုလည်း အခြေခံရမယ့်မူအဖြစ် သတ်မှတ်ရေးကို ထောက်ခံ အကြံပြုအပ်ပါသည်။

ချမှတ်ထားပြီးဖြစ်သော အခြေခံရမည့် မူများအရ မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအာဏာ အပြည့်အဝကျင့်သုံးနိုင်မည့်သမ္မတဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတက ဦးစီးဦးဆောင်ပြုသည့် အစိုးရစနစ်ကို ကျင့်သုံးသွားမည်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ (၃) ချက်အပြင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရ၏ အကြီးအကဲလည်းဖြစ်ကြောင်း" ဟူသည့် အချက်ကို ထပ်မံဖြည့်စွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

နိုင်ငံတော် သမ္မတသည် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် အမျိုးသားခေါင်းဆောင်ကြီးဖြစ်၍ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် အခန်းကဏ္ဍသည် များစွာကျယ်ပြန့် မြင့်မားပါသည်။ အခြေခံဥပဒေကို ထိန်းသိမ်း စောင့်ရှောက်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော် ကြီးပွား တိုးတက်ရေး၊ နိုင်ငံတော်၏ သန္တာရများ ထိရောက် ထက်မြက် သွက်လက်စွာ သည်ပတ်နိုင်ရေး၊ ဒီမိုကရေစီလူနေမှုစနစ် ရှင်သန်ကြီးထွားရေး၊ ပါတီစုံစနစ်ဖြင့် စစ်မှန်သော ဒီမိုကရေစီ ထွန်းကားကျယ်ပြန့်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအဆင့်အတန်းများ မြင့်မားရေးတို့အတွက် စွမ်းစွမ်းတမံ ဦးဆောင်ပြုလုပ်ရမည့် ခေါင်းဆောင်ပုဂ္ဂိုလ် ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ တရားဥပဒေရေးစသည့် နိုင်ငံတော်အရေးအရာများနှင့် စပ်လျဉ်း၍ ကျွမ်းကျင် ထိရောက် ထက်မြက် ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်း ရှိသူဖြစ်ရန် လိုအပ်သည့်အတွက် နိုင်ငံတော် သမ္မတတစ်ဦးသည် ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်ဆိုသည့် အချက်ကို အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

နိုင်ငံတော်ကို ကိုယ်စားပြုလျက် နိုင်ငံတော်၏ ကြီးလေးမြင့်မားသော တာဝန်များကို ဦးဆောင်ထမ်းရွက်ရမည့် ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်ဟူသည့် အရည်အချင်း သတ်မှတ်ချက်ကိုလည်း အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲတာဝန်ကို ထမ်းဆောင်ရမည့်သူ ဖြစ်သည့် အားလျော်စွာ စိတ်ချယုံကြည်ကိုးစားထိုက်သူ ဖြစ်ရန်များစွာလိုအပ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားဖြစ်မှု၊ မွေးဖွားရာဇာတိအားဖြင့် မြန်မာနိုင်ငံအတွင်းဖြစ်မှုတို့သည် နိုင်ငံတော်သမ္မတတစ်ဦးတွင် ရှိအပ်သော အခြေခံအရည်အချင်းများ ဖြစ်ပါသည်။ သို့ဖြစ်၍ "နိုင်ငံတော်အာဏာပိုင်နက်အတွင်း မွေးဖွားသော တိုင်းရင်းသား မိဘနှစ်ပါးလုံးမှ မွေးဖွားသူ ဖြစ်ရမည့်အပြင် မိမိကိုယ်တိုင်လည်း နိုင်ငံတော်ပိုင်နက်အတွင်း မွေးဖွားသည့် တိုင်းရင်းသားမြန်မာနိုင်ငံသားသာလျှင်နိုင်ငံတော်သမ္မတဖြစ်စေရမည်" ဟူသောအချက်ကို အခြေခံရမည့်မူအဖြစ် သတ်မှတ်ထားသင့်ကြောင်း ထောက်ခံအကြံပြုတင်ပြအပ်ပါသည်။

နိုင်ငံတော် သမ္မတတစ်ဦးဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်များနှင့် ညီညွတ်ပြီး အတွေ့အကြုံရင့်ကျက်၍ အသက်အရွယ်အားဖြင့်လည်း လေးစားထိုက်သူ ဖြစ်စေရန် "နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသူ၏ အသက်သည်

အနည်းဆုံး ၄၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်” ဟူသည့်အချက်ကို အခြေခံရမည့်မူအဖြစ် သတ်မှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

နိုင်ငံတော် သမ္မတတာဝန်ကို ထမ်းဆောင်မည့်ပုဂ္ဂိုလ်သည် အနိမ့်ဆုံးအားဖြင့် လွှတ်တော်ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံနိုင်သည့်အရည်အချင်းရှိရန် လိုအပ်ပါသည်။ သို့မှလည်း သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ခံထိုက်သူ ဖြစ်နိုင်ပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲ၊ အမျိုးသားခေါင်းဆောင်၊ အစိုးရအကြီးအကဲတာဝန်များကို ထမ်းဆောင်မည့်သူဖြစ်ပေရာ နိုင်ငံတော်သမိုင်းဖြစ်စဉ်နှင့် အတူထက်ကြပ်မကွာ တိုင်းကျိုးပြည်ကျိုးကို သယ်ပိုးဆောင်ရွက်နေသူ ဖြစ်ရန်လိုအပ်ပါသည်။ နိုင်ငံတော်သမ္မတဖြစ်မည့်သူသည် မြန်မာပြည်သူတို့နှင့်အတူ သေတပန်သက်တဆုံး ရှိရန်လိုအပ်ပါသည်။ သို့မှသာနိုင်ငံတော်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားလူမျိုးများအရေး အစရှိသည့် အရေးအရာများနှင့် စဉ်ဆက်မပြတ် သိရှိနေပြီး နိုင်ငံတော်သမ္မတတာဝန် အခန်းကဏ္ဍနှင့် လျော်ညီစွာ ကျွမ်းကျင်ထိရောက်စွာ အရည်အချင်းပြည့်ပြည့်ဝဝ ဦးဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် “နိုင်ငံတော်သမ္မတသည်လွှတ်တော်ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက် ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသော အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့်လည်း ပြည့်စုံသူဖြစ်ရမည်” ဟူသောအချက်နှင့် “နိုင်ငံတော်သမ္မတသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် (၂၀) နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သူဖြစ်ရမည်” ဟူသောအချက်တို့ကို အခြေခံရမည့်မူများအဖြစ် သတ်မှတ်သင့်ကြောင်း ထောက်ခံအကြံပြု တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော် အကြီးအကဲနှင့် အမျိုးသားခေါင်းဆောင်အဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကံကြမ္မာကို ပဲ့ကိုင်ထိန်းကျောင်းသွားမည့်သူဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ယုံကြည်ကိုးစားမှုကို ခံယူထိုက်သူဖြစ်ရန် လိုပါသည်။ ဘဝဖြစ်စဉ်အရလည်းကောင်း၊ နေထိုင်ပြောဆိုရေးသားမှုများအရ လည်းကောင်း၊ လူမှုဆက်ဆံရေးအရ လည်းကောင်း ပြည်သူတို့၏ အားထားယုံကြည်မှုကို အပြည့်အဝခံယူထိုက်သူ၊ သံသယဖြစ်ဖွယ်ကိစ္စမှန်သမျှ လုံးဝကင်းရှင်းသူ ဖြစ်ရန် လိုအပ်ပါသည်။ နိုင်ငံတော်သမ္မတ၏ အနီးကပ်ဆုံး မိသားစုအသိုင်းအဝန်းသည်လည်း နိုင်ငံတော်သမ္မတနှင့် ထပ်တူထပ်မျှ ယုံကြည်စိတ်ချရသူများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေသူများဖြစ်ရန် အထူးဂရုပြုသင့်ပါသည်။

ထို့ကြောင့် “နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီး တစ်ဦးဦး သော်လည်းကောင်း ထိုတရားဝင်သားသမီး တစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ” ဟူသော

အချက်ကို အခြေခံရမည့်မူအဖြစ် ချမှတ်ထားသင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတသည် သီးခြားသတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရန်အပြင် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့၏ ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူဖြစ်မှု၊ တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံဖြစ်စေ ပြည်သူများကို ကိုယ်စားပြုမှုလက္ခဏာ ပေါ်လွင်မှုတို့သည်လည်း အရေးပါသော အချက်များ ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင် ပါရှိသည့် အတိုင်း ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ် သတ်မှတ်ရေးနှင့် အစုအဖွဲ့သုံးခု ဖွဲ့စည်းရေး၊ အစုအဖွဲ့ တစ်ခုချင်းအလိုက် ဒုတိယသမ္မတ တစ်ဦးစီကို ရွေးချယ်တင်မြှောက်ရေး၊ လွှတ်တော်နှစ်ရပ်၏ အကြီးအကဲများနှင့် ဒုတိယအကြီးအကဲများ ပါဝင်သည့် အဖွဲ့က သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့အဖြစ် ဆောင်ရွက်ရေး၊ ဒုတိယသမ္မတ (၃) ဦး အနက်မှ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရေး လုပ်ထုံးလုပ်နည်းများကို သဘောတူ ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအတွက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မှုကိုလည်း အခြေခံရမည့်မူအဖြစ် သတ်မှတ်ရန် ထောက်ခံတင်ပြအပ်ပါသည်။

ပြည်တွင်းအတွေ့အကြုံများနှင့် နိုင်ငံတကာ လေ့လာတွေ့ရှိချက်များအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ သက်တမ်းကို (၅) နှစ် ထားရှိခြင်းသည် လျော်ကန်သင့်မြတ်ပါသည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတအသစ်များကို ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင်ကြရမည် ဆိုသည့်အချက်ကိုလည်း အခြေခံရမည့်မူအဖြစ် သတ်မှတ်ထားသင့်ပါသည်။

(၅) နှစ်တာ သက်တမ်းအတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ နေရာများ လစ်လပ်မှုရှိခဲ့လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် အစားထိုး ရွေးချယ်တင်မြှောက်ရန်လိုအပ်ပါသည်။ ဤကဲ့သို့ အစားထိုး ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတအသစ် သို့မဟုတ် ဒုတိယသမ္မတအသစ်တို့၏ သက်တမ်းကို မူလသက်တမ်းကုန်ဆုံးသည့် အချိန်အထိသာ သတ်မှတ်ရေးတို့ကိုလည်း အခြေခံရမည့် မူအဖြစ် ချမှတ်ထားသင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါသည်။

သို့ရာတွင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ နေရာများ လစ်လပ်မှုသည် မူလသက်တမ်းမကုန်ဆုံးမီ (၃) လနှင့် (၃) လ အောက်သာ ကျန်ရှိတော့ပါက အခြား လူသစ်တစ်ဦးဦးကို အစားထိုး ရွေးချယ်တင်မြှောက်ခြင်း မပြုသင့်ဟု ယူဆပါသည်။ နိုင်ငံတော်သမ္မတ နေရာအတွက်ဖြစ်လျှင် လက်ရှိ ဒုတိယသမ္မတတစ်ဦးကို ထိုသမ္မတနေရာတွင် ယာယီသမ္မတအဖြစ် အစားထိုးရန်ဖြစ်ပါသည်။ ဒုတိယသမ္မတ နေရာဖြစ်ပါက လက်ရှိ ဒုတိယသမ္မတတစ်ဦးနှင့်ပင် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဒုတိယသမ္မတ နှစ်ဦးလုံး၏ နေရာများ လစ်လပ်ပါကလည်း လက်ရှိ နိုင်ငံတော်သမ္မတကသာ တာဝန်ယူဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြပါသည်။

"နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် အရည်အချင်း ပျက်ယွင်းခြင်းမရှိလျှင် ပထမအကြိမ်သက်တမ်းကို ထမ်းဆောင်ပြီးနောက် ဒုတိယသက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ကိုလည်း အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ကြောင်း အဆိုပြုတင်ပြအပ်ပါသည်။

အာဏာ၏ သဘောသဘာဝအရ အာဏာသည် အာဏာရှိသူကို ဖျက်ဆီးတတ်ပါသည်။ အကြွင်းမဲ့ အာဏာရှိသူသည် အကြွင်းမဲ့ ပျက်စီးတတ်ပါသည်။ ထို့ပြင် ပုထုဇဉ်လူသား၏ သဘာဝအရ အာဏာကို မက်မောတွယ်တာမှု၊ အာဏာယစ်မူးမှုတို့ ရှိလာတတ်ပါသည်။ လူသစ်တစ်ဦးကို နေရာပေးခြင်းအားဖြင့် ထိုလူသစ်၏ အားမာန်အပြည့်အဝနှင့် တာဝန်ကို စိတ်ဝင်စားလေးနက်စွာ ဆောင်ရွက်မှု အကျိုးကျေးဇူးတို့ကိုလည်း ရယူနိုင်ပါသည်။ထို့ကြောင့် "နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများသည် သက်တမ်း နှစ်ကြိမ်ထက်ပိုမို ထမ်းဆောင်ခွင့် မရှိစေရ" ဟူသောအချက်ကိုလည်း အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများသည် နိုင်ငံတော်တွင် အမြင့်ဆုံး တာဝန်များကို ထမ်းဆောင်သူများ ဖြစ်ကြသည့်အပြင် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားခေါင်းဆောင်များလည်း ဖြစ်ကြပေရာ နာယကဂုဏ်များနှင့်ညီညွတ်ရေး၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများ ကင်းရှင်းရေးတို့သည် အထူးဂရုပြုအပ်သော အချက်များ ဖြစ်ပါသည်။ အထူးသဖြင့် ပါတီစုံစနစ်တွင် ပါတီဘက်လိုက်မှု ကင်းရှင်းရေး (Political Impartiality) သည် နိုင်ငံတော်အကြီးအကဲများအနေဖြင့် အထူးစောင့်ထိန်းအပ်သော ကျင့်ဝတ်ဖြစ်ပါသည်။ ထို့ကြောင့်—

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မျှ မဖြစ်စေရ၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း အဖြစ်မှ လည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ

ဟူသော အချက်များကို အခြေခံရမည့်မူများအဖြစ် ချမှတ်ထားသင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများသည် သက်ဆိုင်ရာတာဝန်၊ ဝတ္တရားများကိုမထမ်းဆောင်မီ ကတိသစ္စာပြုရေး၊ ကျင့်ထုံးကို လိုက်နာကြရေးကို သဘောတူပါသည်။ ထိုသို့ ကတိသစ္စာပြုကြရာတွင် ကတိသစ္စာပြုလွှာ၌ အောက်ပါ အချက်များကို အဓိက အခြေခံသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်—

— နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊

— လူမျိုးစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ ကင်းရှင်းစွာဖြင့် ဆောင်ရွက်ရေး၊

— နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာစောင့်သို ရှိသေရေး၊

— နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေး အတွက် မိမိ၏ ကာယအား၊ ဉာဏအားကို အစွမ်းကုန်အားထုတ်ကြိုးပမ်းဆောင်ရွက်ရေး။

— ရိုးသားဖြောင့်မှု၊ တည်ကြည် ဖြောင့်မတ်မှု တို့ကို အရင်းခံထားကာ တရားနည်းလမ်း ကျစွာဖြင့် မိမိ၏တာဝန် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရေး။

အထက်ပါအချက်များ ပါဝင်သည့် ကတိသစ္စာ ပြုလွှာကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် များ ရွေးမှောက်တွင် အတိအလင်းဖတ်ကြား ကတိ သစ္စာပြု၍ အဆိုပါကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြရန် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်၏ ကြီးမားသော တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်၍ ဩဇာတိက္ကမ ကြီးကြပါသည်။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်များအား ပြည်တွင်း ပြည်ပ အခြားအဖွဲ့အစည်းများက လစာ စရိတ်ကြေးငွေများ၊ ရာထူးများ၊ အခြားချီးမြှင့် ထောက်ပံ့မှုများပေး၍ ၎င်းတို့၏ အရှိန်အဝါကို အလွဲသုံးစား ပြုသွားနိုင်ပါသည်။ ထို့ပြင် စီးပွားရေး အဖွဲ့ အစည်းများ၊ လုပ်ငန်းများ တွင်လည်း ၎င်းတို့၏ ဩဇာအရှိန်အဝါဖြင့် အမြတ် ထုတ်ယူမှုများ၊ စီးပွားရေး အကျင့်ပျက်ဖောက်ပြန် မှုလည်း ရှိလာနိုင်ပါသည်။ ကမ္ဘာ့ အရပ်ရပ်တွင် ရာထူးဩဇာ အရှိန်အဝါဖြင့် ကိုယ်ကျိုးရှာမှုများ၊ နိုင်ငံရေး အမြတ်ထုတ်မှုများကြောင့် နိုင်ငံရေး၊ စီးပွားရေးအကျင့်ပျက် ဖောက်ပြန်မှုသတင်းများ၊ အတင်း အဖျင်း သတင်းများ ထွက်ပေါ်လျက် နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် "နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများသည် လစာ စရိတ် ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်း မပြုရ။ ပြည်တွင်း ပြည်ပ မည်သည့် စီးပွားရေး အဖွဲ့အစည်း သို့မဟုတ် စီးပွားရေး လုပ်ငန်းတွင်မျှ အမည်ခံအားဖြင့် လည်းကောင်း၊ အစုရှယ်ယာဝင်ခြင်းအားဖြင့်လည်းကောင်း ပါဝင် ပတ်သက်ခြင်း မရှိစေရ" ဟူသော အချက်ကို အခြေခံရမည့်မူအဖြစ် သတ်မှတ်ထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဤအချက်သည် ပြည် တွင်း ပြည် ပ သင် ခန်း စာများအရ နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတ များသာ မကဘဲ ဝန်ကြီးအဖွဲ့ဝင်များ၊ တရား သူကြီးချုပ်၊ ရှေ့နေချုပ်စသည့် အကြီးအကဲများပါ လိုက်နာသင့်သော အချက်ဖြစ်၍ သက်ဆိုင်ရာ အခန်းများတွင် ဆီလျော်သလိုထည့်သွင်း ပြဋ္ဌာန်း ထားသင့်ပါသည်။

ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ခံယူရေး၊ ပြည်သူ့အမြင်များတွင် သံသယ ကင်းရှင်းရေးတို့ အတွက် "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်း ဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေး လုပ်ငန်း၊ စုငွေ၊ ကျောက်မျက် ရတနာ လက်ဝတ်လက်စားများနှင့် အခြားအဖိုးတန် ပစ္စည်း များကို တန်ဖိုးနှင့်တကွ တစ်နှစ်လျှင် တစ်ကြိမ် စာရင်းပြုစုပြီး ပြည်ထောင်စု လွှတ်တော် အကြီး အကဲထံ ပေးပို့ထားရမည်။ ထိုသို့ပေးပို့ထားသော စာရင်းကို ပြည်သူများ သိရှိနိုင်ရန် နိုင်ငံတော် ပြန်တမ်း၌ ထုတ်ပြန်ကြေညာရမည်" ဟူသော အချက်ကို အခြေခံရမည့်မူအဖြစ် သတ်မှတ်ထား သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

ဤအချက်သည်လည်း အရေးကြီးသော အချက် ဖြစ်၍ ပြည်သူတို့၏ အကျိုးစီးပွားအတွက် အခြား သော အကြီးအကဲများပါ လိုက်နာသင့်သော အချက်ဖြစ်၍ သတ်မှတ်သင့်ပါသည်။

"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ဥပဒေဖြင့် သတ်မှတ်ထားသည့် လစာ၊ စရိတ်၊ အဆောင်အယောင်များနှင့် သင့်တင့် လျောက်ပတ် သောအိမ်တစ်ဆောင်စီကို ရရှိစေရမည်" ဟူသော အချက်ကိုလည်း အခြေခံရမည့် မူအဖြစ် ချမှတ် သင့်ကြောင်း ထောက်ခံ တင်ပြ အပ်ပါသည်။

၎င်းအချက်သည် တာဝန်နှင့် ရပိုင်ခွင့်ကို ညီညွတ်မျှတမှုရှိအောင် ရည်ရွယ်သောအချက်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် သက်ဆိုင်ရာတာဝန်များကို ကျေပွန်စွာ သက်တမ်း ကုန်ဆုံးအောင် ထမ်းဆောင်ကြပြီးနောက် အနားယူသွားကြသည့်အခါ ခံစားသင့်သော ရပိုင်ခွင့်များကိုလည်း ဥပဒေပြဋ္ဌာန်းရာတွင် တစ်ပါတည်းထည့်သွင်း ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြား ဥပဒေတို့က အပ်နှင်း ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကိုလည်း ကျင့်သုံး ထမ်းဆောင် ကြရန် ဖြစ်သည်" ဟူသော အချက်ကိုလည်း အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။ ၎င်းသို့ ပြဋ္ဌာန်း ထားခြင်း အားဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့်အညီ လည်းကောင်း၊ အခြား ဥပဒေများ နှင့် အညီ လည်း ကောင်း ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပေါ်လွင် စေမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကိုဖြစ်စေ စွပ်စွဲပြစ်တင်ရေးအတွက် သတ်မှတ်ထားသည့် အချက် (၃) ချက်ကိုလည်းကောင်း၊ စွပ်စွဲပြစ်တင်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း စွပ်စွဲပြစ်တင်ခံရသည့် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှ ရပ်စဲကြောင်း ကြေညာရေး တို့ကိုလည်းကောင်း လျော်ကန်သင့်မြတ်ပါသဖြင့် အခြေခံရမည့်မူများအဖြစ် သတ်မှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

"နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ၎င်းတို့၏ သက်တမ်းကာလအတွင်း သက်ဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ" ဟူသော အချက်ကို အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

၎င်းအချက်သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ထိရောက်ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါသည်။ သို့မှသာ သမ္မတ အစိုးရစနစ်သည် အကျိုးရှိထက်မြက်ထိရောက် အောင်မြင်လာနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့အား သက်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ထက်မြက်ပြတ်သားစွာ ဆောင်ရွက်ခြင်းကို ၎င်းသို့ ကာကွယ် မထားပါက တရားစွဲဆိုကြခြင်းဖြင့် မလိုလားအပ်သောအနှောင့်အယှက်များ (Unnecessary Harassments) ပေါ်ပေါက်လာနိုင်ပါသည်။ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် အညီ မလုပ်ရဲ၊ မကိုင်ရဲ ဖြစ်လာပါက လုပ်ငန်း ထိရောက်လျင်မြန်သွက်လက်မှု လျော့ပါးလာနိုင်ပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့် လည်းကောင်း၊ အခြားဥပဒေများနှင့်လည်းကောင်း ညီညွတ်ရန်လိုအပ်ပါသည်။ ၎င်းတို့၏ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များဘောင်အတွင်းသာ ဖြစ်ကြရပါမည်။ တရားဥပဒေစိုးမိုးရေးသဘောအရ နိုင်ငံတော်သမ္မတမှစ၍ သာမန်နိုင်ငံသားတစ်ဦးအထိ တရားဥပဒေအောက်တွင် ရှိရမည် ဖြစ်ပါသည်။ မည်သူမျှတရားဥပဒေအထက်ကမရှိစေရပါ။ အားလုံးသည် တရားဥပဒေအရာတွင် အညီအမျှဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိသော်လည်း တာဝန်၊ လုပ်ပိုင်ခွင့်တို့နှင့် မသက်ဆိုင်သော ကျူးလွန်မှုများအတွက် ကင်းလွတ်ခွင့် ရှိမည်မဟုတ်ပါ။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မိမိတို့တာဝန်များကို မိမိတို့ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုသင့်ကြောင်းကိုလည်း အခြေခံရမည့်မူအဖြစ် သတ်မှတ်ထားသင့်ပါသည်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတရာထူးနေရာသည်သက်တမ်းမကုန်ဆုံးမီအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားပါက ယင်းနေရာများအတွက် အစားထိုး ရွေးချယ်တင်မြှောက်ရေးလုပ်ထုံး လုပ်နည်းများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအတိုင်း အခြေခံရမည့်မူများအဖြစ် ချမှတ်ထားသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

နိုင်ငံတော်အခန်း၊နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း၊ နိုင်ငံတော်အကြီးအကဲအခန်းတို့နှင့် စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲခြားကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ သဘောထားရပ်တည်ချက်များနှင့် အကြံပြုချက်များ၊ ထောက်ခံချက်များကို တင်ပြခဲ့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အသေးစိတ်ရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားနိုင်ရန် ယေဘုယျအခြေခံမူ သဘောများကိုသာတင်ပြခဲ့ခြင်းဖြစ်ပါသည်။ မိမိတို့ပါတီအနေဖြင့် အခြေခံဥပဒေနှင့်စပ်လျဉ်း၍ အခန်းအလိုက်အခြေခံရမည့်မူများကို ချမှတ်သွားရာ၌ အမျိုးသားညီလာခံ ချောမောအောင်မြင်ရေး၊ စေ့စပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်များပေါ်လွင်ရေး၊ အများသဘောဆန္ဒညီမျှရေးတို့အတွက်သဘောထားကြီးမှု၊ အပြန်အလှန်ယုံကြည်လေးစားမှုများဖြင့် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။

(ဩဘာသံများ)

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက် စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်]

**အခမ်းအနားမှူး။** အခု ဆက်လက်ပြီး ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ရဲ့အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။ ဦးအောင်ခင်အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအောင်ခင် (ပြည်ထောင်စုပအိုဝ်းအမျိုးသား အဖွဲ့ချုပ်)။** ။လေးစားအပ်တဲ့ သဘာပတိကြီးနှင့် တကွ၊ သဘာပတိအဖွဲ့ဝင်များ ခင်ဗျား။ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံးကို အထူးလေးစားပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျွန်တော်ကတော့ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်ခင်ဖြစ်ပါတယ်။ အခုလိုမြန်မာနိုင်ငံရေး သမိုင်းမှာ ထူးခြားလေးနက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ခေါင်းစဉ်များဖြစ်ကြတဲ့ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲခေါင်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြခွင့်ရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ နိုင်ငံတော်အခြေခံမူများအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး၊ အလုံးစုံ ကျ သဘာပတိအဖွဲ့ရဲ့ သုံးသပ်ချက်အရ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကနိုင်ငံတော်နှင့်စပ်လျဉ်းပြီးအောက်ပါအခြေခံမူများကိုချမှတ်ပေးခဲ့ပါတယ်။အဲဒီမူတွေကတော့—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ ပိုင်လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဟုခေါ်တွင်သည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့် နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်

ဟုမိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်ရဲ့အနက်အဓိပ္ပာယ်ကတော့ တိကျစွာ သတ်မှတ်ထားသော နယ်နိမိတ်ကို ပိုင်ဆိုင်၍ စနစ်တကျ ခိုင်မာစွာဖွဲ့စည်းထားသော အစိုးရနှင့်ပြည်သူများရှိပြီး၊ ပြည်တွင်း ပြည်ပ နှစ်ဌာနစလုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်မှုရှိသော လူ့အဖွဲ့

အစည်းတစ်ရပ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အတိအကျသတ်မှတ်ထားသော နယ်နိမိတ်တစ်ခုအတွင်းမှ နိုင်ငံရေးအရ စုစည်းထားတဲ့ပြည်သူများပဲဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်တဲ့အင်္ဂါရပ်တွေကတော့ လူဦးရေ၊ သတ်မှတ်ထားသော နယ်မြေ၊ အစိုးရနှင့် အချုပ်အခြာအာဏာတို့ ဖြစ်ပါတယ်။ လူဦးရေဟာ နိုင်ငံတစ်နိုင်ငံမှာ မရှိမဖြစ်တဲ့ အင်္ဂါရပ်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ထောင်နိုင်ဖို့ လူဦးရေတွေ မည်မျှရှိရမယ်လို့ သတ်သတ်မှတ်မှတ်မရှိပေမယ့်၊ လူဦးရေအတော်အတန်ရှိမှသာ နိုင်ငံတစ်နိုင်ငံကို ကောင်းစွာတည်ထောင်နိုင်မှာ ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ နယ်မြေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဒုတိယအရေးပါ အရာရောက်တဲ့ အင်္ဂါရပ် ဖြစ်ပါတယ်။ နယ်မြေတိတိကျကျ သတ်မှတ်ထားခြင်းမရှိတဲ့ ဒေသကို နိုင်ငံတစ်နိုင်ငံလို့ မခေါ်ဆိုနိုင်ပါဘူး။

နိုင်ငံတစ်နိုင်ငံရဲ့ တတိယအရေးပါတဲ့ အင်္ဂါရပ်တစ်ခုကတော့ အစိုးရပဲ ဖြစ်ပါတယ်။ အစိုးရဆိုတာ တိုင်းသူပြည်သားတွေက မိမိတို့ကို စီမံအုပ်ချုပ်စေဖို့ အချုပ်အခြာအာဏာကို လွှဲအပ်ပေးထားခြင်းခံရတဲ့ လူတစ်စုကို ဆိုလိုခြင်းဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စတုတ္ထအင်္ဂါရပ်ကတော့ အချုပ်အခြာအာဏာ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာကို နိုင်ငံသူနိုင်ငံသားတွေက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကသာ နိုင်ငံတော်အချုပ်အခြာအာဏာကို ပိုင်ဆိုင်ပါတယ်။ ဒါကြောင့် အချုပ်အခြာအာဏာမရှိတဲ့ နိုင်ငံကို နိုင်ငံတော်လို့ ခေါ်ဆိုဖို့ ခဲယဉ်းမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ အချုပ်အခြာအာဏာကို လွတ်လပ်ရေးနှင့် တိုင်းတာမှသာ ပြီးပြည့်စုံမှု ရှိနိုင်ပါတယ်။ လွတ်လပ်ရေးမရရှိရင် အချုပ်အခြာအာဏာဆိုတာလည်းရရှိနိုင်မှာမဟုတ်ပါဘူး။လွတ်လပ်ရေးကန့်သတ်မှုခံရမယ်ဆိုရင်လည်း အချုပ်အခြာအာဏာကိုလည်း ကန့်သတ်ခြင်းခံရမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေကို သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာ အာဏာကို ထိပါးဖို့၊ ဒါမှမဟုတ် ကန့်သတ်ဖို့ ကြိုးစားလှုပ်ရှားနေကြတဲ့ ပြည်ပအဖွဲ့အစည်းတွေ ရှိနေကြပါတယ်။

ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို ကန့်သတ်ထိပါး ခံနေရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဟာလည်း ဆုံးရှုံးနိုင်ပြီး နိုင်ငံတော်ပါ ပျောက်ကွယ် သွားနိုင်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေဖို့ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာနှင့် လွတ်လပ်ရေးကို ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်နေဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်နှင့် ပတ်သက်တဲ့ အခြေခံမူတွေထဲက မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်လို့ သတ်မှတ်ပြဋ္ဌာန်းတာဟာ အထူးသင့်တော်ကြောင်း ဆွေးနွေးတင်ပြလိုပါသည်။

ကျွန်တော်တို့ နိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေများ လေ့လာရေးစာတမ်းနှင့် ၁၉၃၁ ခုနှစ်၊ သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံမှာ လူမျိုးစုကြီး (၁၁) မျိုး၊ လူမျိုးနွယ် (၅၅) မျိုး၊ ဘာသာစကားငယ်ပေါင်း (၁၃၁) မျိုး ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ တိုင်းရင်းသား လူမျိုးစုတွေဟာ နယ်စပ် တစ်လျှောက်လုံးမှာ ခြံစည်းရိုးသဖွယ်၊ အုတ်တံတိုင်းကြီးသဖွယ် ပျံ့နှံ့နေထိုင်လျက် ရှိနေကြပါတယ်။ တိုင်းရင်းသား လူမျိုးစုအားလုံး

အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ တစ်လျှောက်လုံးမှာ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာအတွက် အသက်ပေး တိုက်ခိုက်လာခဲ့ကြပြီး အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် လက်တွဲနေထိုင်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံဟာ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်နှင့် ရှမ်း တိုင်းရင်းသားတွေဟာ ညီရင်းအစ်ကို ပြည်နယ် (၇) ပြည်နယ်၊ တိုင်း (၇) တိုင်း ဆိုတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် စုစုစည်းစည်း စုပေါင်းနေထိုင်လျက် ရှိနေကြပါတယ်။ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတော်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေဖို့ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေရမည်လို့ သတ်မှတ်ပြဋ္ဌာန်းပေးတာဟာ သင့်လျော်ပါကြောင်း ဆွေးနွေးလိုပါတယ်။

နိုင်ငံတော်တစ်ခုမှာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်တဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အာဏာလွှမ်းမိုးမှုရှိဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ အချုပ်အခြာ အာဏာဆိုတာ နိုင်ငံသားအားလုံး ကျင့်သုံးလိုက်နာဖို့ ဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်း၊ အုပ်ချုပ်ပိုင်ခွင့်ရှိခြင်းနှင့် ဥပဒေချိုးဖောက်သူတွေကို အပြစ်ပေးနိုင်ခွင့်ရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

အချုပ်အခြာအာဏာကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်နယ် တစ်ခုခုမှာဖြစ်စေ၊ တိုင်း တစ်ခုခုမှာဖြစ်စေ၊ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းအချို့မှာဖြစ်စေ ကွက်၍တည်ရှိစေခြင်းမရှိဘဲ နိုင်ငံတော်တစ်ဝန်းလုံး လွှမ်းခြုံတည်ရှိ နေသင့်ပါတယ်။ ဒါမှသာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံသားအားလုံး စုပေါင်းပိုင်ဆိုင်ခွင့် ရှိလာမှာဖြစ်ပါတယ်။အဲဒီသဘောသဘာဝ ပေါ်လွင်အောင် နိုင်ငံတော်ရဲ့ အခန်းမှာ "နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာ တည်သည်" ဆိုတဲ့ အချက်ကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း အလေးအနက် တင်ပြဆွေးနွေးလိုပါတယ်။

နိုင်ငံတိုင်းမှာ တိကျသော နယ်နိမိတ် ပိုင်းခြားသတ်မှတ် ထားကြပါတယ်။ တိကျတဲ့ နယ်နိမိတ်ပိုင်းခြားသတ်မှတ်မှုမရှိရင် နိုင်ငံတော်ဆိုတာလည်း ပေါ်ပေါက် လာနိုင်စရာအကြောင်း မရှိပါဘူး။ မျက်မှောက်ကာလ နိုင်ငံတိုင်းမှာ နိုင်ငံကြီးငယ်မရွေး၊ မိမိတို့ရဲ့ နယ်မြေဒေသ အကျယ်အဝန်းအပိုင်းအခြားကို တိတိကျကျ တိုင်းတာသတ်မှတ်ထားကြပါတယ်။ အဲဒီလို ပိုင်နက် နယ်မြေကို တိတိကျကျ ပိုင်းခြားသတ်မှတ်ခြင်းဖြင့် အိမ်နီးနားချင်း နိုင်ငံများနှင့် အငြင်းပွားမှုတွေ၊ ပဋိပက္ခမှုတွေ ပေါ်ပေါက်လာခဲ့ရင် အလွယ်တကူဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ အုပ်ချုပ်တဲ့ အစိုးရအနေနှင့်လည်းမိမိတို့ရဲ့ အချုပ်အခြာအာဏာ တည်ရာနယ်နိမိတ်ဒေသများကို အလွယ်တကူသိရှိနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခန်းမှာ နယ်နိမိတ်ပိုင်းခြားမှုနှင့် ပတ်သက်ပြီး "နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်" ဟု သတ်မှတ် ပြဋ္ဌာန်းသင့်ပါကြောင်း အလေးအနက် တင်ပြဆွေးနွေး လိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအလိုက် ခေါင်းစဉ်ကို ဆက်လက်ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်မယ်ဆိုရင် ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ် နှစ်မျိုးထဲက တစ်မျိုးမျိုးကို ကျင့်သုံးလေ့ ရှိကြတယ်ဆိုတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုတွေ များပြားမယ်။ ဘာသာအယူဝါဒ ဓလေ့ထုံးစံများ မတူညီကြဘူး။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမယ်ဆိုတဲ့ အနေအထားတွေ ရှိနေကြတဲ့ နိုင်ငံတွေဟာ

တူညီတဲ့ နိုင်ငံရေးရည်မှန်းချက်များ၊ ပြည်နယ်များနှင့် တိုင်းများကိုစုစည်းပြီး ပြည်ထောင်စုစနစ် ဖွဲ့စည်းကျင့်သုံးကြပါတယ်။ ပထဝီနယ်မြေဆက်စပ်မှုရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ဖွံ့ဖြိုးတိုးတက်မှုတစ်ပြေးညီရှိခြင်း၊ တိုင်းရင်းသားလူမျိုးစုများ နည်းပါးခြင်း၊ ဓလေ့ထုံးစံတူညီခြင်း စတဲ့အနေအထားတွေ ရှိနေတဲ့ နိုင်ငံများကတော့ တစ်ပြည်ထောင် စနစ်ကို ကျင့်သုံးကြတာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ကိုလည်း မြန်မာ့နိုင်ငံရေးဖြစ်ပေါ်မှုသမိုင်း၊ မြန်မာ့နိုင်ငံရေး ပထဝီအနေအထားနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေဆိုတဲ့ အချက်သုံးချက်အရ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသင့်ကြောင်း အကြံပြု ဆွေးနွေး လိုပါတယ်။

မြန်မာ့ နိုင်ငံရေးသမိုင်းကို ပြန်ကြည့်ရင် ပဒေသရာဇ်ခေတ် တစ်လျှောက်လုံးမှာ လူမျိုးစုကို အခြေခံတဲ့ မြို့ပြနိုင်ငံများဟာ သြဇာအာဏာ ထူထောင်ဖို့ အတွက် အားပြိုင်စစ်ခင်းကြလျက် ရှိရာမှ လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံတဲ့ ဧကရာဇ်ဘုရင်များ ပေါ်ပေါက်လာတဲ့ အချိန်ကျမှသာ အဲဒီမြို့ပြနိုင်ငံများကို စုစည်းပြီး မြန်မာနိုင်ငံ့ရယ်လို့ ထင်ထင်ရှားရှား ပေါ်ထွက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲ တစ်လျှောက်လုံးမှာလည်း တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်တိုက်ပွဲ ဝင်ကြတဲ့အပြင် နောက်ဆုံး မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့တဲ့ ပင်လုံစာချုပ်ကြီးမှာလည်း တိုင်းရင်းသား လူမျိုးပေါင်းစုံက ပါဝင်လက်မှတ် ရေးထိုး ခဲ့ကြပါတယ်။ အဲဒီ သမိုင်းကြောင်း အခြေအနေကြောင့် နိုင်ငံတော်ကို ဖွဲ့စည်းတဲ့အခါမှာ တိုင်းရင်းသား လူမျိုးစုတွေရဲ့ လိုအင်ဆန္ဒနှင့် အကျိုးစီးပွားတွေကို ဖော်ညွှန်းနိုင်တဲ့ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသင့်ကြောင်း ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။မြန်မာနိုင်ငံ့ရေး ပထဝီအနေအထားကို ဆက်လက်ဆွေးနွေး ရမယ်ဆိုရင် ကမ္ဘာ့နိုင်ငံ အများစုဟာ မိမိတို့ရဲ့ကိုယ်ကျိုးစီးပွားကာကွယ်ရေးနှင့် ကိုယ်ကျိုးစီးပွားဖြစ်ထွန်းစေဖို့အတွက် နိုင်ငံရေးပထဝီ ပညာရှုထောင့်က လေ့လာသုံးသပ်ပြီးနိုင်ငံရေး၊စစ်ရေးနှင့် စီးပွားရေး မဟာဗျူဟာ နည်းဗျူဟာ အခင်းအကျင်းများ ချမှတ်ကျင့်သုံးလျက် ရှိနေကြပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ကလည်း မြန်မာ့နိုင်ငံရေး ပထဝီရှုထောင့်က လေ့လာသုံးသပ်ပြီး နိုင်ငံတော်ကို ဘယ်လိုပုံစံနှင့် ဖွဲ့စည်းသင့်တယ်ဆိုတာ စဉ်းစားလေ့လာရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အရှေ့မြောက်နှင့် အနောက်ဘက်မှာ လူဦးရေသန်းပေါင်းမြောက်မြားစွာရှိကြတဲ့ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ တည်ရှိနေခြင်း၊ အဲဒီနိုင်ငံကြီးနှစ်နိုင်ငံ အနေနှင့်လည်းမကြာခဏ ဆက်ဆံရေး တင်းမာလာတတ်ခြင်း၊ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လူမျိုး ပေါင်းစုံ နေထိုင်လျက်ရှိ ခြင်း၊ ဓလေ့ထုံးစံ ဘာသာ စကားနှင့် ယဉ်ကျေးမှုများ ကွဲပြားစွာ ကျင့်သုံးနေကြခြင်းနှင့် တိုင်းရင်းသား လူမျိုးများဟာ မြန်မာနိုင်ငံတော်ရဲ့ နယ်စပ်တစ်လျှောက်မှာ ပျံ့နှံ့နေထိုင်လျက် ရှိကြခြင်း ဆိုတဲ့ နိုင်ငံရေး ပထဝီ အနေအထားအရ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အာမခံချက် ပေးနိုင်တဲ့ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ကမ္ဘာ့နိုင်ငံရေးအခြေအနေကိုကြည့်ပြန်ရင်လည်း ယနေ့ ကမ္ဘာကြီးမှာ အင်အား ထိန်းညှိတဲ့ စနစ် ပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။အဲဒီ အခြေအနေမှာ အင်အားကြီးတဲ့ နိုင်ငံများဟာ အင်အားသေးတဲ့ နိုင်ငံများ အပေါ် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အရ ချုပ်ချယ်ကန့်သတ်ဖို့ အခွင့်အရေးများစွာ ရရှိလျက်ရှိနေပါတယ်။ လက်ရှိအနေအထားမှာလည်း နိုင်ငံကြီးများဟာ နိုင်ငံငယ် ကလေးများ အပေါ် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ ချုပ်ချယ်ကန့်သတ်ဖို့ ကြိုးစားလှုပ်ရှားနေတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံရေး အခြေအနေ များကလည်း တစ်နေ့နှင့် တစ်နေ့မတူအောင်လျင်မြန်စွာပြောင်းလဲ

လျက် ရှိနေပါတယ်။ အဲဒီလို အနေအထားမှာ ကျွန်တော်တို့ နိုင်ငံတော်ကိုလည်း အခြားအင်အားကြီး နိုင်ငံများက ချုပ်ချယ်ကန့်သတ်မှု မခံရအောင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် နေနိုင်အောင်၊ စုစည်း ညီညွတ်တဲ့ နိုင်ငံတော် အဖြစ် စဉ်းစားဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော်ကိုလည်း မြန်ဆန်စွာပြောင်းလဲဖြစ်ပေါ်နေတဲ့ကမ္ဘာ့ နိုင်ငံရေး အခြေအနေများကြောင့် စုစည်းညီညွတ်မှု နှင့် အင်အား ခိုင်မာမှုကို ပေးနိုင်စွမ်းတဲ့ ပြည်ထောင်စု စနစ်ကို ဖွဲ့စည်းသင့်ပါကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။

ပြည်ထောင်စုစနစ်ကျင့်သုံးရေးနှင့် ပတ်သက်ပြီး အမျိုးသား ခေါင်းဆောင် လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ ပဏာမ ညီလာခံမှာ နိုင်ငံတော် ဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် ပတ်သက်ပြီး "ကျွန်တော်တို့ ဗမာပြည်သစ်ကြီးကို တည်ထောင်တော့ ပြည်ထောင်စု သဘော တည်ထောင်မလား၊ လူမျိုးကြီး တစ်မျိုးတည်းဆိုတဲ့ တိုင်းပြည်မျိုးတည်ထောင် မလား ဆိုတဲ့ မေးခွန်းကို ဖြေလိုပါတယ်။ ကျွန်တော့် အမြင် အရ ဆိုရင်တော့ လူမျိုးကြီး တစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ တည်ထောင်လို့ မဖြစ်ဘူး။ ပြည်ထောင်စု သဘောမျိုးပဲ ဖြစ်ရမှာပဲ" ဟူ၍ မိန့်ကြားခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမြင်အရလည်း နိုင်ငံတော်ကို ပြည်ထောင်စု စနစ်နှင့် ဖွဲ့စည်းသင့်ကြောင်း ထပ်လောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်မှာ ပါဝင်မယ့် တိုင်းနှင့် ပြည်နယ်ရဲ့ ခေါ်ဝေါ် ပိုင်းခြား သတ်မှတ်မှု နှင့် ပတ်သက်ပြီး ဆွေးနွေး တင်ပြသွားပါမယ်။ လက်ရှိ တိုင်း (၇) တိုင်းကို တိုင်း ဒေသကြီး (Region) (၇) ခု အဖြစ် လည်းကောင်း၊ လက်ရှိ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ်(State) (၇) ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်ပြီး အဲဒီ တိုင်း ဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့ကို အဆင့်အတန်း တူညီစွာ သတ်မှတ်ပေးသင့်ပါတယ်။ ဒါ့ပြင် အဲ့ဒီ တိုင်း ဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇) ပြည်နယ် တို့ရဲ့ လက်ရှိ အမည် နာမများကိုလဲ လူအများစုရဲ့ ပြောစကားတွင် နှုတ်ကျိုးနေခြင်း၊ သက်ဆိုင်ရာ လူမျိုးစု အသီးသီးရဲ့ အမည်နာမကို ကိုယ်စားပြုခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မထိခိုက်ခြင်းစတဲ့ အချက်တွေကြောင့် တိုင်း ဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့ရဲ့ အမည်များကို ရှိရင်းစွဲအတိုင်းပဲ ခေါ်ဝေါ်သုံးနှုန်းသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဒါကြောင့် နိုင်ငံတော်ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးများဖြင့် ခေါ်ဝေါ်ပိုင်းခြား သတ်မှတ်သင့်ကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

အဲဒီလို ပိုင်းခြား သတ်မှတ်ထားတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာပြည်နယ်/ပြည်မလူမျိုးကြီး၊ လူမျိုးငယ်၊ တောင်ပေါ်မြေပြန့်ဆိုတဲ့ ခွဲခြားမှုမျိုး မပေါ်ပေါက်ရလေအောင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့ကို အဆင့်အတန်း တူညီစွာ ထားရှိသတ်မှတ်ပေးသင့်ပါကြောင်း အလေးအနက် ဆွေးနွေးတင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း ထဲက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်များ၊ တိုင်းများအတွင်းမှာ လိုအပ်ရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက "အချို့သော တိုင်းရင်းသား လူမျိုးများရဲ့ ရသင့်ရထိုက်တဲ့

အခွင့်အရေးတွေ၊အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ သဘာဝကျကျ ရအောင်လည်း စဉ်းစားခွင့်ပြုပေးဖို့လိုမှာလဲ ဖြစ်ပါတယ်” ဟူ၍လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကလဲ ဒေသကြီး အတွင်း မှာပဲ လိုအပ်ရင် သင့်လျော်တဲ့ ကိုယ်ပိုင် အုပ်ချုပ် ခွင့် ရ စီရင်စုများ အဖြစ် ပိုင်း ခြား သတ်မှတ် ဖွဲ့ စည်း ရေး အတွက် အလေးအနက် စဉ်းစားရမယ့် အခြေအနေရောက်ရှိနေပါတယ်”ဟူ၍ လည်းကောင်း အသီးသီးမိန့်ကြားသွားခဲ့ပါတယ်။

အမျိုးသား ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များ က လဲ တိုင်း နှင့် ပြည် နယ် များ အတွင်း သင့်လျော်သည့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်း ပေး တာဟာ တိုင်း ရင်း သား လူမျိုးများ အတွက် ၎င်းတို့ရဲ့ စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှု အရေး အရာ တွေကို အများ ဆန္ဒ နှင့် အညီ စီစဉ်ဆောင်ရွက်ခွင့်ရတဲ့ အတွက် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို ပို၍ ခိုင် မာ စေ မှာ ဖြစ် ကြောင်း၊ ကိုယ်ပိုင် စီမံ ခန့်ခွဲ လိုတဲ့ ဆန္ဒတွေကို အထူး အလေးထားပြီး ဖြည့် ဆည်း ဆောင် ရွက် ပေး ခြင်း ဖြင့် ပြည် ထောင် စု တည် တံ့ ခိုင် မြဲ ရေး ကို များ စွာ အထောက် အကူ ပြုစေမှာ ဖြစ်ကြောင်း အသီးသီး ဆွေးနွေးသွားခဲ့ကြတာ တွေ့ရပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ် ရပ်တည်လာကြတာဟာ၊ တိုင်းရင်းသားများရဲ့ နိုင်ငံရေးအသိ၊ နိုင်ငံရေးအမြင် နိုးကြားတက်ကြွလာကြဖို့ ဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက “ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ပေးတာဟာ အမျိုး သား ရေး ပြဿနာ ဖြေရှင်း တဲ့ နေ ရာမှာ လိုအပ်ချက် တစ်ရပ် ဖြစ် ကြောင်း” မိန့် ကြားခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သာရှိခဲ့ရာမှ ၁၉၇၄ ခုနှစ်၊ ဒုတိယအကြိမ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များ ထပ်မံတိုးချဲ့ ဖွဲ့စည်းလာရတဲ့ သဘောကတော့ နိုင်ငံရေးအရ နိုးကြားတက်ကြွလာကြတဲ့ တိုင်းရင်းသား လူမျိုးစု များကို နိုင်ငံရေးလုပ်ပိုင်ခွင့် တိုးမြှင့်ပေးလိုက်တဲ့ သဘောပဲဖြစ်ပါတယ်။ အဲဒီအစဉ်အလာအတိုင်း ယခုရေးဆွဲမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာလည်း တိုင်းရင်းသား လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နိုင်ငံရေးအဆင့်အတန်း တိုးမြှင့် ပေးတာဟာ သဘာဝကျလှပါတယ်။

စည်းလုံး ညီ ညွတ် ရေး သာ လျှင် နိုင်ငံ တစ်ခုရဲ့ ကံကြမ္မာ အဆိုးအကောင်းကို ဖန်တီးကြောင်း လူ့သမိုင်း အတွေ့အကြုံအရ သိရှိနားလည်ပြီးဖြစ်တဲ့ အတွက် ပြည်နယ်မရှိသေးတဲ့ တိုင်းရင်းသားလူမျိုးစု များ ကို သက် ဆိုင် ရာ ပြည် နယ် အ တွင်း မှာ လျော်ကန်သင့်မြတ်သော လူဦးရေနှင့် နေထိုင်ကြတဲ့ နယ်မြေအနေအထားအပေါ် မူတည်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသများပေးအပ်ရန် အချိန်တန်ပြီ ဖြစ်ကြောင်း အလေးအနက် တင်ပြဆွေးနွေးလိုပါတယ်။

အဲဒီလို တိုင်းရင်းသားလူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ သတ်မှတ်ဘဲ့နေရာမှာ ဖဆပလ ပဏာမညီလာခံမှာ ချမှတ်ခဲ့တဲ့ လူမျိုးစုများနဲ့ ပတ်သက်တဲ့ဂုဏ်အင်္ဂါရပ်(၇)ချက်ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီအင်္ဂါရပ်တွေကတော့—

(၁) ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊

(၂) မြန်မာ စကား နှင့် မတူ သော ဘာသာစကား တစ်မျိုးတည်းရှိခြင်း၊

(၃) ယဉ်ကျေးမှု တစ်မျိုးတည်းရှိခြင်း၊

(၄) ရာဇဝင် အစဉ် အလာ တစ် မျိုး တည်း ရှိသော လူစုရှိခြင်း၊

(၅) စီးပွားရေး ဆိုင်ရာ အကျိုး ကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုရှိသောလူစုရှိခြင်း၊

(၆) လူဦးရေအတော်အတန်ရှိခြင်း၊

(၇) ပြည်ထောင်စုအဖွဲ့ဝင် ဒေသတစ်ခုအဖြစ်ဖြင့် မိမိကိုယ်ပိုင် ထင်ရှားချက်အတိုင်း နေထိုင်လိုသော ဆန္ဒရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

အထက်ပါ ဂုဏ်အင်္ဂါရပ်အားလုံးနှင့် ဖြစ်စေ၊ အချို့ဖြစ်စေ ပြည့်စုံတဲ့ဒေသတွေကို ပြည်ထောင်စုပြည်နယ်အဆင့်အတန်းကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် အဆင့်အတန်းကိုဖြစ်စေ၊ လူမျိုးစုပြည်နယ် အဆင့်အတန်းကိုဖြစ်စေ ရရှိစေရမယ်လို့ မူသဘောချမှတ်ခဲ့ကြောင်း သိရပါတယ်။

ယခုလို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးအတွက် အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် ကျင်းပတဲ့ အမျိုးသားညီလာခံကြီးမှာ အထက်ပါ ဂုဏ်အင်္ဂါရပ်(၇)ချက်စလုံးနှင့် ပြည့်စုံတဲ့ တိုင်းရင်းသား လူမျိုးစုများကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းအဆင့် ပေး အပ်ပြီး အချို့ အဝက် ပြည့်စုံတဲ့ တိုင်းရင်းသားလူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့် ပေးအပ်သင့်ပါကြောင်း အကြံပေး တင်ပြဆွေးနွေးလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** ၁၈-၁-၉၄ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးပွဲမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများကို ဘယ်လိုခွဲခြား သတ်မှတ်သင့်တယ်ဆိုတာကို ညီလာခံကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြဖို့ဖြစ်ပါတယ်။ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေး တွေကို အမြန် ရရှိအောင် ဆောင်ရွက်ရေးဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံကိုယ်စားလှယ်များ အားလုံးထံမှာ တညီတညွတ်တည်းရှိနေကြမှာဖြစ်ပါတယ်။ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရသင့်တယ်။ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရသင့်တယ်။ ဘယ်နေရာ ဘယ်ဒေသတွေမှာ သတ်မှတ် ပေးသင့်တယ် ဆိုတာ ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာတိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာဖြစ်ပါတယ်'' လို့မိန့်ကြားခဲ့တာ တွေ့ရှိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်သလို ကျွန်တော်တို့ ပအိုဝ်း တိုင်းရင်းသားအကြောင်းကို အနည်းငယ် မိတ်ဆက်တင်ပြလိုပါတယ်။ ပအိုဝ်းတိုင်းရင်းသားများဟာ တိဗက်-မြန်မာအစုခွဲ ကရင်အစုငယ်မှာ ပါဝင်ပြီး မွန်ဂိုလီးယား ကုန်းပြင်မြင့်မှ တစ်ဆင့် မဲခေါင်မြစ်အတိုင်း လည်းကောင်း၊ ရွှေလီမြစ်အတိုင်းလည်းကောင်း တရုတ်ပြည်မှ ကွတ်ခိုင်ကုန်းပြင်မြင့် ကြူကုတ်တောင်ကြားမှတစ်ဆင့် လားရှိုးတောင်တန်းကို ဖြတ်ကာ ရှမ်းပြည် တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင် ဒေသအတွင်း ဝင်ရောက်နေထိုင်ခဲ့ကြပါတယ်။

ဘာသာစကားဟာ လူမျိုးတစ်မျိုးရဲ့ ဂုဏ်အင်္ဂါ လက္ခဏာရပ် တစ်ခုဖြစ်ပါတယ်။ ပအိုဝ်းဘာသာစကားဟာ ကရင်လူမျိုးခွဲ ဒေသန္တရမှာပါဝင်တဲ့အတွက် သီးခြား ဘာသာ စကား ဖြစ် ပါတယ်။ ပအိုဝ်းဘာသာစကားမှာ သံနေသံထား ရှစ်ခုရှိပြီး မြန်မာစကားနှင့်မတူဘဲ သီးခြားဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတော်တော် များများဟာ စာပေများ ရှိကြသလို ပအိုဝ်း တိုင်းရင်းသား မှာလဲ သီးခြား စာပေရှိပါတယ်။ ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို အကြောင်းပြုပြီး ဗုဒ္ဓဘာသာဆိုင်ရာ စာပေအရေးအသားများ ထွန်းကားခဲ့ပါတယ်။ ဒါကြောင့် ပအိုဝ်းတိုင်းရင်းသားများဟာ ရှေးနှစ်ပေါင်းများစွာကပင် ဗုဒ္ဓဝါဒနှင့်အတူ စာပေရှိတဲ့ လူမျိုးတစ်မျိုးဖြစ်ပါတယ်။

စကား၊ စာပေ၊ ဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာရေး ကိုးကွယ်ယုံကြည်မှု၊ ဂီတအနုပညာနှင့် ဓလေ့ထုံးစံတွေဟာ ယဉ်ကျေးမှုတွေဖြစ်ပါတယ်။ ပအိုဝ်းတိုင်းရင်းသားများအနေနှင့် ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြတဲ့အတွက် ပအိုဝ်းယဉ်ကျေးမှုလဲ ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ်မှာ အခြေပြုလျက် ခိုင်မာစွာရပ်တည်လျှက်ရှိကြောင်း တွေ့ရပါတယ်။

စီးပွားရေးနှင့်ပတ်သက်ပြီး ပအိုဝ်းဒေသများမှာ တောင်ယာစိုက်ပျိုးရေး လုပ်ငန်းများ၊ လှေကားထစ် စိုက်ပျိုးရေးလုပ်ငန်းများ၊ မြေပြန့်စိုက်ပျိုးရေး လုပ်ငန်းများနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေး လုပ်ငန်းများမှာ စပါး၊ ဂျုံ၊ ပြောင်း၊ အာလူး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ သနပ်ဖက်၊ ကြက်သွန်ဖြူ၊ ငှက်ပျော၊ ပဲမျိုးစုံ၊ ငရုတ်၊ နနွင်းတက်၊ ဂျင်း၊ ကြံ၊ အုန်းနှင့် ဗာဂျီးနီးယားဆေးများ စိုက်ပျိုးထုတ်လုပ် ကြကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ပအိုဝ်းတိုင်းရင်းသား လူဦးရေနှင့် နေထိုင်ရာဒေသများကို ဆက်လက်ပြီး တင်ပြသွားပါမယ်။ ၁၉၈၃ ခုနှစ် စာရင်းအရ တောင်ကြီးခရိုင်မှာ လူဦးရေ(၉၇၃၄၈၈) ဦး ရှိကြောင်း၊ လွိုင်လင်ခရိုင်မှာ လူဦးရေ(၅၉၂၄၁၅)ဦး၊ စုစုပေါင်း နှစ်ခရိုင် လူဦးရေ(၁၅၆၅၉၀၃) ဦးရှိကြောင်း သိရှိရပါတယ်။ တောင်ကြီးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်နှင့် ဖယ်ခုံမြို့နယ်များမှာ ပအိုဝ်းလူဦးရေ (၆၁၇၁၈၈) ဦး နေထိုင်ကြသလို လွိုင်လင်မြို့နယ်၊ နမ့်ဆမ်မြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်တွေမှာ ပအိုဝ်းလူဦးရေ (၂၃၄၅၅၂) ဦး အသီးသီးရှိကြောင်း သိရပါတယ်။

ဒါကြောင့် ပအိုဝ်းတိုင်းရင်းသားများရဲ့ လူဦးရေဟာ အချို့သောပြည်နယ်များရဲ့ လူဦးရေထက် ပိုမိုများပြားကြတဲ့အပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင် အတွင်းမှာ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂါရပ်ပြည့်စုံတဲ့အပြင်၊ လူဦးရေ အတော်အတန်ရှိပြီး၊ တစ်ဆက် တစ်စပ်တည်း နေထိုင်ကြတဲ့ ပအိုဝ်း တိုင်းရင်းသားများ အနက် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရတိုင်း အဖြစ် သတ်မှတ်ပေးပါရန်နှင့် မြန်မာနိုင်ငံအတွင်း အခြားသော တိုင်းဒေသကြီးများ၊ ပြည်နယ်များ တွင် နေထိုင်ကြသော သတ်မှတ်ထားသည့်အရည်အချင်းနှင့် ပြည့်စုံတဲ့တိုင်းရင်းသား ညီအစ်ကိုများကိုလဲ ထိုက်သင့်သလို သတ်မှတ်ပေးဖို့ အလေးအနက် တင်ပြလိုပါတယ်။

မြန်မာနိုင်ငံ အနေနှင့် နယ်မြေ အေးချမ်း သာယာရေးနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဟာ တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုအပေါ်မှာ တည်ပါတယ်။ ပြည်ထောင်စုနယ်မြေအားလုံး တစ်ပြေးညီ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဟာ တိုင်းရင်းသားများရဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိရေးအပေါ်မှာ များစွာ တည်မှီနေပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပအိုဝ်းနဲ့ အခြားညီအစ်ကို တိုင်းရင်းသားများရဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးနိုင်ရေးအတွက် အမျိုးသားညီလာခံများရဲ့ မေတ္တာကရုဏာအပြည့်အဝနှင့် ကူညီဆောင်ရွက်ပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ပြည်ထောင်စု မြန်မာနိုင်ငံကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ အပါအဝင် ဘယ်လိုစုစည်းသင့်တယ်ဆိုတာ ဆက်လက်ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်ကို ဖွဲ့စည်းရာမှာ ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ်

လည်းကောင်း၊ ရပ်ကွက်များကို မြို့အဖြစ် လည်းကောင်း၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်များအဖြစ်လည်းကောင်း ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်များအဖြစ် လည်းကောင်း စုစည်းခဲ့ပါတယ်။

အခုအသစ်ရေးဆွဲမယ့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်မှာလည်း နိုင်ငံတော်အဖွဲ့အစည်းများအနေနှင့် ဆက်သွယ်မှုလမ်းကြောင်း လွယ်ကူလျင်မြန်စေဖို့ နိုင်ငံတော်ရဲ့ လုပ်ငန်း အဆင့်ဆင့်ကို အနီးကပ်ကြီးကြပ်နိုင်စေဖို့နှင့် စီမံအုပ်ချုပ်မှု ယန္တရား လွယ်ကူ လျင်မြန်စွာ လည်ပတ်နိုင်ဖို့အတွက် နိုင်ငံတော်ကို အောက်ပါအတိုင်း စုစည်းသင့်ကြောင်း တင်ပြအပ်ပါတယ်—

— ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ် လည်းကောင်း၊
— ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် လည်းကောင်း၊
— ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊
— မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊
— ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး၊ ယင်းခရိုင်များကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊
— တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊
— တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ် လည်းကောင်း

စုစည်း သတ်မှတ်ရန်သင့်ပါကြောင်း အလေးအနက် တင်ပြဆွေးနွေးလိုပါတယ်။

**သဘာဝပတိကြီး ခင်ဗျား။** နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရနှင့် ပတ်သက်ပြီး ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

အခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရဲ့ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ်အောက်မှာ မြန်မာနိုင်ငံရဲ့ နယ်မြေဟူသမျှသည် ပြည်ထောင်စုမှ ဘယ်တော့မှ ခွဲမထွက်ကြ ဆိုတဲ့ ခံယူချက်နှင့် စပ်လျဉ်းပြီး အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား လူမျိုးများ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်း နေထိုင်မယ့် အခြေခံမူတွေကို ချမှတ်ဖို့ လိုအပ်ကြောင်း၊ ဒီလိုချမှတ်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့နယ်မြေဟူသမျှ ပြည်ထောင်စုမှ ဘယ်တော့မှ ခွဲမထွက်ကြဆိုတဲ့ ခံယူချက်ဟာ အခြေခံအကျဆုံး ဖြစ်ကြောင်း မိန့်ကြားသွားခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၁၀) ခွဲထွက်နိုင်သောအခွင့်အရေးခေါင်းစဉ်မှာပုဒ်မ(၆)ခုပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရပါတယ်။ အဲဒီခေတ်အခြေအနေအရ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် နယ်ခြားပြည်ပယောဂသွေးခွဲမှုကို ကာကွယ် နိုင်အောင် တိုင်းရင်းသားများ

အတွက် အာမခံချက်ရှိအောင်ဆိုတဲ့အမြော်အမြင်နဲ့ ရေးဆွဲထည့်သွင်း ပြဋ္ဌာန်းခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီ အခွင့်အရေးဟာ အခြေခံ ဥပဒေတစ်ရပ်ရဲ့ လိုအပ်ချက်အရ ပြဋ္ဌာန်းထားပေမယ့် လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးဖို့ မဟုတ်ကြောင်း တိုင်းရင်းသား အားလုံး သဘောပေါက်ခဲ့ကြပါတယ်။

ဆိုဗီယက် ပြည်ထောင်စု ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း(၂)ပုဒ်မ ၁၇မှာလည်းခွဲထွက်နိုင်တဲ့ အခွင့်အရေးကို ပေးထားပါတယ်။ အဲဒီ ဥပဒေ အားနည်းချက် ကြောင့် ဆိုဗီယက် ပြည်ထောင်စုကြီးယခုအခါမှာအစိတ်စိတ်အမြွှာမြွှာ ကွဲသွားကြပြီး၊ ဒုက္ခအမျိုးမျိုး ရောက်နေကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အရှေ့ဥရောပ နိုင်ငံအချို့မှာလည်း တိုင်းရင်းသား လူမျိုးစုများ အချင်းချင်းစစ်ခင်းနေကြပြီး၊ ခွဲထွက်နိုင်ဖို့ကြိုးစားနေကြတာကို စာနယ်ဇင်းများမှာ တွေ့မြင်နိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့မူလဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း၊ ပြည်နယ်များ ခွဲထွက်ခြင်း မရှိစေရဆိုတဲ့ ကန့်သတ်ပြဋ္ဌာန်းချက်မရှိတဲ့အတွက် ခွဲထွက်လိုက ခွဲထွက်နိုင်သည်ဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။ ၁၈၆၁ ခုနှစ်၊ အမေရိကန်တောင်ပိုင်းပြည်နယ်အချို့က ကျွန်စနစ် ဆက်လက်ထားရှိရေး ကိစ္စနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲ၍ ပြည်တွင်းစစ်ဖြစ်ခဲ့ရပါတယ်။ အဲဒီခွဲထွက်ရေးကိစ္စနှင့်ပတ်သက်တဲ့ ပြည်တွင်းစစ်ဖြစ်တာဟာ အမေရိကန်လွတ်လပ်ရေးသက်တမ်း ၈၅ နှစ်အကြာမှာ ဖြစ်ကြောင်းသိရပါတယ်။

အဲဒီအချက်နဲ့ ပတ်သက်ပြီး ဥပဒေပညာရှင် ဒေါက်တာမောင်မောင်က ပြည်ထောင်စုမှ ခွဲထွက်ခြင်းနှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စုရဲ့ ဥပမာသည် လေးနက်သော သတိပေးချက်တစ်ရပ်ဖြစ်သည်လို့ ၎င်းရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (အင်္ဂလိပ်) စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ အချက် အလက် အကြောင်း အရာတွေ အားနည်းရင် အားနည်းသလို၊ ချို့ယွင်းရင် ချို့ယွင်းသလို နိုင်ငံတော်ပြိုကွဲသွားနိုင်တဲ့အတွက် ဘက်စုံ ထောင့်စုံ ပြည့်စုံဖို့ လိုအပ်တယ်ဆိုတာသိသာထင်ရှားလှပါတယ်။ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မှာလဲ ပြည်ထောင်စု ပြိုကွဲစေနိုင်ပြီး တိုင်းရင်းသား လူမျိုးများ အချင်းချင်း စစ်ခင်းရမယ့် အဖြစ်မျိုးကို ရောက်ရှိစေနိုင်တဲ့၊ ခွဲထွက်နိုင်တဲ့အခွင့်အရေးကို ကြိုတင်ဟန့်တားဖို့ အထူး အရေးကြီးလှပါတယ်။

ဒါကြောင့် နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုတဲ့ အချက်ကို အတိအကျ ပြဋ္ဌာန်း သင့်ကြောင်း အလေးအနက် အကြံပြု ဆွေးနွေးလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံအခန်း နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ် နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက ဘယ်လို ဆောင်ရွက်သွားသင့်တယ်ဆိုတာ ဆက်လက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့အကျိုးကို ရှေးရှုပြီး စီမံခန့်ခွဲမှု လွယ်ကူအောင် နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ရလေ့ ရှိပါတယ်။ အဲဒီလို ပြင်ဆင် သတ်မှတ်တဲ့အခါမှာ အောက်ပါ နည်းလမ်းများအတိုင်း ဆန္ဒမဲ ရယူသင့်ကြောင်း အကြံပြု လိုပါတယ်။

နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင် သတ်မှတ်ရေးအတွက် ပြည်ထောင်စု လွှတ်တော်ရဲ့

သဘောထားကိုရယူပေးဖို့ ပထမဦးစွာ အကြောင်းကြားသင့်ပါတယ်။ ပြည်ထောင်စု လွှတ်တော် အနေနှင့် အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆန္ဒကို ရယူသင့်ပါတယ်—

(၁) အထက်လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံမဲ၊

(၂) အောက်လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံမဲ၊

(၃) လွှတ်တော်နှစ်ရပ်မှာရှိတဲ့ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထက်ဝက်ကျော် ထောက်ခံမဲ ရယူဖို့သင့်ပါတယ်။

အဲဒီလို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ ထောက်ခံ ဆန္ဒမဲအသီးသီးရရှိလျှင် နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို နိုင်ငံတော် သမ္မတက ပြင်ဆင် သတ်မှတ်ပေးရေးအတွက် အခြေခံမူများ ချမှတ်ပေးသင့်ကြောင်း အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။

အဲဒီလို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ၊ လွှတ်တော်တစ်ရပ်ကဖြစ်စေ၊ အဲဒီလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ်ပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောထားကို ရယူဆောင်ရွက်ဖို့နှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ လေးပုံသုံးပုံနဲ့ အထက်က ထောက်ခံလျှင် နိုင်ငံတော်သမ္မတက နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရေးအတွက် အခြေခံမူများ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ခုရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ အကြောင်းပေါ်ပေါက်လာလျှင်လည်း အဲဒီနယ်နိမိတ်နှင့် အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့မဲဆန္ဒရှင် စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ ရယူသင့်ပါတယ်။ တကယ်လို့ လိုအပ်တဲ့ထက်ဝက်ကျော် ထောက်ခံမဲ မရရှိဘူးဆိုရင် အဲဒီနယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးကို ဆက်လက်ဆောင်ရွက်ခြင်း လုံးဝမပြုသင့်ကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။

အဲဒီနယ်မြေနှင့် အကျုံးဝင်တဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ ထက်ဝက်ကျော်က ထောက်ခံဆန္ဒမဲပေးလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ ထောက်ခံဆန္ဒမဲ လေးပုံသုံးပုံနှင့် အထက်ရရှိအောင် ဆက်လက် ရယူသင့်ပါတယ်။ အဲဒီလိုရယူပြီးတဲ့အခါမှ နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရေး အတွက် အခြေခံမူများ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

တကယ်လို့သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ် ပြင်ဆင်ဖို့ သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စု လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ဆက်လက်ရယူသင့်ပါတယ်။ အဲဒီလိုသဘောထား ရယူတဲ့နေရာမှာ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ လေးပုံသုံးပုံနှင့် အထက်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်းထောက်ခံ ဆန္ဒမဲပေးမှသာလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရဲ့နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်ရေးအတွက် အခြေခံမူများ ချမှတ်သင့်ကြောင်း အလေးအနက် ဆွေးနွေးတင်ပြလိုပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နှင့် ခရိုင် နယ်နိမိတ်များကို

ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းများ ပေါ်ပေါက်လာနိုင်စရာ အကြောင်းရှိနိုင်ပါတယ်။ အဲဒီလိုနယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်းသို့မဟုတ် အမည်ပြောင်းလဲခြင်းများဟာ ဒေသဆိုင်ရာ ကိစ္စသက်သက်သာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ တောက်ခံတင်ပြပြီး လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက အခြေခံမူများ ချမှတ်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဆက်လက်ပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ အမည်ကို ပြောင်းလဲ သတ်မှတ်ဖို့ ရှိလျှင် လည်း အထက်ပါ နည်းလမ်းအတိုင်း သက်ဆိုင်ရာနယ်မြေလူထု ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲ ရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ဆောင်ရွက် သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

နိုင်ငံတော်ရဲ့ မြို့တော်ကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ဆက်လက် ဆွေးနွေးအကြံပြုလိုပါတယ်။ နိုင်ငံတကာ အစဉ်အလာအရကမ္ဘာ့နိုင်ငံကြီးအချို့မှာမိမိတို့ရဲ့မြို့တော်ကို နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိကျင့်သုံးတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံ အနေနဲ့လည်း ဗဟိုအစိုးရရုံးစိုက်တဲ့ မြို့ဖြစ်တဲ့ရန်ကုန်မြို့ကိုပဲ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်။

ရန်ကုန်မြို့တော်ဟာ လူဦးရေထူထပ်စွာ နေထိုင်လျက်ရှိခြင်း၊ စီးပွားရေးလုပ်ငန်း မြောက်မြားစွာ ရှိခြင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံခြားသံရုံးများ ဖွင့်လှစ်ထားရှိခြင်း၊ နိုင်ငံခြားသားများ အဝင်အထွက်များပြားစွာရှိခြင်းနှင့် နိုင်ငံတော်အတွက် မလိုလားအပ်သော ဆူပူမှုပြဿနာအရေးအခင်းများ စတင်ဖြစ်ပေါ်စေနိုင်ခြင်း အစရှိတဲ့ ထူးခြားတဲ့ အခြေအနေများနှင့် ပြည့်နှက်လျက် ရှိနေပါတယ်။

အဲဒီလိုအခြေအနေ အခက်အခဲ အရပ်ရပ်ကို အလျင်အမြန် အလွယ်တကူ ဖြေရှင်း ပေးနိုင်ဖို့ အတွက် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတရဲ့၊ အုပ်ချုပ်မှု အောက်မှာ ထားရှိတဲ့ ပြည်ထောင်စု နယ်မြေအဖြစ် ထားရှိသင့်ကြောင်းအကြံပြုဆွေးနွေး လိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အခြေအနေ ထူးခြားမှုရှိတဲ့ ကိုကိုးကျွန်းမြို့နယ်ကဲ့သို့သော ဒေသများကိုလည်းနိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှု အောက်မှာထားရှိတဲ့ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ဖို့ သင့်ပါတယ်။ နောက်နောင်တွင်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်ပတ်သက်ပြီး ထူးခြားမှုရှိတဲ့ဒေသများ ကိုလည်း လိုအပ်ရင်လိုအပ်သလို ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသင့်ပါကြောင်း အလေး အနက် အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ အခန်းအလိုက် ခေါင်းစဉ်ကို ဆက်လက်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်ကို အခြေခံဥပဒေရဲ့ အခန်းအလိုက်ခေါင်းစဉ်အဖြစ်သုံးနှုန်းသင့်ကြောင်း နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့ (၈) ခုတို့က အကြံပြုထားကြပြီး နိုင်ငံတော်အကြီးအကဲနှင့် ပတ်သက်တဲ့အခြေခံမူနှစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ချမှတ်ခဲ့ပါတယ်။

သမ္မတဆိုတာ လူအများက မိမိတို့ဆန္ဒအရ တင်မြှောက်ထားတဲ့ မင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ထားတဲ့ အထွတ်အထိပ်ပုဂ္ဂိုလ်ဖြစ်ပါတယ်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများမှာ မိမိနိုင်ငံရဲ့ အကြီးအကဲအဖြစ်ဘုရင်ကိုလည်းကောင်း၊ သမ္မတကိုလည်းကောင်း ထားလေ့ရှိကြပါတယ်။ သမ္မတကို နိုင်ငံတော်အကြီးအကဲအဖြစ်တင်မြှောက်ကြတဲ့နိုင်ငံတွေထဲက အချို့နိုင်ငံများဟာသမ္မတကိုနိုင်ငံတော်ရဲ့

ကျက်သရေဆောင်ပုဂ္ဂိုလ်များအဖြစ် ထားရှိကြပြီး အချို့နိုင်ငံတွေကတော့ ကျက်သရေဆောင်အပြင် အုပ်ချုပ်ရေး ပုဂ္ဂိုလ်အကြီးအကဲအဖြစ်ပါ ထားရှိကြကြောင်းလေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့အတိတ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ရပ်မှာလည်း သမ္မတကိုကျက်သရေဆောင် နိုင်ငံတော်အကြီးအကဲအဖြစ်သာ ထားရှိခဲ့ကြောင်း သိရပါတယ်။ အခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ သမ္မတကိုရုပ်ပြသက်သက်ပဲ ထားမလား၊ ဒါမှမဟုတ်ရင် အုပ်ချုပ်ရေးအာဏာ အပြည့်အဝပေးထားမလားဆိုတာအလေးထား စဉ်းစားကြဖို့လိုအပ်လာပါတယ်။မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကိုပြန်လည်လေ့လာမယ်ဆိုရင် ဝန်ကြီးချုပ်ကိုသာအာဏာ အပြည့်အဝပေးထားတဲ့စနစ်ကို ကျင့်သုံးခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ ဝန် ကြီး ချုပ် စနစ်ကိုကျင့်သုံးတဲ့အခါမှာ ဝန်ကြီးချုပ်ဟာ လွှတ်တော်ကိုတာဝန်ခံအုပ်ချုပ်ရတဲ့အတွက် လွှတ် တော် အမတ်အများစုရဲ့ဆန္ဒကို ထောက်ထားရမှာ ဖြစ်ပါတယ်။ လွှတ်တော်အမတ်များရဲ့ဆန္ဒကို ဆန့်ကျင်ပြီး၊နိုင်ငံတိုးတက်ရာတိုးတက်ကြောင်းကို ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်း၊ ဝန်ကြီးချုပ်ရဲ့ပါတီဟာ လွှတ်တော်အတွင်းမှာအင်အားနည်းပါးနေရင်ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ဖို့အတွက် အခြားပါတီများနှင့် အပေးအယူလုပ်ရင်း နိုင်ငံတော်ရဲ့အရေးကြီးတဲ့ လုပ်ငန်းတာဝန်များကို လွယ်ကူစွာ မဆောင်ရွက်နိုင်ခြင်း၊ လွှတ်တော်အမတ်များရဲ့ အယုံအကြည်မရှိ အဆိုတင်သွင်းနိုင်တဲ့အခွင့်အရေးတွေကြောင့်ဝန်ကြီးချုပ်ဟာ မကြာခဏဆိုသလို ပြုတ်ကျတတ်ပြီး အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်ပေါ်နိုင်လို့ နိုင်ငံရေးမတည်ငြိမ်မှုတွေ မကြာခဏ ဖြစ်ပေါ်နိုင်ပါတယ်။ အယုံအကြည်မရှိအဆိုကြောင့် ဝန်ကြီးချုပ်ဟာ မိမိပါတီ အနိုင်ရရှိရေး၊ မဲအသာရရှိရေးအတွက် မိမိအစိုးရ၊မိမိပါတီရဲ့မူဝါဒများကို အလျှော့ပေးကာ အပေးအယူလုပ်ရတဲ့ အားနည်းချက်တွေ များစွာ ရှိနေပါတယ်

ဝန်ကြီးချုပ်ကို အုပ်ချုပ်ရေးအာဏာပေးထားတဲ့စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများကိုကြည့်ရင် အဲဒီအားနည်းချက်တွေကြောင့် အစိုးရအဖွဲ့မကြာခဏ ပြောင်းလဲတတ်ပါတယ်။ မူဝါဒတစ်ခု၊ လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် အချိန် တော်တော်ကြာယူရတာတွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံမှာတစ်နှစ်အတွင်း အစိုးရအဖွဲ့ အကြိမ်ကြိမ်ပြောင်းလဲရပြီး ဘုရင်ကိုယ်တိုင် ကြားဝင်ရှင်းလင်းပေးမှ ပြေလည်သွားတာကိုလေ့လာသိရှိရပါတယ်။

နိုင်ငံတော်သမ္မတကို အုပ် ချုပ် ရေးအာဏာ အပြည့်အဝပေးထားတဲ့ ကမ္ဘာ့ နိုင် ငံ အတော်များများမှာ နိုင်ငံရေးအရတည်ငြိမ်မှုရှိပြီး ပြည်တွင်းပြည်ပရေးရာကိစ္စများကို လျင်လျင်မြန်မြန်လွယ်လွယ်ကူကူနှင့် ဆောင် ရွက် နိုင် ကြ တာတွေကို တွေ့ရှိရပါတယ်။

အခုလိုကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်ပြင်းပြင်း၊ ခြေလှမ်းမှန်မှန်နှင့် ဆောင် ရွက် နေတဲ့ အခါမှာ အာဏာအပြည့်အဝပေးထားတဲ့ သမ္မတအုပ်ချုပ်ရေးစနစ်သာအသင့်တော်ဆုံးဖြစ်ပါတယ်။ဒါမှသာ မိမိအာဏာ တည်မြဲရေးအတွက် နိုင်ငံရေးကစားမှုဖြင့်သာ အချိန်ကုန်မခံသင့်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အလေးပေးဇောက်ချ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံတော်အကြီးအကဲကို အုပ်ချုပ်ရေးအာဏာ အပြည့်အဝပေးထားတဲ့ နိုင်ငံတော်သမ္မတကိုပဲ ထား ရှိ သင့်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြလိုပါတယ်။ ဒါမှသာ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့တံခွန်သဖွယ်ဖြစ်ပြီး နိုင်ငံတော်သူနိုင်ငံတော်သားများရဲ့ အားကိုးရာ အားထားရာ အမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာနိုင်ပါမယ်။ အဲဒီလိုနိုင်ငံတော်

သမ္မတကို နိုင်ငံတော်အကြီးအကဲအဖြစ် သတ်မှတ်ထားတဲ့ နေရာမှာ—

- နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုကြောင်း၊
- နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံး၏ အမျိုးသားခေါင်းဆောင်ကြီးဖြစ်ကြောင်း၊
- နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာတွင် ရှိကြောင်း ဆိုတဲ့ အခြေခံမူများကိုလည်း ချမှတ်ထားသင့်ကြောင်း အလေးအနက် အကြံပြုဆွေးနွေးချင်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက် လက် ပြီးတော့ နိုင်ငံတော်သမ္မတမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းများနှင့် ပတ်သက်ပြီး ဆွေး နွေး အကြံပြုသွားမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့ နိုင်ငံရေး အခြေအနေများဟာ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေပါတယ်။ လျင်မြန်စွာပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေများကလည်း မြန်မာနိုင်ငံ နိုင်ငံရေးအခြေအနေကို လာရောက်ရိုက်ခတ်နေပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံကို မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားရေးအတွက် အသုံးချဖို့ချောင်းမြောင်းနေတဲ့ ကမ္ဘာ့နိုင်ငံအချို့လည်းရှိနေပြန်တယ်။ အဲဒီလို အခြေအနေမှာ မြန်မာနိုင်ငံ့အနေနှင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွေဟာ အထူးလိုအပ်လျက်ရှိနေပါတယ်။ အဲဒီအချက်များနဲ့ ပြည့်စုံမှသာ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ့ရယ်လို့ ရပ်တည်နိုင်မှာဖြစ်ပါတယ်။

ဒီတာဝန်အရေးသုံးပါးနှင့် နိုင်ငံ့တော်ဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ပေးနိုင်မယ့်သမ္မတတစ်ဦးရရှိဖို့ နိုင်ငံတော်ရဲ့ အခြေအနေ အရပ်ရပ်ကတောင်းဆိုလျက် ရှိနေပါတယ်။ နိုင်ငံတော်တည်တံ့ခိုင်မြဲဖို့ ဆောင်ရွက်ပေးမယ့် သမ္မတ တစ်ဦးမှာလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်အရေးအရာများနှင့် စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ အရည်အချင်းရှိဖို့လိုအပ်လှပါတယ်။

နိုင်ငံတော်သမ္မတ တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်း သတ်မှတ်မယ်ဆိုရင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စစ် ရေး တို့ ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စွမ်း ရှိသူဖြစ်ရမယ် ဆိုတဲ့ အရည်အချင်းတစ်ရပ်ကို မလွဲမသွေ ပြဋ္ဌာန်းသင့်ကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော် သမ္မတဟာ နိုင်ငံသားများရဲ့ကိုယ်စား နိုင်ငံတော်ကို ဦးဆောင်မှုပေးရတဲ့ နိုင်ငံတော် အကြီးအကဲဖြစ်တဲ့အတွက် "မြန်မာ့ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများနှင့်အညီ ထကြွ၊ နိုးကြား၊ သနား၊ သီးခံ၊ ဝေဖန်၊ ထောက်ရှုဆိုတဲ့ နာယကဂုဏ် ခြောက်ပါးနှင့်လဲ ပြည့်စုံ၍ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟအဂတိတရား လေးပါးနှင့်လဲ ကင်းရှင်းပြီး" နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိဖို့ အ ထူး လို အပ် ပါ တယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်နဲ့နိုင်ငံသားများ အပေါ် သစ္စာ ရှိသူ ဖြစ်ရမယ် ဆိုတဲ့ အရည်အချင်း တစ်ရပ်ကိုလဲ ထည့်သွင်း သတ်မှတ်ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။

နိုင်ငံတော်ကို ဦးဆောင်မယ့် နိုင်ငံတော်သမ္မတဟာ နိုင်ငံခြားသား သွေးတစ်စက်မှ မရောတဲ့ မျိုးရိုးစစ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ လိုအပ်ပါတယ်။ မျိုးရိုးစစ်တဲ့ ပုဂ္ဂိုလ်များဟာ မျိုးရိုးချစ်တဲ့ စိတ်ဓာတ်ကိန်းအောင်းပြီး မျိုးရိုး တိုးတက် ကောင်းစားအောင် ဆောင်ရွက်မယ့်ခွန်အား ရှိနေတတ်ကြတယ်ဆိုတာ သဘာဝကျပါတယ်။ အဲဒီသဘောသဘာဝအတိုင်းပဲ ကမ္ဘာ့နိုင်ငံအတော်များများဟာ မိမိတို့သမ္မတရဲ့ အရည်အချင်းကို သတ်မှတ်တဲ့ အခါမှာ နိုင်ငံတော်အတွင်း နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူ ဖြစ်ရမယ်လို့ သတ်မှတ်ကြတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ သမ္မတ အရည်အချင်း သတ်မှတ်တဲ့ နေရာမှာ နိုင်ငံတော်သမ္မတသည် မိမိနှင့် မိမိ၏မိဘနှစ်ပါးလုံး နိုင်ငံတော်၏အာဏာ ပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်လို့ သတ်မှတ် ပြဋ္ဌာန်း သင့်ကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

ကမ္ဘာ့နိုင်ငံ အများစုဟာ ၎င်းတို့ရဲ့ သမ္မတ အသက်ကို ၃၅ နှစ်၊ ၄၀ နှစ်နှင့် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမယ်လို့ ကန့်သတ်ထားတာ တွေ့ရပါတယ်။ နိုင်ငံတော် သမ္မတဟာ မိမိနိုင်ငံနှင့် ပတ်သက်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စစ်ရေး အတွေ့ အကြုံများ ကြွယ်ဝဖို့ လိုအပ်ပါတယ်။ အဲဒီလို အတွေ့အကြုံတွေ ကြွယ်ဝမှသာ နိုင်ငံတော်ကို ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတွေ့ အကြုံတွေ ကြွယ်ဝဖို့ဆိုရင် အသက်အနေနှင့် မငယ်လွန်းမှ ဖြစ်နိုင်ပါမယ်။ အသက် ကြီးလွန်းနေပြန်ရင်လည်း ဇရာရဲ့သဘာဝအရ လျင်မြန် ဖျတ်လတ်မှု နည်းပါး သွားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတရဲ့ အသက်ကို သတ်မှတ်တဲ့အခါမှာ မငယ်လွန်း မကြီးလွန်း အနည်းဆုံး ၄၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်လို့ သတ်မှတ် ကန့်သတ်သင့်ကြောင်း အကြံပြု ဆွေးနွေး လိုပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်မှာ အရေးကြီးဆုံးနှင့် အရေးအပါဆုံး နံပါတ်တစ် ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် လွှတ်တော် ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက် ခံနိုင်ခွင့် အရည် အချင်း များအပြင် နိုင်ငံတော်သမ္မတရဲ့ သီးခြားသတ်မှတ် ထားတဲ့ အရည်အချင်းများနှင့်လည်း ပြည့်စုံသူ ဖြစ်စေသင့်ပါတယ်။

အလားတူသတ်မှတ်ချက်များကို ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံ များရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေများအပြင် ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေမှာပါ ပြဋ္ဌာန်း ထားတာ တွေ့ရ ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ "ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် အတွက် သတ်မှတ်ထားသော အရည် အချင်းများအပြင် နိုင်ငံတော် သမ္မတ အတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်" လို့ နိုင်ငံတော် သမ္မတရဲ့ အရည် အချင်း တစ်ရပ်အဖြစ် သတ်မှတ် ပြဋ္ဌာန်းသင့် ကြောင်း ဆွေးနွေးအကြံပြု အပ်ပါတယ်။

**သဘာပတိ ကြီး ခင်ဗျား။** နိုင်ငံတော် သမ္မတဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးမှူးကြီးဖြစ်တဲ့ အပြင် နိုင်ငံတော် တိုးတက်ရာတိုးတက်ကြောင်းကို ပဲ့ကိုင်လမ်းညွှန်ပြီး ဦးဆောင် ဦးရွက်ပြုသွားရမှာ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်သမ္မတဟာ မိမိနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေ၊ အုပ်ချုပ်ရေး အခြေအနေ၊ လူမှုရေး အခြေအနေ၊ တိုင်း ရင်း သား များ နှင့် ပတ်သက်တဲ့ အခြေအနေ အရပ်ရပ်ကို အတိတ် ကာလမှ မျက်မှောက်ကာလအထိ အဆက်မပြတ် သိရှိနေဖို့ လိုအပ်တဲ့အပြင် နိုင်ငံတော်ရဲ့ အနာဂတ် ကာလကိုလည်း အနီးစပ်ဆုံး မျှော်မှန်းထားနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့အခြေအနေ အရပ်ရပ်ကို အဆက်မပြတ်ထိတွေ့ သိရှိထားမှသာ နိုင်ငံတော်ကို ဦးဆောင်မှုပေးတဲ့ နေရာမှာ အံဝင် ခွင်ကျဖြစ်ပြီး ထိရောက်အောင်မြင်နိုင်မှာ ဖြစ်ပါ တယ်။ အဲဒီလို ဦးဆောင် ပဲ့ကိုင်နိုင်ဖို့အတွက် နိုင်ငံတော်အတွင်းမှာ တစ်ဆက်တည်း အချိန် အတော်ကြာ နေထိုင်လေ့လာလှုပ်ရှားမှ ဖြစ်နိုင် မယ်လို့ ယူဆပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် ၂၀ နိုင်ငံ တော်တွင် အခြေချနေထိုင်သူ ဖြစ်ရမယ် လို့ နိုင်ငံတော်သမ္မတရဲ့ အရည်အချင်း တစ်ရပ်အဖြစ်

သတ်မှတ်သင့်ကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အမျိုးသားခေါင်းဆောင် အဖြစ် ဆောင်ရွက်မယ့် နိုင်ငံတော်သမ္မတဟာ အထူးသဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများ အပေါ် သစ္စာစောင့်သိ ရိုသေသူဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့်နိုင်ငံတော်သမ္မတကို ပြည်သူများက လုံးဝဥဿုံ ယုံကြည်အားထားနိုင်ဖို့၊ သံသယ မပွားစေနိုင်ဖို့အတွက် နိုင်ငံတော် သမ္မတသာမက သမ္မတရဲ့ မိသားစုများကပါ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေသူများဖြစ်ဖို့ · အထူးလိုအပ်မှာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁) အပိုဒ်ခွဲငယ် (က) တွင် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (c) တွင် လည်းကောင်း နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ဖို့အတွက် ဟန့်တားပိတ်ဆို့ထားတဲ့ အချက်များ ထည့်သွင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ ဦးဆောင်မှုအခန်းမှာ သစ္စာဖောက်နိုင်သူများ မဝင်လာနိုင်အောင်နှင့် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှု မပြုနိုင်အောင် နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းသတ်မှတ်ချက်မှာကြိုတင် ထည့်သွင်းပြဋ္ဌာန်းထားဖို့ အထူးလိုအပ်တဲ့အတွက် အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

အဲဒီအချက်တွေကတော့ နိုင်ငံတော်သမ္မတဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါးသော်လည်းကောင်း၊မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင် သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ဇနီး သို့မဟုတ်ခင်ပွန်း သော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုအစိုးရ၏နိုင်ငံသားဖြစ်သူများမဖြစ်ရန်နှင့်ထိုသူများသည်နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်ရန်ဆိုတဲ့ အချက်များပဲဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက်လက်ပြီး နိုင်ငံတော်သမ္မတကို ဘယ်လိုရွေးချယ်သင့်သလဲဆိုတာနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြုလိုပါတယ်။ ကမ္ဘာ့နိုင်ငံများဟာ နိုင်ငံတော်သမ္မတကို လူထုကတိုက်ရိုက်ရွေးချယ်တဲ့စနစ် ဒါမှမဟုတ် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တဲ့စနစ်၊ အဲဒီစနစ်နှစ်ခုထဲက စနစ်တစ်ခုခုကို ကျင့်သုံးကြတာတွေ့ရပါတယ်။ နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့် ရွေးချယ် တင်မြှောက်ရမယ်လို့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ မူချမှတ်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကပဲ ရွေးချယ်ပေးသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဖွဲ့စည်းတဲ့နေရာမှာ မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ မိမိတို့နိုင်ငံရဲ့နိုင်ငံရေးနဲ့ အခြား အခြေအနေအရပ်ရပ်တွေနှင့် လိုက်လျောညီထွေရှိမယ့်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေကြတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး အခြေအနေအရ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို သီးခြားရွေးချယ်တင်မြှောက်ခြင်း မပြုဘဲ ပြည်ထောင်စုလွှတ်တော်မှာပါဝင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များအဖြစ် သတ်မှတ်သင့်ပါတယ်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်အများစုကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လူမျိုးစုလွှတ်တော် သို့မဟုတ် အထက်လွှတ်တော်ကိုယ်စားလှယ်များကို အစုအဖွဲ့ (၁),

အဖြစ်လည်းကောင်း၊ လူဦးရေကို အခြေခံပြီး ရွေးကောက်တင်မြှောက်တဲ့အောက်လွှတ်တော်ကိုယ်စားလှယ်များကိုအစုအဖွဲ့(၂)အဖြစ်လည်းကောင်း၊ အဲဒီလွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်း တဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို အစုအဖွဲ့ (၃) အဖြစ်လည်းကောင်း အစုအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းသင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

အဲဒီသမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့ အသီးသီးက ပထမဦးစွာ ဒုတိယ သမ္မတလောင်း တစ်ဦးစီကို လွှတ် တော် ကိုယ် စား လှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများ ထဲကဖြစ်စေ အမည်စာရင်းတင်သွင်းပြီး ရရှိလာတဲ့ နိုင်ငံတော်သမ္မတလောင်းများဖြစ်တဲ့ ဒုတိယသမ္မတ သုံးဦးအနက်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြိုက်နှစ်သက်တဲ့၊ မဲအများဆုံးရရှိတဲ့ ဒုတိယသမ္မတ ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် သင့်ကြောင်း ဆွေးနွေးအကြံပြုလိုပါတယ်။ ကျန်ရှိ တဲ့ပုဂ္ဂိုလ်နှစ်ဦးကိုတော့ ဒုတိယ သမ္မတများအဖြစ် ထားရှိသင့်ပါတယ်။ ဒါမှသာကျွန်တော်တို့နိုင်ငံမှာ သမ္မတတစ်ဦးနှင့် ဒုတိယသမ္မတ နှစ်ဦးတို့ ရှိလာမှာ ဖြစ်ပြီး နိုင်ငံတော်ရဲ့ လုပ်ငန်းတာဝန်များကိုလည်း နိုင်နင်းစွာ ကိုင် တွယ် ထမ်း ဆောင် နိုင် ကြ မှာ ဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

အဲဒီလိုနိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက် ရေးနှင့် စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေ များကိုလည်း ပြဋ္ဌာန်း ပေး ထား သင့် ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

နိုင်ငံတော် သမ္မတရဲ့ ရာ ထူး သက် တမ်း နှင့် ပတ်သက်ပြီး ဆက်လက်အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လုပ်ပိုင်ခွင့် အပြည့်အဝရှိတဲ့ နိုင်ငံတော်သမ္မတက ဦးဆောင် အုပ်ချုပ်တဲ့စနစ်ကိုကျင့်သုံးလိုတဲ့အတွက် နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတ တို့ဟာ မိမိတို့ရဲ့တာဝန် ဝတ္တရားများကိုအရှိန်အဟုန်မပျက်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့ သင့်တင့်လျောက်ပတ်တဲ့ရာထူး သက်တမ်း သတ်မှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံများမှာကျင့်သုံးနေတဲ့ သမ္မတရာထူး အနေအထားအရ လည်းကောင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေး၊အုပ်ချုပ်ရေး၊လူမှုရေးစတဲ့ အခြေအနေ အရပ်ရပ်တွေကို အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်း လိုက်နိုင်ဖို့ အစွမ်းကုန်ကြိုးစားရမည့် အနေအထား အရလည်းကောင်း နိုင်ငံတော်နဲ့ နိုင်ငံသားများ အတွက် အကျိုးရှိစေမည့်လုပ်ငန်းများကို အချိန်ယူ အ ကောင် အ ထည် ဖော် ပေး နိုင် ဖို့ အ တွက် လည်းကောင်း၊နိုင်ငံတော်သမ္မတနဲ့ဒုတိယသမ္မတတို့ရဲ့ သက်တမ်းကိုငါးနှစ်ထားရှိသင့်ပြီး ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မရှိဖို့ သတ်မှတ် သင့်ကြောင်း အလေးအနက် အကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကို သမ္မတ ရွေးချယ် တင် မြှောက် ရေး အ ဖွဲ့က ရွေးချယ် တင်မြှောက်လိုက်ပါက အဲဒီပုဂ္ဂိုလ်ဟာ လွှတ်တော် ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒု တိ ယ သ မ္မ တ အ တွက် လည်းကောင်း တစ်ချိန်တည်းမှာပဲ ပူးတွဲဆောင်ရွက် မယ်ဆိုရင် အာဏာသုံးရပ်ပိုင်းခြားကျင့်သုံးရေးမူနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ မိမိတို့ ရာထူးသက်တမ်းအတွင်း ပါတီနိုင် ငံရေးအစား၊ အမျိုးသားနိုင်ငံရေးကိုသာ ဦးတည် ဆောင်ရွက် သင့်တဲ့အတွက် နိုင် ငံ ရေး ပါတီဝင်ဖြစ်ရင်လည်း သက်ဆိုင်ရာ ပါတီရဲ့လုပ်ငန်းများမှာ ပါဝင်ဆောင် ရွက်ခြင်းမပြုဖို့ လိုအပ်ပါတယ်။ ဒါကြောင့်—

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် မည်သည့် လွှတ်တော်ကိုယ်စား လှယ်မှ မဖြစ်စေရ၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များသည် လွှတ်တော် ကိုယ်စားလှယ်ဖြစ် လျှင် လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှ

လည်း ကောင်း၊ နိုင်ငံ့ ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစား ယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများ အ ဖြစ် ရွေးချယ်တင်မြှောက် ခြင်း ခံ ရ သည့် နေ့မှ စ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်း ပါတီအဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဆိုတဲ့ အချက်များကို ပြဋ္ဌာန်း ထား သင့် ကြောင်း ဆွေးနွေး အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတကာ အစဉ်အလာအရ၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ များ ဟာ မိမိတို့ရဲ့ ရာထူး တာ ဝန် များ ကို မထမ်းဆောင်မီ ကတိ သစ္စာ ပြုကြလေ့ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများ ဟာ လည်း ပြည် ထောင်စု လွှတ် တော်ကိုယ် စား လှယ် များ ရဲ့ ရှေ့မှောက်မှာ ကတိ သစ္စာပြုပြီးမှ မိမိတို့ရဲ့ တာဝန် ဝတ္တရားများကို ထမ်းဆောင်သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများဟာ နိုင်ငံတော်မှာ ဩဇာတိက္ကမ အာဏာ အရှိန် အဝါအကြီးမားဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ အခြား အဖွဲ့အစည်းများကလစာ၊ စရိတ်ကြေးငွေနှင့် ရာထူးများပေးအပ်ချီးကာပ်ပြီး မိမိတို့ကိုယ်ကျိုး စီးပွားအတွက် နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတ များ ရဲ့ အရှိန်အဝါကို ရ ယူ အ သုံး ချ ခြင်း မပြု နိုင်ဖို့ ကြိုတင်ကာကွယ်ထားသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများဟာ လစာ၊ စရိတ်၊ ကြေးငွေ ရသော အ ခြား မည် သည့် ရာ ထူး ကို မှ လက်ခံခြင်း မပြုရဆိုတဲ့ အခြေခံမူတစ်ရပ် သတ်မှတ်ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုလိုပါတယ်။

နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတ တို့ ဟာ နိုင်ငံတော်ကို ဦး ဆောင် ပြီး ရှေ့တန်းကနေ နိုင်ငံတော်ရဲ့ အရေးအရာ ကိစ္စများကို ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်များ ဖြစ်တဲ့အတွက် ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုကို အပြည့်အဝ ရယူထားဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ပြည်သူများအနေနှင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများဟာ မိမိတို့ဦးစီးတဲ့ တစ်စီးပွားဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီး ပွား ရေး လုပ်ငန်း၊ စုငွေနှင့် အခြား အဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့် တကွ စာရင်းပြုစုပြီး၊ ပြည် ထောင် စု လွှတ်တော် အကြီးအကဲထံ ပေးပို့ထားသင့်ကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ တာဝန်ဝတ္တရားများကို နောက်ကြောင်း အေးအေးနှင့် ထမ်းဆောင်နိုင်ဖို့အတွက် နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများကို ဥပဒေနဲ့ သတ်မှတ်ထားတဲ့လစာ၊စရိတ်နှင့် အဆောင်အယောင်များကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်တဲ့ အိမ်တော် တစ် ဆောင်စီ ကို လည်းကောင်း ပေးအပ်ထားသင့်ကြောင်း အ ကြံ ပြု တင်ပြအပ်ပါသည်။

နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သ မ္မ တ များ ဟာ မိမိတို့ ရာထူးတာဝန်နဲ့ လိုက်လျောညီထွေစွာ ကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။အကယ်၍ ဖောက်ဖျက်ခဲ့လျှင်လည်း နိုင်ငံတော် သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတ တစ်ဦးဦးကိုဖြစ်စေ စွပ်စွဲအရေးယူသင့်ပါတယ်။ကမ္ဘာ့နိုင်ငံများမှာလည်း နိုင်ငံ တော်က သတ် မှတ် ထား တဲ့ ကြီးလေးတဲ့ ပြစ် မှု များ ကို ကျူးလွန်တဲ့ သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများကို စွပ်စွဲအရေးယူလေ့ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာလည်း—

(၁) နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာတော်ကိုဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း

ဆိုတဲ့ အချက် သုံးချက် အနက် တစ် ချက် ချက် ကို ကျူးလွန်တဲ့ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ် ဦး ဦး ကို စွပ်စွဲ ပြစ် တင် သင့် ကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

ကျွန်တော် အထက်က တင်ပြခဲ့တဲ့ အချက်သုံးချက်အနက် အားလုံးကို ဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ ဖောက် ဖျက် ကျူး လွန် တဲ့ နိုင် ငံ တော် သ မ္မ တ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးကို စွပ်စွဲ ပြစ်တင်ဖို့ အ ကြောင်း ပေါ်ပေါက်လာရင် လွှတ်တော်တစ်ရပ်ရပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ် ရေးထိုးပြီး၊ မိမိတို့ရဲ့ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံ ပထမဦးစွာ တင်ပြရန်လိုအပ်ပါတယ်။ အဲဒီ စွပ်စွဲချက်ကိုသက်ဆိုင်ရာ လွှတ် တော် ရဲ့ လွှတ် တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေ အနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဲဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စစ်ဆေးသွားရန် ဖြစ်ပါတယ်။

အဲဒီလို စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ ကိုယ်တိုင်သော် လည်း ကောင်း၊ ကိုယ် စား လှယ် ဖြင့် သော် လည်း ကောင်း ချေပခွင့် ပေးသင့် ပါတယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါမှာ စုံစမ်းစစ်ဆေးတဲ့ လွှတ်တော်ရဲ့ ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံ နှစ်ပုံက ထိုစွပ်စွဲချက်ဟာ မှန် ကန်ပြီး၊ စွပ်စွဲခံရတဲ့ ပြစ်မှုဟာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအား ရာထူးတွင် ဆက်လက်တမ်းဆောင် ခွင့် ရန် မ သင့် ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခံရတဲ့ နိုင် ငံ တော် သ မ္မ တ သို့မဟုတ် ဒုတိယ သမ္မတအား ရာ ထူး မှ ရပ်စဲရန် အဲဒီ လွှတ်တော်က ပြည်ထောင်စု လွှတ်တော် အကြီးအကဲထံ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲက တင်ပြချက်ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော် သမ္မတ သို့မဟုတ် ဒု တိ ယ သမ္မတအား ရာ ထူး မှ ရပ်စဲရန် ကြေညာသင့်ကြောင်း အကြံပြု ဆွေး နွေး အပ် ပါ တယ်။

ဒါပေမဲ့ ကြီးလေးတဲ့ နိုင်ငံတော်ရဲ့ တာဝန်များကို ဦး ဆောင် ၍ တမ်း ရွက် နေကြတဲ့ နိုင်ငံတော် သ မ္မ တ နဲ့ ဒု တိ ယ သ မ္မ တ များ ကို တာ ဝန် ထ မ်း ဆောင် ချိ န် မှ ာ ဖွဲ့ စည်း ပုံ အ ခြေ ခံ ဥပ ဒေ ပါ ပြ ဋ္ဌာန်း ချက် များ နှင့် အ ညီ စွပ် စွဲ ပြစ်တင်ခြင်းမှအပ ယင်းတို့၏ သက်တမ်းကာလ အတွင်း တရားစွဲဆိုခွင့်မပြုနိုင်ရေးအတွက် အကာအကွယ်ပေးထားသင့်ပါတယ်။ ဒါမှသာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ၎င်းတို့ရဲ့ သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့် မပေးသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပေးသင့်ပါတယ်။ အဲဒီလို နိုင်ငံတော်သမ္မတဟာ မိမိရဲ့ရာထူးသက်တမ်းမကုန်ဆုံးမီနုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ရာသော အကြောင်း ကြောင့် ဖြစ် စေ သ မ္မ တရာထူးနေရာ လစ်လပ်ခဲ့လျှင် ဒုတိယသမ္မတနှစ်ဦးအနက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်စဉ်အခါက ဒုတိယမဲ

အများဆုံးရရှိတဲ့ ဒုတိယသမ္မတက နိုင်ငံတော်သမ္မတရဲ့ လုပ်ငန်းများ ရပ်ဆိုင်းမသွားစေရေးအတွက် ယာယီ သမ္မတအဖြစ် ထမ်းဆောင်စေသင့်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတရာထူး လစ်လပ်သွားတဲ့ အချိန်ဟာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်ရင် လစ်လပ်သွားတဲ့ နိုင်ငံတော် သမ္မတရာထူးကို ၇ ရက်အတွင်း ဖြည့်စွက်နိုင်ရေး အတွက် ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ ဆောလျင်စွာ အကြောင်းကြားပြီး အဲဒီအကြောင်းကြားစာကိုရရှိတဲ့အခါမှာသက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေး အတွက် ပြည်ထောင်စုလွှတ်တော် အကြီးအကဲက ဆောင်ရွက်ပေးသင့်ပါတယ်။

သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ပြီးပါက ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များက ကျန်ရှိတဲ့ ဒုတိယသမ္မတနှစ်ဦး နဲ့ပေါင်းပြီး၊ ဒုတိယသမ္မတ ၃ ဦးအနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သင့်ကြောင်း အကြံပြုဆွေးနွေး လိုပါတယ်။

ဒုတိယသမ္မတရာထူးနေရာများမှာလည်း အထက် ပါအတိုင်းလစ်လပ်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီလို ဒုတိယသမ္မတရာထူးနေရာ လစ်လပ်ခဲ့လျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေ ချိန်ဖြစ်ပါက အဲဒီဒုတိယသမ္မတကို ရွေးချယ် တင်မြှောက်ပေးခဲ့တဲ့ ရွေးချယ်တင်မြှောက်ရေးအစု အဖွဲ့က ၇ ရက်အတွင်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရေးအတွက် နိုင်ငံတော် သမ္မတ က ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံသို့ အမြန်ဆုံး အကြောင်းကြား ဆောင်ရွက်စေသင့်ပါ တယ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပ ချိန်မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီး အကဲက နိုင်ငံတော်သမ္မတရဲ့အကြောင်းကြားစာကို ရရှိတဲ့နေ့မှစ၍ ၂၁ ရက်အတွင်း ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကိုခေါ်ယူပြီးသက်ဆိုင်ရာ သမ္မတရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့က ဒုတိယ သမ္မတတစ်ဦးကိုရွေးချယ်တင်မြှောက်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော်တို့ ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်အနေနှင့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲအခန်း ၃ ခန်းနှင့်ပတ်သက် ပြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင် ပြဋ္ဌာန်းသင့်တဲ့ မူများကို အတတ်နိုင်ဆုံးတင်ပြ ဆွေးနွေးအကြံပြုပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တင်ပြ အကြံပြုဆွေးနွေးချက်များဟာ ပြီးပြည့်စုံ လိမ့်မည်လို့မယုံကြည်ပါဘူး။ ပျော့ကွက်၊ ဟာကွက် အားနည်းချက်၊ လိုအပ်ချက်အမြောက်အမြား ပါရှိ နေမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့အတွက် အလွန်အရေးကြီး လှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး အတွက် အခြားအခြားသော အစုအဖွဲ့ အဖွဲ့ အစည်းများကလည်း ပိုမို ပြည့်စုံကောင်းမွန်တဲ့ အချက်အလက်များပါဝင်အောင် အကြံပြုဆွေးနွေး သွားကြလိမ့်မယ်လို့ မျှော်လင့်ရင်း ကျွန်တော်တို့ အဖွဲ့ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**အခမ်းအနားမှူး။** အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။အခုအစည်းအဝေးကိုနေ့လယ်လက်ဖက်ရည်သုံးဆောင်နိုင်ဖို့မိနစ် ၃၀ ခန့်ရပ်နားပါမယ်။ အစည်းအဝေးကို ၂ နာရီ မိနစ် ၂၀ မှာပြန်လည်ကျင်းပပါမယ်။

သဘာပတိအဖွဲ့ဝင်များ ပြန်လည် ထွက်ခွာပါတော့မယ်ခင်ဗျား။

[အမျိုးသားညီလာခံ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ၁၄း၂၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်တဲ့အတွက် သဘာပတိအဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

[သဘာပတိအဖွဲ့ဝင်များသည် သဘာပတိအဖွဲ့ဝင်များအတွက် သီးသန့် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူကြပါသည်။]

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အကြံပြုချက် စာတမ်းများ ဆက်လက်ဖတ်ကြား တင်ပြခြင်း

[နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့စပ်လျဉ်းပြီး အခြေခံရမယ့် မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြကြဖို့ ဖြစ်ပါတယ်။

အခု ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ဦးတီဒေါင်ဝေအား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးတီဒေါင်ဝေ(ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ)။ ။လေးစားအပ်ပါသော သဘာပတိကြီးနှင့် အဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးမှ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျန်းမာ ချမ်းသာကြပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကိုးကန့်ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုသော အမျိုးသားညီလာခံကိုယ်စားလှယ် ဦးတီဒေါင်ဝေ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် နိုင်ငံတော် အခြေခံမူချမှတ်ရမယ့် မူတွေကို အခန်းအလိုက် ခေါင်းစဉ်ဖြစ်သော နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ သမ္မတ အခန်းများနှင့် စပ်လျဉ်းပြီး လေ့လာမှတ်သားရသလောက် ဆွေးနွေး တင်ပြသွားမယ် ဖြစ်ပါတယ်။

## (၁) နိုင်ငံတော်

နိုင်ငံတော်အခန်းနှင့် စပ်လျဉ်းပြီး (၁) မြန်မာနိုင်ငံသည် ဒီမိုကရေစီကို လက်ခံကျင့်သုံးသွားမယ့် နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ပြည်ထောင်စု ဒီမိုကရက်တစ် သမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်ဆိုလျှင် ပိုမိုသင့်တော်သည်ဟု ယူဆပါသည်။ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူ၌တည်သည်။ အာဏာရှင်တစ်ဦး သို့မဟုတ် အာဏာရှင် လူတစ်စု ပါတီတစ်ပါတီတွင် တည်မနေဟုဆို၏။ ထို့ကြောင့် နိုင်ငံတော်သည် အချုပ်အခြာပိုင်၍ လွတ်လပ်သော ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ရမည်။ အချုပ်အခြာအာဏာသည် ပြည်သူအများ၌သာ မရွေ့မလျားတည်နေသည်။ ဒါကြောင့် နိုင်ငံတော်ကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝရရှိပြီး တူညီမျှတမှုရှိသော နိုင်ငံတော်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် တည်ထောင်သွားကြဖို့ရန် ဖြစ်ပါတယ်ဟု မူချမှတ်ရန်သင့်တော်ပါကြောင်း တင်ပြလိုပါတယ်။

## (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် ပြည်နယ်၊ ပြည်မများနှင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စု နိုင်ငံ ဖြစ်ပါသည်။ ပြည်ထောင်စုစနစ်နှင့် နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရမည် ဖြစ်ပါတယ်။

နိုင်ငံတော်ကို တိုင်းနယ်၊ ပြည်နယ် (၁၄) ခုနှင့် တည်ဆောက်ရန် ဖြစ်ပါတယ်။ ကျေးရွာများကို စုစည်းပြီး ကျေးရွာအုပ်စုအဖြစ် လည်းကောင်း၊ ရပ်ကွက်များကိုစုစည်းပြီး မြို့ သို့မဟုတ် မြို့နယ်အဖြစ်သော်လည်းကောင်း၊ ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို စုစည်းပြီး မြို့နယ်အဖြစ်သော်လည်းကောင်း၊ မြို့နယ်များကို စုစည်းပြီး ခရိုင်အဖြစ်သော် လည်းကောင်း၊ ခရိုင်နှဲ့ မြို့နယ်များကို စုစည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်သော် လည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို စုပေါင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအဖြစ်သော်လည်းကောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို စုစည်း၍ နိုင်ငံတော် အဖြစ်သော် လည်းကောင်း၊ အဆင့်ဆင့် ဖွဲ့စည်းရန် ဖြစ်သည်ဟု မူချမှတ်သင့်ပါသည်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** တိုင်း ဒေသကြီး တစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ကိုသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နယ်နိမိတ်ကိုလည်းကောင်း၊ ၎င်းဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်နဲ့ခရိုင် နယ်နိမိတ်များကိုသော်လည်းကောင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်နာမပြောင်းလဲခြင်း၊ မလွှဲမရှောင်သာ ပေါ်ပေါက်လာပါက အဲဒီနယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ နယ်မြေအတွင်း နေထိုင်ကြတဲ့ ပြည်သူလူထုများ၏ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူဖို့လိုပါတယ်။ အဲဒီလို ရယူပြီးတဲ့ အခါမှာ အဲဒီနယ်မြေအတွင်း နေထိုင်ကြတဲ့ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်က ပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးရန် ထောက်ခံဆန္ဒမဲ ရရှိမှသာလျှင် ပြုပြင်ပြောင်းလဲပေးရန် ဖြစ်သည်။ အကယ်၍ ပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးရန်၊ ထောက်ခံမဲ ထက်ဝက်ကျော်မရ သို့မဟုတ် နယ်နိမိတ်အတွင်းရှိ ပြည်သူများရဲ့ ထောက်ခံမှု၊ သဘောတူညီမှု မရရှိရင် ၎င်းဒေသကို ပြင်ဆင်ပြောင်းလဲ သတ်မှတ်ဆောင်ရွက်ပေးခြင်း လုံးဝမပြုလုပ်ဖို့ မူကို ချမှတ်သင့်ပါသည်။

**သဘာပတိကြီးနှင့် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** တိုင်းဒေသကြီးများသို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်တဲ့လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်ဟု မူချထားသည်နှင့်အညီ ရသင့်ရထိုက်သော တိုင်းရင်းသားများအတွက် ဘယ်နေရာဒေသသည် ဘယ်တိုင်းရင်းသားများ ရသင့်တယ်ဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ အနေနှင့် ဆွေးနွေးသွားပါမယ်။ ပထမဦးစွာ ကိုးကန့်တိုင်းရင်းသားများ၏ နယ်မြေဒေသ နောက်ခံသမိုင်းအကြောင်းကို ဆွေးနွေးတင်ပြသွားပါမယ် ဖြစ်ပါတယ်။

### ကိုးကန့်ဒေသ၏ နောက်ခံသမိုင်း အကျဉ်းချုပ်

ကိုးကန့်နယ်သည် ရှမ်းပြည်နယ် အရှေ့မြောက်ဘက်၊ တရုတ်ပြည် ယူနန်နယ်စပ်အနီးတွင် တည်ရှိပါသည်။ နယ်မြေ အကျယ်အဝန်း စတုရန်းမိုင်

(၂၀၀၀) ကျော် ရှိသည်ဟု ခန့်မှန်း ရပါသည်။ ကိုးကန့် တိုင်းရင်းသား လူမျိုးစု၏ လူဦးရေမှာ နှစ်သိန်းကျော် ရှိမည်ဟု ခန့်မှန်း ရပါသည်။ ကျွန်တော်တို့ တိုင်းရင်းသားများသည် အခြား ပြည်ထောင်စု တိုင်းရင်းသား လူမျိုးစုများနှင့်အတူ အာရှအလယ်ပိုင်းဒေသများမှ ရေကြည်ရာမြက်နုရာ ဒေသဖြစ်သော မြန်မာနိုင်ငံထဲသို့ ရှေးယခင်ကပင် တဖြည်းဖြည်း ပြောင်းရွှေ့လာခဲ့ရာ ကိုးကန့်ဒေသ၌ လာရောက် အခြေချ၍ နေထိုင်ခဲ့ရာ ယနေ့ထိ နှစ်ပေါင်း တော်တော်များများ ရှိသွားပြီ ဖြစ်ပါတယ်။ အင်းဝခေတ် မြန်မာဘုရင်များနဲ့လဲ ရင်းနှီး ဆက်ဆံမှု ရှိခဲ့ကြောင်းကို မြန်မာဘုရင်တို့၏ သမိုင်း စာပေများအရ ပေါ်လွင် ထင်ရှား ခဲ့ပါတယ်။ ထိုအချိန်မှစ၍ ကိုးကန့်နယ်ကြီးကို မြို့စားအုပ်ချုပ် သောစနစ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ် စီမံလာခဲ့ပါတယ်။

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် မြန်မာပြည် တစ်ပြည်လုံးသည် နယ်ချဲ့အင်္ဂလိပ်များ သိမ်းပိုက်ခဲ့ပြီး မြန်မာပြည်သည် ကျွန်ဘဝသို့ဆိုက် ရောက်ခဲ့ပါတယ်။ ကိုးကန့်နယ်ကြီးလဲ ရှမ်းပြည်နှင့် အတူ ကျွန်ဘဝသို့ ရောက်သွားခဲ့ရပါတယ်။ ၁၈၉၄ ခုနှစ်၊ အင်္ဂလိပ်နှင့်တရုတ် စာချုပ်တစ်ခုကို ချုပ်ဆိုခဲ့ ကြပါတယ်။ ထိုအချိန်တွင် ကိုးကန့်နယ်သည် ရှမ်း ပြည်နယ်တွင် ပါဝင်သော ဒေသဖြစ်ကြောင်းကို အင်္ဂလိပ်တို့က ကြိုမသိထားသောကြောင့် ၎င်း စာချုပ်ပါ သဘောတူညီချက် အပိုဒ် (၅) အရ ကိုးကန့်နယ် တစ်နယ်လုံးနှင့် ရှမ်းပြည်နယ် အရှေ့ ပိုင်းရှိ ကျိန်းဟုန်းနယ်၊ မိုင်းလင်းနယ်တို့ အပါအဝင် တရုတ်တို့အား လွှဲပြောင်းပေးလိုက်ပါတယ်။

သို့သော် ၎င်းနယ်မြေများအား တရုတ်တို့က အင်္ဂလိပ်၏ သဘောတူညီချက် မရှိဘဲ အခြား မည်သည့်နိုင်ငံကိုမှ လွှဲပြောင်းပေးပိုင်ခွင့်မရှိဆိုသည့် စည်းကမ်းချက်ကို စာချုပ်တွင် ပါဝင်၍ ချုပ်ဆို ရေးသားထားကြပါတယ်။ ၁၈၉၇ ခုနှစ်တွင် တရုတ် နှင့် ပြင်သစ်တို့က အင်ဒိုချိုင်းနားဒေသနှင့်ပတ်သက် ၍ စာချုပ်တစ်ခု ချုပ်ဆိုခဲ့ကြပြန်ပါတယ်။ တရုတ် တို့က အင်္ဂလိပ်တို့နှင့် ချုပ်ဆိုထားသော စာချုပ်ပါ စည်းကမ်းချက်ကို မလိုက်နာဘဲ ကျိန်းဟုန်းနယ်နှင့် မိုင်းလင်းနယ်များကို တရုတ်တို့က ပြင်သစ်ကိုလွှဲ ပြောင်း ပေးလိုက်ကြပါတယ်။ ထိုအချိန် အင်္ဂလိပ် တို့က တရုတ်ကို စာချုပ်စည်းကမ်း ဖောက်ဖျက် သည်ကို အကြောင်းပြု၍ ကိုးကန့် နယ်ကြီးကို ပြန်လည်ပေးအပ်ရန် တောင်းခံသည့်အခါ တရုတ် တို့လဲ မငြင်းသာဘဲ ကိုးကန့်နယ်ကြီးကို အင်္ဂလိပ် တို့အား ပြန်လည် ပေးအပ်ခဲ့ပါတယ်။

ကိုးကန့်နယ်ကို ပြန်လည်ရရှိသောအခါ အင်္ဂလိပ် တို့သည် အုပ်ချုပ်မှု၊ ဆက်သွယ်မှုလွယ်ကူရန် အဓိက ထား၍ ကိုးကန့်နယ်ကို သိန္နီစော်ဘွားလက်အောက် သို့ ထည့်သွင်းပေးခဲ့ပါတယ်။ ၎င်းနောက် ဂျပန် များလဲ မြန်မာပြည်သို့ဝင်ရောက်လာကြကာ ဂျပန် ခေတ်သို့ ပြန်ရောက်သွားခဲ့ရပါတယ်။ ၎င်းဖက်ဆစ် ခေတ်တွင် ကိုးကန့်နယ်အတွင်းသို့လည်း ဂျပန်များ ဝင်ရောက်လာပြီး ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့ ကြပါတယ်။ ထိုအချိန် သိန္နီစော်ဘွားဘက်မှသော် လည်းကောင်း၊ မြန်မာဘက်မှ သော်လည်းကောင်း မည်သည့်ဘက်မှ စစ်ဘက်ဆိုင်ရာအကူအညီ မရရှိ ခဲ့ပါ။ ကိုးကန့်စော်ဘွား ဦးရန်ဝင်ဘင်နှင့် ညီတော် သူ ဦးရန်ဝင့်ဆိုင်းတို့က ကိုယ့်အား ကိုယ်ကိုး၍ ကိုးကန့် နယ်သူနယ်သားတို့၏ ကူညီထောက်ပံ့မှုနှင့် ရရာလက်နက်များ စုဆောင်းကာ ဖက်ဆင်ဂျပန် တို့ကို ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ ဤကဲ့သို့ခုခံတိုက် ခိုက်ရာမှာ မြို့စားကြီး ဦးရန်ဝင်ဘင်၏သားဖြစ်သူ ရန်ကျိန်းချန့်အပါအဝင် ရဲဘော် (၁၀) ကျဆုံးခဲ့ရ ပါတယ်။ တိုသို့ကျဆုံးသွားခဲ့ကြသော ရဲဘော်များ အတွက်ရည်စူး၍ ဂုဏ်ပြုသော အားဖြင့် တာရွှေ ထန်ကိုင် ကျေးရွာအနီး ကျောက်တိုင် တစ်ခုကို စိုက်ထူထားခဲ့ကြရာ ယနေ့ထိတိုင်အောင် အထင် အရှား တွေ့နေရပါတယ်။

သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စား လှယ်တော်ကြီးများ ခင်ဗျား။ အထက်က ဖော်ပြ ခဲ့သော အချက်အလက်များဟာ ကိုးကန့်တိုင်းရင်း

သားတို့က ပြည်ပရန်သူများ ဝင်ရောက်ကျူးကျော်မှုမှ တိုင်းပြည်အပေါ် နယ်မြေဒေသအပေါ် သစ္စာရှိရှိ အသက်ကိုပမာနမထားဘဲ စွန့်စွန့်စားစား ခုခံကာကွယ်ခဲ့ကြသောအဖြစ်ကို မြန်မာ့တော်လှန်ရေးသမိုင်းတွင် မှတ်တမ်းတင် ဂုဏ်ပြုကြရမယ် ဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ်မှာ ဖက်ဆစ်ဂျပန်တို့ကို တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းတိုက်ထုတ်ခဲ့ကြပါတယ်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးစားဦးဆောင်မှုကြောင့် ပြည်နယ်/ပြည်မ မခွဲခြားဘဲ ဟောပြောစည်းရုံးမှုကြောင့် တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုကို ရယူခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၎င်းညီလာခံတွင် ကိုးကန့်စော်ဘွားကြီး ဦးရန်ဝင့်ဆိုင်းနှင့် ဒေသခေါင်းဆောင်များ ပါဝင်ခဲ့ကြပါတယ်။ ၎င်းစာချုပ်၏ အကျိုးဆက်အဖြစ် မြို့စားအဆင့်မှ စော်ဘွားအဆင့်သို့ တိုးမြှင့် ပေးကာ ကိုးကန့်နယ်ကို စော်ဘွား ဦးရန်ကျင်းဆိုင်က အုပ်ချုပ်ခဲ့သည်မှာ စော်ဘွားများ အာဏာစွန့်သည်အထိ ဖြစ်ပါတယ်။

**သဘာဝပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** ဤကဲ့သို့ နောက်ခံ သမိုင်းအကြောင်းဖော်ပြရခြင်းမှာ ကျွန်တော်တို့ ကိုးကန့်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အတွင်းမှ—

(၁) ကိုးကန့်လူမျိုးများ အများဆုံး စုဝေးနေထိုင်သော ဒေသဖြစ်ကြောင်း၊

(၂) ကိုယ်ပိုင်.သီးခြားနယ်နိမိတ် အခိုင်အမာရှိနေကြောင်း၊

(၃) အများဆုံးသုံး ဘာသာစကား၊ စာပေသည် ကိုးကန့်ဘာသာစကားနှင့် စာပေဖြစ်ကြောင်း၊

(၄) ယဉ်ကျေးမှုဓလေ့ထုံးစံ အများဆုံးတူညီသော ဒေသဖြစ်ကြောင်း၊

(၅) စော်ဘွား ကိုယ်ပိုင် အုပ်ချုပ်ရေး စနစ်ဖြင့် အုပ်ချုပ်လာခဲ့သော ဒေသကြီးတစ်ခုဖြစ်ကြောင်း

အခိုင်အမာ ပေါ်လွင်ထင်ရှားစေလို၍ ဖြစ်ပါတယ်။

ထို့ကြောင့် အထက်ဖော်ပြပါ ထူးခြားချက်များကို မူတည်ပြီး ကျွန်တော်တို့ ကိုးကန့် တိုင်းရင်းသားများသည် မိမိတို့ လူမျိုးစု၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံး စံ များ နှင့် အညီ လွတ်လပ်ငြိမ်းချမ်းစွာ နေထိုင်ခွင့်ရှိသော တည်ငြိမ်သည့် နိုင်ငံရေးစနစ် သို့မဟုတ် လူ့အခွင့်အရေးများ အပြည့်အဝ အာမခံချက်ပေးနိုင်သော ဒီမိုကရေစီ စနစ်အောက်မှာ တရားဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု အဖြစ်ဖြင့် နေလို၍ ကိုယ်ပိုင် အုပ် ချုပ် ခွင့် ရ တိုင်း ( Self Administered Division) အဖြစ်ဖြင့် နေလို၍ ယခုရေးဆွဲနေသော အခြေခံဥပဒေတွင် ပွင့်လင်းပြတ်သားစွာ သတ်မှတ်ပေးရန် ဖြစ်ပါသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ နဂိုနယ်မြေ နယ်နိမိတ် အကျယ်အဝန်းသည် ယခင်ဖွဲ့စည်းပုံအရ ကွမ်းလုံမြို့နယ်နှင့် ကုန်ကြမ်းမြို့နယ်၊ မြို့နယ်နှစ်ခု ပေါင်းစပ်ထားသော ဒေသ ဖြစ်ပါသည်။

**သဘာပတိ ကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** ယခု အသစ်တစ်ဖန် ထပ်မံ၍ ပြင်ဆင်သတ်မှတ်ရမည့် နယ်နိမိတ်များလည်း ရှိကောင်း ရှိလိမ့်မယ်လို့ ယူဆပါတယ်။ ထိုသို့ အသစ်ပြင်ဆင် သတ်မှတ်ရန်ရှိပါက သတ်မှတ်ပေးမယ့် နယ်မြေသစ်အတွင်း နေထိုင်သော နယ်မြေခံ လူထု၏ အများဆန္ဒ သဘောထားကို ပထမဦးစွာ ခံယူပြီး သဘောထားတူညီချက် ရှိမှသာလျှင် နဂိုနယ်မြေထဲသို့ ထည့်သွင်းပေါင်းစပ်ပေးရန် ဖြစ်ပါသည်ဟု မူချမှတ်ရန် သင့်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ပေးမှသာလျှင် နယ်နိမိတ်အသစ် သတ်မှတ်ခြင်း အငြင်းပွားမှုနည်းပြီး အောင်မြင်မှု ရရှိမယ် ဖြစ်တယ်လို့ တင်ပြ ဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့သည် စစ်မှန်တဲ့ ဒီမိုကရေစီ စနစ်အောက်မှာ တရားဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လွတ်လပ်စွာ ထူထောင်ပြီးလျှင် တိုင်းရင်းသားလူမျိုးစု အရေးမှ အမျိုးသားအရေးကို ဦးစားပေး လုပ်ဆောင်သွားရန် ဖြစ်သည်။ ကျွန်တော်တို့ကိုးကန့် တိုင်းရင်းသားများသည် အခြား ညီနောင် တိုင်းရင်းသား လူမျိုးစုများနှင့် တန်းတူ ရည်တူ ဥမကွဲ သိုက်မပျက် အတူယှဉ်တွဲနေထိုင်ရန် လိုလားကြသူများဖြစ်ကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။

သဘာပတိကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း သို့မဟုတ် ကိုယ် ပိုင် အုပ် ချုပ် ခွင့် ရ ဒေ သ နှင့် စပ်လျဉ်း၍ အောက်ပါမူများကိုလည်း ချမှတ်သင့်ပါကြောင်း ဆွေးနွေးလိုပါသည်—

၁။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုဝင် ပြည်နယ်တို့၏ စီရင်ပိုင်ခွင့်များ အတွင်း မကျရောက်သည့် နယ်ပယ်များတွင် မိမိ၏ စီရင်ပိုင်ခွင့်နယ်အတွင်းသို့ ကျရောက်သည့် ကိစ္စရပ်များကို သီးခြား လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့် ရှိရမည်ဟူသော မူ ချမှတ်သင့်ပါသည်။

၂။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တစ်ခုသည် မိမိ၏ သီးခြားသွင်ပြင် လက္ခဏာ အခြေအနေများကို ထည့်သွင်း စဉ်းစား၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် ကိုက်ညီသည့် ကိုယ် ပိုင် ဖွဲ့စည်းပုံ အခြေခံဥပဒေများလည်း ရှိရမယ် ဟူသော မူကိုလည်း ချမှတ်သင့်ပါသည်။

၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တစ်ခုသည် ပြည်ထောင်စု နိုင်ငံတော်နှင့် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တို့၏ စီရင်ပိုင်ခွင့် နယ်အတွင်းသို့ ကျရောက်သည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်ထောင်စု လွှတ်တော်နှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တို့၏ အဆင့်အမြင့်ဆုံး နိုင်ငံတော် အာဏာနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ ချရာတွင် ပါဝင်ဆောင်ရွက်ရမည် ဟူသော မူတစ်ရပ်ကိုလည်း ချမှတ်သင့်ပါသည်။

၄။ ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသတစ်ခုသည် မိမိ၏ စီရင်ပိုင်ခွင့် နယ်ပယ်အတွင်း ကျရောက်သည့် ကိစ္စ ရပ် များ နှင့် ပတ် သ က် ၍ ပြည်ထောင်စု နိုင်ငံတော်နှင့် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ၏ လက်အောက်ခံ လုပ်ငန်းဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုတို့ကို ညှိနှိုင်းဆောင်ရွက် ကြီးကြပ်ကွပ်ကဲ ပေးရမည် ဟူသောမူ၊

၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခု၏ အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်း များသည် ဦးစီးအဖွဲ့ဖြစ်သည်။ ၎င်းဦးစီးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဒေသခံပြည်သူများက ဒီမိုကရေစီသဘောအတိုင်း မိမိဆန္ဒအရ ရွေးချယ်တင် မြှောက် သူ များ ဖြင့် ဖွဲ့ စည်း ရ မည် ဟူသောမူ၊

၆။ လူထုဆန္ဒအရ ရွေးချယ်တင်မြှောက် ဖွဲ့စည်းလိုက်သော ဦးစီးအဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခွင့်ရှိရမည် ဟူသော မူများကိုလည်း တစ်ပါတည်း ချမှတ်သင့်ကြောင်းကို ဆွေးနွေးတင်ပြ အပ်ပါတယ်။

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဆက်လက်ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဘယ်တိုင်းရင်းသားများက ဘယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသ၊ ရသင့်တယ်ဆိုတာကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေး

အကြံပြုကြပါဟု ၁၈-၁-၉၄ ရက်နေ့ ပြုလုပ်ကျင်းပခဲ့သော စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက ပြောကြား ရှင်းလင်းချက်နှင့်အညီ ဆက်လက်ပြီး ဆွေးနွေးတင်ပြသွား လိုပါတယ်။

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို ရသင့်ရထိုက်သော တိုင်းရင်းသားများအနက် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ကို အလယ်ဗဟိုပြုပြီး စုစည်းနေထိုင်ကြသော ကချင်တိုင်းရင်းသား များကလည်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသကို ရသင့်ရထိုက်သော တိုင်းရင်းသားများ ဖြစ်သည်ဟု သုံးသပ်ရပါတယ်။ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ပြောကြားရှင်းလင်းချက်မှာပါရှိသောမူ (၇) ချက် အနက် အမှတ်စဉ် (၅) မှာ ပါရှိသောမူမှာ ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားများမှအပ ကျန်တိုင်းရင်းသားများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ဒေသကို သတ်မှတ်ပေးရန် ဖြစ်သည်ဟု ပါရှိသည်ကိုလည်း သိရှိပြီး ဖြစ်ပါသည်။ သို့သော်လည်း ကချင်တိုင်းရင်းသားများ အနေနဲ့ ပြည်နယ်ကို ရရှိပြီး မှန်သော်လည်း ယခု ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်ဒေသမှာရှိသော ကချင်အမျိုးသားများသည် ပြည်နယ်ခြား၊ လူမျိုးခြား ရှမ်းပြည်ထဲမှာ နေထိုင်ကြသော ကချင် တိုင်းရင်းသား များ ဖြစ်သောကြောင့် ဖြစ်ပါတယ်။ နဂိုစော်ဘွားများ အုပ်ချုပ်သော ခေတ်ကလည်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးခဲ့သော တိုင်းရင်းသား လူမျိုးစုများ ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** နယ်မြေဒေသနှင့် လူမျိုးစုအကြောင်း ပြောတော့မယ်၊ ဆွေးနွေးတော့မယ်ဆိုရင် ၎င်းနှင့် ပတ်သက်တဲ့ နောက်ခံသမိုင်း အလိုအလျောက် ပါဝင်ရလာတော့မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွင် လူမျိုးအသီးသီး၏ အစဉ်အလာ ထုံးတမ်းဓလေ့များကို လေးစားကြရပါတယ်။ မိရိုးဖလာဟူသည့်တို့ကို အမြတ်တနိုး ထားကြပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ကျွန်တော်တို့ တိုင်းရင်းသားများ အချင်းချင်းသည်လည်း တစ်ဦး၏ ဘာသာ ထုံးတမ်းဓလေ့ကို တစ်ဦးက ရိုသေလေးစားရန် ဖြစ်ပါတယ်။ တစ်ဦး၏ ဒေသနယ်နိမိတ် နယ်ခြားကို တစ်ဦးက တန်ဖိုးထား လေးစားကြရမယ် ဖြစ်ပါတယ်။

ဒါကြောင့် ကချင်လူမျိုးများ၏ ဆင်းသက်နေထိုင်လာပုံ သမိုင်းကို အကျဉ်းချုံး၍ တင်ပြရမယ်ဆိုရင် ကချင် လူမျိုးများသည် ရှေးယခင်ကနေ တိဗက်နှင့် မွန်ဂိုလီးယား ကုန်းပြင် ကချင်လို မရွယ် ရှင်ရာဘွမ် (Majoi Shing Ra Bum) က နေပြီး မြန်မာပြည်သို့ အခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ ဆင်းသက်ပျံ့နှံ့ နေထိုင်လာခဲ့ကြရာ အများစုသည် ယခုလက်ရှိ ကချင်ပြည်နယ် တောင်ပေါ်မြေပြန့် ဒေသအနှံ့အပြား ဆင်းသက် နေထိုင်ခဲ့ကြပြီး၊ တချို့ကလည်း ကချင်ပြည်နယ်၊ ဗန်းမော် ကုန်းကြောင်းလမ်း အတိုင်း သော်လည်းကောင်း၊ တချို့သည်လည်း သံလွင်မြစ်ကြောင်းလမ်း အတိုင်း သော်လည်းကောင်း ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်ဒေသသို့ အနှံ့အပြား ဝင်ရောက်နေထိုင်ကြကြောင်း သိရပါတယ်။ အများအားဖြင့် ကွတ်ခိုင်ဒေသမှာ စုစည်းနေထိုင်ကြကြောင်း သိရပါတယ်။ ဒါကြောင့် စော်ဘွားများ ခေတ်က ကွတ်ခိုင်မြို့ကို အလယ်ဗဟိုပြုပြီး ကွတ်ခိုင် ကချင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (Kutkai Kachin Sub State)ဟု သတ်မှတ်ပေးခဲ့ကြပါတယ်။ ၎င်းဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ စီမံခွင့်ရ ဒေသ (Autonomous State) ရှမ်းပြည်နယ် လက်အောက်တွင် ပါဝင်သော အစိတ်အပိုင်းများ အဖြစ် ကချင်ဒူးဝါများ၊ မြို့စားများ၊ တိုက်သူကြီးများက စပြီး အရေးပိုင်ဝန်ထောက်အထိ အဆင့်ဆင့် ကချင်အမျိုးသားများ ကိုယ်တိုင် ကိုယ်ပိုင် အုပ်ချုပ်စီမံ လာခဲ့ကြပါသည်။ ထို့ကြောင့် ယခု

ပြည်ထောင်စု ဖွဲ့စည်း တည်ဆောက်ရာမှာ ရှမ်းပြည် မြောက်ပိုင်း ယခင် (Kutkai Kachin Sub State) ဟု သတ်မှတ်ပေးခဲ့သော နယ်မြေအားလုံးကို ယခု ပြန်လည်သတ်မှတ်ပေးမယ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သင့်တော်သလို သတ်မှတ်ပေး သင့်ကြောင်း ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ် ပါတီအနေနဲ့ သော်လည်းကောင်း၊ ရှမ်းပြည်နယ် ကချင်အမျိုးသားများ အားလုံး၏ ကိုယ်စားအနေ နဲ့ သော်လည်းကောင်း ဆွေးနွေး တင်ပြ အပ်ပါ သည်။

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော် ကြီးများ ခင်ဗျား။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ များ နှင့် စပ် လျဉ်း ပြီး တော့ ဆက်လက် တင်ပြလိုပါတယ်။ အထက်ပါ ဖော်ပြခဲ့ သော၊ ပြည်နယ် ရရှိပြီးဖြစ်သော ရှမ်းပြည်နယ်ရှိ ကချင်တိုင်းရင်းသားများနည်းတူ ပြည်နယ် ကိုရရှိပြီး မှန်သော်လည်း ပြည်နယ်ခြား၊ လူမျိုးခြား တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စုစည်းပြီး နေထိုင်ကြသော ကျန်တိုင်းရင်းသားများအတွက် လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ ကို သတ်မှတ်ပေးသင့် ပါတယ်ဟု ယူဆ သုံးသပ် မိပါတယ်။

ပြည်နယ်ကို မရရှိသေးတဲ့ ကျန်တိုင်းရင်းသား များ ဖြစ်ကြသော ကိုးကန့်၊ "ဝ"၊ပအိုဝ်း၊မြို(ခေါ်) ခမီ၊ ပလောင်၊ လီဆူ၊ နာဂ၊ လားဟူ၊ အခါစသော တိုင်းရင်းသားများနှင့် ရသင့်ရထိုက်တယ်လို့ယူဆပြီး မိမိက တင်ပြ ဆွေးနွေး လာသော တိုင်းရင်းသား များ အားလုံးအတွက်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသကို သင့်တော်သလို သတ်မှတ် ပေးသင့်ကြောင်း ကျွန်တော်တို့ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီအနေနဲ့ တင်သွင်း ဆွေးနွေးအပ် ပါတယ်။ သို့မှသာလျှင်ဒို့အရေးသုံးပါးဖြစ်တဲ့ ပြည် ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး ဆိုတဲ့ ဒို့အရေးသုံးပါးကို ပိုမို၍ကျစ်လျစ် ခိုင်မာစေပြီး နိုင်ငံတော် အဓွန့်ရှည်၍ သာယာ ဝပြောသော ပြည်ထောင်စု နိုင်ငံတော်ကြီးဖြစ်လာ နိုင်မယ်ဟု ယုံကြည်စွာ တင်ပြ ဆွေးနွေးအပ်ပါ တယ်။

သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ် စားလှယ်တော်ကြီးများ ခင်ဗျား။ ။ငြိမ်း ချမ်း ရေး တပ်ဖွဲ့များနှင့် ပတ်သက်ပြီးတော့လဲ အနည်း ငယ် တင်ပြဆွေးနွေးလိုပါတယ်။ ၎င်းလက်နက်ကိုင် အဖွဲ့အစည်းကို—

(၁) နိုင်ငံတော်၏ လုံခြုံရေး အတွက်သော် လည်းကောင်း၊

(၂) မိမိတို့၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ လုံခြုံရေး အတွက် သော် လည်း ကောင်း၊

(၃) ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ် များကို စဉ်ဆက်မပြတ် ကာကွယ် စောင့် ရှောက် နိုင် ရန် အတွက် သော် လည်း ကောင်း၊

(၄) ဒီမိုကရေစီစနစ်ကို ကာကွယ် ထိန်းသိမ်း စောင့် ရှောက် သွား ရန် အတွက် သော် လည်းကောင်း

တရားဝင် လက်နက်ကိုင် ပြည်သူ့ ငြိမ်းချမ်းရေး တပ်ဖွဲ့ဖြစ်သည်ဟု အခြေခံဥပဒေ၌ မူတစ်ရပ်ချမှတ် ရန် သင့်တော်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော် ကြီးများ ခင်ဗျား။ နိုင်ငံတော်၏ မြို့တော်နှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြရမယ်ဆိုရင် ရန်ကုန် မြို့ကိုပဲ မြို့တော်သတ်မှတ်ရမယ် ဖြစ်ပါတယ်။ မြို့ တော် တည်ရှိမည့် မြို့သည် ၎င်းမှာ ရှိသင့်ရှိထိုက် သော အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသော နေရာ

မြို့ကို ရွေးချယ် သတ်မှတ်ရမည်သာ ဖြစ်ပါတယ်။ အဲဒီအင်္ဂါရပ်များဟာ သဘာဝအင်္ဂါရပ်နှင့် ပြုပြင်ဖန်တီးလို့ရသော အင်္ဂါရပ်ဟူ၍ အင်္ဂါရပ်များနှင့် ညီညွတ်စွာရှိဖို့ လိုပါတယ်။ သဘာဝ အင်္ဂါရပ်များဟာ ပထဝီမြေကြီး အနေအထား ဖွဲ့စည်းပုံကျယ်ပြန့်ခြင်း၊ ပင်လယ်ဆိပ်ကမ်းနှင့် နီးကပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ပြုပြင်ဖန်တီး၍ရသော အင်္ဂါရပ်သည် နိုင်ငံခြားသံရုံးများ၊နိုင်ငံတော်အစိုးရဗဟိုရုံး၊ဝန်ကြီးများရုံးများနှင့် ၎င်းတို့၏ အဆောက်အအုံများစသည်တို့ဖြစ်ပြီး ဆက်သွယ်သွားလာရေးမှာလဲ လေကြောင်းရေကြောင်း၊ ကုန်း ကြောင်း များ အား လုံး နှင့် အခြားမြို့များထက် ပိုမိုအဆင်ပြေကောင်းမွန်သောကြောင့် နိုင်ငံတော်၏ မြို့တော်ကို ရန်ကုန်မြို့ကိုပဲ ဆက်လက် သတ်မှတ်သင့်ကြောင်းတင်ပြလိုပါတယ်။

## နိုင်ငံတော် အကြီးအကဲ သမ္မတ

သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံတော် အကြီးအကဲဆိုတဲ့ အခန်းလိုက်ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ကျွန်တော် ဆက်လက် ဆွေးနွေးသွားပါမည်။ ကျွန်တော်တို့ ပါတီအနေနှင့် တင်ပြရမယ်ဆိုလျှင် နိုင်ငံတော် အကြီးအကဲသည် သမ္မတပဲ ဖြစ်သင့်ပါတယ်။ ဒီအခြေခံမူအပေါ် ရပ်တည်ပြီး နိုင်ငံတော်သမ္မတမှာ ရှိသင့်တဲ့ အရည်အချင်း၊ ၎င်း၏ တာဝန် ဝတ္တရားများ၊ နိုင်ငံတော်သမ္မတကို ရွေးချယ် တင်မြှောက်ခြင်း၊ သမ္မတ၏ သက်တမ်းနှင့် အသက်၊ သမ္မတအား စွပ်စွဲပြစ်တင်ခြင်း အစရှိတဲ့ အခြေခံရမည့် မူများ ချမှတ်သင့်ပါသည်။

နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်၍ သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုခြင်း၊ နိုင်ငံသားများအားလုံးရဲ့အမျိုးသားခေါင်းဆောင်ဖြစ်ခြင်း၊ နိုင်ငံသားအားလုံးရဲ့ အထွတ် အထိပ်နေရာရရှိခြင်းဖြစ်သည်ဟု အခြေခံမူကိုလည်း ချမှတ်သင့်ပါသည်။

နိုင်ငံတော် သမ္မတကို အုပ်ချုပ် ရေး ဆိုင် ရာ အာဏာ အပြည့်အဝ ပေးမည်ဆိုလျှင် အဲဒီသမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ ပြည်ထောင်စု တစ်ခုလုံး၏ ရေးရာ များမှာ ကျွမ်းကျင် ထိရောက် ပြတ်သားစွာ ဆောင်ရွက် နိုင်စွမ်း ရှိသူ ဖြစ်ဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုကတော့ နိုင်ငံတော် သမ္မတသည် ဝန်ကြီးချုပ်စနစ်ဖြင့် အုပ်ချုပ်သော နည်းစနစ်နှင့် အတူ မိမိ၏နိုင်ငံသားများအပေါ် သစ္စာရှိဖို့ လိုအပ်ပါတယ်။ သမ္မတကို နိုင်ငံတော် အကြီးအကဲအဖြစ် သော်လည်းကောင်း၊ အမျိုးသား ခေါင်းဆောင်ကြီး အဖြစ် သော်လည်းကောင်း ရွေးချယ် နေရာပေးထားပြီးဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်မှာသစ္စာမရှိဘူးဆိုရင် သမ္မတအုပ်ချုပ်သောစနစ်သည် ဝန်ကြီးချုပ် အုပ်ချုပ်သလောက် တန်ဖိုးရှိမှာမဟုတ်တော့ချေ။ နောက်ပြီးကျွန်တော်တို့နိုင်ငံမှာ ဝန်ကြီးချုပ် အုပ်ချုပ်တဲ့စနစ်ကို မသင့်ဘူးဟု အများက ဝေဖန်ပြောဆိုပြီး အာဏာ အပြည့်အဝ ပေးထားသော သမ္မတစနစ်သာလျှင် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်စွမ်းရှိသည်ဟု ယူဆကြပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ တစ်ဦးအနေဖြင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိမှု မရှိ၊ ငွေကြေးဥစ္စာ ပေါကြွယ်ဝသူများ အပေါ်သာ မျက်နှာလိုက်ပြီး ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံနေရသော အများပြည်သူအပေါ် ဂရုမစိုက် လုပ်ဆောင်သွားသော သမ္မတမျိုးကို ကျွန်တော်တို့မလိုလားချေ။

သဘာပတိကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား ။ နိုင်ငံတော် သမ္မတ၏ တာဝန်နှင့် ဝတ္တရားများနှင့် စပ်လျဉ်း၍ တင်ပြရမည် ဆိုလျှင် အောက်ပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ထောင်ကြမယ်ဟု အများက လက်ခံထားကြပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတသည် ကျွန်တော်တို့၏

ပြည်ထောင်စုကို ဒီမိုကရေစီ အနှစ်သာရ အပြည့်အဝရှိသော နိုင်ငံတော်ဖြစ်အောင် ဦးဆောင်ဖော်ထုတ်သွားရမည့် မဟာတာဝန် ဝတ္တရားရှိပါတယ်။ နောက်ပြီး လူ့အခွင့်အရေးများနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး ထိထိရောက်ရောက် ခံစားနိုင်အောင် နိုင်ငံတော်သမ္မတက ဤတာဝန်ကြီးကို ဦးထိပ်ထားပြီး ဖော်ဆောင်သွားရန် အထူးပင် လိုအပ်နေပါတယ်။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသား လူမျိုးစုများအပေါ် ခွဲခြားဆက်ဆံမှု မရှိမှု၊ လောကပါလတရားများကို လျစ်လျူရှုခြင်း မရှိမှု၊ လူဦးရေများသော လူမျိုးစုက လူဦးရေနည်းသော လူမျိုးစုငယ်များကို အစစ အရာရာမှာ အနိုင်ယူ ပြုကျင့်မှုတို့ကို မရှိအောင် နိုင်ငံတော်သမ္မတက အမြဲတစေ သတိထား၍ အုပ်ချုပ်သွားမည် ဖြစ်ပါတယ်။

ဥပမာတစ်ခုနှင့် နှိုင်းယှဉ်တင်ပြရမည် ဆိုလျှင် ဆားသည် ရှင်ဘုရင်နှင့်သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစား၊ စားလျှင်လည်း ငန်သည်။ လယ်သမား၊ အလုပ်သမား၊ မရှိဆင်းရဲသား လူတန်းစားများ စားလျှင်လည်း ငန်သည်။ အမြင့်ဆုံး တောင်ထိပ်ပေါ် တက်ဆိုင်၍စားလျှင်လည်းငန်သည်။အနိမ့်ဆုံး ပင်လယ်ကမ်းခြေ သဲသောင်ပြင်တွင် နေပြီး စားလျှင်လည်းငန်သည်။ ထိုနည်းတူစွာ စစ်မှန်သော ဒီမိုကရေစီမှန်ရင် ထိပ်ဆုံးမှ အောက်ဆုံး လူတန်းစားအထိ ဒီမိုကရေစီအရသာကို တူညီစွာ ခံစားခွင့်ရှိရပါမယ်။

**သဘာပတိကြီးနှင့် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍ တင်ပြသွားပါမယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြီး၏ လွတ်လပ်ရေး ရရန် သက်စွန့်ကြိုးပမ်းခဲ့ရာ၌ ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံရေး အသိ အမြင် ရှိ သူ နိုင်ငံရေး ခေါင်းဆောင်များ၊ တပ်မတော်အင်အားစုများ ပါဝင်သော အင်အားစုများက သူ့နေရာနှင့် သူ ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကျွန်တော်တို့၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံတော်ကြီးတစ်ခု ပေါ်ပေါက်လာရတယ်ဆိုတာ သမိုင်းအရ လူတိုင်းသိရှိထားပါတယ်။ ဒါကြောင့် ဒီနေ့ ပြည်ထောင်စုကြီးတိုးတက်အောင် တည်ဆောက်သွားရန်အတွက် သမ္မတကို ရွေးချယ် တင်မြှောက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံရေး အင်အားစုတို့ကို ကိုယ်စားပြုသော လူထုဆန္ဒအရ ရွေး ကောက် တင် မြှောက် ထား တဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် လူထု လူ တန်း စား ထဲ က အရည်အချင်းပြည့်ဝသူတို့ကို ဒီမိုကရေစီနည်းစနစ်အရ ရွေးချယ်တင်မြှောက်ရန် သင့်တော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** သမ္မတ၏ရာထူးသက်တမ်း၊ အသက်နှင့် စပ်လျဉ်း၍ ဆက် လက် တင် ပြ သွား ပါ မယ်။ နိုင်ငံတော်သမ္မတသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးနှင့် အခြားနိုင်ငံ၏ ရေးရာများတွင် အတွေ့အကြုံရှိရန်လိုအပ်တဲ့ အတွက်သမ္မတသည် အသက်အရွယ်အားဖြင့် ၄၅ နှစ်ထက်မငယ်သော နိုင်ငံတိုင်းရင်းသား/သူ ဖြစ်ရန် လို အပ် ပါ တယ်။ တစ်ဆက်တည်းမှာ နိုင်ငံတော် သမ္မတ ၏ ရာထူးသက်တမ်းသည် လေးနှစ်ဖြစ်၍ နောက်တစ်ကြိမ် ဆက်လက်ရွေးချယ်ခံပိုင်ခွင့် ရှိရမည်။ ဆို လို ရင်း အဓိပ္ပာယ်ကတော့ မည်သည့်ပုဂ္ဂိုလ်မဆို နိုင်ငံတော် သမ္မတရာထူးကို နှစ်ကြိမ်ထက်ပို၍ မထမ်းဆောင်ရဟု ဆိုလိုပါတယ်။

**သဘာပတိကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** နိုင် ငံ တော် သမ္မတ ဟာ လွှတ် တော် ရွေးကောက်ပွဲမှာ ရွေးချယ် တင် မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသော အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်ဟု တင်ပြအပ်ပါတယ်။ ပ ထ မ အ ချက် က တော့ နိုင်ငံတော်သမ္မတဟာ မိမိကိုယ်တိုင်သည် နိုင်ငံသား

ဖြစ်သူ မိဘနှစ်ပါးတို့မှ မွေးဖွားသောသူဖြစ်ရမည်။ ဒုတိယအချက်ကတော့ နိုင်ငံ တော် သမ္မတ သည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး တစ်ဆယ့်ငါးနှစ်၊ နိုင်ငံတော်တွင် အခြေချ နေ ထိုင် ခဲ့ သူ ဖြစ်ရမည်။ ဤကဲ့သို့ သတ်မှတ် ရ ခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြရမည်ဆိုရင် အောက်ပါအတိုင်း ဖြစ်ပါတယ်။ ဥပမာ နိုင်ငံသား သို့မဟုတ် နိုင်ငံသူ တစ်ဦးဦးသည် ပြည်တွင်းမှာ အသက် ၂၅ နှစ်အထိ ပညာဆည်းပူးပြီးနောက် နိုင် ငံ ခြား သို့ ငါး နှစ် လောက် သွားရောက် ပညာတော် သင်ရမည် ဆိုရင် သူ၏အသက်သည် သုံး ဆယ် အ ရွယ် သို့ ရောက်ရှိသွားပါတယ်။ ၎င်းနိုင်ငံသား သို့မဟုတ် နိုင်ငံသူသည် မိမိ၏နိုင်ငံသို့ပြန်ရောက်ချိန်မှာ သူ၏အသက်သည် သုံးဆယ်ရှိပြီးဖြစ်၍ ၎င်း အချိန်မှ စတွက်၍ သူသည် နောက်ထပ်နိုင်ငံအတွင်း တစ် ဆက် တည်း တစ်ဆယ့်ငါးနှစ်လောက် အ ခြေ ချ နေ ထိုင် မှ သာ လျှင် အ သက် ၄၅ နှစ် ရောက် ချိန် တွင် နိုင်ငံတော်သမ္မတရာထူးကို ဝင်ရောက် ပါဝင်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါတယ်။ ဤကဲ့သို့ နိုင်ငံသား၊ နိုင်ငံသူများကို အခွင့်အရေးမဆုံး ရှုံးရအောင် ကာကွယ်ပေးခြင်း ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** နိုင်ငံတော်သမ္မတနှင့် ဒု တိ ယ သမ္မတ များ သည် ဘု ရား မ ဟုတ်၊ နတ် လည်း မ ဟုတ်၊ လောက လူသားသာ ဖြစ်သောကြောင့် နိုင်ငံကိစ္စ အဝဝဆောင်ရွက်ရာတွင် ပြစ် မှု ကျူး လွန် နိုင် ပါ တယ်။ ဥပမာ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကိုဖောက်ဖျက်တတ်ခြင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်တတ်ခြင်းနှင့်အကျင့်သိက္ခာပျက်ပြားတတ်ခြင်းတို့ ဖြစ်ပါတယ်။ သမ္မတနှင့် ဒု တိ ယ သမ္မတ များသည် ဤကဲ့သို့ပြစ်မှုကျူးလွန်ရာတွင် ၎င်းတို့အား စွပ်စွဲပြစ်တင်ဖို့ လိုအပ်လာမည်ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ တစ် ဦး ဦး ကို လွှတ်တော်တစ်ရပ်ရပ်မှ ( လူ မျိုး စု လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်) လွှတ် တော် ကိုယ် စား လှယ် စုစုပေါင်း အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိ တို့ ရဲ့ စွပ် စွဲ ချက် ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံ တင်ပြကြဖို့ဖြစ်ပါတယ်။ ဒီ စွပ် စွဲ ချက် ကို သက် ဆိုင် ရာ လွှတ် တော် ရဲ့ လွှတ် တော် ကိုယ် စား လှယ် စု စု ပေါင်း ဦးရေအနက် အနည်းဆုံးသုံးပုံနှစ်ပုံက ထောက်ခံမှသာလျှင် အခြားလွှတ်တော်တစ်ရပ်ရပ်က ၎င်းစွပ်စွဲချက်ကို အဖွဲ့ ဖွဲ့၍ စုံးစမ်းစစ်ဆေးပေးရပါတယ်။ အစွပ်စွဲခံရသူ သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ တစ်ဦးဦးတို့အား ချေပခွင့်ပေးရပါတယ်။ ဤကဲ့သို့ လွှတ်တော်တစ်ရပ်ရပ်က စုံ စမ်း ရာ တွင် အ ပြစ် ရှိ ကြောင်းတွေ့ရတဲ့အချိန်၊ ၎င်းစုံစမ်းတဲ့ လွှတ်တော်တစ်ရပ်က စုံစမ်းရာတွင် အပြစ်ရှိကြောင်းတွေ့ရတဲ့အချိန်၊ ၎င်းစုံစမ်းတဲ့ လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံနှစ်ပုံက ၎င်းစွပ်စွဲချက်ဟာ မှန်ကန်ကြောင်းတွေ့ရှိပါက ၎င်းပုဂ္ဂိုလ်သည် သမ္မတ သို့မဟုတ် ဒု သမ္မတ ရာထူးမှ **ရပ်စဲသင့်**ကြောင်းဆုံး ဖြတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ တင်ပြရမည်။ ပြည် ထောင် စု လွှတ် တော် အ ကြီး အကဲက တင်ပြချက် ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသူ သမ္မတ သို့မဟုတ် ဒု - သမ္မတကို ရာထူးမှ ရပ်စဲကြောင်း ကြေညာရမည်ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** ကျွန်တော်တို့ ပြည်ထောင်စုမှာ ဥပဒေပြုရေးအာဏာ၊ အုပ် ချုပ် ရေး အာ ဏာ နှင့် တရားစီရင်ရေးအာဏာစတဲ့ အာဏာသုံးရပ်ကိုပိုင်းခြားကျင့်သုံးဖို့ မူချမှတ်ထားပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို သမ္မတအဖြစ် ရွေး ချယ် တင် မြှောက် လိုက် ပါ က ထိုပုဂ္ဂိုလ်သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခြင်း၊ သမ္မတ သို့မဟုတ် ဒု သမ္မတအဖြစ်လည်း တစ်ချိန်တည်းမှာ ပူးတွဲ ဆောင် ရွက် မယ် ဆို ရင်

အာဏာသုံးရပ် ပိုင်းခြားကျင့်သုံးတဲ့မူနှင့် ကိုက်ညီမှု မရှိတော့ပါ။ ဒါကြောင့် နိုင်ငံတော်သမ္မတသို့မဟုတ် ဒု-သမ္မတ ဖြစ်လာပြီဆိုပါက အောက်ပါမူများကို ချမှတ်သင့်ကြောင်း တင်ပြလိုက်ပါတယ်—

၁။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒု-သမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ နုတ်ထွက်သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု သတ်မှတ်သင့်သည်။

၂။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒု-သမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်းအတွင်း ယင်းပါတီ၏ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရဟူ၍ မူတစ်ရပ်ချမှတ်သင့်ကြောင်း ဆွေးနွေးတင်ပြလိုပါသည်။

**သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား။** အထက်ပါကျွန်တော်တို့ပါတီ၏ အကြံပြုဆွေးနွေးသော စာတမ်းသည် အားနည်းချက်၊ အားသန်ချက် ရှိမည်မှာအမှန်ပင်ဖြစ်ပါတယ်။ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ အားလုံးက အပြစ်သဘောနှင့်မမြင်ဘဲ အပြုသဘောနှင့် ဝေဖန်သုံးသပ်နိုင်ကြပါကြောင်း ပြောကြားရင်းလေးစားစွာဖြင့် နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲအခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြခြင်း

**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် မွန်(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့**

**အခမ်းအနားမှူး။** အခု ဆက်လက်ပြီး မွို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။

ဦးသာဘန်းအောင်အား ဖတ်ကြား တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးသာဘန်းအောင် [မွို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့]။** လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများကို လေးစားပါကြောင်းဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှ မွို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ် ဦးသာဘန်းအောင် ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းမြေ့နိုင်ကြပါစေလို့ ဆုမွန်တောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား။** နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူသည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံး၏ အသက်တမျှအရေးကြီးသော အဓိကကျသည့် အချက်ဖြစ်ကြောင်း ဆွေးနွေး အကြံပြုခဲ့ပြီး ဖြစ်ပါသည်။ အလားတူပဲ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံလည်း အင်မတန်မှအရေးကြီးသော အချက်တစ်ချက်ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွဲ့စည်းတည်ဆောက်ရာတွင် ထိုဒေသရှိ ရေ၊ မြေ၊ တော၊ တောင်သဘာဝပတ်ဝန်းကျင် လူနေမှုစနစ်နှင့် ယင်းဒေသအတွင်းရှိ နှစ်ပေါင်းပရိစ္ဆေဒများကပင် အေးအတူပူအမျှ၊ ဆိုးတူကောင်းဖက်နေထိုင်လာခဲ့ကြသောတိုင်းရင်းသားလူနည်းစုများအသီးသီးတို့၏ အရေးနှင့် ဘဝခံစားချက်များကိုလည်း ထပ်တူခံစားမှုဖြင့် သဘောထားကြီးကြလျက် တိုင်းရင်းသားလူမျိုးစုများအားလုံး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်မည့် အခွင့်အရေးများရရှိနိုင်အောင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံတွင် ပီပီပြင်ပြင် အခိုင်အမာပြဋ္ဌာန်းရေးဆွဲကြရန် အလွန်အရေးကြီးလိုအပ်လှပါတယ်။

သို့မှသာလျှင် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်တူကိုယ်တူရှိလာကြပြီး လူမျိုးစုကြီး–လူနည်းစု၊ သဘော၊ ကြီးနိုင်ငယ်ညှဉ်း အားပေးအနိုင်ကျင့်တဲ့ စနစ်တွေ ပျောက်ကင်းနိုင်မည်ဖြစ်ပါတယ်။ အချင်းချင်းအထင်အမြင်လွဲမှားမှု၊ သံသယစိတ်တွေပျောက်ကင်းကြလျက် အချင်းချင်း အလေးထားချစ်ခင်လေးစားမှု ရှိလာကြပြီး၊ ပြည်ထောင်စုကြီးသည်လည်း ဥမကွဲ သိုက်မပျက်စွာဖြင့် အဓွန့်ရှည် အစဉ်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ယခု ရေးဆွဲမည့် အခြေခံဥပဒေတွင် ချမှတ်ခဲ့သည့် အခြေခံ မူနှင့်

အညီ နိုင်ငံတော်နှင့်ပတ်သက်၍ မည်ကဲ့သို့ထည့်သွင်း ဖော်ပြသင့်သည်ဆိုတာကို အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

၁၉၉၃ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့ အမျိုးသားညီလာခံတွင်အမျိုးသားညီလာခံကျင်းပ ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ခဲ့သည့် အခြေခံမူတွင် နိုင်ငံတော်ဟူသော အခန်း ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး —

၁။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

၂။ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဟုခေါ်တွင်မည်၊

၃။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ် ဝန်းလုံးမှာ တည်သည်၊

၄။ နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုသည့် နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်

ဟု အခြေခံမူတွင် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ ဖြင့် စုပေါင်း နေထိုင်သည့် နိုင်ငံ ဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံတော်နှင့် စပ်လျဉ်းသည့် အခန်း ခေါင်းစဉ်အောက်တွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ ဖြင့် စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟု ထပ်မံဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ် ပါတယ်။ တစ်ဆက်တည်းမှာ နိုင်ငံတော်ဦးတည် ချက်များအဖြစ်—

၁။ ပြည်ထောင်စု မပြိုကွဲရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြို ကွဲရေး၊

၃။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

၄။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်း ကားရေး၊

၅။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ် ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောက ပါလတရား ပိုမိုထွန်းကားရေး၊

၆။ နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကိုအစဉ်တစိုက် ဦးတည်သည်ဟူ၍လည်းကောင်း၊

၇။ နိုင်ငံတော်သည် စစ်မှန်သော ဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည်ဟူ၍ လည်းကောင်း

နိုင်ငံတော်ခေါင်းစဉ်နှင့် စပ်လျဉ်းလို့ အခြေခံ ရမည့်မူအဖြစ်ချမှတ်ခြင်းဟာ သင့်လျော်သဘာဝကျ ပါကြောင်းတင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး ဆက်လက် အကြံပြု တင်ပြလိုပါတယ်။ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် နိုင်ငံတော်အခြေခံ မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်း ပြောကြားချက်တွင်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စု စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(၂) ရှိရင်းစွဲတိုင်း (၇)တိုင်းကို တိုင်းဒေသကြီး (Region) ၇ ခု အဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇) ပြည်နယ်ကိုပြည်နယ် (State) ဟူ၍လည်းကောင်း ပိုင်းခြား သတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇) ခု နှင့် ပြည် နယ်(၇)ပြည်နယ်တို့သည်အဆင့် အတန်း တူညီကြသည်၊

(၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ်များ၏ အမည်များကို ရှိရင်းစွဲ အတိုင်း ခေါ်ဆိုသုံးနှုန်းသည်၊

(၄) တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်ပြည်နယ်၏အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်မည်၊

(၅) တိုင်းဒေသကြီးများ (သို့မဟုတ်) ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်၊

(၆) ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့်နယ်မြေ အကျယ်အဝန်း အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်။ ထိုသို့သတ်မှတ် ပေးရေးအတွက် နိုင်ငံတော်က ကော်မရှင်ဖွဲ့၍ ဆောင်ရွက်ပေးရန်ဖြစ်သည်၊

(၇) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်နိမိတ် အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ

ဟု ချမှတ်ခြင်းဟာ အမှန်တကယ် ချမှတ်သင့်တဲ့ အခြေခံရမည့် မူတွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။**

အထက်ဖော်ပြပါနိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အပိုဒ် (၂)မှာ ရှိရင်းစွဲ တိုင်း(၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇)ပြည်နယ်(State) ကို ပြည်နယ်များအဖြစ်လည်းကောင်း ပိုင်းခြား သတ်မှတ်သည်လို့ ချမှတ်ထားပါတယ်။ သို့ပါ၍ အဲဒီအခြေခံမူတွေနှင့်အညီ တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို အောက်ပါအတိုင်း ခေါ်ဝေါ်ပိုင်းခြား သတ်မှတ်သင့်ပါတယ်—

၁။ နိုင်ငံတော်ကို အောက်ပါ တိုင်းဒေသကြီး (Region) (၇)ခုနှင့် ပြည်နယ်(State) (၇) ပြည်နယ်ဖြင့် ပိုင်းခြား သတ်မှတ်သည်—

- ကချင်ပြည်နယ်
- ကယားပြည်နယ်
- ကရင်ပြည်နယ်
- ချင်းပြည်နယ်
- စစ်ကိုင်းတိုင်းဒေသကြီး
- တနင်္သာရီတိုင်းဒေသကြီး
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- မွန်ပြည်နယ်
- ရခိုင်ပြည်နယ်
- ရန်ကုန်တိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီး

၂။ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်ဟူ၍ သတ်မှတ်

ခဲ့ခြင်းမှာ သဘာဝကျ၊ သင့်လျော်ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်း၍ အခြေခံမူ အပိုဒ်(၅) ၌ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန် သင့်မြတ်သည့် လူဦးရေရှိပြီးနယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ် ပေးရန် ဖြစ်သည်ဟူ၍ လည်းကောင်း၊ အပိုဒ် (၆) ၌ ထိုသို့ သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်း အပေါ် အခြေပြု၍ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း (Self Administered Division)သို့မဟုတ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ(Self Administered Zone) အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန် ဖြစ်သည်ဟူ၍လည်းကောင်း ချမှတ်ထားပါတယ်။

**လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား။** အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်မှ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ သမ္မတ အိမ်တော်ဝင်းအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် မိန့်ကြားသည့် သဘာပတိ အဖွင့်မိန့်ခွန်း၌ ယနေ့ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ တိုင်းရင်းသား လူမျိုးပေါင်းများစွာ အတူတကွ ပူးပေါင်း နေထိုင်ကြလျက်ရှိကြပါတယ်။တိုင်းရင်းသားလူမျိုးများဟာ နီးကြား တိုးတက် လာတာနှင့် အမျှ မိမိဒေသကို မိမိတို့စီမံခန့်ခွဲလိုတဲ့ ဆန္ဒတွေ တိုးတက်ဖြစ်ပေါ်နေတာတွေကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့် သတ်မှတ် ထားတဲ့ အခြေခံမူတွေနဲ့ ညီညွတ်တဲ့ တိုင်းရင်းသား လူမျိုးများအဖို့ ရသင့်ရထိုက်တဲ့ စီမံခန့်ခွဲခွင့်ကိုရရှိအောင် ကျွန်တော်တို့ အားလုံးက သဘောထားကြီးကြီးနှင့် ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်လို့ မိန့်မှာခဲ့ပါတယ်။ အဲဒီမိန့်ခွန်းဟာ ပြည်ထောင်စု အတွင်းမှာနှစ်ပရိစ္ဆေဒ များစွာကပင် နေထိုင်လာခဲ့ကြပြီးတိုးတက်မှု နောက်ကျကျန်ရစ်နေသော တိုင်းရင်းသား လူနည်းစုများ ဘဝခံစားချက်များကို စိတ်ရင်းစေတနာမွန် အပြည့်ဖြင့်ထင်ဟပ်ပေါ်လွင် မီးမောင်းထိုးပြသည့်မိန့်မှာချက်ပင်ဖြစ်ပါသည်။

**လေးစား အပ်တဲ့ သဘာပတိကြီး ခင်ဗျား။** မြန်မာနိုင်ငံတွင် လူဦးရေ လေးဆယ့်တစ်သန်းနှစ်သိန်း ရှိကြောင်း၊ လူဦးရေ တစ်သောင်းအထက်ရှိတဲ့ လူမျိုးစုပေါင်း ၃၅ မျိုးထိရှိကြောင်း သိရှိရပါတယ်။ သို့ပါ၍ ဖော်ပြပါ လူမျိုးစု ၃၅ မျိုးကို အခြေခံ၍ စီရင်စုများ ဖော်ဆောင်ပေးပါက အလွန်ပင် ဆီလျော်သင့်တော်လိမ့်မယ်လို့ ယူဆပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** မြန်မာ တစ်ပြည်လုံး၌ ဖြစ်စေ၊ အဖွဲ့ဝင်ဒေသတစ်ခုခု၌ဖြစ်စေ ရှိသော လူဦးရေ အားလုံးတွင် အနည်းဆုံး ၁၀ ပုံ ၁ ပုံမျှ လူဦးရေရှိသော လူတစ်စုအား ရရှိနိုင်စေရန် ဝန်ခံချက်ပြုရမည် ဟူသော ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေကဲ့သို့ သတ်မှတ်ခဲ့ပါက လူမျိုးစုများ အရေးဟာ ထူးခြားမှုမရှိ မှေးမှိန်စွာဖြင့် နစ်မြုပ်ဆုံးရှုံးမှုများ ရှိနိုင်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် မရရှိကြသေးတဲ့ တိုင်းရင်းသား လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ပေးရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်း နှစ်ခုတည်းဖြင့် အခြေမခံသင့်ဘူးလို့ ထင်မြင် ယူဆမိပါတယ်။ လူဦးရေနှင့် နယ်မြေအကျယ်အဝန်း အနည်းအများကို အဓိကမထားဘဲ ရှေးပဝေသဏီကပင် တိုင်းရင်းသား လူမျိုးစုအဖြစ် ရပ်တည်နေထိုင်လာခဲ့သည့် သမိုင်းကြောင်းနှင့် ၎င်းလူမျိုးတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းများကိုလဲ လေ့လာဆန်းစစ် အသိအမှတ်ပြုလျက် လက်ရှိဖြစ်ပေါ်နေမှု အခြေအနေအပေါ်တွင် အခြေခံ၍ စီရင်စုများအဖြစ် သတ်မှတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** မြန်မာ နိုင်ငံနှင့် အိမ်နီးချင်းဖြစ်တဲ့အိန္ဒိယနိုင်ငံမှာလူဦးရေ ၇၄၄ သန်း ကျော် ရှိကြောင်း သိရှိရပါတယ်။ ၎င်းနိုင်ငံတွင် လူဦးရေ သန်းပေါင်း ၅၀ ကျော်ရှိတဲ့ တမိန္ဒာဒူး ပြည်နယ်မှ လူဦးရေ နှစ်သောင်း ကျော်မျှသာရှိတဲ့ အာရူနာချလပရာဒေ့ရှ် စသည်ဖြင့် ပြည်နယ်ပေါင်း ၂၀ ကျော်ရှိကြောင်းသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တိုင်းရင်းသား လူမျိုးစုများ၏ အရေးကို အလေး ထားသည့် အနေဖြင့် လူဦးရေ နှစ်သောင်းအောက် ရှိသော လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ် သတ်မှတ် သည် ဟူ၍လည်းကောင်း၊ လူဦးရေ နှစ်သောင်း နှင့် အထက်ရှိသော တိုင်းရင်းသား လူမျိုးစုများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division)အဖြစ်သတ်မှတ်သည်ဟူ၍လည်းကောင်း နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ် အောက်တွင် အခြေခံရမည့် မူအဖြစ် ဖြည့်စွက် သတ်မှတ်သင့်ပါကြောင်း အလေးအနက် အကြံပြု တင်ပြအပ်ပါတယ်။ သို့မှသာလျှင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ပေါင်းစုံဖြင့် ဖွဲ့စည်း တည်ဆောက်သည်နှင့် အညီ တိုင်းရင်းသား လူမျိုးစုများ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ရရှိကြ၍ ကျေနပ်ဝမ်းသာ ပျော်ရွှင်ကြည်နူးမှုဖြင့် အမိပြည်ထောင်စုကြီးလည်း ပို၍တည်တံ့ခိုင်မြဲလာမည်ဖြစ်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး၊ သဘာပတိ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။** အခုလို အခွင့်အခါရလို့ ကျွန်တော်တို့ မြို(ခေါ်)ခမိ လူမျိုးအကြောင်းကို ကိုယ်စားလှယ် တော်ကြီးများ သိရှိနိုင်ရန် အနည်းငယ်ထပ်မံတင်ပြ လိုပါတယ်။

ကျွန်တော်တို့ မြို(ခေါ်)ခမိလူမျိုးတို့ဟာ ရခိုင် ပြည်နယ် မြောက်ပိုင်း မြို့နယ်အချို့ ဖြစ်သည့် ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ဘူးသီး တောင်း မောင်တော၊ ရသေ့တောင်၊ ကျောက်တော် မြို့နယ်နှင့် ချင်းပြည်တောင်ပိုင်း ပလက်ဝမြို့နယ် တွေမှာ နယ်မြေဒေသ တစ်ဆက် တစ်စပ်တည်း အားဖြင့် နေထိုင်ခဲ့ကြပါတယ်။ လူဦးရေအားဖြင့် (တစ်သိန်း ခွဲ) ခန့်ရှိပါတယ်။

သို့ပါ၍ ယခုလိုအခွင့်အခါရှိသည့် အချိန်တွင် ကျွန်တော်တို့ မြို (ခေါ်) ခမိလူမျိုးများအနေဖြင့် ရှေးယခင်နည်းတူ တစ်ဆက်တစ်စပ်တည်း ပြန်လည် စုစည်းစွာ နေထိုင်ခွင့်ရရှိလိုကြပါတယ်။ သို့ပါ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များ အချို့နှင့် ပလက်ဝမြို့နယ်အား နယ်မြေဆက်စပ်စုစည်းလျက် မြို (ခေါ်) ခမိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ( Self Administered Division) အဖြစ်သတ်မှတ်ပေး ပါရန် အလေးအနက်တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** ကျွန်တော်တို့ မြို (ခေါ်) ခမိ တိုင်းရင်းသား လူမျိုးကဲ့သို့ အလားတူ အခြား တိုင်းရင်းသားလူမျိုးစုတွေလည်း ရှိကြမှာ ဖြစ်တဲ့အတွက် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းတွင် ပြည်နယ်တစ်ခုနှင့် တစ်ခုကြားတွင် လည်းကောင်း၊ ပြည်နယ် နှင့်တိုင်းကြားတွင်သော် လည်းကောင်း နေထိုင်ပြီး ဘာသာစကား၊ ရိုးရာ ဓလေ့ထုံးစံ ယဉ်ကျေးမှု တူညီနေသည့်လူမျိုးတို့အား စုစည်း နေထိုင်လိုသော ဆန္ဒရှိပါက နယ်မြေဒေသ ဆက်စပ်ပေါင်းစည်းနေထိုင်ခွင့်ပြုသည်ဟူ၍ အခြေခံ ရမယ့်မူအဖြစ် ဖြည့်စွက် သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးမှ ၁၉၉၄ ခု၊ ဇန်နဝါရီလ ၁၈ ရက် နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ရှင်းလင်း ပြောကြားခဲ့သည်မှာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ကြရန်အတွက် နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်း ဆောင်ရွက်ခြင်းဟာ လုပ်ထုံး လုပ်နည်းနဲ့

သက်ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက် မိမိတို့ရဲ့ ညီအစ်ကို တိုင်းရင်းသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေး တွေကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံမှာ တညီတညွတ်တည်း ရှိနေကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရသင့် ရထိုက်တဲ့ တိုင်းရင်းသားများနှင့် ပတ်သက်ပြီး ဘယ် တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရသင့်တယ်။ ဘယ် တိုင်းရင်းသားတွေဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရသင့်တယ် ဆိုတာနှင့် အဲဒီ ရသင့်တဲ့အတွက် ဘယ်နေရာ ဘယ်ဒေသတွေမှာ သတ်မှတ် ပေးသင့်တယ် ဆိုတာကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမည့်အစား ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်းသတ်မှတ်ပေးမည်ဆိုလျှင် သက်ဆိုင်ရာ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာဖြစ်ပါတယ်လို့ ရှင်းလင်း ပြောကြားခဲ့ပါတယ်။ အမျိုးသားညီလာခံကျင်းပ ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်း လင်း ပြောကြားချက်ဟာ တိုင်းရင်းသား လူမျိုးစု များအားလုံး ရသင့်ရထိုက်သည့် စီရင်စု များကို မြန်မြန်ဆန်ဆန် ရရှိနိုင်ကြမည်ဖြစ်သဖြင့် တိုင်းရင်း သား လူမျိုး၊ လူမျိုးစုများအားလုံး ဝမ်းမြောက် ဝမ်းသာကြည်နူးကြလျက် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမည် ဖြစ်သဖြင့် ပို၍သင့်လျော်ပါကြောင်းတင်ပြအပ်ပါသည်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်၏ လုပ်ငန်းအဆင့်ဆင့်ကို အနီးကပ် ကြီးကြပ်နိုင်စေဖို့ အတွက် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ် လျဉ်းပြီး နိုင်ငံတော်ကို—

(၁) ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ် လည်းကောင်း၊

(၂) ရပ်ကွက်များကို မြို့ (သို့မဟုတ်) မြို့နယ် အဖြစ်လည်းကောင်း၊

(၃) ကျေးရွာ အုပ်စုများ၊ ရပ် ကွက် များ (သို့မဟုတ်) မြို့များကို မြို့နယ် အဖြစ် လည်းကောင်း၊

(၄) မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊

(၅) ခရိုင်များကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဖြစ်လည်းကောင်း၊

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ထိုဒေသ အတွင်းရှိမြို့နယ်များကိုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအဖြစ်လည်းကောင်း၊

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်း အတွင်းရှိမြို့နယ်များကိုခရိုင်အဖြစ်စုစည်း ပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းများအဖြစ် လည်းကောင်း၊

(၈) တိုင်းဒေသကြီးတစ်ခု (သို့မဟုတ်) ပြည် နယ် တစ်နယ်တွင် ကိုယ်ပိုင် အုပ် ချုပ် ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသရှိပါက ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသ နှင့် ခရိုင်များကို တိုင်း ဒေသကြီး (သို့မဟုတ်) ပြည်နယ်အဖြစ် လည်းကောင်း၊

(၉) တိုင်းဒေသကြီးနှင့်ပြည်နယ်များကို နိုင်ငံ တော်အဖြစ်လည်းကောင်း စုစည်းသည် ဟု ချမှတ်သင့် ပါတယ်။

**လေး စား အပ်တဲ့ သဘာပတိကြီး ခင်ဗျား။** တိုင်းရင်းသားလူမျိုးစုတွေအတွက်စီရင်စုများ သတ် မှတ်ပေးရာတွင် ၎င်းကိုယ်ပိုင် အုပ်ချုပ်ခွင့် ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများသည် အင်္ဂါရပ်များ ညီညွတ်လာစေဖို့အတွက် လိုအပ်လာ မည်ဖြစ်ပါတယ်။ ထို့ကဲ့သို့ အင်္ဂါရပ်တွေနှင့် ပြည့်စုံ စေဖို့အတွက် လိုအပ်သော မြို့ပြ အသစ်များကိုလဲ တိုးချဲ့တည်ဆောက်ပေးရမည်ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းခေါင်းစဉ်အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ လိုအပ်သော မြို့နယ်သစ်များကို တိုးချဲ့တည်ဆောက်ပေးရမည်ဟူ၍ အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း အလေး အနက် အကြံပြုတင်ပြ အပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံအခန်းမှာ နိုင်ငံတော်အကျိုးကို ရှေးရှုပြီး နယ်နိမိတ် ကိစ္စနှင့် ပတ်သက်လို့ အကြံပြု တင်ပြလိုပါတယ်။ တိုင်း ဒေသကြီးများ၊ ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေတူညီစွာ ရွေးကောက် တင်မြှောက်တဲ့ လွှတ်တော်တစ်ရပ်ရပ်နှင့်လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့ လွှတ်တော် တစ်ရပ်၊ ပေါင်းလွှတ်တော် ၂ ရပ်ပါရှိမည့် ပြည်ထောင်စု လွှတ်တော်ရှိမှာ ဖြစ်ပါတယ်။ အဲဒီ လွှတ်တော်ကို ဦးဆောင်ဖို့ အကြီးအကဲများလည်း ရှိမှာဖြစ်ပါတယ်။

နိုင်ငံတော် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်ပါက နိုင်ငံတော် သမ္မတ ဟာ ပြည်ထောင်စု လွှတ်တော်အကြီးအကဲထံ ပြည်ထောင်စုလွှတ်တော်၏ သဘောဆန္ဒကို ရယူပေးပါရန် ပထမ ဦးစွာ အကြောင်းကြားသင့်ပါတယ်။ အဲဒီနောက်—

(၁) တိုင်းဒေသကြီးများနှင့် ပြည်နယ် များမှ တင်မြှောက်ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ် များ၏ ထက်ဝက်ကျော် ထောက်ခံမဲ၊

(၂) လူဦးရေကို အခြေခံ ရွေး ကောက်တင်မြှောက် ထားတဲ့ လွှတ်တော်မှာ ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲ၊

(၃) အဲဒီ လွှတ်တော် (၂) ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်တဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲရယူဖို့ဖြစ်ပါတယ်။ အဲဒီ သတ်မှတ်ထားတဲ့နည်းလမ်းများနှင့်အညီ ထောက် ခံ ဆန္ဒ မဲ အသီးသီး ရရှိလျှင် နိုင်ငံတော်နယ်နိမိတ်ကိုနိုင်ငံတော်သမ္မတက ပြင်ဆင် သတ် မှတ် ရေး အတွက် အခြေခံ ရမည့် မူ အဖြစ် ချ မှတ် သင့်ပါကြောင်း အကြံ ပြု တင်ပြ အပ်ပါတယ်။ ယင်းနည်းလမ်းများနှင့် အညီ အကျုံးဝင်တဲ့တိုင်းဒေသကြီး၊ ပြည်နယ်မှ လွှတ် တော် ကိုယ်စား လှယ် များ က သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၇၅)ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့် နိုင်ငံတော်သမ္မတက ပြင်ဆင်သတ်မှတ် နိုင်သည်ဟူ၍ အခြေခံမူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ဆက် လက် ပြီး သက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်)ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ်နှင့် ခရိုင်နယ်နိမိတ်များပြင်ဆင်ခြင်း၊ဖွဲ့စည်းခြင်း (သို့မဟုတ်)အမည်ပြောင်းလဲခြင်းများကိုသက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် အုပ်ချုပ်ရေးမှူး၊ အာဏာ ပိုင်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီးနိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံ တော်ရဲ့ မြို့တော်ကိုမည်သည့်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အုပ်ချုပ်မှုအောက်တွင်မှ မပါဝင်စေဘဲ သီးခြားအုပ်ချုပ်သည့် နယ်မြေဒေသအဖြစ် ထားရှိရန်သင့်လျော်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာ မြို့ကိုနိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့ နိုင်ငံ

များမှာ ယင်းမြို့တော်များကို သမ္မတ (သို့မဟုတ်) ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ ရှိကြောင်း သိရှိရပါတယ်။

သို့ပါ၍ ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာလည်းပဲ ဗဟိုအစိုးရ ရုံးစိုက်တဲ့ ရန်ကုန်မြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အကြီးအကဲခေါင်းစဉ် နှင့် ပတ်သက်လို့ဆက်လက်အကြံပြု တင်ပြ လိုပါတယ်။ အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးက—

(၁) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(၂) နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သည်ဟူ၍ အခြေခံမူအဖြစ်ချမှတ်ထားပါတယ်။ နိုင်ငံတော် အကြီး အကဲ သမ္မတဟာ နိုင်ငံတော်ရဲ့ ကျက်သရေဆောင်ဖြစ်ပါတယ်၊ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြု ရမည်ဖြစ်ပြီး နိုင်ငံသား များ အားလုံး ရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတ သည် ပြည်ထောင်စု မြန်မာ နိုင်ငံတော် တစ်ဝန်းလုံး တွင် နိုင်ငံသား အားလုံးရဲ့ အထွတ်အထိပ် နေရာ ရရှိသည်

ဟူ၍ အခြေခံ ရမည့်မူ အဖြစ် သတ်မှတ် သင့်ပါကြောင်းအကြံပြု တင်ပြအပ်ပါသည်။

**သဘာပတိကြီးနှင့် ညီလာခံ ကိုယ်စားလှယ်များခင်ဗျား။** သမ္မတ ရွေးချယ်ရေးအဖွဲ့ကို သီးခြား ရွေးချယ် တင်မြှောက်ခြင်း မပြုဘဲ ပြည်ထောင်စုလွှတ်တော်မှာပါဝင်တဲ့ လွှတ်တော် ကိုယ်စားလှယ်အားလုံးကို သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များအဖြစ်သတ်မှတ်ပြီး အစုအဖွဲ့(၃)ဖွဲ့ကိုဖွဲ့စည်းလျက် (၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်၊ (၂) လူဦးရေကို အခြေခံ၍ ရွေးကောက် တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်၊ (၃) လွှတ်တော်(၂)ရပ်အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည် စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ပါတယ်။

ပြည်ထောင်စု လွှတ်တော်က ဒုတိယသမ္မတ (၃) ဦးကို ရွေးချယ်ပြီး ၎င်း(၃)ဦးအနက် သမ္မတ တစ်ဦးဦးကို ဆန္ဒမဲပေးလျက် ဆန္ဒမဲ အများဆုံး ရရှိတဲ့ ဒုတိယ သမ္မတဟာနိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်နည်းဖြင့်ရွေးချယ်တင်မြှောက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတများနဲ့ စပ်လျဉ်းလို့ သမ္မတ၊ ဒုတိယ သမ္မတ များအဖြစ် ရွေးချယ် ခံထားရပြီးနောက် နိုင်ငံတော်ကို ကိုယ်စားပြု သစ္စာခံဖို့အတွက် ကတိသစ္စာပြုခြင်းကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ရာထူးသက်တမ်းကို (၄) နှစ်တစ်ကြိမ် ထားရှိ၍၊ နှစ်ကြိမ်ထက်အရွေးချယ်မခံရဟု အခြေခံမူချမှတ်ပြီး သမ္မတအဖြစ်အရွေးချယ်ခံမည့် ကိုယ်စားလှယ်၏အသက်ကို (၄၅) နှစ်နှင့်အထက်ကို သတ်မှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတတို့သည် သမ္မတ သက်တမ်း၊ ပထမ (၃) နှစ် အတွင်း မှာ နိုင်ငံတော်၏ စီးပွားရေး တိုးတက် ပြောင်းလဲမှု မစွမ်းဆောင်နိုင်၍ သော်လည်းကောင်း နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ အကျင့်သိက္ခာ ပျက်ပြားခြင်းတို့ ပေါ်လွင် ထင်ရှားပါက လွှတ်တော် ကိုယ်စားလှယ်(၇၅%)တို့က လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ အယုံအကြည် မရှိကြောင်းကို အဆိုတင်သွင်းခွင့်ပြု

သင့်ပါတယ်။ ဤကဲ့သို့အပြန် အလှန် ထိန်းကျောင်း ပေးမှုသာလျှင် နိုင်ငံတော် တိုးတက်မှုကို အစဉ် ရှေးရှု သတိမလစ်တဲ့ အစွမ်းကုန် ကြိုးပမ်းလာ မည်ဟု ယုံကြည်ပါတယ်။

နိုင်ငံတော် သမ္မတ၊ ဒုတိယ သမ္မတ များ သည် အကြောင်း တစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ နေရာ လစ်လပ်တဲ့အခါ အစားထိုး ရွေးချယ် တင်မြှောက်လိုပါက အဲဒီနိုင်ငံ တော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အသစ်ရဲ့ သက်တမ်းကိုမူလသက်တမ်း ကုန်ဆုံးသည် အထိသာ ချမှတ်သင့်ပါတယ်။ နိုင်ငံတော် သမ္မတ ရာထူးနေရာ လစ်လပ်ခဲ့လျှင် ဒုတိယသမ္မတ (၂) ဦးအနက်သမ္မတ ရွေးခဲ့စဉ်က မဲအများဆုံး ရရှိခဲ့တဲ့ ဒုတိယ သမ္မတ အား နိုင်ငံတော်သမ္မတရဲ့ လုပ်ငန်းများ ရပ်ဆိုင်း မသွားစေဖို့ အတွက် ယာယီသမ္မတအဖြစ် ထမ်း ဆောင်စေရန် အခြေခံမူချမှတ်သင့်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယ သမ္မတအဖြစ် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကို ရွေးချယ်တင်မြှောက် လိုပါက အာဏာ ၃ ရပ်ကို ပိုင်းခြား ကျင့်သုံးတဲ့ မူနဲ့ ကိုက်ညီမှုရှိအောင် နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများဟာ အမျိုးသား ခေါင်းဆောင်များ ဖြစ်တဲ့အတွက် နိုင်ငံရေးပါတီဝင်များ ဖြစ်ခဲ့ရင် သက်ဆိုင်ရာပါတီရဲ့လုပ်ငန်းများမှာ ပါဝင် ဆောင် ရွက်ခွင့် မပြုရဟု ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (၁)၊ (၂) ကဲ့သို့ အခြေခံမူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** တစ်ဆက် တည်းမှာ နိုင်ငံတော်သမ္မတဟာ လုပ်ပိုင်ခွင့်အပြည့်အဝရရှိမည့် နိုင်ငံတော် အကြီးအကဲ ဖြစ်သလို ဒုတိယ သမ္မတ ဟာလည်း နိုင်ငံတော်မှာ ကြီးမားတဲ့တာဝန်များကို ထမ်း ဆောင် ရမည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစု ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း စု ငွေ များနှင့် အခြား အဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်း ပြုစုပြီး ပြည် ထောင် စု လွှတ်တော် အကြီးအကဲထံ ပေးပို့သင့်ပါတယ်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတတို့အတွက် ဥပဒေနဲ့ သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နဲ့အဆောင် အယောင် များ ကို လည်း ကောင်း၊ သင့် တင့် လျောက်ပတ်သည့် အိမ်တော် တစ် ဆောင် စီ ကို လည်းကောင်း ရရှိစေမည်ဟု အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေး တင် ပြ ရင်း နဲ့ ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ် စိတ် နှစ်ဖြာ ကျန်းမာ ရွှင်လန်း ချမ်း မြေ့ နိုင်ကြပါ စေလို့ ကျွန်တော်တို့ မြို့ (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့မှ အကြံပြုစာတမ်းကို ဆွေးနွေး တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**(ဩဘာသံများ)**

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ ဒီနေ့ အမျိုးသားညီလာခံ စုံညီ အစည်းအဝေး ပြီးဆုံးပါပြီ။ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို မနက်ဖြန် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့၊ အင်္ဂါနေ့၊ နံနက် (၉) နာရီ အချိန်တွင် ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

သဘာပတိ အဖွဲ့ဝင်များ ပြန်လည် ထွက်ခွာ ပါတော့မယ်ခင်ဗျား။

[အမျိုးသားညီလာခံ ၂၈ ရက်မြောက်နေ့ အစည်းအဝေး ၁၅း၄၀ နာရီအချိန်တွင် ကျင်းပ ပြီးစီးပါသည်။]

(သြဘာသံများ)

## အမျိုးသားညီလာခံသို့ တက်ရောက်သည့်ကိုယ်စားလှယ်ဦးရေ

## ရက်စွဲ၊ ၂၉-၃-၉၄

| စဉ် | ကိုယ်စားလှယ်အမျိုးအစား | ဖိတ်ကြား | ကိုယ်စားလှယ် တက်ရောက် | ပျက်ကွက် |
|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ | ၄၆ | ၄၅ | ၁ |
| ၂။ | ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ | ၁၀၃ | ၉၈ | ၅ |
| ၃။ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ | ၂၁၃ | ၂၀၄ | ၉ |
| ၄။ | တောင်သူလယ်သမားကိုယ်စားလှယ်များ | ၉၃ | ၉၁ | ၂ |
| ၅။ | အလုပ်သမားကိုယ်စားလှယ်များ | ၄၈ | ၄၇ | ၁ |
| ၆။ | အသိပညာရှင်/အတတ်ပညာရှင် ကိုယ်စားလှယ်များ | ၄၁ | ၃၇ | ၄ |
| ၇။ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ | ၉၂ | ၈၈ | ၄ |
| ၈။ | အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ၅၈ | ၄၀ | ၁၈ |
| | စုစုပေါင်း .... | ၆၉၄ | ၆၅၀ | ၄၄ |

**တက်ရောက်သည့် ရာခိုင်နှုန်း (၉၃.၆၆ %)**

## ၂၉-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၁။ | ဦးမန်းသာဆင်<br>ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ် | နိုင်ငံရေးပါတီကိုယ်စားလှယ်များ | ကျန်းမာရေး (ဆေးရုံတက်) |
| ၂။ | ဦးဖေတင်<br>ညောင်ဦး (၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၃။ | ဦးမြလေး (ခ) သခင်မြလေး<br>ကဝ (၂)<br>အမျိုး သား ဒီ မို က ရေစီ အဖွဲ့ချုပ် | ။ | ကျန်းမာရေး (ဆေးရုံတက်) |

## ၂၆-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၄။ | ဒေါက်တာ လှရှိန်<br>ရပ်စောက်<br>အမျိုးသားဒီမိုကရေစီ<br>အဖွဲ့ချုပ် | ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော<br>ကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၅။ | ဒေါ်မေဖြိုး<br>နမ္မတူ<br>အမျိုးသားဒီမိုကရေစီ<br>အဖွဲ့ချုပ် | ။ | ကိုယ်ရေး<br>ကိုယ်တာ |
| ၆။ | ဦးသောင်းစိန်<br>ပြည် (၂)<br>အမျိုးသားဒီမိုကရေစီ<br>အဖွဲ့ချုပ် | ။ | ။ |
| ၇။ | ဦးထွန်းအောင်<br>စစ်ကိုင်း | တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ | ကျန်းမာရေး |
| ၈။ | ဦးခင်မောင်ဆွေ<br>တနသ်ာရီ | ။ | ကိုယ်ရေး<br>ကိုယ်တာ |
| ၉။ | ဦးညာဏ်လင်း<br>မကွေး | ။ | ကျန်းမာရေး |
| ၁၀။ | ဦးဘာသိ<br>မကွေး | ။ | ။ |
| ၁၁။ | ဦးဝင်းနိုင်<br>မန္တလေး | ။ | ကိုယ်ရေး<br>ကိုယ်တာ |
| ၁၂။ | ဦးနိုင်စံရှိန်<br>မွန် | ။ | ကျန်းမာရေး |
| ၁၃။ | ဦးကြည်ညွန့်<br>ရန်ကုန် | ။ | ကိုယ်ရေး<br>ကိုယ်တာ |
| ၁၄။ | ဦးခွန်သိန်းမြင့်<br>ရှမ်း | ။ | ။ |
| ၁၅။ | ဦးညွန့်မောင်<br>ရှမ်းပြည် မြောက်ပိုင်း | ။ | ။ |

## ၂၆-၃-၉၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၁၆။ | ဦးယောဟန်<br>ရှမ်းပြည် မြောက်ပိုင်း | တောင်သူလယ်သမားကိုယ်စားလှယ်များ | ပြည်နယ်တွင်း |
| ၁၇။ | ဦးစိုးမြင့်<br>စစ်ကိုင်း | ။ | ကျန်းမာရေး |
| ၁၈။ | ဦးဂေခ်ီရှိန်း | အလုပ်သမားကိုယ်စားလှယ်များ | ။ |
| ၁၉။ | ဦးခင်စိုး<br>ဉပဒေပညာရှင် | အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ | ကျန်းမာရေး<br>(ဆေးရုံတက်) |
| ၂၀။ | ဦးစိန်ဗိုလ်တင့်<br>သဘင်ပညာရှင် | ။ | ။ |
| ၂၁။ | ဒေါ်ရီရီမြင့်<br>တွဲဖက်ပါမောက္ခ<br>စီးပွားရေးတက္ကသိုလ် | ။ | ဌာနတာဝန်<br>(ပြည်ပ)<br>အင်ဒိုနီးရှားသို့<br>လေ့လာရေး |
| ၂၂။ | ဦးလှထွန်းအောင်<br>ပါမောက္ခချုပ် (အငြိမ်းစား)<br>မော်လမြိုင် တက္ကသိုလ် | ။ | ကိုယ်ရေး<br>ကိုယ်တာ |
| ၂၃။ | ဒုတိယဗိုလ်မှူးကြီး ထွေးမောင် | နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ | ဌာနတာဝန်<br>(ပြည်ပ)<br>တရုတ်ပြည်သူ့<br>သမ္မတနိုင်ငံသို့<br>သွားသည် |
| ၂၄။ | ဦးတင်ဝင်း | ။ | ဌာနတာဝန်<br>(ပြည်တွင်း) |
| ၂၅။ | ဦးစောသိန်း | ။ | ။ |
| ၂၆။ | ဦးကြည်အေး | ။ | ။ |
| ၂၇။ | ဦးလီဝင်းမြင့်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၁) | အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ | ကျန်းမာရေး |

၂၆-၃-၆၄ ရက်နေ့တွင် ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၂၀။ | ဦးပိုက်ကျော် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | အခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ | ကျန်းမာရေး |
| ၂၉။ | ဦးခင်မောင်(ခ)ဦးလောက်ကျူး ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ။ | ။ |
| ၃၀။ | ဦးရန်မိုးအန်း ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ။ | ။ |
| ၃၁။ | ဦးပေါက်ယိုရိ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ။ | ။ |
| ၃၂။ | ဦးစံလူ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ။ | ။ |
| ၃၃။ | ဦးယာကုတ် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ။ | ။ |
| ၃၄။ | ဦးကျောက်ညီလိုင်း ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ။ | ။ |
| ၃၅။ | ဦးစိုင်းဟန်စစ် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ။ | ကျန်းမာရေး။ |
| ၃၆။ | ဦးကောင်တိုင်း ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၃) | ။ | ကိုယ်ရေးကိုယ်တာ |

# ၂၆-၃-၆၄ ရက်နေ့တွင်ခွင့်ပန်ကြားသည့် ကိုယ်စားလှယ်များစာရင်း

| စဉ် | အမည် | ကိုယ်စားလှယ်အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၃၇။ | ဦးကိုဝ<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၃) | အခြားမိတ်ကြားအပ်သည့် ပုဂ္ဂိုလ်များ | ကိုယ်ရေး<br>ကိုယ်တာ |
| ၃၈။ | ဦးလှသိန်း<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၄) | ။ | ။ |
| ၃၉။ | ဦးလှဝ်းကို<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၄) | ။ | ။ |
| ၄၀။ | ဦးစောခင်<br>သိဿဝတ်ကြီး (အငြိမ်းစား) | ။ | ကျန်းမာရေး |
| ၄၁။ | ဦးဝေါဓလပ်တောင်းဝါဒိ<br>ကချင်ပြည်နယ်<br>အထူးဒေသ (၁) | ။ | ကိုယ်ရေး<br>ကိုယ်တာ |
| ၄၂။ | ဦးစုံသိန့်တိန်း<br>ကချင်ပြည်နယ်<br>အထူးဒေသ (၁) | ။ | ။ |
| ၄၃။ | ဦးဇော်လောဂျီး<br>ကချင်ပြည်နယ်<br>အထူးဒေသ (၁) | ။ | ။ |
| ၄၄။ | ဦးချိန်းဝေဒနန်<br>ရှမ်းပြည်မြောက်ပိုင်း<br>အထူးဒေသ (၇) | ။ | ကျန်းမာရေး |

ရန်ကုန်မြို့၊ အလုံလမ်း၊ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း၊ ဗဟို အစည်း အဝေး ခန်း မ တွင် အမျိုးသားညီလာခံကို နံနက် ၀၉း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အလှည့်ကျ သဘာပတိအဖြစ် ဦးကံညွန့် (တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့) က ဆောင်ရွက်၍ အခမ်း အနားမှူး အဖြစ် ဦးခင်မောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် (အစည်းအဝေး) အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအ နား မှူး အဖြစ် ဒုတိယ ညွှန် ကြား ရေး မှူး ဦးဆန်းထွန်း က လည်း ကောင်း ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး။** အ မျိုး သား ညီ လာ ခံ ကိုယ် စား လှယ် ကြီး များ ခင်ဗျား။ အမျိုးသား ညီလာခံစုံညီအစည်းအဝေး စတင်ပါတော့မယ်။

**အမျိုးသားညီလာခံ အစည်းအဝေး သဘာပတိ အဖွဲ့ဝင်များ နေရာယူခြင်း**

**အ ခမ်း အ နား မှူး။** ဒီနေ့ ကျင်း ပ တဲ့ အမျိုးသားညီလာခံစုံညီ အ စည်း အ ဝေး ကြီး မှာ သဘာပတိ အဖွဲ့ဝင်များ အဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်များကတော့—

- ဒေါက်တာ သန်းညွန့်
  အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ
- ဒေါ်မေသန်းလွင်
  ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
- ဦးစံသာအောင်
  မြို့ (ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့
- ဦးမန်းအုံးမောင်
  တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့
- ဦးကံညွန့်
  တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့
- ဦးစိုးမောင်
  အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့
- ဦးတင်မောင်
  အ သိ ပ ညာ ရှင်၊ အ တတ် ပ ညာ ရှင် ကိုယ်စားလှယ်များ အစုအဖွဲ့
- ဦးခင်မောင်ထူး
  နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ နှင့်
- ဦးစိုင်းအောင်ထွန်း
  အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ

အစုအဖွဲ့တို့ ဖြစ်ပါတယ်။

ကနေ့အစည်းအဝေးမှာ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်ကတော့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့် ဖြစ်ပါတယ်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး၊ ညွှန် ကြား ရေး မှူးချုပ်(အစည်းအဝေး)ကျွန်တော် ဦးခင်မောင်မြင့် က ဆောင်ရွက်မှာဖြစ်ပြီး တွဲဖက် အခမ်းအနားမှူး အဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းထွန်း က ဆောင်ရွက်မှာဖြစ်ပါတယ်။

သဘာပတိ အဖွဲ့ဝင်များ နေရာယူပါတော့မယ် ခင်ဗျား။

[သဘာပတိ အဖွဲ့ဝင်များသည် သဘာပတိ အဖွဲ့ဝင်များအတွက် သီးသန့်သတ်မှတ် ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူကြပါသည်။]

# အမျိုးသားညီလာခံ ၂၀ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားညီလာခံ အစည်းအဝေး ဝတင်ကျင်းပကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီနေ့ကျင်းပတဲ့ အမျိုးသားညီလာခံရဲ့ အစည်းအဝေးကို တက်ရောက်နိုင်ခဲ့တဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၆၅၇)ဦး ရှိပါတယ်။ ခွင့်ယူခဲ့တဲ့ ကိုယ်စားလှယ် ပေါင်း (၅) ဦး၊ ကျန်းမာရေးကြောင့် ခွင့်ယူတဲ့ ကိုယ်စားလှယ်ပေါင်း (၁၀) ဦးနဲ့ ကိုယ်ရေး ကိုယ်တာကြောင့် ခွင့်ယူခဲ့တဲ့ ကိုယ်စားလှယ်ပေါင်းဟာ (၂၁) ဦး ဖြစ်ပါတယ်။ စုစုပေါင်း တက်ရောက်ရမယ့် ကိုယ်စားလှယ် ပေါင်းဟာ (၆၇၁) ဦး ဖြစ်ပြီး တက်ရောက်မှုရာခိုင်နှုန်းဟာ ကောင်းမွန်ပါတယ်။

အထမြောက်ပြီဖြစ်လို့ အမျိုးသား ညီလာခံရဲ့ အစည်းအဝေး ဝတင်ကျင်းပကြောင်း ကြေညာပေးပါရန် လျှောက်ထားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက် ဖတ်ကြားတင်ပြခြင်း

[နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစု အဖွဲ့တွင် ပါဝင်သည့် လားဟူ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးပါတီ ]

**အခမ်းအနားမှူး။** ညီလာခံ ကိုယ်စားလှယ် ကြီးများ ခင်ဗျား။ အစည်း အဝေးကို ဒီကနေ့ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားပါ မယ်။

အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင် မယ့် နိုင် ငံ တော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲ အခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံ ရမယ့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီ များမှ ကိုယ်စားလှယ်များ အစု အဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြကြဖို့ ဖြစ်ပါတယ်။

အခု လားဟူအမျိုးသား ဖွံ့ဖြိုး တိုးတက်ရေး ပါတီရဲ့အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ဦး ကျား ဟား ရဲ့ အား ဖတ်ကြား တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျားဟားရဲ့(လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက် ရေးပါတီ)။** လေးစားအပ်သော သဘာပတိကြီး နဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အခုလို ကျန်းမာပျော်ရွှင်စွာ ပြန်လည်ဆုံစည်းခွင့် ရတဲ့ အတွက် အထူးပဲ ဝမ်းသာ ကြည်နူး ဖြစ်မိပါတယ်။ ကိုယ် စား လှယ် တော် ကြီး များ အား လုံး အစဉ် ကျန်းမာ ရွှင်လန်း ကြပါစေလို့ ရှေးဦး စွာ ဆုမွန် ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ လားဟူ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေး ပါတီကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးကျားဟားရဲ့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက် ပုံနဲ့ နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်များနဲ့ စပ်လျဉ်း ပြီး လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ဆန္ဒသဘောထားကို ဆွေး နွေး တင် ပြ သွား မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ နိုင်ငံ ဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်း နေ ထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အမျိုးသား ညီလာခံလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ရှင်းလင်း ပြော ကြားရာမှာ နိုင်ငံတော် အခန်းနှင့် စပ်လျဉ်းပြီး အသေးစိတ် ထည့်သင့်ထည့်ထိုက်တဲ့ အခြေခံရမယ့် မူတွေရှိရင်လဲ ကိုယ်စားလှယ်များ အနေနဲ့ ထပ်မံ ဖြည့်စွက် ဆွေး နွေး အ ကြံ ပြုကြဖို့ ဖြစ်ပါတယ်လို့ ရှင်း လင်း ပြော ကြား ထား တာ တွေ့ရပါတယ်။ ဒါ ကြောင့် ကျွန် တော် တို့ ပါ တီ အ နေ နဲ့ " ပြည်ထောင်စု သမ္မတ မြန် မာ နိုင် ငံ တော် သည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင် ကြသော နိုင်ငံဖြစ်သည် " ဆိုတဲ့ အချက်တစ်ချက် ကို ထပ်မံဖြည့်စွက်သင့်ကြောင်း အ ကြံ ပြု တင်ပြ အပ်ပါသည်။ အဲဒီတော့ နိုင် ငံ တော် အ ခန်း နဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူတွေဟာ—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာ ပိုင်လွှတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဟု ခေါ်တွင်မည်၊

(၃) ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်၊

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်၊

(၅) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးတင်ပြလိုပါတယ်။ နိုင်ငံတစ်နိုင်ငံကို ဖွဲ့စည်းတည်ဆောက်တာဟာ တိုက်အိမ်တစ်လုံး တည်ဆောက်တာနဲ့ အလားတူနေပါတယ်။ တိုက်အိမ်တစ်လုံး ဆောက်လုပ်ရာ၌ တိုက်အိမ်ဖွဲ့စည်းပုံနဲ့ ကန့်ထရိုက်တာဟာ အဓိကဖြစ်ပါတယ်။ အိမ်ဆောက်ပစ္စည်းများကို ကန်ထရိုက်တာက ရှာဖွေစုဆောင်း ရပါတယ်။ စုဆောင်းရရှိတဲ့ အိမ်ဆောက်ပစ္စည်းတွေဟာ အရည်အချင်း ညံ့ဖျင်းတယ် (သို့မဟုတ်) ပစ္စည်းအတုတွေ ဖြစ်နေမယ်ဆိုရင် တည်ဆောက်တဲ့ တိုက်အိမ်ဟာ ကြာရှည်မခံဘဲ ပြိုကျပျက်စီးသွားမှာဖြစ်ပါတယ်။ အဲဒီအခါမှာ အဝေဖန်ခံရမယ့် ပုဂ္ဂိုလ်၊ အပြစ်တင်ခံရမယ့်ပုဂ္ဂိုလ်၊ နံမည်ပျက်မယ့်ပုဂ္ဂိုလ်ဟာ ကန်ထရိုက်တာပဲဖြစ်ပါတယ်။

အိမ်ဆောက်ကန်ထရိုက်တာနဲ့တူတဲ့ ကျွန်တော်တို့ဟာ ခိုင်မာတဲ့နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရန်အတွက် စစ်မှန်တဲ့ အခြေခံမူများ ချမှတ်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းခေါင်းစဉ် နှင့် စပ်လျဉ်းပြီး, ချမှတ်ထားတဲ့ အခြေခံရမည့်မူများ အပြင် အခြားလိုအပ်တဲ့ အခြေခံမူများရှိရင်လည်း ပြည့်ပြည့်စုံစုံ ထပ်မံဖြည့်စွက်နိုင်ရေးအတွက် နိုင်ငံတော်အပေါ် မွန်မြတ်တဲ့စေတနာ မေတ္တာထားပြီး စဉ်းစားဆွေးနွေး အကြံပြုကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့် ချမှတ်ထားတဲ့ မူတွေနဲ့ပတ်သက်လို့ အနည်းငယ်ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

ပထမအချက်အနေနဲ့ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် ပြည်နယ်ရရှိသင့်ရရှိထိုက်တဲ့ အခြေအနေမှာရှိတဲ့ လူမျိုးများရှိရင်လည်း တစ်ခါတည်း ပြည်နယ်သတ်မှတ်ဖွဲ့စည်းပေးဖို့၊ သို့မဟုတ် ထိုလူမျိုးများအနေဖြင့် လောလောဆယ် ပြည်နယ်ရယူဖို့ စောသေးတယ်ဆိုရင်လည်း အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် ဝိသေသတိုင်းအဖြစ် သတ်မှတ်ပြီး ဗဟိုသို့ တိုက်ရိုက်ဆက်သွယ်ခွင့်ပြုထားဖို့ ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက အကြံပြုတင်ပြအပ်ပါတယ်။

ဒုတိယအချက်ကတော့ ပြည်ထောင်စု အဖွဲ့ဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များဟာ မိမိတို့နဲ့ သက်ဆိုင်တဲ့ လွှတ်တော်များထားရှိမှာ ဖြစ်တဲ့အတွက် မိမိတို့နဲ့လျော်ကန်သင့်မြတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ နည်းဥပဒေများ၊ အက်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းကြမှာဖြစ်ပါတယ်။ အဲဒီတော့ လွတ်လပ်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးများနဲ့ ပြည်နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Administration) နဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် (Self Determination) ပေးထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဆိုလိုတာက ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိဖို့ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ ခြုံငုံချက်အဖြစ် တိုင်းဒေသကြီးများ ပြည်နယ်များ ရရှိပြီးသော တိုင်းရင်းသားလူမျိုးများဖြစ်လင့်ကစား မိမိလူမျိုးပြည်နယ်အပဖြစ်တဲ့ အခြားပြည်နယ်များတွင် လူဦးရေအတော်အတန်ဖြင့် နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် နေထိုင်နေကြတယ်ဆိုရင် ထိုလူမျိုးများကို ဒေသ၊ မြို့နယ်စသည်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဆိုလိုတာက ဗမာရွာကို ဗမာသူကြီးကပဲ အုပ်ချုပ်ဖို့ဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား။** အထက်ကကျွန်တော်အကြံပြုတင်ပြထားတဲ့အတိုင်းနိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့အခြေခံမူတွေဟာဆိုရင်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

(၂) ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region) (၇)ခု အဖြစ်လည်းကောင်း၊ ရှိရင်းစွဲပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြား သတ်မှတ်ထားသည်။ ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်။

(၃) ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အောက် အနည်းငယ် အဆင့်နိမ့်သော ဝိသေသတိုင်းများလည်း ဖွဲ့စည်းခွင့်ပြုသည်။ ထိုဝိသေသတိုင်းများသည် အချိန်တန်လျှင် ပြည်နယ်အဆင့်သို့ တိုးမြှင့်ပေးရန်ဖြစ်သည်။

(၅) တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ဝိသေသတိုင်းများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Administration)နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self Determivation) ရှိကြသည်။

(၆) တိုင်းဒေသကြီးတစ်ခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်၏ အမည်ကိုဖြစ်စေ၊ ဝိသေသတိုင်းတစ်ခု၏ အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ဝိသေသတိုင်းအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်နိုင်ခွင့်ရှိသည်။

(၇) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များသို့မဟုတ် ဝိသေသတိုင်းများ ရရှိပြီးသည့်တိုင်းရင်းသားများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက်လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်။
ခြုံငုံချက်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ဝိသေသတိုင်းရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများ ဖြစ်လင့်ကစား မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ဝိသေသတိုင်းအပဖြစ်သော အခြားတိုင်းဒေသကြီး တစ်ခုခု သို့မဟုတ် ပြည်နယ်တစ်နယ်နယ် သို့မဟုတ် ဝိသေသတိုင်း တစ်ခုခုတွင် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြပါက ထိုလူမျိုးကို ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ပေး ရန်ဖြစ်သည်။

(ဂ) ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့်နယ်မြေ အကျယ် အဝန်း အပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (Self Adiministered Zone)အဖြစ် သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်။ ထိုသို့သတ်မှတ် ပေးရေးအတွက် နိုင်ငံတော်ကကော်မရှင် ဖွဲ့၍ ဆောင်ရွက်ပေးရန်ဖြစ်သည်။

(ဃ) နိုင်ငံတော်တွင်ပါဝင်သော တိုင်းဒေသ ကြီးများ၊ ပြည်နယ်များ၊ ဝိသေသတိုင်း များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်း အခြားဟူသမျှသည်နိုင်ငံတော်မှမည်သည့် အခါမှ ခွဲမထွက်ရ။

အထက်ပါ အခြေခံမူတွေနဲ့အညီ ပြည်ထောင်စု အဖွဲ့ဝင်များကို အောက်ပါအတိုင်း ခေါ်ဝေါ် ပိုင်းခြား သတ်မှတ်ဖို့အခြေခံမူချမှတ်သင့်ပါတယ်—

(၁) နိုင်ငံတော်ကို အောက်ပါအတိုင်းဒေသ ကြီး(Region)(၇) ခု၊ ပြည်နယ် (State) (၇)ပြည်နယ်နှင့် ဝိသေသတိုင်း( Special Division) များဖြင့် ပိုင်းခြား သတ်မှတ် သည်—

— ကချင်ပြည်နယ်
— ကယားပြည်နယ်
— ကရင်ပြည်နယ်
— ချင်းပြည်နယ်
— စစ်ကိုင်းတိုင်း ဒေသကြီး
— တနင်္သာရီတိုင်း ဒေသကြီး
— ပဲခူးတိုင်း ဒေသကြီး
— မကွေးတိုင်း ဒေသကြီး
— မန္တလေးတိုင်း ဒေသကြီး
— မွန်ပြည်နယ်
— ရခိုင်ပြည်နယ်
— ရန်ကုန်တိုင်း ဒေသကြီး
— ရှမ်းပြည်နယ်
— ဧရာဝတီတိုင်း ဒေသကြီး
— ဝိသေသတိုင်း(များ)

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ သည် အဆင့်အတန်းတူညီသည်။

(၃) ဝိသေသတိုင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အောက် အဆင့်အတန်း အနည်းငယ်နိမ့်သည်။ သို့သော် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းထက် အဆင့်အတန်း မြင့်သည်။

**သဘာပတိကြီးခင်ဗျား။** အမျိုးသား ညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌက "ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ သတ်မှတ်ပေးရေးအတွက် နိုင်ငံတော်က ကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခြင်းဟာ လုပ်ထုံး လုပ်နည်းပိုင်းနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ မိမိ တို့ရဲ့ ညီအစ်ကိုတော် တိုင်းရင်းသားများ ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေကို အမြန်ရရှိအောင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဟာ ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံမှာ တညီ တညွတ်တည်း ရှိနေကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရသင့် ရထိုက်တဲ့ တိုင်းရင်းသားများနှင့် ပတ်သက်ပြီး ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (Self Administered Division) ရသင့် တယ်။ ဘယ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) ရသင့်တယ်ဆိုတာနဲ့၊ အဲဒီရသင့်တဲ့ တိုင်းရင်းသား တွေအတွက် ဘယ်နေရာ ဘယ်ဒေသတွေကို သတ်မှတ် ပေးသင့်တယ် ဆိုတာကို နိုင်ငံတော်က

ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ပေးမည့်အစား ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး တစ်ပါတည်း သတ်မှတ်ပေးမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများမှအပ အခြား တိုင်းရင်းသား လူမျိုးများအနက် ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနှင့် ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးများအတွက် ဘယ်တိုင်းဒေသကြီး သို့မဟုတ် ဘယ်ပြည်နယ်အတွင်း ဘယ်နေရာများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တစ်ပါတည်း သတ်မှတ်ပေးဖို့ သင့်မသင့် ကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားကို ဆွေးနွေးအကြံပြု ကြစေလိုပါတယ်လို့ ရှင်းလင်းပြောကြားထားပါတယ်။

**သဘာပတိကြီးခင်ဗျား။** လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်တွေဟာအင်မတန်မှပဲ လျော်ကန်သင့်မြတ် လှပါတယ်။ ဒါကြောင့် မို့လို ကျွန်တော်တို့ ပါတီအနေနဲ့ အလေးအနက် ကြိုဆိုထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးများဟာ တိုင်းရင်းသား လူမျိုးများ ဖြစ်ကြတဲ့အတွက် မိမိတို့လူမျိုးတွေဟာ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်လိုနေထိုင်ကြတယ် ဆိုတာ သိနေကြပါတယ်။ အဲဒီတော့ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားထားတဲ့ အတိုင်း ကိုယ်စားလှယ်တော်ကြီးများဟာ သဘောထားကြီးကြီး၊ စိတ်ရှည်ရှည်ဖြင့် အတူတကွ ညှိနှိုင်းတိုင်ပင်ကြပြီး ရသင့်ရထိုက်သော လူမျိုးများကို ကိုယ်ပိုင်စီရင်စုနယ်မြေများသတ်မှတ်ပေးသင့်ပါတယ်။ အရေးကြီးတာက မေတ္တာရှေ့ထားပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဦးထိပ်ထားကြဖို့ ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများဟာ တစ်အူထုံ့ဆင်းညီအစ်ကိုတော်များ ဖြစ်ကြတဲ့အတွက် နေရာအတော်များများမှာ အတူတကွ ရောနှောနေထိုင် နေကြပါတယ်။ အဲဒီတော့ ကိုယ့်လူမျိုးရှိတဲ့နေရာကို လက်ညှိုးထိုးပြီး စီရင်စု တောင်းဆိုတာမျိုးကိုတော့ အထူးဂရုပြုရှောင်ရှား ကြရမှာဖြစ်ပါတယ်။ ကိုယ်လိုချင်တာကို မတောင်းဆိုဘဲ ကိုယ်ရသင့်ရထိုက်တာကိုသာ တောင်းဆိုဖို့ သင့်ပါတယ်။ ကိုယ်လိုချင်သလို အခြားညီအစ်ကိုတော်များလည်း လိုချင်ကြမယ်ဆိုတာ အမြဲသတိမူရမှာ ဖြစ်ပါတယ်။ ပြည်နယ်ရရှိထားကြတဲ့ ညီအစ်ကိုတော် လူမျိုးများအနေဖြင့်လည်း မိသားစုစိတ်ဓာတ်ဖြင့် သဘောထားကြီးကြီးနဲ့ ကြည့်ရှုကြဖို့ လိုအပ်လှပါတယ်။

ကျွန်တော်တို့ လားဟူ လူမျိုးတွေကတော့ ရှမ်းပြည်မြောက်ပိုင်းရှိ အချို့မြို့နယ်များ၌ ပြန့်ကျဲနေထိုင်သည်များ ရှိပါသည်။ အထူးသဖြင့် သံလွင်မြစ်အရှေဘက်ခြမ်း တစ်ခုလုံးမှာ နေရာအနှံ့ ပျံ့နှံ့နေထိုင်နေကြပါတယ်။ အများအားဖြင့် အခြားညီအစ်ကိုတော် တိုင်းရင်းသားလူမျိုးဖြစ်သော ရှမ်း၊ အခါ၊ “ဝ” နဲ့ “ဝ” မျိုးနွယ်စုဝင် လူမျိုးစုများနဲ့ ရောနှောနေထိုင်ကြပါတယ်။ ထို့ကြောင့် ဆက်သွယ်ရေး လွယ်ကူမှုအတွက် သော်လည်းကောင်း၊ အုပ်ချုပ်ရေး လွယ်ကူစေရန် သော်လည်းကောင်း၊ ချမှတ်ထားတဲ့ အခြေခံမူတွေနဲ့ ကိုက်ညီစေရန်သော်လည်းကောင်း ,လက်ရှိ သတ်မှတ်ထားတဲ့ ခရိုင်များအနက် မိုင်းပြင်းခရိုင်ဖြစ်တဲ့ မိုင်းပြင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ် သုံးခုကို စုစည်းပြီး လားဟူအမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ (Lahu National Autonomous Zone) အဖြစ် သတ်မှတ်ပေးပါရန် လားဟူတစ်မျိုးသားလုံးကိုယ်စား ဤညီလာခံကြီးသို့ လေးစားစွာ တင်ပြတောင်းဆိုအပ်ပါတယ်။ မြေပုံကို နောက်ဆက်တွဲ “က” အဖြစ်ဖော်ပြထားသည်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများ အားလုံးဟာ သမိုင်းကြောင်းအရ အာရှတိုက်အလယ်ပိုင်း ဒေသတစ်ခုမှာ အတူတကွ ပေါက်ဖွားနေထိုင်ခဲ့ကြပြီးမှ ရေကြည်ရာမြက်နုရာ လိုက်လာနေထိုင်ကြရာက တစ်ဆင့်တစ်ဆင့်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင်ကြတဲ့ တစ်အူထုံ့ဆင်းညီအစ်ကိုများဖြစ်ကြပါတယ်။ ကျွန်တော်တို့ လားဟူလူမျိုးထဲမှာ ယခင်အခါက စာတတ် ပေတတ် ပညာတတ် ပုဂ္ဂိုလ်များ မရှိခဲ့တဲ့အတွက် စာပေအက္ခရာများဖြင့် မှတ်တမ်းပြုစုထားတဲ့ သမိုင်းအထောက်အထားတင်ပြစရာ မရှိပေမယ့်လို့ တစ်ဆင့်စကားတစ်ဆင့်ကြားဆိုသလို လက်ဆင့်ကမ်းလာခဲ့တဲ့ သမိုင်းကြောင်း၊ တစ်နည်းအားဖြင့် ပါးစပ်ရာဇဝင်သမိုင်း အဆိုမျိုးသာရှိပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသား အားလုံးဟာ တစ်ချိန်က အာရှတိုက်အလယ်ပိုင်းမှာ နေထိုင်ခဲ့တဲ့ မျိုးနွယ်စုတစ်စုမှ ပေါက်ဖွားလာတဲ့ ညီအစ်ကိုခုနစ်ဦးမှ ဆင်းသက်လာသော လူမျိုးများဖြစ်ကြပါတယ်လို့ သိရှိရပါတယ်။ ရှေးအကျဆုံးမျိုးနွယ်စုကလာတဲ့ လူမျိုးဟာ "ဝ" လူမျိုးဖြစ်ပြီး ခုနစ်ဆက်မြောက် မျိုးနွယ်စုက ဆင်းသက်လာတဲ့လူမျိုးကတော့ လားဟူ လူမျိုးဖြစ်ပါတယ်။ အကြီးဆုံးမျိုးနွယ်စုတစ်စုမှာ "ဝ" တိုင်းရင်းသား မျိုးနွယ်စုကြီးဖြစ်ပြီး အငယ်ဆုံးမျိုးနွယ်စုဟာ လားဟူလူမျိုးနွယ်စုဖြစ်လို့ လူမျိုးစု တစ်စုနဲ့တစ်စု ပိုမိုနီးစပ်တာဟာ မမှတာဖြစ်ပါတယ်။ ခုနကပြောခဲ့တဲ့ ညီအစ်ကိုများထဲက ဒုတိယမျိုးနွယ်စုမှ ဆဋ္ဌမမျိုးနွယ်စုအထိ ညီအစ်ကိုငါးဦးမျိုးနွယ်စုမှ ပေါက်ဖွားလာတဲ့ လူမျိုးများဟာ ရေကြည်ရာမြက်နုရာလိုက်ပြီး အောက်ဘက်သို့ ဆင်းသွားကြပါတယ်။ နောက်ဆုံးမှာတော့ သားကြီးနဲ့သားထွေး မိသားစုနှစ်စုသာ ကျန်ခဲ့ပါတယ်။ အဲဒီလိုနေထိုင်ကြရင်းနဲ့ ကာလရှည်ကြာလာတဲ့အခါသားကြီးမိသားစုလည်း သွားပြန်ပါတယ်။ ဒီတစ်ခါ သားထွေးမိသားစုပဲ ကျန်ပါတော့တယ်။ အဲဒီလို မိသားစုတစ်ခုတည်း ဆက်လက် နေထိုင်ရင်းနဲ့ အစ်ကိုကြီးကို သတိရလွမ်းဆွတ်လာပါတယ်။ဒါကြောင့်မို့လို့ အစ်ကိုကြီးနောက် လိုက်သွားဖို့ရန် ဆုံးဖြတ်လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** အဲဒါနဲ့ လားဟူလူမျိုးများ ကျိုင်းတုံဒေသသို့ ရောက်ရှိလာသောအခါ "ဝ" လူမျိုးတွေက ကောလောဆိုတဲ့ သူစိမ်းတွေနဲ့ စစ်တိုက်နေတာ တွေ့ရပါတယ်။ လားဟူစစ်ကူရောက်လာတဲ့အတွက် "ဝ" တို့က ရန်သူကိုလွယ်လင့်တကူ တိုက်ထုတ်နိုင်ခဲ့ပါတယ်။ ရန်သူတွေဟာ ယခုမိုင်းဖြတ်ဒေသမှာ အခိုင်အမာခံတပ်လုပ်နေပြန်ပါတယ်။ "ဝ"နဲ့လားဟူတို့ကလည်းဆက်လက် ချီတက် တိုက်ခိုက်ကြပါတယ်။ အကျအဆုံး၊ အသေအပျောက်များစွာဖြင့် အတော်ခက်ခက်ခဲခဲ တိုက်ယူရတယ်လို့ အဆိုရှိပါတယ်။ နယ်မြေသစ်ဖြစ်တဲ့ အတွက်လည်း ဖျားနာ သေဆုံးသူများကြပါတယ်။ ဒါကြောင့်မို့လို့ အဲဒီ နေရာကို မိုင်းဖားယတ် (မိုင်းဖြတ်) လို့ နာမည်ပေးခဲ့တယ်လို့သိရပါတယ်။ အဓိပ္ပာယ်ကတော့ "ရောဂါထူပေါတဲ့ဒေသ"ဖြစ်ပါတယ်။

အဲဒီကမှတစ်ဆင့် မိုင်းဆတ်၊မိုင်းတုံဒေသများကို ဆက်လက်ချီတက်တိုက်ခိုက် သိမ်းယူကြပြန်ပါတယ်။ ရန်သူတွေကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းပြီးတဲ့နောက် ကျဆုံးသွားတဲ့ ရဲဘော်များရဲ့ ဒူးလေးများကို လိုက်ကောက်စုပုံ ကြည့်လိုက်တဲ့အခါ အလံပေါင်း သုံးရာ ရှိတယ်လို့ ဆိုပါတယ်။ ထို့ကြောင့် အဲဒီနေရာကို "ဆမ်ပတ်ကာ"(အလံသုံးရာဒူးလေး) လို့ ယနေ့တိုင်အောင် ခေါ်ဆိုနေဆဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ "ဝ"နဲ့ လားဟူ လူမျိုးတို့ဟာ ထာဝစဉ်မခွဲစတမ်းသွေးဖောက်ပြီး သစ္စာရေသောက်ကြတယ်လို့ အဆိုရှိပါတယ်။ ထို့ကြောင့် "ဝ"နဲ့ လားဟူလူမျိုးများဟာ ယနေ့တိုင်အောင် တစ်ရွာတည်း၌ သော်လည်းကောင်း၊ တစ်ရွာနှင့် တစ်ရွာ နီးနီးကပ်ကပ် တည်ထောင်၍ လည်းကောင်း၊

ချစ်ကြည် ရင်းနှီးစွာ အတူတကွ ပူး ပေါင်း နေထိုင်ကြတာနှစ်ပေါင်းများစွာကြာပြီ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ရန်သူများကို တိုက်ခိုက်ချေမှုန်းပြီးတဲ့အခါ "တတုံ"၊ (သို့)တာကွန်းဆိုတဲ့ "ဝ" ခေါင်းဆောင်ဟာ ကျိုင်းတုံမြို့ကိုတည်ထောင်ပြီး မိမိနာမည်ဖြင့် ကျင်းတုံလို့ ခေါ်ဆိုကာ စော်ဘွားတစ်ဦး အနေဖြင့် သံလွင်မြစ် အရှေ့ဒေသတစ်ခုလုံးကို အုပ်စိုးခဲ့ကြောင်း သိရပါတယ်။"တတုံ" တည်ဆောက်ထားခဲ့တဲ့ ကျိုင်းတုံ မြို့ရိုးဆိုရင် ယနေ့တိုင်အောင် တည်ရှိနေပါတယ်။ ဘယ်သူမှ ငြင်းလို့မရတဲ့ သမိုင်း အထောက်အထား တစ်ခုလည်း ဖြစ်ပါတယ်။ မိုင်းတုံဆိုတာလည်း "တတုံ" ကပဲ တည်ထောင်ခဲ့တယ်လို့ အဆိုရှိပါတယ်။ ဖြစ်လည်းဖြစ်နိုင်ပါတယ်။ မိုင်းတုံ မိုင်းဆတ်စတဲ့ သံလွင် မြစ် အရှေ့ဘက်ကမ်းတစ်လျှောက်လုံးကိုတော့ လားဟူ အမျိုးသားများ၊ ရှမ်းအမျိုးသားများနဲ့ အခြားတိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်လျက် ရှိပါတယ်။ အဲဒီနောက်မှာ "တတုံ" စော်ဘွားကြီးဟာ တဖြည်းဖြည်း နဲ့ စည်းစိမ် ယစ်မူး လာပြီး အ ပျော် အပါး လည်း များလာခဲ့ပါတယ်။ အဲဒါကို အခွင့်ကောင်းယူပြီး ရန်သူတွေက မိန်းမတွေဆက်သပြီး နည်းပရိယာယ်ချစ်ကြည်ရေး လုပ်လာပါတယ်။ အသိပညာခေါင်းပါးတဲ့ "တတုံ" စော်ဘွားကြီးနဲ့"ဝ" အမျိုးသားများ အ ဟုတ် ကြီး အောက်မေ့ပြီး ကြည်ဖြူစွာ လက်ခံလိုက်ရာက အငိုက်မှာ ရန်သူတို့ရဲ့ တိုက်ထုတ်ခြင်းကို မရှုမလှ ခံလိုက်ရပါတယ်။မြောက်ဘက်နမ့်ခချောင်းတစ်ဖက်ကမ်းအထိ မောင်းထုတ်ခြင်းခံရပါတယ်လို့ အဆိုရှိပါတယ်။ တချို့ "ဝ"တွေကတော့ ကျိုင်းတုံမြို့ အရှေ့ဘက်ရှိ တောင်ပေါ်ဒေသသို့ တိမ်းရှောင်ကြပါတယ်။ အဲဒီ"ဝ"တွေကိုတော့ "ဝ"တိတ် (ကျန်ခဲ့တဲ့"ဝ"လို့) အများက သိကြပါတယ်။ "ဝ"တိတ်တွေကတော့ ဆမ်တောင်း၊ ပလန့်၊ အဲန်း စ တဲ့ လူမျိုးတွေ ဖြစ်ကြပါတယ်။ အဲဒီ လူမျိုး တွေ ဟာ အမှန်တော့ "ဝ" လူမျိုးများ ဖြစ်ကြောင်း သိရပါတယ်။

**သဘာပတိကြီးခင်ဗျား။** အထက်ပါ ဒဏ္ဍာရီဆန်ဆန် သမိုင်း ကြောင်း အ ရ၊ ရှေးက ကျွန်တော်တို့ရဲ့ လူကြီး တွေ ပြု ခဲ့တဲ့ ကတိသစ္စာကို ဆက်လက်စောင့်ထိန်းတဲ့ အနေနဲ့ လားဟူ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသကို ရယူတဲ့အခါ "ဝ" ပြည်နယ်သို့မဟုတ် "ဝ"ဝိသေသတိုင်း အတွင်းပဲ ထားရှိသင့်တယ်လို့ ကျွန်တော်တို့ လား ဟူ အ မျိုး သား ဖွံ့ဖြိုးတိုးတက်ရေးပါတီ အနေဖြင့် လက်ခံယုံကြည်ထားပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ အပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဘယ်လို စုစည်းမလဲ ဆို တဲ့ အချက်ကို ဆက်လက် ဆွေး နွေး ပါမယ်။ လုပ်ငန်း ကော်မတီဥက္ကဋ္ဌကြီးရှင်းလင်းပြောကြားထားတဲ့အတိုင်း နိုင်ငံတော် အဖွဲ့ အစည်း များ အနေနဲ့ ဆက်သွယ်မှုလမ်းကြောင်း လွယ် ကူ လျင်မြန် စေ ဖို့ နဲ့ နိုင်ငံ တော် ၏ လုပ်ငန်းအဆင့်ဆင့်ကို အနီး ကပ် ကြီးကြပ် နိုင်စေဖို့ အ တွက် နိုင် ငံ တော် ဖွဲ့ စည်း တည် ဆောက် ပုံ နဲ့ စပ်လျဉ်းပြီး နိုင်ငံတော်ကို—

— ကျေးရွာ များ ကို ကျေးရွာ အုပ်စု အဖြစ် လည်းကောင်း၊

— ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် လည်းကောင်း၊

— ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊

— မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊

— ခရိုင်များကို တိုင်း ဒေ သ ကြီး သို့မဟုတ် ပြည်နယ် အဖြစ်လည်းကောင်း၊

— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထိုဒေသ အတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်လည်းကောင်း၊

— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်း အတွင်းရှိ မြို့ နယ် များ ကို ခ ရိုင် အ ဖြစ် စုစည်းပြီး ယင်း ခရိုင်များကို ကိုယ်ပိုင်အုပ်

ချုပ်ခွင့်ရ တိုင်း အ ဖြစ် လည်း ကောင်း၊ တိုင်း ဒေ သ ကြီး တစ် ခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသနှင့် ခရိုင် များ ကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် လည်းကောင်း၊

— ဝိသေသတိုင်း တစ်ခုတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ ဒေ သနှင့် ခရိုင်ရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များကို ဝိသေသတိုင်းအဖြစ်လည်းကောင်း၊

— တိုင်း ဒေ သ ကြီး များ၊ ပြည်နယ်များနှင့် ဝိသေသတိုင်းများကို နိုင် ငံ တော် အ ဖြစ် လည်းကောင်းစုစည်းရန် အခြေခံမူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံ တော် ဖွဲ့ စည်း တည်ဆောက်ပုံ အ ခန်း အောက် မှာ အခြေခံရမည့် မူများအဖြစ်—

(၁) နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လို အပ် ပါ က ဘယ် လို ဆောင် ရွက် ကြမယ်၊

(၂) တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ် တစ်နယ် သို့မဟုတ် ဝိသေသတိုင်း တစ်ခုရဲ့ နယ် နိ မိ တ် ကို ပြင် ဆင် သ တ် မှတ် ဖို့ အကြောင်း ပေါ် ပေါက် လာပါက ဘယ် လိုဆောင်ရွက်ကြမယ်၊

(၃) တိုင်းဒေသကြီး၊ ပြည်နယ်၊ ဝိသေသတိုင်း ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နဲ့ မြို့နယ် နယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အ မည် ပြောင်း လဲ ခြင်း များပေါ်ပေါက်ပါကဘယ်လိုဆောင်ရွက် ကြမယ်

ဆိုတာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လားဟူ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေး ပါတီ အနေဖြင့် ထူးထွေထွေ ပြော စရာ မရှိဘဲ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌကြီးရှင်းလင်း တင်ပြထားတဲ့အတိုင်း အခြေခံရမယ့် မူများ ချမှတ်သင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ရဲ့ မြို့တော်နဲ့ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးလိုပါတယ်၊ ရန်ကုန်မြို့ကိုပဲ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် ဆက်လက်သတ်မှတ်ကြမယ်ဆိုကြပါစို့ ။ ရန် ကုန် မြို့ ကြီးဟာ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်စတဲ့ အုပ် ချုပ် ရေး အ ဖွဲ့ အစည်းအဆင့်ဆင့်ရှိမှာဖြစ်ပါတယ်။ အဲဒီအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်ကို တိုင်း ဒေ သ ကြီးရဲ့ ကွပ်ကဲမှု အောက်မှာပဲ ထား ရှိ သင့် ပါ တယ်။ နိုင်ငံတော် သမ္မတ ကြီး ရဲ့ တိုက် ရိုက် အုပ် ချုပ်မှု အောက်မှာထားရှိရန် မသင့်လျော်ဘူးလို့ မြင်ပါတယ်။ သမ္မတကြီးအနေဖြင့် ဗဟိုအစိုးရရုံးများနဲ့သာ သက်ဆိုင်ပါတယ်။ ထို့နည်းတူ ထူးခြားတဲ့ အခြေအနေရှိတဲ့ ကိုကိုးကျွန်းမြို့နယ်ကဲ့သို့သောဒေသတွေကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် မသတ်မှတ်ဘဲသက်ဆိုင်ရာဒေသကြီး သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ်လက်အောက်မှာပဲ လွတ်လပ်စွာစီမံအုပ်ချုပ်ပိုင်ခွင့်ပေးထားသင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အ ကြီး အကဲအခန်းနဲ့ပတ်သက်ပြီး ဆက် လက် ဆွေး နွေး သွားပါမယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရှင်းလင်းပြောကြားချက်ထဲမှာ နိုင်ငံ အတော်များများမှာ ရှိတဲ့ နိုင်ငံတော်သမ္မတတွေရဲ့ အနေအထားများကို ဖော်ပြထားတာတွေရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲနဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့ အခြေခံရမယ့်မူများအရ နိုင် ငံ တော် သမ္မတ ဟာ အုပ်ချုပ်ရေးအာဏာ အပြည့်အဝ ကျင့်သုံးနိုင်မယ့် သမ္မတဖြစ်ပါတယ်။ဒါကြောင့်နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ တံခွန်သဖွယ်ဖြစ်ပြီး နိုင်ငံတော်သူနိုင်ငံတော်သားများရဲ့ အားကိုးအားထားရာအမျိုးသား ခေါင်းဆောင်ကြီးလည်း ဖြစ်ရမည့်အပြင် နိုင်ငံ

တော်သူ နိုင်ငံတော်သားများ ချစ်ခင်ကြည်ညို လေးစားထိုက်တဲ့ ပုဂ္ဂိုလ်လည်းဖြစ်ရပါမယ်။

ဒါကြောင့် နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်ကြောင်း အခြေခံရမယ့် မူအဖြစ် သတ်မှတ်ထားခြင်းအပြင်—

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်၊

— နိုင်ငံတော်သမ္မတသည်နိုင်ငံသားအားလုံး၏ အမျိုးသားခေါင်းဆောင်ဖြစ်သည်၊

— နိုင်ငံတော်သမ္မတသည်နိုင်ငံသားအားလုံး၏ ချစ်ခင်ကြည်ညိုလေးစားမှုကို ခံယူထိုက်သူဖြစ်သည်၊

— နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိထားသူဖြစ်သည်၊

ဆိုတဲ့အချက်တွေကိုလည်း အခြေခံရမယ့် မူအဖြစ် ဖြည့်စွက်သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ကိုယ်စားပြုသူ အမျိုးသားခေါင်းဆောင်ကြီးဖြစ်ပြီး နိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်နေရာရရှိထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို ရယူ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသူ။ နိုင်ငံတော် အေးချမ်းသာယာရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်သာယာဝပြောရေး စတဲ့ နိုင်ငံရေးအရာတွေကို ချောမောပြေပြစ် ပြတ်သားစွာ လုပ်ကိုင်နိုင်သူဖြစ်ရမှာ ဖြစ်ပါတယ်။ သို့ပေမဲ့ လူတစ်ဦးတစ်ယောက်မှာ လိုအပ်တဲ့အရည်အချင်းပြည့်စုံဖို့ဆိုတာဟာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး၊ ရွေးချယ်နိုင်ဖို့ကသာအရေးကြီးပါတယ်။ သမ္မတဟာ အာဏာအပြည့်အဝ ကိုင်စွဲထားတယ်မှန်ပေမယ့်လို့ သူတစ်ဦးတည်း စိတ်တိုင်းကျ နိုင်ငံကို ထင်သလို အုပ်ချုပ်လို့မရပါဘူး။ အကြံပေးအဖွဲ့ ဖွဲ့စည်းပြီး တိုင်ပင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးဆုံးက နိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာရှိတဲ့ပုဂ္ဂိုလ်၊ နိုင်ငံသားများအပေါ် စေတနာမေတ္တာ၊ ကရုဏာရှိသူကိုသာ သမ္မတ ရွေးချယ်နိုင်ဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်က နိုင်ငံတော်သမ္မတဟာ နိုင်ငံသားအားလုံးရဲ့ ချစ်ခင်ကြည်ညိုလေးစားမှုကို ခံယူထိုက်သူ ဖြစ်တဲ့ အလျောက် ကိုယ်ကျင့်တရား ကောင်းမွန်သူလည်း ဖြစ်ဖို့ လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့နေထိုင်ကြတဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင်ပတ်ဝန်းကျင်မိတ်ဆွေနိုင်ငံများမှ နိုင်ငံခြားသား အတော်များများလည်း နိုင်ငံသားအဖြစ်ခံယူပြီး နေထိုင်ကြပါတယ်။ အဲဒီတော့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံမယ့် ပုဂ္ဂိုလ်ဟာ တိုင်းရင်းသားမိဘနှစ်ပါးစလုံး မြန်မာနိုင်ငံအတွင်းမွေးဖွားပြီးတော့ မိမိကိုယ်တိုင်လဲမြန်မာနိုင်ငံအတွင်းမှာပဲမွေးဖွားတဲ့တိုင်းရင်းသားနိုင်ငံသားဖြစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုဆိုတော့ မြန်မာနိုင်ငံအတွင်း မွေးဖွားတဲ့ တိုင်းရင်းသားနိုင်ငံသားမိဘနှစ်ပါးက နိုင်ငံခြားတိုင်းပြည် တစ်ခုခုမှာ သွားရောက် တာဝန်ထမ်းဆောင်နေစဉ် မွေးဖွားသူကို ဘယ်လိုသတ်မှတ်မလဲလို့မေးခွန်းထုတ်စရာရှိပါတယ်။ ကျွန်တော်တို့အမြင်ကတော့ အဲဒီလူကို မြန်မာနိုင်ငံအတွင်း မွေးဖွားတဲ့တိုင်းရင်းသားနိုင်ငံသားမိဘနှစ်ပါးမှ မြန်မာနိုင်ငံအတွင်းမွေးဖွားတဲ့ တိုင်းရင်းသားနိုင်ငံသားတစ်ဦးကဲ့သို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

**သဘာတိကြီးခင်ဗျား။** ကြီးလေးလှတဲ့ တာဝန်ဖြစ်တဲ့ နိုင်ငံတော်အရေးအရာ အမျိုးမျိုးကို ထမ်းဆောင်မယ့် နိုင်ငံတော်သမ္မတဟာ ပညာ၊ ဗဟုသုတကြွယ်ဝသူ၊ အတွေ့အကြုံရင့်ကျက်သူဖြစ်သင့်တဲ့

အတွက် အနည်းဆုံးအသက် (၄၅) နှစ်ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ပါက နိုင်ငံတော်သမ္မတအဖြစ် အရွေးချယ်ခံမယ့် ပုဂ္ဂိုလ်ဟာ လွှတ်တော်ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားတဲ့အရည်အချင်းများ ပြည့်စုံသူဖြစ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတအဖြစ် အရွေးအချယ်ခံမယ့်ပုဂ္ဂိုလ်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် ကျေးဇူးသစ္စာ စောင့်သိရိုသေသူဖြစ်ပြီး အခြားဘယ်နိုင်ငံရဲ့ကျေးဇူးသစ္စာခံ၊ သြဇာခံမှ မဖြစ်သင့်ပါဘူး။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်နဲ့ ပတ်သက်တဲ့ ဇနီး၊ သို့မဟုတ် ခင်ပွန်းနဲ့ သားသမီးများရဲ့အခြေအနေနဲ့စပ်လျဉ်းပြီး ဆန္ဒသဘောထားပေးရန် အခက်အခဲကြုံနေပါသဖြင့် အများဆန္ဒသဘောထားအတိုင်း ကျွန်တော်တို့ ပါတီအနေဖြင့် လက်ခံမှာဖြစ်ပါတယ်။ ထိုနည်းတူ နိုင်ငံတော်သမ္မတလောင်းရဲ့နိုင်ငံတော်အတွင်း နေထိုင်တဲ့ကာလအပိုင်း အခြားနဲ့ပတ်သက်၍လဲ အများစု ဆန္ဒသဘောထားအတိုင်း လက်ခံမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**။ အထက်ကကျွန်တော် တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းနှင့်စပ်လျဉ်းပြီးချမှတ်သင့်တဲ့အခြေခံရမယ့်မူတွေဟာဆိုရင်—

— နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကိုရယူစောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်းရှိသူ ဖြစ်ရမည်၊

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ခုလုံး အေးချမ်းသာယာရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်သာယာဝပြောရေး စသည့် နိုင်ငံအရေးအရာများကို ရှင်းလင်းပြတ်သားစွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်၊

— နိုင်ငံတော် သမ္မတသည် နိုင်ငံသားများအပေါ် မေတ္တာစေတနာ ကရုဏာ ရှိသူဖြစ်ရမည်၊

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

— နိုင်ငံတော် သမ္မတသည် ကိုယ်ကျင့်တရားကောင်းမွန်သူ ဖြစ်ရမည်၊

— နိုင်ငံတော်သမ္မတသည် မြန်မာပြည်အတွင်း မွေးဖွားသော၊ တိုင်းရင်းသား နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမည်၊

— နိုင်ငံတော်သမ္မတသည် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သောနေ့တွင် အသက် (၄၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊

— နိုင်ငံတော်သမ္မတသည် လွှတ်တော် ပြင်ပမှ ပုဂ္ဂိုလ်ဖြစ်ပါက လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသူ ဖြစ်ရမည်၊

— နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှလွဲ၍ အခြားမည်သည့် နိုင်ငံ၏ ကျေးဇူးသစ္စာခံ၊ သြဇာခံမျှ မဖြစ်စေရတို့

ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**။ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးပါမယ်။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ရမယ်လို့ အခြေခံရမယ့်မူ တစ်ရပ်ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဘယ်လိုဖွဲ့စည်းမလဲ။ အဲဒီအဖွဲ့က နိုင်ငံတော်သမ္မတကို ဘယ်လိုရွေးချယ်တင်မြှောက်ကြမလဲဆိုတဲ့ အချက်တွေပေါ်ပေါက်လာပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို သီးခြားရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်မှာပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးကို သမ္မတရွေးချယ်တင်မြှောက်ရေး ကော်မတီဝင်များအဖြစ် သတ်မှတ်ဖွဲ့စည်းသင့်ကြောင်း ရှင်းလင်းတင်

ပြထားတာ တွေ့ရပါတယ်။ အဲဒီလိုပဲပြုလုပ်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ကျွန်တော်တို့ တည်ဆောက်ကြမယ့် နိုင်ငံတော်ဟာ စစ်မှန်သော ပြည်ထောင်စု ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပါတယ်။ နိုင်ငံတော် အခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမယ့် မူတွေထဲမှာ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်" လို့ပါရှိပါတယ်။ ဒါကြောင့် သမ္မတ ရွေးချယ်ရေး အဖွဲ့ တစ်နည်းအားဖြင့် ပြည်ထောင်စု လွှတ်တော်ဟာ နိုင်ငံတော်သမ္မတကို ရွေးချယ်တဲ့အခါ ပြည်သူ့ကိုယ်စားလှယ် သို့မဟုတ် ပြည်သူ့ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံ ထိုက်သူကိုသာ ရွေးချယ်တင်မြှောက်သင့်ကြောင်း တွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော် သမ္မတဟာ အမျိုးသားခေါင်းဆောင်ဖြစ်ပြီး နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲလည်း ဖြစ်တဲ့အတွက် နိုင်ငံတော် သမ္မတရဲ့တာဝန်ဟာ အလွန်ပဲကြီးမားလှပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကို ပံ့ပိုးကူညီဖို့ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံကြီးတွေကို လေ့လာကြည့်တဲ့အခါ ရုရှားနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု စတဲ့ နိုင်ငံကြီးများတွေမှာပင်လျှင် ဒုတိယသမ္မတတစ်ဦးပဲ ထားတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံကဲ့သို့သော နိုင်ငံငယ်မှာလည်း ဒုတိယ သမ္မတတစ်ဦး ဆိုရင် လုံလောက်ပြီလို့ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်သမ္မတကို ဝိုင်းဝန်းကူညီပံ့ပိုးမယ့် ဝန်ကြီးအဖွဲ့ရှိဦးမှာဖြစ်လို့ ဖြစ်ပါတယ်။ ဒုတိယသမ္မတ ထားတာဟာ နိုင်ငံတော်သမ္မတ အနေဖြင့် အကြောင်း တစ်ခုခုကြောင့် နိုင်ငံ့တာဝန်ကို မထမ်းဆောင်နိုင်တဲ့အချိန်မှာ သမ္မတတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရန်နဲ့ အကယ်၍ နိုင်ငံတော်သမ္မတဟာ သက်တမ်း မစေ့မီ ကွယ်လွန် သွား လျှင်လည်းကောင်း၊ တာဝန်ဆက်လက် မထမ်းဆောင်နိုင်လောက်အောင် ကျန်းမာရေးချို့တဲ့ သွားလျှင်သော်လည်းကောင်း လစ်လပ်သွားတဲ့ သမ္မတရာထူးကို ချက်ချင်း ဆက်ခံနိုင်ရန်အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယ သမ္မတသည် သမ္မတ ရာထူး အတွက် အရည်အချင်းပြည့်စုံသူ ဖြစ်ရမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီးမှာ သမ္မတသက်တမ်းကို အမျိုးမျိုး သတ်မှတ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော်နဲ့ ကိုက်ညီမယ့် သမ္မတရဲ့ သက်တမ်းကို သတ်မှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော်ရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး စတာတွေကို အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ အစွမ်းကုန် ကြိုးစားကြရမှာဖြစ်လို့ နိုင်ငံတော်နဲ့ နိုင်ငံ သားများ အတွက် အကျိုး ရှိမယ့် လုပ်ငန်း များ ကို အချိန် ယူ အကောင် အထည်ဖော်ပေးနိုင်အောင် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့ သက်တမ်းကို ငါးနှစ်သတ်မှတ်ပြီး အဲဒီသက်တမ်းကုန်ဆုံးတဲ့အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ် တင်မြှောက်ပြီးတဲ့ အချိန်အထိ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ရဲ့လုပ်ငန်းတာဝန် များကို ထမ်း ဆောင်ဖို့ လည်း ကောင်း၊ သမ္မတအဖြစ် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေဖို့ လည်းကောင်း ကန့်သတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် အဲဒီသက်တမ်းအတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတနေရာ လစ်လပ်တဲ့အတွက် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် အစားထိုး ရွေးချယ်တင်မြှောက်ပါက အဲဒီနိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတအသစ်ရဲ့ သက်တမ်းကို မူလ

သက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်ပါတယ်လို့ အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရှင်းလင်းချက်ထဲမှာ "နိုင်ငံတော်သမ္မတအဖြစ် ဖြစ်စေ၊ ဒုတိယသမ္မတအဖြစ် ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို ရွေးချယ် တင်မြှောက်မယ်ဆိုပါက စဉ်းစားဖို့ အချက်တစ်ခုပေါ်ပေါက်လာတာတွေ့ရပါတယ်။ အဲဒါကဘာလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမယ့်မူအဖြစ် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြား ကျင့်သုံးဖို့ ညီလာခံကြီးက မူချမှတ်ထားပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကို သမ္မတ ရွေးချယ် တင်မြှောက် ရေးအဖွဲ့က ရွေးချယ် တင်မြှောက်လိုက်ပါက အဲဒီပုဂ္ဂိုလ်ဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ်လည်းတစ်ချိန်တည်းမှာ ပူးတွဲဆောင်ရွက်မယ်ဆိုရင် အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးတဲ့မူနဲ့ ကိုက်ညီမှုရှိမယ် မဟုတ်ကြောင်းတွေ့ရပါတယ်။ ဒါ့အပြင်နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များ ဖြစ်တဲ့ အတွက် မိမိတို့ ရာထူးသက်တမ်းအတွင်း ပါတီနိုင်ငံရေးအစား အမျိုးသားနိုင်ငံရေးကိုသာ ဦးတည်ဆောင်ရွက် သင့်တဲ့အတွက် နိုင်ငံရေးပါတီဝင် ဖြစ်ရင်လဲ သက်ဆိုင်ရာပါတီရဲ့ လုပ်ငန်းများမှ ပါဝင်ဆောင်ရွက်ခြင်းမပြုဖို့ လိုအပ်ပါတယ်" လို့ ဆိုသွားပါတယ်။ လျော်ကန်သင့်မြတ်လှပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ပါတီအနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့အတိုင်း—

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမယ်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ အဖြစ် ရွေးချယ် တင် မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း မပြုရဆိုတဲ့ အချက် တွေကို အခြေခံ ရမယ့်မူတွေအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတဟာ မိမိတို့ရဲ့ရာထူးတာဝန်များကို မထမ်းဆောင်မီ ကတိသစ္စာပြုကြရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ ကတိသစ္စာ ပြုရေးအတွက် ကျွန်တော်တို့ ပါတီရဲ့ အကြံပြုချက်ကို နောက်ဆက်တွဲ(ခ) အဖြစ် ပူးတွဲထားပါကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ နိုင်ငံတော်ရဲ့ကြီးမားတဲ့တာဝန်များကို ထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အားလျော်စွာ သြဇာတိက္ကမရှိသူများ ဖြစ်ပါတယ်။ ဒါကြောင့် အခြားအဖွဲ့အစည်းများက လစာစရိတ်ကြေးငွေ ရာထူးများ ပေးအပ်ပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့ အချိန်အခါကို ရယူခြင်း မပြုနိုင်စေရန်အတွက်—

— နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတတို့သည် လစာစရိတ်ကြေးငွေရသော အခြား

မည်သည့်ရာထူးကိုမှ လက်ခံခြင်းမပြုရဆိုတဲ့ အခြေခံရမယ့်မူတစ်ရပ် ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်အတိုင်း နိုင်ငံတော်သမ္မတဟာ လုပ်ပိုင်ခွင့် အပြည့်အဝရှိမယ့် နိုင်ငံတော်အကြီးအကဲဖြစ်သလို ဒုတိယသမ္မတဟာလည်း နိုင်ငံတော်မှာ ကြီးမားတဲ့ တာဝန်များကို ထမ်းဆောင်ကြရမယ့် ပုဂ္ဂိုလ်များဖြစ်ဘဲ့အား လျော်စွာ ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုကို အလေးအနက် ခံယူထားကြဖို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်း ဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့်အခြားအဖိုးတန် ပစ္စည်းများကို တန်ဖိုးနဲ့တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲ ထံ ပေးပို့ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ ဥပဒေနဲ့ သတ်မှတ်ထားတဲ့လစာ၊ စရိတ်နဲ့အဆောင်အယောင်များကို ရရှိသင့်ပါတယ်။ ဒါ့အပြင် သင့်တင့်လျောက်ပတ်တဲ့ အိမ်တော် တစ်ဆောင်စီကိုလည်း ရရှိသင့်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ ဥပဒေနဲ့ သတ်မှတ်ထားတဲ့လစာ၊ စရိတ်နဲ့ အဆောင်အယောင်များကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်တဲ့ အိမ်တော်တစ်ဆောင်စီကိုလည်းကောင်း၊ ရရှိစေဖို့ အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် များဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သက်ဆိုင်ရာ အခန်းများနဲ့ အခြား ဥပဒေတို့မှာ သင့်လျော်သလို ပါရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အခြားဥပဒေတို့က အပ်နှင်းထားတဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ရာထူးတာဝန်နဲ့ လိုက်လျောညီထွေ ကျင့်ကြံနေထိုင်ရမှာ ဖြစ်ပါတယ်။ တကယ်လို့ ဖောက်ဖျက်ခဲ့သော် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတကိုဖြစ်စေ စွပ်စွဲပြစ်တင် အရေးယူနိုင်ဖို့ အခြေခံရမယ့်မူများကိုလည်း စဉ်းစားချမှတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌတင်ပြထားတဲ့အတိုင်း အောက်ပါအကြောင်း တစ်ခုခုကြောင့် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတကိုဖြစ်စေ၊ စွပ်စွဲပြစ်တင်နိုင်ဖို့အတွက် အခြေခံမူချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ အဲဒီ အကြောင်းတွေကတော့—

၁။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

၃။ အကျင့်သိက္ခာပျက်ပြားခြင်း

တို့ဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ဖို့ လိုအပ်လာရင် ဘယ်ပုံဘယ်နည်း ဆောင်ရွက်သင့်တယ် ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြထားတဲ့ အတိုင်း အခြေခံရမယ့်မူတွေ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ မိမိတို့ရာထူး

သက်တမ်း မကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် တာဝန်မှနုတ်ထွက်လိုရင်လည်း နုတ်ထွက်ခွင့်ပြုရမှာ ဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတတစ်ဦးဟာ မိမိရာထူးသက်တမ်း မကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ တာဝန်ကို ဆက်လက် မထမ်းဆောင်နိုင်သော အခြေအနေကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ၊ သမ္မတရာထူးနေရာ လစ်လပ်သွားရင် သမ္မတရဲ့တာဝန်ဝတ္တရားများကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်စေရေး အတွက်ဒုတိယသမ္မတသည် အလိုအလျောက် နိုင်ငံတော်သမ္မတရဲ့ ရာထူးတာဝန်ကို ဆက်ခံရမှာဖြစ်ပါတယ်။ အဲဒီလို ဒုတိယသမ္မတက နိုင်ငံတော်သမ္မတဖြစ်သွားတဲ့အတွက် လစ်လပ်သွားတဲ့ ဒုတိယသမ္မတနေရာတွင် အစားထိုးရန် အတွက် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်က ဒုတိယသမ္မတ တစ်ဦးကို အမြန်ဆုံး ရွေးချယ်တင်မြှောက်ပေးဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား။ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲအခန်း ခေါင်းစဉ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော့်တို့ပါတီရဲ့ ဆွေးနွေးတင်ပြချက်ကတော့ ဒီလောက်ပဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံး အစဉ် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် ]

အခမ်းအနားမှူး။ ။ အခု ဆက်လက်ပြီး ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်၊ ဦးစောသန်းအောင် အား ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဦးစောသန်းအောင် (ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်)။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ၁၃၅၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အခန်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းများအတွက် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် ၎င်းနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်းပြောကြားချက်အပေါ် ဆွေးနွေး အကြံပေးသည့်စာတမ်း

လေးစားအပ်သော သဘာပတိကြီးနှင့် တကွ အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ နိုင်ငံအကြီးအကဲများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ရွှင်လန်း စေကြောင်း ကျွန်တော်တို့ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်မှ မေတ္တာရှေ့ထားပြီး ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်က တော့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အမျိုးသားညီလာခံ ကိုယ်စားလှယ် စောသန်းအောင်မှ တင်ပြဖတ်ကြားသွားမှာဖြစ်ပါတယ်။

## အခန်း (၁)

## နိုင်ငံတော်

၁။ အောက်ပါ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးမှ လမ်းညွှန်ခဲ့သည့်မိန့်ခွန်းပါ....

(၁) ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံရုံညီ အစည်းအဝေးမှာ ရှင်းလင်းခဲ့သည့် အတိုင်း ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတွေကို သက်ဆိုင်ရာအခန်းအတွက် အခြေခံရမယ့်မူများဆွေးနွေး တဲ့အခါ ချမှတ်ထားတဲ့မူများအနက်မှ သက်ဆိုင်ရာမူတွေကို အခြေခံများအဖြစ် ထားရှိဆောင်ရွက်ဖို့၊

(၂) အခြေခံရမယ့်မူတွေအနက်နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ နိဒါန်းမှာ ဖော်ပြသင့်တဲ့ မူတွေကို အဲဒီနိဒါန်းမှာလဲ ဖော်ပြဖို့၊

(၃) နိုင်ငံတော်နဲ့ စပ်လျဉ်းတဲ့ မူတွေကို နိုင်ငံတော်ဆိုတဲ့ အခန်းခေါင်းစဉ်နဲ့ သီးခြားဖော်ပြဖို့၊

(၄) ထိုနည်းတူပဲ သက်ဆိုင်ရာအခန်းနဲ့ စပ်လျဉ်းတဲ့ မူတွေကို သက်ဆိုင်ရာ အခန်းအတွက် ဆွေးနွေးတဲ့အခါ အဲဒီအခန်းသို့ ပြောင်းရွှေ့ဖော်ပြဖို့နဲ့

(၅) နိုင်ငံတော် အခြေခံမူများ အခန်းနဲ့ စပ်လျဉ်းတဲ့ မူတွေကို နိုင်ငံတော် အခြေခံမူများအခန်းမှာပဲ ဆက်လက် ဖော်ပြဖို့

ဖြစ်ကြောင်း မိန့်မှာခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား**

၂။ နောက်တစ်ဖန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်မူများဟာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အသက်၊ သွေးချက် အနှစ်သာရဖြစ်တဲ့အကြောင်း၊ နောက် ဒီအခြေခံရမယ့် မူတွေချမှတ်ရာမှာလည်း အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ဖြစ်တဲ့—

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(၄) စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး၊

(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း နှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး

(၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

တို့ကို အစဉ်တစိုက် ဦးတည်သည်ဆိုသည့် ဘောင်အတွင်းတွင် လည်ကောင်း၊

၃။ နောက်တစ်ဖန် ၁၉၉၃ ခုနှစ် ဇွန်လ ၇ ရက် နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်း အဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေးအတွက် နိုင်ငံတော်အခြေခံမူများ ချမှတ် ရေးနဲ့ စပ်လျဉ်းပြီး အဓိကအချက်တွေကိုသာ ဆွေး နွေးပြီး အသေးစိတ်ကိုတော့ သက်ဆိုင်ရာအခန်း အလိုက်၊ ခေါင်းစဉ်အလိုက်ဆွေးနွေးသည့်အခါကျမှ သာ အကြံပြုရန် ဖြစ်ကြောင်းနှင့် အသေးစိတ် ဆွေးနွေး အကြံပြုသည့် အခါမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ တောတောင်ရေမြေသဘာဝ၊ သမိုင်းကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက် လျောညီထွေအောင် ဆွေးနွေးနိုင်ကြဖို့ ဥက္ကဋ္ဌ ဦးအောင်တိုးမှ မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ အချက်အလက်များ နှင့်တကွ အထောက်အကူအဖြစ် အကျိုးပြုဖို့အတွက် ရှင်းလင်းညွှန်ပြသွားပါတယ်။

၄။ တစ်ဆက်တည်းမှာပင် ဥက္ကဋ္ဌ ဦးအောင်တိုးမှ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်းအလိုက် ဆွေးနွေးတဲ့ အခါ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ နိုင်ငံတော်၊ နိုင်ငံတော်တည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီး အကဲအခန်းသုံးခန်းကို ပထမဦးစွာ ဆွေးနွေးအကြံ ပြုကြဖို့ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်များ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌကြီးချမှတ်ပေးတဲ့ နိုင်ငံတော်နှင့် စပ်လျဉ်းပြီး—

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နိုင်ငံ ဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်း လုံးမှာ တည်သည်၊

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည့်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်

စသည့် အခြေခံမူ (၄) ချက်ကို အခြေခံပြီး အသေးစိတ် အခြေခံမူများကို ဖြည့်စွက်ဆွေးနွေး တင်ပြပါမယ်။

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းမှာ ချမှတ်ရမယ့် အသေးစိတ်များမှာ—

— မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် အခိုင်အမာ တည်ဆောက်ရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း၊

— လောကပါလတရား သုံးပါးဖြစ်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါ ခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း၊

— လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ လွတ်လပ်စွာ တွေးတော ကြံဆနိုင်မှု၊ လွတ်လပ်စွာရေးသားဖော်ပြနိုင်မှု၊လွတ်လပ်စွာ ယုံကြည်နိုင်မှု၊လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် စသည်တို့ကို သွားလာ ဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်း ညီမျှမှု၊ အခွင့်အလမ်း ညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာ သစ္စာ အဓိဋ္ဌာန်ပြု၍ လည်းကောင်း

အခြေခံရမယ့် မူများအဖြစ် ချမှတ်ရန်ဖြစ်ပါသည်။

၆။ နိုင်ငံတော်နှင့် စပ်လျဉ်းပြီး အကြံပေးတင်ပြလိုတာကတော့—

— နိုင်ငံတော်သည် ဖော်ပြထားသော မူများကို ယေဘုယျလမ်းညွှန်သဖွယ် ရည်ရွယ်သည့် ဥပဒေပြုရာ၌ လည်းကောင်း၊ အုပ်ချုပ်ရာ၌ လည်းကောင်း ထိုမူများနှင့်အညီ ဆောင်ရွက်ရန် အလေးဂရုပြုရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၇။ နိုင်ငံသားတိုင်း အောက်ပါအခွင့်အရေးများကို ရရှိခံစားနိုင်ရန် နိုင်ငံတော်သည် ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေးရှုဆောင်ရွက်ရမည်—

(က) အလုပ် လုပ်ပိုင်ခွင့်၊

(ခ) အိုမင်းမစွမ်းရှိသောအခါ၌ သော်လည်းကောင်း၊ နာဖျားမကျန်းဖြစ်နေသောအခါ၌ သော်လည်းကောင်း၊ အလုပ်လုပ်ကိုင်ခြင်းငှာ မစွမ်းနိုင်သောအခါ၌ သော်လည်းကောင်း အထောက်အပံ့ရနိုင်သော အခွင့်အရေး၊

(ဂ) အနားယူခွင့်၊ အားလပ်ခွင့် ရနိုင်သော အခွင့်အရေး၊

(ဃ) ပညာသင်ကြားနိုင်သော အခွင့်အရေး၊

(င) အထူးသဖြင့် နိုင်ငံတော်သည် အခလွတ် မသင်မနေရ မူလတန်းပညာ သင်ကြားရေးအတွက် ပြဋ္ဌာန်းချက်များ ပြုရမည်။

၈။ နိုင်ငံတော်သည် ငယ်ရွယ်သူများကို အထူးဂရုပြု၍ ထိုသူတို့၏ပညာသင်ကြားရေးကို အားပေးရမည်။

၉။ နိုင်ငံတော်သည် အင်အားနည်း၍ တိုးတက်မှုနောက်ကျသော တိုင်းရင်းသား လူမျိုးစုများ၏ ပညာရေး၊ စီးပွားရေး တို့ကို အထူး ဂရုပြု၍ အားပေးရမည်။ ထို့ပြင် လူမှုဆက်ဆံရေး မတရားမှုမှ လည်းကောင်း၊ သူတစ်ပါးကို နှစ်နာစေ၍ ကိုယ်ကျိုးရှာမှုမှလည်းကောင်း ထိုသူတို့ ကင်းလွတ်စေရန် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ပေးရမည်။

၁၀။ ပြည်သူတို့ နေရေးထိုင်ရေး အဆင့်အတန်း မြှင့်တင်မှုနှင့် ပြည်သူ့ကျန်းမာရေး ကောင်းမွန်တိုးတက်မှုတို့သည် နိုင်ငံတော်၏ အဓိကတာဝန်ဝတ္တရားတစ်ခု ဖြစ်ရမည်။

၁၁။ နိုင်ငံတော်သည် အလုပ်သမားတို့၏ ခွန်အားနှင့် ကျန်းမာရေးတို့ကို ထိခိုက်ခြင်း မဖြစ်စေရန် လည်းကောင်း၊ ကလေးသူငယ် နုနယ်သော အရွယ်ကို ထိခိုက်ခြင်းမဖြစ်စေရန် လည်းကောင်း၊ ထို့ပြင် ထိုသူတို့သည် မိမိတို့၏ ကျားမဘဝ၊ အသက်၊ ခွန်အားတို့နှင့် မသင့်လျော်သော အသက်မွေးမှု အလုပ်အကိုင်တို့တွင် စီးပွားရေး ချို့ငဲ့မှုကြောင့် မနေသာဘဲ ဝင်ရောက်လုပ်ကိုင်ခြင်း မရှိစေရန် လည်းကောင်း ယုံကြည်စိတ်ချအောင် စီမံရမည်။

၁၂။ နိုင်ငံတော်သည် မီးဖွားရေးနှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကလေးများ ဂေဟာများ၊ ကလေးထိန်းဌာနများကို ဖွင့်လှစ်ခြင်းအားဖြင့် သားသည်အမေနှင့် ကလေးတို့၏ အကျိုးကို စောင့်ရှောက်ရန် ထို့ပြင် မီးမဖွားမီနှင့် မီးဖွားပြီး ကာလများအတွက် လုပ်ခနှင့် နားခွင့်ရရန် အခွင့်အရေးကို အခစားလုပ်ကိုင်နေသော မိခင်တို့ ရရှိခံစားနိုင်စေရန် ဝါဒထား၍ ထိုဝါဒအတိုင်း အထူးရှေးရှုဆောင်ရွက်ရမည်။

၁၃။ နိုင်ငံတော်သည် ကျန်းမာရေးဝန်ထမ်း အဖွဲ့များ၊ ဆေးရုံများ၊ ဆေးပေးခန်းများ၊ အထူးဆေးခန်းများ၊ သူနာပြုခန်းများ၊ နာလန်ထ ဆေးခန်းများ၊ အခြားကျန်းမာရေး ဆေးခန်းများကို တည်ထောင် ကြီးကြပ်အုပ်ချုပ်ပေးခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေးကို ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်ရမည်။

၁၄။ ပြည်သူ့ ကျန်းမာရေးနှင့်တကွ လုပ်ငန်းစွမ်းရည်အား တိုးတက်စေရန် လည်းကောင်း၊ နိုင်ငံတော် ကာကွယ်ရေးနှင့် စွမ်းအားကိုဖြည့်တင်းစေရန်လည်းကောင်း နိုင်ငံတော်သည် ပြည်သူများအတွက် အထူးအားဖြင့် လူငယ်များအတွက် ဗလငါးတန် ပညာသင်ကြားရေးကို အထူးဂရုပြု ဆောင်ရွက်ရမည်။

၁၅။ နိုင်ငံတော်သည် မသန်မစွမ်းဖြစ်လာသော စစ်မှုထမ်းဟောင်းများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန် လည်းကောင်း၊ သက်မွေးမှုပညာကို အခလွတ် သင်ယူနိုင်စေရန် လည်းကောင်း စီမံဆောင်ရွက်ရမည်။ နိုင်ငံတော်သည် ကျဆုံးသော စစ်သားများ၏ ကလေးများနှင့် စစ်ကြောင့် မိဘမဲ့ဖြစ်ရသော ကလေးများကို အထူးဂရုပြု၍ ကြည့်ရှုစောင့်ရှောက်ရမည်။

၁၆။ နိုင်ငံ၏ ဥစ္စာဓနအင်အားကို တိုးတက်စေရန် လည်းကောင်း၊ ပြည်သူ့ဥစ္စာအင်အားကို ကောင်းသည်ထက် ကောင်းစေရန် လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံတော်၏ လွပ်လပ်ရေးကို တည်မြဲခိုင်မြဲစေရန်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ကြီးမားစေရန် လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးဆိုင်ရာ စီမံကိန်းများပြုရမည်။

၁၇။ ကိုယ်ကျိုးအမြတ်အစွန်းအတွက် မဟုတ်ဘဲ လုပ်ကိုင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအား ပစ္စည်းငွေကြေးအထောက်

အပ့ံပေးရန် နိုင်ငံတော်ဘင် ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေးရှုဆောင်ရွက်ရမည်။ သမဝါယမအဖွဲ့အစည်းများနှင့် အလားတူ စီးပွားရေးအဖွဲ့အစည်းများအား ပိုမိုအခွင့်အရေး ပေးရမည်။

၁၈။ ဝိဇ္ဇာပညာနှင့် သိပ္ပံပညာများ၊ သုတေသနနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ သင်ကြားရေးတို့ကို နိုင်ငံတော်က စောင့်ရှောက် ထောက်ပံ့ရမည်။

၁၉။ ပြည်သူ့လုပ်ငန်းများကို နိုင်ငံတော်အစိုးရကိုယ်တိုင်က သော်လည်းကောင်း၊ ဒေသန္တရအဖွဲ့များက သော်လည်းကောင်း၊ ပြည်သူတို့၏ သမဝါယမ အစည်းအရုံးက သော်လည်းကောင်း တည်ထောင်လုပ်ကိုင်စေရန် နိုင်ငံတော်အစိုးရ၌ ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေးရှုဆောင်ရွက်ရမည်။

၂၀။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် ဓနပစ္စည်းထွက်မည့် သဘာဝပင်ရင်း အခြေအမြစ်များကို နိုင်ငံတော်အစိုးရ ကိုယ်တိုင်က သော်လည်းကောင်း ဒေသန္တရ အဖွဲ့များက သော်လည်းကောင်း ပြည်သူတို့၏ သမဝါယမ အစည်းအရုံးများက သော်လည်းကောင်း လုပ်ကိုင်သုံးစွဲစေရန် နိုင်ငံတော်အစိုးရ၌ ဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေးရှုဆောင်ရွက်ရမည်ဟူ၍ အသေးစိတ်အခြေခံမှုများအဖြစ် သတ်မှတ်ရန် အကြံပေး တင်ပြအပ်ပါသည်။

## အခန်း (၂)

# နိုင်ငံတော်တည်ဆောက်ပုံ

## နိဒါန်း

**သဘာပတိကြီးခင်ဗျား**

၁။ အနာဂတ်တည်ဆောက်မည့် မြန်မာနိုင်ငံတော်နှင့် ပတ်သက်သော တည်ဆောက်ပုံသဏ္ဌာန်ကို မည်သို့မည်ပုံတည်ဆောက်မည့် စာတမ်းကိုတင်ပြရန်အတွက် ကျွန်တော်များ ပြည်ထောင်စု ကချင်အမျိုးသားများ အဖွဲ့ချုပ်သည် ဒီအရေးသုံးပါးကို ဦးထိပ်ထားကာ မြန်မာနိုင်ငံတွင် နေထိုင်ကြကုန်သော တိုင်းရင်းသား အားလုံး၏ အကျိုးကို ဦးထိပ်ထားလျက် တင်ပြအပ်ပါသည်။

၂။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့၌ ပြန်လည်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ ဆောင်ရွက်သော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က နိုင်ငံတော်တည်ဆောက်တဲ့ ပုံသဏ္ဌာန်မှာ ဒိုတာဝန်သုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲရေး၊ အချုပ်အခြာတည်တံ့ခိုင်မြဲရေးအစရှိတဲ့အ တွင်းသရုပ်အနှစ်သာရထားရှိပြီး ပြည်ထောင်စုကြီးကို ပိုမိုပြီး အင်အားတောင့်တင်းခိုင်မာအောင် ကြံဆောင်ကြိုးပမ်းကြဖို့ မိန့်မှာခဲ့ပါတယ်။ ထို့မှတစ်ဆက်တည်းမှာပင် ပြည်ထောင်စုကြီးရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေဟာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာ့နိုင်ငံများရဲ့ အလယ်မှာ တင့်တယ်ထည်ဝါ ခန့်ညားပြီး ခေတ်မီတိုးတက် အင်အားတောင့်တင်းတဲ့ နိုင်ငံဖြစ်ရေး အတွက် ဝိုင်းဝန်းရှေးရှုကြဖို့နဲ့ ကျန်အစိတ်အပိုင်း အသီးသီးကလည်း ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို နည်းနည်းမျှမထိခိုက်စေဘဲ ပြည်ထောင်စုကြီးကို ဝိုင်းဝန်း အကျိုးဆောင်ကြတဲ့ အစိတ်အပိုင်းများ ဖြစ်ကြဖို့ တိုက်တွန်းသွားပါတယ်။

၃။ ဆက်လက်ပြီး အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးမှ မိန့်ကြားခဲ့သော မိန့်ခွန်းတွင် ၁၉၉၃ ခုနှစ်၊ ဇွန်လ (၇) ရက် တွင် ရှင်းလင်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်ရေးနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူတွေကို ဆွေးနွေးတဲ့အခါမှာ အဓိကအချက်တွေကိုသာ ဆွေးနွေးအကြံပေးပြီး ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်လည်း

တစ်ဖန် ရှင်းလင်းပြောကြားရာမှာ ထိုရရှိခဲ့သော အခြေခံမူများကို နောက်ခေါင်းစဉ်အလိုက် ဆွေးနွေးတဲ့အခါကျလျှင် သက်ဆိုင်ရာခေါင်းစဉ် အလိုက်နှင့် အကျုံးဝင်သည့် အခြေခံမူများကို ထည့်သွင်း ဆွေးနွေးကြရန်အတွက် တိုက်တွန်း ခဲ့ပါသည်။

**သဘာပတိကြီး ခင်ဗျား။**

၄။ နောက်တစ်ဖန် ကျွန်တော်များ ဆွေးနွေးတဲ့ အခါမှာ အခြားနိုင်ငံပေါင်း များစွာတို့၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေများရဲ့ လေ့လာတွေ့ရှိ ချက်တွေနဲ့တကွ ကျွန်တော်တို့အမိနိုင်ငံရဲ့ သမိုင်းကြောင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အခြေအနေအရပ်ရပ်နဲ့ လိုက်လျော ညီထွေရှိဖို့နဲ့ ဘက်ပေါင်းစုံမှ စဉ်စားအကြံပေး နိုင်မယ့် အခြေခံအချက်အလက်များကို လုပ်ငန်း ကော်မတီဥက္ကဋ္ဌမှ ထည့်သွင်းရှင်းလင်းထားတာကို တွေ့ရှိရပါသည်။

၅။ ကျွန်တော်များ ပြည်ထောင်စု ကရင်အမျိုး သားများ အဖွဲ့ချုပ်အနေဖြင့် အဆိုပါအကြံပေး ချက်များကို လေ့လာတွေ့ရှိချက်တွေအပေါ် ကောင်းကျိုး ဆိုးကျိုးများကို အရှိကိုအရှိအတိုင်း ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဤသို့ ဆွေးနွေး တင်ပြတဲ့အခါမှာ တိုင်းရင်းသားညီအစ်ကို သားချင်းများအား ထိခိုက်နစ်နာစေသည့်သဘော လုံးဝမပါဘဲ တိုင်းရင်းသားအားလုံး၏ အကျိုး အတွက် ကောင်းသောအကြံဉာဏ်များကိုသာ ပေးသွားမှာဖြစ်ပါတယ်။

၆။ တိုင်းရင်းသားပေါင်းစုံနှင့် တည်ဆောက် ထားသည့် အမိမြန်မာနိုင်ငံဟာဆိုလျှင် သက်ဦး ဆံပိုင် ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်၊ တိုင်း တစ်ပါးရဲ့ဘုရင် လက်အောက်ခံ ကိုလိုနီစနစ်၊ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တဲ့ အရင်းရှင်စနစ်၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာ့ ဆိုရှယ်လစ်စနစ်နှင့် လိုအပ်လျှင်လိုအပ် သလို တပ်မတော်မှ ဝင်ရောက်အုပ်ချုပ်ရတဲ့ စစ်အုပ်ချုပ်ရေးစနစ် အစရှိတဲ့ စနစ်ပေါင်းစုံကို ဖြတ်သန်းလာရတဲ့ အမိမြန်မာပြည်အနေဖြင့် ကမ္ဘာမှာတစ်မူထူးခြားပြီး စနစ်ပေါင်းစုံ၏အရသာ မျိုးစုံကို ခံစား၊ ခံစားရသော တိုင်းပြည်တစ်ပြည် ဖြစ်သည့်အလျောက် ယခုတစ်ဖန် ဖွဲ့စည်းပုံ အသစ်ဖြင့် ခေတ်စနစ်သစ်တစ်ခု ပေါ်ထွန်းလာ ရမယ့်အချိန် ရောက်ပြန်ပါပြီ။

၇။ ထိုထိုသော ပေါ်ပေါက်လာမည့် နိုင်ငံသစ် အတွက် အကောင်းဆုံးသော လူ့ဘောင်သစ် ဖြစ်ပေါ်တိုးတက်ရေး အတွက် အထူးသဖြင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ ပတ်သက်ပြီး ခေတ်စနစ်နဲ့အညီ ထူထောင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ အဓိကကျတဲ့ အခြေခံ မူကြီး (၇) ချက် ချမှတ်ပေးထားတာကို တွေ့ရ ပါတယ်။

၈။ အဲဒီအခြေခံမူများရဲ့ အကျဉ်းချုံး ဖော်ပြ ရမယ်ဆိုရင်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းရန်၊

(၂) လက်ရှိတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး [Region] (၇) ခု၊ လက်ရှိပြည်နယ် (၇) ခုကို ပြည်နယ် [State] (၇) ခုအဖြစ်လည်းကောင်း၊ ထိုဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ခု တို့သည် အဆင့်အတန်းတူညီကြောင်း နှင့်

(၃) တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ခုကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုရန်နှင့်

(၄) ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အမည်နာမကို ပြောင်းလဲလိုလျှင် ထိုဒေသရှိ ပြည်သူများ၏ ဆန္ဒများကိုခံယူရန်နှင့်

(၅) တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ရရှိပြီးသူ တိုင်းရင်းသားများမှအပ ကျန်ရှိသော တိုင်းရင်းသားများအတွက် လျော်ကန်သင့်မြတ်သည့် လူဦးရေလည်း ရှိ၊ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြသော လူမျိုးများဖြစ်လျှင်ထိုတိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု (Self Administered Area) သတ်မှတ်ပေးရန်နှင့်

(၆) ထိုတိုင်းရင်းသား လူမျိုးများ၏ လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို နယ်မြေနှစ်မျိုး ထပ်မံခွဲကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ (Self Administered Zone) နှင့် နောက်ဆုံးအချက်ကတော့၊

(၇) ဒီနယ်မြေတွေဖြစ်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများဟာ တစ်ခုနှင့်တစ်ခု ရာသက်ပန် လက်တွဲမဖြုတ်စတမ်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်မှ ဘယ်တော့မှ ခွဲမထွက်ရဟူ၍ ချမှတ်ထားတဲ့ အခြေခံမူတွေဟာ နိုင်ငံတော်တည်ဆောက်ပုံနဲ့ စပ်လျဉ်းတဲ့ အဓိကကျတဲ့ အနှစ်သာရ ဖြစ်ကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား**

၉။ အဆိုပါ နိုင်ငံတော်တည်ဆောက်ပုံနဲ့ အထက်ပါ အချက်ကြီး (၇) ချက်သည် အင်မတန် အဓိကကျတဲ့ အနှစ်သာရတွေ ဖော်ဆောင်တာကို တွေ့ရပါသည်။ ဒီအခန်းကဏ္ဍကို ဆွေးနွေးတဲ့အခါမှာ ချမှတ်ထားတဲ့ အခြေခံမူအတွင်းက အသေးစိတ်ထည့်သွင်းထည့်ဆိုက်တဲ့ အခြေခံရမယ့် မူတွေဆိုရင်လည်း ကိုယ်စားလှယ်များအနေနဲ့ ထပ်မံဖြည့်စွက်ဆွေးနွေးအကြံပေးခွင့် ပေးထားသည့်အလျောက် ကျွန်တော်များအဖွဲ့ချုပ်မှ ဆွေးနွေးလိုသည့် အချက်တစ်ချက် ရှိပါသည်။ အဆိုပါအချက်သည် ကျွန်တော်များ ကရင်လူမျိုးအတွက် အင်မတန်အရေးကြီးတဲ့အတွက် တင်ပြအပ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ပုံမှာ အခြေခံရမယ့်မူ (၇) ချက်အနက် အမှတ်စဉ် (၅) ဖြစ်တဲ့ အချက်မှာ "တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရ ရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ" ဆိုသည့် စကားရပ်၏ နောက်ပိုင်းတွင် ခြွင်းချက်အနေဖြင့် "ကရင်ပြည်နယ်မပါ" ဟူသည့် စကားရပ်ကို ထည့်သွင်းပြီး ကရင်တိုင်းရင်းသားများနှင့် ပတ်သက်၍ လူဦးရေပျံ့နှံ့နေထိုင်မှုနှင့် ပတ်သက်၍ ကရင်ပြည်နယ်တွင် နေထိုင်သော ကရင်လူဦးရေသည် ကရင်လူဦးရေ၏ ၅ ပုံသာရှိပြီး ၄ ပုံမှာ အခြားတိုင်း ဒေသကြီးများနှင့် ပြည်နယ် ငါးနေရာတွင် နေထိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အခြားလူမျိုးများ အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ ရရှိပြီး လင့်ကစား အခြားဒေသကြီးနှင့် ပြည်နယ်များတွင် အများအပြား နေထိုင်ကြသည့် တိုင်းရင်းသားများ အခွင့်အရေး မနစ်နာ မဆုံးရှုံးရလေအောင် ထိုအခြေခံမူအပိုဒ် (၅) အား လိုအပ်သလို ဖြည့်စွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား**

၁၀။ ဆက်လက်ပြီး ရှိရင်းစွဲတိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (Region) (၇) ခုနှင့် ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State) (၇) ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်ပြီး ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်ကို အဆင့်အတန်းတူညီကြောင်း ဖော်ပြထားသည့်အတွက် များစွာဂုဏ်ယူသင့်သောအချက်

ဖြစ်ပေသည်။ အကြောင်းကတော့ အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် တစ်ခုနှင့်တစ်ခု လူဦးရေအားဖြင့် လည်းကောင်း၊ စီးပွားရေးအားဖြင့် လည်းကောင်း များစွာကွာဟမှု ရှိသော်ငြားလည်း ဆူကြုံနိမ့်မြင့် သဘောမထားဘဲ တန်းတူရည်တူ သဘောထားတဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူ ဖြစ်စေတဲ့ အပြင် အင်အားကြီး၍ တောင့်တင်းသော တိုင်းဒေသကြီးများက အင်အားသေးငယ်သော ပြည်နယ်များကို တန်းတူရည်တူ သဘောထားသည့် အပြင် ပို၍ပင် ဦးစားပေးခြင်းများ ပေးသည့် အလျောက် ဤနိုင်ငံတော် တည်ဆောက်ပုံ၏ အနှစ်သာရ တန်ဖိုးများစွာ ကြီးလှကြောင်း တင်ပြလိုပါသည်။

၁၁။ ထို့ကြောင့် တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ်ကြီး (၇) ခုတို့ ဖြစ်ကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့၏ တန်းတူရည်တူ အဆင့်အတန်းတူညီသော နယ်မြေဒေသကြီး များအဖြစ် တည်ဆောက်ထားခြင်းအတွက် စစ်မှန်၍ အနှစ်သာရပြည့်ဝစွာ တည်ဆောက်ထားသော နိုင်ငံတော်ဖြစ်၍ ဤအဖွဲ့ချုပ်မှ များစွာ ဂုဏ်ယူမဆုံး ဖြစ်ရပါသည်။

သဘာပတိကြီးခင်ဗျား

၁၂။ တစ်ဆက်တည်းမှာပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်ကြကုန်သော လူမျိုးစုများနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ရရှိပြီးဖြစ်သည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားများ၏ အခွင့်အရေးများ မနစ်နာ မဆုံးရှုံးရလေအောင် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas) သတ်မှတ်ရေးနှင့် ထို့မှတစ်ဆင့် လူဦးရေနယ်မြေ အကျယ်အဝန်း အပေါ် အခြေပြုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) များကို သတ်မှတ်ပေးရန်နှင့် ထိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို အကောင်အထည် ဖော်ပေးရန်အတွက် အကောင်အထည် ဖော်ပေးရေး ကော်မရှင်များဖွဲ့စည်း အကောင်အထည် ဖော်ပေးခြင်း လုပ်ငန်းစဉ်များကို ချမှတ်ရန်နှင့် အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု (Self Administered Areas) များ၏ အမျိုးအစား အဆင့်အတန်းများကို ယခုလက်ရှိ ခရိုင်နှင့် မြို့နယ်များ ပါဝင်သည့်အဆင့်ရှိ အမျိုးအစားနှင့် ခရိုင်ထက်မနိမ့်သော အမျိုးအစားဟူ၍ ခွဲခြား သတ်မှတ် အကောင်အထည် ဖော်ပေးရန်အတွက် ကော်မရှင်အသီးသီးက ဖွဲ့စည်းတည်ထောင် အကောင်အထည် ဖော်ရန်ဖြစ်ကြောင်း လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်မှာ များစွာအရေးကြီး၍ ရှုပ်ထွေးသော လုပ်ငန်းကြီးတစ်ရပ်ကို မလွဲမသွေ အကောင်အထည် ဖော်ရတော့မည် ဖြစ်ပါသည်။

၁၃။ ထိုသို့ အကောင်အထည် ဖော်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြီး အကောင်အထည် ဖော်ရန် ဖြစ်သော်လည်း ထိုအချိန်အထိ မစောင့်ဆိုင်းတော့ဘဲ ယခုညီလာခံ ကျင်းပနေချိန်မှာပင် လျှင် ညီလာခံ ကိုယ်စားလှယ်များမှ ကိုယ့်ညီအစ်ကို နောင်တော်များကို သတ်မှတ်ပေးလျှင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားများဟာ ကြည်နူးဝမ်းမြောက်မှာ ဖြစ်မယ့်အကြောင်း တိုက်တွန်းနှိုးဆော်ချက်အရ ကျွန်တော်များ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ် အနေဖြင့် တတ်အားသရွေ့ ညီအစ်ကိုတော် တိုင်းရင်းသားများ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့်

အလုံးစုံသော အချက်အလက်များ မရရှိသည့် တိုင်အောင် အတတ်နိုင်ဆုံး လူဦးရေအလိုက် (၁) သိန်း ပတ်ဝန်းကျင်မှ (၅) သိန်း ပတ်ဝန်းကျင်ရှိ လူမျိုးစုများအတွက် လျာထားသတ်မှတ်ပေးရန် အကြံပေး တင်ပြအပ်ပါသည်။ ထိုမှတစ်ဖန် အဆိုပါ လူမျိုးစုများသည် ယခင်က တိုင်းနှင့် ပြည်နယ် အောက်တွင် ရှိနေခဲ့ရာ ယခုအခါ အဆိုပါ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့သည် ဗဟို အ စိုး ရ နှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက် လိုသည့် ဆန္ဒရှိနေကြရာ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို မထိခိုက်စေရန် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

သဘာဝပတိကြီးခင်များ

၁၄။ ပြည် ထော င် စု က ရင် အ မျိုး သား များ အဖွဲ့ချုပ် အနေဖြင့် အောက်ပါ လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖြစ် သတ်မှတ်ပေး သင့်ကြောင်း တင်ပြအပ်ပါသည်။ အဆိုပါ လူမျိုး စုများမှာ—

(၁) ပအိုဝ်းလူမျိုး၊
(၂) ပလောင်လူမျိုး၊
(၃) ဓနုလူမျိုး၊
(၄) လားဟူလူမျိုး၊
(၅) အခါလူမျိုး၊
(၆) "ဝ" လူမျိုး၊
(၇) ကိုးကန့်လူမျိုး၊
(၈) မြို (ခေါ်) ခမိလူမျိုး၊
(၉) နာဂလူမျိုး၊
(၁၀) လီဆူးလူမျိုး အပြင် အခြား ရသင့် ရထိုက်သော လူမျိုးစုများအနေဖြင့် မိမိတို့ဆန္ဒ အလျောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုလားပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပတ်သက်၍ ၎င်းတို့၏ ဆန္ဒ ရှိပါက ၎င်းတို့၏ဆန္ဒအတိုင်း ဆောင်ရွက်ပေးသင့် ပါကြောင်း အကြံပေး တင်ပြအပ်ပါသည်။

၁၅။ နိုင်ငံတော် တည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူ ချမှတ်ထားရှိသည့်မူဖြစ်တဲ့ "တိုင်း ဒေသကြီးများ သို့မဟုတ် ပြည်နယ်များရရှိပြီး ဖြစ်တဲ့ လူမျိုးမှအပ" ဆိုသည့်စကားရပ်နှင့် ပတ်သက်၍ ကရင်တိုင်းရင်းသား လူမျိုးများအတွက် ကရင် ပြည်နယ် ရရှိထားတာနဲ့ ပတ်သက်၍ ရှင်းလင်း တင်ပြလိုပါတယ်။ ကရင်တိုင်းရင်းသားလူမျိုးများ ဟာ ဗြိတိသျှ ကိုလိုနီခေတ်ကတည်းက ကရင်ပြည် တောင်းဆိုခဲ့ပါတယ်။ ၁၉၃၀ ပြည့်နှစ် ကာလတွင် ကရင်အမျိုးသား ၂ သန်း အတွက် ကရင်ပြည် တောင်းဆိုခဲ့ခြင်း(ပြည်နယ်မဟုတ်ပါ)ထိုမှတစ်ဆင့် ခေတ် အ ဆက် ဆက် ကရင်ပြည် ရရှိရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဒီကရင်ပြည်ကိစ္စကြောင့်ပဲ အသက်ပေါင်းများစွာ ဆုံးရှုံး နစ်နာခဲ့သည်မှာ ယခုထက်ထိပင် ကရင်ပြည်ပြဿနာဟာ မပြေ မလည်ဖြစ်နေတာအများအသိပင် ဖြစ်ပါသည်။

၁၆။ ဒီကရင်ပြည်ကိစ္စကို ၁၉၄၇ ခုနှစ်၊ လွတ် လပ်ရေးရပြီးနောက် ၁၉၅၁ ခုနှစ်၊ ဖဆပလ အစိုးရ လက်ထက်တွင် သံလွင်ခရိုင်ကို အထူးဒေသအဖြစ် အခြေပြုပြီး ကရင်ပြည်နယ်ကို ဖာပွန်၊ မြဝတီ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ သံတောင်၊ ကြာအင်းဆိပ်ကြီး စသည့်မြို့နယ်များကိုပါဝင်ဖွဲ့စည်းပြီးကရင်ပြည်နယ် အဖြစ် ထူထောင်ပေးခဲ့ပါတယ်။ ထိုလုပ်ငန်းကို လည်း ပြည်မတွင်နေထိုင်သော ကရင်တိုင်းရင်းသား ခေါင်း ဆောင် များ၊ တစ် နည်း အား ဖြင့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်နှင့် ဖဆပလအစိုးရတို့ ပူးပေါင်းအကောင်အထည်ဖော် ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုဒေသများသည် အခြား လူမျိုးများနှင့် နှိုင်းယှဉ်သော် ကရင်အမျိုးသား အများစုနေထိုင်လင့်ကစား ကရင်တစ်မျိုးသားလုံး အတိုင်းအတာနှင့် နှိုင်းယှဉ်ကြည့်သော် ၎င်းကရင် ပြည် နယ် နေ ကရင်အမျိုးသားတို့သည် က ရင် လူနည်းစုဖြစ်နေသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥပမာ ယခုဒီအစည်းအဝေးကြီးတွင် လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး တင် ပြ ထား သည့်

မြန်မာပြည်လူဦးရေ၏ စာရင်းဇယား ၁၉၈၂ ခုနှစ်၊ သန်းခေါင်စာရင်းအရ ကရင်လူမျိုးသည် (၂၆) သိန်းရှိပြီး ကရင်ပြည်နယ်တွင် (၆) သိန်း မျှ သာ ရှိကာ ကရင်ပြည်နယ်ပြင်ပ အခြားတိုင်းကြီးများ နှင့် ပြည်နယ်များတွင် သိန်း(၂၀) နေထိုင်ကြသည် ကို တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ကရင် ပြည်နယ်တွင် ကရင်တစ်မျိုးသားလုံး၏ ၁/၄ ပုံသာနေ ထိုင်ပြီး ၃/၄ ပုံမှာ ပြင်ပပြည်မတွင် နေထိုင်သည်ကို တွေ့ရပါသည်။ ဆိုလိုရင်းမှာ ကရင်ပြည်နယ်ရှိ ကရင်အမျိုးသားလူဦးရေသည် ကရင်တစ်မျိုးသား လုံးကို ကိုယ်စားပြုနိုင်ခြင်း မရှိဘဲ ပြည်နယ်တွင် နေထိုင်သော ကရင်လူမျိုးသည် အနည်းစုသာဖြစ် ပြီး အများစုမှာ ပြည်မအတွင်း နေထိုင်ကြသည့် အတွက်ကြောင့် တစ်ကြောင်း၊ နောက်တစ်ဖန် ပြည်မတွင် နေထိုင်သော ကရင်အများစုတို့သည် အခြားလူမျိုးနှင့် နှိုင်းယှဉ်ပြန်လျှင် လူနည်းစုပြန် ဖြစ်နေရသဖြင့် ကရင်လူမျိုးတို့မှာ အကြိမ်ကြိမ် နစ်နာနေပါသည်။ အမှန်တကယ်ဆိုပါက ကရင် လူမျိုးသည် လူနည်းစု လူမျိုးမဟုတ်ပါ၊ လူမျိုး တစ်မျိုးဖြစ်ပါသည်။

၁၇။ ၁၉၃၁ ခုနှစ်၊ သန်းခေါင်စာရင်းအရ ကရင် ၁.၄ သန်း ရှိစဉ် မြန်မာ ၉.၂ သန်းရှိပါတယ်။ အချိုးအားဖြင့် ၇ ယောက်နှုန်းဖြစ်ပါတယ်။ ကမ္ဘာ့ လူဦးရေတိုးစံနှုန်း ၂% တိုးနှုန်းနှင့် တွက်မယ်ဆိုရင် ယခုအခါ ကရင် (၆) သန်း ရှိနိုင်ပါသည်။ ၁၉၄၃ ခုနှစ်၊ ဂျပန်ခေတ် သန်းခေါင်စာရင်းအရ ဆိုလျှင် ၄ သန်းခွဲခန့် ရှိပါသည်။ ဘာပြုလို့ ဂျပန်က သန်းခေါင်စာရင်း ကောက်ရသလဲဆိုရင် ဂျပန်ကို ခံတိုက်တဲ့ ကရင်အင်အားဟာ ကြီးလွန်းလို့ ကရင် လူမျိုးအပေါ် သံသယဖြစ်၍ သန်းခေါင်စာရင်း ကောက်ယူခြင်းပဲဖြစ်ပါတယ်။ ၂% လူဦးရေတိုး နှုန်းနဲ့ အနှစ် ၅၀ ကြာတဲ့အခါမှာ (၈) သန်း ရှိပါ တယ်။ ယခု ကရင်ပြည်နယ်တွင် ကရင် (၁) သန်း လောက်ရှိမည်ဆိုပါက ပြင်ပနေ ကရင်မှာ(၇)သန်း ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၎င်း လူမျိုး ကိစ္စ ကြောင့် နှစ်ပေါင်း တစ်ရာစုနီးပါး ပြဿနာဖြစ် တဲ့ အတွက် ကျွန်တော်တို့ ခေတ်တွင် ကရင် အမျိုးသားကိစ္စကို အပြီးအပြတ် ဖြေရှင်းပေးချင် တဲ့အနေနဲ့ ပြည်နယ်ရရှိပြီးသူများ ဖြစ်လင့်ကစား ၎င်းလူမျိုး၏ ထူးခြားသော ဝိသေသလက္ခဏာအရ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များ တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေများ ထပ်မံ၍ ထူထောင်ပိုင်ခွင့် မရနိုင်သော လူမျိုးဖြစ်နေသည့် အတွက်ကြောင့် ကရင်လူမျိုးနည်းဘူ အခြားကျန်ရှိ နေသောလူမျိုးတို့၏အရေးအရာများကိုလည်းကူညီ ဖြေရှင်းနိုင်ရေးအတွက် ဗဟိုအစိုးရတွင် “တိုင်းရင်း သားလူမျိုးများရေးရာဝန်ကြီးဌာန” တစ်ခုဖွဲ့စည်း ပေးရန်လိုအပ်မည်ဖြစ်ကြောင်း အကြံပေးတင်ပြလို ပါသည်။ အနှစ်သာရအားဖြင့်ဆိုသော် ၎င်းဝန်ကြီး ဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ စီရင်စုများရှိ တိုင်းရင်းသားများမှအပ ကျန်ရှိနေသော တိုင်းရင်းသားများ၏ အရေးအရာ များကို ကူညီဖြေရှင်းနိုင်မည့် ဝန်ကြီးဌာန တစ်ခု ဖြစ်မည် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရေး ခေါင်းစဉ်အောက်မှာ တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းထူထောင်ပေးနိုင် ရေးအတွက် အခြေခံဥပဒေတွင် ပြဋ္ဌာန်းရေးဆွဲပေး ပါရန် အကြံပေးတင်ပြအပ်ပါသည်။

၁၈။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အပိုင်း ၂၊ ပြည်သူ့လွှတ်တော် ခေါင်း စဉ် အပိုဒ်(၈၇)၌ ဖော်ပြသည်မှာ ပြည်သူ့လွှတ်တော် တွင် တရားဥပဒေဖြင့် သတ်မှတ်ထားသော မဲဆန္ဒ နယ်များမှ ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်အမတ်များပါဝင်ရမည် (သို့ရာတွင် ကရင်အမျိုးသား ကိုယ်စားလှယ် အမတ်များ အတွက် ကရင်အမျိုးသား လူဦးရေ အချိုးအစား အလိုက် သတ်မှတ်ပေးရမည်ဖြစ်သော အမတ်အရေ အတွက်ကို သီးသန့်ထားရန် ပြဋ္ဌာန်းချက်များကို ပြုရမည်) ဟူ၍ ပါရှိပါသည်။ အပိုဒ်(၃)တွင်လည်း

ကယားပြည်နယ်မဲဆန္ဒနယ်နှင့် ချင်းစိသေသတိုင်းရှိ မဲဆန္ဒနယ်များအတွက်မှာမူကား အချိုးကျရနိုင်သည်ထက် အမတ်ဦးရေကို တိုးမြှင့်နိုင်သည် ဟူ၍ သတ်မှတ်ထည့်သွင်းထားပါသည်။ တစ်နည်းအားဖြင့်ဆိုလိုရန်မှာ ထိုထိုသောအပိုဒ်များကို ထည့်သွင်းရခြင်းမှာ အထူး အခွင့်အရေးတစ်ရပ် မဟုတ်ဘဲ သူ့လူမျိုးနှင့် လိုက်လျောညီထွေဖြစ်မည့် အခြေအနေကို ဖွဲ့စည်းအုပ်ချုပ်ပုံတွင် ဖော်ပြပေးခြင်းဖြင့် အလေးဂရုပြုပြီး အခြေခံဥပဒေတွင် ထည့်သွင်းပေးခြင်းဖြစ်ပါတယ်။

ထိုအတိုင်းပင် ယခုကျွန်တော်များ အမျိုးသားညီလာခံမှ ချမှတ်သော အခြေခံမူများ၌ ဥပဒေပြုရေးနဲ့ စပ်လျဉ်းပြီး အပိုဒ်(၅)မှာ “ လျော်ကန်သင့်မြတ်သည့် လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် ထိုတိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည် ” ဟူ၍လည်းကောင်း။

အုပ်ချုပ်ရေးနဲ့ စပ်လျဉ်း၍ အခန်း (၄) တွင် “ အထက်အပိုဒ်(ဆ)၊ အပိုဒ်ခွဲ(၅)အရသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့် ရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအုပ်ချုပ်ရေးတွင် အဓိကအားဖြင့် တိုင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရန် ဖြစ်သည် ” ဟူ၍ ဖော်ပြထားပါသည်။ အထက်ပါ အမျိုးသားညီလာခံမှ ချမှတ်သောမူသည် အနှစ်သာရအားဖြင့် ၁၉၄၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြဋ္ဌာန်းသော အပိုဒ်(၁) နှင့် (၃) တို့မှ ဖော်ပြချက်အရ အလေးဂရုပြုသော အနှစ်သာရမှာ တူညီလျက်ရှိပါသည်။

ထို့ကြောင့် ယခင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရကဲ့သို့ ကရင်တိုင်းရင်းသားများနှင့်ပတ်သက်၍ ၎င်းတို့၏လူမျိုးနှင့် လိုက်လျောညီထွေသော ပုံသဏ္ဌာန်ကို ဖော်ပေးရန်ဖြစ်ပါသည်။ ဥပမာ—ကရင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်မရှိ ကရင်လူမျိုးလွှတ်တော် ကိုယ်စားလှယ်များကို ပူးပေါင်းစေပြီး “ ကရင်လူမျိုးရေးရာကောင်စီ ” ကို ဖွဲ့စည်းပြီး ကရင်ရေးရာကိစ္စအရပ်ရပ်ကို ကိုင်တွယ် ဖြေရှင်းပေးနိုင်ရေးအတွက် ကရင်ရေးရာ ညွှန်ကြားရေး ဦးစီးဌာနတစ်ခု ဖွဲ့စည်းရန်ဖြစ်ပါသည်။

ထိုအထက်ပါ အကြံပေးချက်မှာ လုပ်ငန်းစဉ်အသစ်အဆန်း မဟုတ်ဘဲ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖော်ဆောင်ခဲ့သော လုပ်ငန်းစဉ်ဟောင်း တစ်ခုကို ပြန်လည် ဖော်ထုတ်ခြင်းသာဖြစ်ပါသည်။ ထိုစဉ်က “ ကရင်ရေးရာကောင်စီ ” သည် ကရင်ပြည်နယ်ကို ဖွဲ့စည်း ထူထောင်ပေးပြီးသောအခါ ကရင်ရေးရာကောင်စီ ရှိစရာ မလိုတော့ပါဟုဆိုကာ ကရင်ရေးရာကောင်စီ (Kayin Affair Council) နှင့် ကရင်ရေးရာ ညွှန်ကြားရေးဦးစီးဌာန ( Kyain Affair Directorate )များကို ဖျက်သိမ်းခဲ့ပါသည်။

ထို့ကြောင့် ပြည်မရှိ ကရင်အများစု အရေးကို ကိုင်တွယ် ဖြေရှင်းနိုင်ခြင်း မရှိတော့ဘဲ ကရင်ပြဿနာသည် မရှည်သင့်ဘဲ ရှည်နေရသည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့ရပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်ရှိ ကရင်အမတ်များနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိကရင်အမတ်များကို ပူးပေါင်းပြီး ကရင် ပြဿနာကို အထူးပြု ဖြေရှင်းနိုင်ရေးအတွက် “ကရင်ရေးရာကောင်စီ” တစ်ရပ်ကို ဖွဲ့စည်းခွင့် ရရှိရေး အတွက် အခြေခံဥပဒေတွင် ဖော်ပြပေးရန် သို့မဟုတ် အခြားသင့်တော်သည့် အခန်းများတွင် ထည့်သွင်းပေးရန် အကြံပြုတင်ပြအပ်ပါသည်။

ထိုမှတစ်ဖန် ကရင်ရေးရာ ကောင်စီမှ ကြီးမှူးပြီး ကရင်ပြဿနာကို လက်တွေ့ကိုင်တွယ် ဖြေရှင်းနိုင်ရန် အတွက် "ကရင်ရေးရာညွှန်ကြားရေးဌာန" တစ်ခု ဖွဲ့စည်းခွင့်ကို အခြေခံဥပဒေတွင် သော်လည်းကောင်း၊ အခြားသင့်တော်သည့် အခန်းများတွင် သော်လည်းကောင်း ထည့်သွင်းဖော်ပြပေးပါရန် အကြံပေးတင်ပြအပ်ပါသည်။

ကရင်ရေးရာညွှန်ကြားရေးဌာနက ဖော်ဆောင်ရခြင်း အကြောင်းအတိအကျကို ဖော်ပြရမည်ဆိုပါလျှင် အောက်ဖော်ပြပါ ကိစ္စရပ်ကို သော်လည်းကောင်း၊ မည်သည့်ဒေသများကိုမဆို ကရင်ရေးရာဖြင့် ဖော်ဆောင်သင့်သည်ဆိုသည်ကို ဆက်လက်တင်ပြလိုပါသည်။

**သဘာပတိကြီးခင်ဗျား**

၂၀။ ၁၉၈၂ ခုနှစ် သန်းခေါင်စာရင်းအရ ကရင်လူမျိုး ၂၆ သိန်းရှိပြီး ကရင်ပြည်နယ်တွင် ၆ သိန်းမျှသာ ရှိသဖြင့် ကျန်ရှိသော တိုင်းနှင့် ပြည်နယ်များတွင် သိန်း ၂၀ ရှိကြောင်း ထင်ရှားလျက်ရှိပါသည်။ ထို့ကြောင့် ကရင်အမျိုးသားများ၏ အရေးအရာကိစ္စများကို ဖြေရှင်းပေးရာတွင် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများအတွက် ဖြေရှင်းပေးရုံမျှဖြင့် မလုံလောက်ဘဲ ကရင်ပြည်နယ်အပြင်တွင်ရှိသော ကရင်အမျိုးသားများ၏ အရေးကို ဆောင်ရွက်ရန် ကရင်ရေးရာ ညွှန်ကြားရေး ဦးစီးဌာန တစ်ခု ထားရှိရန် လိုအပ်ပေမည်။ အဆိုပါ ကရင်ရေးရာ ညွှန်ကြားရေး ဦးစီးဌာနကို ကရင်ပြည်နယ် အစိုးရအောက်တွင် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုရေးရာ ဝန်ကြီးဌာနအောက် လည်းကောင်း ထားရှိပြီး ဆောင်ရွက်နိုင်ပါသည်။

အထူးသဖြင့် ဧရာဝတီတိုင်းတွင်

(၁) ပုသိမ်ခရိုင်
(၂) မြောင်းမြခရိုင်
(၃) ဟင်္သာတခရိုင်
(၄) မအူပင်ခရိုင်
(၅) ဖျာပုံခရိုင်

ရန်ကုန်တိုင်းတွင်

(၁) ဟံသာဝတီခရိုင်
(၂) အင်းစိန်ခရိုင်

ပဲခူးတိုင်းတွင်

(၁) ပဲခူးခရိုင်
(၂) တောင်ငူခရိုင်
(၃) သာယာဝတီခရိုင်

မွန်ပြည်နယ်တွင်

(၁) ကျိုက္ခမီခရိုင်
(၂) သထုံခရိုင်

တနင်္သာရီတိုင်းတွင်

(၁) ထားဝယ်ခရိုင်
(၂) မြိတ်ခရိုင်

တို့တွင် ကရင်လူမျိုး အများအပြား နေထိုင်လျက်ရှိရာ—

(၁) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
(၂) ပြည်ထောင်စု မပြိုကွဲရေး၊
(၃) ပြည်ထောင်စု အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး စသည်တို့ကို ပိုပြင်တိကျစွာ အကောင်အထည် ဖော်နိုင်ရန် ကရင်ရေးရာ ညွှန်ကြားရေး ဦးစီးဌာန ထားရှိခြင်းအားဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

၂၁။ အချုပ်အားဖြင့် ဆိုရသော် နိုင်ငံတော်တည်ဆောက်ပုံအောက်တွင် အခြေခံဥပဒေရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရဖွဲ့စည်း တည်ဆောက်ရာတွင် အခြားသော ဝန်ကြီးဌာနများအပြင်—

(က) တိုင်းရင်းသား လူမျိုးစုရေးရာ ဝန်ကြီးဌာနနှင့်

(ခ) ကရင်ရေးရာ ကောင်စီနှင့် ကရင်ရေးရာ ညွန်ကြားရေးဦးစီးဌာနများ ဖွဲ့စည်းပေးခြင်းဖြင့်

တိုင်းရင်းသား လူမျိုးစုများ၏ ရေးရာ ကိစ္စများကို ဖြေရှင်းရာတွင် ထားရှိအပ်သော အခြေခံမူများ ထပ်မံဖြည့်စွက်နိုင်မည် ဖြစ်ပါသည်။အဆိုပါအခြေခံမူများမှာ—

(၁) ညီအစ်ကိုသွေးချင်းသားချင်း အချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ခြင်း၊

(၂) ညီအစ်ကိုတိုင်းရင်းသားများထာဝစဉ် ချစ်ကြည်ရေးကို အလွယ်တကူ ဆောင်ရွက်နိုင်ခြင်း၊

(၃) ညီအစ်ကိုအချင်းချင်း စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးစံ ယဉ်ကျေးမှုတို့ကို အလွယ်တကူ လေ့လာဆည်းပူးနိုင်ခြင်း၊

(၄) ညီအစ်ကိုအချင်းချင်း တစ်ဦး၏ အကျိုးကို တစ်ဦးက ပွင့်လင်းထင်ရှားစွာ ဆောင်ရွက်နိုင်ခြင်း၊

(၅) မြန်မာပြည်သည် မြန်မာ တိုင်းရင်းသားများသာ ပိုင်ဆိုင်သဖြင့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ ဝင်ရောက်ကြီးစိုးခြင်း၊ နယ်ချဲ့ခြင်း မပြုရလေအောင် အစဉ်နိုးကြားခြင်း၊

(၆) တိုင်းရင်းသား လူမျိုးများ၏ ကွယ်ပျောက်ခြင်း၊ရွေ့လျောခြင်း၊ဆုံးပါးခြင်း မရှိရလေအောင် ဝိုင်းဝန်းထိန်းသိမ်းနိုင်ခြင်း၊

(၇) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွင် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခြင်း၊

ဆိုသည့်အကြောင်း (၇) ချက်ကို ဖော်ပြရခြင်းမှာ ကမ္ဘာတွင် လူဦးရေ အများဆုံးဖြစ်သော တိုင်းပြည်ကြီး နှစ်ပြည်အကြား ရပ်တည်နေရသောကြောင့် ဖြစ်ပါသည်။

**သဘာပတိကြီးခင်ဗျား**

၂၂။ အထက်ပါ ဖော်ပြပါ အကြောင်းကြောင်းကို ထောက်ရှုခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ပုံတွင် ဥက္ကဋ္ဌကြီး ဦးအောင်တိုး တင်ပြသည့် အခြေခံမူ(၇) ချက်အနက် ပဉ္စမမြောက် အချက်ဖြစ်သော "တိုင်းဒေသကြီးပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ" ကို ကရင် တိုင်းရင်းသား လူမျိုးတို့၏ ထူးခြားသောဝိသေသလက္ခဏာကြောင့် အကြောင်းကြောင်းကို ထောက်ရှုပြီး ကျွန်တော်တို့၏ တင်ပြခဲ့သော အကြောင်း အချက်ကို လေးလေးနက်နက် စဉ်းစားပြီး အကောင်အထည် ဖော်ပေးမည်ဟု မမှိတ်မသုန် ယုံကြည်အပ်ပါသည်။

**သဘာပတိကြီးခင်ဗျား**

၂၃။ ဆက်လက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီးသော တိုင်းရင်းသားများ၏ နယ်မြေသတ်မှတ်ပေးရေးနှင့် ပတ်သက်၍ လိုအပ်သော လူဦးရေ စာရင်းဇယားများ၊နယ်မြေရှိ ကျေးရွာခရိုင် စာရင်း ဇယားများနှင့်တကွ ဒေသခံ နယ်မြေ ကာယကံရှင်တို့၏ ဆန္ဒနှင့် အညီ ပြုလုပ်ရန် ဖြစ်သည့်အတွက် အလောတကြီး ပြုလုပ်ရန် မသင့်ဘဲ အချိန်ယူ ကာ ၎င်းနယ်မြေရှိ အကြီးအကဲများ၊ ပြည်သူ့ ကိုယ်စားလှယ်များ၊ နိုင်ငံတော် အစိုးရမှ ကိုယ်စားလှယ်များနှင့် တကွ စစ်ဘက်၊ အရပ်ဘက် အကြီးအကဲများ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် လုပ်ငန်း အကောင် အထည် ဖော်ပေးမည့် ကော်မရှင်များ အစရှိသည့် လုပ်ငန်းအကောင်အထည်ဖော်မည့်အဖွဲ့အစည်းများဖွဲ့စည်းကာနယ်မြေများသတ်မှတ်ရန် အကြံပေးတင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား**

၂၄။ နိုင်ငံတော် တည်ဆောက်ပုံနဲ့ ပတ်သက်၍ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ မိန့်ကြားခဲ့သည့်အတိုင်း ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ

တည်ဆောက်ခဲ့သော နယ်မြေ အဆင့်ဆင့်ဖြစ်သည့် ကျေးရွာများကို ကျေးရွာအုပ်စု၊ ရပ်ကွက်များကို မြို့နယ်၊ ကျေးရွာအုပ်စုနဲ့ ရပ်ကွက်နဲ့မြို့ကို မြို့နယ်၊ မြို့နယ်များကို တိုင်း သို့မဟုတ် ပြည်နယ်၊ တိုင်းနှင့် ပြည်နယ်များကို နိုင်ငံတော် ဟူ၍လည်းကောင်း၊ နောက်တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်များကို သတ်မှတ်ဆောင်ရွက်ခဲ့သလို ယခုအခါ ပေါ်ပေါက်လတ္တံ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် နိုင်ငံတော်ဟူ၍ အဆင့်ဆင့်သတ်မှတ် ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို နိုင်ငံတော်တည်ဆောက်ပုံအဖြစ် သတ်မှတ်ချက်ကို ထောက်ခံကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား

၂၅။ တစ်ဆက်တည်းမှာပင် ထိုအဆင့်ဆင့်သော နယ်မြေဒေသများ၏ စုစည်းတည်ထောင်ထားသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု၊ တစ်နည်းအားဖြင့် နိုင်ငံတော်တစ်ခုအတွင်းမှ မည်သည့်အစိတ်အပိုင်းမှ ခွဲထွက်ခွင့် မပေးသင့်ကြောင်း၊ ခွဲထွက်ခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်ပေါ်စေနိုင်ပြီး အတိဒုက္ခရောက်နိုင်ခြင်း၊ ယခုလက်ရှိကမ္ဘာပေါ်တွင် ပြိုလဲသွားသော နိုင်ငံတော်ကြီးနှင့် နယ်မြေဒေသများ သူပိုင်ကိုယ်ပိုင်ဟူသည့် အငြင်းပွားမှုများကို လူပေါင်းထောင်နှင့်ချီ၍ သေကျေပျက်စီးနေရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ဆဲပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်များ မြန်မာနိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ချမှတ်ထားသော အခြေခံမူကို စွဲမြဲစွာဆုပ်ကိုင်လျက် တိုင်းရင်းသားအားလုံး၏ အကျိုးကိုရှေးရှုပြီး ဖြစ်ပေါ်လာသမျှ ပြဿနာအားလုံးကို မိသားစုစိတ်ဓာတ်ဖြင့် ဖြေရှင်းလျှင် အားလုံးအကျိုးအတွက် ညီညွတ်နှိုင်းတိုင်ပင်ပြီး လုပ်ဆောင်ကာ သာယာဝပြောသော အမိနိုင်ငံတော်ကြီး ဖြစ်ပေါ်မည့် အရေးကို ဦးထိပ်ထားလျက် ဤအမိနိုင်ငံတော်ကြီးမှ ခွဲထွက်လိုသော အကြံအစည်၊ လုပ်ဆောင်ချက်မှန်သမျှကို ဆန့်ကျင်ကြောင်း တင်ပြရင်း ဥက္ကဋ္ဌကြီးရဲ့ တင်ပြထားသော မည်သည့်အစိတ်ပိုင်းမှ ပြည်ထောင်စုမှ ခွဲမထွက်ရ အခြေခံမူကို ထောက်ခံကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား

၂၆။ နိုင်ငံတော်မှအစ ကျေးရွာ ရပ်ကွက်အဆုံး နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း၊ အမည်နာမများ ပြောင်းလဲသတ်မှတ်ရေး ကိစ္စနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ မိန့်ကြားခဲ့သည့် လုပ်ငန်းစဉ် အားလုံးအတိုင်း စိစစ်ဆောင်ရွက်ရန် ဤအဖွဲ့ချုပ်အနေဖြင့် သဘောတူ ထောက်ခံကြောင်း တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား

၂၇။ နောက်ဆက်လက်ပြီး နိုင်ငံတော်တည်ဆောက်ပုံ နောက်ဆုံးအခန်းကဏ္ဍတွင် ရန်ကုန်မြို့တော်ကို ယခင်အစိုးရအဆက်ဆက်တို့၏ ဖွဲ့စည်းပုံအတိုင်းမဟုတ်ဘဲ သစ်လွင်သော ဖွဲ့စည်းပုံအသစ်အဖြစ် ရန်ကုန်မြို့တော်ကို သီးခြားအုပ်ချုပ်သည့် နယ်မြေအဖြစ် ပြုပြင်ပြောင်းလဲကာ နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိ၍ ၎င်းမြို့တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို သီးခြားဖော်ဆောင်ကာ နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်သိက္ခာနှင့် တန်ခိုးအာဏာကို ပေါ်လွင်ထင်ရှားစေဖို့ အလို့ငှာ မည်သည့်တိုင်းဒေသကြီးအတွင်း၌ မထားရှိဘဲ သီးခြားနယ်မြေတစ်ခုအဖြစ် သတ်မှတ်ပေးရန်အတွက် အခြေခံမူတစ်ရပ်ချမှတ်ရန် ထောက်ခံအပ်ပါသည်။

ထို့မှတစ်ဖန် ကိုကိုးကျွန်းကဲ့သို့သော အရေးပါ၍ ပြည်တွင်းပြည်ပ ကာကွယ်ရေးအတွက်ပါ အရေးပါလှသော မဟာဗျူဟာမြောက် ပထဝီအနေ

**အ**ထား ကြောင့် ထိုသို့သော ဒေသကို သမ္မတ အုပ်ချုပ်မှုအောက်တွင် ထားရှိရန်အတွက် သင့်လျော်ကြောင်း ထောက်ခံတင်ပြ **အပ်ပါသည်။**

၂၀။ နိုင်ငံတော် တည်ဆောက်ပုံနှင့် ပတ်သက်၍ ကျွန်တော်များ ပြည်ထောင်စုကရင်အမျိုးသားများ စီစဉ် ရေးဆွဲထားသော ဖွဲ့စည်းပုံဇယား (၁) နှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးစုများ ပျံ့နှံ့နေထိုင်မှုပြမြေပုံအား လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန်နှင့် အထောက်အကူ ဖြစ်မည်ဟု ယုံကြည်စွာဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

## အခန်း (၃)

# နိုင်ငံတော်အကြီးအကဲ

**သဘာပတိကြီးခင်ဗျား**

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်း အဝေးမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ တင်ပြ ဆွေးနွေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲနဲ့ စပ်လျဉ်းတဲ့ ဆွေးနွေးချက်အပေါ်မှာ အကြံပေး ဆွေးနွေးအပ် ပါတယ်။

**သဘာပတိကြီးခင်ဗျား**

နိုင်ငံတော် အကြီးအကဲနှင့်ပတ်သက်ပြီး ချမှတ် ထားတဲ့ အခြေခံရမယ့် မူများအရ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေးအာဏာ အပြည့်အဝ ကျင့်သုံးနိုင်မယ့် သမ္မတဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ တံခွန်သဖွယ်ဖြစ်ပြီး နိုင်ငံတော်သူ နိုင်ငံတော်သား များရဲ့ အခးကိုးအားထားရာ အမျိုးသား ခေါင်းဆောင်ကြီးလည်း ဖြစ်ရပါမယ်။

ဒီလို နိုင်ငံတော်မှာ အလွန်အရေးကြီးတဲ့ ရာထူး တာဝန်ကို ထမ်းဆောင်မယ့်ပုဂ္ဂိုလ်ကို သေသေ ချာချာ စိစစ်ရွေးချယ်နိုင်ရေးအတွက် လိုအပ်တဲ့ အရည်အချင်းများကိုလည်း ပြည့်ပြည့်စုံစုံ တိတိ ကျကျ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်—

— နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသူ ဖြစ်ပါတယ်၊

— နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံးရဲ့ အမျိုးသားခေါင်းဆောင် ဖြစ်ပါတယ်၊

— နိုင်ငံတော်သမ္မတ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင်နိုင်ငံ သားအားလုံးရဲ့ အထွတ်အထိပ် ဖြစ်ပါတယ်

ဆိုတာ အခြေခံမူအဖြစ် သတ်မှတ်သင့်ပါတယ်။

၁။ နိုင်ငံတော်သမ္မတမှာ ရှိသင့်ရှိအပ်တဲ့ အရည် အချင်းများနဲ့ စပ်လျဉ်းပြီး ဆက်လက်အကြံပြု တင်ပြလိုပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်တဲ့အား လျော်စွာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်တိုးတက်ကြီးပွား ရေးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစတဲ့ နိုင်ငံတော်အရေးအရာ များနဲ့ စပ်လျဉ်းပြီး ကျွမ်းကျင်ထိရောက်ပြတ်သား စွာ ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ကို ဦးဆောင်မှုပေးမယ့် ပုဂ္ဂိုလ်ဖြစ်တဲ့ အားလျော်စွာ အထူးသဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမယ်ဆိုတဲ့ အရည်အချင်းတစ်ရပ် ကိုလည်း သတ်မှတ်ရေးအတွက် အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား

၂။ နိုင်ငံတော်သမ္မတအဖြစ် ဆောင်ရွက်မယ့်ပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာနိုင်ငံတော်အတွင်း နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်ဖြစ်ကြောင်းကို နိုင်ငံ အတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အတိအလင်း ဖော်ပြ ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား

ကျွန်တော်တို့နိုင်ငံမှာလည်း နိုင်ငံတော်သမ္မတ ရဲ့ နိုင်ငံသားဖြစ်မှုနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူချမှတ်ရာမှာ "နိုင်ငံတော်သမ္မတသည်မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသောတိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်" လို့ ချမှတ်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူရဲ့ အသက်ကို အနည်းဆုံး ၄၅ နှစ်ရှိသူဖြစ်ရမယ်လို့ အခြေခံရမယ့်မူချမှတ်သင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ လွှတ်တော် ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ပိုင်ခွင့်အတွက် အရည်အချင်းများနဲ့လည်းပြည့်စုံသူဖြစ်သင့်ပါတယ်။

နိုင်ငံတော် သမ္မတဟာ လွှတ်တော်ရွေးကောက်ပွဲမှာ "ရွေး ကောက် တင် မြှောက် ခံပိုင်ခွင့် အတွက် သတ်မှတ်ထားသောအရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံရမည်" လို့ နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းတစ်ရပ်အဖြစ် သတ်မှတ်ရန် လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့အမျိုးသားခေါင်းဆောင်နဲ့ နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ အားလျော်စွာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများအရေး စသည့် အရေး အရာများကို အဆက်မပြတ်သိရှိတဲ့ အရည်အချင်းလည်း လိုအပ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်သမ္မတဟာ သမ္မတအဖြစ် ရွေး ချယ် တင် မြှောက် ခြင်း ခံ ရ သည့် အ ချိန် နှင့် တစ်ဆက်တည်း အနည်းဆုံးအနှစ် ၂၀ နိုင်ငံတော်တွင်အခြေချနေထိုင်ခဲ့သူဖြစ်ရမည်လို့ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား

၃။ မြန်မာနိုင်ငံတော်ဟာ သစ္စာဖောက် တွေကြောင့် ဗြိတိသျှနယ်ချဲ့တို့ရဲ့ လက် အောက် မှာ အနှစ် ၁၀၀ ကျော် ကျွန်ဘဝအဖြစ် ကျရောက်ခဲ့ပြီး ပြည်သူတွေအနေနဲ့လည်း ခါးသီးတဲ့ အတွေ့အကြုံများကို ကြုံတွေ့ခံစားခဲ့ရပြီးဖြစ်ပါတယ်။ ဒါ့အပြင် လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ အဲဒီလို သစ္စာဖောက်တွေကြောင့် မိမိတို့တိုင်းပြည်ရဲ့လွတ်လပ်ရေးနဲ့ မိမိတို့ပိုင်ဆိုင်တဲ့ အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးရမယ့်အခြေအနေမျိုးဆိုက်ရောက်ခဲ့တဲ့အတွက် တပ်မတော်က အချိန်မီကာကွယ်ပေးခဲ့ရတဲ့ သာဓကတွေကိုလည်း အထင်အရှားတွေ့မြင်သိရှိကြပြီးဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအဖြစ်လည်းကောင်း၊ အမျိုးသား ခေါင်းဆောင်အဖြစ် လည်း ကောင်း ဆောင်ရွက်မယ့် နိုင်ငံတော်သမ္မတသည်နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေသူ ဖြစ်ရပါမယ်။ ဒါဟာအလွန်အရေးကြီးပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတကိုပြည်သူများကလုံးဝဥဿုံယုံကြည်အားထားနိုင်ဖို့နဲ့ သံသယမပွားစေနိုင်ဖို့ နိုင်ငံတော်သမ္မတသာမက သမ္မတရဲ့မိသားစုများကပါ နိုင်ငံတော်နဲ့နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေသူများဖြစ်ဖို့ အထူးလိုအပ်ပါတယ်။

၄။ ဒါ့ကြောင့်နိုင်ငံတော်သမ္မတဟာမိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘ တစ် ပါး ပါး သော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏ တရားဝင် သားသမီး တစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင်သား

သမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်သိရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ်ထိုအစိုးရ၏နိုင်ငံသားဖြစ်သူများ မဖြစ်စေဖို့နဲ့ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ ထိုအစိုးရ၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနဲ့ ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေဖို့ အထူးပဲ လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်း အဖြစ် ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့အတိုင်း သတ်မှတ်ရေးအတွက် အခြေခံရမယ့် မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား

၅။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ ရွေးချယ်တင်မြှောက်ရမယ်လို့ အခြေခံရမယ့် မူတစ်ရပ် ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဘယ်လိုဖွဲ့စည်းမလဲ၊ ဒီအဖွဲ့က နိုင်ငံတော်သမ္မတကို ဘယ်လို ရွေးချယ်တင်မြှောက်ကြမလဲ ဆိုတာတွေကို ဆက်လက်ဆွေးနွေးအကြံပြုပါမယ်။

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများနဲ့ အခြားအခြေအနေများအရလည်းကောင်း၊ အမျိုးသားညီလာခံ ဦးတည်ချက် (၆) ရပ်နဲ့လည်းကောင်း၊ကိုက်ညီမယ့် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ကြရမှာဖြစ်လို့ အဲဒီလို သမ္မတ ရွေးချယ်တင်မြှောက်ပေးဖို့ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို သီးခြားရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်တဲ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များအဖြစ် သတ်မှတ်ပြီး အစုအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းသင့်ကြောင်း တင်ပြအပ်ပါတယ်။

အစုအဖွဲ့(၁)ကို တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့လွှတ်တော်ကိုယ်စားလှယ်များနဲ့တစ်ဖွဲ့ အစုအဖွဲ့ (၂)ကို လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တစ်ဖွဲ့၊ အစုအဖွဲ့ (၃) ကိုအထက်ဖော်ပြထား တဲ့လွှတ်တော်နှစ်ရပ်အတွက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် တစ်ဖွဲ့ စသည်ဖြင့် ဖွဲ့စည်းသင့်ပါတယ်။

၆။ ကျွန်တော်တို့နိုင်ငံမှာနိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကို ကူညီပံ့ပိုးဖို့ လုပ်ငန်းတာဝန်များကို နိုင်နင်းစွာ ထမ်းဆောင်နိုင်ဖို့ ဒုတိယသမ္မတများကိုလည်း ရွေးချယ်တင်မြှောက်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့ (၃) ဖွဲ့က ပထမဦးစွာ ဒုတိယသမ္မတ တစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ရွေးချယ် တင်မြှောက်ကြဖို့ ဖြစ်ပါတယ်။ ဒုတိယသမ္မတများသည် နိုင်ငံတော့်သမ္မတလောင်းများလည်း ဖြစ်ကြပါတယ်။ ဒုတိယသမ္မတများဟာ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ပြည့်စုံခြင်း ရှိ မရှိကို ပြည်ထောင်စုလွှတ်တော်နဲ့လွှတ်တော်နှစ်ရပ်ရဲ့အကြီးအကဲနဲ့ ဒုတိယ အကြီးအကဲများ ပါဝင်တဲ့အဖွဲ့က စိစစ်ရမှာဖြစ်ပါတယ်။ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်အားလုံးပါဝင်တဲ့၊ တစ်နည်းအားဖြင့် ပြောရရင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးက နိုင်ငံတော်သမ္မတ လောင်းများဖြစ်တဲ့ ဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်တဲ့ ဒုတိယ သမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ကြရန် ဖြစ်ပါတယ်။ ဆန္ဒမဲအများဆုံး ရရှိတဲ့ ဒုတိယ သမ္မတကို နိုင်ငံတော်သမ္မတ

အဖြစ် ရွေးချယ်တင်မြှောက်တဲ့စနစ်ကို ကျင့်သုံးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းရေးအတွက် အခြေခံရမယ့်မူတစ်ရပ်ချမှတ်ရန် လိုအပ်ပါတယ်။

၇။ သမ္မတများနဲ့စပ်လျဉ်းတဲ့ ရာထူးသက်တမ်း၊ ကတိသစ္စာပြုခြင်း၊ လစာစရိတ်နဲ့ အဆောင်အယောင်များ၊ ပြည်ထောင်စုလွှတ်တော်နဲ့ ဆက်သွယ်ခြင်း စသည်တို့အပြင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပစ်တင်ခြင်းစသည်တို့အတွက်လည်း ထည့်သွင်းစဉ်းစားပြီး အခြေခံမူချမှတ်မှ လျော်ကန်ပါလိမ့်မည်။

**သဘာပတိကြီးခင်ဗျား**

၈။ ကျွန်တော်တို့နိုင်ငံမှာ လုပ်ပိုင်ခွင့်အပြည့်အဝရှိတဲ့ နိုင်ငံတော်သမ္မတဦးဆောင်အုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးဖို့ရှိတဲ့အတွက် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့အတွက်ရာထူးသက်တမ်းနဲ့ရာထူးသက်တမ်းဘယ်နှစ်ကြိမ်ထက်ပို၍ မထမ်းရွက်ရလို့ ကန့်သတ်ဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာရာထူးသက်တမ်းအတွက်အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌရဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာရှင်းလင်းပြောကြားတဲ့ မိန့်ခွန်းထဲမှာ လေ့လာသင့်တဲ့ နိုင်ငံတော်အသီးသီးရဲ့ သမ္မတသက်တမ်းနဲ့ ရာထူးသက်တမ်းတွေကို လေ့လာနိုင်ဖို့ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ ပြဋ္ဌာန်းချက်အချို့ကို တင်ပြထားသည်ကို လေ့လာသိရှိရပါတယ်။

ဒါကြောင့်ကျွန်တော်တို့ နိုင်ငံနဲ့ ကိုက်ညီမယ့် နိုင်ငံတော်သမ္မတရဲ့ ရာထူးသက်တမ်းကို ဘယ်လိုသတ်မှတ်သင့်တယ်ဆိုတာကို အကြံပေးတင်ပြပါမယ်။ နိုင်ငံတော်ရဲ့စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး စတာတွေကို အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ အစွမ်းကုန်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးရှိစေမယ့် လုပ်ငန်းများကို အချိန်ယူအကောင်အထည်ဖော်ပေးနိုင်ဖို့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့ရဲ့သက်တမ်းကို(၅)နှစ်သတ်မှတ်ပြီး၊ ဒီသက်တမ်းကုန်ဆုံးတဲ့အခါ နိုင်ငံတော် သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးတဲ့ အချိန်အထိ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ မိမိ၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ဖို့လည်းကောင်း၊ သမ္မတအဖြစ် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မရှိစေဖို့လည်းကောင်း ကန့်သတ်ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင်အဲဒီ သက်တမ်းအတွင်း အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတနေရာ လစ်လပ်တဲ့အတွက် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် အစားထိုးရွေးချယ်တင်မြှောက်ပါက အဲဒီနိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအသစ်ရဲ့ သက်တမ်းကို မူလသက်တမ်း ကုန်ဆုံးသည်အထိသာဖြစ်ကြောင်း အခြေခံရမယ့်မူမှာ ချမှတ်သင့်ပါတယ်။

၉။ ဒါကြောင့်နိုင်ငံတော်သမ္မတ သို့မဟုတ်ဒုတိယသမ္မတအဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်ပါက အဲဒီပုဂ္ဂိုလ်ဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ်လည်း တစ်ချိန်တည်းမှာပင် ပူးတွဲဆောင်ရွက်မယ်ဆိုရင် အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးတဲ့မူနဲ့ ကိုက်ညီမှုရှိမယ် မဟုတ်ကြောင်းတွေ့ရပါတယ်။ ဒါ့အပြင်နိုင်ငံတော်သမ္မတနဲ့ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များဖြစ်တဲ့အတွက် မိမိတို့ရာထူးသက်တမ်းအတွင်း ပါတီနိုင်ငံရေးအစား အမျိုးသားနိုင်ငံရေးကိုသာ ဦးတည်ဆောင်ရွက်သင့်တဲ့အတွက် နိုင်ငံရေး

ပါတီဝင်ဖြစ်လျှင်လည်းသက်ဆိုင်ရာပါတီ၏ လုပ်ငန်းများမှာပါဝင်ဆောင်ရွက်ခြင်းမပြုဖို့လိုအပ်ပါတယ်။

ဒါကြောင့်—

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည့်သည့်လွှတ်တော်ကိုယ်စားလှယ်မှမဖြစ်စေရ၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ နုတ်ထွက် သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

— နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ

ဟူ၍အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၁၀။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ လစာစရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမှ လက်ခံခြင်းမပြုရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်းလည်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတဟာ လုပ်ပိုင်ခွင့်အပြည့်အဝရှိမယ့်နိုင်ငံတော်အကြီးအကဲဖြစ်သလိုဒုတိယသမ္မတဟာလည်းနိုင်ငံတော်မှာ ကြီးမားတဲ့ တာဝန်များကို ထမ်းဆောင်ကြရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့ အားလျော်စွာ ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုကို အလေးအနက်ခံယူထားကြဖို့ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန် ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံပေးပို့ရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ ဥပဒေနဲ့သတ်မှတ်ထားတဲ့ လစာ၊ စရိတ်နဲ့ အဆောင်အယောင်များကို ရရှိသင့်ပါတယ်။ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာနဲ့ နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ဖို့ လုံလောက်တဲ့ဥပဒေနဲ့ သတ်မှတ်ထားတဲ့လစာ၊ စရိတ်နဲ့ အဆောင်အယောင်များကိုလည်းကောင်း၊ သင့်တင့်လျောက်ပတ်တဲ့ အိမ်တော်တစ်ဆောင်စီကိုလည်းကောင်း ရရှိစေဖို့ အခြေခံရမယ့်မူ ချမှတ်ရန်သင့်ပါတယ်။

၁၁။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အခြားဥပဒေတို့က အပ်နှင်းထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်နှင့်အညီ ကျင့်သုံးထမ်းဆောင်ဖို့လိုပါတယ်။

လွှတ်တော်နှစ်ရပ်က အတည်ပြုပြီးတဲ့ဥပဒေကြမ်းသည် အက်ဥပဒေဖြစ်မြောက်ရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ထိုးရန် လိုအပ်ကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်သော အခွင့်အရေးသည် နိုင်ငံတော်သမ္မတ၌သာရှိကြောင်း၊ နိုင်ငံတော်သမ္မတသည် လွှတ်တော်မှ ပြဋ္ဌာန်းလိုက်တဲ့ အက်ဥပဒေတိုင်းကို ထုတ်ပြန်ကြေညာရန် သော်လည်းကောင်း အခြေခံမူမှာ ဖော်ပြသင့်ပါတယ်။

ဝင်းအပြင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့် သို့တည်းမဟုတ် ပြည်သူတို့နှင့်သက်ဆိုင်သည့် အရေးကြီးသောကိစ္စများနှင့် စပ်လျဉ်းပြီး အမှာလွှာဖြင့်သော်လည်းကောင်း၊ မိန့်ခွန်းဖြင့်သော်လည်းကောင်း လွှတ်တော်သို့အကြောင်းကြားနိုင်သည်။

နိုင်ငံတော်သမ္မတသည် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်သည့်မှတစ်ပါး အခြားကိစ္စများတွင် မိမိအားပေးအပ်ထားသော အာဏာများနှင့် အလုပ်ဝတ္တရားများကိုပြည်ထောင်စုအစိုးရ၏ အကြံပေးချက်အရသာလျှင် သုံးစွဲဆောင်ရွက်ရမည်လို့ သမ္မတရဲ့ လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး အခြေခံမူမှာ ထည့်သွင်းသင့်ပါကြောင်း ဖြည့်စွက်အကြံပြု တင်ပြအပ်ပါတယ်။

နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရာထူးတာဝန်နဲ့ လိုက်လျောညီထွေကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။ တကယ်လို့ ဖောက်ဖျက်ခဲ့လျှင် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကိုဖြစ်စေ စွပ်စွဲပြစ်တင် အရေးယူနိုင်ဖို့ အခြေခံရမယ့်မူများကိုလည်း ချမှတ်သင့်ပါတယ်။

၁၂။ အောက်ပါ အကြောင်း တစ်ခုခုကြောင့် နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကိုဖြစ်စေ စွပ်စွဲ ပြစ်တင်နိုင်ဖို့ အခြေခံမူချမှတ်သင့်ပါတယ်။ အဲဒီအကြောင်းတွေကတော့—

(၁) နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း

တို့ဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်သမ္မတသို့မဟုတ်ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲပြစ်တင်ဖို့ လိုအပ်လာရင် ဘယ်ပုံဘယ်နည်း ဆောင်ရွက်သင့်တယ်ဆိုတာ လိုအပ်လာပါတယ်။ အဲဒီလိုစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံးသုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ဖို့ ထောက်ခံလျှင် အခြားလွှတ်တော်တစ်ရပ်က အဲဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးရန် ဖြစ်ပါတယ်။

၁၃။ ဒါကြောင့် အထက်ဖော်ပြခဲ့တဲ့ အချက်သုံးချက်အနက် အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်တဲ့ နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲပြစ်တင်ဖို့ရှိလာလျှင် အဲဒီလို စွပ်စွဲပြစ်တင်ဖို့ ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်နှစ်ရပ်မှ လွှတ်တော်တစ်ရပ်ရပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့ စွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်အကြီးအကဲထံ တင်ပြကြဖို့ဖြစ်ပါတယ်။

အဲဒီစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကိုယ်တိုင်သော်လည်း ကောင်း၊ ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရပါမယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးတဲ့အခါ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်ဟာ မှန်ကန်ပြီး စွပ်စွဲခံရတဲ့ပြစ်မှုဟာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်းဆုံးဖြတ်လျှင် စွပ်စွဲခံရတဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲရန် အဲဒီလွှတ်တော်က ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ တင်ပြပြီး

ပြည်ထောင်စု လွှတ်တော်အကြီးအကဲက တင်ပြချက်ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတရာထူးမှ ရပ်စဲကြောင်း ကြေညာရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြုပါတယ်။

**သဘာပတိကြီးခင်ဗျား**

၁၄။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသား ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတော်ရဲ့ အကြီးအကဲများလည်း ဖြစ်ကြပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ တာဝန်ထမ်းဆောင်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတ သက်တမ်းကာလအတွင်း တရားစွဲဆိုခွင့် မပြုနိုင်ရေးအတွက် အကာအကွယ်ပေးသင့်ပါတယ်။ အဲဒီလိုကာကွယ် ပေးထားမှသာလျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတဟာ မိမိရဲ့ တာဝန် များကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်စွမ်းရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ယင်းတို့၏ သက်တမ်း ကာလအတွင်း တရားစွဲဆိုပိုင်ခွင့် မရှိရေးအတွက် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**

၁၅။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ရဲ့ ရာထူးတာဝန်များကို မထမ်းဆောင်မီ အစဉ်အလာအရ ကတိသစ္စာပြုကြရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတ များ ဟာ လဲ ပြည် ထောင် စု လွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီးမှ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင် ရမှာဖြစ်ပါတယ်။ မည်သို့မည်ပုံ ကတိသစ္စာပြုရမယ်ဆိုတာကို ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ ဖော်ပြဋ္ဌာန်းလေ့ရှိတဲ့အတွက်နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ကတိသစ္စာပြုရေးကို အောက်ပါအတိုင်း ကတိသစ္စာ ပြုသင့်ပါကြောင်း အကြံပေး တင်ပြအပ်ပါတယ်—

> "ကျွန်ုပ်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို တည်မြဲအောင် ထိန်းသိမ်း၍ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ တရားဥပဒေများကိုစောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်တကွ တရားဥပဒေတို့နှင့် လျော်ညီစွာ မိမိ၏တာဝန်ဝတ္တ ရား များ ကို ယုံ ကြည် လေး မြတ် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ပြည် ထောင် စု မြန်မာ နိုင် ငံ၏ ဘေးရန် အန္တ ရာယ် အ ပေါင်း တို့ ကို တွန်း လှန် ဖယ်ရှားရန် ကြိုးစားသော သတိဝီရိယဖြင့် အား ထုတ် ပါ မည်။ ကျွန်ုပ် သည် ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်၏အကျိုးငှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင် ငံ တော် အား ကျွန်ုပ်၏ အသက် နှင့် ကိုယ် ကို အပ် နှင်း သည် ဟု လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိ သစ္စာပြုသည်"

ဟု ကတိသစ္စာပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား**

၁၆။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ တာဝန်များကို မိမိတို့ ရာထူး သက်တမ်း မကုန်ဆုံးမီ မိမိတို့ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုသင့်ကြောင်း တင်ပြအကြံပြု အပ်ပါတယ်။

၁။ နိုင်ငံတော် သမ္မတ တစ်ဦးဟာ မိမိရဲ့ ရာ ထူး သက် တမ်း မ ကုန် ဆုံး မီ နုတ် ထွက် သော ကြောင့် ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ်

မစွမ်းဆောင်နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခု သောအကြောင်းကြောင့်ဖြစ်စေ သမ္မတရာထူးနေရာ လစ်လပ်လျှင် မည်ကဲ့သို့ ဆောင်ရွက် သင့်တယ် ဆို တာကိုလည်း အခြေခံမူမှာ မဖြစ်မနေပါဝင်ရမှာ ဖြစ် ပါတယ်။ဒါကြောင့် နိုင်ငံတော် သမ္မတ ရာထူးနေရာ လစ်လပ်ခဲ့ရင် ဒုတိယသမ္မတ နှစ်ဦးအနက် နိုင်ငံတော် သမ္မတ ရွေးချယ်တင်မြှောက်စဉ် အခါက မဲအများ ဆုံးရရှိတဲ့ ဒုတိယ သမ္မတကို နိုင်ငံတော် သမ္မတရဲ့ လုပ်ငန်းများ၊ တာဝန်ဝတ္တရားများ ရပ်ဆိုင်းမသွား စေရေးအတွက် ယာယီ သမ္မတ အဖြစ် တာဝန်ထမ်း ဆောင်စေသင့်ပါတယ်။

၁၇။ ဒါကြောင့် နိုင်ငံတော် သမ္မတရာထူးလစ်လပ် သွားတဲ့အခါ နိုင်ငံတော် သမ္မတ တစ်ဦး ဦး ကို ရွေးချယ် တင် မြှောက် ဖို့ လိုအပ်လာပါမယ်။ နိုင်ငံ တော်သမ္မတ ရာထူး လစ် လပ် သွား တဲ့ အ ချိန် ဟာ ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ကျင်းပနေ ချိန်ဖြစ်လျှင် လစ်လပ်သွားတဲ့ နိုင်ငံတော် သမ္မတ ရာထူးကို ခုနစ်ရက် အတွင်း အစားထိုး ဖြည့်စွက်နိုင် ရေးအတွက် ယာယီ သမ္မတက ပြည်ထောင်စု လွှတ် တော်အကြီး အ ကဲ ထံ ဆောလျင်စွာ အကြောင်း ကြားစာပေးပို့သင့်ကြောင်း အခြေခံမူများ ချမှတ် သင့်ပါတယ်။ ယာယီသမ္မတရဲ့ အကြောင်းကြားစာ ကို ပြည်ထောင်စု လွှတ်တော်အကြီးအကဲက ရရှိတဲ့ အခါ လစ်လပ်သွားတဲ့ သမ္မတကို ဒုတိယ သမ္မတ အဖြစ် ဦးစွာရွေးချယ် တင်မြှောက် ပေးခဲ့တဲ့ သက် ဆိုင်ရာ သမ္မတ ရွေးချယ်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေး ချယ် တင် မြှောက် ပေး ရေး အတွက် ပြည်ထောင်စု လွှတ်တော် အကြီးအကဲက ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြု တင်ပြ အပ် ပါတယ်။

ဒါ့ကြောင့် သက်ဆိုင်ရာ သမ္မတ ရွေးချယ်တင် မြှောက်ရေး အစုအဖွဲ့က ဒုတိယ သမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ပြီး ပါက ပြည်ထောင်စု လွှတ် တော်ကိုယ်စားလှယ်များက ဒုတိယ သမ္မတ သုံးဦး အနက် မိမိတို့ ကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်ကို နိုင်ငံတော် သမ္မတ အဖြစ် ရွေးချယ် တင်မြှောက် သင့် ကြောင်း တင်ပြအကြံပြုအပ်ပါတယ်။

ပြည်ထောင်စု လွှတ်တော် အစည်း အဝေးကျင်း ပချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော်အကြီး အကဲဟာ ယာယီ သမ္မတရဲ့ အကြောင်း ကြား စာ ရ ရှိတဲ့ နေ့မှစ၍ (၂၁) ရက်အတွင်း ပြည်ထောင်စုလွှတ် တော်အစည်း အဝေးကို ခေါ်ယူပြီး လစ်လပ်သော နိုင်ငံတော် သမ္မတ ရာထူး ရွေးချယ် တင်မြှောက်နိုင် ရေးအတွက် ဖော်ပြပါ နည်းလမ်းအတိုင်း ဆောင် ရွက်သင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**

၁၈။ ဒုတိယ သမ္မတ ရာထူးနေရာ လစ်လပ်လျှင် ဒုတိယသမ္မတအစား ဘယ်လိုရွေးချယ်ရမယ်ဆိုတာ အကြံပေး တင်ပြလိုပါတယ်။ အကယ်၍ ဒုတိယ သမ္မတ တစ်ဦးဟာ ရာထူးသက်တမ်း မကုန်ဆုံးမီ ရာထူးမှ နုတ်ထွက်သွားလျှင်ဖြစ်စေ၊ ကွယ်လွန်သွား လျှင်ဖြစ်စေ၊ ရာထူးမှရပ်စဲခြင်း ခံရသောကြောင့် ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင် နိုင်သောကြောင့် ဖြစ်စေ၊ တစ်စုံ တစ်ခု သော အကြောင်း ကြောင့် ဖြစ်စေ ဒုတိယသမ္မတရာထူး နေရာလစ်လပ်လျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေ ချိန်ဖြစ်ပါက အဲဒီသမ္မတကို ရွေးချယ်တင်မြှောက် ပေးခဲ့သော ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့က ခုနစ်ရက် အတွင်း ဒုတိယ သမ္မတ တစ်ဦးရွေးချယ် တင်မြှောက် ပေးရေးအတွက် နိုင်ငံတော်သမ္မတက ပြည် ထောင် စု လွှတ် တော် အ ကြီး အ ကဲ ထံ သို့ ဆော လျင် စွာ အ ကြောင်း ကြား သင့် ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပ ချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော်အကြီး အကဲသည် နိုင်ငံတော်သမ္မတရဲ့ အကြောင်းကြားစာ ရရှိ တဲ့ နေ့ မှ (၂၁) ရက် အတွင်း ပြည် ထောင်စု လွှတ်တော်အစည်းအဝေးကိုခေါ်ယူပြီး သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင် မြှောက် ရေး အဖွဲ့က ဒုတိယ

သမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ပေးရေး အတွက် အခြေခံမူတွင် ထည့်သွင်း ချမှတ်သင့်ကြောင်း အကြံပြုရင်း ကျွန်တော်တို့ရေးဆွဲထားတဲ့ ဇယားလေးကိုရှင်းပြပြီး နိဂုံးချုပ်ပါမယ်။

(သြဘာသံများ)

[မှတ်ချက်။ စာတန်းနှင့်အတူ ပူးတွဲတင်ပြထားသော—

- ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရ၏ ဖွဲ့စည်းပုံဇယားကို နောက်ဆက်တွဲ (ဂ) ဖြင့်လည်းကောင်း။
- မြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ ပျံ့နှံ့နေထိုင်မှုပြ မြေပုံကို နောက်ဆက်တွဲ (ဃ) ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခု အစည်းအဝေးကို နေ့လယ်စာ စားသုံးဖို့ (၁) နာရီခန့် ရပ်နားပါမယ်။ အစည်းအဝေးကို ၁၂၀၀ နာရီမှာ ပြန်လည်ကျင်းပပါမယ်။ သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

[နေ့လယ်စာ စားသုံးရန် အမျိုးသားညီလာခံ အစည်းအဝေးကို ၁၁၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။ ၁၂၀၀ နာရီ အချိန်တွင် အစည်းအဝေးပြန်လည်ကျင်းပပါသည်။]

အခမ်းအနားမှူး။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်တဲ့အတွက် သဘာပတိအဖွဲ့ဝင်များ နေရာယူပါတော့မယ်ခင်ဗျား။

[သဘာပတိ အဖွဲ့ဝင်များသည် သဘာပတိ အဖွဲ့ဝင်များအတွက် သီးသန့် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူကြပါသည်။]

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်စာတမ်းများ ဆက်လက်ဖတ်ကြားတင်ပြခြင်း

[ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ]

**အခမ်းအနားမှူး။** အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ နိုင်ငံတော် အကြီးအကဲအခန်းများနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြဖို့ဖြစ်ပါတယ်။

အခုဆက်လက်ပြီး ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ဦးဖူးကွယ်ဆီး အား ဖတ်ကြားတင်ပြဖို့ ဖိတ်ပေါ်အပ်ပါတယ်။

**ဦးဖူးကွယ်ဆီး (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲအခန်း ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးချက် စာတမ်း။**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ အစုအဖွဲ့ပေါင်းစုံမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဂါရဝပြု မေတ္တာပို့သလိုက်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးဖူးကွယ်ဆီး ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား။** ၉-၁-၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးဟာ ယခုဆိုရင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ရပ်လုံးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ နိုင်ငံတော်အခြေခံမူအခန်းမှ အခြေခံမူများကို ညှိနှိုင်းရရှိပြီး ဖြစ်ပါတယ်။ ယခုဆက်လက်ပြီး နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်ပါအခန်းများရဲ့ အချက်အလက်များကို ရရှိပြီးဖြစ်တဲ့ အခြေခံမူများအပေါ်မှလည်းကောင်း ညီလာခံဦးတည်ချက် (၆) ရပ်နှင့် ညီလာခံကျင်းပရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပေါ် ဆက်လက်အကြံပြုဆွေးနွေးဖို့ ညီလာခံကျင်းပရေး ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်များ အပေါ် မိမိတို့ပါတီရဲ့ ရှုထောင့်၊ ထင်မြင်ယူဆချက်ကို လိုရင်းကိုအတိုချုံးပြီး ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

ဆွေးနွေး အကြံပြုချက်များတွင် အားနည်းချက်၊ လိုအပ်ချက် မပြည့်စုံမှုများရှိမည့်အကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံလိုပါတယ် ခင်ဗျား။ ဆွေးနွေးချက်များအပေါ် လိုအပ်ချက်များ အတွက် ညီလာခံကိုယ်စားလှယ်များမှ သဘောထားကြီးကြီး နားလည်ပေးကြပါရန်နှင့် အများ၏ဆန္ဒ

သဘောတူညီမှုကိုသာ ဦးထိုပ်ထားမည်ဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ နိုင်ငံတော်ခေါင်းစဉ်နဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အကြံပြု ဆွေးနွေးလိုပါတယ်—

(၁) နိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်သည်။

(၃) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာတည်သည်။

(၄) နိုင်ငံတော်၏ နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့် အတိုင်းဖြစ်သည်။

(၅) နိုင်ငံတော်တွင် စစ်မှန်သော ပါတီစုံစနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိသည်။

(၆) နိုင်ငံတော်ရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အေးအတူ ပူအမျှ ယှဉ်တွဲလျက်နေထိုင်ကြသည့်အလျောက်၊ တန်းတူညီမျှသော လုပ်ပိုင်ခွင့်၊ ခံစားခွင့်နှင့် တာဝန်ဝတ္တရားများရှိသည်

ဟု နိုင်ငံတော် အခန်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြ အစီရင်ခံလိုပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်—

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

(၂) ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (REGION) (၇) ခု အဖြစ်လည်းကောင်း၊ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (STATE) (၇) ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။

(၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်။

(၄) တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီးမှသာ ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မည်။

(၅) ပြောင်းလဲဖြစ်ပေါ်လာသော သမိုင်းကြောင်း၊ နိုင်ငံရေး အခြေအနေအရ လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး၊ နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Division) သတ်မှတ်ရန် ဖြစ်သည်။

အထက်ပါအချက်နှင့် ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

တိုင်းရင်းသား လူမျိုးများအရေးနှင့် ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေစာအုပ် ပထမတွဲ၊ စာမျက်နှာ ၂၉၇ အပိုဒ် (၃)တွင် အောက်ပါအတိုင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်—

မူရင်းအတိုင်း ကောင်းနုတ် တင်ပြရမယ်ဆိုရင်—

"ရှမ်းပြည်နယ်သည် အခြား ပြည်နယ် များ နှင့် မတူသဲ ထူးခြားချက်များစွာရှိသည်။ ကိုးကန့်နယ်မှာ ရှေးအခါက မြောက်သိန္နီနယ်အတွင်း ပါဝင်ခဲ့သော်

လည်း ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် သီးခြားနယ်အဖြစ် ရပ်တည်ခဲ့သည် ဆိုတဲ့အချက်ဖြစ်ပါတယ်”

ဤဖော်ပြချက်ဟာ ကိုးကန့်နယ်သည် ထူးခြားသောနယ်နိမိတ်နှင့် ဒေသန္တရအခြေအနေ၊ ကိုးကန့်ဘာသာစကားပြော၊ ကိုးကန့်တိုင်းရင်းသားများ အများစု စုစည်းနေထိုင်ကြပြီး၊ ကျန်လူနည်းစုတိုင်းရင်းသားများလဲ ကိုးကန့်ဘာသာစကားကို လက်ခံသုံးစွဲကြပြီး ထူးခြားသောယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့ ရှိကြကြောင်း သိသာထင်ရှားနေပါတယ်။

သိသာထင်ရှားနေတဲ့ သမိုင်းအထောက်အထားများအပြင် လက်ရှိဖြစ်ပေါ်နေသော သမိုင်းကြောင်းအခြေအနေ နိုင်ငံရေးအရ ကိုးကန့်တိုင်းရင်းသားများ၏ အရေးပါအရာရောက်သော စွမ်းဆောင်မှုမှာလည်း မေ့ပျောက်ထား၍ မရသော သမိုင်းအထောက်အထားတစ်ရပ် ရှိနေပါတယ်။

ဤသို့ပထဝီအနေအထား၊ ရိုးရာ၊ ဘာသာဓလေ့ ထူးခြားစွာရပ်တည်ခဲ့သော ကိုးကန့်ဒေသမှ ကိုးကန့်တိုင်းရင်းသားများ၏ လူမှုရေး၊ စီးပွားရေးနှင့် စီမံအုပ်ချုပ်ခွင့်ကို ရိုးရာဓလေ့ထုံးတမ်းကို သိကျွမ်းနားလည်သော ကိုးကန့်တိုင်းရင်းသားများကသာ စီမံခန့်ခွဲလျှင် ပို၍ ဆီလျော်သင့်မြတ်မည်ဟု အမျိုးသားညီလာခံကြီးသို့ အစီရင်ခံ တင်ပြလိုပါတယ်။

ထို့ကြောင့် ပြောင်းလဲ ဖြစ်ပေါ်လာသော သမိုင်းကြောင်းနှင့်အညီနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဘောင်အတွင်းမှ ရှမ်းပြည်မြောက်ပိုင်းအထူးဒေသ (၁) ကိုးကန့်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု (တိုင်း သို့မဟုတ် ဒေသ အဖြစ်) သတ်မှတ်ပေးရေးအတွက်၊ အမျိုးသားညီလာခံကြီးသို့ ရိုးသားပွင့်လင်းစွာ ဆန္ဒသဘောထား ခံယူရန် အစီရင်ခံ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်မှ ကိုးကားဆွေးနွေးအကြံပြုပါတယ်—

— ကျေးရွာများကို ကျေးရွာ အုပ်စုအဖြစ်လည်းကောင်း၊
— ရပ်ကွက်များကို မြို့ (သို့) မြို့နယ်အဖြစ်လည်းကောင်း၊
— ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ (သို့) မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊
— မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊
— ခရိုင်များကို တိုင်းဒေသကြီး (သို့) ပြည်နယ်အဖြစ်လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်လည်းကောင်း၊
— ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီးယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ်လည်းကောင်း၊
— တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို နိုင်ငံတော်အဖြစ်လည်းကောင်း၊
— နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စသည့်နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှခွဲမထွက်ရ။

နိုင်ငံတော်အတွင်း နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အခြေအနေပေါ်ပေါက်လာပါက ဥပဒေပြုရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် အခြေခံမူပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးရေတူညီစွာ ရွေးကောက်ထားသည့် လွှတ်တော်နှင့် လူဦးရေအခြေခံ ရွေးကောက်ထားသည့်

လွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၏ ဆန္ဒသဘောထားရယူပြီးမှသာ ပြင်ဆင်မှုတ်သတ်သင့်သဖြင့်၊ နယ်နိမိတ်ပြင်ဆင်မှုဆိုင်ရာမူကို အောက်ပါအတိုင်းဆွေးနွေးအကြံပြုတင်ပြအပ်ပါသည်—

(၁) ပြည်နယ်ဖြစ်စေ၊ တိုင်းဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းဖြစ်စေ ပြင်ဆင်ဖွဲ့စည်းရန် ပေါ်ပေါက်ပါက သက်ဆိုင်ရာပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများမှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၂) လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်မှာပါရှိတဲ့ ကိုယ်စားလှယ်များ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၃) ၎င်းလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့်အကျုံးဝင်နေသည့် တိုင်းဒေသကြီး (သို့) ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ

ကို ရယူပြီးမှသာ ပြင်ဆင်သတ်မှတ်သင့်ပါတယ်။

**သဘာပတိကြီး ခင်ဗျား။** နိုင်ငံတော်အကြီးအကဲခေါင်းစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆက်လက်အကြံပြု ဆွေးနွေးလိုပါတယ်—

- နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊
- နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သည်

ဟု နိုင်ငံတော်အခြေခံမူများ အခန်းခေါင်းစဉ်မှာ ချမှတ်ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး—

- နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်၊
- နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံး၏ အမျိုးသားခေါင်းဆောင်ဖြစ်သည်၊
- နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် နေရာရှိသည်

ထိုမူများပါ ချမှတ်သင့်ကြောင်းအကြံပြုလိုပါတယ်။

**သဘာပတိကြီးခင်ဗျား။** နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်တိုးတက်ကြီးပွားရေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်မည့်ပုဂ္ဂိုလ်ဖြစ်ပါသည်။ အထူးသဖြင့်နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူ၊နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးထိပ်ထားသူဖြစ်မှသာ နိုင်ငံသားများ၏ ယုံကြည်ကိုးစားမှုကို ခံယူထိုက်သူဖြစ်သည်။ နိုင်ငံသားနှင့် နိုင်ငံတော်အပေါ် သစ္စာရှိသူ ဖြစ်ရန်နှင့် နိုင်ငံတော်ကို ထိရောက်သော ဦးဆောင်မှုပေးနိုင်ရန် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများအရေး စသည့်အရေးအရာများကိုအဆက်မပြတ်သိရှိစေရန်လိုအပ်ပါသည်၊ နိုင်ငံသားများကလုံးဝဥဿုံ ယုံကြည်အားထားနိုင်သူနှင့် နိုင်ငံတကာရေးရာ အတွေ့ အကြုံရှိသူဖြစ်ရန် အထူး လိုအပ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတသည် အောက်ပါအရည်အချင်း သတ်မှတ်သင့်ကြောင်းအကြံပြုလိုပါသည်—

- နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာနိုင်ငံတော်အတွင်း နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်၊

- နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခံရသူ၏ အသက်သည် (၄၅) နှစ်ပြည့်ပြီးသူဖြစ်ရမည်၊
- နိုင်ငံတော်သမ္မတ သက်တမ်းကာလမှာ (၄) နှစ်သာ သတ်မှတ်ပြီး နှစ်ကြိမ်ထက်ပိုအရွေးခံပိုင်ခွင့်မရှိစေရ၊
- နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအတွက် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် မိမိနိုင်ငံ၏ သမိုင်းကြောင်း မိမိနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေနှင့် အခြားအခြေအနေတို့နှင့် လိုက်လျောညီထွေ ရှိစေမည့်အဖွဲ့ကို ဖွဲ့စည်းရန်လိုသည်။

ယင်းအဖွဲ့အစည်းများမှာ—

(၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ရှိ ရွေးကောက်တင် မြှောက် ခြင်း ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊

(၂) လူဦးရေကို အခြေခံ၍ ရွေးကောက်တင် မြှောက် သော လွှတ် တော် ရှိ ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ် တော် ကိုယ် စား လှယ် များ နှင့် လည်းကောင်း၊

(၃) ဖော်ပြပါလွှတ်တော် နှစ်ရပ်အတွက် တပ်မတော်မှ အမည်စာရင်း တင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း

ဖွဲ့စည်းရမည်။

အစုအဖွဲ့ (၃) ဖွဲ့မှ ဒုတိယသမ္မတ တစ်ဦးစီကို ရွေးချယ်တင်မြှောက်၍ ဒုတိယသမ္မတများသည် သမ္မတလောင်းများဖြစ်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သည့် ပြည်ထောင်စုလွှတ်တော်မှ ဒုတိယသမ္မတ (၃) ဦးအနက်နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ကြရန်ဖြစ်သည်။ ဆန္ဒမဲအများဆုံးရရှိသော ဒုတိယသမ္မတကို နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်သည့်စနစ်ကို ကျင့်သုံး၍ နိုင်ငံတော်သမ္မတ တစ်ဦးနှင့်ဒုတိယသမ္မတနှစ်ဦးတို့က လုပ်ငန်းတာဝန်များကို နိုင်နင်းစွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတများသည် မည်သည့် လွှတ်တော် ကိုယ်စားလှယ်မှ မဖြစ်စေရ၊ နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်း ဖြစ်လျှင် နိုင်ငံ့ ဝန်ထမ်း အဖြစ်မှလည်းကောင်း နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက် (သို့မဟုတ်) အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင် နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတများ အဖြစ် ရွေးချယ် တင်မြှောက် ခံရသည့် နေ့မှစ၍ မိမိတို့ ရာထူး သက်တမ်း အတွင်း ယင်းပါတီ အဖွဲ့ အစည်း၏ ပါတီလုပ်ငန်းများတွင်ပါ ဆောင်ရွက်ခြင်းမပြုရဟု အခြေခံမူ ချမှတ်သင့်သည်ဟု အကြံပြု တင်ပြပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်—

- နိုင်ငံတော်၏ ကျေးဇူး သစ္စာ တော်ကို ဖောက်ဖျက်ခြင်း၊
- ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊
- အကျင့် သိက္ခာ ပျက် ပြား ခြင်း စသည့် အခြေခံ မူများကို စောင့်ထိန်းမှု မပြုပါက တရားစွဲဆိုနိုင်သည့် အခြေခံမူများ ချမှတ်ရန် လိုပါသည်။

သို့သော် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတများသည် မိမိတို့၏တာဝန် ဝတ္တရားများကို ရဲဝံ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ

ဥပဒေပါ ပြဋ္ဌာန်းချက်များမှအပ တရားစွဲဆိုခြင်း မပြုနိုင်ရန် ကာကွယ်ပေးထားသင့်သည်။ ထို့ကြောင့် နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်မှအပ တာဝန်ထမ်းဆောင်ချိန် သက်တမ်းကာလအတွင်း တရားစွဲဆိုခြင်း မပြုရ။

နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဒုတိယ သမ္မတများသည် တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်မှု ရှိခဲ့ပါက နိုင်ငံတော် တာဝန်ရပ်ဆိုင်းမှု မရှိစေရေး အတွက် နိုင်ငံတော်သမ္မတအဖြစ် ဒုတိယ သမ္မတ တစ်ဦးကို ပြည်ထောင်စု လွှတ်တော်မှ ရွေးချယ် တင်မြှောက်ပေးရမည်။ ဒုတိယ သမ္မတဖြစ်လျှင် သက်ဆိုင်ရာ သမ္မတ ရွေးချယ် တင်မြှောက်ရေး အဖွဲ့မှ ဒုတိယ သမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက် ပေးရမည် ဖြစ်ကြောင်း တင်ပြရင်း နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်အလိုက် ဆွေးနွေးအကြံပြုချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**(ဩဘာသံများ)**

[illegible]